
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ







(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

BURMESE CLASSIC


မဂ္ဂဇင်း


အတွဲ (၁၅) အမှတ် (၈)
၂၀၁၅ ခုနှစ် ဩဂုတ်လ

www.burmeseclassic.com

www.burmeseclassic.com









## ဘာသာရေးဆောင်းပါးများ


၅ သေပင်ရှင်ပင် စာရင်းကောက်ကြည့်ရာ (ကဗျာ)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၆ အနန္တကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသော သီလဝန္တကထာ
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၄ ဘာကြောင့် ဝိပဿနာတရားအားထုတ်ရသလဲ
**ချောင်းဆုံအုန်းသွင်**

၁၇ ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ အမှတ်(၁၈)
**ကံဝင်း**

၂၂ မြို့တွင်းလှည့်ကာရွ... စဉ်လာပရိတ်ပွဲ
**မြဝင်း(ဒဿန)**

၂၄ ရွှေတိဂုံစေတီတော်ကြီးပေါ်သို့ ကျားတက်ခြင်း
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၂၆ ဘုရားရှင်အလိုတော်နှင့် ဂေါပကတို့၏နိဒါန်း
**ကိုရွှေမြသန်း(သမိုင်း)**

၂၉ မေဃဝတီမာန်အောင်ကျွန်းဆီမှ သီရိပဗ္ဗတ၊ ဩသဓ၊ ဂန္ဓဗ္ဗ သုံးမည်ရတောင်နီတောင် မြက်မွှေးပန်းများနှင့် ဟနုမာန်ချောက်ကမ်းပါး
**ရွှေချိုအောင်(ပေလီ)**

၄၁ ဗျာဒိတ်ရတောင် အဓိဋ္ဌာန်အောင်မြေ ထူးထူးခြားခြား မိုအုံးတောင်ရေပောင်းဘုရား
**မောင်စိမ်းထွေး(ထားဝယ်)**

၄၉ မွန်ပြည်နယ် ကျိုက်ထိုမြို့ ဘိုရားကြီးကျေးရွာ ထူးထူးခြားခြား ထွက်ရပ်ပေါက် စက်ဝင်းကျောင်းဆရာတော်
**အောင်သီဟ**

၅၆ အမှန်တရားနှင့် ပြောင်းလဲခြင်းသဘောထားအမြင်
**ချစ်ဖို့(မော်ကျွန်း)**

၅၉ ကျမ်းတတ်ကျမ်းပြု သွေးဆေးကန်ဆရာတော်
**မောင်မောင်ညွန့်(မန်းတက္ကသိုလ်)**

၆၂ ပရိတ်ကြီးနှင့်ပရိတ်တန်ခိုး
**ဘိုဘို(ရွှေကံကူ)**

၇၆ ထေရဝါဒဗုဒ္ဓသာသနာတွင် အံ့ဖွယ်ရစ်ပါးတည်ရှိသကဲ့သို့ သင့်ကို ဂဏ်တော်များမှ မုချအကျိုးပေးမည်
**ဘုန်းခေါင်**

၇၉ မင်္ဂလာပိုလ်ရနိုင်၊ မရနိုင်
**ဖျာပုံတင်နိုင်ဝင်း**

၈၂ ညီတော်အာနန္ဒာ၏ ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသိရီ**

၈၈ ဘုန်းကံကြီးမား မင်းကေရာဇ်များနှင့် အစီအရင်အဆောင်ဂါထာများ (၈)
**သစ္စာဝါဒီ-ဦးမြင့်အောင်**

၉၃ အောင်တော်မူသစ္စာနှင့် သစ်ပျံဘုရားများ
**ယောနကဘိုးထောင်**

၉၇ အတည်ပတ်နှင့် ဝစီပိတ်ကိုယ်တော်များ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၀၃ ဝင်းစိန်တောရမွန်ဆရာတော်ကြီး ဘဒ္ဒန္တကေသရအမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၁၀၉ ကျောက်နီတောရ(ခေါ်) မိုင်းသောက်တောရသို့ ခရီးတစ်ခေါက်
**ခင်(တောင်ကြီး)**

၁၄၅ အင်္ဂပူမှာတည်သည့် အဂ်ဖိုရ်ဆရာတော်ဘုရားကြီး သမုတ်တော်မူခဲ့သော မင်္ဂလာကန်ကုန်းကျောင်းကသိမ်
**အောင်သာကျော်**

၂၅၇ ဆံတော်ရှင်ဇိနမာရ်အောင်(ဦးဇိန) စေတီတော်သမိုင်း (အမှတ်-၃)
**နိုင်ခင်မောင်လေး**


## သုတရသဆောင်းပါး


၁၀၀ တွဲမရ ခွဲမရ ထူးတဲ့သဘာဝ
**ချောင်းဆုံအုန်းသွင်**

၁၁၈ ပြည်မြန်မာမြောက်ဖျား ပူတာအိုဒေသမှ ဆေးဖက်ဝင်သစ်သီးဝလံများ
**မောင်နွယ်သန်း**

၁၂၁ သီရိလက်ာအလွမ်း
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ...**


www.burmeseclassic.com

www.burmeseclassic.com








ဒေသာလီမြို့ဟောင်းထဲမှ
ဘုရားကုန်းတူးဖော်မှု
ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

အကြောင်းတရားတွေမကောင်းခဲ့လျှင်
မင်းဘူး-ဗိုလ်ဥက္ကာမ

လက်မြှောက်ဖို့ရာ လက်မပါ၊
ဒူးထောက်ဖို့ရာ ဒူးမရှိပေမယ့်
ဘဝကိုအရှုံးမပေးခဲ့သူ
မောင်ပွင့်ညာထံ(မောရ)

အိပ်ရာဝင်ပုံပြင်
ချောင်းဆုံအုန်းသွင်

မှန်နန်းဆောင်ရိပ်မှအိုအမုန်း
သျှမ်းထက်

မြန်မာ့တံဆိပ်ခေါင်းစာပေ
ကြည်လွင်

မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၇၃)
မောင်သန်းဆွေ(ထားဝယ်)

ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
အနောက်တံခါးမှူးမောင်မှူး

သေထုညစ်ညမ်းမှုကြောင့်
အဆုတ်ကင်ဆာရောဂါဖြစ်ပွားခြင်း
ငွှမ်းထက်နှောင်

ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၅)
ပထမံဆရာဦးအေးရွှေ

မား(စ်)ရောဂါကြိုတင်ကာကွယ်ပါ
ရီရီဌေး

ပဉ္စလက်ဆရာတစ်ဦး၏
သည်းထိတ်ရင်ဖို
သုမိုး(ပညာရေး)

ဘဝင်စိတ်ဝင်စားနေသည့်
နတ်ဝင်သည်များအား
စုံစမ်းစစ်ဆေးခြင်း
တိုးထက်

အသက်ကလေးရယ်တဲ့ရှည်စေလို
မကြွေးဝင်းမြင့်

ဦးသိန်းရွှေနှင့်
ဂန္ထိရဆန်သောဖြစ်ရပ်ဆန်းများ(၁)
အဏ္ဏဝါလှိုင်း


## သုရဿဝတ္ထုတို


၁၃၈ ဒေလီခရီး တစ်ယောက်ထီးတည်း
သွားလိုက်သေးချင်
**အာကာသ(သာစည်)**

၁၅၈ နဂါးသိုက်နန်းရှင်
**ထက်ကောင်းလတ်(မင်းဘူး)**

၁၇၀ မြွေနဂါးသိုက်
**မဟာသျှံ**

၁၈၂ သွေးနှင့်ချွေးနှင့်ရင်းသည့်နေ့
**ရွှေပြည်စိုး(မိုးကုတ်)**

၁၉၆ သဒ္ဒိသံ ပါကံ ဇနေတိ
(တူသောအကျိုးကိုပေး၏)
**မနင်းဆီ(ရေဆင်း-နေပြည်တော်)**

၂၀၈ ပရွှာသူကြည်စမ်း
**သပိတ်ကျင်း-ကျော်ကျော်ထွန်း**

၂၁၄ အစိမ်းသေမ
**နန္ဒဝင်းကျော်ခေါင်(ခတ္တ-လှုပြည်)**

၂၂၆ နောက်ဆုံးဆန္ဒပြည့်ဝစေချင်
**ငြိမ်းဝေ(ပြည်)**

၂၄၂ တမလွန်ဘဝသို့ရောက်သွားသည့်တိုင်
**ဂါဦးနွန်းကို**

၂၇၀ အသံကြောင့်ဦးလေးသေ
**မင်းဟိန်းထိဝ်**

၂၇၆ မျိုးအောင်နဲ့ဖိုးထောင်
**မောင်စိန်ဝင်း(ရွှေမိုးညို)**

၃၀၀ ချောက်ချောက်ချားချား
ငါးလုံးပြွန်တံတား
**ကိုဇော်ဝင်း(လှတော)**

၃၀၆ ဆင်းရဲမှု၏ရလဒ်ဆိုး
**မောင်မောင်ချစ်ဦး(မုံရွာ)**

၃၂၂ အမျှရကြ၍သာဓုခေါ်နိုင်ကြစေ
**ရေနံ့သာအောင်ချမ်းဇော်**

၃၄၂ ပြကျောက်(၁)
**နေပြည်တော်ကျော်ကျော်စိုး**

၃၆၃ မကျိုးချောင်းမှဦးနီတာ
**ကျော်မိုးလွင်(ဝါးခယ်မ)**

၃၆၆ ကျွန်ုပ်နှင့်သရဲပုံပြင်
**သန့်ဇင်**

၃၉၀ မဖဲဝါနှင့်ကြုံတွေ့ခဲ့ရသည့်ထိုတစ်ည
**ရီရီဌေး**


## သုရဿအခန်းဆက်ဝတ္ထုရှည်


၃၃၀ ပညာရှင်(၁၀)
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၇၈ ဂန္ဓာရီသမားအယူမှားသော်(၁)
ဖိုးကျော့


## သုရဿတိုင်းရင်းဆေး


၅၈ ကြွက်နို့ကိုရှင်းမယ့်မြွေအရေခွံ
ညထိမြင့်(တောင်တွင်း)

၇၈ ဝါဆိုဝမ်း၊ မီးယပ်ဝမ်းလျှောသော်
နတ်မောက်မင်းသန့်နိုင်

၉၉ ကြံသတ္တဝါနဲ့ပတ်သက်တဲ့
ဆေးမှတ်တမ်းလေးတစ်ခု
ဗန်းမော်ညိုညှ

၁၈၁ မိုးကြမ်းမိ၊ နှင်းခါးရိုက်ခံရလျှင်
နတ်မောက်မင်းသန့်နိုင်

၁၉၉ ချင်းစိမ်းနဲ့မိဿလင်
ဆေးဖက်ကယ်ဝင်
ဦးမင်းဇင်(ရွှေနဝင်း)

၂၅၆ ပျို့ပျို့မမတို့ ဆံကေသာရှင်သန်စေရန်
မောင်လုယဉ်(မော်လမြိုင်)

၂၆၈ ဆေးတိုက်၍မရသေးသော
ကလေးသူငယ်များ
ချောင်းဆိုးပျောက်ဆေးနည်း
ပေါက်ပေါက်(နတ်မောက်)

၃၀၄ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်လောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၈)
ရွှေနဝင်း(ပုသိမ်)

၃၁၇ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)

၃၂၁ အဘိုးပေးသောဆေးမြီးတို
ကြည်ပြာမောင်(သဇင်မြေ)

၃၅၈ ဆီးကျောက် ကျွန်းခေါက်နဲ့ပျောက်
နေမဝင်(နတ်မောက်)

၃၆၂ ပန်းနာ၊လေနာပျောက်စေရာ
ကျော်ဟိန်းထက်(ဥပဒေ)

၄၀၀ ကြွက်များရောဂါကင်းစေရန်
နတ်မောက်မင်းသန့်နိုင်

၄၀၁ ကျွဲနွား ဆီးဝမ်းမချုပ်ရလေအောင်
နေမဝင်(နတ်မောက်)


www.burmeseclassic.com

www.burmeseclassic.com



## သုရဿ ပညာရပ်


၂၀၂ အရောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၂၅၁ ဆိုးသွမ်းဟော့ရမ်း
ရာဟုဂြိုဟ်ကြမ်းဂြိုဟ်အိပ်ဂြိုဟ်စား
သတိထား
တြိရတနာ-ဆရာဗေယျာလင်း
(ကဏ္ဍီပါဖိနပ်စီး ရွှေထီးဆောင်း)

၂၇၇ ဝိဇ္ဇာရေမြမ်မာ့အင်္ဂါရတ်ပညာ(၅၃)
ဆရာဦးဆက်ထွန်းလင်း
(အာယုဗေဒ)

၃၁၃ ဘဝရှင်သန်ရာ သင့်လက်မှာ
ဦးအောင်မင်း

၃၁၀ ချစ်ခြင်းငှက်
မင်းပြည့်

၃၅၀ ဖုန်းရွှေပညာသိကောင်းစရာ
ဦးအောင်လှိုင်(သုဝဏ္ဏ)

၃၅၄ အကြိမ်ကြိမ်အထပ်ထပ်နှင့်
အောင်ဇာတ်ကိုဆင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၇၄ ဂန္ဓာရီဝိဇ္ဇာမယ
လောကီပညာနယ်အတွင်းမှ
စမ္ပာနဝင်းအင်းများ
တြိရတနာ-ဆရာဗေယျာလင်း
(ကဏ္ဍီပါဖိနပ်စီး ရွှေထီးဆောင်း)




## သုရဿလက်တွေ့အသုံးချ


၉၂ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်အောင်(ဂန္ဓိရ)

၂၀၁ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ
အထွက်၊ အဝင်၊ ခပါဒိနက္ခတ်ဖယား
ဦးအောင်စောလှိုင်(ပုသိမ်)

၂၁၂ ပြည်တွင်း ပြည်ပ ကုန်သွယ်လုပ်ငန်း
များအတွက် လာဘ်ခေါ်ကင်းခြေများ
စမအဆောင်
ပညာကျော်

၂၆၇ ကောင်းတာလုပ်ပြီး
လုပ်နည်းမှန်ကန်အောင်
နက္ခတ်အစင်အကြယ်ရွေးရအောင်
သုဒ္ဓ(နဝင်းမြို့တော်)

၂၆၉ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်

၃၀၅ ရွှေစက်တော်ထီးမှုရသော
ခါးလှည့်လက်ဖွဲ့
စိုးမင်း(မြောက်စည်း)

၃၂၉ ပြည်မြန်မာ၏သိဟ်ရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
မင်းရှိန်အောင်

၄၀၁ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၄၀၂ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ
ကောင်းကျိုးပေးပြ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ (B.Sc)

၄၀၄ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်

၄၀၇ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၄၁၀ ရင်မှဖြစ်သောသုရဿလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



နာယက
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
အုပ်ချုပ်မှုစာတည်း
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
စာတည်းအဖွဲ့
ကျော်မင်းထွဋ်
ဝေလုံလုံထွဏ်း

ဥပဒေအကြံပေး
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ
ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)

မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သုရဿစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း

ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊ အိမွန်ထွန်း
နှင်းသန္တာကျော်

ရုံးအဖွဲ့
တင်မိုးနိုင်၊ သဲယုလှိုင်၊ အေးအေးစန်း
စုမွန်၊ စုစု၊ နုနု ဖြိုးရတနာ၊ စန်းထွန်းမြင့်
စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀
မန္တလေး
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်းဦးစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ကလော-ဂရိန်ဒီး မီလံ့မှာ
ပဲခူး- သဇင်စာပေ
ဟင်္သာတ-တာလေးမောင်၊ ရွှေမောင်း
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
မြန်အောင်-လှထုမေဓာ
အုပ်ရေ ၁၀၀၀
လက်ကားဈေးနှုန်း ( ၃၀၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## သေပင်ရှင်ပင် စာရင်းကောက်ကြည့်ရာ


- သတိမပျက် အသိဆက်
အသက်ရှင်သူဆိုရမည်။
ကိုယ်ပိုင်အသိ ကိုယ်ပိုင်ရှိ
ကိုင်မိနေသောကြောင့်။
ကိုယ့်ကိုယ်ကိုယ့်စိတ် ရှေ့နောက်ပိတ်
မဖိတ်မစဉ်ကြောင့်။
အချိန်နှင့်စက် အရွယ်သက်
တာထွက်နေသောကြောင့်။

- သတိလွင့်စဉ် သိလွင့်စဉ်
ရှင်သူမဟုတ်ကြတော့ပါ။
အမှားအသိ အများရှိ
ငှားမိနေသောကြောင့်။
ကိုယ့်ကိုယ်သူ့စိတ် ချင်းချင်းချိတ်
ယှဉ်အိပ်နေသောကြောင့်။
အချိန်မှုခွဲ ရွယ်မှုခွဲ
အစွဲကျန်သောကြောင့်။

- သတိကိုဆောင် စေတိုင်းအောင်
သေတောင်ရှင်နေပါလိမ့်မည်။
သတိမဆောင် အမြင်မှောင်
ရှင်တောင်သေပြီးဖြစ်ပါမည်။

*(၁၁၆၃ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ ပဋိပတ်တောကျောင်း)*

ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

အနန္တကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသော

# သီလဝန္တကထာ



- နပိတာ နာပိတေ မာတာ၊ န ဉာတိ နာပိ ဗန္ဓဝေါ၊
  တာဒိသော ကရောတော ပုညံ၊ သီလဝန္တဿ ကာရဏာ။ ။

- ဤသူသည် ငါ့အဖေ မဟုတ်။
  ဤသူသည် ငါ့အမေလည်းမဟုတ်။ (တစ်ဖန်လည်း)
  ဤသူသည် ငါနှင့်လည်း ဆွေမျိုး မတော်။
  ဤသူသည် ငါ၏ အဆွေခင်ပွန်း လည်းမဟုတ်ခဲ့။

(သို့စဉ်လျက်) ဤလိုကောင်းမှုမျိုးဖြင့် ငါ့အားပံ့ပိုးပေးနေခြင်းကား . . . သီလ (အကျင့်)တည်းဟူသော အကြောင်းမှ တစ်ပါး အခြားမရှိချေ . . .။ ။

(အမ္ဗခါဒကမထေရ်)

ဤစာတမ်းသည် ယခုလက်ခံ သီတင်းသုံးလျက်ရှိသော သာသနဝုဒ္ဓိဂူကျောင်းတော်ကြီးအား အမိကထား ရေးသားမည့် စာတမ်းဖြစ်သည်။

သို့ရေးသားရာ၌လည်း . . . လူသူကင်းစဲ တောကြီးမျက်မည်းထဲရှိ တောင်တစ်လုံးတည်းမှ ဂူကြီးပေါင်း ကိုးဆယ်ကျော် သဘာဝဖြစ်တည်နေသည့် အကြောင်းလည်းပါမည်။ လူသူကင်းစဲ တောကြီးမျက်မည်းထဲရှိ ထိုတောင်သို့ ချောက်မှန်းကမ်းမှန်းလမ်းလာရာတွင် မိုးမိတ်မှနေ ကြားဖြတ်အတားခံရပုံလည်းပါမည်။ တစ်ဖန် . . . မိုးမိတ်သို့ အနောက်မှနေ အရှေ့ဆန်တက်ခဲ့ရာ၏ မဟာမြိုင်တောကြီးနှင့် သက်ဆိုင်ရာအများ ငါတစ်ပါးတို့၏ အရှုပ်အရှင်းများလည်းပါမည်။

သို့မှသာ သာသနဝုဒ္ဓိဂူကျောင်းဒါ့ကြောင့် အောင်းရတာကိုးဖြင့်လည်းကောင်း၊ မိုးမိတ်နှင့် မဘိန်းအကြား ဒါ့ကြောင့်တားရတာကိုးဖြင့်လည်းကောင်း၊ မဟာမြိုင်က မိုးမိတ်လမ်းကြောင်း ဒါ့ကြောင့် ပြောင်းရတာကိုးဖြင့်လည်းကောင်း၊ ကွင်းဆက်တစ်ကွက်ချင်းဖြုတ်လျက်က လိပ်ပတ်လည်ဖြစ်ခွင့်ရကြမည်။

သို့မဟုတ်က . . . မဟာမြိုင်က မိုးမိတ်စိတ်ရှုပေါက်ထ,ပြေးသည်ဖြင့် အဆုံးသတ်ကြမည်။ မိုးမိတ်မှဧ ယျမ်တော သူသဘောနှင့်သူ ပြောင်းယူသည်ဖြင့် အဆုံးသတ်ကြမည်။

## မဟာဗောဓိမြိုင် အမဲဖျက်ပွဲကြီး

မဟာမြိုင်က မိပန် အပိုင်စားရနယ်ကြီးဖြစ်ပါသည်။

မဟာဗောဓိမြိုင်က လီရှော သချိုင်းကုန်းကပေးလိုက်သောအမည်။ သို့ကြောင့် မဟာမြိုင်နှင့်မဟာဗောဓိမြိုင် မဆိုင်၊ မဆိုင် မည်သို့မျှမဆိုင်။ သို့တစေလည်း မဆိုင်သည့်အကြားမှ ဆိုင်လာခဲ့ရသည်များကား . . .

ဌာနေရဟန်းများ ဖြို့ဖြင်သဖြင့် ရွှေ့ပေးခဲ့ရသော ထိုသည့်ငါ. . .၊

ဌာနေဒကာများ ရောင်းစားကြသဖြင့် ပြောင်းပြေးခဲ့ရသော ထိုသည့်



www.burmeseclassic.com

www.burmeseclassic.com

ငါ. . .၊

အနီးနေဒကာချင်း မသင့်တင့်ကြ ရာမှ ဖွဲ့ထွက်ခဲ့ရသော ထိုသည့်ငါ. . . ရေကြည်ရာ မြက်နုရာကြော လျှောတက် ခဲ့ရာမှ မဟာမြိုင်တောဝင်မိလေရာ . . .၊ ရေမျှောကမ်းတင်အဖြစ်ဖြင့် မဟာမြိုင် တော ရုတ်တရက်ဝင်မိလေရာ. . . သာ၊ ပျဉ်း၊ ရန် နောက်ခံ ဒေသကြီးများဝယ် . . . နောက်ကျန် ရာဇဝင်များ အငုတ်မှ နေ အတက်ထ,ပေါက်ကြလေကုန် ပြီ. . .။

တောင်တွင်းကြီး ဗိသနိုးမြို့တော် ကြီး ထွန်းကားစဉ်တုန်းက မဟာဗောဓိ မြိုင်ဆရာတော်ကြီးက ပန်ထွာဘုရင်မရဲ့ နန်းဦးဆရာတဲ့. . .။ ပန်ထွာဘုရင်မက ရသေ့ကြီးရဲ့ ဩဝါဒနဲ့ စီမံအုပ်ချုပ်တာ တဲ့. . .။ နယ်ခံမိပန်နှင့် ပြန်ကျကြီးငါတို့ ပြန်ပေါင်းထုတ် လုပ်ကြလေပြီ. . .။ ယင်းကို ဆိုင်ရာပိုင်ရာတို့နား ပေါက် ကြားသွားသောအခါ ထိုသည့်ငါ အလို လိုပင် မဟာမြိုင်၏ နန်းဦးဆရာ ဖြစ်ခဲ့ ရပါချေပြီ။

သို့ဖြင့် ၁၃၇၀ ပြည့်နှစ်လောက် ကတည်းက ဆိုင်ရာပိုင်ရာတို့ ငါတို့ထံ လာရန်ကြိုးစားကြ၏။ အခိဋ္ဌာန်ကာလ မကုန်ဆုံးသေး၍ ငါတို့က လက်မခံခဲ့။ ၇၁-ခုနှစ်ထဲသို့ရောက်သောအခါ အများ ကိုလည်း တံခါးဖွင့်ပေးရသည့်နည်းတူ ဆိုင်ရာပိုင်ရာများကိုလည်း လက်ခံခဲ့ရ သည်။

ထိုနှစ်များ၌ပင် နောက်လိုက် ဆရာတော်ကြီး ၆-ပါးတို့နှင့်အတူ ရသေ့ ကြီး (မင်းအကိုးကွယ်ခံ ရသေ့ကြီး) ငါတို့ ထံကြွလာ၏။ အာလာပသလ္လာပပြော ကြ၏။ သည့်နောက် ချက်မရှေ့၌ ဘုရား တည်မည့် တာဝန်ခံရဟန်း ကြွလာ၏။ ငါတို့က ဘုရားတည်ရန်လည်း အားပေး ၏၊ သည့်နောက် တည်မည့်ဘုရား၏ ဘွဲ့တော်ကိုပါ လာတောင်းခံပြန်၏။

ငါတို့ကလည်း နေ့ကိုက်တွက်ချက်ပေး လိုက်၏။

သို့ပင်သို့ငြားလျက်က ထိုသည့် နောက်ပိုင်း ထိုရဟန်းသည် ငါတို့ကို မဟာဗောဓိမြိုင်ဆရာတော်ကြီးပျံတော် မူပြီ'စကားပျံ့နှံ့သွားစေရန် ငါတို့ခြေရင်း မဟာမြိုင်တောကြီးအတွင်းနေသူ ထို အရှင်က ရန်ကုန်နေ ဗိုလ်မှူးမြသန်းစံ (ငြိမ်း)ထံသို့ 'မဟာဗောဓိမြိုင်ဆရာတော် ကြီးပျံတော်မူပြီဆိုတာဟုတ်သလား' ဖုန်း ဆက်မေးဆို၏။ ထိုမှာကလည်း ထိုအရာ မကြားသည့်အလျောက် 'မကြားမိပါ'ဖြင့် ထိုအရှင်အားလည်း ဖြေသေး၏။ 'မဟာဗောဓိမြိုင်ဆရာတော်ကြီး ပျံလွန် တော်မူပြီဆိုတာ ဟုတ်သလား'ဖြင့်လည်း တစ်ဖက် နိုဂိုချွန်ထံကိုလည်း ဖုန်းဆက် မေးပြန်သေးဆို၏။

တစ်ဖန် နုဂိုချွန်ကလည်း "မကြား မိပါ" ဖြင့် ထိုဗိုလ်မှူးအားလည်း ဖြေ သေး၏။ တစ်ဖက်က တပည့်ကျော် ခွေးမသားထံသို့လည်း "မဟာဗောဓိမြိုင် ဆရာတော်ကြီးပျံတော်မူပြီဆိုတာ ဟုတ် သလား"ဖြင့်လည်း လှမ်းမေးသေးဆို၏။

တစ်ဖန်. . . ထိုခွေးမသားကလည်း ဆရာ နုဂိုချွန်ကို "မကြာမိသေး" အဖြေပေး လျက်ကပင် တစ်ဖက်ရွှေဘိုနေ ဒေါက်တာ အိုကေသို့လည်း ကြားလားဖြင့် ကြားစေ သိစေစကားဆက်မေးပြန်သေးဆို၏။ သို့ဖြင့် ကြားလား. . . သိစေဝိုင်းကြီး ပတ်ပတ်ဒူဝေဝေကစားကြမယ်ပေါလုပ်ပွဲ ကြီးကား ဤရွှေဘိုနေ ဒေါက်တာအိုကေ ၏ နှုတ်၌ မြေမြှုပ်ခံလိုက်ရပြီ။

"ဒီသတင်း လုံးဝမဟုတ်ဘူး ကျုပ် ပြန်လာတာ နှစ်ရက်ပဲရှိသေးတယ်" ဖြင့်. . .။

ထိုဖြစ်စဉ်မှတ်တမ်းကို နုဂိုချွန်က သူကိုင် န-ဘ-ယမဂ္ဂဇင်းကြီးထဲထည့်ရေး ပြလိုက်ရာ . . . ငါတို့လည်း ထိပ်ချမှ ခားပြမှန်းသိလိုက်ရတော့သည်။ တစ် ပြည်လုံးလည်း "ဟုတ်လား အဲ့တဲ့လား" ဖြစ်သွားကြပြီ။

သည်မှာပင် ငါတို့အတွေးဝင်လာ ခဲ့၏။ သည်အရှင်မြတ် ငါအား အသေဇာတ်သွင်းပေးနေသည်ကို ထောက်၍ သည်နေရာ ငါရှိနေတာ အန္တရာယ် အဖြစ် မြင်နေသည်လားမသိ။ သို့ဖြစ်က ငါဖယ်ပေးသင့်၏။ သူက အများအတွက်





www.burmeseclassic.com

www.burmeseclassic.com

ဘုရားတည်ဖန်နေလေသူ. . .။ ငါကား . . . သည်နေရာ အချောင်လာရောက် ခိုနေသူ။ ထိုစဉ် အများအတွက် အကျိုးဆောင်သူနှင့် ကိုယ့်တွက် အချောင်ခိုလေသူ. . . သည်နှစ်ပါးတွင် ငါသည်သာ ဖယ်ပေးသင့်၏။ ဤအတွေးဝင်ခဲ့ပြီ။

အချိန်စောင့်ရင်းက တစ်မိုး၊ တစ်ဆောင်းကြာသွားပြီ။

၇၃ - ခုနှစ်၊ တပေါင်းလတွင် တောင်ပေါ်သားများလာကြသည်။ သူတို့နှင့်အတူ ငါအားကိုးရာ ငါ့ညီတော်လည်းပါလာသည်။ သို့ဖြင့် ညီတော်အား တိတ်တဆိတ်ခေါ်ယူ၍ ငါတို့ ထွက်လိုသောရက် အတိအကျရွေးပေးလိုက်ရာ . . . ၇၄-ခုနှစ်၊ တာကူး(တန်ခူး)လဆန်း ၁၃ ရက်နေ့ ည၇း၀၀နာရီတိတိမှာပင် မဟာမြိုင်ကိုစွန့်ခွာပေးခဲ့ရပြီ။

မစွန့်ခွာမီ ငါတို့နှင့် အတူနေ၍ ငါတို့အား အစောင့်အရှောက်ပေးနေသူ ပုဂ္ဂိုလ်ထူး အရှင်မြတ်၊ ဆရာတပည့်နှစ်ပါးကိုလည်း ပန်ကြားခွင့်ပန်၏။ ငါတို့အား အားကိုးလျက်ရှိသော မိပန်ကိုလည်း ပန်ကြား၏။

မဟာမြိုင်နေ အစောင့်အရှောက် အပေါင်းတို့. . . ယခု မဟာမြိုင်ဝင်စီးနေသူကား သံဃာဖြစ်နေ၏။ ထိုသံဃာကလည်း အများဖူးဖို့ ဘုရားတည်နေသူဖြစ်နေပြန်၏။ သို့ကြောင့် ငါတို့ဖယ်ပေးပါ၏။ သည်းခံကြပါ။ ခွင့်ပြုကြပါ။ ထိုသံဃာနှင့် ဘုရားတည်အဖွဲ့အားလည်း မှားနေသော် ထိန်းကြပ်၊ မှန်ခဲ့သော် အားပေးကြပါလေ. . .။ သဒ္ဓါကြေးဆိုက ငဲ့ကွက်၊ အနုကြမ်းဆိုက ဖဲ့ထွက်ကြပါလေ. . .။ တို့များ မတတ်နိုင်ကြပါ . . .။ တို့များ တတ်နိုင်သည်ကား မေတ္တာမျှသာ. . .။

ယင်းကို တန်ခူးလဆန်း ၁၂-ရက် (အင်္ဂါနေ့) ညကပင် စတင်အကြောင်းကြားခဲ့၏။ ပြီးခဲ့သော ၉-နှစ်လုံးလုံး အိပ်မက်ဖြင့် တုံ့ပြန်ခဲ့သော်မှလည်း ယခုတစ်ကြိမ်တွင်ကား မည်သူကမျှ မတုံ့ပြန်ကြပါ။ ယင်းကိုထောက်က ထိုသူများ အချုပ်တွင်း အသွင်းခံလိုက်ကြရပြီကို သိလိုက်ရသည်။

**မြိုင်ဆူ ဂူအောင်း ဂူစောင်းတော့ ကျောင်းနိ**

ထွက်ခဲ့သည်က ဗုဒ္ဓဟူးနေ့. . . ဆင်။

ပို့ဆောင်သူကလည်း ဗုဒ္ဓဟူးသား . . . ဆင်။

အကျိုးဆောင်ကလည်း ဗုဒ္ဓဟူးသား. . . ဆင်။

ဆင်သုံးစီး ခွစီး စီးလျက်က အကျွတ်အလွတ်ကခရီးထွက်ခဲ့ရာ. . . ဗျူဟာလမ်းမကြီးပေါ် ရောက်လျှင်ပင် သတင်းသစ် အဆစ်ကြားမိ၏။

ယင်းမှာ ရွှေဘိုထောင်ကြီးထဲမှာ မဟာဗောဓိမြိုင်အမည်နဲ့ ထောင်သားများကိုပေါ်တာဆွဲနေတာကြာပြီဆိုသော သတင်းပင်။

ကြည့်စမ်း. . .။ နာမည်များ ကြီးချင်တော့ အလကားတောင်ရလိုက်သည်။ သည့်နောက် မုံရွာ စသည်အခြားထောင်များ၌ပါ ငါတို့နာမည်ဖြင့် ထောင်သားများအား ပေါ်တာဆွဲ၍ မဟာမြိုင် ချက်မရေသို့ပို့ကြောင်း ကြားရသည်။ ထောင်သားပေါင်း ၆၀၀-ကျော် ဆို၏။ ယင်းကိုစွဟုတ်၊ မဟုတ် ငါတို့နှင့်နီးစပ်သူများက မဟာမြိုင်ချက်မရေသို့ လိုက်သွားကာ မေးကြည့်၏။

မင်းတို့ကို ဘယ်သူပေါ်တာဆွဲတာလဲမေး. . . မဟာဗောဓိမြိုင်။

မင်းတို့တည်နေတဲ့ဘုရားက ဘယ်သူတာဝန်ခံလဲမေး. . . မဟာဗောဓိမြိုင်။ ထိုအဖြေကား ထောင်သားအားလုံးတို့၏အဖြေများဆို၏။ အသီးလိုချင်၍ အပင်ချိုင်သလားမသိ။ အသီးခိုးလို၍ အပင်ဖြင့် ချူထိုး ထိုးချနေသလားလည်း မသိ။ နောက်ဆုံး မုံရွာသွားပြီး တရားဟောသည်ကိုပင် ထိုအရှင်သည် 'မဟာဗောဓိမြိုင်ဆရာတော်တရားဟောမည်' သို့ ကြိုတင်ကြေညာပြီး တရားဟောသည်အထိ ဖြစ်ပွားခဲ့၏။

မေတ္တာရှင်တစ်ပါး၌ရှိရသော သင်္ကော ဥဇု သုခုဇု စသည်များသည် ဘုရားလက်ထက် မဟာဝုန်တောနှင့်သာ ပတ်သက်သည် ထင်မိ၏။

ရဟန်းဖြစ်လျက်သားနှင့် မရိုးမဖြောင့် ဉာဏ်ပွား ကျက်စားမိလျှင် ဓားပြတစ်ရာ အကြိမ်တစ်ရာ လွန်ကျူးသည်ထက် အပြစ်ကြီးလေး၏။ ဘုရားအရေတော်ခြုံ ဘုရားနေရာမှ ဂုဏ်ဝင်ခံပြီး ဘုရားခြေကန်သောအကျင့် ကျင့်မိများခြင်းကြောင့်။

သို့ဖြင့် မဟာမြိုင်တောကြီးအတွင်းဝယ် ၉-နှစ် ၉-ဝါလုံးလုံးကျင့်သုံးခဲ့သော ထိုသည့်ငါ တောဆူ၍ ဂူဘက်ပြောင်းရန် ထွက်ခွာခဲ့ရပြီ။

ယင်းမှာ မဘိန်းနှင့် မိုင်-၃၀မျှသော ဂူများဆီသို့. . .။

မဘိန်းမြို့နယ်တွင်းရှိ ထိုဂူကြီးများသည် တောင်ကြီးတစ်လုံးတည်းမှနေ သဘာဝပေါက်ရောက်နေသော ဂူများဆို၏။ အလုံးပေါင်း ၉၀-ကျော်ဆို၏။ သိကြားဂူ၊ နဂါးဂူ၊ နတ်သမီးဂူ စသည် အမည်များလည်း ရှိဆို၏။

ထိုဂူများက ကြမ်း၏။ နတ်ကြီး၏။ သို့ကြောင့် လူရှောင်၏။

ထိုဂူများက မြို့ရွာများနှင့်လည်း ဝေး၏။ သို့ကြောင့် ရဟန်းလည်း ရှောင်၏။ သည်ဂူကြီးများထဲသာ နေလိုက်ရလျှင် ငါတစ်ပါးထီးလည်းနေရအံ့။ သည်ဂူကြီးများသာ နေလိုက်ရလျှင် ငါ. . . ဘယ်သူနှင့်မျှ အရှုပ်ရှင်းစရာမလို. . .။ သို့ကြောင့် ငါသည် ထိုဂူသွား ရေမရှိတဲ့ချောင်း နွားခေါင်းဖော်သေမဟဲ့ ကြုံးဝါးကာ တာစူလိုက်ခြင်းပင်. . .။

သို့သော် တဲ့. . .၊သို့သော်. . .။

ထိုသည့်ငါ. . . အရှုပ်များဖြင့်ရင်း၍ ဘဝတောပြင်းခတ် အကြွေးခလုတ် ကန်သင်း နင်းဖြတ်လျက်က ကြီးပြင်းလာရသူဖြစ်ရာ. . .

မရှုပ်ချင်လည်းရှုပ်။ ရှုပ်ချင်လည်းရှုပ်။ ပွဲထုတ်မခံချင်၍မရတော့။

မလုပ်ချင်လည်းလုပ်။ လုပ်ချင်လည်းလုပ်။ မလုပ်ချင်၍လည်း မရတော့။

ယင်းကို ပစ္စက္ခဖြစ်ပေါ်လာတတ်သော ဘဝဖြတ်လိုစိတ်နှင့် အတိတ်က ဆုပန်ဖြည့်ဆည်းခဲ့ဖူးသော စိတ်တို့နယ်လုကြရာမှ ဖြစ်ပေါ်နေ၏။ ငါသည် ဆုထူးပန်ဖြစ်ကြောင်း ရသေ့ဘဝဖြင့် ကေလာသတောင် ကျင့်တုန်းက ဘွားတော်ကြီး အမေပန်းချီစကားအရ သိခဲ့ရကြောင်း ငါ့ အတ္ထုပ္ပတ္တိစာအုပ်ကြီးထဲ၌ ရေးပြခဲ့ဖူးပြီးပြီ. . .။

တစ်ဖန် နယ်ကူးလိုသဖြင့် နယ်ကူးတောင်ပြောင်းမည်ကြံ. . . ထင်သလိုဖြစ်မလာဘဲ ပုံတောင်ပုံညာကြားရောက်သွားရပုံ။ ကိုး (နဝင်း)ကိုပစ်၍ ဆယ့်တစ် (၁၁-မီးငြိမ်း)ဖြင့်ခရီးထွက်ရန် (သာစည်မှ ရန်ကုန်အပြောင်း) ကြိုးစားရာတွင် မရခဲ့ပုံများကိုလည်း ရေးပြခဲ့ဖူးလေပြီ. . .။

ယခုလည်း ထိုများနှင့် တစ်ထပ်တည်းကျစွာ. . . သွားလိုသည်က လူသူကင်းဆိတ်သောဂူကြီးများသို့. . .။ နားလိုက်ရသည်က လူသူအကြား ပွဲတော်ကြီး တလွှားဖြစ်မည့်နေရာကို. . .၊ မြိုင်ဆူ၍ ဂူဘက်မျက်နှာမူ ထွက်လာသော ငါတို့သည် . . . ၁၃၇၄ ခုနှစ် တာကူး (တန်ခူး) လဆန်း ၁၄-ရက်နေ့ ည ၇း၀၀ နာရီအချိန်တွင် မိုးမိတ် အရှေ့ပေါက်ထွက် (ကျောက်မဲသွားလမ်း) သို့ ရောက်၏။ ညချိန်ဖြစ်နေ၍ မြို့အလွန်၌ပင် အနားယူ၏။ နံနက်လင်း၍ [illegible]ကြည့်



www.burmeseclassic.com

www.burmeseclassic.com

သော်. . . ထိုလမ်းတစ်လျှောက် တောကြီးမရှိ၊ တောင်ကြီးမတွေ့ရပါ။ တစ်ဖန် . . . ဟိုသည် လှမ်းမျှော်ကြည့်မိသော အခါ မြို့ဝင်မြောက်ဘက်တစ်ကြောတွင်ကား တောတောင်ကြီးများတွေ့ရပါသည်။

တောင်ရှိရာသွား ငါသွားလိုသော တောင် တွေ့လေမလား. . .။ ဤစိတ်ကူးဖြင့် မြို့ကို အရှေ့မှနေ မြောက်သို့ ပတ်ထွက်ခဲ့၏။ မြို့လွန်တံတား ကျော်ဖြတ်မိသည်နှင့် ရွာတန်းရှည်ကြီးများ ဖြတ်ရ၏။ အုန်းချောရွာဟောင်း၊ ဇရွာစာရံ အုန်းချောရွာသစ်. . . အုန်းချောရွာသစ် လွန်မည်ပြုသည်နှင့် နတ်ကွန်းကြီးတွေ့လိုက်ရပြီ. . .။

"အရှင်ဘုရား. . . တပည့်တော် အိမ်ခဏကြွပါ။ ဆွမ်းကပ်ချင်လို့ပါ"

ထိုနတ်ကွန်းနှင့် ကပ်လျက်ရှိ အကာမသည် ဦးခေါင်းထက်ဝယ် ငှက်ပျော၊ အုန်းများကို တောင်းဖြင့်ရွက်လျက်ကပင် လမ်းလျှောက်လာသော ငါတို့ကို လမ်းပေါ်မှပင် အသံဩဇာပါပါဖြင့် သည်သို့ ဆီးလျှောက်၏။

သူ့အမည်က မနှင်းမှုန်. . . တဲ့။

သူ့ခေါင်းပေါ်က အုန်း၊ ငှက်ပျောတို့က အရှင်ကြီးတင် ပသမလို့တဲ့. . .။

တို့များ၏ ထိုအချိန်က ဖြစ်နေစိတ်များလည်း သပိတ်ပေါ်၌ပါလာသော ဆွမ်းထုပ်ကို ဘယ်နေရာချစားရပါ့မလဲ. . . အတွေးဝင်နေချိန်ဖြစ်၏။ အချိန်ကလည်း ၁၁း၀၀ - နာရီ အချိန်ဖြစ်နေ၏။ တစ်လမ်းလုံး ဆွမ်းစားနေရာရှာခဲ့သမျှကလည်း စိတ်ကြိုက်မတွေ့ခဲ့ရ။ သို့ဖြစ်ရာ. . . နတ်ကတော် မနှင်းမှုန်ကလည်းအပင့်. . .။ ငါတို့ကလည်း အဆင်သင့်ဖြစ်ခဲ့ရချေပြီ. . .။

မနှင်းမှုန်နှင့်အတူ ငါတို့ပါသွားသည်နှင့် ငါတို့အား အကဲခတ်နေကြသူများလည်း ဟောတစ်ယောက် ဟောတစ်ယောက် ပေါက်ချလာချလေပြီ။ မနှင်းမှုန်နှင့် လာသမျှတို့ကလည်း ရှိသမျှလေးများဖြင့် ဆွမ်းကပ်ကြ၏။ ငါတို့ကလည်း ကပ်သမျှလေးများအား စားပြီးရ၏။ ပြီးကြပြီ. . .။

ဤ ကပ်ပွဲ စားပွဲကြီး ပြီးကြသည်နှင့် အမေးအဖြေဘက် ဆက်ကြလေပြီ။

"အရှင်ဘုရား ဘယ်ကြွမလို့လဲ"

"မဘိန်းဘက်ကို"

"အာ- မဘိန်းဘက်မှာက မဆိတ်ငြိမ်ဘူး ဘုရား"

"သစ်ခုတ်သမားများရဲ့ အန္တရာယ်ကလည်း များမှများဘုရား"

"သစ်တင်ကားများကလည်း မရောက်တဲ့နေရာ မရှိသလောက်ပါဘဲ ဘုရား"

"သည်မှာဆို တောပေါတယ်။ တောင်ပေါတယ်။ ချောင်ပေါတယ် ဘုရား"

"တရားအားထုတ်မှာအတူတူ သည်မှာပဲသင့်တော်ပါတယ် ဘုရား"

မနှင်းမှုန် ပစ်ခတ်နေသော လေသေနတ်က ငါတို့ ပါးစပ်ဟချိန်မရတော့။ ငါတို့. . . မဘိန်းနှင့် မိုင်-၃၀ ခန့်ဝေးသော ဂူကြီးများထံ သွားလိုခြင်း အကြောင်းနှင့် သွားရခြင်းအကြောင်းကိုလည်း လူမသိစေချင်. . .။

သို့ဖြင့် မနှင်းမှုန်နှင့် အပေါင်းပါများ လမ်းပေးရာ လိုက်ပါခဲ့ရ၏။ လမ်းပြကား အုန်းချောရွာသူ အဝိုင်းလေးနှင့် အကြောင်းလိုက်ပါနေရသော မန်းမြို့သားလေး မောင်မောင်ဦး လမ်းပေးသူ မနှင်းမှုန်ကား မြောင်မြို့နယ် ငါးဇွန်က။ လမ်းပေါ်သောင်တင်ရသူ ငါတို့ကား မြိုင်ဆူ၍ ဂူဘက်ထွက်ပြေးလာရသူ။

သို့ဖြင့် မောင်မောင်ဦးခေါ်ရာ တောလမ်းလယ်ကြားလမ်းများမှပင် ရွှေမြင်တင်ဘုရားရှိရာသို့ ထွက်ခွာခဲ့ရလေပြီ. . .။ လမ်းပြမြေပုံကား. . . ရွှေမြင်တင်ရောက်သော် ဓမ္မရတနာကျောင်း သံဃာထံ တည်းခိုရန်. . .။ ထိုသံဃာကလိုက်လံပြသရမည့်နေရာများက. . .

၁။ လူသူကင်းပြီး စေတီလေးတစ်ဆူ ကျောင်းတစ်လုံးရှိသောတောင်။

၂။ ထိုတောင်ဘေးကနေ မြှောင်သွားရသောရေအဆင်သင့်ရှိရာချောင်။

၃။ ရွာများနှင့် ခရီးအလွန်ဝေးသည့် မပဒ်ဂူ. . .။ . . . သုံးနေရာ . . .။

နေ့ ၁း၀၀နာရီတိတိတွင် ရွှေမြင်တင်သို့ ရောက်၏။ တာကူး (တန်ခူး) လပြည့်နေ့။ ည ၆း၀၀ နာရီတွင် တောင်အောက်နေ တာဝန်ခံ ဆရာတော်ထံ ရောက်၏။ ထိုဆရာတော်လည်း ငါတို့အောက် ဝါငယ်၏။ တာဝန်ခံ ဆရာတော်ရယ်၊ ဓမ္မရတနာဆရာတော်ရယ်၊ ငါတို့ရယ် ဆိတ်ငြိမ်၍ တရားအားထုတ်ခြင်းနှင့် သင့်တော်သောအရပ် စဉ်းစားကြ၏။ စဉ်းစားရုံဖြင့် ပြီး၏။ မဆုံးဖြတ်ခဲ့ကြ။

နောက်ရက်တွင်ကား ဝေးလွန်းလှသည့် လူသူအရောက်အပေါက်တော့ လုံးဝမရှိဆိုသော မပဒ်ဂူသို့ သွားရန် ငါတို့၌ ဆန္ဒအားကြီးလာ၏။ ဓမ္မရတနာဆရာတော်ကလည်း ငါတို့ အလိုသို့လိုက်ပါ၍ သူ့ဒကာရင်းများနှင့်အတူ လိုက်ပို့၏။ ရောက်၏။ သဘောကျ၏။ ရွေးလိုက်၏။

ငါတို့ရွေးလိုက်ပြီ ဆိုသည်နှင့် ကျောင်းဒကာလုပ်မည့် စိုင်းမိုးနှင့် ကျောင်းအမလှလှရီ၏ ဦးလေးတော်သူတို့ တာဝန်ယူပြင်ဆင်ကြ၏။ ပြီးပြီဆိုသည်နှင့် သင်္ကြန်အကျနေ့ထင်၏။ မပဒ်သို့ ကျခဲ့ပြီ။ တာကူး (တန်ခူး) လပြည့်ကျော် ၈-ရက်နေ့ (သင်္ကြန်အကြတ်နေ့) မှ စတင်ကာ ညောင်နီ၌ အောက်ရွာ၊ အလယ်ရွာ၊ အထက်ရွာ ဝါစဉ်တန်း ရွာစဉ်တန်း သုံးရွာရှိရာ အထက်မှပင် စတင်၍ ဆွမ်းခံဆင်းခဲ့ပြီ။

ဆင်းသည့်နေ့မှ စ၍လည်း အိမ်ရှေ့ခင်းထားသော တရားပလ္လင်ထက် တက်ပေးလိုက်ရပြီ။ ဟောသလောက်နှာ၊ နာသလောက်ဟော တရဟောဖြစ်သွားပြီ။

ထိုစဉ် မိုးမိတ်မှာ တရားဟောနေပြီဖြစ်တဲ့သတင်း လေပြင်းအတိုက်ခံရတော့ရာ . . .၊

မိုးမိတ်မှာ အဖူးခံနေပြီတဲ့ စကားရေတား မြေတားများ တာကျိုးသွားတော့ရာ . . .

မိုးမိတ်မှ မိုးကုတ် တမဟုတ်နှင့် ရောက်စေသတည်း ။

မိုးမိတ်မှ မန်း နှုတ်တစ်ကမ်းနှင့် ရောက်စေသတည်း ။

မိုးမိတ်မှ ရန်ကုန် လေပျံစုန်၍ ဆင်းစေသတည်း ။

ထိုမှတစ်ဆင့် ခရိုင်ချင်းဆက် တိုင်းချင်းဆက်တို့ဖြင့် လေကွန်ရက်ကြီးများ၏ အောက် ငါတို့ ရောက်ရှိသွားတော့ရာ. . . လေးမိုင်ခရီး ၃-နာရီမျှဖြင့် ပြီးစီးရန် ကဆုန်ချပြေးသော မြိုင်လှည်းထမ်းပိုးအောက်က မြိုင်နွားများပမာ အပြေးဆင်းပေးနေရပြီ။

ရွာတို့၏ အထက်မှ အလယ်၊ အလယ်မှ အောက်စွန်းအထိလည်း တောက်လျှောက်တန်းတန်းအသွားပြီး အပြန် စုန်ပေးဆန်ပေးနေရပြီ။ အထက်ရွာထိပ်ရောက်သည်နှင့် ဂူဆီသို့တစ်ဟုန်ထိုး ပြေးခဲ့ရပြန်ပြီ. . .။ ၄၂ - နှစ်ထဲ ရောက်နေသောနွားအိုကြီးအမြှုပ်သဲလည်း သဲလည်းဖြင့်ပင်။

သို့သော်လည်း ဂူရောက်သည်နှင့် လျှူရုံ ဖူးရုံနှင့် အားမရကြသူများက ကြိုတင်စောင့်နေကြသောကြောင့် ပြောပွဲ၊ ဆိုပွဲ ဟောပဲကြားမှနေ ဆင်နွှဲပေးရပြီ။ သက်လုံများ ပျက်စီးစပြုနေပြီ။ အမောများလည်း အတော်နှင့်မရပ်ကြ။

www.burmeseclassic.com

ကဆုန်လဆန်း ၅၊ ၆-ရက် အရောက်တွင်ကား ဦးလှထွန်းဝင်း ဆွမ်းခံကြွရာနောက်လိုက်လာသဖြင့် . . . "ဦးလှထွန်းဝင်းရေ ပရိသတ်က လျော့မသွားဘူးရယ်ဗျ၊ တစ်နေ့ထက်တစ်နေ့ တိုးတိုးသာလာနေတယ်. . . ။ သည်အတိုင်းဆို သည်မှာ ဆိတ်ငြိမ်ဖို့ မမြင်တော့ဘူး ။ သည်နဲ့လည်း ရေခြား ခင်ဗျားတို့ဘက်နဲ့လည်း အနီးသားဖြစ်မည့် မလည်ဘက် စဉ်စား စီစဉ်ပေတော့ဗျာ. . . ။ မလည် မြောက်ဖက်လည်း ဖြစ်ပါစေပေါ့. . . ။" ပြောလိုက်ရပြီ။

ခွင့်ရသည်နှင့် ဦးလှထွန်းဝင်းကြီး အမြန်ပြန်သွားတော့ကာ ဆင်ကြီးနှစ်ကောင် (လှထွန်းဝင်းနှင့် ဝင်းဆွေ ဗုဒ္ဓဟူးသားနှစ်ဦး) တစ်လအတွင်း အပြီးအစီး အပြင်းဆောင်ရွက်ကြသည်။ မလည်ကား မဟုတ်။ နတ်တလူ ဂေါ်ဓရဂါမ်နှင့် လက်လှမ်းတစ်ပုတ်အနီးလေးမှာ. . . ။

မိုးမိတ်၊ ညောင်နီမှာကား ပွဲစားကြားခို ပွဲသွား ပျားပြို နေချေပြီ။

မိုးမိတ်၌ အယောင်ပြအဖွဲ့ နှစ်ဖွဲ့ ရှိရာ. . . တစ်ဖွဲ့က လမ်းများ လက်တွေ့ပြင်ဆင်ပြ၍ အယောင်ပြ၏။ပွဲသွားတွေ့သူများက အချို့ သိန်းများ၏ ဆယ်အထက်ထိ လှူသွားကြဆို၏။ အချို့ ဆယ်၊ အချို့ ဆယ်အောက်၊ အချို့ ရာထက်၊ ရာအောက်။

ကျန်တစ်ဖွဲ့က အဆောက်အဦးများ လက်တွေ့ ဆောက်လုပ်ကြ၍ အယောင်ပြကြ၏။ ရန်ကုန်တို့က မြေကွက်ဝယ်လှူ၏။ အချို့ ကျောင်း စသည်များအတွက်။

ထိုနှစ်ဖွဲ့. . . သို့ ခြေသွက်နေစဉ်၌ပင် တစ်ဖွဲ့က လေတင်လိုက်သည်။ ကဆုန်လပြည့်နေ့ ဆရာတော် ရွှေမြင်တင်မှာ တရားဟောမည်။ ထိုစဉ် လေသံကြားတို့ ဆွမ်းလည်းလောင်း တရားလည်း နာမဟဲ့ ဆိုကာ သူထက်ငါ လာကြရာ ဆွမ်းခံရင်းက ရှန်းရင်းဆန်ခတ် ဖြစ်၍ နောက်ဆုတ်ခဲ့ရပြီ. . . ။

သူထက်ငါ အတင်း တိုးဝှေ့ လောင်းလှူနေကြသောကြောင့်။

လှူသူအထပ်ထပ် ရှန်းရင်းဆန်ခတ် ဖြစ်နေကြသောကြောင့်။

နောက်တစ်ဖန် ကဆုန်လပြည့်ကျော် ၃ - ရက်နေ့သို့ ရောက်တော့မည့်ဆဲဆဲတွင်လည်း "လပြည့်ကျော် ၃-ရက်နေ့ မပဒ်ဂူ ရေစက်ချပွဲ ကျင်းပပေးမတဲ့။ "လှုပ်နေပြန်ပြီ။ လှုပ်ထုတ်သလောက်လည်း တိုးမပေါက်တော့။ ထိုနေ့ကလည်း ရှန်းရင်းဆန်ခတ်ဖြင့်သာ. . . ပွဲသိမ်းပြန်ခဲ့ရသည်။ ယင်းသည် . . .

ငါတို့အားလည်း ရွှေမြင်တင်၌ တရားဟောပေးပါရန် မပင့်ခဲ့ဘဲ. . . ၊ လပြည့်ကျော်၃-ရက်နေ့ မပဒ်ဂူ ရေစက်ချပေးပါရန်လည်း မလျှောက်ခဲ့ဘဲ. . . ထိုသို့လေပစ်လွှင့်ခြင်း ပြုလုပ်ရာ . . . အကြံပါနိုင်၏။

ဘာကြံ၍ ဘာကျန်သွားသည် မသိ။

ပရိတ်သတ်ရော ငါတို့ပါကား အကြံ့ဗိ သည်ကား ဧကန်ပင်။

မြိုင်ဆူ ဂူပြောင်း ဂူကြီးကား စောင်းသွားလေပြီ။ သို့ဖြင့် အထက်၊ အလယ် ညောင်နီကား နယုန်လဆန်း ၆-ရက်နေ့နောက်ဆုံး၊ အောက်ညောင်နီကား နယုန်လဆန်း ၇ - ရက်နေ့မှ ၁၃-ရက်နေ့အထိ။

သို့ အစီအစဉ်များ ဆွဲကာ ဂူ အပျက် တစ်သက်မဝင်ကြေးဖြင့် ထွက်ခဲ့ပြီ။

**ကျောက်ဂူ မကောင်း ကျောင်းဂူပြောင်း အောင်းတော့အံ့**

၁၃၇၄ - ခု နယုန်လဆန်း ၁၃-ရက်နေ့ ညနေ. . . ကျောင်းဒကာ၊ ကျောင်းအမ ဦးစိုင်းမိုး ဒေါ်လှလှရီတို့ကို အခေါ်လွှတ်၏။ ကျောင်းဒကာကား လမ်းပြင်သွားနေသဖြင့် ပါမလာခဲ့၊ ကျောင်းအမသည်သာ သမီးလေးနှင့် ညီမ အဖော်ခေါ်၍ လာကြ၏။

ရောက်ရောက်ချင်း ငါတို့က ရန်လုပ်တော့သည်။

"ကျောင်းအမတွေ မျက်နှာကြီးလိုက်ပုံက မျက်နှာကြည့်ချင်တာတောင် တမင်ခေါ်ကြည့်ရသဗျ။ အင်း. . . ဆရာတော်ကြီးရဲ့ ကျောင်းအမဆိုတော့ မျက်နှာကြီးတာကိုးဗျ"

သည်သို့ သူ့ဘက် မြားဦးလှည့်ရင်းကပင် တို့ပေးခဲ့လိုသောပစ္စည်းများ အိတ်နှင့်တစ်လုံးပြည့်ထည့်၍ အပေးခိုင်းလိုက်ရာ . . . ခမျာ . . . ပေးသော ပစ္စည်းဘက် စိတ်မရောက်တော့။ အပြောခံထားရတာ စကား၌သာ စိတ်ပွားနေတော့ရာ. . . ရိုးသောရှမ်း၊ လည်သော တောထွက်ကြီး အပတ်ခံလိုက်ရရှာပြီ။

ကျောင်းအမ ဒေါ်လှလှရီ ဘယ်လောက်ရိုးသလဲဆို . . . ပစ္စည်းထုပ်ကြီး ရှေ့ချကာ စကားပြောနေရာ၌လည်း မသိဆို၏။ ပစ္စည်းထုပ်ကြီး အိမ်ယူသွားရာ၌လည်း ဘာ့ကြောင့်ပေးသည် မသိဆို၏။၁၄-ရက်နေ့ နံနက်အရောက်. . . ကိုယ်တော်ကြီး ည ၁၂း၀၀ နာရီကျော်ကျော်ကကြွသွားပြီတဲ့ကြားမှ ရိပ်မိတော့ကာ ပစ္စည်းထုပ်ကြီးရှေ့ချ၍ ငိုချင်းချရတော့ဆို၏။

တို့ ရှမ်းမျိုး ရိုးလိုက်ပုံများ. . . ကျောင်းအမ သတင်းကြားချိန်က နံနက် ၉း၀၀ နာရီ ဆွမ်းစားချိန်ရောက်မှ။ သည်ကိုယ်တော်ကြီး ပြေးခရီးကား ပန်းဆီးကြီးလောက် ရောက်နေချေပြီ။

ဥယျာဉ်တောကိုကား ၁၀း၁၀ နာရီမှာ . . . ။

ရောက်သည်နှင့် -

(က) ငါတို့နေဖို့ ဥယျာဉ် ကျောင်း၊

(ခ) ကပ္ပိယအမြဲနေအတွက် တစ်ကျောင်း၊

(ဂ) ဒကာရင်းများလာချိန် တည်းခိုရန်က တစ်ကျောင်း . . . ပေါင်းသုံးကျောင်း။ ပျဉ်ခင်း၊ ထရံကာ၊ သက်ကယ်မိုး။ ထိုသုံးကျောင်းတို့အပြင် . . .

ဆိုလာမီးများလည်း ကျောင်းတိုင်းတပ်ဆင်ထားပြီး ရှိ၏။

ရေစက်ကြီး၊ ရေစင်နှင့် ရေသွယ်ပိုက်များလည်း တပ်ဆင်ထားပြီး ရှိ၏။

ရေတွင်း၊ ရေကန်များလည်း တူးပြီး၊ လုပ်ပြီး အဆင်သင့် ထားပြီး ရှိ၏။

အသုံးအဆောင် အားလုံးလည်း သူ့နေရာနှင့်သူ အဆင်သင့် ထားပြီး ရှိ၏။

ယင်းတို့ကို ရောက်ရောက်ချင်း လှည့်လည်ကြည့်ရှုပြီးသည်နှင့် တစ်ရာရာခိုင်နှုန်း သဘောကျ၏ဟု မှတ်ချက်ပြုလိုက်ပြီ။ ကြားပွဲစားက နှစ်ရာ ရာခိုင်နှုန်း သဘောကျသတဲ့ ထပ်ဆင့်လွှင့်တော့သည်။

တစ်ရာက ငါသဘောကျ ထင်၏။

နောက်တစ်ရာက သူ့သဘောကျ ထင်၏။

သည့်နောက် သည်ကျောင်းတွေ သုံးနှစ်နေလည်း ဘာမှမဖြစ် မှတ်ချက်ပေးလိုက်သည်။ အမိုး၊ အကာ၊ အခင်း စသည်များ စနစ်ကျလွန်းသောကြောင့် . . . ။

သို့သော် ထိုတာဝန်ခံများက . . . ဆင်ကြီးများပီပီ ကြီးကျယ်သည်ကိုမှ အကြိုက်ကျ၏။ အားပါးသည်ကိုမှ ရှန်းလိုကြ၏။ ဆင်ကိုယ်နှင့်အညီ ခမ်းနားမှ မွေ့ပျော်လိုကြ၏။ သို့ကြောင့် ဝါကျွတ်ပြီးနောက်တွင် အုတ်၊ ကျောက်တို့ဖြင့် ပြီးသော တိုက်ကျောင်းကြီးများ ဆောက်လုပ်ခွင့်ပြုရန် လျှောက်ထားကြ ပြီး ဒါ သုံးနှစ်နေလည်း ဘာမှမဖြစ်ဖြင့်ငါတို့က

www.burmeseclassic.com

ကန့်ကွက်သည်။

ငါတို့အလိုကား . . . သည်နေရာ သုံးနှစ်ထက် ပိုမနေချင်။

ထို သုံးနှစ်ကား ခေတ္တအမောဖြေသည့်ခြင်းမျှသာ။ သည်နေရာသည် နတ်တလူနယ်အတွင်းပင်ဖြစ်ရာ . . . နတ်တလူသုံးနှစ်နေစဉ်က အာရုံကျက်စားပြီးသားဖြစ်နေခဲ့၏။ မရောက်သေးသောနေရာ အာရုံဖြန့်ကျက်ပေးလိုခြင်းလည်း ပါ၏။ သို့ကြောင့် ငါတို့ဆန္ဒက သည်နေရာ၌ သုံးနှစ်လောက်မျှသာ . . .။

တစ်ဖန် သူတို့ဆန္ဒကား . . .

ကိုယ်တော်ကြီး သက်တော် ဝါတော်လည်း ကြီးပြီ။ တစ်ပါးတည်း မနေသင့်တော့။ ကိုယ်တော်ကြီးခန္ဓာက နွမ်းနေပြီ။ ဆွမ်းထွက်မခံသင့်တော့။ သို့ကြောင့်. . . သူတို့လျှောက်သည်ကို ငါတို့က ကန့်ကွက်လိုက်သဖြင့် ဒကာမကြီး ဒေါ်ရီရီဝင်းက ဆောက်ဖို့ လျှောက်ခြင်းလိုက်တာပါဖြင့် မျက်နှာပြောင်တိုက်စရာမရှိသော နောက်ကျန်ဘက်လှည့်ချလိုက်ရာ . . .

"ဖုတ်ပူမီးတိုက် မလုပ်ကြနှင့်။ ခေါင်းအေးအေးနှင့် ဖြည်းဖြည်း ကုသိုလ်ရအောင် ဆောင်ရွက်ကြ"

ထိုစကား ဤဆင်ကြီးများ အိတ်ဆောင်လုပ်၍ ကျောင်းဆောက်ရန် ပြင်ကြပြီ။ အေးအေးဆေးဆေး ဖြည်းဖြည်း လုပ်ရမတဲ့. . .။

သည်နောက် ငါတို့ကိုယ်တိုင် နေရာများ သတ်မှတ်ပေးခဲ့၏။

(က) "သာသနာ့ဝုဒ္ဓိ" ကျောင်းတော်ကြီးအတွက် "စမ္မောဟဝေ" ကုန်းမြင့်မှာ. . .။

(ခ) "ပုညဝုဒ္ဓိ" နှင့် သီရိဆောင်များအတွက် "ဓမ္မဘုမ္မိ" ကုန်းမြင့်မှာ . . .။

ထိုကုန်းမြင့် နှစ်ခုတို့တွင် သာသနာ့ဝုဒ္ဓိဆောက်မည့် "ဓမ္မောဟဝေ" ကုန်းမြင့်သည် ဥဇ ယျစမ်တောရ၏ မြောက်ဘက်အရပ်မှာ တည်ရှိသည်။ ပုညဝုဒ္ဓိဆောက်မည့် "ဓမ္မဘုမ္မိ"ကား အနောက်အရပ်မှာ ရှိ၏။

တစ်ဖန် ကုန်းမြင့်နှစ်ခု ကျောင်းတော်နှစ်လုံးတို့ ဆက်သွယ်ရန်အတွက် လမ်းတော်ကြီးလည်း တည်ဖန်ရပြန်ရာ . . . ယင်းသည် တရားအကြောင်းပြုလျက် သွားလာဆက်သွယ်ရာ ဖြစ်ခြင်းကြောင့် "ဓမ္မပဒ" လမ်းတော် အမည်တွင်စေခဲ့၏။

ထိုလမ်းသည် ချောင်းနှစ်ရိုးတို့ကို ဖြတ်၍ ဖောက်လုပ်ထားခြင်းကြောင့် ချောင်းကျော် တံတား နှစ်စင်းပါ တည်ဆောက်ရပြန်ရာ . . . ပုညဝုဒ္ဓိနှင့် နီးရာ တံတားက "ဓမ္မပါလက" အမည်ရ၏။ တရားစောင့်သူတို့ ကြောင့်ကြမဲ့ ဖြတ်ကူးရန် တံတား . . .။ သာသနာ့ဝုဒ္ဓိနှင့် နီးရာတံတားက "ဓမ္မဒီပက" အမည်ရ၏။ တရားအလင်း ထွန်းညှိလိုသူများ ကျော်ဖြတ် ကူးဝင်ရန် တံတား . . .။

သို့ဖြင့် ဥဇ ယျစမ်တောရဝယ် ရဟန်းနေကျောင်း၊ ကပ္ပိယကျောင်း၊ ဆွမ်းချက်ကျောင်းများလည်း ပြီးသွားပြီ။ ကျောင်းချင်းဆက် လမ်းတံတားများလည်း ပြီးသွားပြီ၊ သို့ကြောင့် ၁၃၇၅-ခုနှစ် ဝါဆိုလဆန်း ၇- ရက် တနင်္ဂနွေနေ့ ညနေ ၃း၀၀ နာရီအချိန်တွင် ဥဇ ယျစမ်တောရ၏ ဥဇ ယျစမ်ကျောင်းမှ ဥဇ ယျစမ်တောရ၏ သာသနာ့ဝုဒ္ဓိကျောင်းသို့ ပြောင်းရွှေ့ခဲ့ပြီ။

(က) လဆန်း ၈ - ရက် တနင်္လာနေ့ ပွဲပြင်သည်။

(ခ) လဆန်း ၉ - ရက် အင်္ဂါနေ့ ပွဲဝင်သည်။

(ဂ) လဆန်း ၁၀ - ရက် ဗုဒ္ဓဟူးနေ့ ပွဲကျင်းပသည်။. . . ကျောင်းလှူတ်ပွဲ. . .။

ယင်း၌ . . .

၁။ ဇီးကုန်းမှ အမာခံ ကျောင်းဒကာ၊ ကျောင်းအမ ဒေါက်တာလှထွန်းဝင်း+ဒေါ်ရီရီဝင်း မိသားစုက သိန်းတစ်ထောင် မ,တည်၍၊ ဦးလှမျိုးသိန်း+ဒေါ်ဇင်မော်သီ မိသားစု ဆေးပစ္စည်းရောင်းဝယ်ရေးတို့ကလည်း သိန်းရာချီ ပါဝင်လှူဒါန်းထား၏။ သို့ကြောင့် ထိုအလှူရှင် ဘုရားဒကာ ဘုရားအမ၊ ကျောင်းဒကာ ကျောင်းအမများနှင့် ၎င်းတို့ ဖိတ်ကြားထားသူများ ဝင်ရောက်ဆင်နွဲကြသည်။

၂။ တစ်ဖန် ရွှေဘိုမိသားစုမှ သိန်းပေါင်း - ၃၈၀ ကျော် ထည့်ဝင်လှူဒါန်းထားသဖြင့် ယင်းတို့ ၇-အိမ်မှ ၁၄-ဦးတို့လည်း ပါဝင်ဆင်နွဲကြသည်။

၃။ တစ်ဖန် မန္တလေးနေ မဟာမြိုင်မိသားစုမှလည်း သိန်းပေါင်း ၃၉၀-ကျော် ပါဝင်လှူဒါန်းထားကြသဖြင့် ယင်းတို့လည်း ပါဝင်ဆင်နွဲကြသည်။

၄။ ဘူးကုန်းကားဝေယျာဝစ္စ အနုအကြမ်း လမ်းစလ ားဆုံး လူအား၊ ငွေအား၊ ပစ္စည်းအား အကုန်လုံး ဝင်ထားသဖြင့် ယင်းတို့လည်း မပါမဖြစ် . . .။

သို့ဖြင့် ဤလေးဌာန လေးဖွဲ့တို့ ဆုံစည်းကြကာ လဆန်း- ၉ - ရက်နေ့ နံနက် အရုဏ်တက်မှ ၁၀-ရက်နေ့ အရုဏ်တက်အထိ ဆင်နွဲခွင့်ရကြ၏။ ၉-ရက်နေ့နေ့ခင်းတွင် ငါတို့နှင့် စကားလက်ဆုံလည်း ပြောခွင့်ရကြ၏။ ငါတို့ပေးသမျှ၊ ကျွေးသမျှတို့ကိုလည်း ယူစားခွင့်ရကြ၏။

၁၀-ရက်နေ့၏ နံနက်ခင်း ၉-နာရီတွင်ကား အရေးကောင်း ဒိန်းဒေါင်း အဖျက်ဝင် ခံလိုက်ကြရပြီ။ ယင်းမှာ . . . ငါတို့လှုပ်ရှားမှုကို မျက်ခြေမပြတ်စောင့်ကြည့်နေသူများက နတ်တလူနှင့် လက်ကိုင်ဖုန်းချင်း အချိတ်အဆက် လုပ်ပေးထားကာ သတင်းနားစွင့်နေကြ၏။

လက်ကိုင်ဖုန်းလက်ဆောင်ရထားသူ ပစ္စည်းလက်ဆောင် ရထားသူတို့က ၉- ရက် နေ့ပွဲကျင်းပသည်နှင့်. . . လည်ချင်းချင်းဆက်၊ နှုတ်ခမ်းချင်းချင်းတော့ပါး၊ နားချင်းချင်းကပ်လျက်က အဆက်လုပ်သောအခါ. . .

စကျင်မှလာရာ လမ်းတစ်လမ်းလုံးလည်း မီးခိုးမဆုံး မိုးမဆုံးတော့ပါ။

မလည်မှလာရာ လမ်းတစ်လမ်းလုံး မီးခိုးမဆုံး မိုးမဆုံး. . .။

ရွှေပြည်လင်းမှ လာရာလမ်းတစ်လမ်းလုံးလည်း မီးခိုးမဆုံး မိုးမဆုံး. . .။

တစ်ဖန် ထိုကား ဤကားတို့မှ သယ်ချလာသော ပရိသတ်ထုကြီးကလည်း. . . ဒုဋ္ဌဝတီမြစ်အတိုင်း စီးဆင်းလာသော မြစ်ရေများ မြစ်ငယ်ခေါင်းမှနေ ဇရာဝတီထိပ် ကြိတ်ကြိတ်တိုးဝှေ့နေကြ၏ပမာ. . .။ ပုညဝုဒ္ဓိရှေ့မှ သာသနာ့ဝုဒ္ဓိထိပ်အထိ ကြိတ်ကြိတ်ကြိတ်ကြိတ်။ တစ်ဖန် တောရ ဧရိယာအစဆိုင်းဘုတ်ကြီးမှနေ ပုညဝုဒ္ဓိအဝင်ဝဆိုင်းဘုတ်အထိလည်း ရဲရွာမှ ကျောက်ချောအတွင်း စီးဆင်းနေသော မြစ်ရေပြင်ပမာ. . .။

တစ်ဖန်လည်း တောရဧရိယာဆိုင်းဘုတ်ကြီးရှေ့မှနေ. . . အနောက်စကျင်ဘက်သွားရာ လမ်းတစ်လျှောက်လုံး၊ မြောက်မလည်ဘက်သွားရာ လမ်းတစ်လျှောက်လုံး၊ တောင် ရွှေပြည်လင်းဘက်သွားရာ လမ်းတစ်လျှောက်လုံး . . . ရှုမဆုံးတော့သည်ဖြင့်သာ ဟစ်ဆိုရမလောက် ပြည့်ကျပ်များပြားနေ၏။ ကွင်းမရှိ။ နားခိုစရာမရှိ။ ၂၄-ပေကျယ်လမ်းမျှသာ ရှိသောကြောင့် ထိုအထဲ လက်ချင်းဝှက် အဆက်ကောင်းကြလေသူ ရန်ကုန်မှလည်းပါ၏။ တန့်ဆည်မှလည်းပါ၏။ မိုးမိတ်မှလည်းပါ၏။ ငါမသိသူမသိ ကြားရာ ကြားမိများလည်း ပါ၏။

အနီးဝန်းကျင် တဲများ၊ ရွာများ

www.burmeseclassic.com

ကား ဒိုင်နေရာပင် ဝင်ယူထားကြပြီ။ ရောက်ကတည်းက သည်တစ်ကြိမ်သာ ဖူးခွင့်ရခြင်းကြောင့်. . . အထူးထင်မှတ်ကာ လာရောက်ကြသူများက နေရာဝင်ယူကြ၍ များခြင်းသာ။

ငါ့မှာကား တရားလည်း မသိ။ အထူးတရားလည်း ဟောစရာမရှိ။ မြိုင်ဆူ၍ ဂူပြောင်း၊ ဂူစောင်းတော့ ကျောင်းနီရခြင်းမျှသာ. . . ။

သည်သို့ ချောင်းရေတိုး ကန်ရေလျှံပမာ. . . ပရိသတ်များနေတော့ရာ . . . အားထက် ဝန် အလွန်ဖြစ်တော့သည်။ လေး ထက် မြား အသွားများတော့သည်။

ဤ၌ ငါတို့တောလေ့ တောထုံးစံလေးတစ်ခု မှာတမ်းပြုလို၏။ တောရွာများ၌ ရှင်ပြု၊ အလှူ စသည့်ကျင်းပလိုရာဝယ် ဝန်အားကို ချိန်ဆလျက်က အချို့ ဗျိုဟစ်ကြား၏။ ယင်းက မည်သူမဆို လာလိုသလောက်လာ၊ နေချင်သလိုနေ၊ စားလိုသလောက်စား. . . ငါတို့လက်မတားဘူး စိန်ခေါ်လိုက်သည့်ပမာ. . . ။

အချို့က ခေါင်းခေါက်ဖိတ်ကြား၏။ ယင်းက လူကန့်သတ်၊ နေရာကန့်သတ်၊ အကျွေးအမွေးကန့်သတ်မို့ လက်တို့သလောက်သာလာ။ သတင်းကြားနဲ့မလာပါနဲ့၊ တံခါးစေ့ခေါ်ပမာ. . . ။

ဤယခု ကျင်းပသော ဥ ယျာဉ်မ်ကျောင်းလွှတ်ပွဲတော်ကလည်း ဗျိုမတစ်ရဲလို့ လက်တို့ခေါင်းခေါက်ဖိတ်ခြင်းမျှသာ. . . ။ သို့တစေလည်း ငါလောက်သာ အားထားသော အလှူဒကာနှင့် အရွဲ့တိုက် ဘုန်းကြီးပမာ. . . ငါကား ဥ ယျာဉ်မ်တောရနှင့် မကင်းရုံမျှသော ဇီးကုန်း၊ ရွှေဘို၊ မန္တလေးတို့မှ ကျောင်းအလှူရှင်များနှင့် ဘူးကုန်းရွာမှ လမ်းဝေယျာဝစ္စအလှူရှင်များကိုသာ ဖိတ်ကြား၏။

ပုညဝုဒ္ဓိ နှစ်ထပ်ကျောင်းနှင့်ဝင်ဆုံရုံမျှသာ။

နားရှစ်ဖက်တို့ဖြင့် နားရွက်စွင့်နေကြသူများကား. . . ပွဲမလုပ်ပါ မနေဘူး။ လုပ်ကြမှာပဲ။ ကြားသွားမှာပဲ. . . ။ ဘယ့်နှယ်လဲ. . . ၊ ဘာထူးလဲ. . . ၊ အတွင်းမေး. . . ၊ ကြားသည်နှင့် ပြေးလာခဲ့ကြပြီ။

ငါတို့ သာစည် ကျောင်းကုန်းတောင်နေတုန်းက ကြားသုတင်းလေး . . . ။

မြောင်းဦးဆိုသော ရွာဝယ် ဦးဖိုးမြဆိုသူရှိ၏။ ထိုဦးဖိုးမြသည် ရှိသောအားနှင့် ထမ်းရမည့်ဝန်ကို ချိန်ဆ၍. . . ကျောင်းဘုန်းကြီးတစ်ပါး၊ ခန်းနေတစ်ပါး၊ ကျောင်းသားတစ်ယောက်တို့သည် နက်ဖြန်နံနက် အရုဏ်ဆွမ်းကြွရောက်ဘုဉ်းပေးကြပါရန် ပင့်ဖိတ်မိရာ. . . ကျောင်းထိုင်ဘုန်းကြီးသည် သည်ဒကာလှူတာတောင် တိုလီမိုလီရှိရန်ကောဆိုကာ တစ်ကျောင်းလုံးခေါ်၍ အရွဲ့တိုက်စားသော ဟူ၏။

ယနေ့ ဥ ယျာဉ်မ်ကျောင်းလွှတ်ပွဲသတင်းစနည်းနာ ကြားရုံမျှဖြင့် လာကြလေသူများကတော့ မြောင်းဦးဘုန်းကြီးမျိုးမဟုတ်လောက်တန်ကောင်း. . . ။

တစ်ပြည်လုံး တောအနှံ့ တောင်အနှံ့ လှည့်လည်ကျင့်ကြံထားသော ငါတို့၌ ပရိသတ်သည်လည်း တစ်ပြည်လုံးဝင် မောက်မောက်ရှိနေ၏။ သို့တိုင်လည်း ဝန်နှင့်အားကို ကြည့်ရသေး၏။ မကင်းရာနှင့် မကင်းကြောင်းကိုလည်း အနုတ် အပေါင်း လုပ်ကြည့်ရသေး၏။ ဝန်အားမျှ၍ အရေးတကြီး ပရိသတ်လောက်ကိုသာ တတ်နိုင်၏။

ယင်းကို ငါ့မဖိတ်ရကောင်းလားဖြင့် မာန်စောင်း မတိုက်သင့်။

စီးပွားရေး၊ ရည်းစားရေးမဟုတ်။ ကုသိုလ်ရေးသက်သက်ဆိုသည်ကို သဒ္ဓါခံ ဉာဏ်ချိန် မာန်နှိမ် စဉ်းစားလေ. . . ။

**စကားပြောသော တောသုံးတော**

လောလောလတ်လတ် ငါတို့ကူးပြောင်းခဲ့ရာ သုံးဌာနတို့သည် တောများနှင့် ရုံလျက်ကသာရှိ၏။

အကျွတ်အလွတ်သည် မဟာမြိုင်တော ခြံရုံနေ၏။

မပဒ်ဂူသည် ညောင်နီတောက ခြံရုံနေ၏။

ဥ ယျာဉ်မ်သည် ရေငန်တွင်းတောက ခြံရုံနေ၏။

သို့တောခြံကို အရံအဖြစ်ထား၍ နေရရာတွင် ယခင်နေခဲ့ဖူးသော အကျွတ်အလွတ်၏မဟာမြိုင်သည် တောကြီးက ငါတို့ကို စီးမိုးနေ၏။ ထိုတောကြီးက ကျယ်လည်းကျယ်၏။ ထူလည်းထူ၏။ ကြီးမားသော တုတ်ခိုင်သော သစ်ပင်မျိုးစုံတို့ ဝိုင်းရံနေ၏။ သို့ကြောင့် ထိုနေရာ တောက ငါတို့ကို စီးမိုးထားသည့်နေရာတည်း။

တစ်ဖန် မြိုင်ဆူ၍ ဂူပြောင်းမိရာတွင်. . . မဘိန်းနေ ဂူ-ဇဝကို မိုးမိတ်နေ မပဒ်ဂူက ရှေ့မှနေ ဖြတ်ထား ပိတ်ဆီး၍ ငါတို့အား သူ့အတွင်း ထိုးသိပ်ပိတ်ထည့်ခြင်းခံရရာ. . . ထိုမပဒ်ဂူမှ ညောင်နီသို့ သွားလမ်းတစ်လျှောက်တောတန်းလေးပေါက်နေ၏။ ထိုတောတန်းလေးကား အမြင့်ကြီးလည်း ထိုးမတက်၊ အနိမ့်လေးလည်း ဝပ်မနေဘဲ ငါတို့နှင့် မတိမ်းမယိမ်းမျှသာရှိ၏။ သို့ကြောင့် ထိုတော ငါတို့နှင့် သွားအတူလာအတူတောတည်း။

တစ်ဖန်လည်း ဂူစောင်းသဖြင့် ကျောင်းနီရသည့် ဤဥ ယျာဉ်မ်တောရတွင်ကား ငါတို့သီတင်းသုံးခွင့်ရရာ သာသနာ့ဝုဍ္ဍိကျောင်းတော်မှနေ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ဝဲယာဘယ်နေရာ လှမ်းမျှော်ကြည့်ကြည့် အရပ်ပု၊ အပင်တိုလေးများကသာ မင်းမူနေကြ၏။ ခပ်ကျဲကျဲပန်း၍ လေဝှေ့လိုက်တိုင်းလည်း ယမ်းပြကြလေသေး၏။ ယင်းတို့လေးများကို ခမ္ဘောဟဝေကုန်းမြင့်ထက်ရှိ သာသနာ့ဝုဍ္ဍိကျောင်းတော်ကြီးမှနေ စီးမိုးကြည့်မိသော် ရေငန်တွင်းပေါက်တောအုပ်ကလေးသည် ငါတို့အားအစာတောင်းခံနေသည့်ပမာ ထင်ရ၏။ နှိုင်းတတ်နေသောကလေး မိခင်နို့လှမ်းစို့နေသည်သို့ ထင်ရ၏။

သို့ဆိုသော်. . . သည်နေရာသည် ငါတို့အတွက် မိခင်အရာဝင်လောက်၏။ သည်နေရာသည် နတ်တလူ ဝေါစရဂါမ်၏နယ်ထိပ် နယ်ဦးတည်း။

သည်နေရာမှထောက် နောက်ပြန်ကောက်သော်. . . . မပဒ်ဂူမှ တောကား ငါတို့နှင့် ဒိုးတူပေါင်ဖက် စပ်ယှက်တော. . . ။ မဟာမြိုင်တောကား. . . ငါတို့ကို သန္ဓေပေး မွေးကျွေးပေးသောတော. . . ။

**စိတ်တွင်းဖြစ်သစ္စာဉာဏ်**

အတွေးမောင်းနှင်အားဖြင့် ကူးပြေးပြေးနေရသော ငါတို့စိတ်သည် ကျောင်းသစ်တက်ခါနီး ရှေ့ပြေးတက်ကြည့်ပေးတတ်ကြ၏။

ဆွမ်းသစ် စားပြီးတိုင်းလည်း နောက်ပြန်လှန် မေးတတ်ကြသေး၏။

ယင်းမှာ အများတကာလှူသော ဆွမ်းဖြင့် စားပြီးပြီ။ ဆွမ်းစားအပြီး. . . မင်းဘာလုပ်မယ် စိတ်ကူးထားတုန်းဖြင့်။ မစားမီ ထုံးစံအတိုင်း ပစ္စက္ခကာက တစ်မျိုး။ စားပြီးတွင်လည်း ဤအမေးမျိုး၊ အနှုတ်မျိုးတို့ဖြင့် ကိုယ့်ကိုယ်ကိုယ် သွေးတိုးစမ်းကြည့်ရလေ့ရှိခဲ့၏။ ခုတ်ခန္ဓာနှင့် ခုတ်ဉာဉ်ငင်ရာနောက်ပါသွားမည်စိုး၍. . . ။

တစ်ဖန်. . . အခြား အခြားသော ကျောင်းသစ်များ လက်ခံရတိုင်း တို့သွင်



www.burmeseclassic.com

www.burmeseclassic.com

တား ကျောင်းရှေ့အရောက် ထိုကျောင်းကို မော့ကြည့်လျက်က -

'သူများလှူထားသောကျောင်းပေါ်တော့ တက်နေခွင့်ရလာပြီ။ သည်ကျောင်းပေါ်နေပြီး မင်းဘာလုပ်မယ် စိတ်ကူးထားသလဲ. . .'

သည်သို့ ကိုယ့်ကိုယ်ကိုယ် မေးလေ့ ခစ်လေ့ရှိခဲ့၏။

ယခု သာသနာ့ဝုဒ္ဓိကျောင်းပေါ်သို့ တက်မည်အပြုကား သည်သို့မဟုတ်။

ကျောင်းကြီးကား ထုထည်ကြီးမားခံ့ညားလွန်းလှ၏။

အပြင်အဆင် အမွှမ်းအမံများ ထည်ဝါလွန်းလှ၏။

ငွေကြေးအကုန်အကျလည်း များပြားလွန်းလှ၏။

အရွယ်များက လူလတ်ပိုင်းဖြစ်သော်လည်း စွန့်လွှတ်လိုစိတ်အားကြီးလွန်းလှ၏။ သို့ကြောင့် သည်နေရာအမွှာခါဒက မထေရ်စိတ် ငါတို့၌ ဝင်လာ၏။

ကြားဖူးသည်မှာ . . . ရှေးက မထေရ်အိုကြီးတစ်ပါးရှိ၏။

ယင်းသည် အရွယ်တော်က ကြီးရင့်ရသည့်အထဲ အစာကပါ ပြတ်လပ်နေတော့ရာ. . . သရက်ပင်မှည့်ကြီးတစ်ပင်အောက်၌ လဲလျောင်းနေရှာဆို၏။ သရက်သီးမှည့်တို့ကား တဖြုတ်ဖြုတ် အနီးအပါးဝယ် ပြုတ်ကျနေဆို၏။ သို့သော် အကပ်မခံဘဲ မစားရ ဆိုသောပညတ်တော်ကြောင့် ယူမစား. . .။

ထိုစဉ် ခရီးသွားတစ်ဦး ရောက်လာ၏။ အခြေအနေကြည့် သူသိ၏။ သည်ကိုယ်တော် အစာငတ် အားပြတ်နေရှာတာကပဲ. . . သိသည့်အလျောက် အနီးအပါးမှ ဖက်စိမ်းတစ်ရွက်ခူး၏။ သရက်သီးမှည့်များကို အရည်ညှစ်၍ ထိုဖက်စိမ်းထဲထည့်၏။ ဝလင်စွာသုံးရလောက်ချိန် ထိုအရှင်မြတ်အား ဆက်ကပ်၏။ ဘုဉ်းပေး၏။

ထိုမထေရ်မြတ်အားဝင်လာသဖြင့် စကားပြောဆိုလာနိုင်၏။

ဒကာက ထိုအရှင်၏သွားရမည့်ခရီးကိုမေး၏။ ဖြေ၏။

ထိုစဉ် ဆရာ၊ ဒကာနှစ်ဦး တစ်ခရီးတည်းသွားရမည်ကို အသိရှိသွားသော ထိုဒကာ အားပြတ်နေသော ထိုဆရာကို ကျောပေါ်တင်လျက်က ခရီးဆက်ခဲ့ပြီ. . .။

ထိုဆရာ ထိုဒကာ၏ ဤအကျင့်စဉ်းစားခန်းဖွင့်လိုက်ရပြီ။ သည်ဒကာယခင်က ငါနှင့် အသိအကျွမ်းလည်း မဖြစ်ခဲ့။ သူသည် ငါ့အဖေ၊ ငါ့အမေလည်း မဟုတ်။ ငါနှင့် ညီအစ်ကို မောင်နှမစသည့်အမျိုးလည်းမတော်စပ်။ ငါနှင့် လင်မယား သမီး ယောက္ခမစသည့် အဆွေခင်ပွန်းလည်းမဟုတ်။သို့စဉ်လျက် ဘာကြောင့်များ ငါ့အား သည်လို ပြုစုလေသလဲ. . . စဉ်းစားရပြီ။

ကျောပေါ်မှ လိုက်ပါလျက်က အတွေးဝင်နေပြီ။ ကိုယ်လည်း ကိုယ်ချင်းထိကပ်နေ၏။ စိတ်သည်လည်းစိတ်ချင်းထိကပ်ရန် အကြံယူနေသည်။ ထိုစဉ် . . . လက်ခံနဲသော ထိုးထွင်းအတွေးအတွေးတစ်ချက်ပြေးဝင်လာချေပြီ. . .။

ယင်းကား. . . ဩော်သည်ဒကာ ငါ့မှာမဟုတ် ငါ့သိက္ခာမှာကို. . . ထိုအတွေးသိရှိ ဤသစ္စာဉာဏ်နှင့်အတူ ထိုမထေရ်မြတ်ကြီး ဒကာ့ကျောပေါ်မှ တွယ်လိုက်ပါလျက်ကပင် ကိစ္စဉာဏ်၊ ကတဉာဏ်များ ပွင့်တော့ရာ. . . ထိုဒကာ့ကျောပေါ်မှာပင် သာမန်ရဟန်းအိုကြီးအဖြစ်ကနေ အရိယာဗိုလ်စီး ရဟန္တာအရှင်မြတ်ကြီးအဖြစ် ပြောင်းလဲသွားပြီ. . .။

ယင်းကို အမွှာခါဒကဟူ၍ စာကမှည့်ထိုးထားလေပြီ။

ဤအမွှာခါဒကမထေရ်ကြီးစိတ် ငါတို့၌ကိန်းအိပ်လျက်က ဤ၌လည်း. . .

သူသည်ကား ငါ့အဖေမဟုတ်။

သူမကလည်း ငါ့အမေမဟုတ်။

သည့်အတူ သူတို့မိသားစု (အုပ်စုနှစ်အုပ်စုစလုံး) အားလုံးတို့လည်း ငါနှင့်ဆွေမတော်၊ မျိုးမစပ် တစ်ကန့်စီ၊ တစ်သန့်စီ သပ်သပ်။ သို့စဉ်လျက်. . .

ဘာ့ကြောင့်များ သည်လောက်ကြီး အကုန်ကျခံ ဆောက်လှူကြသလဲ။

ဘာ့ကြောင့်များသည်လောက်ကြီး အပင်ပန်းခံ ဆောက်လှူကြလေသလဲ။

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၇-ရက်၊ တနင်္ဂနွေနေ့ ညနေ (၇)နာရီအချိန် ထိုသာသနာ့ပုဒ္ဓိကျောင်းရှေ့အရောက် အတွေးက ကြုံလောက်နေလေပြီ။

အဖြေကလည်း အမွှာခါဒကနည်းတူ ပြန်လည်နှုတ်ခွန်းဆက်လိုက်သည်။ သို့သော် မထေရ်မြတ်က ကျောပေါ်တွင်ပင် တစ်ခဏ ကိစ္စပြီးခွင့် ရသွားခဲ့ပြီ။ ငါ့မှာမူကား မကျော်ရ၊ မှတ်တိုင်ပေါင်း ရွေ့ပြောင်းစိုက်ရ များခဲ့ပြီ။

ငါ ၄၅-နှစ်ကိစ္စပြီးစီးစေအံ့. . . တောထွက်စက မှတ်တိုင်။

ငါ ၆၀-ပြည့်လျှင် ကိစ္စအပြီး. . . နတ်တလူကအထွက် မှတ်တိုင်။

ငါသည် ၆၇ မလွန်စေရ. . . မဟာမြိုင်အဝင်စက မှတ်တိုင်။

သို့နှင့်ပင် မှတ်တိုင်ပေါင်းလည်း များခဲ့ပြီ။ အသက်အရွယ်များလည်း ညောင်းခဲ့ပြီ။

အရှင်မြတ်က ကျောပေါ်က လျှပ်တစ်ပြက်စစ်ပွဲ။

ငါ့မှာက အသက်နှင့်အရွယ်ကြား ဖလှယ်ကစားနေသော ရေရှည်စစ်ပွဲ။

ယခုလည်း သာသနာ့ဝုဒ္ဓိကျောက်ပြားခင်းက တစ်ရှည်တစ်လျား. . .။

ငါ့အရွယ် ငါ့ခန္ဓာကလည်း မာရ်ဆယ်တပ်မတို့နှင့်ကိုးရိုးကားရား. . .။

သာသနာ့ဝုဒ္ဓိ ကြမ်းပြင်ထက်က စစ်ပွဲ. . . အပေါ်စီးက ငါနိုင်ပါ့မလား . . .။

ဆင်နှစ်ကောင် ပွဲသွင်း ပွဲခင်းကြီး ထင်းထင်းထင်ထင် ဖြစ်ခဲ့ပြီ။

□ န ပိတာ နာပိတေ မာတာ၊ န ဉာတိ နာပိ ဗန္ဓဝေါ၊
တာဒိသော ကရောတာ ပုညံ၊ သီလဝန္တဿ ကာရဏာ။ ။

သည်အလှူရှင်များသည် ငါ့အဖေ၊ ငါ့အမေများ မဟုတ်ကြပါ။
သည်အသိုင်းအဝိုင်းကလည်း ငါ့အမျိုးတွေ ငါ့အဆွေတွေမဟုတ်ကြပါ။
သို့ အဖ၊ အမိမတော်. . . မျိုးဆွေအဖြစ်လည်း မတော်စပ်ကြဘဲနှင့် ရေတွင်းရေကန်၊ အရံတန်ဆောင်း၊ ဂူကျောင်းများ ဆောက်လှူကြခြင်းသည် . . .၊
ငါ့ကိုကား မဖြစ်နိုင်ပါ။
ဖြစ်နိုင်သည်မှာ . . .
ငါကျင့်နေသော ငါ့ထံရှိ သိက္ခာဓာတ်၊ ဓမ္မဓာတ်ကိုသာ. . .။

၁၃၇၅-ခုနှစ်၊ ဝါဆိုလပြည့်။
ဗုဒ္ဓဟူးနေ့။
သာသနာ့ဝုဒ္ဓိကျောင်းတော်။
ဧည့် ယျဓမ်တော၊ မလည်။

**မှတ်ချက် -**

သာသနာ့ဝုဒ္ဓိသည် မဘိန်းဂူ၊ မပဒံဂူအစားထိုးထားသော လက်လုပ်ဂူတည်း. . .။
ရှ ယျေခမ်တောရသည် မိုးမိတ်ရှမ်းဒေသမှ ပြန်ကွေ့လာရသော ပြန်ကွေ့ဒေသတည်း. . .။
ဆင်ကြီးနှစ်ကောင်ကား ရှမ်းတို့က ပြန်မပေးဘဲနှင့် ဆွဲလာသော ပြန်ကဆွဲများတည်း. . .။

(ဝနဝါသီ)

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



# ချောင်းဆုံအာနန်းဘွင်
## ဘာကြောင့် ဝိပဿနာတရားအားထုတ်ရသလဲ

ဒီကနေ့ဟာ ကျွန်တော်တို့ရဲ့ (၁၇) ကြိမ်မြောက် ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးမယ့်ခေါင်းစဉ်ကတော့ 'ဘာကြောင့် ဝိပဿနာတရားအားထုတ်ရသလဲ' ရယ်လို့ ဖြစ်ပါတယ်။ ဘာကြောင့် ဝိပဿနာတရားအားထုတ်ရသလဲဆိုရင် နိဗ္ဗာန်လိုချင်လို့ ဆိုပြီး ဖြေတာကိုလည်း ကြားဖူးပါတယ်။ ဘာကြောင့် နိဗ္ဗာန်ကိုလိုချင်ရသလဲမေးတော့ မအိုရ၊ မနာရ၊ မသေရတော့လို့ပဲဆိုပြီး ဖြေတာကိုလည်း ကြားဖူးပါတယ်။ ဒီတော့ နိဗ္ဗာန်ကို ဘယ်လိုသိကြသလဲဆိုတဲ့ မေးခွန်းဖြစ်လာပါတယ်။

▫ အိုခြင်းလည်းကွာ၊ နာခြင်းလည်းကင်း၊ သေခြင်းလည်းရှင်းထသော နိဗ္ဗာန်ဟုခေါ် အေးမြို့တော်သို့ရယ်လို့ တစ်မျိုး -

▫ နိဗ္ဗာန်သာခေါင် မြို့ရွှေသောင်သို့ မဂ္ဂင်ဖောင်ကြီး ကိုယ်စီစီးပြီး အပြီးရောက်နိုင်ကြပါစေရယ်လို့ တစ်ဖုံ -

▫ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်သို့ရယ်လို့တစ်နည်း -

တင်စားပြီး နှိုင်းခိုင်းထားတော့ စိတ်ထဲမှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့ထက် သာလွန်ချမ်းသာတဲ့ဘုံဘဝရယ်လို့ ထင်သူကထင်ကြတယ်။

အားလုံး ကြားဖူးကြပါလိမ့်မယ်။ ဒကာမကြီးတစ်ယောက်ကို ဘုန်းတော်ကြီးက နိဗ္ဗာန်ရောက်ချင်သလား မေးတော့ ဆေးလိပ်အလွန်ကြိုက်တဲ့ဒကာမကြီးဖြစ်လို့ နိဗ္ဗာန်မှာ ဆေးလိပ်ရှိသလားလို့ ပြန်မေးတယ်ဆိုတာ။

အဲဒီတော့ နိဗ္ဗာန်ကို အချမ်းသာဆုံးနေရာရယ်လို့ အထင်ရောက်ပြီး နိဗ္ဗာန်ကို ရောက်ချင်တဲ့သဘော ဖြစ်လာတယ်။ အတိုချုပ်လိုက်တော့ ချမ်းသာချင်တယ်ပေါ့။ ဘယ်သူချမ်းသာချင်တာလဲ။ ဘယ်သူ့အတွက် ချမ်းသာချင်တာလဲ။ ရုပ်၊ နာမ်နှစ်ဖြာ ဒီခန္ဓာအတွက် ချမ်းသာချင်တဲ့သဘောပဲ။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါးဟာ ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်။ အလွယ်ပြောရရင် စွဲလမ်းတဲ့ခန္ဓာပေါ့။ ဘယ်လိုစွဲလမ်းသလဲ။ ငါ၊ ငါ့ခန္ဓာ၊ ငါ့အတ္တရယ်လို့ တဏှာ၊ မာန၊ ဒိဋ္ဌိနဲ့ စွဲလမ်းတယ်။ ဒီတော့ ဤခန္ဓာလိုချင်စရာ၊ တပ်မက်စရာအဖြစ်နဲ့ စွဲလမ်းပြီး သူ့ကို အမြဲချမ်းသာနေစေချင်တဲ့သဘောပဲ။

ဒီခန္ဓာကြီး ချမ်းသာဖို့ဆိုရင် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတွေကိုရဖို့ ကုသိုလ်လုပ်ရမှာပဲ။ ဒီချမ်းသာ (၃) မျိုးရှိတယ်။ အဲဒါတွေကတော့ ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ် ဆိုတဲ့ ကုသိုလ် (၃) မျိုးကို လုပ်ရမယ်။ ကာမဝစရကုသိုလ်ဆိုတာ လူ့ဘုံနဲ့ နတ်ပြည် (၆) ထပ်ဆိုတဲ့ ကာမသုဂတိ (၇) ဘုံမှာ ဖြစ်စေတတ်တဲ့ ဒါနကောင်းမှုကုသိုလ်၊ သီလကောင်းမှုကုသိုလ်တို့ပဲ ဖြစ်တယ်။ ရူပါဝစရ၊ အရူပါဝစရဆိုတာကတော့ ရုပ်၊ နာမ်နဲ့နေတဲ့ ဗြဟ္မာ့ဘုံ၊ ရုပ်မပါ၊ နာမ်ချည်းသက်သက် ဗြဟ္မာ့ဘုံတို့ ဖြစ်တယ်။ အဲဒီအတွက်တော့ သမထဘာဝနာပွားများခြင်းဆိုတဲ့ ဈာန်ကုသိုလ်တွေကိုလုပ်ရပါမယ်။

အားလုံးသိတဲ့အတိုင်း လူထက်နတ်က စည်းစိမ်ချမ်းသာပိုတယ်။ နတ်ထက် ဗြဟ္မာက ပိုချမ်းသာတယ်။ အသက်ရှည်တာလည်း ဒီအတိုင်းပဲ။ ဗြဟ္မာ့ဘုံရဲ့အမြင့်ဆုံးဖြစ်တဲ့ နေဝသညာ၊ နာသညာဆိုတဲ့ဘုံရဲ့သက်တမ်းဟာ မဟာကပ်ကမ္ဘာ (၈၄၀၀၀) ရှိတယ်။ မဟာကပ်ကမ္ဘာဆိုတာ အခု ကျွန်တော်တို့နေတဲ့ အသင်္ချေယျကပ်ကမ္ဘာရဲ့ လေးဆရှိတယ်။ ဒါပေမယ့် သံသရာဆိုတဲ့ ကာလနဲ့တွက်လိုက်ရင် မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက်စာတောင်မရှိဘူး။ သူကလည်း မွေးတာဖြစ်လို့ သေရတာပဲ။ ဘယ်ဘုံမှာဖြစ်ဖြစ် ဖြစ်တယ်ဆိုတာ မွေးတာပဲ။ မွေးရင်သေမှာပဲ။ ဒီတော့ မွေးလိုက်၊ သေလိုက်နဲ့ သံသရာထဲလည်နေဦးမှာပဲ။ အဲဒီလိုလည်တဲ့အခါ ကုသိုလ်လည်းလုပ်၊ အကုသိုလ်လည်းလုပ်ကြတာမို့ ကောင်းတဲ့ဘုံရောက်လိုက်၊ ဆိုးတဲ့ဘုံရောက်လိုက်နေရတာပဲ။ ဆိုးတဲ့ဘုံရောက်တဲ့အခါ အကောင်းလုပ်ခွင့်မရှိ။ အဆိုးချည်းထပ်လုပ်ပြီး ဆိုးသည်ထက်ဆိုးနေရလို့ အဆိုးဘဝမှာပဲနစ်နေတာများတယ်။ အကောင်းဘဝနဲ့ အဆိုးဘဝနေရတဲ့ကာလချင်း ယှဉ်ရင် အဆိုးကနှစ်အသင်္ချေ၊ အကောင်းက တစ်စက္ကန့်ပဲ။ ဒါကြောင့်မို့ -

▫ သတ္တဝါတွေရဲ့ အမြဲတမ်းနေရပ်လိပ်စာဟာ အပါယ်လေးရွာပဲ -

လို့ ပြောတာပေါ့။ (၃၁) ဘုံသားအားလုံးကို ဆင်းရဲသားတွေချည်းပဲလို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ချမ်းသာတယ်ထင်တဲ့ ချမ်းသာတွေဟာလည်း တကယ်မှာတော့ ဆင်းရဲသက်သက်ဖြစ်ပါတယ်။ ဝေဒနာကို သုခ - ဒုက္ခ - သုခ - ဒုက္ခမဟုတ် (ကြား) မထင်ရှားဆိုပြီး (၃) မျိုး ခွဲပါတယ်။ ဒုက္ခကို ဒုက္ခ-ဒုက္ခဆိုပြီးပြပါတယ်။ကျွန်တော်တို့ ဆင်းရဲခြင်းတစ်မျိုးမျိုးကို ခံစားနေရတာမျိုးကို ပြောတာ။ နောက် သုခဆိုတာကိုတော့ ဝိပရိနာမဒုက္ခလို့ဟောတော်မူပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ထင်နေတဲ့ ချမ်းသာမှုသုခဟာ မမြဲတဲ့အတွက်ဘဲ။ မမြဲခြင်းဟာ ချမ်းသာခြင်း မဟုတ်ပါဘူး။ ဆင်းရဲခြင်းပါပဲ။ နောက်ချမ်းသာမဟုတ်၊ ဆင်းရဲမဟုတ်ကြားဝေဒနာကိုတော့ သင်္ခါရဒုက္ခလို့ ဟောတော်မူပါတယ်။ အားလုံးသိကြတဲ့အတိုင်း သင်္ဗေသင်္ခါရာဒုက္ခာ အလုံးစုံသော ဖြစ်ခြင်းသဘောရှိသည့် အရာမှန်သမျှ ဒုက္ခချည်းပဲ။ သတ္တဝါမှန်သမျှ အကြောင်းကြောင့်ဖြစ်လာကြတဲ့ဖြစ်ခြင်းသဘောတွေချည်းပဲ။ ဒါကြောင့် ဒုက္ခပဲ။ နောက်တစ်ခုက ဒီရုပ်၊ နာမ်နှစ်ပါးဟာ မှက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာ အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်တယ်လို့ ခဏခဏပြောခဲ့ဖူးပါတယ်။ အဲဒါဘယ်လောက်စည်းစိမ်ခံစားပြီး ချမ်းသာနေတယ်လို့ထင်ပေမယ့် ပျက်စီးခြင်းက အဆက်မပြတ် နှိပ်စက်နေလို့ ဆင်းရဲတာပဲ။ ဖြစ်ခြင်း၊ ပျက်ခြင်းတွေ ကျော်သွားတိုင်းကျော်သွားတိုင်း လူဟာ ပျိုလာတယ်လို့မရှိဘဲ အိုသွားနေတာပဲ မဟုတ်လား။ ချက်ချင်း မသိပေမယ့် ကြာတော့သိလာတယ်။ အခု ကျွန်တော်တို့ဘဝဟာ သက်သေခံပဲလေ။ ငယ်ငယ်တုန်းကနဲ့တူသေးလား။ အစစအရာရာအကုန်ဆုတ်ယုတ်ကုန်ပြီ။ အချိန်က နုပျိုခြင်းကို အမြဲစားပစ်နေတာပဲ။ အဲဒါ ဆင်းရဲလား၊ ချမ်းသာလား၊ အိုရခြင်း ဆင်းရဲလို့ ပြောတယ်မို့လား။

အခုပြောခဲ့တဲ့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘောတွေဟာ ကိုယ်လိုချင်တဲ့ အရာတွေလား။ နာဦးမယ်၊ ပြီးတော့ သေဦးမယ်။ အဲဒါတွေကကော ကိုယ်လိုချင်တဲ့အရာတွေလား။ မလိုချင်ဘူး၊ မနာချင်ဘူး၊ မသေချင်ဘူး မဟုတ်လား။ ဒါပေမယ့် ငြင်းပယ်လို့ရလား။ ကိုယ်ဖြစ်စေချင်တာ ဘာမှမဖြစ်ဘဲ ကိုယ်မဖြစ်စေချင်တာချည်းဖြစ်နေတာအစိုးမရခြင်းဘဲ။ အနတ္တပဲ။ အဲဒီတော့ ရုပ်နဲ့ နာမ်ကိုရထားသမျှ၊ ရုပ်နဲ့နာမ်ရှိနေသမျှ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းဆိုတဲ့ဒုက္ခတွေကို ခံစားနေရမှာပဲ။

ရုပ်၊ နာမ်ခန္ဓာကို ရလိုက်တာ မွေးဖွားလိုက်တာပဲ။ မွေးတဲ့သတ္တဝါမှန်သမျှ သေတာချည်းပဲ။ မွေးပြီးမသေတဲ့သတ္တဝါ ရှိမှမရှိဘဲ။ မွေးဖွားခြင်းကို ဘယ်သူပြုလုပ်နေသလဲ။ ကံကပြုလုပ်နေတာ။ ကံက ထုတ်လုပ်နေတာ။ ကံကဘာကြောင့် ထုတ်လုပ်နေရသလဲ။ ကိလေသာက လိုချင်လို့။ ဒီတော့ ကိလေသာကုန်မှ ကံကုန်မှာ။ ကိလေသာရှိနေမျှ ကံကထုတ်လုပ်ပေးမှာ။ သမုဒယတဏှာရှိနေသမျှ ကံရှိနေမှ။ ကံရှိနေသမျှ ဘဝရှိနေမှာ။ ဘဝရှိနေသမျှ ဆင်းရဲခြင်းဒုက္ခရှိနေမှာ။

ဒီတော့-

တဏှာသမုဒယကုန်ရင် ကံကုန်ပြီ။ ကံကုန်ရင် ဘဝကုန်ပြီ။ မွေး၊ အို၊ နာ၊ သေ မရှိတော့ဘူး။ မွေး၊ အို၊ နာ၊ သေ မရှိတော့ရင် ဒုက္ခမရှိတော့ဘူး။ ဆင်းရဲမရှိတော့ဘူး။ အဲဒီဆင်းရဲဒုက္ခ မရှိတော့တဲ့ ချမ်းသာခြင်းကမှ တကယ့်ချမ်းသာအစစ်၊ ချမ်းသာအမှန် နိဗ္ဗာန်။

ဒါကြောင့် နိဗ္ဗာန်ဆိုတာ မွေး၊ အို၊ နာ၊ သေ နေတဲ့ သခ်ီတနယ်ပယ်မှာ မရှိဘူး။ မွေး၊ အို၊ နာ၊ သေ မရှိတော့တဲ့ အသင်္ခတနယ်ပယ်မှာပဲရှိတယ်။ဒါကြောင့် နိဗ္ဗာန်ချမ်းသာဆိုတာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့နဲ့ မနှိုင်းယှဉ်သာအောင်ချမ်းသာတဲ့ ချမ်းသာဖြစ်တယ်။ ဒါပေမယ့် လူ၊ နတ်၊ ဗြဟ္မာ ချမ်းသာလိုတော့ ရုပ်၊ နာမ်၊ ခန္ဓာနဲ့ ခံစားရတဲ့ ချမ်းသာမျိုးမဟုတ်ဘူး။

ဒီလိုဆိုရင် 'နိဗ္ဗာန်ချမ်းသာ' ရဲ့ 'သဘောအမှန်' ကိုသိပြီ။ အဲဒီလိုသိပြီးမှ ဒီချမ်းသာမျိုးကို လိုချင်ရဲ့လားဆိုတာ မေးခွန်းထုတ်ရပါမယ်။ စဉ်းစားရပါမယ်။ ပြီးမှ 'လိုချင်တယ်' ဆိုရင် 'ရတဲ့အလုပ်'၊ လောကုတ္တရာကုသိုလ်အလုပ်ကိုလုပ်ရပါမယ်။ အလုပ်ကတော့ ဝိပဿနာအလုပ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဘာကြောင့် ဝိပဿနာတရားအားထုတ်ရသလဲလို့ မေးရင် ချမ်းသာစစ်ချမ်းသာမှန်ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကိုလိုချင်လို့ရယ်လို့ ဖြေရပါမယ်။

ပြောပြီးခဲ့တာတွေဟာ စကားစဉ်အရပြောရခြင်းသာဖြစ်ပါတယ်။ တကယ်တော့ ယောဂီအားလုံးဟာ လူချမ်းသာ၊ နတ်ချမ်းသာအကြောင်းကိုလည်း ကောင်းကောင်းသိထားကြပါတယ်။ ချမ်းသာစစ်ချမ်းသာမှန် မဟုတ်ဘူးဆိုတာကိုပေါ့။ နိဗ္ဗာန်ချမ်းသာအကြောင်းလည်းကောင်းကောင်းသိထားကြပါတယ်။ တကယ့်ချမ်းသာအစစ်ဆိုတာကိုပေါ့။

ကျွန်တော်တို့ ဆွေးနွေးကြတာ မသိလို့ ပြောဟောနေကြတာမဟုတ်ဘဲ သိထားတာတွေကိုပဲ ဘာဝနာပွားတဲ့အနေနဲ့ ထပ်တလဲလဲပြောနေကြတာဖြစ်ပါတယ်။ ဒီအထဲ မသိသေးတာ၊ မေ့နေတာတွေလည်း အနည်းအကျဉ်းပါကောင်းပါမှာပါ။

ကျွန်တော့်ဆွေးနွေးချက်ရဲ့ဦးတည်ချက်ကတော့ ဝိပဿနာတရားပွားများအားထုတ်ရာမှာ သိသင့်သိအပ်တဲ့အခြေခံအချက်အချို့ကို တင်ပြဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ 'အချို့'လို့ဆိုရာမှာ ကျွန်တော့်တင်ပြချက်တွေထဲမှာ လိုအပ်ချက်တွေ ရှိပါသေးတယ်ဆိုတာကို ဖော်ညွှန်းခြင်းဖြစ်ပါတယ်။

သုတာမယဉာဏ်နဲ့ ကြားနာဖတ်မှတ်ထားရသမျှ ဗဟုသုတများထဲမှ ဆီလျော်မယ်ထင်သလိုစီစဉ်ပြီး တတ်အားသမျှ သိုင်းဝိုင်းတင်ပြဆွေးနွေးခဲ့ပါတယ်။ အဓိက ဦးတည်ချက်ကတော့ နှစ်ရပ်ပဲရှိပါတယ်လို့ ပြောနိုင်ပါတယ်။ အဲဒါတွေ (၁) နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ဖို့နဲ့ (၂) ပစ္စယာပရိဂ္ဂဟဉာဏ်ဖြစ်ဖို့တို့ပဲ ဖြစ်ပါတယ်။ မြန်မာလိုတော့ ရုပ်နဲ့နာမ်တို့ရဲ့အကြောင်းကို အသင့်အတင့်ပြည့်ပြည့်စုံစုံနဲ့ ခွဲခြားသိဖို့နဲ့ ရုပ်၊ နာမ်တို့ရဲ့ အကြောင်းကျိုးဆက်စပ်ပုံကို အသင့်အတင့်သိဖို့ပါပဲ။

ဝိပဿနာတရားပွားများအားထုတ်မယ့် ယောဂီအတွက် အခြေခံအကျဆုံး လိုအပ်ချက်ကတော့ သဒ္ဓါပါပဲ။

သဒ္ဓါကို ယုံကြည်ချက်လို့ အားလုံးသိပြီးသား ဖြစ်ပါတယ်။ ဒါပေမယ့် ယုံကြည်ချက်က နှစ်ဆင့်ရှိပါတယ်။ ပထမအဆင့်က ရတနာသုံးပါးနဲ့ ကံ၊ ကံရဲ့အကျိုးကို ယုံကြည်ခြင်းဆိုတဲ့ ယုံကြည်ချက်ဖြစ်ပါတယ်။ ဒါဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ဖို့အတွက် လိုအပ်တဲ့ အခြေခံ လိုအပ်ချက်၊ ယုံကြည်ချက်ဖြစ်ပါတယ်။

ဒုတိယအဆင့်က မြတ်စွာဘုရားရဲ့ ဗောဓိဉာဏ်ကို ယုံကြည်ချက်ဖြစ်ပါတယ်။

ဝိပဿနာတရား ပွားများအားထုတ်မယ့် ယောဂီဟာ မြတ်စွာဘုရားရဲ့ ဗောဓိဉာဏ်ကို မမှိတ်မသုန် ယုံကြည်ရပါမယ်။ မြတ်စွာဘုရားရဲ့ လမ်းညွှန်ချက်အတိုင်း ကျင့်ကြံအားထုတ်ရင်၊ ကြိုးပမ်းအားထုတ်ရင် မလွဲမသွေ မဂ်ဉာဏ်၊ ဖိုလ်

www.burmeseclassic.com

ဉာဏ်ရနိုင်တယ်။ ရရမယ်လို့ တထစ်ချ ယုံကြည်ရပါမယ်။ အဲဒါကို စွဲမြဲထားရမှာပါ။

နောက်တစ်ခုကတော့ သီလပါပဲ။ သီလဝိသုဒ္ဓိဖြစ်ရပါမယ်။ သီလစင်ကြယ်ရပါမယ်။ လူဖြစ်ရင် အနည်းဆုံး ငါးပါးသီလလုံခြုံရပါမယ်။ သီလပျက်ရင် ရှေ့ဆက်မသွားနိုင်တော့ပါဘူး။

မြစ်ညာကမျောပါလာတဲ့ သစ်တုံးတစ်တုံးကိုကြည့်ပြီး မြတ်စွာဘုရားက ရဟန်းများကို 'ဒီသစ်တုံးဟာ အနှောင့်အယှက်ရှစ်မျိုးကလွတ်မှ မြစ်ဝကထွက်ပြီး သမုဒ္ဒရာထဲရောက်နိုင်တယ်။ အဲဒီအနှောင့်အယှက်ရှစ်မျိုးထဲက ပထမဆုံး အနှောင့်အယှက်မှာ 'အတွင်းကပုပ်ဆွေးပြီး ရေအောက်ကိုမြုပ်ကျသွားခြင်း'ဖြစ်ပါတယ်။

သံသရာကလွတ်မြောက်ကြောင်း တရားအားထုတ်နေတဲ့ ရဟန်းများမှာလည်း ဒီသစ်တုံးလို အနှောင့်အယှက်ရှစ်မျိုးရှိတယ်။ ပထမအချက်က သီလပျက်ရင် သစ်တုံးပုပ်ဆွေးပြီးမြုပ်သွားသလို အပါယ်မှာ မြုပ်သွားမယ်လို့ ပမာပေးပါတယ်။ ဒါကြောင့် သီလဟာ ယောဂီအတွက် အရေးအကြီးဆုံးအချက်ပါ။ သီလဝိသုဒ္ဓိဖြစ်ရပါမယ်။ သီလစင်ကြယ်ရပါမယ်။

သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ သာသနာသုံးပါးမှာ သီလက စတာမို့ သူတော်ကောင်းများ သီလကို အလွန်မြတ်နိုးကြ၊ အလေးထားကြပါတယ်။ သီလကို မွှေးရနံ့နဲ့ ပမာနှိုင်းကြပါတယ်။ လူမှာဖြစ်သော၊ နတ်မှာဖြစ်သောပန်းစတဲ့ မွှေးရနံ့အပေါင်းတို့ထက် သီလမွှေးရနံ့က ပိုမွှေးပါတယ်။ ဘယ်မွှေးရနံ့မှ လေကိုဆန်ပြီးမမွှေးနိုင်ပါဘူး။ သီလရနံ့ကတော့ လေကိုဆန်ပြီးမွှေးပါတယ်။ မွှေးရနံ့များမှာ ရောက်ရှိနိုင်တဲ့ ဒေသအတိုင်းအတာအခြားရှိပါတယ်။ သီလမွှေးရနံ့က အပိုင်းအခြားမရှိဘူး။ ဗြဟ္မာပြည်လည်းရောက်နိုင်ပါတယ်။ ငရဲပြည်ယမမင်းကြီးဆီကိုလည်းရောက်ပါတယ်။ အခြားတစ်ပါးသော စကြဝဠာကိုလည်း ရောက်နိုင်ပါတယ်။

မွှေးရနံ့တိုင်းမှာ ကာလ (အချိန်) အပိုင်းအခြားရှိပါတယ်။ သက်တမ်းရှိပါတယ်။ သူ့ရနံ့သက်တမ်းကုန်ရင် မမွှေးနိုင်တော့ပါဘူး။ သီလကတော့ တစ်ဘဝပြီး တစ်ဘဝ နိဗ္ဗာန်ကျအောင်မွှေးပါတယ်။

သီလပျက်ပြီဆိုရင်လည်း အပုပ်နံ့ထွက်ပါတယ်။ အဲဒီ အပုပ်နံ့ကလည်း အပုပ်နံ့တကာတို့ထက် လွှင့်ပါတယ်။ သူလည်း ဒေသအကန့်အသတ်၊ အပိုင်းအခြားမရှိ အပုပ်နံ့ရောက်ပါတယ်။ ငရဲမင်းကြီး (ယမမင်းကြီး)ရဲ့ နှာခေါင်းဝဆီတော့ အရင်ဆုံးရောက်တာပေါ့။ ကာလအပိုင်းအခြားမရှိ ဘဝဆက်ပြီး လိုက်ပါတယ်။ အကျိုးပေးပါတယ်။

ဒါကြောင့် သူတော်ကောင်းများ သီလကိုအသက်ထက်မြတ်နိုးကြပါတယ်။ အသက်ရဲ့ တန်ဖိုးကို ပဲဝက် (နှစ်ပြား) လောက်ထားပြီး သီလရဲ့တန်ဖိုးကို ပြည်တန်တဲ့ပတ္တမြားလောက်ထားကြတယ်။ ဒါကြောင့် အသက်ရှင်သန်ဖို့အတွက် သီလကိုမဖျက်ကြပါဘူး။ သီလကို အသက်နဲ့မလဲနိုင်ကြပါဘူး။ ဒါကြောင့် သီလဝိသုဒ္ဓိဖြစ်ဖို့ အရေးကြီးပါတယ်။

သီလဝိသုဒ္ဓိပြီးရင် 'စိတ္တဝိသုဒ္ဓိ'ဖြစ်ဖို့လိုပါတယ်။ သီလစင်ကြယ်ပြီးရင် 'စိတ်စင်ကြယ်' ရမယ်ပေါ့။ ဒါဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေပါတယ်။ သီလဝိသုဒ္ဓိဖြစ်မှ စိတ္တဝိသုဒ္ဓိဖြစ်နိုင်ပါတယ်။ သီလမလုံခြုံတဲ့သူဟာ 'အနဝဇ္ဇသုခ' ဆိုတဲ့ 'အပြစ်ကင်းတဲ့ချမ်းသာခြင်း' ကို မရနိုင်ပါဘူး။ ဒါဟာ စိတ်ချမ်းသာခြင်းကိုပြောတာပါ။

မတရားသဖြင့်ရထားတဲ့ပစ္စည်းနဲ့ လူချမ်းသာနေသူဟာ သဝဇ္ဇဆိုတဲ့အပြစ်နဲ့ ချမ်းသာနေသူမို့ သူ့မှာစိုးရိမ်ပူပန်မှုရှိပါတယ်။ အမှတ်တမဲ့နေစဉ် မသိပေမယ့် သတိနဲ့နေတဲ့အခါကျတော့ သိလာ၊ ပေါ်လာ၊ လွှမ်းမိုးလာပါတယ်။

စိတ်စင်ကြယ်ဖို့ဆိုတာ သတိနဲ့နေရမယ်မဟုတ်လား။ အဲဒီအခါမှာ ပေါ်လာပြီး စိတ်တည်ငြိမ်အေးချမ်းမှုကို ဒုက္ခပေးတော့တာပဲ။ စိတ်မတည်ငြိမ်၊ မအေးချမ်းနိုင်တော့ဘူး။ ဒီအခါမှာ စိတ်၏စင်ကြယ်ခြင်းဆိုတဲ့ သမာဓိကို မရနိုင်တော့ဘူး။ ဒါကြောင့် စိတ်စင်ကြယ်ဖို့ ကြိုးပမ်းနေသူဟာ သီလစင်ကြယ်နေရပါမယ်။

'စိတ်' ဆိုတာ အာရုံနဲ့ကင်းပြီး မနေနိုင်တာမို့ အာရုံတစ်ခုမဟုတ်တစ်ခုနဲ့ အမြဲတွဲနေမှာပဲ။ အာရုံဆိုတာလည်း အပြင်မှာ အမြဲ အဆင်သင့် ပြည့်နှက်နေတယ်။ ကျွန်တော်တို့ ခန္ဓာမှာလည်း အာရုံဝင်စရာ တံခါးခြောက်ပေါက်က အမြဲပွင့်နေတယ်။ ဝင်စရာအာရုံတွေကလည်း လောဘ၊ ဒေါသစတဲ့ ကိလေသာအာရုံတွေချည်းပဲ။

ဒီတော့ လောဘ၊ ဒေါသဖြစ်စရာ အာရုံတွေနဲ့တွေ့တဲ့အခါ လောဘ၊ ဒေါသ မဖြစ်အောင် စိတ်ကိုအကာအကွယ်လုပ်ထားရပါမယ်။ သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က 'မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို အာရုံပြုပွားများနေဖို့ညွှန်ပါတယ်။ စိတ်ကို ကုသိုလ်ဖြစ်အောင် အာရုံတစ်ခုခုနဲ့ တွဲချည်ထားဖို့ပါပဲ။

ပါမောက္ခချုပ်ဆရာတော်ကတော့ စိတ်ကို ဖြူစင်အောင်ထားဖို့၊ စိတ္တဝိသုဒ္ဓိဖြစ်ဖို့ အချက်လေးချက် ဟောပါတယ်။ အဲဒါတွေက -

(အကျဉ်း) (၁) ကုသိုလ်ပဲအမြဲဖြစ်နေရမယ်လို့ စိတ်ကို ပြဋ္ဌာန်းဆောက်တည်ထားရမယ်။ (၂) စိတ်ကို ကုသိုလ်ဘက်ကိုပဲ အမြဲဦးတည်လှည့်ထားရမယ်။ ထိတွေ့တဲ့ အာရုံမှန်သမျှ ကုသိုလ်ရအောင်လုပ်ဖို့ပေါ့။ (၃) နှလုံးသွင်းမှန်ကန်ရမယ်။ လောဘစိတ်၊ ဒေါသစိတ်ဖြစ်စေမယ့်နှလုံးသွင်းမှာမျိုးကို ရှောင်ရှားရမယ်။

အဲဒါနဲ့ ပတ်သက်ပြီး ကျွန်တော့်အတွေ့အကြုံကိုပြောပါမယ်။ကျွန်တော့်မှာ ဘကြီးဝမ်းကွဲတစ်ယောက်နဲ့ကြီးတော်ဝမ်းကွဲတစ်ယောက်ရှိပါတယ်။ တစ်ခြားစီပါ။ လူကြီးတွေဆိုတော့ အိမ်နီးချင်းနဲ့ ဆွေမျိုးများက ဟင်း၊ သစ်သီး၊ မုန့်စတာတွေပေးပို့တတ်ကြပါတယ်။ ဘကြီးက ချက်ချင်းစားရမယ့်(ဟင်း)ဟာဆိုရင် မွန်းမလွဲသေးက အမြဲဘုရားဆွမ်းတော်ကပ်ပြီးမှ စားပါတယ်။ ထားလို့ရသေးတဲ့(မုန့်) အစားအစာ မွန်းလွဲမှရလာရင် နောက်နေ့ ဆွမ်းတော်ကပ်ပြီးမှ စားတယ်။

ကြီးတော်ကတော့ ဘယ်အချိန်ရရ ချက်ချင်း တစ်လုတ်တစ်ဖဲ့တော့ ပါးစပ်ထဲ ကောက်ထည့်လိုက်တာပဲ။ အဲဒါနှစ်ဦးစလုံးဟာ အလေ့အကျင့်ဖြစ်ပြီး အကျင့်ပါနေကြတာပဲ။ အဲဒါ ဘကြီးလိုအကျင့်မျိုးကို အလေ့အကျင့်လုပ်ရပါမယ်။ အဲဒီလို အဘက်ဘက်က ကြိုးစားရင် စိတ္တဝိသုဒ္ဓိဖြစ်ပါတယ်။

ဝိပဿနာယောဂီဟာ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိသုဒ္ဓိဆိုတဲ့ ဝိသုဒ္ဓိလေးမျိုးနဲ့ ပြည့်စုံရပါမယ်။ ကျန်နှစ်မျိုးကို နောက်အပတ်မှ ဆက်လက် တင်ပြပါမယ်။

မဂ်ပေါက်၊ ဖိုလ်ပေါက် ကျင့်ကြံအားထုတ်နိုင်ကြပါစေ။

ယောဂီများ -

သာဓု၊ သာဓု၊ သာဓု။

ချောင်းဆုံအခွန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်၌ ထင်ရှားကျော်ကြား အံ့ဖွယ် (၉) ပါး စေတီဘုရားများ တည်တော်မူနေသည်ကို ဖူးတွေ့ရပါသည်။

ရွှေတိဂုံစေတီတော်ရင်ပြင်တော်တွင် ခေတ်အဆက်ဆက် အစိုးရသော မင်းများမှ လည်းကောင်း၊ မွန်ဘုရင်, မွန်မင်းသားများ, မြန်မာမင်းနှင့် မင်းမှူးထမ်း၊ မှူးကြီးမတ်ကြီးများမှ လည်းကောင်း၊ ထွက်ရပ်လမ်း, အထက်လမ်းလိုက်စားသောဝိဇ္ဇာဓိုရ်ကြီးများ၊ အထူးသဖြင့် အဘ ပထမံဘိုးဘိုးအောင်၊ ဓမ္မစေတီမင်း၊ ဘားမဲ့ဆရာတော်ဘုရားကြီး၊ ရှင်မထီး၊ ရှင်အဇ္ဇဂေါဏ အစရှိသောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးများ၊ သာသနာတော်အကျိုး မျှော်ကိုးပြီး တည်ထားခဲ့သော စေတီဘုရားများလည်း များစွာပေါ်ထွန်းတော်မူခဲ့ပါသည်။

ထိုထိုသောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးများ ဦးဆောင်၍ တည်ထားတော်မူခဲ့သော စေတီဘုရားများထဲမှ အံ့ဖွယ်(၉) ပါးစေတီဘုရားများသည် အထူးထင်ရှားဘုန်းတန်ခိုးတော် ကြီးမားတော်မူလှပါသည်။ လောကီပညာစခန်းနှင့်ထွက်ရပ်လမ်းကို ရည်မျှော် လေ့လာ လိုက်စားပွားများအားထုတ်ကြကုန်သောပုဂ္ဂိုလ်များသည် ရွှေတိဂုံစေတီတော်သို့ တက်

ကံဝင်း

အမှတ်(၁၅)

## ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

# အံ့ဖွယ်ထူးခြား ကိုးကွယ်ဘွယ်သောဘုရားများမှ

# ပြဒါးရှင်ဘုရား



အံ့ဖွယ် (၉) ပြဒါးရှင်ဘုရား




ပြဒါးရှင်ဘုရား






www.burmeseclassic.com

www.burmeseclassic.com



အံ့ဖွယ် (၁) ပတ္တမြားမျက်ရှင်ဘုရား



အံ့ဖွယ် (၂) ဝိဇ္ဇာဇော်ဂျီဘုရား




အံ့ဖွယ် (၃) ရှင်စောပုဘုရား




အံ့ဖွယ် (၄) ရှင်မထီးဘုရား

ရောက် ဖူးမြော်ကြပြီးနောက် အံ့ဖွယ် (၉) ပါးစေတီဘုရားများတွင် သက်သတ်လွတ်စား၍ ဂုဏ်တော် (၉) ပါးပုတီးစိပ်ကြရင်း အံ့ဖွယ် (၉) ပါး (၉) ဌာနတွင် အဓိဋ္ဌာန်ဝင်ကြ၏။ တချို့ အဓိဋ္ဌာန်ဝင်ကြသော သူတော်စင်များသည် မီးလွတ်ကိုသာ အာဟာရဒါန သုံးဆောင်ပြီး အံ့ဖွယ်(၉)ဌာနတွင် လှည့်လည်၍ ဂုဏ်တော်ပုတီးစိပ် ပွားများ အားထုတ်ကြသည်ကိုလည်း တွေ့မြင်ရပါသည်။ ထိုသို့ ထူးခြား အံ့ဖွယ် (၉) ပါးဘုရားများတွင် ကျေးဇူးရှင်မန်လည်ဆရာတော်ကြီးများနှင့် သီလ၊ သမာဓိ၊ သိက္ခာပညာကြီးမားဆရာတော်ကြီးများသည်လည်း (၉)ဌာနအဓိဋ္ဌာန်လှည့်လည် ကျင့်ကြံ ပွားများတရားအားထုတ်ခဲ့ကြကြောင်းလည်း ကြားသိရပါသည်။

စာရှုသူများထံ ယခုလ တင်ပြလိုသည့်ဘုရားက ရွှေတိဂုံစေတီတော်ရင်ပြင်တော်မှ အံ့ဖွယ်ထူးခြား (၉)ပါးသော ဘုရားများတွင် တစ်ဆူပါဝင်သော အံ့ဖွယ်ထူးခြား ပြဒါးရှင်ဘုရား ဖြစ်တော်မူပါသည်။ ရွှေတိဂုံရင်ပြင်တော်မှ အံ့ဖွယ်ထူးခြား (၉) ပါးသောဘုရားများမှာ -

□ အံ့ဖွယ် (၁)


**တဝဂ္ဂုပတ္တမြားမျက်ရှင်**
**ဆုတောင်းပြည့်ဘုရား**

ရွှေတိဂုံစေတီတော်အထက်ပစ္စယံ တနင်္လာထောင့်တည့်တည့်တွင် တည်ထားတော်မူ၍ ဆုတောင်းအလွန်ပြည့်ကြောင်း သိရပါသည်။ အဘပထမံ ဘိုးဘိုးအောင် တည်ထားကြောင်း သိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com


အုံဖွယ် (၅) ရှင်အဇ္ဇဂေါဏဘုရား


အံ့ဖွယ် (၆) ဆံတော်တွင်းရုပ်ပွားတော်


အံ့ဖွယ် (၇) ဘိုးဘိုးအောင်ဘုရား


အံ့ဖွယ် (၈) လက်ပက်လက်ဘုရား


လက်ပက်လက်ဘုရား


နေလဘုရား


လင်းလင်းအရောင်ဝင်းဝင်းနှင့် ပြိဓါးရှင်ဘုရားမျက်နှာတော် အနီးကပ် ဖူးမြင်ရစဉ်

□ အံ့ဖွယ် (၂)
ဝိဇ္ဇာဇော်ဂျီဘုရား

ရွှေတိဂုံစေတီတော် စနေထောင့် တည့်တည့် အောင်ရွှေထီးတန်ဆောင်း ရှေ့တည့်တည့်တွင် တည်ထားတော်မူပါသည်။ ရုပ်ပွားတော်ဝမ်းဗိုက်အတွင်း၌ လောကီအစီအရင်များ၊ မြသပိတ်တော်ထဲတွင် ခာတ်လုံးများ၊ ဂါထာတော်များ၊ စမအင်းများဌာပနာထားတော်မူကြောင်း သိရပါသည်။ ရှေးအခါက ဝိဇ္ဇာမိုရ်ကြီးများ၊ ဇော်ဂျီများ၊ ထွက်ရပ်ပေါက်ဘိုးဘိုးကြီးများ စုပေါင်းတည်ထားသောဘုရားဟုသိရပြီး ဝိဇ္ဇာဇော်ဂျီများ၏ ရုပ်ပုံတော်ရုပ်တုများကို စေတီပေါ်တွင် အမှတ်တရ ထည့်သွင်းပြသထားသည်ကို တွေ့ရပါသည်။




www.burmeseclassic.com


www.burmeseclassic.com



အံ့ဖွယ် (၉) ပြဓါးရှင်ဘုရား



မယ်မင်းဘုံ့စေတီတော် အနီးကပ် ဖူးမြင်ရပုံ



မယ်မင်းဘုံ့စေတီ
တောင်ဘက်မုခ်နှင့်တွဲ၍ တွေ့မြင်ရသော
ပြဓါးရှင်ဘုရားအာရုံခံတန်ဆောင်း



အံ့ဖွယ် (၉) ပြဓါးရှင်ဘုရားရှေ့မှ အဓိဋ္ဌာန်ဝင်သူများ

□ အံ့ဖွယ် (၃)
**ဆုတောင်းပြည့်ရှင်စောပုဘုရား**

ရွှေတိဂုံစေတီတော်ရာဟုထောင့်၊ ချမ်းသာကြီးဘုရားအနီးတွင် ကပ်လျက်တည်ထားတော်မူ၍ အာရုံခံတန်ဆောင်းရှေ့တွင် 'ဝ' အက္ခရာပေါ် သောစံကားဝါပင်ကြီးတစ်ပင် ရှိ၏။ ဘားမဲ့ဆရာတော်ဘုရားအဓိဋ္ဌာန်ဝင်ပြီး ရှင်စောပုဘုရင်မကြီးနှင့်အတူတကွတည်ထားသောဘုရားဟု ကြားသိရပါသည်။ ဘားလေးဘားဟုလည်း ခေါ်တော်မူကြပါသည်။

□ အံ့ဖွယ် (၄)
**ရှင်မထီးဘုရား**

ရွှေတိဂုံစေတီတော် နောင်တော်ကြီးဘုရား မြောက်ဘက် အာရုံခံတန်ဆောင်း ရှင်မထီးတန်ဆောင်းအတွင်း၌ တည်နေတော်မူသောရုပ်ပွားတော်သည် ရှင်မထီးဘုရား ဖြစ်ပါသည်။ ရှင်မထီးဆရာတော်ကြီးမှ တည်ထားခဲ့ကြောင်း သိရပါသည်။

□ အံ့ဖွယ် (၅)
**ရှင်အဇ္ဇဂေါဏဘုရား**

ရွှေတိဂုံစေတီတော်ရင်ပြင် တနင်္ဂနွေထောင့်မှာ တည်ရှိသည်။ ပြည်တော်ပြန်ဘုရားတန်ဆောင်းရှေ့တွင်ရှိ အာရုံခံတန်ဆောင်းတော်ကြီးအတွင်း လက်ဝဲဘက်အခြမ်း(ရာဟုထောင့်)တွင်ရှိ မျက်လုံးတော်တစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ် ရုပ်ပွားတော်မြတ်ကို ရှင်အဇ္ဇဂေါဏဘုရားဟု ဆိုကြ၏။ ပုဂံခေတ်အခါက မုဆိုးမပင် ဘုရားတည်နိုင်အောင် ဝိဇ္ဇာဓရ ဂမ္ဘီရ အင်္ဂါရတ်အတတ်ပညာဖြင့် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးစေခဲ့သောဆရာတော် ဖြစ်၏။ ရှင်အဇ္ဇဂေါဏဆရာတော်ကိုယ်တိုင် တည်ထားခြင်းကြောင့် ရှင်အဇ္ဇဂေါဏဘုရားဟု ဘွဲ့အမည်တော်ခေါ်ဆိုပါသည်။

□ အံ့ဖွယ်(၆)
**ဆံတော်တွင်းဘုရား**

ရွှေတိဂုံစေတီရင်ပြင်တော်မြောက်ဘက်မှာရှိ ဂေါတမဘုရားတန်ဆောင်း၏ရှေ့တည့်တည့်တွင် တည်ရှိပါသည်။ တန်ဆောင်းအတွင်း အုတ်ပြာသာဒ်အတွင်းရှိ ရုပ်ပွားတော်အနောက်တွင် ရေတွင်းကဲ့သို့သော တွင်းကြီးတစ်တွင်းရှိသည်။ သံတိုင်များကြားမှကြည့်သော် ထိုတွင်းကို ထင်ရှားမြင်နိုင်သည်။ တချို့သုတေသီများက သံတိုင်အတွင်း ကင်မရာထည့်၍ ဓာတ်ပုံရိုက်ယူကြ၏။ ထိုတွင်းကို ဆံတော်တွင်းဟု ခေါ်ပါသည်။ ရွှေတိဂုံစေတီတော်တည်စဉ်က မြတ်စွာဘုရားဆံတော်များ ရေဆေးကြောသည့်တွင်းဖြစ်၍ ဆံတော်တွင်းဟု ခေါ်ဆိုကြ၏။ ထိုတွင်းအတွင်းသို့ ရှေးယခင်အခါက ဆင်း၍သွားသော် စေတီတော်ကြီးအောက် ဌာပနာပေါက်သို့တိုင် ရောက်သည်ဟု ကြားသိရပါသည်။ တချို့သောဘုရားဖူးများဆင်းပြီး ပြန်မတက်လာဟုလည်း ကြားဖူးပါသည်။ လွန်ခဲ့သောနှစ်ပေါင်း (၇၀) ခန့်မှစ၍ သံတိုင်များအခိုင်အမာ ပိတ်လိုက်ကြသဖြင့် တွင်းအတွင်းဆင်း၍မရကြတော့ပါ။ သံတိုင်ဝမှ ရုပ်ပွားတော်မြတ်သည် ဆုတောင်းပြည့်ကြောင်း သတင်းကြီးလှပါသည်။ မြတ်စွာဘုရားဆံတော်များ ရေဆေးကြောစဉ်က တန်ခိုးတော်ဖြင့် ထက်တောင်းကင်ပျံကြွ ရောင်တော်လွှတ်ပြသောနေရာဌာနဖြစ်သဖြင့် အဓိဋ္ဌာန်ဝင်



www.burmeseclassic.com

www.burmeseclassic.com

သူများက အောင်မြေဟု သတ်မှတ်ကာ အဓိဋ္ဌာန်ဝင်ကြသောအခါ အလိုပြည့်ဝ အောင်မြင်မှုများ ရရှိကြောင်း သိရပါသည်။

**အဲ့ဖွယ် (၇)**
**ဘိုးဘိုးအောင်ဘုရား**

အံ့ဖွယ်ထူးခြား အမှတ်(၇)ဘုရား ဘိုးဘိုးအောင်ဘုရားသည် ရွှေတိဂုံစေတီတော်ရင်ပြင် တနင်္ဂနွေထောင့်နှင့် တနင်္လာထောင့်ကြားရှိ ထီးတော်ပုံစေတီ အနီးတွင် တည်ရှိပါသည်။ ဓမ္မစေတီဘုရားနှင့် ကျောချင်းကပ်တည်နေတော်မူပါသည်။ ဘိုးဘိုးအောင်ကိုယ်တိုင် တည်တော်မူသောရုပ်ပွားတော်ဖြစ်ခြင်းကြောင့် ဘိုးဘိုးအောင်ဘုရားဟု ခေါ်တော်မူပါသည်။ ဘိုးဘိုးအောင်ဘုရား တန်ဆောင်းတွင်းရှိ ဘိုးဘိုးအောင်ဘုရား ရှေ့တွင် အဓိဋ္ဌာန်ဝင် ပုတီးစိပ်သူများထဲမှ ဘိုးဘိုးအောင်နှင့် ဘဝပဋ္ဌာန်းဆက်ရှိသူများသည် ဘိုးဘိုးအောင်၏ မ,စ စောင့်ရှောက်ခြင်းရကြ၍ ဘဝမှာအဆင်ပြေ စိုစိုပြည်ပြည်ရှိကြကြောင်း ကြားသိရပါသည်။

**အဲ့ဖွယ် (၈)**
**လက်ပက်လက်ဘုရား**

ရွှေတိဂုံစေတီတော်အရှေ့ဘက် အာရုံခံတန်ဆောင်းတော်ကြီးအတွင်းမှာ တည်ရှိတော်မူသော ကကုသန်ရုပ်ပွားတော်မြတ်ကြီးအား လက်ပက်လက် ဘုရားဟု ခေါ်တော်မူကြပါသည်။ ထိုရုပ်ပွားတော်မြတ်၏ထူးခြားမှုမှာ တခြားတခြားသော ဘုရားများကဲ့သို့ လက်ယာဘက်လက်တော်မှာ မှောက်ခုံအနေအထား မဟုတ်ပါဘဲ လက်ယာဘက်လက်တော်မှာ ပက်လက်တည်နေတော်မူသဖြင့် ထိုထူးခြားမှုကို အကြောင်းပြုပြီး လက်ပက်လက်ဘုရားဟု ဘွဲ့အမည်တော်ခေါ် ဆိုတော်မူကြပါသည်။

**အဲ့ဖွယ် (၉)**
**အံ့ဖွယ်ထူးခြားပြဒါးရှင်ဘုရား**

အံ့ဖွယ်ထူးခြား(၉)ဆူသောဘုရားများတွင် အံ့ဖွယ်ထူးခြား ပြဒါးရှင်ဘုရားလည်း တစ်ဆူပါဝင်တော်မူပါသည်။ ပြဒါးရှင်ဘုရားသည် ရွှေတိဂုံစေတီတော်ရင်ပြင် အင်္ဂါထောင့်နှင့် တနင်္လာထောင့်ကြားမှာတည်ရှိ ပိတုန်းပဒိုင်းရုပ်ပွားတော်သီတင်းသုံးရာ အာရုံခံတန်ဆောင်းနှင့် ကျောချင်းကပ်တည်ထား 'မယ်မင်းဘုံ' စေတီတော်၏ တောင်ဘက်မုခ်အတွင်းမှာ သီတင်းသုံးနေတော်မူသော ထူးခြားသော ရုပ်ပွားကြေးဆင်းတုတော်တစ်ဆူ ဖြစ်တော်မူပါသည်။

ပြဒါးရှင်ဘုရားကြေးဆင်းတုတော်မြတ်ကို သွန်းလောင်းရာ၌ (၁) ရွှေ၊ (၂) ငွေ၊ (၃) ကြေး၊ (၄) သံ၊ (၅) ဘော်သတ္တုစသည်တို့ဖြင့် ပေါင်းစပ် သွန်းလောင်းထားသည်ဟု သိရပါသည်။ ဝိဇ္ဇာဓိုရ်ဆရာတော်ကြီးတစ်ပါးမှ ဦးဆောင်၍ တည်ထားတော်မူရာတွင် ကျောက်သံပတ္တမြားတန်ဖိုးကြီးပစ္စည်းများဌာပနာတော်မူထားကြောင်းလည်းသိရပါသည်။ ထိုဝိဇ္ဇာဓိုရ်ဆရာတော်ကြီးမှ နဖူးတော်တွင် 'ပြဒါးရှင်လုံး' ထည့်သွင်းပူဇော်ထားသည်ဟု ရှေးမိနောက်မီလူကြီးများပြောကြား သမိုင်းစကားအရ သိရပါသည်။ တချို့က ပြဒါးရှင်လုံး မဟုတ်၊ ပြဒါးရှင်ကိုထည့်သွင်းပူဇော်သည်ဟုဆိုပါသည်။ ယခုလက်ရှိ ဖူးတွေ့ရသည်မှာ မျက်နှာတော်သည် ဝင်းဝါလင်းလက်စွာ ကြည်ညိုဖွယ် ဖူးတွေ့ရပါသည်။ နဖူးတော်မှာ ပြဒါးရှင်လုံးတော်ကြောင့် ထင်ပါသည်။ အနည်းငယ်မို့မောက်ပြီး လင်းလင်းလက်လက် ရောင်ခြည်တော်ပင်လွှတ်နေသကဲ့သို့ထင်ရအောင် ထူးထူးခြားခြားဖူးတွေ့ရပါသည်။ တချို့ ကြည်ညိုသဒ္ဓါလွန်ကဲသူများက ထိုနဖူးတော်မှ ပြဒါးရှင်လုံးကို အထင်ရှား ဖူးတွေ့ရပါသည်ဟု ဆိုကြ၏။ နောက်ထူးခြားမှုတစ်ခုက ရွှေတိဂုံစေတီတော်ကုန်းတော်တစ်ခွင်မှာရှိ ရုပ်ပွားတော်များစွာထဲတွင် ပြဒါးရှင်ဘုရားသည် အလွန်အချိုးအစားကျတော်မူပြီး အလွန် သပ္ပာယ်လှသည်ကို ဖူးမြော်သူတိုင်းက ကြည်နူးဝမ်းမြောက်စွာပြောဆိုကြပါသည်။

ထိုသို့ထူးခြား ပြဒါးရှင်ဘုရားထံတော်ပါးတွင် ရှေးအခါက နံနက်စောစော အဓိဋ္ဌာန်ဝင်သူများကို ဝိဇ္ဇာဓိုရ်ဆရာတော်ကြီးတစ်ပါး ပြဒါးရှင်ဘုရားတန်ဆောင်းသို့ရောက်ရောက်လာတတ်ပြီး ပြဒါးရှင်ဘုရားတွင် လာရောက် ဖူးမြော်သူများ၏ ဦးခေါင်းကို လက်ဖြင့်ပုတ်၍ ဆုပေးသွားတတ်ကြောင်းသတင်းများကို ကြားဖူးပါ၏။ တချို့ကလည်း သိဒ္ဓိတွေ ချီးမြှင့်တာဟု ဆိုကြ၏။ ထိုဝိဇ္ဇာဓိုရ်ဆရာတော်လက်ဖြင့် ဦးခေါင်းတို့ထိခံရသူများသည် အစစအရာရာ ကြီးပွားတိုးတက်ကြကြောင်း အတည်မပြုနိုင်သောသတင်းစကားများလည်း ကြားဖူးပါသည်။ စာရေးသူအနေဖြင့် မကြာခဏ ပြဒါးရှင်ဘုရားသို့ရောက်သော်လည်း တစ်ခါဖူးမျှ ဝိဇ္ဇာဓိုရ်များနှင့် ဆုံတွေ့ခွင့်မရခဲ့ပါ တွေ့သည့်တိုင်အောင် ဇာဘု၊ အစစ်ခွဲဖို့ ဉာဏ်မမီလှပါ။

တချို့က ဝိဇ္ဇာဓိုရ်ကြီးများ၊ ဘိုးဘိုးကြီးများ၏ မ,စစောင့်ရှောက်ခြင်းကိုခံလိုကြ၏။ အမှန်တကယ်မှာ မိမိတို့၏ အဓိဋ္ဌာန်စခန်းရည်မှန်းထားသည့်အတိုင်း အောင်မြင်ရန်သာ အဓိကပဓာနကျလှပါသည်။ သို့ဖြစ်ပါ၍ မိမိတို့ လိုလားချက်အတိုင်း စိတ်ကြံသမျှ အဓိဋ္ဌာန်ပြု၍ အောင်မြင်အောင် ကြိုးစားအားထုတ်ကြလေ၏။ အဓိဋ္ဌာန်အောင်မြင်မှု၏နောက်တွင် ကြီးပွားတိုးတက်လိုလားချက်တွေ ဧကန်မုချပြည့်စုံလာမှာအမှန်ဖြစ်ပါသည်။ မိမိကြိုးစားပွားများအားထုတ်မှုက နည်းနည်း၊ လိုချင်သည်က များများမဖြစ်ဖို့ သတိပြုဖို့ လိုအပ်လှပါသည်။

ပြဒါးရှင်ဘုရားသို့ လာရောက်ဖူးမြော် ကုသိုလ်ယူကြသူများ၊ ဂုဏ်တော်(၉) ပါး (၉) ခေါက်ပွား၍ စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုကြသောအခါ စာမေးပွဲဖြေဆိုသူများ စာမေးပွဲအောင်၏။ ဈေးရောင်းမကောင်းသူများ ဈေးရောင်းကောင်းလာကြ၏။ စီးပွားရေးမကောင်းသူများ စီးပွားရေးများ ပြန်လည်ကောင်းမွန်လာ၏။ ငွေကြေးပြတ်လပ် အခက်အခဲတစ်ရပ်နှင့်ကြုံတွေ့နေသူများ လာဘ်ရွှင် ငွေဝင်လာကြလေ၏။

စာရှုသူ ဓမ္မမိတ်ဆွေများ ဤလောကလူ့ဘုံတွင် အခက်အခဲတစ်ရပ်အနေဖြင့် အကျပ်တည်းဆိုက်နေပါလျှင် အားအင်တွေပျော့နွမ်းဖျော့ဖျော့ဖြစ်မနေပါနှင့်။ ရွှေတိဂုံဘုရားအရှေ့မုခ် ဓာတ်လှေကားအနီးက 'ပြဒါးရှင်ဘုရား' သို့ ရောက်အောင်သွား၍ ဂုဏ်တော်ပုတီး (၉)ခေါက်ပွား၊ (၉) ရက် မပျက်မကွက်သွား၊ သက်သတ်လွတ်စား စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုကြည့်ပါ။ အသင်လိုရာပြီးမြောက် ခရီးရောက်ပါလိမ့်မည်။

*မေတ္တာများစွာဖြင့်*

ကံဝင်း

ကျမ်းကိုး -
၁။ မင်းသော်တာရေး -
ရွှေတိဂုံအောင်မြေမှအံ့ဖွယ်(၉)ပါး
၂။ ညွှန့်မောင်ဦးရေး -
အံ့ဖွယ်နှစ်ဆယ့်တစ်ပါး
၃။ ကိုယ်တိုင်ကွင်းဆင်းလေ့လာမှုများ



www.burmeseclassic.com

www.burmeseclassic.com

# မြဝင်း(အသယန)

## မြို့တွင်းလှည့်ကာရွတ်ဖတ်ပါ ဝဲပွဲလာပရိတ်ပွဲ



တစ်နေ့ဆီက ကျွန်တော်သည် ရွှေဆံတော်စေတီတော်မြတ်ကြီးဂေါပက အဖွဲ့ရုံးခန်း၌ရှိနေစဉ် တပည့်တစ်ဦး ရောက်လာပါသည်။ ထိုတပည့်သည် ရောက်လျှင်ရောက်ချင်း ဤသို့စကားစ ပါသည်။

"ဆရာတို့ နှစ်ဆန်း (၁) ရက်နေ့ ကတော့ အတော်ပင်ပန်းသွားကြမှာပဲ နော်"

"ဆရာတော်ဘုရားကြီးတွေက တော့ အတော်ပင်ပန်းသွားကြပါလိမ့် မယ်။ မနက် (၆) နာရီခွဲကနေ မနက် (၁၀) နာရီခွဲအထိ (၄) နာရီလောက် ကားပေါ်မှာ ထိုင်လိုက်ရတယ်ဆိုပေ မယ့် ထိုင်တဲ့ဒုက္ခကလည်း အင်မတန် ကြီးတယ်။ ဆရာတော်ကြီးတစ်ပါးဆိုရင် ကားပေါ်ကအဆင်းမှာ မထနိုင်တော့လို့ တွဲချရတယ်။

ဆရာတို့က နှစ်ဆန်း (၁) ရက်နေ့ တိုင်း မြို့ထဲကိုလှည့်ပြီး ပရိတ်တော်တွေ ရွတ်ဖတ်ကြပါတယ်။ အဲဒါ ဆရာတို့ ဂေါပကအဖွဲ့ရဲ့ နှစ် (၁) နှစ်ရဲ့ အဦး အစလုပ်ငန်းပါပဲ။ မနက် (၅) နာရီခွဲမှာ ဩဝါဒါစရိယဆရာတော်ဘုရားကြီးများ နဲ့ ဘာဏကဆရာတော်များကို အရုဏ် ဆွမ်းဆက်ကပ်ပါတယ်။ မနက် (၆) နာရီ ခွဲမှာ စေတီတော်မြတ်ကြီးရဲ့မြောက် ဘက်မုခ်ရှေ့ကနေ စထွက်ပါတယ်။ ရှေ့ ဆုံးက နှိုးဆော်တဲ့ကား၊ နောက်ခရုသင်း နဲ့အောင်စည်အောင်မောင်းအဖွဲ့၊နောက် ဆံတော်ရှင်ဗျာဒိတ်ပေးဘုရားပင့်ဆောင် တဲ့ကား၊ နောက်ဩဝါဒါစရိယဆရာတော် ဘုရားကြီးများ လိုက်ပါလာတဲ့ကားများ၊ နောက်တော့ ပရိတ်တော်ရွတ်ဖတ်ကြ မယ့် ဘာဏကဆရာတော်များ လိုက်ပါ လာတဲ့ကားကြီး၊ နောက် ဝေယျာဝစ္စ အဖွဲ့ဝင်များ လိုက်ပါလာတဲ့ ကားများ စီတန်းပြီးထွက်ပါတယ်။ ပထမဒေဂုံ့ရာ မြို့သစ်ဘက်ကိုထွက်တယ်။ ဒေဂုံရာမြို့ သစ်မှာ လှည့်လည်ရွတ်ဖတ်ပြီးမှ ပြည် မြို့တွင်းကို ပြန်ဝင်ကြတယ်။ ပြည်မြို့ တွင်းမှာတော့ တချို့အလှူရှင်တွေက ဘာဏကဆရာတော်များလိုက်ပါလာတဲ့ ကားကြီးပေါ်ကိုတက်ပြီး ဘာဏကဆရာ တော်များကိုအအေးဆက်ကပ်ကြတယ်။ လှူဖွယ်ဝတ္ထုတွေ လှူကြတယ်။ အဲဒီ တော့ ကားကိုဖြည်းဖြည်းမောင်းရတယ်။ နောက် ကျောင်းကြီးအိုးတန်းရပ် ဆု တောင်းပြည့်ဘုရားရောက်တော့ ကား တွေခဏရပ်ကြတယ်။ ဆရာတော်ဘုရား ကြီးများ ခြေညောင်းလက်ဆန့်ဆင်းကြ တယ်။ ပြီးတော့ ဆုတောင်းဘုရား ဂေါပကအဖွဲ့ဝင်များကလည်း ဆရာ တော်များကိုအအေးဆက်ကပ်ကြတယ်။ လိုက်ပါလာတဲ့ ဝေယျာဝစ္စအဖွဲ့ဝင်များ ကို အအေးဘူးများ ဝေငှကြပါတယ်။ အချိန်နည်းနည်းကြာသွားတယ်။ အဲဒါ ကြောင့်မို့ စေတီတော်မြတ်ကြီးကို (၁၀) နာရီခွဲလောက်မှ ပြန်ရောက်ကြတယ်"

"ဆရာတို့ အခုလို မြို့တွင်းကို လှည့်ပြီး ပရိတ်တော်ရွတ်ဖတ်တာကို မြို့သူမြို့သားတွေက ဝမ်းပန်းတသာ ကြိုဆိုကြမှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com

"ကျိုးဆိုကြတာပေါ့ တပည့်ရာ။ မြို့သူမြို့သားတွေဟာ ရှေ့ဆုံးကသွားတဲ့ နှိုးဆော်တဲ့ကားပေါ်က နိဗ္ဗာန်ဆော်ရဲ့ နှိုးဆော်သံကို ကြားလိုက်ကတည်းက အိမ်ရှေ့ကိုထွက်ပြီး လှူဖွယ်ဝတ္ထုတွေကို ကိုင်ပြီး စောင့်နေကြတာ။ ဆရာတော်တွေရဲ့ကားတွေ ရောက်လာတော့ ဝမ်းပန်းတသာ လှူဒါန်းကြပါတယ်။ တချို့ အိမ်တွေက အိမ်ရှေ့မှာ ဖျာခင်းပြီး မိသားစုများဟာ လက်အုပ်ချီပြီး ပရိတ်တော်ကို နာယူကြပါတယ်"

"အခုလို မြို့ထဲကိုလှည့်ပြီး ပရိတ်တော်ရွတ်ဖတ်တဲ့ အစဉ်အလာဟာ ရှေးကတည်းကရှိခဲ့တာလား ဆရာ"

"ရှေးကတည်းက ရှိခဲ့တာပေါ့ တပည့်ရယ်။ တကယ်တော့ မြို့ထဲကို လှည့်ပြီး ပရိတ်တော်ရွတ်ဖတ်တဲ့ အစဉ်အလာဟာ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကတည်းက စခဲ့တာပါ"

"ပြောပြပါဦး ဆရာ"

"မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးနေတုန်း ဝေသာလီပြည်မှာ ဘေးကြီး (၃) ပါး ဆိုက်ရောက်တယ်။ ဘေးကြီး (၃) ပါးဆိုတာက ဒုဗ္ဘိက္ခဘေးခေါ်တဲ့ အစာရေစာခေါင်းပါးတဲ့ဘေး၊ အမနုဿဘေးလို့ခေါ်တဲ့ မြေဖုတ်ဘီလူးများဘေး၊ နောက် အဟိဝါတရောဂ - ယင်းနာလို့ခေါ်တဲ့ ရောဂါဘေးတွေပေါ့။ လိစ္ဆဝီမင်းသားတွေဟာ အဲဒီဘေးတွေငြိမ်းအောင် အမျိုးမျိုးကြံဆကြပါတယ်။ နောက်ဆုံးတော့ ဝေသာလီပြည်ကို မြတ်စွာဘုရားကြွလာမှ ဘေးတွေငြိမ်းမယ်ဆိုတာကို မြင်လာကြပြီး ရာဇဂြိုဟ်ပြည်ကိုသွားရောက်ပြီး မြတ်စွာဘုရားကို ပင့်ဆောင်ကြတယ်။ မြတ်စွာဘုရားကလည်း ဝေသာလီပြည်ကို ကြွရောက်ပြီး ရတနသုတ်ကိုဟောရရင် ဝေသာလီပြည်ကို မဆိုထားဘိ စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းတိုင်တိုင် ရတနသုတ်ရဲ့ အာဏာပျံ့နှံ့ပြီးအန္တရာယ်ကင်းနိုင်တယ်။ ရတနသုတ္တန်ဟောလို့အဆုံးမှာ သတ္တဝါပေါင်းရှစ်သောင်းလေးထောင်ကျွတ်တမ်းဝင်လိမ့်မယ်လို့လည်း မြင်တော်မူတယ်။ အဲဒီလို မြင်တော်မူလို့ မြတ်စွာဘုရားဟာ ဝေသာလီပြည်ကို ကြွတော်မူပါတယ်။ မြတ်စွာဘုရားကို ပင့်ဆောင်လာတဲ့ ဖောင်တော်ဝေသာလီဆိပ်ကမ်းကို ကပ်လိုက်တာနဲ့ 'ပေါက္ခရဝဿ' မိုးကြီးရွာပါတော့တယ်။ ပေါက္ခရဝဿမိုးကိုတော့ တပည့်ကြားဖူးမှာပေါ့။ စိုစွတ်လိုတဲ့လူကို စိုစွတ်ပြီး မစိုစွတ်လိုသူကို မစိုစွတ်တဲ့မိုး၊ ရောက်ရွာမိုးလို့လည်းခေါ်တယ်။ အဲဒီမိုးကြီးရွာလိုက်တော့ ဝေသာလီတစ်ပြည်လုံး ရေတဝုန်းဝုန်းစီးသွားတယ်။ အဲဒီရေတွေထဲ နဂိုက စွန့်ပစ်ထားတဲ့ အကောင်ပုပ်တွေ၊ မကောင်းတဲ့အနံ့တွေ တစ်ခါတည်းပါသွားတယ်။ အဲဒီတော့မှ မြတ်စွာဘုရားက အရှင်အာနန္ဒာကိုခေါ်ပြီး ရတနသုတ်ကို သင်ယူပါဆိုပြီး ရတနသုတ်ကို သင်ပေးတယ်။ အရှင်အာနန္ဒာဟာလည်း တစ်ခေါက်တည်းနဲ့ ရတနသုတ်ကိုရတယ်။ အဲဒီလိုရတော့ အရှင်အာနန္ဒာဟာ မြတ်စွာဘုရားရဲ့ သပိတ်တော်ကို ပွေ့ယူပြီး သပိတ်တော်ထဲမှာ ပရိတ်ရေတွေထည့်၊ မြို့ထဲကိုလှည့်ပြီး ရတနသုတ်ကို ရွတ်ဆိုတော်မူပါတယ်။ တစ်မြို့လုံးကို ပရိတ်ရေတွေ ဖျန်းပက်ပါတယ်။ အရှင်အာနန္ဒာရဲ့နောက်က လိစ္ဆဝီမင်းသားတွေက ဗလိနတ်စာ ပူဇော်သက္ကာရပွဲတွေကို အသီးသီးကိုင်ဆောင်ပြီး လိုက်ကြပါတယ်။ အရှင်အာနန္ဒာရွတ်ဆိုတဲ့ 'ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ' ပထမပိုဒ်ဆုံးတယ်ဆိုရင်ပဲ ဝေသာလီပြည်က လူမမာတွေ တစ်ခါတည်း နေကောင်း-ချမ်းသာဖြစ်သွားကြတယ်။ ဝေသာလီတစ်ပြည်လုံး အန္တရာယ်ကင်းငြိမ်းသွားတယ်။ အဲဒါ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က မြို့ထဲကိုလှည့်ပြီး ပရိတ်ရွတ်ခဲ့ပုံပဲ။ မြို့ထဲကိုလှည့်ပြီး ပရိတ်ရွတ်တဲ့အစဉ်အလာဟာ အဲဒီကစခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ အခု ဆရာပြောပြတာဟာ အကျဉ်းမျှလောက်ပဲဖြစ်ပါတယ်။အကျယ်သိချင်ရင်တော့ မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး ဟောကြားတော်မူတဲ့'ဟောစဉ်တရားတော်များ (တတိယတွဲ)'မှာပါတဲ့ရတနသုတ္တန်တရားတော်ကို ဖတ်ကြည့်ပေါ့"

"ဒါထက်ဆရာ၊ ဆရာတို့ မြို့ထဲကိုလှည့်ပြီး ပရိတ်တော်ရွတ်ဖတ်တဲ့အခါ ရတနသုတ်တစ်သုတ်တည်းကိုပဲ ရွတ်ကြတာလား"

"ရတနသုတ်တစ်သုတ်တည်းရွတ်တာ မဟုတ်ပါဘူး။ ရတနသုတ် အပါအဝင် ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်တာပါ။ ပရိတ်ကြီး (၁၁) သုတ်ဟာ ရှေးဆရာတော်ကြီးတွေ စီစဉ်ပေးခဲ့တာပါ။ ဘုန်းတော်ကြီးကျောင်းနေခဲ့ဖူးသူတိုင်း ပရိတ်ကြီး (၁၁) သုတ်ကို သင်ယူခဲ့ကြရပါတယ်။ ပြီးတော့ အဲဒီပရိတ်ကြီးကို ဘာအခါမှာ ဘယ်သုတ်ကိုရွတ်ရမယ်ဆိုတာလည်း မှာကြားခဲ့ပါတယ်"

"မှာကြားခဲ့ပုံကို ပြောပြပါဦးဆရာ"

"ပြောပြပါ့မယ်ဗျာ။ ကျက်သရေမင်္ဂလာရှိတဲ့ အလှူမင်္ဂလာကို ပြုလုပ်တဲ့အခါ၊ အိမ်တက်မင်္ဂလာပြုလုပ်တဲ့အခါတို့မှာ မင်္ဂလသုတ်၊ မေတ္တသုတ်ကို ရွတ်ဖတ်ရမတဲ့။ ရောဂန္တရကပ်ဖြစ်တဲ့အခါ ရတနာသုတ်ကိုရွတ်ရမတဲ့။ နတ်များ ခြောက်လှန့်တဲ့အခါ၊ သူတစ်ပါးရန်ငြိုးဖွဲ့တဲ့အခါ မေတ္တသုတ်ကိုရွတ်ရမတဲ့။

မြွေ၊ ကင်း၊ သန်း ထူထပ်တဲ့အခါ ခန္ဓသုတ်ကို ရွတ်ရမတဲ့။ ရာဇဝတ်ဘေးသင့်ရောက်တဲ့အခါ မောရသုတ်ကိုရွတ်ရမတဲ့။ မီးဘေးသင့်ရောက်တဲ့အခါ ဝဋ္ဋသုတ်ကိုရွတ်ရမတဲ့။ စစ်ဘေးရောက်တဲ့အခါ ဓဇဂ္ဂသုတ်ကို ရွတ်ရမတဲ့။ ဘီလူးသရဲသဘက်နှောင့်ယှက်ဖျက်ဆီးတဲ့အခါ အာဋာနာဋိယသုတ်ကိုရွတ်ရမတဲ့။ မိန်းမကိုယ်ဝန်ရှိသောအခါ မီးမဖွားနိုင်သောအခါ အင်္ဂုလိမာလသုတ်ကိုရွတ်ရသတဲ့။ (၉၆)ပါးသော ရောဂါဝေဒနာသည်းထန်စွာဖြစ်သောအခါ ဗောဇ္ဈင်္ဂသုတ်ကို ရွတ်ရမတဲ့။ အတိတ်နိမိတ်ဂြိုဟ်စီးဂြိုဟ်နင်း ဇာတာ ကံကြမ္မာဇာတာ မကောင်းသော် ပုဗ္ဗဏှသုတ်ကိုရွတ်ရမတဲ့။ အဲဒီလို ပရိတ်တော်တွေကို သူ့အခါနှင့်သူရွတ်ရမတဲ့။

ဒါပေမယ့် မြတ်စွာဘုရားရှင်ရဲ့ ဒေသနာတော်တွေဟာ ဘယ်သုတ်၊ ဘယ်ဒေသနာပဲရွတ်ရွတ် အဓိဋ္ဌာန်ထားပြီး စွဲစွဲမြဲမြဲရွတ်မယ်ဆိုရင် လိုရာဆန္ဒ ပြီးမြောက်ပါတယ်။ ဒါကြောင့်မို့ လယ်တီဆရာတော်ဘုရားကြီးက သုကုမာရမဂ္ဂဒီပနီမှာ အဓိဋ္ဌာန်ထားပြီး စွဲစွဲမြဲမြဲ အားထုတ်မယ်ဆိုရင် နမောတဿ တစ်ဂါထာနဲ့လည်း လိုရာကိစ္စပြီးပါသတဲ့။ မေတ္တသုတ်တစ်သုတ်တည်းနဲ့လည်း လိုရာကိစ္စပြီးပါသတဲ့။ အဓိဋ္ဌာန်ထားပြီး စွဲစွဲမြဲမြဲ ရွတ်ဖတ်ဖို့က လိုရင်းပဲတဲ့"

"ကျွန်တော် သဘောပေါက်ပါပြီ ဆရာ။ ဒီကနေ့ ဆရာ့ဆီလာရတာ ပရိတ်တော်နဲ့ပတ်သက်လို့ မှတ်သားဖွယ် အချက်တို့ကို သိရပါတယ်။ ဆရာ့ကို ကျေးဇူးတင်ပါတယ် ဆရာ။ ဆရာတို့ အစည်းအဝေးရှိတယ်ထင်တယ်။ ဂေါပကကြီးများလာကုန်ကြပြီ။ ကျွန်တော် သွားပါဦးမယ် ဆရာ"

ကျွန်တော်သည် ကျွန်တော့် တပည့်အား ခတ်လှေကားအထိ လိုက်ပို့လိုက်ပါသည်။

မြဝင်း (ဒဿန)



www.burmeseclassic.com

www.burmeseclassic.com

# လှမြင့် (ရန်ကုန်တက္ကသိုလ်)

# ရွှေတိဂုံစေတီတော်ကြီးပေါ်သို့ ကျားတက်ခြင်း



ကိုလိုနီခေတ်ဦးကာလ ခရစ်နှစ် ၁၉၀၃ ခုနှစ် နှစ်ဦးပိုင်း၌ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ ကုန်းတော်ပေါ် ရွှေတိဂုံစေတီတော်ကြီး၏ အထက်ပစ္စယံ ခေါင်းလောင်းပုံနေရာတော်တွင် အုတ်အော်သောင်းသဲဖြစ်ရပ်ဆန်းတစ်ခု ပေါ်ပေါက်ခဲ့သည်။ ယင်းဖြစ်ရပ်မှာ ရွှေတိဂုံစေတီတော်၏ ကုန်းတော်ပေါ် အထက်ပစ္စယံ ခေါင်းလောင်းပုံနေရာတော်သို့ ကျားတက်ခဲ့ခြင်း ဖြစ်သည်။

ခရစ်နှစ် ၁၉၀၀ ပြည့်နှစ်ဝန်းကျင်တွင် ရန်ကုန်မြို့ပတ်ဝန်းကျင်နှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးတည်နေရာ သိင်္ဂုတ္တရကုန်းတော်သည် တောတောင်များ ထူထပ်ဖုံးလွှမ်းနေသည်။ ရန်ကုန်မြို့ဝန်းကျင်သည် တောတောင်များ ထူထပ်အုပ်ဆိုင်းနေသောကြောင့် အလယ်ရိုးမ (ပဲခူးရိုးမ) တောင်တန်းနှင့် တောင်ဆွယ်များ၌ ခိုအောင်းကျက်စားနေသော ကျားအချို့သည် ရန်ကုန်မြို့ဝန်းကျင်နှင့် ရွှေတိဂုံစေတီတော်ကြီး တည်ရှိသော သိင်္ဂုတ္တရကုန်းဘက်သို့ မကြာခဏပင် လမ်းမှားဝင်ရောက်ခဲ့ကြသည်။

နိုင်ငံခြားသားများ၏ မှတ်တမ်းများတွင် ခရစ်နှစ် ၁၈၂၄ ခုနှစ်နှင့် ၁၈၅၂ ခုနှစ်ဝန်းကျင် အချိန်များက ရန်ကုန်မြို့ပတ်ဝန်းကျင်နှင့် ရန်ကုန်မြို့အတွင်းသို့ ကျားအချို့ဝင်ရောက်ခဲ့ခြင်းကြောင့် ပစ်ခတ်သတ်ဖြတ်ခဲ့ရကြောင်း၊ ထိုနည်းတူ ခရစ်နှစ် ၁၈၈၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ရန်ကုန်မြို့ စတီဗင်ဆင်လမ်း (ယခုလှည်းတန်း) နေရာသို့ ကျား



www.burmeseclassic.com

www.burmeseclassic.com

များ ဝင်ရောက်လာသဖြင့် ဝိုင်းဝန်းပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း မှတ်တမ်းတင်ခဲ့သည်။

ခရစ်နှစ် ၁၉၀၃ ခု၊ မတ်လ ၂ရက် (မြန်မာနှစ် ၁၂၆၄ ခု၊ တပေါင်းလဆန်း ၅ ရက်) တနင်္လာနေ့တွင် ရွှေတိဂုံစေတီတော်ကြီးကို ရွှေချရန်အတွက် ငြမ်းဆင်ထားသည်။ ထိုနေ့နံနက်စောစောအချိန်တွင် ပဲခူးရိုးမ (အလယ်ရိုးမ) ဘက်မှ လမ်းများ၍ ရန်ကုန်မြို့ဘက်သို့ဝင်ရောက်လာသော ကျားမတစ်ကောင်သည် ရွှေတိဂုံဘုရားကြီးတည်ရှိရာ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင်ရှိ အထက်ပစ္စယံခေါင်းလောင်းပုံအနားစွန်းသို့တက်ကာ ဝပ်နေသည်ကို ရင်ပြင်တော်ပေါ်မှ ဘုရားဖူးများ တွေ့မြင်ရသောကြောင့် ရွှေတိဂုံစေတီတော်၏ ရင်ပြင်တော်တစ်ပြင်လုံး၌ အုတ်အော်သောင်းသဲဖြစ်ခဲ့ကြသည်။

ထို့ကြောင့် ရွှေတိဂုံဘုရားကြီး၏ ဘုရားလူကြီးတစ်ဦးဖြစ်သော ဦးရွှေဝိုင်းသည် ရန်ကုန်မြို့ အရေးပိုင်ထံသို့ သွားရောက် အကြောင်းကြားခဲ့၏။ ရန်ကုန်အရေးပိုင်၏ အမိန့်စာဖြင့် ဘုရားလူကြီး ဦးရွှေဝိုင်းသည် ရန်ကုန်မြို့အုပ်ချုပ်ရေးတာဝန်ခံဖြစ်သော ဗိုလ်မှူးကြီး အီးလော့(ဒ်)ဖို့(ဒ်)အား သွားရောက် ခေါ်ဆောင်ခဲ့သည်။ ဗိုလ်မှူးကြီးအီးလော့(ဒ်)ဖို့(ဒ်)နှင့်အတူ ကပ္ပတိန်ဘီဗီး(ပ်)နှင့် ကပ္ပတိန်ဂျင်းနင်တို့သည် ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်သို့ ဦးရွှေဝိုင်းနှင့်အတူ ရောက်ရှိလာကြသည်။ ထိုအချိန်တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်အပြည့်အလျှံ ဘုရားဖူးပရိသတ်များတိုးမပေါက်အောင်ရောက်ရှိနေကြပြီး ဝိုင်းအုံအော်ဟစ်၍ ဩသံပေးဆူညံနေသည်။

ကျားသည် ရွှေတိဂုံစေတီတော်ကြီးကို ရွှေပိန်းချရန် ပြင်ဆင်ထားသော ငြမ်းနှင့် အကာအရံများအကြား၌ ဝပ်၍နေသောကြောင့် ကျားတစ်ကောင်လုံးကို မတွေ့မမြင်ရဘဲ ကျောကုန်းပိုင်းတစ်ဝက်၊ နောက်ခြေထောက်နှစ်ချောင်း၊ အမြီးတို့ကိုသာ တွေ့မြင်ကြရသည်။ ထို့ကြောင့် ဗိုလ်မှူးကြီး အီးလော့(ဒ်)ဖို့(ဒ်)နှင့်အဖွဲ့သည် ကုန်းတော်ပေါ်မှ ပစ်ခတ်၍ ကျားကို ဖမ်းဆီးလျှင် ချက်ကောင်းကို မထိမှန်နိုင်ဘဲ ဒဏ်ရာရကျားသည် အောက်သို့ဆင်းလာ၍ ဘုရားဖူးပရိသတ်များအား ရန်မူနိုင်သောကြောင့် ကပ္ပတိန်ဂျင်းနင်းအား တန်ဆောင်းတစ်ခု၏အမိုးပေါ်သို့ တက်ရောက်နေရာယူစေသည်။ ကပ္ပတိန်ဘီဗီး(လ်)အား လီဗာပူဘုရင့်တပ်ရင်းမှ ရိုင်ဖယ်သေနတ်ကိုင် လက်ဖြောင့်တပ်သားများရောက်ရှိလာသောအခါတွင် နှစ်သုတ်ခွဲခြား၍ ကပ္ပတိန်ဂျင်းနင်း တက်ရောက် နေရာယူထားသော တန်ဆောင်း၏ တစ်ဖက်တစ်ချက်စီ၌နေရာယူစေ၏။ ထို့နောက် ကျားကိုပစ်ခတ်ကြရာ ကျည်ဆန်များသည် ကျားဝပ်နေသောအစွန်းသို့သာ အများဆုံးထိမှန်သည်။ ထိုအခါ ကျားသည် ခေါင်းထောင်၍ ထလိုက်ရာတွင် ကပ္ပတိန်ဂျင်းနင်းပစ်ခတ်သောကျည်ဆန်များသည် ကျား၏ရင်အုံနှင့် ဘယ်၊ ညာပခုံးတို့ကို ထိမှန်သည်။ ကျားသည် အမြီးကိုလှုပ်ယမ်း၍ လူးချည်လိမ့်ချည်ဖြစ်နေစဉ် ဆက်လက်ပစ်ခတ်ခဲ့ရာ ထိုနေရာ၌ ငြိမ်သက်သွားသည်။

ကပ္ပတိန်ဂျင်းနင်းသည် ငြမ်းတွင် ထပ်ဆင့်ထားသော ဝါးလှေကားဖြင့် တက်ရောက်ခဲ့ပြီး ကျားသေကို အောက်သို့ဆွဲယူသယ်ဆောင်ခဲ့သည်။

ကျားသည် ကျားမဖြစ်ပြီး သန်မာဖျတ်လတ်သောအရွယ်ဖြစ်သည်။ ရှစ်ပေတိတိအရှည်ရှိသည်။ ကျား၏ကိုယ်ပေါ်၌ သေနတ်ဒဏ်ရာငါးချက်တွေ့ရသည်။ လေးချက်မှာ ကပ္ပတိန် ဂျင်းနစ်၏ နှစ်လုံးပြူး အိတ်(စ်)ပရက်ရိုင်ဖယ်နှင့် ပစ်ခတ်ခြင်းဖြစ်ပြီး ရင်အုပ်၊ ကျောရှေ့၊ ကျောနောက်နှင့် နှလုံးတည့်တည့်သို့ ထိမှန်သည်။ အခြားစစ်သားတို့ပစ်ခတ်သောဒဏ်ရာမှာ တစ်ချက်မျှသာဖြစ်ပြီး နောက်ခြေထောက်အနီးမှဖြတ်၍ အမြီးကိုမှန်ခြင်း ဖြစ်သည်။ အမြီးသည် ပြတ်၍ အုတ်စွန်း၌ ထွဲလောင်းကျနေသည်ဟူ၍ မှတ်တမ်းတင်ခဲ့သည်။

ရွှေတိဂုံစေတီတော်ပေါ်သို့ ကျားတက်ရောက်ခဲ့သည့်သတင်းကို ၁၉၀၃ ခုနှစ်၊ မတ်လ၌ ရန်ကုန်မြို့တွင် ထုတ်ဝေနေသော မဟာဗောဓိသတင်းစာ၊ လောကဗျူဟာသတင်းစာ၊ မြန်မာ့အကျိုးဆောင် ကုန်သည်တိုင်း စသော မြန်မာသတင်းစာကြီးများ၌ မှတ်တမ်းတင် ဖော်ပြခဲ့ပါသည်။ ထိုကျားသည် ရွှေတိဂုံစေတီတော်ပေါ်သို့ မတက်ရောက်ခင်က ပုစွန်တောင် အမဲသတ်ရုံအနီးရှိ တရုတ်လူမျိုးများ၏ ဟင်းရွက်ခင်းထဲသို့ ဝင်ရောက်ခဲ့သောခြေရာများတွေ့ရကြောင်း ကုက္ကိုင်းရေကူးကန်ဘက်ရှိ ခြံတစ်ခြံမှ နွားမတစ်ကောင်ကိုလည်း ကိုက်သတ်စားသွားကြောင်း၊ ဘောင်ဒရီလမ်းရှိ အိမ်တစ်စ်၏ မီးဖိုချောင်အတွင်းသို့လည်း ဝင်ရောက်ခဲ့ကြောင်း၊ ယင်းကျားမသည် ပဲခူးရိုးမဘက်မှ လမ်းမှား၍ ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်လာဟန်တူကြောင်း သုံးသပ်ဖော်ပြရေးသားခဲ့ကြသည်။

၁၉၀၃ ခုနှစ်၊ မတ်လ ၂ ရက်၊ တနင်္လာနေ့တွင် ရန်ကုန်မြို့တွင် ရွှေတိဂုံစေတီတော်ကြီး၏ ကုန်းတော်ပေါ်သို့ ကျားတက်ခဲ့သောအကြောင်းအရာသည် ထိုအချိန်က မြန်မာတစ်ပြည်လုံးတွင် ဟိုးလေးတကြော်ဖြစ်ခဲ့သည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများသည် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးသို့ လာရောက် ဖူးမြင်ခဲ့ကြသဖြင့် အထူးပင် စည်ကားခဲ့သည်။ ရွှေတိဂုံဘုရားသို့ကျားတက်သည့်အကြောင်းကို အငြိမ့်ပွဲများ၊ ဇာတ်ပွဲများ၌ လူရွှင်တော်များက ပရိသတ်အကြိုက် ပြက်လုံးများ၊ သံချပ်များဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။

ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်သို့ ကျားတက်သည်ကို အမြို့မြို့အနယ်နယ်နှင့်အရပ်ထဲတွင် မော်ဘီနတ်ကြီး ဘုရားဖူးလာခြင်းဖြစ်သည်ဟူ၍လည်း ပြောဆိုခဲ့ကြသည်။ ၁၉၀၃ ခုနှစ်ဝန်းကျင်တွင် ကိုလိုနီခေတ် မြန်မာစာပေလောက၌ ပြဇာတ်စာအုပ်များ၊ ဇာတ်စာအုပ်များ၊ အလွန်ခေတ်စားနေချိန်ဖြစ်သောကြောင့် ရွှေတိဂုံဘုရားပေါ်သို့ ကျားတက်သည့် အကြောင်းအရာကို မော်ဘီနတ်ကြီး ဘုရားဖူးလာသော ရသဇာတ်လမ်းအဖြစ် ဖန်တီး၍ ပြဇာတ်စာအုပ်များ ရေးသားထုတ်ဝေခဲ့ကြသည်။ ပြဇာတ်ဆရာကြီး ရွှေတောင်ဆရာလွမ်း (သခင်ကိုယ်တော်မှိုင်း)၏ 'ရွှေတိဂုံဘုရားအမှူးကိုကျားအဖူးတက်သောပြဇာတ်' စာအုပ်သည် ထိုခေတ်ထိုအချိန်က လူကြိုက်အလွန်များခဲ့သည်။ ရောင်းမလောက်အောင်ဖြစ်ခဲ့ရသောကြောင့် အုပ်ရေပေါင်းများစွာ အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ရသည်ဟူ၍ မှတ်သားသိရှိရပေသည်။

လှမြင့်(ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -


၁။ မြတ်ဘုရားရွှေတိဂုံ (မောင်ဆုရှင်)

၂။ မြန်မာမှု (၁၉၂၀ - ၁၉၇၀ နှစ်) ပထမတွဲ

၃။ The Shwedagon Pagoda Tigress.

(The Guardian Daily, 17.2.1971)




www.burmeseclassic.com

www.burmeseclassic.com



(သမိုင်း)

# ကိုရွှေမြသန်း

## ဘုရားရှင်အလိုတော်နှင့် ဂေါပကတို့၏နိဒါန်း

ပေးလှူကြသည်နှင့်စပ်၍ ပေးသူကပေး၍ ပေးသည့်အတိုင်း လက်ခံသူက လက်ခံလျှင် ထိုအလှူဝတ္ထုပစ္စည်းသည် လက်ခံယူသူ အလှူခံပုဂ္ဂိုလ်၏ ကိုယ်ပိုင်ပစ္စည်းဖြစ်သွားသည်။ အလှူရှင်က စွန့်လွှတ်လိုက်ပြီးဖြစ်၍ အလှူရှင်ပစ္စည်း မဟုတ်တော့ပေ။ သူတောင်းစားအား ပေးလိုက်လျှ ူတောင်းစားပစ္စည်းဖြစ်သွားသ နှ့အတူ ဘုရားရှင်အား လှူလို လျှင် ဘုရားပစ္စည်း (ဘုရားဘဏ္ဍာတော်) ဖြစ်သွားသည်။

အစမထင် သံသရာကပင် ဘုရားရှင်တို့ပွင့်တော်မူခဲ့ကြသည်။ ထိုထိုဘုရားရှင်တို့ပွင့်တော်မူခဲ့လာ၍ ဘုရားရှင်တို့ ရှိလာပြီဆိုကတည်းက ဘုရားရှင်တို့အား ဒကာ၊ ဒကာမတို့မှ မိမိတို့တတ်နိုင်သလို လှူဒါန်းခဲ့ကြပါသည်။ ထိုအခါကပင် ဘုရားပစ္စည်း(ဘုရားဘဏ္ဍာတော်)များ လည်းရှိလာရသည်။

ထို့ပြင် ဘုရားရှင်တို့နှင့်တစ်ဆက်တည်း လူတို့ကောင်းမှုပြုရစ်ကြရန် စေတီတော်တို့ရှိကြပြန်ပြီးလျှင် ထိုဘုရားပုထိုး



www.burmeseclassic.com

www.burmeseclassic.com

ဓေတီတော်တို့၏ဘဏ္ဍာတော်များလည်း ရှိကြရပြန်သည်။

ထိုအခါ လူတို့လောက၌ ပစ္စည်းဥစ္စာဘဏ္ဍာများရှိလာပြီဆိုလျှင် အာရက္ခသမ္မုဒါအရ စောင့်ရှောက်ရန် တာဝန်ရှိလာသည့်အလျောက် ထိုတာဝန်ကျေပွန်ပြည့်စုံဖို့ရာ တတ်နိုင်သလို ထိန်းသိမ်းစောင့်ရှောက်ကြရသည်။ ကိုယ့်ပစ္စည်းကိုယ့်ဥစ္စာ ကိုယ့်ဘဏ္ဍာကို ကိုယ်တိုင်ထိန်းသိမ်းစောင့်ရှောက်ကြသည်လည်းရှိသည် မင်းစိုးရာဇာ သူဌေးသူကြွယ်တို့၏ ပစ္စည်းဥစ္စာဘဏ္ဍာများကို အစောင့်အရှောက်ခန့်ထားပေးကြရသကဲ့သို့ပင် ဘုရားရှင်တို့၏ ပစ္စည်းဥစ္စာဘဏ္ဍာတော်များကိုလည်း သင့်လျော်သူတို့က ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ရန် လိုအပ်သည်သာ ဖြစ်၏။

ဤသို့ဖြစ်ပါ၍ ရှေးဘုရားရှင်တို့လက်ထက်တော်က ဘုရားရှင်၏ဘဏ္ဍာတော်များ မပျက်စီးမပျောက်ရအောင် ထိန်းသိမ်းစောင့်ရှောက်စောင့်ခဲ့ရဖူးသည့် 'ဘုရားရှင်အလိုတော်နှင့် ဂေါပကတို့၏ နိဒါန်း' သည်ကား . . .

❑

လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာထက်က ဝိပဿီမြတ်စွာဘုရားပွင့်တော်မူသည်။ ပွင့်တော်မူသည့်အခါကာလကို ကြည့်ရှုပွင့်တော်မူကြမြဲဖြစ်၍ ထိုသို့ဘုရားရှင်ပွင့်ချိန်တွင် ကောင်းမှုကုသိုလ်ပြုရန် လူတို့အတွက် အခွင့်ကောင်းအခါကောင်း ဖြစ်သည်။

ထိုအချိန်တွင် ကံကောင်း၍ ဤလူ့ပြည်၌လူလာဖြစ်နေကြရသူတို့အထဲတွင် သူကြွယ်သား သေနနှင့် အပရာဇိတတို့ ညီနောင်နှစ်ဦးတို့လည်း အပါအဝင်ဖြစ်သည်။ သူတို့နှစ်ဦးမှာ ဗန္ဓုမတီပြည်၌ မွေးဖွားကြသည့် ဗန္ဓုမတီပြည်သားများဖြစ်ကြ၏။ကံကောင်းပြီဆိုလျှင် အဘက်ဘက်မှ အဆင်ပြေမြဲဖြစ်သည့်အတိုင်း သူတို့ညီနောင်နှစ်ဦးမှာလည်း ကံကောင်းကြသဖြင့် ပစ္စည်းဥစ္စာရတနာများ သုံး၍မကုန်နိုင်လောက်အောင်ပင် ပေါများကြွယ်ဝသောအမျိုး၌ဖြစ်လာကြသည်။

သူတို့နှစ်ဦး လူဖြစ်လာရသော ဗန္ဓုမတီပြည်မှာ ဝိပဿီမြတ်စွာဘုရားအလောင်းဖွားမြင်ရာပြည်လည်း ဖြစ်သည်။ တစ်နေ့သ၌ ခမည်းတော် ဗန္ဓုမမင်းကြီးအား ချီးမြှောက်တော်မူရန် ဗန္ဓုမတီမင်းနေပြည်သို့ ဝိပဿီမြတ်စွာဘုရား ကြွတော်မူလာသည်။ ပြည်သူပြည်သားတို့သည် မြတ်စွာဘုရား ကြွတော်မူရာ၌ သောင်းသောင်းဖြဖြ တက်တက်ကြွကြွ သဒ္ဓါတရားဖြစ်ပွားကြကာ မြတ်စွာဘုရားဟောတော်မူသော တရားတော်ကို နာကြကြားကြသည်။ လှူသင့်လှူထိုက်သောပန်းနံ့သာနှင့်ဝတ္ထုပစ္စည်းလှူဒါန်းဖွယ်တို့ကို သူ့ထက်ငါ လှူကြတန်းကြသည်။ ထိုသူတို့အထဲတွင် နောင်တော်ဖြစ်သော သေနသူကြွယ်လည်း ပါဝင်ခဲ့သည်။

ဘုရားရှင်ဟောကြားတော်မူသော တရားတော်ကို နာကြားရသော သေနသူကြွယ်သည် ဘုရားသာသနာ၌ သက်ဝင်ယုံကြည်မှု ပြင်းပြလာသောကြောင့် တရားပွဲအပြီးတွင် ဘုရားအထံတော်သို့ ချဉ်းကပ်လျက် ရဟန်းအဖြစ်ကို ရလိုပါကြောင်း တောင်းပန်လျှောက်ထားလေတော့သည်။ ဘုရားရှင်က သေနသူကြွယ်အား ဆွေမျိုးသားချင်းရှိလျှင် ပန်ကြားထိုက်သည့်အလျောက် ပန်ကြားပါလေဦးဟုမိန့်တော်မူသောကြောင့် အိမ်သို့ပြန်၍ ညီငယ် အပရာဇိတအား ရဟန်းပြုတော့မည့်အကြောင်း ပန်ကြားပြောဆိုလေသည်။

ညီတော် အပရာဇိတက နောင်တော်အား ရဟန်းမပြုဖို့အကြောင်း တောင်းပန်ငိုယို၍ တားမြစ်သော်လည်း မရ။ ရှိသမျှပစ္စည်းဥစ္စာအလုံးစုံတို့ကို ညီတော်အားပေးခဲ့ပြီး ဘုရားရှင်ထံသို့ ပြန်၍ရဟန်းပြုလေ၏။ စေတနာသဒ္ဓါထက်သန်၍ ပါရမီပြည့်ဝသူဖြစ်သည့်အတိုင်း သေနမထေရ်သည် ရဟန်းတရားပွားများကြိုးကုတ်အားထုတ်လေရာ မကြာမြင့်မီအတွင်း အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ရောက်လေ၏။

အပရာဇိတသူကြွယ်လည်း နောင်တော်သေနမထေရ်ကို အကြောင်းပြု၍ သာသနာတော်၌ အကျွမ်းတဝင်ဖြစ်လာကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား ပင့်ဖိတ်လျက် အလှူကြီးစွာပေးလှူလေသည်။ ဘုရားရှင် ဟောကြားတော်မူသော တရားတော်ကိုလည်း ရှိသေစွာ နာကြားရသဖြင့် သာသနာတော်၌ သက်ဝင် ယုံကြည်လာမှုကြောင့် ရတနာသုံးပါးဆည်းကပ်သူ ဥပါသကာ ဒါယကာအဖြစ်ကို ခံယူပြီး သရဏဂုံတည်သူဥပါသကာတစ်ယောက်ဖြစ်လာလေသည်။

မင်္ဂဖိုလ်နိဗ္ဗာန်နှင့် စပ်ယှဉ်သောအရာ၌ လည်းကောင်း၊ သာသနာတော်အရေးနှင့် စပ်ယှဉ်သောအရာ၌ လည်းကောင်း လူပုဂ္ဂိုလ်တို့မှာ အများအားဖြင့် ရဟန်းတော်တို့လောက် ကျွမ်းကျင်ခြင်းမရှိပေ။ အကြောင်းကား လူတို့သည် ရဟန်းတော်များလောက် သာသနာတော်၌ အတွင်းသားမကျသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ညီတော် အပရာဇိတသည် မိမိအတွက် မင်္ဂဖိုလ်နိဗ္ဗာန်ရရေးကောင်းမှုကုသိုလ်ဖြစ်ဖို့ရန်ကို နောင်တော် မဟာသေနမထေရ်ထံ ချဉ်းကပ်ပြီးလျှင် -

"အရှင်ဘုရား၊ အရှင်ဘုရားမှာတော့ ဘဝသုံးပါးမှ လွတ်မြောက်တော်မူလေပြီ။ တပည့်တော်မှာကား ဤဘဝတွင် ကာမဂုဏ်အနှောင်အဖွဲ့မှ မလွတ်မြောက်နိုင်တော့ပါ။ နောင်လွတ်မြောက်နိုင်ရန်အတွက် တပည့်တော်နှင့်လျော်သောကောင်းမှုကိုပြုလိုပါသည်။ ညွှန်ကြားတော်မူပါ အရှင်ဘုရား"

ဟု အကြံတောင်းလျှောက်ထားလေသည်။

နောင်တော် မဟာသေနမထေရ်ကလည်း -

"ကောင်းလှပေသည်အပရာဇိတ။ ထိုသို့ဖြစ်လျှင် မြတ်စွာဘုရား ကိန်းစံတော်မူဖို့ ဂန္ဓကုဋိတိုက်ကျောင်းဆောက်လုပ်လှူဒါန်းပါလေ"

ဟူ၍ ညွှန်ကြားတော်မူလေသည်။

ညီတော်အပရာဇိတသည်လည်း-

"ကောင်းပါပြီ အရှင်ဘုရား"

ဟု ဝန်ခံပြီးလျှင် ဝန်ခံသည့်အတိုင်းပင် မြတ်စွာဘုရား ကိန်းစံတော်မူရန် ဂန္ဓကုဋိတိုက်ကျောင်းကို ဆောက်လုပ်လေသည်၊

ထိုသို့ ဆောက်လုပ်သည်ကား . . .

❑

မြတ်စွာဘုရား ကိန်းစံတော်မူရန် ဂန္ဓကုဋိတိုက်ကျောင်းကိုဆောက်လုပ်ရာတွင် အချို့တိုင်များကို ရွှေဖြင့် လည်းကောင်း၊ အချို့တိုင်များကို ငွေဖြင့် လည်းကောင်း၊ အချို့တိုင်များကို ကျောက်မျက်ရွဲတို့ဖြင့် လည်းကောင်း ဤနည်းဖြင့် ရတနာခုနစ်ပါးတို့နှင့်ပြီးသောတိုင်တို့ကို စိုက်ထူလေသည်။ အမိုးကို ရွှေပြားအုတ်တို့ဖြင့်မိုးသည်။ ပတ်ဝန်းကျင်အရပ်တို့၌လည်း ရတနာခုနစ်ပါးဖြင့် စီခြယ်ကာရံလျက် နှစ်ဂါဝုတ်ကျယ်သော ကျောင်းတော်ကြီးကို ဆောက်လုပ်သည်။

တစ်ဖန် ပတ်ဝန်းကျင်၌ တစ်ဂါဝုတ်

www.burmeseclassic.com

စီခြဲ့ပတ်၍ တံတိုင်းမီးတားကို ပြုလုပ်သည်။ အာရာမ်၏အတွင်း မြေပြင်၌ ငွေပြားအခင်းနှင့်တူစွာ အုတ်အင်္ဂတေတို့ကို အပြေအပြစ်ခင်းသည်။ ကျောင်းပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်လှပသော သစ်ပင်တို့ကို စနစ်တကျ စိုက်ပျိုးသည်။ တံခါးအနီး လေးမျက်နှာတို့၌လည်း ရေကန်ကြီးလေးခုပြုလုပ်လျက် ထိုရေကန်ကြီးများတွင် ထူးမြတ်သော နံ့သာရည်တို့ဖြင့် ပြည့်စေ၏။ ကျောင်းတော်၏အနီးအပါးတွင် အဆင်းငါးမျိုးရှိသော တံခွန်လုံး၊ တံခွန်ပြားများဆွဲထားသော တံခွန်တိုင်တို့ကို စိုက်ထူထားစေ၏။

ကျောင်းတော်၏ အလယ်ချက်၌ ရွှေကွန်ရက်ဖြင့်လွှမ်းလျက် သန္တာဖြင့်ပြီးသောအထွတ်တို့ကို တပ်ဆင်ထားလေသည်။ အထောင့်ထောင့်အရပ်ရပ်တို့၌ ပတ္တမြားဖြင့်ပြီးသော ကြာလွှတ်အိုး၊ နီလာအရိုးတပ်သော ရတနာပန်းခိုင်တို့ကို ဖြိုင်ဖြိုင်ဝေနေအောင် တန်ဆာဆင်၍ထားလေသည်။ လက်ရန်း၊ အမွှမ်း၊ ခြင်ပိတ် စသည်တို့၌ ရတနာခုနစ်ပါးတို့ဖြင့် ဆန်းကြယ်စွာ ပြုလုပ်ထားသော အရုပ်တို့ကိုလည်း ကဟန်ခုန်ဟန်၊ မြူးဟန်ကြွဟန် ပြုလုပ်ထားလေသည်။

ကျောင်းတော်တွင်းသို့ ဘုရားရှင် ဝင်လာပါက ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်တို့နှင့် ပန်းရအောင် တလျှပ်လျှပ်တောက်ပသော တစ်သိန်း၊ နှစ်သိန်း၊ သုံးသိန်း စသည် ထိုက်တန်သော ပတ္တမြားတို့ကို လည်းကောင်း၊ အလျား လေးတောင်၊ လုံးပတ် သုံးထွာရှိသော မနောမယပတ္တမြားကို လည်းကောင်း ဘုရားရှင်၏ နေရာတော်အနီးတွင် အနေသင့်အောင် စီမံထားရှိလေသည်။

ကျောင်းတော်နှင့်တကွ အဆောင်အယောင်အလုံးစုံ ပြီးစီးသောအခါတွင် ကျောင်းတော်အလှူခံယူတော်မူပါရန်ကို နောင်တော် မဟာသေနမထေရ်မြတ်က မြတ်စွာဘုရားရှင်အား လျှောက်ထားတောင်းပန်သည်။

သံဃာတော်အခြံအရံတို့နှင့်တကွ ကျောင်းတော်အလှူခံရန် ကြွလာတော်မူသော ဘုရားရှင်သည် ရတနာတို့နှင့် ပြည့်နေသော ကျောင်းတော်ကို မြင်တော်မူသောအခါ ... :တွင်းသို့ဝင်တော်မမူဦးဘဲ တံ... သာ ရပ်တော်မူနေသည်။

ကျောင်းဒကာအပရာဇိတသူကြွယ်က ကျောင်းတွင်းသို့ ဝင်တော်မူပါရန် အကြောင်း တောင်းပန်လျှောက်ထားလေသည်။ ဘုရားရှင်၏အလိုတော်ကို အပရာဇိတကျောင်းဒကာကား မသိရှာ။ ကျောင်းဒကာက လျှောက်ထားအပ်သော်လည်း မြတ်စွာဘုရားရှင်သည် ကျောင်းတွင်းသို့ ဝင်တော်မမူဘဲ အနီးတွင်ရှိသော မဟာသေနမထေရ်ကို ကြည့်တော်မူလေသည်။ ကြည့်တော်မူသည် ဆိုလျှင်ပင် မည်သည့်အတွက် ကြည့်တော်မူသည်ကို မဟာသေနမထေရ် သိတော်မူ၏။ သိတော်မူသည့်အခိုက်၌ပင်-

"အပရာဇိတ၊ သင်၏ကျောင်း၌ အဖိုးထိုက်သော ရတနာတို့မှာ အလွန်များပြားလှပေသည်။ ထိုရတနာတို့ကို အစောင့်အရှောက်ထားပေးပါမည်ဘုရားလို့ လျှောက်ထားပါလေ"

ဟု အပရာဇိတကျောင်းဒကာအား နည်းပေးတိုက်တွန်းစကားမိန့်ကြားတော်မူလေသည်။

နည်းပေးတိုက်တွန်းတော်မူသည့်အတိုင်း အပရာဇိတသူကြွယ်မှ လျှောက်ထားသောအခါတွင် ဘုရားရှင်သည် ကျောင်းတွင်းသို့ ဝင်တော်မူ၏။ ဤ၌ ဘုရား၏အလိုတော်မှာ -

'ဘုရားရှင်တို့အထံသို့ နံနက်ခင်း၌ လည်းကောင်း၊ နေ့လယ်ခင်း၌ လည်းကောင်း လူအများ ဘုရားဖူးလာကြပေမည်။ ထိုလူများအနက် လက်မစောင့်သူတို့က ရတနာတို့ကို ကောက်ယူ၍သွားကြလျှင် ငါဘုရားတို့ကား မတားမြစ်နိုင်ကုန်။ ထိုသို့ဖြစ်ခဲ့လျှင် ရတနာတွေပြွမ်းနေသော ပရိဝုဏ်အတွင်း၌ မိမိ၏ အလုပ်အကျွေး ဒကာ၊ ဒကာမများ စည်းမဲ့ကမ်းမဲ့ ခိုးယူကြသည်ကိုလည်း ဘုရားရှင်က မတားမြစ်ဘူးဟူ၍ ကျောင်းဒကာသူကြွယ်သည် ငါဘုရားအပေါ်၌ မတော်တဆ စိတ်ပြစ်မှားခဲ့သော် အပါယ်သို့ကျရောက်ခဲ့လေရာ၏ ဟုဆင်ခြင်စဉ်းစားတော်မူမိသောကြောင့် ဘုရားရှင်သည် ဘဏ္ဍာတော်ထိန်းဂေါပကရှိဖို့ရန် လိုအပ်ရသည်ကား ကျောင်းတွင်းသို့ ရုတ်တရက်ဝင်တော်မမူသေးဘဲ ရပ်တည်တော်မူခြင်း ဖြစ်လေသည်'။

ကျောင်းတော်အလှူကိစ္စကြီးပြီးမြောက်သောအခါ ကျောင်းဒကာ အပရာဇိတသူကြွယ်သည် ကျောင်းတိုက်



တံခါးလေးမျက်နှာတို့၌ အစောင့်လေးယောက်စီ၊ လေးယောက်စီချထားပေးလေသည်။ အစောင့်အရှောက်ဂေါပကတို့အား အပရာဇိတကျောင်းဒကာမှ-

"ကြွထားသောရတနာတို့ကို လက်ဖြင့်သာ ကောက်ယူပါက အလိုရှိသလို ကောက်ယူကြပါစေ။ မတားမြစ်ပါလေနှင့်။ ခါးပိုက်၊ အိတ်ထောင်၊ တောင်း၊ အိုးခွက်တို့ဖြင့်ထည့်၍ယူလျှင်သာ သင်တို့ တားမြစ်ကြ"

ဟု မှာကြားပြီး ကျောင်းအလှူကိစ္စတစ်ခန်းရပ်အပြီးသတ်ခဲ့လေ၏။

ဤတွင် ကိုးဆယ့်တစ်ကမ္ဘာထက်က ဝိပဿီဘုရားရှင်လက်ထက်တော်၌ ဖြစ်ခဲ့သော အပရာဇိတကျောင်းဒကာ၏ ကျောင်းအလှူတော်နှင့်စပ်လျဉ်း၍ ဝိပဿီဘုရားရှင်ကိုယ်တော်တိုင် ဘဏ္ဍာတော်ထိန်းဂေါပကများထားခဲ့သည်ကို အစပြု၍ ဘုရားရှင်၏ အလိုတော်နှင့် ဂေါပကတို့၏ နိဒါန်းဟုသာ ဆိုရပါချေတော့မည်။

ကိုရွှေမြသန်း (သမိုင်း)


မှီငြမ်း -

ဗုဒ္ဓဘဏ္ဍာတော်ပြဿနာကျမ်း
(အရှင်ဝိစိတ္တသာရာဘိဝံသ)




www.burmeseclassic.com

www.burmeseclassic.com



ရန်အောင်မြင်စေတီတော်မြတ်ကြီး



Living Fashion
မဂ္ဂဇင်းကောင်းမှုဆင်းတုတော်



တန်ဆောင်းအတွင်းမှ ရုပ်တုတော်

ရွှေချိုအောင်(ပေလီ)

# မေဃဝတီမာန်အောင်ကျွန်းဆီမှ သီရိပဗ္ဗတ၊ ဩသဓ၊ ဂန္ဓပ္ပ သုံးမည်ရတောင်နီတောင်

## မြက်မွေးပန်းများနှင့် ဟနုမာန်ချောက်ကမ်းပါး

စာရေးသူတို့၏ ရခိုင်ပြည်နယ်တွင် အလွန်ထင်ရှားသည့် ဝတီလေးရပ်ရှိပါသည်။ အဆိုပါ ဝတီလေးရပ်မှာ ဒွါရာဝတီ၊ ဓညဝတီ၊ ရမ္မာဝတီ၊ မေဃဝတီဟူ၍ဖြစ်လေသည်။ စာရေးသူသည် ရခိုင်ပြည်နယ်သားတစ်ဦးဖြစ်သော်လည်း အနီးစပ်ဆုံးဖြစ်သည့် မာန်အောင်ကျွန်း (မေဃဝတီ) သို့ တစ်ခါတစ်ခေါက်မျှ ရောက်ခဲ့ဘူးခြင်းမရှိခဲ့ပေ။ လွန်ပျိုကာလသားပေါက်အရွယ်က မာန်အောင်မြို့နယ်နှင့် ပင်လယ်ရေခရီးတစ်နာရီသာ ကွာဝေးသည့် ရဲကျွန်းသို့ နှစ်ခေါက်မျှ ရောက်ခဲ့ဖူးသော်လည်း မာန်အောင်ကျွန်းသို့ တစ်ခေါက်မှမရောက်ဖြစ်ခဲ့ပေ။

သို့ရာတွင် အသက်ငါးဆယ်ကျော်အရွယ်တွင် မိန်းမလှကျွန်းခေါ် ကျွန်းဒီပဥ္စ အုံ့ဘနန်းတမျှ တည်ရှိနေသည့် မာန်အောင်ကျွန်းပေါ်ရှိ ဩသဓတောင်ခေါ် သီရိပဗ္ဗတ သို့မဟုတ် ဂန္ဓပ္ပတောင်နီတောင်ရှိ မြက်မွေးပန်းများနှင့် ဟနုမာန်ချောက်ကြီးအကြောင်းကို သူရဋ္ဌမဂ္ဂဇင်းတွင် ရေးသား မော်ကွန်းထိုးကမ္ပည်းတင်နိုင်ရန် အခွင့်အရေးရရှိခဲ့ပါတော့သည်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာတွင် မြန်မာမီဒီယာလိုက်ဘရီ (Myanmar Media Library) နှင့် ရခိုင်ဂျာနယ်လစ်ကွန်ရက် (RaKhine Journalist Network) ကိုအောင်ခန့်(နက္ခတ္တဗေဒ)ပညာရှင်တို့၏ကျေးဇူးဖြင့် မာန်အောင်မြေသို့ မမျှော်လင့်ဘဲ ရောက်ရှိခွင့်ကြုံခဲ့လေသည်။

သံတွဲမှနေ တောင်ကုတ်သို့ အောင်သစ္စာအဲယားကွန်းလေအိတ်ကားနှင့် လည်းကောင်း၊ တောင်ကုတ်မှ မာန်အောင်သို့ ရွှေပြည်တန်ရုပ်ပြေးရေယာဉ်ဖြင့် လည်းကောင်း မြစ်အသွယ်သွယ်၊ ချောင်းအတန်တန်နှင့် အဏ္ဏဝါပင်လယ်ခရီးကိုဖြတ်သန်း၍ မာန်အောင်ကျွန်းသို့ စွန့်စွန့်စားစားရောက်ရှိခဲ့ပေတော့သည်။ စာရေးသူက ကြိုတင်ဖုန်း




www.burmeseclassic.com


www.burmeseclassic.com




အနောက်ဘက်တန်ဆောင်းအတွင်းမှ လျောင်းတော်မူရုပ်ပွားတော်



စေတီငယ်နှင့်အထက်ခြေတော်ရာ



တောင်ထိပ်ရှိ ရပ်တော်မူရုပ်ပွားတော်ကြီး



အောင်သိဒ္ဓိစေတီတော်

ဆက်ထားသဖြင့် မာန်အောင်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ သန်းလေး (မာန်အောင်)နှင့်တကွ စာရေးဆရာအဖွဲ့ဝင်များဖြစ်ကြသည့် ဆရာပြည့်ညို၊ ဆရာသန်းခိုင်အောင်၊ ဆရာမောင်ချစ်သွေး (မြေပုံ)၊ ဆရာဖိုးသာအောင် (မာန်အောင်)တို့က မာန်အောင်သင်္ဘောဆိပ်မှ ကြိုဆိုနေကြသည်။ တည်းခိုနေထိုင်ရေးအတွက်မူ မာန်အောင်စာတိုက်လမ်းရှိ ဆရာမြတ်စိုးလင်း (မေဃဝတီ) ၏ စိုးစံတည်းခိုခန်းတွင် နေရာချထားပေးသည်။ တည်းခိုနေထိုင်စားသောက်ရေးအတွက် အစစအရာရာအလှူဒါယကာ ... 

ကျေပွန်သည့် မာန်အောင်မြို့မှ စာရေးဆရာများ ဖြစ်ကြပါသည်။ တောင်နီတောင်ခရီးစဉ်အတွက်မူ မော်တော်ဆိုင်ကယ်တစ်စီးဖြင့် ဆရာပြည့်ညိုက တောင်နီသွားလမ်းခရီးကြမ်းကို လိုက်ပို့ရင်း မေးသမျှသိလိုသမျှကို လိုက်လံ ပို့သဖြေရှင်းပြသရင်း ခရီးလမ်းညွှန်လမ်းပြကြီးအဖြစ် ဆောင်ရွက်ပေးခဲ့သဖြင့် အထူးပင် ကျေးဇူးတင်မိပါသည်။

စာရေးသူသည် အဆိုတော် သန်းထွန်းလေး၏ 'ငယ်စဉ်ကကျွန်တော်တို့ မာန်အောင်မြေသီချင်းလေး' ကို ပြန်လည်ကြားယောင်မိရင်း ဆရာပြည့်ညို၏ နောက်မှလိုက်ပါကာ မာန်အောင်မြို့မှ (၁၈) မိုင်ခန့်ကွာဝေးသည့် သီရိပဗ္ဗတ၊ ဂန္ဓဗ၊ တောင်နီတောင်မှတ်တမ်းကိုပါ တစ်နေ့တာကုန်သည်အထိ ကင်မရာတစ်လုံးဖြင့် လေ့လာမှတ်တမ်းတင်နိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

မာန်အောင်မြို့သို့ ရောက်ရှိပြီး နောက်တစ်နေ့ ၁၂-၁၂-၂၀၁၄ နေ့တွင် နံနက်စောထ၍ ဆရာသန်းလေး(မာန်အောင်)၊ ဆရာပြည့်ညိုတို့နှင့်အတူ သတ်ဖက်ရည်ဆိုင်ထိုင်ကြသည်။ ဆရာပြည့်ညိုက ထမင်းပါကင်ဘူးနှစ်ဘူးနှင့် ရေသန့်ဘူးများ ဝယ်ယူလာခဲ့သည်။ နံနက် (၇) နာရီတွင် မြို့ထဲမှစထွက်ဖြစ်ကြသည်။ မဟာဗန္ဓုလလမ်းအတိုင်း မြို့ပြင်ရှိ တောင်နီတောင်သွားလမ်းအတိုင်း ဆိုင်ကယ်ကို မောင်းနှင်လာခဲ့သည်။ မြို့အစွန်လမ်းခွဆုံတွင် မြို့မာန်အောင်မှ ကြိုဆိုနှုတ်ခွန်းဆက်သည့် ရွှေရောင်ဆိုင်းဘုတ်ကြီးကိုတွေ့ရသည်။ မြို့အလွန်များတွင် ကတ္တရာလမ်းရှိသော်လည်း ခရီးနှစ်မိုင်ခန့်သွားပြီးနောက် ကျောက်ကြမ်းလမ်းကိုဖြတ်ကြရသည်။ တောင်နီတောင်သည် မြေပုံစနစ်အရ မြို့နှင့် (၁၂) မိုင်အကွာတွင် တည်ရှိသည်ဆိုသော်လည်း မျဉ်းဖြောင့်သဘောအရ သတ်မှတ်ထားခြင်း ဖြစ်သည်။ တကယ်တမ်း ရွာစဉ်ရွာဆက်ကွေ့ကောက်သွားရသဖြင့် မြို့နှင့် မိုင်နှစ်ဆယ်နီးပါးဝေးကွာကြောင်း လက်တွေ့သိရလေသည်။


ဆရာပြည့်ညိုသည် မော်တော်ဆိုင်ကယ်ကျွမ်းကျင်၍သာတော်ပေတော့သည်။ သဲလမ်း၊ ဖုန်လမ်း၊ မြေသားလမ်း၊ ထုံးကျောက်လမ်း၊ အကွေ့အဝိုက်အတက်၊ အဆင်းတို့ကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူ ဖြစ်သည်။ မြန်မာပြည်တွင် မာန်အောင်ကျွန်းကြီးသည် ဒုတိယအကြီးဆုံးကျွန်းကြီးဖြစ်သကဲ့သို့ တောတောင်အထပ်ထပ်၊ လယ်ကွင်းပြင်တရစပ်နှင့် သဲသောင်ကျောက်ဆောင်ကမ်းစပ်တို့ နေရာအနှံ့ တည်ရှိနေရာကျွန်းကြီးတစ်ကျွန်းဖြစ်ကြောင်း ကိုယ်တွေ့သိရှိခွင့်ရခဲ့လေသည်။ ရှုမြင်လေရာရာတွင် ကွမ်းသီးတော၊ အုန်းတောတန်း၊ သျှိမြောင်စမ်းနှင့် လယ်တော၊ယာတောများစွာကိုလည်း ဖြတ်သန်းတွေ့ထိမြင်တွေ့ခဲ့ရသည်။ ကျယ်ပြန့်ပြောသည့် နွားစားကျက်မြေများကိုလည်း တမောကြီးမြင်တွေ့ခဲ့ရသည်။ တောင်၊မြောက်သွယ်တန်း ဖောက်လုပ်နေသည့် ပေ (၉၀၀၀) ကျော်အလျားရှိ လေယာဉ်ကွင်းပြေးလမ်းမကြီးကို ပြီးစီးလုနီးပါး တွေ့မြင်ရသည်။ လူအင်အား၊ စက်ယန္တရားများစွာဖြင့် နေ့ချင်းညချင်း သုံးလအတွင်းအပြီးသတ်လုပ်ကိုင်နေကြသည် တွေ့ရသည်။ ဟောင်းစနဲရွာလေယာဉ်ကွင်းသည် ယခင်က တွင်အော်တာခေါ် လူ(၂၅)ဦးစီးနင်း



အနောက်ဘက်ရှိ အောက်ခြေတော်ရာ



တောင်ထိပ်ပေါ်မှစေတီများ


ဏ္ဍာသယစေတီတော်





www.burmeseclassic.com


www.burmeseclassic.com


နိုင်သည့် အပေါ့စားလေယာဉ်များ ပြေးဆွဲဖူးလေသည်။ နောက်ပိုင်းတွင် ခရီးစဉ်ရပ်နားရာ၏ ယခုအခါ မာန်အောင်မြို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားအပန်းဖြေကမ်းခြေဟိုတယ်များအတွက် ယခုအခါ ပတ်ကားလေယာဉ်ကွင်းကိုတည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ နောင်အခါတွင် မာန်အောင်သူမာန်အောင်သားတို့ ရေလမ်း၊ လေကြောင်းများဖြင့် နာရီပိုင်း၊ မိနစ်ပိုင်းအတွင်း ခရီးသွားလာနိုင်ကြကာ မာန်အောင်ကျွန်းဒေသ မြို့ရွာများဖွံ့ဖြိုးတိုးတက်လာမည်ကို စာရေးသူ မျက်စိထဲတွင် မြင်ယောင်လာမိပါသည်။

စာရေးသူတို့ စီးနင်းလိုက်ပါလာခဲ့သော မော်တော်ဆိုင်ကယ်သည် ပုန်းဆိုးကြီးရွာ၊ ကုန်းခင်ရွာ၊ ငအင်းရွာ၊ ဘုရားကြီးကုန်းရွာ၊ ဟင်းစနဲရွာ၊ ဘူးတောင်းကွဲရွာ၊ ငပုန်ကုန်းရွာတို့ကို ဖြတ်သန်း၍ ကုန်းအဆင်း တောင်အတက်ခရီးဆက်ခဲ့ကြသည်။နိုင်ငံတော်မှ တောင်နီတောင်သွားလမ်းကို ဘူဒိုဇာစက်ကြီးဖြင့်ထိုး၍


လွှမ်းစေတီ


အုန်းရှင်မနတ်ကွန်း


မာန်အောင်အုန်းရှင်မနတ်ရုပ်တု


တောင်နီရှင်မနတ်ကွန်း


တောင်နီရှင်မမယ်တော်နတ်ကွန်း



www.burmeseclassic.com

www.burmeseclassic.com


ဘက်ဖို့စက်ကြီးများဖြင့် မြေဖြိုလမ်းပြုပြင်နေသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ ကွန်ကရစ်ချောင်းကူးတံတားများကိုလည်း တည်ဆောက်နေရာ သုံးခုမြောက်၏ ကွန်ကရစ်ချောင်းကူးတံတားမှာ ဆောက်လုပ်နေဆဲ ဖြစ်သည်။ ယခင်ကမူလှမ်းလမ်းကြမ်းအဆင့်သာရှိသဖြင့် ဆိုင်ကယ်ကို စီး၍ရသလောက်သာ မောင်းနှင်နိုင်ခဲ့သော်လည်း ယခုအခါ တောင်နီတောင်အနောက်ဘက် တောင်ခလတ်သို့ လည်းကောင်း၊ အရှေ့ဘက် တောင်ခလတ်သို့လည်းကောင်း၊ ဘူဒိုဇာဖြင့် မြေသားလမ်းကြမ်းထိုးထားပြီးသား ဖြစ်သည်။ ယခင်ကမူ တောင်ခလတ်စခန်းသို့ရောက်အောင် နှစ်မိုင်ခန့် ခြေလျင်တက်ရသည်ဟု ဆရာပြည့်ညိုက ပြောပြပါသည်။

ကျွန်တော်နှင့်ဆရာပြည့်ညိုတို့က တောင်နီတောင်အနောက်ဘက် ကားလမ်းအတိုင်း တက်ဖြစ်ခဲ့ကြသည်။ အလွန်မတ်စောက်သောနေရာများတွင် စာရေးသူက ခြေကျင်တက်၍ ဆရာပြည့်ညိုက ဆိုင်ကယ်ဖြင့် ဖြည်းဖြည်းတက်ပါသည်။ ဤသို့ဖြင့် နံနက်ဆယ်နာရီခန့်တွင် တောင်ကလပ်ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပါသည်။ ကြီးမားသောအပေါင်းပင်ကြီးရိပ်တွင် နားကြသည်။ ဦးပဉ္စင်းနှစ်ပါးကိုတွေ့ရသည်။ ကျောင်းသခ်မ်းတဲကလေးနှင့်အတူ အမောဖြေနားနေဖို့ သစ်သားဝါးခုံတန်းရှည်များရှိနေကြသည်။ ဇရပ်ကျောင်းတစ်ဆောင်၊ စေတီတစ်ဆူနှင့် ဗုဒ္ဓခြေတော်ရာတစ်ဆူကို ဖူးတွေ့ရသည်။ လက်ဝဲဘက်တောင်စောင်းတွင် တန်ဆောင်းထဲ၌ ရွှေသာလျောင်းတစ်ဆူနှင့် ထိုင်တော်မူရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့ရသည်။စာရေးသူက ဆရာတော်ကို ပါလာသည့် ထမင်းပါကင်ဘူးနှင့် ရေသန့်တစ်လုံးကို ကပ်လှူလိုက်သည်။ ကျန်သည့်ထမင်းဘူးကို နှစ်ယောက်စားကြမည်ဟု ဆရာပြည့်ညိုကို ပြောလိုက်သည်။

တောင်ကလပ်စမ်း၏ အနောက်ဘက်တောင်စောင်းတွင် နတ်ရေကန်နှင့်နတ်ရေတွင်းရှိသည်ဆို၍ သွားရောက်ဓာတ်တမ်းတင်ဓာတ်ပုံရိုက်ယူခဲ့ပါသည်။ တစ်နှစ်လုံး ရေမခန်းဘဲ ရေရှိသည့်စိမ့်မြေတစ်ခုပင်ဖြစ်သည်ကို အံ့သြစွာတွေ့ရှိရသည်။ ရေက ကြည်လင်အေးမြ၍ ရေသန့်ကဲ့သို့ သောက်သုံး၍အလွန်ကောင်းပါသည်။ ယခင်တုန်းက အညစ်အကြေးတစ်စုံတစ်ရာကျခဲ့ပါက ချက်ချင်း



ဂန္ဓာတောင်ဆိုင်းဘုတ်နှင့်တောရကျောင်း



တောရကျောင်းရှေ့တွင် ဆရာပတ်တရ




စာရေးသူမှ ဆရာတော်အား ထမင်းနှင့်ရေသန့် ကပ်လှူနေစဉ်



www.burmeseclassic.com


www.burmeseclassic.com




ဟနုမာန်ရောက်ကမ်းယံကို မြင်တွေ့ရစဉ်



တောင်ထိပ်စေတီတော်တွင် အမှတ်တရ



နတ်ရေကန်



ဟနုမာန် ဖဲ့ယူသွားခဲ့သည့် ဆေးတောင်

ရေခန်းခြောက်သွားပြီး တောင်းပန်မှသာ ရေပြန်ထွက်သည်ဟု ဒေသခံများက ဆိုကြသည်။

စာရေးသူတို့သည် မိနစ်အနည်းငယ်ခန့် အမောဖြေပြီးနောက် တောင်နီတောင်သို့ စတက်ခဲ့ကြသည်။ တောင်နီတောင် ဟူသည် အမည်နှင့်လိုက်ဖက်အောင်ပင် မြေသားမှာ မြေနီမြေသားစစ်စစ်ဖြင့် တစ်တောင်လုံးဖွဲ့စည်းထားပေသည်။ မြက်မွှေးပန်းပင်များ၏ သင်းရနံ့က စာရေးသူတို့ကိုကြိုဆိုလျက် ရနံ့တဝေဝေရှိနေကြသည်။ ဆောင်းဦးလေအဝေ့တွင် တစ်တောင်လုံး မြက်မွှေးပန်းများသင်းပျံ့လျက်ရှိကြသည်။ မြက်မွှေးပန်းများသည် အပွင့်အဖူးတဝေဝေနှင့် တောင်နီတစ်တောလုံးတစ်တောင်လုံးနံ့သာရနံ့ဖြင့် မွှေးကြိုင်နေကြပေသည်။ ဤကဲ့သို့ မြက်ပန်းပင်များကို မြန်မာနိုင်ငံအနှံ့ မည်သည့်ဒေသတွင်မျှ မပေါက်ရောက်နိုင်ကြသည်ကို မတွေ့မြင်ရသည်ကို အထူးအံ့ဩမိလေသည်။ မြက်မွှေးပန်းပင်များသည် ဆောင်းလေအဝေ့တွင် ယိမ်းထိုးလှုပ်ရှားရင်း မွှေးရနံ့သင်းတပျံ့ပျံ့နှင့် တောင်နီတောင်ကို အလှဆင်လျက်ရှိကြလေသည်။

တောင်ထိပ်သို့ ရောက်ခါနီးတွင် လှမ်းစေတီကို စတင်ဖူးမြော်ရလေသည်။ ၎င်းစေတီသည် ကောဇာနှစ် ၁၂၆၉ ခုတွင် မာန်အောင်မြို့ပိုင် ဦးထွေးလှက တည်ထားခဲ့သည်ဟု ဆရာပြည့်ညိုက ပြောပြသည်။ ဆရာတော်ဦးသောဘိတက ဇရပ်ဆောက်ကာ သီတင်းသုံးခဲ့သည်။ ဆရာတော်သည် ဧည့ဝတ်မှ ဓာတ်တော် (၁၆) ဆူပင့် ဆောင်ယူလာပြီး ကမား၊ ပြင်ကောက်၊ မိမ္မဂြိုဟ်၊



www.burmeseclassic.com

www.burmeseclassic.com

[illegible]တက်ကျေးရွာသားများ၏ အကူအညီဖြင့် တည်တော်မူခဲ့ပါသည်။ တစ်ဖန် သက္ကရာဇ် ပထမဝါဆိုလတွင် မာန်အောင်မြို့ ဈေးတန်းရပ်နေ ကုန်သည် ဦးစောထွန်းအောင်နှင့် ဇနီးဒေါ်ဆိတ်စာ၊ သမက် ဦးသောင်းညွန့်၊ သမီး ဒေါ်သန်းမြိုင် မိသားစုက 'ကုဏ္ဍာသယစေတီတော်' ဘွဲ့မည်ဖြင့် ပြန်လည်ပြုပြင်တည်ထား ကိုးကွယ်ခဲ့ကြသည်။ ၎င်းစေတီတွင် ရွှေထီးတော်အသစ်ကို ၂၀၀၅ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ် (၄) သစ်စက်ဝင်းနေ ဦးဝင်းမောင်နှင့် ဇနီးဒေါ်အောင်မေတင် (ခ) ဒေါ်ခိုင်မိသားစုက ရွှေထီးတော်တင်လှူပူဇော်ခဲ့ကြသည်။

ကုဏ္ဍာသယစေတီတော်၏မြောက်ဘက် (၂၅) ပေခန့်အကွာတွင် ဉာဏ်တော် (၉) ပေခန့်ရှိ အောင်သဒ္ဒိစေတီတော်ကို ဖူးမြင်ရပေသည်။ အောင်သဒ္ဒိစေတီတော်ကို ၁၃၃၂ ခုနှစ် ဝါဆိုလဆုတ် ၁၀ ရက်နေ့တွင် ဒေါ်ရွှေအေးနှင့် သမီးဖြစ်သူ မကျော့ကျော့နွယ်တို့မှ တည်ထား ကိုးကွယ်ခဲ့လေသည်။ ထိုစေတီ၏ အရှေ့ဘက်အရပ်တွင် ဉာဏ်တော် (၇) ပေခန့်ရှိ စေတီတော်တစ်ဆူကိုပါဖူးမြော်ရလေသည်။ မကြာသေးမီက ဂျာနယ်တိုက်တစ်တိုက်မှ လှူဒါန်းထားသည့် ကျောက်သလင်း မဟာမြတ်မုနိဆင်းတုတော်များကိုလည်း ဖူးတွေ့ရလေသည်။ ၎င်းမှ တောင်ဘက်သို့ ဆက်တက်သွားပါက ငါးကြီးအာနန္ဒာပလ္လင်ခံရုပ်တော်မူ ရုပ်ပွားတော်ကြီးတစ်ဆူကို ဖူးမြော်ရလေသည်။ ဉာဏ်တော် (၂၅) ပေခန့်ရှိပြီး ၁၂၇၇ တွင် ပုန်းဆိုးကြီးကျေးရွာမှ ဆရာတုတ်ခေါ် ဘုမ္မိယသိုက်ဆရာက တည်ထားခဲ့သည်ဟု ဆရာပြည့်ညိုက ပြောပြပါသည်။ ထိုရုပ်တော်မူရုပ်ပွားတော်ကြီးကို မာန်အောင်မြို့ တရုတ်တန်းရပ်နေ ဦးမောင်စိန်ဖြူနှင့် ဇနီးဒေါ်စောနုတို့က မွမ်းမံပြုပြင်ခဲ့ကြသည်ဟု သိရပါသည်။ တစ်ဖန် ပညာရေးဌာနမှလည်း ဆက်လက်ပြုပြင်မွမ်းမံခဲ့ကြပြန်သည်ဟု ဆိုပါသည်။



ဧရှောရီဆန်ဆန် နတ်ရေကန်ဆိုင်းဘုတ်



နတ်ရေတွင်း

ရုပ်တော်မူရုပ်ပွားတော်ကြီးမှသွားလျှင် အနောက်ဘက်အရပ်တွင် အုတ်ဂူတစ်ဂူကိုတွေ့ရှိရသည်။ ထိုဂူယ်တွင် ခြေတော်ရာ ဗုဒ္ဓစက်တော်ရာတစ်ဆူကို ဖူးတွေ့ပါသည်။ အနောက်ဘက် တောင်ခုလတ် နားနေစခန်းအနီးတွင်လည်း အလားတူ ဗုဒ္ဓခြေတော်ရာတစ်ဆူကို ထပ်မံဖူးတွေ့ရခဲ့သည်။ ဆရာပြည့်ညိုက မိမ္မကြွယ်ကျေးရွာမှ ဦးကြောင်ဖားက လှူဒါန်းခဲ့သည်ဟု ပြောပြပါသည်။ တောင်ထိပ်ပေါ်ရှိခြေတော်ရာမှ မြောက်ဘက်တောင်ကြောတစ်နေရာတွင် စေတီငယ်တစ်ဆူကိုဖူးတွေ့ရပြန်သည်။ ပြာသိုလဖြစ်၍ မြက်မွှေးပန်းများက အပွင့်ကိုယ်စီနှင့် လေနှင့်အတူ ယိမ်းနွဲ့ကစားရင်း တောင်ပေါ်တစ်ခွင် မွှေးပျံ့နေပေသည်။ ထိုအခါ စာရေးသူအဖို့ မြက်မွှေးပန်းရနံ့၊ တောင်နီတောင်ရနံ့တို့ကိုရှူရှိုက်မိပြီး အားခွန်များတိုးသကဲ့သို့ ခံစားမိ

www.burmeseclassic.com

လာရလေသည်။ တောင်နီတောင်တစ်ခွင် ကြည့်လေရာရာ၊ မြင်တွေ့လေရာ အရပ်တွင် မြက်မွေးပန်းများက ပေါက်ရောက်လျက်ရှိကြသည်။ စိမ်းစိုလန်းဆန်း စိုပြည်ရှင်သန်နေကြသည့် သပြေပင်ကြီးများကလည်း အစီအရီပေါက်ရောက်နေကြလျက် အေးရိပ်ကို တောင်တော်အနှံ့ ပေးဝေနေကြလေ၏။


စာရေးသူတို့စတင်တက်လာခဲ့ကြသည့် အနောက်ဘက်စခန်းရှိ သိမ်တော်နှင့် စေတီတော်ကို ၁၂၇၇ ခုနှစ်တွင် ပုန်းဆိုးကြီးရွာမှဦးညိုလှနှင့် ဇနီးဖြစ်သူ ဒေါ်ကောင်းမ၊ နတ်ပြင်ရွာမှ ဦးစံအောင်နှင့် ဇနီးတို့က လည်းကောင်း လှူဒါန်းတည်ဆောက်ခဲ့ကြသည်ဟု ဆရာပြည့်ညိုက အမောဖြေရင်း ပြောပြပါသည်။ ၎င်းအနောက်ဘက်စခန်းတွင် အောက်ခြေတော်ရာနှင့်မဟာဗောဓိအောင်တော်မူစေတီတော်ကို ဦးစံထွန်းအောင် ဦးဆောင်သော ဓမ္မရိပ်သာအသင်းသားများက ၁၃၆၁ ခုနှစ်တွင် တည်ထားခဲ့ကြကြောင်းလည်း ပြောပြပါသည်။

မဟာဗောဓိအောင်တော်မူစေတီမှ တောင်ဘက်တောင်ဆွယ်အတိုင်းတက်သွားခဲ့လျှင် မာန်အောင်မြို့ တရုတ်တန်းရပ်နေ ဦးငပျော့နှင့် ဇနီး ဒေါ်လှလှ၊ သားဖြစ်သူ ဦးမောင်စောသာ၊ သမီးဖြစ်သူ မသန်းသန်းစောတို့ တည်ထားကြသည့် သေလုတ္တမံစေတီတစ်ဆူရှိလေသည်။ ၎င်းစေတီအနီးတွင် မနောမယိဒ္ဓိစေတီတော်တစ်ဆူကိုပါ ထပ်မံဖူးတွေ့ရပြန်သည်။ ၎င်းနှင့်တစ်ဆက်တည်းပင် မင်းဖူးစေတီတော်ကိုလည်း ဖူးတွေ့ရလေသည်။ အဆိုပါ မင်းဖူးစေတီမှာ ပန်းခြံရှင်ဘုရင်က ကောဇာနှစ် ၅၁၄ ခုနှစ်တွင် တည်ထားခဲ့သော ရှေးဟောင်းစေတီတော် ဖြစ်ပါသည်။ ၎င်းစေတီကိုပင် မာန်အောင်မြို့နေ မအုန်းညွန့်ဆေးလိပ်ခုံပိုင်ရှင် ဦးထွန်းလှနှင့် ဇနီး ဒေါ်မြရှင် မိသားစုက အောင်မင်္ဂလာစေတီတော်ဘွဲ့မည်ဖြင့်ထပ်မံပြုပြင်တည်ထားကြောင်းကို သိရှိခဲ့ရပါသည်။


ဆရာပြည့်ညိုနှင့် စာရေးသူတို့သည် တောင်နီတောင်ထိပ်သို့ တက်ခဲ့ကြရာ တောင်ထိပ်တွင် စေတီတော်နှစ်ဆူကို အနီးကပ် ဖူးမြော်ကြရသည်။မြောက်ဘက်ရှိ စေတီတော်မှာ မွေတော်စေတီဖြစ်ပြီး ထုံးသင်္ကန်းများ ကွက်ကျားသာရှိ၍ စေတီတော်ထိပ်ပိုင်းမှာ ပျက်စီးနေလေသည်။ စေတနာသဒ္ဓါတရားဖြင့် အလှူရှင်များပေါ်ပေါက်ကာ ပြုပြင်မွမ်းမံ၍ ရွှေထီးတော်တင်လှူစေချင်ပါသည်။



အနောက်ဘက်ရှိ တောင်နီတောင်ခြေစခန်း



တောင်နီတောင်ကားတက်လမ်းကို ရှုမြင်ရစဉ်



မာန်အောင်ကျွန်းအား မြင်တွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိုလှပ တောင်နီတောင်သဘာဝ



မြက်မွှေးပန်းပင်များ



မြက်မွှေးပန်းများနှင့်တောင်ခြေပြင်

ဘိုးတော်အဋ္ဌနမင်း သက္ကရာဇ်ဖြိုခွင်းပြီးနောက် ကောဇာသက္ကရာဇ် ၁၀၀ ခန့်တွင် မေယဝတီကျွန်းကို နာဂဒီပကျွန်းဟု ခေါ်တွင်ခဲ့ကြသည်။ သာသနာနှစ် ၄၃၈ ခုတွင် ဂေါဒီပရသေ့နှင့် သောဒီပရသေ့နှစ်ပါးတို့သည် ဓညဝတီရခိုင်ပြည်ကြီးမှနေ၍ နာဂဒီပမာန်အောင်ကျွန်းသို့ ရောက်ရှိလာခဲ့ကြသည်။ ရသေ့နှစ်ပါးတို့သည် ပတ္တမြားအသွေးအရောင်ရှိ မြေနီတောင်(တောင်နီတောင်)ကို တွေ့ရှိကာ အလွန် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် တောင်တော်ဟု သတ်မှတ်ပြီး ရှစ်နှစ်ခန့်ကြာသည်ထိ သီတင်းသုံး နေထိုင်တော်မူခဲ့ကြသည်။

ထို့နောက် ရသေ့နှစ်ပါးတို့သည် တောင်နီတောင်မှပြန်ကြွသွားကြပြီးနောက် နှစ်ပတ်လောက်အကြာတွင် ပြန်လည်ရောက်ရှိခဲ့ကြပြန်လေသည်။ ထိုအခါ ရသေ့နှစ်ပါးအထံတွင် ဓာတ်တော်မွေတော်များ ပင့်ဆောင်လာခဲ့ကြသည်။ ထိုဓာတ်တော်၊ မွေတော်များဖြင့်ပင် ဌာပနာကာ စေတီတော်ကို စတင်တည်ထားခဲ့ခြင်း ဖြစ်လေသည်။ စေတီတော်စတင်တည်ထားသည့်ခုနှစ်မှာ သက္ကရာဇ် ၄၅၀ ပြည့်နှစ် တန်ခူးလပြည့် စနေနေ့ဖြစ်သည်ဟု သိရပါသည်။

ဎင်းစေတီတော်ကို နှစ်ပေါင်းများစွာကြာခဲ့ပြီးနောက် မိမ္ဗကြွယ်ကျေးရွာမှ စုပေါင်းအလှူရှင်များက ပြန်လည်ပြုပြင်ခဲ့ကြသည်။ တစ်ဖန် မာန်အောင်မြို့ မြို့မရပ်ကွက်နေ ကုန်သည်ကြီးဦးဖိုးကြည်နှင့် ဇနီးဒေါ်အေးနုတို့က ဆက်လက် ထပ်မံပြုပြင်ခဲ့ကြပြန်ပါသည်။ စေတီတော်၏ ဘက်တော်အမြင့်မှာ (၂၂) ပေရှိသည်။ ထိုစေတီတော်၏တောင်ဘက်ရှိ ပုထိုးစေတီမှာ မြန်မာနှစ် ၁၁၄၂ ခုနှစ်တွင် မိမ္ဗကြွယ်ရွာမှ ဦးချမ်းအောင် ဦးဆောင်လျက် မိမ္ဗကြွယ်ရွာ၊ ကျူရွာ၊ ဘုတ်မြက်တောရွာ၊ ကညင်တိုင်ရွာသားများ၏ ကူညီပံ့ပိုးမှုဖြင့် တည်ထားခဲ့ခြင်း ဖြစ်လေသည်။ ဎင်းစေတီတော်ကို မာန်အောင်မြို့နယ်ဆရာဝန်ကြီး ဦးစိန်လှိုင် အမှူးပြုသည့် ကျန်းမာရေးဌာနဝန်ထမ်းများက ဆက်လက်ပြုပြင်မွမ်းမံခဲ့ကြသည်ဟု သိရပါသည်။စေတီတော်၏ဘွဲ့တော်မှာ ဒီပသုခစေတီတော်ဟုဘွဲ့မည်ရှိပြီး ၁၃၃၇ခု၊ တန်ခူးလဆန်း ၁၅ ရက်တွင် မာန်အောင်မြို့ပြင်တန်းလမ်းနေ ဦးမောင်နီထွန်း၊ ဇနီး ဒေါ်ရွှေမြနု၊ သား ကိုအောင်သိန်း၊ ဇနီးဖြစ်သူ မအေးကျန်နှင့် သားသမီးတစ်စုတို့က ဆက်လက်ထပ်မံပြုပြင်မွမ်းမံတည်ထားကြပြန်ကြောင်း သိရပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုစေတီတော်နှစ်ဆူ တည်ရှိရာ အရပ်သည် တောင်နီတောင်၏ အမြင့်ဆုံးအပိုင်းဖြစ်ပြီး အမြင့်ပေပေါင်း (၆၄၆) ပေခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။

အမြင့်ဆုံးနေရာဖြစ်သည့် တောင်နီတောင်တော်ထိပ်ဆီမှအရပ်ရှစ်မျက်နှာသို့ ရှုမျှော်လိုက်သည့်အခါ မှိုင်းပြည့်ရီ တောင်ကုန်းတောင်တန်းအထပ်ထပ်အစီအရီနှင့် သမုဒ္ဒရာ ပင်လယ်ရေပြင်ကြီးက ဝန်းရံဝိုင်းပတ်လျက်ရှိနေသည်ကို တွေ့မြင်ရှုစားရလေသည်။ အဆိုပါ စေတီနှစ်ဆူရှိရာ တောင်ထိပ်ကုန်းမြင့်သည် တောင်နီတောင်တော်မြတ်၏ မျှော်စင်ထိပ်သဖွယ် မာန်အောင်ကျွန်းကြီး၏ ပတ်ပတ်လည်အလှတရားကိုရှုမြင်ခံစားရသည့်နေရာပင်ဖြစ်လေသည်။ တောင်ထိပ်ပေါ်မှ အရှေ့ဘက်တစ်ခွင် ရှုမျှော်လေလျှင် မာန်အောင်နဂါးမီးတောင်ကြီးနှင့်တကွ တောစဉ်တောင်တန်းအထပ်ထပ်ကိုတွေ့ရှိရသလို တောင်ဘက်အရပ်တွင် ပင်လယ်ပြင်ပြာပြာကြီးနှင့် အလွန်ပန်းရနေသည့် ကအီးကမ်းခြေအလှကို မြင်တွေ့နိုင်ပေသည်။ အနောက်ဘက်တစ်ခွင်သို့ရှုလေလျှင် မှုန်ပြာဝေရီမှိုင်းကာ မြူခြေများဆိုင်းနေသည့် တောရိုင်းပန်းများပွင့်လန်းကြရာ တောစဉ်တောင်တန်းတစ်ခွင်ကို မျက်စိပသာဒရှုစားကြရသည်။ မြောက်ဘက်တစ်ခွင်ရှုမျှော်ပြန်လျှင် တောစဉ်တောင်တန်းလျှိုမြောင်စမ်းနှင့် ကုန်းတန်းကုန်းခင်လယ်ခင်းပြင်နှင့်ကွင်းပြင်အကြား အုန်းကွမ်းပင်တောကြီးများဖြင့် သာယာစိုပြည်လှသည့် ရွာပေါင်းမြောက်မြားစွာကိုတွေ့မြင်ရှုစားကြရလေသည်။

တောင်နီတောင်တစ်ခွင် သစ်ကြီးဝါးကြီးများမပေါက်ရောက်ဘဲ အကြီးဆုံးမှာ အောင်အတိတ်အောင်နိမိတ်ဆောင်သပြေပင်များသာလျှင် ပေါများစွာပေါက်လျက်ရှိကြလေသည်။ တောင်နီတောင်ထိပ်တစ်ခွင်တွင် ချော်ရည်ချော်ခဲအသွင်ကျောက်ခဲများကိုသာ လှေလာတွေ့ရှိရပြီး တစ်တောင်လုံးအနှံ့ မြန်မာနိုင်ငံတစ်ဝန်း 'မည်သည့်နေရာဒေသတောတောင်များတွင်မှ မပေါက်မတွေ့ရှိရသည့် အလွန်ထူးဆန်းသည့် မြက်မွှေးပန်းရိုင်းတောကြီးများကိုသာ ရနံ့တသင်းသင်းနှင့် ပန်းခင်းကြီးအလား ထင်မှတ်မှားရလောက်အောင် မြက်မွှေးပန်းများက ဆန်းကြယ်မှု၊ လှို့ဝှက်မှု၊ ထူးခြားမှု၊ လေးနက်မှုတို့ဖြင့် တစ်တောင်လုံး ဂမ္ဘီရဆန်စွာနှင့်တည်ရှိနေလေ၏။ ထို့ကြောင့်လည်း တောင်နီတောင်မြတ်ကို ရှေးကပင် ဂန္ဓဗ္ဗတောင်၊ သိရိပဗ္ဗတောင်၊ ဩသဓတောင်၊ မြေနီတောင်၊ တောင်နီတောင် စသည်ဖြင့် အမည်ကင်ပွန်းတပ်ခဲ့ကြဟန် တူလေသည်။ တောင်နီတောင်၏ ကျောက်မြေသားများမှာ မီးတောင်ချော်ကျောက်များအသွင် တွေ့ရသဖြင့် ရှေးအတိတ်ကာလများစွာက မီးတောင်တစ်ခုဖြစ်ခဲ့သည်ဟု ယူဆရပါသော်လည်း မီးတောင်ထိပ်ဝကို မတွေ့ရှိရသဖြင့် မဖြစ်တန်ရာဟုလည်းတွေးဆမိပြန်လေသည်။ တောင်နီတောင်ထိပ်မှအပ ကျန်အောက်ခြေ တောင်တစ်ခွင်တွင်မူ သစ်ကြီးဝါးကြီးများဖြင့် ညို့ညို့ဆိုင်းဆိုင်း စိုစိုပြည်ပြည် သာယာလှပလျက်ရှိနေသည်ကိုလည်း စာရေးသူ သတိထားမိပါသည်။ မြေသားပကတိမှာ နီရဲသောအရောင်အဆင်းရှိသဖြင့် ဤတောင်နီတော်မြတ်မှာ အမွှေးနံ့သာရှိသောတောင်၊ ဆေးဆရာတောင်၊ နတ်စောင့်ရှောက်သည့်တောင်၊ လှို့ဝှက်ဆန်းကြယ် နက်နဲလှသည့်ဂမ္ဘီရတောင်တစ်တောင်ဟု စာရေးသူ ကောက်ချက်ချမိပါသည်။

မောရစ်ကောလစ် ရေးသားထားသည့် The Descent of the God အမည်ရှိ စာအုပ်တွင် မောရစ်ကောလစ်က 'တောင်နီတောင်၏ မြေတစ်ဆုပ်ကို ဆုပ်ယူကြည့်ရာ မြေသားမှာ မွှေးမြနေကြောင်း၊ မြက်ပင်များမှာလည်း အလွန်ရနံ့သင်းကြောင်း အမွှေးရနံ့ထွက်သည့် မြေတစ်မျိုးပင်ဖြစ်လေသလော သို့တည်းမဟုတ် မြက်မွှေးပန်းများ၏ရနံ့တစ်ဖန်ကူးစက်၍ မြေသင်းရနံ့ပါမွှေးခြင်းပေလောဟု ကျွန်ုပ်အလွန်အံ့ဩမိသည်ဟု မှတ်ချက်ချရေးသားခဲ့သည်။ ဗြိတိသျှစာရေးဆရာကြီးမောရစ်ကောလစ်သည် ကျောက်ဖြူမြို့တွင် လက်ထောက်တိုင်းမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က ၁၉၂၁ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျောက်ဖြူမှ မာန်အောင်ကျွန်း မာန်အောင်မြို့သို့ ရောက်ရှိလာပြီး ဒိုးတန်းကုန်းရွာတွင် တစ်ညတာရပ်နား၍ အပန်းဖြေ အိပ်စက်ခဲ့လေသည်။ နောက်တစ်နေ့ နံနက်စောစောတွင်မှ တောင်နီတောင်ပေါ်သို့ တက်ရောက်လေ့လာခဲ့ခြင်း ဖြစ်လေသည်။ တိုက်ဆိုင်မှုရှိနေသည်မှာ ဗြိတိသျှစာရေးဆရာကြီး မောရစ်ကောလစ် ဒိုးတန်းကုန်းရွာတွင် ညအိပ်တည်းခိုသည့်နေ့မှာ တပေါင်းလပြည့်နေ့အချိန်အခါနှင့်တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေလေသည်။ သို့ရာတွင် မြေနီတောင်မြေနှင့် မြက်မွှေးပန်းပင်များမှာ တောင်ပေါ်တွင်သာမွှေးမြနေပြီး တောင်အောက်ရှိ တောင်နီတောင်နှင့်ဝေးကွာရာသို့ ယူဆောင်သွားပါက အမွှေးရနံ့များ ပျက်ပြယ်သွားလေ့ရှိကြောင်း သိရှိရပါသည်။


မြက်မွှေးပန်းများအား အနီးကပ် မြင်တွေ့ရစဉ်


ရှဉ့်ပြေးယာဉ်ပေါ်မှ စာရေးသူ


ဆရာပြည့်ညီနှင့် စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် တောင်နီတောင်မြက်မွေးပန်းများနှင့်ပတ်သက်၍ တောင်နီရှင်မနှင့် ပဋ္ဌာန်းဆက်အရ တိုက်ဆိုင်နေရှိပါက သို့မဟုတ် တောင်နီရှင်မကသင်း၏အစွမ်းဖြင့် ချစ်ခင်ရင်းနှီးမှုကိုပြသသည့်အနေနှင့် မြက်မွေးပန်းရနံ့များ ရနံ့သင်း၍မွေးပျံ့စေတတ်ကြောင်း မာန်အောင်မြို့ရှိ စာရေးဆရာအသင်းဝင် ကိုစိုးသိမ်း (မြတ်စိုးလင်း-မေယဝတီ) စိုးစံတည်းခိုခန်းပိုင်ရှင်က သူကြုံတွေ့ရသည့် အတွေ့အကြုံဖြစ်ရပ်ဆန်းတစ်ခုကို စာရေးသူအားပြောပြခဲ့ပါသည်။ သူ၏စိုးစံတည်းခိုခန်းသို့ နယ်ဝေးဒေသမှ ဧည့်သည်တစ်ဦးတည်းခိုရောက်ရှိခဲ့ပါသည်။ မာန်အောင်မြို့ရောက်ရှိခိုက် မြက်မွေးပန်းများသင်းပျံ့ရာ တောင်နီတောင်သို့ သွားရောက်လေ့လာမည်ဟုပြောခဲ့ပါသည်။ မိုးရာသီဖြစ်၍ မိုးများရွာသွန်းနေချိန်လည်းဖြစ်ပါသည်။ သို့ရာတွင် သွားမည့်နေ့တွင် ဖွေးတစ်ခုကျကွဲပျက်စီးခဲ့၍ အတိတ်နိမိတ်မကောင်းဟု ယူဆကာ တောင်နီတောင်သို့ မသွားဘဲနေခဲ့ပါသည်။ သူကညအခါတွင် အခန်းတွင်း၌ ဘုရားဝတ်ပြုပြီးနောက် တောင်နီရှင်သို့ တောင်းပန်သမှုပြုခဲ့လေ၏။အတိတ်နိမိတ်မကောင်း၍ မသွားဝံ့ဖြစ်နေမိပါသည်။ တောင်နီရှင်မမှ တောင်နီတောင်ခရီးအသွားတွင် ဘေးအန္တရာယ်ကင်းရှင်းကြောင်းကိုပြသသည့်အနေဖြင့် ဆုတောင်းဆိုခဲ့သည်ဟု ဆိုပါသည်။

ထိုသို့ ဆုတောင်းဆိုပြီးနောက် ညသန်းခေါင်ကျော်မှ မိုးလင်းသည်အထိ ၎င်းတည်းခိုရာအခန်းတွင်း၌ မြက်မွေးပန်းရနံ့များကြိုင်လှိုင်နေကြောင်း အံ့ဩဖွယ်ရာတွေ့ရှိရကြောင်း တွေ့လေသည်။ ထို့ကြောင့် ၎င်းကိုယ်ကို ယုံကြည်မှုဖြင့် ရွှင်လန်းနေသည့်ကြားမှပင် တောင်နီတောင်သို့ ရောက်ရှိသွားခဲ့ကြောင်း တည်းခိုခန်းပိုင်ရှင်က တစ်နေ့လုံး အခန်းသော့ပိတ်ပျောက်နေသည့်ဧည့်သည်ကို မိုးရေစိုရွှဲဖြင့် ညမိုးချုပ်ခါနီးမှ ရောက်ရှိလာသဖြင့် မေးမြန်းမိရာ ၎င်းအနေဖြင့် တောင်နီရှင်မ၏ခွင့်ပြုချက်ဖြင့် တောင်နီတောင်သို့ အမှန်တကယ် သွားရောက်ခဲ့ပြီးဖြစ်ကြောင်းဖြစ်ရပ်မှန်ကို တည်းခိုခန်းပိုင်ရှင်ကိုစိုးသိမ်းအား ပြန်လည်ဖြေကြားခဲ့ကြောင်း ကိုစိုးသိမ်းက စာရေးသူကိုပြောပြခဲ့ပါသည်။

စာရေးသူမှာလည်း ညအိပ်ရာဝင်ချိန်နှင့် နံနက်အိပ်ရာထချိန်များတွင် တောင်နီရှင်မအား မေတ္တာပို့သအမျှပေးဝေ၍ ဆုတောင်းခဲ့ပါသည်။ ခက်ခဲကြမ်းတမ်းသည့် မိုင်နှစ်ဆယ်နီးပါးခရီးကြမ်းကို ဆရာပြည့်ညို၏ မော်တော်ဆိုင်ကယ်လေးဖြင့် ဘေးမသီရန်မခရောက်ရှိခဲ့ပြီး တစ်နေ့တာလေ့လာမှတ်တမ်းတင်ကာ ညနေဘက်တွင် အဆင်ပြေချောမောစွာ ရောက်ရှိခဲ့လေသည်။ ထိုအခါ အမှတ်တရအနေဖြင့် တောင်နီတောင်မြေနီမြေသားများနှင့် မြက်မွေးပန်းများကို နုတ်ယူလာခဲ့ပါသည်။ မြက်မွေးပန်းများသည် လမ်းခရီးတစ်လျှောက် အမွှေးရနံ့မသင်းပျံ့တော့သည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် တည်းခိုဆောင်သို့ရောက်ရှိပြီး ညအိပ်အနားယူသည့်အခါ စာရေးသူအခန်းတွင်း တစ်ညလုံး မွှေးမြနေကြောင်းကို တွေ့ရှိရလေသည်။ နောက်တစ်နေ့နံနက်တွင် မာန်အောင်မှ တောင်ကုတ်သို့ လည်းကောင်း၊ တောင်ကုတ်မှ သံတွဲမြို့သို့ လည်းကောင်း ခရီးလမ်းတစ်လျှောက် မည်သည့်အမွှေးရနံ့မျှမရရှိခဲ့ပါ။ သို့ရာတွင် သံတွဲမှ မြပြင်ရွာသို့ သွားရာလမ်းခရီးဖြစ်သည့် ဝါးတောင်ကွင်းရွာအဝင်ဝမှစတင်၍ လင်းသားရွာအထိ မြက်မွေးပန်းများ သင်းရနံ့ပျံ့ကာ မွှေးမြခဲ့သည်ကို အံ့ဩဖွယ်ရာတွေ့ရှိခံစားခဲ့ရပါသည်။ ရွာသို့ရောက်သည့်အခါ အဆိုပါမြက်မွေးပန်းများမှ အမွှေးရနံ့များ ထပ်မံ၍ မသင်းပျံ့တော့ကြောင်း တွေ့ရှိခဲ့ရပါသည်။

စာရေးသူတို့သည် တောင်နီတောင်ထိပ်ပေါ်မှ တောင်ခုလတ်အရှေ့ဘက်ရှိ တောင်နီရှင်မနတ်ကွန်းသို့ သွားရောက်ကာ အရိုအသေပြု၍ ဆုတောင်းဆိုခဲ့ပါသည်။ တောင်နီရှင်မနတ်ကွန်း၏ မြောက်ဘက်အရပ် ချောက်ကမ်းပါးတစ်ဖက်တွင် ဟနုမာန်ချောက်ကိုမြင်တွေ့ရပါသည်။ ရှေးလူကြီးများ၏ အဆိုအရ အလောင်းတော် ရာမမင်းသည် ဒသဂီရိနှင့်ယှဉ်ပြိုင်တိုက်ခိုက်စဉ် ဒသဂီရိ၏လက်နက်ထိမှန်၍ သတိမေ့မြောသွားသည်ဟု သိရပါသည်။ ထိုအခါ ရာမမင်းသား သတိပြန်လည်ရလာစေခြင်းအလို့ငှာ ဆေးကုသရန် ဟနုမာန်မျောက်မင်း မာန်အောင်မြေနီတောင်သို့ရောက်ရှိလာသည်ဟုဆိုပါသည်။ဟနုမာန်မျောက်မင်း ဆေးပင်ရှာဖွေသည့်အခါ ဆေးပင်ကိုတောင်အောက်မှခေါ်လျှင် တောင်ပေါ်က ထူးသည်ဟု လည်းကောင်း၊ တစ်ဖန်တောင်ပေါ်သို့တက်၍ ဆေးပင်ကိုခေါ်လျှင် တောင်ခြေအောက်ကထူးသည်ဟု လည်းကောင်း ဆိုကြပါသည်။ ထိုအခါ ဟနုမာန်မျောက်မင်းက ဆေးပင်ရှာဖွေရန် စိတ်မရှည်နိုင်တော့သဖြင့် တောင်ထိပ်ပိုင်းတစ်ခုလုံးကို လက်ဖြင့်ဖဲ့ယူသွားလေတော့သည်။

ထိုအချိန်မှစတင်၍ ဟနုမာန်ချောက်အထက်ရှိ ကျောင်စွန်ကြီးတစ်ခုလုံး မြေဆီမြေသားတစ်ခုမျှမကျန်ဘဲ ကျိုးပဲ့ပိုင်းပြတ်ကာ ကျောက်သားပကတိအဖြစ်တည့်ရှိနေသည်ကို စာရေးသူကိုယ်တိုင် တွေ့မြင်ခွင့်ရရှိခဲ့ပါသည်။ ဟနုမာန်ချောက်အတွင်း သစ်ပင်ကြီးများ စိမ်းစိမ်းစိုစိုနှင့် တူညီလှပသည့် သပြေပင်ညီနောင်ကို ဟနုမာန်ချောက်မြောက်ဘက်ကမ်းပါးတွင် ရှင်သန်ပေါက်ရောက်နေသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။ ဒေသခံများအဆိုအရ ဟနုမာန်ချောက်အတွင်း မြိုင်စိမ်းခေါ် ကျောက်သလင်းတစ်မျိုးသည် အရောင်တောက်ပ၍ မှန်သားကိုပင် ဖြတ်တောက်နိုင်အောင် မာကျောလှကြောင်းပြောဆိုကြပါသည်။

ထိုဟနုမာန်ချောက်မှတစ်ဆင့် အရှေ့ဘက်တောင်ခြေသို့ ကွန်ကရစ်လှေကားလမ်းအတိုင်း အတန်ကြာဆင်းသွားသည့်အခါ အရှေ့ဘက်တောင်ခြေတွင် ဂန္ဓဗ္ဗတောင်တော်မြတ်ဟု စာတန်းထိုးထားသည့် ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သော ဦးပဥ္စင်းငယ်နှစ်ပါးကို တွေ့ရှိရပါသည်။ အဆိုပါကျောင်းရှေ့တွင် ဂန္ဓဗ္ဗမြေနီတောင်သို့ လာရောက်သူများ အပန်းဖြေနားနေနိုင်ရန်တဲတန်းရှည်နှင့် နားနေရန် ခုံတန်းရှည်များ၊ ထမင်းစားသုံးရန်နေရာစင်မြင့်များကို သစ်သား၊ ဝါးများဖြင့် တည်ဆောက်ထားသည်ကို တွေ့ရှိရပါသည်။ ကျောင်းရှေ့ရှိ အရှေ့ဘက်မြေနီမံ့တောင်စောင်း၌ ရခိုင်အဆိုတော် ဗျာလ (ကိုတိုနိုင်) လှူဒါန်းထားသည့် (ပေ ၃၀ × ပေ ၈၀) ခန့် ရှည်လျားသည့် သွပ်ပြားမိုး၊ ကွန်ကရစ်ကျောင်းဆောင်တစ်ခုကို တွေ့ရှိခဲ့ရပါသည်။ ကဆုန်လဆန်းမှ ကဆုန်လပြည့်နေ့အထိကျင်းပသည့် တောင်နီဘုရားပွဲတော်အတွင်း ဘုရားပွဲတော်လာသူများ နားနေတည်းခိုရန်နှင့် တရားတော်နာကြားနိုင်ရန် မဏ္ဍပ်ဖြစ်ကြောင်း ဦးပဥ္စင်းနှစ်ပါးက ပြောပြခဲ့ပါသည်။

တောင်နီတောင်မှအပြန် လမ်းခုလတ်တွင် ဒိုးတန်းကုန်းရွာအနီးရှိ လက်ကြားယိုတောင်သို့ဝင်၍လေ့လာခဲ့ပါသေးသည်။ စေတီပုထိုး၊ကျောင်း၊ကန်၊ ဘုရားများ၊ သာသနိကအဆောက်အအုံများနှင့် စည်ပင်လျက်ရှိပါသည်။ ဟနုမာန်မျောက်မင်း တောင်နီဆေးတောင်ကို ဖဲ့ယူသွားစဉ် လက်ချောင်းကြားမှပဲ့ထွက်၍ကျကျန်ရစ်သည့်မြေသားတောင်

www.burmeseclassic.com

ဟု ဆရာပြည့်ညိုက ရှင်းပြပါသည်။ သွားရောက် လေ့လာကြည့်သည့်အခါ တကယ်ပင်ဟုတ်မှန်ကြောင်း သိရှိရပြန်သည်။ အဆိုပါ လက်ကြားယိုတောင်တွင် ပေါက်ရောက်နေသည့်မြက်များမှာ သာမန်ဒေသပေါက်မြက်များမဟုတ်ကြဘဲ တောင်နီတောင်၌သာပေါက်ရောက်သည့် မြက်မွှေးပန်းမျိုးသာပေါက်ရောက်လျက်ရှိနေသည်ကို ထူးဆန်းစွာ တွေ့ရှိခဲ့ရသောကြောင့် ဖြစ်ပါသည်။ တောင်နီတောင်ကဲ့သို့ မြေနီမြေသားနှင့် မြက်ပင်များမှာ ထပ်တူထပ်မျှ တူညီကြသော်လည်း မမွှေးပျံ့ကြကြောင်း လေ့လာသိရှိခဲ့ရပါသည်။

တောင်နီတောင်ကို ဩသဓတောင်ဟု ခေါ်ဆိုရခြင်းမှာလည်း တောင်နီတောင်တွင်ပင် ပေါက်ရောက် ရှင်သန်ရာ နွယ်မြက်သစ်ပင်တို့သည် အမျိုးအစားတူညီသော်ငြားလည်း တောင်နီတောင်တွင် ပေါက်ရောက်သည့် ဆေးပင်၊ နွယ်ပင်၊ သစ်ဥသစ်ဖုများက ပိုမို၍ ဆေးဖက်ဝင် အစွမ်းထက်ကြောင်း မာန်အောင်မြို့ရှိ တိုင်းရင်းဆေးဆရာကြီးတစ်ဦးက ပြောပြဖူးပါသည်။ တောင်နီတောင်တွင် အများဆုံးရှာဖွေရရှိနိုင်သည့် ဆေးပင်ဆေးမြစ်များမှာ ဘုမ္မရာဇာပင်၊ ဆေးခါးပင်၊ ကရင်သိမ်ပင်၊ နဂါးမောက်ဆေးပင်၊ မြွေဆိပ်နိုင်ဆေးပင်ဖြစ်သည့် ထပ်ကိုးထပ်ဆေးပင်၊ ဆေးမင်း၊ သန္တာပင်၊ အဆိပ်အတောက်ကို ပျက်ပြယ်စေသည့် ဆေးဖားပြုပ်ပင်၊ ကိုယ်ဖောကိုယ်ရောင်ပျောက်စေသည့် ဘူးခါးဥပင်၊ ပန်းချင်းပင်၊ ဒူလာလိပ်ခေါင်းကုသသည့် မုန်တိုင်သီးပင်၊ အနာလုံး၊ အနာဆိုး၊ သွေးစုနာ ပျောက်ကင်းစေသည့် သက်ရင်းကြီးပင် စသည့် ဆေးပင်များ တွေ့ရှိရခဲ့ပါသည်။

မာန်အောင်ကျွန်းတွင် တောင်နီတောင်သည် အမြင့်ပေ (၆၄၆) ပေမြင့်မားပြီး မာန်အောင်ကျွန်းတွင် စတုတ္ထအမြင့်မားဆုံး တောင်တစ်တောင်လည်း ဖြစ်ပေသည်။ တောင်နီတောင်တွင် မြစ်ဖျားခံစီးဆင်းသော အုန်းချောင်းသည် မာန်အောင်မြေကို (၁၉) မိုင်ကျော်ကျော်ကွေ့ကာဝိုက်ကာဖြင့် ရစ်ခွေစီးဆင်းလျက် မာန်အောင်မြို့အရှေ့ဘက်မှ ဘင်္ဂလားပင်လယ်ထဲသို့ စီးဝင်သွားလေသည်။ အုန်းချောင်းမှ ရွှံ့နွံသောင်များ ပိတ်ဆို့နေသဖြင့် ပင်လယ်ဝမှ မာန်အောင်မြို့သို့ အချိန်မရွေးဝင်ရောက်သွားလာနိုင်ခြင်းမရှိသေးချေ။ အုန်းချောင်းထဲမှ ရွှံ့နွံများကို ခေတ်မီသောင်တူးစက်ကြီးများဖြင့်တူးဖော်ကာ ကျောက်တမံများဖြင့် ထိန်းကာထားနိုင်ပါက အုန်းချောင်းအတွင်းသို့ လှေ၊ သင်္ဘောများ အချိန်မရွေး ဝင်ရောက်ဆိုက်ကပ်နိုင်မည်ဖြစ်သဖြင့် ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့်လည်းကောင်း၊ မာန်အောင်မြို့နယ် အုပ်ချုပ်ရေးမှူးအနေဖြင့် လည်းကောင်း ကြိုးစားဆောင်ရွက်တင်ပြလုပ်ကိုင်သင့်ပေသည်။

မာန်အောင်ကျွန်းသည် စာရေးသူတို့ငယ်စဉ်ကပင်ကြားဖူးသည်မှာ မိန်းမလှကျွန်းဟူ၍လည်း အမည်ကျော်ကြားပါသည်။ မာန်အောင်ပျိုဖြူများချောပုံလှပုံမှာ စာရေးသူကိုယ်တွေ့ဖြစ်ပါသည်။ စာရေးသူ ပညာရေးဝန်ထမ်းဘဝတွင် ကျောက်ဖြူဆရာအတတ်သင်သိပ္ပံတက်ရောက်စဉ်က ခင်မင်ရင်းနှီးခွင့်ရသည့် ဆရာမများသည် မိန်းမချောမိန်းမလှ ကျက်သရေရှင်များ ဖြစ်ကြလေသည်။ မြန်မာနိုင်ငံအနှံ့ နေထိုင်ကြသည့် မာန်အောင်သူမိန်းမချောမိန်းမလှများကိုလည်း နေရာဒေသအလိုက် စာရေးသူများစွာတွေ့ရှိခဲ့ဖူးပါသည်။ မာန်အောင်သူမာန်အောင်သားတို့သည် သန့်မာထွားကျိုင်းခြင်း၊ အရုပ်အမောင်းကောင်းခြင်း၊ အသားအရေချောမွေ့လှပခြင်း စသည့်အင်္ဂါရပ်များနှင့်ပြည့်စုံကြကြောင်း စာရေးသူ လေ့လာ သိရှိခွင့်ရခဲ့ပါသည်။ စာရေးသူ၏မိတ်ဆွေ အစ်ကိုကြီး စာရေးဆရာသန်းလေး (မာန်အောင်) မှာ မာန်အောင်သားပီပီ အရပ်ရှည်ရှည်၊ ထောင်ထောင်မောင်းမောင်း အသားအရေလှပချောမွေ့၍ ယောက်ျားကောင်းပီသပါသည်။ မာန်အောင်သူမာန်အောင်သားတို့သည် နေ့စဉ်နှင့်အမျှ ပင်လယ်လေနုအေးကို ရှူရှိုက်နေကြရပြီး ကျွန်းဒေသထွက် လတ်ဆတ်သည့် အသီးအနှံ၊ ပင်လယ်မှ ဖမ်းဆီးရသည့် ပင်လယ်ငါးလတ်လတ်ဆတ်ဆတ်တို့ကို စားသုံးနေရခြင်းတို့ကြောင့် အသက်ရှည် ကျန်းမာဝဖြိုးအလှတိုးကာ လှချင်းတိုင်းလှနေကြသည့်အတွက် ရခိုင်ပြည်နယ်တစ်ဝှမ်းတွင် မိန်းမလှကျွန်းဟူ၍ ထင်ရှားကျော်ကြားနေသည်မှာ စာရေးသူကိုယ်တွေ့ပင် ဖြစ်ပါသည်။

ယခုအခါ မာန်အောင်ကျွန်းပတ်လမ်းမကြီးကို ဖောက်လုပ်ပြီးစီးနေပြီဖြစ်ပါသည်။ နိုင်ငံတော်မှ ကျောက်ကြမ်းလမ်းမှသည် ကတ္တရာသားခင်းလမ်းပြုလုပ်ပေးပါက မာန်အောင်ကျွန်းပတ်လမ်းနှင့်အတူ နိုင်ငံခြားသားဧည့်သည်များအပန်းဖြေနားနေနိုင်မည့် ဟိုတယ်မိုတယ်ကြီးများပေါ်ပေါက်လာတော့မည်ဖြစ်ပေသည်။ ရုပ်ပြေးယာဉ်ရေကြောင်းလမ်းသာမက မကြာမီ လေယာဉ်ကွင်းဖွင့်လှစ်ပြီးစီးပါက မာန်အောင်မြို့ ခရီးသွားလာရေးလုပ်ငန်းကြီး အောင်မြင်တိုးတက်လာမှာဖြစ်သလို မြို့မာန်အောင်သည် လှပဝေစည်ကျက်သရေတည်လျက် တောင်နီတောင်ကို ကားလမ်းဖောက်လုပ်မှုပြီးစီးခဲ့ပါက နိုင်ငံခြားသားများကို ဆွဲဆောင်နိုင်မည့် မာန်အောင်တောင်နီတောင်မှ မြက်မွှေးပန်းများနှင့် ဟနုမာန်ချောက်တို့မှာ ကမ္ဘာ့ခရီးသွားဧည့်သည်များ လေ့လာသွားရောက်မှုဖြင့် သတင်းကောင်းမွှေးပျံ့နိုင်တော့မည်ဖြစ်သည်ကို စာရေးသူ၏စိတ်မျက်စိထဲတွင် မြင်ယောင်လာမိပါသည်။

မာန်အောင်ကျွန်းကို မေဃဝတီသာယာကျွန်းဟု ဆိုပ်ကမ်းကောင်းသတ်မှတ်ခံရခြင်း၊ မင်းတို့ဘိသိက်မင်္ဂလာဆင်ယင်ကျင်းပရာဘွင် ဘူမိနက်သန်မြေမှန်ရယူရာကျွန်းဖြစ်ခြင်း၊ တစ်ပါးသောရန်ကို အောင်မြင်နိုင်သောကျွန်းဖြစ်ခြင်း၊ အောင်မြေနင်းရာ နေရာဒေသအဖြစ်သတ်မှတ်ခံရခြင်းတို့ကြောင့် ရန်အပေါင်းတို့ကို အောင်နိုင်ရာဖြစ်သောပြုသောနိမိတ်ကျွန်းဒီပါဖြစ်ခြင်းတို့ကြောင့် မာန်အောင်ကျွန်းဘွဲ့မည်လှကို ရရှိပိုင်ဆိုင်ခြင်း ဖြစ်လေသည်။

ထို့ကြောင့် ဗြိတိသျှစာရေးဆရာကြီး မောရစ်ကောလစ်ကိုယ်တိုင်ရောက်ရှိ၍ မှတ်တမ်းတင်ခြင်းခံရသည့် ကျွန်းမာန်အောင်ရှိ တောင်နီတောင်သည် ဆင်၊ ကျားသတ္တဝါများ မလာရောက်နိုင်ခြင်း၊ နတ်တို့စောင့်ရှောက်အပ်သော ဆေးဝါးပင်တို့ ပေါက်ရောက်ပေါများခြင်း၊ အဂ္ဂိရတ်ရွှေဖြစ်ငွေဖြစ်ဆေးပင်တို့ ပေါက်ရောက်ရှင်သန်ခြင်း၊ ဆေးဝါးကုသရန် အစွမ်းထက်ဆေးပင်များ ပေါက်ရောက်ခြင်းကြောင့် ဩသဓတောင်ဟု လည်းကောင်း၊ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံ၍ တောစဉ်တောင်အထပ်ထပ်နှင့် တောင်နီတောင်တည်ရှိခြင်းကြောင့် သီရိပဗ္ဗတောင်ဟု အမည်ရခြင်း၊ တောင်နီတောင်မှ ပတ္တမြားအဆင်း မြေနီမြေသားနှင့် မြက်မွှေးပန်းများ သင်းပျံ့ရာကိုအစွဲပြု၍ ဂန္ဓဗ္ဗတောင်ဟုသုံးမည်ရတောင်ဖြစ်ပါကြောင်းကို ကိုယ်တိုင် လေ့လာ သွားရောက်၍ မှတ်တမ်းတင်ရေးသားတင်ဆက်လိုက်ရပါသည်။

ရွှေချိုအောင် (ပေပသီ)




www.burmeseclassic.com

www.burmeseclassic.com

မောင်စိမ်းတွေး(ထားဝယ်)

# ဗျာဒိတ်ရတောင်အဓိဋ္ဌာန်အောင်မြေ
တွေးတွေးခြားခြား
# မှိုအုံးတောင်ရှေးဟောင်းဘုရား


နွေကျောင်းပိတ်အားလပ်ရက်ဖြစ်သဖြင့် တူတော်စပ်သူ ကျောင်းဆရာအောင်မင်းရှိန်အား ညတုန်းက ဖုန်းဆက်သွယ်ပြီး ဘုရားဖူးခေါ်ယူသောအခါ လိုလိုလားလား လက်ခံသည်။ သို့နှင့် တူတော်မောင်က မနက်စောစော (၆)နာရီခွဲလောက် ဝီရိယကောင်းကောင်း ရောက်လာချိန် စာရေးသူအိပ်ရာထနှင့်ပြီး၍ အဆင်သင့်သွားသည်။ သူက ရွာမှ (၁၁)မိုင်ခရီး ဆိုင်ကယ်မောင်းနှင်ရောက်လာသူဖြစ်သောကြောင့် အားနာစရာကောင်းနေသည်။ သို့သော် မတတ်နိုင်။ နံနက်စာတစ်ခုခုစားသွားမှ အဆင်ပြေမည်။ တူတော်မောင်က လမ်း၌စားပြီးဆိုသဖြင့် တစ်ကိုယ်တည်းပင် အိမ်ထမင်းကြော်ကို ကသုတ်ကရက်စားလိုက်ပြီးနောက် ရေနွေးကြမ်းတဖူးဖူးမှုတ်သောက်ရသည်။ ထို့နောက် တိုလီမိုလီထည့်ထားသော လွယ်အိတ်ကို ကောက်လွယ်ကာ တူဝရီးနှစ်ယောက် ဆိုင်ကယ်တစ်စီးနှင့် မှိုအုံးတောင်ဘုရားသို့ ရှေးရှုထွက်



မင်းလေးပါးတည်ထား မှိုအုံးတောင်ရှေးဟောင်းစေတီဘုရား



အောင်ရတနာစာတ်ပေါင်းစုစေတီ



မှိုအုံးတောင်ရန်ပြေမာန်ပြေဘုရား
အနီးကပ် ကြည်ညိုဖူးမြော်ရစဉ်




www.burmeseclassic.com


www.burmeseclassic.com



ဂူအမိုးကျောက်ပြားပေါ် စေတီငယ်



တောင်ခြေစောင်းတန်းထိပ်
ရှင်အရဟံနန္ဒဘုရားစေတီ




စေတီတနင်္ဂနွေထောင့်မှ
ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးတွေ့ရပုံ

လာခဲ့ကြပါသည်။


မှီအုံးတောင်သည် ထားဝယ်မှ မြောက်ဘက်သို့ (၈) မိုင်ခန့်ကွာဝေးပြီး ထားဝယ် - ရေးသွားကားလမ်းအရှေ့ခြမ်းတွင်ရှိသည်။ ရေဖြူမြို့နယ် ဇီးကျကျေးရွာ ကတ္တရာကားလမ်းအရှေ့ဘက်တွင် မှီအုံးတောင်ဘုရားလမ်းမုခ်ဦးဆိုင်းဘုတ်ကို တွေ့ရှိနိုင်ပါသည်။ မှီအုံးတောင်ဘုရားလမ်းမှာ တောင်ထိပ်ရင်ပြင်တော်အရောက်ဖောက်ထားသောမြေသားလမ်းဖြစ်သည်။ ယခင်က တောင်ပေါ်သို့ စောင်းတန်းမော့မော့ကို အမောဆို့မျှ ခြေလျင်တက်ရသော်လည်း ယခုတောင်ခြေမှ တောင်ပတ်တက်လမ်းအတိုင်း မော်တော်ကားတောင်ထိပ်အရောက်သွားနိုင်ပေပြီ။ ကုန်းတက်၊ ကုန်းဆင်းများ၍ဖုန်ထူသည်။ မုခ်ဦးမှာ အဝင်လမ်းတစ်လျှောက် လမ်းဘေးဝဲယာ၌ ရော်ဘာခြံ၊ သီဟိုဠ်ခြံ၊ ဒူးရင်းခြံ၊ မရန်းခြံ၊ ကွမ်းခြံ၊ အုန်းခြံ၊ တောင်ပေါ်သီးနှံဥယျာဉ်ခြံများရှိသည်။ အရိပ်အာဝါသကောင်းသဖြင့် နေပူမခံရချေ။ မုခ်ဦးမှ(၂)ဖာလုံ၌ လမ်းခွဲရောက်လျှင် ရှေ့တည့်တည့်လမ်းမှာ ရှမ်းတောင်ဘုရားသွားလမ်းဖြစ်၍ လက်ဝဲလမ်းခွဲကိုလိုက်ရသည်။ ထားဝယ်က ရှမ်းဟုခေါ်သော ယိုးဒယား (ထိုင်း) တို့ လွှမ်းမိုးစဉ်က တောင်ပေါ်စေတီတစ်ဆူ တည်ထားခဲ့သည်ကို နှောင်းလူတို့က ရှမ်းတောင်ဘုရားဟု အမှတ်သညာပြုခဲ့သည်။

ဒုတိယ(၃)ဖာလုံခန့်တွင် နောက်ထပ် လမ်းဆုံလမ်းခွရောက်ပြန်သည်။ လက်ယာလမ်းခွဲသို့ဆက်လိုက်သွားလျှင်



ရင်ပြင်တော်အနီး အောင်ဆုပန်စေတီ

www.burmeseclassic.com



ရန်ပြေမာန်ပြေအောင်မြေစေတီအား လိုဏ်အပေါ်၌ တင့်တယ်စွာ ဖူးတွေ့ရပုံ



အာရုံခံဝတ်အတွင်းမှ ကြေးဆင်းတု



လိုဏ်ဂူစေတီဝတ်ကျောင်းမှ ထိုင်တော်မူဆင်းတုများ

တဲအိမ်စုစု ကျောက်ခွဲစခန်းတစ်ခုနှင့် ကျောက်သယ်ကားကြီးနှစ်စီး သစ်ပင်ကြို သစ်ပင်ကြား ထိုးဆိုက်သည်ကို မြင်ရသည်။ ထိုနေရာမှ ကိုက် (၁၀၀) ခန့်၌ တောင်ခြေဖြစ်ပြီး ရုတ်တရက် ဆံညှပ်ချိုးကွေ့ တောင်တက်မတ်မတ်လမ်းရှိသည်။ ၁၃၄၇ ခုနှစ်က ဆရာတော်ဦးအဂ္ဂဉာဏနှင့် ရွာသူရွာသားတို့ စုပေါင်းတောရှင်း၍ (၄) ဖာလုံရှိ တောင်ပေါ်တက်ကားလမ်းဖောက်ကြောင်း သိရသည်။ မနီးမဝေးတွင် ဘုရားစောင်းတန်းကြီးကို လှမ်းမြင်ရသည်။ တူတော်မောင်က ဆိုင်ကယ်မောင်းနှင်ကျွမ်းကျင်သူဖြစ်သောကြောင့် ခြေလျင်မလျှောက်ရဘဲ တောင်ပေါ်သို့ မမောမပန်းနှင့်ရောက်ရှိသည်။ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန်တို့ အမိုးအကာလုံလုံခြုံခြုံ၊ သရက်၊ ပိန္နဲ၊ မရန်း၊ ဒူးရင်း၊ မင်းကွတ်၊ အုန်း၊ ကွမ်း ဝေဝေဆာဆာနှင့် အေးချမ်းတိတ်ဆိတ်သော ဘုရားရိပ်တရားရိပ်သို့ စာရေးသူ ခိုနားရောက်ရှိခဲ့ပါသည်။

❑

ဗုဒ္ဓမြတ်စွာဘုရားရှင် (၁၁) ဝါမြောက်တွင် ဝေမိဿကတောင် (ယခု ကျောက်ထောင့်ရွာအနီးက နန်းတောင်)၌ သီတင်းသုံးကာ ဂဝံပတေ့ရသေ့၊ ဒူရကနတ်သား၊ ကုမ္ဘဏ္ဍနတ်ဘီလူးတို့အား သစ္စာလေးပါးတရားဟောကြားပြီးနောက် ဆံတော်မြတ်သုံးဆူ ချီးမြှင့်တော်မူသည်။ ထို့နောက် အရှေ့အရပ်သို့ လက်ညှိုးညွှန်တော်မူကာ ကုသိန္ဒြတောင် (ယခု မှိုအုံးတောင်) ကို ပြတော်မူ၍ -

'မင်း (၄) ပါးတို့ စစ်ကြီးခင်းလျက် ပေါင်းစည်းကြပြီး စေတီတည်ထားကိုးကွယ်ကြလတ္တံ့'

ဟု ဗျာဒိတ်ပေးတော်မူသည်။

သာသနာနှစ် ၃၅ ခုနှစ်အရောက်တွင် ဇင်းမယ်မင်း၊ ယိုးဒယားမင်း၊ ယွန်းမင်း(၃)ပါးတို့ စုပေါင်းပြီး ကုသိန္ဒြတောင်၌ ဘုရားတည်ရန် စစ်အင်္ဂါခင်းကျင်းချီတက် ရောက်ရှိလာကြပြီးလျှင် တောင်ကုန်းကို သုတ်သင်ရှင်းလင်းကာ တဲနန်းဆောက်နေကြလေသည်။ အောင်သာဝတီပြည့်ရှင် (ယခု ကလိန်အောင်) နရုတိမင်းလည်း နယ်လွန်ကျူးကျော်လာသော ပြည်ထောင်ခြားသားတို့အား စစ်မက်ပြုရန် ဗလဒေဝစစ်ဝန်ချုပ်နှင့် စစ်သူကြီး (၅) ဦးကြီးကြပ်၍ သေနင်္ဗျူဟာကျမ်းနှင့်အညီ ဗျူဟာလေးပါးခင်းကာ အလုံးအရင်းနှင့်စစ်ထွက်ရန်ကြံစည်


www.burmeseclassic.com




တောင်ထိပ်ရင်ပြင်တော်အရောက်ကားလမ်း

သည်။

ထိုအခါ ရဲမက်စစ်သည်အပေါင်း အကြီးအကျယ် ပျက်စီးကြမည်ကို မြင်တော်မူ၍ သိကြားမင်း၏ လျှောက်ထားချက်အရ ဂန္ဓာလရာဇ်တိုင်းမှ ယောသိတရဟန္တာမထေရ်မြတ် ကြွရောက်လျက် တရားပြဆုံးမဩဝါဒဟောကြားတော်မူသည့်အခါ မင်း (၄) ပါးတို့ ညီညွတ်ကြလေသည်။ ရဟန္တာအရှင်မြတ်က သရီရဓာတ်တော်စစ် (၄) ဆူကို တစ်ဆူစီပေးအပ်တော်မူ၏။ ဇင်းမယ်မင်းက ဉာဏ်တော် (၆) လက်မရှိ မြသားရုပ်ပွားတော်တစ်ဆူနှင့် နဝရက်ိုးပါးစီခြယ်ရွှေစေတီတစ်ဆူ၊ ယိုးဒယားမင်းက ဉာဏ်တော် (၁၀) လက်မရှိ စိန်ထီးတင်မြသားစေတီတစ်ဆူနှင့်ရတနာစီခြယ်ရွှေစေတီတစ်ဆူ၊ ယွန်းမင်းက ဉာဏ်တော် (၆) လက်မရှိ ရုပ်ပွားတော်တစ်ဆူနှင့်ရွှေစေတီတစ်ဆူ၊ နရုတိမင်းက ဉာဏ်တော် (၆) လက်မရှိ သံသေရုပ်ပွားတစ်ဆူနှင့် ရွှေစေတီတစ်ဆူတို့ကို ကျောက်ပြားကျောက်အင်တေဖြင့်ပြီးသော အလျား (၆၀) တောင်၊ အနံ (၃၀) တောင်၊ ဇောက် (၂၅) တောင်ရှိ ဌာပနာတိုက်၌ သွင်းနံ့ကြပြီးလျှင် ဉာဏ်တော်(၃၅)တောင်မြင့်သည့် စေတီတော်ကို တည်ထောင်မူသည်။ သာသနာနှစ် ၃၅ နှစ် တန်ခူးလပြည့်နေ့တွင် ခဲထီးတော် တင်လှူပြီးမြောက်သည်။ တန်ခူးလပြည့်ကျော် ၃ ရက်တွင် ဧည့်သည်



လိုဏ်ဂူအမိုးကျောက်ပြားပေါ် စက်တော်ရာ



မုခ်ဦးအဝင် (ရေဖြူမြို့နယ်၊ ဇီးကျွန်းရွာ)


www.burmeseclassic.com




တောင်ထိပ်စောင်းတန်းနှင့်အာရုံခံ



ဂေါဝိန္ဒရသေ့ကြီး ကျောက်ဖျာပေါ်ဝယ်



ရင်ပြင်တော်ရှိ ကမ္ပည်းမော်ကွန်း၊

ဘော်မင်း(၃)ပါးတို့ တိုင်းပြည်အသီးသီး ပြန်သည်။ နရုတိမင်းကပင် အတောင် (၁၀၀) ထုပါရုံစေတီအဖြစ် သာသနာနှစ် ၅ ခုတွင် ပြန်လည်ပြုပြင်တည်ခဲ့ရာ သက္ကရာဇ် ၆၉ တွင် ပြီးစီးသည်။

❑

ကောဇာ ၁၃၃၁ မှီအုံးတောင်၌ ဦးအဂ္ဂဉာဏ ဆရာတော်တစ်ပါးတည်း တောရဆောက်တည်သီတင်းသုံးသည်။ ဆရာတော်သည် တရားအားထုတ်ရှုမှတ်ရင်း တောင်တော်သာယာရေးကိုလည်း စောင့်ရှောက်ပြုပြင်ခဲ့၏။ စေတီတော်အဟောင်းကိုင်၍ အသစ်တည်သည်။ တောရှင်း၍ တောင်ပေါ်လမ်းဖောက်သည်။ ရင်ပြင်တော်သွပ်မိုးစောင်းတန်းဆောက်သည်။ သက်တော် (၈၀) ပြည့်သောအခါတွင် ဇီးကျွန်းဦးဘုရားမဲသားကျောင်းသို့ ပြောင်းရွှေ့ သီတင်းသုံး၏။

ယခုလက်ရှိ တောရသီတင်းသုံး သာသနာပြုဆရာတော်မှာ ဦးသောဘဏ ဖြစ်သည်။ ဇီးကျွန်းဇာတိဖြစ်၍ တောထွက်ရဟန်းဖြစ်၏။ သက်တော်(၇၀)နှစ်၊ သိက္ခာတော် (၃၃) နှစ် ဖြစ်သည်။ ဆရာတော်ဦးသောဘဏက ဘုရားမဲသားကျောင်းသို့ တွဲတေးရေလယ်ဆရာတော်ကြွရောက်လာစဉ် စွန့်သောပုတီးနှင့် ဆေးသောက်ရာမှ လူဝတ်ကြောင်ဖြင့် မနေနိုင်တော့သဖြင့် သာသနာ့ဘောင်ရောက်ခဲ့ကြောင်း၊ လက်ဦး ကလိန်အောင်ဆံတော်ရှင်၌ သီတင်းသုံးပြီးနောက် မှီအုံးတောင်သို့ ကြွရောက်ကြောင်း မိန့်တော်မူပါသည်။ လွန်ခဲ့သော အနှစ်(၂၀) ခန့်က ကိုရင်ကြီးရှင်ရာဇိန္ဒရှိစဉ်က ဆရာတော်ဝေယျာဝစ္စနှင့် တောင်တော်သာယာရေးအားထားစရာရှိခြားသော်လည်း ကိုရင်ကြီး ပျံလွန်တော်မူပြီးနောက်တွင် တစ်ပါးတည်းပင် ခြိုးခြံသီတင်းသုံးလျက်ရှိသည်။

ဆရာတော်အား တောင်စောင့်ကြီး လာရောက်ကန်တော့၍ သာသနာပြုရန် တောင်းပန်အိပ်မက်ပေးသကဲ့သို့ သင့်တော်ရာ အစောင့်အရှောက်များကလည်း လိုက်လံစောင့်ရှောက်ပေးသည့် ကိုယ်တွေ့အများကြီးကြုံရသည်။ မေတ္တာအားနှင့်နေသည်ဟု တိုတိုတုတ်တုတ် ဆရာတော်က အမိန့်ရှိပါသည်။ ဆရာတော်မှာ လှုပ်လှုပ်ရှားရှားနေတတ်၍ သွေးလေညီညွတ်ကာ ကျန်းမာဆဲဖျတ်လတ်ဆဲရှိပါသည်။

❑

မှီအုံးတောင်ဟု ခေါ်ဆိုရခြင်းမှာ ရှင်တောင့်ပုံဘုရားသမိုင်းမှ ရွှေဥဒေါင်းမင်းအား ထောင်ဖမ်းယူရန်ထွက်လာသော မုဆိုး မောင်နွားသည် ဒေါင်းမရဘဲ ဒေဝပဗ္ဗတောင်ပေါ်နေ ဂီရိပစ္စယရှင်ရသေ့ကြီးနှင့်တွေ့ဆုံ၍ အကျွတ်တရားရကာ ဂေါဝိန္ဒရသေ့အဖြစ်သို့ ရောက်ရှိပြီးသကာလ ယခင်က နရုတိမင်းနှင့် ရှမ်းမင်း (၃) ပါး စေတီတော်တည်ထားခဲ့သည့် ဤတောင်(ကူ့သိန္ဒြ)၌ တရားအားထုတ်နေထိုင်သည်ဟုဆို၏။ ဂေါဝိန္ဒရသေ့အမှီပြု၍နေသဖြင့် ကူ့သိန္ဒြတောင်



www.burmeseclassic.com


www.burmeseclassic.com



မုလ်စောင်းတန်းကြီး




အဓိဋ္ဌာန်စေတီငယ်များနှင့် ကျောင်းဆောင်တစ်နေရာ



ဂေါဝိန္ဒရသေ့ ဂူအောင်းတရားကျင့်သောတဂူ
(ယခု ပိတ်လိုက်ပြီ ဖြစ်သည်)



တောရဆရာတော် ဦးသောဘဏ



ဂေါဝိန္ဒရသေ့မြတ် တရားထူးအောင်မြေ

အမည်မှ မှီအုံးတောင်ဟူ၍ တွင်လာကြောင်း ဆရာကြီးရွှေဝယ်ဇေါ်ထားဝယ်ရာဇဝင်သမိုင်းတွင် ဖော်ပြထားသည်။

မင်း(၄)ပါးတို့ ရန်ငြိုးရန်စ အကြွင်းမဲ့သောကြောင့် မှီအုံးတောင်စေတီကို ရန်ပြေမာန်ပြေဘုရားဟုခေါ်သမုတ်သည်။ မုခ်တစ်ဖက်ပါစေတီကြီးကား ရှေးကလက်ရာ ရိုးရိုးရှင်းရှင်း သက်န်းတော်ရွှေတဝင်းဝင်းနှင့် သပ္ပာယ်တင့်တယ်စွာ ဖူးမြော်ကြည်ညိုရပါသည်။ အာရုံခံဝတ်အတွင်း ထိုင်တော်မူ ကြေးဆင်းတုတစ်ဆူ ကိန်းဝပ်လျက်ရှိသည်။ ရှေးကသလင်းကျောက်ဆင်းတု မိုးကြိုးခပြီးနောက် ကြေးဆင်းတုကို တောင်ငူကျောင်းမှ ပင့်ဆောင်ထားကြောင်း သိရ၏။ စေတီတော်အောက်ပလ္လင် ၄၀ ပေ× ၄၀ ပေ × ၄ပေ၊ အထက်ပလ္လင် ၂၂ပေ× ၂၂ပေ×၃ပေ ရှိသည်။ ပလ္လင်ပြုလုပ်စဉ် တဝုတ်ဝုတ်ဟောင်သံ တညံညံနှင့် သဲသဲမဲမဲပြေးဟပ်ထိုးလိုက်လာသောခွေးရှေ့မှ တောကောင်ကို မမြင်ရဘဲ ရင်ပြင်အရှေ့မြောက်ထောင့်နေရာတွင် သွေးစက်စက်ယိုကာ အစပျောက်သွားသည်ဟု ဆရာတော်က မှတ်မှတ်ရရဆို၏။

စေတီတော် တနင်္ဂနွေထောင့်ရှိ တောင်ဘီးပင်ကြီးအောက်တွင် ကျောက်တုံးကျောက်ချပ်များ ဝိုင်းပတ်စီထား

www.burmeseclassic.com



တရားအားထုတ်သူများအတွက် ကျောင်း။ ဇရပ်၊ ရေကန် အပြည့်အစုံ



တောင်ပတ်ကားလမ်းကုန်းတက်တစ်နေရာ



နတ်ရေတွင်း၊ (ဆေးဖက်ဝင်၍ သောက်သုံးက ရောဂါကင်းသည်ဟု ယုံကြည်)

သော ကျောက်ဖျာတစ်ချပ်ရှိပြီး ထိုနေရာသည် ဂေါဝိန္ဒရသေ့မြတ် တရားအားထုတ် ဈာန်ဝင်စားသောနေရာဖြစ်ကြောင်း ရှေးအဆက်ဆက် တောရမှီဆရာတော်ကြီးတို့က ညွှန်ပြခဲ့သည်ဟု သိရသည်။ နှောင်းလူတို့ အမှတ်ရစေခြင်းငှာ ရှင်ရသေ့တရားအားထုတ်ပုံတော်ကို ထုလုပ်ထားရှိသည်ကို တွေ့ရှိရသည်။ ရင်ပြင်တော်အနီး အောင်ရတနာခာတ်ပေါင်းစုစေတီ၊ အောင်ဆုပန်စေတီ၊ ရန်ပြေမာန်ပြေအောင်မြေစေတီတို့ကို ဖူးရ၏။ ရင်ပြင်တော်အလျှ



တောင်ဘီးယင်ကြီးအောက် ဂေါဝိန္ဒရသေ့
တရားအားထုတ် ဈာန်ဝင်စားနေရာ

နှင့် ရန်ပြေမာန်ပြေအောင်မြေစေတီ ကမ္ပည်းမော်ကွန်းစာရေးထိုးစိုက်ထူထားသည်။ ရန်ပြေမာန်ပြေအောင်မြေစေတီ လိုဏ်အတွင်း ကြာပန်းပုံဖော်နေရာကား ဂေါဝိန္ဒရှင်ရသေ့ကြီး တရားထူးရရှိသည့် အောင်မြေတည်း။

❑


ဆရာတော် လမ်းညွှန်သဖြင့် စာရေးသူတို့သည် ရင်ပြင်တော်မှဆင်းပြီး ဇရပ်ရှေ့ရှိ လမ်းကလေးအတိုင်း မြောက်ဘက်တောင်စောင်းသို့ရောက်သွားသောအခါ လူကြီး (၄) ယောက်ဖက် သပိတ်ကြမ်းပင်ကြီးအောက် နေပြောက်မထိုး အရိပ်မိုးလျက် မြေပြန့်ပြန့်ဝိုင်းဝိုင်းကို တွေ့ရသည်။ နွယ်ကြိုးဒန်းတွဲလောင်းနှင့် ဖြစ်သည်။ ရှင်ဇံနှင့် ရှင်ဇောမောင်နှမတို့ ရဟန္တာရှင်အရဟံမထေရ်မြတ် ချီးမြှင့်သော စွယ်တော်ဓာတ်တစ်ဆူကို သူရသင့်ငါရသင့်လုကြသောနေရာဟုဆို၏။ ရှင်ဇံဆိုသည်မှာ နောင်အခါ သာဂရပြည့်ရှင် သာသနာပြုမင်းတစ်ပါး ဖြစ်ခဲ့သည်။

လူသွားလမ်းဖုံဖုံအတိုင်း အရှေ့ဘက်တောင်စောင်းမြောင်သို့ ကိုက် (၁၅၀) ခန့် ဆင်းသွားသောနေရာတွင် ရေမခန်းသော ကျောက်ခွက်ရေတွင်းရှိ၏။ နတ်ရေတွင်းဟုလည်း ခေါ်သည်။ ၄ပေ - ၃လက်မ × ၃ပေ - ၈လက်မ× ၂ ပေ - ၁ လက်မ အတိုင်းအတာ အင်တေကန်ငယ်ကို အသေအချာလုပ်ထားသည်။ စာရေးသူတို့ရောက်သွားသော တပေါင်းလ၌ ရေအနက် (၇)



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဖံ-ရှင်ဇော စွယ်တော်စေတီတစ်ဆူလှုသောနေရာ



နတ်ရေတွင်းသွား တောင်စောင်းမြောင်လမ်း

လက်မရှိနေသည်။ ဂေါဝိန္ဒရှင်ရသေ့ အမိဋ္ဌာန်ပြု၍ နတ်တို့ဖန်ဆင်းပေးထားသောရေတွင်းငယ်ဟု ဆို၏။ ကျောက်စက်ရေဖြစ်သောကြောင့် ကြည်လင်အေးမြနေသည်။ ဆုတောင်းပြီးသောက်ပါက ဆေးဖက်ဝင်၍ ရောဂါအရှင်းပျောက်ကင်းချမ်းသာကြောင်း ယုံကြည်ကြသည်။ ခပ်လှမ်းလှမ်းမြောင်စောင်း၌ အကြောင်းအမျိုးမျိုးအဓိဋ္ဌာန်အထွေထွေ စေတီငယ်ကလေးများ ကုသိုလ်ပြုထားကြသည်။

နတ်ရေတွင်းမှ အရှေ့ဘက်ကို (၅၀) ခန့်တွင် သစ်ရာပင်ကြီးအကိုင်းကျိုးပိ၍အမိုးပြိုပျက်နေသော ကမ္မဋ္ဌာန်းကျောင်းငယ်တစ်ဆောင်နှင့် မနီးမဝေး၌ သွပ်မိုးအင်္ဂတေလိုဏ်ဂူတစ်လုံး၊ ရသေ့မြတ်ဂေါဝိန္ဒ ဂူအောင်းတရားကျင့်ရာ 'ဣစ္ဆာသယတိပဏ္ဏဝတစ်ဝဂူ' တည်း။ ရသေ့မြတ်၏ မူလအောင်ဌာနတည်း။ ဂူအတွင်းသို့ အတော်များများနက်ပြီးအထဲ၌ ရသေ့ရှင်မြတ် သီတင်းသုံးသောကျောက်ခုတင်သို့မဟုတ် ကျောက်ဖိုင်ခုံရှိသည်ဟု အဆိုရှိသည်။ သို့သော် ယခုပိတ်ပြီး ပြုပြင်လိုက်ပေပြီ။ ဂူပေါက်အဝ ၅ ပေ - ၁၀ လက်မ × ၅ပေ-၁၀လက်မ ကျယ်သည်။ ဂူအမိုးကျောက်ပြားကြီးပေါ်၌ ဘုရားရှင်ခြေတော်ရာတစ်ဆူနှင့် ညာဏ်တော် (၅) တောင် မဟိန္ဒိအောင်တော်မူစေတီငယ်တစ်ဆူဖူးတွေ့ရသည်။ စေတီအာရုံခံဝတ်တွင် ထိုင်တော်မူဆင်းတု (၈) ဆူ တောကြီးမျက်မည်းအလယ် စံပယ်လျက်ရှိ၏။ အချိန်ရသမျှ စာရေးသူ သန့်ရှင်းရေးကုသိုလ်ယူခဲ့ပါသေးသည်။

ဘုရားရှင်၏ ဗျာဒိတ်ရတောင်တော်မြတ်ဖြစ်ခြင်း၊ မင်း (၄) ပါးတည်တန်ခိုးကြီးဘုရားစေတီရှိခြင်း၊ သာသနာပြုမင်း ရှင်ဖံနှင့် သာသနာပြုရှင်ရသေ့ ဂေါဝိန္ဒတို့၏ အောင်မြေဌာနဖြစ်ခြင်း၊ တောင်များ ဝန်းရံ၍ ဟောများအလယ် ဆိတ်ငြိမ်အေးချမ်းခြင်း၊ သူတော်စင်တို့၏ တောရကျောင်းအင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်ခြင်းတို့ကြောင့် သမိုင်းဝင်မှိုအုံးတောင် ရှေးဟောင်းဘုရားသို့ အရောက်သွား၍ သမထဖြစ်စေ၊ ဝိပဿနာဖြစ်စေ ကျင့်ကြံအားထုတ်ပါ။ အဓိဋ္ဌာန်ဝင်ပါ၊ ဆုတောင်းပါ။ ထူးထူးခြားခြား အောင်မြင်အကျိုးများမည်သာတည်း။

ဓမ္မောဟဝေရက္ခတိဓမ္မစာရီ တရားစောင့်သူအား တရားကပြန်စောင့်သည် မဟုတ်ပါလား။

မောင်စိမ်းထွေး (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

# အောင်သီဟ
# မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ဘိုရားကြီးကျေးရွာ
# စက်ဝင်းကျောင်းဆရာတော်

"ငါသေရင် မီးသဂြိုဟ်ခြင်းမလုပ်နဲ့၊ မြေမမြှုပ်ကြနဲ့"

(စက်ဝင်းကျောင်းဆရာတော်)

ယခင်အခါကာလတစ်ခုက စီးပွားရေးလုပ်ငန်းရှင်ဖြစ်ခဲ့သော်လည်း ယခုအခါမှာ စာရေးသူက စာရေးသားခြင်းဖြင့်ဘဝရပ်တည်နေသူ ဖြစ်ပါသည်။ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် တစိုက်မတ်မတ်စာရေးသားခြင်း၊ ဘုရားသမိုင်းစာအုပ်၊ ဂမ္ဘီရဖြစ်ရပ်ဆန်းစာအုပ်၊ ဗဟုသုတဖြစ်စေသောစာအုပ်၊ ဘာသာရေးခရီးသွားစာအုပ်များ စသည်ဖြင့်ရေးသားထုတ်ဝေဖြန့်ချိခြင်းနှင့်ပတ်သက်သော လုပ်ငန်းများဖြင့် ဘဝခရီးလမ်းကိုဖြတ်သန်းနေသူဖြစ်ပါသည်။

ဆံတော်ရှင်ကျိုက်ထီးစေတီတော်နှင့် ကျိုက်ထီးရိုးတောင်တော်သည် စာရေးသူ၏ စာရေးသားရာ ရပ်ဝန်းဒေသ ဖြစ်ခဲ့၏။ အတိတ်က မည်သို့ဆက်စပ်ခဲ့သည်ကိုမသိ။ အချိန်ရအလုပ်အားပြီဆိုလျှင်ဖြင့် ကျိုက်ထီးရိုးတောင်ပေါ် တက်ခဲ့၏။ ကျိုက်ထီးရိုးတောင်ပေါ်ရောက်ပြီဆိုလျှင် စိတ်မှာကြည်လင်အေးချမ်းလန်းဆန်းသွား၏။ ကမ္ဘာ့အံ့ချီးမကုန် ကျိုက်ထီးရိုးဘုရားကြီးဖူးရပြီဆိုလျှင် ရင်ထဲမှာ ဖော်ပြ၍မရအောင်ပင် ဝမ်းသာပီတိ ဂွမ်းဆီထိသလိုဖြစ်ခဲ့ရ၏။ တောင်ပေါင်း (၃၃) လုံးကို ဖြတ်သန်း တိုက်ခတ်လာသော လေနုအေးအေးလေးများ ရှူသွင်းရပြီဆိုပါလျှင်လည်း ရင်ထဲမှာ အေးချမ်း၍ အားသစ်တွေဖြစ်လာစေ၏။ ထိုထိုသော ထူးခြားချက်များက စာရေးသူကို ကျိုက်ထီးရိုးတောင်တော်ပေါ်သို့ အမြဲရောက်ဖြစ်စေခဲ့၏။

"ဦးကံကြီး၊ ဘိုရားကြီး ရောက်ပြီလား။ ဟိုမှာစက်ဝင်းကျောင်းဆရာတော်



စက်ဝင်းကျောင်းမှာသီတင်းသုံးတော်မူသော ရုပ်ပွားတော်မြတ်ပုံ



စက်ဝင်းကျောင်းဆရာတော်ပုံ



ထွက်ရပ်ပေါက်စက်ဝင်းကျောင်းဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မှန်ခေါင်းအတွင်းမှ
စက်ဝင်းကျောင်းဆရာတော်၏ရုပ်ကလာပ်တော်



မှန်ခေါင်းထဲမှ စက်ဝင်းကျောင်းဆရာတော်ကြီး၏ရုပ်ကလာပ်တော်



စက်ဝင်းကျောင်းရှေ့မှ ကမ္ပည်းမော်ကွန်း



(၁၅) နှစ်တိုင်ကြာသော်လည်း အရိုးအဆစ်တွေက ပျော့ပျော့ပျောင်းပျောင်းပဲ

ဂုဏ်သတင်းကကြီးပါဗျ။ ရုပ်ကလာပ်တော်က ယနေ့တိုင် မပုပ်မသိုးဘူး။ နောက်ထူးခြားတာက အရိုးအဆစ်တွေ ယနေ့တိုင် (၁၅) နှစ်၊ (၁၆) နှစ်ရှိပြီ။ ပျော့ပျော့ပျောင်းပျောင်းနဲ့။ သွားနိုင်ရင်တော့ ဆောင်းပါးကောင်းကောင်းတစ်ပုဒ်ရမယ်။ ဦးကံကြီးသွားမယ်ဆိုရင် ကျုပ်တို့ဌာနမှာ ဘိုရားကြီးသားတစ်ယောက်ရှိတယ်။ သူ့နာမည်က ဝေလင်းလတ်။ ရှိတယ်၊ သူ့ကိုလိုက်ပို့ခိုင်းလိုက်မယ်"

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ပင်မအလှူခံဌာနမှ တာဝန်ခံ ဦးမြအောင်မှ စက်ဝင်းကျောင်းဆရာတော်အကြောင်း သတင်းစကားပါးလိုက်သည်နှင့် ဘိုရားကြီးသားကိုဝေလင်းလတ်နှင့်တွေ့ဆုံ၍ မပုပ်မသိုးသော ရုပ်ကလာပ်တော်ရှိရာ စက်ဝင်း




စက်ဝင်းကျောင်းဆရာတော်ကြီး စီရင်ခဲ့သော အင်း



www.burmeseclassic.com

www.burmeseclassic.com



ယခုလက်ရှိ စက်ဝင်းကျောင်းဆရာတော် ဦးကဝိန္ဒ (ဓမ္မာစရိယ)



လက်ရှိ စက်ဝင်းကျောင်းဆရာတော် ဦးကဝိန္ဒ (ဓမ္မာစရိယ) နှင့် စာရေးသူ



လက်ရှိ စက်ဝင်းကျောင်းဆရာတော် ဦးကဝိန္ဒ (ဓမ္မာစရိယ)



စက်ဝင်းကျောင်းသို့ အရောက်ပို့ဆောင်ပေးခဲ့သော ကိုဝေလင်းလတ်နှင့် အမှတ်တရ

ကျောင်းသို့သွားရန် ဆုံးဖြတ်လိုက်ပါတော့၏။

"ဆရာတော်က မထွက်မိမိန့်တာကြားဖူးတယ်ဗျ။ ရောင်တော်ပြန်ဘုရားဖူးပြီးမှ နိဗ္ဗာန်ဝင်မယ်တဲ့"

ဝိဇ္ဇာလိုင်းလိုက်၍ ထွက်ရပ်ပေါက် မဟိဒ္ဓိဆရာတော်၊ မဟိဒ္ဓိပုဂ္ဂိုလ်များ မိန့်ကြားသောစကားများကို စာရေးသူကြားဖူးပါ၏။ ဝိဇ္ဇာရေဂမ္ဘီရအတတ်ပညာများဖြင့် သာသနာပြုရင်း အသက်ထောင်ချီရှည်ကြာရန် အဓိဋ္ဌာန်ပြုကြ၏။ တချို့သော ဝိဇ္ဇာမိုရ်ဆရာတော်များ ဦးကောဝိဒ (မယ်ဘော့ကုန်း)၊ ဦးပဏ္ဍိတ၊ တောင်တွင်းကြီး ဦးဥတ္တမကျော်တို့သည် ထိုကူး၍ သက်တော်ရှည်ကြာ သာသနာပြုကြ၏။ သာသနာ ၅၀၀၀ ပြည့်ပြီးနောက် ရောင်တော်ပြန်လွှတ်တော်မူသောအချိန် ထိစောင့်၍ ရောင်တော်ပြန်နိမိတ်ရုပ်ပွားတော်မြတ်ဖူးပြီး နိဗ္ဗာန်ရွှေပြည်နန်းတက်လှမ်းကြမည်ဟု ဖတ်ဖူး မှတ်ဖူး ကြားဖူးပါ၏။ ထိုကူးသောဗွီစီဒီမှတ်တမ်းလည်း ကြည့်ဖူးပါသည်။ စက်ဝင်းဆရာတော် မိန့်ကြား ဩဝါဒစကားက ရောင်တော်ပြန်ပွဲဆင်နွှဲပြီးမှ နိဗ္ဗာန်ဝင်မည် ဖြစ်ပါသည်။


"နောက်ပြီးမိန့်ကြားခဲ့တာရှိသေးတယ်။ ငါပျံလွန်ရင် ကြည့်နေ၊ ကြက်ပျံမကျ စည်းကားမယ်။ ငါမရှိတဲ့နောက် ငါ့ပုံတော်တွေ ရှိသေစွာ သေချာထား၊ ဘုရားကြည်ညို၊ တရားပွားများ၊ သံဃာရိုသေကြသူတွေ၊ ဘယ်သောအခါမှဒုက္ခမရောက်စေရဘူး"


ကျိုက်ထိုမြို့ ဆုတောင်းပြည့်ဘုရားကြီးအနီးမှရှိ တောလေးစက်ကွေ့လမ်းဆုံရောက်တော့ ဆိုင်ကယ်မောင်း၍ လိုက်ပို့ပေးသူ ကိုဝေလင်းလတ်က လက်ဖက်ရည်တိုက်ပါရစေဟု ဆိုလာသဖြင့် စက်ကွေ့ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ကြရင်း ကိုဝေလင်းလတ်က သူ့အတွေ့အကြုံများ၊ သူသိထားသော စက်ဝင်းကျောင်းဆရာတော်ကြီး၏ထူးခြားမှုများကို ပြောပြပါသည်။ ဂေါပကအဖွဲ့ဝန်ထမ်းဖြစ်သူ ကိုဝေလင်းလတ်နှင့် လက်ဖက်ရည်သောက်ကြပြီးနောက် လက်ဖက်ရည်ဆိုင်မှအထွက် နောက် ကျိုက်ထီးရိုးစေတီတော်ပင်မအလှူခံဌာနမှ တာဝန်ခံ ဦးမြအောင်၏ ငယ်သူငယ်ချင်းဖြစ်သူ ယခင် ကျိုက်ထိုမော်တော်ယာဉ်အသင်းဂိတ်မှူးလုပ်ခဲ့သော ဦးဇော်ဝင်းနှင့် အမှတ်မထင်တွေ့ဆုံကြရာ ဘိုရားကြီးစက်ဝင်းကျောင်း

www.burmeseclassic.com


မှန်ခေါင်းဖွင့်ရန် စီစဉ်ကြပုံ


ဇက်ဝင်းကျောင်းအဝင် ကားလမ်းဘက်မှ မုခ်ဦး




ဇက်ဝင်းကျောင်းအဝင်မုခ်ဦး


ဦးဇော်ဝင်းမှ သူ့အတွေ့အကြုံများ ပြောပြနေစဉ်

ဆရာတော်ဆောင်းပါးရေးရန်သွားမလို့ဟု ဆိုလိုက်သည်နှင့် ထိုဆရာတော်ကြီး၏ ထူးခြားမှုတစ်ခုကိုပြောပြချင်သည်။ အိမ်က မဝေးလှဘူး၊ လိုက်ခဲ့ပါဆို၍ ကျိုက်ထိုမြို့ပေါ်ရှိ ဦးဇော်ဝင်း၏အိမ်သို့ လိုက်ခဲ့ရပါတော့၏။

ဦးဇော်ဝင်းသည် မော်တော်ယာဉ်ဂိတ်မှူးဘဝမှ အနားယူခဲ့ပြီးနောက် မိဘလက်ငုတ်ဖြစ်သော ပဲကြော်ဖိုလုပ်ငန်းလုပ်ကိုင်နေသူ ဖြစ်၏။ ကျိုက်ထိုမြို့ပေါ်နှင့်အနီးအနားမြို့များ၊ ကျိုက်ထီးရိုးဈေးတန်း၊ မုန့်ဟင်းခါးဆိုင်များမှ ပဲကြော်ရွရွကလေးများသည် ဦးဇော်ဝင်း၏ ပဲကြော်ဖိုထွက်များ ဖြစ်ကြ၏။ စာရေးသူတို့အား ပဲကြော်ရွရွလေးများ ရေနွေးကြမ်းဖြင့် တည်ခင်းဧည့်ခံရင်း စာရေးသူအား ပြောပြသည်မှာ -



www.burmeseclassic.com

www.burmeseclassic.com



စက်ဝင်းကျောင်းဆရာတော်ကြီးကို အနီးကပ်ပြုစုသူ ဒေါ်တင်အေးနှင့် တွေ့ဆုံစဉ်



စက်ဝင်းကျောင်းဆရာတော်ကြီးအကြောင်း ဆောင်းပါးရေးရန် စီစဉ်ပေးခဲ့သော ကျိုက်ထီးရိုးဇေါ်ပကာရုံးမှ ဦးမြအောင်



ဆရာတော်ကြီး၏တပည့်ရင်း ဒေါ်ကျင်စန်း

"စက်ဝင်းဆရာဘုရားတော်ကြီးက ဗုဒ္ဓိလ်ထူးကြီးဗျ။ ကျွန်တော့်မိဘတွေက ကိုးကွယ်ကြတယ်။ ကျွန်တော်တို့က အဲဒီအချိန်က ဘာသာရေးကို ဦးစားမပေးနိုင်ကြဘူး။ လှူရေးတန်းရေးက အမေတို့ကလုပ်ကြတာ။ တစ်နေ့ အိမ်မှာ စက်ဝင်းဆရာတော်ကြီးကို ဆွမ်းကပ်မယ်ဆိုတော့ ကျွန်တော့်တာဝန်က ကားကြိုပို့လုပ်ရတယ်။ အဲဒီတုန်းက မော်တော်ယာဉ်ဂိတ်မှူး ဆိုတော့ ကားအသင်းက ကားတွေက အားလုံးလိုလို ကျွန်တော့်လက်ထဲမှာ။ ရပ်ထဲရွာထဲ သာရေး၊ နာရေး ကျွန်တော် အကူအညီပေးနေကျ။ အခုဉစ္စာက အဖေတို့၊ အမေတို့အလှူဆိုတော့ ပိုပြီးလုပ်ပေးရတာပေါ့။ ဆရာတော်ကြီးကို မနက်ပိုင်း (၁၀) နာရီသွားပင့်၊ ဆွမ်းကပ်၊ တရားနာ ရေစက်ချပြီးတော့ (၁၂) နာရီထိုးပြီ။ ကျောင်းပြန်ပို့၊ အဲဒီအလုပ်ကိုလုပ်ရတာ။

ပြောချင်တာက ဆရာတော်ကြီး သီတင်းသုံးတဲ့ဘိုရားကြီးစက်ဝင်းကျောင်းအထိ ဆရာတော်ကြီးပို့ပြီးအပြန် ဘိုရားကြီးရွာထိပ်အလွန်ရောက်တော့ ကားအသင်းက ယာဉ်ပိုင်ရှင် ကိုမောင်သင်ကားကို ကွမ်းယာဆိုင်ရှေ့နားမှာ သွားတွေ့လို့ ကားရပ်ပြီး လှမ်းနှုတ်ဆက်မိတယ်။ သူက သူ့အိမ်မှာ ဒီနေ့ စက်ဝင်းကျောင်းဆရာတော် သူ့အမေနှစ်လည်ဆွမ်းကပ်လို့ လိုက်ပို့အပြီးအပြန် ကွမ်းဝင်ဝယ်နေတာလို့ဆိုတော့ ကျွန်တော်မျက်လုံးပြူးသွားတယ်။ ကျွန်တော်တို့ကလည်း နေ့ဆွမ်းကပ်တာ။ တစ်ခုခုတော့ တစ်ခုခုပဲလို့ ကျွန်တော်တွေးမိတယ်။ သူတို့ ဘယ်အချိန်ဆွမ်းကပ်ပါသလဲမေးတော့ (၁၁)နာရီကပ်တယ်ပြောတယ်။ အဲဒီအချိန် ကျွန်တော်တို့အိမ်မှာ ဆွမ်းကပ်ပြီး အချိုပွဲကပ်နေတဲ့အချိန်။ အဲဒါနဲ့ ကိုမောင်သင်ကို ကျွန်တော်တို့လည်း ဆွမ်းကပ်ချိန်အတူတူနီးပါးဖြစ်နေကြတယ်။ ခင်ဗျားတို့ဆွမ်းကပ်တာ စက်ဝင်းကျောင်းဆရာတော် ဟုတ်ပါတယ်နော်ဆိုတော့ စက်ဝင်းကျောင်းဆရာတော်မှ ဆရာတော်အစစ်ပါဗျဆိုတဲ့အခါ ကျွန်တော်နဲ့ ဦးမောင်သင် နှစ်ယောက်သား အံ့သြခြင်းများစွာနဲ့ ဆရာတော်ကြီးကျောင်းဘက်လှည့်ပြီး ပြိုင်တူကန်တော့မိကြတယ်။ 'ကျွန်တော်ပြောချင်တာက ဆရာတော်ကြီးကိုယ်ခွဲကြွချီးမြှင့်ခဲ့တဲ့အကြောင်းပါ"

ဦးဇော်ဝင်းပြောကြား စကားများကြားလိုက်ရတော့ စာရေးသူလည်း စက်ဝင်းကျောင်းဆရာတော်အား ကြည်ညိုခြင်းများစွာဖြင့် လက်အုပ်ချီမိုးကန်တော့လိုက်မိပါသည်။ ထို့နောက် သတင်းထူးကို ပြောပြပေးသော ဦးဇော်ဝင်းကို နှုတ်ဆက်ပြီးနောက် ကိုဝေလင်းလတ် ဆိုင်ကယ်ကလေးဖြင့် ဘိုရားကြီးရွာ စက်ဝင်းကျောင်းသို့ ဦးတည်ထွက်ခွာလာပါတော့သည်။ ဘိုရားကြီးဘူတာကို ကျော်လွန်ပြီးသည်နှင့် စက်ဝင်းကျောင်းသို့ ရောက်ပါတော့၏။ ကျောင်းရောက်တော့ ဦးစွာပထမလက်ရှိကျောင်းထိုင်ဆရာတော် ဦးကဝိန္ဒ (မဟာစရိယ) ဆရာတော်ထံ ဝင်ရောက် ကန်တော့ကြ၏။ လာရင်းကိစ္စကို ကိုဝေလင်းလတ်မှ ဆရာတော်အား လျှောက်ထားပါသည်။ စာရေးသူ သိလိုသည်များကို တွေ့ဆုံမေးမြန်း လျှောက်ထားမှုမှန်သမျှတို့ကို လက်ရှိကျောင်းထိုင်ဆရာတော် ဦးကဝိန္ဒ အရှင်မြတ်မှ ရှင်းလင်းမိန့်ကြားပေးတော်မူပါသည်။

## ❑ ဆရာတော်မရှိသည့်နောက် တောင်ဝှေးပါပျောက်

စက်ဝင်းကျောင်းဆရာတော်ကြီးသည် ဘယ်ကိုသွားသွား တောင်ဝှေးတစ်ချောင်းပါမြဲဖြစ်၏။ ထိုတောင်ဝှေးသည် မည်သို့သောအသားဖြင့် ပြုလုပ်ထားသည်ကို မသိသော်လည်း သိဒ္ဓိအစွမ်းက အံ့မခန်းလောက်၏။ တော်ရုံခါးနာ၊ ဒူးနာ၊ ခြေနာလောက်ကတော့ တောင်ဝှေးတစ်ခါထောက်နှင့် ပျောက်၏။ ထိုတောင်ဝှေးကို ဘယ်သူကလှူခဲ့သည်ဟု ဆရာတော်မပြော၊ ဘယ်နေရာမှရသည်ကိုလည်း မမိန့်ကြားပါ။ ထူးခြားချက်က ဆရာတော်ကြီး၏ သက်တော်

www.burmeseclassic.com

စောင့်ပမာ အနားက တစ်ဖဝါးမှမခွာ ဆရာတော့်နားမှာ အမြဲရှိနေလေ၏။

"ဟော့ - အရူးတစ်ယောက်ရထား နဲ့လာနေပြီ"

ဆရာတော်က အထက်ပါအတိုင်း မိန့်ကြားပြီး မကြာမီ လူ(၃)ယောက်က အရူးတစ်ယောက်ကို ကြိုးဖြင့်တုပ်ပြီး ဆရာတော်ထံ ခေါ်လာကြ၏။ ဆရာတော်က ကွမ်းသွေးဖြင့် အရူးကိုဆီးပြီး ထွေး၏။ အရူးငြိမ်ကျသွား၏။ ပြီးတော့ အရူးရင်ဘတ်ကို တောင်ဝှေးနှင့်တို့လိုက်၏။ အရူးက လက်အုပ်ချီပြီး ဆရာတော်ကြီးကို ကန်တော့၏။ မျက်ရည်တွေကျလာ၏။ ဆရာတော်က ကြိုးဖြေပေးတော့ဆို၍ ကြိုးဖြေလိုက်ကြ၏။ ဆရာတော်မှ ရေတစ်ခွက်တိုက်လိုက်သည်နှင့် လူကောင်းပကတိဖြစ်သွားပါတော့၏။

ဆရာတော်သည် ထိုတောင်ဝှေးတော်ဖြင့် သတ္တဝါတွေကို ကယ်ခဲ့ပေါင်း မနည်းတော့။ တချို့က ထိုတောင်ဝှေးသည် ကြိမ်သားတောင်ဝှေးဖြစ်ကြောင်း၊ နှစ်ကြာနေ၍ မည်းနက်နေခြင်း ဖြစ်ကြောင်း ဆိုကြ၏။ တချို့က ထိုတောင်ဝှေးကို သိကြားမင်းက ဆက်သသည်ဟု ဆိုကြ၏။ ထိုသို့ ထူးခြားလှသော၊ သိဒ္ဓိရှိသော အစွမ်းထက်တောင်ဝှေးသည် ဆရာတော်ကြီး အသေထွက်သည်နှင့် တစ်ပြိုင်တည်း ပျောက်ခြင်းမလှပျောက်ခဲ့၏။ ဆရာတော်အသေထွက်ပြီးနောက်တွင် တပည့်ရင်း၊ ဒကာရင်းများက ဆရာတော်ကို တောင်ဝှေးတစ်ချောင်းနှင့်သွားလာနေသည်ကို တွေ့ရကြောင်း ပြောကြပါသည်။

## ❑ မယုံလို့အသားဖဲ့ကြည့်တာ သွေးစိမ်းတွေပန်းထွက်လာ

ဆရာတော်ကြီး ပျံလွန်တော်မူပြီး (၇) ရက်မြောက်တဲ့နေ့က မပုပ်မသိုး၊ အနံ့ဆိုးမရှိ ပကတိအိပ်(ကျိန်း)နေသည့်အတိုင်း ဖူးရတော့ ပျံတာမှ ဟုတ်ပါရဲ့လား ဆိုပြီး လက်အငြိမ်မနေသူများက ဆရာတော်လက်မှအသားကို ဖဲ့ကြည့်တာ အံ့ဩစွာ သွေးစိမ်းတွေပန်းထွက်လာတာ လူတွေအတော်များများမြင်တွေ့လိုက်ရသည်ဟု စက်ဝင်းကျောင်းဆရာတော်ကြီး၏ ရဟန်းအမ ဒေါ်တင်အေးက စာရေးသူနှင့် တွေ့ဆုံမေးမြန်းစဉ် ပြောပြပါသည်။

## ❑ အနာအဖန်ရည်ဆေးတာ လောက်တွေ မသေပါစေနဲ့

စက်ဝင်းကျောင်းဆရာတော်ကြီးနှင့် ဆက်နွယ်နေသော သတင်းကွင်းဆက်ရနိုင်ရေးအတွက် ကိုဝေလင်းလတ်မော်တော်ဆိုင်ကယ်ဖြင့် ဆရာတော်ကြီး၏တပည့်ရင်းတစ်ဦးဖြစ်သူ ဒေါ်ကျင်စန်းနေအိမ်သို့ ရောက်ခဲ့ရပြန်၏။

"ဆရာတော်ကြီးက (၈၅) နှစ်ကျော်ပြီးနောက်မှာ ကျန်းမာရေးညံ့လာတယ်ပြောရမှာပေါ့နော်။ နေထိုင်မကောင်းတဲ့အခါ အိပ်ရာထဲမှာပဲ တရားမှတ်နေတာတွေ့ရတယ်။ တစ်နေ့ ဆရာတော်ထံ လှူဖွယ်လေးသွားကပ်ဖို့ရောက်တော့ ဆရာတော်ကြီးနားမှာ ညှီနံ့ရတယ်။ သက်န်းတွေလည်း မလဲလို့ကြာတော့အနံ့ထွက်တယ်ထင်ခဲ့တာ။ နောက်တစ်ရက်၊ နှစ်ရက်နေလို့ ရောက်တော့လည်း အဲဒီလို အနံ့ညှီတီတီနဲ့ဆိုတော့ မသင်္ကာဘူး။ ဆရာတော့်အနာများဖြစ်နေသလား၊ အနာညှီနံ့ရတယ် ဆိုတော့ ဆရာတော်က နှုတ်ဆိတ်နေတယ်။ ဒါနဲ့ ကျောင်းသားလေးတစ်ယောက်ခေါ်ပြီး ရှာဖွေတော့ ဆရာတော်ကြီးကျောမှာ အနာကြီး။ ချိုင့်ကြီးတောင်ဖြစ်နေပြီ။ လောက်တွေလည်း မနည်းဘူး။ အဖန်ရည်ဆေးမှဖြစ်မယ်လျှောက်တော့ ဆေးမနေပါနဲ့။ တော်ကြာ လောက်တွေ သေကုန်ဦးမယ်လို့ မိန့်တော်မူတယ်။ မိမိအသက်ထက် သူတစ်ပါးဒုက္ခမရောက်စေလိုတဲ့ မေတ္တာစိတ်ကြီးဆိုတာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များမှာသာရှိတယ်ဆိုတာ လက်တွေ့ကြုံရတော့ ဆရာတော်ကြီးကို ကြည်ညိုမဆုံးဖြစ်ခဲ့ရတယ်။ ဆရာတော်ကြီးဘုရား၊ ဆေးရည်နဲ့ ဆေးမှာ မဟုတ်ပါဘူး။ ရေကျက်အေးလေးနဲ့ ဆေးကြောမှာပါဆိုမှ လောက်တွေတော့ မသေပါစေနဲ့လို့ မိန့်ကြားခဲ့ပါတယ်"

စက်ဝင်းကျောင်းဆရာတော်ကြီးနှင့် ပတ်သက်သော ထူးထူးခြားခြား ကိုယ်တွေ့ကြုံဖြစ်ရပ်ကို ဒေါ်ကျင်စန်းက ပြန်ပြောင်းသတိရရင်း ဝမ်းနည်းလာဟန်တူပါသည်။ မျက်ရည်စမ်းစမ်းဖြင့်ပြောပြရှာပါသည်။

## ❑ အိပ်ရာထဲလဲနေတာတောင် သိမ်ဂူရွာ ကိုယ်ပွားဆွမ်းစားကြွ

ဆက်လက်ပြီး ရဟန်းအမကြီး ဒေါ်ကျင်စန်းက ပြောပြသည်မှာ -

"ဆရာတော်ကြီး မမာမကျန်းဖြစ်နေတာကြာတော့ ဘယ်မှလဲမကြွဖြစ်တော့ဘူး။ ကျောင်းမှာပင် ဘုဉ်းပေး၊ ဆွမ်းဘုဉ်းပြီးတာနဲ့ပြန်လည်လဲလျောင်း၊ တရားအာရုံနဲ့ပဲနေနေတဲ့အချိန် ဆရာတော်ကြီးကို ဒေါ်တင်အေး၊ မတင်ညွန့်၊ မကျင်လှိုင်တို့နဲ့ နေ့ဆွမ်းကပ်ဖို့ ပါလာတဲ့ ဆွမ်း၊ ဟင်း ပြင်ဆင်ပြီးတော့ ဆွမ်းကပ်ရန် အိပ်ရာထဲမှ ဆရာတော်ကို သွားလျှောက်တာ ဆရာတော်က -

'ငါ့ကို သိမ်ဂူရွာက ဆွမ်းပင့်ကပ်လို့ အခုငါဘုဉ်းပြီးပြီ'

ရဟန်းအမတွေ မျက်လုံးပြူးသွားကြတယ်။ ဒါနဲ့ ဒေါ်အေးညွန့်ကလျှောက်ထားတယ်။

"တပည့်တော်မ တစ်မနက်လုံး ကျောင်းမှာရှိနေတယ်။ ဆရာတော် ဘယ်မှကြွတာမမြင်ပါဘူး။ နောက်ပြီး ဆရာတော်က နေမကောင်းလို့ဆိုပြီး အိပ်ရာထဲရောက်နေတာ ကြာရောပေါ့"

လို့ လျှောက်ထားတဲ့အခါ ဆရာတော်က ဘာမှပြန်မမိန့်တော့ဘဲ အိပ်ရာထဲမှာ မျက်လုံးမှိတ် တရားနှလုံးသွင်းနေလို့ ဆက်မလျှောက်ကြတော့ဘူး"

နောက်တစ်နေ့ သိမ်ဂူရွာက ရွာသားတချို့ ရန်ကုန်သွားရန် ဘိုရားကြီးဘူတာ ရထားလာစီးကြရင်း ဘူတာရှေ့၌ ဒေါ်တင်အေးနှင့်တွေ့ကြ၏။

ဒေါ်တင်အေးက -

"မနေ့က စက်ဝင်းဆရာတော်ကြီး သိမ်ဂူရွာ ဆွမ်းစားကြွသေးလား"

မေးတော့ -

"ကြွတယ်၊ ကြွတယ်"

ဟု တညီတညွတ်တည်း ဖြေကြ၏။

ထိုအခါ ဒေါ်တင်အေးက အံ့ဩခြင်းများစွာဖြင့် နှုတ်လှံ့ထိုးမိ၏။

"အိပ်ရာထဲလဲနေတာတောင် သိမ်ဂူရွာ ကိုယ်ပွားဆွမ်းစားကြွလိုက်သေး"

## ❑ နောက်ဆုံးမိန့်ဟာဩဝါဒနှင့် ထူးထူးခြားခြားဖြစ်ရပ်များ

"ငါသေရင် မီးသင်္ဂြိုဟ်ခြင်းမလုပ်ကြနဲ့။ မြေမမြှုပ်ကြနဲ့။ ကြက်ပျံမကျစည်ကားမယ်။ ငါ့ပုံတော်တွေ သေချာသိမ်း။ လိုအပ်ရင် ပုံတော်ရှေ့မှာ ဆုတောင်း။ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုကောင်းစွာပြုရစ်ကြ"

ဟု မိန့်တော်မူရင်း သက်တော် (၈၇) နှစ်၊ ဝါတော် (၅၂) ဝါအရောက် ကောဇာနှစ် ၁၃၆၁၊ ဘပေါင်းလဆန်း ၂ ရက်၊ မွေးနေ့ဖြစ်သော တနင်္လာနေ့တွင် လေးလံလှသော ခန္ဓာကိုယ်ကို စွန့်ခွာ အရိယာသူတော်ကောင်းများကြွမြန်း ထွက်ရပ်လမ်းသို့ လျှောက်လှမ်းတော်မူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အရိယာ သူတော်ကောင်းကြီးမှ သေမှုမှာကြားမှာကြား ဖီလာကန့်လန့်လုပ်တတ်သော အဖျက်အမှောင့်ပယောဂတ ပေါ်စမြဲဖြစ်၏။ ဩဇာတိက္ကမကြီးသူများမှ မီးသင်္ဂြိုဟ်ရန် စီစဉ်ကြလေ၏။ နောက်ဆုံးနေ့ မီးသင်္ဂြိုဟ်မည်နေ့မှာ အတော် စည်ကားလှ၏။ တပည့်ရင်း အတာရင်းတွေက စိတ်မကောင်းကြ။ စက်ဝင်းဆရာတော် ဘဒ္ဒန္တဦးကေသရ ဆရာတော်ကြီး၏ နောက်ဆုံးမိန့်ဟ ဩဝါဒစကားကြောင့်ဖြစ်၏။ ဆရာတော်ကြီးက အကြောင်းမဲ့ မမှာကြား။ အကြောင်းရှိ၍သာ မှာကြားခဲ့ခြင်း ဖြစ်၏၊ ဆရာတော်ကြီးက နောက်ဆုံး မှာကြား ဩဝါဒမှာကြားချိန်က လူနည်းသောဖြစ်၍ အများဆန္ဒအရ မီးသင်္ဂြိုဟ်ကြပါတော့မည်။

သမ္မာဒေဝနတ်မြတ်နတ်ကောင်းတွေကလက်ပိုက်ကြည့်မနေနိုင်ကြတော့။

"ဟော့ - မီးမသင်္ဂြိုဟ်ကြနဲ့"

"ဖီလာကန့်လန့်မလုပ်ကြနဲ့"

"မရိုမသေမလုပ်ကြနဲ့။ အားလုံး ဒုက္ခရောက်ကုန်မယ်"

ထူးဆန်းအံ့ဩဖွယ်ဩဇာကြီးမားသောအသံတစ်ခုက စံကျောင်းမဏ္ဍပ်အတွင်းမှ ပေါ်ထွန်းလာ၏။ ထိုအသံကြောင့် များပြားလှသောလူထုပရိသတ်ကြီး ငြိမ်ကျသွား၏။ သာမန်လူတစ်ယောက်၏အသံဆိုပါက ဤမျှများပြားသောပရိသတ်ကြီးကို ငြိမ်ဝပ်ပိပြားသွားအောင်လုပ်နိုင်မည်မထင်။ ယခုအသံသည် လူသာမန်တို့၏အသံ မဟုတ်။ စောင့်ရှောက်စောင့်နတ်ကြီး၏အသံ ဖြစ်လေ၏။

ထိုအခါကျမှ ဆရာတော်ကြီး၏ နောက်ဆုံးမိန့်ဟ ဩဝါဒနာကြားခဲ့ရသူ လူနည်းစု၏ဆန္ဒ ပြည့်ဝကြတော့၏။ မီးသင်္ဂြိုဟ်ဖြစ်တော့၍ ဝမ်းသာရုံသာရှိသေး အခက်အခဲတစ်ရပ် အကျပ်တည်းဆိုက်လာပါတော့၏။ ဆရာတော်ကြီးက မသင်္ဂြိုဟ်ပါနဲ့၊ မြေမမြှုပ်ကြနဲ့သာမှာခဲ့၏။ မည်သို့မည်ပုံ ပြုလုပ်ရမည်ကို မည်သို့မျှမပြောခဲ့၍ အခက်တွေ့နေကြ၏။ ထိုသို့ဖြစ်နေစဉ် ဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သူ ပန်းချီနိုင်ဝင်း၏ နားသို့ စကားသံ၊ စကားပြောသံ၊ အမိန့်ပေးသံလိုကြားရ၏။

"မတ်ရပ်ဂူ. . . မတ်ရပ်ဂူ. . ."

ဘာပါလိမ့်။ သူလည်း မဝေခွဲတတ်၊ နောက်ပိုင်းရက်များတွင် ပန်းချီနိုင်ဝင်းတစ်ယောက် ဘာသာရေးသမား



ပီပီ ဆရာတော်ကြီးနှင့် ပတ်သက်၍ အဓိဋ္ဌာန်ဝင်ကြည့်ပါတော့၏။ အဓိဋ္ဌာန်သေချာတိကျစွာဝင်၊ ဆုတောင်းကြည့်မှ ပြုလုပ်ရမည့် စံကျောင်းဂူကို မြင်ရပါတော့၏။ စာရှုသူ ဓမ္မမိတ်ဆွေများ ယခုမြင်တွေ့ရသော မှန်ကျောင်းဆောင်နှင့် ဂူသည် ပန်းချီနိုင်ဝင်းအား ပုံစံပြသည့်အတိုင်း တည်ဆောက်လျက် အပူဇော်ခံထားရှိသည်ကို ဓာတ်ပုံတွင်ရှုကြပါကုန်။

စံကျောင်းမတ်ရပ်ဂူတည်ဆောက်စဉ်ကာလ အနယ်နယ်အရပ်ရပ် ပရိသတ်များကလည်း တဖွဲဖွဲလာရောက်ပူဇော်ကန်တော့နေကြ၏။ ထိုစဉ် မမျှော်လင့်သော ပြဿနာတစ်ခု ပေါ်လာပြန်၏။ နာမည်ဂုဏ်သတင်းကျော်စောခြင်းနှင့်အတူ မနာလိုသူ၊ သံသယဖြစ်လိုသူများကြောင့်လောမသိ။ ယခုလို မပုပ်မသိုးအောင်ဆေးဝါးများသုံးထားသလား၊ သဘာဝအတိုင်းလားဟု စစ်ဆေးမည့် စုံစမ်းစစ်ဆေးရေးအဖွဲ့များ လာရောက်စစ်ဆေးကြပြန်သည်။ သက်ဆိုင်ရာ၏ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ မှတ်ချက်ပေါ်လာသောအခါ မပုပ်မသိုးဆေးသုံးထားခြင်းမရှိကြောင်း ထုတ်ပြန်ကြေညာချက်ကြောင့် ဆရာတော်ဖူးပရိသတ်များ ပိုမိုများပြားစွာ ရောက်လာကြလေတော့၏။

## ၂ သွားရောက်ဖူးမြော် ကုသိုလ်ယူကြမည်ဆိုလျှင်

ဘွဲ့အမည် ဂုဏ်သတင်းကျော်စောခြင်းနှင့် ပြည့်စုံတော်မူသော ယနေ့တိုင် မပုပ်မသိုးသော စက်ဝင်းကျောင်းဆရာတော်နှင့်ဆက်နွယ် သတင်းရင်းမြစ်အသွယ်သွယ်ကို စာရေးသူသည် လေ့လာ မှတ်သား မှတ်တမ်းတင်ပြီးသောအခါ ယခုလက်ရှိ ကျောင်းထိုင်ဆရာတော်ဦးကဝိန္ဒ (ဓမ္မာစရိယ) ဆရာတော်ကိုယ်တိုင် စာရေးသူအား မူလစက်ဝန်းကျောင်းဆရာတော် ဘဒ္ဒန္တဦးကေသရ၏ မတ်ရပ်ဂူစံကျောင်းသို့ လိုက်ပါပို့ဆောင်ပေးပါ၏။ မှတ်တမ်းဓာတ်ပုံများရိုက်ကူးပါသည်။ မှန်ခေါင်းအဖုံးကိုပါ ဖွင့်လှစ်ပေးတော်မူပါသဖြင့် အနီးကပ်ဓာတ်ပုံရိုက်ယူပါသည်။ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်သည် ယခု (၁၅) နှစ်ကျော်၊ (၁၆) နှစ်တိုင် ပုပ်သိုးခြင်းမရှိဘဲ အရိုးအဆစ်တို့သည် ပျော့ပျောင်း၍ ကွေးနိုင်ဆန့်နိုင်သည်ကို မျက်မြင်ကိုယ်တွေ့ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ (ဓာတ်ပုံတွင်ရှုကြပါကုန်။)

စက်ဝင်းကျောင်းဆရာတော်ကြီး ဘဒ္ဒန္တကေသရနှင့် ပတ်သက်၍ ထူးထူးခြားခြားဖြစ်ရပ်များရေးသားတင်ပြမှုနှင့် ပတ်သက်၍ ထူးထူးခြားခြားဖြစ်ရပ်များရေးသားတင်ပြမှုအခန်းကဏ္ဍကို ဤတွင် နိဂုံးကမွတ် အဆုံးသတ်လိုက်ပါတော့မည်။ စာရှုသူ ဓမ္မမိတ်ဆွေများအနေဖြင့် ထူးထူးခြားခြား ထွက်ရပ်လမ်း ကြွမြန်းတော်မူသွားသော စက်ဝင်းကျောင်းဆရာတော်၏ မပုပ်မသိုးသော ရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကြည်ညိုတော်မူလိုပါလျှင် ရန်ကုန်မှ ကျိုက်ထိုမြို့သို့ ကျိုက်ထီးရိုးကား၊ မော်လမြိုင်-ဘီလင်းကား စသည်ဖြင့် ကားမျိုးစုံစီးနိုင်ပါသည်။ ကျိုက်ထိုမြို့အဝင် ဆုတောင်းပြည့်ဘုရားကြီးအနီးတောလေးစက်ကွေ့မှာဆင်းပါ။ ထိုမှ မော်တော်ဆိုင်ကယ်စီးလျှင် (၁၀၀၀) ကျပ်ပေးရပါသည်။ဘိုရားကြီးစက်ဝင်းကျောင်းသို့ ရောက်ပါသည်။ ကိုယ်ပိုင်ကားဖြင့်လာသော် တောလေးစက်ကွေ့ရောက်ပါက လက်ယာဘက်လမ်းအတိုင်းဝင်ခဲ့ပါ။ ဘိုရားကြီးအထိ ကတ္တရာလမ်းပေါက်ပါသည်။ မီးရထားခရီးဖြင့်လာလိုပါက ကျိုက်ထိုမြို့အနီး ဘိုရားကြီးဘူတာမှာဆင်းပါ။ ဘူတာနှင့် စက်ဝင်းကျောင်းမှာ အနီးကလေး တည်ရှိပါကြောင်း ထူးခြားအံ့ဖွယ် ဖြစ်ရပ်အသွယ်သွယ်နှင့် ယနေ့ယခုတိုင်အောင် မပုပ်မသိုးပါဘဲ (၇) ရက်သားသမီးများအပေါ် မေတ္တာကြီးမားစွာဖြင့် အပူဇော်ခံထားသော စက်ဝင်းကျောင်းဆရာတော်အား သွားရောက်ဖူးမြော် ကုသိုလ်ယူနိုင်ကြပါစေဟူသော ဆန္ဒမွန်ဖြင့်။

မေတ္တာများစွာဖြင့်
အောင်သီဟ



www.burmeseclassic.com

www.burmeseclassic.com

# ချစ်ဖို(ဇေယျာကျွန်)

## အမှန်တရားနှင့်ပြောင်းလဲခြင်း သဘောထားအမြင်



တစ်နေ့သ၌ ကျွန်ုပ်သည် အသိမိတ်ဆွေတစ်ဦးနှင့် စကားလက်ဆုံပြောဆိုနေရာမှ ဘာသာရေးလမ်းကြောင်းသို့ရောက်ရှိသွားပြီး အမှန်တရားနှင့်ပတ်သက်၍ ထိုမိတ်ဆွေက သူ၏သဘောထားအမြင်ကို အောက်ပါအတိုင်းဆိုလာပါ၏။

အမှန်တရားဆိုတာ အချိန်ကာလကိုလိုက်ပြီး ပြောင်းလဲတတ်ကြောင်း၊ တစ်ချိန်က မှန်ပါသည် ဆိုသောအကြောင်းအရာ၊ အဆိုအမိန့်၊ အယူအဆအချို့သည် နောင်တစ်ချိန်တွင် လွဲမှားနေသည်ကိုတွေ့ရကြောင်း။

အလားတူစွာ ဗုဒ္ဓ၏ သစ္စာတရားများသည် ဒီထက်မှန်သောတရား မပေါ်ပေါက်သေးခင်သာ မှန်ကန်နေခြင်းဖြစ်ကြောင်း၊ နောင်တစ်ချိန် ဒီထက်မှန်သောတရား ပေါ်ပေါက်လာပါက ပြောင်းလဲနိုင်သေးကြောင်းဆိုလာ၏။

ဤစကားကို ကြားရသည့်အခိုက် ကျွန်ုပ်သည် ကြက်သီးမွေးညင်းထပြီး တုန်လှုပ်သွားမိ၏။ ထိုမိတ်ဆွေအား အံ့ဩစွာကြည့်လိုက်မိ၏။ လွန်စွာမှ ထိတ်လန့်အံ့ဩလွန်းသဖြင့် နှုတ်ဖြင့်ပြန်လည် ချေပခြင်းငှာ မစွမ်းနိုင်ဖြစ်ခဲ့ရ၏။ ကျွန်ုပ်၏စိတ်တွင် လုံးဝဘဝင်မကျခဲ့ပါပေ။ အသိများ၊ အမှတ်များ၊ အယူများ ဟူသော မိစ္ဆာဒိဋ္ဌိနှင့် ယုံမှားသံသယ ဟူသော ဝိစိကိစ္ဆာကို အကြောင်းခံပြီး ဆိုလာခြင်းဖြစ်သည်ဟု သုံးသပ်မိ၏။ လက်ရှိ ဗုဒ္ဓတရားကို မှားသည်ဟု မဆိုသော်လည်း ဒီထက်မှန်သောတရား မပေါ်ပေါက်သေးခင် ဟူသော စကားအရ နောင်တစ်ချိန် ပေါ်ကောင်းပေါ်နိုင်သည် ဟူသော သဘောသက်ရောက်သဖြင့် တရားတော်အပေါ်၌ ယုံကြည်မှုသဒ္ဓါတရား အားနည်းသကဲ့သို့ရှိ၏။ ပညတ်အမှန်နှင့် ပရမတ်အမှန်ကို ခွဲခြားရှုမြင်ခြင်းမရှိဘဲ ရောထွေးစွာ အဓိပ္ပာယ်ကောက်လွဲမှားနေခြင်း ဖြစ်၏။ သို့ဖြစ်၍ ဤအဆိုနှင့် ပတ်သက်ပြီး ကျွန်ုပ်ဉာဏ်မီသမျှ အောက်ပါအတိုင်း ဝေဖန်သုံးသပ်မိပါသည်။

### ❑ အမှန်တရား

အမှန်တရားကို ပညတ်အမှန်နှင့် ပရမတ်အမှန် ဟူ၍ နှစ်ပိုင်းခွဲပြီး သုံးသပ်ပါမည်။

ပညတ်အမှန် ဟူသည် အချုပ်အားဖြင့် လူတို့ ခေါ်ဝေါ် သမုတ်ထားသည့် နာမပညတ်နှင့် အထည်ဒြပ်ကိုစွဲ၍ သတ်မှတ်သော အတ္ထပညတ် ဟူ၍ နှစ်မျိုးရှိ၏။ လောကီအမြင်အရ တကယ်အထင်အရှားရှိသော်လည်း လက်ဆုပ်လက်ကိုင်ပြသည့်အခါ ဒြပ်အမှုန်များသာရှိကြောင်း တွေ့ရမည်ဖြစ်၏။ ပညတ်တရားသည် တကယ်မရှိခြင်းကြောင့် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ဟူ၍ မဆိုထိုက်ချေ။ အချိန်၊ နေရာ၊ ပုဂ္ဂိုလ်စသည့် အခြေအနေအမျိုးမျိုးပေါ်တွင်တည်မှီနေ၍ အစဉ်ပြောင်းလဲတတ်သောသဘောရှိ၏။ ပညတ်သည် အထင်အရှသာ မှန်ကန်သွေသာသဘောဖြစ်ပြီး ဉာဏ်မျက်စိဖြင့် ခွဲခြမ်းစိတ်ဖြာလျှင် ပျောက်ကွယ်သွား၏။ ပညတ်သဘောများကို သမုတိသစ္စာဟုလည်း ခေါ်၏။

ပရမတ်အမှန်တရား လေးပါးရှိ၏။ စကြဝဠာအနန္တ၌ အမှန်တကယ်ရှိသော အခြေခံသဘောတရားမှာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူသောပရမတ္ထ လေးပါးသာ ရှိ၏။ မည်သည့်အခြေအနေမျိုးတွင်မဆို ယင်းတရားလေးပါး

www.burmeseclassic.com

www.burmeseclassic.com

တို့၏ သဘောသဘာဝသည် ပြောင်းလဲခြင်းမရှိ အမြဲမှန်သောသစ္စာများ ဖြစ်၏။ အမှန်အားဖြင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူသောအမည်သည်ပင် သတ္တဝါတို့ နားလည်စေခြင်းငှာ အမည်တပ်၍ ဟောကြားထားခြင်း ဖြစ်၏။ စိတ်၏သဘော၊ စေတသိက်၏သဘော၊ ရုပ်၏သဘော၊ နိဗ္ဗာန်၏ သဘောအထိ (အတွင်းမမွှအနှစ်သဘောအထိ) သိမြင်မှသာ ပရမတ်သဘောကို သိမြင်နိုင်၏။

ဆိုခဲ့ပြီးသော ပရမတ္ထလေးပါးအနက် စိတ်၊ စေတသိက်၊ ရုပ်တို့သည်ပင် သင်္ခတဓမ္မဟုဆိုအပ်သော မမြဲသည့်လက္ခဏာရှိသေး၏။ မဖောက်မပြန်မြဲမြံသည့် အသင်္ခတဓမ္မသည်ကား နိဗ္ဗာန်တရားတစ်ခုသာရှိ၏။ နိဗ္ဗာန်၏သဘောကို လုံးဝဥဿုံသိမြင်မှုသည် အရိယာပုဂ္ဂိုလ်တို့၏ အရာသာဖြစ်၏။ ကျွန်ုပ်တို့ပုထုဇဉ်လူသားတို့သည် ရုပ်နှင့် နာမ်တင်းသည့် အရှိတရားသဘောတစ်ခုကို ဉာဏ်မမီသည့်အတွက်ကြောင့် နိဗ္ဗာန်၏သဘောကို သိနားလည်ရန် ခက်ခဲပေတော့၏။

နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းနေသော ချမ်းသာခြင်းအစစ်အမှန်သဘော ဖြစ်၏။ ဤသဘောသည် ရုပ်၊ နာမ်သဘောတို့နှင့် မရောစပ်သော သီးခြားသဘောတစ်ခု ဖြစ်၏။ နိဗ္ဗာန်သည် ဗုဒ္ဓအဘိဓမ္မာ၏ အထူးခြားဆုံးသော သဘောတစ်ခု ဖြစ်၏။ ယုတ္တိတန်မတန် ဆင်ခြင်နည်းဖြင့် လည်းကောင်း၊ လက်တွေ့ကျင့်ကြံနည်းဖြင့် လည်းကောင်း နိဗ္ဗာန်ရှိသည်ကို ဗုဒ္ဓက အခိုင်အမာညွှန်ပြထားတော်မူ၏။

သာမန်အခြေအနေတွင် နိဗ္ဗာန်ကိုဆိုထားနှင့် အခြားသောပရမတ်တရားတို့၏သဘောလက္ခဏာကို အကုန်အစင်သိမြင်စေရန် စကားလုံးနှင့် ဖော်ပြခြင်းဖြင့် ရာခိုင်နှုန်းပြည့်မသိနိုင်ပေ။ ကြားနာ၍သိရသော သုတမယဉာဏ်၊ ကြံစည်စိတ်ကူး၍သိရသော စိန္တာမယဉာဏ်မျှဖြင့် မှန်းဆရုံသာသိနိုင်ပြီး လက်တွေ့အလုပ်အားထုတ်ခြင်းဖြင့် ဘာဝနာမယဉာဏ်မှတစ်ဆင့် ထိုက်တန်သည့်ဉာဏ်အဆင့်အလိုက် နိဗ္ဗာန်သဘောကိုသိမြင်နိုင်ပါလိမ့်မည်။ ခံစားခြင်းမှန်သမျှဆင်းရဲ၏ဟူသော ဒုက္ခသစ္စာ၏ သဘောကို ယေဘုယျမျှ သဘောပေါက်လျှင် ခံစားမှုမရှိခြင်းသည် ချမ်းသာ၏ဟူသော သဘောကို သိလာပါလိမ့်မည်။ ထိုအခါ နိဗ္ဗာန်၏သဘောနှင့် နီးစပ်လာပြီဟု ဆိုနိုင်ပါ၏။

၁ ပြောင်းလဲခြင်း

ပြောင်းလဲခြင်း ဆိုရာ၌ တရားသဘောပြောင်းလဲခြင်းနှင့် အတွေးအမြင်ပြောင်းလဲခြင်း ဟူ၍ နှစ်မျိုးသတ်မှတ်နိုင်၏။ တရားသဘောပြောင်းလဲခြင်းတွင်လည်း အသွင်သဏ္ဌာန်ပြောင်းလဲခြင်းနှင့် အနှစ်သာရပြောင်းလဲခြင်း ဟူ၍ ခွဲခြားနိုင်သေး၏။ ပညတ်တရားတို့သည် အသွင်သဏ္ဌာန်နှင့် အနှစ်သာရပါ ပြောင်းလဲနိုင်၏။ ပရမတ်တရားတို့တွင် စိတ်၊ စေတသိက်၊ ရုပ်တို့သည် အသွင်သဏ္ဌာန်ပြောင်းလဲသည်ထက် အနှစ်သာရပြောင်းလဲခြင်းဟူသော ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတို့ ထင်ရှားရှိ၏။

သာမန်လူတို့၏ အတွေးအမြင်သည် ပညတ်အပေါ်၌သာ ကျက်စားနိုင်သဖြင့် အမျိုးမျိုးပြောင်းလဲနိုင်၏။ အလျဉ်းသင့်၍ အမှန်မြင်ပုံငါးမျိုးနှင့် ဆက်စပ်သုံးသပ်မိ၏။ ကမ္မဿကတသမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိ၊ ဖိုလ်သမ္မာဒိဋ္ဌိဟူ၍ ဉာဏ်ရည်အဆင့်အလိုက် အမှန်မြင်ပုံကွဲပြားကြခြင်းဖြစ်၏။ ဗုဒ္ဓ၏တရားတော်များသည် ကံနှင့် ကံ၏အကျိုးကို အမှန်မြင်ခြင်းမှစ၍ အမြင့်ဆုံးပန်းတိုင်ဖြစ်သည့် အရဟတ္တဖိုလ်အထိသိနိုင်ရေးကို ရည်မှန်းဟောကြားထားခြင်း ဖြစ်ပေ၏။

ဤသို့အားဖြင့် ပရမတ်နိဗ္ဗာန်၏သဘောကို သိမြင်ပြီးသော အနိမ့်ဆုံးအဆင့်အားဖြင့် သောတာပတ္တိဖိုလ်ချမ်းသာကို မြင်တွေ့ပြီးသော ပုဂ္ဂိုလ်တို့၏ အသိအမြင် ယုံကြည်ချက်တို့သည် အချိန်ကာလ မည်မျှပင်ကြာသည်ဖြစ်စေ လုံးဝပြောင်းလဲခြင်း မရှိတော့ပေ။ ကိလေသာရှိသေးသော ပုထုဇဉ်ပုဂ္ဂိုလ်တို့ကား အမျိုးမျိုးအဖုံဖုံ ပြောင်းလဲနိုင်သေး၏။

၂ ဗုဒ္ဓတရားတော်

ဗုဒ္ဓတရားတော်ကို အောက်ပါအတိုင်း အကျဉ်းအားဖြင့် သဘောပေါက်ပါသည်။

(၁) ဝိနည်း

လိုက်နာရန်စည်းကမ်းများဖြစ်၏။ ငါဘုရားသာသနာမှာနေလျှင် ငါဘုရားသတ်မှတ်ထားသော စည်းကမ်းများအတိုင်း လိုက်နာနေထိုင်ရမည်ဟု ဆိုလိုရင်းဖြစ်၏။ ရှင်ရဟန်းတို့အပေါ် ဩဇာသက်ရောက်၏။ အာဏာဒေသနာဖြစ်၏။

(၂) သုတ္တန်

ပုဂ္ဂိုလ်၊ သတ္တဝါတို့၏ ဓလေ့၊ စရိုက်၊ အကြိုက်၊ ဝါသနာအပေါ် မူတည်ပြီး နည်းလမ်းမျိုးစုံ၊ ကျင့်ဆောင်စရာအဖုံဖုံကို တိုက်ရိုက် အနက်ဆောင်၍ လည်းကောင်း၊ သွယ်ဝိုက်သော အနက်ဆောင်၍ လည်းကောင်း ဟောကြားတော်မူခဲ့၏။ ဝေါဟာရဒေသနာဖြစ်၏။

(၃) အဘိဓမ္မာ

မည်သည့် ပုဂ္ဂိုလ်၊ သတ္တဝါ ဓလေ့စရိုက်အပေါ်မှ မငဲ့ကွက်ဘဲ သဘာဝတရားတို့၏ ဖြစ်စဉ်ဖြစ်ရပ်များ ပရမတ္ထသစ္စာကို တိုက်ရိုက်ဟောကြားထားခြင်းဖြစ်၍ ခက်ခဲ၏။ နက်နဲ၏။ သာမန်ဉာဏ်ဖြင့် မထင်နိုင်ပေ။ ခန္ဓာသိ၊ ဉာဏ်သိတရားများဖြစ်သဖြင့် လက်တွေ့ကျ၏။ စမ်းသပ် စစ်ဆေးခံနိုင်၏။ ပရမတ္ထဒေသနာဖြစ်၏။

၃ ဝေဖန်သုံးသပ်အကြံပြုချက်

အမှန်တရားနှင့် ပြောင်းလဲခြင်းသဘောထားအမြင်နှင့် ပတ်သက်၍ ကျွန်ုပ် ဉာဏ်မီသရွေ့ ရှင်းလင်းခဲ့ပြီး ဖြစ်၏။ ဗုဒ္ဓဟောကြားတော်မူခဲ့သော သစ္စာတရားတော်များသည် အချိန်ကာလ မည်မျှပင်ကြာသည်ဖြစ်စေ ပြောင်းလဲခြင်းမရှိ ထာဝရမှန်ကန်နေမည့် အမှန်တရားများဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကလည်း မှန်နေ၏။ ယခုလည်းမှန်နေ၏။ နောင်လည်း မဖောက်မပြန်မှန်ကန်နေမည်သာဖြစ်၏။ သစ္စာတရားဟူသည် နဂိုမူလသဘာဝရှိပြီးအမှန်တရားဖြစ်၏။ သဘာဝအရှိတရားများကို မည်သည့်ပုဂ္ဂိုလ်တစ်စုံတစ်ယောက်မျှ ထုတ်ဖော် ဟောကြားခြင်းငှာ မစွမ်းနိုင်ကြဘဲ ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့၍သာ သိရှိရခြင်း ဖြစ်၏။ အမှန်တရား၊ သစ္စာတရားကို ဗုဒ္ဓဘုရားရှင်မပိုင်သလို မည်သူမျှ ပိုင်ဆိုင်ခြင်း မရှိပါပေ။ ဗုဒ္ဓပိုင်ဆိုင်သည်မှာ လောကသုံးပါးတွင် မည်သည့်ပုဂ္ဂိုလ်တွင်မျှမရှိသော အမြင့်ဆုံး၊ အမြတ်ဆုံး သဗ္ဗညုတဉာဏ်တော်ကြီးကို ပိုင်ဆိုင်ထားပြီး ထိုဉာဏ်ပိုင်ရှင်မှသာ ဆရာမရှိဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် ဖော်ထုတ် ဟောကြားနိုင်ခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

# ကြွက်နို့ကိုရှင်းမယ့်မြွေအရေခွံ

ကြွက်နို့ပျောက်စေသော ဆေးနည်းများစွာကို ဖတ်ရှုလေ့လာမှတ်သားထားခဲ့ပါတယ်။ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိနှင့်ပတ်သက်သူမိတ်ဆွေများတွင်သော် လည်းကောင်း ကြွက်နို့ဖြစ်ပေါ်လာခဲ့သော် လွယ်လင့်တကူ အကူအညီပေးနိုင်ဖြစ်ပါတယ်။

တချို့သော ဆေးနည်းများမှာ လွယ်ကူသော်လည်း မိမိတို့နေထိုင်ရာရပ်ရွာဒေသတွင်မရှိသော အရွက်၊ ပစ္စည်း စသည်ဖြစ်ပါက အသုံးမတည့်ပါ။တချို့သောဆေးနည်းမှာ ပထမဦးဆုံးပေါက်သော ကြွက်နို့ကို အရင်ဆုံးရှာပြီး သတ်မှသာ ကျန်သော ကြွက်နို့များ ပျောက်တတ်တာ တွေ့ရှိရပါပါတယ်။ ပထမဆုံးပေါက်သော ကြွက်နို့ကို မသိပါက အတော့်ကို ဒုက္ခများလှပါတယ်။ ဒါကြောင့် ဆေးနည်းများစွာထဲမှ လွယ်ကူ သက်သာပြီး လက်တွေ့ပျောက်စေသည့် ဆေးနည်းတစ်ခုကို တင်ပြပေးပါမယ်။

နိုင်ငံခြားပညာတော်သင်သွားရမယ့် သားငယ်ရဲ့လက်မှာ ကြွက်နို့ပေါက်ပါတယ်။ တစ်မြို့တစ်ရွာမှာ တာဝန်ထမ်းနေတာဖြစ်လို့ စာရေးသူမသိပါ။ သူ့ဘာသာ ဆေးနည်းမျိုးစုံသုံးပြီး ကုနေပါတယ်။ တရုတ်ပြည်လုပ် ကြွက်နို့သတ်ပလတ်စတာကလည်း အစွမ်းမပြနိုင်တော့ပါ။ နိုင်ငံခြားထွက်ခါနီးလို့ ဆေးစစ်ရင် ဒုက္ခပေးမယ့်ကြွက်နို့ကြောင့် သူ့ခမျာသောကရောက်နေချိန်ရောက်တော့မှ စာရေးသူ သိရပါတယ်။ လိုအပ်တဲ့အချိန်မှာ သုံးလို့ရအောင် ကောက်ယူသိမ်းထားခဲ့တဲ့ မြွေအရေခွံ (အရေလဲ) ကို သတိရလာပါတယ်။ (မည်သည့် မြွေအရေခွံမဆိုရပါတယ်။) ဒါကြောင့် မြွေအရေခွံတစ်ပေလောက်ကို စာတိုက်ကနေ သူ့ဆီပို့ပေးပြီး (၆) လက်မခန့်ကိုလုံးခြေ၍ ထန်းလျက်ပျော့ပျော့နှင့်မံပြီးမျို ချရန် စာရေးပေးလိုက်ပါတယ်။ ပျောက်ချင်စိတ်များနေတဲ့သားက မြွေအရေခွံတစ်ပေခန့်ကို လုံးပြီးမျိုချကာ သကြားနဲ့ ရေအနည်းငယ်သောက်ပစ်လိုက်ပါတယ်။ တစ်ပတ်ခန့်အကြာမှာ သားတော်မောင်ထံမှ ကြွက်နို့လုံးဝပျောက်သွားကြောင်း စာပြန်လာပါတော့တယ်။

နောက် စာရေးသူရဲ့ မိတ်ဆွေတစ်ဦးကတော့ ကပ်ပယ်အိတ်မှာ ကြွက်နို့ပေါက်ပါတယ်။ သွေးကြောလေးတွေများတဲ့နေရာဖြစ်တာကြောင့် လက်သည်းညှပ်နဲ့ဖြတ်လိုက်ရင် သွေးတအားထွက်ပြီး လက်တွေ့ကျ ပျောက်လည်း မပျောက်နိုင်ဖြစ်နေပါကယ်။ သူ့ကိုလည်း မြွေအရေခွံ (၆) လက်မလောက်ကို လုံးခြေကာ ထန်းလျက်နဲ့မံအုံပြီး မျိုချခိုင်းလိုက်ပါတယ်။ ဆေးသောက်ပြီးနောက်ပိုင်းမှာ သူကိုယ်တိုင်လည်း ကြွက်နို့ဘယ်အချိန်ဘယ်အခါက ကြွေကျပျောက်သွားတာ မသိလိုက်ဘူး ဆိုပါတယ်။

ဒါကြောင့် ဘယ်လိုမြွေမျိုးရဲ့ မြွေအရေခွံကိုမဆို တွေ့ရှိပါက ကောက်ယူသိမ်းထားမယ်ဆိုရင် လိုအပ်တဲ့အချိန်မှာ ယခုလိုကိစ္စမျိုးမှာ အသုံးပြုနိုင်ပါတယ်။ ဆေးနည်းများရေးသားကြတဲ့ ဆရာများကိုလည်း ကျေးဇူးဥပကာရတင်ရှိစွာဖြင့် ဒီလက်တွေ့ကျသက်သာလွယ်ကူတဲ့နည်းကို မျှဝေ ရေးသား ကုသိုလ်ယူလိုက်ပါတယ်။

ဉာဏ်မြင့် (တောင်တွင်း)

ထို့ကြောင့် ဗုဒ္ဓသည် အမှန်တရား၊ သစ္စာတရားကို တီထွင်ဖန်တီးသူမဟုတ်ဘဲ ဖော်ထုတ်သူဟု သဘောပေါက်မိပါသည်။

ထိုသစ္စာတရားများကို ကျွန်ုပ်တို့လည်းသိလိုပါက သိနိုင်သည့်နည်းလမ်းများကို ဗုဒ္ဓဘုရားရှင်က လမ်းညွှန်ပေးခဲ့ပါသည်။ ကျွန်ုပ်၏ အတွေ့အကြုံများအရ အောက်ပါအတိုင်း အကြံပြုလိုပါသည်။

ဦးစွာပထမ ဆရာကောင်းဆရာမွန်ကိုရှာရပါမည်။ ဆရာကောင်းဆရာမွန်ဆိုတာ ဘယ်လိုဆရာမျိုးလဲဆိုတာ သိနိုင်ဖို့ မိမိမှာဉာဏ်မျက်စိရှိရပါဦးမည်။ ဆရာ ဆိုသည်မှာ သက်ရှိထင်ရှားဆရာဖြစ်စေ၊ ပညာရှိသူတော်ကောင်းများ ဟောကြားထားခဲ့သည့် အသံတရားများ၊ စာတရားများဖြစ်စေ ရှာဖွေလေ့လာ ဖတ်ရှု ကြားနာရပါမည်။ ထိုထိုသော တရားတော်များထဲတွင် သစ္စာတရားကို တိုက်ရိုက် ဖော်ပြထားသည့် အဘိဓမ္မာဒေသနာအနှစ်ချုပ်ဖြစ်သည့် သင်္ဂြိုဟ်(၉)ပိုင်းကို လေ့လာသင်ယူပါက စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့၏ သဘောကို ဉာတပရိညာအားဖြင့် သိလာပါလိမ့်မည်။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာမှအစပြု၍ ခန္ဓာအစဉ်၊ သံသရာအစဉ်ကို သိနိုင်စေရန် ပဋိစ္စသမုပ္ပာဒ်ဒေသနာကို လည်းကောင်း၊ သစ္စာလေးပါးကို တိုက်ရိုက်ဟောကြားထားသောဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်တို့ကို လည်းကောင်း ဉာဏ်မှီသမျှ လေ့လာ ကြားနာရပါမည်။

ကျွန်ုပ်ကိုယ်တွေ့အရ ထပ်မံအကြံပြုရပါလျှင် ဗုဒ္ဓသာဝကအစစ်အမှန်ဖြစ်သည့် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း တရားစဉ်နှင့် လုပ်ငန်းစဉ်များကို ပရိညာသုံးဆင့်ဖြင့် လိုက်နာကျင့်သုံးပါက တိုတောင်းလှသော လူ့သက်တမ်းအတွင်း မိမိပါရမီဉာဏ်အနုအရင့်အလိုက် ထိုက်သင့်သည့်သစ္စာတရားများကို ခန္ဓာဉာဏ်ရောက် သဘောပေါက်လာပါလိမ့်မည်။ မိမိတို့၏ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ၊ ရင့်ကျက်မှုအရ ဉာဏ်အမြင်ကြည်လင်လာပြီး အသိမှန်၊ အမြင်မှန်၊ အမှတ်မှန်၊ အယူမှန်၍ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟု ဆိုအပ်သော သမာဓိမဂ္ဂင်သုံးပါးပေါ် အခြေတည်လျက် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဟု ဆိုအပ်သော ပညာမဂ္ဂင်နှစ်ပါး ဦးစီး၍ ကြိုးစားပွားများအားထုတ်ပါက မိမိတို့၏ ကုသိုလ်ကံပေါ်မူတည်ပြီး ပုဗ္ဗဘာဂမဂ်မှ တစ်ဆင့်တက်၍ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသော သီလမဂ္ဂင်သုံးပါးပြည့်စုံကာ ဗုဒ္ဓလိုလားတော်မူသည့် မဂ္ဂင်ရှစ်တန် အကျင့်မှန်လမ်းကို ခရီးဆုံးအထိ လျှောက်လှမ်းရောက်ရှိနိုင်မည် ဖြစ်ပါကြောင်း သာသနာတော်ကို ကြည်ညိုသောစိတ်ထားဖြင့် မိတ်အများသို့ တိုက်တွန်းအကြံပြုအပ်ပါသည်။

သစ္စာတရားတော်များကိုကြားနာနိုင်ပြီး နာတဲ့အတိုင်း သိ၊ သိတဲ့အတိုင်း ပွားများအားထုတ်နိုင်ကြပါစေ။

ချစ်ပို့ (မော်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

(မန္တလေးဗုဒ္ဓ?)

# ယောင်မောင်ညွန့်

## ကျမ်းတတ်ကျမ်းပြုသွေးဆေးကန်ဆရာတော်



ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အကြောင်းကို ပြောကြမည်ဆိုလျှင် သွေးဆေးကန်အကြောင်းကို ချန်ထား၍ မရပေ။ သွေးဆေးကန်သည် ရွှေတိဂုံစေတီတော် မြောက်ဘက်စောင်းတန်းခြေရင်း အာဇာနည်လမ်း မြောက်ဘက်ဘေးတွင် ကပ်လျက်တည်ရှိသည်။

ဤကန်ဖြစ်လာရခြင်းမှာ ဟံသာဝတီဘုရင်မကြီး ရှင်စောပုလက်ထက်ဖြစ်သည်။ ဘုရင်မကြီးသည် ရွှေတိဂုံကုန်းတော်နှင့် ပစ္စယာများကို ပြုပြင်မွမ်းမံသည်၊ တံတိုင်းခုနစ်ထပ်လည်းပြုလုပ်သည်ဟု သမိုင်းစာများတွင် တွေ့ရသည်။ ယင်းသို့ ရွှေတိဂုံကုန်းတော်ကို ပြုပြင်ရာတွင် ကုန်းတော်၏ ချိုင့်ခွက်နေသောအပိုင်းများကိုဖို့ရန်နှင့် တံတိုင်းအတွက် အုတ်များဖုတ်ရန် ဤကန်ကို တူးဖော်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုရပါမည်။ မူလက အမည်မှည့်ခဲ့ခြင်းရှိပုံမရပေ။ ၁၈၂၃ ခု ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားရာတွင်မှ မြန်မာစစ်သည်တော်များက ရန်သူအင်္ဂလိပ်တပ်များကို ခုခံတွန်းလှန်ရာတွင် ဓားဒဏ်ရာရခဲ့သည်။ ဆွမ်းပြုရာတွင် ဓား၌ပေကျံနေသောသွေးများကိုဆေးကြောရာကန်ဖြစ်သောကြောင့် သွေးဆေးကန်ဟု ခေါ်ကြောင်း သမိုင်းစာများအရ သိရပါသည်။ ထို့ကြောင့် ဤသွေးဆေးကန်သည် နှယ်နှယ်ရရကန်မဟုတ်။ နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲနှင့် ပတ်သက်နေသဖြင့် လူမျိုးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်သည်ကို သတိချပ်ဖို့လိုပါသည်။

သွေးဆေးကန်ကျောင်းတိုက်ဟူသည်လည်း ဤသွေးဆေးကန်၏မြောက်ဘက်နှင့် အရှေ့ဘက်တို့ကို ပတ်၍ ကျောင်းပေါင်း (၅၀) ခန့်ရှိ ကျောင်းတိုက်ကြီး၏အမည် ဖြစ်ပါသည်။ ဤကျောင်းတိုက်ကြီးတွင် ယခုဖော်ပြလတ္တံ့သော သွေးဆေးကန်ဆရာတော် သီတင်းသုံးပါသည်။ ဆရာတော်သီတင်းသုံးသွားသော ပုဂ္ဂလိကကျောင်း၏ အမည်ကိုကား ယခုအခါ သိသူကို စုံစမ်း၍မရတော့ပြီ။ ဆရာတော် မော်ကွန်းသံပိုင်းထိုးခဲ့သော ခေမာဘိဇယသိမ်ကိုကား ယခုအခါ သိမ်တော်ကျောင်း၌ ကျောက်စာနှင့်တကွ တွေ့ရပါသည်။

ဤဆောင်းပါးကို ရေးဖြစ်ခြင်းမှာ ရွှေတိဂုံစေတီတော်ပိဋကတ်တိုက်တွင် သွေးဆေးကန်ဆရာတော် ပြုစုသော ပေစာကျမ်းများကို တွေ့နေရသဖြင့် ဤကဲ့သို့ ကျမ်းပြုဂန်ပြုဆရာတော်တစ်ပါး အကြောင်းသည် မှတ်တမ်းမှတ်ရာမကျန်ရှိဘဲ အညတရဘဝဖြင့် တိမ်မြုပ်ပျောက်ကွယ်သွားမည့်အရေးမှာ မဖြစ်သင့်မဖြစ်ထိုက်ဟု ယူဆမိသဖြင့် ဆရာတော်၏ ပညာနှင့် စာပေတို့ကို ဂုဏ်ပြုသည့်အနေဖြင့် မှတ်တမ်းတင်လိုက်ရခြင်း ဖြစ်ပါသည်။

ဆရာတော်ပြုစုခဲ့သောကျမ်းများမှာ အားလုံးခုနစ်ကျမ်းတွေ့ရှိရပါသည်။ ယင်းကျမ်းများကို ပြုစုသောနှစ်ကာလအလိုက် ရှေ့နောက်စဉ်၍ ဖော်ပြလိုက်ပါသည်။

၁။ သဒ္ဒမှာလင်္ကာရကျမ်း (မြန်မာနှစ် ၁၂၀၁-ခုနှစ်ပြု)
၂။ လိခနရာသီသတ်ပုံ (၁၂၀၄-ခုပြု)
၃။ ရှင်ကျင့်ဝတ် (၁၂၀၆-ခုပြု)
၄။ သိမလက္ခဏာကျမ်း (၁၂၀၉ -ခုပြု)
၅။ ဝိမတိစ္ဆေဒနီကျမ်း (၁၂၂၁-ခုပြု)
၆။ ဝိနယာစာရကျမ်း (၁၂၂၁-ခုနှစ်ထက်စောမည်)
၇။ ဝိသုဒ္ဓေါဝါဒကျမ်း (ခုနှစ်မပါ) တို့ ဖြစ်ပါသည်။

ဤကျမ်းများနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အဓိပ္ပာယ်များကို အမြွက်မျှ ဖော်ပြပါဦးမည်။

၁။ ထိုကျမ်းများတွင် ကျမ်းပြုနှစ်အစောဆုံးသော သဒ္ဒမှာလင်္ကာရကျမ်းမှာ ရွှေတိဂုံစေတီတော် ပိဋကတ်တိုက် ပေစာအမှတ် (၁၃၁) ကျမ်းစာ ဖြစ်ပါသည်။ နိဂုံး၌ သဒ္ဒမှာလင်္ကာရမည်သော ဝိနည်းအဆုံးအဖြတ်ကို ရေးကူး၍ ပြီးပြည့်စုံသည်ဟုပါရှိသဖြင့် ဝိနည်းအဆုံးအဖြတ်ကိုပြသောကျမ်းဖြစ်ကြောင်း သိနိုင်ပါသည်။ ဆရာတော်သည် နိဂုံး၌ ပညာမိတ္တဘုရားဆုကို တောင်းထားပါသည်။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသော သဒ္ဓမ္မသုံးပါးအကြောင်းကိုလည်း ရှင်းပြထားသည်။ ကျမ်းပြီးနှစ်အရ သာယာဝတီမင်းလက်ထက်ပြုကြောင်း သိရပါသည်။

၂။ ဒုတိယကျမ်းစာမှာ လိခနရာသီ မည်သော သတ်ပုံစာဖြစ်သည်။ အမျိုးသားစာကြည့်တိုက်မှ တိုက်ပိုင်အမှတ် (၂၀၃၈) ပေမူဖြစ်သည်။ ကျမ်းပြီးခေတ်မှာ သာယာဝတီမင်းလက်ထက်ဖြစ်သည်။

ဤသတ်ပုံတွင် 'ယေဘုယျနည်းအားဖြင့် နသက် (၉) ပါး၊ တသတ် (၃) ပါး၊ ပသတ် (၃) ပါး၊ သေးတင် (၃) ပါး၊ မသက် (၃) ပါး၊ ညသတ် (၆)ပါး၊ နောက်ပစ် (၂) ပါး၊ ယသတ် (၂) ပါး၊ ဤ (၃) ပါးသော ဝဏ္ဏတို့ဖြင့်သတ်၍ ရေးနည်းကာရန်တို့ကို အယူဝါဒကွဲပြားရာ၌ ဆရာခိုင်ရာ စာစောင်များရာ အရေးအသားများရာသို့လိုက်၍ ရထိုက်သည့်အားလျော်စွာ အစဉ်အတိုင်း ဂိုဏ်းတို့၏ဆရာဖြစ်သော ရှင်သဒ္ဓမ္မ အမည်ရှိသော ငါသည် ပင့်ပုံ၊ ရစ်ပုံနှင့်တကွ လိခနရာသီမည် သော သတ်ပုံကိုစီရင်ပေအံ့' ဟု ကျမ်း၏အခြင်းအရာနှင့်တကွ ကျမ်းပြုဆရာအမည်ကိုပြ၍ ပဋိညာဉ်စကားဆိုထားပါသည်။

နိဂုံး၌ 'ရန်ကုန်မြို့ ဒဂုံဆံတော်ရှင်စေတီတော်မြောက်မျက်နှာ သွေးဆေးကန်တောအရပ်၌ တရားနှင့်အညီ သီတင်းသုံးနေသော ရှင်သဒ္ဓမ္မ ဟူ၍

www.burmeseclassic.com

အမည်ရှိသော ဂိုဏ်းအုပ်ဆရာတော်သည် သာသနာတော်နှစ် ၂၃၈၆ ခု၊ ကောဇာနှစ် ၁၂၀၄ ခု၊ တော်သလင်းလဆန်း ၁၃ ရက်၊ စနေနေ့တွင် လိခနရာသီမည်သောသတ်ပုံကို ရှင်မဟာရဋ္ဌသာရအစရှိသော ဆရာခိုင်ရာ စာစောင်များရာ အရေးအသားများရာတို့မှ ထုတ်နုတ် ရေးသား၍ အပြီးသို့ရောက်သတည်း' ဟု အဆုံးသတ်ထားပါသည်။

ဆရာတော်ထုတ်ပြသောသတ်ပုံများကို အမြွက်မျှဖော်ပြရလျှင် တေရသကဏ်၊ တောင်အသကဏ်၊ ပါရာဇိကဏ်၊ သဘောသကန်၊ သရုပ်သကန်၊ စန္ဒရကန်၊ သူရိယကန်၊ မသာရဂန်၊ ပေါင်းပန်၊ ကန်တော့၊ ကြွေပန်းကန်၊ ရာသီကန်၊ တံဂိုးလှင်ကန်၊ ရတုရကန်၊ ငမှန်ကန်၊ ကျားကန်၊ အကျော်ကအကန်၊ ခြေဖြင့်ကန်၊ ပုန်ကန်၊ မနိုင်မကန်၊ မှန်ကန်၊ ဧကန်၊ အနေကန်၊ ဧဝကန်၊ စော်ဘွားစော်ကန်၊ မရကန်ရွာ၊ ညောင်ကန်ရွာ စသည်တို့ ဖြစ်ပါသည်။

ရှေးဟောင်းပျို့၊ မော်ကွန်း၊ ဧချင်းစသော ကျမ်းပေါင်းများစွာကို ကိုးကားရေးသားထားသည်။ လက်နှိပ်စက်မူအားဖြင့် စာမျက်နှာ (၂၀၀) ကျော်ရှိသဖြင့် သတ်ပုံကျမ်းငယ်မဟုတ်၊ သတ်ပုံကျမ်းကြီးမျိုးဟု ဆိုရမည် ဖြစ်သည်။

ဤသတ်ပုံကျမ်း၏ထူးခြားချက်တို့ 'ဆေးလိပ်နှင့် ပတ်သက်သော ရေးထုံးသတ်ပုံကို သွေးဆေးကန်ဆရာတော်ရေးသတ်အင်းတွင်မှ ပသတ်နှင့်တွေ့ရပေသည်။ ဝဏ္ဏဗောဓနေ စသည်တို့၌မပါရှိချေ' ဟု ဆရာတော် ဦးနိဗြောဓက ကဗျာ့ကြေးမုံကျမ်း၌ ချီးမွမ်းထားသည်ကိုလည်း တွေ့ရဖူး၏။

၃။ တတိယကျမ်းစာမှာ 'ရှင်ကျင့်ဝတ်' ဖြစ်သည်။ ရွှေတိဂုံပိဋကတ်တိုက် ပေစာအမှတ် (၁၃၄) ပေမူ ဖြစ်သည်။ ကျမ်းပြီးခေတ်မှာ သာယာဝတီမင်းလက်ထက်ဖြစ်သည်။ ဤကျမ်းတွင် ရှင်သာမဏေတို့ကျင့်ရမည့် လိင်၊ ဒဏ်၊ သေခိယ၊ ပစ္စဝေက္ခဏ၊ ခန္ဓကဝတ် စသည်များကို စုံလင်အောင်ရှင်းပြသည်။ 'သေခိယပါဠ်၏နိဿယပြန်နှင့် အဓိပ္ပာယ်များကိုပါ ဖွင့်ပြထားသည်။ ဝိနည်း၊ အဋ္ဌကထာ၊ ဋီကာကျမ်းကြီးများကို ကိုးကားရေးသားထားခြင်း ဖြစ်ပါသည်။

နိဂုံး၌ 'ဥက္ကလာပမြို့လျှင် ဂေါစရဂါမ်ရှိသော တိဂုမ္ဘဆံတော်ရှင်စေတီတော်ကြီး၏ မြောက်မျက်နှာအဖို့ဖြစ်သော သွေးဆေးကန်တောအရပ်၌ တရားနှင့်အညီ သီတင်းသုံးနေလေ့ရှိသော ဂဏာစရိယဂဏပါမောက္ခဖြစ်သော ရှင်သဒ္ဓမ္မဟူ၍ နာမံရှိသော ဂိုဏ်းအုပ်ဆရာသည် ရေးသားတော်မူခဲ့သော ရှင်ကျင့်ဝတ်တရား' ဟူ၍ ဖော်ပြထားပါသည်။ ယခုတွေ့ရှိနေရသော ပုံနှိပ်မူ ရှင်ကျင့်ဝတ်များထက် ကျယ်ဝန်းသည်။

၄။ စတုတ္ထကျမ်းစာမှာ 'သိမလက္ခဏာကျမ်း'ဖြစ်သည်။ ရွှေတိဂုံပိဋကတ်တိုက်ပေစာအမှတ် (၄၂၃) ဖြစ်သည်။ ကျမ်းပြီးခေတ်မှာ ပုဂံမင်းလက်ထက်ဖြစ်သည်။ ကျမ်းနိဂုံး၌ တိဂုမ္ဘစေတီတော်ကြီး၏ မြောက်မျက်နှာတွင်ပြင်မဟာရံတံတိုင်းမှ တာ (၂၀) ကျော်ကွာသော အရပ်၌ ရန်ကုန်မြို့ ကျောက်တံတားရပ်နေ ငမှူန် ဟူ၍ နာမံရှိသော ဉပါသကာအား ပကတိဂါမမှ အသီးပိုင်းခြား၍ ဝိသုံဂါမ ပိုင်စားပေးသနားတော်မူအပ်သော ထိုဝိသုံဂါမနယ်မြေအတွင်း၌ဖြစ်သောခေမာဂီရိတောင်ထိပ်တွင် ဗဒ္ဓသိမ်ကို သမုတ်လိုသော သွေးဆေးကန်တောအရပ်၌ တရားနှင့်အညီ သီတင်းသုံးနေသော ဂဏာစရိယဂဏပါမောက္ခဖြစ်သော ကမန်အောင်မိုက်းအုပ် လည်းဖြစ်သော ရှင်သဒ္ဓမ္မ ဟူ၍ နာမံပညတ်လည်းရှိသော အကျွန်ုပ်သည် ။ လ ။ အနံ (၂၅) တောင် အလျားအတောင် (၃၀) ရှိသော ခေမာဂီရိတောင်လျှင် မှီရာအောင်မြင်ရာရှိသောကြောင့် ခေမာဘိဇယမည်သောသိမ်သည် သာသနာတော် ၂၃၉၀၊ သက္ကရာဇ် ၁၂၀၉ ခု အောင်မြင်ခြင်းသို့ ရောက်၏'ဟု နိဒါန်း၌ ရေးသားထားသည်။

ကျမ်းအဆုံး၌ ခေမာဘိဇယမည်သောသိမ်၏ သိမုပ္ပတ္တိနိဒါနလျှင်အစ၊ ဗဒ္ဓသိမ်အဗဒ္ဓသိမ်အပြားကိုဆိုရာ စကားလျှင် အလယ်၊ နိဂုံးလျှင်အဆုံးရှိသော ။လ။ သိမ်အပြားကိုမှတ်သားကြောင်းဖြစ်သောကြောင့် သိမလက္ခဏာအမည်ရှိသောကျမ်းသည် သာသနာတော် ၂၃၉၂ နှစ်၊ သက္ကရာဇ် ၁၂၁၀ခု၊ ကဆုန်လဆန်း ၃ရက်နေ့ ၃ ချက်တီးအချိန်တွင်ပြီး၏' ဟု နိဂုံးအုပ်ထားပါသည်။

ဤနေရာ၌ အဆိုပါ ခေမာဘိဇယသိမ်၏ မော်ကွန်းကျောက်စာကိုပါ သိမ်တော်ကျောင်းအနီး၌ တွေ့ရှိရသဖြင့် မူရင်းအတိုင်း ကူးယူဖော်ပြလိုက်ရပါသည်။

**ခေမာဘိဇယသိမ်မော်ကွန်းကျောက်စာ**

*သာရကပွ၊ စသည်အပြား၊ ဘုရား ပွင့်ရပ်၊ ငါးပါးကပ်တွင်၊ ဘဒ္ဒမည်သာ၊ ဤကမ္ဘာဝယ်၊ မြတ်စွာနောင်တော်၊ မင်းသုံးဘော်တို့၊ ပွင့်ပေါ်ပြီးနောက်၊ အခါရောက်က၊ စတုတ္ထမင်း၊ ထိုရှင်ရင်းကား၊ ထွန်းလင်းပွင့်လာ၊ ဒေသနာအမြိုက်၊ ရသာတိုက်၍ ကျွတ်ထိုက်သမျှ၊ ကောဏ္ဍညထေရ်မှူး၊ အဦးအစ၊ သုဘဒ္ဒအဆုံး၊ ပေါင်းရုံးလူနတ်၊ ပရိသတ်တို့၊ ထက်ကြပ်နောက်တော်၊ အပါခေါ်၍ မြင်မြော်ဝေဘန်၊ ကြွင်းအကျန်တို့၊ နိဗ္ဗာန်ရောက်ဘွယ်၊ မနောရွှယ်လျက်၊ ငါးသွယ်သဟဿ၊ (သာသနာ ၅၀၀၀ ကို ဆိုလိုသည်) ဗျာဒိတ်မှတ်၍၊ ခါတ်အသခ်တ၊ စံဝင်ကြွသဖြင့်၊ ကာလရှည်ကြာ၊ သာသနာသည်၊ တည်ရာရပ်ဌာန်၊ ဆံတော်ခါတ်မြတ်၊ ကိန်းဝပ်စံလှုံရာ၊ ရန်ကုန်မြို့ကြီးတွင် ပွားစီးမလို၊ ဗြဟ္မစိုရ်ကို မယိုမသုံ၊ တရားကိုထုံသော၊ ဦးမှုံမည်သော၊ လျှုတကာနှင့် နှစ်ဖြာအတူ မယ်မင်းဖြူဟု အိမ်သူဇနီးတိုင်ပင်ပြီးလျှင် စောဓိသာသနာ၊ တည်ထွန်းရာမှု၊ သိမ်သာမူလ၊ ဘူတဧကန်၊ စင်စစ်မှန်ဟု အကြံရှိတိုင်း၊ ဆုတ်မဆိုင်းဘဲ၊ ခြားပိုင်းမှတ်ခါ၊ ဝိသုံဂါမ၊ ပိုင်စားရအောင် မြန်မာ့သေဋ္ဌနင်း၊ ရွှေဘိုမင်းထံ မိန့်တော်ခံ၍ ဗျာသံနတ်လေး ပိုင်းစားပေးက ထောင့်နှစ်ရာရှစ်၊ ကိုယ်ပိုင်ဖြစ်ပြီး၊ နှစ်သစ်ကိုးခု၊ ဉတုဟေမ၊ ကြယ်မာယနှင့် စန္ဒရယှဉ်၊ လခေတ်တွင် ဝယ်၊ မာတင်မုံသောက်၊ ပါမောက်ဂဏ၊ ပရိယတ္တိဆောထ၊ ဝိနယကောဝိဒ၊ သဒ္ဒမ္မရှံသီ၊ ဘွဲ့မည်ထင်ပေါ်၊ ကံပုဲဆရာတော်ကြီး၊ ဦးစီးပြုကာ၊ သံဃာတော်အများကို ဘုရားပညတ်၊ မလွန်လတ်ဘဲ၊ အထပ်ထပ်နုတ်ခြင်း၊ အထပ်ထပ်သမုတ်ခြင်းတို့ဖြင့် သန့်ရှင်းစင်ကြယ်စွာ၊ ခေမာဘိဇယ၊ နာမထွန်းထိန်၊ ခဏ္ဍသိမ်ဟု၊ အရှိန်ဝေယံ၊ မွမ်းအမံတို့ဖြင့်၊ အမှန်ပြီးမြောက်၊ နှစ်ရှည်ရောက်က၊ ဘိဋ္ဌနသဘောကြောင့်၊ ရှေ့လျော့သိမ်တွင်၊ အပေါ်တင်ပျက်စီးရာ၊ သိမ်တကာရင်း၊ ကံယွင်းတိမ်းပါး၊ လွန်ခဲ့ငြားလျှင်၊ သားဆက်မြေးစဉ်၊ အပြုပြင်ကင်း၊ ဦးသင်းသားကြီး၊ ဇနီးမယ်နှိ၊ ဤကပြန့်ပွား၊ သားဦးလောင်နှစ်ကိုယ်ယှဉ်တွဲ၊ မယ်မယ်တို့၊*

www.burmeseclassic.com

အမြဲဆက်ဆံ၊ မပျက်နှံက၊ ကိုအုံ ညေ်တွင်၊ သားမျက်ရှင်နှင့်၊ ချစ်ကြင် ယေတ်၊ မယ်ထုတ်အိမ်သူ၊ ရည်တူ စံပြာ၊ သိမ့်တကာမြစ်၊ သူတော်စစ် ညွှင်၊ တက်သစ်သဒ္ဓါ၊ အားသန်ပါ သဖြင့် ခေမာဘိဇယ၊ သိမ်ခဏ္ဍတွင်၊ ဉာနပေါ်တင်၊ ပျက်ကင်းစင်ကို၊ အလျှင်နိဗ္ဗာန်၊ ရစိမ့်ပန်လျက်၊ ယေန်သုံးထပ်၊ အုတ်ဇရပ်ကို၊ မှမ်းတပ်ပြုပြင်၊ သစ်စီရင်၍၊ အောင်မြင်သည်အခါ၊ သာသနာ ား သချာအဖြောင့်၊ နှစ်ထောင့် လေးရာ၊ လေးဆယ်ရှစ်၊ ဂေါဇာ ညာရာဇ်၊ ထောင့်နှစ်ရာခြောက် ဆယ့်ခြောက်၊ အပြီးရောက်တိုင်၊ အသီးပိုင်ဟု၊ ခရိုင်လူနတ်၊ သိလတ် ငံမှ ၊ ရည်သန်ပါ၍ ကမ္ဘာဤမြေ၊ ကြေမချင်း၊ မပျက်ယွင်းအောင် သွင်းကျောက်စာထိုးသတည်း။ ၁၄) ၁၂၆၆ ခု နယုန်လဆန်း ရက် စနေနေ့ ပြီးအောင်မြင် သည်။

အထက်ပါ သိမ်သံပိုင်းကို ကဆ၍ ခေမာဘိဇယသိမ် ကြောင်း ကောက်ချက်ဆွဲနိုင်သည် -

၁။ မူလသိမ်ဒကာ ဦးမှုန်၊ ဒေါ်မင်း က ၁၂၀၈ ခုနှစ်တွင် အမရပူရ ာဝတီမင်းထံ ဝိသုံဂါမအမိန့်တော် ည်ရာ ၁၂၀၉ ခု၊ တပို့တွဲလမှာ ကြောင်း၊

၂။ သိမ်သမုတ်ရာတွင် သဒ္ဓမ္မရံသိ ည်ရှိသော ကံဘဲ့ဆရာတော်ကြီးက သမုတ်ကြောင်း၊

၃။ သိမ်သံပိုင်းမော်ကွန်းရေးထိုး ကမန်အောင်ဂိုဏ်းအုပ် သွေး န်ဆရာတော် ရှင်သဒ္ဓမ္မဖြစ် ကြောင်း၊

၄။ မူလသိမ် ပျက်ယွင်းရာတွင် ခုနှစ်တွင် ဦးမှုန်၊ ဒေါ်မင်းဖြူတို့ အဆက်အနွယ် သားသမီးမြေးမြစ် လည်ပေါ်သုံးထပ်အုတ်ဇရပ်ကို စံတည်၍လှူကြောင်း၊

၅။ ယင်းသုံးထပ်ဇရပ်လည်း ဒုတိ စစ်အတွင်း ပျက်စီးပြန်ရာ ရှင်စင်းကောက်ဆရာတော်ဘဒ္ဒန္တ လနှင့်လင်းဂျူးတောင်ဗုဒ္ဓဘာသာ တစ်ထပ်သိမ်ကျောင်းအုတ်တိုက် ဒါန်းရာ ၃-၉-၂၀၀၉ နေ့တွင် အောင်မြင်ကြောင်းတို့ကို သိရှိနိုင်ပါ ည်။

၅။ ပဉ္စမကျမ်းစာမှာ ဝိမတိဋ္ဌေဒနီ ကျမ်း ဖြစ်သည်။ ရွှေတိဂုံပေစာအမှတ် (၄၃၈) ဖြစ်ပြီး ကျမ်းပြီးခေတ်မှာ ၁၂၂၁ ခု မင်းတုန်းမင်းတရားလက်ထက် ဖြစ်သည်။ 'သင်္ကန်းသုံးထည်ကို ပရိက္ခာရ စောဠအဓိဋ္ဌာန်တင်သင့်၊ မတင်သင့်' စာခေါင်းချီသည်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနှင့်စပ်၍ အပ်၊ မအပ် ယုံမှားသံသယရှိဖွယ်ရာများ ကို အဆုံးအဖြတ်ပြုထားသော ဝိနယ ဝိနိစ္ဆယကျမ်းမျိုး ဖြစ်သည်။

၆။ ဆဋ္ဌမကျမ်းမှာ ဝိနယာစာရ ကျမ်း ဖြစ်သည်။ ရွှေတိဂုံပေစာအမှတ် (၄၃၈)။ ကျမ်းပြီးခေတ်မှာ မင်းတုန်းမင်း လက်ထက်ဖြစ်သည်။ တံသီလံ- ထိုစတု ပါရိသုဒ္ဓိသီလဟုဆိုအပ်သော ပဋိပတ် ကျင့်စရာကို၊ ဂဟေတွာ - ထုတ်ယူ၍၊ ဝိနယာစာရဝှယံ - ဝိနည်းသိက္ခာပုဒ်ကို စောင့်ရာစောင့်ကြောင်း နည်းနာကျင့် စရာရှိသောကြောင့် ဝိနယာစာရ ဟူ သောအမည်ကို၊ ကတွာ - မှည့်၍၊ တာ ဋီကေ - ပေရွက်၌၊ လိက္ခာမိ - ရေးအံ့' ဟု နိဒါန်း၌ဆိုထားပါသည်။ ရဟန်းတို့ ၏ စတုပါရိသုဒ္ဓိခေါ် သီလလေးပါးကို အကျယ်ဖွင့်ပြသောကျမ်း ဖြစ်သည်။ နံမော်ဆရာတော်၏ 'သီလဝိသောဓနီ ကျမ်း' နှင့် ခပ်ဆင်ဆင်တူသောကျမ်းဖြစ် သည်။

၇။ သတ္တမကျမ်းမှာ ဝိသုဒ္ဓေါဝါဒ ကျမ်းဖြစ်သည်။ ရွှေတိဂုံပေစာအမှတ်မှာ (၄၁၅)ဖြစ်သည်။ ကျမ်းပြီးနှစ်မပါရှိပေ။ 'ဤသို့ (၄၅)ဝါပတ်လုံး ဟောတော်မူအပ် သော ပိဋကသုံးသွယ်၊ နိကာယ်ငါးဖြာ၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင်သော ဩဝါဒ ပိဋကတ်တော်အကျယ်ကို ဆိတ်ခြေရာ များစွာသည် ဆင်ခြေရာတစ်ခု၌ဝင် သကဲ့သို့ ထိုအတူ အပ္ပမာဒ သတိတစ်ခု တည်း၌ သွတ်သွင်း၍ အကျဉ်းဟော တော်မူခဲ့သော 'ဟန္ဒဒါနိဘိက္ခဝေအာမန္တ ယာမိဝေါ ဝယဓမ္မာသင်္ခါရာအပ္ပမာဒေန သမ္ပာဒေထ' ဟူသည့် ပစ္ဆိမဗုဒ္ဓဝစန ဩဝါဒအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်၍ ဟံသာဝတီ ရန်ကုန်မြို့ ကမန်အောင်ဂိုဏ်းအုပ် ရှင်သဒ္ဓမ္မဟူ၍ နာမံရှိသော သွေးဆေးကန်ဆရာမဟာ ထေရ်သည် ကျမ်းဂန်တို့မှထုတ်နုတ်၍ သာသနာတော်၌ ရဟန်းရှင်လူတို့ အကျင့်အမူ အယူမိဝါဒဖြစ်ကြသည်ကို သမဂ္ဂသမာနဝါဒီအညီအညွတ်ကုသိုလ် ဖြစ်ကြစေခြင်းငှာ ကရုဏာရှေ့ထားလျက် အကျဉ်းအမြွက်မျှ ဩဝါဒစာကိုရေးအံ့' ဟု နိဒါန်း၌ ဖော်ပြထားသည်။

မြန်မာစာပေ၌ သားကိုဆုံးမလျှင် ပုတ္တောဝါဒ၊ သမီးကိုဆုံးမလျှင် ဓီတရော ဝါဒ၊ အမိကိုဆုံးမလျှင် မာတောဝါဒ၊ ဘုရင်ကိုဆုံးမလျှင် ရာဇောဝါဒ စသည် ဖြင့်သုံးလေ့ရှိပါသည်။ သို့ရာတွင် ဤ၌ ဝိသုဒ္ဓအမည်ရှိသူအားဆုံးမသောကြောင့် ဝိသုဒ္ဓေါဝါဒဟုဆိုသည်မဟုတ်။ ဝိသုဒ္ဓိ နတ်ဖြစ်သော ဘုရားရှင်၏ အဆုံးအမ ဖြစ်၍ ဝိသုဒ္ဓေါဝါဒဟု အမည်ခံခြင်း ဖြစ် ပါသည်။


သွေးဆေးကန်ဆရာတော် ပြုစုခဲ့ သောကျမ်းများကား ဤမျှမက ရှိကောင်း ရှိနိုင်ပါသေးသည်။ 'သွေးဆေးကန်ဆရာ တော်ပြုသောကျမ်းများကား ဤမျှမက ရှိနိုင်ပါသေးသည်' ဟု ကျွန်ုပ်တို့ဆိုခဲ့ သည့်အတိုင်း အမှန်လည်းရှိခဲ့ကြောင်း ကို ဤဆောင်းပါးရေးပြီးမှ နောက်ထပ် (၃)ကျမ်းထပ်မံတွေ့ရှိခြင်းက သက်သေ ခံနေပါသည်။ နောက်တွေ့ယင်း(၃)ကျမ်း မှာ (၁) သမတလက္ခဏာကျမ်း၊ (၂) အရုဉ္ဒီပနီကျမ်းနှင့် (၃) ပူဇနဒီပနီကျမ်း တို့ဖြစ်ကြပါသည်။ စာရှည်သွားအံ့စိုး၍ နောက်တွေ့(၃)ကျမ်း၏အဓိပ္ပာယ်ကိုမူ ရှင်းမပြ တော့ပါ။ သို့ပါ၍ သွေးဆေးကန် ဆရာတော်ပြုသော ကျမ်းပေါင်းအား လုံး (၁၀)ကျမ်းရှိသည်ဟု မှတ်ယူကြရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့မှာ ပေမူဖြင့် တွေ့ သမျှကိုသာ ဖော်ပြနိုင်ခြင်း ဖြစ်ပါသည်။

ဆရာတော် ပြုစုသော ဤကျမ်း ဆယ်ဆူတို့တွင် အထူးခြားဆုံးသောကျမ်း မှာ ဒုတိယမြောက်ကျမ်းစာ လိခနရာသီ ဖြစ်ပါသည်။ ကျန်သော (၉) ကျမ်းတို့မှာ ပိဋကတ်တော်ပါဠိအဋ္ဌကထာဋီကာကျ များကို အခြေခံ၍ ရေးသားခြင်းဖြစ် သဖြင့် ပိဋကတ်တတ်ရဟန်းတစ်ပါးအဖို့ အဆန်းမဟုတ်ဟု ဆိုဖွယ်ရှိပါသည်။ သို့ရာတွင် မြန်မာစာပေကို လွန်စွာ ကျွမ်းကျင်သော ပညာရှင်များသာပြုနိုင် သည့် သတ်ပုံကျမ်းကို ရေးသားခဲ့ခြင်း သည်ကား ဆရာတော်၏ မြန်မာစာပေ နှံ့စပ်မှုကို အထင်းသားဖော်ပြနေသဖြင့် ထူးခြားသောကျမ်းဟုဆိုရခြင်းဖြစ်သည်။ သို့ပါ၍ သွေးဆေးကန်ဆရာတော်အား ပိဋကတ်စာပေသာမက မြန်မာစာပေ၌ ပါကျမ်းပြုနိုင်လောက်အောင်တတ်ကျွမ်း သော လောကုတ်၊ လောကီ စွယ်စုံရ ပညာရှင်တစ်ဦးအဖြစ် လေးစားကြည်ညို စွာဖြင့်ဦးညွတ်ဂုဏ်ပြုလိုက်ရပါသတည်း။

မောင်မောင်ညွှန့်

(မန်းတက္ကသိုလ်)

www.burmeseclassic.com



မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များတွင် ပရိတ်တရားတော်တို့သည် လူသိအများဆုံး ဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာဝင်တို့မှာ မွေးဖွား၍ ကင်ပွန်းတပ်သောအခါမှစ၍ မြေတူးကိုဝယ်ယူ၍ မြေနှုတ်ခြင်း၊ အိမ်ဆောက်ရန် ပန္နက်တင်ခြင်း၊ အိမ်သစ်တက်ခြင်း၊ ထိမ်းမြားခြင်း၊ သင်္ဂြိုဟ်ခွမ်းကပ်ခြင်း၊ အလှူကြီးပေးခြင်း၊ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းကပ်လှူခြင်း၊ နှစ်သစ်ကူးခြင်း အစရှိသဖြင့် ပရိတ်ရွတ်ဖတ်ခြင်းမှာ နေရာတိုင်းတွင် ပါဝင်လျက်ရှိပါသည်။ ထို့အပြင် ဗုဒ္ဓဘာသာဝင်နေအိမ်တိုင်းတွင် ပရိတ်ကြီး (၁၁) သုတ်စာအုပ်များ၊ ဆရာတော်သံဃာတော်ကြီးများရွတ်ဖတ်ထားသော အခွေများရှိနေပြီး အချို့က ကိုယ်တိုင်နေ့စဉ်ရွတ်ပွားပူဇော်ကြသကဲ့သို့ အများစုမှာ နေအိမ်တွင်လည်းကောင်း၊ အလုပ်ရုံ စက်ရုံ ရုံးခန်းနှင့် မော်တော်ယာဉ်များတွင် လည်းကောင်း နေ့စဉ် ပရိတ်ခွေများဖွင့်၍ နာယူလျက်ရှိကြပါ၏။

ထို့ကြောင့် ပရိတ်တရားတော်များမှာ ဗုဒ္ဓဘာသာဝင်တိုင်းနှင့် ရင်းနှီးလျက်ရှိပါသည်။ ပရိတ်တရားတော်တို့မှာ နောင်ဘဝနောင်သံသရာ ကောင်းကျိုးချမ်းသာမျှသာမက ယခုလက်ငင်းပစ္စုပ္ပန်မှာပင် ကောင်းကျိုးများရရှိစေပါသည်။ ပရိတ်တရားတော်များအစွမ်းဖြင့် ရောဂါဝေဒနာများပျောက်ကင်းရပုံ၊ ဘေးအန္တရာယ်အမျိုးမျိုးမှလွတ်မြောက်ရပုံစသည်တို့မှာလည်း ပြော၍မကုန်နိုင်အောင် သာဓကများစွာရှိနေပြီး ဖြစ်ပါသည်။ ပရိတ်တရားတော်တို့၏အကျိုးကိုအပြည့်အဝရရှိရန် ပရိတ်တရားတော်တို့ကို နာယူသူ၊ ပရိတ်ကြိုး၊ ပရိတ်ချည်၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ဆီတို့ကို ဆောင်ယူသူတို့မှာ သီလလုံခြုံ၍ ပရိတ်တရားတော်တို့အပေါ် ယုံကြည်မှုပြည့်ဝပြင်းထန်ရမည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ပရိတ်တရားတော်တို့၏ အကျိုးကျေးဇူးကို အပြည့်အဝရရှိကြမည်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပရိယတ်တရားတော်တို့သည် ခုနစ်ရက်သားသမီးတို့ကို ကျရောက်လာမည့် ကျရောက်နေသော [illegible] ဘေးရန်အန္တရာယ် [illegible] လွတ်မြောက်စေရန်၊ မကျရောက်စေရန် ကာကွယ်ထားပေးသကဲ့သို့ ရရှိပြီးသော အသက်ခန္ဓာ၊ ရရှိပြီးသော ရာထူးဂုဏ်သိန်၊ ရရှိပြီးသော စည်းစိမ်ဥစ္စာ၊ ရရှိပြီးသော အခြွေအရံ ယာဉ်ရထား၊ ရရှိပြီးသော လောကီလောကုတ္တရာဉာဏ်ပညာတို့မှ လျှောကျပျက်စီးခြင်းမဖြစ်စေရန် ကာကွယ်စောင့်ရှောက်၍လည်းပေးပါသည်။

ထို့ကြောင့် ဆရာတော်ကြီးများ၊ သီလ၊ သမာဓိ၊ ဉာဏ်ပညာနှင့်ပြည့်စုံတော်မူသော သာသနာ့ပြုပုဂ္ဂိုလ်ကြီးများသည် ခုနစ်ရက်သားသမီးအပေါင်းတို့အား ပရိတ်တရားတော်များ၏ စောင့် [illegible] ကြီးများ၏ လမ်းညွှန်အတိုင်း [illegible] သာသနာ့မြေမယ်တော်ကြီးသည်လည်း ၂၀၀၁ ခုနှစ်မှစတင်၍ ခုနစ်ရက် [illegible] သမီးအပေါင်းတို့အား ပရိတ်ကြိုး [illegible] ချီးမြှင့်ခဲ့သည်မှာ ဤယနေ့တိုင် [illegible]

# ဘိုဘို(ရွှေကံကူ)

## ပရိတ်ကြိုးနှင့်ပရိတ်တန်ခိုး



www.burmeseclassic.com

www.burmeseclassic.com



ရှပ်ရှင်တော်မြတ် ဒေသစာရီကြွချီရန် သင်္ကန်းတော်ရုံထားစဉ်

ရွှေကံကူ သာသနာပြုမယ်တော်ကြီး၏ ပရိတ်ကြိုးကို စောင့်ယူကြသော ခုနစ်ရက်သားသမီးများစွာတို့မှာ မယုံကြည်နိုင်လောက်အောင် ထူးဆန်းအံ့ဩဖွယ် ဘေးရန်အန္တရာယ်များမှ လွတ်မြောက်ခဲ့ကြပါသည်။ စာရေးသူတို့အား ပြန်လည်ပြောပြ၍ စာရေးသူတို့သိရှိရသူတို့ပင်များပြားလှပြီး စာရေးသူတို့မသိရှိသေးသူတို့လည်း အများအပြားရှိနေဦးမည်ဖြစ်ပါသည်။ ဤဆောင်းပါးကိုဖတ်ရှုရသောအခါမှ ထိုသူတို့သည် စာရေးသူထံ ဖုန်းဖြင့် လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ လည်းကောင်း မယ်တော်ကြီး၏ ပရိတ်ကြိုးဖြင့် မည်သို့မည်ပုံ ဘေးအန္တရာယ်များမှ လွတ်မြောက်ရပုံကို ပြောပြကြဦးမည် ဖြစ်ပါသည်။

ယခုဆောင်းပါးတွင်မူ စာရေးသူတို့သိရှိထားသူအများအပြားထဲမှ အချို့ကို ရွေးထုတ်တင်ပြသွားမည် ဖြစ်ပါသည်။

၂၀၀၄ ခုနှစ်က ဖြစ်ပါသည်။ မယ်တော်ကြီးသည် ရန်ကုန်ခရီးစဉ်မှ ပြန်လည်ရောက်ရှိသည်နှင့် ဒေသစာရီခရီးစဉ်ကို ခေတ္တရပ်နားပြီး စဥ့်ကိုင်မြို့ အရှေ့ဘက်တစ်မိုင်ခန့်အကွာရှိ စံပြ - ချောင်းပတ်ကျေးရွာတို့အနီး ဖောင်တော်ဦး အမတရိပ်သာသို့ (၉)ရက်အဓိဋ္ဌာန်ဖြင့် ဝိပဿနာတရားစခန်း ဝင်ရောက်ခဲ့ပါသည်။ ရိပ်သာအိပ်ဆောင်မှာ ကြီးမားကျယ်ဝန်းလှပြီး ယောဂီဦးရေနည်းပါးသဖြင့် မယ်တော်ကြီးသည် ထောင့်စွန်းတစ်နေရာတွင် တစ်ဦးတည်းဖြစ်နေပါသည်။ အခြားယောဂီများကတော့ တစ်ဖက်ထောင့်စွန်းတွင် အစုလိုက်နေရာယူ၍ အိပ်စက်ကြပါသည်။ မယ်တော်ကြီးသည် ညဥ့်နက်သည့်တိုင် ဝိပဿနာတရားများ ရှုမှတ်လျက်ရှိရာ ဤအဆောက်အအုံအတွင်း၌ မကျွတ်လွတ်သေးသောယောက်ျားပြိတ္တာတစ်ဦး သွားလာ၍နေသည်ကို တွေ့မြင်ရ၍ မေတ္တာပို့အမျှဝေလိုက်ပါသည်။ ထိုအခါ မမြင်တွေ့ရတော့ပါ။ ထိုအချိန်က မယ်တော်ကြီးသည် နဝင်္ဂသီလနှင့် သက်သတ်လွတ် စောင့်ထိန်းခြင်းမှာ တစ်နှစ်ကျော်မျှသာရှိသေး၍ ကြောက်ရွံ့စိတ်များဖြစ်ပေါ်ခဲ့သော်လည်း ပရိတ်တရားတော်တို့ကို အာရုံပြုလိုက်သောအခါ ကြောက်စိတ်တို့ ပြယ်လွင့်သွားပါသည်။

ထို့နောက် ည (၁၂) နာရီကျော်သောအခါ အိပ်ရာပေါ်သို့လှဲလျောင်းရင်း ဝိပဿနာတရားများ ရှုမှတ်လျက်ဖြင့် အိပ်ပျော်သွားပါသည်။ ထိုသို့ဖြင့် ည (၂) နာရီခန့်တွင် အစုလိုက်အိပ်နေကြသောယောဂီများဘက်မှ -

"အမယ်လေး- သရဲကြီး သရဲကြီး၊ လာဆွဲနေတာ လုပ်ကြပါဦး"

ဟု ငယ်သံပါအောင် အော်ဟစ်သံထွက်ပေါ်လာ၍ မယ်တော်ကြီးလည်း နိုးထလာပြီး အတူအိပ်စက်ကြသော အမျိုးသမီးယောဂီ (၅) ဦးခန့်လည်း လန့်၍နိုးလာကြပါသည်။ သရဲအဆွဲခံရသူမှာ လူယောဂီမဟုတ်ပါ။ မန္တလေးမြို့မှလာရောက်စခန်းဝင်သော သီလရှင်ဆရာလေး ဒေါ်စရဏာဖြစ်နေပါသည်။

မယ်တော်ကြီး ရောက်ရှိသွားချိန်တွင် ဆရာလေးဒေါ်စရဏာမှာ အလွန်အမင်း ကြောက်ရွံ့တုန်လှုပ်ကာ မျက်နှာမှာလည်း သွေးဆုပ်ဖြူရော်လျက်ရှိပါသည်။ ခြေ၊ လက်တို့လည်း အေးစက်စေးထန်းလျက်ရှိပါသည်။ မယ်တော်ကြီးသည် ဆရာလေးကို အားပေးနှစ်သိမ့်ပြီး -

"ကဲ - ဆရာလေး၊ ပရိတ်တရားတော်တွေကို ယုံပါသလား၊ အားကိုးပါသလား၊ -တပည့်တော်ကိုလည်း ယုံပါသလား၊ အားကိုးပါသလား"

ဟု မေးမြန်းရာ ဆရာလေးဒေါ်စရဏာမှ ယုံကြည်ပါသည်ဟု ဖြေကြားလျှင် မယ်တော်ကြီးသည် သွားလေရာ၌ အမြဲယူဆောင်လေ့ရှိသော ပရိတ်ကြိုးတစ်ခုကိုထုတ်၍ ဆရာလေးဒေါ်စရဏာ၏ ညာဘက်လက်တွင် ချည်နှောင်ပေးလိုက်ပြီး ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပေးကာ ပဋ္ဌာန်း



www.burmeseclassic.com

www.burmeseclassic.com

ညေး်ချပေးပါသည်။ သို့တိုင် ဆရာလေးမှာ အကြောက်မပြေသေးသဖြင့် မယ်တော်ကြီးသည် ဆရာလေးအနားတွင် တစ်နာရီကျော်မျှထိုင်၍ ပရိတ်တရားတော်များ ရွတ်ဖတ်ပေးနေရပါသေးသည်။ ထိုအခါမှ ဆရာလေးအကြောက်ပြေသွား၍ မယ်တော်ကြီးလည်း ၎င်း၏အိပ်ရာသို့ပြန်ရပါတော့သည်။

နေ့ဆွမ်းစားချိန်ရောက်သောအခါ မယ်တော်ကြီးနှင့်ဆရာလေးဒေါ်စရဏတို့ ပြန်လည်တွေ့ဆုံကြရာ -

"မယ်တော်ကြီးရဲ့ နာမည်အပြည့်အစုံက ဒေါ်ခင်ခင်ထွေး ဟုတ်သလား"

ဟု မေးမြန်းရာ -

"တင်ပါ့ဘုရား"

ဟု မယ်တော်ကြီးက ဖြေလိုက်လျှင်-

"ဒါဆိုတကယ့်ကိုထူးဆန်းတာပဲ၊ ဆရာလေးလည်း ညက မယ်တော်ကြီးပြန်သွားပြီး ခဏအိပ်ပျော်သွားသေးတယ်။ (၄)နာရီမှာနိုးလာတာနဲ့ မျက်နှာသစ်ပြီးတရားထိုင်တယ်။ တရားထိုင်လို့ (၁၅) မိနစ်လောက်ကြာတဲ့အချိန်မှာ သမာဓိတည်နေပြီး အဲဒီအချိန်မှာပဲ ဆရာလေးရဲ့အာရုံထဲမှာ ကောင်းကင်ကနေ အလင်းတန်းကြီး ထိုးစိုက်ဆင်းကျလာတယ်။ အဲဒီအလင်းတန်းကြီးအတိုင်း တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမလိုက်ပါကြွမြန်းတော်မူလာတာနဲ့ ဆရာတော်ကြီးကို ဦးချကန်တော့လိုက်တယ်။ ဆရာတော်ကြီးဟာ ဆရာလေးရဲ့ရှေ့မှာပဲ မတ်တတ်ရပ်လျက်သီတင်းသုံးတော်မူနေပြီး ဆရာလေးကို 'ညက ဘယ်ပုဂ္ဂိုလ်ပရိတ်ကြီးချီးမြှင့်တာလဲ'လို့ မေးတာနဲ့ ရွှေကံကူသာသနာပြုမယ်တော်ကြီး ဒေါ်ခင်ခင်ထွေးက ချီးမြှင့်တာပါဘုရားလို့ ပြန်ပြီးလျှောက်ထားမိတော့ 'အေးအေး-ကောင်းတယ်။ အဲဒီပရိတ်ကြီးကို ဆက်ပြီးဆောင်ထားကွယ့်' လို့ မိန့်ကြားတော်မူပြီး အလင်းတန်းကြီးနဲ့အတူ ကောင်းကင်ကိုပြန်လည်ကြွမြန်းတော်မူသွားတယ်။ အပြင်မှာ ဆရာလေးက မယ်တော်ကြီးရဲ့နာမည်အပြည့်အစုံကိုမသိဘူးလေ။ ဒီမှာက မယ်တော်ကြီးရဲ့နာမည်ကို ဘယ်သူကမှမခေါ်တာ။ ပြီးတော့ မယ်တော်ကြီးနဲ့ ဆရာလေးကလည်း တွေ့တာသိတာမျှမကြာသေးဘဲ။ အဲဒါကိုပဲ ဆရာလေးက မယ်တော်ကြီးရဲ့နာမည်ကို ဆရာတော်ကြီးကိုလျှောက်လိုက်တာမှန်နေတော့ အဲဒီအဖြစ်အပျက်တာ စိတ်အာရုံကဖြစ်ပေါ်တာ



၇-၉-၂၀၀၄ ရက်နေ့တွင် အောင်မြင်စွာ ဆောက်လုပ်ပြီးစီးသွားသော ရွှေကံကူကျောင်းတော်ကြီး



၉-၉-၂၀၀၄ ရွှေကံကူပွဲတော်နေ့တွင် ရုပ်ရှင်တော်မြတ်အား ပန်းများပူဇော်ထားရှိစဉ်







www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄ ရန်ကုန်ခရီးစဉ်၌ ရွှေကျင်ပြုံးဆရာတော်ကြီးအား မယ်တော်ကြီးမှသွားရောက်ဂါရဝပြုစဉ်






၂၀၁၄၊ (၁၁) ထပိုင်းတွင် အောင်မြေ၌ ရွှက်ကျမောင်နှမ (၆) ဦး အမှတ်တရ

မဟုတ်ဘဲ ဆရာတော်ကြီး တကယ်ကြွသွားတာအမှန်ပဲလို့ပြောလို့ရပြီ။ မယ်တော်ကြီးကို ကျေးဇူးတင်ပါတယ်။ မယ်တော်ကြီးရဲ့ကျေးဇူးကြောင့် သရဲခြောက်တဲ့အန္တရာယ်ကလည်း လွတ်မြောက်ခဲ့ရသလို တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမကိုလည်း ဖူးတွေ့ခွင့်ရလိုက်တယ်"

ဟု ပြောကြားရာ -

"ဆရာလေး ဒါတွေဟာ ပရိတ်တရားတော်တွေရဲ့ကျေးဇူး၊ ပြောရရင် ဘုရားရဲ့ကျေးဇူးတွေပါ။ တပည့်တော်ကို ကျေးဇူးတင်ဖို့မလိုပါဘူး။ အဲဒီကျေးဇူးတွေကို အောက်မေ့တယ်ဆိုရင် ရတနာသုံးပါးကိုတိုးလို့ကိုးကွယ်ဆည်းကပ်ပါ"

ဟု မယ်တော်ကြီးမှ ပြန်လည်ပြောကြားခဲ့ပါသည်။

ထို့နောက် ညများတွင်လည်း ဆရာလေးဒေါ်စရဏာတွင် မည်သည့်အနှောင့်အယှက်တို့မျှ မပေါ်ပေါက်ဘဲ တရားစခန်းကို ပြီးဆုံးသည်အထိ ဝိပဿနာတရားများ ပွားများအားထုတ်နိုင်ခဲ့ပါသည်။ မယ်တော်ကြီးသည်လည်း တရားစခန်းအဓိဋ္ဌာန်ရက်ပြည့်မြောက်သောအခါ ဖောင်တော်ဦး အမတရိပ်သာကျောင်းမှ ပြန်ခဲ့ပါသည်။ ထိုနောက်ပိုင်းတွင် ရုပ်ရှင်တော်မြတ်သည်လည်း ဒေသစာရီခရီးများ မနားတမ်းလိုက်ပါကြွမြန်းတော်မူရပြီဖြစ်၍ မယ်တော်ကြီးသည်လည်း အားလပ်ခြင်းမရှိတော့၍ ဖောင်တော်ဦးအမတရိပ်သာသို့ ထပ်မံရောက်ရှိနိုင်ခြင်းမရှိတော့သည်မှာ ဤယနေ့တိုင်ဖြစ်ပါသည်။ ထိုအဖြစ်ကို သိရှိလိုက်သူတို့မှာ စဉ့်ကိုင်မြို့ ရန်အောင်မြင်ရပ်ကွက်(စာရေးသူတို့နေထိုင်ရာ)နေ ဒေါ်အေးအေးဝင်းနှင့် ဒေါ်စုစုတို့ဖြစ်ကြပါသည်။

မယ်တော်ကြီး၏ ပရိတ်ကြိုးဖြင့် အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ရသူ နောက်တစ်ဦးမှာ စဉ့်ကိုင်မြို့ တိုက်၊ ကား၊ လမ်း၊ တံတားဆောက်လုပ်ငန်းရှင် ကိုမောင်နိုင်ဖြစ်ပါသည်။ ကိုမောင်နိုင်မှာ စာရေးသူ၏ ဆောင်းပါးများတွင် မကြာခဏပါရှိခဲ့၍ သူ့ရဇ္ဇစာဖတ်ပရိသတ်များ မှတ်မိကြမည်ဖြစ်ပါသည်။

၂၀၀၇ ခုနှစ်က ဖြစ်ပါသည်။ ကိုမောင်နိုင်သည် မန္တလေးမြို့(၃၇)လမ်း၊ (၇၅×၇၆) လမ်းကြားရှိ ရွှေဇင်ထွန်း တံခါးကျည်းခွေ၊ တံခါးရွက်ဆိုင်မှ စဉ့်ကိုင်မြို့ တရုတ်စုရပ်ကွက်မှမင် ဖြစ်သော ပန်းရန်ဆရာ ကိုဝင်းကိုနှင့် ဆိုင်ကယ်နှစ်ယောက်ပိုးစီးပြီး (၃၇) လမ်းအတိုင်း အနောက်သို့ မောင်းနှင်လာခဲ့ကြပါသည်။ (၇၈) လမ်းမကြီးပေါ်သို့ အရောက်တွင် တောင်ဘက်မှ အရှိန်ဖြင့် မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးက ကိုမောင်နိုင်တို့ဆိုင်ကယ်ကို အရှိန်ပြင်းစွာဖြင့် ခါးလယ်မှဖြတ်တိုက်လိုက်ရာ ဆိုင်ကယ်သည် ဂျင်ပေါက်သကဲ့သို့ ချာချာလည်လည်၍သွားပြီး ကိုမောင်နိုင်မှာ တစ်စုံတစ်ယောက်က မယူပြီး လမ်းဘေးသို့ချပေးသည့်အလား မည်သည့် ဒဏ်ရာမှမရရှိဘဲ မတ်တတ်ရပ်လျက်သားဖြစ်နေပါသည်။ ကိုဝင်းကိုကတော့ ခါးတွင်ဒဏ်ရာရရှိသွားပါသည်။ ထိုနှစ်ထဲမှာပင် နောက်တစ်ကြိမ်မှာ စာရေးသူသည် ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံကိစ္စများဖြင့် မန္တလေးမြို့သို့ ကိုမောင်နိုင်နှင့်အတူ ဆိုင်ကယ်တစ်စီး



www.burmeseclassic.com

www.burmeseclassic.com

ဖြင့်ထွက်ခဲ့ကြပါသည်။ ထိုအချိန်က စာရေးသူတွင် ဆိုင်ကယ်မရှိသေးပါ။ ထိုရက်က ကိုမောင်နိုင်သည် စဉ့်ကိုင်မြို့ မြောက်ဘက် ပေါ်တော်မူမုခ်ဦးအတိုင်း ဝင်ရသော ကံကြီးမဘုရားတွင် ရွှေသက်န်းကပ်နေချိန်ဖြစ်၍ ကံကြီးမဘုရားသို့ဝင်ရောက်ရှာ ဂေါပကလူကြီးနှစ်ဦးလည်း မန္တလေးသို့ဆေးဝယ်ရန်လိုက်လာကြပါသေးသည်။

ထိုအခါ ဂေါပကတစ်ဦးက ကိုမောင်နိုင်ဆိုင်ကယ်နောက်မှလိုက်ပြီး စာရေးသူက အခြားဆိုင်ကယ်၏နောက်မှ စီးနင်းလိုက်ပါခဲ့ပါသည်။ ကိုမောင်နိုင်၏ဆိုင်ကယ်က စာရေးသူတို့ဆိုင်ကယ်ရှေ့မှမောင်းနှင်ပါသည်။ သို့ဖြင့် တံခွန်တိုင်နှင့် တောင်မြင့်ရွာကြားမှ တံတားပေါ်သို့ရောက်ရှိလာ၍ စာရေးသူတို့ဆိုင်ကယ်များရှေ့တွင် ရေခဲကားကြီးမောင်းနှင်လျက်ရှိပါသည်။ ရေခဲများမှ ရေများ လမ်းပေါ်တွင် တစ်လျှောက်လုံး စိတ်ကျ၍နေပါသည်။ ရေတို့မှာ အတန်ငယ်များနေ၍ အရှိန်ဖြင့်မောင်းနှင်နေရာမှ ကိုမောင်နိုင်က ဘရိတ်အုပ်လိုက်သောအခါ နောက်ကျသွားပေပြီ။ ဆိုင်ကယ်မှာ စလစ်ဖြစ်ပြီး လဲကျသွားလျက်ဖြင့် ပေ (၃၀) ကျော်မျှ တရွတ်တိုက်၍ လျှောပါသွားပါသည်။ အရှိန်သေပြီး ရပ်တန့်သွားသောအခါမှ စာရေးသူတို့ ရောက်ရှိသွားပါသည်။

ထူးဆန်းလှပါ၏။ ကိုမောင်နိုင်တွင် ပွန်းခြင်းပဲ့ခြင်းပင်မရှိပါ။ နောက်က စီးနင်းလိုက်ပါသူ ဂေါပကသည်သာ ဒူးများပွန်းပဲ့သွားပါသည်။ ဆိုင်ကယ်လည်း လုံးဝပျက်စီးခြင်းမရှိပါ။ မြင်ရသူ၊ ကြားရသူအပေါင်းတို့ ယုံနိုင်ဖွယ်ပင်မရှိပါ။ သို့သော် ထိုအဖြစ်အပျက်မှာ စာရေးသူကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ဖြစ်ပါသည်။

နောက်တစ်ကြိမ်မှာ ၂၀၁၂ ခုနှစ်က ဖြစ်ပါသည်။ ထိုနေ့က စာရေးသူသည် ရုပ်ရှင်တော်မြတ်နှင့်အတူ ပြင်ဦးလွင်မြို့ အောင်ချမ်းသာ ပန်းတန်းရှိ မန်းကဖေးသို့ ရောက်ရှိနေချိန်ဖြစ်ပါသည်။ ထိုအခါက မယ်တော်ကြီးတို့သည် တောင်ခြေတွင် နားနေရစ်ပါသည်။ (၁၀) လပိုင်းမျှသာ ဖြစ်သော်လည်း ပြင်ဦးလွင်တွင်မူ ညအခါနှင့် နံနက်ခင်းတို့တွင် နှင်းများကျလျက်အေးနေပြီဖြစ်ပါသည်။ စာရေးသူလည်း နံနက်(၈)နာရီခန့်မျှသာရှိသေး၍ အပေါ်ထပ်အိပ်ခန်းမှဆင်းမလာသေးဘဲရှိစဉ်



ဆရာတိုဘိုအား မြဝတီရုပ်သံအဖွဲ့မှ ဆေးသိပ္ပံအကြောင်း မေးမြန်းရိုက်ကူး မှတ်တမ်းတင်နေပုံ



ရွှေကူ ဆရာတိုဘိုမှ ဆေးသိပ္ပံသစ္စာရေများ ဝေငှနေပုံ



(၇) ရက်သားသမီးတို့အား ဝေငှရန် ပရိတ်ကြိုးများပြုလုပ်နေပုံ

ကိုမောင်နိုင်၏ယောက်ဖကိုမျိုးမြင့်အောင်ခေါ် ကိုရှည်ကြီးမှ စာရေးသူထံသို့ မဆက်စဖူး ဖုန်းဆက်လာ၍ စာရေးသူလည်း ဘာအကြောင်းများလဲဟု တွေးလျက်ရှိစဉ် ကျောက်ဆည်မြို့မြောက်ဘက်အထွက်တွင် ကိုမောင်နိုင်သည် ကျောက်ဆည်မြို့မှပြန်အလာ နေပြည်တော်မှ မောင်းနှင်လာသော တောင်းအေ့မှန်လုံမော်တော်ယာဉ်သည် ယာဉ်မောင်း အိပ်ငိုက်သွားပြီး ကိုမောင်နိုင်၏ ဆိုင်ကယ်နောက်ပိုင်းကို အရှိန်ပြင်းစွာတိုက်ချလိုက်ပါသည်။ မောင်းနှင်လာသော ကား၏ အရှိန်မှာ ပြင်းထန်လှ၍ ကိုမောင်နိုင်၏ ဆိုင်ကယ်နောက်ပိုင်းတစ်ခုလုံး ကျိုးကြေသွားပါသည်။

ကိုမောင်နိုင်သည် ပြင်းထန်သော



www.burmeseclassic.com

www.burmeseclassic.com

အရှိန်ဖြင့် ဆိုင်ကယ်ပေါ်မှ လွင့်စဉ်ပြောက်တက်သွားပြီး ကားမှန်ဖြင့်ရိုက်ကာ ဘောနက်ပေါ်မှတစ်ဆင့် ကားလမ်းပေါ်သို့ပစ်ကျသည်။ ကံကောင်းသည်မှာ ကိုမောင်နိုင် ကားလမ်းပေါ်အကျမှာပင် ကားလည်းရပ်သွားသည်။ ကိုမောင်နိုင်တွင် ပါး၌အနည်းငယ်သွေးစို့သွားရုံမှအပ မည်သည့်ဒဏ်ရာမျှ မရရှိပါ။ သို့သော် သတိလစ်မေ့မြောလျက်ရှိနေပြီး ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံ



မယ်တော်ကြီး၏ပရိတ်ကြိုးဖြင့် ပြန်လည်ကျန်းမာလာသော ထားဝယ်မြို့မှ ဒေါ်သောင်းသောင်းစိန်



ရွှေကူမယ်တော်ကြီးကိုယ်စား ပရိတ်ကြိုးများဝေငှပေးဝေနေပုံ



ပရိတ်ကြိုးများဝတ်ဆင်ထားသော အမျိုးသမီးနှစ်ဦး

ကြီးသို့ ပို့ထားရပါသည်ဟု ကိုရှည်ကြီးမှ ပြောပြပါသည်။

စာရေးသူလည်း စိတ်ပူသွားမိပါသည်။ ပြင်ဦးလွင်မှပင် မေတ္တာပို့ဆုတောင်းနေရပါသည်။ နေ့လယ်ပိုင်းတွင် မယ်တော်ကြီးမှ ဖုန်းဆက်လာပါသည်။ ကိုမောင်နိုင် ပြန်လည်သတိရလာပြီဖြစ်ကြောင်း ဓာတ်မှန်ရိုက်ကြည့်ရာ မည်သည့်နေရာတွင်မျှ တစ်စုံတစ်ရာထိခိုက်မှုမရှိကြောင်းသိရှိရ၍ ဝမ်းသာမိပါသည်။ ထိုအခေါက်က စာရေးသူသည် ပြင်ဦးလွင်တွင် ရုပ်ရှင်တော်မြတ်နှင့်အတူ (၄) ညအိပ် (၅)ရက်ကြာမြင့်ပြီးမှ အောင်မြေသို့ပြန်လည်ရောက်ရှိပါသည်။ ထိုအချိန်တွင် ကိုမောင်နိုင်သည် ဆေးရုံမှ (၂)ညအိပ် (၃) ရက်နှင့် ဆင်းလာပြီဖြစ်ကာ အကောင်းပကတိဖြင့်တွေ့မြင်ရပါသည်။ ကိုမောင်နိုင်သည် အကြောက်လွန်ပြီး သတိလစ်မေ့မြောသွားခြင်းသာဖြစ်၍ ဒဏ်ကြေဆေးနှင့် အားဆေးတို့ထိုးပေးပြီး ဆေးရုံမှဆင်းခွင့်ပြုလိုက်သည်ဟု သိရပါသည်။

ယခုတစ်ဖန် ပရိတ်တန်ခိုးပရိတ်ကြိုးဖြင့် အန္တရာယ်လွတ်မြောက်ရပုံမှာ စာရေးသူကိုယ်တိုင်ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်ကဖြစ်ပါသည်။ ထိုအချိန်က စာရေးသူတွင် ဆိုင်ကယ်ရရှိနေပြီဖြစ်ရာ မန္တလေးသို့ စာရေးသူတစ်ယောက်တည်းသွားရောက်နေပြီဖြစ်ပါသည်။ မိုးရာသီဖြစ်ပါသည်။ မန္တလေးအဝင် ကျွဲဆည်ကန်ရောက်သည်နှင့် မိုးတဖွဲဖွဲကျလာပြီး တဖြည်းဖြည်း မိုးသည်းလာပါသည်။ (၇၈) လမ်းမကြီးအတိုင်း မြောက်သို့မောင်းနှင်လာခြင်းဖြစ်ရာ သိပ္ပံလမ်းမီးပွိုင့်၊ (၁၁) မှတ်လမ်းဆုံ ခုံးကျော်မီးပွိုင့်တို့ကိုဖြတ်ကျော်ပြီးချိန်၌ မိုးသည်းနေလျက်ရှိ၍ စာရေးသူလည်း ဆိုင်ကယ်ကိုအရှိန်မြှင့်၍ မောင်းနှင်လိုက်ပါသည်။ ထိုအချိန်တွင် စာရေးသူ၏ရှေ့မှစက်ဘီးသည် ဘေးကပ်နင်းနေရာမှ အနောက်ဘက် စာရေးသူ၏လမ်းကြောင်းပေါ်သို့ ကွေ့ချလိုက်ရာ စာရေးသူလည်း မျက်စိများပြာဝေသွားသည်အထိ ထိတ်လန့်သွားပြီး ဘရိတ်ကိုအားကုန်နင်းချလိုက်လျှင် ဆိုင်က ် သည် ဒယိမ်းဒယိုင်လူးခါသွားပြီး အရှိန်ဖြင့်ပစ်လဲသွားပါသည်။

ဆိုင်ကယ်သည် လမ်းပေါ်တွင် ကန့်လန့်အနေအထားဖြင့် လျှောတိုက်ပါသွားရာ စာရေးသူလည်း ဆိုင်ကယ်လက်ကိုင်ကို ဆုပ်ကိုင်လျက်ပါသွားပါသည်။ ဤနေရာတွင် လမ်းမကျယ်ဖြစ်

www.burmeseclassic.com

ပြီး လမ်းလယ်ကျွန်းများမရှိသောကြောင့် စာရေးသူ၏ဆိုင်ကယ်မှာ တစ်ဖက်ယာဉ်ကြောအလယ်အထိ ရောက်ရှိသွားရာ မြောက်မှတောင်သို့မောင်းနှင်လာသော ဂျစ်ကားနှင့် တည့်တည့်တိုးပါသည်။ ဂျစ်ကားသည် ရုတ်တရက် မထင်မှတ်သော ဖြစ်ပေါ်လာသည့် အခြေအနေတွင် အချိန်မီဘရိတ်အုပ်လိုက်သော်လည်း မမီတော့ပါ။ သို့သော် ကံကောင်းပါသည်။ စာရေးသူ၏ဆိုင်ကယ်မှာ လမ်းပေါ်တွင် ကန့်လန့်တည့်တည့်ဖြစ်နေ၍ ကားဘီးနှစ်ဖက်နှင့် ဆိုင်ကယ်ဘီးနှစ်ဖက်တိုက်မိကြသည်။ ကားဘီးသည် ဆိုင်ကယ်ဘီးကို ကျော်တက်လာလျှင်တော့ စာရေးသူကို ကြိတ်မိပေမည်။ အခုတော့ စာရေးသူ၏ ဆိုင်ကယ်မှာ ကား၏အရှိန်ဖြင့် နောက်သို့ (၁၀)ပေခန့် လွင့်တိုက်ပါသွားပြီး ရပ်သွားပါသည်။

ကားပေါ်မှလူများနှင့် လမ်းနံဘေးမှလူများပြေးလာပြီး စာရေးသူကိုထူတွဲပါသည်။ စာရေးသူသည် မကျိုးမပဲ့ပါ။ ခေါင်းအုံမှ အသုံးတည်းလက်သည်းအကြားမှ သွေးအနည်းငယ်စို့ရုံသာရှိပါသည်။ လူအားလုံးကား အံ့ဩလျက်ရှိပါသည်။ လမ်းအနောက်ဘက်ဘေး ကွမ်းယာဆိုင်လေးမှ ရေတစ်ခွက်တိုက်ပြီး စိတ်လှုပ်ရှားမှုများ တည်ငြိမ်သွားစေရန် ခေတ္တထိုင်နေပါသည်။ ထိုအခါမှ စာရေးသူလည်း ဆိုင်ကယ်ကို သေချာကြည့်မိသည်။ ဆိုင်ကယ်အိတ်ဇောမှာ ဒူးရင်ကောက် သဏ္ဍာန် တွန့်ခေါက်၍နေပါသည်။ လဲသွားသောအရှိန်၊ ကား၏ တွန်းအားအရှိန်တို့မည်မျှများလိုက်ပါသနည်း။ သို့မှသာ စာရေးသူလည်း တုန်လှုပ်ချောက်ချားသွားမိပါသည်။ ထိုအခါ စာရေးသူ၏ ညာဘက်လက်ကောက်ဝတ်ရှိပရိတ်ကြိုးကို မျက်စိရောက်သွားပြီး မြတ်စွာဘုရားရှင်တို့၏ ကျေးဇူးတော်တို့သည်ကားကြီးမားလွန်းလှပါ၏။

မြတ်စွာဘုရားရှင်၏ ပရိတ်တရားတော်တို့၏ အာနိသင်သက်ရောက်လျက်ရှိသော ပရိတ်ကြိုးကို ကိုယ်နှင့်တွဲဆောင်ထားရုံနှင့်ပင် ကြီးမားသောဘေးအန္တရာယ်တို့မှ လွတ်မြောက်နိုင်ပေသည်ဟုတွေးမိကာ၊ ဗုဒ္ဓဘုရားရှင်အား ရှိခိုးလိုက်ပါသည်။ စာရေးသူ၏အဖြစ်မှာ မည်သို့မျှသက်သာစရာလမ်းမရှိပါ။ သို့သော် ဗုဒ္ဓဘုရားရှင်တို့၏ ပရိတ်တော်များကို မယ်တော်ကြီးမှ ရွတ်ပွားသရဇ္ဈာယ်ထားသော ပရိတ်ကြိုးပါရှိ၍သာ ဘေးအန္တရာယ်မှ လွတ်မြောက်ရခြင်းဖြစ်သည်မှာ ယုံမှားသံသယဖြစ်စရာမရှိပါ။


နောက်တစ်ဦးမှာ ယခင်က ကျောက်ဆည်မြို့တွင် တာဝန်ကျခဲ့ပြီး ယခု ဖားကန့်မြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော မြို့နယ်မှူး ရဲမှူးမောင်မောင်ဝင်း-ဒေါ်ဌေးဌေးဦးမိသားစုတို့ ဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်တွင် ကျောက်ဆည်မြို့တွင်ရှိစဉ်က ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်ခဲ့ကြပြီး ထို့နောက် ငှက်ကတောင်ရပ်ကွက် (ကျောက်ဆည်)တွင် ၎င်းတို့၏တိုက်သစ်တက်မင်္ဂလာတွင်လည်း ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်ခဲ့ကြပါသေးသည်။ ထို့နောက်တွင်လည်း အောင်မြေသို့ အခါအားလျော်စွာ အမြဲမပြတ်လာရောက်လျက်ရှိခဲ့ကြပြီး မယ်တော်ကြီး၏ သားသမီးများသဖွယ် သာဝကအရင်းအချာများဖြစ်ခဲ့ကြပါသည်။

ဦးမောင်မောင်ဝင်းမှ အစပြု၍ တစ်အိမ်သားလုံးသည် ရုပ်ရှင်တော်မြတ်ကို အထူးပင် ယုံကြည်ကိုးကွယ်လျက်ရှိသည့်နည်းတူ မယ်တော်ကြီး၏ပရိတ်ကြိုးကိုလည်း တစ်အိမ်လုံး ယုံကြည်အားကိုးစွာ ကိုယ်နှင့်မကွာဆောင်ထားကြသူများဖြစ်ပါသည်။

တစ်နေ့တွင် ဦးမောင်မောင်ဝင်းသည် ကျောက်ဆည်မြို့နယ်အပိုင် သံရှာရဲစခန်းကို သွားရောက်စစ်ဆေးပြီးအပြန်တွင် ခဲလုံးတစ်ခုကိုနင်းမိပြီး ဟန်ချက်ပျက်ကာ ဆိုင်ကယ်သည် လမ်းနံဘေးသို့ ထိုးကျသွားပြီး ဆိုင်ကယ်တခြား လူတခြားဖြစ်ကာ တလိမ့်ခေါက်ကွေး သုံး၊ လေးပတ်မျှ လိမ့်ထွက်သွားသည်။ သို့သော် လူရော ဆိုင်ကယ်ပါ ဘာမှမဖြစ်ပါ။ အံ့ဩခြင်းနှင့်အတူ ဝမ်းသာသွားမိပြီး ပရိတ်ကြိုးကိုသတိရလိုက်ကာ 'ကျေးဇူးကြီးလှပါတယ် အမေ'ဟုဆိုကာ မယ်တော်ကြီးရှိရာအရပ်သို့ ရည်မှန်းပြီး ထိုင်ကန်တော့လိုက်ပါသည်။ ထို့နောက်တွင်လည်း မကြာခဏ ဆိုင်ကယ်လဲကြောင်း၊ သို့သော် ဘာမှထိခိုက်ဒဏ်ရာရခြင်း၊ ဆိုင်ကယ်ထိခိုက်ပျက်စီးခြင်းတို့လည်းမရှိပါဟု ရဲမှူးမောင်မောင်ဝင်း



ရွှေကံကူရုပ်ရှင်တော်မြတ်အား နှစ်ပေါင်းများစွာ ကိုးကွယ်ခဲ့သူ ခွေ့ကိုင်မြို့ ခေတ်ဆန်သူ့စာကြည့်တိုက်မှ မခင်ဇင်မွယ်ကို MRTV-4 ရုပ်သံအဖွဲ့မှ မေးမြန်းရိုက်ကူး မှတ်တမ်းတင်နေပုံ



၉-၉-၂၀၁၄ မတိုင်မီညက ရွှေကံကူကျောင်းတော်သို့ ရောက်ရှိလာသော ငန်းတော်ကြားမြွေ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင် စာရေးသူကို တစ်ခါမကပြောပြဖူးပါသည်။

ရဲမှူး မောင်မောင်ဝင်း၏ ဇနီး ဒေါ်ဌေးဌေးဦး (ယခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင်ထုတ်လွှင့်ပြသသွားသော MRTV-4 ရုပ်/သံလိုင်းတွင် ၂၀၁၄ ရွှေကူတူဗုဒ္ဓပူဇနီယပွဲတော်အင်တာဗျူးတွင် ပါဝင်ဖြေကြားခဲ့သူ) မှလည်း -

"ဆရာရေ၊ သားရော သမီးပါ မယ်တော်ကြီးရဲ့ ပရိတ်ကြိုးတွေပါနေတော့ ဆိုင်ကယ်လဲတာလည်းခဏခဏ၊ သူများ ကိုယ့်ဆိုင်ကယ်ကိုဝင်တိုက်တာလည်း ခဏခဏပဲ။ ဒါပေမယ့် ဘာမှ ကိုမဖြစ်ဘူး။ အံ့ရော ဆရာရော"

ဟု ပြောဖူးပါသည်။

ယခုလည်း ဒေါ်ဌေးဌေးဦးသည် ဖားကန့်သို့ ဦးမောင်မောင်ဝင်းထံ လိုက်ပါနေထိုင်ခြင်းမပြုပါ။ ရဲဖန်ရဲခါမျှသာခေတ္တသွားရောက်ပြီး ကျောက်ဆည်မြို့ ငှက်ကတောင်ရပ်ကွက်မှာပင် သားသမီးနှစ်ဦးနှင့်အတူ နေထိုင်လျက်ရှိကြောင်း သိရပါသည်။

ထို့ပြင် ၂၀၁၄၊ ဇူလပိုင်း အတွင်းမှဖြစ်ရပ်မှာ စာရေးသူ၏တပည့်ကလေး အောင်နေလင်း၏ညီငယ် မောင်တင်ကိုအောင်ဖြစ်သည်။ ၎င်းသည် ည(၉)နာရီခန့်အချိန်တွင် မန္တလေးမှ တစ်ယောက်တည်း ယိုးဒယားနိုင်ငံလုပ် စပိုကလစ်ဆိုင်ကယ်ဖြင့် ပြန်လာသည်။ လမ်းကလည်းရှင်းနေပြီး တစ်ယောက်တည်းလည်းဖြစ်ပြန်၊ မိုးကလည်းချုပ်နေပြန်မို့ ဆိုင်ကယ်ကို ဂီယာကုန်၊ လီဗာကုန်မောင်းနှင်လာခဲ့သည်။ ပလိပ်မြို့တောင်ဘက် ရေပါတော်မူဘုရားနားအရောက်တွင် ရပ်ထားသော (၁၂) ဘီးကားကို နောက်မြီးပိုင်းသို့ အရှိန်ပြင်းစွာဝင်တိုက်ပါတော့သည်။ ကားသည် ဆိုင်းလင့်မီးလည်းဖွင့်မထား၊ ရောင်ပြန်ပြားလည်း ကပ်ထားခြင်းမရှိ၍ ဖြစ်ပါလိမ့်မည်။ အရှိန်ဖြင့် နောက်တံခါးအောက်ခြေသို့ ဝင်တိုက်လိုက်သောအခါ လူသည် ဆိုင်ကယ်နှင့်ကင်းကွာပြီး နောက်သို့ပစ်ကျသွားပါသည်။

ရုတ်တရက် မိုက်ခနဲဖြစ်သွားသော်လည်း မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ကြည့်သောအခါ မည်သည့်ဒဏ်ရာမျှရရှိခြင်းမရှိဘဲ အကောင်းပကတိဖြစ်နေသည်ကို အံ့ဩတွေ့ရှိလိုက်ရပါသည်။ ဘောင်းဘီအိတ်အတွင်းမှ ဖုန်းကိုစမ်းကြည့်သောအခါ ဖုန်းမှာလည်း ထိခိုက်ပျက်စီးခြင်းမရှိ၍ အစ်ကိုဖြစ်သူ အောင်နေလင်းထံ ၎င်း၏ဆိုင်ကယ်ကိုတင်ရန် ကားနှင့်လာခဲ့ပါဟု ဖုန်းဆက်ခေါ်ယူလိုက်ပါသည်။ အောင်နေလင်း ရောက်ရှိပြီး ဆိုင်ကယ်ကိုကြည့်လိုက်သောအခါ ဆိုင်ကယ်လက်ကိုင်သည် နောက်ပြန်တပ်ထားသလို ကွေးသွားပြီး ဆိုင်ကယ်ပေါင်တန်းမှာလည်း ဖင်ထိုင်ခုံဆီသို့ကပ်သွားပါသည်။ ဆိုင်ကယ်ရှေ့ပိုင်းတစ်ခုလုံးလည်း ကြေမွသွားပါသည်။

ထို့ကြောင့် -

"လူမတွေ့ရဘဲ ဆိုင်ကယ်ကိုသာမြင်တဲ့သူကတော့ ဆိုင်ကယ်မောင်းတဲ့လူ မရှင်နိုင်ဘူး၊ ရုပ်ပျက်ဆင်းပျက်ကို သေသွားပြီလို့ထင်မှာပဲ ဆရာကြီး။ မယ်တော်ကြီးရဲ့ပရိတ်ကြိုးကတော့ တကယ့်ကိုစွမ်းတယ်"

ဟု အောင်နေလင်းက စာရေးသူကိုပြောခြင်း ဖြစ်ပါသည်။

ယနေ့အချိန်၌ မြန်မာနိုင်ငံတွင် မြို့များရွာများသာမက တောကြိုအုံကြားတွင်ပါ ဆိုင်ကယ်တို့ပေါများစွာပျံ့နှံ့အသုံးပြုလျက်ရှိကြပါသည်။ ဆိုင်ကယ်သည် သွားရေးလာရေးပို့ဆောင်ဘဏ်ယူရေးတို့တွင် အဓိကအကျဆုံး အရေးပါဆုံးဖြစ်နေပါသည်။ မြန်မာ့လူ့ဘောင်မှ ဆိုင်ကယ်များကို ဖယ်ထုတ်လိုက်လျှင် လူတို့ အခက်တွေ့ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ဆိုင်ကယ်သည် မရှိမဖြစ်လိုအပ်သောအရာအဖြစ်အရေးပါနေပြီး ဆိုင်ကယ်မရှိသောအိမ်ဟူ၍ ရန်ကုန်မြို့နှင့် နေပြည်တော်မှလွဲ၍ မရှိသလောက်ဖြစ်နေပေပြီ။

ထို့ကြောင့် နေရာတိုင်းတွင် ဆိုင်ကယ်တို့ မောင်းနှင်သွားလာလျက်ရှိသည်ကို တွေ့မြင်နေရပါသည်။ ဆိုင်ကယ်အစီးရေ များလာသည်နှင့်အမျှ ဆိုင်ကယ်ဖြင့် မတော်တဆထိခိုက်မှုများလည်း တိုးတက်များပြား၍လာနေပါသည်။

ထိုသို့ဖြစ်ရခြင်းမှာ လမ်းစည်းကမ်းနားမလည်ခြင်း၊ မူးယစ်သောက်စားမောင်းနှင်ခြင်း၊ ကျွမ်းကျင်မှုမရှိခြင်း၊ မိမိကမှန်နေသော်လည်း တစ်ဖက်ကမှားခြင်း၊ မိမိကရှောင်ပေးသော်လည်း၊ မိမိကရပ်ပေးသော်လည်း အရှိန်မထိန်းနိုင်ဘဲ မိမိကိုဝင်ရောက်တိုက်ခိုက်မိခြင်းဟူ၍ အကြောင်းအမျိုးမျိုးရှိပါသည်။ မည်သို့ပင်ဖြစ်စေ ပရိတ်ကြိုးပရိတ်ချည်များကို ဆိုင်ကယ်တွင် လည်းကောင်း၊ လူတွင်လည်းကောင်း ဆောင်ယူထားမည်ဆိုပါက အသက်ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်မည်မှာ အထက်ပါသာဓကများကိုကြည့်လျှင် သိနိုင်ယုံကြည်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မယ်တော်ကြီးရဲ့ပရိတ်ကြိုးမျှသာမဟုတ်ဘဲ မိမိတို့နီးစပ်ရာ မည်သည့်ပရိတ်ကြိုးမဆို ဆိုင်ကယ်တွင် လည်းကောင်း၊ ကားတွင် လည်းကောင်း၊ လူတွင်လည်းကောင်း ယုံကြည်စွာဆောင်ထားကြလျှင် ဘေးရန်အန္တရာယ်များကင်းဝေးစေနိုင်ကြောင့် စေတနာရှေ့ထား၍ ရေးသား တင်ပြရခြင်းဖြစ်ပါသည်။

ယခုအခါတွင် မယ်တော်ကြီး၏ပရိတ်ကြိုးတို့သည် မြန်မာနိုင်ငံအနှံ့အပြားမျှသာမက ကမ္ဘာ့နိုင်ငံအချို့မှပင် ယုံကြည်အားကိုးစွာ ဆောင်ယူလျက်ရှိကြ ပြီဖြစ်သည်။ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေဠုဝန်တောင်ရပ်ကွက်မှ မောင်ရဲလေးဆိုလျှင် -

"သူများတွေ ပရိဘောဂ်ဆို မီးလောင်တတ်လို့ဆိုပြီးကြောက်ကြတယ်။ ကျွန်တော့်ကားမှာတော့ မယ်တော်ကြီးရဲ့ပရိတ်ကြိုးလည်းပါတယ်၊ ရွှေကူဓာတ်ပုံတွေလည်းပါတော့ လူအပြည့်နဲ့ တောင်တက်လမ်းတွေသွားခဲ့တာအကြိမ်ပေါင်းမနည်းတော့ဘူး။ ဘာမှမဖြစ်ဘူး"

ဟု စာရေးသူကိုပြောဖူးပါသည်။

၂၀၁၃ခုနှစ်က ရုပ်/သံအစီအစဉ်တစ်ခုတွင်လည်း ရန်ကုန်မြို့တွင် ယာဉ်ကြောများကျပ်ရသည့်အကြောင်းကို တက္ကစီသမားတစ်ဦးကို မေးမြန်းခန်းထုတ်လွှင့်ရာ တက္ကစီဒရိုင်ဘာ၏လက်တွင် မယ်တော်ကြီး၏ပရိတ်ကြိုးပါရှိပြီး ကားမှန်တွင် ရွှေကူဓာတ်ပုံပါရှိသည်ကိုတွေ့လိုက်ရသည်ဟု စဉ့်ကိုင်မြို့ တရုတ်စုရပ်ကွက်မှ ကိုယ်ပိုင်ကားအငှားလိုက်သူ ကားဆရာလေး မောင်မျိုးမှ စာရေးသူကို ပြောဖူးပါသည်။

၂၀၁၀ ပြည့်နှစ် နွေရာသီတွင် ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့သို့ ရက်ရှည်ဒေသစာရီခရီးကြွမြန်းတော်မူလျက်ရှိစဉ် တရုတ်ပြည်မှ အသက် (၂၀) ခန့်အရွယ် မိန်းကလေးတစ်ဦးသည် ရုပ်ရှင်တော်မြတ်အား ဖူးမြော်လှူဒါန်းရန်နှင့် မယ်တော်ကြီး၏ပရိတ်ကြိုးကို တောင်းခံရန် စဉ့်ကိုင်မြို့ အောင်မြေသို့ ရောက်ရှိလာပါသည်။ မယ်တော်ကြီးတို့ ရန်ကုန်သို့ရောက်နေသည်ဟု စာရေးသူကပြောသောအခါ တရုတ်ပြည်မှ မြန်မာပြည်သို့ တစ်ခေါက်လာရသည်မှာမလွယ်ကူပါ၍ ဖူးမြော်ဘို့လည်း ရုပ်ရှင်တော်မြတ်ထံ ကိုယ်တိုင်လှူလို



www.burmeseclassic.com

www.burmeseclassic.com

သည်၊ မယ်တော်ကြီးကိုယ်တိုင်ပေးသော ပရိတ်ကြီးကိုမှ ကိုယ်တိုင်လက်ခံလိုပါသည်ဟုဆိုကာ ရန်ကုန်မြို့ရှိ မယ်တော်ကြီးတို့ထံသို့ အရောက်လိုက်သွားခဲ့ပါသည်။

ပရိတ်ကြီးကို ယုံကြည်စွာဆောင်ထားသူများကတော့ ပရိတ်ကြီးတန်ဖိုးကို သိရှိနေပြီဖြစ်၍ ဝေးလံသောခရီးများမှပင် တကူးတက တရိုတသေ လာရောက်ပင့်ဆောင်လျက်ရှိကြသူတို့ပင် အများအပြားရှိနေကြပြီ ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်ထဲမှာလည်း ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း တိုက်အမှတ် (၉၃)၊ (၈)လွှာတွင် နေထိုင်သူ ကိုသန့်ကျော်-မမြင့်မြင့်သန်းတို့၏ အဖြစ်မှာလည်း အံ့ဩဖွယ်ပင်ဖြစ်ပါသည်။ ဤမိသားစုသည် ရုပ်ရှင်တော်မြတ်ကို နှစ်စဉ်ပင့်ဆောင်ပူဇော်ခဲ့ကြသည်မှာလည်း (၅)နှစ်ထက်မနည်းရှိကြပြီဖြစ်ပြီး မယ်တော်ကြီးနှင့်အန်တီအေးတို့ကိုလည်း အထူးပင်လေးစားရိုသေကြသူတို့ မယ်တော်ကြီးတို့ကြွရောက်ရာသို့ လိုက်ပါ၍ မယ်တော်ကြီးတို့၏အလိုရှိရာများကို ဖြည့်ဆည်းပေးခြင်း၊ ဝေယျာဝစ္စပြုလုပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးကြသူများဖြစ်ပါသည်။

ထိုနေ့က ကိုသန့်ကျော်သည် ကုမ္ပဏီကိစ္စဖြင့် ရန်ကုန်မှ နေပြည်တော်သို့ သွားရမည်ဖြစ်ပါသည်။ ကိုသန့်ကျော်သည် နေအိမ်မှကားစတင်မထွက်ခွာမီ ပြုလုပ်မြဲဝတ်တစ်ခုမှာ မယ်တော်ကြီး ပေးထားသော ပရိတ်ကြီးကို ရေတွင်နှစ်လိုက်ပြီး ပရိတ်ကြီးကို ပြန်လည်ဆယ်ယူလိုက်သည်။ထိုရေဖြင့် မော်တော်ကား တစ်စီးလုံးကို တောက်သည်၊ ပြီးမှ ပရိတ်ကြိုးကို လည်ပင်းတွင်ဆွဲပြီး ကားကို မောင်းနှင်ခြင်းပြုပါသည်။ ကိုသန့်ကျော် စီးကားမှာ အင်ဂျင်ပါဝါသေးသေး ဆလွန်းကားငယ်လေး ဖြစ်ပါသည်။ ကိုသန့်ကျော်သည် ကားကို ပုံမှန်မောင်းနှင်လာခဲ့ရာ ရန်ကုန်နယ်နိမိတ်ကိုကျော်လွန်ပြီး အမြန်လမ်းအဝင် တိုးဂိတ်ကို ဖြတ်ကျော်လာခဲ့ပြီဖြစ်သည်။ ထိုအချိန်တွင် ကားနောက်ကြည့်မှန်မှ လိုက်ထရပ်ကားတစ်စီး အရှိန်ပြင်းစွာမောင်းနှင်လာပြီး မိမိကားကို ကျော်တက်တော့မည်ဖြစ်၍ ဘေးသို့တိမ်းပေးလိုက်ပါသည်။ သို့သော် လိုက်ထရပ်ကားသည် လွတ်အောင် မကျော်ဘဲ ကပ်ဆွဲလိုက်ရာ မိမိကား နောက်ပိုင်းကို ဝင်တိုက်မိပါသည်။ ထို့ကြောင့် ကားနှစ်စီးစလုံး လမ်းနံဘေးသို့ဆွဲချပြီးရပ်လိုက်ကြပါသည်။

ကိုသန့်ကျော်သည် ကားပေါ်မှ ဆင်းပြီး မိမိကား၏နောက်မြီးကိုသွားကြည့်ရာ မည်သည့်ဒဏ်ရာမျှမတွေ့ရပါ။ လိုက်ထရပ်ကားမှာတော့ ဘတ်မှန်တစ်ဖက်ကွဲပြီး ပြုတ်ကျ၍နေသည်ကို တွေ့ရပါသည်။ထိုအဖြစ်ကြောင့် ကိုသန့်ကျော်နှင့် တစ်ဖက်ကားသမားတို့လည်း အံ့ဩမဆုံးနိုင်အောင်ဖြစ်ကြရပါသည်။ ကိုသန့်ကျော်တွင် မည်သည့်အန္တရာယ်မှ မကျရောက်သည့်အပြင် ကားလည်းဘာမှမဖြစ်ပါ။

နောက်တစ်ကြိမ်ကလည်း နေပြည်တော်ခရီးမှာပင် ကြုံတွေ့ရခြင်းဖြစ်ပါသည်။ ထိုနေ့ကလည်း ကိုသန့်ကျော်သည် ကားမထွက်မီ ပြုနေကျအတိုင်း မယ်တော်ကြီး၏ပရိတ်ကြိုးကိုရေစိမ်၍ ကားကိုပက်ဖျန်းသည်။ ထို့နောက် ရည်ရွယ်ချက်မရှိဘဲ ကားပေါ်သို့ (၁)လီတာ ရေသန့်ဘူးနှစ်တွဲ ကားပေါ်သို့တင်ဆောင်လိုက်မိပြီး ရန်ကုန်မှ နေပြည်တော်သို့ ဦးတည်ပြီး မော်တော်ယာဉ်ကို ထွက်ခွာခဲ့သည်။ တိုးဂိတ်လွန်မြောက်ပြီး အမြန်လမ်းကြီးပေါ်တွင် အတော်ခရီးပေါက်လာသည့်အချိန်တွင် ထူးထူးခြားခြား အိပ်ချင်စိတ်တို့ဖြစ်ပေါ်လာပြီး တဝါးဝါးသမ်းဝေလာသည်။ ထို့ကြောင့် ကားခဏရပ်ပြီး မျက်နှာသစ်လိုက်သည်။ ဇက်ပိုးကို ရေဖြင့်ပုတ်သည်။ ဇက်ကြောများကို နှိပ်နယ်ဖြေလျှော့ပြီး ဆက်လက်ထွက်ခွာလာခဲ့ရာ အိပ်ချင်စိတ်တို့ပြေပျောက်မသွားဘဲ ပို၍ပင်ဆိုးလာသည်။ သွေးတိုးသွေးတက်သည့်လက္ခဏာလည်း မဟုတ်ပါ။ ထူးထူးခြားခြားအိပ်ချင်နေခြင်းသာဖြစ်ပါသည်။ အားခဲ၍မောင်းနှင်နေသည့်ကြားမှာပင် မျက်ခွံတို့လေးလံလာပြီး မျက်လုံးမှိတ်၍ကျလာသဖြင့် အိပ်ချင်စိတ်ကို မည်သို့မျှထိန်း၍မရနိုင်အောင်ဖြစ်လာသောကြောင့် လမ်းဘေးသို့ဆင်းလိုက်ပြီး ကားစက်ရပ်လိုက်ကာ ခေတ္တအိပ်စက်ရန် စိတ်ကူးလိုက်ပါသည်။

ထူးဆန်းသည်မှာ ကားစက်ရပ်လိုက်သည်နှင့် ရုတ်တရက်ပင် အိပ်ချင်စိတ်တို့ပြေပျောက်သွားပါသည်။သို့သော် ရပ်လက်စနှင့်မို့ အောက်သို့ဆင်းကာ အကြောအချဉ်များ ဖြေလျှော့သည့်သဘောနှင့် လမ်းအနည်းငယ်လျှောက်လိုက်ပါသေးသည်။ ထို့နောက် ကားပေါ်သို့ပြန်တက်မည်ပြုစဉ် ကားအင်ဂျင်အတွင်းမှ 'တောက် တောက် တောက်' ဟူသောအသံတို့ထွက်ပေါ်လာ၍ စက်ဖုံးကိုဖွင့်ကြည့်လိုက်ပါသည်။ အင်ဂျင်မှာ လိုအပ်သည်ထက်ပူနေသဖြင့် ရေတိုင်ကီကိုဖွင့်ကြည့်လိုက်ရာ ရေတိုင်ကီတွင် ရေတို့ခန်းခြောက်နေသည်ကို ထိတ်လန့်ဖွယ်တွေ့လိုက်ရ၍ ကားပေါ်တွင်တင်ဆောင်ခဲ့သော ရေသန့်ဘူးများကိုဖွင့်လိုက်ရာ ရေသန့်နှစ်တွဲကုန်သည်အထိ ထည့်လိုက်မှ တိုင်ကီတွင်ရေဖြည့်သွားပါတော့ သည်။

ထိုဖြစ်စဉ်ကိုကြည့်လျှင် အလွန်ပင် ထူးဆန်းလွန်းလှပါသည်။ တမင်တကာ အကွက်ချစီစဉ်ထားသကဲ့သို့ပင် ဟာကွက်မရှိဘဲ ထောင့်စေ့လှပါသည်။ ကိုသန့်ကျော်မှာ ထိုအဖြစ်သည် အလွန်ပင် ထူးဆန်းလွန်းလှပါသောကြောင့် အံ့ဩမဆုံးဖြစ်ရပြီး မယ်တော်ကြီးထံသို့ ဖုန်းဆက်၍ပြောပြပါသည်။ ထို့အပြင် သူ၏မိတ်ဆွေများကိုလည်း ပြော၍မဆုံးနိုင်အောင်ရှိပါသည်။

ထူးထူးခြားခြားပရိတ်တရားတော်များ၏ စောင့်ရှောက်မှုကို ခံယူရရှိသူ တစ်ဦးမှာ မန္တလေးမြို့ နန်းရှေ့ (၁၉) လမ်းနေ ရှေ့နေကြီး ဦးသိန်းထွန်းဖြစ်ပါသည်။ ရှေ့နေကြီးဦးသိန်းထွန်းနှင့် ဇနီးမြင်းခြံတက္ကသိုလ်ပါမောက္ခ ဒေါ်ခင်စန်းမြင့်တို့မှာ ယခု ၂၀၁၄ မန္တလေးခရီးစဉ်အပါအဝင် (၃) နှစ် (၃) ကြိမ်ပင့်ဆောင်ပူဇော်ခဲ့ကြသူများဖြစ်ပြီး နောင်နှစ်များတွင်လည်း ဆက်လက်ပင့်ဆောင်ရန် ကြိုတင်လျှောက်ထားပြီးကြသူများဖြစ်ပါသည်။ ၎င်းတို့နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်သည့်အခါတိုင်း အချိန်ကိုက် ပျားများရောက်ရှိလာပုံ၊ မျက်လုံးတော်ဖွင့်တော်မူပုံများကို သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ဖော်ပြပါရှိခဲ့ပြီ ဖြစ်ပါသည်။ ဦးထွန်းနှင့်ဆရာမကြီးတို့နေအိမ်သို့ နှစ်နှစ်ဆက်တိုက် ရုပ်ရှင်တော်မြတ်နှင့်အတူ စာရေးသူ လိုက်ပါနေထိုင်ခဲ့သည်ဖြစ်၍ စာရေးသူနှင့်ရင်းနှီးသူများလည်းဖြစ်ကြပါသည်။

ပြီးခဲ့သော ၂၀၁၃ ခုနှစ်ကပင်ဖြစ်ပါသည်။ ဦးသိန်းထွန်းသည် နေပြည်တော်ရှိ ရှေ့နေများတက်ရောက်ရသောသင်တန်းတွင် တက်ရောက်နေချိန်လည်းဖြစ်ပါသည်။ နေပြည်တော်နှင့်မန္တလေးမှာလည်း လမ်းကောင်းသောခေတ်၊ ကားကောင်းသောခေတ်တွင် ဝေးသည်ဟုမဆိုသာပါ။ ထို့ကြောင့် ဦးသိန်းထွန်းသည် ပိတ်ရက်တိုင်း မန္တလေးသို့ပြန်လေ့ရှိပါသည်။ တစ်ခါတွင် မန္တလေးမှ နေပြည်တော်သို့ ပြန်လာခဲ့ပါသည်။

www.burmeseclassic.com

ခါတိုင်းအခေါက်များကဆိုလျှင် မိတ္ထီလာသို့ရောက်သည်နှင့်ကားနားပြီး ဆာသည်ဖြစ်စေ၊ မဆာသည်ဖြစ်စေ တစ်ခုခုမှာယူစားသောက်ပြီး အေးအေးဆေးဆေးနေပြီးမှ ခရီးဆက်မြဲဖြစ်ပါသည်။ ဤတစ်ခါတွင်တော့ မိတ္ထီလာ (အမြန်လမ်းပေါ်) စားသောက်ဆိုင်များတွင် ကားရပ်လိုက်ပြီး ကားမှန်တွင်ကပ်ထားသော ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်တို့ကို ဖုန်ခါ၍ ရောင်တော်ဖွင့်လိုက်သည်။ ထို့နောက် ကားတွင်ချိတ်ဆွဲပါရှိသော မယ်တော်ကြီး၏ ပရိတ်ကြိုးကိုလည်း လျော့မနေစေရန် ပြန်လည် စည်းနှောင်သည်။ ပြီးလျှင် နားလိုစိတ်မရှိတော့၍ ဆက်လက်မောင်းနှင်လာခဲ့ပါသည်။

ည (၁၀) နာရီခန့်တွင် မိမိသင်တန်းကာလအတွင်းနေထိုင်ရာ တည်းခိုဆောင်သို့ရောက်ရှိပါသည်။ ညဉ့်နက်စပြုပြီဖြစ်၍ ခြေလက်မျက်နှာဆေးကြောပြီး အိပ်ရာဝင်လိုက်ပါသည်။ ခရီးပန်းလာ၍ တစ်ခဏအတွင်း အိပ်ပျော်သွားပါသည်။ ထိုသို့ဖြင့် နံနက်လင်းလျှင် မျက်နှာသစ်၊ ရေချိုးပြီးသည်နှင့် အပြင်ထွက်ပြီး တစ်ခုခုစားရန် ကားဆီသို့လာခဲ့ပါသည်။ ကားရှေ့ဘီးတစ်ဖက်မှာ ပြားချပ်လျက်ရှိနေသည့်အပြင် တာယာမှာကွဲလျက် တာယာအတွင်းမှ ကြိုးစတို့ပင်အပြင်သို့ဖွာထွက်နေပါသည်။

ဤအနေအထားကိုကြည့်လျှင် ကားရပ်ထားစဉ် ဘီးပေါက်သောပုံစံမဟုတ်ပါ။ မဖြစ်နိုင်ပါ။ ဘီးပေါက်လျက်နှင့်မောင်းထားသည့်ပုံစံဖြစ်နေ၍ အံ့သြမဆုံးဖြစ်ရပါသည်။ မနေ့ညက အိပ်ဆောင်အထိ ကားမောင်းလာခဲ့သည်မှာ အကောင်းပင်ဖြစ်ပါသည်။ မိမိသည် ဤကားကိုမောင်းနှင်ခဲ့သည်မှာ (၅)နှစ်မျှရှိပြီဖြစ်၍ ကားဘီးလေလျော့နေသည်ကိုပင် မောင်းရင်းသိနေပြီး လေပေါင်မည်မျှသာရှိတော့မည်ဆိုသည်ကို အတပ်ပြောနိုင်သူဖြစ်ပါသည်။ ဘီးပေါက်လျှင်တော့ မသိဘဲကိုနေမည်မဟုတ်ကာ ရှေ့ဘီးပေါက်လျှင် တစ်ဖက်သို့ဆွဲချသွားမည်ဖြစ်ရာ အန္တရာယ်လည်းကျရောက်မည်သာဖြစ်သည်။ ယခုမူ အကောင်းပကတိမောင်းလာခဲ့ပြီး ရပ်ထားခဲ့သည်။ ယခုမနက် ကြည့်လိုက်သောအခါတွင် ကားသည် ရပ်ထားစဉ် ဘီးပေါက်ခြင်းမဟုတ်ဘဲ ခရီးတော်တော်ဝေးဝေးကိုပင် ဘီးပေါက်လျက်နှင့်မောင်းလာခဲ့သည့်ပုံစံဖြစ်နေ၍ အံ့သြမဆုံးနိုင်အောင်ဖြစ်ရပါသည်။

ဦးသိန်းထွန်းသည် ထိုအကြောင်းအရာတို့ကို စာရေးသူအား ပြောပြခဲ့ပြီး လူအများလည်း ၎င်း၏အဖြစ်ကိုသိရှိပြီး ပရိတ်ကြိုးများဆောင်၍ ဘေးရန်အန္တရာယ်ကင်းရှင်းကြစေရန် ဆောင်းပါးရေးပေးပါဟု တောင်းဆိုခဲ့ခြင်းကြောင့် ယခုကဲ့သို့ တင်ပြရခြင်း ဖြစ်ပါသည်။

ပရိတ်ကြိုးဖြင့် ဘေးအန္တရာယ်ကင်းရှင်းခဲ့ရသူနောက်တစ်ဦးမှာ စဉ့်ကိုင်မြို့ ရန်နိုင်ရပ်တွင်နေထိုင်သော ကိုဆန်းဝင်း ဖြစ်ပါသည်။ ကိုဆန်းဝင်းသည် ယခင်က စဉ့်ကိုင်ဈေးထဲတွင် ငှက်ပျောသီး၊ အုန်းသီးရောင်းချသူဖြစ်သဖြင့် ဦးငှက်ပျောဟု အမည်တွင်လျက်ရှိပါသည်။ စာရေးသူသည် ရုပ်ရှင်တော်မြတ်အား ပွဲမပြတ်လှူဒါန်းသူဖြစ်ရာ ပထမပိုင်းတွင် အုန်း၊ ငှက်ပျောတို့ကို အလျဉ်းသင့်ရာဆိုင်မှ ကြုံသလိုဝယ်ခြမ်းခဲ့သော်လည်း နောက်ပိုင်းတွင် ဦးငှက်ပျောဆိုင်ကိုသာ ဖောက်သည်ထားရှိပြီးဝယ်ယူခဲ့ရာ ဦးငှက်ပျောသည် အုန်းသီးငှက်ပျောသီးတို့ကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးရုံမက ဖွဲပါပြင်၍ပေးသွားပါသည်။

ထို့နောက် ဦးငှက်ပျောသည် စာရေးသူနှင့် ပိုမိုရင်းနှီး၍လာရာ အချိန်ရသည့်အခါတိုင်း အောင်မြေသို့လာရောက်ပြီး သန့်ရှင်းရေးများပြုလုပ်ပါသည်။ ညတိုင်းနီးပါးမျှ လာရောက်ပြီး စာရေးသူကို နှိပ်ပေးလေ့ရှိပါသည်။ ည (၁၀) နာရီ (၁၂) နာရီခန့်မှ ပြန်လေ့ရှိပါသည်။ စာရေးသူတို့နှင့်ခင်မင်သွားသောအခါ မယ်တော်ကြီးထံမှ ပရိတ်ကြိုးကိုတောင်းယူပြီး ရိုသေစွာ ဆောင်ထားပါသည်။ သို့ဖြင့် ၂၀၁၂ ခုနှစ်၏ ဆောင်းဦးပေါက် ညနေ ခုနစ်နာရီခန့်အချိန်တွင် ဦးငှက်ပျောသည် စက်ဘီးတွင် ငှက်ပျောခိုင်များချိတ်၍ စဉ့်ကိုင်မြို့တောင်ဘက်မှ အဝင် ရန်ကုန်-မန္တလေးကားလမ်းမကြီးအတိုင်း လမ်းနံဘေးကပ်၍နင်းလာရာ အရှိန်ပြင်းစွာမောင်းနှင်လာသော ဆိုင်ကယ်တစ်စီးသည် မီးမပါရှိသဖြင့် ဦးငှက်ပျော၏စက်ဘီးကို အရှိန်ဖြင့်ဝင်တိုက်လိုက်သည်။ ဦးငှက်ပျောသည် တိုက်လိုက်မှန်းပင်မသိလိုက်ပါ။ တစ်ပတ်ကျွမ်းလည်ပြီး စက်ဘီး၏ရှေ့သို့ထိုင်လျက်အနေအထား အသာအယာကလေးသာကျသွားပါသည်။ ဘာမှထိခိုက်ဒဏ်ရာမရရှိပါ။ မိမိကို ဘာကို ဘာဖြစ်မှန်းပင်မသိလိုက်ပါ။ ဆိုင်ကယ်ကတော့ ပစ်လဲသွားပြီး လူရောဆိုင်ကယ်ပါအတော်ထိခိုက်သွားပါသည်။ ဦးငှက်ပျောသည် လူတွင် ဒဏ်ရာအနာတရမရရှိသောအခါ စက်ဘီးကိုပြန်ထောင်ပြီး တွန်းကြည့်လိုက်ပါသည်။ စက်ဘီးလည်း ဘာမှမဖြစ်၍ စီးနင်းကာ အိမ်သို့ပြန်ခဲ့ပါသည်။ ဤဖြစ်ရပ်မှာလည်း ထူးဆန်းသည်ဟု ဆိုရမည်သာဖြစ်ပါသည်။

ဦးငှက်ပျော၏ ဖြစ်ရပ်ကဲ့သို့ အလားတူဖြစ်ရပ်တစ်ခုမှာလည်း ၂၀၁၂ ခုနှစ် ထားဝယ်ခရီးစဉ်တွင်ဖြစ်ပေါ်ခဲ့ဖူးပြီး သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ထားဝယ်ခရီးစဉ်၌ ပါဝင်ဖော်ပြခဲ့ပြီးဖြစ်သော်လည်း ဤဆောင်းပါးခေါင်းစဉ်တွင် အံကျုံးဝင်နေ၍ ထပ်မံဖော်ပြပါဦးမည်။

ရုပ်ရှင်တော်မြတ်သည် ထားဝယ်မြို့ရှိ ကိုအောင်အောင်၊ မစိန်စိန်အုန်းတို့၏ နေအိမ်မှ ပင့်ဆောင်ပူဇော်ထားရှိစဉ် မယ်တော်ကြီးသည် ယုံကြည်စွာတောင်းခံလာကြသော ခုနစ်ရက်သားသမီးအပေါင်းတို့အား ပရိတ်ကြိုးများဝေငှပေးကမ်းပါသည်။ ပရိတ်ကြိုးတောင်းခံသူတို့တွင် ကျောင်းသားတို့မှာ အများစုဖြစ်ရာ ယခုလည်း ခုနစ်တန်းကျောင်းသူတစ်ဦးသည် ပရိတ်ကြိုးရရှိသည်နှင့် ယုံကြည်အားကိုးစွာဖြင့် လက်တွင် ချည်နှောင် ဝတ်ဆင်ထားရှိလိုက်ပါသည်။ နောက်တစ်နေ့တွင် ထိုကျောင်းသူကလေးသည် ညနေကျောင်းဆင်းချိန်ကျောင်းမှအပြန်တွင် မျက်နှာချင်းဆိုင်မောင်းနှင်လာသော ဆိုင်ကယ်နှင့်ကျောင်းသူလေးစီးလာသော စက်ဘီးတို့တည့်တည့်ဝင်တိုက်မိပါသည်။ ဆိုင်ကယ်မောင်းလာသူမှာလည်း အသက် (၄၀) ခန့်ရှိပြီဖြစ်သော လူကြီးတစ်ဦးပင်ဖြစ်ပါသည်။ ထူးဆန်းလှပါသည်။ ကျောင်းသူလေးစက်ဘီးမှာ လဲလည်းမလဲ၊ထိခိုက်အနာတရလည်းမဖြစ်ပါ။ ဆိုင်ကယ်သာလျှင်လဲသွားခဲ့ပါသည်။ အရှိန်လွန်၍လဲခြင်းမဟုတ်ပါ။ စက်ဘီးကိုတိုက်ပြီးမှလဲခြင်း ဖြစ်ပါသည်။

ထိုသတင်းမှာ ထားဝယ်မြို့တွင် တစ်ခဏပျံ့နှံ့သွား၍ လူအများတို့သည် မယ်တော်ကြီးတို့ထံလာရောက်၍ ပရိတ်ကြိုးတောင်းကြသဖြင့် မယ်တော်ကြီးတို့မှာ ပရိတ်ကြိုးများလက်မလည်အောင် ပေးလိုက်ကြရပါသေးသည်။

နောက်ထပ်ဖြစ်ရပ်တစ်ခုမှာ [illegible] အတော်ပင် ထူးခြားလှပါသည်။ [illegible] တော်ကြီး၊ အန်တီအေးနှင့်စာရေး[illegible] သည် ခုနစ်ရက်သားသမီးများ[illegible] ကြိုးများစီ[illegible]ပြုလုပ်ပြီး မိမိတို့မှပေး[illegible] ခြင်းဖြစ်သော်လည်း မိမိတို့ကိုယ်[illegible]

www.burmeseclassic.com

သည်း ပရိတ်ကြိုးများကို ဆောင်ယူထားကြပါသည်။ ထို့ကြောင့် အန်တီအေး၊ မယ်တော်ကြီးနှင့် စာရေးသူတို့တွင် ပရိတ်ကြိုးသည် ဘယ်သောအခါမှာပင် ဖြစ်စေ ကိုယ်နှင့်မပြတ်မလပ် မကင်းမကွာရှိနေမြဲသာဖြစ်ပါသည်။

၂၀၁၁ ခုနှစ်ခန့်က ဖြစ်ပါသည်။ နှစ်စဉ် ဆောင်းကုန်ပိုင်း ဆောင်းပိုင်းတို့တွင်ကျရောက်သော ရန်ကုန်ခရီးစဉ်ရက် ရှည်ခရီးစတင်ကြွမြန်းတော်မူလာခြင်း ဖြစ်ပါသည်။ ထိုအခေါက်က ရန်ကုန်မြို့ အလုံမြို့နယ် သစ်တောရပ်ကွက်မှ ဗိုလ်မှူးလှမိုး - ဒေါ်နန်းဆီခမ်းတို့မှ လေယာဉ်စရိတ်ကျခံလှူဒါန်းပင့်ဆောင်ခြင်း ဖြစ်ပါသည်။ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)မှ လေယာဉ်စတင်ထွက်ခွာရန် စက်နှိုးထားရှိစဉ် လေယာဉ် စက်ချို့ယွင်းသွားသဖြင့် ပြန်သည်ရပ်တန့်လိုက်ပြီး ပြင်ကြပါသည်။ တစ်နာရီကျော်ကျော်ကြာမြင့်မှ ကောင်းမွန်သွား၍ စက်နှိုးပြီး ပျံသန်းထွက်ခွာခဲ့ပါသည်။ လေယာဉ်ပေါ်မှ ခရီးသည်များအားလုံး စိုးရိမ်ထိတ်လန့်နေကြပြီး ငြိမ်သက်စကားမပြောကြပါ။ ရုပ်ရှင်တော်မြတ်နှင့် မယ်တော်ကြီးကိုသာ အားကိုးတကြီး ကြည့်နေကြပါသည်။ အချို့လည်း တရားစာများရွတ်နေကြပါသည်။

မယ်တော်ကြီးမှာလည်း တစ်လမ်းလုံး ပရိတ်တရားတော်များရွတ်ဖတ်၍ လိုက်ပါလာခဲ့ပါသည်။ ဘုရား၏ တန်ခိုး၊ ပရိတ်တရားတော်တို့၏ တန်ခိုးပင်။ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ခဲ့သော လေယာဉ်ကြီးသည် ရန်ကုန်လေဆိပ်သို့ ချောမောစွာ ဆိုက်ရောက်ခဲ့ပါသည်။ ထိုအခါမှသာ လေယာဉ်ပေါ်မှာ လိုက်ပါလာသူအားလုံး စိတ်အေးသွားကြကာ ပြုံးနိုင်ပျော်နိုင် စကားပြောနိုင်ကြပါတော့သည်။ လေယာဉ်ပေါ်မှဆင်းပြီးကြသည်နှင့် မယ်တော်ကြီးထံရောက်ရှိလာကြပြီး -

"မယ်တော်ကြီးကို သိပ်ပြီးကျေးဇူးတင်တာပဲ။ သမီးတို့မှာ ကြောက်လိုက်တာလေ။ မယ်တော်ကြီးကိုကြည့်ပြီး အားတင်းနေရတာ"

ဟု ပြောကြပါသည်။

ဗိုလ်မှူးလှမိုး - ဒေါ်နန်းဆီခမ်းတို့သည်း တစ်နာရီကျော်မျှပို၍စောင့်ဆိုင်းနေကြရ၍ မယ်တော်ကြီးက လေယာဉ်နောက်ကျရသည့် အကြောင်းအရင်းကို ပြောပြလိုက်ရာ ဗိုလ်မှူးသည် အံ့သြတုန်လှုပ်သွားပြီး မယ်တော်ကြီး ပင့်ဆောင်ထားခဲဖြစ်သော ရုပ်ရှင်တော်မြတ်ကို ဦးခိုက်လျက် 'ကျေးဇူးတော်ကြီးလှပါသောမြတ်စွာဘုရား'ဟုရေရွတ်ပါသည်။ အဖြစ်အပျက်မှာ မကြုံစဖူး ထူးထူးခြားခြားပင်ဖြစ်သောကြောင့် ထိုအကြောင်းတို့ကို စာရေးသူ ကြားသိရသောအခါ ပို၍ပင်အံ့သြမဆုံးဖြစ်ရပြီး မြတ်စွာဘုရားကိုသော် လည်းကောင်း၊ ပရိတ်တော်တို့ကို လည်းကောင်း ပိုမို၍ ယုံကြည်အားကိုးမဆုံးဖြစ်ရပါသည်။

နောက်ထပ်ဖြစ်ရပ်တစ်ခုမှာ ယခုဆောင်းပါးရေးသားချိန်တွင် ရက်ပိုင်းမျှသာရှိသေးသော လတ်တလော အဖြစ်တစ်ခုပင်ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ၁၀ လပိုင်း (၇)ရက်နေ့ ညနေမှ (၈) ရက်နေ့ညနေအထိ တစ်ရက်တာမျှသာ ပင့်ဆောင်ပူဇော်ခွင့်ရသော မန္တလေးမြို့ နန်းရှေ့ (၂၄) လမ်း၊ (၆၂)လမ်း၊ (၆၃)လမ်းကြား ဇေယျာဘုံရပ်ကွက်နေ ပန်လုံစော်ဘွားကြီး (စစ်ခွန်ဆမ်-ဒေါ်နန်းခမ်းပြည့်)တို့၏သား ဦးခွန်အုန်းပွင့်-ဒေါ်ခင်လှိုင်နှင့် သားသမီးများဖြစ်ကြသော သိမ့်ဟန်နီထွန်း၊ နန်းစန္ဒီပွင့်ဦး၊ ခွန်မင်းသူရိန်တို့၏နေအိမ်သို့ ကြွမြန်းရောက်ရှိတော်မူပါသည်။

ဦးခွန်အုန်းပွင့်သည် လက်ရှိ ပြည်ထဲရေးဝန်ကြီး (ပြည်ထောင်စုဝန်ကြီး) ကတော်၏ မောင်အရင်းဖြစ်၍ အထက်မြန်မာပြည်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကိုဦး-ဇနီး ဒေါ်ဝါဝါဝင့်ကျော်တို့နှင့်ခင်မင်ရင်းနှီးရာမှ ဆက်စပ်ပြီး ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ခြင်းဖြစ်ပါသည်။ ၇ ရက်ညက စာရေးသူလည်း စဉ့်ကိုင်မှတပည့်များနှင့် ထိုအိမ်ကိုသွားရောက်ရာ ရဲမှူးကြီးအောင်ကိုဦး ဇနီးမောင်နှံတို့အပြင် မနေ့ညကမှ လားရှိုးမှ မန္တလေးသို့ တာဝန်ဖြင့်ပြောင်းရွှေ့ရောက်ရှိလာသောရဲမှူးကြီးလှမျိုးရှိန်နှင့် ဇနီး ဒေါ်မင်းမင်းထွေးတို့လည်း ရောက်ရှိနေပါသည်။ ရဲမှူးကြီးလှမျိုးရှိန်နှင့် ဒေါ်မင်းမင်းထွေးတို့သည် မိတ္ထီလာမြို့မှအစပြုပြီး ရောက်လေရာမြို့များတွင် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခဲ့ကြသူများဖြစ်ပြီး စာရေးသူတို့နှင့် ညီအစ်ကိုမောင်နှမများသဖွယ် ရင်းနှီးနေကြသူများဖြစ်ပါသည်။

ဦးခွန်အုန်းပွင့် - ဒေါ်ခင်လှိုင်တို့ နေအိမ်တွင်ဘုရားဖူးပရိသတ်တို့များပြားနေ၍ စာရေးသူတို့လည်း နေရာထိုင်ခင်းအခက်အခဲကြောင့် ခဏနှင့်ပင်ပြန်ရန် ဘုရားကန်တော့စဉ် ရဲမှူးကြီးလှမျိုးရှိန်မှ ၎င်း၏နေအိမ်ကိုလိုက်၍ အ န္တရာယ်ကင်းရွတ်ဖတ်ပေးပါရန် ပြောကြားသဖြင့် ရဲမှူးကြီးတို့ပာခုနေထိုင်ရာ (၂၆ - B လမ်း)(၈၈/၈၉) လမ်းကြားသို့ လိုက်ပါပြီး တစ်နာရီကျော်ကျော်ခန့် ရွတ်ဖတ်ပူဇော်ပြီးမှ စဉ့်ကိုင်သို့ပြန်ခဲ့ကြရပါသည်။ ထို့ကြောင့် ထိုညက ဦးခွန်အုန်းပွင့်တို့မိသားစုနှင့်စကားကောင်းကောင်းမပြောလိုက်ခဲ့ရ၍ ဘာမှအကျိုးအကြောင်းမသိခဲ့ရပါ။

နောက်နေ့ ညနေ (၃) နာရီတွင် စာရေးသူသည် မောင်ကျော်မင်းသိန်း (စိန်ကြယ်-အထည်ရောင်းဝယ်ရေး) မှ ၎င်းရောင်းလိုသော မြေကွက်ကိစ္စအတွက်ခေါ်ဆောင်မှုဖြင့် မန္တလေးသို့လိုက်ပါလာခဲ့ရာ သိပ္ပံလမ်းအရောက်တွင် မယ်တော်ကြီးတို့ကို ဖုန်းဆက်ကြည့်ရာ ရုပ်ရှင်တော်မြတ်သည် ဦးခွန်အုန်းပွင့်တို့၏နေအိမ်တွင်ရှိနေသေးကြောင်း ပြင်ဦးလွင်သို့မကြွရောက်မီ လာရောက်ဖူးမြော်ပါဟု မယ်တော်ကြီးမှပြောသဖြင့် စာရေးသူတို့လည်း ဦးခွန်အုန်းပွင့်တို့နေအိမ်သို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။

စာရေးသူတို့ရောက်ရှိသွားချိန်တွင် ဦးခွန်အုန်းပွင့်တို့မိသားစု၏ ပင့်ဆောင်ပူဇော်လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချလျက်ရှိပါသည်။ ရေစက်ချ၍ပြီးသွားလျှင် ဝေယျာဝစ္စလာရောက်လုပ်ကိုင်ပေးကြသော ရဲမှူးကြီးအောင်ကိုဦး၏ တပည့်ရဲမေများမှ မယ်တော်ကြီးထံ ပရိတ်ကြိုးများ တောင်းကြပါသည်။ ထို့အတူ ဦးခွန်အုန်းပွင့်တို့မိသားစုမှလည်း မယ်တော်ကြီးထံ ပရိတ်ကြိုးများ တောင်းကြပါသည်၊ ပြင်ဦးလွင်သို့ ပင့်ဆောင်ပူဇော်ကြမည့် ပဒေသာမြို့သစ်မှ ဒေါ်သန်းမေနှင့် သမီးများလည်း ရောက်ရှိနေကြပြီ ဖြစ်ပါသည်။ သို့သော် အစီကပင့်ဆောင်မည့် ဂူဂူသည် မြို့ထဲသို့ အခြားကိစ္စတစ်ခုနှင့် သွားရောက်နေသဖြင့် မပင့်ဆောင်ရသေးဘဲရှိနေပါသည်။ ထို့ကြောင့် စာရေးသူသည် အိမ်ရှင်မိသားစုနှင့် အေးအေးဆေးဆေး စကားပြောခွင့်ရရှိရာ ဤအိမ်မိသားစုမှ ရုပ်ရှင်တော်မြတ်နှင့် ပတ်သက်သော ထူးခြားမှုများကို ဤသို့ပြောပြပါသည်။

ဤမိသားစုသည် ရန်ကုန်မြို့တွင် နေစဉ် လွန်ခဲ့သော (၁၀)နှစ်ခန့်ကတည်းက ရုပ်ရှင်တော်မြတ်ကို သိရှိကြည်ညိုနေကြသူများဖြစ်သည်။ မကြာသေးမီကမှ မန္တလေးသို့ရောက်ရှိခဲ့ကြရာ ရဲမှူးကြီး

www.burmeseclassic.com

အောင်ကိုဦးမှ ရုပ်ရှင်တော်မြတ်အား ၎င်းတို့၏နေအိမ်တွင် ပင့်ဆောင်ပူဇော်မည်ဖြစ်၍ လာရောက် ဖူးမြော်ပါရန် ဖိတ်စာရောက်ရှိလာသဖြင့် ဝမ်းသာစွာဖြင့် သွားရောက်ဖူးမြော်ခဲ့ကြသည်။ နတ်တော်ပွင့် (၈×၁၂) လက်မပုံတော်ကိုလည်းပူဇော်ခဲ့ကြသည်။ ၂၀၁၃ မန္တလေး ခရီးစဉ်တွင်ဖြစ်ပါသည်။ ၂၀၁၄ မန္တလေး ခရီးစဉ်သို့ရောက်လျှင် မိမိတို့နေအိမ်သို့ ပင့်ဆောင်ပူဇော်ခွင့်ပေးပါရန်လည်း ကြိုတင်လျှောက်ထားခဲ့ကြပါသည်။ ၎င်းတို့ နေအိမ်သို့ ရွှေကံကူနတ်တော်ပွင့်ပုံတော် ပင့်ဆောင်ထားရှိပြီး (၅) လခန့်အကြာတွင် ပုံတော်၌ ထူးခြားမှုများ စတင်ဖြစ်ပေါ်လာပါသည်။

ပုံတော်တွင် နဂိုကတည်းက အမည်းရိပ်များပါရှိပါသည်။ သို့သော် ထိုအမည်းရိပ်များသည် တစ်စထက်တစ်စ တဖြည်းဖြည်းကြီးမားကျယ်ပြန့်လာပြီး ခေါင်းနှင့်ကိုယ်တခြားစီဖြစ်သွားသလို လည်ပင်းတော်ပြတ်သွားသလို ဖြစ်လာပါသည်။ ထို့နောက်ပိုင်းရက်များတွင် ရုပ်ရှင်တော်မြတ်၏ခန္ဓာကိုယ်တွင် အပေါက်ကြီးများဖြစ်ပေါ်လာပြန်ပါသည်။ ဖူးတွေ့ရသည်မှာပင် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ပါသည်။ စက္ကူပေါ်တွင်ရေးထားသော မှင်စာလုံးတို့ရေစို၍ မှင်တို့ပျံ့နှံ့သွားသည့်ပုံသဏ္ဌာန်ပင် ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်၏ပုံတော်မှာ ရေစိုခံသားဖြစ်ပါ၍ ရေမကြောက်ပါ။ ရေဝတ်ဖြင့်ပင် သန့်ရှင်းရေးပြုလုပ်နိုင်ပါသည်။ ထို့အပြင် ပုံတော်အပေါ်မှ ပါကင်ပိတ်ပလပ်စတစ်အကြည်သားပင်လျှင် စုတ်ပြခြင်းမရှိသေး၍ ပုံတော်ကို ရေထိစရာအကြောင်းလည်းမရှိပါ။

သို့သော် ပုံတော်သည် အဘယ်ကြောင့် ဤသို့ ထိတ်လန့်ဖွယ်၊ စိတ်မသက်သာဖွယ်အလိုအလျောက်ပြောင်းလဲ၍လာရပါသနည်း။ ဤပုံတော်ကို စေတီပုထိုးတစ်ဆူဆူသို့ပင့်ဆောင်ပေးပို့လိုက်လျှင် ကောင်းမည်လော ထိုသို့တွေးမိကြပါသေး၏။ ဤသို့ဖြင့် ပုံတော်ကို ဆက်လက်ပူဇော်၍လာခဲ့ရာ ၎င်းတို့နေအိမ်၏ဆင်ဝင်အောက် အိမ်ရှေ့တံခါးမကြီး၏ တစ်ဖက်တစ်ချက်စီတွင် ရွှေငါးကန်နှင့် ကြာကန်တို့ရှိရာ ကြာပင်တို့လည်း နွမ်းရိ၍သေကုန်သကဲ့သို့ ရွှေငါးတို့လည်း သေကုန်ကြသည်မှာ အနည်းငယ်သာကျန်ရှိတော့၍ ကြာပင်များကို ဆယ်ယူပြီး အမှိုက်တောင်းထဲသို့ထည့်ပြီး နောက်ရက်တွင် စွန့်ပစ်ရန်ထားလိုက်သည်။ ရွှေငါးအသေများကိုလည်း ကောက်ယူပြီး သန့်ရှင်းလိုက်ပါသည်။

ထိုညက မိသားစု စုံညီစွာ ဘုရားကန်တော့လျက်ရှိကြစဉ် ရွှေကံကူပုံတော်သည် ထူးခြားစွာဖြင့် လည်ပင်းတော်ပြတ်နေသည်ဟု ထင်ရသော အမည်းရာကြီးများသည် မျက်စိအောက်မှာပင် တဖြည်းဖြည်းမှေးမှိန်သွားပြီး အကောင်းအတိုင်း ဖြစ်သွားသည်ကို အံ့သြဖွယ်ဖူးတွေ့ရပါသည်။ ထိုအချိန်မှာပင် ဦးခွန်အုန်းပွင့်တို့နေအိမ်တွင် ကိုးကွယ်ထားသော ရုပ်ပွားတော်၏နောက်ကျောမှ ရောင်ခြည်တော်မီးတန်းများလည်း လင်းလက်လာပါသည်။ ထိုရောင်ခြည်တော်မီးဆိုင်းပျက်နေသည်မှာ နှစ်ချီ၍နေပြီဖြစ်သော်လည်း အသစ်လဲမည်လဲမည်နှင့် မလဲဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုမူ ပျက်နေသောမီးတို့ပြန်လင်းလာသည်မှာ အံ့သြဖွယ်ကောင်းလှပါသည်။

ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်တွင် လည်ပင်းတော်သာ တစ်ခဏနှင့်ပြန်ဆက်သွားခြင်းဖြစ်ပါသည်။ ခန္ဓာကိုယ်တော်မှ အပေါက်ကြီးများမှာ ဖြည်းဖြည်းချင်း ပြန်လည်ကောင်းမွန်လာခြင်းဖြစ်ရာ အချိန်(၂)ပတ်မျှကြာမြင့်မှ မူလပုံတော်အတိုင်း ပြန်လည်ရောက်ရှိပါသည်။ လည်ပင်းတော်ပြန်ဆက်ပြီးသော နောက်တစ်နေ့မနက်တွင် အမှိုက်တောင်းထဲတွင် ရောက်နေပြီဖြစ်သော ကြာပင်တို့ ပြန်လည် လန်းဆန်းလျက်ရှိသကဲ့သို့ ရွှေငါးတို့လည်း တစ်ကောင်မျှ သေဆုံးမှုမရှိတော့ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ကြာပင်များကို ရေကန်ထဲသို့ပြန်လည်ချထားလိုက်ပါသည်။ ယခုဆိုလျှင် ထိုအဖြစ်အပျက်သည် (၅) လခန့်ပင် ကြာမြင့်ပါပြီဟု ဦးခွန်အုန်းပွင့်၏သမီးကလေးမှ ပြောပြပါသည်။ ထို့ကြောင့် စာရေးသူလည်း ဖုန်းကင်မရာဖြင့်ပင် မှတ်တမ်းဓာတ်ပုံများ ရိုက်ယူလိုက်ပါသည်။ထို့နောက် ၎င်းတို့မိသားစုနှင့် အမှတ်တရဓာတ်ပုံရိုက်ကြပါသေးသည်။

ဦးခွန်အုန်းပွင့်မှ စာရေးသူ မန္တလေးသို့လာရောက်သည့်အခါ မိမိတို့နေအိမ်သို့ အချိန်မရွေးလာရောက်နားနေပါရန် ဖိတ်ကြားပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်လည်း ပြင်ဦးလွင်သို့ကြွမြန်းတော်မူပြီဖြစ်၍ စာရေးသူလည်း အိမ်ရှင်မိသားစုကို နှုတ်ဆက်ပြီး မောင်ကျော်မင်းသိန်း (စိန်ကြယ်အထည်ဆိုင်) နှင့်အတူ ထွက်ခွာခဲ့ပါသည်။

ဦးခွန်အုန်းပွင့်နေအိမ်တွင်ဖြစ်ပေါ်သောထူးခြားမှုမှာ ဆန်းကြယ်လွန်းလှပါသည်။ စာရေးသူတို့၏ ရွှေကံကူသာသနာသမိုင်းတွင် တစ်ကြိမ်တစ်ခါမျှဖြစ်ပေါ်ခဲ့ဖူးခြင်း မရှိသေးပါ။ သို့သော် မကောင်းသော အတိတ်နိမိတ်တစ်ခုကို ဖော်ဆောင်နေပြီး နောက်ဆုံးတွင်တော့ ပြန်လည် ကောင်းမွန် ရှင်သန်ရမည်ဟူသောသဘောကို ပြဆိုနေလေသည်။ မည်သို့သောအကြောင်းအရာဖြစ်ပါမည်နည်း။ ထိုနေ့က မယ်တော်ကြီးအတိတ်ကောက်ခဲ့သည်မှာတော့ ဤအိမ်မှ တစ်ဦးတစ်ယောက် ကျန်းမာရေးအကြီးအကျယ်ချို့ယွင်းမည်။ ထို့နောက် ပြန်ကောင်းသွားမည်၊ ဝင်ရန်ရှိသော လာဘ်လာဘတို့လည်း ထိုအချိန်ကျမှ ဝင်ရောက်လိမ့်မည်။ အဆင်မပြေဖြစ်နေသောလုပ်ငန်းများ၊ မအောင်မြင်သေးသောလုပ်ငန်းများ အောင်မြင်လာလိမ့်မည် ဟူ၍ဖြစ်ပါသည်။

ထို့နောက် ရုပ်ရှင်တော်မြတ်သည် ၁၀-၁၀-၂၀၁၄ ညနေ (၅) နာရီခွဲတွင် ပြင်ဦးလွင်မြို့မှ အောင်မြေသို့ပြန်လည်ကြွမြန်းရောက်ရှိတော်မူလာပြီး ၁၂ရက်နေ့တွင် ရန်ကုန်မြို့သို့ ဆက်လက်ကြွမြန်းတော်မူသွားပါသည်။ (၁၃) ရက်နေ့ညတွင် ဦးခွန်အုန်းပွင့်နှင့်သမီးကလေးမှ မယ်တော်ကြီးထံ ဖုန်းဆက်လာသည်။ ထိုညက မောင်ခွန်မင်းသူရိန်၏မော်တော်ဆိုင်ကယ်ကို အခြားမော်တော်ဆိုင်ကယ်မှ အရှိန်ပြင်းစွာဝင်ရောက်တိုက်ခိုက်ကြောင်း၊ မောင်မင်းသူရိန်တွင် ဒဏ်ရာပြင်းထန်စွာရရှိသွား၍ ယခု ဆေးရုံသို့တင်ထားရကြောင်း၊ ဆရာဝန်တို့မှပြောကြားသည်မှာ မျှော်လင့်ချက်နည်းသည်ဟုဆိုကြောင်း၊ ထို့ကြောင့် သမီးတို့တွင် အားကိုးစရာဟူ၍ မယ်တော်ကြီးသာရှိပါသည်။ မယ်တော်ကြီးမှ မောင်လေးခွန်မင်းသူရိန်ကို ကယ်ပေးပါရန်ဟူ၍ဖြစ်ပါသည်။ ထူးဆန်းသည်မှာ မောင်မင်းသူရိန်တွင် မယ်တော်ကြီးမှချည်နှောင်ပေးလိုက်သော ပရိတ်ကြိုးလေးမှာ မည်သို့ပင်နိုင်မြဲအောင်ချည်ပါစေ အလိုလိုပြေပြေသွား၍ ဦးခွန်အုန်းပွင့်တို့မိသားစုမှာ ပို၍စိတ်ပူနေကြပါသည်။

ဖုန်းရရှိသည်နှင့် မယ်တော်ကြီးမှ ဦးခွန်အုန်းပွင့်တို့မိသားစုကို စိတ်မပူကြရန်နှင့် အတတ်နိုင်ဆုံးဆောင်ရွက်ပေးမည်ဟုပြောလိုက်ပြီး မယ်တော်ကြီး၏လက်ဝါးထဲတွင် မောင်ခွန်မင်းသူရိန်၏

www.burmeseclassic.com

နေ့နံကိုရေးလိုက်ပြီး လက်ကိုဆုပ်ကာ ပရိတ်တရားတော်များကို အဆက်မပြတ် ရွတ်ပွားပါတော့သည်။ ထိုအတောအတွင်း လက်ကိုဖြေကြည့်ရာ လုံးဝဖြေမရဘဲရှိသဖြင့် မယ်တော်ကြီးသည် မောင်ခွန်မင်းသူရိန်အတွက် စိုးရိမ်သွားပြီး ပရိတ်တရားတော်များတောက်လျှောက် မနားတမ်း ရွတ်ဆိုနေရာမှ လက်ကိုဖြေကြည့်ရာ ည (၂)နာရီမှသာ လက်ဝါးဖြေ၍ရပါသည်။ ထိုအချိန်မှာပင် ဦးခွန်အုန်းပွင့်တို့ထံမှ ဖုန်းလာပါသည်။ ခွန်မင်းသူရိန် အသက်အန္တရာယ်မရှိနိုင်တော့ကြောင်း ဆရာဝန်မှပြောသည်ဟူ၍ဖြစ်ပါသည်။ ပို၍ထူးဆန်းသည်မှာလည်း ထိုအချိန်မှသာ မောင်ခွန်မင်းသူရိန်လက်မှပရိတ်ကြိုးမှာ ပြန်ပြေလာခြင်းမရှိတော့ဘဲ မြဲမြဲသွားသည်ဟု သိရပါသည်။

ဦးခွန်အုန်းပွင့်တို့မိသားစုမှာ ဝမ်းသာမဆုံးဖြစ်နေကြပြီး -

“မယ်တော်ကြီး ကယ်လိုက်တဲ့အသက်ပဲရှိပါတော့တယ်။ ဒါကြောင့် ခွန်မတို့သားလေးဟာ မယ်တော်ကြီးသား ဖြစ်သွားပါပြီ”

ဟု ပြောကြပါသည်။

အထက်ပါ အဖြစ်သည်ကား အလွန်ပင်ထူးဆန်းလှပါ၏။ ထိုကဲ့သို့ ထောင့်စေ့အကွက်ကျလှသောအဖြစ်မျိုးကို စာရေးသူတို့ပင်လျှင် စိတ်ကူးမယဉ်နိုင်အောင် ထူးခြားဆန်းကြယ်နေပါ၍ အံ့ဩမဆုံးဖြစ်ရပါသည်။ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်မှ လွန်ခဲ့သော (၅)နှစ်အချိန်က ဖြစ်ပေါ်ခဲ့သော ထူးခြားမှု၏အဓိပ္ပာယ်ကို အခုမှနားလည်ကြရခြင်း ဖြစ်ပါသည်။

မယ်တော်ကြီးသည် ရုပ်ရှင်တော်မြတ်ကို လူအများမသိမီ၊ မယ်တော်ကြီးကို လူအများမသိမီ၊ ပရိတ်ကြိုး၏အစွမ်းကို လူတို့မသိခင်ကတည်းက ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူရာ နေရာဌာနများနှင့် ရွှေကံ့ကူအောင်မြေတို့တွင် ပရိတ်ကြိုးများကို တစိုက်မတ်မတ်ဝေငှလာခဲ့သည်မှာ (၁၀) နှစ်ရာသီပင် ကျော်လွန်ခဲ့ပြီဖြစ်ပါသည်။ မယ်တော်ကြီးသည် မယ်တော်ကြီးဝေငှသော ပရိတ်ကြိုးတို့ကို ယုံကြည်၍ဖြစ်စေ၊ အများနည်းတူရယူလို၍ဖြစ်စေ စေတနာသဒ္ဓါထက်သန်စွာဖြင့် ပေးကမ်းလျက်သာရှိပါသည်။ အချို့လည်း မယ်တော်ကြီးပေးလိုက်သော ပရိတ်ကြိုးတို့ကို အမှတ်တမဲ့ပင် အိမ်ရောက်သည်နှင့် တစ်နေရာ၌ ချိတ်ထားလိုက်ကြသည်။ မိမိတို့အိမ်မှ တစ်စုံတစ်ဦး၊ ကလေးငယ်စသည့်မိမိတို့၏အနီးဝန်းကျင်မှ တစ်စုံတစ်ဦး ကလေးငယ်စသည့် တစ်စုံတစ်ဦးတွင် ပယောဂ အပ စသည် နှောင့်ယှက်သောအခါမှ ပရိတ်ကြိုးကို အမှတ်ရပြီး သုံးစွဲကြည့်သောအခါမှ ပရိတ်ကြိုး၏အစွမ်းဖြင့် ချမ်းသာရာရရှိကြပါသည်။

မယ်တော်ကြီးသည် -

“မသိသူ အန္ဓ၊ သိသူအသုံးပေါ့ကွာ၊ မသိဘဲယူသွားသူတွေအဖို့တော့ သူတို့မှာ တန်ဖိုးကြီးတဲ့ပရိတ်ကြိုးကို ရရှိသွားပါလျက် အသုံးမပြုရကောင်းမှန်း မသိတော့ ရရှိတဲ့အခွင့်အရေးဆုံးရှုံးတာပေါ့ကွာ။ အဲဒီလိုပဲ၊ မယ်တော်ကြီးတို့မှာလည်း ပရိတ်ကြိုးတစ်ချောင်းဖြစ်ဖို့ရာ လွယ်တာ မဟုတ်ဘူး။ ဈေးကြီးတဲ့ ယိုးဒယားအပ်ချည်ကိုလုပ်ရတာဆိုတော့ တစ်နှစ်ကို အပ်ချည်လုံးဖိုးကိုက (၅)သိန်းလောက်ရှိတယ်။ အမြဲတမ်းအလှူရှင်ကတော့ မန္တလေးမြို့ ဈေးချိုတော် မြေညီထပ် စပယ်ရဲ့ ဆိုင်အမှတ် (၉၉) ကိုမင်းအောင်နဲ့ မနန်းဆိုင်ဖောင်း လမင်းသာ အလှကုန်စတိုးမိသားစုဖြစ်ပြီး ရောက်လေရာမြို့ရွာတွေက၊ ရုပ်ရှင်တော်မြတ်တို့ ပင့်ဆောင်ပူဇော်တဲ့အိမ်တွေကလည်း လှူကြပါတယ်။ အဲဒီအပ်ချည်လုံးတွေကိုမှ အရောင်လှအောင် စပ်ရတယ်။ (၉)ပင်ထက်မနည်းပေါင်းပြီးလုံးရတယ်။ ပြီးမှ ဇာထိုးအပ်မသုံးဘဲ လက်နဲ့တင်ခေါက်ပြီး ကြိုးထိုးရတာ၊ ပရိတ်တော်တွေရွတ်ဖတ်ပြီးလုပ်ရတာဆိုတော့ အချိန်လည်းပေးရတယ်။ အဲဒါကြောင့် ပရိတ်ကြိုးတစ်ချောင်းမှာ ထိုက်သင့်တဲ့ ငွေကြေးတန်ဖိုးသင့်ငွေဆိုတာ တွက်လို့ရနိုင်တယ်။ ဒါကြောင့် တန်ဖိုးမသိသူတွေဆီပါသွားရင် အဲဒီပရိတ်ကြိုးဟာ ဆုံးရှုံးသွားရသလို တန်ဖိုးသိသူတွေမှာတော့ ဒီပရိတ်ကြိုးတစ်ချောင်းဟာ တန်ဖိုးဖြတ်လို့မရတဲ့ လူ့အသက်ကိုတောင် ကယ်နိုင်သည်အထိ ကြီးမားတဲ့ အကျိုးတရားတွေကို ရရှိစေနိုင်တယ်။ ဒါကြောင့် ပရိတ်ကြိုးအချောင်းတစ်ရာယူဆောင်သွားသူများထဲမှ တစ်ချောင်းသောပရိတ်ကြိုး ယုံကြည်စိတ်ချစွာသုံးစွဲသူထံရောက်ရှိရင်ပဲအကျိုးများလှပြီလို့ သဘောပိုက်ပြီး ဝေငှလာခဲ့တာ အခုတော့ သိတဲ့သူတွေအတော်များလာပြီ”

ဟု ရောက်လေရာနေရာတိုင်းတွင် ပြောကြားလေ့ရှိပါသည်။

မြတ်စွာဘုရားရှင်၏ကျေးဇူးတော်ဂုဏ်တော်တို့ကား ကြီးမားလွန်းလှပါ၏။ ပရိနိဗ္ဗာန်စံဝင်တော်မူသွားပြီဖြစ်သည့်တိုင် ကိုယ်စား ကိုယ်ပွားအဖြစ် ထားရစ်တော်မူခဲ့သော စေတီတော်၊ ပုထိုးတော်၊ ရုပ်ပွားတော်၊ ဆင်းတုတော်တို့ကို ထားရစ်၍ ကုသိုလ်တရားပွားများနိုင်ကြကာ လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာများရရှိစေသကဲ့သို့ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်တို့ကို နာယူမှတ်သား လိုက်နာကျင့်သုံး၍လည်း လက်ငင်းဘဝဆင်းရဲ၊ သံသရာဘဝဆင်းရဲမှ လွတ်မြောက်နိုင်ကြကာ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာတို့ကို ရရှိနိုင်စေပြန်ပါသည်။ တစ်ဖန် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော များပြားလှသည့်တရားတော်များအထဲမှ တစ်စိတ်တစ်ဒေသမျှသာဖြစ်သော ပရိတ်တရားတော်တို့ ထုံမွမ်းထားသည့် ပရိတ်ကြိုးကို ကိုယ်နှင့်မကွာဆောင်ယူထားရုံမျှနှင့်ပင် အသက်ဘေးမှ လွတ်မြောက်ကြရသည်ဆိုသည်မှာလည်း အထက်ပါ အကြောင်းအရာတို့ကိုကြည့်လျှင် သိရှိကြရမည်သာဖြစ်ပါ၏။

မယ်တော်ကြီးသည် (၁၀) နှစ်ကျော်မျှ နေ့စဉ်ပရိတ်ကြိုးများ ဝေငှခဲ့ပြီဖြစ်ရာ ပရိတ်ကြိုးဆောင်ယူရရှိသူတို့မှာ ယနေ့အချိန်တွင် လူဦးရေသန်းချီ၍ရှိနေပြီဖြစ်ပါသည်။ ပရိတ်ကြိုးကိုဆောင်ထား၍ မည်သို့ဘေးအန္တရာယ်မှလွတ်မြောက်ခဲ့ရပါသည်၊ မည်သို့အခက်အခဲမှ လွတ်မြောက်ခဲ့ရပါသည်ဟု ပြန်လည်ပြောပြထားကြသူတို့ပင် အများအပြားရှိနေပြီး လာရောက် ပြောပြခြင်းမရှိ၍ စာရေးသူတို့ မသိရှိရသေးသောသူတို့လည်း အများအပြား ကျန်ရှိနေဦးမည်ဖြစ်ပါသည်။ သို့သော် စာရေးသူသည် ဤဆောင်းပါးတွင် သာဓကအဖြစ် လုံလောက်ရုံမျှသာ လူအချို့၏ အဖြစ်အပျက်တို့ကို တင်ပြခြင်းဖြစ်ပါ၍ ဤဆောင်းပါးတွင်ဖော်ပြရန် ကျန်ရှိရစ်သူအပေါင်းတို့သည် စာရေးသူအား နားလည်ပေးမှုရန် ဤနေရာမှ မေတ္တာရပ်ခံပါသည်။

ပရိတ်ကြိုးတို့သည် ဘေးရန်အန္တရာယ်မျှသာမဟုတ်ပါ။ အထက်လူကြီးများ၏ မေတ္တာတရားကိုလည်းရရှိစေခဲ့သောသာဓကများလည်းရှိပါသေးသည်။

(ဆက်ရန်)

ဘိုဘို (ရွှေကံ့ကူ)



www.burmeseclassic.com

www.burmeseclassic.com

ချမ်းခေါင်

# ထေရဝါဒဗုဒ္ဓသာသနာတွင် အံ့ဖွယ်ရှစ်ပါးတည့်ရှိသကဲ့သို့
# သင့်ကိုဂုဏ်တော်များမှ မချအကျိုးပေးမည်



ဝါဆို၊ ဝါခေါင် လေဖောင်ဖောင်၊ ရေဖောင်ဖောင်ဟု ရှေးရှေးသောအခါကာလများက အဆိုတစ်ရပ်ရှိခဲ့ပါသည်။ ယခု ကောဇာ ၁၃၇၇ ခုနှစ်တွင်တော့ ဝါခေါင်လဆန်းသို့ပင်ချင်းနင်းဝင်ရောက်လာနေပြီ ဖြစ်ပါသည်။ တောင်လေဖောင်ဖွဲ့ဝင်ဝေးစွ။ တောင်လေပြေပြေကလေးပင် လှုပ်ရှားဆော့ကစားခြင်းအလျှင်းမရှိပါပေ။

တောင်သလင်း မြစ်တွင်း သင်ဖြူးခင်း ဆိုစကားအတိုင်း တော်သလင်းလရောက်မှ လေမိုးငြိမ်နေ၍ မြစ်အတွင်း မြစ်ပြင်တစ်ခုလုံးတွင် သင်ဖျာချောခင်းထားသည့်အတိုင်း လှိုင်းမရှိဘဲ ငြိမ်သက်နေသကဲ့သို့ ဖြစ်နေပါသည်ဟု ဆိုလိုရင်းပါ။ ယခု ဝါခေါင်လဆန်းမှာပင် မြစ်တွင်း သင်ဖျာခင်းထားသလိုဖြစ်ပါတော့သည်။

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက (၃) ခွင်တွင် သင်္ခါရလောကဟု ပြောရတော့မည် ထင်ပါသည်။ ရှေးထုံးစဉ်လာ သဘာဝတရားတို့ ပြောင်းလဲနေပြီ ဖြစ်ပါသည်။

ကျွန်ုပ်သည် ကျွန်ုပ်တို့ဒေသအခေါ် အရုဏ်တက်တုံးခေါက်သံကြားနေရချိန်နှင့် မိုးကုတ်ဝိပဿနာကျောင်းတိုက်မှလည်း နံနက် စက်နာရီ (၄) နာရီတွင် ပဓာနနယကဆရာတော်ကြီး၏ နိဗ္ဗာန်ဆော် ဓမ္မဂီတသံကိုပင် ကြားနာရမြဲ ဖြစ်ပါသည်။

ထိုအချိန်တွင် ကျွန်ုပ်သည် အိပ်ရာမှထ မျက်နှာသစ်၊ ကိုယ်လက်သန့်ရှင်းပြီး ကျန်းမာခြင်းအတွက် ကျွန်ုပ်၏ နေအိမ်မှ အသွား၊ အပြန် (၁) မိုင်ခွဲခန့် အဝေးဆီသို့ လမ်းလျှောက်ထွက်ခဲ့ပါတော့သည်။ လမ်းလျှောက်ရာမှ ပြန်ရောက်သည်နှင့် ဥတု၏ စေစားချက်အရ ချွေးပြိုက်ပြိုက်ကျနေသည့်အတွက် ချွေးစို့နေသောအဝတ်အစားများကို လဲလိုက်ရပါတော့သည်။

ထိုသို့ အဝတ်လဲသည့်ကိစ္စပြီးသည်နှင့် ကျွန်ုပ်သည် အမိဌာန်ကျင့်စဉ်နှင့် နိစ္စဓူဝကျင့်ဝတ်တို့အတွက် နေ့စဉ်ဝတ်များကို ဘုရားခန်းမှာ ဝင်ရောက်၍ ဆောင်ရွက်လိုက်ပါသည်။ နေ့စဉ်ကိစ္စတစ်ခုပါ။

ကျွန်ုပ်အလုပ်က ခုနစ်နေ့သား၊ ခုနစ်နေ့သမီးတို့၏ ဘဝရှေ့ရေး အထူးဟောပေးသောအလုပ်ဖြစ်၍ ညေ့မလာခင် ဆောလျင်စွာ ကိုယ့်ကိစ္စအပြီး စီမံထားရခြင်း ဖြစ်ပါသည်။ ဝေါဟာရသက်တမ်းမှာ (၇၃) နှစ်သို့ ရောက်နေပြီဖြစ်၍ အများတကာ အထင်ကြီးစေရန် မရွယ်ပါ။ ထေရဝါဒဗုဒ္ဓဘာသာဝင်တစ်ယောက် သုံးလောကသခင် မြတ်စွာဘုရားရှင်၏ ဆုံးမစကားအတိုင်း သစ္စာစကားဆိုခြင်းသာ ဖြစ်ပါသည်။ ဝစီသစ္စာတို့မည်သည် သေသည့်တိုင်အောင် စောင့်ရှောက်ရမည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ တာဝန်ပင် ဖြစ်ပါတော့သည်။

ဘုရားခန်းမှထွက်လာပြီး အလုပ်စားပွဲထိုင်လိုက်သည်နှင့် ကျွန်ုပ်၏ ပါရမီဖြည့်ဖက် ဇနီးသည်စီမံပေးသော အစောစာကို ဝမ်းမီးငြိမ်းစေရန် အာဟာရဖြည့်တင်းလိုက်ပါသည်။ ထိုစဉ်တွင် ကျွန်ုပ်ကျောင်းနေဖက်သူငယ်ချင်း (၂)ယောက် ရောက်လာခဲ့ကြပါတော့သည်။

"မနက်လမ်းလျှောက်ရာ ဆုံမယ်ထင်ခဲ့တာကွ။ မတွေ့တာနဲ့ မင်းအိမ်လိုက်လာခဲ့တာ"

ဟု ပြောပြောဆိုဆိုနှင့် ကျွန်ုပ်ထိုင်နေရာစားပွဲသို့ လာနေကြပါတော့သည်။

"လာကြဟေ့ သူငယ်ချင်းတို့"

ဟု ကျွန်ုပ်လည်း အပြုံးနှင့် ဆီးကြိုပြီး နေရာပေးလိုက်ပါသည်။

ဤနေရာတွင် စာချစ်သူမိတ်ဆွေများနှင့် ကျွန်ုပ်၏ ကျောင်းနေဖက်သူငယ်ချင်းတို့ကို ဦးစွာမိတ်ဆက်ပေးရန် လိုမည်ထင်ပါသည်။ တစ်ယောက်၏ အမည်မှာ သောင်းရွှေဟု အမည်ရှိပါသည်။ တစ်ယောက်က ခင်မောင်အေးဟု အမည်ရှိကြပါသည်။

သူငယ်ချင်း သောင်းရွှေက ကျောင်းသားဘဝကအစ ယခု အသက်အရွယ်(၆၀)ကျော်လာသည့်တိုင်အောင် ဘာမှမည်မည်ရရအလုပ်မလုပ်။ မိဘလက်ငုတ်ပေါ်မှ စီးပွားကို ထိုင်စားနေသည့် ဘာသိဘာသာသမား ဖြစ်ပါသည်။ ဘာသာရေးမှာလည်း ဝါးတားတားပါ။

ကျန်တစ်ယောက်ကတော့ နာမည်ခင်မောင်အေးမို့သာတော်ပါတော့သည်။ နေရာတကာပါတတ်သည့်သူ ဖြစ်လေ၏။ ဟိုစပ်စပ်ဒီစပ်စပ်နှင့် နှံ့ဇော့နှံ့စပ်ပါ၏။ ဘာမှထူးချွန်သူမဟုတ်ပါ၊ အသက်အရွယ်တွေက (၆၀) ကျော်လာတော့မှ ကိုယ်ဘာမှမပြင်ရမဆင်ရတာကိုသိရတော့ အခါလွန်ပေါ့ဆိုပြီးကြိတ်ပြီးသောကရောက်နေကြသော သူငယ်ချင်းများ ဖြစ်ပါသည်။

ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ကြသည်နှင့် ကျွန်ုပ်မှစပြီး စကားလမ်းကြောင်းပေးလိုက်ရပါတော့သည်။

"သူငယ်ချင်းတို့ကို ဘာအကူအညီပေးရမလဲ"

ဟု ပြောလိုက်တော့မှ သူတို့အခက်အခဲများနှင့် သူတို့ဆန္ဒများကို ကိုယ်စီပြောပြကြပါတော့သည်။

ကျွန်ုပ်မှာလည်း သူငယ်ချင်းများအတွက် ဓမ္မကထိကတစ်ယောက်လို ထေရဝါဒဗုဒ္ဓဘာသာတော်ကြီး၏အံ့ဖွယ်ရာ (၈) ပါးအကြောင်းကို ပြောပြလိုက်ရပါတော့သည်။ နောက် သမထယာနိကလို့ပြောပြော၊ သီလထိန်းကြ၊ သမာဓိထူထောင်နိုင်ကြစေရန် မြတ်စွာဘုရားရှင်၏ အာဝေနိကဂုဏ်တော်များမှ ဂုဏ်တော်ပုတီးစိပ်တို့ကို ကတိတောင်းပြီး ပေးလိုက်ရပါတော့သည်။

□ သာသနာတော်၏ အံ့ဖွယ် (၈) ပါး

၁။ မဟာသမုဒ္ဒရာသည် အစ... အဖောက်မနက်ဘဲ အစဉ်အတိုင်း ညွှတ်...



www.burmeseclassic.com

www.burmeseclassic.com

သိမ်းကိုင်းရှိုင်းပြီး အဖောက်နက်သကဲ့သို့ ထို့အတူ ဘုရားရှင်သာသနာတော်သည်လည်း အစဉ်အတိုင်း ကျင့်အပ်သော အကျင့်သိက္ခာ၊ အစဉ်အတိုင်းပြုအပ်သော (၁၃) ပါးသောဓုတင်၊ အစဉ်အတိုင်းကျင့်အပ်သော (၇) ပါးသော အနုပဿနာ၊ (၁၈) ပါးသော အာရမ္မဏဝိဘတ္တိ၊ (၃၇) ပါးသော ဗောဓိပက္ခိယတရားရှိသည်ဖြစ်၍ အစဉ်သာလျှင် အောက်မဂ်အောက်ဖိုလ်တို့သည် သိအပ်ပြီးသော (၄) ပါးသော သစ္စာဟူသော အပိုင်းအခြားကို လွန်မှု၍ သိတတ်သော အရဟတ္တဖိုလ်ကိုထိုးထွင်း၍သိခြင်းသည်ပင် သာသနာတော်၏ ပထမအံ့ဩဖွယ် ဖြစ်၏။

၂။ မဟာသမုဒ္ဒရာသည် တည်ခြင်းသဘောရှိသည်ဖြစ်၍ ကမ်းကို မကျော်လွန်သကဲ့သို့ ထို့အတူ ဘုရားရှင်သာသနာတော်၌ နေကြသော ရဟန်းတို့သည် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို အသက်ဟူသောအကြောင်းကြောင့်သော်လည်း မလွန်ကျူးမကျော်နင်းခြင်းသည်ပင် သာသနာ့တော်၏ ဒုတိယအံ့ဩဖွယ် ဖြစ်၏။

၃။ မဟာသမုဒ္ဒရာသည် သူသေကောင်ပုပ်နှင့် အတူတကွ မဆက်ဆံ။ သူသေကောင်ပုပ်ကို လျင်မြန်စွာ ကမ်းပေါ်သို့ ပို့ဆောင်သကဲ့သို့ ထို့အတူ ဘုရားရှင် သာသနာတော်၌နေသော ဒုဿီလပုဂ္ဂိုလ်သည် လဇ္ဇီသူမွန်သီလဝန္တသံဃာတော်အရှင်မြတ်တို့၏ အလယ်၌ ကောင်းစွာနေသော်လည်း ယင်းသံဃာမှ ဝေးသည်သာဖြစ်၏။ သီလဝန္တသံဃာတော်သည်လည်း ဒုဿီလပုဂ္ဂိုလ်မှ ဝေးသည်သာ ဖြစ်၏။ ဤသို့ ဒုဿီလရဟန်း၏ သီလဝန္တသံဃာမှ ဝေးရခြင်းသည်ပင် သာသနာတော်၏ တတိယအံ့ဩဖွယ် ဖြစ်၏။

၄။ မဟာသမုဒ္ဒရာကို ဂင်္ဂါမြစ်၊ ယမုနာမြစ်၊ အစိရဝတီမြစ်၊ သရဘူမြစ်၊ မဟီမြစ် တည်းဟူသော မြစ်ကြီး (၅)စင်းတို့ ရောက်သည်ရှိသော် ရှေးဖြစ်သော အမည်အနွယ်များကိုစွန့်ရပြီးလျှင် မဟာသမုဒ္ဒရာဟူသော အမည်သာ ခေါ်ဝေါ်ပညတ်သမုတ်အပ်သည့်အဖြစ်သို့ရောက်ရသကဲ့သို့ ထို့အတူ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲတို့သည် ဘုရားရှင်သာသနာတော်၌ ရဟန်းပြုကြသည်ရှိသော် ရှေးဖြစ်သော အမည်အနွယ်ကို စွန့်၍ သာကီဝင်မင်းသား ဘုရားသားတော်ဖြစ်ကြသော ရဟန်းတို့ပေတည်းဟု ခေါ်ဝေါ်ပညတ် သမုတ်ရခြင်းသည်ပင် သာသနာတော်၏ စတုတ္ထအံ့ဩဖွယ် ဖြစ်၏။

၅။ မဟာသမုဒ္ဒရာသည် မြစ်ကြီး၊ မြစ်ငယ်မိုးရေအလျှဉ်တို့ စီးဆင်းခြင်းဖြင့် ယုတ်လျော့သည်အဖြစ်၊ ပြည့်လျှံသည်အဖြစ် မထင်ရှားသကဲ့သို့ ထို့အတူ ဘုရားရှင်သာသနာတော်၌နေကြကုန်သော ရဟန်းတော်တို့သည် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် အကယ်၍ ပရိနိဗ္ဗာန်ဝင်စံတော်မူကြကုန်သည်ရှိသော် ထိုအနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ဝင်စံခြင်းဖြင့် အနုပါဒိသေသနိဗ္ဗာနဓာတ်၏ ယုတ်လျော့သည်၏အဖြစ်၊ ပြည့်သည်၏အဖြစ် မထင်ရှားသည်ပင် သာသနာတော်၏ပဉ္စမအံ့ဩဖွယ်ဖြစ်၏။

၆။ မဟာသမုဒ္ဒရာသည် ငန်သော အရသာတစ်မျိုးတည်းသာ ရှိသကဲ့သို့ ထို့အတူ ဘုရားရှင်သာသနာတော်၌ ဤဓမ္မဝိနယသည် (ဝိမုတ္တိရသ) အရဟတ္တဖိုလ် ဟူသော သာယာအပ်သော ကိစ္စတစ်မျိုးတည်းသာရှိ၏။ ဤကား သာသနာတော်၏ ဆဋ္ဌမအံ့ဩဖွယ် ဖြစ်၏။

၇။ မဟာသမုဒ္ဒရာ၌ များစွာသော လောကီရတနာရှိသကဲ့သို့ ထို့အတူ ဘုရားရှင်သာသနာတော်၌ သတိပဋ္ဌာန် (၄) ပါး၊ သမ္မပ္ပဓာန် (၄) ပါး၊ ဣဒ္ဓိပါဒ် (၄) ပါး၊ ဣန္ဒြေ (၅) ပါး၊ ဗိုလ် (၅) ပါး၊ ဗောဇ္ဈင် (၇) ပါး၊ မဂ္ဂင် (၈) ပါး ဤလောကုတ္တရာရတနာတို့သည် ရှိကုန်၏။ ဤလောကုတ္တရာရတနာတို့ရှိခြင်းသည်ပင် သာသနာတော်၏ သတ္တမအံ့ဩဖွယ် ဖြစ်၏။

၈။ မဟာသမုဒ္ဒရာသည် တိမိငါး၊ တိမိင်္ဂလငါး၊ တိမိရပိင်္ဂလငါး စသော သတ္တဝါတို့၏နေရာဖြစ်သကဲ့သို့ ထို့အတူ ဘုရားရှင်သာသနာတော်၌ ဤဓမ္မဝိနယသည် မြတ်သောသောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်။ သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၏နေရာ ဖြစ်၏။ ဤသာသနာတော်၌ မြတ်သောပုဂ္ဂိုလ်တို့၏ နေရာဖြစ်ရခြင်းသည်ပင် သာသနာတော်၏အဋ္ဌမအံ့ဩဖွယ် ဖြစ်၏။

(အင်္ဂုတ္တိုရ်အဋ္ဌကထာ
တတိယအုပ်- ၂၁၈)

"သူငယ်ချင်းတို့ရေ၊ အခု မင်းတို့ သိခဲ့ကြပြီးဖြစ်တဲ့အတိုင်းပဲ တို့တစ်တွေ မြန်မာနိုင်ငံသားဖြစ်ရတာ၊ ဗုဒ္ဓဘာသာဝင်တွေဖြစ်ကြတာကိုက တန်ဖိုးမဖြတ်နိုင်ဘူးကွ။ ပြီးတော့ တို့တစ်တွေကို မွေးဖွားပေးခဲ့ကြတဲ့ မိခင်၊ ဖခင်များကို အနှိုင်းမဲ့ကျေးဇူးရှင်လို့ သတ်မှတ်ပြီး ဂုဏ်ယူရမှာပဲ သူငယ်ချင်းတို့"

ဟု ပြောဖြစ်ခဲ့ပါသည်။

(စာကြွင်း - ကျွန်ုပ်၏ ဆန္ဒတစ်ခုကို အလျဉ်းသင့်တုန်းမှာ တင်ပြလိုက်ပါသည်။ ရှေးရှေးကစပြီး ပညာရှင်ကြီးများက မိဘနှစ်ပါး၏ဂုဏ်ကို ခိုင်းနှိုင်းပြဆိုထားကြသည့်စာများစွာရှိနေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်အနေနှင့်တော့ ခိုင်းနှိုင်းရှာမတွေ့သဖြင့် 'အနှိုင်းမဲ့' ဟု တင်လိုက်ရခြင်းပင် ဖြစ်ပါသည်။ စာချစ်သူမိတ်ဆွေများ နှစ်သက်မည်ဟု တွေးထင်မိပါသည်။ စာရေးသူ)

ကျွန်ုပ်သည် သူငယ်ချင်းများကို အောက်ပါအတိုင်းရှင်းပြပြီး လုပ်ငန်းဝင်စေခဲ့ပါသည်။

"သူငယ်ချင်းတို့ကလည်း ကိုယ်ခိုင်းတဲ့အတိုင်း လုပ်ကိုင်ဆောင်ရွက်ကြမယ်လို့ ကတိပေးထားသည့်အတွက် ဒီပုတီးစိပ်ကိုစိပ်ကြဖို့ တိုက်တွန်းပါတယ်ကွာ။တို့ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးမှာ ပဋိကတ်တော်လာစကားအရ သုတ်၊ ဝိနည်း၊ အဘိဓမ္မာပေါ့ကွာ။ ဒါကိုပဲ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သုံးရပ်သာသနာလည်းအတူပဲလို့ ဆိုချင်ပါတယ်ကွာ။

ဒီတော့ သူငယ်ချင်းတို့အနေနဲ့ သီလခန်းမှာ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ (နဝင်္ဂသီလ) စသည်ပေါ့ကွာ။ ကိုယ်ထိန်းနိုင်တဲ့သီလကိုပဲ လုံခြုံအောင် ထိန်းကြရမှာက ပထမကိစ္စပါ။

နောက်အဆင့်က သမာဓိကိစ္စပေါ့။ တစ်နည်း ငါ့အထင်ပြောရရင် (သမထ) ပေါ့ကွာ။ မြတ်စွာဘုရားရှင်ရဲ့ဂုဏ်တော်ကို သဒ္ဓါအားကြီးသူများအနေဖြင့် ထင်သလောက်မှန်းဆိုပူဇော်နိုင်တာမို့ ကိုယ်ကတော့ မင်းတို့အတွက် အရပ် (၅) မျိုး ပုတီးစိပ်ကိုပဲ ပေးလိုက်မယ်။ ကြိုးစားပြီးတော့ စိပ်ကြပေါ့ကွာ။

ပုတီးစိပ်ပုံကို ဦးစွာရှင်းပြဦးမယ် သူငယ်ချင်း။ ကိုယ်စိပ်ရမယ့် ဂုဏ်တော်တစ်မျိုး (ဂုဏ်တော်တစ်ပါး) ကို ပါဠိကို ရွတ်ဆိုပြီးတာနဲ့ ပုတီးစေ့တစ်လုံးမချရဘူးကွ။ မြန်မာလိုအနက်ကို ထင်မြင်လာအောင် ရွတ်ဆိုခြင်း (နှလုံးသွင်းခြင်း) တို့လုပ်ပြီးမှ ပုတီးတစ်လုံးချစနစ်နဲ့ စိပ်ကြရမယ်။ အသုံးပြုတဲ့ပုတီးကုံးကလည်း (၁၀၈) လုံးပါ ပုတီးကုံးကိုပဲ အသုံးပြုကြ

www.burmeseclassic.com

နတ်မောက်မင်းသန့်နိုင်

# ဝါဆိုဝမ်း၊ မီးယပ်ဝမ်းလျှောသော်

ဦးစွာပထမ ဝါဆိုဝမ်းလျှောခြင်းကို ရှင်းပြပါမည်။

မြန်မာလများတွင် ဝါဆိုလပြည့်ကျော် ၁ ရက်မှစ၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ (၃) လတာကို ဝါတွင်းသုံးလ (ရဟန်းသံဃာများ ခရီးမသွားဘဲ ဝါဆိုသောကာလ) ဟု သတ်မှတ်ပါသည်။

ထိုဝါဆိုလအတွင်း ဝမ်းသက်၊ဝမ်းစေတတ်သော အစားအစာ၊ ရေမသန့်မှု၊ မသန့်သော ယင်နားစာများ စားမိမှားပြီး ဝမ်းရောဂါဖြစ်လျှင် တော်တော်နှင့် မပျောက်တော့ပါ။ ဝါကျွတ်မှ (ဝါတွင်းသုံးလကုန်ဆုံးမှ) ပျောက်ကင်းတော့သည်။

ထို့အတူပင် မီးယပ်ဝမ်းလျှောခြင်းမှာလည်း ကလေးသူငယ်မိခင်တို့ သွေးနုသားနုတွင် အစားအသောက်မှားပြီး ဝမ်းလျှောခဲ့လျှင် တော်တော်နှင့် မပျောက်တော့ပါ။ ခဏခဏဝမ်းပျက်ဝမ်းလျှောဖြစ်နေပြီး ကလေးငယ်တစ်နှစ်သားအတွက်မှသာ စက်စင်စွာ ပျောက်တော့သည်။

ယင်းကဲ့သို့ ဝါဆိုဝမ်း၊ မီးယပ်ဝမ်းလျှောခြင်းများအတွက် အောက်ပါ မြန်မာ့ရိုးရာဆေးနည်းဖြင့် အမြန်ဆုံးသက်သာ ပျောက်ကင်းစေသဖြင့် ရေးသား တင်ပြပါသည်။

သွေးတိုးရောဂါအတွက် ပျားရည်နှင့်တေ၍ စားရသည့် နနွင်းခါးကို လူတိုင်းသိပါသည်။ ထိုနနွင်းခါး (၅) ကျပ်သားကိုလည်း အမှုန့်ပြုထားပါ။

ကွမ်းယာထဲတွင် ထည့်စားသည့် အပြင် လျက်ဆားထဲတွင်လည်း ထည့်သည့်နွယ်ချိုကို လူတိုင်းသိပါသည်။ ၎င်းနွယ်ချို (၅) ကျပ်သားကိုလည်း အမှုန့်ပြုထားပါ။

နနွင်းခါးမှုန့်နှင့် နွယ်ချိုမှုန့်တို့ သမအောင်မွှေပြီး လေလုံဖန်ဘူးတွင် ထားပါ။

ဝါဆိုဝမ်း၊ မီးယပ်ဝမ်း ဝမ်းသက်ဝမ်းလျှောဖြစ်လျှင် ဆေးမှုန့်လက်ဖက်စားတစ်ဇွန်းကို ရေကျက်အေး သို့မဟုတ် ရေနွေးနှင့်တစ်နေ့တစ်ကြိမ်ဖျော်သောက်ပေးပါ။ သုံးရက်မှတစ်ပတ်ခန့်ထိသောက်ပေးလျှင် ဝမ်းလျှောရပ်တန့်ပြီး ပုံမှန်ကျန်းမာသွားပါမည်။

နတ်မောက်မင်းသန့်နိုင်

---

ပါ"

ဟု ပြောပြလိုက်ရပါတော့သည်။

**အရဟံငါးမျိုးပုတီးစိပ်**
**(အရဟံမဟာသိဒ္ဓိပုတီးစိပ်)**

- သောဘဂဝါကွတိပိအရဟံ (လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သောမြတ်စွာဘုရား)
- သောဘဂဝါကွတိပိ အ-ရဟံ (ဆိတ်ကွယ်ရာအရပ်တို့တွင်ပင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား)
- သောဘဂဝါကွတိပိအရ-ဟံ (တစ်ထောင့်ငါးရာ ကိလေသာကို ဝါသနာအငွေ့ခါတ်ပါမကျန် ပယ်သတ်တော်မူသော မြတ်စွာဘုရား)
- သောဘဂဝါကွတိပိအရိဟံ။ (ရန်အပေါင်းကို အောင်မြင်တော်မူသော မြတ်စွာဘုရား)
- သောဘဂဝါကွတိပိအရဟံသိဒ္ဓိ။ (စိတ်မှ လိုလား တောင့်တတိုင်း အလုံးစုံပြည့်စုံတော်မူသော မြတ်စွာဘုရား)

အထက်တွင် ရှင်းပြထားခဲ့သည့်အတိုင်း ဂုဏ်တော်တစ်ပါးကို ပုတီးတစ်ပတ်စနစ်ဖြင့် တစ်နေ့ကို ပုတီး (၅) ပတ်စိပ်ပြီး ပူဇော်ရမည် ဖြစ်ပါသည်။

**မှတ်ချက် -**

မြတ်စွာဘုရားရှင်သည် (၃၁) ဘုံသားတို့အပေါ် မဟာမေတ္တာစိတ်ဖြင့် (၄၅) ဝါ ကာလပတ်လုံး ဟောပြဆုံးမခဲ့သည်ကိုယူ၍ အဓိဋ္ဌာန်ကို (၄၅) ရက် ဝင်ရပါမည်။

အဓိဋ္ဌာန်ဝင်ကြမည်ဆိုလျှင် (၄၅) ရက်လုံး တစ်ခါတည်း ဝင်ရောက်သည်ထက် စာရေးသူ နှစ်သက်သည့်နည်းကို အကြံပြုလိုပါသည်။ တစ်ကြိမ်ကို (၉) ရက်ဖြတ်ပြီး တစ်ကြိမ်ပြီးတိုင်း ရပ်နားနေခြင်းမရှိဘဲ ဆက်တိုက် (၅) ကြိမ်ဝင်မည်ဆိုလျှင် (၄၅) ရက်မြောက်အဓိဋ္ဌာန် အောင်မြင်ခရီးရောက်မည်ဖြစ်ပါသည်။

နိစ္စဓူဝကျင့်ဝတ်နှင့် ဆောင်ရွက်နေကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး မိတ်ဆွေများအတွက်လည်းကောင်း၊ ကျွန်ုပ် အကြံပြုရေးသားသည့်နည်းအတိုင်း အဓိဋ္ဌာန်ဝင်ရောက်လိုသူများအတွက် လည်းကောင်း ရေးသား ဖော်ပြပေးလိုက်ပါသည်။

**အဓိဋ္ဌာန်ကျင့်စဉ် ဆောင်ရွက်ပုံ**

၁။ ရက်ကောင်းတစ်ရက်တွင် စတင်ဆောင်ရွက်ပါ။

၂။ ရှေးဦးစွာ -
စတုလောကပါလနတ်မင်းကြီးလေးပါးကို ပင့်ဖိတ်ပါ။
မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်ဆရာတော်ကြီးများပင့်ထားပါ။

၃။ ဒါနခဏ်း -
မိမိ၏သဒ္ဓါဆန္ဒအတိုင်း ဆက်ကပ်လှူဒါန်းပါ။

၄။ နေ့စဉ် -
က။ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်းပြုပါ။
ခ။ အရဟံ (၅) မျိုး အဓိဋ္ဌာန်ပုတီးစိပ်ပါ။
ဂ။ သစ္စာပြုဆုတောင်းပြီး (၃၁) ဘုံသား ဝေနေယျအများကို ကုသိုလ်အမျှပေးဝေပါ။
ဃ။ ပင့်ဖိတ်ထားသူများ နေရပ်ဌာနသို့ ပြန်ပို့ပါ။

ကျွန်ုပ်သည် သူငယ်ချင်းကို ပေးလိုက်သည့်အတိုင်း အဓိဋ္ဌာန်ကျင့်စဉ်ကို ဆန္ဒရှိသူများ ဆောင်ရွက်နိုင်ကြစေရန် ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

ဘုန်းခေါင်

ကျမ်းကိုး -
နိဗ္ဗာန်လမ်းစဉ်ပြကျမ်း





www.burmeseclassic.com

www.burmeseclassic.com



# မဂ်ဖိုလ် ရနိုင်၊ မရနိုင်

ဖျာပုံတင်နိုင်ဝင်း

လောကတွင် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့သည် မသိမှုအဝိဇ္ဇာ၊ စွဲလမ်းမှု တဏှာ စသည်တို့ဖြင့် ပေါက်ပွားလာခဲ့ရာ စိတ်၏သန္တာန်၌ ဆယ်ပါးသော ကိလေသာတို့နှင့် မကင်းနိုင်ဖြစ်ကြရ၏။ လိုချင်မှုလောဘ၊ အမျက်ထွက်မှုဒေါသ၊ မသိမှုမောဟ၊ ထောင်လွှားမှုမာန၊ အမြင်မှားမှုဒိဋ္ဌိ၊ ယုံမှားမှု ဝိစိကိစ္ဆာ၊ ထိုင်းမှိုင်းမှု ထိန ပျံ့လွင့်မှုဥဒ္ဓစ္စ၊ အရှက်မဲ့မှုအဟိရိက၊ အကြောက်မဲ့မှုအနောတ္တပ္ပတည်းဟူသော ကိလေသာတို့က သတ္တဝါတို့ကို မီးကဲ့သို့ လောင်ကျွမ်းစေ၏။ ဖြူစင်သောစိတ်ကို လည်း အညစ်အကြေးကဲ့သို့ စွန်းထင်းစေ၏။ ထိုသို့သော ကိလေသာတို့၏ လောင်ကျွမ်းမှုကြောင့် ခန္ဓာရလာသော သတ္တဝါမှန်သမျှတို့သည် ပူလောင်မှုနှင့်တူသော ဒုက္ခတရားတို့အပေါ်၌ ကြည်လင်စွာ မမြင်မတွေ့နိုင်ကြ။ ထို့ကြောင့် သတ္တဝါတို့သည် ဒုက္ခကို သုခထင်ကာ လက်ရှိခန္ဓာကို ခင်တွယ်၏။ နောင်ခန္ဓာကို တောင့်တ၏။ ဤသို့ဖြင့် ခန္ဓာအသစ် တစ်ဖန်ရလာပြန်ရာ အိုခြင်း၊ နာခြင်း၊ သေခြင်း တည်းဟူသော ဒုက္ခတရားတို့နှင့်သာထပ်မံတွေ့ဆုံကြရ၍ ကိလေသာ၏ လောင်မြိုက်ခြင်းဖြင့်သာ ဘဝပေါင်း အသင်္ချေ ပူလောင်စွာ ခံစားကြရလေသည်။

ကိလေသာ၏အရှိန်အစော်ကြောင့် ဘဝတစ်ခုတွင် မွေးဖွားရခြင်းကြောင့်ဖြစ်သော ဇာတိဆင်းရဲ၊ အိုမင်းရင့်ရော်ခြင်းကြောင့်ဖြစ်သော ဇရာဆင်းရဲ၊ နာဖျားခြင်းကြောင့်ဖြစ်သော ဗျာဓိဆင်းရဲ၊ သေခြင်းကြောင့်ဖြစ်သော မရဏဆင်းရဲ တည်းဟူသော ကိုယ်ကာယ၌ ဖြစ်သော ကာယိကဒုက္ခနှင့်လည်းကောင်း၊ မချစ်မနှစ်သက်သောသူတို့နှင့်အတူနေရသည့် အပ္ပိယေဟိသမ္ပယောဂေါဒုက္ခ၊ ချစ်သူနှင့် ကွေကွင်းရသည့် ပိယေဟိဝိပ္ပယောဂေါဒုက္ခ၊ စိတ်အလိုရှိတိုင်းမရမှု ယမ္ပိစ္ဆံ နလဘတိဒုက္ခတည်းဟူသော စိတ်၌ ဖြစ်သောစေတသိကဒုက္ခနှင့်လည်းကောင်း အခါမလပ် တွေ့ကြုံခံစားကြရ၏။

www.burmeseclassic.com

ရုပ်တရား၊ နာမ်တရားတို့ကို ပိုင်ဆိုင်ထားကြသောကြောင့် ကာယိကဒုက္ခသည် ရုပ်တရားမှဖြစ်ပေါ်၍ ကိုယ်စိတ်နှစ်ပါးကို ဆင်းရဲစေ၏။ စေတသိကဒုက္ခသည် နာမ်တရားမှဖြစ်ပေါ်၍ကိုယ်စိတ်နှစ်ပါးကို ဆင်းရဲစေ၏။ သို့သော် ဉာဏ်ပညာနည်းပါးသော သတ္တဝါတို့သည် ဆင်းရဲကို ဆင်းရဲမှန်းမသိကြ၊ ဒုက္ခကို ဒုက္ခမှန်းမသိကြချေ။

အမှန်တကယ်တွင်ကား ရုပ်နာမ်ခန္ဓာရလာသူမှန်သမျှ ဆင်းရဲဒုက္ခကြစမြဲသာ ဖြစ်သည်။ သို့စေကာမူ အဝိဇ္ဇာဟူသော မသိမှုတရားက အမှောင်ချထား၍ ဒုက္ခကို ဒုက္ခဟု မမြင်။ တဏှာဟူသော အစွဲအလမ်းက ခန္ဓာကို ခင်တွယ်နေသဖြင့် ဒုက္ခကို သုခဟု ထင်နေ၏။ ကိလေသာတရားတို့က ကွယ်ဝှက်ထားသဖြင့် ခန္ဓာဖြစ်စဉ်ဒုက္ခအသွင်တို့ကို မမြင်ကြရသဖြင့် ဆင်းရဲသည့်အကြောင်းကောင်းစွာမသိကြရဘဲ ဒုက္ခဖြစ်ပွားရာကိလေသာတို့အပေါ်၌သာ ခုံတမင်မင်ခင်တငမ်းငမ်းဖြင့် အစွဲလမ်းကြီးစွဲလမ်းနေကြတော့၏။ ဤကဲ့သို့ ဆင်းရဲသည့်အကြောင်း ကောင်းစွာမသိသည့်အပြင် ကိလေသာအပူမီးကိုသာ ဘဝအဆက်ဆက် ခင်တွယ်လာခဲ့ကြသဖြင့် ခန္ဓာများစွာအလွန်၌ သင်တို့၊ ကျွန်ုပ်တို့သည် ဆင်းရဲအပူမီးနှင့်တကွ ဤဘဝသို့ ကျရောက်လာရလေသည်။

ဤဘဝသို့ ရောက်ရှိလာကြပြန်သော် ရှိရင်းစွဲ အဝိဇ္ဇာ၊ တဏှာတို့က ဆက်လက် ရစ်ပတ် ပူးကပ်ထားသဖြင့် ကိလေသာအပူအညစ်ကို မြူတစ်မှုန်စာမျှပါးရှားအောင် မလုပ်ဆောင်နိုင်ကြသောကြောင့် အဝိဇ္ဇာ၊ တဏှာ ကိလေသာကြောင့်ဖြစ်သော ဆင်းရဲဒုက္ခတို့က လက်ရှိဘဝကို ပူလောင်စေပြန်၏။ သို့ဖြစ်မူလည်း ဉာဏ်ပညာနည်းပါးပုထုဇဉ်များအဖို့ ဘဝအဆက်ဆက်ကဒုက္ခကိုမြင်ဖို့ဝေးစွ လက်တွေ့ခံစားနေရသည့်လက်ရှိဘဝ၏ဒုက္ခကိုပင် နည်းနည်းကလေးမျှ တွေးခေါ်မြော်မြင်နိုင်စွမ်းမရှိကြဘဲ ဒုက္ခဖြင့်သာ ဆင်းရဲပင်ပန်းနေကြရရှာသည်။ မည်သို့ဆင်းရဲစေကာမူ ဒုက္ခကိုသုခထင်နေသောပုထုဇဉ်သတ္တဝါတို့အဖို့ ဆင်းရဲခြင်းကိုသာ နေပျော်စရာအမှတ်ထားလျက် မေ့လျော့ကာနေကြသောကြောင့် ဤဘဝသေလွန်၊ တမလွန်နောင်ဘဝများ၌လည်း ဆင်းရဲရှိရာဘုံဌာနများသို့သာရောက်ကြမှာ မလွဲလှချေ။ ဤသို့ဖြင့် ဆင်းရဲခြင်းကွင်းဆက်မဖြတ်နိုင်ကြဘဲ ဒုက္ခသံသရာရှည်ကြာကြတော့၏။

❑

သို့သော် ဆင်းရဲလွန်မြောက်ချမ်းသာရောက်လိုသောသတ္တဝါတို့သည် ကုသိုလ်ကောင်းမှုကိုအခြေခံလျက် ဒုက္ခမှ လွတ်ရာလွတ်ကြောင်း နည်းလမ်းကောင်းကို ရှာကြံကြည့်ကြ၏။ ပေးကမ်းလှူဒါန်းမှုဒါဖြင့် ဆင်းရဲဒုက္ခလွတ်ရန်ကြိုးစားကြ၏။ သို့သော် ဒါန၏စွမ်းရည်သည် ဆင်းရဲဒုက္ခကိုအမြစ်ကျွတ်အောင်မဆောင်ရွက်နိုင်။ ဆင်းရဲလွတ်ကြောင်း၏အထောက်အပံ့မျှသာဖြစ်၍ အနည်းငယ်သော ဆင်းရဲသက်သာမှုကိုသာရနိုင်၏။ ထို့နောက်တစ်ဖန် ကိုယ်၊ နှုတ်စောင့်စည်းမှု ဟူသောသီလဖြင့် ဒုက္ခလွတ်ကြောင်း ရှာကြံကြပြန်၏။ သီလသည်လည်း ဒုက္ခလွတ်ကြောင်းအတွက် အကူအညီမျှသာဖြစ်၍ ဆင်းရဲခြင်းဒုက္ခကို အပြီးအပိုင် မပယ်နိုင်ဘဲရှိချေသည်။

သို့သော်လည်း ကံကောင်းထောက်မ၍ ငါးပါးသော ဒုလ္လဘတရားနှင့် ကြုံကြိုက်အခါဖြစ်သော ဘုရားပွင့်ချိန်၊ ဘုရားသာသနာနှင့် တွေ့ကြုံချိန်တို့၌ ဒုက္ခကို အမြစ်မကျန်အောင် ပယ်သတ်နိုင်သော ဆင်းရဲလွတ်ကြောင်းနည်းလမ်းကောင်းအမှန်တရားတို့သည် ဧကန်ပေါ်ပေါက်လာရတော့၏။ ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာသည်နှင့် ဒုက္ခနှင့် ဒုက္ခဖြစ်ကြောင်း၊ ဒုက္ခပြတ်ကြောင်းနှင့် ဒုက္ခပြတ်ရာကျင့်စဉ်တို့ကို တရားဦးအဖြစ် ဟောကြားတော်မူ၏။ ဤသို့ ဟောကြားတော်မူသောကြောင့် ယခင်က ဉာဏ်ပညာနည်းပါးသတ္တဝါများသည် (၁) ဒုက္ခကို ဒုက္ခဟု အမှန်အတိုင်း သိမြင်လာသည့်အပြင် (၂) ၎င်းဒုက္ခ၏ဖြစ်ရာ အရင်းအမြစ်ကိုလည်း သိလာရ၏။ ထို့ပြင် (၃) ဒုက္ခပြတ်ရာ၊ ဆင်းရဲချုပ်ငြိမ်းရာဖြစ်သော အကြောင်းအရာနေရာဌာနကိုလည်း သိမြင်ကြရ၍ (၄) ဒုက္ခပြတ်ငြိမ်းရာ နေရာဌာနသို့ ရောက်ကြောင်းကျင့်စဉ်ကိုလည်း ဘုရားရှင်တို့၏ကျေးဇူးတော်ကြောင့် သိခွင့်ရကြ၏။ အဓိကအားဖြင့် ဒုက္ခငြိမ်းရာကျင့်စဉ်ဖြစ်၏။ ၎င်းကျင့်စဉ်ကို အမှန်တကယ် ကြိုးစားအားထုတ်ကျင့်ကြံနိုင်မှသာ ဒုက္ခခပ်သိမ်းမှ ဧကန်မုချလွတ်ငြိမ်းကြမည် ဖြစ်သည်။

၎င်းဒုက္ခငြိမ်းရာကျင့်စဉ်ကို မဂ္ဂဟု ဟော၍ ၎င်းကျင့်စဉ်၏အချက်အလက်အရေအတွက်အစိတ်အပိုင်းများကို မဂ္ဂင်ဟု ဟော၏။ မြန်မာကျမ်းအလီ လီတို့၌ မဂ်၊မဂ္ဂင်ဟုဝေါဟာရပြုကြ၏။ အများစုက မဂ္ဂင်လမ်းစဉ် သို့မဟုတ် မဂ္ဂင်အကျင့်တရားဟု သိထားကြ၏။

၎င်းမဂ္ဂင်တရားသည် အင်္ဂါအားဖြင့် (၈) ပါးရှိ၍ မဂ္ဂင်ရှစ်ပါးဟု ခေါ်၏။ ၎င်းမဂ္ဂင်ရှစ်ပါးမှာ -

၁။ သမ္မာဒိဋ္ဌိ - အမှန်တရားကိုသိမြင်မှု၊

၂။ သမ္မာသင်္ကပ္ပ - အမှန်တရားကို ကြံစည်မှု၊

၃။ သမ္မာဝါစာ - မှန်ကန်စွာပြောဆိုမှု၊

၄။ သမ္မာကမ္မန္တ - ကောင်းမွန်မှန်ကန်စွာပြုလုပ်မှု။

၅။ သမ္မာအာဇီဝ-ကောင်းစွာအသက်မွေးဝမ်းကျောင်းမှု။

၆။ သမ္မာဝါယမ-အမှန်တရားကိုအားထုတ်မှု။

၇။ သမ္မာသတိ - အမှန်တရားကို မြဲမြံစွာရှုမှတ်မှု၊

၈။ သမ္မာသမာဓိ - ကောင်းစွာစိတ်တည်ကြည်မှုတို့ ဖြစ်သည်။

အထက်ပါ မဂ္ဂင်ရှစ်ပါးလမ်းစဉ်တရားကို မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ဟုလည်း ခေါ်ဆိုသေး၏။ အဘယ်ကြောင့်ဟူမူ ၎င်းမဂ္ဂင်ကျင့်စဉ်သည် ဘေးဝဲ၊ယာအစွန်းနှစ်ပါးဖြစ်သောကိုယ်ပင်ပန်းသောအကျင့် - အတ္တကိလမထာနုယောဂနှင့် ဇိမ်ခံလိုသောအကျင့်-ကာမသုခလ္လိကာနုယောဂဟူသောအစွန်းတရားအကျင့်များနှစ်ခုကို ရှောင်ကြဉ်လျက် သဘောကြောင့် ၎င်းမဂ္ဂင်(၈)ပါးအကျင့်တရားကို အလယ်အလတ်လမ်းစဉ်ဟုခေါ်၏။

အထက်ပါ အင်္ဂါ (၈) ပါးရှိသော မဂ္ဂင်ကျင့်စဉ်ခေါ် မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ကို ကျင့်ကြံအားထုတ်မည်ဆိုပါက ပုဂ္ဂိုလ်ပေါ်မူတည်၍ သော်လည်းကောင်း၊ ပုဂ္ဂိုလ်၏ကံ၊ ဉာဏ်၊ ဝီရိယပေါ်တွင် မူတည်၍သော် လည်းကောင်း၊ လောကုတ္တရာဉာဏ်စဉ်များအဆင့်ဆင့်တက်၍ မဂ်တရား၊ ဖိုလ်တရားများ ရရှိခံစားရမည် ဖြစ်သည်။

မဂ်ဖိုလ်ရခြင်း၊ မရခြင်းနှင့်ပတ်သက်၍ ပုဂ္ဂိုလ် (၄) မျိုးရှိ၏။ ၎င်းတို့မှာ-

၁။ ဘုရား၊ ရဟန္တာ၊ သူတော်ကောင်းတို့က ဒုက္ခငြိမ်းကြောင်းတရားဟောရာ အကျဉ်းမျှဖြင့် မဂ်ဖိုလ်ကိုရနိုင်သူ ဉဂ္ဃဋိတညူပုဂ္ဂိုလ်။



www.burmeseclassic.com

www.burmeseclassic.com

၂။ အကျဉ်းဟောပြရုံမျှဖြင့် မဂ်ဖိုလ်မရနိုင်ဘဲ အကျယ်ဟောမှ မဂ်ဖိုလ်ရနိုင်သူ ဝိပဉ္စိတညူပုဂ္ဂိုလ်။

၃။ အကျဉ်းအကျယ်မျှဖြင့်ဟောသော်လည်း မဂ်ဖိုလ်မရဘဲ ဟောတော်မူသည့်အတိုင်း ကျင့်ကြံအားထုတ်မှသာ မဂ်ဖိုလ်ရနိုင်သူ နေယျပုဂ္ဂိုလ်။

၄။ မည်သို့ဟောညွှန်သင်ပြသည်ဖြစ်စေ၊ မည်မျှကျင့်ကြံအားထုတ်သည်ဖြစ်စေ၊ ယခုဘဝ၌ မဂ်ဖိုလ်မရနိုင်ဘဲ နောင်သံသရာအတွက် ဝါသနာ၊ ဘာဂီမျှသာ ရထိုက်သူ ပဒပရမ ပုဂ္ဂိုလ်ဟူ၍ ၄ မျိုးရှိ၏။

အထက်ပါ ပုဂ္ဂိုလ်ပေါ်မူတည်၍ မဂ္ဂင်ကျင့်စဉ်ဖြင့် မဂ်ဖိုလ်ကို ရနိုင်၏။ အချို့ကား မဂ္ဂင်ကျင့်စဉ်ဖြင့် မှန်ကန်စွာ အားထုတ်သော်လည်း အတိတ်အကြောင်းကံများကြောင့် ပုဂ္ဂိုလ်အရည်အသွေးချို့ယွင်းကာ ယခုဘဝ၌ မဂ်ဖိုလ်ကို မရနိုင်ပါ။ သို့သော်လည်း မဂ္ဂင်တရား ပွားများအားထုတ်ထားသော အရှိန်အဝါကြောင့် နောင်ဘဝများ၌ ထိုမဂ္ဂင်တရားကို မကျင့်ရမနေနိုင်လောက်အောင် ဝါသနာ၊ ဘာဂီများဖြစ်ပေါ်၍ နောင်ဘဝ၌ မဂ်ဖိုလ်ကို ရနိုင်၏။

ကံ၊ ဉာဏ်၊ ဝီရိယပေါ်မူတည်၍လည်း မဂ်ဖိုလ်ရနိုင်ခြင်း၊ မရနိုင်ခြင်းသည် ဖြစ်ရ၏။ ပဉ္စာနန္တရိယကံကြီးများဖြစ်သော အမိသတ်၊ အဖသတ်၊ ဘုရားကို သွေးစိမ်းတည်အောင်လုပ်ခြင်း၊ သံဃာကို အားသင်းခွဲခြင်း၊ ရဟန္တာသတ်ခြင်းတို့သည် ယခုဘဝ၌ပင် မဂ်ဖိုလ်မရနိုင်လောက်အောင် တားမြစ်တတ်သော ကံကြီးများဖြစ်သည်။ ၎င်းကံကြီးများကို လွန်ခဲ့သော ဘဝရာထောင်က ပြုလုပ်ခဲ့သည်ဆိုသော်လည်း ယခုဘဝ၌ ၎င်းကံ၏အရှိန်ကြောင့် မဂ်ဖိုလ်မရနိုင်ချေ။ ထို့ပြင်တဝ အရိယူပဝါဒကံဟူသည်လည်းရှိသေး၏။ ရဟန္တာဖြစ်သော သူတော်ကောင်းတို့ကို စော်ကားသည့်သောကံကြီး ဖြစ်သည်။ ထိုကံကြီးကြောင့်လည်း မဂ်တားဖိုလ်မြစ်ဖြစ်နေတတ်၏။ တစ်ဖန် နိယတမိစ္ဆာဒိဋ္ဌိခေါ် ခိုင်မာသောအယူအဆ၊ အကျင့်အကြံတို့အပေါ်၌ မြဲမြံစွာ စွဲလမ်းသက်ဝင်နေပါကလည်း ထိုကံကြောင့် ယခုဘဝ၌ မဂ်ဖိုလ်ကို မရနိုင်။

တစ်ခါတစ်ရံ ပုဂ္ဂိုလ်၏ဉာဏ်ပညာ ချို့ယွင်းမှုကြောင့်လည်း မဂ်ဖိုလ်ကို မရနိုင်ဖြစ်နေတတ်ပါသည်။ အတိတ်ဘဝက ဥက္ကဋ္ဌတိဟိတ်ကုသိုလ်ခေါ် အမြတ်စားကုသိုလ်မျိုးမရှိခဲ့ခြင်းကြောင့် ဤဘဝ၌ တိဟိတ်ပုဂ္ဂိုလ်မဖြစ်ရခြင်းသည်လည်း မဂ်ဖိုလ်မရနိုင်သောအကြောင်းရင်းတစ်ခု ဖြစ်သည်။ မဂ်ဖိုလ်ဟူသည် တိဟိတ်ဉာဏ်ပညာဖြင့်သာရနိုင်သော တရားထူး၊ တရားမြတ်ဖြစ်သည်။ ယခုဘဝ၌ တိဟိတ်ပုဂ္ဂိုလ်ဖြစ်လာစေရန်အတွက် အတိတ်ဘဝက ဒါန၊ သီလ စသော ကုသိုလ်များပြုလုပ်ရာ (၁) အလောဘဟိတ်အတွက် မလိုချင်၊ စွန့်လွှတ်လိုသော စိတ်စေတနာဖြင့် ပြုလုပ်ရ၏။ (၂) အဒေါသဟိတ်အတွက် မေတ္တာတရားရှေ့ထား၍ကုသိုလ်ပြုရ၏။ (၃) အမောဟဟိတ်အတွက် အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ပစ္စည်းနှင့် အလှူပေးပုဂ္ဂိုလ်တို့သည် မမြဲ၊ ဆင်းရဲ၊ အစိုးမရပါတကားဟု ဉာဏ်ပညာအမြင် ကြည်လင်အောင် ရှုပွား၍ကုသိုလ်ပြုရ၏။ အတိတ်ဘဝက ဤအလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်တည်းဟူသော ဟိတ်သုံးခုစလုံးအတွက် ဖူလုံအောင် ကုသိုလ်များ ပြုလုပ်ခဲ့ပါက ယခုဘဝတွင် ဟိတ်ကောင်းသုံးခုရရှိလျက် တိဟိတ်ပုဂ္ဂိုလ် (ဝါ) ဟိတ်သုံးခုရပုဂ္ဂိုလ်ဖြစ်လျက် ကျင့်ကြံပါက မဂ်ဖိုလ်ကိုရနိုင်၏။

၎င်းဟိတ်သုံးပါးအနက် မဂ်ဖိုလ်ရရေးအတွက် ဉာဏ်ပညာဟိတ်ဖြစ်သော အမောဟဟိတ် (ဝိဇ္ဇာဉာဏ်) သည် အဓိက အရေးပါလှ၏။ ၎င်းအမောဟဟိတ် ပါမလာပါဘဲ အလောဘဟိတ် (လိုချင်မှုကင်းသောစိတ်)၊ အဒေါသဟိတ်၊ (စိတ်မဆိုးမှု၊ မေတ္တာစိတ်) နှစ်ခုသာ ပါလာပါက ၎င်းပုဂ္ဂိုလ်ကို ဒွိဟိတ်ပုဂ္ဂိုလ် (ဟိတ်နှစ်ခုရပုဂ္ဂိုလ်) ဟု ခေါ်၏။ ၎င်းဒွိဟိတ်ပုဂ္ဂိုလ်ကား အမောဟဟိတ်ဟူသော မဂ်ဖိုလ်လက်ခံ ဝိဇ္ဇာဉာဏ်ပါမလာ ကင်းဆိတ်သောကြောင့် မဂ်တရား၊ ဖိုလ်တရားရဖို့ဝေးစွ လောကီဈာန်အဘိညာဉ်ကိုပင် မရနိုင်။ သမာဓိမျှတည်နိုင်ရန်ပင် ခဲယဉ်းတော့၏။ ထို့ကြောင့် မဂ်ဖိုလ်ရရန် မိမိသည် ယခုဘဝ၌ တိဟိတ်ပုဂ္ဂိုလ်ဖြစ်နေရန်လည်း လိုအပ်၏။

တစ်ခါတစ်ရံ၌မူ မဂ်တားဖိုလ်တား ကံငါးပါးနှင့်တကွ အယူအစွဲကြီးခြင်း၊ ဉာဏ်ပညာချို့တဲ့ခြင်းများ အလုံးစုံကင်းရှင်းနေသော်လည်း လက်ရှိဘဝ၌ အပျင်းထူနေ၍ ဝီရိယလျော့ပါးနေပြန်လျှင်လည်း မဂ်ဖိုလ်ကို မရနိုင်ချေ။ မိမိအနေဖြင့် တိဟိတ်ဉာဏ်လည်း ရရှိထား၏။ နိယမိစ္ဆာဒိဋ္ဌိခေါ် အယူမှားအပေါ်၌လည်း မစွဲလမ်း။ သူတော်ကောင်းတို့ကိုလည်း မစော်ကား။ ပဉ္စာနန္တရိယကံလည်း တစ်ခုမျှမငြိစွန်းသော်လည်း ရှိသင့်ရှိထိုက်သော ဝီရိယမျိုးမစိုက်ထုတ်ပါက မဂ်ဖိုလ်မရနိုင်ချေ။ တစ်ခါတစ်ရံတွင်မူ ဝီရိယများလွန်းနေပြန်သဖြင့် တစ်ဖက်အစွန်းရောက်ကာ မဂ်ဖိုလ်နှင့်ဝေး ရပြန်၏။ ထို့ကြောင့် မဂ်ဖိုလ်ရရန် သင့်တင့်မျှတသော ဝီရိယမျိုးရှိရန် အရေး ကြီး၏။

အထက်ပါ အကြောင်းအရာအချက်အလက်တို့ ပြည့်စုံပါက ကျင့်ကြံသူပုဂ္ဂိုလ်တို့အတွက် မဂ်ဖိုလ်ရရန် မခဲယဉ်းလှတော့ချေ။ မဂ်ဖိုလ်ရရှိသွားသူအဖို့ နောင်သံသရာ၌ အပါယ်ဘုံသို့ လုံးဝမကျရောက်တော့ဘဲ ကောင်းရာသုဂတိဘုံတို့၌သာ ခံစားရချေ၏။ မဂ်ဖိုလ်ကို အဆုံးအစွန်ထိ ရရှိမည်ဆိုပါက နောင်သံသရာ၊ နောင်ခန္ဓာပင်မရှိတော့ဘဲ ဤဘဝဆုံးသည်နှင့်ပင် ဒုက္ခဆင်းရဲတို့ဖြစ်ပွားစေသော ကိလေသာတရားတို့ကို ပယ်သတ်တတ်သောကြောင့် မဂ်ဖိုလ်မရခင် ကျင့်ကြံနေစဉ်အတွင်းမှာပင် ကိလေသာအလောင်အမြိုက်တို့မှ တဒင်္ဂကင်းလွတ်၍ စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှုတို့ကို ဒိဋ္ဌဓမ္မလက်တွေ့ ကျကျ ထိတွေ့ခံစားရမည် ဖြစ်သည်။ ဒုက္ခဆင်းရဲငြိမ်းရာ မဂ္ဂင်တရားကို အားထုတ်ခြင်းအားဖြင့် ယခုဘဝ၌ မဂ်ဖိုလ် မရနိုင်သည် ထားဦးလော့ ယခုဘဝ၏ ကျင့်ကြံအားထုတ်မှုအရှိန်စော်ကြောင့် ဝါသနာ၊ ဘာဂီဟူသည်ဖြစ်လျက် နောင်ဘဝ၏မဂ်ဖိုလ်ရရေးကို အထောက်အပံ့ ရရှိစေမည် ဖြစ်သည်။

ထို့ကြောင့် မဂ်ဖိုလ် ရနိုင်၊ မရနိုင် စဉ်းစားတွေဝေမနေကြဘဲ ဗုဒ္ဓသာသနာ၌သာရှိသော ဒုက္ခချုပ်ငြိမ်းကြောင်းတရားကို လောကီအလုပ်ဖြင့် ပင်ပန်း၍ အနားယူချိန်ကလေးများတွင် မဖြစ်မနေ ကြိုးစားအားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။

ဗျာပုံတင်နိုင်ဝင်း

**မှီငြမ်းကိုးကား -**

၁။ ဗုဒ္ဓဘာသာတရားတော် (အထက်တန်းအဆင့်)


၂။ ဦးကံညွန့် (ရေး) မိုးကုတ်ဝိပဿနာ အခြေခံ၊ တရား၊ အနှစ်သာရနှင့် ရှုပွားနည်း။

၃။ မေတ္တာရှင်(ရွှေပြည်သာ)၏ မဂ်တားဖိုလ်တားအန္တရာယ်များ



www.burmeseclassic.com

www.burmeseclassic.com



ညီတော်အာနန္ဒာ၏ ငါးရာ့ငါးဆယ် ဇာတ်လမ်းများ

# ဝဍ္ဍကီသူကရ

## ဝါသုဒေဝညီနောင်တစ်ကျိပ်

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ်၊ ဒသကနိပါတ်၊ ဃဋပဏ္ဍိတဇာတ်တော်၌ သားသေဆုံး၍ စိုးရိမ်ပူဆွေးနေရသော ဝါသုဒေဝမင်းကြီးအား ညီတော် ဃဋပဏ္ဍိတမင်းသားက တရားပြသ၍ ဆုံးမရာတွင် ရောဟိဏေယျအမတ်အဖြစ်ဖြင့် ပါဝင်ကူညီခွင့်ရခဲ့ပါပေသည်။

ထိုဇာတ်တော်သည် ဥတ္တရပထတိုင်းပြည် အသိတဉ္စနမြို့တော်၌ စတင်ပေါ်ပေါက်လာခဲ့၏။အသိတဉ္စနမြို့တော်၌ ထီးနန်းစိုးစံသော မဟာကံသမင်း၌ ကံသနှင့်ဥပကံသအမည်ရသောညီတော်နှစ်ပါးနှင့် ဒေဝဂဗ္ဘာ ဟူသော သမီးတော်တစ်ပါးရှိကြ၏။ ထိုဒေဝဂဗ္ဘာမင်းသမီးလေး ဖွားမြင်သောနေ့တုန်းက ခမည်းတော် မဟာကံသမင်းသည် ပညာရှိပုရောဟိတ်ပုဏ္ဏားတို့ကိုပင့်ခေါ်၍ သမီးတော်လေး၏ ကံကြမ္မာလမ်းကြောင်းကို မေးမြန်းခဲ့၏။

ဤတွင် ပညာရှိပုရောဟိတ်ပုဏ္ဏားတို့က -

"အရှင်မင်းမြတ်၊ ဒီမင်းသမီးလေးက ဖွားမြင်လာမယ့် သားတော်များက ကံသမင်းဆက်ကို ဖျက်ဆီးပါလိမ့်မယ်ဘုရား"

ဟု လျှောက်တင်ကြ၏။

ဤတွင် ခမည်းတော် မဟာကံသမင်းမှာ အခက်ကြုံရတော့၏။ ဤပုရောဟိတ်ပုဏ္ဏားကြီးတို့မှာ ဉာဏ်ပညာအထက်မြက်ဆုံးဖြစ်၍ သူတို့ အဟောထွက်လေသမျှ အားလုံးကုန်မှန်နေခဲ့သည်သာ။ သည်တော့ မိမိတို့ ကံသမင်းဆက်ကို မပျက်သုဉ်းစေချင်လျှင် သမီးတော်လေးကို ငယ်ငယ်ကပင် သုတ်သင်ပစ်ရပါတော့မည်။ ဤသို့ပြုရန်ကား မဖြစ်နိုင်ပါ။ သမီးလေးအပေါ်မှာ ထားရှိလာခဲ့သော မေတ္တာတရားက ထိုအစီအစဉ်ကို ခွင့်မပြုနိုင်ပါ။ သို့ဖြစ်၍ ညီတော်နှစ်ပါးတို့လက်ထက်ကျကာမှ ကံအားလျော်စွာဖြင့်စေတော့၊ မိမိလက်ထက်မှာတော့ ဒီအတိုင်းပင် ကျွေးမွေးစောင့်ရှောက်ထားပါတော့မည်။

ဤသို့သော သဘောထား၍ သမီးတော်လေးကို ကျွေးမွေးစောင့်ရှောက်လာခဲ့ရာ ဒေဝဂဗ္ဘာမင်းသမီးလေး အရွယ်ရောက်လာချိန်တွင် ခမည်းတော် မဟာကံသမင်းကြီး နတ်ရွာစံလေသည်။

မဟာကံသမင်း၏ ထီးနန်းအရိုက်အရာကို သားတော်ကြီး ကံသမင်းသားက ဆက်ခံ၏။ ထိုအခါ သူ၏ ညီတော် ဥပကံသမင်းသားသည် အိမ်ရှေ့စံမင်းသားဖြစ်လာ၏။ ညီတော်၊ နောင်တော်မင်းနှစ်ပါးတို့သည် မိမိတို့အဆက်အနွယ် ပျက်သုဉ်းစေမည့် နှမတော်ကို အပြတ်ရှင်းပစ်ချင်ကြ၏။ သို့ရာတွင် တိုင်းသူပြည်သားတို့ ကဲ့ရဲ့ရှုတ်ချမည့်အရေးကို တွေးပူမိသဖြင့် နှမတော်ကိုလည်း မသတ်ရဘဲ သူ့ကြောင့်လည်း ဘေးမသင့်ရလေအောင် နည်းလမ်းတစ်ခုကို တွေးတောမိကြ၏။

ထိုနည်းလမ်းအရ နန်းရင်ပြင်ထက်၌ တစ်ပင်တိုင်နန်းပြာသာဒ်ဆောင်ကို ဆောက်လုပ်စေပြီးလျှင် နှမတော် ဒေဝဂဗ္ဘာမင်းသမီးကို ထိုအဆောင်၌ တစ်ကိုယ်တည်းနေစေ၏။ ထိုဒေဝဂဗ္ဘာမင်းသမီးကို နန္ဒိဂေါပါမည်သော အမျိုးသမီးက အနီးကပ် ပြုစုလုပ်ကျွေးရ၏။ မင်းသမီးနှင့် တိုက်ရိုက် ပတ်သက်ခြင်းမရှိသောအမှုကိစ္စတို့ကိုမူ နန္ဒိဂေါပါ၏ ခင်ပွန်းဖြစ်သော အန္ဓကဝေဏှုမည်သော အမျိုးသားက ကူညီဆောင်ရွက်ပေးရလေသည်။

ထိုအချိန်မှာပင် ဥတ္တရမဓုမည်သောတိုင်းပြည်က ဥပသာဂရမင်းသားသည် အသိတဉ္စနမြို့တော်သို့ ရောက်လာ၏။ ဥပသာဂရမင်းသားကို နောင်တော်သာဂရမင်းက အိမ်ရှေ့မင်းအရာကို ပေးအပ်ထားခဲ့၏။ သို့ရာတွင် အိမ်ရှေ့စံ ညီတော်မင်းသားသည် နောင်တော်မင်း ခွင့်မလွှတ်နိုင်သော ပြစ်မှုတစ်ခုကို ကျူးလွန်မိ၍ သေဘေးအလွတ်ရုန်းကာ ဤမြို့တော်သို့ပြေးလာခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

တိုင်းပြေးပြည်ပြေး ဥပသာဂရမင်းသားသည် အိမ်ရှေ့စံ ဥပကံသမင်းသားနှင့် မိတ်ဆွေရင်းချာဖြစ်ခဲ့၏။ တက္ကသိုလ်မြို့တော်က ဒိသာပါမောက္ခဆရာကြီးထံတွင် အတူတကွ ပညာသင်ကြားခဲ့ကြရ၍ ခင်မင်ရင်းနှီးခဲ့ကြ၏။ သို့ဖြစ်၍ ဥပကံသမင်းသားက ဥပသာဂရမင်းသားကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပြီးလျှင် နောင်တော်ကံသမင်း၏ရှေ့မှောက်သို့ ပို့ဆောင်ပေး၏။ နောင်တော်မင်းကလည်း ညီတော်၏ မိတ်ဆွေရင်းချာဖြစ်၍ မင်းသားတို့အဆောင်အယောင်များဖြင့် ချီးမြှောက်ထားလေသည်။

ဥပသာဂရမင်းသားသည် ကံသမင်းထံ အခစားသွားရလေတိုင်း ဒေဝဂဗ္ဘာမင်းသမီး၏ တစ်ပင်တိုင်နန်းဆောင်အနီးမှဖြတ်၍ဖြတ်၍ သွားရ၏။ နန်းဆောင်ထက်က ဒေဝဂဗ္ဘာမင်းသမီးသည် တိုင်းတစ်ပါးက မင်းသားတစ်ပါးကို လှမ်းမြင်၏၊ ထို့အတူပင် ဥပသာဂရမင်းသားကလည်း အလားတူမြင်နေရ၏။ အမြင်ချင်းအကြည့်ချင်းပေါင်းဆုံသည့် အကြိမ်တွေများလာသည်တွင်ကား ဥပသာဂရမင်းသားသည် နန္ဒိဂေါပါတို့လင်မယားထံ ချဉ်းကပ်လာပါတော့သည်။

နန္ဒိဂေါပါတို့၏ အကူအညီဖြင့် ဥပသာဂရမင်းသားသည် တစ်ပင်တိုင်နန်းပြာသာဒ်ဆောင်ပေါ် သို့တက်ခွင့်ရသာ၏။ တက်ခွင့်ရသည့်အကြိမ်ပေါင်းများလာသောအခါ ဒေဝဂဗ္ဘာမင်းသမီးမှာ ကိုယ်ဝန်ပေါ်လာပါတော့သည်။

ထိုအခါ မောင်တော်မင်းနှစ်ပါးတို့မှာ အပြင်းအထန်တုန်လှုပ်သွားကြရ၏။ သို့ရာတွင် နှမတော်ကိုကား မသတ်ရက်သဖြင့် ဥပသာဂရမင်းသားနှင့် လက်ထပ်ပေးကြ၏။ နောင်ရေးအတွက် ခြွင်းချက်တစ်ခုကိုတော့ထားရှိကြ၏။ အကယ်၍ နှမတော်မှ သားယောကျ်ားလေးဖွားမြင်လာလျှင် ဖွားဖွားချင်းသတ်ပစ်ကြမည်။ အကယ်၍ သမီးလေးဖွားလာလျှင်တော့ အသက်ချမ်းသာခွင့်ပေးမည်။

ဤသို့ဆုံးဖြတ်ထားသည့်အတိုင်းပင် ဒေဝဂဗ္ဘာမင်းသမီးကလည်း သမီးတော်လေး ဖွားမြင်လာပါ၏။ ဤတွင်မှ မောင်တော်မင်းနှစ်ပါးတို့ စိတ်လက်ချမ်းသာ၍ပါးကာ တူမတော်မင်းသမီးလေးကို အဉ္စနဒေဝီဟု အမည်ပေးကာ သူတို့မင်းသားစုအတွက် ဝဍ္ဎမာနမည်သော ရွာကြီးတစ်ရွာကို အပိုင်စားပေးလိုက်ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် အဥ္စနဒေဝီတို့မိသားစုသည် အသိတဥ္စနမြို့တော်မှထွက်ခွာ၍ ဝမ္မာနရွာသို့ ပြောင်းရွှေ့နေထိုင်လာကြ၏။ ထိုရွာ၌နေထိုင်၍ အခြေတကျရှိလာချိန်တွင် ဒေဝဂဗ္ဘာမင်းသမီးတွင် နောက်ထပ်ကိုယ်ဝန်တစ်ခုပေါ်လာပြန်လေ၏။ ထိုအချိန်မှာပင် သူတို့၏အလုပ်အကျွေးဖြစ်သော နန္ဒိဂေါပါမှာလည်း ကိုယ်ဝန်တည်ရှိလာ၏။ အချိန်တန်သောအခါ ဒေဝဂဗ္ဘာမင်းသမီးမှ သားတော်လေးဖွားမြင်လာ၏။ နန္ဒိဂေါပါကမူ သမီးလေးဖွားမြင်လာ၏။ ဒေဝဂဗ္ဘာမင်းသမီးမှသားတော်လေးဖွားမြင်လာသည့်သတင်းကို မောင်တော်မင်းနှစ်ပါးတို့ ကြားသိရပါက ချက်ချင်းပင် သတ်ပစ်ကြပါလိမ့်မည်။ ထို့ကြောင့် ဒေဝဂဗ္ဘာမင်းသမီးသည် မိမိ၏သားကို နန္ဒိဂေါပါ၏သမီးနှင့် လဲလှယ်ထားပြီးလျှင် အသိတဥ္စနမြို့တော်သို့ သမီးတော်လေးဖွားမြင်ပါကြောင်း သတင်းပို့လိုက်ကြ၏။ မောင်တော်မင်းနှစ်ပါးတို့ကလည်း သတင်းကြားရသည့်အတိုင်း ယုံကြည် လက်ခံလိုက်ကြလေသည်။

ဤသို့သောပုံစံဖြင့်ပင် ဒေဝဂဗ္ဘာမင်းသမီးသည် နောက်ထပ်သားတော်ကိုးပါးကို ဆက်လက်၍ဖွားမြင်၏။ နန္ဒိဂေါပါကလည်း သမီးလေးကိုးယောက်ကို ဆက်လက်၍ဖွားမြင်လာ၏။ ဖွားမြင်လာခဲ့သည့်သမီးလေးတို့သည် ဥပသာဂရမင်းသားနှင့် ဒေဝဂဗ္ဘာမင်းသမီးတို့၏ သမီးတော်များအဖြစ်ဖြင့် ကြီးပြင်းလာခဲ့ကြ၏။ ထို့အတူပင် ဖွားမြင်လာခဲ့သည့် သားတော်တို့သည်လည်း အမှုထမ်းဖြစ်သော အန္ဓကဝေဏှုနှင့် နန္ဒိဂေါပါတို့၏ သားအဖြစ်ဖြင့် လူလားမြောက်လာကြပေသည်။

ထိုသားတော်ဆယ်ပါးတို့မှာ -

၁။ ဝါသုဒေဝ
၂။ ဗလဒေဝ
၃။ စန္ဒဒေဝ
၄။ သူရိယဒေဝ
၅။ အဂ္ဂိဒေဝ
၆။ ဝရုဏဒေဝ
၇။ အဇ္ဇုန
၈။ ပဇ္ဇုန
၉။ ဃဋပဏ္ဍိတ
၁၀။ အင်္ကုရ

ဟူ၍ အသီးအသီးအမည်တွင်လာကြပေသည်။

ဝါသုဒေဝ ညီနောင်တစ်ကျိပ်တို့သည် မင်းမှုထမ်းလင်မယားတို့၏ သားအဖြစ် ကြီးပြင်းလာခဲ့ရသော်ငြားလည်း ခမည်းတော်၊ မယ်တော်အစစ်တို့ထံမှ ရိက္ခာအထောက်အပံ့ကိုအလုံအလောက် ရရှိခဲ့ကြ၏။ ထို့ကြောင့် မင်းညီမင်းသားများအတိုင်းပင် စားသောက်နေထိုင်ခွင့်ရခဲ့ကြ၏။ ထို့ပြင် မင်းမျိုးမင်းနွယ်တို့၏ ဇာတိသွေးပါလာခဲ့သဖြင့် မင်းစိတ်စိုးစိတ် ရှိနေကြ၏။ ထို့ကြောင့် ကိုယ်ခန္ဓာကြီးထွားသန်မာလာကြသည့်နည်းတူ သူတို့၏ စိတ်ဓာတ်စရိုက်တို့က ခက်ထန်ကြမ်းတမ်းလာကြ၏။ ထိုအနေမှာပင် ဤနယ်ကစ်ဝိုက်၌ ထင်ရှားကျော်ကြားသော လက်ဝှေ့ဆရာကြီးများနှင့် နပန်းသတ်ဆရာကြီးများထံမှ တိုက်ခိုက်သတ်ပုတ်ခြင်းဆိုင်ရာ အတတ်ပညာများကိုလည်း သင်ယူတတ်မြောက်ထားကြသဖြင့် ဤနယ်တစ်ဝိုက်တွင် ပြိုက်ဘက်ကင်းသော သူပုန်တပ်ဖွဲ့တစ်ဖွဲ့ဖြစ်လာပါတော့သည်။

ဝါသုဒေဝတို့၏တပ်ဖွဲ့သည် လက်လှမ်းမီသမျှကျေးရွာများကို တိုက်ခိုက်လုယက်ရာမှ ပို၍ပို၍နယ်ချဲ့လာခဲ့ကြ၏။ တိုက်ခိုက်သတ်ဖြတ်ရသည့် အတွေ့အကြုံတွေများလာသည်နှင့်အမျှ ပို၍ပို၍ အတင့်ရဲလာကြ၏။ သို့ဖြစ်၍ သူတို့တပ်ဖွဲ့သည် တိုင်းသူပြည်သားတို့၏ ဥစ္စာဘဏ္ဍာတို့ကိုသာမကတော့ဘဲ သူတို့ဦးရီးတော်ကံသမင်းထံဆက်သရန် သယ်ဆောင်လာသည့် ဘဏ္ဍာတော်တို့ကိုပါ ကြားဖြတ်၍ လုယူတိုက်ခိုက်ကြပါတော့သည်။

ဤသို့ဖြင့် ဝါသုဒေဝညီနောင်တစ်ကျိပ်တို့၏ ဆိုးသွမ်းရမ်းကားသည့် သတင်းတို့က အသိတဥ္စနနန်းတော်အထိ ကျော်ကြားလာသည်တွင် ကံသမင်းသည် အန္ဓကဝေဏှုထံ တမန်တော်စေလွှတ်၍ မိမိသားများကို ဆုံးမရန်၊ ထိန်းချုပ်ရန် အပြင်းအထန် သတိပေး၏။ ပြည့်ရှင်မင်း၏အမိန့်သံကို ကြောက်ရွံ့ရှိသေပါသော်ငြားလည်း အန္ဓကဝေဏှုမှာ မည်သို့မျှ မတတ်နိုင်ပါ။ အစကတည်းက မိမိသားများမဟုတ်ခဲ့ပါ။ ဟုတ်သည်တိုင်အောင် ဤအခြေအနေမျိုးရောက်လာမှတော့ ဖခင်တစ်ယောက်အနေနှင့် တား၍ဆီး၍မရနိုင်တော့ပါ။

အန္ဓကဝေဏှု၏ လုပ်ဆောင်ချက်တစ်ခုကိုမျှမတွေ့လာရသောအခါ ကံသမင်းသည် အန္ဓကဝေဏှုထံသို့ ဒုတိယအကြိမ် တမန်စေလွှတ်ရပြန်၏။ ဤအကြိမ်မှာမူ မိမိအတွက် သေပြစ်သေဒဏ်ကြီးနှင့်နီးကပ်နေပြီဖြစ်၍ အန္ဓကဝေဏှုကဖြစ်ကြောင်းကုန်စင်ကိုလျှောက်တင်လိုက်ရပါတော့သည်။

ဤတွင်မှ ညီနောင်မင်းနှစ်ပါးတို့ ထိတ်လန့်တုန်လှုပ်ကာ သူပုန်ညီနောင်တစ်ကျိပ်တို့ကို ဖမ်းနိုင်မည့်နည်းလမ်းကို အမတ်တို့အား မေးမြန်းကြ၏။

အမတ်တို့က -

"အရှင်မင်းမြတ်၊ သူတို့ဟာ လက်ဝှေ့သတ်ခြင်း၊ နပန်းလုံးခြင်းတို့ကို အင်မတန် စုံမက်ကြပါတယ်။ အဲဒါကြောင့် နန်းတော်ရင်ပြင်မှာ လက်ဝှေ့ပွဲတစ်ခုခု ကျင်းပပေးလျှင် သူတို့သတင်းကြားကြားချင်းရောက်လာကြမှာပါ။ အဲဒီအချိန်မှာ တပ်ထောင်တာဗိုလ်ထုနဲ့ သူတို့ကို ဝိုင်းဖမ်းလို့ရနိုင်ပါတယ်"

ဟု လျှောက်တင်ကြ၏။

ထိုလျှောက်တင်ချက်ကို မင်းညီနောင်တို့က နှစ်သက်ကြသဖြင့် နန်းရင်ပြင်၌ လက်ဝှေ့ပွဲကြီးပေါ်ပေါက်လာ၏။ ထိုလက်ဝှေ့ပွဲကြီး၌ စာရူရမည်သော လက်ဝှေ့ကျော်ကြီးနှင့် မုဋ္ဌိကမည်သော လက်ဝှေ့ကျော်ကြီးတို့က လက်ဝှေ့စွမ်းအားအမျိုးမျိုးတို့ကို ထုတ်ဖော်ပြသကြ၏။ အသိတဥ္စနမြို့တော်သူမြို့တော်သားတို့မှာ ကြုံတောင့်ကြုံခဲ လက်ဝှေ့ပွဲကြီးကို အားပါးတရကြည့်ရှုရန် စောစောကပင် ကြိုတင်၍ နေရာယူထားကြရ၏။ သူတို့ထက်နောက်ကျသူတို့မှာ ပွဲခင်းပတ်ပတ်လည်မှာ စင်ထိုး၍ကြည့်ကြရပေသည်။

အမတ်ကြီးများလျှောက်တင်ခဲ့သည့်အတိုင်းပင် ပထမဦးစွာ စာရူရလက်ဝှေ့ကျော်ကြီး လက်ဝှေ့ရေးပြနေဆဲမှာပင် ဝါသုဒေဝ ညီနောင်တစ်ကျိပ်တို့ ရောက်လာကြ၏။ သူတို့သည် အသိတဥ္စနမြို့တော်တွင်းသို့ရောက်လာသည်နှင့်တစ်ပြိုင်နက် တွေ့သမျှမြင်သမျှ ဈေးဆိုင်များကို တိုက်ခိုက်ကာ လိုချင်တာမှန်သမျှကို လုယူလာခဲ့ကြ၏။ အဝတ်အထည်ဆိုင်များမှ အနီရောင်အဝတ်အထည်များကိုလုယူ၍ ကိုယ်စီကိုယ်ငဆင်မြန်းကြ၏။ နံ့သာဆိုင်တို့မှ နံ့သာမှုန့်များ၊ နံ့သာပြောင်းတို့ကိုလုယူ၍ အပြန်အလှန်လိမ်းကျံပေးကြ၏။ တွေ့သမျှပန်းဆိုင်များမှ ပန်းပွင့်များကို ခေါင်းပေါ်မှာ ထိုးထိုးထောင်ထောင်ပန်ဆင်၍လာခဲ့ကြ၏။

စကတည်းက သူတို့ကိုထောင်၍ ဖမ်းရန်ကျင်းပရသောပွဲဖြစ်၍ သူတို့ကို မင်းချင်းများက မတားကြပါ။ လက်ဝှေ့ပွဲစင်ပေါ်က စာရူရလက်ဝှေ့ကျော်ကြီး တဖြောင်းဖြောင်းနှင့် လက်ခမောင်းခတ်ပြနေသကဲ့သို့ပင် သူတို့ကလည်း လက်ခမောင်းခတ်လာကြ၏။ လက်သီးတွေ



www.burmeseclassic.com

www.burmeseclassic.com

အက်ရုံးတွေတန်းလာကြ၏။

"ဘယ်သူ့ကိုမျှ ဗိုလ်မထားဘူးဟေ့"

ဟူ၍လည်း အသံကုန်အော်ဟစ်၍လာခဲ့ကြ၏။

ပွဲခင်းအလယ်၌ မင်းသားတစ်ကျိပ်နှင့် စာရရလက်ဝှေ့ကျော်ကြီးတို့ ထိပ်တိုက်ရင်ဆိုင် တွေ့ဆုံကြသည်တွင် ဗလဒေဝမင်းသားက ဘာမပြောညာမပြောနှင့် ပွဲခင်းထဲကထွက်လာခဲ့၍ ဆင်တင်းကုပ်ရှိရာလျှောက်လာ၏။ ဆင်တင်းကုပ်ထဲက ဆင်ချည်ကြိုးကြီးတစ်ချောင်းကို ဆွဲအတင်းယူလာပြီးလျှင် ပွဲခင်းထဲသို့ ဝင်လာ၍ ထိုဆင်ချည်ကြိုးကြီးဖြင့် စာရရလက်ဝှေ့ကျော်ကြီးကို ကွင်းပစ်၍ဖမ်းယူ၏၊ ဗလဒေဝမင်းသား၏အားစွမ်းကို တွန်းလှန်နိုင်၍ ဆွဲငင်ရာပါလာခဲ့ရသော လက်ဝှေ့ကျော်ကြီးမှာ ကြိုးစနှစ်ဖက်ဖြင့် ဆွဲ၍ညှစ်လိုက်သည်တွင် လျှာတစ်လစ် ထွက်၍ သေဆုံးရပါတော့သည်။

ထို့နောက် ဒုတိယအကြိမ်ဝင်ရောက်လာသော မုဋ္ဌိကလက်ဝှေ့ကျော်ကြီးမှာလည်း ဗလဒေဝမင်းသား၏လက်သီးပြင်းပင် အရိုးတွေရှိသမျှမှုန့်မှုန့်ညက်ညက်ကြေသွားရပါတော့သည်။

ထို့နောက် ဗလဒေဝမင်းသားသည် အလောင်းကောင်နှစ်ခုကို တရွတ်တိုက်ဆွဲကာ ပွဲခင်းအနီးမှာ အသင့်တူးထားသောတွင်းထဲသို့ပစ်ထည့်လိုက်၏။ ထိုတွင်းသည်ကား မင်းသားညီနောင်တစ်ကျိပ်တို့အတွက် ကြိုတင်၍တူးထားသောတွင်း ဖြစ်ပေသည်။

သူတို့၏ ဦးရီးတော်ဖြစ်သော ကံသမင်းကြီး မှင်တက်မိကာကြည့်နေရာမှ သတိရလာ၍ -

"သူပုန်ညီနောင်တစ်ကျိပ်တို့ကိုဝိုင်းဖမ်းကြ"

ဟု အမိန့်ပေးလိုက်၏။

အမိန့်သံဆုံးသွားသည်နှင့်တစ်ပြိုင်နက် ဝါသုဒေဝမင်းသားက စက်လက်နက်ပြင့်ပစ်လွှတ်လိုက်ရာ မင်းညီနောင်စလုံး ခေါင်းပြတ်၍ကျဆုံးသွားကြရ၏။ ဤတွင် နန်းရင်ပြင်၌ ရှိရှိသမျှသော စစ်သည်ဗိုလ်ပါတို့က မင်းသားညီနောင်တစ်ကျိပ်တို့ထံ မိမိတို့ကိုယ်ကို အပ်နှံကြရပေသည်။

မင်းသားညီနောင် တစ်ကျိပ်တို့သည် နောင်တော်ကြီး ဝါသုဒေဝကို အမှူးအရာမှာထား၍ အသိတဥ္စနမြို့တော်၌ အတူတကွထီးနန်းစိုးစံကြ၏။ ...၌ ကျန်ရစ်ခဲ့သော ခမည်းတော် မယ်တော်နှစ်စုံတို့နှင့်အတူ အဥ္စနမင်းသမီးကိုလည်း အသိတဥ္စနမြို့တော်သို့ ခေါ်ယူ၍ ပြုစုစောင့်ရှောက်၍ထားကြလေသည်။

အသိတဥ္စနမြို့ကို ဗဟိုပြု၍ ဥတ္တရပထနိုင်ငံတစ်ခုလုံးကို ပိုင်ပိုင်နိုင်နိုင် အုပ်စိုးမိသောအခါ မင်းသားညီနောင်တစ်ကျိပ်တို့သည် မိမိတို့၏စွမ်းပကားကို ပိုမို၍ အားရကျေနပ်ကာ ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်လုံးမှတိုင်းနိုင်ငံတို့ကို တိုက်ခိုက်သိမ်းပိုက်ရန် ကြိုးစားကြ၏။ ပထမဦးစွာ ကာဠယောနကမင်းကို တိုက်ခိုက်ချေမှုန်း၍ အယုဇ္ဈမြို့တော်ကို သိမ်းပိုက်ကြ၏။ ထို့နောက် ထီးနန်းစိုက်ထူရာ မြို့တော်များကို တစ်မြို့ပြီးတစ်မြို့ အလွယ်တကူ တိုက်ခိုက်သိမ်းပိုက်လာခဲ့ရာ ဒွါရဝတီမြို့တော်ကျမှအခက်ကြုံလာရပါတော့သည်။

ဒွါရဝတီမြို့တော်၏ မျက်နှာတစ်ဖက်၌ သမုဒ္ဒရာရေပြင်ကြီးရှိနေ၏။ အခြားတစ်မျက်နှာ၌တောင်ကြီးရှိနေ၏။ ထိုမြို့နားသို့ စစ်သည်ဗိုလ်ပါအပေါင်းနှင့်တကွ မင်းသားညီနောင်တို့ ချဉ်းကပ်လာသည်နှင့်တစ်ပြိုင်နက် ဒွါရဝတီမြို့ကြီးတစ်ခုလုံးသည် မြေပြင်မှကြွတက်လာပြီးလျှင် ကောင်းကင်ခရီးဖြင့် သမုဒ္ဒရာရေပြင်ပေါ်မှဖြတ်ကျော်ကာ ကျွန်းတစ်ခုပေါ်သို့ သက်ဆင်းသွားလေသည်။

မြို့တော်ပေါင်းများစွာကို အောင်မြင်စွာတိုက်ခိုက်သိမ်းပိုက်လာခဲ့ကြသော မင်းသားညီနောင်တစ်ကျိပ်တို့သည် ဒွါရဝတီမြို့တော်အလှည့်တွင်ကား အရှုံးနှင့် တပ်ဆုတ်၍ပြန်လာခဲ့ကြရ၏။ သို့ရာတွင် မကျေနပ်နိုင်ကြသေးသဖြင့် မင်းသားညီနောင်တစ်ကျိပ်တို့သည် ဒွါရဝတီမြို့တော်သို့ နောက်တစ်ခေါက် စစ်ချီလာခဲ့ကြပြန်၏။ ထိုအခေါက်တွင်လည်း ဒွါရဝတီမြို့တော်မှာ ကောင်းကင်သို့ ပျံတက်သွားပြန်၏။

ဤတစ်ခေါက်တွင်ကား မင်းသားညီနောင်တစ်ကျိပ်တို့သည် ချက်ချင်းပြန်မဆုတ်ခွာသေးဘဲ မြို့နေရာချိုင့်ခွက်ကြီးပတ်ပတ်လည်သို့လှည့်လည်၍ လေ့လာကြည့်ရှုကြရာ ကဏှဒီပါယနဘွဲ့တော်ရသောရသေ့ကြီး၏သင်္ခမ်းကျောင်းလေးသို့ ရောက်လာကြ၏။ မင်းသားညီနောင်တစ်ကျိပ်တို့က ရသေ့ကြီးထံ ရိုသေလေးမြတ်စွာ ချဉ်းကပ်ရှိခိုး၍ မြို့တော်ကြီး ပျံတက်သွားရခြင်းအကြောင်းကို မေးလျှောက်ရာ -

"မင်းသားတို့၊ ဒီမြို့တော်မှာ ဘီလူးတွေကြီးစိုးနေကြတယ်။ ဘီလူးတွေက ကမ္မဇိဒ္ဓိတန်ခိုးရှိကြတယ်။ သူတို့က ဘီလူးတစ်ကောင်ကို မြို့တော်အနီး ကျုံးနံဘေးမှာ မြည်းသတ္တဝါတစ်ကောင်လို ဖန်ဆင်းစေပြီးတော့ အစောင့်ချထားကြတယ်။ မြို့တော်ကို တိုက်ခိုက်လာဖို့ ချဉ်းကပ်လာတဲ့ စစ်တပ်ကြီးတွေကို မြင်လိုက်တာနဲ့တစ်ပြိုင်နက် သူက အသံမြည်လိုက်တယ်။ သူ့အသံကြားရတာနဲ့ တစ်ပြိုင်နက် ဘီလူးတွေက မြို့တော်ကြီးတစ်ခုလုံးကို မြေကြီးထဲကထုတ်ယူပြီး လွတ်ရာကျွတ်ရာ သယ်ဆောင်သွားကြတော့တယ်"

ရသေ့ကြီးက ဤကဲ့သို့အဖြစ်မှန်ကို ရှင်းပြလိုက်သောအခါ မင်းသားညီနောင်တို့က-

"အရှင်ဘုရား၊ ဒီလိုဆိုရင် ဒီမြို့တော်ကို သိမ်းပိုက်နိုင်ဖို့ ဘယ်လိုသွားလုပ်ရပါ့မလဲ"

ဟု မေးလျှောက်ကြပြန်၍ -

"မင်းသားတို့၊ ဒီမြို့တော်ကို သိမ်းပိုက်နိုင်ဖို့ကတော့ အဲဒီအယောင်ဆောင်ထားတဲ့ မြည်းသတ္တဝါကို အကူအညီတောင်းမှသာရနိုင်လိမ့်မယ်။ အဲဒီ မြည်းသတ္တဝါရဲ့ ခြေရင်းမှာဝပ်စင်းပြီးတော့ အသံမမြည်အောင် တောင်းပန်လျှင်တော့ ရနိုင်လောက်ပါတယ်"

ဤသို့ ကဏှဒီပါယန ရသေ့ကြီးက အဖြေပေးလိုက်သဖြင့် မင်းသားညီနောင်တို့သည် စစ်သည်ဗိုလ်ပါများမပါဘဲ မြည်းသတ္တဝါထံသို့ တိတ်တဆိတ် ချဉ်းကပ်လာကြ၍ -

"အို-သခင်၊ သခင်က ကျွန်ုပ်တို့လာတဲ့အခါ အသံမြည်လိုက်တော့ မြို့တော်ကြီးက ကောင်းကင်ယံမှာ ပျံတက်သွားပါတယ်။ ဒီတစ်ခါတော့ အသံမမြည်ဘဲနေပေးပါ"

ဟု တောင်းပန်ကြ၏။

ဤတွင် မြည်းသတ္တဝါက -

"မင်းသားတို့၊ ငါ့ကို အထက်က တန်ခိုးကြီးတဲ့ဘီလူးကြီးတွေက တာဝန်ပေးထားတာမို့ ရန်သူတွေလာရင် ငါ မမြည်ဘဲမနေရဲဘူး"

ဟု ပြောပြသဖြင့် -

"ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုလုပ်ကြရပါ့မလဲ"

"လုပ်ဖို့ရှိတာကတော့ ပထမဆုံး မြို့တော်ရဲ့ တံခါးပေါက်လေးပေါက်နားကို ညအချိန် တိတ်တဆိတ်ချဉ်းကပ်ပြီးတော့ အပြင်ဘက်က မြေပြင်မှာ သံတိုင်ကြီးတွေခိုင်ခိုင်စိုက်၊ ပြီးတော့ အဲဒီသံတိုင်ကြီးတွေနဲ့ မြို့တော်တံခါးတိုင်ကို သံကြိုး



www.burmeseclassic.com

www.burmeseclassic.com

ကြီးကြီးတွေချည်တုပ်ထားကြ။ မြို့တံခါးပေါက်လေးပေါက်စလုံး အဲဒီလိုလုပ်ပြီးတော့မှ စစ်တပ်ကြီးတွေချီလာခဲ့ကြ"

ဤသို့ မြည်းယောင်ဆောင်ထားသော ဘီလူးက ညွှန်ကြားလိုက်သည့်အတိုင်း မင်းသားညီနောင်တို့ကလည်း ဆောင်ရွက်ရန်သဘောတူကြ၏။

ဤသို့ဖြင့် ဒွါရဝတီမြို့တော်စောင့်များက ရန်သူတွေပြန်သွားပြီထင်၍ မြို့တော်ကြီးကို မူလနေရာသို့ ပြန်ပို့ကြသောအခါ ဝါသုဒေဝမင်းသားညီနောင်တို့က ဒွါရဝတီမြို့တော်ကြီးကို အောင်မြင်စွာသိမ်းပိုက်နိုင်ကြလေသည်။

ထို့နောက် မင်းသားညီနောင်တို့သည် အခြားအခြားသော မြို့တော်တို့ကို ဆက်၍ဆက်၍ တိုက်ခိုက်သိမ်းပိုက်ကြလေရာ ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်လုံးက ထီးနန်းစိုက်ထူရာ မြို့တော်အားလုံးသူတို့လက်အတွင်းသို့ သက်ဆင်းကြရပါတော့သည်။

ဤသို့ဖြင့် ဝါသုဒေဝ အမှူးရှိသော မင်းသားညီနောင်တို့သည် အသိတဥ္စနမြို့တော်ကို စွန့်ခွာပြီးလျှင် ထို့ထက်အဆင့်အတန်းမြင့်သော ဒွါရဝတီမြို့တော်သို့ ပြောင်းရွှေ့၍ အတူတကွ ထီးနန်းစိုးစံကြ၏။ ဆက်လက်၍ တိုက်ခိုက်သိမ်းပိုက်ရန် နယ်မြေမကျန်တော့သဖြင့် လက်ဝယ်ရရှိပြီးသော တိုင်းပြည်များကို ညီတော်တစ်ကျိပ်တို့အတွက် ခွဲဝေရန် ဝေဖန်ကြသည်တွင် မိမိတို့၏ အစ်မတော် အဥ္စနမင်းသမီးကို သတိမပြုမိကြပေ။ ဤတွင် အငယ်ဆုံးဖြစ်သော အင်္ကုရမင်းသားက -

"နောင်တော်တို့၊ အစ်မတော် အဥ္စနဒေဝီအတွက် ဝေစုပေးဖို့ ကျန်နေပါသေးတယ်။ ဒါပေမယ့် ထပ်ပြီးတော့ ခွဲမနေကြပါနဲ့တော့။ ကျွန်တော့်ဝေစုကိုပဲ အစ်မတော်ကို ပေးလိုက်ကြပါ။ ကျွန်တော်ကတော့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ဖို့ စိတ်မဝင်စားပါဘူး။ ကုန်သည်အလုပ်ကိုသာ စိတ်ဝင်စားပါတယ်။ ဒါကြောင့် နောင်တော်တို့က ကျွန်တော့်ကို ကူညီချင်ရင် နောင်တော်အားလုံးရဲ့ နယ်မြေထဲမှာ အခွန်လွတ်ကုန်သွယ်သွားလာဖို့ အခွင့်ပြုပေးကြပါ"

ဤသို့ အဆိုပြုလာသဖြင့် ကျန်သော နောင်တော်ကိုးပါးတို့နှင့် အစ်မတော်အဥ္စနဒေဝီတို့က ပိုင်နက်နယ်မြေများကို အညီအမျှ ခွဲဝေယူကြ၏။ ထိုနယ်မြေများကို ဒွါရဝတီမြို့တော်ကပင် မင်းမှုထမ်းများ စေလွှတ်၍ အုပ်ချုပ်စီမံရေးကိစ္စအဝဝကို စီမံခန့်ခွဲ၍နေကြလေသည်။

ထိုဇာတ်တော်၌ နောင်တော်ကြီး ဝါသုဒေဝမင်းသည် အရှင်သာရိပုတ္တရာ၏အလောင်းလျာဖြစ်၏။ ညီတော် ဃဋပဏ္ဍိတမင်းသားသည် ဘုရားအလောင်းတော်ဖြစ်၏။ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည်ကား ရောဟိဏေယျဟူသော အမည်ဖြင့် ဝါသုဒေဝမင်းကြီးထံ ခစားရသောအမတ်တစ်ယောက်ဖြစ်ခဲ့ပေသည်။

ဤသို့ ညီတော်၊ နောင်တော်တို့ စည်းလုံးညီညွတ်စွာ တိုင်းပြည်အုပ်ချုပ်မင်းလုပ်လာခဲ့ကြရာ နောင်တော်ကြီး ဝါသုဒေဝမင်းကြီးမှာ သားတော်များစွာ ပွားစီးလာကြ၏။ ထိုအထဲက အချစ်ဆုံးဖြစ်သော သားတော်တစ်ပါးသည် ရုတ်တရက်ဖျားနာ၍သေဆုံး၏။ခမည်းတော် ဝါသုဒေဝမင်းကြီးမှာ သားတော်အတွက် စိတ်ထိခိုက်လှသဖြင့် မည်သည့်အမှုကိစ္စကိုမျှ မပြုနိုင်တော့ပေ။ အချိန်ရှိသမျှ သလွန်တော်၏ပေါင်ကိုဖက်၍ ရှိုက်ကြီးတငင်ငိုကြွေးနေရလေသည်။

ဤသတင်းကို အလောင်းတော် ဃဋပဏ္ဍိတမင်းသား ကြားသိရသောအခါ စံအိမ်တော်အတွင်းမှ ပြေးထွက်လာခဲ့ပြီးလျှင် လမ်းတကာသို့ လျှောက်၍-

"ငါ့ကို ယုန်ကလေးဖမ်းပေးပါ၊ ငါ့ကို ယုန်ကလေးဖမ်းပေးပါ"

ဟူ၍ မပြတ်တမ်း ဟစ်အော်နေ၏။ ဣန္ဒြေရရ၊ သိက္ခာရှိရှိနေလာခဲ့သော မင်းသားတစ်ပါးက ဤကဲ့သို့ လမ်းတကာလျှောက်သွားရင်း ထပ်ကာထပ်ကာ ဟစ်အော်နေသဖြင့် ဒွါရဝတီမြို့တော်တစ်ခုလုံးက -

"ဃဋပဏ္ဍိတမင်းသား ရူးသွားရှာပြီ"

ဟု ဆိုကြလေသည်။

ဤတွင် ညီတော်အာနန္ဒာ၏ အလောင်းလျာဖြစ်သောရောဟိဏေယျ အမတ်က ဝါသုဒေဝမင်းကြီးထံချဉ်းကပ်လာ၍ -

"အရှင်မင်းမြတ်၊ အရှင်မင်းမြတ်ရဲ့ ညီတော် ဃဋပဏ္ဍိတမင်းသားဟာ နှလုံးမှာ ဝါယောဓာတ်ရိုက်ခတ်လို့သွက်သွက်ခါအောင် ရူးသွားရှာပါပြီ။ ဒါကြောင့် အရှင်မင်းမြတ် သလွန်တော်ကထတော်မူပါဦး။ညီတော်လေးကို ကယ်တင်စောင့်ရှောက်တော်မူပါဦး"

ဟု လျှောက်တင်၏။

ရောဟိဏေယျအမတ်၏လျှောက်တင်သံအဆုံးတွင် ဝါသုဒေဝမင်းကြီး၏ စိုးရိမ်ပူဆွေးမှုသည် သေလေပြီးသော သားတော်ထံမှ ရူးသွပ်သွားရှာသော ညီတော့်ထံ ရွှေ့ပြောင်းသွားတော့၏။ သို့ဖြစ်၍ မင်းကြီးသည် နန်းတော်က ကပျာကယာဆင်းလာခဲ့ပြီး ညီတော်မင်းသားထံ အရောက်လှမ်းကာ ညီတော်၏ လက်နှစ်ဖက်ကို ဖမ်းကိုင်ထားပြီးမှ-

"ညီတော်ရယ် သတိထားပါဦး၊ သတိထားပါဦး။ ဘာကြောင့်များ အရူးတစ်ယောက်လို မြို့လုံးပေါက်လျှောက်အော်နေရတာပါလဲ။ ညီတော်မွေးထားတဲ့ယုန်ကို ဘယ်သူက ခိုးသွားလို့ပါလဲ"

ဤသို့ စိုးရိမ်တကြီး အသံတုန်တုန်နှင့် မေးမြန်းပါသော်လည်း ညီတော့်ဘက်ကတော့ ထူးခြားမလာခဲ့ပါ။

"ငါ့ကို ယုန်ကလေးဖမ်းပေးပါ၊ ငါ့ကိုယုန်ကလေးဖမ်းပေးပါ"

ဤသို့သာ အော်မြဲအော်နေလေ၍-

"ညီတော်၊ သတိထားပါဦးနော်။ ညီတော်က ဘယ်လိုယုန်မျိုးကို လိုချင်တာလဲ။ အရုပ်ယုန်ကိုလိုချင်တယ်ဆိုရင်ဖြင့် ရွှေနဲ့လုပ်ပေးရမလား။ ပတ္တမြားနဲ့ လုပ်ပေးရမလား။ ကြေးနဲ့လုပ်ပေးရမလား။ ငွေသားနဲ့ လုပ်ပေးရမလား။ ဒါမှမဟုတ် ခရုသင်းတွေ၊ ကျောက်သလင်းတွေ၊ သန္တာတွေနဲ့ လုပ်ပေးရမလား။ အဲဒီလို လူလုပ်ထားတဲ့ ယုန်ရုပ်တွေမလိုချင်ဘူးဆိုရင်လည်း တောထဲမှာ ဘာသာဘာဝ ကျက်စားနေကြတဲ့ ယုန်တွေကို ဖမ်းပေးပါ့မယ်"

"တကယ်လား နောင်တော်ကြီး၊ တကယ်လား နောင်တော်ကြီး။ နောင်တော်ကြီးက ညီတော်လိုချင်တဲ့ယုန်ကို တကယ်ဖမ်းပေးမှာလား"

"တကယ်ပေါ့ ညီတော်ရဲ့၊ တကယ်ဖမ်းပေးမှာပေါ့"

"အဲဒီလိုဆိုရင် မြေကြီးပေါ်ကဆို ဘယ်လိုယုန်မျိုးမှမလိုချင်ဘူး။ ဟော ကောင်းကင်ထက်က လဝန်းကြီးထဲ ယုန်ကလေးကိုမှ ရချင်ပါတယ်"

"ဩော် - ကျွတ် ကျွတ်၊ ငါ့ တော်လေးသွက်သွက်ခါအောင်ရူးသွား ရှာပါပေါ့လား။ ညီတော်ရယ် သတိ များထားပါဦးကွယ်။ လဝန်းကြီးထဲ ယုန်ကလေးကိုမှ ရချင်တယ်ဆိုတော့ နိုင်ပါ့မလားကွယ်။ သူ့ကိုလိုချင်လို့ လောက် တမ်းဘတမ်းတ တ သာ အသက်ဆုံးသွားနိုင်ပါတယ်။ လ



www.burmeseclassic.com

www.burmeseclassic.com

ထဲတာ ယုန်ကလေးကိုတော့ မရနိုင်ဘူး။ ဒီတော့ မရနိုင်တဲ့ ယုန်ကလေးကို လိုချင်ပါနဲ့တော့ ညီလေးရယ်"

"ကောင်းပါပြီ နောင်တော်။ ကျွန်တော် ဘယ်လောက်တမ်းတတမ်းတ၊ ကျွန်တော် ဘယ်လောက်ငိုငို လဝန်းကြီးထဲက ယုန်ကလေးကိုတော့ မရနိုင်ဘူးဆိုပါတော့။ ဒီလိုဆိုရင် နောင်တော်ကြီးလည်း နောင်တော်ကြီးတမ်းတနေတဲ့သားငယ်လေးကကော နောင်တော်ကြီးထံပြန်ရောက်ဦးမှာတဲ့လား"

ညီတော် ဃဋပဏ္ဍိတမင်းသား၏ အမေးနှင့်သည် နောင်တော်ဝါသုဒေဝမင်းကြီးအတွက် အကောင်းဆုံးဖြေဆေးဖြစ်သွား၏။ သေဆုံးလေသော သားတော်လေးအတွက် စိုးရိမ်ပူဆွေးငိုကြွေးခြင်း၌ အကျိုးမရှိပုံကို သဘောပေါက်သွား၏။ တကယ်တော့ဖြင့် ညီတော်ဃဋပဏ္ဍိတမင်းသားက မရူးပါ။ စိုးရိမ်ပူဆွေးသည့်ဒဏ်ကိုခံနေရသော နောင်တော်ကြီးကို တရားပြနိုင်ရေးအတွက် အတွက်ဆင်လိုက်ခြင်းသာဖြစ်ပေသည်။

ဤကဲ့သို့ နောင်တော်မင်းကြီး၏ စိတ်ဝေဒနာကို အောင်မြင်စွာ ကုသ၍ ပယ်ရှားပေးနိုင်သဖြင့် ညီတော်ဃဋပဏ္ဍိတမင်းသားအား နောင်တော်ကြီးမင်းက အပါးတရ ချီးကျူးစကားပြောကြားလေသည်။

ညီနောင်မင်းသား ဆယ်ပါးတို့၏ စွမ်းအားသတ္တိဖြင့် ဇမ္ဗူဒိပ်ကျွန်းကြီးတစ်ခွင်လုံးကို သိမ်းပိုက်စိုးအုပ်ထားနိုင်ကြသော်ငြားလည်း သူတို့သည် ဒေဝဂဗ္ဘာမင်းသမီး၏ သားတော်များဖြစ်ကြ၏။ မြင်စဉ်ကပင် ကျိန်စာသင့်ထားပြီး သူများ ဖြစ်ကြ၏။ ဒေဝဂဗ္ဘာမင်းသမီး ဖွားမြင်ခဲ့စဉ်တုန်းက ပုရောဟိတ် ပညာရှိပုဏ္ဏားတို့ ဟောကိန်းထုတ်ထားသည့်အတိုင်းပင် တစ်နေ့သောအခါ သူတို့မှ ပေါက်ဖွားလာခဲ့သော မင်းသားငယ်တို့သည် မသင့်လျော်သောအမှုကို ပြုကြ၏။

ကဏှဒီပါယန ရသေ့ကြီးသည် ဝါသုဒေဝမင်းသားညီနောင်တို့အား ဒွါရဝတီမြို့တော်ကြီးကို တိုက်ခိုက်သိမ်းပိုက်နိုင်အောင် နည်းပေးလမ်းပြပြုပေးခဲ့၏။ သို့ဖြစ်၍ လူကြီးမိဘတို့ကတော့ ကျေးဇူးရှင်ရသေ့ကြီးကို ရိုသေလေးမြတ်စွာ ဆည်းကပ်ကြပါ၏။ သို့ရာတွင် သူတို့၏သားတော်များကတော့ လေးစားကောင်းမှန်း မသိကြပါချေ။

သို့ဖြစ်၍ မင်းသားငယ်တို့သည် မင်းသားငယ်တစ်ယောက်ကို ကိုယ်ဝန်ဆောင်အမျိုးသမီးကဲ့သို့ ပြုပြင်ဖန်တီးကာ ရသေ့ကြီးထံခေါ်လာကြ၍ -

"အို-ရသေ့ကြီး၊ ဒီကိုယ်ဝန်ဆောင် မိန်းကလေးက ယောကျာ်းလေးဖွားလာမလား၊ ဒါမှမဟုတ် မိန်းကလေးဖွားလာမလား"

ဟု မေးမြန်းကြ၏။

ကဏှဒီပါယန ရသေ့ကြီးသည် ဒိဗ္ဗစက္ခုအဘိညာဉ်ရသည်ဟု အများက ယုံကြည်ကြ၏။ မင်းသားငယ်တို့ကတော့ အပြည့်အဝမယုံကြည်ကြပါ။ သို့ဖြစ်၍ အများတကာ ယုံကြည်ထားကြသည့်အတိုင်း တကယ်ဟုတ်၊ မဟုတ် သိနိုင်စေရန် ဉာဏ်စမ်းသောသဘောဖြင့် မေးမြန်းကြခြင်း ဖြစ်ပေသည်။

ထိုကဲ့သို့ ဉာဏ်စမ်းလိုက်ခြင်းသည်ပင် သူတို့မျိုးနွယ်ဝင်အားလုံးအတွက် ကြမ္မာဆိုးကြီးကို ဖိတ်ခေါ်လိုက်ခြင်း ဖြစ်ပါလိမ့်မည်။

ကဏှဒီပါယနရသေ့ကြီးသည် ထိုမေးခွန်း၏အဖြေမှန်ကို ဖော်ထုတ်နိုင်ရန် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ဝင်စား၍ကြည့်လိုက်ရာတွင် အလွန့်အလွန်အန္တရာယ်ကြီးမားနေသည့်အလားအလာကို တွေ့လိုက်ရပါတော့သည်။

အဖြေမှန်စကားကို အပြောရခက်နေသဖြင့် ရသေ့ကြီးက နှုတ်ဆိတ်နေခဲ့ရာ မင်းသားများက -

"အို-ရသေ့ကြီး၊ ဘာကြောင့်များ နှုတ်ဆိတ်နေရတာလဲ။ ရသေ့ကြီးက သူများမမြင်နိုင်တာတွေမြင်နိုင်တယ်ဆို၊ သူများမသိနိုင်တာ သိနိုင်တယ်ဆို။ ဒါလောက်တောင် လွယ်တာလေးမှ အဖြေမပေးနိုင်ဘူးလား"

ဤသို့စသဖြင့် တစ်ယောက်တစ်ယောက် ဝိုင်းဝန်း၍ အရေးဆိုကြ၏။ အဖြေစကား မပြောဘဲမနေနိုင်အောင် အကျပ်ကိုင်ကြ၏။

ဤတွင်မှ ကဏှဒီပါယနရသေ့ကြီးသည် မိမိ၏သက်တမ်းကို ဆင်ခြင်သုံးသပ်လိုက်ရာ ဤနေ့မှာပင် မိမိ၏ သက်တမ်းကုန်နေသည့်အကြောင်းကို သိလာရသဖြင့် -

"ကောင်းပြီ မင်းသားတို့၊ မင်းသားတို့ သိချင်တဲ့အဖြေကို ပေးပါတော့မယ်။ ဒီနေ့က နောက်ခုနစ်ရက်ရောက်တဲ့အခါ ဒီကိုယ်ဝန်ဆောင်က ရှားနှစ်တုံးကို ဖွားမြင်လာလိမ့်မယ်။ အဲဒီရှားနှစ်တုံးကြောင့် သင်တို့တစ်မျိုးတစ်နွယ်လုံး ပျက်စီးကြလိမ့်မယ်"

ဤအဖြေစကားကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် မင်းသားတို့က ခွက်ထိုးခွက်လန်ရယ်မောကုန်လျက် -

"အမယ်လေး - တော်လိုက်တဲ့ ပညာရှိကြီး၊ တတ်လိုက်တဲ့ဉာဏ်ကြီးရှင်ကြီး။ ယောကျာ်းလေးက ကလေးမွေးရမယ်လို့ ဘယ်တုံးကများရှိခဲ့ဖူးသလဲ။ ကဲ - ဒါလောက်တောင် လိမ်ညာစားသောက်နေတဲ့ ရသေ့ကောက်ကြီးကို ငါတို့ ဖြောင့်ပေးကြပါစို့"

ဤသို့ပြောဆိုပြီးလျှင် ရသေ့ကြီး၏ ကိုယ်ခန္ဓာတစ်ခုလုံးကို ရက်ကန်းကြိုးတို့ဖြင့် ရစ်ပတ်၍ အစတစ်ဖက်တစ်ဖက်တို့မှ အားကုန်ဆွဲ၍ ညှစ်သတ်ကြလေရာ ရသေ့ကြီးမှာ ထိုနေရာမှာပင် အသက်ကုန်သွားရပါတော့သည်။

ဤအကြောင်းကို ခမည်းတော် ဝါသုဒေဝမင်းကြီး ကြားရသည်တွင် လူကြီးသူမတို့ထံမှ အဆင့်ဆင့်ကြားသိခဲ့ရသော စကားဟောင်းကို သတိရလာ၍ အလွန်တစ်ရာတုန်လှုပ်ရ၏။

"ရသေ့ကြီးဟောထားခဲ့တဲ့အတိုင်း မဖြစ်ပါစေနဲ့"

ဟု တဖွဖွဆုတောင်းရင်း ကိုယ်ဝန်ဆောင်ယောင်ဆောင်ခဲ့မိသော မင်းသားငယ်ကို နန်းဆောင်တစ်ခုမှာ သီးခြားထား၍ အစောင့်အရှောက်တွေ အလုံအလောက်ချထားရ၏။

ဤသို့ဖြင့် ရင်တထိတ်ထိတ်နှင့် စောင့်စားလာခဲ့၍ ခုနစ်ရက်မြောက်ရောက်လာ၏။ ထိုနေ့၏အစ အရုဏ်တက်စအချိန်မှာပင် ထိုမင်းသားငယ်၏ ကိုယ်တွင်းမှ ရှားနှစ်တုံးကြီးထွက်ကျလာပါတော့သည်။

လုံးဝဖြစ်နိုင်ဖွယ်မရှိသော အမှုကိစ္စက မိမိတို့မျက်မှောက်မှာပင် ကောန်ထင်ရှား ဖြစ်ပေါ်လာခဲ့၍ မင်းသားအပေါင်းမှာ တအံ့တသြဖြစ်သွားရ၏။ ဤသို့ အံ့သြကြပြီးမှ -

"ညီတော်နောင်တော်တို့၊ ရသေ့ကြီး ဟောကိန်းထုတ်ထားခဲ့တဲ့အတိုင်း ပထမတစ်ပိုင်းတော့ မှန်သွားပြီ။ ဒါပေမယ့် အဲဒီရှားနှစ်တုံးကြောင့် တစ်မျိုးတစ်ဆွေလုံး ပျက်စီးမယ်ဆိုတာတော့ မယုံနိုင်သေးဘူး။ ဒါကြောင့် ဒီရှားနှစ်တုံးကို ပြာကျသွားအောင် မီးဖုတ်ပစ်ကြမယ်။ အဲဒီပြာကို မြစ်ရေထဲမျှောချလိုက်မယ်။ ဒီတော့ ဒီရှားနှစ်တုံးက ဘာများတတ်နိုင်တော့မှာလဲ"

ဤသို့သော အကြံအစည်ကို မင်းသားအားလုံးက သဘောတူကြ၍ ရှား



www.burmeseclassic.com

www.burmeseclassic.com

သစ္စာဝါဒီ-ဦးမြင့်အောင်

ဘုန်းကံကြီးမားမင်းကောရာဇ်များနှင့်အစီအရင်အဆောင်ဂါထာများ(၈)

# အလောင်းစည်သူမင်းကြီးနှင့်ဘုရားရှိခိုးဂါထာတော်

ပုဂံပြည်၌ သက္ကရာဇ် လေးရာ့ငါးဆယ့်လေးခုနှစ်တွင် ဘုန်းတန်ခိုးအလွန်ကြီးသော အလောင်းစည်သူမင်းကြီး စိုးစံခဲ့သည်။ ထိုမင်းကြီးသည် ဘုန်းကံအလွန် ကြီးမားသူဖြစ်သည့်အလျောက် ဖွားမြင်တော်မူစဉ်ကပင် ထူးခြားသော အတိတ်နိမိတ်ထူးများပေါ် ပေါက်ခဲ့သည်။

ဖွားတော်မူလျှင် အိမ်ရှင့်စည်ကြီး သူမတီးဘဲ အလိုလိုမြည်ခဲ့သည်။

ဥကင်သတံခါး သူမဖွင့်ဘဲ အလိုလိုပွင့်သည်။ ဘိုးတော်ဖြစ်သူ ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီးသည် မြေးတော် အလောင်းစည်သူကို အလွန်ချစ်မြတ်နိုးလှ၍ ရင်ခွင်ပိုက်လျက် ငါကား ငါ့မြေးနန်းကိုစောင့်နှင့်ပါသည်သာ၊ အလောင်းဘိုသာဟု မိန့်တော်မူ၍ သီရိဇေယျသူရဟူသောအမည်နှင့် ဘိသိက်သွန်းပြီးလျှင် မင်းမြှောက်တော်မူခဲ့ပါသည်။

**၁ အလောင်းစည်သူမင်းကြီး၏အမည်များ**

၁။ အလောင်းစည်သူမင်းကြီး ဖွားတော်မူစဉ်က အိမ်ရှင်စည်ကြီးမြည်သည်ကို အစွဲပြု၍ အချို့သောရာဇဝင်တို့တွင် လောင်းစည်သူ့ဟူ၍ ရေးမှတ်ကြသည်။

၂။ မင်းဖြစ်တော်မူသောအခါတွင် ရွှေဦးစွာ ရွှေဂူဘုရားတည်တော်မူသောကြောင့် ရွှေဂူဒါယကာ ဟူ၍လည်း ရေးမှတ်ကြသည်။

၃။ ဘိုးတော်ကျန်စစ်သားမင်းကြီး ပေးသော သီရိဇေယျသူရ အမည်ဖြင့်လည်း ရေးမှတ်ကြသည်။

၄။ ငယ်စဉ်က ငိုတော်မူသောအခါ ချက်တော် တစ်မိုက်ခန့် ရှည်ထွက်

နှစ်တုံးကို အစဖျောက်လိုက်ပြီးလျှင် ရှေးကအတိုင်း ပျော်ပွဲရွှင်ပွဲများ ကျင်းပ၍နေလေသည်။

နန်းတော်ထက်၌ ပျော်ပွဲရွှင်ပွဲများ ကျင်းပ၍ ရှိုးသွားသောအခါ မင်းသားညီနောင်တို့သည် မြစ်ဝတစ်ခုအနီးက ပင်လယ်ကမ်းစပ်သို့ နေရာပြောင်းလာကြ၏။ ထိုနေရာတွင် မူးယစ်သောက်စားပျော်ပါးရာက မင်းသားတစ်ပါးသည် အခြားမင်းသားတစ်ပါးကို အမှတ်မထင်ရိုက်ပုတ်မိ၏။ အရိုက်အပုတ်ခံရသော မင်းသားက မိမိကို တမင်သက်သက် စော်ကားသည်ဟု သဘောထား၍ တုံ့ပြန်၍ရိုက်ပုတ်၏။ ဤသို့ရိုက်ပုက်ရာမှ ရန်ပွဲတစ်ခုဖြစ်လာခဲ့ရာ ကျန်နေသေးသည့် မင်းသားများကလည်း တစ်ဖက်စီမှ ပါဝင်သတ်ပုတ်ကြဖြင့် ကွင်းပြင်ကြီးတစ်ခုလုံး ရန်ပွဲကြီးဖြစ်သွားပါတော့သည်။

မူးမူးရူးရူးနှင့် ရိုက်ပုတ်ကြရာတွင် လက်ချည်းသက်သက်ဖြစ်နေ၍ မည်သူမှာမှ ဒဏ်ရာအကြီးအကျယ်မရပါချေ။ ဤတွင် မင်းသားတစ်ပါးသည် ရိုက်ပုတ်စရာ လက်နက်တစ်ခုခု ရလိုရငြား မြစ်ကမ်းစပ်သို့ လျှောက်လာခဲ့ရာ ကမ်းပါးစပ်မှာ ပေါက်ရောက် ရှင်သန်နေသော သမန်းမြက်တောကိုသာ တွေ့လိုက်ရ၏။

ဖြစ်ရိုးဖြစ်စဉ်အတိုင်းသာဆိုပါက သမန်းမြက်၏ အရွက်သည် တစ်ဖက်သားကို ယားစေရုံလောက်သာ စွမ်းနိုင်ပါလိမ့်မည်။ သို့ရာတွင် ထိုမြက်က ဖြစ်ရိုးဖြစ်စဉ်ထဲကမဟုတ်ပါ။ ရှားနှစ်တုံးကို ပြာချ၍ မြစ်ရေစီးကြောင်းမှာ မျှောချလိုက်ရာ ထိုပြာများက ရေစီးကြောင်းအတိုင်း မျောပါလာခဲ့ပြီး ဤနေရာတွင်တင်ကျန်နေရာမှ ဤသမန်းမြက်ပင်များပေါက်လာကြခြင်း ဖြစ်၏။

ထို့ကြောင့် မင်းသားက လုပ်မိလုပ်ရာသဘောဖြင့် သမန်းမြက်ပင်တစ်ပင်ကို ဆွဲနုတ်ဆုပ်ကိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုအရာဝတ္ထုက ထင်ထင်မာ၍ အလေးချိန်စီးလှသော ရှားနှစ်တုံးတုတ်တစ်ချောင်းဖြစ်လာပါတော့သည်။

ထိုမင်းသား၏ အပြုအမူကို အတုယူကာ အခြားအခြားသော မင်းသားတို့ကလည်း သမန်းမြက်တောသို့ ရောက်လာကြရာ မင်းသားအားလုံး၏လက်မှာ ရှားနှစ်တုတ်ချောင်းများ ရောက်လာကြပါတော့သည်။ ရှားနှစ်တုတ်ဖြင့် အပြန်အလှန်ရက်ရက်စက်စက်ရိုက်နှက်သတ်ဖြတ်ကြသဖြင့် သူမတူအောင် အစွမ်းပြခဲ့ကြသော မင်းသားများ အတုံးအရုန်းသေကုန်ကြရပါတော့သည်။

ထိုလူသတ်ပွဲကြီးမှ ရှောင်နိုင်တိမ်းနိုင်၍ လွတ်မြောက်ခွင့်ရသူမှာ လေးဦးသာရှိ၏။ ထိုလေးဦးတို့မှာ ဝါသုဒေဝမင်းကြီး၊ အစ်မတော် အဥ္ဇနဒေဝီ၊ ဗလဒေဝမင်းသားနှင့် ပုရောဟိတ်တို့ ဖြစ်ကြ၏။

သူတို့လေးဦးသည် ရန်ပွဲကြီးမှ လွတ်ရာသို့ အသက်လု၍ ပြေးထွက်လာခဲ့ကြရာ တောအုပ်တစ်ခုသို့ ရောက်လာ၏။ ယခင်က ဗလဒေဝမင်းသား၏ လက်ချက်ကြောင့် မရှုမလှသေဆုံးခဲ့ရသော မုဋ္ဌိကလက်ဝှေ့ကျော်သည် ထိုတောအုပ်၌ ဘီလူးကြီးဖြစ်နေ၍ ရန်သူဟောင်းနှင့်ဆုံမိသည်နှင့်တစ်ပြိုင်နက် လက်စားချေ လိုက်ပါတော့သည်။

ထို့နောက် ကျန်သူသုံးယောက်တို့ ခရီးဆက်လာခဲ့ကြရာ ခရီးပန်းလာသဖြင့် ချုံကောင်းကောင်းတစ်ခုတွင် ဝါသုဒေဝမင်းကြီး ပုန်းအောင်နေခဲ့၍ ကျန်သူနှစ်ယောက်က စားစရာရှာဖို့ ရှေ့ဆက်သွားကြ၏။ ဤတွင် ဇရာဟုအမည်တွင်သော မုဆိုးတစ်ယောက်က ချုံထဲကအရာဝတ္ထု ကို ဝက်တစ်ကောင်ဟု ထင်မှတ်၍ အ[...] မှလှမ်း၍လေးနှင့်ပစ်လိုက်၏။ လေးညို့မှ တစ်ဟုန်ထိုးပြေးထွက်လာခဲ့သောမြား သည် ဝါသုဒေဝ၏ခြေထောက်မှာ ထိ[...] မှန်လေရာ ထိုဒဏ်ရာဖြင့်ပင် ဝါသုဒေဝ မင်း နတ်ရွာစံရလေသည်။ ကျန်သူနှစ် ယောက်တို့မှာမူ ဆက်လက်၍ အသက် ရှင်နေနိုင်ရန် ရိုးရိုးအရပ်သားများအသွင် ဖြင့် သိုသိုသိပ်သိပ်နေကြရလေသည်။

www.burmeseclassic.com

အဖြင့် ချက်တော်ရှည် ဟူ၍လည်း ရေး မှတ်ကြသည်။

၅။ မင်းကြီးအား ဇမ္ဗူသပြေပင်ရင်း တွင် သိကြားပေးသောအမည်ဖြစ်သည့် သီရိတြိဘဝနာဒိတျာပဝရပဏ္ဍိတသု ဓမ္မရာဇာမဟာဓိပတိနရပတိစည်သူဟူ သောဘွဲ့မည်ဖြင့်လည်းရေးမှတ်ကြသည်။

၆။ ထိုသို့ သိကြားပေးသည့် ဘွဲ့ မည်ကို အဖျားဆွတ်၍ နရပတိစည်သူ ဟူ၍လည်း ကလျာဏီကျောက်စာ စသော သမိုင်းမော်ကွန်းတို့၌ ရေးမှတ် ကြသည်။

၇။ ရှင်ဖြူဘုရား ဗလဝါမုကွ၌ စင်ကျလေသောအခါ အလောင်းစည် သူ ငါ့ကိုယူလော့ဟု မိန့်သောစကားကို အစွဲပြု၍ အလောင်းစည်သူဟုလည်း ရေးမှတ်ခဲ့ကြပါသည်။

**၁ အလောင်းစည်သူမင်းကြီးဘုန်းကံကြီး မားပုံများ**

ဘုန်းကြီးသော အလောင်းစည်သူ မင်းကြီးအား ဆုံးမစောင့်ရှောက်သူတို့ ကား အရှင်အရဟံမထေရ်၊ စိမ့်ညက်မင်း သားတော်မဟာထေရ်၊ အရှင်အာနန္ဒာ ထေရ်နှင့် မဟာဂီရိနတ်တို့ ဖြစ်ကြပါ သည်။

မင်းကြီး၏ ယောက်ဖတော် မဟာသမန်းသည် မင်းကြီးနန်းတော်တိုင် ဆင်စီးကာ လှေကား၌ မင်းကြီးဆင်နှင့် ယှဉ်၍တက်သည်ကို မဟာဂီရိနတ်မြင် လေလျှင် ငါရှိလျက်ငါ့ခင်ပွန်းကိုမကျိုးမနွံ့ ခိုးမသေပြုရာသလောဟု ခြိမ်းခြောက် လေရာ မဟာသမန်းသည် လွန်စွာ တုန် လှုပ်ချောက်ချားလျက် ဆင်နှင့်တကွ အဝေးသို့ စဉ်လွင့်ခဲ့လေသည်။

အလောင်းစည်သူမင်းကြီးသည် မြန်မာနိုင်ငံတွင် ဆည်၊ မြောင်း၊ ကန်၊ ချောင်းများ ထပ်မံပြုပြင်စီမံ၍ တိုင်း ပြည်ကို စည်ပင်ဝပြောအောင် ဆောင် ရွက်တော်မူခဲ့သည်။ မြို့သစ်ရွာသစ်များ တည်ထောင်ပြီး စည်ပင်တိုးတက်ချမ်း သာစေခဲ့သည်။ ပဲ၊ မှုး၊ မတ်၊ ကျပ်၊ ပိဿာ၊ အလေးတင်းတောင်း၊ တောင် တာအတိုင်းအတွာ စသည်တို့ကို အညီ အညွတ်ဖြစ်စေရန် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအတွင်း ကုန်းကြောင်း၊ ရေ ကြောင်းလှည့်လည်၍ ဖောင်တော်ဆိုက် ကပ်ရာနေရာများတွင် ဖောင်တော်ဦး ဇေတီများတည်ထားခဲ့သည်။

မြန်မာနိုင်ငံတော်မှအပ အခြား သော တိုင်းနိုင်ငံပင်လယ်သမုဒ္ဒရာတို့သို့



လည်း ရောက်ရှိတော်မူခဲ့သည်။ ထိုသို့ သွားရောက် လှည့်လည်ရာတွင် အလွန် ကြီးမားသည့် သင်္ဘောဖောင်ကြီး စီမံပြု လုပ်ပြီးလျှင် နေပြည်တော်ပုဂံရာမ၌ အစောင့်အနေခန့်တော်မူခဲ့ပြီး မဟာ သမုဒ္ဒရာသို့ထွက်တော်မူ၍ ကိုယ်လေး တော် ရွှေကိုသွန်းလုပ်သော ဘုရားရှင် ရုပ်တုတော်ကို ဆောင်တော်မူပြီး စုန် တော်မူကာ ပုသိမ်၌ ကွန်းထောက်နား၍ မိဖုရားမောင်းမတို့ကို ထားခဲ့တော်မူပြီး မင်းကြီးသင်္ဘောသည် လှေရံရှစ်သိန်းနှင့် တကွ ထွက်ခွာတော်မူခဲ့လေသည်။

ထိုအခါ သိကြားမင်းသည် မင်း ကြီးအား ဘုရားရှင်သာသနာတော်ကို ရွက်ဆောင်သောမင်းဖြစ်သည်ဟု ဘိသိက် သွန်းလေ၍ သီရိတြိဘဝနာဒိတျာပဝရ ပဏ္ဍိတသုဓမ္မရာဇာမဟာဓိပတိစည်သူ ဟူသောဘွဲ့မည်ကိုပေးလေသည်။ထို့ပြင် မင်းဇေကရာဇ်တို့သုံးစွဲရာ မြောက်စည်၊ သံလွင်၊ မင်းခမ်းမင်းနားတို့ကို ဆောင် နှင်းပေး၍ ဘုရားရှင်တို့နေတော်မူရာ ကျောက်ဖျာသက္ကတန်ဦးကိုလည်း ဘုရား ရုပ်တုတော်လုပ်၍ နှင်းအပ်လေသည်။ ထိုဘုရားကို ရှင်ဖြူဘုရားဟုတွင်၍ ဇမ္ဗူ သပြေပင် ဒက္ခိဏသာခါကိုလည်း ပေး အပ်ရာ၊ လက်ယာဘက်အစွယ်ကို ဘုရား ရုပ်တုတော်ထု၍ပေးအပ်ရာ ထိုဘုရား ကို ရှင်လှဘုရားဟု ဘွဲ့မည်ပူဇော်ခဲ့ပါ သည်။

ထို့နောက် မင်းကြီးသည် မြင်းမိုရ် တောင်သို့သွားလို၍ စီမံလေရာ သိကြား မင်းက အမျိုးမျိုးသော နည်းပရိယာယ် တို့ဖြင့် တားမြစ်၍ မင်းကြီးအား ဘုရား ရှင်၏သရိယမာတ်တော်တို့ကို ပေးအပ် လျက် မင်းကြီးသည် ဘုရားရှင်၏ သာ သနာကို ရွက်ဆောင်ဖွယ်ရာများလွန်းလှ သေးသည်ဖြစ်၍ မြင်းမိုရ်တောင်သို့သွား ရန်မသင့်ကြောင်း တားမြစ်ခဲ့လေသည်။

အလောင်းစည်သူမင်းကြီးလည်း သိကြားမင်းစကားကို နာယူ၍ နေပြည် တော်သို့ ပြန်လာသောအခါ လှိုင်းလေ သည်းထန်၍ မင်းကြီးစီးသောလှေသည် ဗလဝါမုခသမုဒ္ဒရာလယ်တွင် ကျိုးပျက် မည်ကဲ့သို့ဖြစ်ရာ ထိုအခါတွင် သိကြား ပေးအပ်သော ရှင်ဖြူရုပ်တုတော်သည် စဉ်၍ရေသို့ကျခဲ့လေရာ အလောင်းစည် သူမင်းကြီးသည် ငါတောင်းသည့်ဆုမြတ် ကို ရမည်မှန်ပါက မဏိမေခလာစသော နတ်တို့သည် ငါ့လှေတော်ကို ဘေးကင်း ရာအရပ်သို့ ပို့ဆောင်ပါစေသား ဟူ၍ အဓိဋ္ဌာန်ပြုလေလျှင် နတ်ဘီလူးအပေါင်း တို့က လှေတော်ကို ဘေးကင်းရာသို့ပို့ ဆောင်ခဲ့ကြလေသည်။

ဆိုခဲ့သည့် ရှင်ဖြူဘုရား ရေသို့ကျ သည်ကို မင်းကြီးစိတ်နှလုံးမချမ်းမြေ့ သည်ဖြစ်လေရာ ရှင်ဖြူဘုရားရုပ်တု တော်သည် ဟင်္သာနှစ်ကောင်တောင်ပံ ယှက်၍ ခံထားရာ၌ တည်နေတော်မူ လျက် အလောင်းစည်သူ ငါ့ကိုယူလော့ ဟု မိန့်တော်မူသည်ကို မင်းကြားကြားရ ပြီးလျှင် ရုပ်တုတော်ကို မင်းကြီးရွှင်လန်း ဝမ်းမြောက်စွာ ပူဇော်လေသောကြောင့် အလောင်းစည်သူ ဟူ၍ တွင်ခဲ့ပါသည်။

မင်းကြီး ဖောင်တော် ဆက်လက် ထွက်တော်မူခဲ့ရာ ဖောင်တော်သည် မလ္လာယုကျွန်းသို့ ရောက်သည့်အခါတွင် နတ်ဘီလူးအပေါင်းတို့သည် ကမ်းလုံး ကျွတ်မျှကြည့်ကြလေ၏။ ထိုအခိုက်တွင် ဘီလူးမတစ်ယောက်သည် သားငယ်ကို ချီ၍ကြည့်ရာမှ အားလွန်ကာ သားငယ် လက်မှလွတ်၍ ရေထဲကျသွားသည်ကို မင်းကြီးကိုကြည့်ရာတွင် ငါ့သားလက်က လွတ်၍ရေထဲကျပါသည်။ သားကိုယူ၍ ပေးပါဟူ၍ မြည်တမ်းလေသည်။

ထိုအခါ မင်းကြီးက မဏိမေခလာ နတ်သမီးဆယ်ယူပေးစေဟု ရေကို ကြိမ် ဖြင့် ရိုက်ခတ်လေရာ မဏိမေခလာနတ် သမီးသည် ထိုသားငယ်အားဆယ်ယူ၍ ဘီလူးမသည် ဝမ်းသာအားရလျက် အထူးထူးသော နံ့သာမျိုးတို့ကိုယူ၍ မင်း ကြီးအား ဆက်သခဲ့လေသည်။ သိကြား မင်းကလည်း မဟာဗောဓိဒက္ခိဏသာခါ နှင့်တကွ သရက္ခန်နံ့သာတို့ကို မင်းကြီး အားပေးခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုမှတစ်ဖန် ဆက်လက်ထွက်ခွာလာရာ ရှေးအခါ ဒဂုံမင်းကြီးစီးတော်မူသော ဆင်ဖြူတော် ဂန္ဓာလရာဇ်သည် ကောင်းကင်၌သေ၍ သမုဒ္ဒရာတွင်ကျသောအခါ ကျောက်ဖြစ်လေရာ ထိုကျောက်ဆင်ကျွန်း၌ သီရိမဓ္ဓာသောက မင်းကြီး၏သားတော်ရှင်မဟိန္ဒမည်သော ရဟန္တာအရှင်မြတ်သည် စကြံသွားတော်မူစမှတ်ပြုလေ၍ မင်းကြီးသည် ထိုအရပ်တွင် ကြီးစွာသော ပူဇော်သက္ကာရကိုပြုခဲ့လေသည်။

ထို့နောက်တွင် မာန်အောင်ကျွန်းသို့ ရောက်လာခဲ့လေရာ မာန်အောင်မင်းသည် အလောင်းစည်သူမင်းကြီးကို မရှိခိုးလိုသောကြောင့် လည်တွင် အိုးကိုဆွဲ၍ရေ၌ဆင်းကာ သေနှင့်လေသည်။ ထိုအကြောင်းကို မင်းကြီးသိတော်မူသောအခါ ငါသို့သောမင်းကို မရှိခိုးလို၍ သေခဲ့ရာသည်။ အဆွေမာန်အောင်မင်း၊ ငါလာသည်ကို အဘယ်ကြောင့်မဖူးမြင်ဘဲနေဘိသနည်းဟု လှေဦးထက်မှ ရပ်တော်မူ၍ မာန်အောင်မင်းရေနစ်သေရာရေသို့ လက်ညှိုးညွှန်သောအခါ မာန်အောင်မင်းအလောင်းကောင်သည် အိုးဆွဲလျက် ရှိခိုးကာပေါ်လာခဲ့လေသည်။ ထိုအခြင်းအရာကိုမြင်ရသော မာန်အောင်သားတို့သည် မင်းကြီးအား အလွန်ခန့်ညားရှိသေကြလေသည်။

ထိုမှဇမ္ဗူဒိပ်သို့ ရောက်သောအခါ တောအုပ်ကြီးတစ်ခုထဲ၌ အလွန်ကြီးမားလှသောကင်းကြီးတစ်ကောင်သည် ဆင်များကိုစား၍ ဆင်စွယ်တို့ကို အသိုက်ဖွဲ့ကာနေရာ ကင်းကြီးအစာရှာသွားချိန် ဆင်စွယ်တို့ကို မင်းကြီးတွေ့ရှိဆောင်ယူခဲ့သည်။ ကင်းကြီးပြန်လာသည့်အခါတွင် အသိုက်ကိုမတွေ့ရတော့သဖြင့် မင်းကြီးလှေနောက်သို့ကူးလိုက်သေရာ မမီနိုင်သဖြင့် လက်လျှော့ပြီး ဦးခေါင်းအမြီးထောင်၍ကြည့်လျက်ကျန်ရစ်လေသည်။ ထိုကင်းကြီး၏သဏ္ဌာန်မှာ အလွန်လှပသဖြင့် မင်းကြီး နေပြည်တော်သို့ ပြန်ရောက်သည့်အခါတွင် ထိုကင်းကြီးသဏ္ဌာန် လှေတော်ပြုလုပ်၍ စီးတော်မူခဲ့ပါသည်။

မင်းကြီးသည် သိကြားမင်းပေးအပ်ခဲ့သော သရက္ခန်ကိုလည်း ဘုရားရုပ်တုတော်ငါးဆူထုလုပ်တော်မူ၍ ဒက္ခိဏာသာခါဗောဓိခက်ကိုပျိုးပြီးလေလျှင် သိကြားပေးအပ်သော မွေတော်ခြောက်ဆူတို့ကို သရက္ခန်ထုစမြတ်ပေါင်းမဥ္ဇူနှင့်တကွ ခြောက်ဆူတွင်ဌာပနာ၍ကိုးကွယ်တော်မူခဲ့ပါသည်။

အရှင်အရဟံမထေရ်သည် မင်းကြီးအား ဤသို့ နန်းတော်တွင်ထား၍ ကိုးကွယ်သည်ထက် သာသနာတော်ငါးထောင်တိုင် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏အကျိုးငှာ ဘုရားရှင်၏ သရီရဓာတ်တော်တို့ ကိန်းဝပ်တော်မူလိုသောအရပ်တွင် တည်ထားလေဟု ဆိုတော်မူလေသည်။

ထိုအခါ အလောင်းစည်သူမင်းကြီးသည် ရှင်အရဟံမထေရ်မြတ် မိန့်တော်မူသည့်အတိုင်း ဆောင်ရွက်ရန် ဘုရားရုပ်တုတော်ခြောက်ဆူတို့ကို လှေတော်ပေါ်တွင်ပင့်ဆောင်၍ ကြည်းအား၊ ရေအားဖြင့် ဆန်တော်မူကာ ဤဘုရားရုပ်တုတော်ခြောက်ဆူတို့ ကိန်းဝပ်လိုရာ၌ ထူးခြားသော တိတ်နိမိတ်ထင်ရှားပြပါစေသားဟု မိဋ္ဌာန်တော်မူခဲ့လေသည်။

ကွန်းရွာအရပ်ရောက်သည့်အခါတွင် မကြုံစဖူးထူးကဲလှစွာ ကောင်းကင်ယံ၌ ငှက်များစွာတို့ဝဲပျံနေကြသည်ကို မင်းကြီးမြင်၍ ပညာရှိတို့အား မေးတော်မူရာ ဤအရပ်တွင် ဘုရားရှင်ရုပ်တုတော်တို့ ကျိန်းဝပ်တော်မူ၍ ဘုရားရုပ်တုတော်တို့ ကျိန်းဝပ်တော်မူလိုသောနေရာတွင် ဆင်ဖြူရပ်စေသတည်းဟု မိဋ္ဌာန်၍ ဆင်ဖြူတော်ကို လွှတ်တော်မူလျှင် ဆင်ဖြူလည်း ဘုရားရှင်အလောင်းတို့ ကျင်လည်သောအရမ်၌ ရပ်လေသည်။

မင်းကြီးလည်း ဘုရားရုပ်တုတော်တို့ကို ကွန်းရွာ၌ တစ်ဆူ၊ ပုခန်းတွင် တစ်ဆူ၊ တောင်မတွင် တစ်ဆူ၊ ဆင်ကျိုးတွင် တစ်ဆူ၊ စေတီတော်လေးဆူ ပူဇော်တည်ထားခဲ့လေသည်။ မြတ်ပေါင်းမဥ္ဇူတစ်ဆူကိုမူ ပုခန်းကြီးအရပ်၌ သီတင်းသုံးတော်မူသည့် သီလဝန် ဂုဏဝန်နှင့် ပြည့်စုံတော်မူသော မထေရ်မြတ်အား အပ်၍ ပူဇော်တော်မူခဲ့ပါသည်။

ထိုသရက္ခန်ငါးပိုင်းတွင် အဖျားပိုင်းကိုထုလုပ်ပူဇော်သော ဘုရားရုပ်တုတော်သည် ဆင်ဖြူပေါ်သို့တင်မည်ပြုရာတွင် ပင့်၍မကြွလိုဘိသို့ရှိ၍ မင်းကြီးသည် ပညာရှိတို့အားမေးလျှင် ဖောင်တော်စုန်တော်မူမည်က သီဟတောအရပ်တွင် တောကြက်တစ်ကောင်ဖောင်တော်ထက်ပျံလာ၍ ဥခဲ့ကြောင်း၊ မင်းကြီးမေးတော်မမူ၍ မလျှောက်ခဲ့ရကြောင်း၊ ထိုအရပ်၌ ဘုရားရှင်ရုပ်တုတော်. ကျိန်းဝပ်စံတော်မူလိုကြောင်း လျှောက်တင်ရာ မင်းကြီးဖောင်တော်ကို တစ်ဖန်ဆန်တော်မူ၍ ထိုသီဟတောအရပ်တွင် အလယ်ကျွန်း၌ စေတီတည်ကာ ဘုရားရှင်ရုပ်တုတော် ကျိန်းဝပ်စံပယ်မူခဲ့ပါသည်။

ဤသို့ ဘုန်းကံကြီးမားလှသော အလောင်းစည်သူမင်းကြီးသည် ရှေးဘဝက ပဋိက္ကရားမင်း၏သားတော်ဖြစ်၍ မိမိနှင့်ရည်ငံနေသော ကျန်စစ်မင်းကြီး၏ သမီးတော် ရွှေအိမ်စည်မင်းသမီးကို စောယွမ်းမင်းသားနှင့် စုံဖက်ထိမ်းမြားလေသည်ကို ပြဒါးရှင်လုံးငုံ၍ ကောင်းကင်မှလာစဉ် ထိုဆွမ်းကျွေးမှ ပြန်ကြွလာသော ရှင်အရဟံနှင့် ကောင်းကင်၌ တွေ့ဆုံရာမှ ကြားသိရပြီး အံ့အားသင့်မြည်တမ်းရာမှ ပြဒါးရှင် နှုတ်ငုံထားရာက ထွက်ကျသဖြင့် ကောင်းကင်ထက်မှ ကျကာ သေခဲ့၏။ အရိုးတို့ကို အရှင်အရဟံစုထားသည်ကို စစ်အင်္ဂါလေးပါးနှင့် ကြွချီယူတော်မူ၍ ညောင်ဦးကမ်းပါး၌ ငါ၏အရိုးမှန်ပါက ရေတွင်ပေါ်စေသော်ဟု မိဋ္ဌာန်သစ္စာပြုကာ ရေထဲချသောအခါတွင် ထိုအရိုးတို့ ရေ၌ကူး၍သွားရာ ယူဆောင်၍ ရွှေဂူဘုရားအောင်မြေ၌ ကောင်းစွာသိုထားခဲ့လေသည်။

## □ ရှင်ဖြူ၊ ရှင်လှဘုရားရုပ်တုနှစ်ဆူကို ဘုရားတည်ခြင်း

အလောင်းစည်သူမင်းကြီးသည် ခပ်သိမ်းသော သတ္တဝါတို့အကျိုးစီးပွားအလို့ငှာ ရှင်ဖြူ၊ ရှင်လှဘုရားရုပ်တုနှစ်ဆူကို ဖောင်တော်နှင့် ပင့်ဆောင်ကာ မြောက်မြားလှစွာသော ရဲမက်ဗိုလ်ပါအပေါင်းခြံရံလျက် ဆန်တော်မူလျက် ဘုရားရှင်ရုပ်တုတော် ကိန်းဝပ်တော်မူလိုသောအရပ်၌ နှုတ်တော်မြွက်သည်ဖြစ်စေသော ဟူ၍ အဓိဋ္ဌာန်တော်မူ၏။ စစ်ကိုင်းအရပ် ပြာသာဒ်လှအမော်သို့ ရောက်လေလျှင် ဘီလူးဝေက်ဖောင်တော်ကို ဖောင်တော်ပြာသာဒ်ထုပိကာကျ၍ ထိုအရပ်ကို ပြာသာဒ်ကျဟု ခေါ်ခဲ့ရာမှ ကာလကြာသော် ပြာသာဒ်လှဟုတွင်ခဲ့လေသည်။

ထိုမှ စစ်ကိုင်းအထက် ချောက်မသို့ ရောက်သောအခါ ရှင်ဖြူဘုရားရုပ်တုတော်သည် အမြဲနေပင် ဤချောက်တွင် ဟူ၍ မြွက်ဆိုတော်မူရာ မင်းကြီးသည် ထိုအရပ်၌ ဘုရားရုပ်တုကို ဆင်ဖြူထက် ပူဇော်တင်ဆောင်လျက် ကျိန်းဝပ်တော်မူလိုသောအရပ်၌ ဆင်ဖြူဝပ်စေသော်ဟုမိဋ္ဌာန်တော်မူရာ ဆင်ဖြူမှာ ချောက်မသို့ဝင်ပြီးလျှင် ကမ်းယံ၌ ဝပ်သဖြင့် မင်းကြီးက ထိုကမ်းယံတွင် စေတီတည်၍မကိုးကွယ်သာ။ မြင့်သောအရပ်



www.burmeseclassic.com

www.burmeseclassic.com

သို့တက်၍ဝပ်စေသော်ဟု မိဋ္ဌာန်တော်မူပြန်လျှင် ဆင်ဖြူကမ်းထိပ်သို့တက်၍ ထိုအရပ်တွင် ရှင်ဖြူ ရှင်လှဘုရားရုပ်တုတော်နှစ်ဆူကို ဂူတည်၍ ပူဇော်ခဲ့ပါသည်။

**၁ တရုတ်ပြည်သို့စွယ်တော်ပင့်ဆောင်ရန် ချီတက်ခြင်း**

အလောင်းစည်သူမင်းကြီးသည် တရုတ်ပြည်သို့ ဗုဒ္ဓမြတ်စွယ်တော်ကို ပင့်ဆောင်ရန် ရေကြောင်း၊ ကြည်းကြောင်းဖြင့် ချီတော်မူခဲ့လေသည်။ ဂန္ဓာလရာဇ်တိုင်း တရုတ်မင်းဥတည်ဘွားက လက်ဆောင်ပဏ္ဏာမြောက်မြားစွာနှင့် ဖူးတွေ့လာပြီး အဘယ်အကြောင်းကြောင့်လာရောက်သည်ကိုမေးရာ မင်းကြီးက စွယ်တော်မြတ်ကိုပင့်ဆောင်လို၍လာကြောင်း မိန့်ဆိုရာ ဥတည်ဘွားက စွယ်တော်မြတ်ကြွတော်မူလိုက ပင့်ဆောင်တော်မူပါလော့ဆိုသဖြင့် အလောင်းစည်သူမင်းကြီးသည် အထူးထူးသော ပူဇော်ဖွယ်ရာတို့ဖြင့် ပူဇော်၍ စွယ်တော်မြတ်ပူဇော်ထားရှိရာ ပြာသာဒ်မှာ တောင်းပန်ပင့်ဆောင်ညှိပြုရာ စွယ်တော်မြတ်သည် ကောင်းကင်သို့ကြွလျက် ရောင်ခြည်တော်ကွန့်မြူးနေတော်မူရာ ပင့်ဆောင်ခွင့်မရနိုင်ဖြစ်လေတော့သည်။

ထိုအခါ ဥတည်ဘွားက မင်းကြီး၏သားလောင်းတော်အနော်ရထာမင်းစောပင့်တော်မူသောအခါကလည်း စွယ်တော်မြတ် ကြွတော်မမူလို၍ မပင့်ဆောင်နိုင်ခဲ့ပါ။ ယခုလည်း ကြွတော်မမူလို၍သာ ဖြစ်ပေသည်ဆိုရာ မင်းကြီးအကြိမ်ကြိမ်ထပ်မံတောင်းပန်ပင့်ဆောင်သော်လည်း မရလေသဖြင့် ဥတည်ဘွားက စွယ်တော်မြတ်သည် ဂန္ဓာလရာဇ်တိုင်း၌ သာသနာငါးထောင်တိုင် တည်စေတော့ဟူသော ဘုရားသခင် ဗျာဒိတ်တော်ရှိ၍ ဖြစ်ပေသည်ဟုဆိုကာ လက်ဆောင်ပဏ္ဏာများစွာကို မင်းကြီးအားပေးခဲ့လေသည်။

တရုတ်ပြည်မှ ပြန်တော်မူ၍ နေပြည်တော် ပုဂံရာမရောက်တော်မူသောအခါ မင်းကြီးသည် မြောက်အရပ်၌ ရွှေကိုးဆူတို့ကို တည်တော်မူခဲ့ပါသည်။ ကျော်စဉ်အရပ်၌လည်း အင်းခရုတစ်ဆူ၊ လှည်းထောက်တစ်ဆူ၊ မြွေအန်တော်တစ်ဆူ၊ ရွှေပေါ်ကျွန်းတစ်ဆူ စသည်ဖြင့် မြန်မာပြည်အနှံ့ များစွာသော ကုသိုလ်ကောင်းမှုတို့ပြုကာ ပုဂံရာမ၌လည်း သဗ္ဗညုဘုရားကို တည်တော်မူ၍ ကြီးစွာသောကြေးစင်တုလာတစ်သောင်းကိုသွန်းလုပ်သော ခေါင်းလောင်းကြီးနှစ်လုံးကို သဗ္ဗညုဘုရား၌ တစ်လုံး၊ ရွှေဂူဘုရား၌ တစ်လုံး လှူတော်မူခဲ့ပါသည်။

**□ အလောင်းစည်သူမင်းကြီး၏ လက်ရုံးရည် ဦးပေါင်းကျားနှင့် မြင်းကျားရှင်**

တစ်နေ့သောအခါတွင် သက်တော်ကြီးရင့်လေပြီဖြစ်သော အလောင်းစည်သူမင်းသည် တစ်စုံသောအကြောင်းကြောင့် လက်ရုံးကို ဆန့်တန်း၍ ကြုံးဝါးတော်မူရာတွင် သက်တော်ကြီးရင့်အိုမင်းသောကြောင့် လက်ပျဉ်တွဲရရွဲကျသည်ကို မှူးမတ်တို့ ပြုံးရယ်ကြသည်ကို မင်းကြီးသိမြင်သဖြင့် ငါ့ကိုအို၍မစွမ်းပြီဟု ရည်သွမ်းသွေးကြလေသည်။ ငါ့အစွမ်းကို သိစေကုန်အံ့ဟု တစ်နေ့သောအခါတွင် မိမိကိုယ်ကို လူဆိုးလူသွမ်းအသွင်ရုပ်ဖျက်ကာ တူးရွှင်းတောင်ခြေ၌ နေဝင်စတွင် မြင်းစီးကာ အမတ်လေးဦးတို့အားဖမ်းဆီးစေရာ အမတ်တို့မှာ ဖမ်းဆီးခြင်းငှာ မစွမ်းနိုင်ခဲ့။ လူဆိုးလူသွမ်းယောင်ဆောင်ထားသောမင်းကြီးသည် ပူးတုံ့ခွာတုံ့မြင်းရေးအမျိုးမျိုးတို့ဖြင့် အစွမ်းပြပြီးမှ ထွက်ခွာသွားလေတော့သည်။

နန်းညီလာခံ၌ နောက်နေ့နံနက်တွင် မင်းကြီးက အမတ်တို့အား လူဆိုးလူသွမ်းကို မိပြီလောဟု မေးတော်မူသောအခါတွင် အမတ်တို့မှ မိမိတို့မဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ ထိုလူဆိုးသည် နတ်ဘီလူးနှယ် အစွမ်းရှိ၍ လူဆိုဘီလျှင် အလွန် တန်ခိုးကြီးသူဖြစ်ပါလိမ့်မည်ဟု ဦးခေါက်စိုက်ကာ လျှောက်တင်ကြလေမှ မင်းကြီးက နင်တို့ ငါ့ကို အိုမင်းမစွမ်းဟု မှတ်ထင်ရည်သွမ်းခဲ့ကြသည်။ ငါမအိုသေးဟု မိန့်တော်မူရာ မှူးမတ်အပေါင်းတို့ အလွန်ကြောက်ရွံ့ခန့်ညားကြကုန်သည်။

အလောင်းစည်သူမင်းကြီးသည် ဆင်အတတ်၊ မြင်းအတတ်၊ ဓား၊ လှံ၊ မြားရေး၊ လေးအတတ်တို့၌ တစ်ဖက်ကမ်းခပ် တတ်မြောက်၍ ဘုန်းလက်ရုံးသူမထူးအောင် ပြည့်စုံသောမင်း ဖြစ်ပါသည်။

ဘုန်းတန်ခိုးအလွန်ကြီးမားလျက် သာသနာပြု မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်သော အလောင်းစည်သူမင်းကြီးသည် အိမ်နိမ့်နှစ်ဆယ့်ခြောက်နှစ်၊ စည်းစိမ်ခုနစ်ဆယ့်ငါးနှစ်၊ သက်တော်တစ်ရာ့တစ်နှစ်တွင် နတ်ရွာစံကံတော်ကုန်ခဲ့ပါသည်။

ဤကား ဘုန်းကံကြီးမား မင်းဧကရာဇ်တစ်ပါးဖြစ်သော ပုဂံပြည့်ရှင်အလောင်းစည်သူမင်းကြီး၏ ရာဇဝင်အကြောင်းအရာတို့ကို ကောက်နုတ်တင်ပြခြင်း ဖြစ်ပါသည်။

အလောင်းစည်သူမင်းကြီး ရွတ်ပွားသရဇ္ဈာယ်တော်မူခဲ့သော ဘုရားရှိခိုးဂါထာတော်ကို စာရှုသူအများ သိရှိရွတ်ပွားနိုင်ရန် ဖော်ထုတ် ပူဇော်လိုက်ပါသည်။

**အလောင်းစည်သူမင်းကြီး**
**ဘုရားရှိခိုးဂါထာ**

ဗုဒ္ဓေါ တိလောက ဒီပေါစ၊
ဗုဒ္ဓေါတိသူရိယောတမော။
ဂစ္ဆန္တံသရဏံဗုဒ္ဓံ၊
မမသီသေဌပေတ္ဘာန၊
ယာဝဇီဝံနမတ္ထုတံ။
ဓမ္မောတိလောကဒီပေါစ၊
ဓမ္မောတိသူရိယာတမော။
ဂစ္ဆန္တံ သရဏံ ဓမ္မံ၊
မမသီသေဌပေတ္ဘာန၊
ယာဝဇီဝံနမတ္ထုတံ။
သံဃောတိလောကဒီပေါစ။
သံဃောတိသူရိယောတမော။
ဂစ္ဆန္တံသရဏံသံဃံ၊
မမသီသေဌပေတ္ဘာန၊
ယာဝဇီဝံနမတ္ထုတံ။

ဤဘုန်းကံကြီးမား မင်းဧကရာဇ်တစ်ပါးအဖြစ် ရာဇဝင်စာတင်ခဲ့ရသော အလောင်းစည်သူမင်းကြီး ပူဇော်ရွတ်ပွားခဲ့သော ဘုရားရှိခိုးဂါထာတော်ကို ပူဇော်ရွတ်ပွားကြခြင်းဖြင့် ဘေးဥပဒ်အန္တရာယ်ရန်စွယ်ဟူသမျှ ကင်းပလျက် လိုလားနှစ်သက်သော ကောင်းကျိုးချမ်းသာမင်္ဂလာအဝဝနှင့် ပြည့်စုံနိုင်ကြပါစေ။

*သဒ္ဒိသံပါကံဇနေတိ*

**သစ္စာဝါဒီ-ဦးမြင့်အောင်**

**ကျမ်းကိုး -**

၁။ မှန်နန်းမဟာရာဇဝင်တော်ကြီး စတုတ္ထတွဲ
၂။ ဦးကုလားမဟာရာဇဝင်ကြီး ပထမအုပ်
၃။ မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ ပထမပိုင်း
အမျိုးသားပညာဝန် ဦးဖိုးကျား ရေးသည်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ် ဩဂုတ်လအတွက်

# မနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

မနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ မနသိဒ္ဓိနက္ခတ် လက်ဖြတ်ချိန်၊ မနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းသုံးပါးထပ်ချိန်တို့တွင် အမိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အမိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အမိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ပူဇော်ခြင်း အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်တော်ကြီးအပါအဝင် ခန်လာဘ်ဆိုင်ရာ ဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော် ကျင့်ကြံပွားများပါလျှင် ထူးကဲသော ကောင်းကျိုးချမ်းသာများကို ခံစားရမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ ဤလ၏ ထူးခြားချက်မှာ စန်းနှင့် မနသိဒ္ဓိနက္ခတ်နှစ်ကြိမ်တိုင် ယှဉ်ဖက်သည်ဖြစ်၏။ ပထမအကြိမ်တွင် ၃၁-၇-၂၀၁၅ နေ့ ညဉ့် (၇း၁၈း၅၄) နာရီတွင် စန်းသည် မနသိဒ္ဓိနက္ခတ်သို့ ဝင်ရောက်မည်ဖြစ်ပြီး (၁-၈-၂၀၁၅) နေ့ နံနက် (၇း၁၇း၅၃) နာရီတွင် စန်းသည် မနသိဒ္ဓိနက္ခတ်နှင့် ယှဉ်ဖက်နေမည်ဖြစ်ပြီး (၁-၈-၂၀၁၅) နေ့ ညဉ့် (၇း၁၈) နာရီတွင် မနသိဒ္ဓိနက္ခတ်မှ စန်းသည် ထွက်ခွာမည်ဖြစ်သည်။ (၃၁-၇-၂၀၁၈) နေ့ ညဉ့် (၁၉း၀၂း၃၀) နာရီမှ (၁၉း၂၅း၅၀) နာရီအတွင်း လက်သည် မနသိဒ္ဓိနက္ခတ်ဖြတ်ကျော်မည်ဖြစ်ပြီး (၁-၈-၂၀၁၅) နေ့ နံနက် (၀း၃၈း၃၁) နာရီမှ (၁း၄၂း၅၁) နာရီအတွင်း မနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်သည်။ ဒုတိယအကြိမ်တွင် မနသိဒ္ဓိနက္ခတ်သို့ စန်းသည် (၂၈-၈-၂၀၁၅) နေ့ နံနက် (၅း၄၁) နာရီတွင် စတင်ဝင်ရောက်မည်ဖြစ်ပြီး ၎င်းနေ့ ညနေ (၁၇း၄၁း၀၀) နာရီတွင် မနသိဒ္ဓိနက္ခတ်နှင့် စန်းတို့ ယှဉ်ဖက်မည်ဖြစ်ကာ (၂၉-၈-၂၀၁၅) နေ့ နံနက် (၅း၄၁) နာရီတွင် မနသိဒ္ဓိနက္ခတ်မှ စန်းထွက်ခွာမည်ဖြစ်သည်။ (၂၈-၈-၂၀၁၅) နေ့ ညနေ (၁၇း၁၁း၂၂) နာရီမှ (၁၇း၃၅း၄၂) နာရီထိ လက်မနသိဒ္ဓိနက္ခတ် ဖြတ်ကျော်မည်ဖြစ်ပြီး (၂၈-၈-၂၀၁၅) နေ့ ညဉ့် (၂၂း၅၂း၁၉) နာရီမှ (၂၃း၅၆း၃၉) နာရီအတွင်း မနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်သည်။

| လက်ဖြတ်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ချိန် | | |
|---|---|---|---|---|---|
| စဉ် | စဝင်ချိန် | စထွက်ချိန် | စဉ် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၁၈း ၅၈း ၃၄ | ၁၉း ၂၁း ၅၄ | ၁ | ၀း ၃၈း ၃၁ | ၁း ၄၂း ၅၁ |
| ၂ | ၁၈း ၅၄း ၃၈ | ၁၉း ၁၇း ၅၈ | ၂ | ၀း ၃၄း ၃၅ | ၁း ၃၈း ၅၅ |
| ၃ | ၁၈း ၅၀း ၄၂ | ၁၉း ၁၄း ၀၂ | ၃ | ၀း ၃၀း ၃၉ | ၁း ၃၄း ၅၉ |
| ၄ | ၁၈း ၄၆း ၄၆ | ၁၉း ၁၀း ၀၆ | ၄ | ၀း ၂၆း ၄၃ | ၁း ၃၁း ၀၃ |
| ၅ | ၁၈း ၄၂း ၅၀ | ၁၉း ၀၆း ၁၀ | ၅ | ၀း ၂၂း ၄၇ | ၁း ၂၇း ၀၇ |
| ၆ | ၁၈း ၃၈း ၅၄ | ၁၉း ၀၂း ၁၄ | ၆ | ၀း ၁၈း ၅၁ | ၁း ၂၃း ၁၁ |
| ၇ | ၁၈း ၃၄း ၅၈ | ၁၈း ၅၈း ၁၈ | ၇ | ၀း ၁၄း ၅၅ | ၁း ၁၉း ၁၅ |
| ၈ | ၁၈း ၃၁း ၀၂ | ၁၈း ၅၄း ၂၂ | ၈ | ၀း ၁၀း ၅၉ | ၁း ၁၅း ၁၉ |
| ၉ | ၁၈း ၂၇း ၀၆ | ၁၈း ၅၀း ၂၆ | ၉ | ၀း ၀၇း ၀၃ | ၁း ၁၁း ၂၃ |
| ၁၀ | ၁၈း ၂၃း ၁၀ | ၁၈း ၄၆း ၃၀ | ၁၀ | ၀း ၀၃း ၀၇ | ၁း ၀၇း ၂၇ |
| ၁၁ | ၁၈း ၁၉း ၁၄ | ၁၈း ၄၂း ၃၄ | ၁၁ | ၂၃း ၅၉း ၁၁ | ၁း ၀၃း ၃၁ |
| ၁၂ | ၁၈း ၁၅း ၁၈ | ၁၈း ၃၈း ၃၈ | ၁၂ | ၂၃း ၅၅း ၁၅ | ၀း ၅၉း ၃၅ |
| ၁၃ | ၁၈း ၁၁း ၂၂ | ၁၈း ၃၄း ၄၂ | ၁၃ | ၂၃း ၅၁း ၁၉ | ၀း ၅၅း ၃၉ |
| ၁၄ | ၁၈း ၀၇း ၂၆ | ၁၈း ၃၀း ၄၆ | ၁၄ | ၂၃း ၄၇း ၂၃ | ၀း ၅၁း ၄၃ |
| ၁၅ | ၁၈း ၀၃း ၃၀ | ၁၈း ၂၆း ၅၀ | ၁၅ | ၂၃း ၄၃း ၂၇ | ၀း ၄၇း ၄၇ |
| ၁၆ | ၁၇း ၅၉း ၃၄ | ၁၈း ၂၂း ၅၄ | ၁၆ | ၂၃း ၃၉း ၃၁ | ၀း ၄၃း ၅၁ |
| ၁၇ | ၁၇း ၅၅း ၃၈ | ၁၈း ၁၈း ၅၈ | ၁၇ | ၂၃း ၃၅း ၃၅ | ၀း ၃၉း ၅၅ |
| ၁၈ | ၁၇း ၅၁း ၄၂ | ၁၈း ၁၅း ၀၂ | ၁၈ | ၂၃း ၃၁း ၃၉ | ၀း ၃၅း ၅၉ |
| ၁၉ | ၁၇း ၄၇း ၄၆ | ၁၈း ၁၁း ၀၆ | ၁၉ | ၂၃း ၂၇း ၄၃ | ၀း ၃၂း ၀၃ |
| ၂၀ | ၁၇း ၄၃း ၅၀ | ၁၈း ၀၇း ၁၀ | ၂၀ | ၂၃း ၂၃း ၄၇ | ၀း ၂၈း ၀၇ |
| ၂၁ | ၁၇း ၃၉း ၅၄ | ၁၈း ၀၃း ၁၄ | ၂၁ | ၂၃း ၁၉း ၅၁ | ၀း ၂၄း ၁၁ |
| ၂၂ | ၁၇း ၃၅း ၅၈ | ၁၇း ၅၉း ၁၈ | ၂၂ | ၂၃း ၁၅း ၅၅ | ၀း ၂၀း ၁၅ |
| ၂၃ | ၁၇း ၃၂း ၀၂ | ၁၇း ၅၅း ၂၂ | ၂၃ | ၂၃း ၁၁း ၅၉ | ၀း ၁၆း ၁၉ |
| ၂၄ | ၁၇း ၂၈း ၀၆ | ၁၇း ၅၁း ၂၆ | ၂၄ | ၂၃း ၀၈း ၀၃ | ၀း ၁၂း ၂၃ |
| ၂၅ | ၁၇း ၂၄း ၁၀ | ၁၇း ၄၇း ၃၀ | ၂၅ | ၂၃း ၀၄း ၀၇ | ၀း ၀၈း ၂၇ |
| ၂၆ | ၁၇း ၂၀း ၁၄ | ၁၇း ၄၃း ၃၄ | ၂၆ | ၂၃း ၀၀း ၁၁ | ၀း ၀၄း ၃၁ |
| ၂၇ | ၁၇း ၁၆း ၁၈ | ၁၇း ၃၉း ၃၈ | ၂၇ | ၂၂း ၅၆း ၁၅ | ၀း ၀၀း ၃၅ |
| ၂၈ | ၁၇း ၁၂း ၂၂ | ၁၇း ၃၅း ၄၂ | ၂၈ | ၂၂း ၅၂း ၁၉ | ၂၃း ၅၆း ၃၉ |
| ၂၉ | ၁၇း ၀၈း ၂၆ | ၁၇း ၃၁း ၄၆ | ၂၉ | ၂၂း ၄၈း ၂၃ | ၂၃း ၅၂း ၄၃ |
| ၃၀ | ၁၇း ၀၄း ၃၀ | ၁၇း ၂၇း ၅၀ | ၃၀ | ၂၂း ၄၄း ၂၇ | ၂၃း ၄၈း ၄၇ |
| ၃၁ | ၁၆း ၅၉း ၃၄ | ၁၇း ၂၃း ၅၄ | ၃၁ | ၂၂း ၄၀း ၃၁ | ၂၃း ၄၄း ၅၁ |



www.burmeseclassic.com

www.burmeseclassic.com

ယောနကဘိုးတောင်

# အောင်တော်မူသတ္တာနှင့်သစ်ပုံဘုရားများ

လူအမည် ကိုတင်ဝင်း၊ ကလောင်အမည် တည်ကြည်ကို စတင်သိရှိရသည်မှာ ၁၉၇၆ ခုနှစ်၊ ဩဂုတ်လတွင်ဖြစ်သည်။ မြဝတီပုံနှိပ်တိုက် အမှတ် (၁၈၄)၊ (၃၂) လမ်းတွင် စာမူခနှင့်စာအုပ်ထုတ်သွားချိန် ဖြစ်၏။ အယ်ဒီတာချုပ်မှာ ဦးဝင်းမောင် (မင်းယုဝေ) ဖြစ်သည်။ ငွေတာရီမဂ္ဂဇင်း အယ်ဒီတာများတွင် ဆရာလေးမြိုင်၊ထွဏ်းနေနွယ်၊ကိုချစ်စိန်တို့ ဖြစ်သည်။ ကျွန်ုပ်က ငွေတာရီမဂ္ဂဇင်း စာပဒေသာကဏ္ဍတွင် 'နတ်ခမ်းပေါင်းစုံဆုံသည့်ဘုံ'စာမူဖြစ်သည်။ကိုတည်ကြည်က ဟာသကလောင်ဝှက် 'သော်တာစိန်' နှင့် ဟာသဝတ္ထုပါသည်။ ကိုချစ်စိန် မိတ်ဆက်ပေးမှုကြောင့် ကိုတည်ကြည် စတင်သိရှိရ၏။

"ကိုတည်ကြည်၊ ဒါ ယောနက ဘိုးတောင်။ ကျုပ်တို့ ငွေတာရီ၊ မြဝတီ စာထွက်ပေါ့"


"ဟာ - လူကြီးထင်နေတာ၊ ငယ်ငယ်ရှိပါသေးလား။ ငါ့ညီတွေနဲ့ ရွယ်တူဖြစ်မှာပေါ့"

ကဗျာဆရာထွဏ်းနေနွယ်၊ ကိုချစ်စိန်၊ ကိုတည်ကြည်၊ ကျွန်တော်တို့ (၃၂) လမ်း ချစ်တီးလက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ကြသည်။ ကိုတည်ကြည်မှာ ထိုစဉ်က ထွက်သည်းဖို စုံထောက်ဝတ္ထု သိန်းနက်နှင့် ထင်ပေါ်သတင်းကြီးနေသည်။ ကျွန်ုပ် သိန်းနက်ကိုကြိုက်သည်။ သူရေးပုံက ဆွေလှိုင်ဦးလို လူငယ်ကြိုက်မရေး။ တည်တည်တံ့တံ့ ခံ့ခံ့ညားညား ဆရာရွှေဥဒေါင်း၏ ဦးစံရှားနှင့် ဦးသိန်းမောင်တို့ စုံထောက်ဝတ္ထုများဖြစ်သည်။ ကျွန်ုပ် ခရီးသွန်ကြားရေးမှူးချုပ်ရုံးက အလုပ်ထွက်၍ စာပေလောကထဲ ခြေစုံပစ်ဝင်လိုက်သည်။ ၁၉၈၀ပြည့်နှစ်လောက်တွင် ဘဏ္ဍာသိုလ်ဆရာမ စောမဥ္ဇူ (ဖျာပုံ) နှင့် လက်ထပ်လိုက်သည်။ စာပေလောကထဲ အချိန်ပြည့်ရောက်လာသည်။ ထိုစဉ်က ရွှေသို့၊ လုပ်သားဂျာနယ်၊ တောင်သူလယ်သမား၊ လူငယ်၊ တေဇ၊ ရွှေသွေး၊ ရှုမဝ၊ သွေးသောက်၊ တိုင်းရင်းမေ၊ ငွေတာရီ၊ သင့်ဘဝ၊ သောကြာတို့တွင် ဝင်ရောက်ရေးသားခဲ့သည်။

စစ်ပြန်မဂ္ဂဇင်း ထွက်လာသည်။ ကဗျာဆရာ မောင်မောင်အောင် အယ်ဒီတာလုပ်သည်။ နောက်တော့ ကလောင်အမည် အောင်သန်း(မန္တလေး) အမည်နှင့်ရေး၏။ ကိုတည်ကြည်ကို စစ်ပြန်မဂ္ဂဇင်းတွင် တွေ့ရသည်။ နောက်တော့ စာပေလုပ်သားမဂ္ဂဇင်းထွက်ပေါ်လာသည်။ မင်းကျော်၊ ညိုဝင်း၊ သူရဇော်တို့လုပ်ကြသည်။ စာပေလုပ်သားမဂ္ဂဇင်း ပုံနှိပ်တိုက် ပထမခေတ်တွင် အမျိုးသားစာပေပထမဆုရ ညိုဝင်းတို့ တာဝန်ခံအယ်ဒီတာလုပ်သောအခါ ကိုတည်ကြည်ကိုတွေ့ရသည်။ သူတို့အဖွဲ့ မောင်မောင်ဖြူ၊ ပွင့်လန်း (သတ္တုတွင်း)၊ ဆွေမြင့်၊ ညိုဝင်း စသောစာရေးဆရာအုပ်စုဆုံရပ်ဖြစ်လာသည်။

ထိုအချိန်က စနေနေ့သည် နေ့တစ်ဝက် ရုံးတက်ရသောခေတ်ဖြစ်၍ စနေနေ့တိုင်း လူစုံသည်။ စာအကြောင်းပေအကြောင်း၊ ဟောပြောပွဲအကြောင်း ပြောကြသည်။ ပျော်စရာကောင်းပါ၏။ နေနတ်မင်းတို့အုပ်စုက ဆရာတင့်တယ်၏ စန္ဒာမဂ္ဂဇင်းတွင် ဆုံရပ်ဖြစ်သည်။ စန္ဒာမဂ္ဂဇင်းတွင် မင်းသားကြီး ဝင်းဦး ဒကာခံသည်။ ဆရာကျော်အောင်၊ နတ်နွယ်၊ မြသန်းတင့်တို့ကိုလည်း ထိုဝိုင်းတွင် တွေ့မြင်ရသည်။ စာပေလောကမှာ ခဲစာလုံးခေတ်ဖြစ်သည်။ စန္ဒာသည်သာလျှင် အော့ဖဆက်နှင့်ရိုက်နှိပ်၍ အပ်ချုပ်စား ဖြစ်နေသည်။ ခေတ်မီစက်တွေပေါ်လာသည်။

၁၉၈၃ခုနှစ်လောက်ကထင်သည်။ ကျွန်ုပ်ကား ရွှေစိုးဟန်ထံ ပန်းချီအပ်ရန် ဝဇီရလက်ဖက်ရည်ဆိုင်အနီး ရွှေကြည်အေးတွင်စခန်းချနေသည်။ ဆူးလေလမ်းဘက်မှလာသောကိုတည်ကြည်လှမ်းခေါ်ကာ လက်ဖက်ရည်သောက်နေကြသည်။ ထိုအချိန်တွင် စာပေလောကဂုဏ်ထူးဘက်မှလှမ်းလာနေသော ကိုကျော်ထွန်း



သစ်ပုံမြတ်စွာဘုရားပုံ

www.burmeseclassic.com



သစ္စာအဓိဋ္ဌာန်အောင်၊ မေတ္တာကျင့်စဉ်အောင်
အောင်တော်မူသစ္စာမြွတ်စွာဘုရား

ကိုတွေ့ရ၍ ကျွန်ုပ် လက်ခုပ်တီး၍ခေါ်လိုက်သည်။ ကိုကျော်ထွန်း(ခနေဖြူ)ကား ကဗျာဆရာကြီး။ သင့်ဘဝတွင် ဘဝရေကြည်အိုင်ကဗျာခန်းဖွင့်၍ လူငယ်စင်တင်ပေးသူတည်း။ ဟာသတွင် ရှာမှရှားသော အီကြာကွေးဘွဲ့ရဆရာကြီးဖြစ်သည်။ အစကတော့ ကိုတည်ကြည်နှင့် ကိုကျော်ထွန်း (အီကြာကွေး) တို့ ပြုံးပြုံးချစ်ချစ်ကြည်ကြည်ပါ။ ကျွန်ုပ် အလှူဒါနပြုပါသော လက်ဖက်ရည်ကို သောက်ကြပါသည်။ ဖြုန်းဆို လက်ဖက်ခွက်ထဲ မုန်တိုင်းဝင်လာသည်။ ကျွန်ုပ်မသိပါ။

စာပေနောင်တော်ကြီးများ ကျောင်းတော်ကရန်စရှိ၏။

"ဟေ့ကောင် ကျော်ထွန်း၊ ငါ့ သိက္ခာကျမယ့်အလုပ်တွေမပြောနဲ့ ... တော့"

လူပုသလောက် စိတ်တိုတတ်

www.burmeseclassic.com

www.burmeseclassic.com

သော ကိုတည်ကြည်စ၍ ခပ်မာမာပြောလိုက်၏။ ခပေါင်းစီးကရက်ငွေ့အကြားထဲတွင်ဒေါသပုန်ထလေသည်။ ကိုကျော်ထွန်း (အီကြာကွေး) က ပထမတော့ပြုံး၊ နောက်တော့ ဒေါသထွက်လာဟန်တူ၏။ ကျွန်ုပ်သည် လက်ငှေကြိုးပြီးထဲသို့ ရန်စွာမည့်အစ်ကိုတော်နှစ်ဦးတွေ့ပေးလိုက်သလိုဖြစ်သွားတော့၏။

"ကျော်ထွန်းတဲ့ကွ၊ တနင်္လာသားများကွ၊ မဟုတ်ရင်မခံဘူး။ လာလေဗျာ"

"တည်ကြည်ကွ၊ စနေသား နဂါး၊ နေတက်ရေတက်ဖွား"

အသံပြိုင်ဟစ်ကာ နှစ်ဦးသားထိုးမည်ကြိတ်မည်တကဲကဲဖြစ်နေတော့၏။ ကျွန်ုပ်သည် နောင်တော်ကြီးများအကြား ဘုမသိဘမသိ ကြောင်တောင်တောင်ဖြစ်နေတော့သည်။ တစ်ယောက်ပြောမရ တစ်ဦးဆိုမရ ဆိုးသွမ်းသံသရာလည်နေပြီး ကျွန်ုပ် အလယ်ကလူတားဝဲလိုက်တော့၏။

"အစ်ကိုတို့၊ ခင်ဗျားတို့က ကျားတွေ နဂါးတွေလုပ်မနေနဲ့။ ကျုပ်ပြောရရင် ဘာအောက်မေ့နေသလဲ။ ဗုဒ္ဓဟူးသား ဆင်ကွ။ ထိုးတတ်၊ မွှေ့တတ်၊ ရိုက်တတ်တယ်။ တော်ကြပါတော့ဗျာ။ ကဲ-ကိုကျော်ထွန်းသွားတော့ဗျာ"

"ဟော့ကောင် ဘိုးထောင်၊ တည်ကြည်နဲ့မပေါင်းနဲ့၊ အကျင့်မကောင်းဘူး"

"အေးပါ၊ ကိုကျော်ထွန်း သွားပါတော့၊ လူတွေဝိုင်းကြည့်နေကြပြီ"

ကိုကျော်ထွန်း (အီကြာကွေး) ထွက်သွားတော့ ကိုတည်ကြည် ငူငူကြီးထိုင်နေသည်။ ခပေါင်းစီးကရက်ကိုအားရပါးရဖွာနေသည်။

"ကိုတည်ကြည်၊ ဂီလာနကိုဗျာသွားရန်စတယ်။ ကိုတည်ကြည် နိုင်နိုင်၊ နိုင်နိုင် ကျော်မကောင်းကြားမကောင်းဗျာ။ စိတ်ထိန်းမှပေါ့"

"အေးပါကွာ - ငါ့ညီရာ။ အစ်ကိုမှန်သွားတယ်"

"နောက်ပြီးတော့ အစ်ကိုတို့တစ်တွေက တစ်ရပ်တည်းသားတွေ။ ဥတ္တလာပသားတွေ ဘာလို့ရန်ဖြစ်ချင်ရတာလဲ။ ရှက်စရာကြီး"

ကိုတည်ကြည် ဘာမှမပြောတော့ပေ။ ရွှေကြည်အေးလက်ဖက်ရည်ဆိုင်မှ သုတ်သုတ်ဆင်းသွားတော့သည်။ဩော်-အစ်ကိုတည်ကြည်က ဘုန်းကြီးဝတ်နှင့်ထွန်းလင်တော်မူပြီ။ ကိုကျော်ထွန်းကလည်းသူ၏ နေဖြူမြို့ဘုရားကြီးတွင် ဘုရားတာ၊ ကျောင်းဒကာခံယူ၍ စာပေနယ်တွင် ပျောက်ကွယ်သွားကြပြီ။ သို့သော်တည်ကြည်ရေးခဲ့သော စာပေများကမွေးရနံ့သင်းစွာဖြင့် ကျန်ရစ်ခဲ့သည်။ ကိုကျော်ထွန်း(အီကြာကွေး)ရေးခဲ့သောကဗျာများ၊ စာများ အားတက်စရာရွှင်စရာအဖြစ် စာပေအမွေကျန်ရစ်ခဲ့သည်။

နှစ်ဦးစလုံးမရှိတော့မှ အစ်ကိုတော်များ၏ စိတ်ဆိုးစိတ်မဲများရေးသားလိုက်ခြင်းကို နောင်တမလွန်မှ အစ်ကိုသူတော်ကောင်းများ ခွင့်လွှတ်မည်ထင်ပါ၏။ ဆရာဖိုးကျော့စကားနှင့် ပြောရလျှင် ရွာသမိုင်း၊ ရပ်သမိုင်း၊ နိုင်ငံသမိုင်းဖြစ်ပါသည်ခင်ဗျား။

ကိုတည်ကြည်သီလဝဘာသာရေးစာစောင် ဦးစီးထုတ်ဝေသည်။ ယောဂီဝတ်စုံအညိုရောင်ဝတ်နေတော့သည်။ တစ်နေ့ အထက်အညာကို စာပေဟောပြောပွဲသွားရာ ထူးဆန်းသော သစ်ပျံသစ်ကို ရလာခဲ့သည်။ ကိုဖိုးကျော့မှ သစ်ပျံပုတီးရလာခဲ့သည်။ သီလဝတွင် သစ်ပျံအကြောင်း (၃)လဆက်တိုက်ကိုတည်ကြည်ရေးသားခဲ့သည်။ ကိုဖိုးကျော့လည်း မဂ္ဂဇင်းများတွင် ရေးသားခဲ့သည်။ ကိုတည်ကြည် သစ်ပျံမြတ်စွာဘုရားကထူးခြားသည်။ နွေရာသီတွင် ရေထွက်၍စိုစွတ်နေသည်။ သစ်ပျံဘုရားပုံတော်မှာထူးခြားသည်။ ပန်းပုဆရာကို အိမ်သို့ခေါ်၍ မြတ်စွာဘုရားပုံထုသည်ဟု သိရသည်။

ဝဋ္ဋသုတ်ကိုပူဇော်ရာတွင် ကပ်လှူထားသောသစ်သီးများ ကျောက်ဖြစ်သွား၏။ သစ္စာအဓိဋ္ဌာန်အောင်၊ မေတ္တာကျင့်စဥ်အောင်တော်မူသစ္စာမြတ်စွာဘုရားကိုအောင်၍ ဘုန်းတော်ကြီးဝတ်သွားသည်။ နောက်တော့ အရှင်နေမိန္ဒြမမ္မဝိဇ္ဇာအဖြစ်နှင့် မိုးကောင်းစေတီတော်အနီးတွင် ကျောင်းဆောက်၍ တရားကျင့်ကြံနေတော့၏။ နေမိန္ဒြ သာသနာအနှစ် မဂ္ဂင် (၈) ပါးအကျင့်လမ်း သီလ၊ သမာဓိ၊ ပညာ၊ ပိဋကသုံးပုံတည် (၁၁)ပါးမီးငြိမ်းစေအေးစေသော ငြိမ်းချမ်းရေးရွှေစေတီကို အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

၁၃၅၇ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ (၁၇-၃-၁၉၉၆) တနင်္ဂနွေနေ့ နံနက် (၃) နာရီ အုတ်မြစ်ချ ပထမအတွင်း ဌာပနာတိုက် အတည်ပြုသည်။

□ စေတီပွဲစည်းပုံအညွှန်း

(က) အောက်ခြေဖိနပ်တော်

ဒါနအရိပ်၊ သီလအရိပ်၊ သမာဓိအရိပ်၊ ပညာအရိပ် ဤလေးရိပ်သည် လွတ်မြောက်လိုသူတို့ မှီခိုရာအရိပ်ဟု အဓိပ္ပာယ်ဖွင့်၍ ဖိနပ်တော်ကို လေးထောင့်ဖြင့်ပြခြင်းသဘောဖြစ်သည်။

(ခ) ဒုတိယအဆင့်အဝိုင်းတော်

အနှိုင်းမဲ့မြတ်ဗုဒ္ဓ ထိုးထွင်းသိမြင်ဖော်ထုတ်ဟောကြားထားတော်မူသော သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ထိုသစ္စာလေးပါးတရားမိမိတို့ရုပ်၊ နာမ်ခန္ဓာငါးပါး (ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ) တို့၌ ထိုးထွင်းဖောက်ခွဲမမြင်သောပုဂ္ဂိုလ်သတ္တဝါတိုင်း တလှည့်လှည့်တပြောင်းပြောင်း တောက်လောင်နေသောသံသရာမီးခဲပေါ်မှာ အရိပ်ထင်မှားခိုနား၍ အပါယ်လေးပါးသွားရန် ပြင်ဆင်နေ၏ဟု အသိနှလုံးသွင်းနိုင်စေရန်နှင့် ထိုးထွင်းဖောက်ခွဲသိမြင်သူတိုင်း အပါယ်ဘေးမှ လွတ်မြောက်သော အေးငြိမ်းရိပ်ခိုသူများဟု အသိနှလုံးကပ်စေရန် သစ္စာလေးပါးကို အဝိုင်းသဏ္ဌာန်ဖြင့် ဖော်ကျူးပြထားခြင်း ဖြစ်ပါသည်။

(ဂ) တတိယအဆင့်အဝိုင်းတော်

**သင်္ခါရဒုက္ခာ** - သတ္တဝါတိုင်းသည် ပြုပြင်စီမံသမျှ ဒုက္ခအကျိုးသာခံစားရပြီး ရုပ်၊ နာမ်ခန္ဓာငါးပါး ထပ်ကာထပ်ကာဖြစ်ရခြင်းသည်ပင်လျှင် အို၊ နာ၊ သေ၊ ပဋိသန္ဓေတည်၊ မွေးပြီးရင်းမွေး၊ အိုပြီးရင်းအို၊ နာပြီးရင်းနာ၊ သေပြီးရင်းသေသော ဒုက္ခအကျိုးကို ထပ်ကာထပ်ကာဖြစ်မှု နှလုံးသွင်း၍မွေးဖွား အို၊ နာ၊ သေရသောအလုပ်မှန်လုပ်ရခြင်းအဖြစ်ဆိုးမှ လွတ်မြောက်လိုသောဆန္ဒ ပေါ်လွင်စေခြင်းငှာ ဖော်ကျူးခြင်း ဖြစ်သည်။

(ဃ) စတုတ္ထစေတီ၏ပလ္လင်တော်

ဖူးမြင်ရသည့်အတိုင်း တောင်းသည် (ပဋိက) ပိဋက-(န)တောင်းခြင်းတောင်း ပိဋကတ္တယ (န)-ပိဋကသုံးပုံ၊ ပိဋကတ်။ ပိဋကရေ(တီ) - ပိဋကကိုဆောင်သော၊ ပိဋကပရိယေသန (န) ခြင်းတောင်းကိုရှာခြင်း၊ ပိဋကသချာ(ကျ) - ပိဋကအရေအတွက် ကိုးကားပြပါ၍မြန်မာအဘိဓာန်ဦးဟုတ်စိန်၊ ဘီအေ (ဂုဏ်ထူး) ဘီအယ်(လ်) စုရုံးပေါင်းစပ် စီရင်အပ်သောစာအုပ်စာမျက်နှာ ၆၆၈/၆၆၉နှင့်အညီ ဝဏ္ဏသီရိ ရေးသားသော သင်္ဂါယနာသုံးတန်စာအုပ် စာမျက်နှာ(၂၇၃) ကြောင်းရေ (၁)၊ (၂)၊ (၃) တွင် ပိဋက ဟူသော ပုဒ်သည်-

၁။ သင်ယူပို့ချအပ်သော စာပေကျမ်းဂန်ဟူသောအနက်၊

www.burmeseclassic.com

www.burmeseclassic.com

၂။ ခြင်းတောင်း ဟူသော အနက်ကို ဟောသည်။

စာမျက်နှာ ၂၇၃၊ ကြောင်းရေ (၈) မှ (၁၂) ထိ၌ လူ့အသုံးအဆောင်ပစ္စည်းများကို အမျိုးအစားတူရာတူရာ ပေါင်း၍ ခြင်းတောင်းများမှာထည့်ထားရသကဲ့သို့ ဘုရားဟောသော ဒေသနာတော်များကိုလည်း သဘောတူရာတူရာ ပေါင်း၍ ဝိနည်းသုတ္တန်နှင့် အဘိဓမ္မာ ဟုဆိုအပ်သော (သီလ၊ သမာဓိ၊ ပညာ) ပိဋကသုံးပုံ-တောင်းကိုပလ္လင်တည်ထားပူဇော်၍ ထိုပိဋက - တောင်း၌ ပိဋကသုံးပုံ တူရာတူရာထည့်လျက် တင်းပြည့်တောင်းပြည့် ငြိမ်းအေးချမ်းသာသာယာဝပြောစည်ပင်စွာ ပေါင်းစုခံစားနေထိုင်ကြရမည့်သဘောကို ဖော်ကျူးထားသည့် ဒုတိယပလ္လင်ဌာပနာတိုက် ဖြစ်သည်။

တင်းတောင်း(ခြင်းတောင်း)မျက်နှာစာလေးဖက်တွင် မြင်တွေ့ရမည့် -

၁။ လူနှင့်ဘီလူး
၂။ နဂါးနှင့်ဂဠုန်
၃။ ဆင်နှင့်ကျား
၄။ ခြသေ့်နှင့် သားသမင်ရုပ်ပုံတို့သည် မတူညီသောသတ္တဝါများ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲ၍ ပိဋကသုံးပုံအား ထမ်းထားသည့် သရုပ်ထားခြင်း ဖြစ်သည်။

**(င) လေးမျက်နှာဖွင့် စာအုပ်လေးအုပ်သဏ္ဌာန်**

ဓမ္မကဗ္ဗာရှစ်သောင်းလေးထောင် အစုအဖွဲ့ရှိသော အနှိုင်းမဲ့ မြတ်ဗုဒ္ဓ၏ ဟောကြား လမ်းညွှန်ခဲ့တော်မူသော ယနေ့ သာသနာနှစ် ၂၅၄၇ မှ အရှည်တည်တံ့စည်ပင်လျက်ရှိဆဲရှိသော ပိဋကသုံးပုံ (ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ) တရားများတူရာတူရာစု၍ ပုံနှိပ်အက္ခရာတင်ထားသော စာအုပ်ပေါင်း (၄၀) အုပ်ပါဠိတော်အား ပိဋက-တောင်း။ တူရာတူရာတင်းတောင်းနှင့်ထည့်ထားသော ပိဋကတော်အုပ် (၄၀) ပါဠိတော်ကို ကြည်ညိုနိုင်စေရန်၊ အမြင်၌ထင်ရှားစေရန် လေးအုပ်လေးမျက်နှာဖွင့်စာအုပ်သဏ္ဌာန် စာမျက်နှာ၏အတွင်း၌ ပိဋကပါဠိအုပ် (၄၀) အစစ်ကို ထည့်သွင်းဌာပနာထားသော တတိယဌာပနာတိုက်ဖြစ်သည်။

**(စ) ငြိမ်းချမ်းရေးရွှေစေတီတော်**

ပိဋကပါဠိအုပ် (၄၀) ဌာပနာထားသော လေးမျက်နှာဖွင့်စာအုပ်သဏ္ဌာန်လေးအုပ်၏ အနောင့်လေးခုဆုံစည်းရာဌာန၌ ရွှေအစစ်ဖြင့် သွန်းလောင်းတည်ထားသောစေတီသည် အနှိုင်းမဲ့မြတ်စွာဗုဒ္ဓ၏ အနှိုင်းမဲ့ တဏှာမှကင်းရာတုန်ရာနိဗ္ဗာန်ကို မျက်မှောက်ပြု သက်တော်ထင်ရှားတည်နေသည်ဟု ယုံမှားကင်းစွာ ဒါနအခြေပြု သီလ၊ သမာဓိ၊ ပညာအကျင့်မြတ်အရိပ်မွှန်တွင် ခိုမှီ၍ မှန်းဆကြည်ညိုပူဇော်ထားသော ငြိမ်းချမ်းရေးရွှေစေတီတော် ဖြစ်သည်။

စေတီတော်အပြင်မှ မြင်ရသောလိုဏ်ဂူတော်သည် ဆဒ္ဒန်ဆင်မင်း မိမိအား သတ်ဖြတ်နှိပ်စက်ခြင်းအပေါ် သည်းခံ၍မရသည့်အဆုံး သည်းခံတော်မူ၍ နှိပ်စက်ညှဉ်းပန်းသူ၏ ချမ်းသာအကျိုးကိုသာ လိုလားသဘောပြုမူဆောင်ရွက်လျက် အသက်ပေးလှူခြင်းအား နှလုံးသွင်း၍ ပုဂ္ဂိုလ်သတ္တဝါအပေါင်း တစ်ဦးနှင့်တစ်ဦး၊ တစ်ဘုံသားနှင့်တစ်ဘုံသား၊ ကာယကံမေတ္တာ၊ဝစီကံမေတ္တာ၊ မနောကံမေတ္တာ အပြန်အလှန်ဖြည့်ဆည်းကြ၍ ကောင်းကျိုးများကို ဆန္ဒတူရာတူရာ လိုက်လျောညီထွေဖေးကူဝေမျှနိုင်ကြရန် အသိနှလုံးသွင်းနိုင်ရန် ဖော်ကျူးထားခြင်း ဖြစ်သည်။

ဤစေတီတော်၏ အရိပ်မွှန်ကွန်းခိုကြ၍ 'မျက်စိကိုဖွင့်၊ နားကိုစွင့် နှုတ်ဖွင့်သင်အံ၊ နိဗ္ဗာန်ဉာဏ်'၊ 'မျက်စိကိုဖွင့်၊ နားကိုစွင့်၊ သတိယှဉ်ထား၊ နိဗ္ဗာန်သွား'၊ 'မျက်စိကိုမှိတ်၊ နားကိုပိတ်၊ ဆိတ်ဆိတ်နေမှ နိဗ္ဗာန်ရ' ဟူသော ဆောင်ပုဒ်နှင့် အညီ မကောင်းသူဆယ်၊ ကောင်းသူကယ်မည် (အဓိပ္ပာယ် - မကောင်းသူဆယ် ဆိုသည်ကား ရတနာသုံးပါးအပေါ် မယုံကြည်သူအား ယုံကြည်မှုဖြစ်ပေါ်ရန်အဓိပ္ပာယ်ယူရန်နှင့် ကောင်းသူကယ်မည် ဆိုသည်ကား ရတနာသုံးပါးကို ယုံကြည်ခြင်းသံသရာမှာ မိမိပြုထားသော ကောင်းမှု့မကောင်းမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာမည်သော ကံ၊ကံ၏ အကျိုးကိုယုံကြည်ခြင်း၊ ဒါန၊ သီလ၊ သမာဓိ၊ ပညာ အကျင့်မြတ်ကိုကျင့်လျှင် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံအပြင် အို၊ နာ၊ သေဘေးက လွတ်မြောက်သောချမ်းသာကို မျက်မှောက်ပြုစေသော အမြတ်ဆုံးချမ်းသာကို ခံစားရနိုင်၏ဟု ယုံကြည်ခြင်း၊ ကျန်းမာသန်စွမ်းမှုသင့်တင့်ပြည့်စုံခြင်း၊ စိတ်ထားကောင်းမွန်ခြင်း၊ ဝီရိယရှိခြင်း၊ ဉာဏ်ပညာသင့်တင့်စွာ ပြည့်စုံခြင်းရှိသော ကောင်းသူအား ပေါင်းစုကူညီဖြည့်ဆည်းထောက်ပံ့ကြ၍ သီလ၊ သမာဓိ၊ ပညာကို ကျင့်နိုင်အောင်ဆောင်ကျဉ်းပေးခြင်းသည် ကောင်းသူကယ်မည်ဟု အဓိပ္ပာယ်ယူကြ၍ လက်ရည်တစ်ပြင်စီး ရှေးကထက်ပိုရှိကြ၍ သူထမင်းငါ့ထမင်း မခွဲယူ၍၊ သူဟင်းငါ့ဟင်းမခွဲဟူ၍၊ သူမုန့်ငါမုန့်မခွဲဟူ၍၊ သူလူငါ့လူမခွဲဟူ၍ သစ္စာဖွဲ့မူ၊ သူလည်းမရှိ ငါလည်းမရှိ မတူသမျှဖယ်၍ တူသမျှပေါင်း၍ အရိပ်တကာအရိပ်များမှ အမြတ်ဆုံး အနှိုင်းမဲ့မြတ်ဗုဒ္ဓ၏ ဓမ္မရိပ်မှ အတူတကွငြိမ်းချမ်းစွာခိုနားကြ၍ အနိမ့်ဆုံးသူတော်ကောင်းတရားနှင့်ပြည့်စုံရေး၊ ထိုထက်လွန်မူ အပါယ်လေးပါးဘယ်သော အခါမှမသွားသောအကျိုးရရှိရေး၊ စွမ်းရည်ထက်မူ ဒီဘဝ၌ပင် သံသရာအပြေးရပ်စေသော ငြိမ်းအေးပြည်နိဗ္ဗာန်စံဝင်နိုင်ရေးအတွက် အဓိကရည်ရွယ်ခြင်းဖြစ်သည်။

ရွှေစေတီ မ,တည်အလှူရှင်များနှင့် ဖြည့်ဆည်းအလှူရှင်များကိုလည်း အောက်ပါအတိုင်း မှတ်တမ်းတင်ထားရှိပါသည်။

**၁။ ပင်ရင်းမတည်အလှူရှင်**

အမည်မဖော်လိုသော မန္တလေးတောင်မိသားစု

**၂။ မတည်အလှူရှင်**

ဦးနေဇင်လတ် - ဒေါ်ခင်စန်း (AMBO Co. Lid)

**၃။ ဖြည့်ဆည်းအလှူရှင်များ**

ရဟန်းအမကြီးဒေါ်နုနုဝေ
ဦးထွန်းသာ(မောင်ရဲဝင်း)-ဒေါ်ယဉ်သန်း (ကုစ္ဆာသယသက်န်းတိုက်)
ဒု-ဗိုလ်မှူးကြီးစိန်လှ (ငြိမ်း) - ဒေါ်မြင့်မြင့်ဝင်း (နောင်အင်းလေးမိသားစု)
ဒေါ်ခင်ညွန့် (ဩစတြေးလျ)
မခိုင်ဇော် (Earth Industrial Myanmar Co.Lid)
ဒေါက်တာခင်မောင်ဇော်-ဒေါ်ခိုင်ခိုင်အေး (ကမ္ဘာသစ်အချောထည်စက်ရုံ)
ဦးဝင်းမင်းထွေး - ဒေါ်နီလာဆွေနေမိန္ဒြမိသားစုအပေါင်းအစု

ငြိမ်းချမ်းရေး ရွှေစေတီတော်ကို ဖူးမြော်ကြည်ညိုလိုသူအပေါင်း နေမိန္ဒြဓမ္မအေးရိပ်စခန်း (နေမိန္ဒြအေးရိပ်သာဓမ္မတရားကျောင်းအမှတ် (၃) လမ်းမကြီး တံခွန်တိုင်ကျေးရွာ လှည်းကူးမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် သွားရောက် ဖူးမြော်ကြည်ညိုနိုင်ပါသည်။

*နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ*

*ယောနကဘိဝံသ*



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# အတည့်ပါတ်နှင့် ဝစီပိတ်ကိုယ်တော်များ

ဖေဖော်ဝါရီလ ၆ ရက်၊ ကြာသပတေးနေ့၊ နံနက် (၁၁) နာရီအချိန်က ကျိုက်လတ်မြို့ အ-ထ-က (၁) ကျောင်းတွင် ကျောင်းသားများအား စာဖတ်ရှိန်မြှင့်တင်ရေးနှင့်စာမဖတ်သူပပျောက်ရေး စာပေဟောပြောပွဲတွင် ဟောပြောအပြီး အိမ်တွင် ခေတ္တနားနေခိုက် ကျွန်ုပ်ထံသို့ တပည့်တစ်ဦးဝင်လာ၏။ သူနှင့် ကျွန်ုပ်မတွေ့သည်မှာ ကာလအတော်ကြာနေ၍ သူ့ကိုမြင်တော့အံ့အားသင့်နေသည်။

သူက ကျွန်ုပ်အား -

"ဆရာ၊ ကျွန်တော့်ကို မမှတ်မိဘူးလား"

ဟု မေးသည်။

ကျွန်ုပ်ကလည်း သူ့ကိုပြန်ပြောရသည်။

"မတွေ့တာကြာတော့ မျက်စိကလည်းဝေတယ်။ အနီးကပ်တော့မှ မင်းရဲ့ရုပ်ကို မှတ်မိတယ်။ မင်း အောင်ခင် မဟုတ်လား"

ဟု မေးလိုက်သည်။

"ဆရာမှတ်မိသားပဲ"

ဟု ဆို၏။

"အေး - မင်းမိသားစုတွေကော နေထိုင်ကောင်းကြရဲ့လား"

"ကောင်းပါတယ် ဆရာ"

ဟု ပြန်ပြောသည်။

ကျွန်ုပ်က -

"ငါ့ဆီကိုလာတာဘာကိစ္စရှိလို့လဲ"

"ဆရာ့ဆီ တစ်လောကလာသေးတယ်။ ဆရာခရီးသွားနေတယ်ဆိုလို့ ဆရာနဲ့မတွေ့ရတာ။ အခုလာတာက ဆရာနှင့်လည်းတွေ့ချင်တယ်။ မေးချင်တဲ့အကြောင်းအရာတစ်ခုကို သိချင်လို့ပါ"

"ဘာအကြောင်းများလဲကွ"

"ဒီလိုပါဆရာ၊ လွန်ခဲ့တဲ့ (၄) လလောက်က ရွာကို ဘုန်းကြီးတစ်ပါးနဲ့ လူတစ်ယောက် ရောက်လာကြတယ်။ ရွာထဲက ကြေးရတတ်သူဌေးအိမ်မှာ တစ်ပတ်လောက်နေသွားကြတယ်ဆရာ။ အဲဒီကိုယ်တော်က ဝစီပိတ်ကျင့်ပြီး နိုင်ငံအနှံ့ဘုရားလိုက်တည်နေတယ်ပြောတာပဲ။ ရွာကသူဌေးရန်ကုန်သွားရင် ရန်ကုန်က သူမိတ်ဆွေအိမ်မှာတွေ့ကြပြီး သူက ပင့်လို့ကြွလာတာလို့ ပြောတာပဲ"

ကျွန်ုပ်က စကားဖြတ်မေးလိုက်သည်။

"ရွာရောက်တော့ ဘာတွေဖြစ်၊ ဘာတွေပြောကြသလဲ"

"ထုံးစံအတိုင်းပေါ့ ဆရာရယ်၊ ရွာက အမျိုးသမီးတွေ တဖွဲဖွဲရောက်လာကြပြီး အဲဒီကိုယ်တော်ကို လှူကြတန်းကြတာပေါ့"

"ဝစီပိတ်ကိုယ်တော်က ဘယ်လိုအလှူခံသလဲ"

"သူနဲ့ပါလာတဲ့သူကို စာရေးပေးတယ်။ ဒီရွာကိုလာရတာက အထက်ပုဂ္ဂိုလ်ကြီးများက အမိန့်တော်ရှိလို့ ပဋ္ဌာန်းဆက်ရှိတဲ့ ဆွေတော်မျိုးတော်တွေနဲ့ ဘုရားတည်ဖို့ပဲ။ စေတနာသဒ္ဓါတရားရှိသောသူများ နည်းသည်၊ များသည်အကြောင်းမဟုတ်။ လှူသည်သာပဓာန၊ ပဋ္ဌာန်းဆက်ရှိတဲ့ ဆွေတော်မျိုးတွေကို ချီးမြှင့်ပေးဖို့ ဘုန်းကံကြီးမားပြီး လာဘ်လာဘပစ္စည်းဥစ္စာပေါများရရှိစေနိုင်သော ပုဂံပြည့်ရှင် အနော်ရထာမင်းစောမတိုင်မီကဘုရင်ဖြစ်ခဲ့တဲ့ ကွမ်းဆော်ကျောင်းဖြူမင်းကို သိကြားမင်းဆက်သခဲ့တဲ့ 'ဒဇပယ' လေးကွက်အင်းကြေးပြားအင်းကိုငွေလှူသူများကိုပေးတယ်။ အင်းအမည်က ဒဇပယအင်းခေါ်တယ်ဆရာ။ အမျိုးသမီးတွေက အများဆုံးပါပဲ။ ရွာမှာနေတဲ့တစ်ပတ်အတွင်းမှာ ကျွန်တော်တို့ရွာတင်မက သတင်းကြားအရ ရွာနီးချုပ်စပ် အနီးအနားရွာများကပါ လာရောက် လှူဒါန်းကြတာ လူတွေကို မနည်းပါဘူးခင် ဗျာ"

"မင်းပြောတဲ့ဘုန်းကြီးက ဝစီပိတ်ကျင့်နေတယ်ဆိုတော့ ဘယ်သူတွေကို ဘာပြောဟောမလဲ။ကံသုံးပါးမှာ ကာယကံ၊ ဝစီကံ၊ မနောကံရှိတယ်။ ပါးစပ်ပိတ်တဲ့ဝစီကံအရ ပါးစပ်ပိတ်ထားရင် ကာယကံနဲ့ ဘာတွေကျင့်နေသလဲ။ မနောကံနဲ့ကျင့်မယ်ဆိုရင်ကော ဘာတွေစိတ်ထဲမှာရှိမလဲ"

"သူနဲ့ပါလာတာက စာအုပ်တစ်အုပ်နဲ့ ဘော(လ်)ပင်တစ်ချောင်းပါပဲ။ စာအုပ်ထဲမှာ စာရေးပြီးတော့ သူ့တပည့်ကိုပေးတယ်။ သူ့တပည့်က စာကိုဖတ်ပြီး ပြောပြရတယ်"

"ဟ - ဒါဖြင့်မင်းပြောတဲ့ဘုန်းကြီးက အ,အပဲကွ။ စကားမပြောတတ်တဲ့သူတွေက စာရေးပြတယ်။ လက်ဟန်ခြေဟန်နဲ့ပြတယ်။ တို့ဗုဒ္ဓဘာသာဝင်တွေဟာ များသောအားဖြင့် ဘာသာရေး၊ ဓမ္မစာပေများနဲ့ ကင်းဝေးနေသူတွေ၊ ဖတ်ရှုလေ့လာမှုမပြုသူတွေများပါတယ်။ ဘာသာရေးကိစ္စများနဲ့ ပတ်သက်ပြီး ဗဟုသုတအားနည်းသူတွေဟာ ကိုယ်ပိုင်ဉာဏ်၊ စဉ်းစားချင့်ချိန်တတ်တဲ့ဉာဏ်မရှိတဲ့အတွက် သူတို့မကြုံဘူး၊ မကြားဘူးတဲ့ ရေဆွမ်းကိုယ်တော်၊ ဆားဆွမ်းကိုယ်တော်၊ ဝစီပိတ်ကိုယ်တော်၊ သဲဆွမ်းကိုယ်တော်ဆိုတဲ့ အမျိုးမျိုးသောပုဂ္ဂိုလ်တွေဟာ လူအများအထင်ကြီးအောင် အဲဒီအကျင့်တွေကိုဗန်းပြီး တပည့်လူဒလန်တွေနဲ့ လာဘ်သပ္ပကာရှာမှီး နာမည်ကြီးအောင် မိစ္ဆာဇီဝမတရားလိမ်ကောက်ပြီး အသက်မွေးမှုလုပ်နေကြတာကွ။ ရေဆွမ်းကိုယ်တော်ဆိုတာမျိုး၊ ဘာမှမစားဘဲ ရေချည်းသောက်နေတဲ့ သူ့ခန္ဓာကိုယ်မှာ အသက်ရှင်နိုင်အောင် အာဟာရဓာတ်တွေဘယ်ကရမလဲ။ လူလစ်ရင် အစားစားတာတောင် လူမသိအောင်ခိုးစားနေရမှာ။ ပညာအသိဉာဏ်မရှိတဲ့ သူများပြောတာယုံလွယ်သူတဲ့သူတွေက သူတို့ကို သူတော်စင်သူတော်

www.burmeseclassic.com

မြတ်၊ ပုဂ္ဂိုလ်ထူးတွေထင်ပြီး ထစ်ခနဲ သတင်းကြားတာနဲ့ ချက်ချင်းသွားကြတာပဲ။ ရခိုင်နှုန်းများများက အမျိုးသမီးတွေပဲ။ ယုံကြည်လွယ်ကြတယ်။ ချမ်းသာချင်ကြတယ်။ လောဘများများကြီးရင် များများအလိမ်ခံရတတ်တယ်။ လိမ်မယ့်သူတွေကလည်း လောဘဇောကြောင့် မစဉ်းစား မချင့်ချိန်နိုင်ဘဲ အသိဉာဏ်မရှိတော့တဲ့ ပုဂ္ဂိုလ်မျိုးတွေကို ရှာနေတာနဲ့ အတော်ပဲပေါ့။ ဝိစီပိတ်ကိုယ်တော်တွေက တို့နိုင်ငံမှာတော်တော်ရှိနေသေးတယ်"

"ဟုတ်တယ်ဆရာ၊ သူတို့ကအမျိုးသမီးဒလန်တွေနဲ့တောင် သတင်းလွှင့်စည်းရုံးပြီး ဝိစီပိတ်ကိုယ်တော်ရှိရာကို လမ်းညွှန်ပို့ပေးရာက အလိမ်ခံပုဂ္ဂိုလ်များမှာ ကိုးကွယ်မှားဖြစ်ကုန်ကြတာ ကျွန်တော်ကြားဖူးတယ် ဆရာ"

"အေး- မင်းလည်း အသက် (၆၀) ကျော်ရောပေါ့"

"ဟုတ်ပါတယ် ဆရာ၊ အသက် (၆၁) နှစ်ရှိပါပြီ"

"မင်းကိုဝစီပိတ်အကျင့်နဲ့ပတ်သက်လို့ ဗဟုသုတနည်းနည်းပေးလိုက်ပါဦးမယ်။ မြတ်စွာဘုရားရှင်က ဝစီပိတ်အကျင့်ကိုကျင့်သူသည် အ,အအကျင့်၊ အရူးအကျင့်၊ တိရစ္ဆာန်အကျင့်၊ တိတ္ထိအကျင့်ဖြစ်သောကြောင့် မည်သည့်အခါမျှ မကျင့်ရ၊ ကျင့်သော ရဟန်း ဒုက္ကဋ်အာပတ်သင့်စေ။

(ဝိနည်းမဟာဝါ ပါဠိတော်
ပဝါရဏက္ခန္ဓသုတ်)

ဓမ္မစာပေနှင့် ကင်းဝေးသူများအထင်ကြီးလျက်ရှိသော ဝစီပိတ်အကျင့်အပေါ်တွင် ဘုရားရှင်က အထက်ပါအတိုင်း မိန့်တော်မူခဲ့၏။ ဘုရားရှင်၏ အထက်ပါ စကားတော်ကို မသိရှိသူများ၊ ကိုယ်ပိုင်စဉ်းစားဉာဏ်အားနည်းသူများသည် ဝစီပိတ်အကျင့်ကို အကျင့်ထူးအကျင့်မြတ်ဟု ထင်မှတ်မှားနေကြသည်။

လုပ်သမျှ ဘာသာရေးကိစ္စတိုင်း၌ ဗုဒ္ဓအလိုတော်ကျ နည်းပါးလှသောကြောင့် ဘာသာရေးအခြေမကျရှာသော ခေတ်လူတို့အတွက် မီးလောင်ရာလေပင့်သကဲ့သို့ အဆင့်ဆင့်ထင်မှားဖွယ် အသွယ်သွယ်များလာလေတော့သည်ဟု၍ ကျေးဇူးတော်ရှင်ဖြစ်သော အရှင်ဇနကာဘိဝံသဆရာတော်ကြီးက မိန့်တော်မူခဲ့ဖူးပါ၏။

ဘာသာရေးဓမ္မစာပေများကိုဖတ်ရှုလေ့လာမှုမပြုလာဘဲနှင့် ဘာသာရေးကိစ္စများ၌ နားလည်ဖို့မလွယ်၊ ယင်းသို့ နားမလည်သောအခါ ဘုရားမဟောသည်ကို ဟောသည်ဟု ထင်တတ်ကြသည်။ ဗုဒ္ဓအလိုတော်ကျမဟုတ်သည်များကို ဗုဒ္ဓအလိုတော်ကျဟု ထင်မှားတတ်ကြသည်။ ဘုရားမချီးမွမ်းသော အကျင့်ကို အကျင့်ထူးအကျင့်မြတ်ဟု ထင်မှားတတ်သည်။ အထူးသဖြင့် ယခုအချိန်အခါတွင် . တန္တရ၊ မန္တရ၊ ယန္တရဝါဒတို့ကိုယ်စားပြုရာ ဂမ္ဘီရစာပေများမှာ တွင်ကျယ် ပျံ့နှံ့လျက်ရှိရာ ထိုစာပေတို့၏သွေးဆောင်ဖြားယောင်းမှုများကြောင့် ဘာသာရေးဆိုင်ရာကိစ္စများ၌ အထင်မှားဖွယ်အသွယ်သွယ်ကို ပြုမိမှားတတ်၊ ကိုးကွယ်မှားတတ်ကြပေသည်။

ထိုသို့ အထင်မှားဖွယ်အသွယ်သွယ်ရှိရာတွင် ဝစီပိတ်ကျင့်စဉ်ကို ကျင့်စဉ်ကောင်း၊ ကျင့်စဉ်မြတ်အဖြစ်လည်းကောင်း၊ ဝစီပိတ်အကျင့်ကျင့်သူကို သူတော်စင်ပုဂ္ဂိုလ်ထူးအဖြစ် လည်းကောင်း ထင်မှတ်မှားခြင်းလည်းပါဝင်၏။ ထိုသို့ ထင်မှတ်မှားခြင်းကို အခွင့်အရေးတစ်ရပ်ပမာ အသုံးချလျက် မသမာသူတို့က ဝစီပိတ်အကျင့်ကိုဗန်းပြပြီး လာဘ်လာဘများကို ရှာမှီးကြသည်။

အမှန်မှာ နှုတ်ခမ်း ဟူသည် လုံးဝပိတ်ထားဖို့မဟုတ်။ လူသားအချင်းချင်း စကားဖြင့် အဆက်အသွယ်ပြုရသည်။ နှုတ်ပိတ်နေမည့်အစား လူအများအား ကုသိုလ်ကိုဆောင်၊ အကုသိုလ်ကို ရှောင်ဖို့ပြောကြားမည်။ တရားဓမ္မ၌ မွေ့လျော်ပြီး အဓမ္မ၌ မသက်ဝင်ရန် ဟောကြားမည်ဆိုပါက မိမိအတွက်လည်း ကုသိုလ်ရ၍ ကြားနာရသူပုဂ္ဂိုလ်များအတွက်လည်း အကျိုးကျေးဇူး တစ်စုံတစ်ရာ ကျိန်းသေမုချ ဖြစ်ထွန်းပါလိမ့်မည်။ ပိတ်နေသောနှုတ်သည် ဘာကိုမှမစွမ်းဆောင်နိုင်ပါ။ မည်သည့်ကောင်းကျိုးကိုမျှ မသယ်ပိုးနိုင်။ ဓမ္မကိုဟောကြားသော နှုတ်ကသာ သာသနာ့အကျိုးများကို သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

စင်စစ်သော် ဘုရားရှင်ကဝစီပိတ်အကျင့်ကို ကျင့်ဖို့မတိုက်တွန်းရုံမျှမက ဝစီပိတ်အကျင့်ကိုမကျင့်ရန်ပင် ဝိနည်းသိက္ခာပုဒ်ပြဋ္ဌာန်းထားတော်မူ၍တားမြစ်တော်မူခဲ့ပါသည်။

မော်ကျွန်းမြို့မှ အရှင်ပဏ္ဍိတဆရာတော်က ဝစီပိတ်အကျင့်စသည်ကိုလည်း မသိသူတို့က အကျင့်မြတ်တစ်ခုဟု ထင်မှတ်နေကြသော်လည်း အမှန်စင်စစ်ကား ဘုရားရှင်ပိတ်ပင်ထားမြစ်တော်မူခဲ့သောအကျင့်တို့သာတည်း။ ဤအကျင့်ဖြင့်နေထိုင်ခြင်းမှာ ဘုရားရှင်မိန့်တော်မူခဲ့သည့်တိရစ္ဆာန်တို့နေထိုင်ခြင်းမျိုးဖြင့် နေထိုင်ခြင်းဖြစ်၏။ ယင်းအကျင့်မှာ သာသနာပြင်ပတိတ္ထိတို့၏ (သူအ) အကျင့်သာ ဖြစ်၏။ ဤသို့ဘုရားဟောကြားထားသည်ကို မကြားဘူး၊မတွေ့ဘူးသေးသောသူတို့အတွက်ကား ထိုအကျင့်မျိုးမှာ တကယ့်အကျင့်ကောင်းကြီးတစ်ခုသဖွယ်ဖြစ်နေရပေသည်ဟု မိန့်မြွက်တော်မူဖူးသည်။

မြတ်ဗုဒ္ဓ၏ သာသနာတော်အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲ ထွန်းကားကြီးပွားတိုးတက်စေရန် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်းတွင် သာသနာ့အခြေခံအသိတရားရှိရန်နှင့် ကျင့်ဆောင်ရန်တာဝန်ရှိပေသည်။ ဘာသာရေးစာပေများကို ဖတ်ရှုလေ့လာမှုအားနည်းသူများနှင့် ယနေ့ခေတ်တွင် မိရိုးဖလာဗုဒ္ဓဘာသာဝင်အမည်ခံထားသော ကျောင်းသူကျောင်းသားများ လူငယ်လူရွယ် အမျိုးသမီး၊ အမျိုးသားတို့အား မြတ်ဗုဒ္ဓ၏ သာသနာ့အခြေခံဖြစ်သည့် (က) သာသနာ၊ (ခ) သာသနာဝင်၊ (ဂ) သာသနာတော် (၃) ရပ်တို့ရှိသည်တွင် -

**□ သာသနာ**

သာသနာတော်၏ အကျဉ်းချုပ်အဓိပ္ပာယ်မှာ သုံးလောကထွက်တင် သဗ္ဗညုတ မြတ်ဘုရားရှင်၏ အဆုံးအမ ဩဝါဒလမ်းညွှန်တရားတော်များဟူ၍ အဓိပ္ပာယ်ရသည်။ မြတ်ဗုဒ္ဓဘုရားရှင်၏ သာသနာတော်သည် နှစ်ပေါင်း ၂၅၅၇ ကျော်လာသည့် ယနေ့တိုင်အောင်ပင် တည်တံ့ခိုင်မြဲ အစွန့်ရှည်ဆဲ၊ ပြန့်ပွားစည်ပင်ဆဲဖြစ်နေသည်မှာ မြတ်ဗုဒ္ဓသာသနာတော်၏ ထူးခြားချက်ဖြစ်ပေသည်။

**□ သာသနာဝင်**

သာသနာဝင် ဆိုသည်မှာကား ရှင်တော်မြတ်ဘုရား၏ အဆုံးအမ ဩဝါဒလမ်းညွှန်တရားဓမ္မတော်များကို ယုံကြည်သက်ဝင် ခံယူကျင့်သုံးနေကြသည့် ဝေနေယျပုဂ္ဂိုလ်အပေါင်းတို့ကို မြတ်ဗုဒ္ဓ၏သာသနာဝင်များဟုခေါ်သည်။

**□ သာသနာတော်သုံးရပ်**

၁။ ပရိယတ္တိသာသနာ
၂။ ပဋိပတ္တိသာသနာ
၃။ ပဋိဝေဓသာသနာ



www.burmeseclassic.com

www.burmeseclassic.com

**[illegible]ရိယတ္တိသာသနာ**

မြတ်စွာဘုရား ဟောကြားတော်မူ[illegible] ပဋိကတ်သုံးပုံပါဠိတော်၊ အဋ္ဌ[illegible] ဋီကာများ၊ စာပေများကို လေ့လာ[illegible] မှတ်သားခြင်း၊ အားထုတ်သင်ကြား[illegible] (တစ်နည်းအားဖြင့်) သင်ယူရမည့်[illegible]ညွှန်သဘောတရား ဟူသော [illegible]သနာတော်၏ အဲဆုံးအမများ ဖြစ်[illegible]

**[illegible]ပတ္တိသာသနာ**

သီလ၊ သမာဓိ၊ ပညာတရားများ[illegible] မိမိ၌ တိုးပွား များပြားလာစေရန် [illegible]တ္တိသာသနာနှင့်အညီ လက်တွေ့[illegible]နာကျင့်ကြံအားထုတ်မှု၊ သမထ [illegible] ဝိပဿနာ တရားနှစ်ပါးနှင့်အညီ [illegible]တွေ့ကျင့်သုံးရမည်ဟူသော ဘုရား [illegible]သနာတော်၏ အဆုံးအမများဖြစ်[illegible]

**[illegible]ဝေဓသာသနာ**

မြတ်ဘုရားရှင်၏ အဆုံးအမ[illegible] လမ်းညွှန်တရားတော်များနှင့် [illegible] လက်တွေ့ ကျင့်ကြံ အားထုတ်မှု[illegible]ရရှိသော မဂ်ဖိုလ်နိဗ္ဗာန်ဟူသည့် [illegible]သနာတော်၏အဆုံးအမ (တစ်နည်း [illegible]ဖြင့်) ပရိယတ္တိသာသနာတော်၏ [illegible]အမများနှင့်အညီ ပဋိပတ္တိသာသ[illegible]တော်ကို ကျင့်ကြံပွားများအားထုတ်[illegible] ဈာန်သမာပတ်၊ မဂ်ဖိုလ်နိဗ္ဗာန်[illegible]များကို ကိုယ်တိုင်ထိုးထွင်း၍ [illegible]ပေါက်ရောက်လာသော အကျိုး[illegible] မဂ်ဉာဏ်ဖြင့် ထွင်းဖောက်သိမြင်[illegible]သနာဖြစ်၏။

"တဲ - မောင်အောင်ခင်ရေ ဆရာ[illegible]နှစ်ယောက် စကားကောင်းနေ[illegible]တာ အချိန်တော်တော်ကြာသွား[illegible] မင်းလည်းညောင်းရောပေါ့"

"မညောင်းပါဘူးဆရာ၊ အဖိုးတန်[illegible]သာရေးနဲ့ပတ်သက်တဲ့ဗဟုသုတ[illegible]ရတာမို့ ဆရာ့ဆီလာရတာ လာ[illegible]နပ်ပါတယ်ခင်ဗျာ။ ကျွန်တော်[illegible]ဦးမယ်"

ဟု ဆိုကာ ကျွန်ုပ်အားကန်တော့[illegible]သွားပါတော့သည်။

လောကအလုံး၌ အမြတ်ဆုံးဖြစ်[illegible] ရတနာမြတ်သုံးပါးကို သဒ္ဓါနှင့် [illegible] မှုတစ္စာဖြင့် စနစ်တကျ ပူဇော်[illegible]ဘ် အလေးအမြတ်ပြုနိုင်ကြပါ[illegible]

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

# ကြံ့သတ္တဝါနဲ့ပတ်သက်တဲ့ ဆေးမှတ်တမ်းလေးတစ်ခု

ရှေးလူကြီးများရဲ့ ပြောဆိုခဲ့တဲ့ စကားများအရ ကြံ့သတ္တဝါတွင် ရေကြံ့၊ ကုန်းကြံ့ဆိုပြီး ကြံ့နှစ်မျိုးရှိပါသတဲ့။ ဒီကြံ့နှစ်မျိုးမှာ ရေကြံ့ဟာ လူတွေအတွက် ဆေးဖက်အဝင်ဆုံးသတ္တဝါဖြစ်တယ်လို့ ဆိုပါတယ်။ အထူးသဖြင့် ကြံ့ချိုဟာ ဆေးဖက်အဝင်ဆုံး ဖြစ်ပါတယ်။

ဘယ်လိုပင် အဖျားတက်ပြီး အပူကြီးနေပါစေ ကြံ့ချိုကို ဓားနဲ့ အမှုန့်လေးများခြစ်ချပြီး ရေနွေးနဲ့တိုက်ကျွေးလိုက်ပါက မိနစ်ပိုင်းအတွင်း အပူကျပါတယ်။ မန္တလေး မတ္တရာမြို့ကမိတ်ဆွေတစ်ဦးရဲ့ (၁၁) နှစ်အရွယ် သမီးလေးအဖျားဝင်ပြီး အပူကြီးနေတာဟာ (၁၀၆)၊ (၁၀၇)ဒီဂရီ ရှိနေပါတယ်။ ဆရာဝန်နှစ်ဦး ပြောင်းလဲကုပေမယ့် အဖျားမကျဘဲ ကလေးဟာ တက်နေပါတယ်။ လူနာလာမေးတဲ့ မိတ်ဆွေတစ်ဦးက အိမ်ပြန်ပြီး ဆေးယူကာတိုက်လိုက်မှ အဖျားကျသွားပြီး လူကောင်းကပတိပြန်ဖြစ်ခဲ့ပါတယ်။ ဆရာဝန်များပင် အံ့ဩကြပါတယ်။ အဲဒီဆေးက ကြံ့ချိုပင်ဖြစ်ကြောင်း သိရပါတယ်။

နောက်တစ်ခုက မိတ်ဆွေတစ်ဦးရဲ့ဇနီးဟာ ကိုယ်ဝန် (၃) လရှိနေစဉ် ကိုယ်ဝန်ပျက်ကျပါတယ်။ သွေးအဆင်းများလွန်းတဲ့အတွက် ခန္ဓာကိုယ်ဟာ ဖြူဖပ်ဖြူရော်ဖြစ်ပြီးသွေးအိုင်ထဲမှာလဲနေပါတယ်။ သူမခင်ပွန်းဟာ အခြေအနေကိုသိသွားတဲ့အတွက် ကြံ့ချိုကိုခြစ်ပြီး တိုက်ပါတယ်။ သန့်ရှင်းရေးလုပ်၊ အဝတ်အစားလဲပေးပြီး မနက် (၄) နာရီမှာ တစ်ကြိမ်ထပ်တိုက်ပါတယ်။ မနက် (၆) နာရီမှာ ဆရာဝန်ဆီသွားပြီးပြပါတယ်။ ဆရာဝန်က ဘယ်ဆရာဝန်ဆီမှာပြခဲ့သေးသလဲမေးပါတယ်။ ဘယ်ဆရာဝန်မှ မပြကြောင်းပြောတော့ လူနာဟာသွေးပေါင်ချိန်လည်းမှန်နေတယ်။ မျက်နှာမှာလည်း ပုံမှန်သွေးရောင်လွှမ်းနေကြောင်း ပြောပါတယ်။ အမှန်တော့ ကြံ့ချိုရဲ့အစွမ်းဖြစ်ပါတယ်။

နောက်တစ်ခုက အရပ်ထဲမှာ လင်မယားနှစ်ယောက် စကားများကြပါတယ်။ ဇနီးသည်မှာ နှလုံးရောဂါရှိပါတယ်။ စိတ်ကြီးပြီး ဒေါသလည်းကြီးပါတယ်။ လင်ယောကျ်ားက လက်ပါလာပါတယ်။ ဇနီးဖြစ်သူမှာ ဒေါသနဲ့ မူးလဲသွားပါတယ်။ မျက်နှာမှာ သွေးဆုတ်ပြီး ဖြူဖပ်ဖြူရော်ဖြစ်သွားပါတယ်။ အိမ်နီးနားမှ ပုဂ္ဂိုလ်တစ်ယောက်က ကြံ့ချိုကို ခြစ်ပြီး တိုက်လိုက်ရာ (၁၅) မိနစ်အတွင်း လူကောင်းပကတိပြန်ဖြစ်သွားပြီး ထနိုင်ထိုင်နိုင် ဖြစ်သွားပါတယ်။

နောက်တစ်ခုက မိတ်ဆွေတစ်ယောက်ရဲ့လက်နှစ်ဖက်နဲ့ ခန္ဓာကိုယ်တစ်ခုလုံး ယားနာဖြစ်နေပါတယ်။ ကုတ်ရလွန်းလို့ အရေများလန်ပြီးအရည်ကြည်များထွက်နေပါတယ်။ သူငယ်ချင်းတစ်ဦးရဲ့အကြံပေးချက်အရ ကြံ့ချိုကို ခြစ်ပြီး အမှုန့်ကိုဖြူးကြည့်ရာ တစ်ပတ်အတွင်း လုံးဝပျောက်ကင်းသွားပါတယ်။

နောက်တစ်ခုက နှလုံးသွေးကြောကျဉ်းနေတဲ့ လူနာတစ်ဦးအား ကြံ့ချိုကို နေ့စဉ်တိုက်ကျွေးရာ တစ်လခန့်အကြာ ဆရာဝန်နဲ့ စမ်းသပ်ကြည့်ခဲ့ပါတယ်။ လူနာရဲ့ နှလုံးသွေးကြောကျဉ်းရောဂါမှာ အထူးကောင်းမွန်နေကြောင်း မှတ်ချက်ပြုခဲ့ပါတယ်။

နောက်တစ်ခုက လူတွေဟာ အသက်ကြီးလာရင် ဒူးကိုက်ခြင်း၊ ဒူးနာခြင်း၊ အထိုင်အထခက်ခြင်းများဖြစ်လာပါက ကြံ့ချိုကိုသွေးပြီး လိမ်းပေးရင် ပျောက်နိုင်ကြောင်းဆိုထားပါတယ်။

နောက်တစ်ခုက နှာခေါင်းသွေးအမြဲယိုတတ်သူကို ကြံ့မွေးကို မီးရှို့ပြီး အနံ့ကိုခံခိုင်းပါက သွေးယိုစီးမှုရပ်ပြီး နောင်လည်းဘယ်တော့မှမဖြစ်တော့ပါ။

နောက်တစ်ခုက လူတွေအားလုံး သိရှိနေကြတဲ့ ကြံ့သွေးဟာလည်း ကုန်ခန်းနေတဲ့လူတွေရဲ့အင်အားကို အမြန်ဆုံး ပြန်လည်တိုးပွားလာစေပါသတဲ့။

ဒီဆေးမှတ်တမ်းလေးအရဆိုရင် ကြံ့သတ္တဝါရဲ့ ကြံ့ချိုကြံ့သွေးအမွေးဟာ လူတွေအတွက် မည်မျှအသုံးဝင်ကြောင်း သိလိုက်ရပါတယ်။ မှတ်တမ်းလေးဟာ ကြံ့နဲ့ပတ်သက်ပြီးအနည်းငယ်ပါပေမယ့် လူသားတွေအတွက် များစွာ အကျိုးရှိမှာမို့ ဖော်ပြပေးရခြင်း ဖြစ်ပါတယ်။

*အားလုံးကျန်းမာချမ်းသာကြပါစေ*

ဗန်းမော်ညီညီသူ



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

## တွဲမရ ခွဲမရ ထူးတဲ့သဘာဝ



ဒီကနေ့ ကျွန်တော့်ရဲ့ ဆွေးနွေးခြင်းခေါင်းစဉ်ကို 'တွဲမရ၊ ခွဲမရ ထူးတဲ့သဘာဝ' လို့ အမည်ပေးပါမယ်။ ဒီခေါင်းစဉ်အကြောင်း မဆွေးနွေးခင် အရင်အပတ်က ဆွေးနွေးခဲ့တာလေးကို နည်းနည်း ပြန်ကောက်ပါမယ်။ အရင်အပတ်က သက္ကာယဒိဋ္ဌိအကြောင်းဆွေးနွေးခဲ့ပါတယ်။ သက္ကာယဒိဋ္ဌိဆိုတာ အကျဉ်းအားဖြင့် ခန္ဓာငါးပါးကို ငါလို့စွဲတာ ဖြစ်ပါတယ်။

အဲဒီမှာ ပရမတ်နဲ့ ပညတ် အကြောင်းကို နည်းနည်းပြောခဲ့ပါတယ်။ ပရမတ် ဆိုတာ မပြောင်းလဲတတ်ဘူး။ ပညတ် ဆိုတာ ပြောင်းလဲတတ်တယ်။ လူဆိုတာ ပညတ်ပဲ။ လူကို ခေါင်း၊ ခါး၊ ခြေ၊ လက်၊ ဆိုပြီး ပုံစံပြောင်းလိုက်ရင် လူဆိုတဲ့အမည်က ခေါင်း၊ ခါး၊ ခြေ၊ လက် ဆိုတဲ့အမည်ကို ပြောင်းသွားတယ်။ ခေါင်း၊ ခါး၊ ခြေ၊ လက်ကို ဆံပင်၊ မွေးညင်း စတဲ့ (၃၂) ကောဋ္ဌာသကို ပြောင်းလိုက်ရင် ခေါင်း၊ ခါး၊ ခြေ၊ လက်၊ ပျောက်သွားပြန်ရော၊ အဲဒါကို ပရမတ်ဖြစ်တဲ့ ဓာတ်ကြီးလေးပါးဖွဲ့လိုက်ရင် မပြောင်းတော့ဘူး။

ပညတ်က သမုတ်ထားလို့ မှန်နေတဲ့ တကယ့်အမှန်မဟုတ်တဲ့သမုတိသစ္စာပဲ တကယ့်အမှန်မဟုတ်ဘူး။ ပရမတ္ထသစ္စာကတော့ အပြောင်းအလဲမရှိလို့ တကယ့်အမှန်။ ဒါပေမယ့် စိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန် ဆိုတဲ့ ပရမတ္ထတရားလေးပါးထဲမှာ နိဗ္ဗာန်ကိုဖယ်လိုက်ရင် ကျန်တဲ့သုံးပါးဟာ အရိယသစ္စာနဲ့တွေ့ရင် ပျောက်တော့တာပဲ။

အရိယသစ္စာ ဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသုံးပါး ရုပ်၊ နာမ်တို့ကို အနိစ္စလက္ခဏာတင်ဖို့ ဆွေးနွေးမှာဖြစ်ပါတယ်။

သက်ရှိ၊ သက်မဲ့ ရုပ်ဟူသမျှမှာ မဟာဘုတ်ဓာတ်ကြီးလေးပါး၊ မှိုင်းမ်း ဓာတ်လေးပါး၊ ဓာတ်ရှစ်ပါးပါတယ်ဆိုတာ သိပြီးသားနော်။ သက်ရှိ တစ်နည်းလူမှာ ရုပ်ဓာတ် (၁၈) ပါးရှိတယ်ဆိုတာလည်း သိပြီးသားပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ရုပ်ဟူသမျှရဲ့အခြေခံကတော့ ဓာတ်ကြီးလေးပါးပဲ။ အမြဲတမ်းဖောက်ပြန်ပျက်စီးနေတဲ့အတွက် ရုပ်လို့ခေါ်ကြောင်းလည်း အားလုံးသိကြပါတယ်။ ဘယ်လိုဖောက်ပြန်ဖျက်ဆီးနေသလဲဆိုတာ ကျွန်တော် ဉာဏ်မီသလောက် စဉ်းစားမိသလောက် ဥပမာနဲ့တင်စားပြီးပြောပါ့မယ်။ အမြဲဖောက်ပြန်ပျက်စီးနေတယ်ဆိုတာ မူလအချက်မများဘူး၊ အခု ကျွန်တော် ဥပမာနဲ့ ပြောမှာကတော့ ကျွန်တော့်ယူဆချက်ပဲလို့ မှတ်ပါ။

ခန္ဓာ ဆိုတာ အစုလို့ အဓိပ္ပာယ်ရကြောင်း သိပြီးကြပါပြီ၊ ရုပ်အစုနဲ့ နာမ်အစုပေါ့။ ရုပ်အစုမှာ အနည်းဆုံး ဓာတ်ကြီးလေးပါးပါတယ်။ အစိတ်လေးစိတ်ဆိုပါတော့။ နာမ်အစုမှာလည်း ဝေဒနာ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုပြီး အစိတ်လေးစိတ်ပါတယ်။ စစ်တပ်နဲ့ပမာပေးရရင် တပ်စိတ်လေးစိတ်စီပါတဲ့တပ်စုနှစ်စုနဲ့ ဖွဲ့ထားတဲ့တပ်ခွဲတစ်ခွဲပေါ့။

အဲဒီတပ်ခွဲထဲက တပ်သားတွေဟာ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အချိန်ကလေးတောင် နားခွင့်မရဘဲ အမြဲတိုက်နေရတယ်။ တစ်ချိန်တည်းမှာ တိုက်ပွဲ (၁၆) ပွဲ တစ်ပြိုင်နက်ဖြစ်နေတယ်။ ပြီးတော့ တခြားတပ်တွေနဲ့ တိုက်ရတာမဟုတ်ဘဲ တပ်စုနှစ်စုအနက်တစ်စုအတွင်းမှာ တပ်စိတ်ချင်းတိုက်ကြတယ်။ တပ်စိတ်တစ်စိတ်ထဲမှာပဲ နှစ်ပိုင်းကွဲပြီး တိုက်ကြတယ်။ တိုက်ပွဲဆိုတော့ အကျအရှုံးရှိတာပေါ့။ ဒါပေမယ့် မိခင်တပ်ရင်းက လေးမျိုးကို စဉ်ဆက်မပြတ် ဖြည့်ဆည်းထောက်ပံ့တယ်။ အဲဒါတွေက (၁) စားနပ်ရိက္ခာ၊ (၂) ဆေးဝါး၊ (၃) လက်နက်ခဲယမ်းနဲ့ (၄) လူ (စစ်သား) တို့ပဲ ဖြစ်တယ်။ ဒါပေမယ့် ကြာလာတဲ့အခါ မိခင်တပ်ရင်းက အထောက်အပံ့ လျော့လာတယ်။ လုံးဝပြတ်သွားတော့ တိုက်ပွဲပြီးသွားတာပေါ့။ ဒါတင်စားထားတာနော်။

တကယ်က -

အဲဒီဓာတ်ကြီးလေးပါးဟာ တစ်ပါးနဲ့တစ်ပါး ဆန့်ကျင်တယ်။ တစ်ပါးတည်းမှာပဲ တစ်ပိုင်းနဲ့တစ်ပိုင်းဆန့်ကျင်တယ်။ မတည့်ဘူး။ မတည့်ဘူးဆိုတော့ တိုက်ခိုက်နေကြတာပေါ့။ တစ်ပါးတည်းမှာ အချင်းချင်း တိုက်ခိုက်နေကြတာ တိုက်ပွဲတစ်ပွဲစီဆိုတော့ လေးပွဲပေါ့ တစ်ခါ ဓာတ်ကြီးလေးပါးက တစ်ပါး တစ်ပါးတိုက်ခိုက်နေကြတာတွေ ပွဲပေါ့။ ပေါင်းလိုက်တော့ တိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

ချုပ်မနားဖြစ်နေတယ်လို့ ဆိုရမှာပေါ့။

ရိုးရိုးသဘာဝတရားမှာဆို မတည့်တာချင်း ခွဲထားလိုက်ရင်၊ တည့်တာချင်း ပေါင်းထားလိုက်ရင် အဆင်ပြေတယ် ပေါ့။ ဥပမာ လောင်စာနဲ့မီး မတည့်ဘူး။ ခွဲထားလိုက်ရင်ပြီးရော။ သစ်ပင်နဲ့ ရေမြေတည့်တယ်။ ပေါင်းထားလိုက်ရင်ပြီးရော။ မတည့်တာချင်းခွဲလို့ရတယ်။ အခု ဓာတ်ကြီးလေးပါးမှာ မတည့်တာချင်းတွေဖြစ်ပေမယ့် လုံးဝခွဲလို့မရဘူး။ တစ်ပါးမရှိရင် ကျန်သုံးပါးပါမရှိနိုင်ဘူး။ ခွဲမရဘူး။ ပေါင်းနေပြီးတော့ မျက်တောင်တစ်ခတ်စာတောင် မသင့်မြတ်ကြဘူး။ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာ အကြိမ်ပေါင်းကုဋေငါးထောင် ပျက်တယ်ဆိုတာ ဆန့်ကျင်ဖောက်ပြန် ပျက်စီးနေခြင်းပဲ။

ရုပ်မှန်သမျှ မြူမှုန်ကလို့ ဆိုခဲ့တဲ့အတိုင်းပဲ မျက်စိနဲ့ကြည့်လို့မမြင်နိုင်လောက်အောင်သေးငယ်တဲ့ မြူမှုန်ကလေးတစ်မှုန်အတွင်းမှာ ဓာတ်ကြီးလေးပါး မှီငြမ်းဓာတ်လေးပါးနဲ့ ဓာတ်ရှစ်ပါး ပေါင်းစည်းပြီး ဆန့်ကျင်ဖောက်ပြန်ပျက်စီးနေတာပဲ။ဒါပေမယ့် ဒီလောက်မြန်မြန် ပျက်စီးသွားတဲ့ရုပ်မှုန်ဟာ သူ့နေရာမှာ ချက်ချင်း အစားထိုး ဖြစ်ပေါ်လာတယ်။ အစောက ဥပမာပေးခဲ့တဲ့ တပ်ခွဲကို မိခင်တပ်ရင်းက လေးမျိုးထောက်ပံ့သလို ပျက်စီးသွားတဲ့ ရုပ်နေရာကိုလည်း သဘာဝတရားက လေးပါးထောက်ပံ့တယ်။ အဲဒါတွေက (၁) ကံ၊ (၂) စိတ်၊ (၃) ဥတု၊ (၄) အာဟာရတို့ပဲ။ ချုပ်လိုက်ရင် ရုပ်သဘာဝဟာ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မှာ အကြိမ်ပေါင်း ကုဋေငါးထောင်ပျက်စီးတယ်။ အစားထိုး ဖြစ်တယ်။ မြန်မြန်ပျက်ပြီးမြန်မြန်ဖြစ်နေလို့ ပျက်နေ၊ ဖြစ်နေတာ မမြင်နိုင်ဘူး။

နာမ်သဘာဝဟာ အနည်းဆုံး လေးပါးရှိတယ်။ (၁)ဝေဒနာ၊ (၂)သညာ၊ (၃) သင်္ခါရ (၄) ဝိညာဏ်တို့ ဖြစ်တယ်။ မြင်သိ၊ ထိသိ စတဲ့ စိတ်ဖြစ်ဖို့ စိတ်နဲ့ စေတသိက်ပေါင်း ရှစ်ခုရှိတယ်။ အဲဒီ ရှစ်ခုဟာ (၁၇) ချက်အလုပ်လုပ်မှ မြင်သိ-ထိသိ စတဲ့စိတ်တစ်ခုဖြစ်တယ်။ ဒါကြောင့် လေးခါလောက်ဖြစ်ပြီးမှ ပီပီပြင်ပြင်သိတယ်။ ဆက်သိဖို့ ဆက်ဖြစ်ရဦးမယ်။ ဒါတွေဟာ ရှေ့ကအကျယ်ပြောခဲ့ပြီးပြီ။ အခုစကားဆက်ရအောင်။ အကျဉ်းပြန်ပြောတာပါ။ နာမ်ပျက်ပုံကို ဆိုပါ။

လမ်းသွားတဲ့လူတစ်ယောက်ဟာ ခြေတစ်လှမ်းပြီးတစ်လှမ်းသွားမှ ရှေ့ကို ရောက်တယ်။ ခြေလှမ်းရာမှာ တစ်လှမ်း ပျက်ပြီးမှ တစ်လှမ်းဖြစ်လို့ရတယ်။ ရှေ့ခြေလှမ်းမပျက်ဘဲ နောက်ခြေလှမ်းဖြစ်လို့မရဘူး။ အဲဒါသဘာဝပဲ။ စိတ်ဖြစ်စဉ်မှာလည်း သိစိတ်ပီပီပြင်ပြင်ဆက်ဖြစ်နေဖို့ ရှေ့စိတ်ပျက်မှ နောက်စိတ်ဖြစ်ရမှာမို့ ရှေ့စိတ်တွေက ပျက်ပေးနေရတယ်။ ရုပ်တစ်ချက်ပျက်ချိန်မှာ စိတ် (၁၇) ချက် ပျက်တာမို့ ရုပ်ကုဋေငါးထောင်ပျက်ချိန်မှာ စိတ်ကုဋေရှစ်သောင်းငါးထောင်ပျက်တယ်။ ပေါင်းကုဋေကိုးသောင်းပေါ့။ ကိန်းပြည့်လုပ်ရင် ကုဋေတစ်သိန်း။(ပြောပြလို့မရနိုင်အောင်မြန်လွန်းလို့ တစ်ချက်တည်း ပြိုင်တူလို့ဆိုရမယ်ထင်တယ်။)

အဲဒီလောက်မြန်မြန်ပျက်နေတဲ့ရုပ်၊ နာမ်နှစ်ဖြာ ဒီခန္ဓာမှာ ဘယ်နေရာကို ငါဆိုတဲ့ဆိုင်းဘုတ်ချိတ်နိုင်မလဲ။ ချိတ်လို့ရမလား၊ ချိတ်စရာရှိမလား။ အဲဒီတော့ တကယ်ပြောမယ်ဆိုရင် ဒီရုပ်၊နာမ်ဆိုတဲ့ ပရမတ်တရားဟာလည်း တကယ်တော့ မမြဲတဲ့တရား၊ အနိစ္စတရားသာ အစစ်အမှန်ပဲ။ အဲဒါ အရိယသစ္စာပဲ။ အဲဒီလို ဖောက်ပြန်ပျက်စီးနေတဲ့ သဘောဟာ ချမ်းသာတဲ့သဘောလား၊ ဆင်းရဲတဲ့ သဘောလား မေးစရာတောင်မလိုဘူး။ တကယ့်ဆင်းရဲခြင်းပဲ။ ဒုက္ခတရားသာ အစစ်အမှန်ပဲ။ အဲဒါ အရိယသစ္စာပဲ။ မမြဲခြင်းသဘောပဲ။ ဆင်းရဲခြင်းသဘောဟာ ကိုယ့်အလိုလား ဘယ်ဟုတ်မလဲ။ ကိုယ်က မြဲချင်တယ်။ ချမ်းသာချင်တယ်။ ဒါပေမယ့် ကိုယ့်အလိုအတိုင်းမဖြစ်ဘူး။ ကိုယ်မလုပ်နိုင်ဘူး။ အစိုးမရဘူး။ အဲဒါ အနတ္တပဲ။ အဲဒါအရိယသစ္စာပဲ။

ဒီတော့ ဒီခန္ဓာဟာငါမဟုတ်ဘူး၊ ငါ့ခန္ဓာမဟုတ်ဘူး၊ ငါအစိုးမရဘူးဆိုတာကို ရှင်းရှင်းကြီးသိရပြီပေါ့။ အဲဒီလို သိတာ သက္ကာယဒိဋ္ဌိပြုတ်တာပဲ။

တစ်စက္ကန့်ကို ကုဋေပေါင်းတစ်သိန်းပုံ တစ်ပုံစာလောက်ရှိတဲ့အချိန်ကလေးမှာပဲ ဖြစ်ပြီးပျက်သွားတဲ့ ဒီခန္ဓာကို ငါ့ခန္ဓာဟာ ဒါပဲလို့ လက်ညှိုးထိုးပြစရာ ဘယ်မှာအချိန်ရှိတော့မလဲ။ ဒီတော့ ရှိနေတယ်လို့တောင် ပြောလို့မရဘူး။ ရှိတော့ရှိတယ်။ မမှီနိုင်ဘူးဆိုသလိုပေါ့။

ပဋိသန္ဓေတည်စ ဥပါဒ်-ဌီ-ဘင် တစ်ချက် စောစောကပြောတဲ့ ကုဋေတစ်သိန်းအပုံရဲ့ တစ်ပုံစာလောက်ပဲ။ ဒီရုပ်နဲ့ နာမ် (ခန္ဓာ) ဟာ အစစ်ဖြစ်တယ်။ နောက်ထပ်ဖြစ်ပေါ်နေတာက မိတ္တူတွေပဲလို့ ပါမောက္ခချုပ်ဆရာတော်က ဟောတယ်။

ကျွန်တော်တို့ စာရွက်ကို မိတ္တူကူးတော့ မူရင်းကနေပဲ လိုသလောက်ကူးထုတ်တယ်။ နောက်မူရင်းမရနိုင်တော့မှ မိတ္တူကို မိတ္တူပြန်ကူးတယ်မဟုတ်လား။ အခု ဒီခန္ဓာမိတ္တူကတော့ မူရင်းက မိတ္တူတစ်ရွက်ပဲ ထုတ်ပေးပြီး ပျောက်သွားတယ်။ နောက်မိတ္တူများဟာလည်း မိတ္တူထုတ်ပေးပြီးတိုင်း ပျောက်သွားတာပဲ။ ထပ်ထုတ်လို့မရဘူး။ တရားဝင်အသိအမှတ်ပြုဖို့ဆိုရင် မူရင်းတင်ပြရတယ်။ မိတ္တူနဲ့ မရဘူး။ ဒီတော့ ငါ ငါ့ခန္ဓာဆိုတာကို မှန်ကန်ကြောင်း အထောက်အထားအဖြစ်မူရင်း တင်ပြမှာပေါ့။ ကျွန်တော်တို့မှာ မူရင်းမှမရှိဘဲ။

ကဲ - ဒါလောက်ဆိုရင် ပြောတုန်းခဏ၊ သတိရတုန်းခဏတော့ ငါပြုတ်ကြပြီပေါ့။ သက္ကာယယဒိဋ္ဌိပြုတ်နေပြီပေါ့။ သောတာပန်မဖြစ်မချင်း ငါပြုတ်တာခဏပဲ။ သက္ကာယဒိဋ္ဌိပြုတ်တာခဏပဲဆိုတာကို ရှေးလူကြီးတွေက မှတ်မှတ်သားသားဖြစ်အောင် ခွေးမြီးကောက် ကျည်ထောက်စွပ်၊ ချွတ်ပြန်တလဲလဲဆိုပြီး ဥပမာပေးကြတယ်။ ဘာပဲဖြစ်ဖြစ် ခဏပြုတ်လည်း အကျိုးရှိတာပဲ။ ထာဝရဖြစ်အောင် ကြိုးစားကြဖို့ပဲပေါ့။

ဗုဒ္ဓရဲ့ဝါဒဟာ အနတ္တဝါဒလို့ ဗုဒ္ဓဘာသာဝင်တွေလည်းသိတယ်။ ဗုဒ္ဓဘာသာကိုလေ့လာသူ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သူတွေလည်းသိတယ်။ ဒါပေမယ့် သူတို့က အနတ္တကို သုညလို့ အဓိပ္ပာယ်ဖွင့်တယ်။ သုညဆိုတာ ဘာမှမရှိတာကို ပြောတာ။ သင်္ခတနယ်ပယ်မှာ ရုပ်နဲ့နာမ် အဖြစ်တရားဟာ ရှိနေတာပဲ။ အဖြစ်တရားရဲ့ သဘာဝအလျောက်ပျက်နေတာပဲ ဖြစ်တယ်။ ဗုဒ္ဓဆိုလိုတဲ့ အနတ္တက အတ္တမဟုတ်တာကိုပြောတာ။ အတ္တကို အတန်တန်ပြောခဲ့ပြီမို့ သိနေကြပြီ။ အဲဒီ အတ္တဆိုတာရှိမှမရှိဘဲ။ ဟုတ်မှမဟုတ်ဘဲ။

ပရမတ္ထတရားလေးပါးမှာ နိဗ္ဗာန်ကိုဖယ်လိုက်ရင် စိတ်၊ စေတသိက်၊ ရုပ် ဆိုပြီး သုံးပါးရှိတယ်။ စိတ်နဲ့ စေတသိက်ကို နာမ်အဖြစ် တစ်ခုတည်းပေါင်းလိုက်ရင် ရုပ်နဲ့နာမ်ပဲရှိတယ်။ အဲဒီရုပ်နဲ့ နာမ်ဟာ သဘာဝတရားပဲ။ ရုပ်နဲ့ နာမ် သဘာဝတရားမှာ ရုပ်သဘာဝသက်သက်ဖြစ်တဲ့ သက်မဲ့ရုပ်နဲ့ ရုပ်နဲ့နာမ်တွဲနေပေါင်းနေတဲ့ သက်ရှိသတ္တဝါဆိုပြီး နှစ်ပိုင်းကွဲတယ်။ ဒီတော့ ကျွန်တော်တို့ လူအပါအဝင် သက်ရှိသတ္တဝါမှန်သမျှ

www.burmeseclassic.com

ဟာလည်း သဘာဝတရားပဲလို့ မှတ်ရမယ်။

သဘာဝတရားဆိုတာ ဘာလဲ။ သူ့ကိုယ်ပိုင်လက္ခဏာနဲ့သူ တည်ရှိနေကြတာကို ပြောတာပဲ။ ဥပမာ ရုပ်ရဲ့ကိုယ်ပိုင်သဘာဝလက္ခဏာက အကောင်အထည်ရှိတယ်။ ထိလို့ရတယ်။ ထိတယ်၊ မသိဘူး၊ နာမ်ရဲ့ကိုယ်တိုင်လက္ခဏာက အကောင်အထည်မရှိဘူး။ ထိလို့မရဘူး၊ မထိဘူး၊ သိတယ်။ နာမ်မပေါင်းတဲ့ သက်မဲ့ရုပ်ဟာ ထိပဲထိတယ်။ မသိဘူး။ နာမ်နဲ့ပေါင်းထားတဲ့ရုပ်ဟာ ထိလည်းထိတယ်။ သိလည်းသိတယ်။

ဒီသဘာဝတရားတွေဟာ သူတို့ရဲ့ သဘာဝအတိုင်း ဆောင်ရွက်နေကြ၊ ဖြစ်ပျက်နေကြတာပေါ့။ သူ့ကို ကျွန်တော်တို့က ငါလုပ်တယ်၊ ငါဖြစ်တယ်ဆိုပြီး မရှိဘဲ နေရာဝင်ယူနေကြတာပါ။

ငဲရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဘာမရှိဘူး။ ရုပ်သဘာဝနဲ့ နာမ်သဘာဝပဲရှိတယ်ဆိုတာ ဒါကိုပြောတာပဲ။ အခုပြောခဲ့တဲ့အခေါ်အဝေါ် အားလုံးဟာ (ရုပ်နဲ့နာမ်ကလွဲရင်) ပညတ်တွေချည်းပဲ။ အဲဒီထဲမှာ ပင်မပညတ်က သတ္တဝါဆိုတာပဲ။ သတ္တဝါဆိုတာ တွယ်တာသူလို့ အဓိပ္ပာယ်ရတယ်။ သတ္တဝါအားလုံးဟာ အတွယ်အတာလွတ်ရင် သံသရာကလွတ်ပြီ။ သတ္တဝါတွေ အထူးသဖြင့် ကျွန်တော်တို့က လူတွေဆိုတော့ လူတွေအကြောင်းကိုပဲ ပမာတစ်ခု စဉ်းစားမိတယ်။ ရုပ်ရောနာမ်ရောဟာ သင်္ခါရတရားချည်းပဲ။ သင်္ခါရဆိုတာ အကြောင်းတွေစုံပြီး ဖန်တီးတာ။

သက်မဲ့၊ လူအရုပ်တွေဟာ သက်မဲ့၊ အခြားအရာဝတ္ထုတွေနဲ့ သင်္ခါရချင်း အတူတူပဲ။ ဘယ်သူမှမလှုပ်ဘူး၊ အဲဒါကို လူအရုပ်တွေကို စက်တပ်ပေးလိုက်ရင် လူအရုပ်တွေက လှုပ်ရှား ပြေးလွှားရပ်ကုန်ရော။ ကျန်တာတွေက ဒီအတိုင်းပဲ။ လူအရုပ်ကို စက်တပ်ပေးလိုက်သူက အဝိဇ္ဇာပဲ။ အဝိဇ္ဇာက အမှားကို အမှန်ဖြစ်စေတယ်။ အဆိုးကို အကောင်းလို မြင်စေတယ်။ အဲဒီတော့ လူရုပ်တွေကို အဝိဇ္ဇာ က-

'မင်းတို့ဒီအတိုင်းငြိမ်နေတာပျင်းစရာကြီး။ ပြေးလွှားနေရမယ်ဆိုရင် အင်မတန်ပျော်စရာကောင်းတယ်။ ငါစက်တပ်ပေးမယ်။ ပျော်အောင်ပြေးလွှားကြည့်ကြ'

လို့ပြောတယ်။ တကယ်တော့ ငြိမ်နေရတာ သက်သာပြီး ပြေးနေရတာ ပင်ပန်းတယ် မဟုတ်လား။ ဒါပေမယ့် အဝိဇ္ဇာက ပြောင်းပြန်ပြောတာကို တဏှာက စိတ်ပါအောင် တိုက်တွန်းတယ်။ စိတ်ပါစေတယ်။ စိတ်ပါတယ်ပေါ့။ စိတ်ပါရုံနဲ့ စိတ်မချရသေးလို့ ပြေးဖြစ်အောင်ပြေးဖို့ ဥပါဒါန်က ခိုင်ခိုင်မြဲမြဲ စွဲလမ်းစေတယ်။ အဲဒီတော့ အရုပ်က လှုပ်ပြီပေါ့။ အရုပ်လှုပ်တာ ပြေးဖို့လှုပ်တာပေါ့။ တဏှာရယ်၊ ဥပါဒါန်ရယ်၊ ပြေးဖို့လုပ်တဲ့ ကမ္မဘဝရယ်က သင်္ခါရပေါ့။ အဲဒီတော့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ပေါ့။

ဒါကို မိုးကုတ်ဆရာတော်ဘုရားကြီးက -

အဝိဇ္ဇာနဲ့ တဏှာအရင်းခံ ဥပါဒါန်ကြောင့် ကံနဲ့နာမ်ရုပ် နာမ်ရုပ်နဲ့ကံလို့ ပဋိစ္စသမုပ္ပါဒ်မှာ လက်ာစပ်ဆိုထားတယ်။ သင်္ခါရကြောင့် ရုပ်နာမ်ပေါ်တာပဲ။ သက်ရှိသတ္တဝါ၊ လူသတ္တဝါဘဝကိုရတာပဲ။ ကမ္မဘဝကဘဝကိုရအောင်လုပ်တာ၊ ရလာတဲ့ဘဝကို ဥပ္ပတ္တိဘဝဖြစ်တယ်။

သက်မဲ့ရုပ်တွေဟာ သင်္ခါရကြောင့်ဖြစ်တာပဲ။ သင်္ခါရကြောင့်ဖြစ်တာ မုန်သမျှ ပျက်ရမှာပဲ။ ဒီတော့ သက်မဲ့ရုပ်လည်း အချိန်တန်တော့ ပျက်သွားတာပဲ။ ဒါပေမယ့် သူက ပျက်ပြီးရင် ပြီးရော။

သက်ရှိသတ္တဝါတွေလည်း သင်္ခါရပဲ။ သင်္ခါရကြောင့် ဖြစ်တာမှန်သမျှ ပျက်ရမှာပဲ။ ဒီတော့ မွေးပြီးသေရတာပဲ။ ဒါပေမယ့် သူ့ကျတော့ သေပြီးပြီးရောမဖြစ်ဘူး။ နောက်ဆက်ကာဆက်ကာ မွေးလိုက်၊သေလိုက်ဖြစ်နေရတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ သက်ရှိသတ္တဝါတွေရဲ့သင်္ခါရမှာ စေတနာ ဆိုတဲ့ကံပါလို့ပဲ။ အဲဒီကံကပျောက်မသွားဘူး။ နောက်အကျိုးကို ထုတ်လုပ်တယ်။ ကောင်းတဲ့ကံက ကောင်းတဲ့အကျိုးကို ထုတ်လုပ်တယ်။ လုပ်ခြင်းက လုပ်လို့ရတဲ့အကျိုးကိုယူရမယ်။ မယူလို့မရဘူး။ အဲဒီမှာ-

လုပ်တာလည်းသဘာဝတရားပဲ။ လုပ်တဲ့အကျိုးကို တာဝန်ယူရတာလည်း သဘာဝတရားပဲ။ အဲဒီမှာ လုပ်သူဆိုတာလည်းမရှိဘူး။ လုပ်တဲ့အကျိုးကိုခံစားသူဆိုတာလည်းမရှိဘူး။ သဘာဝတရားပဲရှိတယ်။ အဲဒါကို စွဲမြဲလက်ခံထားဖို့လိုတယ်။ ဒါမှ ငါ ငါ့ခန္ဓာ ငါအစိုးရတယ်ဆိုတဲ့အစွဲကလွတ်နိုင်မှာ။

အဝိဇ္ဇာရဲ့လှည့်စားမှုကို သတ္တဝါတွေဟာ သံသရာတစ်လျှောက်လုံးမဆုံးနိုင်အောင် ခံရတော့တာပဲ။ လှည့်စားထားမှန်းကို မသိတော့ဘူး။ မောမောပန်းပန်းပြေးနေရတာကိုပဲ ပျော်စရာလို့ထင်နေကြတယ်။ အလွန်မောနေရာက ခဏနားလိုက်ရရင် အမောပြေပြီး မောထားတာတွေ အကုန်မေ့သွားတာပဲ။ လေနုအေးကလေးအတိုက်ခံလိုက်ရ၊ ကျောက်စက်ရေလေးသောက်လိုက်ရတာနဲ့တူတဲ့ လူ့ချမ်းသာ၊ နတ်ချမ်းသာများရလိုက်ရင် သံသရာတိုမှာတောင်စိုးနေသေးတယ်။

ဘဝကိုရတာကြာလေကံတွေ့များလာလေ ခံစရာ၊ စံစရာတွေများလာလေပေါ့။ စံစရာက တစ်ပဲသား၊ ခံစရာက ပိဿာတစ်ထောင်ပါ။ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံဆိုတဲ့အတိုင်း ကံကြောင့် နာမ်ရုပ်ရလာခဲ့ပြီး နာမ်ရုပ်တကံပြန်လုပ်ပေါ့။ လိုချင် ပြုလုပ် ရရှိ ထပ်လိုချင် ထပ်ပြုလုပ် ထပ်ရရှိနဲ့မဆုံးတော့ဘူးပေါ့။ ဘုရားပွင့်မှ အဝိဇ္ဇာရဲ့လှည့်စားချက်ကို သိကြရ၊ ကျွတ်ကြရတာ။ ဒါလည်း အလွန်အနည်းအကျဉ်းပါ။

သတ္တဝါတွေဟာ ဒုက္ခကိုပဲ ခံလို့အားမရနိုင်ဘူးဖြစ်နေတာ။ ခုနစ်နှစ် ပ[illegible]သန္ဓေလွယ်၊ ခုနစ်ရက်သေလောက်အောင် နာကျင်ခံစားရပြီး မွေးလာတဲ့ ရှင်သီဝလိလောင်းလျာလေး ရှင်သာရိပုတ္တရာနဲ့ စကားပြောနေတာကိုကြည့်ပြီး ပီတိဖြစ်နေတဲ့ သုပ္ပဝါသာမင်းသမီးကို မြတ်စွာဘုရားက ဒီလိုကလေးမျိုး ထပ်လိုချင်သေးလားလို့မေးတော့ နောက်ထပ် (၇) ယောက်လောက်လိုချင်ပါသေးတယ်လို့ ဖြေတယ်။ အဝိဇ္ဇာနော်၊ ဘယ်လောက်စွမ်းသလဲ။ အများစုက အပါယ်ငရဲမှာ၊ သုဂတိဘုံရောက်ရတဲ့ အနည်း[illegible]ကလည်း သုဂတိဘုံမှ ခဏပဲ၊ အပါယ်ပြန်ရောက်တာပဲ။ ဒါကြောင့် သတ္တဝါတွေရဲ့ အမြဲတမ်းနေရပ်လိပ်စာဟာ အပါယ်ရွာပဲလို့ပြောတာပေါ့။

သတ္တဝါတွေရဲ့ဘဝအနှစ်သာရဟာ ဒုက္ခပဲ။ မြတ်စွာဘုရားရဲ့အဦးဆုံးဟော[illegible]တဲ့တရားရဲ့ အဦးဆုံးစကားဟာ ဒုက္ခပဲ[illegible] ဒုက္ခသစ္စာပဲ။ ဒုက္ခကိုဘယ်လောက်ဘ[illegible] လိုခံရသလဲဆိုတာနောက်အပတ်မှဆ[illegible] ကြရအောင်။ အခုတော့ ဒီတင်နား[illegible] ဦးစို့။

အားလုံးမင်္ဂလာ ဖိုလ်ပေါ[illegible] ကြီးပမ်းအားထုတ်နိုင်ကြပါစေ။

ယောဂီများ -

သာဓု၊ သာဓု၊ သာဓု။

ဓမ္မဒေသနာဆိုအုန်းသွေး[illegible]

www.burmeseclassic.com

www.burmeseclassic.com



လျောင်းတော်မူဘုရားကြီးနှင့် ရေလျှောလျှောစီးပရိသတ်မြင်ကွင်း

တင်အောင် (စက်မှုတက္ကသိုလ်)

# ဝင်းစိန်တောရ မွန်ဆရာတော်ကြီးဘဒ္ဒန္တကောသလ သာသနကာရ

ကျွန်တော်နှင့် ဆရာကျော်နန္ဒအောင်တို့ ၁၄-၁၁-၂၀၁၀ ပြည့်နှစ်တွင် မွန်ပြည်နယ် မုဒုံမြို့နယ် မြိုင်ကုန်း ကျေးရွာ မော်လမြိုင် ကျိုက္ခမီလမ်းပေါ်ရှိ ဝင်းစိန်ရတနာတောင်တောရဆရာတော် ကြီး ဘဒ္ဒန္တကောသလ မဟာထေရ်မြတ် မြေတော်ရင်းသို့ရောက်ရှိသွားခဲ့ပါသည်။ သွားရခြင်းအကြောင်းရင်းမှာ ဝင်းစိန် တောရတွင် တည်ထား ကိုးကွယ်နေ သည့် ကမ္ဘာ့အကြီးဆုံး အတောင် (၄၀၀) (ပေ၆၀၀)ရှိ ဇိနသုခရန်အောင်ဘုရားကြီး ကိုလည်း ဖူးမြော်ရင်း ဝင်းစိန်တောရ ဆရာတော်ကြီး၏ထေရုပ္ပတ္တိနှင့် ကျင့်စဉ် သာသနာပြုလုပ်ငန်းများကို ရေးသား ဖော်ပြရန် ဆရာကျော်နန္ဒအောင်ကို စေခိုင်းအပ်ထား၍ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် တော၊ တောင်၊ သုသာန်၊ သချိုင်းမျိုးစုံတို့၌ တရားကျင့်ကြံအားထုတ်ခဲ့၏။ ထိုသို့ ကျင့်ကြံအားထုတ်ရာတွင် ဆရာတော်ကြီးသည် မေတ္တာတရားကို အခြေခံ လက်ကိုင်ပြုခဲ့လေသည်။ ထိုမေတ္တာ အခြေခံကြောင့်ပင် အန္တရာယ်အယှက် မျိုးစုံကို ရှောင်ရှားနိုင်ခဲ့သည်။ ဓုတင်



ဝင်းစိန်တောရအဝင်မုခ်ဦးပုံတော်

(၁၃)ပါးကျင့်စဉ်များကို ဆရာတော်ကြီး သည် မပျက်မယွင်း ကျင့်သုံးတော်မူခဲ့ပါ သည်။ ယင်းဓုတင်အကျင့်မှာ ခက်ခဲ ပင်ပန်းသောအကျင့်ဖြစ်ပါသည်။ ဝင်းစိန် တောရဆရာတော်ကြီးအဖို့ကား အထုံရ နေပြီးသောအလုပ်ဖြစ်နေ၍ အခက်အခဲ မရှိလှပေ။

ဆရာတော်ကြီးသည် တစ်ဖက် တွင် တရားအားထုတ်နေရင်း အခြား တစ်ဖက်ကလည်း ကြီးမားသောသာသနာ ပြုလုပ်ငန်းကြီးများကို ပြုလုပ်တော်မူခဲ့ပါ သည်။ ဝင်းစိန်တောင်တောရသာသနိက အဆောက်အအုံများကိုကြည့်ခြင်းအား ဖြင့် ဆရာတော်ကြီး၏သာသနာပြုလုပ် ငန်းအခြေအနေကို ခန့်မှန်းနိုင်မည် ဖြစ် ပါသည်။ ဆရာတော်ကြီး၏ သာသနာ ပြုလုပ်ငန်းများမှာ -

၁။ မုဒုံမြို့နယ် ကမာဝက်ရွာ ခရဲကွင်း တွင် စေတီ(၁)ဆူနှင့် ကျောင်း (၁) ကျောင်း၊



www.burmeseclassic.com

www.burmeseclassic.com

၂။ ကမာဝက်ရွာ ကမာချိုင့်ကွင်းတွင် စေတီ(၁)ဆူနှင့်ကျောင်း(၁)ကျောင်း၊
၃။ ကမာဝက်ရွာ ကမာတာကွင်းတွင် စေတီ(၁)ဆူနှင့်ကျောင်း(၁)ကျောင်း၊
၄။ ဖားအောက်ကျေးရွာ အနောက်ဘက်ကွင်းတွင် စေတီ(၁)ဆူနှင့် ကျောင်း (၁)ကျောင်း၊
၅။ မြို့မ(၂)ရပ်ကွက် ကော့မာတင်ကွင်းတွင် စေတီ(၁)ဆူနှင့် ကျောင်း (၁) ကျောင်း၊
၆။ ကွေ့ဝမ်းကျေးရွာတွင် စေတီ(၁)ဆူ၊
၇။ ကရင်ပြည်နယ် ဘားအံမြို့နယ် ဇာသပြင်အနောက် ကော့ကျိုက်ပွန်ကွင်း (၇၃၄) ဧကတွင် စေတီ(၆)ဆူနှင့် ကျောင်း(၂) ကျောင်းစီ တည်ဆောက်၍ တပည့်ရဟန်းသံဃာတော်များကို ကျောင်းထိုင်စေပြီး သာသနာပြုလျက်ရှိပါသည်။



အဘ ဦးနိုင်ဖေ
(ဝင်းစိန်ရတနာတောင်တောရဆရာတော်ကြီး၏ ခမည်းတော်)



မတူရင် မတုနဲ့ အဘနိုင်ခရာ
(ဆရာတော်ကြီးအား စောင့်ရှောက်လျက်ရှိသောပုဂ္ဂိုလ်)

လယ်ယာမြေမှရရှိသည့်စပါးများကို ကြိတ်ခွဲ၍ မွန်ပြည်နယ်ရှိ ကျောင်းအသီးသီးတို့အား ဆွမ်းဆန်တော်တင်းပေါင်းထောင်ချီ၍ နှစ်စဉ်လှူဒါန်းတော်မူပါသည်။

ဝင်းစိန်တောရဆရာတော်ကြီး၏ ခုတင် (၁၃) ပါးကျင့်စဉ် (၁၀) ဝါတိတိ (တောထွက်ခြင်း) တွင် မော်လမြိုင်ဈေးကြို ဇောတိကာရာမကျောင်းတစ်ဝိုက် (၁) ဝါ၊ မုယောင်းဒေသ (၂) ဝါ၊ မော်လ





www.burmeseclassic.com

မြင်စေးကြို ရွှေမြိုင်ရပ်ကွက်တစ်ဝိုက် (၁) ဝါ၊ မြန်မာပြည်အနှံ့ (၅) ဝါ၊ နဂါးဆောတ် (ကျောက်တစ်လုံး) (၁)ဝါတို့ဖြစ်ကြပါသည်။

ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းအချို့မှာ ဝင်းစိန်တောရသာသနာပြုစခန်း၏အဝင်မုခ်ဦးကြီးတွင် မျိုးနှစ်ကောင်နှင့်ဘုရားအလောင်းတော်တောထွက်တော်မူခန်းရုပ်ပွားတော်တည်ထားလေသည်။ မျိုးနှစ်ကောင်၏ အဓိပ္ပာယ်မှာ ဒွါရခြောက်ပါးမှ ထင်ရှားဖြစ်ပေါ်လာသမျှတို့ကို (ဝင်လေ၊ ထွက်လေ) သတိဖြင့် စောင့်ကြည့်ရှုမှတ်ခြင်းကိုဆိုလိုပါသည်။ ကတွတ်ပေါက်ဝတွင် မျိုးသည် အစာကို သတိဖြင့်စောင့်၍ ကောက်ယူသည်ဆိုသောဥပမာပင်ဖြစ်သည်။ မုခ်ဦးပေါ်ရှိ ဘုရားအလောင်းတော်တောထွက်တော်မူဟန်ရုပ်ပွားတော်မှာ တရားအလုပ်လုပ်ရာတွင် ကိလေသာ သံယောဇဉ်နှောင်ကြိုးကိုဖြတ်ရမည်ဟူသည့်အဓိပ္ပာယ်ကိုဆောင်ပါသည်။

မုခ်ဦးအတိုင်း အတွင်းသို့ (၁)ဖာလုံ၊ (၂)ဖာလုံ ခန့်ဝင်သွားမည်ဆိုပါက ဒုတိယမုခ်ဦးကိုတွေ့ရမည်။ ညာဘက်အခြမ်းတွင် ဗဟုဒေဝါဘုရား၊ ခန္တီစေတီတော်၊ အဘနိုင်ခရာရုပ်တုတော်တို့ကို တွေ့ကြရသည်။ ဆရာတော်ကြီးသည် တနင်္လာသားဖြစ်သဖြင့် ကျားရုပ်ကြီးကိုတွေ့ကြရသည်။ မုခ်ဦးအဝတွင် အောင်လင်းစေတီတော်သို့ ရဟန္တာငါးရာကြွသွားပုံကိုလည်း ဖူးမြော်ရသည်။ အယ္ယာကာသိမ်ကြီးလည်းရှိပါသည်။ ထိုသိမ်နေရာတွင် ဘုန်းတော်ကြီး ဦးသီလ တရားကျင့်ကြံ အားထုတ်ခဲ့ပါသည်။ ထို့နောက် မရှိမရှုပ်စေတီကိုဖူးရသည်။ သံယောဇဉ်ပြတ် ဟူသောအဓိပ္ပာယ်ဖြင့် သံမပါသစ်မပါတည်ဆောက်ထားသည်။ မုခ်ဦး၏ဘယ်ဘက်ခြမ်းတွင် စလောင်းဖုံးစေတီ၊ စိတ်ပိုင်ရုပ်နိုင်စေတီတော်တို့ကို ဖူးရပါသည်။ စလောင်းဖုံးစေတီနေရာတွင် ဆရာတော်ကြီးတရားအားထုတ်ခဲ့သည်။ ဆရာတော်ကြီးပျံလွန်တော်မူသော် ကိုယ်ပွားရုပ်ထားရှိပြီး နှစ်စဉ် ဆရာတော်မွေးနေ့ပွဲကျင်းပရာနိဗ္ဗာန်စံကျောင်းတော် ဖြစ်ပါသည်။ ရုပ်ပြောင်းရုပ်လွဲကျောင်းတော် ဟူ၍ ခေါ်ဆိုပါသည်။

ဝင်းစိန်တောရဆရာတော်ကြီး၏ အန္တရာယ်ကင်းဘေးရှင်းဂါထာမှာ -

ကမ္မံဗုဒ္ဓံ၊ သတ္တသသာ၊ ဓာနိယံ၊
ကမ္မံဓမ္မံ၊ သတ္တသသာ၊ ဓာနိယံ၊
ကမ္မံသံယံ၊ သတ္တသသာ၊ ဓာနိယံ၊

**ဒုတိယမ္ပိ** ကမ္မံဗုဒ္ဓံ၊ သတ္တသသာ၊ ဓာနိယံ၊
ကမ္မံဓမ္မံ၊ သတ္တသသာ၊ ဓာနိယံ၊
ကမ္မံသံယံ၊ သတ္တသသာ၊ ဓာနိယံ၊

**တတိယမ္ပိ** ကမ္မံဗုဒ္ဓံ၊ သတ္တသသာ၊ ဓာနိယံ၊
ကမ္မံဓမ္မံ၊ သတ္တသသာ၊ ဓာနိယံ၊
ကမ္မံသံယံ၊ သတ္တသသာ၊ ဓာနိယံ၊

ဤဂါထာတော်ကို နံနက်(၃)ကြိမ်၊ နေ့လယ်(၃)ကြိမ်၊ ည(၃)ကြိမ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် အန္တရာယ်ကင်းဘေးရှင်းအနာရောဂါကင်းပျောက်စေနိုင်ပြီး လာဘ်လာဘရွှင်လန်းစေသတည်းဟု ဆရာတော်ကြီးမှ ဩဝါဒမိန့်ကြားတော် မူခဲ့ပါသည်။

**□ ဝင်းစိန်တောရဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ**

ဝင်းစိန် ဟူသည် မွန်ဘာသာစကားဖြစ်ပြီး မြန်မာအဓိပ္ပာယ်မှာ 'ဆင်လူးအိုင်' ဟူ၍ ဖြစ်ပါသည်။ ဝင်းစိန်တောရသာသနာပြုနယ်မြေသည် (၄၉၉. ၆၂)ဧကကျယ်ဝန်းပြီး နိုင်ငံတော်အစိုးရမှ လှူဒါန်းထားသည့် သာသနာ့နယ်မြေဖြစ်ပါသည်။

ဆရာတော်အလောင်းအလျာကို မွန်ပြည်နယ် မုဒုံမြို့နယ် တောင်ဘက် (၇) မိုင်အကွာရှိ လက်တက်ရွာ အလယ်ပိုင်းနေ ဦးနိုင်ဖေ၊ ဒေါ်တာရှုတ်မတို့မှ ၁၂၈၃ ခု၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ (ကောဇာနှစ် ၁၀-၁၀-၁၉၂၁) တနင်္လာနေ့ ည(၉)နာရီတွင် ဖွားမြင်တော်မူခဲ့ပါသည်။

ငယ်နာမည်မှာ မောင်ချစ်သိန်းဖြစ်ပြီး ချစ်စနိုးအမည်မှာ မောင်ပိန်ဖြစ်သည်။ မွေးဖွားစဉ် အချင်းစလွယ်ဖြင့် မြေပြင်သို့ထွက်ကျခဲ့သည်။ ထိုသို့ကျစဉ် ခန္ဓာကိုယ်တစ်ခြမ်းပိန်သွား၍ မောင်ပိန်ဟု ချစ်စနိုးခေါ်တွင်ခဲ့သည်။ မွေးချင်း (၈) ယောက်အနက် တတိယမြောက်သားရတနာဖြစ်သည်။ အသက်(၁၃)နှစ်တွင် ရှင်သာမဏေဝတ်ပြီး လက်တက်ရွာတိုက်ကျောင်းသစ်တွင် (၃) ဝါအထိ သင်ကြားခဲ့သည်။

ငယ်စဉ်အခါက ရပ်ရွာလူမှုရေးလုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်ခဲ့ပြီး အသက်(၁၇)နှစ်တွင် ရပ်ကွက်အငြိမ့်၌ လူရွှင်တော်ဖြစ်ခဲ့ဖူးသည်။ ဆရာတော်၏ပြောပြချက်အရ ဂျပန်ခေတ်နှင့် ဗမာ့တပ်မတော် တော်လှန်ရေးခေတ်တို့တွင် ရဲဘော်သုံးကျိပ်နှင့်အတူ ကာကွယ်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့ဖူး၏။ ဆရာကျော်နန္ဒအောင်နှင့် ကျွန်တော်တို့သည် ဆရာတော်ကြီးကို ဆေးတံခဲလျက်ဖူးရသဖြင့် ဆရာကျော်နန္ဒအောင်ငယ်စဉ်က ဆေးတံခဲပုံကို သတိရမိသည်။ ဆရာတော်ကြီး၊ ဆရာကျော်နန္ဒအောင်နှင့် ကျွန်တော်တို့သည် တနင်္လာသားများ ဖြစ်ကြပါသည်။

**□ ပထမအကြိမ်သာသနာ့ဘောင်သို့ဝင်ခြင်း**

သက်တော် (၂၃) နှစ်တွင် လက်တက်ရွာတိုက်ကျောင်းသစ်ဆရာတော်ဦးနန္ဒိယကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းဘဝသို့ ရောက်ရှိတော်မူခဲ့သည်။ ဘွဲ့တော်မှာ အရှင်ကေသရဖြစ်ပါသည်။ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ပရိယတ္တိစာပေများကို သင်ကြားခဲ့ပါသည်။ မုဒုံမြို့ရှိ သိမ်ကျောင်းစာသင်တိုက်တွင် စာပေသင်ကြားရန် စီစဉ်နေစဉ် အစ်ကိုကြီးဦးဖိုးရိန်မှာ ဖခင်၏ လယ်ယာလုပ်ငန်းကို ဦးစီး၍မလုပ်နိုင်တော့သဖြင့် ရှင်ကေသရသည် လူ့ဘဝသို့ကူးပြောင်း၍ လယ်ယာလုပ်ခဲ့ရသည်။ ရဟန်းဘဝတွင် (၃)ဝါနေခဲ့ရသည်။

လူ့ဘဝသို့ရောက်ပြီး အသက်(၃၀)တွင် လက်တက်ရွာသူ ဒေါ်ချစ်တော်နှင့် အိမ်ထောင်ကျကာ သားသမီး (၅) ဦး ထွန်းကားခဲ့သည်။ သားသမီး(၂)ဦးမွေးပြီးချိန်တွင် မော်လမြိုင်မြို့ ဖက်ခင်းရပ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဖက်ခင်းရပ်တွင် တစ်နှစ်နေပြီးနောက် သီရိမြိုင်ရပ်ကွက်သစ် (၄) လမ်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ လက်သမားလုပ်ငန်းဖြစ်သော မြင်းလှည်းအိမ်၊ ရေစည်လက်တွန်းလှည်းတို့ကိုပြုလုပ်ပြီး သားသမီး(၅)ယောက်ကို သမ္မာအာဇီဝအသက်မွေးဝမ်းကျောင်းဖြင့် တာဝန်ကျေပွန်စွာ ပြုစုကျွေးမွေးခဲ့သည်။

**□ တောထွက်ရန်အမိဋ္ဌာန်ပြုခြင်း**

ဦးချစ်သိန်းသည် လူ့ဘောင်လောကကို ငြီးငွေ့သဖြင့် (၄၉) ရက် အဓိဋ္ဌာန်ပြု၍ တရားထိုင်ခဲ့သည်။ (၄၉) ရက်ပြည့်မြောက်သည့်နေ့တွင် ရဟန်းတစ်ပါးပါး အိမ်ရှေ့တွင်လာ၍ရပ်ပါက ရဟန်းပြု၍ တောထွက်မည်ဟု အဓိဋ္ဌာန်ပြုခဲ့သည်။ အဓိဋ္ဌာန် (၄၉) ရက်ပြည့်မြောက်သောနေ့နံနက်တွင် ရဟန်းတော်တစ်ပါး အိမ်ရှေ့တွင်လာ၍ရပ်တော်မူသည်ကို ဖူးတွေ့ရသဖြင့် ရဟန်းဘောင်သို့ဝင်ရန် ဆုံးဖြတ်ချက်ချလိုက်ပါသည်။

www.burmeseclassic.com

**□ဒုတိယအကြိမ်ရဟန်းဘောင်သို့ဝင်ခြင်း**

ထိုအချိန်တွင် ဆရာတော်လောင်းလျာ ဦးချစ်သိန်းသည် အသက် (၅၀) ရွယ်သို့ရောက်နေပြီ ဖြစ်သည်။ ၁၃၃၃ခု၊ တန်ခူးလဆန်း ၁၃ ရက် နံနက် (၇း၄၅) နာရီအချိန်တွင် မော်လမြိုင်မြို့ ဈေးကြိုရပ် ဇေတဝကာရာမကျောင်းတိုက် ဆရာတော်ဦးသောဘိတကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းဘဝသို့ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ဦးကေသရဖြစ်ပြီး သံယာ့ဂိုဏ်းကြီး(၉)ဂိုဏ်းရှိသည့်အနက် သုဓမ္မာဂိုဏ်းမှဖြစ်ပါသည်။ ရဟန်းဝတ်ပြီး (၇) ရက်မြောက်နေ့တွင် တောရဆောက်တည်ခဲ့ပါသည်။

စာပေပရိယတ္တိကို ကတိုးကော့နပ်ကျောင်းနှင့် မုဒုံမြို့နယ် လက်တက်ကျေးရွာ ကျောင်းသစ်ကျောင်းဆရာတော် ဦးဝေပုလ္လတို့အထံတော်တွင် ကျမ်းကြီးပေါက်သည်အထိ သင်ကြားတော်မူခဲ့သည်။ ဆရာတော်သည် မော်လမြိုင် သီရိမြိုင်ရပ်ကွက် (၅)လမ်း မြသိန်းတန်ကျောင်းရှိ တောင်လေးလုံးဆရာတော် ၏ညီ ဘိလပ်ပြန် (၄၆) ဝါရ ကရင်ဘုန်းတော်ကြီးနှင့် ဓုတင်ကျင့်စဉ်များကို ဆွေးနွေးခဲ့သည်။ ဆရာတော်သည် ဈေးကြို ဇေတဝကာရာမကျောင်းရှိ သိမ်အနီးတွင် တစ်ပါးကျောင်းတဲထိုးပြီး ညအချိန်များ၌ အနီးအနားရှိ သချိုင်းများတွင် အသုဘကမ္မဋ္ဌာန်းကို ရှုပွားရင်း တရားကျင့်ကြံခဲ့သည်။ ထိုအချိန်မှစ၍ ဓုတင် (၁၃) ပါးကို ကျင့်ကြံအားထုတ်ခဲ့ပါသည်။

**□ဓုတင်(၁၃) ပါးကျင့်စဉ် (၁၀) ဝါ**

ဆရာတော်ကြီးသည် မြန်မာပြည်အထက်ပိုင်း သရက်မြို့မှ မြန်မာပြည်အောက်ပိုင်း တနင်္သာရီမြို့သို့တိုင်အောင် တောတောင်ပေါင်း မြောက်မြားစွာသို့ သပိတ်တစ်လုံး၊ သုံးထည်သောသင်္ကန်းဖြင့် တိစီဝရိက်ဓုတင်ဆောင်ပြီး တောလမ်းများအတိုင်း ခြေလျင်ခရီးကြမ်းနှင့်၍ သုသာန်ပေါင်းများစွာတွင် သုသာန်ဓုတင်တည်ဆောက်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် ကိလေသာကို ထွက်ခွာစေသည့် ဓုတင်(၁၃)ပါးလုံးကိုဆောက်တည်လျက် သုသာန်ပေါင်း (၁၃၃)ခုတို့တွင် မလျော့သောဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် (၁၀) နှစ်တိုင်တိုင် ပြင်းပြင်းထန်ထန် နေ့မနားညမနားဘဲ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့ပါသည်။ ဓုတင်ဆောက်တည်၍ တရားကျင့်ကြံရာတွင် ထူးဆန်းအံ့ဩဖွယ်ရာအဖြစ်အပျက်မြောက်မြားစွာကိုလည်း တွေ့ကြုံတော်မူခဲ့ရသည်။ ဆရာတော်ကြီးသည် တောတောင်အမြောက်အမြား၊သုသာန်များစွာတို့တွင် ကျေနပ်အားရသည်အထိ အားထုတ်တော်မူခဲ့သဖြင့် ရဟန်းရှင်လူပြည်သူတို့က လေးမြတ်တော်မူခြင်းကို ခံယူတော်မူခဲ့ရပါသည်။ ဆွမ်းခံ၍မရခြင်း၊ ဆွမ်းလောင်းလှူမည့်သူမရှိခြင်းတို့ကြောင့် ဆွမ်းဘုဉ်းမပေးရသည့်ရက်များလည်း များစွာရှိခဲ့ပါသည်။

သုသာန်ဓုတင် ဆောက်တည်သဖြင့် သုသာန်ကိုယ်တော်ဟူ၍ တချို့က သမုတ်ကြသကဲ့သို့ပင် မုဒုံမြို့နယ် နဂါးမောက်ကျောက်တောင်တွင် သီတင်းသုံး၍အားထုတ်သောအခါ ကျောက်တစ်လုံးဆရာတော်ဟူ၍ ထင်ရှားလာပါသည်။ ကျောက်တစ်လုံးတောင်မှတစ်ဆင့် ၁၃၄၃ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဘဲလူးတောင်ထိပ်ရှိ အောင်လင်းစေတီတော် ဌာပနာပိတ်ပြီး တောင်အောက်သို့ပြန်ကြွခဲ့သည်။ တောင်ခြေသရက်တောစခန်းအနီးတွင် နားနေတော်မူရင်း ဆရာတော်ကြီးသည် ဤနေရာမှာပင် သာသနာပြုတော့မည်ဟု ဆုံးဖြတ်ချက်ချတော်မူသည်။ ယခု ဝင်းစိန်တောရသာသနာပြုစခန်းပင်။

**□ဆရာတော်အားထုတ်ခဲ့သော ဓုတင် (၁၃) ပါး**

**၁။ ပံ့သကူ(ပံသုကူလိက)ဓုတင်**

**□စွန့်ပစ်ထားသောအဝတ်ကိုသာချုပ်ဆိုး၍ သင်္ကန်းအဖြစ်ဝတ်ရုံခြင်း။**

ဆရာတော်သည် ဝယ်ပြီးလှူဒါန်းသောသင်္ကန်းကို ဝတ်ရုံလေ့မရှိပါ။ ထို့ကြောင့် သင်္ကန်းများ ဟောင်းနွမ်းစုတ်ပြတ်နေသည်ကိုသိသော မော်လမြိုင် ဒိုင်းဝန်ကွင်း စက်ကွင်းရပ်နေ ဒေါ်ဖွားရီ (အသက် - ၉၀နှစ်) သည် ဆရာတော် မော်လမြိုင် တောင်ပိုင်းတောထဲမှာ တရားကျင့်နေစဉ် သွားရာလမ်းနံဘေး သစ်ပင်အရင်းတွင် သင်္ကန်းတစ်စုံကို စွန့်လှူခဲ့ရာ ဆရာတော်မှတွေ့ရှိသဖြင့် အဆိုပါ ပံ့သကူသင်္ကန်းကို အလှူခံ၍ သင်္ကန်းလဲခဲ့ပါသည်။

**၂။ တိစီဝရိက်(တေစီဝရိက) ဓုတင်**

**□ဒုကုဋ်၊ ကိုယ်ရုံ သင်းပိုင် ဟူသော (၃) ထည်သောသင်္ကန်းဖြင့်သာဝတ်ရုံခြင်း။**

ဆရာတော်ကြီးသည် အဆိုပါ (၃) ထည်သောသင်္ကန်းကိုသာ ဝတ်ရုံသည်။ သင်္ကန်းအပိုသယ်ဆောင်ခြင်းမရှိဘဲ တောထွက်ခဲ့သည်။

**၃။ ပိဏ္ဍပါတ်(ပိဏ္ဍပါတိက)ဓုတင်**

**□အခြားသောဆွမ်းကိုလက်မခံဘဲ ဆွမ်းခံထွက်ခြင်း။**

ဆရာတော်သည် အိမ်တွင်ပင့်ကျွေးသောဆွမ်းကို ဘုဉ်းမပေးပါသောကြောင့် ဒါယကာအိမ်များသို့ ဆွမ်းကျွေးမကြွပါ။

**၄။ သပဒါနစရိတ်(သပဒါနစရိက)ဓုတင်**

**□အိမ်စဉ်၊ ရွာစဉ်မကျော်ဘဲ ဆွမ်းခံထွက်ခြင်း။**

ဆရာတော်သည် ဆွမ်းခံထွက်စဉ် အိမ်တိုင်းစေ့ရှေ့တွင်ရပ်၍ ဆွမ်းခံခဲ့ပါသည်။

**၅။ ဧကာသနိက်(ဧကာသနိက)ဓုတင်**

**□တစ်နပ်တည်း၊ တစ်နေရာတည်း၌ တစ်ထိုင်တည်းဆွမ်းဘုဉ်းပေးခြင်း။**

ဆရာတော်သည် နံနက် (၉း၃၀) နာရီတွင် တစ်နပ်တည်းသောဆွမ်းကို တစ်ထိုင်တည်းဘုဉ်းပေးသည်။

**၆။ ပတ္တပိုဏ်(ပတ္တပိဏ္ဍိက)ဓုတင်**

ဆရာတော်သည် တစ်လုံးတည်းသောသပိတ်အတွင်းရှိဆွမ်းကိုသာ ဘုဉ်းပေးသည်။

**၇။ ခလုပစ္ဆာဘတ် (ခလုပစ္ဆာဘတ္တိက) ဓုတင်**

ဆရာတော်သည် တော်ပြီဆိုသည်နှင့်ဆွမ်းကို လုံးဝဆက်မဘုဉ်းပေးပါ။

**၈။ အရညကင်(အရညိက)ဓုတင်**

ဆရာတော်သည် တောထွက်ခဲ့ရာ (၆)ဝါလုံးလုံး နေရာထိုင်ခင်းကျောင်းမရှိဘဲ တောထဲမှာသီတင်းသုံးခဲ့သည်။

**၉။ ရုက္ခမူ(ရုက္ခမူလိက)ဓုတင်**

ဆရာတော်သည် တောထွက်ခဲ့ရာ ကျောင်းဆောင်အတည်အကျမရှိဘဲ သစ်ပင်အောက်မှာသာ သီတင်းသုံးခဲ့သည်။

**၁၀။ အဗ္ဘောကာသ (အဗ္ဘောကာသိက) ဓုတင်**

ဆရာတော်သည် ဘီလူးကျွန်းအဘစ်တောင် 'လတာန' ကျွန်းတွင် သစ်ပင်မရှိဘဲ လွင်တီးခေါင်၌ တရားကျင့်ခဲ့သည်။

**၁၁။ သုသာန်(သောသနိက)ဓုတင်**

ဆရာတော်သည် မြန်မာပြည်အနှံ


www.burmeseclassic.com

www.burmeseclassic.com

သုသာန်ပေါင်း (၁၃၃)ခုတွင် တရားကျင့်ခဲ့ပါသည်။

**၁၂။ ယထာသန္တတိ (ယထာသန္တတိက) ခုတင်**

ဆရာတော်သည် တောထွက်သည့် (၆) နှစ်လုံးလုံး ကျောင်းဆောင်အတည်တကျမရှိဘဲ တော၊ တောင်များတွင်သာ သီတင်းသုံးခဲ့သည်။

**၁၃။ နိသဇ်(နေသဇ္ဇိက)ခုတင်**

ဆရာတော်သည် တောနက်တွင် သချိုင်းများတွင် တရားကျင့်ရာ၌ ကျောင်းစက်ခြင်းမပြုဘဲ ထိုင်၍သာ တရားကျင့်ခဲ့သည်။

**ဆရာတော် သုသာန်ခုတင်ဆောင်စဉ် ကြုံတွေ့ရသည့် အဖြစ်အပျက်များ**

ဆရာတော်သည် ဈေးချိုသုသာန်တွင် ညအချိန် တရားထိုင်နေစဉ် ဆယ်တောင်နှင့်တစ်ဆယ့်နှစ်တောင်အရှည်ရှိ အကောင်ကြီးနှစ်ကောင်က လာရောက်နှောင့်ယှက်သည်။ ဆရာတော်၏လက်နှစ်ဖက်ကို တစ်ယောက်တစ်ဖက်စီဆွဲကြသည်။ ဆရာတော်သည် မည်သို့မျှပြောကြားခြင်းမပြုဘဲ မေတ္တာပို့ခြင်းကိုသာ အာရုံပြုလုပ်ဆောင်နေသည်။ ဆရာတော်သည် ကြောက်ရွံ့ခြင်းမရှိဘဲ ဖွဲရှိရှိဖြင့် မေတ္တာသုတ်ကိုသာ လက်ကိုင်ထားသည်။ အဆိုပါ အကောင်နှစ်ကောင်ကို-

"ငါသည် တိစီဝရိက်ခုတင်ကို ဆောင်ပြီး သည်သချိုင်းမှာလာရောက် တရားထိုင်ခြင်းဖြစ်ပါသည်။ သင်တို့အား လာရောက် နှောင့်ယှက်ခြင်းမဟုတ်ပါ။ သတ္တဝါအပေါင်းတို့အား ကျန်းမာချမ်းသာကြစေရန် မေတ္တာလာရောက်ပို့သခြင်း ဖြစ်ပါသည်"

ဟူ၍ ဆရာတော်က မိန့်ကြားပါသည်။

အဆိုပါ ဆယ်တောင်နှင့်တစ်ဆယ့်နှစ်တောင်အရှည်ရှိအကောင်နှစ်ကောင်မှာ ဆရာတော်၏မေတ္တာကို နားလည်သဘောပေါက်ပြီး ဆရာတော်အား ပြန်လည် လွှတ်ပေးလိုက်ပါသည်။

မှတ်ချက်-ဝင်းစိန်တောရစခန်းသို့ ရောက်ခင်ကာလအတွင်း အဆိုပါ ဆယ်တောင်နှင့် တစ်ဆယ့်နှစ်တောင် ပတ္တိုလ်များမှ ဆရာတော်အား အမြဲလိုက်ပါစောင့်ရှောက်ခဲ့သည်။ ဝင်းစိန်သာသနာပြုစခန်းသို့ ဆရာတော်ရောက်ပြီးနောက် နိုင်ခရာဘိုးဘိုး (မတူလျှင်တောနှင့် တူကြီးကိုင်ထားသည့်ရုပ်တု) က ထပ်မံစောင့်ရှောက်ပါသည်။

**□ ကမာဝက်သုသာန်အတွေ့အကြုံ**

ကမာဝက်သချိုင်းသည် အလွန်တောကြမ်းသောနေရာဖြစ်သည်။ ဆရာတော်သည် သချိုင်းတွင် တရားထိုင်နေစဉ် လွန်ခဲ့သည့် နှစ် (၁၀၀၀) ခန့်ကဆိုသော ကရင်ပြိတ္တာမတစ်ယောက်သည် ဆရာတော်အား အမျိုးမျိုးလာရောက်နှောင့်ယှက်သည်။ ၎င်းမှာ ထဘီစိမ်းစိမ်းဝတ်ထားပြီး ဖျဉ်းကတိုးသစ်ပင်ကြီးကို ကွယ်ပြီး အမြဲခြောက်လှန့်သည်။ ဆရာတော်သည် ၎င်းအား မည်သို့မျှရန်မူခြင်းမပြုဘဲ မိမိဘာသာ တရားထိုင်ခဲ့သည်။ ကြောက်ရွံ့ခြင်းအလျှင်းမရှိပါ။ မေတ္တာကိုသာ တွင်တွင်ပို့ပေးလျက်ရှိပါသည်။

(၁၅)ရက်တိုင်တိုင် သုသာန်ခုတင်ကိုကျင့်ခဲ့ပါသည်။ နံနက်ဆွမ်းကို ကမာဝက်ရွာထဲသို့ ဆွမ်းခံဝင်ရာ ဆွမ်းမရရှိခဲ့ပါ။ တစ်ညတွင် ဆရာတော်သည် အဆိုပါ ပြိတ္တာများကို မေတ္တာပို့ပြီး 'မနက်ဖြန်ငါဆွမ်းခံလျှင် နင်တို့လည်းလိုက်ပါပြီး ဆွမ်းဝိုင်းခံကြရန်' အမိန့်ရှိသည်။ နံနက်ဆွမ်းခံကြွရာတွင် ဆရာတော်ရှေ့၌ ကြေးစည်သံများကို ကြားရပြီး ဆွမ်းလောင်းသူများလည်း အလွန်များပြားသည်။ သပိတ်လည်းပြည့်လျှံလျက်ရှိသည်။ ဆရာတော်သည် အဆိုပါဆွမ်းကိုဘုဉ်းပေးပြီး ကျန်တာကို ပြိတ္တာတို့အား ကျွေးမွေးကာ မေတ္တာပို့ပေးသည်။ အချို့လည်းကျွတ်တမ်းဝင်သွားကြသည်။ ထူးဆန်းသည်မှာ ကြေးစည်သံကိုကြားရပြီး ကြေးစည်တီးသူကိုမတွေ့ကြရပါ။

**□ အတောင် (၄၀၀) မြင့် ကမ္ဘာ့အကြီးဆုံးလျောင်းတော်မူဘုရားကြီး ဆရာတော်အဓိဋ္ဌာန်ပြုခြင်း**

ဝင်းစိန်ဆရာတော်သည် ကြီးမားသော ဆုံးဖြတ်ချက်တစ်ခုချရန် ဝင်းစိန်ရတနာတောင်ပေါ်တွင် တစ်လအဓိဋ္ဌာန်ဝင်သည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အတွေ့မခံပါ။ ထို့နောက် အနီးကပ် တပည့်ဒါယကာများကို ခေါ်ယူ၍ အတောင် (၁၀၀၀) ရှိ လျောင်းတော်မူဘုရားကြီးတည်ဆောက်ရန်အမိန့်ချမှတ်သည်။

ကိုညာဏ်ထွန်းမှ အတောင်(၁၀၀၀) ဟုဆိုလျှင် မြေနေရာမရှိကြောင်းလျှောက်ထားသည်။ ဒေါက်တာမြင့်ဦးမှ အခက်အခဲ(၂)ခုတင်ပြသည်။ ပထမအချက်မှာ ဤမျှကြီးသော လျောင်းတော်မူဘုရားကြီးတည်ရန် ရန်ပုံငွေအခက်အခဲရှိမည်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ လျောင်းတော်မူဘုရားကြီး တည်မည့် မြေနေရာသည် သာသနာ့မြေမဟုတ်သေးကြောင်းတို့ကိုတင်ပြသည်။ ယင်းအချက်(၂)ချက်သည် ဆရာတော်၏ မေတ္တာတန်ခိုးကြောင့် ပြေလည်သွားရသည်။

**□ လျောင်းတော်မူဘုရားကြီးတည်ရခြင်း ရည်ရွယ်ချက်**

သာသနာတော်နှစ် ၂၅၀၀ ကျော်လာပြီဖြစ်သဖြင့် ဗုဒ္ဓသာသနာသည် တဖြည်းဖြည်း မှေးမှိန်လာမည်ကို ဆရာတော်စိုးရိမ်သည်။ နောင်တစ်ချိန်တွင် ရတနာသုံးပါး၏ အထွတ်မြတ်ဆုံးဘုရားကိုပင် လူတွေမေ့ပျောက်မည်ကို စိုးရိမ်တော်မူသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာတွင် ဂုဏ်တော် (၉) ပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားကို အမြဲတမ်းအမှတ်ရစေရန်ရည်ရွယ်၍ ကမ္ဘာ့အကြီးဆုံးလျောင်းတော်မူဘုရားကြီးကိုတည်ရခြင်း ဖြစ်ပါသည်။

လျောင်းတော်မူ ဘုရားကြီး၏ ဦးခေါင်းတော် အနောက်အရပ်သို့ လှည့်ထားသည့်အနေအထားမှာ နောင်ပွင့်တော်မူသည့် အရိမေတ္တေယျမြတ်စွာဘုရား နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟောကြားတော်မူနေသောအနေအထားဖြစ်သည်။ 'နေရဗာန်'အနေအထားဖြစ်ပေသည်။

လျောင်းတော်မူဘုရားကြီး ညာလက်တော်ချထားသည့် အဓိပ္ပာယ်မှာ တိုင်းပြည်အေးချမ်းသာယာပြီး စိတ်ချလက်ချနေနိုင်စေရန်ဖြစ်သည်။ ဆန်ရေစပါးပေါကြွယ်ဝစေရန်ရည်ရွယ်သည်။

ဘုရားကြီးမှာ ခေါင်းပွဂူဘုရားဖြစ်သည်။အလျားအတောင်(၄၀၀)ရှိသည်။ အမြင့်ဆုံးပခုံးတော်မှာ အထပ်(၈)ထပ်ရှိသည်။ အတွင်းတွင် အလျား×အနံ× အမြင့် (၂၂) ပေပတ်လည်အခန်းပေါင်း (၂၀၀) ရှိသည်။ အခန်းတိုင်းတွင် ပန်းပုရုပ်လုံးရုပ်ကြွများ၊ ပန်းချီကားများဖြင့် ဗုဒ္ဓဝင်ပြခန်းများ ပြုလုပ်ထားသည်။ ဗုဒ္ဓဝင်အခန်းများတွင် နောက်ဆုံးပေါ် ခေတ်မီလျှပ်စစ်မီးများ တပ်ဆင်ထားသည်။ အရေးပေါ် ခေါင်းလောင်းများလည်းတပ်ဆင်ထားသည်။

**□ စတင်ဆောက်လုပ်ခြင်း**

လျောင်းတော်မူဘုရားကြီးကို ယခုလက်ရှိ အမြင့် (၁၂၀) ပေရှိ တောင်စောင်းနေရာတွင်တည်ဆောက်ရန် စီစဉ်သည်။ ပထမဦးစွာ ဦးခေါင်းတော်နေရာ



www.burmeseclassic.com

www.burmeseclassic.com

တွင် သစ်ပင်ချုံနွယ်များရှင်းလင်းခြင်းကို ဆရာတော်ကိုယ်တိုင် ပါဝင်ပြီး လူထုအင်အားဖြင့် ပြုလုပ်သည်။ ဦးခေါင်းတော်အုတ်မြစ်ချမည့်နေရာကိုသတ်မှတ်သည်။ မြေတူးသည်။ မြေတူးရာတွင် ကျောက်များကို သံတူးရွင်းများဖြင့် ခက်ခက်ခဲခဲဖယ်ရှားသည်။ တောင်ပေါ်သို့ အုတ်များကို လုပ်အားပေးလုပ်အားရှင်များဖြင့် တပျော်တပါး သယ်ဆောင်ကြသည်။

၁၃၅၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် ဆရာတော်မွေးနေ့တွင် အခမ်းအနားဖြင့် အုတ်မြစ်ချသည်။ နာယကဆရာတော်များဖြစ်ကြသည့် အောင်တော်မူဆရာတော်၊ လမ်းမတော်ဆရာတော်နှင့် ဘဲရမ်းဆရာတော်တို့ ဦးဆောင်၍ သံဃာတော်များအား ဆွမ်းကပ်ခြင်းနှင့် ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။ ထောင်ချီသော လူထုကြီးကလည်း မတ်စောက်သော တောင်စောင်းကို တွယ်တက်ပြီး လာရောက်ကြသည်။

၁၃၅၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ 'ဇိနသုခရန်အောင်ချမ်းသာ' ဟု ဘုရားဘွဲ့ကို ပေးအပ်သည်။

ယခုအခါ ယခင်လျှောင်းတော်မူ ဘုရားကြီး၏ မျက်နှာချင်းဆိုင် တောင်စောင်းတွင် နောက်ထပ်အတောင်(၆၀၀) လျှောင်းတော်မူ ဘုရားကြီးတစ်ဆူကို ထပ်တည်ပြန်သည်။ ၎င်းဘုရားကြီးမှာ -

၁။ ယခင်အတောင်(၄၀၀)မှာ အနောက်အရပ်သို့ ဦးခေါင်းတော်လှည့်သည်။ ယခု အတောင် (၆၀၀) မှာ အရှေ့အရပ်သို့ ဦးခေါင်းတော်လှည့်သည်။
၂။ ယခု အတောင်(၆၀၀)၏ ညာလက်တော်မှာ ဦးခေါင်းတော်ကိုထောက်ထားသည်။
၃။ ယခင် အတောင် (၄၀၀) လျှောင်းတော်မူဘုရားကြီးနှင့်မျက်နှာချင်းဆိုင်နေရာ။
၄။ အမြင့်ပေ (၁၂၀) အတူတူ။

**ဝင်းစိန်တောရဆရာတော်ကြီး၏ အဆုံးအမဩဝါဒများ**

- တရားအလုပ်လုပ်ချိန်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့လုပ်ကြ။
  မနှစ်မြို့တဲ့စကားသံ၊ မနှစ်မြို့တဲ့စိတ်ကို ရင်ထဲမှာ ကြာကြာမထားကြနဲ့၊ ထုတ်ပစ်လိုက်ကြ၊ ဖျက်သိမ်းပစ်လိုက်ကြ။
- မရှိမရှုပ်၊ ရှိလျှင်ရှုပ်၏။
  မပျက်ပွားများ ထိုတရားကို
  မှတ်သားနာယူ သတိမူလော့။
  အာရုံမသေ - မြို့ကမ္ဘာ၊
  ရုပ်သေတော့ - သုသာန်
  နာမ်သေမှ - နိဗ္ဗာန်။
  စိတ်ကိုပိုင်မှ - ရုပ်ကိုနိုင်မည်။
  တရားရှိလျှင် - အမှုမရှိ
  အမှုရှိလျှင် - တရားမရှိ။
- မရဏာဿတိဘာဝနာ ဆိုတာ ဒီလိုပါ။ ကိုယ့်ရဲ့ဇရာ၊ မရဏတရားဟာ ကိုယ့်အတွက် မောင်းနှင်နေကြပြီးဆိုတာကို သတိရှိရပါမယ်။ ငါဟာ ငယ်ရွယ်တဲ့အချိန်မှာ ရှုလို့မငြီးနေခဲ့ဖူးပါတယ်။ မွေးလာခဲ့ပြီးလို့ အိုရမယ့်သူပါ၊ နာရမယ့်သူပါ၊ သေရမယ့်သူပါ။ ရွှံစရာကောင်းပါတယ်ဆိုတဲ့ အနု၊ အရင့်ကာမဂုဏ်တွေလို မရေတွက်နိုင်တဲ့ဘဝနဲ့ ယခုဘဝထိအောင် အပြစ်မမြင်ချင်သေးဘဲ ချစ်ခင်စိတ်တွေဖြစ်နေပါသေးတယ်။ ချစ်ရမယ့်အရာကို မချစ်ဘဲ မုန်းရမယ့်အရာကို စွဲမက်ခဲ့တယ်။ အနည်းနဲ့ အများ သတ္တဝါတွေရဲ့အသက်ကို - ကာမဂုဏ်များတာကို - အရက်သေစာသောက်ခဲ့တာကို မှားခဲ့ပါတယ်ဆိုပြီးတော့ သံဝေဂမွေ့ဉာဏ်များနဲ့ ဆင်ခြင်အောက်မေ့သင့်ကြောင်းပြောကြားလိုပါတယ်။

**▫ ဆရာတော်ကြီး၏နေ့စဉ်လုပ်ငန်း**

ဆရာတော်ကြီးသည် နေ့စဉ်အရုဏ်တက်တွင် ဘုရားရှိခိုးခြင်း၊ အမျှပေးဝေခြင်း ပြုလုပ်သည်။ တစ်နေကုန် ဗုဒ္ဓါနုဿတိဘာဝနာနှင့်မေတ္တာဘာဝနာကို မှန်မှန်ပွားများသည်။ ဆရာတော်ကြီး၏သဘောမှာ သတ္တဝါတို့အပေါ်မှာ ဥပေက္ခာသဘောမထားနိုင်။ မေတ္တာ၊ ကရုဏာကြီးမားပါပေသည်။ ဆရာတော်ကြီးသည် ကုန်းသတ္တဝါဆွမ်းလုံးဝမဘုဉ်းပေးဘဲ ရေသတ္တဝါနှင့် အသီးအနှံများကို သာဘုဉ်းပေးတော်မူသည်။

ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို လေးစားကြည်ညိုသောအားဖြင့် နိုင်ငံတော်မှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ၁၃၆၂ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်နေ့၊ ၄-၁-၂၀၀၀ ပြည့်နှစ်တွင် ဆက်ကပ်ခဲ့ပါသည်။ ဝင်းစိန်တောရသာသနာ့ပြုစခန်းတွင် နှစ်စဉ် ကျင်းပသောပွဲတော်များမှာ -

၁။ အသံမစဲပဋ္ဌာန်းပွဲ
(ကဆုန်လဆန်း ၈ ရက်မှ လပြည့်နေ့အထိ)
၂။ ဝါဆိုသင်္ကန်းကပ်လှူပွဲ
(ဝါဆိုလဆုတ် ၇ ရက်နေ့)
၃။ ဆန်၊ ဆွမ်းလောင်းလှူပွဲ
(ဝါခေါင်လပြည့်နေ့)
၄။ ဆီ၊ ဆွမ်းလောင်းလှူပွဲ
(တော်သလင်းလပြည့်နေ့)
၅။ ကထိန်သင်္ကန်းကပ်လှူပွဲ
(တန်ဆောင်မုန်းလဆန်း ၁၄ ရက်)
၆။ ပရိဝါသ်ဆောက်တည်ပွဲ
(အခါအခွင့်သင့်သလို ကျင်းပသည်။)
၇။ ဆရာတော်ဘုရားကြီးမွေးနေ့ပွဲ
(ပြာသိုလဆုတ် ၉၊ ၁၀၊ ၁၁ ရက်နေ့များ)

ဆရာတော်ကြီးသည် ဝေနေယျများအပေါ် ထားတော်မူသော မေတ္တာ၊ ကရုဏာစိတ်ထားဖြင့် တနင်္ဂနွေနေ့ အပတ်စဉ် အနာကင်းဆေးရှင်းဆေးဆန်ပြုတ်ကို ရောက်လာသူမှန်သမျှ အခမဲ့ ဝင်ရောက်အာဟာရဓာတ်ဖြည့်နိုင်သည်။ ဆေးဆန်ပြုတ်စားသုံးသူများ၏ ပန်းကန်သံ၊ ဇွန်းသံတို့သည် စတုဒိသာရုံတွင်သာမက ဘဝင်အထိပျံ့လွင့်လျက်ရှိပေတော့သည်။

ဆရာတော်ကြီးသည် သက်တော် (၉၄) နှစ်၊ ဝါတော် (၄၄) ဝါအရ ၁၃၇၇၊ ကဆုန်လဆန်း ၉ ရက်၊ ၂၆-၄-၂၀၁၅၊ မွန်းလွဲ (၁း၃၀) နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံတွင် ခန္ဓာဝန်ချတော်မူသည်။

ထိုအချိန်၌ ကျွန်တော်သည် ဆေးရုံတွင်ရှိနေခိုက်ဖြစ်၍ ဆရာတော်ကြီးကို နောက်ဆုံး ဖူးမြော်လိုက်ရပေသည်။

ဤဆောင်းပါးဖြင့် ဝင်းစိန်တောရဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်တို့ကိုဦးခိုက်လျက်။

တင်အောင် (စက်မှုတက္ကသိုလ်)

ကျမ်းကိုး -

ဆရာကျော်နန္ဒအောင်၏ 'ဝင်းစိန်တောရ မွန်ဆရာတော်ကြီး ဘဒ္ဒန္တ ကေသရမဟာထေရ်၏ဘဝ၊ သာသနာနှင့်ကျင့်စဉ်



www.burmeseclassic.com


www.burmeseclassic.com

ခင်(တောင်ကြီး)


# ကျောက်နီတောရ(ခေါ်)မိုင်းသောက်တောရသို့ ခရီးတစ်ခေါက်

အင်းလေးဒေသတစ်ဝိုက်တွင်ရှိ လူအများတို့မှ ကျောက်နီတောရဟူ၍ ခေါ် ဝေါ် သိရှိကြသော မိုင်းသောက် တောရကျောင်းသည် အင်းလေးကန်ကြီး ၏ အရှေ့ဘက်ခြမ်း၌ တည်ရှိပါလေ သည်။ ယခင်က အင်းလေးကန်အတွင်း ကော်လှေဖြင့် ရေလမ်းကြောင်းအတိုင်း သွားရောက်ခဲ့ကြရသည်များရှိသော်လည်း ယခုကာလတွင်မူ ဖြောင့်ဖြူးသောကား လမ်းကြီးဖြင့် လွယ်လင့်တကူ သွားလာ နိုင်ကြပြီ ဖြစ်လေသည်။ ထို့ကြောင့် မိုင်း သောက်တောရကျောင်းကြီးတစ်ခုအဖြစ် တည်နေပြီဖြစ်သော တောရိပ်တောင် ရိပ်များ ထူထပ်စွာရှိနေသည့် ဒေသသို့ ကြိမ်မကျမိ ရက်ပိုင်းလေး၌ ရောက် ရှိသွားဖြစ်ခဲ့ကြပါလေသည်။

မိသားစုတစ်စုလုံး မိုင်းသောက်



...အတွင်းရှိ လူအများပူဇော်ဦးခိုက်ကြရာ ရုပ်ပွားတော်




ဓမ္မစကြာစေတီတော်ဖြစ်၍ ပထမဆုံး မိုင်းသောက်တောရဆရာတော်ကြီး ဘဒ္ဒန္တဒေဝိန္ဒာဘိဝံသ၏ ရည်စူးပူဇော်သောစေတီ ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com




**ကျိုက်ထီးရိုးစေတီလေးအား နောက်ခံတောင်စဉ်တောင်တန်းများကြား ဖူးတွေ့ရပုံ**



**မိုင်းသောက်တောရမှ ပင်မ ကျောင်းတော်ကြီး၏အလှ**



**ပင်မကျောင်းတော်ကြီးနှင့် အနီးမှအဆောင်များ**



**တောင်တော်ပေါ်ရှိ အဆင့်ဆင့်အထပ်ထပ် ကျောင်းဆောင်များ**

တောရသို့ အိမ်မှနေ ကားငယ်လေးဖြင့် တောင်ကြီးတောင်မြင့်နေရာမှ အောက်ဘက်ဆီသို့ ဆင်းသက်လာခဲ့ကြပါသည်။ တောင်ကြီးမှအေးသာယာသို့ရောက်ရှိပြီးသောအခါ စက်မှုဇုန်ဒေသဆီသို့ဦးတည်မောင်းနှင်လာခဲ့ကြပါ၏။ တောင်ကြီးမြို့မှကြိုဆိုပါ၏ ဟူသော လှပမြင့်မားလှသည့် အဝါရောင်မုခ်ဦးကြီးကို ကျော်ဖြတ်လာခဲ့ကြပြီးသည်နှင့် အေးသာယာ အ-ထ-က၊ ဖောင်တော်ပေါက်ဘုရား နည်းပညာတက္ကသိုလ်စသည်တို့ကိုကျော်ဖြတ်လာခဲ့ကြရပြန်ပါသည်။ တိုင်းရင်းဆေးရုံနှင့်ဝန်ထမ်းအိမ်ရာများကို ကျော်ဖြတ်လာကြပြီးသည်နှင့် ဖြောင့်ဖြူးလှသော ကားလမ်းကြောကြီးမှ အသွားအလာ ရှင်းလင်းအေးဆေးစွာရှိနေ၍ ခပ်သွက်သွက်ပင် ကားကို မောင်းနှင်လာခဲ့မိကြပါလေသည်။

လှပစိမ်းလန်း၍ကျယ်ပြန့်ပြောလှသောသဘာဝရှုခင်းများက စာရေးသူတို့မိသားစုအား လန်းဆန်းဆေးမြသွားစေခဲ့ပါတော့၏။ ကြံပင်များစိုက်ပျိုးထားကြသောခြံမြေများက ရှု၍မဆုံးနိုင်လောက်သောမြင်ကွင်းများအဖြစ် ပတ်ဝန်းကျင်အား မင်းမူနေကြပါလေသည်။ ရိုးသားဖြူစင်သည့် ဓလေ့ဘာသာ၊ စိုက်ပျိုးရေးလုပ်ငန်းတို့ဖြင့်သာ အသက်မွေးမြူတတ်ကြသော ရှမ်းတောင်ဒေသသားများ၏ လုပ်အားအလှုပြယုဂ်များက သန့်ရှင်းသော ပတ်ဝန်းကျင်သဘာဝကိုလည်း ဖော်ပြလျက်ရှိနေပါလေသည်။


မိုင်းသောက်ရွာသည် ရှေးကာလကပင် တည်ရှိခဲ့သော ရှေးရွာကြီးဖြစ်သည်။ ရွာတည်ခုနှစ်ကို လေ့လာကြည့်သောအခါ ဗြိတိသျှခေတ်ကာလကပင် တည်ရှိနေခဲ့သောရွာဟု သိရှိရပါသည်။ ရာဇဝင်မှတ်တမ်းများအရ ဗြိတိသျှတို့သည် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလတွင် အထက်မြန်မာနိုင်ငံအား သိမ်းပိုက်ခဲ့ပြီးနောက် ၁၈၈၆ ခုနှစ် မတ်လ ၁ ရက်နေ့မှစတင်၍ ဆာချားလ်(စ်)ဘားနာ(ဒ်)ဆိုသူအား ဗြိတိသျှမြန်မာပြည်မင်းကြီးချုပ် အဖြစ်ခန့်အပ်လျက် ရှမ်းပြည်နယ်ကုန်း မြင့်ဒေသမပါဝင်ဘဲ ပြည်မနှင့်သီးခြား အုပ်ချုပ်ရေးကို ကြေညာခဲ့သည်။

၁၈၈၇ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့ နေ့သီးခြားစစ်မျက်နှာဖွင့်ကာ ရှမ်းကုန်း ပြင်မြင့်သို့ နယ်ချဲ့တပ်များချီတက်ခဲ့ကြ ၏။ ထိုစဉ်က ဗြိတိသျှတပ်၏စစ်ကြော မှူးမှာ ဗိုလ်မှူးကြီးအီးစတက်မင်း၊ နိုင် ရေးမှူးမစ္စတာဟီလဒီဘရန်၊လက်ထော နိုင်ငံရေးမှူး မစ္စတာ ဂျေဂျီစကော့တို့ဖြ

www.burmeseclassic.com

ပြီး မျက်နှာဖြူတပ်ရင်း၊ ဂေါ်ရခါးတပ်ရင်း၊ အိန္ဒိယတပ်ရင်းများဖြင့် ချီတက်ခဲ့ကြခြင်းဖြစ်သည်။


နယ်ချဲ့ဗြိတိသျှတို့၏ ဗိုလ်မှူးကြီး အီးစတက်မင်းသည် ညောင်ရွှေမြို့မှ အရှေ့တောင်ဘက် ခုနစ်မိုင်ခန့်အကွာ အဝေးတွင်တည်ရှိသော အင်းလေးကန် အရှေ့ဘက်ကမ်းပါးပေါ်မှ မိုင်းသောက်ရွာကြီးတွင် တပ်စခန်းချခဲ့ကြောင်း သိရှိရသဖြင့် မိုင်းသောက်ရွာကြီး၏ ရွာတည်သက်တမ်းကို သိရှိနိုင်လေ၏။ ထိုအချိန်မှစတင်၍ ဗြိတိသျှတို့သည် မိုင်းသောက်ဒေသကို ခံတပ်မြို့အဖြစ် တည်ဆောက်ခဲ့ကြပြီး စတက်မင်းခံတပ် (Fort Sted - man) ခံတပ် ဟူ၍ တပ်စွဲခဲ့ကြကြောင်း မှတ်သားရပါ၏။ ထိုမိုင်းသောက်ခံတပ်စခန်းမှ ဗြိတိသျှစစ်ကြောင်းတစ်ကြောင်းသည် သမိုင်းခမ်း၊ ပွေးလှ၊ ပင်းဒယ၊ ရပ်စောက်၊ မိုင်းပြင်းတို့ဘက်သို့ လည်းကောင်း၊ ဟိုပုန်းမြို့မှတစ်ဆင့် မိုင်းပွန်မြို့သို့ လည်းကောင်း ချီတက်စေခြင်းများ ပြုလုပ်ခဲ့ကြသည်ကိုလည်း တွေ့ရှိခဲ့ရသည်။ ၁၈၉၀ ပြည့်၊ မတ်လ နွေရာသီ၌ ဗြိတိသျှမင်းကြီးချုပ် ဆာချား(လ်)စရောစဝိတ်ကိုယ်တိုင် ညောင်ရွှေမြို့နယ် အင်းလေးအရှေ့ဘက်ကမ်း မိုင်းသောက်ခံတပ်မြို့၌ ရှမ်းစော်ဘွားများ၊ မြို့စား၊ နယ်စား၊ ငွေခွန်မှူးများအပါအဝင် ဗြိတိသျှတို့၏သစ္စာခံယူစေသည့် သူကောင်းပြုဒါဘာပွဲခေါ် မင်းစုံပွဲကြီးကို ပထမဆုံးအကြိမ် ကျင်းပခဲ့ကြကြောင်း မှတ်တမ်းများအရ မိုင်းသောက်ရွာကြီး၏ အရေးပါပုံကိုသိရှိမှတ်သားခဲ့ရပါလေသည်။ ထိုစဉ်က တောင်ကြီးမြို့သည် လုံးဝပင်မပေါ်




ကျိုက်ထီးရိုးစေတီလေးမှ အထက်ဘက်သို့ ဆက်၍တက်နိုင်ကြပါသေး၏



ကျိုက်ထီးရိုးစေတီခြေရင်းထိ ကွေ့ကာ ဝိုက်ကာတက်လာခဲ့ရာ လမ်းငယ်နှင့် လှေကား



မိုင်းသောက်တောရ ပထမသာသနာခေတ် ဆရာတော်ကြီးလက်ထက်မှပင်ရှိနေခဲ့သော ကမ္မဋ္ဌာန်းရှုမှတ်ရာ လှူအရိုးစု



မိုင်းသောက်တောရ၏ ပထမသာသနာမှသည် တတိယသာသနာထိတိုင် အသုံးပြုနေဆဲ အုန်းမောင်း



တောင်အတက် ကွန်ကရစ်ကားလမ်းမကြီး



တောင်တော်ပေါ်တွင်စိုက်ပျိုးထားသော ကြာကန်၏အလှ



မိုင်းသောက်တောင်တက်လမ်းနံဘေး အပင်ကြီးများပေါ်တွင် သဘာဝအတိုင်း ပွင့်နေကြသော သစ်ခွပန်းတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ခဲ့သေးသောကာလဖြစ်ပါသည်။

ထိုမိုင်းသောက်မြို့ကလေးတွင်ရှိ မိုင်းသောက်တောရသို့ စက်မှုဇုန်လမ်းမှ ဖြတ်သန်း၍ မိနစ်နှစ်ဆယ်ခန့်သွားပြီး ကြသည့်အခါ ယခုလက်ရှိ ဟော်တယ်ဇုန်များကိုလည်း ဖြတ်သန်းသွားကြရပါသည်။ ထို့နောက်မှ မိုင်းသောက်မြို့အတွင်းသို့ရောက်ရှိလာကြပြီး ထိုမှတစ်ဆင့် မိုင်းသောက်တောရသို့သွားသောလမ်းခွဲလေးအတိုင်း ကားကိုချိုးကွေ့ဝင်လာခဲ့ကြပါ၏။

ရှေးကာလက တောင်စောင်းနေရာရှိ ကျောက်နီချပ်ကြီးအား အစွဲပြု၍ ကျောက်နီတောရဟုခေါ်ဝေါ်ခဲ့ကြသော မိုင်းသောက်တောရပတ်ဝန်းကျင်နေရာလေးသည် အေးချမ်းသောသစ်တောသစ်ရိပ်တို့ကြား လှပစွာတည်ရှိနေပါလေ၏။ ထိုစဉ်က ကျောက်နီတောရဟူ၍ အမည်ထင်ရှားလာခါစက သံဃာတော်အရေအတွက် နည်းပါးနေခဲ့သေးသော်လည်း ကျောင်းထိုင်ဆရာတော်ကြီးဘဒ္ဒန္တဒေဝိန္ဒာဘိဓဇ၏ သီလဂုဏ်၊ ပညာဂုဏ်၊ ဝိနည်းဆိုင်ရာဂုဏ်သိက္ခာများကြောင့် ကျောက်နီသို့မဟုတ် မိုင်းသောက်တောရ၏အနေအထားသည် ညောင်ရွှေ၊ အင်းလေး၊ ရပ်စောက်၊ ပင်းတယ အစရှိသော ရှမ်းတောင်ဒေသတစ်ခွင်လုံး၌ ထင်ရှားကျော်ကြားလူသိများခဲ့ရပါလေသည်။

ရှေးဦးအစ မိုင်းသောက်တောရ၏ဆရာတော်ဘုရားကြီးဖြစ်သော ဘဒ္ဒန္တဒေဝိန္ဒာဘိဓဇလက်ထက်တော်တွင် မိုင်းသောက်တောရ၏ ပထမသာသနာထွန်းကားခဲ့သည်ဟူ၍ ပြောရမည်ပင် ဖြစ်ပါ၏။ ထိုပထမဆရာတော်ကြီးသည် ရှမ်းတောင်ဒေသ ညောင်ရွှေမြို့နယ် အင်းလေးကန်ဒေသ၏ အရှေ့ဘက်ကမ်းရှိ ပေပင်အင်းရွာဇာတိဖြစ်ပါသည်။ ပေပင်အင်းရွာသည် အများအားဖြင့် ရေခြံလုပ်



ဆရာတော် ဒေါက်တာ အရှင်စန္ဒောဘာသမှ ရှင်းပြတော်မူနေစဉ်



ကျောင်းတွင်းမှ ခြောက်လ ခံပန်းအဖြူရောင်များ



မိုင်းသောက်တောရကျောင်းတွင်း စိုက်ပျိုးထားသောပန်း



ဆရာတော်စိုက်ပျိုးထားသော လဝန်းဂမုန်းပင်၏အပွင့်များ



ဆရာတော်ကျောင်းဝင်းအတွင်း ဖူးပွင့်နေသော ကြာပြာ၏အလှ



တောရိပ်တောင်ရိပ်ကြားတွင် ပွင့်လန်းနေသော ကြာဝါ



သဘာဝအလျောက် မြင့်မားသောပင်ကြီးများ ပေါ်မှ လှပသော ငုဝါပန်းပွင့်ပန်းရောင်များ




www.burmeseclassic.com

www.burmeseclassic.com



အုတ်လှေကားအနိမ့်အမြင့်ဖြင့်
အဆင့်ဆင့်တက်သွားရသောနေရာတစ်ခု



နှစ်ထပ်ဆောင် စာသင်သားတို့၏
စာသင်ခန်းများနှင့် ဥပုသ်သည်ဇရပ်



ဆွမ်းစားဆောင်နှင့်နောက်ခံတောင်မြင့်တို့သာမက
ခပ်ဝေးဝေး၌မြင်ရသော အင်းရေပြင်အစပ်



လူသားတစ်ဦး၏ အရိုးစုနှင့်
ထိုအရိုးစုတို့၏ အရေအတွက်များကို
ရေး၍ ဖော်ပြထားသော စာတမ်းများမှာ
သတိတရားရနိုင်ဖွယ်ရာပင် ဖြစ်သည်



ကျောက်နီတောရဟု မှူလခေါ်ဝေါ်ခဲ့ကြသော
အခေါ်အဝေါ်မှာ ဤကဲ့သို့ တောင်ကြောတစ်
လျှောက် ရှိနေတတ်ကြသော ကျောက်နီချပ်
ကြီးများကြောင့်ဟု ဆရာတော်မှမိန့်ပါ၏



ဓမ္မစကြာစေတီတော်သို့ ဦးတည်သွားနေကြ
သော ရွယ်အိုသက်ကြီးများနှင့် နုပျိုသက်ငယ်
များအား တရားသံဝေဂရဖွယ်
ယှဉ်တွဲတွေ့လိုက်ရစဉ်

...စားသောက်ကြသော အင်းသူအင်း...တို့၏ရွာလေးဖြစ်သည်။ ထိုရွာလေး... ကောဇာနှစ် ၁၂၅၁ ခု၊ ဝါခေါင်လ...ကျော် ၁၄ ရက်၌ ဆရာတော်...င်းလျာလေးအား မွေးဖွားသန့်စင်...သည်။ ခမည်းတော်မှာ ဦးလှဖြစ်၍ ...တော်မှာ ဒေါ်ဆေးဖြစ်သည်။ ဆရာ...၏ငယ်မည်မှာ မောင်ဘွားဖြစ်လေ...။

မောင်ဘွားဆယ့်သုံးနှစ်အရွယ်သို့ ...က်သောအခါ မိခင်၊ ဖခင်တို့က ...သောက်အနောက်တောင်ကျောင်း ... ဂိုဏ်းထောက်ဆရာတော်ဘုရား... အပ်နှံ၍ ပရိက္ခရာရှစ်ပါးတို့ဖြင့် ...သာမဏေအဖြစ် သွတ်သွင်းခဲ့ကြပါ...။ ရှင်သာမဏေဘဝတွင် ဆရာတော်...ကြီး၏ ဩဝါဒကို ရိုသေစွာခံယူ၍ ...ခံစာပေကျမ်းဂန်များကို ဆည်းပူး

ခဲ့သည်။ ရှင်သာမဏေဘဝ၌ ရှင်နန္ဒိယ အမည်ဖြင့် ပညာသင်ယူခဲ့ခြင်း ဖြစ်ပါ၏။ ရှင်သာမဏေအဖြစ်ဖြင့် စာသင်ဝါ(၃)ဝါ ရသောအခါ အသက်အရွယ်ကြီးရင့်လာပြီဖြစ်သောမိခင်၊ ဖခင်တို့အား လုပ်ကျွေးပြုစုရန်လိုအပ်လာသဖြင့် ရှင်လိင်ပြန်ခဲ့ရလေ သည်။

ရှင်နန္ဒိယသည် ရှင်လိင်ပြန်ခဲ့ရသော်လည်း အိမ်ခြေယာခြေတို့၌ မပျော်ပိုက်ဘဲ မကြာခဏပင် သင်္ကန်းဝတ်ဘဝနှင့်နေရသည်ဟု အိပ်မက်မြင်မက်လေ့ရှိလေသည်။ ထိုကဲ့သို့ အိပ်မက်များ မကြာမကြာ မြင်မက်ဖန်များလာသောအခါ မိဘများထံ သင်္ကန်းပြန်လည်ဝတ်ခွင့်ပြုပါရန် ခွင့်ပန်ရပါလေတော့၏။ မနေသာတော့သောအခြေအနေဖြစ်၍ မိဘတို့ကလည်း ရှင်နန္ဒိယ၏ဆန္ဒအတိုင်း သာသနာ့ဘောင်၌ နေလိုပါကလည်း မိခင်၊ ဖခင်တို့ကပင် ရဟန်းဒါယကာပြုပါရစေဟူ၍ ပြောဆိုကာ ခွင့်ပြုလိုက်ကြရလေတော့သည်။

ထို့ကြောင့် ရှင်နန္ဒိယအား မူလဂိုဏ်းထောက်ဆရာတော်ဘုရားကြီးထံ၌ပင် ဒုတိယအကြိမ် ရှင်သာမဏေဝတ်ခဲ့ပြန်ပါသည်။ ထိုကဲ့သို့ ဒုတိယအကြိမ် ရှင်သာမဏေပြုခဲ့သောခုနှစ်မှာ ၁၂၇၀ ပြည့်နှစ်၊ ဝါဆိုလအတွင်းက ဖြစ်လေသည်။ ထိုမှ ၁၂၇၁ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ စနေနေ့ နေတက် (၉) ဘဝါး (၁) ဖီလာအချိန်တွင် ဝါတော် (၂၂) ဝါ ရှိတော်မူသော မိုင်းသောက်အလယ်ကျောင်းဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ မိုင်းသောက်ဘုရားအနောက်ကျောင်း ဂိုဏ်းထောက်ဆရာတော် ခန်းနေ ဦးပညာ၊ ဝါဆိုကျောင်းဆရာတော် စသည့် ဆရာတော်သုံးပါး

www.burmeseclassic.com

တို့မှ ပထမကမ္ဘဝါစာဆရာများအဖြစ် ရဟန်းဘဝသို့ ချီးမြှောက်ပေးတော်မူခဲ့ကြသည်။ ထို့အတူ မိုင်းသောက်အောက်ကျောင်းဆရာတော်၊ ညောင်လေးပင်ဆရာတော်ဘုရား၊ မိုင်းသောက်အနောက်ကျောင်းခန်းနေ ဦးသာဂရ၊ အနောက်တောင်ကျောင်းခန်းနေ ဦးဝရုဏ၊ ဝါဆိုကျောင်းခန်းနေဦးကုမာရတို့က တတိယကမ္ဘဝါစာဆရာများပြု၍လည်းကောင်း ချီးမြှောက်ပေးတော်မူခဲ့ကြပါသည်။

ရှင်နန္ဒိယရဟန်းအဖြစ်ခံယူတော်မမူမီ ဆရာတော်ကြီး၏ ဩဝါဒများအတိုင်း ဒေသနာခံ၊ ဒေသနာကြား၊ သေဝိတ(၄)ပါး၊ ရဟန်းခံရှင်ပြု အကျိုးတရားများကို အသေအချာ ကျက်မှတ်ခဲ့ပါ၏။ ထို့ကြောင့်လည်း ရဟန်းအဖြစ်ခံယူသောနေ့၌ပင် မိခင် ဒါယိကာမကြီးအား ကျေးဇူးကြီးစွာဆပ်သည့်အနေဖြင့် ရဟန်းခံရှင်ပြုအကျိုးတရားကို ကိုယ်တော်တိုင် ဟောပြောပေးတော်မူခဲ့ပါလေသည်။

ရဟန်းအဖြစ်သို့ ရောက်ရှိသည့်အခါ ဥပဇ္ဈာယ်ဆရာတော်မှ ရှင်သာမဏေဘဝမှရရှိခဲ့သော ရှင်နန္ဒိယဟူသည့်အမည်ဟောင်းကို ပယ်ဖျောက်၍ ဦးဒေဝိန္ဒာဘိဓဇ ဟူသော အမည်သစ်ကို ချီးမြှောက်ပေးတော်မူခဲ့ပါလေသည်။ ရဟန်းဘဝရောက်ပြီးဖြစ်သည့်ဦးဒေဝိန္ဒာဘိဓဇသည် မိုင်းသောက်အနောက်တောင်ကျောင်းဆရာတော်ဘုရားထံတွင် သီတင်းသုံးတော်မူခဲ့ပါလေ၏။

ထိုကာလအတောအတွင်း မိုင်းသောက်ဂိုဏ်းထောက်ဆရာတော်ကြီး၏ တပည့် ဦးပညာသာမိထံတွင် လည်းကောင်း၊ တောင်ကြီးမြို့ မင်္ဂလာရာမရွှေကျင်တိုက် ဂိုဏ်းထောက်ဆရာတော် ဦးနာဂဝံသထံတွင် လည်းကောင်း၊ မန္တလေး နေပြည်တော်ဘုရားကြီးတိုက်မှ ဆရာတော် ဦးသောဘိတထံတွင် လည်းကောင်း နိဿရည်းခံ၍ နှစ်နှစ်ပတ်လုံး ပရိယတ္တိစာပေများသင်ကြားဆည်းပူးခဲ့သည်။ မိုင်းသောက် ပထမဆရာတော်လောင်းလျာ ဦးဒေဝိန္ဒာဘိဓဇသည် ညောင်ရွှေနယ် သံဃာတော်များနှင့် ဒေသစာရီကျောင်းတော်ကြီးတွင် နှစ်နှစ်ပတ်လုံး ်နယာဒိနဂ္ဂဟစာပွဲတော်၌ ဝင်ရောက်ဖြေဆိုတော်မူခဲ့ရာ ပထမနှစ်တွင် ပထမငယ်တန်းအောင်စဉ် နံပါတ်(၁) ရရှိတော်မူပြီး ဒုတိယနှစ်တွင်အောင်စဉ် နံပါတ်(၂)ဖြင့် အောင်မြင်တော်မူခဲ့ပါသည်။


တောင်အထက် ကွန်ကရစ်ကားလမ်းမကြီး


တောင်တော်ပေါ်မှငုံ့ကြည့်၍မြင်ရသောရှုခင်း


တောင်အတက်ကားလမ်း ဝဲ-ယာတို့တွင်
ပေါက်ရောက်နေကြသော
သဘာဝတောရိုင်းကျွဲရပင်များ


သစ်ပင်ကြီးများပေါ်တွင်
တွယ်ကပ်ပေါက်ရောက်တတ်သော
သစ်ခွပန်းငယ်တစ်မျိုး၏အလှ


တောင်အတက်ကားလမ်း၏ အနောက်ဘက်
အဝေးနေရာမှမြင်နေရသော အင်းလေးပြင်ကြီး


မွေစကြာစေတီတော်သို့သွားသောလမ်း
လှပသာယာနေမှုတို့မှာ. . .



www.burmeseclassic.com


www.burmeseclassic.com




ဆရာတော်၏ဓမ္မစကြာစေတီနှင့် မနီးမဝေး၌ မွေးမြူပေါက်ပွားနေကြသော ယုန်ဖြူ ယုန်မည်းများ အကောင်ရေသုံးဆယ်ခန့်ရှိပါ၏



ကျောင်းဝင်းအတွင်းပေါက်ရောက်နေသော ပိန္နဲပင်၏အသီးများမှာ မြေတွင်ကပ်လျက် ထူးခြားစွာ



ဆရာတော်၏ကျောင်းအပေါ်အမြင့်မှ မြင်တွေ့ရသော ဥပုသ်သည်နားခိုရာဇရပ်၊ ဆွမ်းစားဆောင်နှင့် ဝင်ထွက်သွားရောက်ကြသော ကားကြီး၊ငယ်တို့ ရပ်နားရာနေရာ



အပေါ်ဘက်တောင်ကြောဆီသို့ အဆင့်ဆင့်မြင့်တက်သွားသော အဆောက်အအုံများဆောက်လုပ်ထားကြပုံမှာ



ကျောက်ဆောင် ကျောက်ဂွမှများ၏ အပေါ်ဘက်ရှိ အဆောက်အအုံများကို တွေ့ရသည်မှာ. . .



မိုင်းသောက်တောရတောင်တော်ပေါ်တွင် ရှိသော ကွန်ကရစ်လမ်းသွယ်တစ်ခု



တောတောင်၏သဘာဝ ပေါက်ပင်များ၏အလှအပ

ထို့နောက် မိုင်းသောက်ငွေတောင်ကျောင်း၌ ပညာဆည်းပူးနေဆဲ၌ မိုင်းသောက်ငွေတောင်ကျောင်းထိုင်အဖြစ် ပင့်ဆောင်ခြင်းခံတော်မူခဲ့ရပါ၏။ ဦးဒေဝိန္ဒာဓဇသည် ငွေတောင်ကျောင်း၌ သီတင်းသုံးတော်မူခဲ့ရာမှ ကောဇာနှစ် ၁၂၈၈ ခု၊ ဝါဆိုလဆန်း ၁၀ ရက်၊ ညနေ (၅)နာရီခွဲတွင် သတိသံဝေဂများစွာရရှိတော်မူခဲ့သည်များကို သုံးသပ်တော်မူပြီး တောရဆောက်တည်ရန် ကျောက်နီတောရသို့ ထွက်တော်မူလာခဲ့ပါ၏။ တောရဆောက်တည်ရန် ထွက်တော်မူခဲ့ရာ၌ သင်္ကန်းသုံးထည်ကိုသာရုံတော်မူလျက် မိုင်းသောက်အရှေ့ဘက်မြောင်ကြီးမြောက်ကောက်အရှေ့ဘက်တောင်တန်းရှိ တောကျောင်းငယ်လေးသို့ ဧကစာရီတောထွက်တော်မူခဲ့ခြင်း ဖြစ်လေသည်။

တောထွက်စဉ်က ဆရာတော်၏ သက်တော်မှာ (၃၆)နှစ်ဖြစ်တော်မူခဲ့ပြီး ထိုတောရကျောင်းလေး၌ သီတင်းသုံးတော်မူနေစဉ် မိမိ၏သီလကို အသက်နှင့်လဲ၍ စောင့်ရှောက်တော်မူခဲ့သကဲ့သို့ သာသနာရေးဆိုင်ရာ တာဝန်များကိုလည်း ကျေပွန်အောင်ဆောင်ရွက်တော်မူခဲ့လေသည်။ ဆရာတော်ကြီး၏ထူးခြားလှသော သီလဂုဏ်၊သမာဓိဂုဏ်၊အကျင့်သိက္ခာတော်များသည် ရပ်ဝေးနီးထင်ရှားကျော်ကြားခဲ့ပါ၏။ မြန်မာပြည်အောက်ပိုင်း ပဲခူးမြို့တွင် နဝမကြိမ်မြောက်ကျင်းပခဲ့ကြသော ရွှေကျင်ဂိုဏ်းအစည်းအဝေးကြီး၌ ကျောက်နီတောရရာ

www.burmeseclassic.com

တော်ကြီးအား ရွှေကျင်ဂိုဏ်း၏ ရတ္တညျမဟာနာယကအဖြစ် တင်မြှောက်ခဲ့ခြင်းကိုလည်းခံတော်မူခဲ့ရလေသည်။

ဆရာတော်ကြီး ဘဒ္ဒန္တဒေဝိန္ဒာဘိဓဇသည် ဘုရားရှင်တော်၏ အဆုံးအမဩဝါဒများနှင့်အညီ ကျင့်ကြံရပ်တည်တော်မူရင်း ၁၃၃၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်တွင် ခန္ဓာဝန်ချတော်မူခဲ့ပါ၏။ ဆရာတော်ဘုရား ခန္ဓာဝန်ချတော်မူချိန်၌ သက်တော် (၈၄)၊ ဝါတော် (၆၄)ရှိခဲ့ပြီဖြစ်ပါ၏။ ကျောက်နီတောရသို့ တောထွက်တော်မူသွားရာမှ ပျံလွန်တော်မူချိန်ထိ (၄၆)ဝါထိတိုင် သတ်သက်လွတ်ဘုဉ်းပေးခြင်း၊ ဧကသနိက်ဓူတင်၊ ပတ္တပိဏ်ဓူတင်ဆောင်ခြင်းများဖြင့် သီတင်းသုံးရပ်တည်တော်မူနိုင်ခဲ့ပါသည်။ ဆရာတော်ကြီး၏ ဝိနည်းတော်ရိုသေလေးစားမှုတို့မှာ ထူးကဲသာလွန်လွန်းလှသဖြင့် အခြားဆရာတော်များကြား ထူးထူးခြားခြား ကြည်ညိုလေးစားဖွယ်ဖြစ်ခဲ့ကြရခြင်းဖြစ်သည်။

ဘုရားရှင်အားရည်စူး၍ အရုဏ်ဆွမ်း၊ နေ့ဆွမ်းတို့ ကပ်လှူသောအခါ သက်ရှိရှင်တော်မြတ်ဘုရားအား ကပ်လှူသကဲ့သို့ ကပ်လှူပူဇော်လေ့ရှိပါ၏။ တိစီဝရိတ်ဓူတင်ဆောင်ခြင်း၊ မေတ္တာဘာဝနာပွားခြင်း၊ သုတ္တန်တော်များရွတ်ပူဇော်ခြင်း၊ တရားနှလုံးသွင်းခြင်း၊ ဩဝါဒပေးတော်မူခြင်း၊ ဧကသနိက်ဘုဉ်းခြင်း၊ ပံ့သကူဓူတင်ဆောင်ခြင်းတို့သည် ရဟန်းရှင်လူပြည်သူတို့အတွက် ကြည်ညိုဖွယ်ရာများဖြစ်ပါသည်။

မိုင်းသောက်တောရ၏ ပဌမသာသနာကို ထူထောင်ခဲ့သော ဆရာတော် ဘဒ္ဒန္တဒေဝိန္ဒာဘိဓဇ၏ -

"ငါ့ရှင်တို့၊ ဝိနည်းကိုလေးစားကြ"

ဟူသောဩဝါဒ၏အဆုံးအမသည် ယခု တတိယမြောက် ကျောင်းထိုင်ကိုယ်တော်လက်ထက်ထိတိုင်ပင် ပျံ့သင်းမွှေးကြိုင်နေဆဲဖြစ်လေသည်။

မိုင်းသောက်ပထမဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ဒုတိယဆရာတော်ကြီး ဦးကောဝိဓဇ ကျောင်းထိုင်ခဲ့ပါ၏။ ဦးကောဝိဓဇလက်ထက်သည် မိုင်းသောက်တောရကျောင်း၏ ဒုတိယသာသနာပင် ဖြစ်ပါ၏။ ထိုဒုတိယမိုင်းသောက်ဆရာတော် လက်ထက်ကာလများသည် ယခုလက်ရှိ တတိယသာသနာကိုထူထောင်သည့် ဒေါက်တာအရှင်စန္ဒောဘာသ၏ စာသင်သား၏ငယ်ဘဝကာလများဖြစ်ခဲ့ကြောင်း မှတ်သားသိရှိရပါသည်။

မိုင်းသောက်တတိယသာသနာတော်ကိုထူထောင်သည့်အရှင်စန္ဒောဘာသသည် ငယ်ဘဝများ၌ ဒုတိယဆရာတော်ဦးကောဝိဓဇထံတွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ ရွှေကျင်ကျောင်းတော်ရာကျောင်းတိုက်တွင် ခုနစ်ဝါဆိုသည်အထိလည်းကောင်း စာပေကျမ်းဂန်များကိုလေ့လာ ဆည်းပူးခဲ့ပါလေသည်။ ထိုမှ ညောင်ရွှေကံကြီးကျောင်းတိုက်၌သီတင်းသုံးနေခဲ့ပြီး ၁၃၅၃ ခုနှစ်မှ စတင်၍ မိုင်းသောက်တောရတွင် ကျောင်းထိုင်တော်မူခဲ့ခြင်း ဖြစ်သည်။

ယခုလက်ရှိ ကျောင်းထိုင်ဆရာတော် ဒေါက်တာ အရှင်စန္ဒောဘာသသည် MA.Ph.D ဘွဲ့ရ ဓမ္မာစရိယကိုယ်တော် ဖြစ်ပါသည်။ ခမည်းတော်မှာ ဦးစိုင်းအောင်ငြိမ်းဖြစ်ပြီး မယ်တော်မှာ ဒေါ်နန်းချို ဖြစ်သည်။ တောင်ကြီးဇာတိမိသားစုများပင်ဖြစ်ပါသည်။ ယခုဆရာတော်သည် ၁၉၅၄ ခု ဖွားဖြစ်၍ သက်တော် (၆၁)နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ဆရာတော်၏ဝါတော်မှာ (၄၀)ဝါရှိပြီဖြစ်ပြီး ယခုထက်တိုင်ပင် မိုင်းသောက်တောရကျောင်း၏တောင်တော်စဉ်ထက်အောက်တို့ကို သွက်လက်ကျန်းမာစွာ သွားလာလှုပ်ရှားသာသနာပြုတော်မူနေဆဲဖြစ်ပါ၏။

ယခု ၂၀၁၅ ကာလတွင် မိုင်းသောက်တောရကျောင်း၌ ပရိယတ္တိစာပေကျမ်းဂန်သင်ကြားလေ့လာနေကြသော စာသင်သားဦးရေမှာ (၆၅) ပါး ဖြစ်ပါသည်။ ဦးပဉ္စင်းအရေအတွက်မှာ (၁၅) ပါးဖြစ်၍ ကိုရင်အရေအတွက်မှာ အပါးရေ (၅၀) ရှိလေသည်။ လက်ရှိမိုင်းသောက်တောရကျောင်းလေးတွင် ပညာသင်ကြားဆည်းပူးလျက်ရှိကြသော ဦးပဉ္စင်း၊ ကိုရင်တို့အား ဆွမ်းကွမ်းခဲဖွယ် အစရှိသည်တို့ကို အနီးပတ်ဝန်းကျင်ရှိ ရွာများမှ ပြည့်စုံအောင် လှူဒါန်းနိုင်ကြသည်ကိုလည်း တွေ့မြင်ရပါလေသည်။ ပတ်ဝန်းကျင်တောင်စဉ်ပတ်ဝိုင်းရံလျက်ရှိနေသော မိုင်းသောက်တောရကျောင်းလေး၏အနေအထားမှာ ဆွတ်ပျံ့သာမော ဖွယ်ကောင်းလှသလောက် ရေရှည်တည်တံ့နိုင်မည့် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးအတွက်လည်း နှစ်ထောင်းအားရရှိလှသောမြင်ကွင်းများပင် ဖြစ်ပါ၏။

မိုင်းသောက်တောရကျောင်းပရဝဏ်သို့ရောက်ရန် တောင်ကြီးမှ စက်မှုဇုန်ကိုဖြတ်၍ မိုင်းသောက်ရွာအတွင်းရောက်သည်အထိ ဖြောင့်ဖြူးညီညာလှသောနိုင်လွန်ကတ္တရာလမ်းမကြီးအတိုင်းလိုက်သွားကြရုံသာဖြစ်၏။ မိုင်းသောက်ရွာတွင်းရောက်ရှိပြီးလျှင် မိုင်းသောက် အ-ထ-က၏ အရှေ့တည့်တည့်၌ မိုင်းသောက်တောရ (သို့) ကျောက်နီတောရသို့သွားသောလမ်းခွဲလေးကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။ ထိုနေရာမှစတင်၍ ဆရာတော်၏ ကြိုးပမ်းမှု၊ အနီးပတ်ဝန်းကျင်မှရွာဒကာအပေါင်းတို့၏အားထုတ်မှုတို့ကြောင့် မိုင်းသောက်တောင်တော်သို့တက်ရာကားလမ်းသည် ဖြူဖွေးလှပလှသော ကွန်ကရစ်လမ်းမကြီးဖြစ်နေကြောင်းကိုလည်း တွေ့မြင်ကြရမည်ဖြစ်ပါသည်။

တောတောင်များ၏အရိပ်အာဝါသ အေးမြမှုများအပြင် တောတောင်ကျေးငှက်သာရကာတို့၏ အော်မြည်တွန်ကြွေးသံများ၊ ပုစဉ်း၊ ပုရစ်ကောင်များ၏ ဆူညံနေသောအသံများကလည်း ပီတိတောနက်သဘာဝများအား ဖော်ပြလျက်ရှိနေပါလေ၏။ ကွေ့ကာဝိုက်ကာမော့ကာဖြင့် တက်လာရသော ကွန်ကရစ်လမ်းဘေးဝဲ၊ ယာ၏ အလှအပများကို ကြည်နူးနှစ်သက်စွာကြည့်မိကြရင်း ဓာတ်ပုံကင်မရာများဖြင့်လည်း အထပ်ထပ်ရိုက်ယူမိခဲ့ကြပါ သည်။ တောပန်းတောင်ပန်းများ၏ ရနံ့ပေါင်းစုံတို့ကလည်း မိုင်းသောက်တောင်တော်တစ်ခုလုံးအား မွှေးပျံ့နေစေလျက်ရှိပါ၏။

မိုင်းသောက်တောင်အောက်ခြေလမ်းခွဲမှတောင်တော်ပေါ်အထိ တစ်မိုင်နှင့် နှစ်ဖာလုံခန့်ရှိသော်လည်း လမ်းတစ်လျှောက် ဇရပ်ငယ်များ၊ နားခိုဆောင်များ၊ ရေအိုးစင်များက မပြတ်တွေ့မြင်နေရသဖြင့် တောင်ပေါ်သို့ ခြေကျင်တက်ရောက်လာသူများအတွက်လည်း များစွာအဆင်ပြေလျက်ရှိနေပါလေ၏။ တောင်တော်အမြင့်ရောက်လုနီးသောအခါ နှစ်ခုခွဲဖြာသွားသော တောင်ပေါ်ကားလမ်းကိုလည်း တွေ့မြင်နိုင်ကြပါ၏။ လမ်းတစ်သွယ်သည် ဓမ္မစကြာစေတီတော်ရှိရာသို့သွားရောက်ရာဖြစ်ကာ ထိုမှာဘက်၌လည်း ကျောင်းသင်္ခမ်းအဆောက်အအုံများ၊ စေတီတော်များရှိနေသောနေရာဖြစ်ပါသည်။

ထူးခြားချက်မှာ မိုင်းသောက်တောရတောင်တော်တစ်ဝိုက်လုံးသည် ထူးခြားသော ဆေးဖက်ဝင်အပင်ပေါင်းများစွာတို့ပေါက်ရောက်နေသည်ကိုတွေ့

www.burmeseclassic.com

ခြင်းဖြစ်ပါ၏။ တရုတ်စံကားပန်းပင်များ သစ်ခွပန်းပင်များ၊ မန်ကျည်းပင်များ ပိန္နဲပင်များ၊ ငုပန်းပင်များ၊ သဖန်းပင် တတွတ်သီးပင်များလည်း အများအပြား ပေါက်ရောက်နေကြသည်ကို တွေ့မြင်ရပါ၏။ ပထမမိုင်းသောက်ဆရာတော်ကြီးလက်ထက်ကပင်ရှိနှင့်ခဲ့သော ၏အရိုးစုပုံသဏ္ဌာန်နှင့် လူသားတစ်ဦး ဖြစ်တည်နေတတ်ကြသော အရိုးများ အကြောင်းအရာများကို ဖော်ပြသည့် သားများကလည်း မိမိတို့ကို သတိ ဝေဂတရားရစရာပင်ဖြစ်ပါတော့၏။

စာရေးသူတို့ သွားရောက်စဉ် ကာလသည် သကြံန်မကျမီဖြစ်လေရာ ကြောင့် မြေမှထိုးထွက်ပွင့်လန်းနေ သောလေးကျွန်းစကြာပန်းများ၊ သစ္စာ ရိုင်းပန်းရောင်စုံများ၊ တောအလီလီ များ၊ အပင်ကြီးများပေါ်မှ သစ်ခွပန်း ဖြင့် လှပသောမြေကမ္ဘာလာရှုခင်းများ ကိုလည်းတွေ့မြင်ခဲ့ရသည်။ ရှမ်းတောင် ဒေသအခေါ် အဝေါ်ဖြစ်သော အခါကြီး ကလဟူသည့် နေ့ထူးရက်မြတ်အခါ ကာလများတွင် ရွာဝန်းကျင်တကာတို့ ပေါင်း၍ မုန့်လက်ဆောင်းအဖျော်ရည်၊ ခင်းဟင်း အစရှိသည်တို့ကို အသား ငါးဟင်းအပါအဝင် လှူဒါန်းကျွေး ပေးလျက်ရှိပါသည်။ ထို့ကြောင့် တင်းကျွတ်၊ တန်ခူးစသည့်လများတွင် သောက်တောရကျောင်းသို့ လာ ရောက်ကြသော ဒါယကာ၊ ဒါယိကာမ များအတွက် အဆင်ပြေပြေ လာရောက် တရားအားထုတ် နားနေနိုင်ကြသော အခြေအနေများကို ရရှိစေနိုင်ကြလျက် ရှိပါလေ၏။

ဥပုသ်သီတင်းများစောင့်ထိန်းကာ တောရကျောင်းမှာပင်နားနေလိုကြသော ဆွေ၊ ရပ်နီး ဥပုသ်သည်များအတွက် နားနေဆောင်များ၊ ဇရပ်များမှာလည်း များစွာရှိနေပါလေသည်။ ယခုလက်ရှိ ဆရာတော် အရှင်စန္ဒောဘာသသည် ရွှေမိုးလမ်းကြောင်းမှထိုးထွင်း၍ ခေတ် ပညာများကိုလည်း ဆည်းပူးလေ့လာခဲ့ သော ခေတ်ပညာတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ် ပါသည်။ ဆရာတော်သည် သက္ကရာဇ် ၁၃၅၃ ခုနှစ်မှ စတင်၍ မိုင်းသောက် တောရ၏တတိယသာသနာကိုထင်ရှား ပွင့်လင်းလာအောင် ကြိုးပမ်းပေးတော်မူ သောကိုယ်တော် ဖြစ်ပါ၏။

အရှင်စန္ဒောဘာသသည် နိုင်ငံ ခြားခရီးစဉ်များကိုလည်း အထပ်ထပ် အခါခါ ကြွရောက်တော်မူခဲ့ပြီး ဖြစ်ပါ၏။ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်များတွင် မဟာဝိဇ္ဇာတန်းတက်ရန်ဟူ၍ အီဂျစ် နိုင်ငံသို့ ကြွမြန်းတော်မူခဲ့ပါသည်။ ထိုမှ မဟာဝိဇ္ဇာတန်းအောင်မြင်ပြီးသောအခါ Ph.D ဘွဲ့အတွက် အိန္ဒိယပြည်သို့အခါခါ သွားရောက်၍ စာတမ်းပြုစုခြင်းများ ပြုလုပ်တော်မူခဲ့ရပါသည်။ ထိုသို့ အိန္ဒိယ နိုင်ငံသို့ မကြာခဏသွားရောက်တော်မူ ရင်း ဗုဒ္ဓဂယာသို့လည်း ခုနစ်ခေါက်၊ ရှစ်ခေါက်ခန့် သွားရောက်ဖူးမြော်ပြီးဖြစ် ကြောင်းဖြင့် ဆရာတော်မှ မိန့်တော်မူ ပါသည်။

မည်သို့ပင်ဖြစ်ပါစေ ရှမ်းတောင် ဒေသ ညောင်ရွှေမြို့နယ်အတွင်းမှ မိုင်း သောက်တောရကျောင်းလေးသည် ယခု ကာလ၌ ကျောင်းကြီး၊ ကျောင်းငယ်အ သွယ်သွယ်ဖြင့် စာသင်သား ရဟန်းရှင် ငယ်များဖြင့် ထင်ရှားလျက်ရှိနေပြီဖြစ် သော တောရကျောင်းကြီး ဖြစ်ပါ၏။ အားထုတ်ကြိုးပမ်းတော်မူခဲ့သော အရှင် စန္ဒောဘာသလက်ရှိကျောင်းထိုင်ဆရာ တော်ကြီး၏ ဝီရိယလုံ့လတို့ဖြင့် အသစ် အသစ်သောအဆောက်အအုံများလည်း တိုးပွားလျက်ရှိပါသည်။ မူလက တစ်ပါး နေကျောင်းခန်းငယ်များမှ ဆရာတော် အရှင်စန္ဒောဘာသလက်ထက်တော်တွင် အဆောက်အအုံပေါင်း နှစ်ဆယ့်ငါးခု ကျော်ခဲ့သည်အထိ ဆောက်လုပ်ပူဇော် နိုင်ခဲ့၍ စာသင်သားရဟန်းရှင်ငယ်များ အတွက် ပြည့်စုံစွာစာပေသင်ကြားအား ထုတ်နိုင်ကြသောအခြေအနေများဖြင့် စည်ဝေလျက်ရှိနေပါလေ၏။

မည်သည့်အချိန်တာအတောအ တွင်း၌မဆို ထိုကျောင်းပရဝဏ်အတွင်း ဝင်ရောက်သွားလိုက်ကြသည်နှင့် စာသင် သားတို့၏ လွတ်လပ်ဆူညံစွာ အော်ဟစ် ကျက်မှတ်နေကြသော စာအံသံများကို ကျက်သရေရှိစွာ ကြားနိုင်နေကြမြဲ ဖြစ် ပါလေသည်။ဆရာတော်၏ တပည့်စာ သင်သားများ၏ တိုးတက်အောင်မြင်မှု များကိုလည်း ကြည်ညိုအားရဖွယ်ရာ ကြားသိနိုင်ကြရပါပေသည်။ အခါအား လျော်စွာ လာရောက်၍ တရားအား ထုတ်နေကြသော အင်းသူအင်းသားများ အပါအဝင် အခြားတိုင်းရင်းသူတိုင်းရင်း သားများ၏ သွားလာလှုပ်ရှားဟန်များ ကလည်း တောင်တော်တစ်ဝိုက်တွင် စိတ်ချမ်းမြေ့ဖွယ် တွေ့မြင်နိုင်ကြပါလေ သည်။

အထူးသဖြင့် မိုင်းသောက်ပထမ သာသနာကို ထူထောင်ပေးတော်မူခဲ့ သောအစ ပထမဆုံး ဆရာတော်ကြီး ဘဒ္ဒန္တဒေဝိန္ဒာဘိဇေ၏ အမှတ်တရဖြစ် သော ဓမ္မစကြာစေတီတော်တွင် လာ ရောက်၍ တရားထိုင်နေကြသော မိအို ဖအိုတို့၏ အေးချမ်းမှုအငွေ့အသက်များ သည် တောင်တော်ကြီးတစ်ခုလုံးအား ဖုံးလွှမ်းနေသယောင်ပင် ထင်မှတ်ရပါ လေ၏။ ထိုစေတီတော်ကြီးသည် ဆရာ တော်ကြီး၏ ရုပ်ကလာပ်ကို မီးပူဇော်ခဲ့ ရာ ကုန်းတော်ပေါ်တွင် တည်ရှိလျက်ရှိ ပြီး ဆရာတော်ကြီးပျံလွန်တော်မူပြီး နှစ်များစွာကြာသည့်တိုင် စေတီတော် အတွင်း၌ ပဌာန်းပါဠိတော်များ၊ ဓမ္မ စကြာ၊ အနတ္တလက္ခဏသုတ်တော်များ ရွတ်ဖတ်ခြင်း၊ တရားဘာဝနာပွားခြင်း တို့ဖြင့် ယခုတိုင် အမှတ်တရပူဇော်ထား ရှိလျက်ရှိနေပါလေသည်။

ယခုလက်ရှိဆရာတော်ဖြစ်သော ဒေါက်တာအရှင်စန္ဒောဘာသမိန့်တော် မူသည့် သာသနာ့ခံယူချက်များကိုလည်း လေးစား ကြည်ညိုဖွယ် မှတ်သားရမိကြ ပါသည်။

"သာသနာပြုလုပ်ငန်းဆိုတာ အဓိ ကအားဖြင့် စာပေပညာ သင်ကြားလေ့ လာခြင်းနဲ့ တရားတော်၌ နှစ်လိုစွာ မွေ့ လျော်ခြင်းပဲ ဖြစ်တယ်။ ကိုယ်တော်က တော့ ဒီအချက်နှစ်ခုတည်းကသာ သာ သနာပြုလုပ်ငန်းကို အောင်မြင်ပေါက် ရောက်အောင် ဆောင်ရွက်နိုင်တယ်လို့ လည်း ယုံကြည်တယ်။ ဒါကြောင့် ကိုယ် တော်တိုင်လည်း ဘုရားရှင်ရဲ့ဩဝါဒများ၊ ဝိနည်းများကို မကျိုးမပေါက်အောင် ထိန်းသိမ်းစောင့်ရှောက်ရင်း သာသနာပြု လုပ်ငန်းများကိုလည်း ပညာဉာဏ်သုတ များနဲ့အတူ ကျေပွန်အောင် ပြုလုပ် ဆောင်ရွက်နေခြင်းသာ ဖြစ်တယ်"

တရားဘာဝနာများဖြင့် အား ထုတ်ကျင့်ကြံရင်း သီတင်းသုံးနေဆဲ ဆရာတော်၏ ကြည်လင်သောမျက်နှာ တော်ကို ကြည်ညိုစွာ ဖူးမြော်ညွတ်တွား မိရင်း ရင်ထဲတွင် အေးချမ်းစွာခံစားမှုများ ဖြစ်ပေါ်မိရပါလေသည်။ မိုင်းသောက် တောရကျောင်းတော်ကြီး၏ သင်းပျံ့လှ သော သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဂုဏ်သတင်း ရနံ့များသည် မြန်မာပြည်အနှံ့ ဖြတ် ကျော်မွှေးကြိုင်လျက် ယခုထက်ပို၍ ဆတက်ထမ်းပိုး တိုးတက်စည်ပင်ကာ သာသနာ့တာဝန်များ ကျေပွန်တော်မူ နိုင်ကြပါစေကြောင်းဆုမွန်တောင်းလျက် စုဆောင်းတင်ပြလိုက်ရပါလေသည်။

ခင် (ညောင်ကြီး)

www.burmeseclassic.com

မောင်နွယ်သန်း

## ပြည်မြန်မာမြောက်ဖျား ပူတာအိုဒေသမှ

# ဆေးဖက်ဝင်သစ်သီးဝလံများ

ကချင်ပြည်နယ် ပူတာအိုဒေသ သို့မဟုတ် ပူတာအိုခရိုင်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်အစွန်ဆုံးနယ်မြေ ဖြစ်သည်။ ဤခရိုင်အတွင်း၌ ပူတာအို၊ မချမ်းဘော၊ ဆွန်ပရာဘွန်၊ နောင်မွန်၊ ခေါင်လန်ဖူးမြို့နယ်နှင့် ပန်နန်းဒင်မြို့နယ် ခွဲတို့ ပါဝင်ပါသည်။ မြန်မာနိုင်ငံ၏ ဆွစ်ဇာလန်ဟုပင် တင်စားခေါ် ဝေါ်ကြပါသည်။ ရေခဲတောင်နှင့် တောင်တန်းများမြင့်မားတည်ရှိရာဒေသလည်း ဖြစ်ပါသည်။ အကျယ်အဝန်း (၁၀၆၁၁.၇၁၂) စတုရန်းမိုင်ရှိပါသည်။ ရဝမ်၊ လီဆူး၊ ဂျိန်းဖော အစရှိသည့် ကချင်အနွယ်ဝင်များနှင့် ရှမ်းတိုင်းရင်းသားများ နေထိုင်ကြပါသည်။ ရှားရှားပါးပါးမြန်မာပြည်ဖွား တိဗက်လူမျိုးများနှင့် အရပ်ပုသောတရုံလူမျိုးများလည်း နေထိုင်ကြပါသည်။ လူဦးရေ တစ်သိန်းကျော်နေထိုင်ပါသည်။ ပူတာအိုဒေသတွင် ခန်းတောက်၊ မရှော့၊ မချစ်ဥ၊ ရှီးပတီး၊ ဂျင်ဆင်း၊ ခုရှားစု၊ ကျောက်ချင်း စသော ဆေးဖက်ဝင်အပင်များ ပေါက်ရောက်သလို သစ်သီးဝလံလည်း မျိုးစုံထွက်ရှိပါသည်။ အဆိုပါ သစ်သီးဝလံများထဲမှ ဆေးဖက်ဝင် သစ်သီးဝလံများကို တင်ပြလိုပါသည်။

ပူတာအိုဒေသ၌ ဂရိတ်ဖရု၊ ဝါရှင်တန်၊ နေပါယ်၊ မနီလာသီး၊ စကားအက်ပယ်လ်အဖြူသီးနှင့် အညိုသီး၊ မှန်တူသီး၊ လိမ္မော်သီး၊ သစ်ကျားသီး၊ တည်သီးနှင့် ငါးပေါက်သီးတို့စိုက်ပျိုးထွက်ရှိပါသည်။ ယင်းသစ်သီးဝလံများအနက် ဆေးဖက်ဝင်သစ်သီးဝလံများမှာ ဂရိတ်ဖရု၊ အမေရိကန်သံပရာခေါ် ပန်းသံပရာ၊ တည်သီးနှင့် သစ်ကျားသီးတို့ ဖြစ်ကြပါသည်။

□ **ဂရိတ်ဖရုသီး**

ပူတာအိုဒေသထွက် ဂရိတ်ဖရုသီးသည် နာမည်ကြီးပါသည်။ ဆေးဖက်ဝင်သော အဖိုးတန်သစ်သီးဝလံတစ်မျိုး ဖြစ်ပါသည်။

ဂရိတ်ဖရုသီးအရွယ်မှာ သာမန်ရှောက်သီးအရွယ်မျှသာရှိပြီး အရောင်မှာ ရွှေဝါရောင်သန်း၍အခွံမှာမထူလွန်း၊ မပါးလွန်းဖြစ်၏။ အရသာမှာ အနည်းငယ်ချဉ်၏။ စဉ်းငယ်သက်၏။ ဂလူးကို့စ်ခေါ် သကြားဓာတ်လည်းမျှတအောင်ပါသည်။ ထက်ခြမ်းခွဲပြီး တစ်စိတ်လောက်မြုံလိုက်လျှင် တစ်နေ့တာနွမ်းနယ်သမျှ အပန်းတော်ပြေသွားပေမည်။

သာမန်ရှောက်သီး၊ လိမ္မော်သီးများနှင့် အရသာလုံးဝမတူ။ အချဉ်ဓာတ်ပါရှိပြီး ဂရိတ်ဖရုခြမ်းကို သကြားအနည်းငယ်ဖြူးပြီးစားလိုက်ပါက အကြောပေါင်းတစ်ထောင်ထ၍ထောင်သလားဟု ထင်လိုက်ရသည်။ မည်သည့်ဓာတုဗေဒလန်းဆန်းအချိုရည်မှ တုပ၍မမီပါ။ မယုံဘူးဆိုသူများ မကြုံဘူးသေး၍သာဖြစ်ပေမည်။ ဂရိတ်ဖရုသီးပဲစားစား၊ ဖျော်ရည်ပဲသောက်သောက် သဘာဝမိခင်ကြီးက သူ့သားသမီးများအတွက် သူမ၏ နို့ရည်သီးခေါ် ဂရိတ်ဖရုသီးထဲသို့ ချို၊ ချဉ်၊ ခါး ရသာ(၃)မျိုးအား သဟဇာတဖြစ်အောင် ပေါင်းစပ်ထည့်ပေးထားပါသည်။ သို့ဖြစ်၍ တစ်ကြိမ်စားသုံးမိပါက တရှိုက်မက်မက်နှင့်ထာဝရစွဲလမ်းသွားတတ်ကြသည်ကို လက်တွေ့မြင်တွေ့ခဲ့ရပါသည်။

ဂရိတ်ဖရုသီး၏ အာနိသင်မှာ ဝမ်းမီးတောက်စေ၏။အစာကိုကြေညက်လွယ်၏။ သွေးလည်ပတ်မှုနှုန်းကောင်းစေ၏။ အသည်းရောင်အသားဝါရောဂါများအတွက် အကောင်းဆုံး သဘာဝဆေးတစ်ခွက်ဖြစ်၏။ သွေးတိုးကိုလည်း ကျစေ၏။ ဆီးချိုရောဂါကို သက်သာပျောက်ကင်းစေ၏။ နှလုံးသွေးကြောကျဉ်းသူတို့နှင့် အလွန်သင့်လျော်၏။ အထူးသဖြင့် ကာယအား၊ ဉာဏအား စိုက်ထုတ်လုပ်ကိုင်ရသူများနှင့် လူမမာများမှီဝဲပါက ဆုံးရှုံးသွားသော ခွန်အားတို့ တစ်မုဟုတ်ချင်း ပြန်လည်ရရှိသလို ခံစားရပါသည်။

အသက်ကြီးလာချိန် ကျန်းမာရေးဆုတ်ယုတ်မှုသာမက ရုပ်ရည်ပိုင်းဆိုင်ရာ ပြောင်းလဲပျက်စီးမှုကို ကြုံတွေ့ရမည်ဖြစ်သည်။ Lycopene နှင့် Cologenoi ဓာတ်များ၏ သဘောသဘာဝအရ အသားအရေချောမွေ့စေနိုင်သည့်ဂုဏ်သတ္တိရှိသောကြောင့် အသက်အရွယ်ရလာချိန် ရေဓာတ်နည်းပါးလာမှုကြောင့် ဖြစ်ပေါ်လေ့ရှိသည့် အသားအရေခြောက်သွေ့ကြမ်းတမ်းခြင်းကို အကာအကွယ်ပေးနိုင်ပါသည်။ ဂရိတ်ဖရုသီးတွင် Lycopene နှင့် Cologenoi များကြွယ်ဝစွာပါဝင်သည့်အတွက် သက်လတ်ပိုင်း လှပပျိုမြစ်မှုကို ထိန်းသိမ်းနိုင်ရန် ဂရိတ်ဖရုဖျော်ရည်ကို သောက်သုံးသင့်ကြောင်း ဆေးပညာရှင်များက အကြံပြုထားပါသည်။

ဂရိတ်ဖရုပင်မှာ နှစ်စဉ် မတ်လ၊ ဧပြီလထဲတွင်စ၍ပန်းပွင့်သည်။ ပန်းရနံ့ကား သင်းပျံ့ပျံ့နှင့် အထူးယဉ်လှ၏။ စူးရှခြင်းအလျှင်းမရှိ။ ပူတာအိုရေခဲလေနှင့် ဂရိတ်ဖရုပန်းရနံ့တို့ ပေါင်းစပ်ရှူရှိုက်လိုက်ပါက မြို့ပြကိုငြီးငွေ့နေသူတို့၏ ဟဒယနှလုံးအိမ်ကို ခေတ္တမျှ မိန်းမူးသွားစေပြီး တဒင်္ဂလောက်တော့ မြို့ပြလူ့နေမှုဘဝကြီးကိုမေ့ပျောက်သွားနိုင်ပေသည်။

မေလရောက်လျှင် သီးကင်းပေါ်စပြုလာသည်။ ဩဂုတ်လကုန် စက်တင်ဘာလဆန်းတွင် အသီးမြိုင်စပြုလာပြီး ရောင်းပန်းဝင်လာပြီဖြစ်သည်။ ဒီဇင်ဘာလတွင် လှိုင်လှိုင်ပေါ်နေပြီ ဖြစ်ပါသည်။ မတ်လတွင် အသီးတုံးသည်။

ဂရိတ်ဖရုသည် မြန်မာနိုင်ငံ၌ ပူတာအိုဒေသတွင် ပထမဆုံးမွေးဖွားခဲ့သော သစ်သီးဝလံဖြစ်ပါသည်။ ၁၉၅၃ ခုနှစ် အမေရိကန်လူမျိုး သာသနာပြု မစ္စတာမော့စ်က ၎င်းမျိုးစေ့ကို အမေရိကန်မှ စတင်ယူဆောင်လာပြီး တစ်ဖက်မှ သာသနာပြုရင်း ကျန်တစ်ဖက်က စိုက်ပျိုးခဲ့ကြောင်း သိရှိရပါသည်။

ဂရိတ်ဖရုပင်မှာ လူတစ်ရပ်ကျော်ရင်ညွှန့်ခန့်ဖြစ်ပါသည်။ သဘာဝသစ် ဆွေးမြေဩဇာနှင့် ကျွဲချေး၊ နွားချေးတို့ကို ကြိုက်၏။ အစေ့စိုက်ပါက ရှစ်နှ ကျော် ဆယ်နှစ်ရောက်မှ အသီးစား ၏။ ကိုင်းဆက်စိုက်ပါက သုံး၊ လေးနှ နှင့်ပင် ပန်းပြသည်။ ကိုင်းဆက်နည်းသုံး နည်းရှိပါသည်။ ပထမကိုင်းဆက်နည် မှာ GRAFTING ခေါ် အောက်ခံပင် ကိုင်း၏ သင့်လျော်သောနေရာတွင် ဓာ ထစ်လှီး၍ အခက်ဖုတ်ကို အနည်းငယ် လှန်လိုက်ရသည်။ ထို့နောက် အရွယ်တူ အယဉ်ကိုင်းကို ဓားဖြင့်စွေလှီး၍ မူ အောက်ခံပင်၏ ဓားဖြင့်ထပ်လှီးထာ သောနေရာတွင် ဓားလှီးရာချင်း မျက် ချင်းဆိုင်အပ်၍ လှန်ထားသောအခေါ် ဖုတ်အနည်းဖြန့်ပြန်ဖုံးအုပ်ပြီး ပလ တစ်ဖြင့် ရေမဝင်အောင်ကျစ်ကျစ်ပတ်သည်။

www.burmeseclassic.com

နည်းဖြစ်၏။ မိုးလေကောင်းသော ဒီဇင်ဘာလတွင် ကိုင်းဆက်ပါက အကောင်းဆုံးဖြစ်ပါသည်။

ဒုတိယနည်းမှာ အဖူးမြုပ်ခြင်းခေါ် BUDDING နည်း ဖြစ်ပါသည်။ ယခုနည်းကဲ့သို့ အောက်ခံကိုင်းထစ်ကို ဓားဖြင့် (T) ပုံသဏ္ဌာန်၊ (H) ပုံသဏ္ဌာန်ထိုး၍ထွင်းထားရမည်။ ထို့နောက် ကိုင်းဆက်လိုသောအပင်ယဉ်၏မျက်စိ (ဝါ) အဖူးပါသောကိုင်းနေရာကို ဓားဖြင့်ဖြတ်ထောက်ယူပြီး မူလထွင်းထားသောနေရာတွင် အံဝင်ခွင်ကျထည့်၍ ပလတ်စတစ်စည်းပေးသောနည်းဖြစ်၏။ နည်းမှန်မှန်ကန်ကန်ပါက မကြာမီအသစ်ထည့်ထားသောမျက်စိမှအဖူးထွက်လာပါမည်။

တတိယနည်းမှာမူကား LAYERING ခေါ် ဂရိတ်ဖရုပင်အယဉ်၏ ကိုင်းထုတ်လိုသောနေရာမှ အထက်၊ အောက်တစ်လက်မခန့် ဓားဖြင့်ပတ်လည်ရစ်၍ အခေါက်အားလုံး ခွာချလိုက်ရမည်။ ထိုအခေါက်ကွာနေသောနေရာကို မြေထုပ်အုန်းဆံဖတ်များဖြင့် ကျပ်စည်းထားပါက မကြာမီမြစ်ပွားများထွက်လာပြီး နောက်မှ ကိုင်းကို ဓားဖြင့်ဖြတ်၍ မိမိအလိုရှိရာသို့ ရွှေ့ပြောင်းစိုက်နိုင်ပါသည်။

ပူတာအိုဒေသထွက် ဂရိတ်ဖရုသီးသည် တန်ဖိုးမြင့် သစ်သီးဝလံဖြစ်သည့်အပြင် ဆေးဖက်ဝင်သစ်သီးဝလံလည်း ဖြစ်ပါသည်။

**အမေရိကန်သံပရာခေါ် ပန်းသံပရာ**

ပူတာအိုဒေသထွက် သစ်သီးဝလံတစ်မျိုးဖြစ်ပါသည်။ ဆီးချိုသီးအရွယ်၊ သံပရာသီးအရွယ်၊ ကွမ်းသီးလုံးအရွယ် ထိမွှော်ရောင် ဝင်းဝါနေသော အသီးကလေးများ ဖြစ်ကြပါသည်။

အမေရိကန်သံပရာသီး (American Lemon) ကို အချို့ ရင့်မှည့်လျှင် ထိမွှော်ဝင်းဝါလှပနေသဖြင့် ပန်းသံပရာသီး (Flower Lemon) ဟုလည်း ခေါ်ကြပါသည်။ အရသာမှာ ချိုချဉ်၍ ရသာတလေးနှင့် စားကောင်းလှပါသည်။ အခွံပါဝါးစားရပါသည်။ သံပရာသီးကဲ့သို့ အညှော်ရှမ်းသောအသီး ဖြစ်ပါသည်။

အသီးပုံမှာ သံပရာသီးနှင့်တူသည်။ သို့သော် အဝိုင်းမဟုတ်။ ရှည်မျောမျောလေးဖြစ်သည်။ အခွံထူသော်လည်း ကျစ်လျစ်သည်။ အခွံတွင်လည်း အချိုဓာတ်ပါသည်။ ချိုချိုချဉ်ချဉ်ရှတတအရသာခံစားလိုလျှင် သည်အတိုင်းစားနိုင်သည်။ အချိုကဲသောအရသာကြိုက်သူများ အချပ်လိုက်လှီး၍ သကြား၊ ပျားရည်တို့ဖြင့် ဆမ်း၍စားနိုင်သည်။ အချပ်လိုက်လှီးပြီး ပန်းကန်ပြားတွင်ထည့်ထားလျှင် လှပသောစားချင့်ဖွယ်ဖြစ်သည်။ စားပွဲသောက်ပွဲများ၌ အမြည်းအဖြစ်အရသာရှိစွာစားသုံးနိုင်သည်။ ခပ်ပါးပါးလှီးပြီး ငရုတ်သီး၊ နံနံ၊ ကြက်သွန်နီ၊ ငါးပိ၊ ဟင်းခတ်မှုန့်ထည့်၍သုပ်ကာ ထမင်းမြိန်သောဟင်းတစ်ခွက်အဖြစ် ဖန်တီးနိုင်ပါသည်။ ကြာရှည်စားနိုင်ရန် ယိုထိုး၍လည်း စားနိုင်သည်။ အရသာရှိသောသစ်သီး ဖြစ်ပါသည်။ အခွံအတွင်း အူပါမကျန်စားရ၍ ကျန်းမာရေးအတွက် အလွန်သင့်တော်ကြောင်း၊ အံမောအပန်းပြေစေကြောင်း၊ ခွန်အားဖြစ်စေကြောင်း သိရှိရပါသည်။ ၁၉၅၃ ခုနှစ်၊ အမေရိကန်လူမျိုးသာ သံနာပြု မစ္စတာမော့စ်၊ ဂရိတ်ဖရုနှင့်အတူစိုက်ပျိုးခဲ့သော သစ်သီးဖြစ်ပါသည်။

**▫ သစ်ကြားသီး**

ပူတာအိုဒေသ၏ ထူးခြားသော သစ်သီးဝလံ၊ တန်ဖိုးမြင့်သစ်သီးဝလံ၊ ဆေးဖက်ဝင်သစ်သီးဝလံတစ်မျိုး ဖြစ်ပါသည်။မြန်မာနိုင်ငံ၌ သစ်ကြားသီးအဆန်ကို ထိုအတိုင်းလည်း စားသုံးကြသည်။ ထို့ပြင် မန္တလေးထိုးမုန့်၊ ဆနွင်းမကင်း၊ ရွှေချီ စသောမုန့်တို့တွင်လည်း ထည့်သွင်း အသုံးပြုကြပါသည်။ အနောက်နိုင်ငံများတွင်လည်း မုန့်ပဲသရေစာလုပ်ရာတွင်ထည့်၍သုံးကြသဖြင့် အဖိုးတန်သောအသီးဆန်ဖြစ်ပါသည်။ ထိုအစေ့မှ ဆီထုတ်၍လည်းရပါသည်။

သစ်ကြားတွင် မျိုးစိတ်ဆယ်မျိုးခန့်ရှိသည့်အနက် အစေ့ဆန်အကောင်းဆုံးရရှိနိုင်သောသစ်ကြားမျိုးကို နှမ်းသစ်ကြားဟု ခေါ်ပါသည်။ ရုက္ခဗေဒအမည်အားဖြင့် ဂျူဂလန်ရီးယားဖြစ်သည်။ တရုတ်နိုင်ငံ၊ ဥရောပနှင့် အရှေ့တောင်အာရှဒေသများအထိ ပေါက်ရောက်သည်။ မြေထဲပင်လယ်ဒေသတွင်လည်း ထိုသစ်ကြားမျိုးကို ရာစုနှစ်ပေါင်းများစွာကပင် စိုက်ပျိုးခဲ့ကြပါသည်။ ထိုအပင်မျိုးသည် အပင်ကြီးမျိုးဖြစ်၍ အမြင့်ပေ (၄၀) မှ (၇၀) အထိ ရှိတတ်ပါသည်။

မြန်မာ့ဆေးကျမ်းများအရ သစ်ကြားသီးသည် သည်းခြေ၊ လေသလိပ်နှင့်ယှဉ်၍ဖြစ်တတ်သောနှလုံးပူလောင်သောအနာ၊ အသားအရေခြောက်သွေ့သောအနာ၊ နှလုံးမမွေ့လျော်သောအနာတို့ကို ချမ်းသာစေတတ်သည်ဟု ဆိုသည်။

အင်္ဂလိပ်ဆေးကျမ်းများအလိုအရ အရွက်သည် ကီဘီဂလင်နာ၊ ရင်ကျပ်နာအတွက်ဆေးဖက်ဝင်သည်ဟုဆိုပါသည်။ အသီးသည် အားသစ်စေသောအစွမ်းသတ္တိရှိ၍ ခုမက်တစ်ရောဂါအတွက် အသုံးပြုကြသည်။ မမှည့်သေးသောအသီးသည် ကလေးအတွက်သန်ချဆေးတစ်မျိုးအဖြစ် အသုံးပြုနိုင်ပါသည်။ သစ်ကြားသီးနှနှကို စိမ်ထားသည့်ရှလကာရည်ဖြင့် အာခလောက်ပေးလျှင် လည်ချောင်းနာသာမက ပြည်တည်သည့်အနာပင်ပျောက်နိုင်သည်ဟု ဆိုပါသည်။ အသီးခွံအစိမ်းသည်လည်း သန်ချဆေး၊ ဆစ်ပလစ်ရောဂါကာကွယ်ဆေးတို့အတွက် အသုံးဝင်ပါသည်။ အစေ့အဆန်မှထုတ်ယူသောအဆီသည် ဓာတ်ပျော့ပျော့သွားစေရန် တန်ခိုးသတ္တိရှိ၍ သန်ချဆေး အထူးသဖြင့် တုတ်ပြားသန်ကောင်ချဆေးတစ်မျိုးအဖြစ်လည်း အသုံးပြုနိုင်လေသည်။

သစ်ကြားပင်သည် ရာသီဥတုနှင့် နေရာဒေသမရွေးသောအပင်များဖြစ်သည်။ ယင်းတို့သည် အပင်ပေါက်စအချိန်တွင် နှင်းရိုက်သည်ကိုမခံနိုင်သော်လည်း ကြီးလာချိန်တွင်မူ ခံနိုင်ရည်ရှိသည်။ ပူပြင်းသောရာသီဥတုသည် အစေ့သီးကို ထိခိုက်နိုင်သည်။

သစ်ကြားပင်ကို အစေ့ပျိုး၍စိုက်ရပါသည်။ တစ်တန်းနှင့်တစ်တန်းလေးပေအကွာ ပျိုးခင်း၌ အစေ့များကို တစ်ပေခန့်ခွာ၍စိုက်ပျိုးရပါသည်။ နွေလယ်ကာလတွင်မူ ရေသွင်းပေးရသည်။ တစ်နှစ်သားခန့်ရှိလျှင် နှစ်ပေခန့်မြင့်လေရာ ထိုအချိန်တွင် နှစ်သက်ရာ သစ်ကြားပင်ကို ကိုင်းကူးပေးနိုင်သည်။ ကိုင်းကူးစိုက်သောအပင်တို့သည် ပထမနှစ်တွင် နှစ်ပေခန့်အထိ မြင့်လာနိုင်သည်။ ထိုအပင်များ တစ်နှစ် သို့မဟုတ် နှစ်နှစ်ခန့်ရှိလာလျှင် နေရာတကျစိုက်မည့်နေရာသို့ ပြောင်း၍ တစ်ပင်နှင့် တစ်ပင် ပေ (၅၀) ခန့်ခွာပြီးလျှင် စိုက်ရသည်။ မြေပြင်မှ ပင်စည်အမြင့် (၄) ပေခန့်ရှိလာလျှင် အကိုင်းအလက်များ ထွက်စပြုလာသော်လည်း ယင်းတို့ကို အနည်းအကျဉ်းမျှသာ ရှင်းလင်းချိုင်ပေးရသည်။ အပင်သက် (၆) နှစ်ခန့်မှစ၍ အသီးသီးသောအမျိုးအစားလည်းရှိသော်လည်း (၁၀) နှစ်သားအပင်များသည်သာလျှင် အသီးများကို အောင်အောင်မြင်မြင်သီးနိုင်သည်။ အသီးလှိုင်လှိုင်သီးချိန်သည် အပင်သက် (၂၀) ခန့်အထိ သီးနိုင်သည်။ ဥရောပတိုက်ရှိ သစ်ကြားပင်အချို့သည် အပင်သက် (၁၁၀) ကျော်




www.burmeseclassic.com

www.burmeseclassic.com

နေပြီ ဖြစ်သည်။

သစ်ကြားသီး၏ ဆေးဖက်ဝင်တန်ဖိုးမှာ အလွန်မြင့်မားလှသည်။ ထို့ကြောင့် သစ်ကြားသီးကို 'ဉာဏ်စောင့်နတ်' 'အသက်ရှည်သီး' ဟူ၍ အမွှမ်းတင်ခေါ်ဆိုရုံမျှမက အသားအရေကို လှပစေသောအသီးအဖြစ် အသိအမှတ်ပြုထားကြသည်။

တရုတ်တိုင်းရင်းဆေးပညာအရ သစ်ကြားသီးက အရသာဆိမ့်သည်။ ပူသည်။ အဆုတ်၊ ကျောက်ကပ်နှင့် အူမကြီးကို အကျိုးပြုသည်။ အဆုတ်ကို ပူနွေးစေပြီး ချောင်းဆိုး/ရင်ကျပ်ပြေစေသည်။ ကျောက်ကပ်ကိုအားပြည့်စေသည်။ သုက်ပွားစေသည်။ အူအတွင်း ရွှေ့လျားမှုကို ချောမွေ့စေသည်။ ထို့ကြောင့် ကျောက်ကပ်အားနည်းခြင်း၊ ခြေထောက်၊ ခါး၊ ဒူးအောင့်ခြင်း၊ နာခြင်း၊ ပန်းသေ၊ ပန်းညှိုးခြင်းများအတွက် ကောင်းသည်။

ခေတ်သစ်ဆေးသိပ္ပံအရ သစ်ကြားသီးထဲတွင် မပြည့်ဝအက်စစ်များ အဓိကပါဝင်ပါသည်။ ကိုလက်စထရောကိုလျော့စေပြီး သွေးလွှတ်ကြောမာကျစ်မှုကို ကာကွယ်ပါသည်။ ထို့ပြင် သစ်ကျားသီးတွင်ပါဝင်သည့် ဗီတာမင်အီးနှင့် လက်ဆီသင်တို့သာမက သွပ်ဓာတ်၊ မဂ္ဂနီဆီယမ် စသည့်သတ္တုဒြပ်စင်များ ပါဝင်သည့်အတွက် အိုမင်းရင့်ရော်မှုကို နှေးကွေးစေပါသည်။ ဗီတာမင်အေနှင့် နီကိုတင်းအက်စစ်များ ပါဝင်သဖြင့် အရေပြားကိုအကျိုးပြုစေပါသည်။ မကြာခဏ သစ်ကြားသီးစားပေးလျှင် အသားအရေနူးညံ့ချောမွေ့စေပြီးဆံပင်များနက်မှောင်စေပါသည်။ ထို့ပြင် သစ်ကြားသီးထဲတွင် ဖော့စဖာတိုက်နှင့် လိုက်ဆင်းများပါဝင်သည့်အတွက် ဦးနှောက်နှင့် အာရုံကြောများအတွက် အများကြီးအကျိုးပြုသည့် အာနိသင်ကို တွေ့ရှိရပါသည်။

ခေတ်သစ် အာဟာရသိပ္ပံပညာအရ သစ်ကြားသီးထဲတွင်ပါဝင်သည့် အာဟာရတန်ဖိုးများကို ခွဲထုတ်ပြရာတွင် သစ်ကြားသီး(၁၀၀)ဂရမ်၊ အဆီ(ခြောက်ကျပ်ခွဲသား) တိုင်းတွင် ပရိုတင်း (၁၃၀) ဂရမ်၊ အဆီဓာတ် (၅၉) ဂရမ်၊ ကစီဓာတ် (၅၉) ဂရမ်၊ ဖိုင်ဘာမျှင် (၈) ဂရမ်၊ အဆီတွင်ပျော်ဝင်သည့် ဗီတာမင်များဖြစ်ကြသည့် အေ (၇. ၆) မိုက်ခရိုဂရမ်၊ အီး (၅၇) မီလီဂရမ်၊ ကေ (၈. ၂) မိုက်ခရိုဂရမ်၊ ကယ်ရိုတင်း (၀. ၁၂) မီလီဂရမ်၊ ရေတွင်ပျော်ဝင်သည့် ဗီတာမင်များဖြစ်ကြသည့် $B_1$ (၀. ၅) မီလီဂရမ်၊ $B_2$ (၀. ၃၄) မီလီဂရမ်၊ $B_6$ (၀. ၅၂) မီလီဂရမ်၊ ဖော်လစ်အက်စစ် (၈၇. ၃) မိုက်ခရိုဂရမ်၊ နီကိုတင်းနစ်အက်စစ် (၅. ၂) မီလီဂရမ်၊ ပင်ကိုသီဒစ်အက်စစ် (၀. ၉၁) မိုက်ခရိုဂရမ်၊ မီးစုန်းဓာတ် (၃၃၀) မီလီဂရမ်၊ သံဓာတ် (၂. ၈) မီလီဂရမ်၊ ပိုတက်ဆီယမ် (၄၆၇) မီလီဂရမ်၊ ဆိုဒီယမ် (၃. ၅) မီလီဂရမ်၊ ကြေးနီဓာတ် (၂၃) မီလီဂရမ်၊ မဂ္ဂနီဆီယမ် (၁၀၇) မီလီဂရမ်၊ သွပ်ဓာတ် (၃၅၂) မီလီဂရမ်၊ ဆီလနီယမ် (၁၃) မီလီဂရမ်တို့ပါဝင်ပြီး ကယ်လိုရီအနေဖြင့် (၆၂၆. ၂) ကယ်လိုရီပါဝင်ပါသည်။

## ❑ ဆေးဖက်ဝင် သစ်ကျားသီးဆန်ပြုတ်နည်း

ဆန်လေးကျပ်သားကို ရေစင်စင်ဆေးပါ။ ရေဆယ်ဆထည့်ပြီး မီးပြင်းပြင်းနှင့်တည်ရပါသည်။ဆူလာသည်နှင့် မီးကို အနိမ့်ဆုံးထိလျှော့ချပြီး ဆန်ပြုတ်ကျက်သည်အထိ မီးမှျဉ်းမှျဉ်းဖြင့်ပြုတ်ပါ။ ဆန်ပြုတ်ရခါနီးတွင် သစ်ကြားသီးအဆန်ကို အခွံပါးခွာပြီး အစိတ်သေးသေးလေးဖြစ်သွားအောင်ထု၊ ဆန်ပြုတ် အိုးထဲထည့်ပါ။ လေးငါးခြောက်ပွက်လောက်ဆူလာသည်အထိ ဆက်ပြုတ်ပါ။ ပူပူနွေးနွေးသောက်လိုက်ပါ။ မနက်တစ်ကြိမ်၊ ညတစ်ကြိမ်ပြုတ်သောက်ပါ။ သုံးရက်ဆက်တိုက်သောက်ပြီး ရက်ခြားပြုတ်သောက်ပါ။

ထိုသစ်ကြားသီးဆန်ပြုတ်သည် အဆုတ်ကိုအားပေးသည့်အတွက် ရင်ကျပ်ခြင်း၊ ချောင်းဆိုးခြင်းများအတွက် ကောင်းပါသည်။ ခါးနာ၊ ဒူးအောင့်သည်များမှာ ကျောက်ကပ်အားနည်းခြင်းကြောင့်ဖြစ်တာများသည်။ သစ်ကြားသီးဆန်ပြုတ်က ကျောက်ကပ်ကိုအားပေးသည်။ခါးသန်မာလာပြီး အရွက်အကြောများကို သန်စွမ်းစေပါသည်။ သစ်ကြားသီးထဲတွင်ပါသည့် အဆီဓာတ်ကြောင့် အူတွင်းကို အကျိုးပြုသည့်အတွက် ဝမ်းမချုပ်တော့ပေ။ အရေပြားခန်းခြောက်ခြင်းလည်း မဖြစ်တော့ပေ။ လူကြီးများနှင့်အလွန်သင့်လျော်သော ဆန်ပြုတ်ဖြစ်ပါသည်။

အရှင်သုတေရ၏ သမားလက်စွဲခေါ် ဆေးအဘိဓာန်အဖွင့်တွင် 'သစ်ကြားသီးသည် သည်းခြေ၊ သလိပ်နှင့် ယှဉ်၍ဖြစ်သော နှလုံးပူလောင်သောအနာ၊ ရေငတ်သောအနာ၊ ချွေးထွက်များသောအနာတို့ကိုနိုင်၏ဟု ဖော်ပြထားပါသည်။

## ❑ ဆေးဖက်ဝင်တည်သီး

ပူတာအိုဒေသ ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်များတွင် စိုက်ပျိုးထွက်ရှိပါသည်။ အထူးသဖြင့် မချမ်းဘောမြို့နယ်တွင် ပိုမိုထွက်ရှိပါသည်။ အဓိကအားဖြင့် တည်ပင်အမျိုးပေါင်း (၃) မျိုး ရှိပါသည်။ သို့သော် တစ်မျိုးနှင့်တစ်မျိုး ဆင်တူယိုးမှားဖြစ်သည်။ အထူးသဖြင့် တရုတ်နိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် စိုက်ပျိုးကြပါသည်။ တည်သီးကို အင်းဝခေတ်က တရုတ်နိုင်ငံမှ အမြောက်အမြားတင်သွင်းခဲ့သည်ဟု ဆိုပါသည်။ ထိုတည်ပင်များကို မြန်မာနိုင်ငံတောင်ပိုင်းနှင့် အမေရိကန်ပြည်ထောင်စုတို့တွင်လည်း စိုက်ပျိုးကြသည်။ တည်ပင်အရွက်မှာကြီး၍ တောက်ပသော အစိမ်းရောင်ရှိသည်။ အပွင့်မှာ စိမ်းဝါဝါဖြစ်သည်။ အသီးမမှည့်မီစားလျှင် အလွန်ဖန်သည်။ မှည့်လျှင် အနံ့၊ အရသာအလွန်ကောင်းမွန်ပါ သည်။

တည်သီးမှာ ကွမ်းသီးလုံးပုံသဏ္ဌာန်ရှိ၍ ကွမ်းသီးလုံးထက် အနည်းငယ်ကြီးသည်။ မှည့်လျှင် လိမ္မော်ရောင်တောက်ပြောင်နေ၍ အလွန်လှပါသည်။ အခွံခွာပြီး အတွင်းရှိ လိမ္မော်ရောင်အနှစ်များကို စားရပါသည်။ ချိုသောအရသာရှိပါသည်။ အခြောက်လှန်းထားပြီး တာရှည်ခံပြီးစား၍လည်း ပိုကောင်းသည်ဟုထင်ပါသည်။ တည်သီးခြောက်သည် မချမ်းဘောမြို့၏ နာမည်ကျော်ထွက်ကုန်ဖြစ်ပါသည်။

မြန်မာ့ဆေးကျမ်းများအရ တည်သီးမှည့်သည် ချိုသောအရသာရှိသည်။ သည်းခြေနာ၊ သလိပ်နာ၊ သွေးနာ၊ အဖျားအနာတို့ကိုနိုင်၏။ ကြေးခဲကျက်ခဲ၏။ တည်သီးစိမ်းသည် ဖန်၏။ အေး၏။ ဝမ်းကိုချုပ်စေတတ်၏။ လေကိုသက်စေတတ်၏။ သလိပ်သည်းခြေကိုပျက်စေ၏။ ရင်ကိုဆို့စေ၏။ လျှာကိုဖန်စေ၏ ဟူ၍ ဖော်ပြထားပါသည်။

ဤသို့ဖြင့် ပူတာအိုဒေသတွင် ခန်းတောက်၊ မရှော့ပင်၊ မချစ်ဥ၊ ရှိုးပတီးဂျင်ဆင်း၊ ခုရားစု၊ ကျောက်ချင်း စသောဆေးဖက်ဝင်အပင်များ ပေါက်ရောက်သကဲ့သို့ ဂရိတ်ဖရု၊ အမေရိကန်သံပရာခေါ် ပန်းသံပရာ၊ သစ်ကြားသီးနှင့် တည်သီးကဲ့သို့သော ဆေးဖက်ဝင်တန်ဖိုးမြင့်သစ်သီးဝလံများ စိုက်ပျိုးထွက်ရှိပါကြောင်း တင်ပြလိုက်ရပေသည်။

မောင်မွှေယ်သန်း



www.burmeseclassic.com

www.burmeseclassic.com

'ပေါင်ဆရာတော်' လို့ ကိုယ်တို့ ရည်ညွှန်းကြတဲ့ မွန်ပြည်နယ် ပေါင်မြို့က ဆရာတော်ကြွလာပြီး -

"သီဟိုဠ်ကို ဘုရားဖူးသွားချင်တယ်။ ဒကာကြီးက မကြာခဏရောက်ဖူးတယ်ဆိုလို့ လမ်းညွှန်ပါဦး"

လို့ မိန့်ကြားတယ်။

ဆရာတော့်စကားအဆုံးမှာတော့ သီဟိုဠ်(သီရိလင်္ကာ)ကိုသွားချင်လွန်းလို့ ကိုယ်ကိုယ်တိုင်လိုက်လံစုံစမ်းရင်း (၂)နှစ်လောက်ကြာခဲ့တဲ့အချိန်တွေကို ပြန်သတိရမိတယ်။ ခုတော့ ခရီးသွားအဖွဲ့တွေလည်း အများကြီးရှိလာလို့ သိပ်မခက်ခဲတော့ပါဘူး။ အဲဒါနဲ့ ဆရာတော်ကို သီဟိုဠ်ရောက်

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရေး-သု)

# သီရိလင်္ကာအလွမ်း



သီရိလင်္ကာ၊ ကန္ဒီမြို့ စွယ်တော်တိုက်ထဲက စွယ်တော်ကြုတ်


သီရိလင်္ကာက ဒမ္ဗုလရွှေဆင်းတုတော်ကြီး


သီဟိုဠ်၊ အနုရာဓပုရမြို့ဟောင်းက မဟာစေတီတော်ကြီး


သီရိလင်္ကာ၊ ကန္ဒီမြို့က စွယ်တော်တိုက်အတွင်းပိုင်း






www.burmeseclassic.com


www.burmeseclassic.com




သီရိလင်္ကာက ဓမ္ဗုလကျောက်တောင်ကြီးမှ ဆင်းတုတော်များနဲ့ နံရံဆေးရေးပန်းချီများ




သီရိလင်္ကာ၊ ကိုလံဘိုမြို့တော်က ကလျာဏီစေတီ



သီဟိုဠ်၊ အနုရာဓပူရမြို့ဟောင်းက ရွှေသီးတစ်တောင့်စေတီ



သီရိလင်္ကာ၊ ကိုလံဘိုမြို့တော်က ကလျာဏီဗောဓိပင်



သီရိလင်္ကာ၊ ကန္ဒီမြို့က စွယ်တော်တိုက်

ရင် ဘယ်နေရာတွေကို အလေးထား ကြည့်ရှု လေ့လာ ဖူးမြော်ရမယ်ဆိုတာ လောက်ပဲ နတ်လမ်းညွှန်ရတယ်။ ဆရာတော်က နွေဦးပေါက်လောက်မှာသွားမယ်ဆိုလို့ ဩဂုတ်လလောက်သွားမှ ကန္ဒီ စွယ်တော်လှည့်ပွဲကို ဆင်နွဲခွင့်ရမှာလို့ လျှောက်ရပါတယ်။ ဆရာတော်က အဲဒီ အချိန်ဆို ဝါတွင်းဖြစ်နေပြန်လို့ သူ့အတွက် အဆင်မပြေဘူးလို့မိန့်ပြန်ရဲ့။

အင်း - အဲဒီတော့မှ နွေကာလ တွေမှာသွားမှအဆင်ပြေတဲ့ (ကိုယ်လည်း သွားချင်လွန်းပြီး မရောက်ရသေးတဲ့) သီရိပါလ (Sri Pada) တောင်တော်က ဗုဒ္ဓခြေတော်ရာကိုသွားဖူးဖို့ သတိရလိုက် တယ်။ မြန်မာပြည်က စွယ်တော်ဖူးခရီး သွားအများစုရောက်လေ့မရှိတဲ့ ဒီတောင် တော်ကို အာဒမ်တောင်ထွတ်(Adam's Peak) သီရိပါဒတောင်လို့လည်း ခေါ်ကြ ပြီး (၇၃၆၅) ပေမြင့်ကာ ပုပ္ပားတောင်

www.burmeseclassic.com

ဘို မတ်မတ်စောက်စောက်ကြီးပါ။ သံ ဆောကားတွေနဲ့ ပင်ပန်းခက်ခဲစွာတက် ကြရလို့ ကမ္ဘာလှည့်ခရီးသည်တွေပဲ အရောက်များကြတယ်။ တောင်ထိပ် ပေါ်တနေ နေထွက်ချိန်ကိုကြည့်ရတာ အရမ်းလှတယ်ဆိုပဲ။ ဧပြီလလောက်မှ သီရိပါလတောင်ကိုတက်ဖို့ အဆင်ချော တော့ စွယ်တော်လှည့်ပွဲကာလနဲ့က လွဲ ချော်နေပြန်တာကိုး။ လူ့ဘဝမှာ တစ်ခု ကိုလိုချင်ရင် တစ်ခုကိုတော့ လက်လျှော့ ရမှာ ဓမ္မတာပါပဲလေ။

သီရိလင်္ကာမှာ ကိုယ်မရောက်ဘူး သေးတဲ့ နောက်ထပ်နေရာတစ်ခုလည်း ရှိသေးရဲ့။ အဲဒါကတော့ သီဟိုဠ်ရဲ့ မြောက်ဘက်ပိုင်း နာဂဒီပဘက်မှာပါ။ အိန္ဒိယပြည်ဘက်ခြမ်းက 'ဓနုရကိုဋိ' ရွာ




အနုရာဓပူရမြို့ဟောင်းက ဣသုရုမုနိစေတီ






သီဟိုဠ်ဟန်ဆင်းတုတော်ရဲ့ သမာဓိမုဒြာ



သီရိလင်္ကာက ဒမ္ဗုလကျောက်တောင်ကြီးမှ ဆင်းတုတော်များနဲ့ နံရံဆေးရေးပန်းချီများ



သီဟိုဠ်၊ အနုရာဓပူရမြို့ဟောင်းက ဇေတဝန်စေတီတော်ကြီး



မဟိန္ဒလေတောင်ပေါ်က စေတီတော်


www.burmeseclassic.com



သီဟိုဠ်၊ အနုရာဓပုရမြို့ဟောင်းက ထူပါရာမစေတီ




သီရိလင်္ကာ၊ ကိုလံဘိုမြို့တော်က ဂင်္ဂါရာမကျောင်း-ပြတိုက်



သီရိလင်္ကာက နှစ် (၂၆၀၀) သက်တမ်းရှိ မဟာဗောဓိပင်ကြီး



သီရိလင်္ကာ၊ ကိုလံဘိုမြို့တော်က ဂင်္ဂါရာမကျောင်း-ပြတိုက်



သီရိလင်္ကာ၊ ကိုလံဘိုမြို့တော်က ဘုန်းကြီးကျောင်းတစ်ကျောင်း၊

ကနေ သီရိလင်္ကာသို့ ပင်လယ်ရေလက်ကြားကို ဖြတ်ကူးရန် ကျောက်တန်းတံတားသတဲ့။ ဒါကို ရာမမင်းသားပင်လယ်ကိုဖြတ်ကူးပြီး သီရိလင်္ကာ - သိန်းခိုပြည်သို့သွားနိုင်ဖို့ ဟနုမာန်မျောက်မင်းနဲ့ အပေါင်းအဖော်များက ကျောက်တန်းဆယ်ပြီး ဆောက်ပေး တာလို့ ယူဆကြရဲ့။ ဒါကို 'ဟနုမာန်ကျောက်တန်း'လို့ ခေါ်ခဲ့ကြတယ်။ ခရစ် ယာန်ဘာသာဝင်များကတော့ 'အာဒံ ကျောက်တန်း' လို့ ယူဆကြပြန်ရဲ့ အာဒမ်နဲ့ ဧဝတို့ အပြစ်သီးကိုစားမိ မကောင်းမှုကျူးလွန်ခဲ့လို့ ဧဒင်ဥယျာဉ် နှင်ထုတ်ခံလိုက်ရတဲ့အခါ သီရိလင် ကို လာရောက် နေထိုင်ခဲ့ကြတယ် အဆိုရှိကြပါတယ်။ အဲဒီနာဂဒီပအပိုင် မှာ ဘိက္ခုနီသာသနာလည်း ပိုထွန်း သတဲ့။ တိုင်းပြည်တစ်ပြည်ရဲ့ ရာဇ ကပွဲတော်တွေကို ဆင်နွှဲဖို့ ကာလအ

www.burmeseclassic.com

www.burmeseclassic.com




ကြာပန်းချစ်သူများရဲ့
သီရိလင်္ကာဘုရားစေတီများ



သီဟိုဠ်၊ အနုရာဓပုရမြို့ဟောင်းက မဟာစေတီတော်ကြီး



သီရိလင်္ကာက ဒမ္ဗုလကျောက်တောင်ကြီးမှ
ဆင်းတုတော်များနဲ့ နံရံဆေးရေးပန်းချီများ




မဟာဗောဓိပင်ကြီးအနီးက ကြေးပြာသာဒ်ကျောင်းတော်ဟောင်း

...ကြည့်ရတော့မယ်ပေါ့။

သီဟိုဠ်မှာ အချိန်မရွေး သွား ...ရောက် လည်ပတ်နိုင်တဲ့နေရာတွေကိုပဲ ...တွေ့ကို လျှောက်တင်ရပါတော့ မယ်။

## သီရိလင်္ကာ သို့မဟုတ် သီဟိုဠ်ကျွန်း-သိန်းခိုကျွန်း

ရှေးမြန်မာစာပေတွေမှာလည်း သီရိလင်္ကာကို အမည်အမျိုးမျိုးနဲ့ဖော်ပြ ကြတယ်။ ဦးကုလား မဟာရာဇဝင်ကြီး ... သီဟိုဠ်ကျွန်း၊ သိန်းခို-သိန်းယို-သိယို ကျွန်း စသဖြင့် တွေ့ရှိရတယ်။ သိန်းခို ... သိန်းခိုမင်း၊ သိန်းခိုရောက်ကျောင်း ... အသုံးအနှုန်းတွေလည်းရှိပါသေး တယ်။ သိန်းယိုဠ်လို့လည်း ရေးတတ်ကြ ... ပါဠိဘာသာနဲ့ 'သီဟဠ' ဖြစ်ပြီး ... အနွယ်ဖြစ်တဲ့ (သီဟဗာဟုမင်းရဲ့ ...တော်၊ ခြင်္သေ့နဲ့ လူမင်းသမီးတို့မှ ...ဖွားဆင်းသက်လာသူ) ဝိဇယမင်း



သီဟိုဠ်၊ အနုရာဓပုရမြို့ဟောင်းက ကျောက်တောင်ကြီးကို ထွင်းထုထားတဲ့ ဆင်းတုတော်တွေ

www.burmeseclassic.com



သီဟိုဠ်၊ အနုရာဓပုရမြို့ဟောင်းက ရှေးခေတ်စွယ်တော်တိုက်



သီရိလင်္ကာ၊ ကိုလံဘိုမြို့တော်က ကလျာဏီမြစ်ထဲက ရေသိမ်



ကိုလံဘိုမြို့တော်က ကိုလိုနီခေတ်အဆောက်အအုံတွေ

က ဘီလူးတို့လက်တွင်းမှ သိမ်းယူနိုင်ခဲ့တဲ့ကျွန်းလို့ အဓိပ္ပာယ်ရှိပါတယ်။ 'လင်္ကာဒီပ၊ သီဟဠ္ဍရာ၊ နာမပြခါန်း၊ သိန်းယိုဠ်ကျွန်း၌' ဆိုတဲ့အဖွဲ့အနွဲ့တွေလည်းရှိရဲ့။ ဒါ့အပြင် ဝိဇယမင်းသားနဲ့ နောက်ပါကျွန်သင်းပင်းခုနစ်ရာတို့ဟာ ဒီကျွန်းကိုလာရောက် အခြေချပြီး လူနေတိုင်းပြည်ဖြစ်အောင် ထူထောင်ခဲ့ကြတော့ ကျွန်းပေါ် တက်ရောက်လာစဉ်က မြေအပြင်ဟာ စိုစွတ်ပြောင်ချောနေလို့ ခြေလှမ်းမနိုင်ဘဲ ယိမ်းယိုင်စွာ ကုပ်ကတ်တက်ခဲ့ရလို့ 'သမ်လဒီပ' အမည်ပေးခဲ့ကြတယ်လို့လည်း ယူဆကြတယ်။

ကြာပန်းဟာ သီရိလင်္ကာရဲ့အမျိုးသားပန်း (National Flower) ဖြစ်ပေမယ့် အမျိုးသားအထိမ်းအမှတ်သစ်ပင် (National Tree) ကတော့ ညောင်ပင်ပဲဖြစ်ပါတယ်။ အမျိုးသားငှက် (National Bird) က ကြက်၊ အမျိုးသားတိရစ္ဆာန်(National Animal) က ခြင်္သေ့ပါ။ အဲဒါကြောင့် သီဟိုဠ်သားတွေဟာ ညောင်ပင်တွေကို ဘုရားလိုပဲ အလေးထားကြပြီး ကြာပန်းတွေကိုလည်း ချစ်ကြရဲ့။

အဲဒီသီဟိုဠ်ကို ကိုယ်တို့ဆီကနေတိုက်ရိုက်လေယာဉ်မရှိလို့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော် သုဝဏ္ဏဘုမ္မိအပြည်ပြည်ဆိုင်ရာလေဆိပ်ကတစ်ဆင့် ရန်ကုန်ကနေ (၁၂၃၅) မိုင်ကွာဝေးတဲ့ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့က ဘန်ဒရာနာယကေးလေဆိပ်ကို ညလယ်မှာ(၃)နာရီလောက် လေယာဉ်စီးပြီး သွားရောက်ရတာပါ။ကမ္ဘာ့ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်ဖြစ်တဲ့ သီရိလင်္ကာဝန်ကြီးချုပ်ဟောင်း သီရိမာဗိုဘန္ဒရာနာရကေးကို ဂုဏ်ပြုမှည့်ဆိုထားတဲ့လေဆိပ်ပါ။ ဘင်္ဂလားပင်လယ်အော်ကိုဖြတ်ကာ လေယာဉ်တိ ပေ (၄၀၀၀၀) အမြင့်မှ ပျံသန်းခဲ့ကြရ တယ်။ ဟိုရောက်တဲ့အခါ လေဆိပ်ထဲ ကပိုစတာတွေမှာ မင်္ဂလာပါ(Arubowan ဆိုတဲ့ စာတန်းလေးများနဲ့အတူ ထူးခြား ဆန်းပြားတဲ့ ရိုးရာဟန်ပတ်စားဆင်ယင် မှုများနဲ့ သီရိလင်္ကာယဉ်ကျေးမှုကို စတင် မိတ်ဆက်ရပါတယ်။ ပြီးရင်တော့ လေဆိ ကနေ တည်းခိုရာဟိုတယ်ကိုသွား၊ အဲ မှာ ဝင်နားကာ အိပ်စက်အနားယူပြီး နောက်တစ်နေ့မှ ခရီးဆက်ကြရပါတယ်။

ဩော် - သီဟိုဠ်သွားမယ်ဆို သယ်မိတ္တာဗောဓိပင်နဲ့ စွယ်တော် တွေကို အနီးကပ် ဖူးမြော်ပူဇော်နိုင် ဝင်ရောက်ခွင့်ရဖို့အတွက် အကျီ လုံ



www.burmeseclassic.com

www.burmeseclassic.com

အဖြူစမ်းဆက်တစ်စုံတော့ ဆောင်သွားဖို့လိုအပ်ပါတယ်။ သီရိလင်္ကာမှာ ဘယ်ဘုရားကျောင်းကန်ကိုသွားသွား သူတို့ဒေသခံတွေက အဖြူရောင်ဝတ်စုံကိုသာ သန့်သန့်ဝတ်ဆင်ထားတာတွေ့ရမှာပါ။


**သီရိလင်္ကာရဲ့ရှေးဟောင်းမြို့တော် အနုရာဓပူရမြို့**

သီရိလင်္ကာရောက်ရင် ခရီးသွားတွေ မလွှဲမသွေ သွားရောက်ရတဲ့နေရာကတော့ ကိုယ်တို့ပုဂံလိုပဲ သီရိလင်္ကာရဲ့ အထင်ကရ ရှေးဟောင်းမြို့ဖြစ်တဲ့ အနုရာဓပူရမြို့ (Anuradhapura) ပါ။ အဲဒါကြောင့် ကိုလံဘိုကနေ အနုရာဓပူရကို ကားနဲ့ ခရီးဆက်ရမြဲပါ။ သီရိလင်္ကာမှာ ရထားလမ်းတွေလည်းရှိပေမယ့် ကိုယ်ကတော့ ကားလမ်းနဲ့ပဲ ခရီးနှင်ခဲ့ဖူးပါတယ်။ အနုရာဓပူရအသွား၊ လမ်းမှာတော့ ရိုးရာဓလေ့အတိုင်း ပြင်ဆင်ထားတဲ့လမ်းဘေးဆိုင်လေးတွေ ပေါ်ပါတယ်။ နေ့လယ်စာစားသုံးဖို့ အုန်းလက်၊ အုန်းခွံတွေနဲ့ ဥယျာဉ်လေးသဖွယ် ပြင်ဆင်ထားတဲ့ ဒေသခံဆိုင်ကလေးတွေက သင့်တော်ပါတယ်။ အုန်းရည်နဲ့ ဆန်လုံးညိုထမင်းတွေလည်း ရနိုင်ရဲ့။ ဒေသဟင်းတွေတော့ နည်းနည်းတော့စပ်တယ်။

အဲဒီလမ်းမှာပဲ ဒမ္ဗူလ (Dambulla) တောင်ကို ဝင်ရောက် လေ့လာနိုင်ပါတယ်။ အဲဒီမှာတော့ ဒမ္ဗူလရွှေဆင်းတုတော်ကြီးနဲ့ ရွှေစေတီ (Golden Temple Dambulla) ပြတိုက်တွေရှိပါတယ်။ ဒမ္ဗူလကျောက်လိုဏ်ဂူ (The Rock Temple-Dambulla) ကို မိနစ်(၃၀)ခန့် တက်ရပြီး လိုဏ်ဂူအတွင်းမှာ ဗုဒ္ဓဆင်းတုတော်တွေ၊ ရှေးဟောင်းနံရံဆေးရေးပန်းချီများရှိလို့ ကျော်မသွားဘဲ တက်ရောက် ဖူးမြော်သင့်ပါတယ်။ နံရံဆေးရေးပန်းချီတွေ၊ ကျောက်သားအစစ်ကို …ယူထွင်းဖောက်ပြီးပုံဖော်ထုဆစ်ထားတဲ့ ဘုရားစေတီတွေနဲ့ ဒမ္ဗူလကျောက်လိုဏ်ဂူကြီးကလည်း အံ့ဩစရာ အနုပညာပြတိုက်ကြီးလိုပါပဲ။ ကျောက်တောင်လှေကားကြီးကို မိနစ် (၃၀) ခန့် တက်ရပြီး နေပူတဖြိုးဖြိုးနဲ့သွားရတဲ့ခရီးမို့ အတော်လည်း ကြည်နူးဖို့ကောင်းလှပါတယ်။ တောင်ပေါ်က လိုဏ်ဂူကြီးတွေအတွင်းမှာတော့ ဗုဒ္ဓဆင်းတုတော်တွေ၊ ရှေးဟောင်းပန်းချီလက်ရာတွေကို အများအပြားတွေ့ရှိနိုင်တာမို့ မောသလောက် တန်တဲ့ခရီးပါ။



သီရိလင်္ကာ၊ စီဂီရိယကျောက်တောင်



သီရိလင်္ကာ၊ စီဂီရိယကျောက်တောင်ပေါ်က ခံတပ်မြို့ဟောင်း




သီရိလင်္ကာက စတုတ္ထသင်္ဂါယနာတင်ရာ အာလောကလေဏကျောက်ဂူ




www.burmeseclassic.com

www.burmeseclassic.com



သီရိလင်္ကာ၊ ကန္ဒီမြို့က စွယ်တော်တိုက်အဝင်



သီရိလင်္ကာ၊ ကန္ဒီမြို့က စွယ်တော်လှည့်ပွဲ



သီရိလင်္ကာ၊ ကိုလံဘိုမြို့တော်က ဂင်္ဂါရာမကျောင်း-ပြတိုက်

ဒမ္ဗူလမြို့လေးကို ညနေပိုင်းမှာရောက်ရှိပြီး စားသောက်ဆိုင်တွင် ပူစပ်သောညစာစားသုံးကြတာပေါ့။ အဲဒီနောက် အနုရာဓပူရမြို့သို့ ဆက်လက်သွားရောက်ကာ မြန်မာဘုန်းတော်ကြီးကျောင်းမှာ အိပ်စက်အနားယူကြတယ်။ မြန်မာကျောင်းဆိုပေမယ့် ကျောင်းထိုင်ဆရာတော်က မွန်တိုင်းရင်းသားဖြစ်ပါတယ်။ သီဟိုဠ်သာသနာနဲ့ မြန်မာ့သာသနာဟာ အထူးပဲဆက်စပ်နေတယ်ဆိုတာ ခရီးစဉ်တစ်လျှောက်မှာ သိသာလှတယ်။ အထူးသဖြင့် မွန်သာသနာနဲ့ပေါ့။

အနုရာဓပူရမြို့မှာတော့ မဟာဗောဓိပင်ကြီးရှိရဲ့။ ဘုရားရှင်လက်ထက်တော်ကတည်းကနေ ယခုကာလအထိ နှစ်ပေါင်း (၂၂၀၀) ကျော်သက်တမ်းရှိတဲ့ မူလလက်ဟောင်း မဟာဗောဓိပင် (Sri Maha Bodhiya) ကြီးလို့ ဆိုကြတယ်။ သီဟိုဠ်နိုင်ငံတစ်ဝှမ်းလုံးမှာတော့ ဗောဓိညောင်ပင်တွေအားလုံးက ဘုရားတစ်ဆူစီပါပဲ။ ဘုရားရှင်ရဲ့ ကိုယ်စားတော်အဖြစ် ညောင်ပင်တွေကို သူတို့ အမြတ်တနိုး ကိုးကွယ်ရိုသေကြတယ်။ မနက်စောစောထကာ နံနက်စာမစားမီ အဲဒီ မူလ မဟာဗောဓိပင် (Sri Maha Bodhiya) ကြီးကို သွားဖူးရတာဟာ အလွန်ကြည်နူးဖို့ကောင်းပါတယ်။ ကိုယ်ကတော့ ညပိုင်းလည်း တစ်ခါသွားဖူးခဲ့ရပါသေးတယ်။

မဟာဗောဓိပင်ကြီးနဲ့မလှမ်းမကမ်းမှာတော့ ရှေးသီဟိုဠ်ဘုရင်တွေဆောက်လုပ်လှူဒါန်းခဲ့တဲ့ လောကမဟာပါသာဒ (Lowamahapara) လို့ခေါ်တဲ့ ကျောက်တိုင်ပေါင်း (၁၆၀၀) ရှိတဲ့ ကြေးပြာသာဒ်ကျောင်းတော်ရာကြီးရှိရဲ့။ ကျောက်တိုင်အဟောင်းတွေ ထိုးထိုးထောင်ထောင်ကျန်ရှိနေသေးတာကို အခုတိုင် မျက်ဝါးထင်ထင်မြင်ရဦးမယ်။

ကိုယ်တို့မြန်မာပြည်ကိုလာရောက်လည်ပတ်သူတိုင်း မရောက်မရှိ သွားကြ သွားရောက်ရမယ့်နေရာက ရွှေတိဂုံစေတီတော်ကြီးဖြစ်သလို သီရိလင်္ကာနိုင်ငံကိုရောက်ပြီး မဟာစေတီတော်ကြီးကို မဖူး ခဲ့ရင်လည်း အဲဒီနိုင်ငံကိုရောက်ခဲ့တယ်လို့မပြောနိုင်ဘူးလေ။ အဲဒီမဟာစေတီတော်ကြီး(Maha Ceti)ရုဝဏ်ဝေဠီစေတီ ပုထိုးတော်(Ruwanwele-sira)မှာ မြတ်စွာဘုရားရဲ့ နှစ်ထပ်သက်န်းကြီးနဲ့သပိတ် တော် ဌာပနာထားတယ်လို့လည်း အယူ ရှိကြတယ်။ မဟာစေတီတော်ကြီးဟာ အနုရာဓပူရမှာပဲရှိနေတာပါ။ မြန်မာ

www.burmeseclassic.com



သီဟိုဠ်၊ အနုရာဓပူရမြို့ဟောင်းက
မဟာစေတီတော်ကြီး



သီဟိုဠ်၊ အနုရာဓပူရမြို့ဟောင်းက အစောင့်နတ်သားကျောက်တုံးပြား



ဆီဂီရိယတောင်ခြေမှ ရှေးခေတ်က
သံဃာတော်များ ဆွမ်းလောင်းတဲ့
ကျောက်ကျင်းရှည်



သီဟိုဠ်၊ အနုရာဓပူရမြို့ဟောင်းက မဟာပရက္ကမင်းကြီးရုပ်တု



သီဟိုဠ်၊ အနုရာဓပူရမြို့ဟောင်းက မဟာပရက္ကမင်းကြီးနန်းတော်ရာ

ကျောင်းနဲ့လည်း မဝေးလှပါဘူး။

တစ်ဆက်တည်းမှာပဲ ထူပါရာမစေတီ(Thuparama)ဆိုတဲ့ ထူပါရုံစေတီကိုလည်း ဖူးမြော်နိုင်ရဲ့။ အဲဒီမှာတော့ မြတ်စွာဘုရားရဲ့ ညှပ်ရိုးတော်မြတ်ကို ဌာပနာထားတယ်။ စေတီတော်ရဲ့ပတ်ပတ်လည်မှာ ရှေးတုန်းက တန်ဆောင်းဆောင်တွေရဲ့ ကျောက်တိုင်လုံးတွေ ဝန်းထော်ရံကာပြီး တည်ရှိနေတာဟာဖြင့် ထူပါရုံစေတီရဲ့ မမေ့နိုင်အောင်ကိုဘဲ ရင်ထဲလုံးအိမ်ထဲ စွဲထင်သွားမယ့် အလှပါပဲ။

အဲဒီကနေ ဆက်ပြီး မရိစဝဋ္ဋစေတီ (Mirisawetiya Chetiya) ကို ဖူးမြော်နိုင်ပါတယ်။ အဲဒီစေတီကတော့ ငရုတ်သီးတစ်တောင့်စေတီလို့လည်း ထင်ရှားတဲ့ စေတီတော်ပါ။ သမိုင်းအစဉ်အလာအဆိုအမိန့်အလှအပတွေကြောင့်

www.burmeseclassic.com



သီရိလင်္ကာ၊ ကိုလံဘိုမြို့တော်က ကလျာဏီစေတီတော်မှာ



မဟိန္ဒလေတောင်ပေါ်သို့အတက်လမ်း



သီရိလင်္ကာ၊ ကိုလံဘိုမြို့တော်က ကလျာဏီသိမ်

ကိုယ်ရော ကိုယ်တို့နဲ့အတူ ဘုရားဖူးထွက်ခဲ့တဲ့ ရေစကြိုဆရာတော် ဦးဝါယမိန္ဒပါ သွားရောက် ကြည်ညိုဖို့ အထူးအာရုံရခဲ့တဲ့စေတီပါ။ အကြောင်းကတော့ စာပေဝါသနာရှင်တွေဖြစ်တဲ့ ကိုယ်တို့တွေက စေတီတော်ဖြစ်တည်လာပုံကို စာအုပ်တွေထဲကတစ်ဆင့် ရင်းနှီးခဲ့တာကိုး။

ဘုရားရှင်ကို ကြည်ညို လေးစားအလေးထားလွန်းတဲ့ မင်းတရားကြီးဟာ ဘာစားစား ဘုရားရှင်ကို ရည်စူးကပ်လှူပြီးမှ စားတတ်ပါသတဲ့။ တစ်နေ့တော့ စစ်ပွဲကာလအတွင်းမို့ ငရုတ်သီးတစ်တောင့်ကို အမှတ်တမဲ့ အမြန်ကိုက်ဝါးစားသောက်မိပြီး ဘုရားကို မကပ်လှူမိဘဲရှိခဲ့တာကို စစ်နိုင်အောင်ပွဲဆင်နေချိန်မှာ သတိရလိုက်တော့ သူ့အောင်ပွဲခံလှံတံကို မြေအပြင်မှာ ပစ်လွှတ်စိုက်ထူပြီး အဲဒီနေရာမှာ စေတီတည်ခဲ့တာပါ။ ငရုတ်သီးတစ်တောင့်နဲ့လှံတံတစ်ချောင်းသို့မဟုတ် တုန္တစေတီတော်သမိုင်းဟာ စိတ်ဝင်စားစရာဖြစ်ပါတယ်။

ကြီးမားလှတဲ့ ဘုရားအိုကြီးတွေဖြစ်တဲ့ အဘယဂိရိစေတီ (Abhayagiri Dagoba)၊ လင်္ကာရာမ (Linkaramaya) နဲ့ ဇေတဝနစေတီ (Jetavana Dagoba) စေတီကြီးတွေကိုလည်း မေ့ထားလို့မဖြစ်ပါဘူး။ နီညိုရောင်အုတ်ခဲပေါင်းများစွာနဲ့ တည်ဆောက်ထားတဲ့ အဲဒီစေတီပျက်ကြီးတွေဟာ အလွန်စိတ်ဝင်စားစရာပါ။ ခရီးသွားတိုင်း အမြဲကကျတဲ့အချက်ကတော့ လမ်းညွှန်တွေ၊ ခရီးသွားကုမ္ပဏီတွေရဲ့ စေတနာပါပဲ။ သူတို့သာ ငွေမျက်နှာသက်သက်ကိုမကြည့်ဘဲ တကယ်ရောက်သင့်တဲ့နေရာ၊ မလွဲမသွေ ဖူးသင့်တဲ့ ဘုရားစေတီတွေကို ပို့ချင်တဲ့စိတ်ရှိရင်တော့ သူတို့ခေါ် သွားမှရောက်ကြရရှာတဲ့ခရီးသွားတွေဟာ ကံကောင်းတာပါပဲ။ သွားရကျိုးလည်းနပ်တာပါပဲ။

အနုရာဓပူရမြို့ဟောင်းမှာပဲ ဣစ
ရုမုနိစေတီ (Isurumuniya) နဲ့ ကမ္ဘာ
ကျော် 'ချစ်သူများ' (Lovers) ကျောက်
ရုပ်တုရှိတဲ့ ပြတိုက်လေးကို သွားရောက်
ဖူးမြော် လေ့လာသင့်ပါတယ်။

အဲဒီနောက် မဟိန္ဒလေတောင်
(Mihintale) ကို တက်ရောက်ကြရ
တယ်။

အနုရာဓပူရအနီးမှာရှိတဲ့ ဒီမဟိ
လေတောင်ဟာ ထင်ရှားလှတယ်။ သ
မမှာအသောကမင်းကြီးရဲ့ သား
အရှင်မဟိန္ဒ သီဟိုဠ်ကျွန်းကို ကြွ ရော


www.burmeseclassic.com







သီရိလင်္ကာ၊ ကိုလံဘိုမြို့တော်က ကလျာဏီသိမ်




သီရိလင်္ကာ၊ ကိုလံဘိုမြို့တော်မှာ
ရောင်းချတဲ့ မျက်နှာဖုံးတစ်ခု

ရှိတာပြီး ပထမဆုံး သာသနာပြုရာ နေရာပေါ့။ အဲဒီတောင်တော်ကိုတော့ တက်ရောက်ဖူးမြော်ဖို့မမေ့သင့်ဘူးလေ။ တောင်တက်လမ်းအရင်းမှာပဲ ရှေးအခါ က ဗုဒ္ဓသာသနာထွန်းကားပြီး ရဟန်း သံဃာတွေပေါများတဲ့ အနုရာဓပူရမြို့ ဟောင်းရဲ့ ဆွမ်းလောင်း-ကျောက်ကျင်း ကြည်ကြီးတွေ၊ ရဟန်းတွေသုံးဖို့အတွက် ပေးဝေတဲ့ ကျောက်လက်တံတွေ၊ ရေ ချိုးရာနေရာတွေကိုကြည့်ရှုကြရပါတယ်။ တောင်ပေါ်ရှိ မဟိန္ဒလေစေတီတော်နဲ့ အခြား တောင်ထွတ်တစ်ခုပေါ်မှာရှိတဲ့ ရုပ်ပွားဂူတွေကိုလည်း သွားရောက် ဖူးမြော်ကြရမှာပါ။

**မြို့မာတွေသိတဲ့ ပရက္ကမဗာဟုမင်းကြီး ရဲ့ ပေါလောနာရုဝမြို့ဟောင်းသို့**

သီဟိုဠ်ကျွန်းမှာ အနုရာဓပူရလို သက်တမ်းရှင်ရှားတဲ့ ရှေးမြို့ဟောင်းကြီးတစ်ခု ကတော့ ပေါလောနာရုဝမြို့ဟောင်းပါ။ အဲဒါကြောင့် ပေါလောနာရုဝမြို့ဟောင်း

www.burmeseclassic.com



သီရိလင်္ကာက ဒမ္ဗူလကျောက်တောင်ကြီးမှ ဆင်းတုတော်များနဲ့ နံရံဆေးရေးပန်းချီများ



အနုရာဓပူရမြို့ဟောင်းက
ဣသုရုမုနိစေတီပြတိုက်မှ ချစ်သူများရုပ်တု



အနုရာဓပူရမြို့ဟောင်းက
ဣသုရုမုနိစေတီပြတိုက်မှ ချစ်သူများရုပ်တု



သီဟိုဠ်၊ အနုရာဓပူရမြို့ဟောင်းက လကျောက်ဖျာ

(Polonaruva Old City) တစ်ဝိုက်မှာ ဆက်လက် လေ့လာ ဖူးမြော်ဖို့သွားကြရပြန်ပါတယ်။ အဲဒီမြို့ဟောင်းအဝင်မှာ ကျယ်ပြောလှတဲ့ရေကန်ကြီးဖြစ်တဲ့လူလုပ်သမုဒ္ဒရာ (man-made lake) တွေရှိပါတယ်။ ဒါဟာ သီဟိုဠ်ကရှေးမင်းတောင်းမင်းမြတ်တွေက ပြည်သူတွေ သောက်ရေ၊ သုံးရေအတွက် ဖန်တီးပေးခဲ့တာပါ။ ရေကန်အနီးက ပေါလောနာရုဝ ရှေးဟောင်း သုတေသနပြတိုက်ကိုလည်း ဝင်ရောက် လေ့လာသင့်ပါတယ်။ ခရီးသွားအဖွဲ့တွေက ပြတိုက်တွေဆိုရင် ဝင်ကြေးပေးရလို့ လက်ရှောင်ချင်ပေမယ့် တကယ်ဝင်ကြည့်ရင် တကယ်အကျိုးရှိတဲ့နေရာတွေပါ။ သူတို့နိုင်ငံရဲ့ သမိုင်းကို ထဲထဲဝင်ဝင်သိချင်တယ်ဆိုရင် ပေါ့လေ။

အဲဒီနောက် ဂုန်ပေါင်ပေါ်မှာ ကားနဲ့ဖြတ်မောင်းရင်း ကြည့်ရှုသွားပြီး မြို့ဟောင်းကို ဝင်ပါတယ်။ မြို့ဟောင်းအဝင်မှာပဲ အတွင်းမှာရှိတဲ့ မဟာပရက္ကမဗာဟု (Parakramabahu Statue) မင်းကြီးရုပ်တုကို အလေးပြုသင့်ပါတယ်။

မြန်မာရာဇဝင်မှာပါ ထင်ရှားတဲ့ ပရက္ကမဗာဟုမင်းပါ။ အဲဒီနောက်တော့ ပရက္ကမဗာဟုမင်းကြီးလက်ထက်တော်က တည်ခဲ့ပြီး အခုအခါ ပျက်စီးနေပြီဖြစ်တဲ့ နန်းတော်ဟောင်းကြီးတွေနဲ့ Palace Site၊ မင်းနဲ့မှူးမတ်များ တိုင်ပင်ဆွေးနွေးရာ လွှတ်တော်ဟောင်း (Nissankalat Mandapa)၊ အိန္ဒိယနိုင်ငံကနေ သီဟိုဠ်ကို အန္တရာယ်အသွယ်သွယ်ကိုကျော်ဖြတ်ပြီး လျှို့ဝှက်စွာ ရောက်ရှိလာတဲ့ ဗုဒ္ဓစွယ်တော်မြတ်ကိန်းဝပ်တော်မူခဲ့ရာ စွယ်တော်တိုက်ဟောင်း (Hatadage, Atatage) နဲ့ ကျောင်းတော်ရာဟောင်းတွေဟာ ပုဂံမြို့ဟောင်းတစ်နေရာလိုပဲ အုတ်ပုံတွေ ကျောက်တိုင်တွေ အလဲလဲအပြိုပြိုနဲ့မှုံ လွှမ်းမောစရာ၊ သခၤါရရစရာ တွေ့ရှိရမှာပါ။

## ■ သီဟိုဠ်ကျွန်းရဲ့ဗုဒ္ဓသာသနိကအဆောက်အအုံနဲ့ ကျောက်ဆစ်ဗိသုကာလက်ရာများ

ကျောက်တုံးကျောက်ဆောင်တွေ ပေါများတဲ့ သီဟိုဠ်ကျွန်းမှာတော့ ဗုဒ္ဓ သာသနိက အဆောက်အအုံတွေကို ကျောက်သားတွေနဲ့ တည်ဆောက်ကြ တာ များပါတယ်။ ဆင်းတုတော်တွေကို လည်း ကျောက်တုံးတွေနဲ့ပဲထုဆစ်ယူကြ တာပါ။ အဲဒီလို ကျောက်ဆစ်ကျော် ထွင်းအနုပညာတွေထွန်းကားတဲ့ သီ

www.burmeseclassic.com



သီရိလင်္ကာ၊ ကန္ဒီမြို့က စွယ်တော်လှည့်ပွဲ





သီရိလင်္ကာ၊ ကိုလံဘိုမြို့တော်က ဗုဒ္ဓစာပေစာအုပ်ဆိုင်ကြီး

...မှာ တစ်ဆက်တည်း တည်ရှိနေ...ကျောက်တောင်ကြီးကို အလိုက်သင့်...ဆစ်လိုက်တော့ ဂလဟကျောင်းတော် (...Temple)ရယ်လို့ ဖွံ့ဖြိုးဖွယ်ရာ...လာပါတော့တယ်။ ကျောက်...ကြီးတစ်ခုတည်းမှာ ထိုင်တော်မူ၊...ကျောင်းတော်မူ၊ ရပ်တော်မူဘုရားများ...ကို ထုလုပ်ထားတာဟာဖြင့် ရှေးက...သားကျောက်ဆစ်ပညာရှင်တွေ...အထင်ကြီးလေးစားစရာပဲ ဖြစ်ပါ...။

သီရိလင်္ကာရဲ့ မူပိုင်ကျောက်ဆစ်...ရာတစ်ခုဖြစ်တဲ့ လကျောက်ဖျာ (...stone) လေးတွေကိုတော့ ဘယ်...ဘယ်ဘုရားနဲ့ ဘယ်ကျောင်း၊...ရပ်တွေကိုသွားသွား အတက်...လှေကားထစ်တွေရဲ့အရင်းမှာ...ထားကြည့်ရင် မြင်နိုင်ပါရဲ့။ လက်...အလွန်ကောင်းပေမယ့် ခြေနင်းခုံမှာ...ထားလေ့ရှိတဲ့ လကျောက်ဖျာလေး...ဟာ သီရိလင်္ကာ ဗုဒ္ဓအနုပညာရဲ့...တာသင်္ကေတလို့တောင် ပြောနိုင်...တယ်။ လကျောက်ဖျာလေးတွေရဲ့...တစ်ချက်စီမှာတော့ အစောင့်...သားရုပ်တွေက အမြိုက်အိုးတွေကို...လျက် ဘုရားစေတီကိုစောင့်နေ...ရဲ့။

ခရီးသွားအဖွဲ့ရဲ့ လမ်းညွှန်တွေ...ာ စာပေဝါသနာပါပြီး ဖတ်တတ်မှတ်...တ်၊ မသိသေးသူတွေကို ရှင်းလင်း...ပြတတ်တဲ့စိတ်ရှိရင် ဘုရားဖူးခရီး...မှာ ခရီးသည်တွေဟာ ကုသိုလ်ရတဲ့...ပြင် ဗဟုသုတတွေလည်း တိုးပွားလာ...ပါ။ သီဟိုဠ်ပုံစေတီများရဲ့ထူးခြားချက်...တဲ့ ကမ္ဘာလုံးခြမ်းလို လုံးလုံးခုံးခုံး...မှာ လေးထောင့်-ဓာတ်တော်တိုက်...ဆင့်ကာ အဲဒီအထက်ကနေ အရစ်...တွေပါတဲ့ စေတီပေါက်ထားပုံကို...ပြထားရင် ခရီးသည်တွေလည်း သီရိ...ကာခရီးစဉ်တစ်လျှောက်မှာ မြင်နေရ...တဲ့ 'သီဟိုဠ်ပုံ' ဆိုတာကို သဘောပေါက်...သွားမှာပါ။ အဲဒီလို သဘောပေါက်တာ...အမျှ သီဟိုဠ်စေတီတော်များရဲ့ဗီသုကာ...လွှမ်းမိုးနေတဲ့ အရှေ့တောင်အာရှစေတီ...တော်များကိုလည်း သတိထားမိသွားမှာ...ပါ။

ကိုယ်တို့မြန်မာနိုင်ငံအပြင် အခြား...အာရှနိုင်ငံတွေမှာလည်း အဲဒီစေတီတော်...အသွင်သဏ္ဌာန်မျိုးတွေ ပျံ့နှံ့ရောက်ရှိခဲ့...တာကိုး။

www.burmeseclassic.com



သီရိလင်္ကာ၊ ကိုလံဘိုမြို့တော်တစ်ခွင်မှာ



သီရိလင်္ကာ၊ ကိုလံဘိုမြို့တော်တစ်ခွင်မှာ



သီရိလင်္ကာ၊ ကိုလံဘိုမြို့တော်တစ်ခွင်မှာ



သီရိလင်္ကာနိုင်ငံက လက်ဖက်စိုက်ခင်းများအလယ်

## ◻ လွှမ်းမောဖွယ်ရာ စီဂီရီယတောင်နဲ့ မင်းဆိုးမင်းညစ်တစ်ပါးရဲ့ပုန်းခိုရာ

ထိုမှတစ်ဆင့် စီဂီရီယတောင် (Sirigira) (တောင်ထိပ်၌ ကဿပမင်း (Kashyapa) လက်ထက် အေဒီ ၄၇၇-၄၉၅၊ ငါးရာစုခေတ်က တည်ဆောက်ခဲ့သောနန်းတော်ဟောင်းရှိ)ကို ဆက်လက်ထွက်ခွာခဲ့ကြရပါမယ်။ ဒါပေမယ့် မိုးချုပ်သွားလို့ စီဂီရီယကျောက်တောင်ကို မတက်ခဲ့ရဘဲ တောင်ခြေမှသာ လှည့်ပြန်ခဲ့ပြီး အနုရာဓပူရ မြန်မာဘုန်းတော်ကြီးကျောင်းမှာပဲ ပြန်လည် ညအိပ်အနားယူကြရတဲ့ ခရီးစဉ်တစ်ခုနဲ့လည်း ကိုယ်ကြုံတွေ့ခဲ့ရပါသေးရဲ့။ အဲဒါကြောင့်လည်း သီရိလင်္ကာကို နောက်တစ်ခေါက် ပြန်သွားဖြစ်ရပါတော့တယ်။ နောက်တစ်ကြိမ်အသွားမှာ သီရိလင်္ကာသံအမတ်ကြီးနဲ့သွားတွေ့ပြီး ဗီဇာအတွက် အကူအညီတောင်းတော့ သူက ကိုယ့်ပတ်(စ်)ပို့ကို လှန်ကြည့်ပြီး 'ခဏခဏသွားထားတယ်လေ။ ဘာဖြစ်လို့ထပ်သွားတာလဲ' လို့ မေးတော့ 'စီဂီရီယတောင်ကို မတက်ရသေးလို့' လို့ ပြန်ပြောမိတော့ သူက ရယ်ပြီး အဲဒီတောင်အကြောင်း ရိုက်ကူးထားတဲ့စီဒီချပ်လေးတောင် လက်ဆောင်ပေးလိုက်သေးရဲ့။ ကျေးဇူးတင်ရပါတယ်။

စီဂီရီယတောင်ကိုလည်း သီရိလင်္ကာခရီးမှာ ချန်ထားလို့ မရကောင်းပါဘူးလေ။ နာမည်ကျော်ပြီး ကျော်သလောက်လည်း ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့ စီဂီရီယကျောက်တောင်ကိုတော့ (၄၅) မိနစ်ကျော်တက်ရပါတယ်။ မုန့်စိမ်းပေါင်းတုံးကြီးကိုတိထားသလိုရှိတဲ့ တောင်ထိပ်မှာတော့ ကဿပမင်း



www.burmeseclassic.com

www.burmeseclassic.com

Kashyapa) လက်ထက် အေဒီ ၄၇၇- ငါးရာစုခေတ်က တည်ဆောက်ခဲ့ ကျောက်သားနန်းတော်ဟောင်းကြီး ပါတယ်။ နန်းတော်ဆိုပေမယ့် ပြည်သူ တွေနဲ့တင်းကွာပြီး ကာမတဏှာနဲ့အတူ စိမ်အမျိုးမျိုးခံစားတတ်တဲ့ ပြည်သူ သော မင်းတစ်ပါးရဲ့ ပုန်းခိုရှောင် ရှားနေရာဆိုလည်း မမှားပါဘူး။ နောက်တစ်ခါက် သီဟိုဠ်အရောက်မှာ တော့ ကိုယ်ဟာ အဲဒီတောင်ထိပ်ကို ကျောက်စရာကောင်းလှောက်အောင် လှုပ်လှုပ်ဖြစ်နေတဲ့ သံလှေကားတွေနဲ့ အရောက်တက်ခဲ့ပါတယ်။ သံလှေကား တွေက ကျဉ်းမြောင်းလှပြီး ကျောက် တောင်နံရံကိုကပ်ပြီး ဆင်ထားတာမို့ ထည်းယားစရာပါ။ လေတွေကလည်း အောက်ကနေ တဟူးဟူးနဲ့ ပင့်တိုက် နေလို့ ဦးထုပ်တွေလွင့်လွင့်ထွက်သွား တာရဲ့။

တောင်ခါးပန်းက ဂူနံရံမှာတော့ ဆေးရေးပန်းချီတွေကို ယူနက်စကိုက သိမ်းထားတာ တွေ့ရပါတယ်။ တောင်ထိပ်ပိုင်းမရောက်ခင်မှာ ခြင်္သေ့ ကြီးကြီးတစ်ကောင် ထိုင်နေသလို တည်းချွန်ကြီးတွေနဲ့ ခြင်္သေ့လက် စုံရှိပါတယ်။ အဲဒီလက်နှစ်ဖက်ကြား နန်းတော်ခံတပ်ထဲကိုဝင်တဲ့အပေါက် ရဲ့၊ ခြင်္သေ့(သီဟ-စီဟ)ကနေ အသံ ယ်ရင်း စီဂီရိယတောင်အမည်ဖြစ် တာပါ။ တောင်ခြေရင်းမှာတော့ နက တည်ဆောက် ကူညီထားတဲ့ ရိယပြတိုက်ရှိပါတယ်။အလွန်ခေတ်မီ သပတဲ့ပြတိုက်တစ်ခုပါ။

**ဒ္ဓမြတ်စွယ်တော် ကိန်းအောင်းရာ ကန္ဒီမြို့**

ကန္ဒီမြို့ကတော့ ဗုဒ္ဓမြတ်စွယ် တော် ကိန်းအောင်းရာ ကျောင်းတော် ကြီး-စွယ်တော်တိုက်ရှိတဲ့အရပ်မို့ စွယ် တော်ဖူးရန်၊ စွယ်တော်လှည့်ပွဲ ကြည့်ရှု ခင်းခဲ့ရန် ကမ္ဘာတစ်ဝန်းက လူသားတွေ ညှို့ယူခဲ့တဲ့ ချစ်စရာ လှပသာယာတဲ့ မြို့လေးပေါ့။ နံနက်စောစောထပြီး စွယ် တော်ဖူးရန် ဗုဒ္ဓမြတ်စွယ်တော်တိုက်သို့ သွားရောက် ကြည်ညိုပူဇော်ပြီး ကြာပန်း တွေ လှူဒါန်းဖွယ်ရာတွေက် လှူဒါန်း ကြရတာကလည်း အလွန်ကြည်နူးဖွယ် ကောင်းတဲ့အလေ့တစ်ခုပါ။ စွယ်တော် တိုက်ရဲ့ဗိသုကာလက်ရာကလည်း သမိုင်း အမွေအနှစ်တွေကို ခင်းကျင်းပြသထား တဲ့ ပြတိုက်ကြီးတစ်ခုလိုပါပဲ။

သီရိလင်္ကာခရီးစဉ်တစ်ကြိမ်မှာ တော့ စွယ်တော်လှည့်ပွဲ (Kandy Perahera) ကို ကြည့်ရှုလေ့လာကြဖို့ ကမ္ဘာ တစ်ဝန်းက ခရီးသည်တွေ စုပြုံရောက်ရှိ နေလို့ ကန္ဒီမြို့မှာ တည်းခိုစရာနေရာမရ တာမို့ အနီးအနားမှာရှိတဲ့ မတာလေ (Matale) မြို့လေးက တည်းခိုရာ(Guest House Matale) မှာပဲ နေရာယူခဲ့ကြရ ဖူးပါတယ်။ အဲဒီကမှ ကန္ဒီမြို့ကို ညနေ (၅) နာရီလောက် အရောက်သွားကြ မြန်မာအုန်းတော်ကြီးကျောင်းကို ဝင် ရောက်ဖူးမြော်ကာ စွယ်တော်တိုက်ကို အပြေးအလွှားသွားခဲ့ကြရတာပါ။ စွယ် တော်လှည့်ပွဲက တညီးညီးတောက် လောင်နေတဲ့အုန်းခွံမီးတုတ်တွေ၊တအိအိ လှည့်လည်ရင်း က,နေတဲ့ ရာနဲ့ချီတဲ့ ဆင် မည်းမည်းကြီးတွေ၊ ဆင်ကြီးတွေကိုဆင် ယင်ထားတဲ့ ပိုးဖဲကတ္တီပါအဆင်တန်ဆာ တွေရဲ့ ပြိုးပြက်လင်းလက်မှုတွေ၊ စည်း ချက်ညီညီ ထုနှက်တီးခတ်လာတဲ့ ဆင် ဟာလီတွေရဲ့ဗုံသံတွေ၊ တစ်မျိုးနဲ့တစ်မျိုး မရိုးရအောင် ကပြရင်း လှည့်လည်သွား တဲ့ သီဟိုဠ်သားတွေရဲ့ အကဆန်းတွေ၊ အားလုံးဟာ ဘယ်တော့မှ မမေ့နိုင် လောက်တဲ့အမှတ်တရတွေကိုပေးနေပါ ရဲ့။ လူတွေ သိန်းနဲ့ချီပြီး များပြားလှစွာနဲ့ ခိုက်ရန်မဖြစ်ဘဲ တစ်မြို့လုံးကို တရွေ့ရွေ့ လှည့်လည်ကပြသွားတာကလည်း အံ့သြ စရာပါ။

ညဉ့်သန်းခေါင်မှာ စွယ်တော် လှည့်ပွဲကနေ မတာလေက တည်းခို ဆောင်ကို ချမ်းချမ်းစီးစီးနဲ့ ပြန်အိပ်ခဲ့ရ တာကိုလည်း မမေ့နိုင်ပါဘူး။ နောက် တစ်ခေါက်ခရီးမှာတော့ ကန္ဒီမြန်မာ ကျောင်းက သုံးထပ်တိုက်ကျောင်းဖြစ် နေလို့ အတော်အဆင်ပြေသွားပါတယ်။ နတ်မောက်သား ကျောင်းထိုင်ဆရာ တော်လေးကလည်း သဘောကောင်းလှ ပါရဲ့။ အဲဒီ မြန်မာကျောင်းကလည်း မြို့ မှာတော့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ကျောင်းကြီးပါ။

ကန္ဒီမြို့အရောက်မှာတော့ စွယ် တော်ဖူးရတဲ့အပြင် ကန္ဒီမြို့တောင်ပေါ် က ထိုင်တော်မူဘုရားကြီးကိုဖူးမြော်နိုင် တဲ့အပြင် ကန္ဒီမြို့ရဲ့ စိမ်းညို့ညို့တောင် ကြီးတွေ၊ ကျယ်ပြန့်တဲ့ရေကန်ကြီးတွေနဲ့ လှပရိုးရှင်းတဲ့ ရှေးဟောင်းအိမ်တွေရဲ့ အလှရှုခင်းတွေကို ငေးမောနိုင်ပါသေး တယ်။ အချိန်ရရင်တော့ ဘယဆေးပင် တွေစုံလင်လှတဲ့ ရုက္ခဗေဒဥယျာဉ်ကြီး ကိုလည်း ကြည့်ရှုခံစားနိုင်ပါရဲ့။ မြန်မာ လွတ်လပ်ရေးအတွက် ကန္ဒီစာချုပ်ချုပ်ဆို ခြင်းပြုလုပ်ရာနေရာလည်း အဲဒီဥယျာဉ် ထဲမှာရှိပေမယ့် ကိုယ်တော့ ရောက်ခွင့် မကြုံခဲ့ပါဘူး။ ကန္ဒီမြို့ထဲက ကန္ဒီစာချုပ် ချုပ်ဆိုဖို့လာစဉ်က ဗိုလ်ချုပ်အောင်ဆန်း တည်းခိုခဲ့ရာ ဟိုတယ်ကိုတော့ ယခုထက် တိုင် ဆေးအသစ်တွေသုတ်ထားလို့ လှပ တင့်တယ်စွာ တွေ့ခဲ့ရပါသေးတယ်။

ထို့နောက် ကန္ဒီမြို့ကို ကျော်ဖြတ် ကာအနည်းငယ်သွားလိုက်တာနဲ့ စတုတ္ထ သင်္ဂါယနာတင်ရာ ကျောက်လိုဏ်ဂူ- အာလုဝိဟာရ (Aloha) သို့လည်း ဝင် ရောက် ဖူးမြော် လေ့လာနိုင်ပါတယ်။ အဲဒီကျောက်တုံးကျောက်ဆောင်ကြီးတွေ ရဲ့အရင်းမှာတော့ စတုတ္ထသင်္ဂါယနာတင် အပြီးမှာ ဗုဒ္ဓရဲ့ ပိဋကတ်တော်တွေကို ပေထက်အက္ခရာတင်တဲ့သမိုင်းကြောင်း ကို ဖော်ထုတ်ပြသတဲ့ပြခန်းလေးရှိလို့ ဝင် ကြည့်သင့်ပါတယ်။ ပေစာတွေကို ဘယ် လိုလုပ်ယူသံလဲဆိုတာကို မျက်မြင်တွေ့ ရမှာပါ။ ဗုဒ္ဓသာသနာတော်ရဲ့သမိုင်းစဉ် ကို စဉ်ဆက်မပြတ် လေ့လာလိုရင်ဖြင့် ဘုရားရှင်မိန့်ကြားသမျှကို မှတ်တမ်းတင် ကာ လက်ဆင့်ကမ်းသယ်ဆောင်လာတဲ့ သင်္ဂါယနာတင်ပွဲတွေကလည်း အရေးပါ လှပါတယ်။ လွတ်လပ်ရေးရပြီးခေတ် မြန်မာနိုင်ငံမှာ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကြီးကျင်းပခဲ့တော့လည်း မြန်မာနဲ့အတူ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတွေက (၅) နိုင်ငံ ပူးပေါင်း ပြီး လက်တွဲပါဝင်ခဲ့ကြပါသေးတယ်။

အဲဒီကနေ မဟိယင်္ဂနမြို့သို့ ဆက် လက် ထွက်ခွာနိုင်ပြီး မြတ်စွာဘုရား သီဟိုဠ်ကျွန်းသို့ ပထမဦးဆုံး ကြွရောက် တော်မူရာနေရာမှာ တည်ထားတော်မူ တဲ့ မဟိယင်္ဂနစေတီတော် (Mahiyangana Daguba) ကို သွားရောက် ဖူးမြော် နိုင်ကြပါတယ်။ အဲဒီကနေ ဆက်လက် သွားရင်တော့ စိမ်းမြမြလက်ဖက်ခင်း တွေဆီရောက်ပါတယ်။ နာမည်ကျော် သီဟိုဠ်လက်ဖက်ခြောက်-စီလုံတီးထုတ် လုပ်တဲ့စိုက်ခင်းတွေပေါ့။ လက်ဖက်ခင်း တွေအနီးမှာပဲ လက်ဖက်ခြောက်ဝယ် နိုင်သလို လက်ဖက်ရည်ကောင်းကောင်း လည်း သောက်နိုင်ပါရဲ့။ ထို့နောက် ခရီး ဆက်လက် ထွက်ခွာခဲ့ရင်တော့ သီရိ လင်္ကာကျွန်းရဲ့ ဗဟိုချက်လို့ဆိုတဲ့ ဟိန္ဒူ ဘုရားကျောင်းဟန်အတိုင်းဆောက်လုပ် ထားတဲ့ ဘုရားကျောင်းလေး (Nalanda Gedige) ကိုလည်း ဝင်ရောက်လေ့လာ နိုင်ကြရဲ့။

www.burmeseclassic.com

### ◘ သီရိလင်္ကာနိုင်ငံရဲ့မြို့တော် ကိုလံဘို

သီရိလင်္ကာနိုင်ငံရဲ့မြို့တော် ကိုလံဘိုမြို့မှာတော့ ညအိပ်ရပ်နားပြီး ကြည့်ရှုလေ့လာမှု နဲ့မှာပါ။ ပေါ်တူဂီနဲ့အင်္ဂလိပ်တို့ရဲ့သင်္ဘောဆိပ်မြို့အဖြစ် တည်ရှိခဲ့တဲ့ ကိုလံဘိုဟာ အခုတော့ သီရိလင်္ကာရဲ့ အကြီးဆုံးမြို့တော်ဖြစ်နေပေ့ါ။ ကိုလံဘိုမြို့ရဲ့အပူချိန်ဟာ (၈၀) နဲ့ (၉၀) ဒီဂရီဖာရင်ဟိုက်အကြားရှိပြီး ကန္ဒီမြို့မှာတော့ (၇၇) ဒီဂရီဖာရင်ဟိုက်ခန့်ရှိတတ်ပါရဲ့။ ကိုလံဘိုမှာ နွေနဲ့မိုးလို့သာ ရာသီဥတု နှစ်ခုရှိပြီး ဆောင်းရာသီမရှိပါဘူး။ သီရိလင်္ကာရဲ့မြောက်ဘက်ပိုင်းဒေသများမှာတော့ ဆောင်းရာသီရှိပါတယ်။

ကိုလံဘိုမြို့မှာ မြတ်စွာဘုရား ဒုတိယအကြိမ် ကြွရောက်တော်မူရာ နေရာဖြစ်တဲ့ ကလျာဏီယ (Kalyani) သိမ်တော်နဲ့စေတီကို ဖူးမြော် လေ့လာနိုင်ပါတယ်။ ကျွန်တို့သွားတုန်းကတော့ ကလျာဏီမြစ်ထဲမှာ ရေသိမ်တောင်ဝင်နိုင်ခဲ့ပါသေးရဲ့။ အနုလက်ရာပစ္စည်းတွေ၊ လက်မှုပစ္စည်းတွေ၊ ဆင်းတုရုပ်တုတွေ၊ ကားအဟောင်းတွေနဲ့ရှေးဟောင်းပစ္စည်းတွေကို အများအပြား စုဆောင်းပြသထားတဲ့ ဂင်္ဂါရာမကျောင်းတိုက်(Gangarama Temple) မှာရှိတဲ့ ပြခန်းတွေကိုလည်း မမေ့မလျော့ဘဲ သွားရောက်လေ့လာသင့်ပါသေးတယ်။ မကုဋာရာမ မြန်မာကျောင်းတိုက်ကလည်း ချန်ထားလို့မရတဲ့နေရာပေ့ါ။ မြန်မာပြည်က ပညာတော်သင် မြန်မာ့တိုင်းရင်းသားရဟန်းငယ်လေးတွေအများကြီးရှိရာကျောင်းမို့ ပညာဒါနလည်း သွားရောက် လှူဒါန်းသင့်ပါရဲ့။

ကိုလံဘိုမြို့လယ်က ပင်လယ်ကမ်းစပ်ကို ခဏသွားရောက်ပြီး ကိုလံဘိုစူပါမားကတ်ကုန်တိုက်တစ်ခုဖြစ်တဲ့(L-19A, Crescat, Colombo 3) မှာဈေးဝယ်ရင်း နေ့လယ်စာစားသုံးနိုင်ကြပါတယ်။ ကိုယ်တို့ဆီမှာ ခေါ်စာပစ်သလို ဝါးနဲ့ရက်ထားတဲ့ဗန်းကလေးနဲ့ ကြာဖက်ခင်းပြီး ဟင်းပုံကျွေးတဲ့ ထမင်းနီနီကို မကြာခဏ မြင်ယောင်မိပါရဲ့။ အိမ်အပြန် လက်ဆောင်ပေးဖို့ နာမည်ကျော် စီလုံတီး (Ceylone Tea) လက်ဖက်ခြောက်တွေနဲ့ ရိုးရာလက်မှုပစ္စည်းတွေလည်းဝယ်သွားနိုင်ပါတယ်။ ရိုးရာလက်မှုပစ္စည်းဖြစ်ပြီး အလွန်လှပတဲ့ သီရိလင်္ကာရဲ့ သရဲနှင်မျက်နှာဖုံး (Devil Mask) ကတော့ လှလွန်းပေမယ့် ဈေးကြီးလှလို့ မဝယ်ဖြစ်ခဲ့ပါဘူး။

သီဟိုဠ်ကျွန်းဟာ ပေါ်တူဂီ၊ ဒပ်(ချ်) နဲ့ ဗြိတိသျှနယ်ချဲ့တို့ရဲ့ စိုးမိုးအုပ်ချုပ်မှုကိုခံခဲ့ဖူးတာမို့ သူတို့ခေတ်တွေတုန်းက လက်ကျန်အဆောက်အအုံတွေကိုလည်း ကိုလံဘိုမှာ တွေ့ရှိလေ့လာနိုင်ပါတယ်။

ဒါ့အပြင် ကိုလံဘိုမြို့ရှိ ဗုဒ္ဓစာပေများ၊ ဆင်းတုတော်၊ တရားစာအုပ်၊ သာသနာ့အလံ၊ ဘုရားကျောင်းဆောင်၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ဘုရားပုံတော်၊ သင်္ကန်း၊ ပရိက္ခရာ၊ စိပ်ပုတီး စတဲ့ ဗုဒ္ဓသာသနာနဲ့ဆိုင်တဲ့လက်မှုပစ္စည်းများ၊ အမှတ်တရလက်ရာများ ထုတ်လုပ်ဖြန့်ချိရောင်းချရာ ဆိုင်ကြီးသို့လည်း သွားရောက်လေ့လာ ဝယ်ယူသင့်ကြပါတယ်။ ဗုဒ္ဓဘာသာဝင်တို့အတွက် အတော့်ကိုလိုလေသေးမရှိ စုံလင်လှတဲ့ အဆောက်အအုံကြီးပါ။ အဲဒီအတွင်းမှာ တရားဟောခန်းမတွေ၊ ဘာသာရေးအသံသွင်းတာ၊ ရုပ်မြင်သံကြားလွှင့်ထုတ်တာ၊ ဘာသာရေးစာပေတွေကို ဘာသာအမျိုးမျိုးသို့ ပြန်ဆိုပုံနှိပ်ပေးတာ စသည်ဖြင့် ဝန်ဆောင်မှုတွေလည်းရှိရဲ့။

ကလျာဏီယတက္ကသိုလ်ကြီးဟာ ကိုလံဘိုလေဆိပ်နားမှာရှိပြီး ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ သင်္ချာ၊ သိပ္ပံပညာနဲ့ ဆေးပညာများပင်သင်ကြားကာ အဆင့်အတန်းမြင့်လှပါတယ်။ မြို့ရဲ့ ခပ်ဝေးဝေးနေရာတွေမှာလည်း ထိုတက္ကသိုလ်ကြီးရဲ့ ဌာနခွဲတွေရှိနေပါတယ်။ သင်ကြားပို့ချသူတွေမှာ ဘုန်းကြီးလူထွက် ပါမောက္ခများ၊ လူပါမောက္ခများနဲ့ ရဟန်းတော်များလည်း ပါသတဲ့။ ဒီနိုင်ငံမှာ ဆွမ်းစားချိန်ကို မွန်းလွဲတစ်နာရီအထိ လျှော့ချထားလို့ ပညာသင်ကြားရေးကို မထိခိုက်ပါဘူး။ ကိုလံဘိုတက္ကသိုလ်ဟာ ကမ္ဘာ့တက္ကသိုလ်များမှာ အဆင့်(၈)ချိတ်သတဲ့။

ထိုမှတစ်ဆင့် အချိန်ရရင်ဖြင့် ကိုလံဘိုမြို့ပြင်ကနေ ပင်လယ်ကမ်းခြေတစ်လျှောက် ကားမောင်းရင်း ဆူနာမီ လှိုင်းဒဏ်သင့်နေရာတွေကို လေ့လာကြည့်ရင်း ကာလုတ္တရစေတီ(Karluttra-Makutharrama)ကိုလည်း သွားရောက်ဖူးမြော်သင့်ပါတယ်။ အဲဒီလမ်းမှာပဲ ပါတိတ်ထည်ပြုလုပ်ရာဌာနနဲ့ လက်မှုပစ္စည်းဆိုင်တွေလည်းရှိလို့ ခရီးသွားအဖွဲ့ကပို့ပေးရင်ဖြင့် အတိုင်းထက်အလွန်ပါ။

ဒါ့အပြင် သီရိလင်္ကာမှာ ကျောက်မျက်ရတနာတွေလည်းထွက်လို့ ကိုလံဘိုမှာ ရတနာဆိုင်တွေလည်းရှိရဲ့။ "Smithsonian Institute" မှာ ပြသထားတဲ့ ကမ္ဘာ့အကြီးဆုံး နီလာကြီး (Logan Sapphire Brooch) ဟာ သီဟိုဠ်နီလာ(Ceylon blue sapphire) ပါ။ (၄၂၂. ၉၉) ကာရက်မျှရှိတဲ့ နီလာကြီးဖြစ်ပြီး စိန်အလုံး (၂၀)· ရံလျက် ရင်ထိုးလုပ်ထားပါတယ်။

### ◘ ဗုဒ္ဓမြတ်စွာနဲ့ သီဟိုဠ်ကျွန်း သို့မဟုတ် ဓာတ်ဘိုး

ပါဠိဘာသာနဲ့ လင်္ကာဒီပ (Lanka Dipa-Lanka) လို့အမည်တွင်တဲ့ ဒီကျွန်းနိုင်ငံဟာ ရာမာယဏ အိန္ဒိယကဗျာရှည်ကြီးမှာတော့ ရာဝဏ (ဒသဂီရိ) စိုးစံအုပ်ချုပ်ခဲ့ရာ တိုင်းပြည်ပေ့ါ။ မူလက နတ်မင်းကုဝေရစံရာဖြစ်ပြီး ရာဝဏက ရယူလိုက်တဲ့နန်းမြို့ဟာ ကျုံးခုနစ်တန်၊ အုံ့ဘနန်းဖွယ်ရာ ကျောက်နဲ့သတ္တုတို့ဖြင့် ပြီးသော တံတိုင်းတွေနဲ့ ကာရံထားတဲ့ ခံတပ်မြို့ဖြစ်ပါသတဲ့။ ဘာပဲဖြစ်ဖြစ် သီရိလင်္ကာ (Sri Lanka) ဟာ ဗုဒ္ဓဘာသာဝင်တို့အတွက် မြင့်မြတ်တဲ့မြေမဟာဖြစ်ပါတယ်။ နှစ်ပေါင်း (၂၀၀၀) ကျော်သက်တမ်းရှိဗုဒ္ဓဘာသာလူမှုအဖွဲ့အစည်းလည်း ထိုမြေမှာဖြစ်တည်နေရဲ့။ သီဟိုဠ်ကျွန်းမှာ ဗုဒ္ဓဘာသာယဉ်ကျေးမှုတွေ ထွန်းကားခဲ့ကြောင်း စာပေမှတ်တမ်းများလည်း ရှိခဲ့ပါတယ်။

သီရိလင်္ကာနိုင်ငံလေးဟာ မဇ္ဈိမဒေသ အိန္ဒိယတိုက်ကြီးရဲ့ တောင်ဘက်စွန်းအရှေ့ခပ်ယွန်းယွန်း အိန္ဒိယသမုဒ္ဒရာအတွင်းမှာ သီးခြားရပ်တည်နေလို့ အိန္ဒိယနိုင်ငံမှတစ်ပါး နယ်မြေဆက်စပ်နေတဲ့ အိမ်နီးနားချင်းနိုင်ငံလည်း မရှိပါဘူး။ အိန္ဒိယကျွန်းဆွယ် တောင်ဘက်စွန်းနဲ့ (၅၅)မိုင်ကျယ်တဲ့ ပါ့(ခ်)ရေလက်ကြား (Park Strait)ကပိုင်းခြားထားပြီး မန်းနား (Mannar)ပင်လယ်ကွေ့၊ ပါ့(ခ)ရေလက်ကြားနဲ့ အိန္ဒိယပြည်မကြီးဟာ မိုင် (၂၀) သာ ကွာခြားပါရဲ့။ သဘာဝအလှအပများဖြင့်ပြည့်ဝနေပြီး တောရိုင်းတိရစ္ဆာန်တွေ၊ ဆင်ကြီးတွေ၊ ကျားသစ်တွေပေါတဲ့ တောတောင်ရေမြေ၊ အေးမြတဲ့ စိမ့်စမ်းရေတံခွန်များ၊မြစ်များနဲ့နှစ်ပေါင်း(၂၅၀၀) ကျော်တိုင်မပျက်စီးသေးတဲ့ ရှေးဟောင်းမြို့ပြယဉ်ကျေးမှုရဲ့ ကြွယ်ဝသောအမွေအနှစ်များ စတဲ့ ရတနာတွေစုနေတဲ့တိုင်းပြည်ပါ။

ဒေသပုံပြင်တွေမှာ ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်ကပင်



www.burmeseclassic.com

www.burmeseclassic.com

ဠ်ကျွန်းသို့ သုံးကြိမ်သုံးခါကြွရောက်ခဲ့ပြီး တတိယအခေါက်တွင် ခုနစ်ဘက်၌ နိရောဓသမာပတ်ကို ဝင်စားခဲ့ပြီး တစ်ကြိမ်မှာတော့ သီရိပါဒ (Sri Pada) တောင်ထိပ်မှာ ခြေတော်ရာထားပေးခဲ့တယ်လို့ ဆိုကြတယ်။ ဝံသကျမ်းမှာတော့ ဗုဒ္ဓဘုရားရှင်အကြိမ် သီရိလင်္ကာသို့ ကြွချီတော်ဓာတ်တော်များကို ဌာပနာလျက်ခဲ့တဲ့စေတီများအကြောင်းရေးသားပြထားတယ်။ အဋ္ဌကထာကျမ်းတွေသည်း သီဟိုဠ်သာသနာကို အထူးမှတ်တမ်းတင်ခဲ့ကြတယ်။

သို့ဖြစ်ရာ သီရိလင်္ကာကျွန်းသားဘာသာဝင်များက သူတို့ရဲ့ ဗုဒ္ဓသာသနာတော်ဟာ ဘုရားရှင်ရှိစဉ်ကပင်ပွားစည်ပင်ခဲ့တယ်လို့ ခံယူထားကြတယ်။ ခုခါမှာ သီရိလင်္ကာနိုင်ငံဟာရဝါဒဗုဒ္ဓဘာသာရဲ့ ဦးဆောင်နိုင်ငံခုဖြစ်နေရဲ့။ သီရိလင်္ကာကျွန်းမှာအကြီးဆုံးစေတီတော်ကြီးများလည်းနေပါတယ်။ အာရှတိုက်ရဲ့ အလှပဆုံးတ်ဆစ်လက်ရာ မတ်ရပ်ဆင်းတုတော်ကြီးလို့ ထင်ရှားတဲ့ အော့ကနား (Aukana) ရုပ်ပွားတော်လည်း ရှိနေဆဲ။ သီဟိုဠ်က ဆင်းတုတော်တွေဟာမာဓိမုဒြာလို့ခေါ်တဲ့ ဈာန်သမာဓိဝင်ဟန်တွေနဲ့ ထုလုပ်ထားတာ များပါတယ်။ မြန်မာပြည်မှာတော့ ဘူမိဖဿဒြာလို့ခေါ်တဲ့ မြေကိုလက်နဲ့ထိပြီးသစ္စာနေဟန်တွေကို ထုလုပ်ကိုးကွယ်ကြတာပါ။

မြတ်စွာဘုရားရဲ့ သရီယဓာတ်တော်မွေတော်တို့ စံပယ်ရာ စေတီပုထိုးတွေပေါများတဲ့အရပ်ဖြစ်လို့ သီဟိုဠ်ကျွန်းဟာ စေတီအိမ်နဲ့ပင်တူနေလေရဲ့။ သို့ပေမယ့် တစ်ခုသတိပြုရမှာက သီရိလင်္ကာမှာ စေတီအားလုံးဟာ အကြီး၊ အသေး တည်နေရာကွာတာကလွဲလို့ တစ်ပုံစံတည်းဖြစ်ပြီး စေတီတော်အားလုံးကိုသည်း ပဏ္ဏာသနမဖက်ဘဲ အဖြူရောင်သက်န်းသာ ကပ်လှူထားတယ်ဆိုတာပါပဲ။ ပြီးတော့ ဘယ်အလှူရှင်ရဲ့ကမ္ပည်းဆိုင်းဘုတ်ကိုမှ ဂုဏ်လုပ်ပြီး မတင်ထားပါဘူး။

ဂေါတမဘုရားရှင်ကိုယ်တော်တိုင်ကလည်း မလ္လာမင်းတို့ရဲ့ ကုသိနာရုံအင်ကြင်းရုံမှာ ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး အနားမှာ ခစားနေတဲ့ သိကြားမင်းတို -

"ငါ၏သာသနာတော်သည် လင်္ကာကျွန်း၌ ထွန်းရစ်လိမ့်မည်"

လို့ မိန့်မှာတော်မူခဲ့ဖူးတယ်လို့ ဆိုပါတယ်။

ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီးနောက်မှာတော့ ပါဋလိပုတ် (ပတ္တနား) မြို့မှာနန်းစံတဲ့အသောကမင်းကြီးရဲ့သားတော်အရှင်မဟိန္ဒဟာ သီရိလင်္ကာကျွန်းကိုရောက်ရှိလာပြီး ဗုဒ္ဓသာသနာ ထွန်းကားလာစေရန်ဆောင်ရွက်ပေးခဲ့ပြန်ပါတယ်။

အိန္ဒိယနိုင်ငံမှာ သန္ဓေတည် မွေးဖွားခဲ့တဲ့ ထေရဝါဒ ဗုဒ္ဓသာသနာတော်ဟာ သီရိလင်္ကာနိုင်ငံမှာ ဆက်လက်ကြီးပြင်းခဲ့ရတယ်။ သီရိလင်္ကာက ဗုဒ္ဓဘာသာကို ပုခက်သဖွယ် လက်ခံကာ မွေးမြူစောင့်ရှောက်ပေးခဲ့တယ်လို့ တင်စားကြရဲ့။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးတဲ့နောက်ပိုင်းမှာတော့ သီဟိုဠ်သာသနာဟာ ဦးစွာ ထွန်းတောက်လာခဲ့တယ်။ ဒီကျွန်းမှာ ပရိယတ္တိ၊ ပဋိပတ္တိနဲ့ ပဋိဝေဓ သာသနာတော်သုံးရပ်စလုံး အလွန်စည်ပင်ထွန်းကားပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအရိယာပုဂ္ဂိုလ်အများအပြားလည်း ပေါ်ထွန်းခဲ့လို့ ပုထုဇဉ်လို့လက်ညှိုးထိုးပြရမယ့်လူတောင်ခပ်ရှားရှားပါတဲ့။ အဝန်းယူဇနာ (၃၀၀) ရှိတဲ့ကျွန်းမြေပြင်ပေါ်က လမ်းကြီး၊ လမ်းငယ်၊ မြို့ကြီး၊ မြို့ငယ်၊ အိမ်၊ ဈေး၊ ရွာတွင်း၊ ရွာပြင်၊ ထွက်ဝင်တံခါး၊ တောဖျားတောင်စောင်း၊ ချောင်း-မြောင်းဂူလိုဏ်၊ ဇရပ်၊ ကျောင်း၊ ပြာသာဒ်၊ စောင်းတန်းဟူသမျှမှာ မဝ်ဖိုလ်မရဘူးတဲ့နေရာဆိုလို့ 'နွားကျောင်းသားတုတ်ကန် တစ်ထောက်စာမျှမရှိ' လို့ပင် တင်စားကြရဲ့။

ဗုဒ္ဓဘာသာသမိုင်းမှာ သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် သီရိလင်္ကာ၊ ဂျာဗား (Java) နဲ့ ဂျပန်စတဲ့ ကျွန်းသုံးကျွန်းဟာ အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါတယ်။ အဲဒီထဲကမှ သီရိလင်္ကာဟာ ဗုဒ္ဓဘာသာဖွံ့ဖြိုးစည်ပင်မှုနဲ့ အရှေ့တောင်အာရှတစ်ခွင် စဉ်ဆက်မပြတ် ပျံ့နှံ့ထွန်းကားရေးမှာ ပြိုင်ဘက်မရှိ ထူးခြားပေါ်လွင်နေခဲ့ပါတယ်။ သီဟိုဠ်ကျွန်းမှ ထွန်းကားပြန့်ပွားခဲ့တဲ့ ဗုဒ္ဓသာသနာကို တောင်ပိုင်းဗုဒ္ဓဘာသာ (The Southern Buddhism) လို့ခေါ်ကြပြီး အဲဒီမှာ သီးခြားကိုယ်ပိုင်ဗုဒ္ဓဘာသာအနုပညာလက်ရာ (Own Buddhist Art) များလည်းရှိနေရဲ့။ သီဟိုဠ်ကျမ်းများပေါ်မူတည်ရေးဆွဲထားတဲ့ နံရံဆေးရေးဇာတ်နိပါတ်တော်များဟာလည်း ပုဂံကို ၁၁ ရာစုခေတ် တတိယပိုင်း အေဒီ ၁၀၈၀ ပြည့်မှာ ရောက်ရှိထွန်းကားခဲ့ပါတယ်။ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနဲ့ လာအိုဆိုတဲ့ (၄) နိုင်ငံမှာ ယခုအခါ ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားနေခြင်းမှာ သီဟိုဠ်ရဲ့ကျေးဇူးမကင်းပါဘူး။

သီဟိုဠ်ကျွန်းသမိုင်းဖြစ်တဲ့ ဒီပဝံသ (Dipavamsa)နဲ့ သီဟိုဠ်နန်းစဉ်မှတ်တမ်း မဟာဝံသ(Mahavamsa)ကျမ်းတွေမှာတော့ ဗုဒ္ဓသာသနာဟာ ဒီကျွန်းကို ခရစ်ကြိုနှစ် ၃ ရာစု ဒေဝါနံပိယတိဿမင်း (ဘီစီ ၂၄၇-၂၀၇) စိုးစံစဉ်ကာလမှစပြီး ရောက်ရှိခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ထိုမင်းလက်ထက်မှစပြီး သာသနာတော်ဟာ သီဟိုဠ်ကျွန်းမှာ အုတ်မြစ်ချ အမြစ်တွယ်ခဲ့တယ်။ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသမှ မောရိယမင်းဆက်ရဲ့ တန်ခိုးအကြီးဆုံး၊ ကျော်ကြားထင်ရှားဆုံးဖြစ်တဲ့ သီရိဓမ္မာသောကမင်းကြီးဟာ သားတော်ဖြစ်သူ ရှင်မဟိန္ဒကို သီဟိုဠ်ကျွန်းသို့စေလွှတ် သာသနာပြုစေခဲ့ကာ ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာရှိဗောဓိပင်မှ လက်ယာကိုင်းကိုလည်းပင့်ပြီး စိုက်ပျိုးစေခဲ့ပါတယ်။ အဲဒီအချိန်မှာ အနုရာဓပူရဟာ သီဟိုဠ်ရဲ့မြို့တော်ပါ။

ဒေဝါနံပိယတိဿမင်းနောက် ဗုဒ္ဓသာသနာတော်ကို အားပေးချီးမြှောက်ခဲ့တဲ့မင်းကတော့ ဒုဋ္ဌဂါမဏိမင်း (ဘီစီ ၁၀၁-၇၇) ပါ။ သူ့လက်ထက်မှာ အိန္ဒိယတောင်ပိုင်း အမရဝတီမှ အန္ဒြခေတ်နှောင်း ဗုဒ္ဓဘာသာယဉ်ကျေးမှု အနုပညာရပ်များလည်း သီဟိုဠ်ကို ရောက်ရှိလာခဲ့ပါတယ်။

အဲဒီလို ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဘာသာရေးသမိုင်းမှာ ထင်ရှား အရေးပါလှတဲ့ သီရိလင်္ကာကျွန်းနိုင်ငံကို ပြင်းပြထက်သန်တဲ့ သဒ္ဓါစိတ်၊ ကြည်ညို လေ့လာလိုသော အာသီသများနဲ့ ကိုယ်တို့ရောက်ခဲ့ရတယ်။ သီရိလင်္ကာသမိုင်းဝင်မြို့များ၊ တန်ခိုးကြီးဘုရားများ၊ ထင်ရှားကျော်ကြားသည့်နေရာများကို လေ့လာဖူးမြော်ကြရတယ်။ ရက်သတ္တတစ်ပတ်မျှအချိန်လေးနဲ့ သီဟိုဠ်ကျွန်းကို ထဲထဲဝင်ဝင် သိရှိနားလည်နိုင်ဖို့ကတော့ လုံလောက်မှုမရှိပါဘူး။ ဒါပေမယ့် ရသမျှ အခွင့်အရေးနဲ့ ထိတွေ့ခံစားကြည့်နိုင်ဖို့ သိသင့်တာတွေသိဖို့ သီရိလင်္ကာအလွမ်းပြေအဖြစ် လမ်းညွှန်ရေးသားပေးလိုက်ရပါတယ်။

ကိုအေးမြင့်

(မဟာဝိဇ္ဇာ၊ ရှေး-ဒု)

www.burmeseclassic.com



၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ စနေနေ့။

မိုးကုန်စင် ဆောင်းရာသီဝင်ပြီဖြစ်၍ ရန်ကုန်မြို့တော်၏ နံနက်စောစောကောင်းကင်ယံသည် ပြာလဲ့ကြည်လင်မြူတိမ်မျှင်ကင်းရှင်းနေ၏။ မြေနီကုန်းစမ်းချောင်းမြို့နယ် ဓမ္မစေတီလမ်းတွင်ရှိသော ယုဇနစီးပွားရေးတာဝါကား ...ီးထီးမယ်မတ်ကြီးရှိနေ၏။

...သ်သူရင်... Happy zone ...ကွင်းနှင့်မျက်နှာချင်းဆိုင်ဖြစ်သော ယ...အ...ဆောက်အအုံမှာ ခုံညားထည်ဝါလ၏။ ဒါနဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ရုံး ...ဉ္စမြေ့တွင် အထုပ်အပိုးကိုယ်စီ

www.burmeseclassic.com

www.burmeseclassic.com

နှင့်ခရီးသည်များရောက်ရှိနေလေ

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ သွားကြမည့် သဒ္ဓါကြည်လင် ရှင်များ၏ မျက်နှာကိုယ်စီတွင် ကြွရွှင်လန်းနေသည်။ လိုက်ပါပို့ ဆောင်သူမိသားစုများနှင့် စကားစမြည် ဆိုနှုတ်ဆက်ကြ၊ ရယ်ရွှန်းဖတ်ရွှန်း ကြနှင့် ရှုပ်ယှက်ခတ်နေသည်။

နံနက်ခင်း(၇)နာရီချိန်တွင် အရန် ချိပ်ထားသော လေအိတ်ကားကြီး သို့ တက်ရောက်နေရာယူကြသည်။ သံဃာတော် (၃) ပါး၊ အမျိုးသား (၁၁) ယောက်နှင့် အမျိုးသား (၁၈)ယောက်တို့ ဖြစ်သည်။ ခရီးစဉ်တစ်လျှောက်လုံး၏ ခေါင်းဆောင်မှာ မှတ်တမ်းတင်ကင်မရာ ဆရာကိုလှမြင့် ဖြစ်သည်။


ရွှေမြင်တင်ဦးညို (သီဟသုဓမ္မ မဏိဇောတဓရ သဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်၍ ရုံးအဖွဲ့သားတချို့ မင်္ဂလာဒုံ လေဆိပ်သို့ လိုက်ပါပို့ဆောင်ကြ၏။ မော်တော်ယာဉ်စတင်ထွက်လာကတည်း က ဘဘဦးညိုနှင့်အတူ ပဋ္ဌာန်းဒေသနာ တော်အစချီကာ အရပ်ဆယ်မျက်နှာ မေတ္တာပို့ကိုရွတ်ဖတ်လာကြ၏။ ဦးခိုက် ပူဇော် ဖူးမြော်မဝ ရွှေတိဂုံဘုရားကြီးက ရွှေရောင်တဝင်းဝင်း မေတ္တာများပို့သရင်း ဖြင့် ဝေးကာဝေးကာ ကျန်ရစ်ခဲ့ပါသည်။

မင်္ဂလာဒုံလေဆိပ်ကြီးအတွင်းသို့ နှစ်ယောက်တစ်တွဲစီ စနစ်တကျတန်းစီ ကာဝင်ကြရမည်။ လေဆိပ်အတွင်းပိုင်း အထိ လိုက်ပါခွင့်မရှိ၍ ကျန်ခဲ့သော ဘဘဦးညိုနှင့် ရုံးအဖွဲ့အားနှုတ်ဆက်ကြ သည်။ အသက် (၈၅) နှစ်ပြည့် (၈၅) ခေါက်တိုင် ဗုဒ္ဓဂယာရောက်ခဲ့သော ဘဘဦးညိုကား ကျွန်တော်တို့ ဘုရားဖူး များကို မေတ္တာရှေ့ထားမှာကြား၍မပြီး နိုင်အောင်ရှိနေသည်။

ကျွန်တော်တို့အားလုံး အစစ်ဆေး ခံပြီးသည်နှင့် ပြည်ပထွက်ခွာဆောင် လေဆိပ်အပေါ် ထပ်သို့တက်လာကြ၏။ လေယာဉ်အတက်၊ အဆင်းများကို လှမ်း မြင်ရသော နားနေဆောင်တွင် တစ်ဦး နှင့်တစ်ဦး မိတ်ဆွေဖွဲ့ကြ၊ သတင်းစာ စာစောင်ဖတ်ကြနှင့် တက်ရမည့် လေယာဉ်ကို ထိုင်စောင့်ကြသည်။

# အာကာသ

## ဒေလီခရီး တစ်ယောက်ထဲတည်း သွားလိုက်သေးချင်





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ဘုရားဖူးသွားရန် စိတ်ဆန္ဒပြင်းပြနေခဲ့တာ ကြာမြင့်ခဲ့ပါပြီ။ သံဝေဇနီယလေးဌာနနှင့် အဝိဇဟိတလေးဌာန စုံစေအောင် လှည့်လည်ဖူးမြော်လိုက်ဦးမည်ဟု စိတ်ကူးယဉ်ထားသည်။ တကယ်တမ်းသွားဖြစ်ဖို့ကိုတော့ သေချာဂနစီစဉ်ထားရခြင်းမရှိသေးချေ။

ကျွန်တော်ကား နံနက်စောစော သုံးနာရီခွဲချိန်တိုင်း အိပ်ရာထ မျက်နှာသစ်ပြုပြီး ဘုရားဝတ်တက်ကာ တရားထိုင်လေ့ရှိ၏။ ဝတ်မတက်မီ ပူဇော်ထားသောကြေးဆင်းတုတော်ကို ရောင်တော်ဖွင့်ပြီး ရေချမ်းနှင့် အလင်းမီးကပ်လှူမြဲဖြစ်သည်။

နံနက်ပိုင်းတွင် ရတနာရွှေချိုင့် အစချီသော ပရိတ်သုတ်တော်များကို တစ်နာရီကြာမျှရွတ်ဖတ်ပူဇော်၍ တရားထိုင်သည်နှင့်ပါဆို အနည်းဆုံး နှစ်နာရီဝန်းကျင်ခန့်လုပ်ဖြစ်သည်။ ညနေချမ်းတွင်တော့ ပဋ္ဌာန်းနိဒ္ဒေသဖြင့်ပူဇော်ပြီး အနည်းငယ် စကြံကမ္မဋ္ဌာန်းစီးဖြန်းကာ တစ်နာရီသာသာပဲ ကြာမြင့်ပါသည်။

ကျွန်တော်သည် ဥပုသ်သီတင်း ပျက်ယွင်းသည်ဟူ၍မရှိခဲ့။ ရံဖန်ရံခါ နေ့စဉ်မဟုတ်သော နေ့စဉ်အကျင့်နှင့် အသားကျစေရန် အမှတ်သတိကပ်၍ စားသတိ၊ နေသတိ၊ ထိုင်သတိ၊ သွားသတိ အစရှိသဖြင့်လုပ်ကြည့်၏။ ဝါတွင်းကာလဆိုလျှင်လည်း သုံးလပတ်လုံး နေ့စဉ်ဥပုသ်ယူဖြစ်၏။

တစ်နေ့နံနက်စော ဘုရားဝတ်တက်ထခါနီးတွင် အမှတ်မထင်ထူးဆန်းသောအိပ်မက်အား မြင်မက်ခဲ့၏။ အရပ်ဒေါင်ကောင်းကောင်း၊ အသားဝါကြန့်ကြန့်၊ မျက်နှာတွင် မှဲ့သီးကြီးများပါသော အဘိုးတစ်ဦးနှင့်တွေ့၏။ ပုဆိုးဖြူညစ်ညစ် အနက်စင်းကွက်နှင့် အင်္ကျီဖြူလက်ရှည် လည်ခွံဝတ်ထား၍ မီးခိုးရောင်အဝတ်ဦးထုပ်ကိုဆောင်းထား၏။

"အဘိုး၊ ဒီလမ်းအတိုင်းသွားရင် ဘယ်ကိုရောက်မလဲဗျ"

ဟု ကျွန်တော်က လမ်းလျှောက်ရင်း လမ်းပျောက်နေရာ အဘိုးနှင့် ရင်ဆိုင်တွေ့၍မေး၏။

အဘိုးက တုံ့ခနဲရပ်ပြီး -

"လူလေးကလည်း ဒီဘက်ကိုသွားရင် (၂၃) လေ၊ ဟောဟိုဘက်က (၂၂) ကွ"

ဟုပြောကာ သွားရန်ခြေလှမ်းပြင်လိုက်၏။

"ဟိုဘက်မှာလည်း (၂၂)ရှိသေးတယ်လေ"

ဟု ပြောပြောသွားသွားထွက်ခွာသွားလေ၏။

ကျွန်တော်လည်း အိပ်ရာကနိုးသည်နှင့် သာမညအိပ်မက်တော့မဖြစ်တန်ရာဟုထင်၍ စဉ်းစားဝေဖန်သုံးသပ်သည်။ (၂၃ - ၅) သည် အံနန္တော အနန္တငါးပါးမေ့မထားသော ကျွန်တော့်အား (၂၂ - ၄) ဖြစ်သော သံဝေဇနီယလေးဌာနကိုပြဆိုခြင်း ဖြစ်ချေမည်။ တစ်ခါထပ်မံပြီး ဟိုဘက်မှာလည်း (၂၂) ရှိသေးသည်ညွှန်းပြန်ရာ အဝိဇဟိတလေးဌာနကိုပြောခြင်းဖြစ်မည်ဟု တထစ်ချလုံးဝယုံကြည်လိုက်လေသည်။

ဤသို့ဖြင့် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ဗုဒ္ဓဂယာဘုရားဖူးသွားဖြစ်ခဲ့သည်။ ကျွန်တော်ကား သာစည်မြို့နယ် သာဂရကျေးရွာမှဖြစ်ရာ သမီးကြီးရှိရာ ရန်ကုန်မြို့သို့ ကြိုတင်လာရောက်ခဲ့သည်။ ဂေါတမဗုဒ္ဓမြတ်စွာ၏ လက်ဝဲအဆက်စွယ်တော်မြတ်သည် တရုတ်ပြည်မှ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ်မြောက် ကြွတော်မူလာသောကာလဖြစ်၏။ကမ္ဘာအေးမဟာပါသာဏ လိုဏ်ဂူတော်တွင် အပူဇော်ခံထားသည်ဖြစ်ရာ နိုဝင်ဘာ ၂၅ ရက်နေ့တွင် ကြုံကြိုက်ခဲလှစွာ ဖူးမြော်ခဲ့ရပါသည်။

"အိန္ဒိယနိုင်ငံ ဂယာမြို့ကို လိုက်ပါကြမည့် ခရီးသည်များရှင်။ အမှတ်နှစ်ဂိတ်မှ လေယာဉ်ပေါ်သို့တက်ရောက်ပြီး နေရာယူပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကျေးဇူးတင်ပါသည်ရှင်"

မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် တစ်လှည့်စီကြေညာနေသောအသံထွက်ပေါ်လာသဖြင့် ခရီးသည်များ လှုပ်လှုပ်ရွရွဖြစ်ကုန်သည်။ ကျွန်တော်လည်း ခရီးဆောင်အိတ်ကို လွယ်ကာ အများနည်းတူ လေယာဉ်ပေါ် တက်လာသည်။

မြန်မာ့လေကြောင်းပိုင် BM.601 လေယာဉ်ဖြစ်၍ မြန်မာလေယာဉ်အမှုထမ်းများက ယဉ်ကျေးပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ လေယာဉ်ထဲအဝင်တွင် ကြိုတင်ရောက်ရှိ၍ ထိုင်နေတော်မူသော သီတဂူဆရာတော်ဘုရားကြီးအား ဘွားခနဲဖူးတွေ့ရသည်။ ဆရာတော်ကြီး၏နံဘေးမှကပ်၍လျှောက်သွားရသည်ဖြစ်ရာ ကျွန်တော်လည်း လမ်းလျှောက်သွားရင်းတန်းလန်းနှင့် ဆရာတော်ကြီးပေါင်ပေါ် တွင်လက်တင်ကာ ဦးခိုက်ခဲ့ပါသေးသည်။

ခရီးသည် တစ်ရာ့ခြောက်ဆယ်ခန့်သာဆံ့သော လေယာဉ်မျိုးဖြစ်၍ လေယာဉ်ပေါ်တွင် ကျွန်တော်တို့ ဒါနဘုရားဖူးအဖွဲ့နှင့် နီလာဘုရားဖူးအဖွဲ့က အများဆုံးဖြစ်၏။ အအေးဓာတ်လွှတ်ထားသဖြင့် ချမ်းစိမ့်နေ၍ အနွေးထည်ခပ်ပါးပါးဝတ်ထားရ၏။ နေသားတကျဖြစ်ချိန်တွင် ပြေးလမ်းရှိရာသို့ လေယာဉ်ကြီး တရွေ့ရွေ့မောင်းလာ၏။

လေယာဉ်မယ်က ခါးပတ်များပတ်ထားကြဖို့သတိပေး၏။ လေယာဉ်သည် ကျယ်လောင်သော စက်သံမြည်ဟိန်းပြီး နင့်ခနဲဖြစ်ကာ တစ်ဟုန်ထိုးပြေးတက်လာသည်။ စေတီ၊ ပုထိုး၊ အဆောက်အအုံ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့ကို လေယာဉ်ပြတင်းပေါက်မှ ထင်ရှားစွာမြင်နေရသည်။

ပင်လယ်ကမ်းစပ်အတိုင်း ဝေ့ဝိုက်ကာ ပျံသန်းလာသော လေယာဉ်သည် တဖြည်းဖြည်းမြင့်မြင့်ပြီးလာရာ မြင်ကွင်းများ ကွယ်ပျောက်၍ တိမ်လွှာထုပေါ် ရောက်ရှိလာ၏။လေယာဉ်တစ်စုံတစ်ရာဖြစ်လျှင် ခေါင်ရွက်တတ်စေရန် အရေးပေါ် အသုံးပြုနည်းကို လေယာဉ်မယ်တသရုပ်ပြနေ၏။ အစကတည်းက မသိကျိုးကျွန်နေနေရအကောင်းသား၊ သူရှင်းပြနေခါကျမှပဲ ကြောက်ခမန်းလိလိဖြစ်ချေမိ၏။

ကျွန်တော်လည်း ခါးပတ်ဖြုတ်ခွင့်ရသည်နှင့် သီတဂူဆရာတော်ဘုရားကြီးထံ မှတ်တမ်းဓာတ်ပုံရိုက်ယူရန် ခွင့်ပန်သည်။ မနီးမကမ်းတွင်ရှိသော လေယာဉ်မယ်လေးကို အကူအညီတောင်းကာ ကင်မရာပေး၍ အမှတ်တရဓာတ်ပုံရိုက်ဖြစ်ခဲ့သည်။

နံနက်စာကို လေယာဉ်မှဧည့်ခံရာ မိမိနှစ်ခြိုက်သော အစားအစာအား လေယာဉ်မယ်ထံကယူ၍ သုံးဆောင်ကြသည်။ လက်ဖက်ရည်၊ ကော်ဖီနှင့်လည်း ထပ်မံ ဧည့်ခံကာ စနီးတာဝါတစ်ခုစီ ချောကလက်၊ ချိုချဉ် အစရှိသည်တို့ကို လိုက်လံဝေငှပေးသည်။

လေယာဉ်ပျံသည် တိမ်တိုက်တိမ်လွှာများနှင့်တည့်တည့်တိုးလျှင် ခယောင်းတောထဲမောင်းနေသော လှည်းကဲ့သို့ တဒိတ်ဒိတ်ယမ်းခါနေ၏။ ပုံမှန်အတိုင်းသွားနေပါက အသံဗလံပင်မကြားရဘဲ ရပ်တန့်နေသလားတောင်ထင်ရသည်။

"ကျွန်မတို့လေယာဉ်နဲ့ စီးနှင်းလိုက်ပါလာကြတဲ့ ခရီးသည်များ လေယာဉ်ကြီးဟာ မကြာမီ အိန္ဒိယနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com

ယာလေဆိပ်ကိုဆင်းသက်တော့မှာဖြစ်ပါတယ်။ ခါးပတ်များကိုပတ်ထားကြဖို့ သတိပေးနှိုးဆော်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်"

လေယာဉ်ပျံသည် နင့်ခနဲ နင့်ခနဲ မြေကြီးတာ တဖြည်းဖြည်းနိမ့်နိမ့်လာ၏။ မြေပြင်တွင်ရှိသော အဆောက်အအုံ၊ မော်တော်ကားလမ်း၊ ဂယာလေဆိပ်တို့ကို ကွက်ကွက်ကွင်းကွင်းမြင်လာရ၏။ လေယာဉ်ဘီးနှင့်ပြေးလမ်းထိတွေ့သွားပြီး တရိပ်ရိပ်ပြေးလျက် စက်ရှိန်လျှော့ကာ ရပ်တန့်သွားလေ၏။

ရန်ကုန် - မင်္ဂလာဒုံလေဆိပ်နှင့် ဂယာသည် ပျံသန်းချိန် (၂) နာရီ၊ (၁၅) မိနစ်ခန့်ကြာသည်။ ကျွန်တော့်လက်မှ နာရီအားကြည့်ကြည့်ရာ နံနက် (၁၁) နာရီ (၁၅)မိနစ်ရှိချေပြီ။ သို့သော်လည်း အိန္ဒိယစံတော်ချိန်သည် မြန်မာပြည်ထက် တစ်နာရီခန့်စောသည်ဆို၍ နာရီလက်တံကို (၁၀)နာရီ၊ (၁၅)မိနစ်တွင် ရွှေ့ထားလိုက်သည်။

ဂယာလေဆိပ် အဆောက်အအုံတွင် ခံ့ထည်သပ္ပာယ်တော်မူသော ပိဋကတ်တော်မူ ဗုဒ္ဓဆင်းတုတော်ကြီးတစ်ဆူကို ဦးစွာဖူးတွေ့ရသည်။ ထုံးစံအတိုင်း အစစ်ဆေးခံကြ၍ ပစ္စည်းအိတ်ကြီးများအား စောင့်ဆိုင်းထုတ်ယူရာ နာရီဝက်ခန့်ကြာမြင့်သွားသည်။ ကျွန်တော်တို့ဘုရားဖူးအဖွဲ့သည် လာကြိုသော မော်တော်ယာဉ်ကြီးနှင့် ဂယာမြို့ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်ခဲ့ကြသည်။

စိမ်းစိုမှိုင်းအုံ့ကျေးငှက်သိုက်မြုံတို့ ဖြိုးသော ကျောင်းဝင်းကား ကျယ်ဝန်းသည်။ ကျောင်းတော်အဝင် မုခ်ဦးကို ဗုဒ္ဓဝိသုကာလက်ရာများနှင့် တည်ဆောက်ထားပြီး ကျောင်းဝင်းတစ်ခုလုံးတွင်လည်း သာသနိကအဆောက်အအုံများနှင့်ပြည့်လျှံနေသည်။

အခန်းနေရာများကို အသီးသီးချထားပေးရာ သံဃာတော်နှင့်အမျိုးသားများက သုံးလွှာမြောက် အထက်ဆုံးထပ်တွင်ဖြစ်၏။ နှစ်ယောက်ခန်း၊ ငါးယောက်ခန်းအစရှိသဖြင့် အခန်းတိုင်းတွင်လည်း ရေချိုးသန့်စင်ခန်းများနှင့် တွဲလျက်ဖြစ်၏။ လူတိုင်းစေ့ ခြင်ထောင်၊ ခေါင်းအုံး၊ စောင်၊ ခေါင်းအုံးတို့ကို စေ့ငပြည့်စုံစွာထားရှိပေး၏။

ဘုန်းတော်ကြီးကျောင်းက စီစဉ်ကျွေးသော နံနက်စာကိုစားပြီး ခဏအမောဖြေ၊ မြတ်သာမောင်းရုံနှင့် ရောက်နိုင်သော မဟာဗောဓိမဏ္ဍိုင်သို့ မော်တော်ယာဉ်ကြီးနှင့်လာကြသည်။ နိုင်ငံတကာမှဘုရားဖူးများနှင့် ရှုပ်ယှက်ခတ်နေပြီး မဟာဗောဓိစေတီတော်ကြီးကို လှမ်းမြင်ဖူးတွေ့နေရသည်။

ဩော် - မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာနေရာမြတ်ပါတကား။ ပူဇော်ဦးခိုက်ခွင့်ကြုံကြိုက်ဖို့ အနှစ်နှစ်အလလကတည်းက ဆုတောင်းရည်မှန်းခဲ့သော ဤနေရာကို ငါတကယ်တမ်း ရောက်နေပါလားဟု ကျွန်တော့်ကိုယ်ကျွန်တော် အံ့သြဘနန်းဖြစ်နေမိရာက မဟာဗောဓိစေတီတော်ကြီးဆီလက်အုပ်ချီထားမိလေသည်။

ကျွန်တော်တို့ဘုရားဖူးအဖွဲ့သည် ကြာသက်နန်းကြီးသုံးထည်ကို ရန်ကုန်တည်းက စုပေါင်းဝယ်ယူလာခဲ့ရာ မဟာဗောဓိမဏ္ဍိုင်၊ မိဂဒါဝုန်နှင့် ကုသိနာရုံတွင် တစ်ထည်စီ ကပ်လှူရန် ဖြစ်၏။ သင်္ကန်းတော်၏အနားပတ်ပတ်လည်ကို ဝိုင်းဝန်းကိုင်တွယ်ကြ၍ မဟာဗောဓိစေတီတော်ကြီးအား လက်ယာရစ်လှည့်ကာ ပဋ္ဌာန်းဒေသနာရွတ်ဖတ်ပြီး ပူဇော်ကြ၏။ သုံးကြိမ်မြောက် လှည့်လည်ပူဇော်ပြီးသည်နှင့် စေတီတော်လိုဏ်အတွင်း၌ရှိသော ဆင်းတုတော်တွင် ဆက်ကပ် ဝတ်ပြု ဆုတောင်း အမျှဝေကြပါသည်။

မဟာဗောဓိစေတီတော်သည်ကားလေးထောင့်ပုံတော်ဖြစ်၍ အပေါ်တွင် ရှူးသွားပြီး အနုစိတ်လက်ရာများနှင့် ကျောက်သားလင်ပန်းထီးတော်ဖြစ်၏။ စေတီတော်အတွင်းလိုဏ်သည် ပေ(၂၀) မတ်ချာလည်ရှိ၍ ဉာဏ်တော်အမြင့် (၁၀) ပေရှိသော တင်ပလ္လင်ခွေရုပ်ပွားတော်တစ်ဆူက အရှေ့သို့ မျက်နှာတော်မူကာ စံပယ်တော်မူလျက်ရှိနေသည်။

တတိယသင်္ဂါယနာတင်မင်းတရားကြီးဖြစ်သောသီရိဓမ္မာသောက(အသောက) မင်းသည် ဤမဟာဗောဓိစေတီတော်ကြီးကို တည်ထားခဲ့၏။ ဖိနပ်တော်တစ်မျက်နှာလျှင် (၄၈) ပေနှင့် ဉာဏ်တော်အမြင့်မှာ (၁၇၀)ပေကျော်ရှိသည်။

သဗ္ဗညုမြတ်စွာဘုရားရှင်သည် သာသနာနှစ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အလွန်တွင် ဘုရားစင်စစ်ကေန်ဖြစ်ခဲ့၏။ ဖွားဖက်တော် ဤမဟာဗောဓိ ညောင်ပင်ရင်းတွင် အမိုတ်ကဲပြုလျက် အပရာဇိတပလ္လင်ထက်က ပထမသတ္တာဟစျာန်ဝင်စားတော်မူရာမှ အစပြု၍ သုံးလောကထွတ်ထား ဘုံသုံးပါးတွင် ဘုရားဖြစ်ခဲ့လေသည်။

ဤမဟာဗောဓိပင်သည်. စေတီလေးမျိုးအနက်တွက် ပရိဘောဂစေတီ သိက်တော်မူပါ၏။ မူလဗောဓိပင်ကို သီရိဓမ္မာသောကမင်းကြီးလက်ထက်က ပင် ဖျက်ဆီးခြင်းခံခဲ့ရ၏။ မင်းကြီးကိုယ်တော်တိုင် အမြစ်အငုတ်ပေါ်တွင် နို့ရည်လောင်း၍သစ္စာအဓိဋ္ဌာန်ပြုရာမှ အညွှန့်အတက်များထွက်ကာ ပြန်လည်ပြီးရှင်သန်လာခဲ့သည်။

မဟာဗောဓိပင်ကြီးကား မိစ္ဆာတို့၏ဖျက်ဆီးခြင်းအား အကြိမ်ကြိမ်အခါခါခံခဲ့ရဖူးသည်။ ခရစ်နှစ် ၁၈၇၀ ပြည့်တွင် အင်္ဂလိပ်ကျောက်စာဝန် ကံနင်ဟန်က တတိယမျိုးဆက်အပင်အိုကြီး၏ မျိုးစေ့ကိုယူ၍ ပြန်လည်စိုက်ပျိုးခဲ့သည်။ ယခုဖူးမြင်နေရသော မဟာဗောဓိညောင်ပင်သည် အဆင့်ဆင့်ထိန်းသိမ်းလာခဲ့သော စတုတ္ထမြောက်အပင် ဖြစ်သည်။

မြန်မာဘုရင်၊ ဘိုးတော်ဘုရားလက်ထက်က မဇ္ဈိမဒေသသို့ သတ္တဌာနရှာဖွေရေးအဖွဲ့ စေလွှတ်ခဲ့ဖူး၏။ တစ်ဖန် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကြီးကလည်း မဟာဗောဓိစေတီတော်ကြီး ပြင်ဆင်မွမ်းမံခွင့်ကို အိန္ဒိယဘုရင်ခံထံ တောင်းခံခဲ့သည်။ ခွင့်ပြုသည်နှင့် အိန္ဒိယရူပီးငွေအမြောက်အမြားအကုန်အကျခံကာ ပြင်ဆင်နိုင်ခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာကောင်းလှလေသည်။

ကျွန်တော်တို့ သတ္တာသတ္တာဟနေရာမြတ်ဟူသမျှအားလှည့်လည်ဖူးမြော်၍ ကုသိုလ်ယူကြ၏။ မြတ်စွာဘုရားရှင်အား အမျိုးမျိုးသောပူဇော်ခြင်းဖြင့်ပူဇော်လျက်ရှိကြရာတွင် တိဗက်များကား ဝမ်းလျားထိုးကာထိုးကာနှင့် ပင်ပန်းကြီးစွာပူဇော်နေကြ၏။ ထိုင်း၊ ဂျပန် အစရှိသည်တို့ကလည်း သူ့နည်းသူ့ဟန်နှင့် ပူဇော်လျက်ရှိနေကြသည်။

ဂယာမြို့ မြန်မာဘုန်းတော်ကြီးကျောင်း၏ နေဝင်ရီရီ ညနေဆည်းဆာလေးထွင် ကျွန်တော်တို့ဘုရားဖူးအဖွဲ့နှင့် စိုပြည်နေသည်။ ဒုလ္လဘရဟန်းခံ၊ သီလရှင်ဝတ်၊ သိမ်ထွက်ကိုလောင်းလျှုကြနှင့် ပျားပန်းခပ်ကာ ပျော်စရာကောင်းလှပါသည်။ မဇ္ဈိမဒေသ၏ ဘုရားဖူးအစ ပထမညကား ကြည်သာချမ်းမြေ့ နှလုံးမွေ့စွာဖြင့် အိပ်စက်ခဲ့ပါလေသည်။

ကျွန်တော်တို့၏ ဘုရာဖူးခရီးစဉ်ကား ၂၀၁၁ ခု၊ နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ (၁၄) ည အိပ် (၁၅) ရက်ခရီးဖြစ်၏။ နိုဝင်ဘာလ



www.burmeseclassic.com

www.burmeseclassic.com

၂၇ ရက်နေ့တွင် ဒုက္ခရစရိယာကျင့်တော်မူရာနှင့် ဖူးထိုက်ဦးခိုက်အပ်ရာ နေရာမှန်သမျှအား လှည့်လည်သွားလာ ရောက်ရှိကြ၏။ ဂယာမြန်မာဘုန်းတော်ကြီးကျောင်းတွင် ဒုတိယတစ်ညအိပ်ကြ ပြန်သည်။

❑

နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက်စော (၆) နာရီတွင် ဂယာမြို့မှ (၁၅၇)မိုင်ဝေးသော ဗာရာဏသီမြို့ မိဂဒါဝုန်သို့ BM လေအိတ်ကားကြီးဖြင့် အရက်စာစားပြီး ထွက်လာခဲ့ကြ၏။ မြန်မာ့ရာသီဥတုနှင့် တစ်ထပ်တည်းတူ၍ ဤတွင်လည်း မြန်မာနိုင်ငံကဲ့သို့ စပါးများရိတ်သိမ်းပြီးခါစဖြစ်၏။ စပါးပြီးနောက်ထပ် တစ်သီးစိုက်ရန် ထွန်ရေးများပြုပြင်နေကြ၏။ ကချို့သော မြေကွက်များတွင် အာလူး၊ ပန်းမုန်လာ၊ မုန်ညင်းဆီခင်းများ ပင် စိမ်းစိမ်းစိုနေလေပြီ။

ဗာရာဏသီမြို့ မဟာဆေးဝက်ဘာကျောင်းသို့ နေ့ခင်း (၁၁) နာရီတွင် ရောက်၍ အိပ်ခန်းများယူပြီး ထမင်းစားကြ၏။ နေ့လယ်ပိုင်းတွင် အနည်းငယ်သာဝေးသော မိဂဒါဝုန်ဥယျာဉ်ဆီသို့ မော်တော်ယာဉ်ဖြင့်သွားကြ၏။ ပဥ္စဝဂ္ဂီငါးပါးအား တရားဦးဟောတော်မူရာ ရုပ်ပွားတော်တွင် ကြာသက်န်းတော်ကို စုပေါင်း၍ကပ်လှူကြ၏။ ဓမ္မစက္ကပဝတ္တနသုတ်တော်ကို သံပြိုင်ရွတ်ဖတ်ပူဇော် ၍ လှည့်လည်ပူဇော် ဝတ်ပြုဆုတောင်းအမျှဝေခဲ့ကြလေသည်။

ဗာရာဏသီမှ(၃၄၄)မိုင်ဝေးသော သက်သနဂိုရ်ပြည်သို့ နိုဝင်ဘာ ၂၉ ရက်နေ့ နံနက်စော (၅) နာရီတွင် ခရီးထွက်လာကြပြန်သည်။ ဖြောင့်ဖြူးကျယ်ပြန့်သော အဝေးပြေးလမ်းမကြီးတွင် ယာဉ်မျိုးစုံ အလျဉ်မပြတ် ပြေးသွားနေကြ၏။ လက်ဝဲကပ်မောင်းဖြစ်၍ အလယ်ကောင်တည့်တည့်မှမောင်းလေ့ရှိပြီး ကားခေါင်းချင်းဆုံခါနီးမှ ကပ်ရှောင်သဖြင့် ရင်ခုန်စရာကောင်းလှသည်။

နေ့လယ်စာကို လမ်းဘေးကြုံရာဆိုင်တွင်စားကြရာ ကြက်သား၊ အာလူး၊ ပဲဟင်းနှင့်ဖြစ်၏။ကျွန်တော်တို့ကို အိန္ဒိယတွင်ရောက်နေသော မြန်မာဦးပဥ္စင်းလေးတစ်ပါးက ရယ်ရွှန်းဖတ်ရွှန်းနှင့် မှာလိုက်သေး၏။

"အိန္ဒိယကိုလာရင် ကသုံးလုံးနဲ့နေ့စဉ်တွေ့ရမယ်။ ကားများများစီး၊ ကြက်သားဟင်း မပြတ်တမ်းစားပြီး ကုလားနဲ့ပဲပြောဆိုဆက်ဆံရလိမ့်မယ်" တဲ့။

ပြည်နယ်တစ်ခုနှင့်တစ်ခုအကူး၌ ပြည်နယ်ဝင်ခွင့်လုပ်ရသဖြင့် အချိန်ကြန့်ကြာလှသည်။ တစ်နေကုန်တစ်နေခန်း မောင်းနှင်ရသောခရီးဖြစ်၍ သက်သနဂိုရ်ဘုန်းတော်ကြီးကျောင်းသို့ ည (၁၀) နာရီကျမှရောက်၏။ ရသမျှအချိန်လေးအား အိပ်ခန်းများယူ၍ တစ်နေကုန်ညောင်းညာခဲ့ရာ တစ်ချိုးတည်းအိပ်ပျော်သွားလေသည်။

အိန္ဒိယနိုင်ငံ၏မြို့တော်နယူးဒေလီအထိသွားကြမည်ဖြစ်ရာ နိုဝင်ဘာ ၃၀ ရက်နေ့တွင် သက်သနဂိုရ်ပြည်မှ နံနက်စော (၆) နာရီတွင် ထွက်လာကြသည်။ သက်သနဂိုရ်မှ (၁၀၉) မိုင်သာရှိသော အာဂရာမြို့ကို လမ်းတွင် ဗဟုသုတအဖြစ်ဝင်ကာ (၁၀) နာရီခွဲပြီဖြစ်၍ ထမင်းစားကြသည်။ ကမ္ဘာ့အံ့ဖွယ်ဖြစ်သော တပ်ရှ်မဟာနှင့် ခံတပ်နီတို့ကို ဝင်ရောက် လေ့လာကြသည်။

နေ့လယ် (၂) နာရီတွင် အာဂရာမှ (၁၂၅)မိုင်ဝေးသော နယူးဒေလီမြို့ဆီ ဆက်လက် ထွက်ခွာလာပြန်ပါသည်။ မြွေလိမ်မြွေကောက် စီးဆင်းနေသော ယမုံနာမြစ်ကြီးသည် အာဂရာမြို့နှင့် အတူ ကျန်ရစ်ခဲ့လေသည်။ ပျားပန်းခပ်မျှ ရုတ်ရက်ခတ်ရှုပ်ထွေးနေသော နယူးဒေလီမြို့သို့ ည (၉)နာရီထိုးချိန်မှရောက်ရှိကြသည်။

အိန္ဒိယနိုင်ငံသည် ဒီမိုကရေစီနိုင်ငံကြီးဖြစ်၍ ဆင်းရဲ၊ ချမ်းသာကွာဟချက် လွန်စွာများပြားလွန်းသည်။ အစွန်အဖျားကျသော အချို့ဒေသများတွင် လူနေမှုအဆင့်အတန်းညံ့ဖျင်းသမျှ နယူးဒေလီကဲ့သို့သော မြို့ကြီးပြကြီးများတွင်ကားနတ်ဘုံဗိမာန်အလားရှိနေကြသည်။

ကျွန်တော်တို့၏ မော်တော်ယာဉ်ကြီးသည် တည်းခိုကြမည့်ဟိုတယ်ရှေ့တွင် ငြိမ့်ခနဲရပ်တန့်သွားသည်။ ပင်မဟိုတယ်တွင် အခန်းစေ့ငအောင် မရသဖြင့် ယောကျ်ားလေး၊ ငါးယောက်က တစ်လမ်းကျော်တွင်ရှိသော ဟိုတယ်ခွဲတွင် သွားရောက်တည်းရ၏။ လမ်းသွယ်ထဲသို့ အနည်းငယ် ချိုးဝင်သွားရပြီး မြေနေရာခပ်ကျဉ်းကျဉ်းတွင် ဆောက်ထားသော မိုးမျှော်တိုက်ကြီး ဖြစ်၏။ လေးလွှာမြောက်အထိ ဓာတ်လှေကားနှင့်တက်သွားပြီး လင်းအားနည်းသောမီးများကိုသုံးထား၍ စင်္ကြံလမ်းတစ်လျှောက်တွင် မှုန်ဝါးဝါးရှိနေ၏။ အတူတက်လာကြသော ကျွန်တော့်အဖော်များလည်း မည်သည့်အခန်းကိုရ၍ မည်သည့်နေရာတွင်ကျန်ခဲ့ကြသည်ပင်မသိတော့။ ဟိန္ဒူလူမျိုး ဟိုတယ်ဝန်ထမ်းခေါ်ဆောင်ရာသာ ဝေ့လည်ကြောင်ပတ်နှင့်လျှောက်ရောက်လာပြီး တစ်နေရာအရောက်တွင် အခန်းအပ်၏။ အခန်းနံပါတ် (၁၀၇) ဖြစ်၍ အခန်းမီးကား လင်းထိန်နေသည်။

"ကလင် ကလင် ကလင်"

ဖုန်းဝင်လာသဖြင့် ကောက်ကိုင်ကြည့်ရာ ကျွန်တော်တို့၏အဖွဲ့ခေါင်းဆောင် ကိုလှမြင့်အသံ ဖြစ်၏။ အချိန်ကြန့်ကြာသွားမည်စိုး၍ ရေမိုးမချိုးမီ ညစာစားကြရန် ပင်မဟိုတယ်မှ လှမ်းခေါ်နေခြင်းဖြစ်၏။ မျက်နှာသစ်ချိန်မရတော့ဘဲ အခန်းတံခါးသော့ခတ်ကာ အောက်သို့ပြန်ဆင်းလာခဲ့သည်။

ပင်မဟိုတယ်ကြီး၏ မြေအောက်တွင် ကျယ်ပြန့်သန့်ရှင်းစွာ အခန်းဖွဲ့စည်းထားပြီးစားသောက်ခန်းပြုလုပ်ထားသည်။ သေသပ်ကျနစွာ ပြင်ဆင်ယင်ထားသဖြင့် မြေအောက်ထပ်မှန်းပင်မထင်ရတော့ချေ။ မဆလာနိုင်းချင်းပါသော ကြက်သားအာလူးဟင်း အစရှိသော အမည်မြောက်မြားစွာပါဝင်သည့်အိန္ဒိယ အစားအစာများနှင့် ညစာသုံးဆောင်ကြသည်။

ဒေသစံတော်ချိန် (၁၀) နာရီရှိ ဖြစ်၍ ရေမိုးချိုးပြီး အိပ်စက်အနားယူ အခန်းရှိရာ ဟိုတယ်သို့ပြန်လာသည် ဟိုတယ်အင်္ဂါရပ်နှင့် လျော်ညီအောင် ခင်းကျင်းပြင်ဆင်ပေးထားသဖြင့် သန့်ရှ သပ်ရပ်လှ၏။ အစာဗိုက်ပြည့်နေသေး ခဏတစ်ဖြုတ်ထိုင်ကာ တီဗွီထဖွင့် ဘာသာစကားနားမလည်သောကြေ များကို အဓိပ္ပာယ်မဲ့ကြည့်ဖြစ်နေသည် ကျွန်တော်လည်း နေသားတကျဖြစ် ရေချိုးချင်စိတ်ရှိလာသည်နှင့် ရေချိုး ဘက်လျှောက်လာခဲ့၏။ မီးခလုတ် ဖြောက်ခနဲနှိပ်ပြီး တံခါးပေါက်ကိုဆွဲ လိုက်သည်။

"ဟင်"

မိန်းကလေးတစ်ယောက်ရေချိုး သည်ကို ဘွားခနဲတွေ့လိုက်ရ၍ ဟင် ဖြစ်ကာ အပေါက်ကို လျှပ်တစ်ပြက် ပိတ်လိုက်ရ၏။ အဝတ်မပါဘဲ တံခါး ကျောပေးကာရေချိုးနေသောမိန်းက သည် အသံဗလံကြားလောက်အော တံခါးပေါက်ဆွဲဖွင့်သည်ကိုပင် မကြည့်။မကြားလေဟန်နှင့်ကျေ ဘဲ ဆပ်ပြာတိုက်ကာ ကြေးနန်းနေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ကျွန်တော်လည်း သူမပြီးသည်အထိ တီဗွီရှေ့တွင်ထိုင်၍ စောင့်စားနေလိုက်၏။ မိန်းကလေးတန်မဲ့ သူများအခန်းထဲဝင်၍ ပိုင်စိုးပိုင်နင်း ရေချိုးရဲသည်ကိုလည်း အံ့ဩမိပါရဲ့။ မစို့မပို့ကိစ္စလေးနှင့် ဟိုတယ်တာဝန်ရှိသူကို ဆင်းပြီးပြောရမည်ကလည်း မဟုတ်လေသေး။ ကြော် - သူ့အခန်းထဲ ရေပြတ်နေလို့ပဲ ထင်ပါရဲ့ဟု အပြုသဘောတွေးကာ ဖြေသိမ့်လိုက်ပါသည်။

ချွတ်ချွတ်မြည်သံကြား၍ စောင်းကြည့်ရာ ထွက်လာသောသူမကိုမြင်ပြီး ချက်ချင်း မျက်နှာလွှဲလိုက်ရသည်။ အသက်ဖွားခပ်ကြီးကြီးနှင့် အရှက်လုံရုံသာရင်ရှားထားသဖြင့် သူမတစ်ကိုယ်လုံးရှက်ဆွတ်ဖြူနေသည်။ ယိုသူမရှက်မြင်သူရှက်ရသော ကျွန်တော့်တစ်ကိုယ်လုံးလည်း ထူလပိန်းဖြစ်သွားသည်။

မျက်နှာလေးဝှက်ခေါင်းကိုငုံလျှက်ထွက်သွားသောမိန်းကလေးကား တကယ်ကြည့်တော့ အသက်အရွယ်ငယ်ပါသေးသည်။ အိန္ဒိယနွယ်ဖွားနှင့် အနောက်တိုင်းသူတော့ဟုတ်လေဟန်မတူ။ ထိုင်း၊ ကိုရီးယား အစရှိသဖြင့် အရှေ့တိုင်းသူတစ်ဦးဦးဖြစ်မည်ကတော့ သေချာသည်။ နှုတ်မဆက်ဘဲ ရုတ်တရက်ထွက်သွားသောမိန်းကလေးကို မြင်ယောင်တွေးတောရင်း ရေမိုးတဝချိုးချလိုက်သည်။

ကျွန်တော်လည်း ညဉ့် (၁၁)နာရီထိုးပြီဖြစ်၍ အိပ်ခုတင်ပေါ်တက်ကာ လာခဲ့သည့်ခရီးလမ်းပန်းကို ပြန်လည်စားမြုံပြန်ရင်း အိပ်ရာဝင်ခဲ့သည်။ ခရီးပင်ပန်းနွမ်းချည့်လာသောဒဏ်နှင့် ဒေလီမြို့၏ပထမညကား ခေါင်းချသည်နှင့်ပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျခဲ့လေသည်။

ဒီဇင်ဘာ ၁ ရက်နေ့၏ နံနက်စောစောကို ထုံးစံအတိုင်း ဟိုတယ်မြေအောက်ထပ်သို့ဆင်းကာ ကြက်ဥကြော်၊ ပေါင်မုန့်လာတာနှင့် လက်ဖက်ရည် သုံးဆောင်ကြသည်။ မြတ်စွာဘုရားရှင် သတိပဋ္ဌာန်တရားဟောတော်မူရာ မြေမြတ်မဟာသည် နယူးဒေလီမြို့၏ တစ်ခုသောနေရာတွင်ရှိသည်။ ယင်းနေရာသို့ နံနက် (၇) နာရီတွင် နိုင်ငံတကာသံရုံးများတစုတဝေးတည်းရှိသောနယ်မြေကိုဖြတ်ကျော်ပြီးရောက်ရှိလာကြသည်။

အိန္ဒိယနိုင်ငံရောက်မြန်မာဦးပဉ္စင်းတစ်ပါးက လိုက်ပါရှင်းလင်းဟောဖော်ပြသည်။ အခြားနေရာများထက် တစ်မူထူး၍ ဆန်းပြားစွာ ကျောက်ဆောင်ကျောက်တုံးကြီးများထိုးထွက်နေ၏။ ရှေးဟောင်းသုတေသနဌာနမှ ထူးမြတ်သောနေရာအဖြစ် ကာရံ ထိန်းသိမ်း စောင့်ရှောက်ထား၏။ ကျွန်တော်တို့သည် ဤနေရာမြတ်တွင်လည်း ပဋ္ဌာန်းတရား ရွတ်ဖတ်ပူဇော်၍ ဆုတောင်းမေတ္တာပို့အမျှဝေကြပါသည်။

နံနက် (၁၀) နာရီခွဲတွင် နေ့လယ်စာကို မြို့တွင်းစားသောက်ဆိုင်ကြီးတစ်ဆိုင်၌စားကြ၍ ရောက်တုန်းရောက်ခိုက်ဗဟုသုတဖြစ်ဖွယ်ရာများအား လှည့်ပတ်ကြည့်ရှုကြသည်။ ကြာဖူးပုံဘုရားရှိခိုးကျောင်း၊ စစ်အတွင်းက ကျဆုံးသွားသော အိန္ဒိယစစ်သည်များအား ဂုဏ်ပြုတည်ဆောက်ထားသည့် အိန္ဒိယဂိတ်၊ ပြတိုက်ဖွင့်၍ပြသထားသော မဟာတ္တမဂန္ဒီမိသားစုနေထိုင်သော အိမ်နေရာတို့သို့ ရောက်ရှိခဲ့ကြသည်။

တစ်လျှောက်လုံးတွင် အထပ်ထပ်ရှိသော မော်တော်ကားလမ်း၊ မိုးပျံတစ်လှည့်မြေအောက်တစ်ခါ မြေလျှိုးမိုးပျံကာသွားနေသော ရထားလမ်းကိုလည်း တွေ့ရသည်။ ခေတ်မီမြင့်မားသော အဆောက်အအုံများအကြားတွင် ရှေးဟောင်းအဆောက်အအုံကြီးများကလည်း ဆန်းသစ်နေဆဲရှိသည်။

နေ့လယ်ခင်းတွင် Ansal plaza သို့ဝင်၍ နားနေ ကြည့်ရှု ဈေးဝယ်ကြရင်းနှင့် ညနေ (၅) နာရီထိုးသွားသည်။ မူလတည်းခိုရာဟိုတယ်ကို ပြန်ရောက်ချိန်တွင် လျှပ်စစ်မီးထိန်ထိန်ညီးနေချေပြီ။ ညစာစားချိန်ကလည်းနီးနေပြီဖြစ်လေရာ တက်ဆင်းရကရိကထများသာအိပ်ခန်းရှိရာသို့ မသွားသေးဘဲနေနေသည်။ ဟိုတယ်အရှေ့တွင်ရှိသောဆိုင်များတွင် ခြေကျင်လျှောက်၍ စုံစီနဖာဝယ်ပြီး ရောက်တတ်ကရနှင့်ကြည့်ကြသည်။ ညစာစားပြီးချိန်တွင် အချင်းချင်းနှုတ်ဆက်၍ လူစုခွဲကာ ကိုယ့်အခန်းကိုပြန်လာခဲ့ပါသည်။

ကျွန်တော့်အခန်းထဲတွင် သော့ပိတ်ထားလျက်နှင့် တီဗွီသီချင်းသံခပ်သဲ့သဲ့ကြားရပြီး တစ်စုံတစ်ဦးရောက်နေဟန်တူ၏။ မီးခလုတ်နှိပ်၍ သော့ဖွင့်ပြီး ဝင်လာရာ မည်သူတစ်ဦးတစ်ယောက်မျှမရှိ၊ တီဗွီကိုလည်းဖွင့်မထား။ နားကြားလွဲတာထင်ပါရဲ့ဟု အောက်မေ့လိုက်၏။ တံခါးပြန်ပိတ်ကာ အပေါ်ဝတ်အင်္ကျီကိုချွတ်၍ ချိတ်တွင်ချိတ်လိုက်သည်။

"အို-လန့်လိုက်တာ၊ မင်းဘယ်သူလဲ။ သူများအခန်းထဲလူမရှိဘဲခိုးကြောင်ခိုးဝှက်ဝင်နေတာ ဘာသဘောလဲ။ အခုထွက်သွားပါ"

ကျွန်တော်လည်း အင်္ကျီချိတ်ရန်အလှည့်တွင် ယမန်ညကလာသွားသောမိန်းကလေးနှင့် ဘွားခနဲ ရင်ဆိုင်တွေ့လိုက်ရ၍ ထိတ်ခနဲဖြစ်ကာ လန့်ဖျပ်သွားသည်။ ချက်ချင်း ဣန္ဒြေပြန်ဆည်ပြီး လေသံခပ်မာမာနှင့် မာန်မဲကြိမ်းမောင်းပစ်လိုက်သည်။

မျက်နှာတစ်ခြမ်းလုံးဖုံးကွယ်နေအောင် ဆံခြည်မျှင်များပိတ်နေသော သူမျက်နှာကိုစောင်းငဲ့၍ လက်ကလေးနှစ်ဖက်ကာပြီးဒေါင်းပန်နေ၏။ စကားတစ်ခွန်းတလေမျှမပြောဘဲ ပြုံးစနဲ့နဲ့မျက်စိသူငယ်လေးနှင့် စူးစူးဝါးဝါးကြည့်နေရှာ၏။

"ငါပြောတာ နားမလည်ဘူးလား။ မင်းဘာလူမျိုးလဲ။ ယောကျ်ားသားနေတဲ့အခန်းထဲ သူစိမ်းမိန်းကလေးလာတာ မသင့်တော်ပါဘူး။ ကိုယ့်အခန်းကိုယ်နေမှပေါ့"

ကျွန်တော်က ထပ်မံ၍ သူမကိုနှင်လွှတ်ပြန်၏။ လှစ်ခနဲလှည့်သွားကာ ကြိုတင်ဝယ်ထားဟန်တူသောလက်ဖက်ရည်ခွက်နှင့် အီကြာကွေးတစ်ချောင်းကိုယူပြီး ကျွန်တော့်အားပေးနေ၏။

"တော်ပါပြီ၊ ခုတင်တုန်းကပဲ ထမင်းစားလာတဲ့ဟာ"

မျက်နှာခပ်လွှဲလွှဲနှင့်ကမ်းပေးနေသောမိန်းကလေးကို စောင်းပါးရိပ်ခြည်ကြည့်ရင်း ငြင်းပယ်လိုက်၏။ ပါးလွှာသောနှုတ်ခမ်းလေးအား လှုပ်လီလှုပ်လဲ့လုပ်၍ ဇွတ်တရွတ်သာပေးနေပြန်၏။ မိန်းကလေးသည် သလုံးသားဖွေးဖွေးလေးများအထက်တွင် ဝန်းဝိုင်းနေသောဂါဝန်အညိုရောင်ကိုဝတ်ထား၍ဆင်စွယ်နှစ်ရောင်ကုတ်အင်္ကျီအား ဆင်မြန်းထား၏။ ရိုင်းပျသော ဆင်ယင်ထုံးဖွဲ့မှုမျိုး မဟုတ်သဖြင့် မြန်မာမျက်စိနှင့်ပင် တစ်မျိုးတစ်မည်ကြည့်၍ကောင်းနေလေသည်။ ကျွန်တော်လည်း သူမလက်ထဲတွင် တကိုင်ကိုင်နှင့်အားတုံ့အားနာဖြစ်လာ၍ ခွက်နှင့်မုန့်ကိုလှမ်းယူကာ တီဗွီခုံရှိရာသွားရောက်တင်ထားလိုက်၏။ တစ်နေကုန်သွားလာထားသဖြင့် ငြီးစော်နံနေရာ ရေချိုးခန်းထဲဝင်ပြီး အားပါးတရ ရေချိုးပစ်လိုက်သည်။

မိန်းကလေးကား ပြန်ထွက်မသွားသေးဘဲ တီဗွီရှေ့တွင် ကျောမှီကော်ခုံနှစ်လုံးကိုယှဉ်ချထားပြီး ခုံတစ်လုံးပေါ်တွင် အမြိုင်သားထိုင်နေ၏။ ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com

အဝတ်လဲပြီး မကောင်းတတ်သည်နှင့် တီဗွီဖွင့်ထားရာဆီ လျှောက်လာခဲ့၏။ သန့်ဘေးတွင်ရှိသောခုံကို ဆွဲခွာယူကာ ထိုင်မည်ပြု၍ လှမ်းဆွဲလိုက်၏။

"ဟိုက်-လုပ်ထားပြန်ပြီ၊ ဘယ်လို ကြီးပါလိမ့်"

ဂါဝန်တိုနန့်နန့်ဝတ်ဆင်ထားသော မိန်းကလေးသည် ထိုင်ခုံပေါ်ကခြေချပြီး ထိုင်နေခါကျမှ ဂါဝန်အနားသတ်သည် ပေါင်ရင်းအထိရောက်နေ၏။အပေါ်ဝတ် ကုတ်အကျီကလည်း ချွတ်ထားပြန်ရာ လည်ဟိုက်လက်ပြတ်အဝါရောင်အကျီနှင့် မလုံမခြုံရှိနေလေ၏။ ကျွန်တော့်စိတ်ထဲ အောင့်သည်းအောင့်သက်ဖြစ်သွားကာ ကိုယ့်ကိုယ်ကိုယ်ကျိတ်ပြီးရေရွတ်လိုက်မိ၏။

မိန်းကလေးကား ရှိုးတိုးရှန့်တန့် အမူအရာနှင့် ကျွန်တော့်ဘက် စောင်းငဲ့ကြည့်ပြီး သွားလေးပေါ်အောင်ပြုံးကာ သူ့ခုံကိုရွှေ့၍တိုးလိုက်လာ၏။ သာမည ညောင်ည မိန်းကလေးတော့ ဟုတ်ဟန်မတူ။ အငမ်းမရဘဲ အတင့်ရဲရဲလာသည်။ သူမ၏မျက်ဝန်းကလည်း ရွှန်းရွှန်းစားစား အရောင်များတောက်ပ၍နေသည်။

"ဒါဘာလုပ်တာလဲ၊ လွှတ်။ ငါက အဲလိုလူစားထဲကမဟုတ်ဘူးနော်"

ဆတ်ခနဲ ကျွန်တော့်ဝဲဘက်လက်ကိုလှမ်းဆွဲကာ သူမ၏လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်၍ ထိတ်လန့်တကြားဖြစ်သွားသည်။ စိတ်အတိုရခက်ခက်နှင့်ပြော မိပြောရာပြောပစ်လိုက်သည်။ မချည်နှောင်ဘဲနှင့် ရုန်းကန်မရသောကြိုးလိုဖြစ်နေသည့်ကျွန်တော်လည်း မှင်တက်မိသလိုဖြစ်နေသည်။ သူမဖမ်းဆုပ်ပြီး တယုတယလုပ်နေသောကျွန်တော့်လက်ကို ပြန်မရုန်းတော့ဘဲ အသာတကြည် နေနေမိလေသည်။

"အဲလိုမလုပ်ပါနဲ့ မိန်းကလေးရယ်၊ တို့ကမြတ်စွာဘုရားပွင့်တော်မူရာနေရာ မြတ်ကိုလာပြီး တကူးတကဘုရားဖူးရတာပါ။ ကုသိုလ်လိုချင်လို့လာတာ အကုသိုလ်အလုပ်လုပ်ပြီးပြန်သွားလို့မဖြစ်ဘူးလေ။ မနှောင့်ယှက်ပါနဲ့ မိန်းကလေးရယ်နော်"

မိန်းကလေးသည် ဘာသာစကား နားမလည်သော်လည်း ကျွန်တော်ပြောနေသောစကားကို ရိုးတိုးရိပ်တိပ်တော့ ရိပ်စားမိနေဟန်တူသည်။ ကျွန်တော့်လက်ကိုမလွှတ်သေးသော်လည်း ထိုင်ခုံပေါ်က လျှောဆင်းကာ ကြမ်းပြင်ပေါ်တွင် ပုဆစ်တုပ်ထိုင်ချလိုက်လေသည်။

"တို့က အပျော်အပါးလိုက်စားတတ်တဲ့ယောကျာ်းထဲက မဟုတ်ဘူး။ သူတော်ကောင်းတို့ကျင့်အပ်တဲ့ တရားလက်ကိုင်ထားပြီး ဗုဒ္ဓဘာသာအထွတ်အမြတ်နေရာမှန်သမျှကို လှည့်လည်ပြီး ဖူးမြော်နေတာပါ။ နှောင်နှစ်တွေနှစ်တွေဆိုရင်လည်း သီရိလင်္ကာသွားပြီး ကန္ဒီစွယ်တော်မြတ်ကိုလည်း သွားဖူးဦးမှာ။ ထိုင်းက မြဘုရားတို့၊ ကမ္ဘောဒီးယားက အန်ကောဝပ်တို့အထိပေါ့"

သူနားလည်မည်မထင်သော်လည်း ကျွန်တော်ပြောချင်သောစကားကိုပြောချလိုက်ရသဖြင့် ရင်ချောင်သလိုလိုဖြစ်သွား၏။ မိန်းကလေးသည် ကမ္ဘောဒီးယားသူလေးလားမသိ၊ အန်ကောဝစ်ဟူသောစကားကြားပြီးနောက် ကျွန်တော့်လက်ကိုလွှတ်ပြီး လက်အုပ်ကလေးချီနေလေ၏။

မိန်းကလေး၏မျက်ဝန်းက မျက်ရည်စမ်းစမ်းကျလာပြီး တရှုပ်ရှုပ်နှင့်ရှိုက်ကြီးတငင်ငိုကြွေးချေ၏။ ဖိုလှိုက်ဘဝင်သည်းအူပြောင်းပြန်ဖြစ်လုမခန်း ငိုကြီးချက်မနှင့် သုတ်ဆိုထိုင်နေရာမှထလိုက်၏။ ကျွန်တော့်အား စွေခနဲတစ်ချက်ကြည့်ပြီး ခပ်သုတ်သုတ်လေးထွက်ပြေးသွားလေ့သည်။

❑

ကျွန်တော်လည်းမည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ တံခါးခေါက်သံ၊ လူသူအသံများကြား၍ နိုးလာပြီး နာရီကြည့်လိုက်ရာ နံနက် (၇)နာရီပင်ထိုးပြီး နေပြီ။ ကမန်းကတန်းထပြီး မျက်နှာသစ် နေစဉ် အရှေ့ပေါ်အပြင်သော့ဖွင့်၍ဝင်လာကြသည်။ အဖွဲ့ခေါင်းဆောင် ကိုလှမြင့်နှင့်အတူ ဟိုတယ်ဝန်ထမ်းအချို့နှင့် ခရီးဖော်သုံး၊ လေးယောက်လင်္ဂါးပါလာသည်။

"ခင်ဗျားဆီ ဖုန်းခေါ်တာလည်း မကိုင်ဘူး။ဒီအချိန်အထိအိပ်နေရအောင် ဘာများဖြစ်လို့ပါလိမ့်နဲ့ ပူလိုက်ရတာဗျာ"

ဟု ကိုလှမြင့်က ပြော၏။ ဖရိုဖရဲဖြစ်နေသောကျွန်တော့်ပစ္စည်းများအား ခရီးဖော်များက ကူညီသိမ်းဆည်းထည့်ပေးနေ၏။

"မဟုတ်ဘူး ကိုလှမြင့်၊ ကျွန်တော် တစ်ညလုံးလိုအိပ်မရဘူး။ လင်းခါနီးမှ အိပ်ပျော်သွားတာထင်တယ်"

ဟုပြောရာ ဟိန္ဒီဟိုတယ်ဝန်ထမ်းများ သူတို့အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြသည်။

ဟိန္ဒီစကားနားလည်သော ကိုလှမြင့်က မန်နေဂျာနှင့်တူသူကိုဘာမေးသည်မသိ၊ သူတို့နှစ်ဦး အတုံ့အပြန်ပြောနေကြပြီး မန်နေဂျာနှင့်တူသူက ကျွန်တော့်ကိုကွက်ခနဲကြည့်၍ ကိုလှမြင့်ကို တောင်းပန်နေဟန်ရှိ၏။

"ကဲ၊ကဲ- သွားရအောင်ဗျာ၊ ကားတန်းလန်းစောင့်နေတာကြာပြီ"

ကျွန်တော်တို့လည်း သုတ်သီးသုတ်ပျာနှင့်ဆင်းလာကြရာ ကားပေါ်တွင် ထိုင်စောင့်နေကြသော ခရီးဖော်များကို အားတုံ့အားနာဖြစ်သွားမိသည်။ မော်တော်ယာဉ်ကြီးကား နယူးဒေလီမြို့နှင့်နှစ်ညတာတည်းခိုခဲ့ကြသောဟိုတယ်ကြီးကိုကျောခိုင်း၍ တလိမ့်လိမ့်ထွက်ခွာလာသည်။

"လမ်းကျ ကားနားမှာပဲ တစ်ခုခုစားကြတာပေါ့"

ကိုလှမြင့် ကျွန်တော့်နားရောက်လာပြီး နံနက်စာစာမစားရသေးမှန်းသိ၍ပြော၏။

"ဒါနဲ့ခင်ဗျားအခန်းထဲ မကောင်းဆိုးဝါး အခြောက်အလှန့်ကောခံရသေးလား"

မဆီမဆိုင်သောစကားကိုလည်း မဆိုင်းမတွမေး၏။

"ဘာဖြစ်လို့လဲ ကိုလှမြင့်"

"ဒီလိုပါ၊ ပြီးခဲ့တဲ့တစ်ပတ်လောက်ကမှ ခင်ဗျားနေတဲ့အခန်းထဲ လူသေထားတာလို့ပြောလို့ပါ"

"ဗျာ-လူသေထားတာဟုတ်လား။ မိန်းကလေးလား၊ ယောကျာ်းလား"

ကျွန်တော်လည်း ကိုလှမြင့်စကားကြားလိုက်သည်နှင့် ဗျာခနဲဖြစ်ကာ ကြက်သီးမွေးညင်းဖြန်းဖြန်းထသွားသည်။ ယမန်ညက မိန်းကလေးနှင့် အတူရှိနေခဲ့သည်ကိုလည်း ပြန်လည်တွေးမိကာ ခေါင်းနားပန်းကြီးသွားလေသည်။

"ဟုတ်တယ်ဗျ၊ ထိုင်းမိန်းကလေး တည်းသွားတာလို့ပြောတယ်။ အပြင်က ဘာဖြစ်လာတယ်မသိဘူး၊ တစ်ယောက်တည်း ဆေးသောက်ပြီး သေနေတာတဲ့။ အခန်းမသန့်သေးတာနဲ့မငှားဘဲထားတာကို သူ့ဝန်ထမ်းက ခင်ဗျားရတဲ့ အခန်း (၁၀၇)ကို (၁၀၈)နဲ့လွဲပေးမိတာလို့ပြောတယ်။ မန်နေဂျာက တောင်းပန်လိုက်ပါသေးတယ်။ မနောက်ကို ဒီလိုမဖြစ်စေရပါဘူးတဲ့"

အဲကာသ (သာစည်)



www.burmeseclassic.com

www.burmeseclassic.com

အောင်သာကျော်

အင်္ဂပူမှာတွေ့သည့်

# [illegible]

# မင်္ဂလာကန်ကုန်းကျောင်းကသိမ်

[illegible]ကုန်တိုင်းဒေသကြီး နယ်နိမိတ် [illegible]သည်နှင့် ဧရာဝတီတိုင်းဒေသကြီး၏ [illegible]အလှမြင်ကွင်းများက စာရေးသူ [illegible]အစဉ်ကို ဆွဲယူဖမ်းစားလျက် [illegible]သည်။ ခိုင်သစ်ကုမ္ပဏီဥက္ကဋ္ဌ [illegible]ဆိုင်အောင် သူ၏လုပ်ငန်းခွင်များ [illegible] ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့များသို့ မကြာခဏသွားရလေတိုင်း စာရေးသူကို ခေါ်သွားလေ့ရှိသည်။ မကြာမကြာ လိုက်ပါခွင့်ရသဖြင့် ဧရာဝတီတိုင်းဒေသကြီး၏ ဖွံ့ဖြိုးစည်ပင်တိုးတက်နေမှုများကို မြင်တွေ့ခံစားနေမိရသော်လည်း တစ်ခေါက်နှင့်တစ်ခေါက် မြင်တွေ့ရသည့် မြင်ကွင်းတို့က ရိုးအီမသွားဘဲ တစ်စထက်တစ်စ ပြောင်းလဲတိုးတက်လျက်ရှိနေသည်ကို မြင်တွေ့နေရသဖြင့် လမ်းဘေးဝဲ၊ ယာရှိ မြင်ကွင်းများအပေါ် အာရုံစေစားထားလျက်ရှိနေမိသည်။


တရိပ်ရိပ်နှင့်ပြေးလွှားလျက်ရှိနေသည့် ကားလေးအား လမ်းဘေးဝဲ၊ ယာ



သိမ်တော်ကြီးဝန်းကျင်ရှိ စေတီတော်များ



သိမ်တော်ကြီးဝန်းကျင်ရှိ စေတီတော်များ



သိမ်တွင်း သီတင်းသုံးသည့် ဆင်းတုတော်


www.burmeseclassic.com



သိမ်တော်ကြီးပုံ



သိမ်တော်ကြီးဝန်းကျင်ရှိ စေတီတော်များ



လက်ရှိ ကျောင်းထိုင်ဆရာတော်ကျောင်း

ရှိပုံရိပ်များက အ[illegible]အလွှားလိုက်ပါ လျက်ရှိရာမှ တဖြည်းဖြည်းဝေးကျန်ရစ် လျက်ရှိနေသည့်ပုံရိပ်များကို ငေးမော ခံစားနေမိရာက ယခုဦးတည်သွားနေမိ ဖြစ်သည့် အင်္ဂပူမြို့၏ အတိတ်သမိုင်း ပုံရိပ်များက စာရေးသူ၏ ရင်တွင်းသို့ တိုးဝင်လာကြသည်။

အင်္ဂပူမြို့တည်ရှိရာ အရပ်ဒေသ ကို ရှေးမြန်မာမင်းအဆက်ဆက်က အုတ်ဖိုမြို့အဖြစ် အမည်ထင်ရှားကာ ရှေးဟောင်း သမိုင်းဝင်မြို့တစ်မြို့အဖြစ် အထင်ကရတည်ရှိခဲ့သည့် မြို့တစ်မြို့ဟု သမိုင်းတင်ထားခဲ့သည်။ မြို့အလယ်ကို ဖြတ်သန်း စီးဆင်းသွားသောချောင်းမှာ အုတ်ဖိုချောင်းပင် ဖြစ်သည်။ အုတ်ဖို ချောင်း၏အဖျားတွင် ရာမညတိုင်း ပုသိမ် (၃၂) မြို့တွင် တစ်မြို့အပါအဝင် ဖြစ်ခဲ့ဖူးသော အင်္ဂပူရမြို့တည်ရှိခဲ့သည်။ အင်္ဂပူရမြို့တွင် မင်းအစဉ်အဆက် အုပ်ချုပ်ခဲ့သည်။ မြန်မာနှစ် ၁၁၁၅ ခုနှစ် တွင် နောက်ဆုံးမင်းဆက်ဖြစ်သော သီဟဗိုလ်မင်းလက်ထက်သို့ရောက်သော အခါ အလောင်းမင်းတရားကြီးသည် ရာမညတိုင်းအားလုံးကို သိမ်းပိုက်နိုင်ခဲ့ လေရာ လက်ရှိအုပ်ချုပ်လျက်ရှိသော သီဟဗိုလ်မင်းကို တိုက်သူကြီးမင်းတို့၏ အဆောင်အယောင်ဖြင့် လက်အောက် အရာတော်ခံ အဆင့်အတန်းထားကာ ဆက်လက် အုပ်ချုပ်စေခဲ့သည်။

ထိုသို့ သူကောင်းပြုတော်မူ[illegible] ည့် သီဟဗိုလ်မင်း၏ နန်းစဉ်နန်းဆ[illegible] အဖြစ် သီဟဗိုလ်၏သား ၊ မဟာသီ[illegible] ဗိုလ်၊ မဟာသီဟဗိုလ်၏သား စိတ္တဗိုလ်[illegible] အစဉ်အဆက်စိုးစံအုပ်ချုပ်ခဲ့ကြသည်[illegible] စိတ္တဗိုလ်လက်ထက်သို့ရောက်သောအ[illegible] အင်္ဂပူရကိုစွန့်၍ ယခု အင်္ဂပူမြို့တည်[illegible] သို့ ရွှေ့ပြောင်း၍ အုတ်ဖိုမြို့အဖြစ် တ[illegible] ထောင်ခဲ့သည်။ ထိုသို့အခြေတည်လာ[illegible] ရာက အင်္ဂလိပ်မင်းလက်ထက် ရန်က[illegible] မြို့သို့ မီးရထားလမ်းဖောက်လု[illegible] သွားသည်နှင့် အရှေ့ဘက်တွင်မီ[illegible] သာယာဝတီ အုတ်ဖိုမြို့နှင့် အမည်[illegible]

www.burmeseclassic.com



ဆရာတော်ဘုရားကြီးပုံတော်



ဆရာတော်စံခဲ့ရာကျောင်း



ဆရာတော်ကြီး သီတင်းသုံးခဲ့ရာ ကျောင်းဟောင်း



ဆရာတော်ဘုရားကြီးရုပ်တုတော်



သိမ်တော်ကြီးအဝေးမြင်ပုံ

တူနေသဖြင့် အင်ပူရကို အစွဲပြုကာ အင်ပူဟုတွင်ခဲ့စေသဖြင့် ယနေ့တိုင် အင်ပူမြို့ဟုတွင်နေခြင်းပင် ဖြစ်သည်။ ရှေးဟောင်းသမိုင်းဝင်မြို့တစ်မြို့အဖြစ် ထင်ရှားခဲ့သော အင်ပူမြို့မှာ ဘာသာသာသနာ ထွန်းလင်းပွင့်လန်းရာမြို့တစ်မြို့ပင် ဖြစ်သည်။

အတွေးစတို့ လွင့်ပျံနေမိစဉ်မှာပင် နိုင်သစ်ကုမ္ပဏီဥက္ကဋ္ဌဦးဝင်းလှိုင်အောင်က -

"ဆရာကျော်ရေ ငေးလှချေလားဗျ။ အင်ပူတောင်တောင်ဝင်နေပြီ။ ဒီတစ်ခါက်တော့ ဆရာကျော်ကို အင်ဖိုရဲ့ ဆရာတော်ဘုရားကြီး ကျောင်းထိုင်ခဲ့တဲ့ နေရာကိုလိုက်ပို့ပေးမယ်။ ဆရာကျော် သိပ်သိချင်နေတဲ့ အကြောင်းအရာတွေလည်း သိခွင့်ရတာပေါ့ မဟုတ်ဘူးလား"

ဟု စကားဆိုလာသည်။

ရေငတ်နေသူရေတွင်းထဲကျသည့်အလား စာရေးသူရင်ထဲမှာ ပီတိလှိုင်းတို့ ထသွားမိရသည်။ မကြာမတင်သော အချိန်လေးအတွင်းမှာပင် အင်ပူမြို့ ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင်တွင်တည်ရှိသည့် စံကျောင်းဝင်းအတွင်း ကားလေး ကွေ့ဝင်ကာ စက်ရှိန်သတ်လိုက်တော့သည်။ အင်ပူသို့ရောက်တိုင်း ဝင်ရောက်ဦးတိုက်လေ့ရှိသည့် အင်ပူစံကျောင်း ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒ (ဂန္ထဝါစက

www.burmeseclassic.com

ပဏ္ဍိတ) ထံတော်ပါးသို့ ဝင်ရောက်ဖြစ်ခဲ့သည်။ ဆရာတော်မှာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်တစ်ပါးဖြစ်လေရာ ရန်ကုန်မြို့ရှိ ကမ္ဘာအေးကုန်းမြေသို့ သံဃာ့တာဝန်ဖြင့် လာရောက်တိုင်း ဦးဝင်းလှိုင်အောင်၏အိမ်သို့ ကြွဖြစ်သလို ဦးဝင်းလှိုင်အောင်တစ်ယောက် အလုပ်ကိစ္စဖြင့် အင်ပူသို့ရောက်ဖြစ်တိုင်း ဆရာတော်ဘဒ္ဒန္တစက္ကိန္ဒထံတော်ပါး ဝင်ရောက်ဦးခိုက်လေ့ရှိခဲ့သည်။



ဆင်းတုတော်ဆန်းတွေ့ရှုသည့် ရေးစာ



ရှေးဟောင်းပေပုရပိုက်များ ဆရာတော်ကြီးစံရာကျောင်း၊



ဆရာတော်ကြီးစာအုပ်စီရီများ

ဆရာတော်သီတင်းသုံးတော်မူရာ စံကျောင်းဝင်းအတွင်းရှိ သိမ်တော်ကြီးအတွင်း နားနားနေနေ အပန်းဖြေရင်း တစ်ညတာအိပ်စက်ခဲ့ဖြစ်ရသည်။ ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒနှင့် အချိန်အတော်အကြာမျှ မေးမြန်းလျှောက်ထားခွင့်ရရှိခဲ့ရာ ဘာသာသာသနာထွန်းလင်းဝေဖြာခဲ့သည့်အင်ပူမြို့၏သာသနာတော်သမိုင်းတစ်စိတ်တစ်ဒေသကို သိခွင့်ရရှိခဲ့ရပါသည်။ သာသနာတော်သမိုင်းဝယ် အထင်ကရ ထင်ရှားကျော်ကြားခဲ့သည့် ဒွါရဂိုဏ်းသာသနာတော်စည်ပင်ပြန့်ပွားလာရေးအတွက် အစပျိုးခဲ့သည့် သာသနာသမိုင်းပင် ဖြစ်ပါအည်။ မြန်မာနိုင်ငံသံဃာ့ဂိုဏ်းကြီး(၉)ဂိုဏ်းတွင်အပါအဝင်ဖြစ်သည့် မဟာဒွါရဂိုဏ်းကို ကျေးဇူးတော်ရှင် အုဂ်ဖိုရ်မဟာထေရ်ဖြစ်တော်မူသော ဦးဥက္ကံဝံသမာလာက စတင်တည်ထောင်ခဲ့ခြင်းပင် ဖြစ်သည်။ ဆရာတော်ဘုရားကြီး အင်ပူ၌သီတင်းသုံးနေတော်မူစဉ် ရေသိမ်၌ ဓိနည်းကံပြုပုံကိုအစွဲပြု၍ သံဃာတော်အချင်းချင်း အငြင်းအခုံဖြစ်ရာမှ စတင်ကာ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ စသော ရှုဒိုးမှုပါတစ်ခုတိုးလာပြီး ဒွါရဂိုဏ်း စတင်ပေါ်ပေါက်လာခဲ့ခြင်းပင် ဖြစ်သည်။

ကျေးဇူးတော်ရှင် အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး ဦးဥက္ကံဝံသမာလာသည် မြန်မာနှစ် ၁၁၇၉ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့တွင် တသာတခရိုင် သာရဝေါမြို့နှင့် (၂) မိုင်ကွာဝေးသော ရွာလေးတစ်ရွာတွင် ခမည်းတော် ဦးရွှေပန်းနှင့် မယ်တော်ဒေါ်လေးတို့မှ ဖွားမြင်ကာ ငယ်နာမည်မောင်ညွှင်းအဖြစ်တွင်ခဲ့သည်။ အရွယ်ရောက်သည်နှင့် ကုလားချောင်းအနီးရှိနန်းဦးကျောင်းဆရာတော် ဦးဇော်ဂျီ (ဆင်ဖြူကျွန်းဆရာတော်) ထံ၌ ကျောင်းသားဘဝမှ ရှင်သာမဏေဖြစ်သည်အထိ မိဘများ၏ ဆန္ဒအတိုင်း နေထိုင်ခဲ့သည်။

ရှင်သာမဏေဝတ်နှင့်ပင် အင်းဝမှကြွလာတော်မူသော မြသိန်းတန်ဆရာတော်ထံတွင် လည်းကောင်း၊ ဟင်္သာတ အဝအုတ်ကျောင်းဆရာတော် ဦးမဏိဇောတထံတွင် လည်းကောင်း၊ ဟင်္သာတမြို့ သရက်တောဆရာတော် ဦးကဝိထံတွင် လည်းကောင်း၊ ရန်ကုန်မြို့ ပုဇွန်တောင်ဆရာတော် ဦးမတိမထံတွင် လည်းကောင်း စာပေကျမ်းဂန်များကို သင်ကြားခဲ့၏။ ရှင်ဥက္ကံဝံသမာလာသည် မေတ္တာစာအရေးအဖွဲ့တို့ကို ရေးသား

www.burmeseclassic.com

...တုံးပြုစုပြီးသည့်နောက် မန်ကျည်းတောဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ...မြတ်သော ရဟန်းဘောင်သို့ ရောက်...တော်မူခဲ့သည်။

မန်ကျည်းတောဆရာတော်ဘုရားကြီးထံတော်၌ ပရိယတ္တိစာပေတို့ကို သင်ကြားဆည်းပူး၍ ဆရာတော်ဘုရားကြီးအထက်သို့ ပြန်ကြွတော်မူသွားသောအခါ ခနုဖြူမြို့ ရွှေဂူကျောင်းတိုက်ဆရာတော် (ယခင် ဟသ်ာတ သရက်တောကျောင်းတိုက်၊ တိုက်အုပ်) ထံတော်ပါး...လုံ့ကာ ပရိယတ္တိစာပေတို့အပြင် ပျို့၊ ...၊ ကဗျာ စသော စာပေအနုပညာ...ကိုလည်း လေ့လာဆည်းပူးခဲ့သည်။ ...ဆရာတော်သည် ဦးဥက္ကဋ္ဌသမာလာ၏ ...ပညာပါရမီထက်မြက်ပုံကိုမြင်တွေ့...သဖြင့် အမရပူရမြို့တော်သို့ ခေါ်...ဆောင်သွားကာ ဗားကရာဆရာတော်...ကြီးထံအပ်နှံပေးခဲ့၏။ ဗားကရာဆရာတော်ဘုရားကြီးထံ စာပေသင်အံကြသူများထဲတွင် ဦးဥက္ကဋ္ဌသမာလာသည် ဉာဏ်ပညာအထက်မြက်ဆုံးသောပုဂ္ဂိုလ်အဖြစ် ထင်ရှားခဲ့သည်။ ထိုစဉ်အတွင်းမှာပင် သမ္မာရသျှံအမည်ရှိ ဗြဟ္မဏပုဏ္ဏားကြီးထံတွင် သက္ကတကျမ်းတို့ကို လေ့လာတော်မူခဲ့သည်။

ထိုသို့ ပညာရည်ဘက်စုံ အတော်အတန်ပြည့်စုံပြီးသည်နှင့် စာဝါများပို့ချပေးခြင်း၊ ကျမ်းစာပေများ ပြုစုပေးခြင်း၊ သာသနာရေးဆိုင်ရာအငြင်းအခုံပြဿနာများကို လိုက်လံ ဖြေရှင်းပေးခြင်းများပြုကာ သာသနာတော်အရှည်တည်တံ့ထွန်းလင်းဝေဖြာစေရေးအတွက်ကြိုးပမ်းရွက်ဆောင်တော်မူနေခဲ့သည်။ ဒွါရဂိုဏ်းအဖြစ် တည်ထောင်လိုက်သည့်နောက်ပိုင်းတွင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဦးဥက္ကဋ္ဌသမာလာအဖြစ် အထင်အရှားသိသူများပြားလာခဲ့သည်။

ဆရာတော်ကြီးသည် ၁၂၄၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာသို့လည်းကောင်း ၁၂၄၉ ခုနှစ်တွင် မြတ်ဗုဒ္ဓ၏ စွယ်တော်မြတ်အား ဖူးမြော်ရန်အတွက် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) သို့ လည်းကောင်း ကြွရောက်တော်မူခဲ့သည်။

ပဥ္စင်းငယ်ဘဝကတည်းကပင်လျှင် ဆရာတော်၏ သီလ၊သမာဓိ၊ပညာဂုဏ်သတင်းသည် နန်းတော်အတွင်းထိတိုင်အောင် ပျံ့မွှေးနေခဲ့လေရာ သက်တော်ကြီးရင့်လာသည်နှင့်အမျှ ပို၍ သင်းပျံ့ကြိုင်လှိုင်မှုစွမ်းအားမြင့်မားလျက်ရှိနေခဲ့သည်။ မင်းတုန်းမင်း နန်းတက်လာခဲ့သည်တွင် မိမိမင်းသားအရွယ်က အိမ်တော်သို့ပင့်လျှောက်၍မရသောရဟန်းသည် ဗြိတိသျှတို့၏နယ်ပယ် အောက်ပြည်အောက်ရွာတွင် သာသနာပြုလျက်ဂုဏ်သတင်းထွန်းလင်းနေကြောင်း ကြားသိမိလိုက်သည်နှင့် ပင့်လျှောက်၍ ရနိုင်၊ မရနိုင် သိလိုစိတ်များပြင်းပြနေခဲ့သည်။ မင်းတုန်းမင်းသည် အုဂ်ဖိုရ်ဆရာတော်နှင့် အကျွမ်းတဝင်ရှိလှသည့် ရွှေကျင်ဆရာတော်မှတစ်ဆင့် စုံစမ်းတော့သည်။


ကျေးဇူးတော်ရှင် အုဂ်ဖိုရ်ဆရာတော်ကြီးသည် ငယ်စဉ်ကပင် မင်းပါးစိုးခွင်မဝင်ခဲ့သဖြင့် ယခုမှ မင်းနှင့်အကျွမ်းတဝင်ဖြစ်ရန်မဖြစ်တော့၊ မဖြစ်လိုတော့ဟု အကြောင်းပြန် မိန့်ကြားလိုက်သည်။ မင်းတုန်းမင်းလည်း ဆရာတော်အား မဖူးတွေ့ရလျှင်နေပါစေ ဆရာတော်အတွက် အသုံးဝင်မည့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသည့်ဆန္ဒပေါ် နေသဖြင့် စုံစမ်းစေပြန်ရာ ဆရာတော်သိမ်ဆောက်နေကြောင်းသိလိုက်ရသည်။ဆရာတော်



ကျောင်းခင်း ဝင်ဝင်ချင်း မြင်ရသည့် ကျောင်း



သိမ်ပေါ်ရှိကျောက်စာ



သိမ်ပေါ်ရှိ ကျောက်စာ



သိမ်တွင်းရှိ ကြောင်လိမ်လှေကား



www.burmeseclassic.com

www.burmeseclassic.com



ရှေးဒေါင်းလောင်း၊ ဆရာတော်ကြီးစံရာကျောင်း၊



ဆရာတော်ကြီးကျိန်းစက်ခဲ့သည့်ခုတင်

သိမ်သမုတ်ရန် စီစဉ်နေသည်ဟု ကြားသိရသည်နှင့် ကျောက်သားသိမ်နိမိတ်တိုင်များကို မန္တလေးရှိ မင်းနေပြည်တော်တည်ရာအရပ်မှ သိမ်သမုတ်ရာအောက်ပြည်အောက်ရွာရှိ အင်ပူသို့ အရောက်ပေးပို့စေလျက် လှူဒါန်းတော်မူသည်။ ကျေးဇူးရှင်အုဂ်ဖိုရ်ဆရာတော်ဘုရားကြီးနှင့် ဆက်စပ်ပတ်သက်နေသည့် အခြေခံအချက်အလက်များကို သိခွင့်ရလိုက်မိသည်နှင့် ဦးဝင်းလှိုင်အောင်က သည်တစ်ခေါက်တော့ မဟာဗ္ဗိရဂိုဏ်းအစပျိုးခဲ့သည့် ဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့ရာ ကံကုန်းကျောင်းတိုက်ကို ပို့ပေးမည်ဆိုသည့်စကားစုက ရင်ထဲမှာနေရာယူနေတော့သည်။

□

နံနက်လင်းမြူစရောင်ခြည်အောက်မှာပင် အင်ပူမြို့လယ်တွင်တည်ရှိသည့် အင်ပူစံကျောင်းဝင်းအတွင်းမှ ထွက်လာကာ မြောက်စူးစူးဆီသို့ ဦးတည်ထွက်လာခဲ့ဖြစ်သည်။ ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့ရာ မင်္ဂလာကန်ဂုန်းကျောင်းတိုက်တည်ရာ ဦးတည်လျက်သွားနေခြင်းပင် ဖြစ်သည်။ သိပ်မကြာပါ။ ကျယ်ဝန်းလှသည့် အဝန်းအဝိုင်းကြီးတစ်ခုရှေ့သို့ရောက်လာသည်နှင့် ဦးဝင်းလှိုင်အောင်က -

"ဆရာကျော်ဇေ့ရေ၊ ဒါ မင်္ဂလာကန်ကုန်းကျောင်းတိုက်လေ။ ကျွန်တော်မကြာမကြာပြောဖြစ်တဲ့ ကျေးဇူးရှင်အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး သီတင်းသုံးသွားခဲ့တဲ့ကျောင်းပေါ့။ လာ၊ လာ အထဲဝင်ကြည့်ကြရအောင်"

ဟု ဆိုသဖြင့် နောက်မှကပ်လိုက်ပါသွားမိဖြစ်သည်။

ကျောင်းဝင်းကြီးမှာ (၆) ဧကသာသာခန့်ရှိမည်ဟု ခန့်မှန်းလိုက်မိသည်။ ကျောင်းဝင်းအတွင်း ဆရာတော်ဘုရားကြီး သီတင်းသုံးရာကျောင်းနှင့် ခံ့ညားထည်ဝါလှသည့် သိမ်ကြီးတစ်လုံးရှိနေသည်ကို တွေ့ရသည်။ သိမ်တော်ကြီးမှာ ရှေးဟောင်းသိမ်ကြီးပင် ဖြစ်သည်။ သိမ်ကြီးကို မူလလက်ရာမပျက်စေရအောင် ပြန်လည် မွမ်းမံထားခြင်းဖြစ်သည်ဟုသိရ၏။ မင်းပါးစိုးခွင်မဝင်လိုသည့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး သီတင်းသုံးရာ ကျောင်းဝန်းကျင်တွင် မင်းတုန်းမင်းကြီး မန္တလေးနေပြည်တော်မှ အရောက်ပို့ကာလှူထားသည့် ကျောက်ပြားများကို အသုံးမပြုစေဘဲထားခဲ့သည်ကို မြင်တွေ့ရသည်။ ကျောင်းဝင်းကြီးအတွင်းဝယ် ပိန္နဲပင်များ၊ ဝါးရုံတောများ၊ သစ်တိုပင်ကြီးများက နေရာယူထားလျက်ရှိနေလေရာ ကျောင်းဝင်းအတွင်း အေးမြလှသောအရိပ်အာဝါသက စိုးမိုးထားလျက်ရှိနေသည်ကို တွေ့ထိခံစားရပါသည်။ ကျောင်းဝင်းအတွင်းရှိ သိမ်တော်ကြီးမှာ သီဟိုဠ်လက်ရာပုံစံ ထင်ပေါ်လျက်ရှိသည်။ ကျောင်းဝင်းအတွင်း ဇရာမခွေးကြီးများရှိနေသည်ကိုလည်းတွေ့ရသည်။

ဆရာတော်ဘုရားကြီးသည် သိမ်မြေသန့်ရာတွင် လှည်းကောင်း၊ သိမ်သမုတ်တော်မူရာတွင် လည်းကောင်း ပြုလုပ်ဆောင်ရွက်တော်မူရာတွင် ကလျာဏီသိမ်တော် ဆိုမိန့်စီစဉ်သည့်အတိုင်း သိမ်သမုတ်တော်မူလေ့ရှိသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် သိမ်သမုတ်တော်မူရာတွင် သစ္စာဆိုပြီးမှ ... လေ့ရှိသည်။ ထိုသို့ရှိခဲ့လေရာ သမုတ်တော်မူဆဲမှာပင် တစ်ပင်တိုင်ထီး... အဖျား၌ ကျီးငှက်နားသည်။ ကျီးငှက်... ကျောကုန်းပေါ်၌ စာသူငယ်နားလျက်... ပါလာသည်။ သိမ်မြေပြင်၌ မြွေ... တစ်ကောင် ဖြတ်သန်းသွားသည်။ သိမ်... သမုတ်ပြီးသည်နှင့်တစ်ပြိုင်နက် ... အတွင်း၌ အမြုပ်ရိုက်နှက်ထားရှိ... ပွတ်ခံသိမ်ပန္နက်များ အလိုအလျော... ပေါ်တတ်လာခဲ့သည်။ ဤဖြစ်အင်... ရဟန်းရှင်လူများ မျက်ဝါးထင်ထင်... တွေ့ကြုံရလေရာ ကျေးဇူးရှင်ဆရာ... ဘုရားကြီး၏ ဘုန်းတော်ကံတော်... တအံ့တသြဖြစ်ကြရလျက် ချီးမွမ်း... ပနာပြုကြကုန်သည်။

သိမ်တော်ကြီးမှာ မူလကာသ... ဆောက်ထားခဲ့သော်လည်း နှစ်... ကြာရှည်လာခဲ့သည်တွင် ကျေး... ဆရာတော်ဘုရားကြီးလက်ထက်... ကလည်း တည်ရှိနေခဲ့သည့် ... မပျက်စေဘဲ အုတ်များအစား... ပြုပြင်ထားခဲ့ကြခြင်းပင် ဖြစ်သည်...



www.burmeseclassic.com

www.burmeseclassic.com

ကြီးအတွင်း ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ကိုးကွယ်ဆည်းကပ်တော်မူခဲ့သော ကြေးဆင်းတုတော်ကြီး သပ္ပာယ်စွာ စံပယ်တော်မူလျက်ရှိနေသည်ကို ဖူးတွေ့ရပါသည်။ ခံ့ညားသည့်ဝါစွာ ချိတ်ဆွဲထားရှိသည့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ပုံတော်ကိုလည်း တွေ့ရသည်။ ထပ်မံ၍ ထူးခြားချက်တစ်ချက်တွေ့ရသည်မှာ သိမ်တော်အတွင်း ကြောင်လိမ်လှေကားဆင်ထားခြင်းပင် ဖြစ်၏။ ကြောင်လိမ်လှေကားမှာ လှေကားအလားထင်မှတ်မှားရသည်။ လှေကားအတိုင်းတက်သွားပါက လူတစ်ယောက်တရားထိုင်လောက်သည့်အခန်းဆီသို့ ရောက်ရှိသွားမည်ပင် ဖြစ်သည်။ သိမ်အတော်များများသမုတ်ပေးတော်မူခဲ့ရာ ယခုရောက်ရှိဖြစ်ခဲ့သော သိမ်တော်မှာ တစ်မူထူးခြားစွာဖြင့် ...ကိုင်ပုံစံတူနေခြင်းပင် ဖြစ်သည်။

သိမ်တော်အတွင်းနှင့် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့ရာ ကျောင်းကြီးအတွင်း လှည့်လည်ကြည့်ရှုလာမိဖြစ်ခဲ့ရာ ဆရာတော်ဘုရားကြီး အသုံးပြုတော်မူခဲ့သည့် စာအုပ်ဗီရို ...စာတော်ခဲ့ရာခုတင်နှင့် ဆရာတော်ဘုရားကြီး၏ ရုပ်ပုတော်တို့ကို တွေ့ခွင့်ရခဲ့သလို မင်းတုန်းမင်းတရားကြီးထံတော်မှ အရောက်ပေးပို့ဆက်ကပ်လှူခဲ့သော ကျောက်ပြားများ ယနေ့ထက်တိုင် အသုံးမပြုဘဲထားရှိခဲ့သည်ကို တွေ့ရသည်၊ မဟာဒွါရနိကာယ၏ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ဘုန်းတန်ခိုး ကြီးမားသည်ကို သိမ်သမုတ်ရာ၌ သစ္စာဆိုကာသမုတ်ခြင်းဖြင့် ရဟန်းရှင်လူအများတို့ မြင်သာထင်သာဖြစ်ကြစေသောအောင် ထူးခြားအံ့ဖွယ်ဖြစ်ရပ်များ ပေါ်ခဲ့ရသည်။ ထိုမျှသာမက ဆရာတော်ဘုရားကြီး၏ အံ့ဖွယ်ထူးခြားသော စေတီတည်ထားထိုက်သည်အထိ ...ကားများ ပေါ်ထွန်းပြသတော်မူခဲ့သည်။

၁၂၆၆ ခုနှစ်၊ တပို့တွဲလဆန်း ...ရက်၊ စနေနေ့ နံနက် (၇) နာရီအချိန်တွင် ဗဟုဒေဝနိမ္မိတစေတီတော်မြတ်တည်ထားရန် ပန္နက်ချ၍ အုတ်မြစ်စီ ကျင်းပခဲ့သည်။ များစွာထောင်သောင်းသော နတ်ဗြဟ္မာအပေါင်းတို့က ကောင်းမှုရှာမှီး စေတီတော်မြတ်ကြီး ပြီးစီးလွယ်အောင် ရွက်ဆောင်ကူညီဖန်ဆင်းကြပါသည်ဘုရားဟု ဆရာတော်ဘုရားကြီးအား လျှောက်ထားလာကြသောကြောင့် ဆရာတော်ဘုရားကြီးက ဗဟုဒေဝနိမ္မိတစေတီတော်မြတ်ကြီးဟု ဘွဲ့တော်ပေးခဲ့ခြင်းပင် ဖြစ်သည်။

စေတီတော်မြတ်ကြီး စတင်တည်ထားရာ ပန်းတင်ခုံပင် မပြီးစီးနိုင်သေးခင်မှာပင် ၁၂၆၇ ခု၊ တပေါင်းလဆုတ် ၂ ရက်နေ့တွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး နတ်ထီးနတ်နန်းသို့ကြွရောက်ခိုလှုံတော်မူသဖြင့် စေတီတော်ကြီး၏ ပန်းတင်ခုံအလယ် အုတ်ဂူအတွင်း၌ ကြေးဝါခုတင်ညောင်စောင်းတော်ဝယ် အလောင်းတော်ကိုတင်၍ ဌာပနာအဖြစ်သွင်းနံ့ကာ ပူဇော်ခဲ့ကြသည်။ ၁၂၆၉ ခု၊ တပေါင်းလ ညနေ (၄) နာရီအချိန်တွင် အလောင်းတော်ကို ဆီမီးတို့ဖြင့် ထွန်းညှိပူဇော်ကြသည်။ ပန်းတင်ခုံအစွန်းမှအုတ်တစ်ချပ်လျှင် ဖယောင်းတိုင်တစ်တိုင်ကျ လှည့်လည်ထွန်းညှိပူဇော်ရာ ပန်းတင်ခုံနှစ်ဖတ်ကျော်သုံးပတ်မျှပတ်မိကြသည်။ တပေါင်းလ၏ ညနေခင်းအခါသမယဖြစ်နေသဖြင့် လေပြင်းစွာတိုက်ခတ်ပါသော်လည်း ဖယောင်းတိုင်တို့ မီးငြိမ်းမသွားဘဲ၊ အလောင်းတော်ပတ်လည် ပန်းတင်ခုံအုတ်ချပ်များအပေါ် တင်ကာ ထွန်းညှိပူဇော်ထားသည့် ဖယောင်းတိုင်တို့မှ မီးညွန့်တို့သည် လေတိုက်ရာသို့ အလိုက်သင့် ယိမ်းခါ၍ ပါမသွားဘဲ ပတ်ပတ်လည်တွင်ရှိ မီးညွန့်တို့သည် အလောင်းတော်လျောင်းစက်ရာဆီသို့ ဦးခိုက်ပူဇော်နေကြသည့်အလား ညွတ်တိမ်းလျက်ရှိနေခဲ့သည်ဟု သိခွင့်ရခဲ့ပါသည်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့ရာ ကျောင်းတစ်ကျောင်းသို့ ရောက်ခွင့်ရခဲ့သည့်အပြင် ဆရာတော်ဘုရားကြီး၏ ဘုန်းကံကြီးမားမှုများ၊ ဆန်းကြယ်လှသည့်ဘဝအကြောင်းအရာ အဖြစ်အပျက်များကို သိခွင့်ရလိုက်သည်နှင့် အများပြည်သူသိခွင့်ရနိုင်ကြစေရန် ဆောင်းပါးတစ်ပုဒ်အဖြစ် ရေးသားတင်ပြပေဦးမှဆိုသည့် စိတ်စေတနာတို့က ရင်ထဲဝင်ရောက်လှုပ်ခတ်နေမိဖြစ်တော့သည်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် သာသနာတော်အရှည်တည်တံ့ထွန်းလင်းပွင့်ထွန်းနိုင်ရေးအတွက် ကျမ်းစာအုပ်ပေါင်း (၁၀၀) ကျော် ရေးသား ပြုစုတော်မူနိုင်ခဲ့သည်သာမက မြန်မာနိုင်ငံ သံဃာ့ဂိုဏ်းကြီး (၉) ဂိုဏ်းတွင် တစ်ဂိုဏ်းအဖြစ် အထင်အရှားရှိနေခဲ့သော ဒွါရဂိုဏ်းကို စတင်တည်ထောင်နိုင်ခဲ့သည့် မဟာထေရ်ကျော် ဆရာတော်ကြီးတစ်ပါးပင် ဖြစ်သည်။ မည်သို့ပင်ဆိုစေ သိမ်သမုတ်တော်မူရာ၌ သစ္စာဆိုရာတွင် မြေ၌ အမြုပ်စိုက်ထားသော သိမ်ပန္နက်တိုင်တို့ မြေအထက်ကြွတက်ခြင်း၊ ဘဝနတ်ထံ ပျံလွန်တော်မူပြီးသည့် ၁၂၆၉၊ တပေါင်းလတွင် ဗဟုဒေဝနိမ္မိတစေတီတော်၌ ဆရာတော်ဘုရားကြီးအလောင်းတော်အား ပန်း၊ ဆီမီးတို့ဖြင့် ပူဇော်ကန်တော့ကြရာတွင် မီးညွန့်တို့က ဆရာတော်ကြီးအလောင်းတော် လျောင်းစက်ရာသို့ ဦးညွတ်လျက်ရှိနေကြခြင်း အစရှိသည့် ထူးခြားအံ့ဖွယ်ဖြစ်ရပ်များက ထူးမြတ်ထင်ပေါ် မဟာထေရ်မြတ်ကြီးအဖြစ်လည်းကောင်း၊ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးအဖြစ် လည်းကောင်း သက်သေတည်ရာ အချက်များဖြစ်နေခဲ့သည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

**စာကြွင်း** -

ဆရာတော်ဘုရားကြီးသိမ်သမုတ်ရန်မြေနေရာသည် ထိုစဉ်ကာလက ဗြိတိသျှလက်အောက် ကျရောက်နေသည့်ကာလဖြစ်သဖြင့် ဝိသုံဂါမဘောဇကမြေရရှိရေးအတွက် ကျောင်းဒါယကာ မြို့အုပ်မင်းဦးစိမ့်နှင့် တိုင်ပင်၍ မြေကို နယ်နိမိတ်သတ်မှတ်ကာ ဖယ်ရာခေါ် မဟာဝန်ရှင်တော်မင်းကြီးထံ တင်ပြလျှောက်ထားခဲ့ရာက ဖယ်ရာက ဝိတိုရိယဘုရင်မကြီးထံတင်ပြသည်။ ဝိတိုရိယဘုရင်မကြီးက သာသနာရေးဆိုင်ရာကိစ္စရပ်များကို နားမလည်နိုင်ဖြစ်မိသောကြောင့် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးထံ ဘာသာထုံးစံဟုတ်၊ မဟုတ် မေးမြန်းရာ မင်းတရားကြီးက ဝိသုံဂါမမြေတောင်းခံလာလျှင် ပေးရကြောင်း ပြန်လည်ပြောမှ ဝိတိုရိယဘုရင်မကြီးက ဝိသုံဂါမမြေခွင့်ပြုခဲ့ခြင်းပင် ဖြစ်သည်။ မြေရရှိရန် (၆) လမျှ ကြာမြင့်ခဲ့ကြောင်း သိရသည်။

မြတ်ဗုဒ္ဓသာသနာ
ရောင်ဝါနေသို့လင်းစေသော်

အောင်သာကျော်


**ကိုးကား** -

ဘဒ္ဒန္တသောဘန အဂ္ဂမဟာပဏ္ဍိတ
အုဂ်ဖိုရ်ဆရာတော်
အုဂ်ဖိုရ်မဟာထေရုပ္ပတ္တိ
ကိုယ်တိုင်ရောက်ရှိလေ့လာချက်များ

www.burmeseclassic.com

www.burmeseclassic.com

ဝေသာလီမြို့ဟောင်းတူးဖော်ရာကုန်းအမှတ် (VSL. 10) ပန္နက်ပုံဆွဲ




ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)

# ဝေသာလီမြို့ဟောင်းထဲမှ ဘုရားကုန်းတူးဖော်မှု


ရခိုင်ရာဇဝင်တွင် ဓညဝတီခေတ် မတိုင်မီ အလွန်ရှေးကျ၍ မှုန်ဝါးဝါး အသွင်ဖြင့် မှတ်တမ်းတင်ခြင်းမရှိသေး သောခေတ်တစ်ခေတ်ရှိခဲ့သည်။ ယင်း ခေတ်ကို ဝေသာလီသာရဘန်ခေတ် (Tharaben Dynasty) ဟု ခေါ်ဆိုကြ သည်။

ဓညဝတီခေတ်နောက်ပိုင်း ယခင် ဝေသာလီနေရာဟောင်းမှာပင် တတိယ ဓညဝတီခေတ် နောက်ဆုံးမင်း သူရိယ ကေတုမင်း၏ သားတော် မဟာတိုင်ဦး စန္ဒြားခေါ် ဒွေင်စန္ဒြားမင်းက ဝေသာလီ မြို့တော်ကို စတင်တည်ထောင်ခဲ့သည်။ ဤမြို့တော်မှာ ပင်လယ်ကူးရွက်သင်္ဘော များဆိုက်ကပ်နိုင်အောင် ဂင်္ဂါပနဒီမြစ်၏ လက်တက်တစ်ခုဖြစ်သော ရမ်းချောင်း တွင် ဆိပ်ကမ်းအဖြစ် အသုံးပြုရန် ကျောက်လှေကား ပြုလုပ်ထားခဲ့သဖြင့် ဤမြို့တော်ကိုလည်း ဝေသာလီကျောက် လှေကားမြို့တော်ဟု ခေါ်ဆိုပြီး ဤ ခေတ်ကိုလည်း ဝေသာလီကျောက်လှေ ကားခေတ်ဟု ခေါ်တွင်ခဲ့သည်။

မဟာတိုင်ဦးစန္ဒြားမင်းသည် ဝေသာ လီနေရာသို့ တိုက်ရိုက်ပြောင်းရွှေ့လာ ခြင်းမဟုတ်ဘဲ ကန်သုံးဆင့်နေရာတွ တစ်နှစ်ခန့်နန်းစံပြီးနောက် ဝေသာ နေရာသို့ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည် ဤဝေသာလီကျောက်လှေကားခေ သည် ဓညဝတီခေတ်ကဲ့သို့မြို့တော် (City State) မဟုတ်တော့ဘဲ နယ်နိမ

www.burmeseclassic.com

**ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 10) တောင်ဘက်မှမြေလွှာဖြတ်ပိုင်းပုံဆွဲ**




များရှိလာသော တိုင်းနိုင်ငံတစ်ခုဖြစ်လာသည်။ နယ်နိမိတ်အကျယ်အဝန်းမှာ ယခုလက်ရှိ ရခိုင်ပြည်နယ် အပါအဝင် ချင်းပြည်နယ် အစိတ်အပိုင်းဖြစ်သော ပလက်ဝမြို့ပါဝင်ပြီး အနောက်ဘက်တွင် ဘင်္ဂါ(၁၂)ခွင်တို့ ပါဝင်ကြသည်။ ဤအတွက်ကို ဘုရားဆင်းတုတော်များ အပါအဝင် ရုပ်ဝတ္ထုပစ္စည်းများ၊ ဒင်္ဂါးများ သည်တို့သည် ဤနယ်နိမိတ်အတွင်း နေရာအနှံ့အပြား၌ တူးဖော်တွေ့ရှိချက်များက သက်သေထူလျက်ရှိနေသည်။


ဝေသာလီမြို့တော်ကို ထူထောင်သောသက္ကရာဇ်ကို သမိုင်းသုတေသီတို့က ယူဆချက်နှစ်ခုကွဲပြားနေသည်ကို တွေ့ရှိရသည်။ ရခိုင်သမိုင်းအဆိုနှင့် ရှေးဟောင်းရုပ်ဝတ္ထုပစ္စည်းများ၊ ကမ္ပည်းကျောက်စာများကို အခြေခံပြီး သုတေသနပြုတင်ပြကြသည့် သုတေသီတို့၏ အဆိုတို့ မတူညီကြပေ။ ရခိုင်ရာဇဝင်တို့၌ အေဒီ ၃၂၇ ခုနှစ်တွင် ဝေသာလီမြို့တော်ကို မဟာတိုင်ဦးစန္ဒြားမင်းက စတင်တည်ထောင်ပြီး ၎င်းနောက် သူရိယစန္ဒြား၊ မောလစန္ဒြား၊ ပေါလစန္ဒြား၊ ကာလစန္ဒြား၊ ထူလစန္ဒြား၊ သီရိစန္ဒြား၊ သိင်္ဂစန္ဒြား၊ စူဠစန္ဒြား ဟူ၍ မင်းကိုးဆက် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ပါမောက္ခဂျွန်စတင်သည် ရာဇဝင်သမိုင်းအနေနှင့် တန်ဖိုးမဖြတ်နိုင်သော အာနန္ဒစန္ဒြားကျောက်စာကို သေချာစွာလေ့လာခဲ့သော သမိုင်းသုတေသီတစ်ဦးဖြစ်သည်။ ပါမောက္ခဂျွန်စတင်အပြင် ဖယ်ယာ၊ ဒီ,စီ,ဆာရ်ကာ၊ ဗီ,အေ,ရစ္စတမ်အစရှိသော နိုင်ငံခြားသုတေသီများ လေ့လာခဲ့ကြသည်။ သို့သော် ဝေသာလီမြို့တော်ကိုတည်ထောင်သောသက္ကရာဇ်ကိုမူကား တချို့သုတေသီတို့က အေဒီ ၄ ရာစုအစပိုင်း ဟူ၍ လည်းကောင်း၊ ပါမောက္ခဂျွန်စတင်က အေဒီ ၃၅၀၊ ဒီ,စီ,ဆာရ်ကာက အေဒီ ၃၇၀ ဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော် ဝေသာလီပျက်သုဉ်းသော ခုနှစ်သက္ကရာဇ်ကိုမူကား သုတေသီတို့သည် အေဒီ ၉၅၇ ခုနှစ်ဟု အတိအကျ ဖော်ပြထားကြသည်။

ဝေသာလီကျောက်လှေကားမြို့တော်ကို တည်ထောင်တော်မူခဲ့သော ကျောက်စာအရ ဒွင်စန္ဒြားမင်းနှင့် ရခိုင်ရာဇဝင်အရ မဟာတိုင်ဦးစန္ဒြားမင်းတို့မှာ အံသြထွက်အံနည်းငယ်မျှသာကွဲပြားခြင်းရှိပြီး ကျောက်စာနှင့်ရာဇဝင်နှစ်ခုစလုံး၌ ဝေသာလီကျောက်လှေကားမြို့ကို တည်ထောင်တော်မူခဲ့သောမင်းဖြစ်ကြောင်း ဖော်ပြထားသဖြင့် မင်းတစ်ပါးတည်းဟုပင် အခိုင်အမာယူဆနိုင်ပါသည်။ သို့ဖြင့် ဝေသာလီမြို့တော်သည် အလွန်ရှေးကျသောမြို့တစ်မြို့ဖြစ်သော်လည်း အေဒီ ၄ ရာစုအစပိုင်းမှ အေဒီ ၁၀ ရာစုအလယ်ပိုင်းအတွင်း၌ တည်ရှိခဲ့သော ဝေသာလီကျောက်လှေကားမြို့၏သမိုင်းကြောင်းကို လေ့လာနိုင်ကြသည်။

အာနန္ဒစန္ဒြားမင်းကျောက်စာတွင်

**ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 10) မြောက်ဘက်မှမြေလွှာဖြတ်ပိုင်းပုံဆွဲ**







www.burmeseclassic.com

www.burmeseclassic.com

ပထမစန္ဒြားမင်းဆက်ကို (၁၃) ဆက်ဖြစ်ကြောင်း အတိအကျဖော်ပြထားသည်။ သို့သော် ရခိုင်ရာဇဝင်၌မူကား ဝေသာလီတစ်ခေတ်လုံးကို စန္ဒြားမင်း(၉)ဆက်သာဖြစ်နေ၍ မင်းအရေအတွက်နှင့် အချို့အမည်တို့ကွဲလွဲနေသည်။ ကျောက်စာပါဒုတိယမင်းဆက်ကို တည်ထောင်သောဒွေင်စန္ဒြမင်း (ဂွန်စတင်၏ အယူအဆ) အေဒီ ၃၅၀ နှင့် ကာလစန္ဒြားမင်း အေဒီ ၄၂၅ မင်းတို့သည် ရခိုင်ရာဇဝင်လာတိုဉ်းစန္ဒြားမင်းနှင့် ကာလစန္ဒြားမင်းတို့အမည်ချင်းနီးစပ်ကြောင်း တွေ့ရှိရသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဆရာဦးအောင်သာဦးက စင်စစ်မှာ ဝေသာလီမင်း (၉) ဆက်ဟူသောစကားသည် တန်ခိုးကြီးမား၍ထင်ရှားကျော်စောသောမင်း(၉)ဆက်ဟု ဆိုလိုခြင်းသာ ဖြစ်သည်။ ထိုမင်းကဲ့သို့ တန်ခိုးကြီးမားသော မင်းတစ်ပါးသည် လေးမြို့ခေတ် ဒုတိယပုရိန်မြို့သို့ရောက်ပြီးမှ ပေါ်ပေါက်လာခြင်းကြောင့် ဆယ်ဆက်မြောက်မင်း ဒဿရာဇာဟူ၍ ရာဇဝင်၌ ခေါ်ဆိုထား၏ဟု ဆို၏။

ဝေသာလီပထမစန္ဒြား(၁၃)ဆက်၏ နောက်ဆုံးဖြစ်သော မိတ်စန္ဒြားမင်းကို မဟာဝီရမင်းက ဆက်ခံတော်မူခဲ့ကြောင်းကို အာနန္ဒစန္ဒြကျောက်စာ၌ ဖော်ပြထားသည်။ ထိုမင်းသည် ပူရာဏ်ပူရကိုလည်း အုပ်စိုးတော်မူသည်ဟု ဆိုထားသည်။ ရိုနီးအမည်ရှိသောသုတေသီပညာရှင်က အလွန်ရှေးကျသောပတိုလမီပထဝီဝင်မြေပုံကျမ်းကို အကိုးအကားပြု၍ ပူရာဏ်ပူရသည် ဂင်္ဂါမြစ်အရှေ့ဘက်ကမ်းနဖူး၌ တည်ရှိခဲ့ကြောင်း၊ ရခိုင်ပြည်နယ်၏ မြောက်ဖျားစွန်းဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ရိုနီး၏ သုတေသနပြုလုပ်ချက်ကို အရှေ့တောင်အာရှတိုက် သမိုင်းသုတေသီတစ်ဦးဖြစ်သော လန်ဒန်တက္ကသိုလ်မှ စီ,အေ,ရစ္စတမ်ကလည်း လက်ခံလျက်ရှိကြောင်း တွေ့ရှိရသည်။ ရိုနီးနှင့် စီ,အေ,ရစ္စတမ်တို့၏ အယူအဆကို အတည်ပြုရမည်ဆိုလျှင် ရခိုင်ပြည်၏မြောက်ဘက်နယ်နိမိတ်သည် ဝေသာလီခေတ်ကပင် ဂင်္ဂါမြစ်အရှေ့ဘက်ကမ်းနဖူးသို့တိုင်အောင် ကျယ်ပြန့်ကြောင်း တွေ့ရှိရသည်။

ရှေးခေတ် ရခိုင်အုပ်ချုပ်ပုံစနစ်ကို လေ့လာကြည့်လျှင် ဝတီလေးရပ်ကို (၁၂) ပိုင်းခွဲခြား၍ တစ်ပိုင်းစီ၌ မင်းဆွေမင်းမျိုးတစ်ဦးစီ အကြီးအကဲပြုကာ အုပ်ချုပ်ရကြောင်း၊ ဘင်ဂါနယ်ကိုလည်း (၁၂)မြို့ခွဲကာ တစ်မြို့စီ၌ မင်းဆွေမင်း



စေတီကုန်းတွင်ရှိထားသောမြေစာများ သယ်ယူနေကြစဉ်


ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.10) ကို ကျောက်ပန်းကွက်မတွေ့ရှိမီ မြင်ရသည့် အနေအထား




www.burmeseclassic.com

www.burmeseclassic.com



ဝေသာလီမြို့ဟောင်းတူးဖော်မှုကွင်းအမှတ် (VSL.10) ကို တူးဖော်သုတေသနပြုနေစဉ် တွေ့ရှိရသည့် ငန်းတော်ကျားမြွေ



အထိကွင်းမှမြေစာများကိုဖယ်ထုတ်နေကြစဉ်ကျောက်တုံးများပြန့်ကျဲနေသည်ကိုတွေ့ရှိရပါသည်

မှီးတစ်ဦးစီ ကွပ်ကဲအုပ်ချုပ်ရကြောင်း တွေ့ရှိရသည်။ သို့ဖြစ်လျှင် ပူရောဟိတ်ဖူရဲ့ အုပ်ချုပ်ရသော မဟာဝီရသည် ဝေသာလီမင်းဆွေမင်းမျိုးတို့အထဲမှပင်ဖြစ်ရချေသည်။ ထို့ကြောင့် ဓိတိစန္ဒြမင်းနတ်ရွာစံ၍ ထီးမွေနန်းမွေကို ဆက်ခံမည့်သူမရှိသောကြောင့် မဟာဝီရသည် ထီးနန်းဆက်ခံရခြင်း ဖြစ်ပေလိမ့်မည်။

ဓိတိစန္ဒြမင်းကို ဆက်ခံသော မဟာဝီရမင်းသည် (၁၂) နှစ်၊ ထိုမင်းနောက် ဝရယဇပ်မင်းသည် (၁၂) နှစ်၊ ထိုမင်းနောက် သေဝိင်ရောင်မင်းသည် (၁၂) နှစ်၊ ထိုမင်းနောက် ဓမ္မပူရမင်း (၁၃) နှစ်၊ ထိုမင်းနောက် ဝဇရဂတ္တိမင်း (၁၆) နှစ်၊ ထိုမင်းနောက် ဓမ္မဝိဇယမင်း (၃၆) နှစ်၊ ထိုမင်းနောက် နရေန္ဒြဝိဇယ (၂) နှစ် (၉) လ၊ ထိုမင်းနောက် ဓမ္မစန္ဒြမင်း (၁၆) နှစ်၊ ထိုဓမ္မစန္ဒြမင်းကို အာနန္ဒစန္ဒြမင်း ဆက်ခံတော်မူသည်ဟု အာနန္ဒစန္ဒြကျောက်စာ၌ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

သီရိစန္ဒြားမင်းနှင့် သိင်္ဂစန္ဒြားမင်းတို့ ဝေသာလီနန်းတော်၌ စိုးစံတော်မူခဲ့ကြခြင်းနှင့်ပတ်သက်၍ သုဝဏ္ဏဒေဝီ၏ သျှိုးလိုက်ရတု၌ အထောက်အထားတွေ့ရှိရသည်။ ဘင်္ဂါ (၁၂)မြို့အပါအဝင် ဒက္ကာနှင့် မူရေရှေဒါဗါဒ် (ဒက္ကာနှင့်မောက်သူဇာ) မြို့များ၌ မငြိမ်မဝပ်ဖြစ်ခြင်းကြောင့် သီရိစန္ဒြားမင်းသည် အိမ်ရှေ့စံ သိင်္ဂစန္ဒြားမင်းသားကို စေလွှတ်တော်မူခဲ့သည်။ သိင်္ဂစန္ဒြားမင်းသားသည် ဒက္ကာနှင့် မောက်သူဇာမြို့များ၌ သုံးနှစ်တိုင်တိုင်ကြာခဲ့သဖြင့် နှမတော် သုဝဏ္ဏဒေဝီက သျှိုးလိုက်ရတု (၃) ပုဒ်ကို ပို့ဆက်ခဲ့သည်။တစ်ဖန် သုဝဏ္ဏဒေဝီသည် အိန္ဒိယပြည် မာဂဓတိုင်း၌ အေဒီ၄ ရာစုအတွင်းတွင် အလွန်ထင်ရှားခဲ့သော ကာလီဒါသ ရေးသားစီရင်သော သျှရှုဟောဒကျမ်းကို ရခိုင်ဘာသာဖြင့် ပြန်ဆိုရေးသားသော ကပိဂဏ္ဍာကျမ်းသည်လည်းအထင်အရှား ရှိသည်။ ထိုကျမ်းမူရင်းသည် ယခုထက်တိုင် ရခိုင်ပြည်နယ်၌ရှိနေသေးသည်။

ဤသည်တို့ကိုထောက်ထားခြင်းအားဖြင့် သီရိစန္ဒြားမင်းနှင့် သိင်္ဂစန္ဒြားမင်းတို့သည် ရာဇဝင်၌ ထင်ရှားသောမင်းများဖြစ်ကြောင်း တွေ့ရှိရပေသည်။ သို့သော် အာနန္ဒစန္ဒြကျောက်စာတွင် ထိုမင်း၏အမည်ကိုဖော်မပြခြင်းမှာ ထိုကျောက်စာကိုရေးထိုးခဲ့သော အာနန္ဒစန္ဒြမင်း၏နောက်ပိုင်း၌စိုးစံတော်မူခဲ့သော မင်းများဖြစ်သည်ဟု ယူဆနိုင်သည်။

အာနန္ဒစန္ဒြကျောက်စာမှာ အာနန္ဒစန္ဒြမင်းနန်းတက်၍ ကိုးနှစ်တိုင်ပြီးမှ ရေးထိုးခဲ့သောကျောက်စာဖြစ်၍ ထိုကျောက်စာတွင် နောက်ပိုင်းသော ဝေသာလီကျောက်လှေကားမြို့ကို စိုးစံခဲ့ကြသော မင်းများကို ဖော်မပြနိုင်ပေ။ ယင်းသို့ ဖော်မပြနိုင်သော်လည်း ရခိုင်ရာဇဝင်များနှင့် ဒင်္ဂါးများကို အထောက်အထားပြုခြင်းဖြင့် ဝေသာလီနောက်ဆုံးမင်းမှာ စူဠစန္ဒြားမင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုမင်းလက်ထက်၌ ခတ်နှိပ်ခဲ့သောဒင်္ဂါးတွင် 'စူဠမဟာရာဇာ' ဟူ၍ ဝိုင်းစက်သော ရခိုင်အက္ခရာဖြင့် ရေးထိုးထားသည်ကို တွေ့ရှိရသည်။

ဝေသာလီကျောက်လှေကားမြို့တော်သည် အရှေ့တောင်အာရှ၌အလွန်ထင်ရှားခဲ့သော မြို့တစ်မြို့ဖြစ်ခဲ့သည်။ မြို့တော်၏ အနောက်ဘက်မျက်နှာ၌ နက်ရှိုင်းကျယ်ပြန့်သော ချောင်းကမ်းပါးတွင် ကျောက်တုံးများဖြင့် ပြုလုပ်ထား



www.burmeseclassic.com

www.burmeseclassic.com

သော ကျောက်လှေကားရှိသည်။ ထိုကျောက်လှေကား၌ ဘင်္ဂလားပင်လယ်အော်ပတ်ဝန်းကျင် အရှေ့၊ အနောက်ပင်လယ်ရပ်ခြားတိုင်းနိုင်ငံများမှ ကုန်ရောင်းကုန်ဝယ် နှစ်စဉ်နှစ်တိုင်း ပင်လယ်ကူးရွက်သင်္ဘောကြီးများလာရောက်ကြရာ တစ်နှစ်လျှင် ရွက်သင်္ဘောတစ်ထောင်ခန့် ဆိုက်ကပ်လာကြသည်ဟု သမိုင်းအဆိုရှိသည်။ ထို့ကြောင့် ဝေသာလီကျောက်လှေကားမြို့ကို အနီး၊ အဝေးဘင်္ဂလားပင်လယ်အော်စာစ်ဝိုက်ရှိ တိုင်းနိုင်ငံများက သိလာကြ၏၊ ရောင်းဝယ်ဖောက်ကားလာကြ၏၊ မဟာမိတ်ဖွဲ့လာကြ၏။ ကူးသန်းရောင်းဝယ်ရေးစည်ကားသော တိုင်းပြည်ကြွယ်ဝချမ်းသာမြဲပင်ဖြစ်သည်။ နိုင်ငံခြားသားများနှင့် တန်းတူရည်တူဆက်ဆံရသဖြင့် ဗဟုသုတကြွယ်ဝလာကြ၏။ အသိဉာဏ်ရှိလာကြ၏။ တိုင်းပြည်သည်လည်း အဘက်ဘက်မှ တိုးတက်လာကြ၏ဟု ဆိုရပေမည်။

အတိုင်းတိုင်းအပြည်ပြည်နှင့် ကူးသန်းရောင်းဝယ်ဆက်သွယ်ရာ၌ အလွန်ရှေးကျသောခေတ်မှာကဲ့သို့ ကုန်ပစ္စည်းချင်းဖလှယ်သောခေတ်မဟုတ်တော့ဘဲ ယဉ်ကျေးမှုအဆင့်အတန်းတိုးတက်နေပြီဖြစ်သည့်အားလျော်စွာ ပြည်သုံးဒင်္ဂါးများ ခတ်နှိပ်သုံးစွဲကြသည်ကို တွေ့ရှိရသည်။ ဤသို့ တိုးတက်နေသော ဝေသာလီကျောက်လှေကားမြို့သို့ ပင်လယ်ရပ်ခြားတိုင်းနိုင်ငံများက လာရောက်ခဲ့ကြပြီး ရခိုင်ပြည်မှ ရခိုင်ကုန်သည်ကြီးတို့၏ သင်္ဘောများသည်လည်း ဘင်္ဂလားပင်လယ်အော်တစ်ဝိုက် ကူးသန်းရောင်းဝယ်ရေးအလို့ငှာ သွားလာခဲ့ကြပေသည်။ ထို့အပြင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) နှင့်မူကား ကူးသန်းရောင်းဝယ်ရေးသာမက ဗုဒ္ဓဘာသာရေးနှင့်ပတ်သက်၍လည်း သွားလာခဲ့ဖူးကြောင်း ရာဇဝင်ကျောက်စာများ၌ မှတ်တမ်းတင်လျက်ရှိသည်။

စူဠစန္ဒြားမင်းလက်ထက်တွင် သူရတန်ပြည်နှင့် တကောင်းသင်းတွဲပြည်သို့ ရေကြောင်းခရီးဖြင့်ချီကြောင်း၊ သရေခေတ္တရာ ပျူမင်းက လက်ဆောင်ပဏ္ဏာနှင့် ပျူမင်းသမီးတစ်ပါး ဆက်သခဲ့ကြောင်း၊ သက္ကရာဇ် ၉၅၇ ခုနှစ်တွင် သင်းတွဲပြည်မှအပြန် နဂါးရစ်အငူ (မော်တင့်စွန်း) တွင် သင်္ဘောပျက်၍ နတ်ရွာစံသောအခါ မြို့သိ်နောင်နှစ်ဦးဖြစ်သော အမြတူ၊ အမြကူနှင့် အမြတူသား ပဲဖြူမင်းတို့ ဝေသာလီတွင်အုပ်စိုးခဲ့ကြောင်း ရေးသားချက်ကို ရခိုင်ရာဇဝင်၌ မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပါသည်။ မည်သို့ပင်ဆိုစေ ဝေသာလီခေတ်သည် ရခိုင်သမိုင်းအဆိုအရသော်လည်းကောင်း၊ သုတေသီများ၏ အဆိုအရသော် လည်းကောင်း အေဒီ ၄ ရာစုမှ အေဒီ ၁၀ ရာစုအလယ်ပိုင်းအထိ ရခိုင်သမိုင်းတွင် ထွန်းပြောင်ခဲ့သောခေတ်တစ်ခေတ်ဖြစ်သည်ကိုမူ မည်သူမျှ မငြင်းနိုင်ကြပေ။

ဝေသာလီမြို့ဟောင်းထဲမှ ဘုရားကုန်းတစ်ကုန်းဖြစ်သော ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL. 10) ကို ၂၀၁၄ ခုနှစ်တွင် ဦးညိမ်းလွင် (ဒုကျောင်းအုပ်) ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်) ဦးဆောင်သောအဖွဲ့မှ တူးဖော်သုတေသနပြုလုပ်ခဲ့ပါသည်။ တူးဖော်သုတေသနပြုလုပ်နေစဉ် ငန်းတော်ကျားတစ်ကောင် ကုန်းထဲတွင် တွေ့ရှိရပါသည်။ ဤငန်းတော်ကျားကို အဝေးသို့လွှင့်ပစ်သော်လည်း အကြိမ်ကြိမ်ပြန်ရောက်လာသည်မှာ ထူးခြားလှပါသည်။ ဝေသာလီတူး ဖော်မှုကုန်းအမှတ် (VSL.7) ကို တူးသောအခါကလည်း ငန်းတော်ကျားတွေ့ရှိရပါသည်။ အစောင့်အရှောက်များဖြစ်မည်လားဟု စဉ်းစားမိပါ၏။ တူးဖော်ရေးအလုပ်သမားများအား မသတ်မိစေရန် တားမြစ်ထားရပါသည်။ နောက်ပိုင်းမှ သူ့အလိုလိုပျောက်သွားပါသည်။

တူးဖော်မှုပြုလုပ်သည့် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.10) သည် ဝေသာလီမြို့ဟောင်း၏ အနောက်ဘက် မြို့ရိုးတံတိုင်းအရှေ့ဘက်တွင် ကပ်လျက်တည်ရှိပါသည်။ ဝေသာလီရွာ၏ အနောက်တောင်ဘက်၊ ပီပင်ရင့်ကျေးရွာ၏ အရှေ့ဘက်၊ ပီပင်ရင့်ရွာဝင်လမ်း၏ မြောက်ဘက်ကပ်လျက်၊ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 9) ၏တောင်ဘက်တွင် တည်ရှိပါသည်။ G.P.S ညွှန်းမှတ်အရ မြောက်လတ္တီတွဒ် ၂၀ ၃၉ ၂၈၊ အရှေ့လောင်ဂျီတွဒ် ၉၃ ၈ ၃၁ တွင် တည်ရှိပါသည်။ စစ်တွေ-မင်းဘူးရထားလမ်း၊ ရန်ကုန် - စစ်တွေ ကားလမ်း၏ အနောက်ဘက်တွင် ကျရောက်ပါသည်။

တူးဖော်သုတေသနပြုလုပ်နေသည့် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL. 10) ၏ အရှေ့ဘက်တွင် လယ်ကွင်းကြီးများ၊ ဝေသာလီချောင်းလက်တက်နှင့် ရန်ကုန် - စစ်တွေကားလမ်း၊ တောင်ဘက်တွင် ပီပင်ရင့်ရွာဝင်လမ်း၊ လယ်ကွင်းများနှင့် ဒုံးပေါက်ချောင်း၊ အနောက်ဘက်တွင် ဝေသာလီမြို့ဟောင်းမြို့ရိုးတံတိုင်း၊ လယ်ကွင်းများ၊ ပီပင်ရင့်ရွာ၊ မြောက်ဘက်တွင် လယ်ကွင်းများ၊ မြို့တံခါးဘုရားနှင့် ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL. 9)တို့တည်ရှိပါသည်။ ဤတူးဖော်မှုကုန်းအမှတ် (VSL. 10) ကို (VSL.9) တို့နှင့်အတူတူ ၂၀၀၅ နှစ်က တစ်ကြိမ်တူးဖော်ခဲ့သည်ကို သိရှိရပါသည်။ မတူးဖော်မီ ကုန်းပေါ်တွင် ကျောက်တုံးအစိတ်အပိုင်းများတချို့ကို တွေ့ရှိရပါသည်။ မတူးဖော်မီ တူးဖော်မှုကုန်းသည် အရှေ့-အနောက် (၄၀) ပေခန့်၊ တောင်-မြောက် (၃၆) ပေခန့်ရှိပါသည်။ ကုန်းအမြင့်မှာ ပတ်ဝန်းကျင်ရှိ အနိမ့်ဆုံးမြေနေရာနှင့်တိုင်းလျှင် (၄)ပေခန့်မြင့်သည်ကို တွေ့ရှိရပါသည်။

တူးဖော်မှုပြုလုပ်သည့်ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 10) သည် မြောက်ဦးခေတ်ကျဆုံးပြီးနောက် ထိန်းသိမ်းမည့်သူ ကင်းမဲ့ကာ နှောင်းခေတ်လူတို့၏ နှောင့်ယှက်ဖျက်ဆီးမှုကိုများစွာခံခဲ့ရသောကုန်းတစ်ကုန်းပင်ဖြစ်ပါသည်။ အဓိကသိုက်ဆရာများ၏ သိုက်တူးမှုကြောင့် အဆောက်အအုံပထမပျက်စီးပြီး ဒုတိယလမ်းလုပ်သမားများ၏ဖျက်ဆီးမှုကိုခံခဲ့ရသည်။ ကျောက်များကိုယူငင်ပြီး လမ်းတွင်ထည့်ကြသည်ဟု သိရှိရပါ၏။ လယ်သမားများက လယ်ကန်သင်းရိုးပြုလုပ်ရန်ယူကြသည်များကို လယ်ကန်သင်းရိုးတွင် တွေ့ရှိရပါသည်။

ဤဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 10) ကို ၂၀၀၅ ခုနှစ် ပထမအကြိမ်တူးခဲ့စဉ်က အလယ်တည့်တည့်၌ အနည်းငယ်ချိုင့်ဝင်နေသည်မှအပ ကျောက်အများအပြားကျန်ရှိနေသည်ကို တွေ့ရှိခဲ့ရပါသည်။ ယခု ၂၀၁၄ တူးဖော်ရေးလုပ်သည့်အခါ မတူးဖော်မီကပင် ပီပင်ရင့်ရွာသားများ ဤကုန်းမှ ကျောက်များကိုယူငင်ပြီး ပတ်ပတ်လည်မြေသားဖို့ထားသည်ကို တွေ့ရှိရပါသည်။ ကုန်း၏ အရှေ့ဘက်တွင်လည်း မြေဖို့ထားသည့်အနီးအနားတွင် သဘောက်ဇာပင်များ တန်းစီ၍ပေါက်နေသည်ကို တွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 10) ကို တူးဖော်သုတေသနပြုလုပ်ရာတွင် တူးဖော်သည့်နည်းစနစ်များစွာတို့ရှိကြသည့်အနက်



www.burmeseclassic.com

www.burmeseclassic.com

အဆောက်အအုံ၏ မြေလွှာဖွဲ့စည်းပုံကို ကောင်းစွာ သိရှိနားလည်စေရန်နှင့် တူးဖော်ထွက်ရှိလာသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာဝတ္ထုပစ္စည်းများကို အလွယ်တကူ မှတ်တမ်းတင်နိုင်ရန် အတွက် ကျင်းကွက်ဖွဲ့တူးဖော်သည့်စနစ် (Grid System) ကို အခြေခံပြီး တူးဖော်သည့် နည်းစနစ်ကို အသုံးပြု၍တူးဖော်ခြင်း ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL. 10) ကို တူးဖော်သုတေသနပြုလုပ်ပြီး ထွက်ရှိလာသော အဆောက်အအုံ၏ ပန္နက်ပုံစံမှာ လေးထောင့်ပုံစံတွေ့ရှိရပါသည်။အလယ်တွင်လည်း လေးထောင့်လိုဏ်ဂူပုံသဏ္ဌာန် တွေ့ရှိရပါသည်။လေးထောင့်အဆောက်အအုံအရှေ့ဘက်တွင် လှေကားသဏ္ဌာန် အစိတ်အပိုင်းတစ်ခု ထိုးထွက်နေသည်ကိုလည်း တူးဖော်တွေ့ရှိရပါသည်။မူလက လိုဏ်ဂူပေါ် သို့တက်သော လှေကားအဆောက်အအုံဖြစ်မည်ဟု ခန့်မှန်းရပါသည်။ အဆောက်အအုံမှာ ကျောက်ပန္နက်ရာအနေအထားမျိုးသာ ကျန်ရှိပါတော့သည်။ မတူးဖော်မီကပင် ပီပင်ရင့်ရွာသားများ၏ ဖျက်ဆီးထားမှုကြောင့် ကျောက်တုံးများ ပျောက်ပျက် ပျက်စီးမှုခြင်း ဖြစ်ပါသည်။ တူးဖော်မှုလုပ်ငန်းအတွင်းလည်း ရွာသားများ၏ နှောင့်ယှက်မှုခြိမ်းခြောက်မှုများကိုခံခဲ့ရသည်။

တူးဖော်မှုပြုလုပ်၍ ထွက်ရှိလာသော ကျောက်ပန္နက်ရာမှာ အရှေ့၊ အနောက်တစ်တန်းတည်းမတွေ့ရှိရဘဲ အရှေ့ဘက်ခြမ်းမှာ မြောက်ဘက်သို့ အနည်းငယ် တိမ်းစောင်းနေပြီး အနောက်ဘက်ခြမ်းမှာလည်း တောင်ဘက်သို့ အနည်းငယ် တိမ်းစောင်းနေသည်ကို တွေ့ရှိရပါသည်။

လေးထောင့်ပုံသဏ္ဌာန်ရှိ ပင်မအဆောက်အအုံသည် အရှေ့-အနောက် ([illegible]) ပေခန့်ရှိပြီး တောင်-မြောက် (၂၀) ပေခန့်ရှိသည်ကို တွေ့ရှိရသည်။ အရှေ့ဘက်သို့ထိုးထွက်နေသောအစိတ်အပိုင်း ([illegible]) ပေခန့်ရှည်ပြီး (၉) ပေခန့်ကျယ်သည် ကို တွေ့ရှိရပါသည်။ တောင်-မြောက် ([illegible]) ပေခန့်ရှိသည်ကို တွေ့ရှိရပါသည်။ တစ်ဖက်အကျယ်မှာ(၅)ပေခန့်ရှိသည် ကို တွေ့ရှိရပါသည်။ ပင်မအဆောက်အအုံတွင် ကျောက်စီ (၅) လွှာခန့်သာ ကျန်ရှိပါတော့သည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL. 10) ၏ အဆောက်အအုံတည်ဆောက်မှုစနစ်မှာ ဝါကြန့်ကြန့်အရောင်ရှိသော သဘာဝမြေလွှာပေါ်တွင် လေးထောင့်ပုံစံရှိသော စေတီတော်၏ မြေတင်ပန္နက်ကို စတင်ပြုလုပ်ပါသည်။ မြေတင်ကျောက်ပန္နက်မှ ကျောက်လွှာ(၅)လွှာရောက်သည်အထိ အတွင်းဘက်သို့ အနည်းငယ်ဆုတ်၍ တစ်လွှာထက်မှတစ်လွှာစီတင်သွားသည်ကို တွေ့ရှိရပါသည်။ ကျောက်လွှာတိုင်တွင် အနည်းစီဆုတ်၍စီတင်ထားသည်။ ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(VSL.9)ကဲ့သို့ အုတ်ကို အသုံးပြု၍ ဆောက်လုပ်ထားခြင်းမဟုတ်ဘဲ အရွယ်အစားရှိသောသဲကျောက်တုံးများကို အသုံးပြု၍ ဆောက်လုပ်ထားသော အတွင်းလိုဏ်ဂူပါစေတီတော်တစ်ဆူပင်ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(VSL. 10)ကို တူးဖော်သုတေသနပြုလုပ်ရာတွင် မြေလွှာ(၆)လွှာကို တူးဖော်တွေ့ရှိရပါသည်။မြေလွှာအမှတ်(၁)သည် ရေ၊ လေ၊ မြေတို့သယ်ဆောင်ပို့ချခြင်းနှင့် သစ်မြစ်၊ သစ်ရွက်ဆွေးများတို့နှင့် ရောနှော၍ ဖြစ်ပေါ်လာသော အပေါ်ယံသစ်မြစ်ဆွေးရောမြေလွှာပင်ဖြစ်ပါသည်။

အမှတ်(၂)မြေလွှာသည် အပေါ်ယံသစ်မြစ်ဆွေးရောမြေလွှာအောက်တွင်ရှိသောအဆောက်အအုံပြိုကျပြီးနောက် ပို့ချထားသော ပို့မြေလွှာပင်ဖြစ်ပါသည်။

မြေလွှာအမှတ်(၃)သည် ပို့ချထားသော ပို့မြေလွှာအောက်တွင် တွေ့ရှိရသည့် ကျောက်တုံး၊ ကျောက်ကျိုးရောမြေလွှာပင် ဖြစ်သည်။ အဆောက်အအုံမှပြိုကျသွားသောအလွှာပင်ဖြစ်ပါသည်။ မြေလွှာ အမှတ် (၄) သည် အဆောက်အအုံမတည်ဆောက်မီ အုတ်ခဲကျိုးများခင်းထားသောအလွှာတစ်လွှာပင်ဖြစ်ပါသည်။ အုတ်ခဲကျိုးများအပေါ်ထပ်တွင် အဆောက်အအုံ၏ ကျောက်ပန္နက်ကိုတင်၍စီထားသည်ကို လေ့လာ တွေ့ရှိရပါသည်။

မြေလွှာအမှတ်(၅)အုတ်ခဲကျိုးများအလွှာအောက်တွင်တွေ့ရှိရသော ဖိသိပ်မြေပင် ဖြစ်ပါသည်။ သဘာဝမြေလွှာအထက်တွင် အမာခံရအောင် အခြားတစ်နေရာမှမြေကိုယူ၍ အမာခံဖြစ်အောင် ထုထောင်းဖိသိပ်ထားသောမြေလွှာပင် ဖြစ်ပါသည်။

မြေလွှာ (၆) မှာ ဖိသိပ်မြေလွှာအောက်တွင်တွေ့ရှိရသော ဝါကြန့်ကြန့်အရောင်ရှိသော သဘာဝရွှံ့စေးမြေလွှာပင် ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 10) ကို တူးဖော်သုတေသနပြုလုပ်ရာတွင် တူးဖော်တွေ့ရှိရသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာအထောက်အထားမှာ ကိုးကွယ်ယုံကြည်မှုနှင့်ဆိုင်သော ဘာသာရေးအဆောက်အအုံစေတီကို တူးဖော်တွေ့ရှိရပါသည်။ ဤစေတီကုန်းပတ်ဝန်းကျင်မှ လူအသုံးအဆောင်ပစ္စည်းများဖြစ်သည့်မြေမီးဖုတ်အိုးခြမ်းကွဲများနှင့် စဉ့်လက်ရာအပိုင်းအစများကိုလည်း တူးဖော်တွေ့ရှိရပါသည်။ စေတီတော်မှ ဌာပနာပစ္စည်းများကို လုံးလုံးမတွေ့ရှိရတော့ပေ။ သိုက်ဆရာများအကြိမ်ကြိမ်တူးထားသောကုန်းတစ်ကုန်းဖြစ်သည်ဟု သိရှိရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL. 10) မှ တူးဖော်သုတေသနပြုလုပ်၍ ထွက်ရှိလာသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာဘာသာရေး အဆောက်အအုံ စေတီကုန်းမှာ ဝေသာလီကျောက်လှေကားခေတ်လက်ရာဟု သိရှိရပါသည်။ ဤဝေသာလီလက်ရာ ရေရှည်တည်တံ့နိုင်စေရန် ခြံစည်းရိုးထိုးပြီး ကျောက်များကို သူ့နေရာနှင့်သူ စနစ်တကျ ပြန်စီထိန်းသိမ်းထားသင့်ပါသည်။ သို့မဟုတ်ပါက စေတီပန္နက်ကုန်းမှ ကျောက်တုံးများမှာ လမ်းနှင့်နီးသည်ကတစ်ကြောင်း၊ လယ်ကွင်းထဲတွင် ထီးကြီးကြီးတည်ရှိနေသည်ကတစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဝေသာလီခေတ် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ စေတီကျောက်ပန္နက်တစ်ခု ပျက်စီးဆုံးရှုံးသွားနိုင်ပါသည်။ သို့ကြောင့် အချိန်မီထိန်းသိမ်းသင့်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

*အနန္တော‌အနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

**ကိုးကားချက် -**

၁။ ကိုယ်တိုင်တူးဖော်မှုမှတ်စု
၂။ (VSL. 10) တူးဖော်မှုအစီရင်ခံစာ
၃။ ဦးအောင်သာဦး၊ ရခိုင်ယဉ်ကျေးမှု ဝေသာလီခေတ်အတွဲ(၁)၊ အမှတ် (၁)၊ ၁၉၆၆ ခု၊ စက်တင်ဘာလ။



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်လောက၊ နာနာဘာဝလောက၏ ဆန်းကြယ်မှုများကို တွေ့ကြုံသမျှနှင့် တွေ့ကြုံသူတို့တစ်ဆင့်ပြောသမျှကို ပြန်လည် ရေးသားတင်ပြခဲ့ပါသည်။ ထိုအထဲတွင် ဥစ္စာစောင့်၊ ဘုရားသိုက်စောင့်၊ သိုက်နန်းရှင် အစောင့်အရှောက်တို့နှင့် ပတ်သက်၍လည်း ကိုယ်တွေ့ကြုံခဲ့ကြသည့် မိတ်ဆွေများ၊ အသက်အရွယ်ကြီးသောပုဂ္ဂိုလ်များ၏ ပြန်လည်ပြောပြခြင်းများရှိခဲ့ကြပါသည်။

ဤသိုက်စောင့်သိုက်နန်းရှင်များ၏အကြောင်းအရာများထဲမှ ကျွန်တော်နှင့် ရင်းနှီးကျွမ်းဝင် လေးစားရသော မိတ်ဆွေ၏ ပြန်လည် ပြောပြသော အတွေ့အကြုံလေးဖြစ်သည်။ကျွန်တော့်မိတ်ဆွေမှာ မင်းဘူးမြို့တောင်ဘက်ရွှေတပင်ကျေးရွာ၌နေထိုင်ပြီး စုပေါင်းရောင်းဝယ်ရေးဌာနတွင် တာဝန်ခံတစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်ပါသည်။ ကျွန်တော့်မိတ်ဆွေအမည်မှာ ဦးနှင်းစံ ဖြစ်ပါသည်။ ယခုတိုင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါသည်။

ကျွန်တော်နှင့် တွေ့ဆုံရင်းနှီးကြသည့်အခါ ဦးနှင်းစံ၏ မဟုတ်မခံစိတ်ဓာတ်၊ ရိုးသားကြိုးစားမှု၊ အကျင့်စရိုက်သန့်ရှင်းကောင်းမွန်၊ စည်းကမ်းရှိ တိကျပြတ်သား၊ ကိုယ်ချင်းစာ၊ ကြင်နာစိတ်ရှိသူအဖြစ် အနီးကပ်ဆက်ဆံရသည့်အခါ သိရှိရပါသည်။ သူမှားလျှင် ရဲဝံ့စွာဝန်ခံပြုပြင်တတ်သူလည်းဖြစ်သည်။ ဘုရား၊ တရားကို ယုံကြည်ကြည်ညိုသူဖြစ်ကာ ပြင်ပဗဟုသုတစာပေများ လေ့လာဖတ်ရှုသူလည်း ဖြစ်သည်။ စကားဝိုင်းဖွဲ့ပြောကြလျှင် ဗဟုသုတနှင့် ပုံပြင်၊ ဟာသလေးနှော၍လည်း စိုပြည်ပျော်ရွှင်ကြရသည်။ ဌာနတွင် တိကျသေချာဆောင်ရွက်သူဖြစ်၍ ဝန်ထမ်းများက 'ကိုတိကျ' ဟု နောက်ကွယ်ကနာမတပ်ပေးထားကြသည်။ ဦးနှင်းစံအနေနှင့် လက်အောက်ဝန်ထမ်းများကို တိကျမှန်ကန်စွာဆောင်ရွက်ရန် ကိုယ်တိုင်ဦးဆောင်လုပ်ပြသလိုတာဝန်ရှိသူများကိုလည်း အမှန်အကန်အတိုင်း တင်ပြပြောဆိုသည်။ အထက်မှမမှန်ကန်မှု၊ လိုအပ်ချက်များကို ရဲဝံ့စွာတင်ပြပြောဆိုသည်။ ဤသို့တင်ပြ၍အလုပ်ဖြုတ်မည်ဆိုက အလုပ်ဖြုတ်ခံဖို့ဝန်မလေးသူလည်းဖြစ်သည်။ သူတစ်ပါးအကျိုးပျက်စီးစေမှုကို လုံးဝမလုပ်သူမလိုလားသူဖြစ်၏။ မိတ်ဆွေ ဦးနှင်းစံမှာ ၎င်းဌာနတွင် ပထမအောက်ခြေလက်နှိပ်စက်စာရေးလေးဘဝမှ အကြီးတန်းစာရေးဖြစ်လာသည်။ သူ၏ ကြိုးစားမှု၊ ရိုးသားမှု၊ တာဝန်ကျေမှုအရ သီးနှံဂိုဒေါင်မှူး၊ ဂိုဒေါင်များတာဝန်ခံ၊ ထို့နောက် ဆီကြိတ်ခွဲ၊ ဆီစက်ကြီး၏ အထွေထွေတာဝန်ခံအဖြစ်တစ်ဆင့်ပြီးတစ်ဆင့်တက်လာပြီး ယခု ဌာနတွင် အရေးပါသောတာဝန်ခံအဖြစ် ဆောင်ရွက်နေသူဖြစ်သည်။ ဤကား ကျွန်တော့်မိတ်ဆွေဦးနှင်းစံ၏အကြောင်းအချို့တည်း။

ကျွန်တော့်မိတ်ဆွေကြီး ဦးနှင်းစံဌာနဆီစက်ကြီးတာဝန်ခံအဖြစ်ဆောင်ရွက်စဉ် တွေ့မြင်ကြုံခဲ့ရသော တကယ့်အဖြစ်ကို ရေးသား တင်ပြမည်ဖြစ်ပါသည်။ ထိုဖြစ်ရပ်မှာ ကျွန်တော်သိ၍မေးခြင်းမဟုတ်ဘဲ ဗဟုသုတစုံသောမိတ်ဆွေကြီးဦးနှင်းစံထံမှ အံ့သြထူးဆန်းဖွယ်အတွေ့အကြုံလေးများကို သိရှိရအောင် သွားရောက်ခဲ့ခြင်းမှ စခဲ့ရလေသည်။

တစ်နေ့ ကျွန်တော်လည်း အလုပ်အားရက်ဖြစ်၍ မိတ်ဆွေကြီး ဦးနှင်း[...]လည်း အလုပ်အားမည်ဟု မှန်းဆ၍ ၎င်းအိမ်သို့ ကျွန်တော်သွားခဲ့သည်။ (မိတ်ဆွေကြီးဦးနှင်းစံ၏ ဌာနအလုပ်မှာ စီးပွားရေးဌာနအလုပ်ဖြစ်၍ လုံးဝအား အားရသည့်ရက်မှာနည်းပြီး နားရက်များပါ အလုပ်ဆင်းရ၍ဖြစ်သည်။) ကျွန်တော် မိတ်ဆွေကြီးဦးနှင်းစံအိမ်ရောက်သည့်အခါ မှန်းဆသည့်အတိုင်း တွေ့ရ၍ -

"ဘယ်လိုလဲဗျ ဆရာနှင်း[...] ကနေ့တော့ အလုပ်အားလို့ နားနေ[...]တယ်လား။ ကျွန်တော်မှန်းဆလာခဲ့တာ မှန်သွားပြီဗျာ"

ကျွန်တော်ကဝမ်းသာအားရပြော[...]လိုက်သည်။ဦးနှင်းစံကလည်း ကျွန်တော်[...]ကိုမြင်၍ ဝမ်းသာအားရဖြစ်သွားလျ[...]

"ဟော-ဆရာလတ်ပါလား၊ လာ[...]ဗျာ။ ခင်ဗျားလည်း ကျွန်တော့်လိုအတူ[...]ပါပဲ။ ကျွန်တော်တို့က အားရက်မနား[...]လို့ မကျေမနပ်မဖြစ်ဘူး။ အခိုက[...]တာဝန်ကျအလုပ်တွေကို အထူးသ[...]အလုပ်ကိုလူကနိုင်အောင် ကြိုးစား[...]မဟုတ်လားဗျာ။ အလုပ်က လူရဲ့ [...]လျော့၊ မကြိုးစားမှု၊ တာဝန်မကျေ[...]ကြောင့် အလုပ်က လူကိုနိုင်သွားရင် [...]ဆင်းဆုံးရှုံးမှုပေါ့ဗျာ"

မိတ်ဆွေကြီးဦးနှင်းစံက ၎င်းယူ[...]ချက်ကိုပါ ထည့်ပြောလိုက်သည်။

"ဟုတ်ပါ့ဗျာ၊ သိပ်ကောင်းသ[...]မှန်တဲ့အယူအဆပါပဲ"

ကျွန်တော်ကထောက်ခံပြောလို[...]သည်။

"ဆရာနှင်းတို့ဌာနမှာ တိုးတ[...]လာတာလည်းမပြောနဲ့။ အခုလို ဆ[...]နှင်းရဲ့အယူအဆ၊ ရိုးသားကြိုးစားမှ[...]ဓာတ်မှန်ကန်မှု၊ မဟုတ်မမှန်တ[...]



www.burmeseclassic.com

www.burmeseclassic.com

ကျွပြတ်သသေးမှုတွေနဲ့ စိတ်တူကိုယ်တူ ယ်ကိုတူညီတဲ့ ဆရာနှင်းတို့ဌာန ဂျာဦးဝင်းကျော်ကလည်း တကယ့် တ်တိုင်းကြီးတွေဆိုတော့ ပြောစ ရှိလောက်အောင်ပါဘဲဗျာ"

ကျွန်တော်က ဆရာနှင်း၏ဘက်တူ မန်နေဂျာကြီး ဦးဝင်းကျော်ကိုပါ တကယ် လိုက်လှဲစွာ ထည့်ချီးကျူးရင်း ပြောလိုက်သည်။

"အမယ်လေး - ဆရာလတ်ရယ်၊ ဆရာလတ်ချီးကျူးမှုနဲ့ ကျွန်တော်တို့



# ထက်ကောင်းလတ်

## နဂါးသိုက်နန်းရှင်



www.burmeseclassic.com

www.burmeseclassic.com

ပီတိတွေစားအားရှိပြီး ပိုကြိုးစားလိုက်ကြဦးမယ်ဗျို့ ဟား ဟား ဟား"

ဆရာနှင်းက အားရပါးရပြောရင်း တဟားဟားရယ်လေသည်။

ကျွန်တော်ကပြုံးရင်း -

"အဲဒါပဲဗျ စိတ်ဓာတ်"

ဟု တိုတိုပြောလိုက်ရာ ဆရာနှင်းက -

"ဘာလဲဗျ ဆရာလတ်ရဲ့ စိတ်ဓာတ်ဆိုတာ"

မေးသည်။ တမင်မေးခြင်းတော့ မဟုတ်။ ကျွန်တော်ရည်ရွယ်အဓိပ္ပာယ်ကို ဆရာနှင်း တကယ့်သဘောမပေါက်၍ မေးခြင်း ဖြစ်သည်။

ကျွန်တော်က -

"ဒီလိုပါ၊ ကျွန်တော်က တကယ့်အမှန်အတိုင်း ချီးကျူးတော့ တချို့ဆိုရင် ဟုတ်တာ၊ မဟုတ်တာရောနှောချီးကျူး၊ ချီးမွမ်းတော့ စိတ်ဘဝင်မြင့်သွားတာတို့ ငါကွ၊ ငါတော်လို့ စသည်နဲ့စိတ်ကြီးဝင်၊ ခပ်ကြွားကြွားတွေဖြစ်ပြီးပြောကြတယ်။ အခု ဆရာနှင်းက အဲသလို စိတ်အပြောမဟုတ်ဘဲ ပီတိစားအားရှိပြီး ပိုကြိုးစားလိုက်ကြဦးမယ်ဗျို့"

လို့ပြောတာကြောင့် -

"ခြားနားမှုကို ရည်ရွယ်ပြောတာပါဗျာ"

ကျွန်တော်က ရှင်းပြလိုက်သည်။

"အေးဗျ၊ ချီးကျူးထောမနာပြုလို့ ဘဝင်မြင့် အောက်ခြေလွတ်သွားရင် တိုးတက်မှုထက်ဆုတ်ယုတ်မှုအန္တရာယ်ဗျ။ အဲသလိုချီးကျူးမှုကို လေးလေးနက်နက်ခံယူပြီး ပိုတိုးတက်အောင်ကြိုးစားမှ လူတော်လူကောင်းအကျိုးပြုသူဖြစ်မယ်ပေါ့။ ခင်ဗျားပြောတာမှန်ပါတယ်ဗျာ။

ကဲ- ရေနွေးကြမ်းနဲ့ အကြော်စုံလေးသုံးဆောင်ပါဦး။ ပြီးရင် မနက်ထမင်းကြီးစားပြီးမှပြန်ရမယ်ဗျ"

ဆရာနှင်းက စေတနာအပြည့်ထုံးစံအတိုင်းပြောသည်။

ကျွန်တော်က လက်ကာပြရင်း -

"ကျေးဇူးပါပဲ ဆရာနှင်းရယ်၊ ထမင်းကြီးတော့မစားတော့ပါဘူး။ အိမ်က အစောကြီးထမင်းကြော်စားလို့ဗိုက်ပြည့်နေလို့ပါ။ ဒီတစ်ခါတော့ ငြင်းပါရစေ။ အဲဒီအစား ဆရာနှင်းရဲ့အတွေ့အကြုံ ဗဟုသုတ စိတ်ဝင်စားစရာတွေ ကြားသိချင်လို့ပါဗျာ"

ပြောလိုက်သည်။

ဆရာနှင်းက -

"ဆရာလတ်ရာ၊ ဒီလိုကြုံတုန်း



ယခင်နှစ် (၃၀) ခန့်က မည်းမည်းပုကွပုကွအဆောက်ကြီး ခန့်ချသွားသည့် မြောက်ဘက်ဆုံးကိုခေါင်နေရာ (မြားပြထား) ပုံ



နှစ်ပေါင်း (၃၀) ခန့်က ဆီစက် စက်ရုံဟောင်းကြီး

(ထိုဆီစက်ရုံကြီးအတွင်းမှ ညနေ ၄ နာရီကျော်ကျော်အချိန် အလုပ်သိမ်းပြန်တော့မည့် တာဝန်ခံဆရာနှင်း၏ အလုပ်စားပွဲမြောက်ဘက် ပစ္စည်းထားခန်းထဲမှ ထွန်းစွာ ချောမောလှပသည့် နှမ်းဝတ်နန်းစားနှင့်မိန်းမချောလေး ရုတ်တရက်ထွက်လာလျက် တာဝန်ခံဆရာနှင်း၏ရှေ့မှ ကြော့ကြော့လေးဖြတ်လျှောက်သွားပြီး ဆီစက်ရုံအတွင်းအရှေ့ဘက် ကန့်လန့်သုံးချက်နှင့် အတွင်းဘက်မှ သေချာထိုးပိတ်ထားသည့် တံခါးမမှ ထွက်ပျောက်သွားခဲ့သည်။ အတွင်းဘက်ခန်းများ (ဆီစက်လည်ပတ်မှုမရှိတော့၍) ကို အခန်းဖွဲ့ပြုပြင်ထား၍ မှုလနေရာများမရှိတော့။)

ကျွေးရတာ။ ဟုတ်ပါပြီ နောက်တော့ မငြင်းနဲ့ဗျာ။ ကဲ - ဘာတွေများသိချင်တာလဲ။ ကျွန်တော်သိတာကြုံတာဆိုရင် ပြောပါ့မယ်ဗျာ"

ဟု ဆိုသည်။

"အထူးအဆန်းအံ့ဩဖွယ်အတွေ့အကြုံရှိရင်ပေါ့ဗျာ။ ဥပမာဂမ္ဘီရဆန်ဆန်မျိုး ဝိညာဉ်လောကနာနာဘာဝလောကအကြောင်းမျိုးအတွေ့အကြုံရှိရင်ပေါ့ဗျာ"

ပြန်ပြောလိုက်သည်။

ဆရာနှင်းကကျွန်တော်ပြောလိုက်သည်ကို ခဏစဉ်းစားလိုက်ရင်း -

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဟိုးအရင်ကျွန်တော်ကိုယ်တိုင် အမှတ်မထင်ကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့အကြောင်းလေးတစ်ခု ပြောပြပါ့မယ်။ အဲဒါ သိုက်စောင့်သိုက်နန်းရှင်ရဲ့ခဏလေးတွေ့ကြုံခဲ့ရမြင်ခဲ့ရတဲ့အဖြစ်ပါ။ ကျွန်တော်ကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့တကယ်ကိုယ်တွေ့ပါ။ အတော်မယုံစရာကောင်းပါတယ်။ သာမန်အနေနဲ့ပြောရင်လုံးဝယုံနိုင်စရာမရှိပါဘူး။ အခု

www.burmeseclassic.com

တ်မျိုးအနေနဲ့ ဒီလိုအဖြစ်ကိုရှိနိုင်ပါ့ ားဆိုတဲ့အယူအဆနဲ့ပေါ့ဗျာ။ ခင်ဗျား ာင်ယုံချင်မှယုံနိုင်မှာပဲဗျို့"

ဆရာနှင်းက ရှင်းပြသည်။

ကျွန်တော်က ချက်ချင်းပင် -

"ကျွန်တော်ကတော့ မယုံဘူး မရှိ ဘူးလို့ မပြောပါဘူးဗျာ။ ပထမက ကမ္ဘာ ောတကြီးမှာ ထူးခြားဆန်းကြယ်မှု တွေရှိနေတယ်။ ဒုတိယက ဆရာနှင်းတို့ ဘိုးတို့လိမ်မျိုးတွေပြောတာ လုံးဝယုံကြည် တယ်။ ပြောပြမှာသာပြောပြပါဗျာ။ ထူးအဆန်းဆို သိပ်သိချင်လို့ပါ ဆရာ နှင်းရယ်"

ဆရာနှင်းက ကျွန်တော့်ကိုပြုံးရွှင် ကြည့်ရင်း -

"ဟုတ်ပါပြီ ပြောပါ့မယ်၊ ပြောပါ့ မယ်။ ဒီလိုဗျ"

အစချီလျက် အတွေ့အကြုံအ မြင်ဇာတ်လမ်းကို ပြောပြလေတော့၏။

ဦးနှင်းစံနေသောနေရာအရပ်နှင့် အလုပ်ဌာနသည် တစ်မိုင်နီးပါးလောက် ဝေးကွာသည်။ ဦးနှင်းစံက ကျန်းမာရေး လှုပ်ရှားမှုအရ နေ့စဉ် လမ်းလျှောက်ရှုံး တတ်သည်။ မနက်ရှစ်နာရီထိုးရောက်၊ ည နေ ငါးနာရီ၊ ခြောက်နာရီ၊ တစ်ခါတစ်ရံ ဆီကြိတ်ခွဲမှု အရေးကြီးသည့်အခါတွင် ညဆယ့်တစ်နာရီ၊ ဆယ့်နှစ်နာရီမှ အိမ် ပြန်ရသည်။ ဦးနှင်းစံကကြောက်စိတ်မရှိ သူဖြစ်၍ မည်မျှပင် ညဉ့်နက်ညဉ့်နက် တစ်ယောက်တည်းပြန်သည်။ ဦးနှင်းစံ ပြန်သည့်လမ်းမှာ ညပိုင်းရှစ်နာရီနောက် ပိုင်း အသွားအလာမရှိသလောက်ဖြစ် သည်။ လမ်းမီးလည်းမရှိ။ ဦးနှင်းစံက တော့ ရိုးနေချေပြီ။ ဦးနှင်းစံစိတ်ထဲ အဓိကရှိနေသည်က ဌာနတာဝန်များ သည် သူ့အပေါ်တွင်ရှိနေသည်ဟူသော တာဝန်သိ တာဝန်ယူနေမှုဖြစ်သည်။ ဦးနှင်းစံ၏ ရိုးသားကြိုးစားမှု၊ တိကျမှန် ကန်မှုအရ ဌာနတွင် တစ်ဆင့်တစ်ဆင့် ရာထူးတက်ခန့်ထားတာဝန်ပေးခံရ၏။ အမှန်တော့ သီးနှံဂိုဒေါင်ကြိတ်ခွဲရေးဆီ စက်များတွင် ပြဿနာများရှုပ်ထွေးမှု အကြိမ်ကြိမ်ဖြစ်သည်။ တာဝန်ခံဝန်ထမ်း တို့အလွဲသုံးစားမှု၊ ခိုးမှု၊ အထက်အောက် ဖောက်ပြန်မှုများအရ သီးနှံများလျော့ ခြင်း၊ ကွာဟခြင်းအဆမတန်ဖြစ်ကာ အရှုံးပေါ်သည်။ ထိုဝန်ထမ်းများကို စစ် ဆေး၊ ဖြုတ်၊ လျှော့၊ တရားစွဲ အရေးယူ မှုများ အကြိမ်ကြိမ်ဖြစ်ရသည်။ နောက် ဆုံး ဂိုဒေါင်မှူး တာဝန်ခံအဖြစ် လက် နိုပ်စက်စာရေး ဦးနှင်းစံကို တာဝန်ပေး ခန့်ထားလိုက်ကြသည်။ ဦးနှင်းစံကို တာဝန်ပေးခန့်ထားလိုက်သည့်အခါတွင် အခြေအနေအရပ်ရပ်ကို စစ်ဆေးခြင်း၊ ဂိုဒေါင်လုံခြုံမှု၊ ပစ္စည်းထားသိုမှုနှင့် ဝန်ထမ်းခန့်ထားမှုတို့ကိုပါ စနစ်တကျ လုပ်ခြင်း၊ စာရင်းဇယားများ မိမိခွင့်ပြု ချက်မရဘဲ ပစ္စည်းဝင်၊ ထွက်များ လက်ခံ ဆောင်ရွက်မှု၊ နေ့စဉ်မှတ်တမ်းများ၊ သော့များစနစ်တကျထားခြင်း၊ ဖွင့်ခြင်း၊ ပိတ်ခြင်း၊ နေ့စဉ်စစ်ဆေးမှု၊ အပတ်စဉ်စစ် ဆေးမှုကို အစစအကွက်စေ့စေ့မျက်ခြည် မပြတ် စီစဉ်ဆောင်ရွက်မှုကြောင့် ဆုံးရှုံး မှုနှင့် ပြဿနာဖြစ်နေသောဂိုဒေါင်၊ သီးနှံ ဆောင်ရွက်မှုလုပ်ငန်းများ တစ်လထက် တစ်လအရှိန်မြင့်တိုးတက်လာလေသည်။ ဂိုဒေါင်များပြဿနာလုံးဝရှင်းလင်းသွား သော်လည်း သီးနှံနှင့်စပ်လျက်ဖြစ်သော ဆီစက်ကြီးတွင် ပြဿနာတွေကအဆင့် ဆင့်ဖြစ်နေသည်။ သီးနှံလျော့ခြင်း၊ ဆီ များအထွက်လျော့ခြင်း၊ ပျောက်ဆုံးခြင်း၊ စက်ပစ္စည်းများ ပျောက်ဆုံးခြင်း၊ ငွေများ ကွာနေခြင်းများ ဆီစက်တာဝန်ခံနှင့် ဝန် ထမ်းများအားလုံးကလည်း ကိုယ်ရကိုယ် ယူ လောဘဖောက်ပြန်မှုများကြောင့် စာရင်းစစ်ဆေးရေးဝင်၊ စာရင်းငွေကွာ၊ ပစ္စည်းကွာဖြင့်လျော်ရသူ၊ ထောင်ကျသူ၊ ဖြုတ်ကြသူများဖြစ်နေသည်။ ပြဿနာ များလှသော ဆီကြိတ်လည်ပတ်မှုကို ရပ်ဆိုင်းထားရကာ အရှုံးပေါ်နေလေ၏။ ဌာနလူကြီးများက ဆီစက်အရေးကိစ္စ အတွက် ညှိနှိုင်းဆွေးနွေးကြသည်။ ဆက်လက်လည်ပတ်နိုင်ရေး ဝန်ထမ်းခန့် ထားမှုကို စဉ်းစားကြသည့်အခါ နောက် ဆုံးဌာနတွင် ရိုးသားကြိုးစားမှု၊ တိကျ သေချာမှန်ကန်မှုနှင့် သီးနှံဂိုဒေါင်တာ ဝန်ခံဖြစ်သည့် ဦးနှင်းစံကို ဆီကြိတ်ခွဲ ရေး ဆီစက်ကြီးတွင်တာဝန်ပေးရန်ဆုံး ဖြတ်တာဝန်ပေးလိုက်သည်။ တာဝန်ပေး စဉ်က အထက်လူကြီးများက ဦးနှင်းစံ ကို -

"ကိုနှင်းစံ၊ ခင်ဗျားကို ကျွန်တော် တို့ဌာနက ယုံကြည်စိတ်ချရမှု၊ တိကျ သေချာမှန်ကန်မှု၊ တာဝန်ကို လေးလေး နက်နက် ဆောင်ရွက်တာတွေကြောင့် ခုလို တိုးမြှင့်တာဝန်ပေးခြင်း ဖြစ်တယ်။ ခင်ဗျားကို တာဝန်ကျေပါ၊ မှန်ကန်ပါလို့ ထပ်မပြောချင်ဘူး။ ခင်ဗျားကို ကျွန်တော် တို့ လေးစားယုံကြည်ပြီးသား ဖြစ်တယ် ဗျာ"

ဟု လေးလေးနက်နက်ပြောလိုက် သည်။

ဦးနှင်းစံကလည်း -

"ဟုတ်ကဲ့၊ ကျွန်တော့်အနေက တော့ ပေးအပ်တဲ့တာဝန်ကို လေးစား စွာ ဆောင်ရွက်မှာဖြစ်ပါတယ်"

ဟု ခပ်တိုတို လေးလေးစားစား ပြန်ပြောလိုက်သည်။

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

ဤမျှသာ အထက်လူကြီးများက သဘောကျခေါင်းညိတ်ပြောကြလေသည်။ ဆီစက်တာဝန်များ ပေးအပ်ပြီးနောက် ဦးနှင်းစံသည် ဆီစက်ပစ္စည်းစာရင်းများ အသေးစိတ်လက်ကျန်၊ ကုန်သီးနှံများ၊ စာရင်းဇယားများ၊ ထိုမှ ဝန်ထမ်းများကို မိမိ သဘောကျ စိတ်ချရသူများကို ရွေး ချယ်ခန့်ထားသည်။ နောက်စက်ရုံလုံခြုံ ခိုင်ခံ့မှု၊ တံခါးများကအစ အသေးစိတ် စစ်ဆေး၊ သော့ကအစ အသစ်လဲလှယ် ပြင်ဆင်သည်။ အားလုံးပြီးသည့်အခါ ဆီစက်စတင်လည်ပတ်သည်။ သီးနှံ၊ ဆီ၊ နှမ်းဖတ်ကအစ မိမိခွင့်ပြုချက်မရဘဲ ဝင်၊ ထွက်၊ ရောင်းမလုပ်စေဘဲ တိကျသော ချိန်တွယ်စစ်ဆေးမှုများဖြင့် ဆောင်ရွက် ရလေသည်။ ဤသို့ဖြင့် တစ်လအတွင်း ဆီကြိတ်ခွဲလည်ပတ်မှုသည် အထွက်နှုန်း အမှန်အကန်ဖြင့် တိုးတက်လာသည်။ ခြောက်လအကြာ ဆီစက်၏အောင်မြင် မှု အကျိုးအမြတ်များသည် ဌာနလူကြီး များ ချီးကျူးမဆုံးဖြစ်ခဲ့ရလေတော့သည်။ တစ်နှစ်ခန့်အကြာ ဦးနှင်းစံ တာဝန်ယူ ဆောင်ရွက်ခဲ့သော ဆီစက်ကြီးအထွက် နှုန်းကောင်းကောင်းဖြင့် အကျိုးအမြတ် ထူးခြားခဲ့သလို ဆီစက်တာဝန်ခံ ဦးနှင်းစံ သည်လည်း ဆီစက်ရုံကြီးအတွင်းမှ ထူးဆန်းအံ့ဩဖွယ်ရာကိုလည်း ဦးနှင်းစံ ကိုယ်တိုင်တွေ့ကြုံခဲ့ရလေသည်။တကယ့် ထူးခြားဆန်းကြယ်မှုဖြစ်သည်။

တစ်နေ့ ညနေပိုင်း ဆီစက်ကြိတ်ခွဲ မှုရပ်နားပြီး၍ ဝန်ထမ်းများအားလုံး ရုံး ဆင်း၍ပြန်ကြသည်။ တာဝန်ခံ ဦးနှင်းစံ တစ်ယောက်တည်း စာရင်းများထပ်စစ် သည်။ စာရင်းများ သေချာစစ်ပြီး၍ ပြန် ရန်အတွက် လက်ဆွဲအိတ်ထဲ ထမင်းဘူး နှင့်အသုံးအဆောင်များထည့်လိုက်သည်။ လက်ဆွဲအိတ်ထဲမှ ရှေ့တံခါးမကြီးခတ် မည့်သော့တွဲကို စားပွဲပေါ်တင်ထားလိုက် ပြီး ဆီစက်ရုံအတွင်းဘက်၊ အနောက် ဘက်တံခါးမကြီးနှင့် ပြတင်းပေါက်များ၊ မြောက်ဘက်တံခါးမကြီးနှင့် ပြတင်း ပေါက်များ၊ အရှေ့ဘက်တံခါးမကြီးနှင့် ပြတင်းပေါက်များကို သေချာအောင် လှည့်ပတ်စစ်ဆေးလိုက်သည်။ (ဆီစက်ရုံ



www.burmeseclassic.com

www.burmeseclassic.com

ကြီးမှာ ငါးပေပတ်လည်အမိုးနှစ်ဆင့်နှင့် အမိုးအကာသွပ်ထူများဖြင့် ဆောက်လုပ်ထားသည်)။ တောင်ဘက်မှာ ဆီစက်မျက်နှာစာဖြစ်ပြီး အဝင်၊အထွက်တံခါးမကြီးထားရှိသည်။ ထိုတံခါးမကြီးမှထွက်လျှင် တောင်ဘက် ဝါးလေးရိုက်အကွာ၌ ဌာနဝိုင်းကြီး၏အဝင်အထွက်သံတံခါးမကြီးရှိသည်။(ဌာနတည်ရှိပုံမှာ အကျယ်အဝန်းသည် ဘောလုံးကွင်းတစ်ကွင်းစာမျှ ကျယ်ဝန်းပြီး အရှေ့ဘက် ဆီစက်ရုံတန်းမှာ ခပ်လျှောလျှောမြေနိမ့်ပိုင်း (တောင်၊ မြောက်) အနောက်ဘက် (တောင်၊ မြောက်) တန်း ဂိုဒေါင်များ၊ တောင်ဘက်အစွန်ရုံးနှင့် စည်းဝေးခန်းမသည် အရှေ့၊ အနောက်တန်းလျက်ရှိသည်။ ဂိုဒေါင်များနှင့် ဆီစက်ကြားတွင် အနိမ့်ပိုင်း၌ ရေကန်၊ သန့်စင်ခန်းများရှိပြီး ၎င်းမြောက်ဘက်ခပ်လှမ်းလှမ်းတွင် ညှိရိပ်သာခန်းမ နှစ်ခန်းတွဲရှိပသည်။ ညစောင့်တဲမှာ ကုန်းကမူအမြင့်လေးပေါ်ရှိသည်။ ထိုနေရာသည် ကျယ်ဝန်းသောဌာနဝင်းကြီးနှင့် အဆောက်အအုံအားလုံးကိုခြုံ၍မြင်တွေ့နိုင်လေသည်။)

ဦးနှင်းစံအလုပ်စားပွဲမြောက်ဘက်ဆယ်ပေခန့်အကွာတွင် စာရင်းဇယားများနှင့် အရေးကြီးပစ္စည်းများထားသည့်အခန်းနှင့် အတွင်းဗီရိုကြီးနှစ်လုံးရှိသည့်အခန်းမှာ လုံခြုံပြီး တံခါးမတစ်ဖက်ဖွင့်တံခါးရှိသည်။ ညနေ ရုံးဆင်းပြန်ခါနီး ထုံးစံအတိုင်း အတွင်းဘက်လှည့်ပတ်စစ်၊ စိတ်ချမှ ပထမအတွင်းခန်းတံခါးကို သေချာသော့ပိတ်သည်။ ပြီးမှရှေ့တံခါးမခတ်သော့တွဲယူလျက် ဆီစက်ရုံအပြင်ဘက်မှ တံခါးမကြီးကို အထက်၊အောက်သော့နှစ်ဆင့်ခတ်စစ်ဆေးပြီး ပြန်နေကျဖြစ်သည်။ ယခု အတွင်းခန်းတံခါးကိုပိတ်ဖို့ စားပွဲပေါ်မှသော့တွဲကိုယူ၍သွားမည်အပြု အတွင်းခန်းတံခါးဆီလှမ်းအကြည့် ဦးနှင်းစံ မျက်လုံးကြီးပြူး၊ပါးစပ်ကြီးဟလျက်သား ကြောင်၍မှင်တက်မိသွားသည်။ စိတ်ထဲက -

"ဘုရား ဘုရား၊ ဘာများပါလိမ့်"

ဟု ဘုရားတမိသွားသည်။

ဦးနှင်းစံ မြင်တွေ့လိုက်ရသည်ကား အလွန်ချောမောလှပ၊ နုပျိုလှပ၊ရွှင်ချိုလှသည့်မျက်နှာ၊ ဝင်းစိုသောအသားအရေ၊ ကြော့ရှင်းသော ကိုယ်လုံးကိုယ်ပေါက်၊ အစိမ်းနုရောင်အထက်အောက်ဝတ်စုံ နန်းဝတ်နန်းစားအသွင် ပြိုးပြိုးပြက်ပြက်ရတနာများ ဆင်ယင်ဝတ်စားထားသော ဆယ့်ရှစ်နှစ်၊ နှစ်ဆယ်ရွယ်မိန်းမချောလေးဖြစ်သည်။ နန်းဝတ်နန်းစားနှင့်မင်းသမီးလေးလား၊ နတ်သမီးလား။ ဦးနှင်းစံငေးကြောင်အံ့ဩတွေနေခိုက် မိန်းမချောလေးသည် အတွင်းခန်းတံခါးအပြင်ဘက်(ဖွင့်ထားသောအတွင်းအခန်းတံခါး) ဦးနှင်းစံ အလုပ်စားပွဲရှေ့မှ ငြိမ့်ငြိမ့်လေး ညင်ညင်သာသာလျှောက်လျက် အရှေ့ဘက် အတွင်းတံခါးမကြီးဆီသွားနေသည်။ ဦးနှင်းစံ သတိရပြီး စိတ်ကိုပြန်ထိန်းလျက် အရှေ့ဘက်တံခါးမကြီးဆီ လျှောက်သွားနေသော မိန်းမချောလေးကိုလှမ်း၍ -

"ဟေ့ . . . ဟေ့ . . ."

ဟုလှမ်းပြောရင်း ထပ်မံပြောမည့်စကားလုံးဆက်မထွက်မီ တံခါးမကြီးဆီသွားနေသော မိန်းမချောလေးသည် အတွင်းသုံးဆင့်၊ ချက်၊ ကန့်လန့်ထိုးပိတ်ထားသည့် အတွင်းတံခါးမကြီးမှ ထွက်ပျောက်သွားလေသည်။ ဦးနှင်းစံ ပို၍အံ့ဩသွားရပြန်လေ၏။ ဆီစက်အရှေ့ဘက် အတွင်းတံခါးမသည် အတွင်းမှသေချာကန့်လန့်သုံးဆင့်ထိုးပိတ်ထားသော သံပြားတံခါးကြီးဖြစ်သည်။ မိန်းမချောလေးသည် ပိတ်လျက်သားထိုတံခါးမှထွက်ပျောက်သွားခြင်းသည် လူမဟုတ်နိုင်သော အစွမ်းရှိသူသာဖြစ်ပေမည်။ ထပ်မံအံ့အားသင့်နေသောဦးနှင်းစံသည် ချက်ချင်းသတိရပြီး တောင်ဘက်တံခါးမကြီးဆီ ပြေးထွက်လျက် အရှေ့ဘက်ကိုအရောက်လာခဲ့သည်။စောစောက မိန်းမချောလေး ထွက်သွားသောတံခါးမကြီးအပြင်ဘက်အရောက် တံခါးအခြေအနေစစ်ကြည့်သည်။ဘာမှမဖြစ်။ တံခါးသည် စေ့စေ့ရိရိပိတ်လျက်သား။ တွန်းကြည့်သည် မရ။ ဦးနှင်းစံ ထိုနေရာမှ မြောက်ဘက် ဆီစက်ရုံနောက်ဖေးဘက် ဆက်လျှောက်လာပြီးရှာကြည့်သည်။ မိန်းမချောလေးကိုမမြင်မတွေ့ရ။ ဆီစက်ရုံမြောက်ဘက်(နောက်ဖေးဘက်) ဝါးတစ်ရိုက်အကွာတွင် ရေချိုးရေကန်ကြီးနှင့် ရေစက်၊ ခပ်လှမ်းလှမ်းတွင် လေးခန်းတွဲသန့်စင်ခန်း၊ ထိုမှ ပေငါးဆယ်ခန့်အကွာ၌ နားနိုဆောင်၊ တစ်ထပ်(သုံးခန်းတွဲ) အဆောက်အအုံရှိသည်။ ဆီစက်ရုံအဆောက်အအုံက အရှေ့ဘက် အနိမ့်ပိုင်း၊ အနောက်ဘက် ကုန်းပြင်ပေါ် ပေငါးဆယ်ခန့်အကွာ၌ တောင်မြောက်တန်းလျက် အကြီးအမားဂိုဒေါင်ကြီးငါးလုံး၊ ထိုဂိုဒေါင်တောင်ဘက်တွင် အရှေ့အနောက် ပေတစ်ရာကျော်အရှည်ရှိ ဌာနရုံးခန်းမ အစည်းအဝေးခန်းမကြီးရှိသည်။ အောက်ဘက် မြေပြန့်ဆီစက်ရုံကြီး၏ တောင်ဘက်ခပ်လှမ်းလှမ်းတွင် ဌာနဝိုင်းကြီး၏ ဝင်ထွက်ပင်မတံခါးမကြီးရှိသည်။ ထိုဝင်ပေါက်တံခါးမကြီးအထက်ကုန်းမြင့်တွင်ညစောင့်တဲရှိသည်။ ညစောင့်သည် ထိုနေရာမှ ဌာန၊ ရုံးဝိုင်းအပေါ် အောက်ဘေးတို့ကို အားလုံးမြင်တွေ့နိုင်သည်။ ညပိုင်း လျှပ်စစ်မီးပွင့်များကို အဆောက်အအုံများ၊ အချက်အချာနေရာများ၌ထားရှိ၍ ညပိုင်းအလင်းအချင်းမြင်ရသည်။ ဦးနှင်းစံ ဆီစက်ရုံကိုပတ်၍ ရှေ့ဘက်ပြန်ထွက်လာသည်ကို မြင်ရသော ညစောင့်သည် ဦးနှင်းစံနားရောက်လာလျက် -

"ဆရာ၊ ဘာများရှာနေတာလဲခင်ဗျာ"

မေးလိုက်သည်။

ဦးနှင်းစံက -

"ဘာမှမရှာပါဘူးကွာ၊ အပြင်ဘက်လိုက်စစ်ကြည့်တာပါ။ ညပိုင်းကျရင် မင်းသေချာဂရုစိုက်နော်။ မီးတွေဘာတွေသတိထား။ နာရီဝက်တစ်ကြိမ်လှည့်စစ်။ ဓာတ်မီးလည်းပေးထားတာ၊ လျှပ်စစ်မီးတွေလည်းဖွင့်၊ ပိတ် ဂရုစိုက်။ ဖုန်းလည်းအသင့်ရှိတယ်။ ထူးခြားတာရှိရင် ချက်ချင်း အကြောင်းကြား မေ့မေ့လျော့လျော့ အိပ်မနေနဲ့ဦးနော်"

ဦးနှင်းစံ မူလအကြောင်းရင်းကို မပြောဘဲ ညပိုင်းဂရုစိုက်ဖို့ အခြေအနေတွေသာပြောလိုက်သည်။

"ဟုတ်ကဲ့ ဆရာ၊ ဂရုစိုက်ပါ့မယ်"

ညစောင့်ပြန်ဖြေပြီး တောင်ဘက်ဝင်းတံခါးမကြီးဆီ ပြန်လှည့်သွားသည်။ ဦးနှင်းစံစိတ်ထဲ မတင်မကျ ဇဝေဇဝါ သံသယစိတ်ပေါင်းများစွာဖြင့် ဆီစက်ရုံအတွင်းပြန်ဝင်လာပြီး အလုပ်စားပွဲပေါ်မှ သော့၊ လက်ဆွဲအိတ်တို့ကိုယူလျက် အပြင်ထွက်၊ ဆီစက်ရုံတံခါးမကြီးကို သေချာပိတ်၊ သော့ကိုသေချာခတ်လိုက်သည်။ လက်ဆွဲအိတ်လက်ကဆွဲရင်း ဌာနတံခါးမကြီးကိုပိတ်၊ သော့ခတ်လိုက်လေသည်။

ဦးနှင်းစံ အိမ်ပြန်လမ်းတွင် အရင်ကလို မိမိတာဝန်ယူရသော ဆီစက်ရုံ၏ အခြေအနေ၊ ကြိတ်ခွဲမှု၊ ဆီထွက်နှုန်း၊ စက်ပစ္စည်းလိုအပ်မှု၊ ရောင်းအားအခြေအနေတို့ကိုတွေးရင်း အိမ်ပြန်ရောက်ခဲ့သည်။ ယခုတော့ ဤအတွေးများ ယာယီပျောက်လျက် လွန်စွာအံ့ဩဖွယ်ကောင်းလှသည့် စောစောပိုင်းဆီ စက်ရုံအတွင်းမှာ တွေ့မြင်ပျောက်ကွယ်သွား



www.burmeseclassic.com

www.burmeseclassic.com

သော မိန်းမချောလေးကို မျက်စိထဲပြန်မြင်ရပြီး အတွေးစဖြစ်ပေါ်နေလေသည်။ အစိမ်းနုရောင်နန်းစဉ်ဝတ်စားပုံနှင့် အလွန်ချောမောလှပသည့် မိုးပေါ်နတ်သမီးလေလား (မမြင်ဘူးသော်လည်း ပန်းချီပုံနှင့်အပြောများအရမှန်းဆ၍) ဒါမှမဟုတ် သိုက်နန်းရှင်၊ သိုက်ဥစ္စာစောင့်များလား၊ အရင်အရင်က ဤနေရာဌာနတာဝန်ကျနေသူများ ဤလိုတွေ့ကြုံကြသူများရှိမရှိတော့ မသိမကြား။ သူ၏ မြင်တွေ့ကြုံခဲ့ဖူးလျှင်တော့ မပြောဘဲနေကြမည်တော့မထင်။ မိမိ ဂိုဒေါင်များကိုတာဝန်မယူစဉ် စောစောပိုင်းက ပြဿနာပေါင်းစုံဖြစ်ကြသည်။ ထိုစဉ်က ညစောင့်က မိမိကိုလာပြောခဲ့ဖူးသည်။

သူညစောင့်စဉ် သန်းခေါင်လောက်အချိန်လျက်ရှိသော ဂိုဒေါင်ငါးလုံးခေါင်းမိုးပေါ်က တဒုန်းဒုန်းတဝိုင်းဝိုင်းအသံတွေကြားရကြောင်း၊ ချက်ချင်း ဓာတ်မီးယူ၍ ညစောင့်တဲပေါ်က ပြေးထွက်လျက် မီးထွန်းညှိသော ဂိုဒေါင်ခေါင်မိုးများပေါ် ဓာတ်မီးဖြင့်ထိုးကြည့်ရာ ဓာတ်မီးရောင်တွင် ပုတွကွမည်းမည်းအကောင်ကြီးတစ်ကောင် ခုန်ပေါက်ပြေးလျက် ဂိုဒေါင်များ၏ မြောက်ဘက်အဆုံး ခေါင်မိုးပေါ်မှ အမှောင်ထဲခုန်ချပြေးထွက်သွားကြောင်း၊ ညစောင့်က မည်းမည်းပုကွကွကောင် ခုန်ချသောဘက်ကို အပြေးလိုက်ကြည့်သော်လည်း အကောင်ကြီးကို တွေ့မမြင်ရတော့ကြောင်း ထူးဆန်းမှုကို ပြောပြဖူးသည်။ ထိုစဉ်က မိမိအနေနှင့်ယုံကြည်မှုမရှိ၍ -

"စိတ်ထင်လို့ပါ မဖြစ်နိုင်ပါဘူး"

ဟု ပြန်ပြောခဲ့သည်။ မျက်မြင်ကိုယ်တွေ့မြင်တွေ့ရသော ညစောင့်မှာ ဆက်မငြင်းမပြောတော့ဘဲ ငြိမ်နေခဲ့၏။ ယခု ထိုညစောင့်ပြောခဲ့သော စကားကို အမှတ်ရလိုက်သည်။ ယခု တွေ့ကြုံရသောမိန်းမချောလေးနှင့် ယခင်ညစောင့်တွေ့ခဲ့ရသည်ဆိုသော မည်းမည်းပုပုကွကွအကောင်ကြီးနှင့်တော့မတူပါ။ ဒီဌာနဝိုင်းထဲ ဤလိုမျိုးတွေရှိနေသလား၊ အဖြစ်နိုင်ဆုံးက သိုက်စောင့်၊ သိုက်နန်းရှင်များ ဖြစ်နိုင်ချေရှိသည်။ သို့သော် သိုက်စောင့်သိုက်နန်းရှင်များဆိုလျှင် လူသူမနီးသည့်နေရာမျိုး၊ ဘုရားဝိုင်းစသည့်နေရာများ၌ ရတနာပစ္စည်းစောင့်ရှောက်နေကြသည်ဟုသာ ကြားဖူး၏။ အတွေးတွေတစ်ထွေးကြီးနှင့် အိမ်ပြန်ရောက်ခဲ့သည်။

အိမ်ပြန်ရောက်သည့်အခါ ရေချိုး ထမင်းစား၊ ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့ပြီး စောစောအိပ်ရာဝင်ခဲ့သည်။ အိပ်ရာထဲရောက်သည့်အခါ ချက်ချင်း အိပ်မပျော်သေးဘဲ ညနေက တွေ့မြင်ခဲ့ရသော မိန်းမချောလေးအကြောင်း ဆက်တွေးနေမိပြန်သည်။ နတ်သမီးလား၊ ဥစ္စာစောင့်သိုက်နန်းရှင်လားမသိရသည့် မိန်းမချောလေးကို အသည်းထဲစွဲနေ၍တော့မဟုတ်ပါ။ ထူးခြားဆန်းကြယ်လှသော ကြုံတွေ့ခဲ့ရမှုအပေါ်နှင့် ဤကြုံတွေ့ရခြင်းသည် ဘာအတွက်ကြောင့်နည်း ဟူသော သိချင်စိတ်လာသည်။ ရှေးလူကြီးများပြောဖူးပါသည်။ ဥစ္စာစောင့်၊ သိုက်နန်းရှင်တွေ့လျှင် ရွှေမန်ကျည်းသီးတောင့်တောင်းရသည်ဟု ကြားဖူးသည်။ တကယ့်ဟုတ်၊မဟုတ်တော့မသိ။ ယခုလည်း ရွှေမန်ကျည်းသီးတောင့်ကိုတောင်းဖို့ထက် လျှပ်တစ်ပြက် မြင်လိုက်ရသည့် ထူးဆန်းအံ့သြဖွယ်မြင်ကွင်းကြောင့် ကြောင်ကြည့်ရင်းသတိရပြီး 'ဟေ့ ဟေ့' နှင့်လှမ်းပြောရင်း ကျန်ခဲ့ရသည်။

တွေးရင်း ပို၍ထူးဆန်းသည်ကို တွေ့ခဲ့ရပြန်သည်။ နန်းဝတ်နန်းစားနှင့် မိန်းမချောလေးသည် အတွင်းဘက်ကနေ သုံးဆင့်ပိတ်ထားသော အရှေ့ဘက်ဝင်ပေါက်တံခါးမကြီးမှအပြင်ဘက်ထွက် ပျောက်သွားသောမြင်ကွင်း ဖြစ်သည်။ ရုပ်ရှင်ထဲမြင်တွေ့ဖူးသော ရုတ်တရက် အဆီးအတားနံရံအပိတ်များမှ ဖျတ်ခနဲ ပျောက်သွားတာမျိုးပုံစံဖြစ်၏။ ဦးနှင်းစံ ဘာမှမပြောနိုင်။ စကားတန်းလန်းနှင့် ကျန်ခဲ့ရသည်။ ဤနန်းဝတ်နန်းစားနှင့် မိန်းမချောလေးသည် နတ်သမီးလား၊ သိုက်နန်းရှင်လား။ သူမသည် ဆီစက်ရုံအတွင်း မိမိစာရင်းဖိုင်များ၊ ပစ္စည်းများထားသည့်အခန်းထဲမှာရှိနေလား သို့မဟုတ် ဤနေရာမြေအောက်တွင်ရတနာသိုက်နန်းရှိနေလား။ တစ်ဖန် အနောက်ဘက်ကုန်းပေါ်မှ ဂိုဒေါင်ငါးလုံးအပေါ် အရင်တုန်းက ညစောင့် ညဦးသန်းခေါင် တွေ့ခဲ့သည်ဆိုသော မည်းမည်းပုကွကွ အကောင်ကြီးနှင့် ဆက်စပ်မှုများရှိနေသလားတွေးရင်းတွေးရင်း မျက်တောင်များလေးလာပြီး ဖျတ်ခနဲအိပ်မောကျသွားလေ၏။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ဦးနှင်းစံနားထဲ -

"ဒီမှာရှင့် ခဏထပါဦး၊ ပြောစရာရှိလို့ပါ"

ဆိုသည့် အသံချိုချိုလေးကိုကြားလိုက်ရသဖြင့် ဖျတ်ခနဲ ထထိုင်လိုက်၏။ အသံကြားရသည့်နေရာကအမှောင်ခပ်လှမ်းလှမ်းဆီမှဖြစ်သော်လည်း လှမ်းမြင်ရသည်က လင်းနေသည့် အလင်းရောင်အောက် အစိမ်းနုရောင်ထက်အောက် နန်းဝတ်နန်းစား ဆံပင်တစ်ပတ်လျှိုနောက်ချ၊ တောက်ပြောင်သော လက်ဝတ်လက်စားများနှင့် ပြုံးချိုလှပသည့် မိန်းမချောလေး။ ညနေက ဆီစက်ရုံထဲတွေ့မြင်ရသည့်ပုံစံအတိုင်းဖြစ်၏။ မိန်းမချောလေးသည် ဦးနှင်းစံကို စူးစိုက်ကြည့်နေသည်။ ဦးနှင်းစံ အံ့အားသင့်ကြည့်ရင်း ညနေကမမေးလိုက်ရသောမေးခွန်းနှင့် အခုထပ်ရောက်လာပြီး အိပ်နေသော မိမိကိုနှိုးခြင်းသည် မည်သည့်အတွက် နှိုးခြင်းဖြစ်သည်ကိုမေးရန်ဖြစ်သည်။ ဦးနှင်းစံမေးရန်စကား နှုတ်မှမထွက်နိုင်သေးဘဲ မိန်းမချောလေးကို စူးစမ်းအကြည့်နှင့်စိုက်ကြည့်နေသည်။

"ဒီမှာရှင့်၊ ကျွန်မကိုသိပ်စိုက်ကြည့်ရင်းတွေးမနေနဲ့။ ကျွန်မလာခြင်းအကြောင်း ရှင်သိချင်နေတယ်မဟုတ်လား။ အဲဒါပြောဖို့လာခဲ့တာပဲရှင့်"

မိန်းမချောလေးက အတွင်းစိတ်ကိုဖောက်ထွင်းသိသလို စကားသံချိုချိုလေးနှင့်ပြောလိုက်သည်။

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ ပြောပါဗျာ၊ ပြောပါ။ ကျွန်တော်သိချင်ပါတယ်"

ဦးနှင်းစံ ခပ်သွက်သွက်ပြန်ပြောလိုက်သည်။

"ဒီလိုပါ။ ကျွန်မက နဂါးသိုက်နန်းစောင့် သိုက်နန်းရှင်ပါ။ ဘယ်သိုက်ဘယ်နေရာဆိုတာတော့မသိချင်နဲ့တော့။ ကျွန်မလာခဲ့လို့ ရှင်အံ့ဩနေတာလည်းသိပါတယ်။ ကျွန်မလာတာ ဘယ်သူ့ကိုမှနှောင့်ယှက်ဖို့မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်မဝန်းကျင်မှာ မဟုတ်မမှန်လုပ်တာ၊ အများနဲ့သက်ဆိုင်တာ၊ ကိုယ်ကျိုးလောဘနဲ့မတရားလုပ်ယူတာတွေ့ရှိရင် ဒါတွေကို တန်ပြန်ဖြစ်စေဖို့အတွက်ပါ။ ကျွန်မနဲ့ သိုက်နန်းကို စောင့်ရှောက်တဲ့ အစောင့်ကြီးတစ်ယောက်လည်းရှိသေးတယ်။ ရှင်တို့အနောက်ဘက်အဆောက်အအုံတွေနားမှာနေတယ်။ ဘယ်သူ့ကိုမှ ရန်မလုပ်ပါဘူး။ မမှန်ကန်တဲ့ ဖောက်ပြန်တဲ့လူတွေတော့ ဘေးဒုက္ခကြုံကြရမှာပါ။ ရှင်က မှန်ကန်တဲ့စိတ်ဓာတ်၊ ဖြူစင်တဲ့စိတ်ဓာတ်ရှိတဲ့သူပါ။ ရှင့်ကိုလိုအပ်ရင်ကူညီဖို့ပါပဲ။ ဒါအတွက်ပြောချင်လို့လာခဲ့တာပါပဲ"

စကားသံသည် လိုရင်းကိုပြောပြီး



www.burmeseclassic.com

www.burmeseclassic.com

စကားဆက်မရှိတော့ဘဲ အသံလည်းပျောက်၊ ရုပ်သွင်လည်းဖျတ်ခနဲပျောက်ကွယ်သွားလေသည်။ ထိုစဉ် နားထဲတိုးဝင်လာသော ဦးနှင်းစံ၏အဖေ ဘုရားရှိခိုးသံ၊ မေတ္တာပို့သံ၊ ကြေးစည်သံများကြောင့် ဦးနှင်းစံ သတိဝင်နိုးလာခဲ့သည်။ အိပ်ပျော်နေရာမှ မနက်စော အိပ်မက်မက်နေခြင်းကိုသိပြီး ချက်ချင်း အိပ်ရာမှ လူးလဲထလိုက်သည်။ အိပ်ရာပေါ် ထထိုင်ရင်း ဦးနှင်းစံထူးထူးခြားခြားအိပ်မက်ကို ပြန်တွေးကြည့်နေသည်။ အိပ်မက်ထဲကမိန်းမချောလေးသည် မနေ့ညနေက မိမိဌာန ဆီစက်ရုံထဲ တွေ့မြင်လိုက်ရသောမိန်းမချောလေး။ သူမသည် နဂါးသိုက်နန်းရှင်ဟုပြောသည်။ မည်သည့်သိုက်နေရာမှာရှိနေသည်ဟုလည်းမပြော၊ ဤဝန်းကျင်တွင် မကောင်းမှုပြု၊ မမှန်မကန်လုပ်၊ ဖောက်ပြန်သူတို့ကို တန်ပြန်ဒဏ်ပြုခြင်း၊ မှန်ကန်သူများကို ကူညီစောင့်ရှောက်သည်။ ဆီစက်ရုံအနောက်ဘက်အပေါ် ဂိုဒေါင်တန်းလျားများအနီး၌ သူမနှင့် သိုက်ကိုစောင့်ရှောက်သောအစောင့်ကြီးရှိသည်။ ဘယ်သူ့ကိုမှဒုက္ခမပေးဟုလည်းပြောသည်။ နောက်ပြီး မိမိက စိတ်ဓာတ်မှန်ကန်ဖြူစင်တဲ့သူ၊ လိုအပ်ရင်ကူညီမည်ဟုပြောပြီး ပျောက်ကွယ်သွားသည်။အိပ်မက်ဆိုသော်လည်း အနီးကပ်တွေ့ပြီး စကားသံကြားနေရသလိုမျိုး မနေ့ညနေကတွေ့မြင်ခဲ့ရခြင်း၊ လာခဲ့ရခြင်းအကြောင်း၊ မိမိသိချင်သောအကြောင်းကို သိုက်နန်းရှင်က အတွင်းစိတ်ကိုထိုးဖောက်သိသည့်အလား အိပ်မက်ထဲလာပြောခြင်းဖြစ်လေသည်။

အိပ်မက်နှင့်ပတ်သက်၍ လည်းကောင်း၊ နဂါးသိုက်နန်းရှင် မိန်းမချောလေးနှင့် ပတ်သက်၍ လည်းကောင်း ပြောသွားသောစကားအဓိပ္ပာယ်များနှင့် ပတ်သက်၍လည်းကောင်း၊ ဦးနှင်းစံအိပ်ရာပေါ်ထိုင်ရင်း အလေးအနက် စူးစိုက်တွေးနေသည်။ တွေးသော်လည်း အဖြေမရသေး။ ထိုမှ မျက်နှာမသစ်၊ သွားမတိုက်ရသေးသည်ကိုသတိရပြီး အိပ်ရာများသိမ်း၊ သွားတိုက်၊ မျက်နှာသစ်လိုက်သည်။ ပြီး ဘုရားရှိခိုး ပုတီးစိပ်၊ အမျှအတန်းဝေသည်။ ပြီးမှ ပဲပြုတ်ထမင်းကြော်ပူပူလေးစား၊ ရေနွေးကြမ်းသောက်သည်။ စားရင်းသောက်ရင်း စောစောက အိပ်မက်အကြောင်း ဆက်စဉ်းစားတွေးသည်။ ဦးနှင်းစံတွေးရင်း ထမင်းကြော်ဆက်မစားမိဘဲ ရှေ့ကြည့်ရင်းငိုင်နေသည်။

"သား၊ ဘာတွေများ ဒါလောက်ငိုင်တွေးနေရတာလဲ။ ကြည့်စမ်း၊ ထမင်းကြော်ပန်းကန်ကိုင်မစားဘဲ ငိုင်နေပုံက ဘာလဲကွ။ မင်းချစ်သူအကြောင်းတွေးပြီး ငိုင်နေတာလားကွာ"

အဖေဖြစ်သူက သားငိုင်တွေးနေပုံအဖြစ်ကိုမြင်ပြီးပြောလိုက်ခြင်းဖြစ်သည်။

ထိုအခါမှ ဦးနှင်းစံ အဖေ့အသံကြားပြီး သတိရလျက် -

"ဟာ - အဖေကလည်း မဟုတ်ကဟုတ်ကဗျာ"

ဟု ခပ်ရှက်ရှက်ဖြင့်ပြန်ပြောလိုက်သည်။

အဖေဖြစ်သူက ပြုံးပြုံးကြီးပြန်ကြည့်ရင်း -

"အေးပါကွာ၊ ဒါပေမယ့် မင်းစကားက မဟုတ်ကဟုတ်ကဆိုတော့ နောက်ဆုံးစကားလုံးက တစ်မျိုးကြီးနော် ဟား ဟား ဟား"

ပြောရင်း အားရပါးရရယ်လိုက်လေသည်။

"ဟာဗျာ - အဖေကလည်း ကျွန်တော်ချစ်သူရည်းစားမစဉ်းစားသေးပါဘူး။ အဖေတို့ကိုလုပ်ကျွေးသမှုပြုနေဦးမှာပါ။ ရည်းစားလည်းမရှိသေးပါဘူး အဖေရာ"

"အေးပါ အေးပါ၊ ငါ့သားစကားနဲ့ ရည်ရွယ်ချက်နဲ့ လက်တွေ့လုပ်နေတာကြောင့် အဖေဝမ်းသာပါတယ်။ ငါ့သားလေးက ထမင်းကြော်စားရင်း ငိုင်တွေးနေလို့ နောက်ပြောလိုက်တာပါကွာ"

ဖခင်ဖြစ်သူက ဦးနှင်းစံကို အားရရွှင်ပြုံးစွာကြည့်ပြောလိုက်ရင်း -

"ကဲကဲ - ဆက်စားပါကွာ၊ မင်းရုံးသွားဖို့ပြင်ဆင်လိုက်ဦး၊ နောက်ကျနေဦးမယ်"

သတိပေးပြောလိုက်လေသည်။

"ဟုတ်ကဲ့ အဖေ"

ဟု ဦးနှင်းစံ ရိုသေစွာပြောရင်း အဝတ်အစားလဲ၊ ထမင်းချိုင့်၊ လက်ဆွဲအိတ်ယူပြီး ရုံးဆီသို့ထွက်ခဲ့လေသည်။ ဦးနှင်းစံအဖေက သားနောက်ဘက်မှ လှမ်းကြည့်ရင်း ရွှင်ကြည်သောအသံတိုးတိုးဖြင့် -

"ငါ့သားကြီး ကျန်းမာချမ်းသာ အသက်ရာကျော်ရှည်ပါစေ"

ဟု ဆုတောင်း မေတ္တာပို့ကျန်ခဲ့လေတော့သတည်း။

❑

"ကဲ-ဆရာလတ်ရေ၊ တွေ့မြင်ကြုံခဲ့ရတဲ့ ကျွန်တော်အတွေ့အကြုံကတော့ အဲဒီအတိုင်းအမှန်ပါပဲ။ ခင်ဗျားယုံမယုံတော့မသိဘူး။ အဲဒီတုန်းက အဖြစ်အပျက်ကို မျက်စိထဲနဲ့ စိတ်ထဲမှာတော့ အမှတ်ရနေတုန်းပါပဲဗျာ"

ဦးနှင်းစံက ရှင်းပြောပြသည်။

"အခုလို ကိုယ်တွေ့အတွေ့အကြုံကိုပြောပြလို့ ဝမ်းသာကျေးဇူးတင်ပါတယ်ဗျာ။ ယုံလည်းယုံပါတယ်။ ခင်ဗျားလိုလူက အမြင်အတွေ့အမှန်ပြောပြတာ ဘယ်မယုံဘဲရှိပါ့မလဲ၊ ယုံပါတယ်ဗျာ။ ကဲ - ကျွန်တော်ပြန်လိုက်ဦးမယ်။နောက်အားတဲ့အခါ ထပ်တွေ့ပြီးပြောကြသေးတာပေါ့။ ဆရာနှင်းရဲ့ ထူးထူးဆန်းဆန်း အံ့ဩစရာကြားသိရလို့ ကျေးဇူးတင်ပါတယ်ဗျာ။ ကဲ - ပြန်လိုက်ဦးမယ်ဗျာ"

ကျွန်တော် ကျေးဇူးတင်စကားပြောပြီး နှုတ်ဆက်ပြန်ခဲ့သည်။

အပြန်လမ်းတွင် မိတ်ဆွေကြီး၏ အမြင်အတွေ့အကြုံကို ပြောပြခဲ့သည့်အထဲမှ သိုက်နန်းရှင်ဆိုသည့်အကြောင်းတွေးရင်း လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်ခန့်က ကျွန်တော်၏ခင်မင်ရင်းနှီးရသော မိတ်ဆွေလည်းဖြစ်၊ ဆရာလည်းဖြစ်သော ဆရာဦးကျော်သန်း (ထိုစဉ်တုန်းက ဆရာဦးကျော်သန်းမှာ မြန်မာ့ရိုးရာ သိုင်းပညာ (လက်၊တုတ်၊ဓား) သင်တန်းဖွင့်လှစ်၍ လူငယ်များကိုသင်ကြားပေးစဉ် ကျွန်တော်သည်လည်း တစ်လသင်တန်း တက်ရောက် သင်ကြားခဲ့ဖူးပါသည်။ ဆရာဦးကျော်သန်း၊ ဆရာဦးအုန်းမြင့်၊ ဆရာဦးတူး ဆရာသုံးဦးနှင့် ကိုယ်ခံပညာ မြန်မာ့ရိုးရာသိုင်းအဖွဲ့တို့ ကျားသစ်နတ်သိုင်းအဖွဲ့ဟုခေါ်သည်။) သည် တိုင်းရင်းဆေးကုသဆရာ၊ အထက်လမ်းနှင့်ကုသဆရာ၊ မြန်မာ့ရိုးရာ ကိုယ်ခံသိုင်းပညာရှင် ဘာသာသာသနာအကျိုးဆောင်ရွက်နေသော (ဘုရားတည်၊ ပြုပြင်၊ ထီးတော်တင်အဖွဲ့ခေါင်းဆောင်) ထိုစဉ်ကပြောပြသော၊ ၎င်းကိုယ်တိုင်ကျောက်မဲတောင်နဂါးသိုက်စေတီတည်ခဲ့သော နဂါးသိုက်နန်းနှင့် ကျောက်မဲတောင် နဂါးသိုက်စေတီအကြောင်းကို ဖျတ်ခနဲ ပြန်လည် အမှတ်ရမိလိုက်ပါတော့သတည်း။

ထက်ကောင်းလတ် (မင်းဘူး)

www.burmeseclassic.com




# မင်းဘူး-ဗိုလ်ဥတ္တမ

## အကြောင်းတရားတွေမကောင်းခဲ့လျှင်

၂၀၁၄ ခုနှစ်၊ ဇွန်လကုန်ဖြစ်သည်။ မြစ်ကြီးနားမြို့ ရန်ကင်း (၁၂) လုံးတန်းသို့ သွားရန်ကိစ္စရှိသဖြင့် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းမတစ်နေရာမှနေတက္ကစီ တစ်စီးကိုတားလိုက်သည်။ (၁၂)လုံးတန်း သွားရမည့်ဈေးကိုမေးရာ ကျပ် (၂၀၀၀) ဟု ဆိုသဖြင့် သင့်တင့်သောဈေးမို့ ကားတံခါးဖွင့်ကာဝင်ထိုင်လိုက်သည်။သူပြောသောဈေးက မှန်နေသည်မို့ လူရိုးမှန်းသိလိုက်ပါသည်။ ခပ်လည်လည်ယာဉ်မောင်းက ဤခရီးကိုကျပ်သုံးထောင်ခေါ်၏။ ပုံမှန်သမားက ဈေးဆစ်လျှင်လည်း ကျပ် (၅၀၀) လျှော့ပေးပြီး ကျပ် (၂၀၀၀) ဖြစ်အောင်၊ မဆစ်ရင်လည်း ကျပ် (၂၅၀၀) ရလေအောင် (၂၅၀၀)ဈေးခေါ်တတ်သည်။ ယာဉ်မောင်းသည် လူငယ်တစ်ဦးဖြစ်သည်။ ရှိလှမှ သူ့အသက်က (၃၅)နှစ်ခန့်ဖြစ်မည်။ သူ့ကို ဟံသာဝတီ အဝိုင်းကနေ ပြည်လမ်း၊ ယင်းမှ ပညာရေးတက္ကသိုလ်ထဲကိုဝင်၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမ္ဘာအေးဘုရားလမ်းပေါ်တွင် စက်မှု(၁)လမ်းကနေ အနောက်ရန်ကင်းကို ဝင်ရန်ပြောလိုက်သည်။ ပြီးတော့မှ 'ဘုန်းကြီးစာချ၊ မိကျောင်းမင်းရေကင်းပြတယ်တော့ မထင်ပါနဲ့နော်'ဟု ပြောလိုက်ပါသည်။ လမ်းတွင် ထွေရာလေးပါးစကားများပြောသွားမဲ့သည်။ တစ်နေ့ အုံနာကို ဘယ်လောက်သွင်းရသလဲ၊ ညသမားဆိုလျှင်ကော အုံနာကြေးဘယ်လောက်လဲ။ ဒီကားက ဓာတ်ဆီကားလား၊ ဂက်(စ်)ကားလား။ ဓာတ်ဆီဆိုရင် တစ်နေ့ ဓာတ်ဆီဖိုးက ဘယ်လောက်လဲ၊ ဂက်(စ်)ဆိုရင်ကော မေးကြည့်မိသည်။

ပြီးမှ -

"ဒီအဘိုးကြီးစကားသိပ်များတာ ပဲလို့မထင်ပါနဲ့နော်။ အဘက စာရေးတဲ့သူပါ။ စာရေးတဲ့သူတစ်ဦးဟာ ပါးစပ်ပိတ်နေလို့မရဘူး။ သတင်းအချက်အလက်တွေမေးမြန်းပြီးရှာရပါတယ်"

ဒီတော့ ယာဉ်မောင်းလူငယ်က ရယ်သည်။

"ခုတစ်လော တက္ကစီတွေခဏခဏဓားပြတိုက်ခံရတဲ့သတင်းတွေဖတ်ရတယ်ကွ။ ပိုက်ဆံကို အိတ်ထဲမှာ နည်းနည်းပဲပြထားသိလား။ များရင်တစ်နေရာမှဖွက်ထားနော်"

ဟု ပြောလိုက်တော့ -

"ဟုတ်ကဲ့ပါ"

ဟု ဆိုသည်။

"ကားကိုရပ်ထားရင်လည်း သစ်ပင်အောက်မှရပ်မထားပါနဲ့။ မိုးသက်မုန်တိုင်းကျလို့ သစ်ပင်ဟာ အမြစ်ကကျွတ်လဲပြီး ကားပေါ်ပိတာကိုတွေ့ဖူးလို့ပြောတာပါ"

သည်တော့ သူက -

"ကျွန်တော်ကခံပြီးပါပြီ"

ဟုပြောတော့ သူ့စကားကိုကြားရရာမှ ကျွန်တော်ကလန့်သွားပြီး -

"ဟင်"

ဟု ယောင်၍ ထွက်သွားမိပြန်ပါသည်။

"အဲဒီတုန်းက သူဌေးကားကို ကျွန်တော်မောင်းနေတာပါ။မောင်းသက်ကလည်း ခုနှစ်နှစ်ရှိပြီမို့ ကလေးတွေနဲ့လည်း ကျောင်းပို့၊ကျောင်းကြိုနဲ့ ခင်မင်ရင်းနှီးလို့နေပါပြီ။ ခြံထဲမှာရပ်ထားတုန်းမှာ သစ်ကိုင်းကျိုးပြီး ကားပေါ်ကျလို့ ကားပျက်စီးသွားတယ်။ ကားက တိုယိုတာမက်(စ်)တူးရှေ့ငါးပါ။ သဘာဝဘေးအန္တရာယ်ပဲ။ ကျွန်တော်ရဲ့တာဝန်ပေါ့လျော့မှုကြောင့်မှမဟုတ်ဘဲ။ ဒါပေမယ့် အဲဒီကားပြင်ဆင်စရိတ်ကို ကျွန်တော်က လျော်ရတယ်။ ကျွန်တော်လည်း ငွေအကျေပေးဆပ်ပြီးတာနဲ့ အလုပ်က ထွက်လိုက်ပါတယ်"

သူကြည့်ရသည်မှာ မတရားလုပ်သည်ကိုခံခဲ့ရသည့်အကြောင်းပြန်ပြောရင်း စိတ်မကောင်းဖြစ်ဟန်တူ၏။

"ကျွန်တော်ဟာ မိဘနှစ်ပါးကို လုပ်ကျွေးနေတဲ့သူပါ။ အိမ်ထောင်မရှိပါဘူး၊ အရက်မသောက်၊ ဖဲမရိုက်၊ မူးယစ်ဆေးမသုံးပါဘူး"

သူစိတ်မကောင်းဖြစ်သွားသည်ကို ကျွန်တော်သိသည်။ သို့နှင့် အမှန်တရားကိုနားလည်အောင် ကျွန်တော်က သူ့အား ရှင်းပြပါသည်။

"ညီလေး၊ ဘဝမှာ ဘယ်လောက်ပဲ ကိုယ်ကကောင်းအောင်ကြိုးစားနေထိုင်ပေမယ့် တစ်ခါတစ်ရံမှာ လောကဓံဆိုတာကိုကြုံရတတ်ပါတယ်။ အဲဒါက တော့ ဘဝဟောင်းကပြုခဲ့တဲ့ မကောင်းတဲ့အကြောင်းတရားတွေပါပဲ။ ဘဝဟောင်းတုန်းကပြုခဲ့တဲ့ မကောင်းတဲ့ အကြောင်းတရားရဲ့ အကျိုးဆက်ကို

www.burmeseclassic.com

ဒီဘဝမှာရတတ်လေ့ရှိတယ်။ ငါဟာ (၆)နှစ်သားအရွယ်ကတည်းက ဥပုသ်စောင့်လေ့ရှိခဲ့သူပါ။ ကြီးလာတော့လည်း မင်းပြောသလို အရက်မသောက်၊ ဖဲမရိုက်၊ သူတစ်ပါးအိမ်ထောင်ကို မကျူးလွန်ဘူးခဲ့သူ၊ သူတစ်ပါးရဲ့သမီးပျိုကို မဖျက်ဆီးခဲ့သူပါ။ ဒါပေမယ့် ဒီဘဝမှာ ငါဟာ အိမ်ထောင်ပျက်ပဲ။ ဒီမျှဆို မင်းနားလည်ပါလိမ့်မယ်။ ဒီဘဝမှာ လူ့ဘုန်းကြီးပမာ သန့်စင်အောင်နေထိုင်ခဲ့တယ်။ ဒါပေမယ့် ဘဝရဲ့မသန့်စင်မှုကို ကြုံတွေ့ခဲ့ရတယ်။ အဲဒါဟာ ဘဝဟောင်းတုန်းက အကြောင်းမကောင်းခဲ့လို့ အခုဘဝမှာရတဲ့ အကျိုးဆက်တွေပါပဲ"

သူမောင်းနှင်လာသောကားမှာ အနောက်ရန်ကင်းလမ်းအတိုင်းသွားရင်း ရန်ကင်းလမ်းမကြီးထောင့်တွင် လက်ဝဲဘက်ကိုချိုးကွေ့ကာ ဥက္ကလာသွားဘတ်(စ်)ကားမှတ်တိုင်အလွန်လေးတွင် ရပ်ပေးသည်မို့ ကျသင့်ငွေ (၂၀၀၀)ကျပ်ကိုကမ်းပေးကာ ကားပေါ်မှဆင်းလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ဟု သူကဆိုသည်။

"ယခုလို ချောမောစွာလိုက်ပို့တဲ့အတွက် ငါကလည်း ကျေးဇူးအထူးတင်ပါတယ်။ အစစအရာရာမှာ အဆင်ပြေပါစေ"

ဟု ပြောလိုက်သည်။

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ"

ဟု သူကဆိုကာ ကားကိုမောင်းထွက်သွားသည်။ ကျွန်တော်ကဆုမပေးလျှင်လည်း အစစအရာရာအဆင်ပြေမှာပါ။ သူသည် ကျေးဇူးရှင်မိဘနှစ်ပါးကို လုပ်ကျွေးပြုစုနေသော သားကောင်းရတနာတစ်ပါးမို့ဖြစ်သည်။ ကျွန်တော်လည်း ထုတ်ဝေသူနှင့်တွေ့ရန် လမ်းကိုဖြတ်ကူးလိုက်သည်။

ဒီမတိုင်ခင် ရက်အနည်းငယ်ကပဲ ဤခရီးကို တက္ကစီစီးရန် ကျွန်တော်သွားခဲ့ဖူးသည်။ ယာဉ်မောင်းသည် အသက်(၆၀)ကျော်အရွယ်ဖြစ်သည်။ ရန်ကင်း(၁၂)လုံးတန်းကိုဆိုတော့ ကျပ် (၂၀၀၀)ပဲ ယာဉ်မောင်းကဆိုသည်။ ကားစီးလာရင်း ထုံးစံအတိုင်း ကျွန်တော်က စကားစသည်။

"ကိုယ်ပိုင်လားဗျ"

ဆိုတော့ -

"သားရဲ့ကားပါ"

ဟု သူကဆိုသည်။

ဤအဖြေကိုကြားရတော့ ရင်ထဲမှာအောင့်သွားသည်။ သားအုံနာရဲ့ကားကိုမောင်းနေရသော ဖခင်တစ်ဦးပါလား။ ဖြစ်သင့်သည်က အဖေအုံနာ၏ကားကို သားကမောင်း၍ အဖေ့ထံနေ့တွက်ရှင်းရမည်မဟုတ်လား။ ယခုတော့ ပြောင်းပြန်ဖြစ်နေပါပကော။

"အသက်ဘယ်လောက်ရပြီလဲ"

ဟု ဆက်၍မေးလိုက်ရာ -

"(၆၅) နှစ်ပါ"

ဟု သူကဖြေ၏။

"ခင်ဗျားက ကျွန်တော့်ထက် (၃) နှစ်ငယ်တာပဲ"

ဟု ပြောလိုက်သည်။ တစ်ဆက်တည်းပင် -

"ဪ - ငါဟာ ဒီအရွယ်မှာ သားအုံနာရဲ့ကားကိုမောင်းလို့ စီးပွားမရှာရတာ ကံကောင်းတာပဲ"

ဟုလည်း တွေးလိုက်မိသည်။ ဝင်ငွေချင်းကမူ တခြားစီပါ။ သူ၏ဝင်ငွေသည် တစ်လလျှင် အနည်းဆုံး သုံးသိန်းကျပ်ဖြစ်မည်။ ကျွန်တော်၏ဝင်ငွေသည် သတင်းစာ၊ မဂ္ဂဇင်းတွင် ဆောင်းပါးများရေးရာမှ လွန်ရာကျွံရော ခုနစ်သောင်းကျပ်ဖြစ်သည်။ သူသည် တရားသမားတစ်ဦးဖြစ်ပါသည်။ တရားစကားကို စကားစရင်း 'နေတာ်မမ၊ နေသောဟမသို့နမေသောအတ္တာတိ' ကို ရွတ်ပြသောအခါ-

"အဲဒါဟာအနတ္တလက္ခဏာသုတ္တန်ကပဲ"

ဟု သူက ဆိုသည်။

ထိုနေ့တွင် (၁၂) လုံးတန်း ကားမှတ်တိုင်၌ သူက ကားမောင်း၍ထွက်သွားသောအခါ အမျိုးအမည်မသိသော ဝေဒနာက ကျွန်တော့်ရင်မှာ စွဲငြိကျန်ရစ်ခဲ့လေသည်။

'အကြောင်းကရားတို့၏သဘော' အမည်နှင့် သူရဋ္ဌဂျာနယ်တွင် ကျွန်တော်ရေးသားခဲ့ဖူးသည်။ တစ်ဖန် 'ပေးထားလို့ ပြန်ရတာပါ' အမည်နှင့် အကြောင်းတရားကို အခြေခံသော ဆောင်းပါးကိုလည်း သူရဋ္ဌမဂ္ဂဇင်းမှာပင် ရေးသားခဲ့ပါသည်။ အကြောင်းတရား ဟူသည် ကောင်းသော အကြောင်းတရား၊ မကောင်းသောအကြောင်းတရားဟူ၍ရှိသည်။ 'ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်၊ မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်မည်' ဟူ၍ မူလတန်းကျောင်းသားဘဝကတည်းက ရွတ်ဆိုခဲ့ရသည်။ ဗုဒ္ဓဘာသာ၏ အခြေခံတရားသည် 'ကမ္မဿကတာဉာဏ်' ဖြစ်သည်။ ပြုလုပ်မှုကြောင့် တူညီသောဝိပါက်ဟူသော အကျိုးတရားကို ယုံကြည်လက်ခံသောအယူအဆရှိသည်။ တန်ခိုးတော်ရှင်၊ ဖန်ဆင်းရှင်ကြောင့်ဖြစ်လာရခြင်းမ ဟုတ်၊ တိုက်ဆိုင်မှုကြောင့်ဖြစ်လာရခြင်းမဟုတ်။ မိမိ၏ ဘဝဟောင်းက ကောင်းသောစေတနာနှင့် ပြုလုပ်ခဲ့မှု၊ မကောင်းသောစေတနာနှင့် ပြုလုပ်ခဲ့မှုတို့၏ ရလဒ်အကျိုးတရားကိုသာ ယခုဘဝတွင် ခံစားရခြင်းဖြစ်သည်။

ဤနေရာတွင် ထေရဝါဒဗုဒ္ဓဘာသာ၏ ဘဝကူးပြောင်းပုံကိုလည်း သိနားလည်ထားရန်လိုအပ်ပါသည်။

အတ္တကောင်၊ လိပ်ပြာကောင်ဟူ၍မရှိပါ။ ဘဝဟောင်းတွင် ရုပ်၊ နာမ်သည် အပြီးတိုင်ချုပ်ငြိမ်းသွားခဲ့သည်။ သို့သော် စေတနာ၏ အစွမ်းသတ္တိက ကျန်ရစ်ခဲ့သည်။ အရှင်နာဂသိန်နှင့်မိလိန္ဒမင်းကြီးတို့၏ အမေး၊ အဖြေခန်းတွင် ဤပြဿနာပါရှိခဲ့သည်။ နစသောနစအညော' 'သူလည်း မဟုတ်၊ တခြားသူလည်းမဟုတ်'ဟု အဓိပ္ပာယ်ရသော ယခုဘဝရုပ်သစ်၊နာမ်သစ်သည် ဘဝဟောင်းမှ ရုပ်၊ နာမ်လော။ မဟုတ်ပါ။ သို့ဆိုလျှင် ဘဝဟောင်းရုပ်၊ နာမ်နှင့် လုံးဝမဆက်စပ်သော ရုပ်၊ နာမ်လော။ မဟုတ်ပါ။ သို့ဖြစ်လျှင် မည်တဲ့သို့ယခုဘဝရုပ်၊ နာမ်ကဖြစ်လာရသည်လဲ။

ဘဝဟောင်းတွင် ထားခဲ့သော စေတနာကံနှင့်လျော်ညီစွာ ဤဘဝ၏ ရုပ်သစ်၊နာမ်သစ်တို့ဖြစ်ရပါသည်။ပဋ္ဌာန်းတရားတော်လာ 'ကမ္မပစ္စယော' တွင် ရှင်းလင်းပါရှိပါသည်။

ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ ။

ကုသလံ ကုသလံ ကမ္မံ-ကုသိုလ်ကံစေတနာ၊ အကုသိုလ်ကံစေတနာသည်၊ ဝိပါကာနံခန္ဓာနံ - ဝိပါက်နာမက္ခန္ဓာတရားတို့အား လည်းကောင်း၊ ကဋတ္တာစ ရူပါနံ - ကမ္မဇရုပ်တရားတို့အားလည်းကောင်း၊ ကမ္မပစ္စယေန- နာနာက္ခဏိက- ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော- ကျေးဇူးပြုသည်၊ ဟောတိ - ဖြစ်၏။

စေတနာ - အတူတကွဖြစ်သော စေတနာ စေတသိက်သည်၊ သမ္ပယုတ္တာနံဓမ္မာနံ - ယှဉ်ဆက်ဖြစ်သော နာမ်တရားတို့အား လည်းကောင်း၊ စေတနာ

www.burmeseclassic.com

ည့်သော စေတသိက်တို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနဥ္စရူပါနံ - ထို တနာကြောင့် ဖြစ်ပေါ်လာကုန်သော ရုပ်တရားတို့အားလည်းကောင်း၊ အတူ ဖြစ်သော ပစ္စယသတ္တိဖြင့်၊ ပစ္စ သော - ကျေးဇူးပြုတတ်သည် ဖြစ်၏။

ထို့ကြောင့် ကမ္မပစ္စယောတွင် ဝေါက်ျသည် ဘဝဟောင်း၏အကျိုး ဆက် 'နာနာက္ခဏိကကမ္မ' ဟု ခေါ်၍ ယဝါကျသည် အတူတကွ ယှဉ်တွဲ ဖြစ်ပေါ်သည်ဖြစ်သောကြောင့် 'သဟ ဇာတကမ္မ' ဟု ခေါ်သည်။ ယခုဘဝတွင် တ ကောင်းမွန်စွာ နေထိုင်ါလျက် ကောင်းကျိုးကိုရရှိခြင်းသည် နာနာ က္ခဏိကကမ္မကျေးဇူးဖြစ်သည်။ စိတ်ရှည် သည်၊ သည်းခံသည်၊ ပြေပြေလည်လည် ဆက်ဆံတတ်သောကြောင့် မိတ်ဆွေ များခြင်းသည် သဟဇာတကမ္မသတ္တိ ဖြစ်သည်။ ဒေါသကြီး၍ မျက်နှာနီမြန်း ခြင်း အသားတုန်ခြင်းသည် ယင်းကြောင့် ဖြစ်ရသော ရုပ်တရားများဖြစ်သည်။

(ကမ္မပစ္စယောအတွက် ဗန်းမော် ဆရာတော်ကြီး ကံမြင့်ကျောင်းတိုက်၌ ဟောကြားထားသောပဋ္ဌာန်းတရားတော် အခုပ်ကို ကိုးကားပါသည်။)

ဒါဖြင့်လျှင် ယခင်ဘဝဟောင်း (ဘဝ်လျက်ဘဝဟောင်း) က ပြုသမျှတို့၏အကျိုးကို ယခုဘဝ၌ဖြစ်သလား။ ဖြစ် သည်လည်းရှိသည်။ ယင်းဘဝ၏ အရင့် အရင်ဘဝများစွာက ပြုသမျှ၏ အကျိုး ဆက်ဖြစ်သည်လည်းရှိသည်။ ဤနေရာ တွင် ဇော (၇)တန်ကို စဉ်းစားဖို့လိုလာ ဖြစ်သည်။ ဇော (၇) တန်တွင် ပထမ ဇောသည် ယခုဘဝတွင် အကျိုးပေး သည်၊ အကယ်၍ အကျိုးမပေးသော် အဟောသိကံ ပျက်ပြယ်သည်။ သတ္တမ ဇောသည် ရှေ့ဇောတို့၏အရှိန်ကြောင့် အတုန်ပြင်းသည်။ ထို့ကြောင့် ဒုတိယ ဘဝတွင်အကျိုးပေးသည်။ အလယ်ဇော (၅)ချက်သည် တတိယဘဝမှစ၍ နိဗ္ဗာန် ရမိ စပ်ကြားဘဝများတွင် အလျဉ်းသင့် သလို အကျိုးပေး၏။

ရွှေတိဂုံဘုရားတွင် ပန်းသည် အစ်မကြီးတစ်ဦးရှိခဲ့သည်။ တစ်နံနက် စောစောတွင် သံဃာတစ်ပါးကြွလာ သည်ကို မြင်တွေ့ရရာက မိမိ၌ပါသော ပန်းဖွယ်ကို သံဃာအား လောင်းလှူခဲ့ သည်၊ သံဃာက ယင်းပန်းသည်အစ်မ ကြီး လောင်းလှူသမျှကို ဘုရားအား ဆွမ်းအဖြစ်ကပ်လိုက်သည်ကိုလည်း မြင် တွေ့ရသည်။ သို့နှင့် ယင်းသံဃာသည် ဘုရား၏ တောင်ဘက်မုခ်မှ ပြန်ဆင်းလှ ဆဲဆဲတွင် မိမိ၌ကျန်သောစားဖွယ်ကို သံဃာအား ထမင်းလောင်းလှူပြန် သည်။ သံဃာသည် တောင်ဘက်မုခ် စောင်းတန်းမှ အောက်သို့ပြန်ကြွသွားခဲ့ သည်ကိုနောက်မှနေပြီးကြည့်နေမိသည်။ သံဃာတော်၏ခြေထောက်အစုံတို့သည် လှေကားထစ်များနှင့်မထိဘဲတစ်ထွာခန့် လွတ်နေသည်ကို အံ့ဩစွာဖူးတွေ့လိုက် ရသည်။ မကြာမီဝယ် အောင်ဘာလေ ထီတစ်စောင်ကို (၂)ကျပ်ဖြင့် ဝယ်ကံစမ်း ခဲ့ရာ တစ်သိန်းဆုပေါက်သည်။ တိုက်ပု လေးတစ်လုံးကို ယင်းငွေကျပ်တစ်သိန်း နှင့်ဝယ်လိုက်နိုင်ခဲ့သည်။

စာရေးဆရာ မင်းသူရိန်လော၊ မြောင်းမြမောင်ကိုလော၊ ရန်အောင် မောင်မောင်လော ကောင်းစွာ မမှတ်မိ တော့ပြီ။ လှေထိုးသားတစ်ယောက်သည် သူ၏ဇနီးနှင့်ဖောက်ပြန်သောလှေသူကြီး သတ်မှုနှင့် ကြိုးစင်တင်ခံရလေသည်။ လှေသူကြီးကို ရေထဲသို့ တွန်းချကာ အပေါ်ကနေ လှေသူကြီး၏လည်ပင်းကို လှေထိုးစူးဝါးနှင့်ထိုးသတ်ခဲ့ရာ လှေသူ ကြီးလည်ပင်းကနေ သွေးဝေါက်တောက် ပန်းထွက်တာ ခုထိမျက်စိထဲမှာမြင်တုန်း ပါဆရာရယ်ဟု ထောင်မှူးအား ပြောပြခဲ့ သည်။ ယင်းအကျဉ်းသားကို ကြိုးပေးခဲ့ ရာ ဖြစ်တောင့်ဖြစ်ခဲစွာ ကြိုးပြတ်ပြီး အောက်သို့ကျသည်။ ကြိုးပွန်းရာကနေ လှေထိုးသားအကျဉ်းသား၏ လည်ပင်း ပေါက်သွားပြီး သွေးဝေါက်တောက်ပန်း ထွက်ခဲ့သည်ဟု ယင်းထောင်မှူးစာရေး ဆရာ၏ ဖြစ်ရပ်မှန်ဝတ္ထုတွင် ပါရှိခဲ့ကြ လေသည်။

ဘုရားရှင်လက်ထက်တော်အခါ၌ ဖြစ်သည်။ ဗောဓိသတ္တမင်းသားသည် မြတ်စွာဘုရားနှင့် သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်းကပ်သည်။ ဗောဓိသတ္တ မင်းသားဇနီးမောင်နှံတွင် သားသမီးမရှိ ပါ။ ဗောဓိသတ္တမင်းသားက ကော်ဇော အဖြူကိုခင်းထားကာ -

"အကယ်၍ သားသမီးရဖို့ရာရှိ ပါက ဤကမ္ဗလာကော်ဇောအဖြူပေါ် မြတ်စွာဘုရားနင်းပါစေသတည်း"

ဟု အဓိဋ္ဌာန်ပြုထားသည်။

မြတ်စွာဘုရားကြွလာသော် ဤ ကော်ဇောအဖြူ၏ထိပ်တွင် ရပ်တော်မူ ကာ မနင်းပါ။ သုံးကြိမ်တိုင် မင်းသားက လျှောက်ထားသော်လည်း မြတ်စွာရှင် ဘုရားသည် နင်းတော်မမူခဲ့။ နောက် တော်ပါ အရှင်အာနန္ဒာက -

"မင်းသား၊ ယင်းကော်ဇောကိုဖယ် လိုက်ပါ"

ဟုဆိုမှ မင်းသားလည်း ကော်ဇော အဖြူကို ရုပ်သိမ်းသည်။ ထိုအခါမှ မြတ်စွာဘုရားလည်း ဆွမ်းဘုဉ်းပေးရန် နေရာသို့ကြွတော်မူ၏။ ဆွမ်းဘုဉ်းပေး အပြီးဝယ် မင်းသားကအကျိုးအကြောင်း ကို လျှောက်ထားမေးမြန်းရာ မြတ်စွာ ဘုရားက-

"ဒကာတော်မင်းသားတို့ဇနီးမောင် နှံဟာ ဘဝတစ်ခုမှာ သင်္ဘောပျက်ရာက ကျွန်းတစ်ကျွန်းပေါ် တင်ခဲ့တယ်။ ထိုစဉ် မှာ ကျွန်းပေါ်ရှိ ငှက်ဥတွေစားကာ အသက်ရှင်ရင်း နောက်ဆုံးမတော့ ကျွန်းပေါ်မှာပဲ တွယ်လွန်ခဲ့တယ်။ အဲဒီ အကျိုးဆက်အဖြစ် ယခုဘဝမှာ သား သမီးမရတာဖြစ်တယ်။ အဲဒီတုန်းကသာ က ခင်ပွန်းဖြစ်စေ၊ ဇနီးဖြစ်စေ ငှက်ဥ တွေကိုမစားဘဲ ရှောင်ကြဉ်ခဲ့ရင်တောင် ယခုဘဝမှာ သားသမီးရနိုင်သေးတယ်။ နှစ်ဦးလုံးက ငှက်ဥတွေနဲ့ပဲ အသက်ဆက် ခဲ့လို့ရတဲ့ဝိပါက်အကျိုးပဲ"

ဟု မြတ်စွာဘုရားက မိန့်တော်မူ လေသည်။

သံသရာခရီး၊ ကြောက်မက်ဖွယ် ရာသံသရာခရီး။ မသိသောကြောင့်အမှား ကို လုပ်မိသည်။ လုပ်မိသောကြောင့် ဝိပါက် ဟူသော ဆိုးကျိုးကို ရသည်။ လောကတွင် ကြွယ်ဝခြင်း၊ ဆင်းရဲခြင်း၊ ရုပ်ရည်လှပခြင်း၊ အကျည်းတန်အရုပ်ဆိုး ခြင်း၊ ကျန်းမာခြင်း၊ ချူချာခြင်း၊ အသက် ရှည်ခြင်း၊ အသက်တိုခြင်း၊ ပညာတတ် ခြင်း၊ ပညာနည်းခြင်း၊ အခြွေအရံပေါများ ခြင်း၊ အခြွေအရံနည်းပါးခြင်း စသည် စသည့် ကောင်းခြင်း၊ မကောင်းခြင်း ကွာခြားမှုဟူသမျှတို့မှာ ဝိပါက် ဟူသော မိမိပြုလုပ်ခဲ့သမျှ၏ အကျိုးဆက်တွေဖြစ် သည်။ အချို့မိန်းမသည် ရုပ်ရည်သန့်ပြန့် သည်၊ ချောမောလှပသည်။ သို့သော် ပင်ပန်းဆင်းရဲစွာ ရှာဖွေစားသောက်ရ သည်။ အချို့မိန်းမသည် ခနဉစွာကြွယ်ဝ သည်။ သို့သော် အကျည်းတန်အရုပ်ဆိုး သည်။ အချို့မိန်းမသည် အရုပ်ဆိုးသည်။ ပင်ပန်းဆင်းရဲစွာရှာဖွေရသည်။ အချို့ မိန်းမသည် ရုပ်ရည်လည်းလှပပြီး ပစ္စည်း ဥစ္စာလည်းကြွယ်ဝသည်။ ဤမိန်းမ(၄)မျိုး ၏ ကွာခြားချက်သည် ဘဝဟောင်းက ထားခဲ့သော စေတနာကံကြောင့်ပင်ဖြစ် လေသည်။

တစ်ခါက ပါတီစာနယ်ဇင်းဌာန တွင် သတင်းထောက်လျှောက်သည်



www.burmeseclassic.com

www.burmeseclassic.com

လျှောက်သူက (၇) ယောက်ဖြစ်ပြီး ခေါ်မှာက(၆)ယောက်ဖြစ်သည်။ ဖြုတ်သူမှာ ကျွန်တော်ဖြစ်ကြောင်းကို ဆောင်းပါးတစ်ပုဒ်တွင် တင်ပြခဲ့ဖူးပါသည်။ အဝေးမြေ မကာအိုတွင် ဂတ်(ဒ်)ဖိုစ်ကုမ္ပဏီ၌ လုံခြုံရေးလုပ်သည်။ မကာအိုမှတ်ပုံတင်မရသေးချိန်ဖြစ်သည်။ မှတ်ပုံတင်မရှိသော ဂတ်(ဒ်)တွေကို ကုမ္ပဏီကဖြုတ်သည်။ ကျွန်တော်က ကျန်ရစ်ခဲ့ရုံမက ရာထူးပင်တိုးသွားပါသေး၏။

မကာအိုမြို့ လူဝမ်ကျွန်းပေါ် ရှိ ဘီစီအမ်ခေါ် မကာအိုကူးသန်းရောင်းဝယ်ရေးဘဏ်တွင် လုံခြုံရေးစောင့်ခဲ့စဉ်ကဖြစ်သည်။ ဘဏ်၏အတွင်းကနေ မှန်တံခါးတိုင်ကိုမှီကာ ကျွန်တော်က ဝမ်ခမ်မြစ်နှင့် အခြားမြစ်တစ်ခုတို့ဆုံရာ မြစ်ဆုံကို ငေးမျှော်ကြည့်နေမိသည်။ တစ်ချိန်တည်းတွင် ဘဏ်ရှေ့လမ်းကို ဖြတ်သွားဖြတ်လာပြုသောသူတွေ၏ မျက်နှာတွေကိုလည်း ဖတ်နေရသည်။ လူစိမ်းလား၊ ဒေသခံလား၊ လူဝမ်ကျွန်းတွင် အလုပ်လာလုပ်သော စည်ပင်သာယာအလုပ်သမားတွေလား ကြည့်ထားရသည်။ ဟိုးအဝေးမြစ်ဆုံကနေ လှိုင်းလုံးတစ်လုံးက တရိပ်ရိပ်တက်လာနေသည်။ ပြီးတော့ ဝမ်ခမ်ကျွန်းဘက် ကျောက်ဆောင်ကို ပြေးရိုက်ကာ ရေခဲတွေကဖွာထွက်လွင့်စဉ်သွားသည်။ ဤနေရာသည် ပင်လယ်နှင့်နီးသောကြောင့်လည်း ဒီရေအတက်အကျရှိသည်။ (၄)နာရီကြာ ဒီရေတက်၍ (၄)နာရီကြာ ဒီရေဆင်းသည်။

ပင်လယ်ရေလှိုင်းများကိုကြည့်ရင်း ကျွန်တော်က ဆွေမျိုးတစ်ဦးကိုသတိရလို့နေမိသည်။ ဆွေမျိုးဆိုသော်လည်း မိခင်ပမာ။ ငယ်ရွယ်စဉ်ကာလတွင် ချမ်းသာကြွယ်ဝခဲ့သည်။ သူ့ဘေးမှာ ဝိုင်းဝိုင်းလည်နေသည်။ နာမည်ကိုပင် အပြည့်အစုံအခေါ် မခံရပါ။ အဖျားတစ်လုံးတည်းဆွတ်၍ခေါ်ကြသည်။ 'ချိုရေ၊ မမချိုရေ' ဆိုသောအသံတွေ။ ခင်ပွန်းက သူဌေးဖြစ်သလို အန်တီချိုကလည်း လုပ်ငန်းရှင်တစ်ဦးဖြစ်သည်။

'လုပ်ပါဦး ချိုရယ်၊ အရင်ဟာတွေလည်းမဆပ်နိုင်သေးပေမယ့် အခုငွေထပ်လှည့်ပါဦးနော်။ သားက ဆေးကျောင်းတက်နေတာမို့ ပိုက်ဆံလှမ်းမှာလို့ပါ။ သားလေး ရန်ကုန်ဆေးကျောင်းမှာ မျက်နှာမငယ်စေချင်လို့ပါ"

အသက် (၃၀) ကျော်အရွယ်မှာပဲ စီးပွားပျက်သည်။ အသက် (၃၀) ကျော်အရွယ်မှ ကွယ်လွန်ချိန်အထိ ပင်ပန်းဆင်းရဲစွာ ရှာဖွေစားသောက်ခဲ့ရသည်။ ငယ်စဉ်မှာမြင့်ခဲ့၍ ကြီးလာတော့ ဘဝကံကြမ္မာကြောင့်နိမ့်ကျသွားသည်။ အချို့က ငယ်စဉ်မှာနိမ့်ပြီး ကြီးလာတော့ မြင့်မားသည်။ အချို့က ငယ်စဉ်လည်း နိမ့်ပြီးကြီးတော့လည်းနိမ့်သည်။ အချို့က ငယ်စဉ်လည်းမြင့်၊ ကြီးလာတော့လည်းမြင့်ဆဲပင်ဖြစ်၏။ ဘဝဟောင်းကအကြောင်းကြောင့် ရရှိရသောအကျိုးတရားများပဲဖြစ်ပါ၏။

တစ်ခါက ဤလူဝမ်ကျွန်းပေါ်တွင် ကျွန်တော်သည် နွားတစ်ကောင်လိုရုန်းကန်ခဲ့ရဖူးသည်။ စ၍ပြောရလျှင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ (အတိုအားဖြင့် ကေအယ်လ်ဟု ခေါ်၏။) မြို့အပြင်ဘက်(၁၄)မိုင်အကွာရှိ ကောင်ကီးချန်သစ်စက်တွင် သစ်ထမ်းခဲ့ရသည်က စ၍ပြောရပါလိမ့်မည်။ သစ်စက်မှာ သစ်ထမ်းပြီး ထမင်းစားရအောင် ကျွန်တော်သည် ပညာချို့တဲ့သူမို့လား။ မဟုတ်ပါ။ ကျောင်းဆရာမိဘနှစ်ပါး၏ကြိုးစားထားပေးမှုကြောင့် ဝိဇ္ဇာဘွဲ့ရတစ်ဦးဖြစ်ခဲ့၏။ ဤမြို့လေးတွင် ၁၉၆၀ ပြည့်လွန်အချိန်များတုန်းကဆိုလျှင် လူငယ်တွေသည် တန်းမြင့်ကျောင်းထွက်စာမေးပွဲဟုခေါ်သော (၉)တန်းအောင်သည်နှင့် အစိုးရအလုပ်တစ်ခုဝင်လုပ်ကြသည်။ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်ဖို့ဆိုသည်က ကြေးရတတ်တို့၏သားသမီးများသာဖြစ်လေ့ရှိခဲ့၏။ ကျောင်းဆရာ၊ ကျောင်းဆရာမမိဘနှစ်ပါးတို့သည် စောစီးစွာအိမ်ထောင်ကျသွားသော သမီးအကြီးဆုံးမှအပ ကျန်(၄)ယောက်ကို တက္ကသိုလ်မှဘွဲ့ရအောင်ထားပေးခဲ့သည်။

ဤတက္ကသိုလ်ဘွဲ့နှင့်ပဲ ဌာနတစ်ခုတွင် ထိုစဉ်က (၁၀၀) ကျပ် စကေးခေါ်ရာထူးကိုရခဲ့သည်။ နောက် (၄၀၀) ကျပ်စကေးရာထူးတက်ခဲ့သည်။ သို့သော်ကံကြမ္မာသည် အညွန့်တလလူလူနှင့်ရှိသော ကျွန်တော့်ဘဝတက်လမ်းကို ချိုးချလိုက်လေသည်။ ၁၉၈၈ ခုနှစ်တွင် အလုပ်လုပ်ရာရုံးကြီး ဖျက်သိမ်းရာက အသက် (၄၂) နှစ်မှာပဲ ကျွန်တော့်မှာ အလုပ်လက်မဲ့ဖြစ်ခဲ့ရတော့သည်။ သို့နှင့် သူများ၏ပေးစာကမ်းစာလေးများနှင့် နိုင်ငံခြားသို့ထွက်ကာ ကြုံရာကျပန်းလုပ်ကိုင်စားနေခြင်း ဖြစ်သည်။

"မြန်မာ (၂) ယောက်လာခဲ့"

ကောင်ကီးချန်သစ်စက်မှာ ဖြစ်သည်။ ခေါ်ပုံကလည်းကြည့်ပါဦး၊ မြန်မာ (၂) ယောက်တဲ့။ ဤသစ်စက်မှာ အင်ဒိုနီးရှား၊ ဘင်္ဂါလီ၊ မလေးအလုပ်သမားတွေရှိသည်။ ဒီအထဲက မြန်မာနှစ်ဦးကိုရွေးခေါ်ခြင်းဖြစ်သည်။ ဖြစ်ပုံကဒီလိုပါ။ ထိုနေ့က လေဆာဖြင့်ခွဲသောစက်တွင် ကျွန်တော်နှင့် ညီငယ် စိန်လွင်တို့က အလုပ်လုပ်နေကြသည်။ လေဆာဖြင့်ခွဲသောစက်ဆိုသည်က ခွဲမည့်သစ်ပေါ်တွင် လေဆာရောင်ခြည်အနီတန်းကပြေးနေသည်။ လွှသွားက ယင်းလေဆာရောင်ခြည်တန်းအတိုင်းလိုက်ခွဲ၏။ ထိုအတိုင်းအတာက အတိအကျဖြစ်သည်။ သစ်အလေအလွင့်မရှိပါ။ လွှဝိုင်းခုံ၏အမြင့်တွင်ရှိ သစ်လုံးခြမ်းကိုထိန်းပေးဖို့လိုလာသည်။ အလုပ်သမားတစ်ဦးက အပြေးအလွှားခုန်တက်၍ သစ်လုံးခြင်းကိုထိန်းရမည်။ သို့သော် အလုပ်သမားအစစ်မဟုတ်ဘဲ မနေ့တစ်နေ့ကမှ ကြုံရာကျပန်းလုပ်မည်ဆိုကာ ဤလောကထဲသို့ရောက်လာသည့် ကျွန်တော်တို့လို အလုပ်သမားအတု (အလုပ်သဘောကိုနားမလည်သေးခြင်းကိုဆိုလိုပါသည်) က မလုပ်တတ်ချေ။

သူဌေးက ကြီးကြပ်ရေးမှူးဖြစ်သူ မာကျိုင်းကို 'မင်းအလုပ်သမားတွေက ဘယ်လိုလဲ' ဆိုသည့်သဘောနှင့် လက်နှစ်ဖက်ကား၍ ပခုံးတွန့်ပြလို့နေပြီး ထိုစဉ်မှာပဲ ဘယ်ကရောက်လာမှန်းမသိသော အင်ဒိုနီးရှားအလုပ်သမားသည် ကျွန်တော့်ဘေးကဖြတ်ပြေးကာ လွှဝိုင်းခုံအမြင့်ပေါ်သို့ခုန်တက်ကာ သစ်လုံးခြမ်းကိုထိန်းကိုင်လိုက်သည်။ သို့နှင့် တို[...]ကပြီးသွားသော်လည်း သူဌေးက ကျွ[...]တော်တို့ကိုမကြည်ဖြစ်ကာ မြန်မာနှစ်[...] လာခဲ့ဟုခေါ် တာခံရခြင်းဖြစ်လေသည်[...] မလေး တရုတ်သူဌေးပိုင် သစ်စက်[...] သည်။ ပြောမယ့်သာပြောရသည်။ ဤ[...] သစ်စက်ရှိ တရားမဝင်အလုပ်သမား[...] ထဲတွင် မြန်မာအလုပ်သမားတွေသည[...] ဘင်္ဂါလီ အင်ဒိုနီးရှားတွေထက် လစာ[...] သောမြန်မာမို့ဖြစ်သည်။ မြန်မာ-တရု[...] ကိုစိန်လွင်တို့ညီအစ်ကိုက တစ်ရက်[...] (၁၅) ရင်းဂစ်ရပြီး မြန်မာလူမျိုး ကျွ[...] တော်၊ ကိုဌေးဦး၊ ကိုမြသိန်းတို့က တ[...] ရက်ကို (၁၄) ရင်းဂစ်ရသည်။ အင်ဒို[...] ရှားတွေ၊ ဘင်္ဂါလီတွေက တစ်ရက်[...] (၁၃) ရင်းဂစ်ရသည်။ တစ်လလုံး ရ[...] မပျက်ဆင်းက ရင်းဂစ် (၆၀)ဆောင်[...] သည်။ တနင်္ဂနွေနှင့်မဆိုင်ပါ။

ထိုညနေက သူဌေးသည် နေ[...] တွင်ပစ်ထားသော မီးရထားသံ[...] အချောင်းအစိတ်ခန့်ကို ကျွန်တော်[...]

www.burmeseclassic.com

ဂိုဒေါင်ထဲရွှေ့ဟုခိုင်းသည်။ဇူလိုင်လ မွန်းလွဲတွင် မလေးနေသည် တောက်ပူပြင်းလှသည်။

"အပေါ်အင်္ကျီချွတ်ပြီး ပခုံးပေါ်မှာ တင် ညီလေး"

ဟု ကိုစိန်လွင်ကိုပြောလိုက်ကာ တော်ကလည်း အပေါ်အင်္ကျီချွတ်၍ ပခုံးပေါ်တွင် ခံတင်လိုက် သံလမ်းတွေကိုကိုင်တော့ ကိုင်လို့ ခြစ်ခြစ်တောက်ပူနေသည်။ သို့နှင့် ဒီဒီကြည့်ရာ သတင်းစာစက္ကူ တွေကိုတွေ့ရသဖြင့် သတင်းအုပ်၍ကိုင်ကာ သူနှင့်ကျွန်တော် နောက်ထမ်းကာ ဂိုဒေါင်ထဲသွား ။ အားလုံးပြီးသော် စိတ်ပေါက် နှင့် သူဌေးကို လက်ခုပ်တီးခေါ် သည်။ သူကလှည့်ကြည့်တော့ က သူလုပ်သလိုပဲ လက်နှစ်ဖက် ၍ ပခုံးတွန့်ကာပြလိုက်သည်။ တိုက် သွေ့စွာ ထိုစဉ်မှာပဲ ညနေ (၅) နာရီ ဆင်းဥသြဆွဲလေသည်။

ဤသစ်စက်တွင် (၁၁) လလုပ်ခဲ့ ကောက်သို့ပြန်ခဲ့သည်။ ဂျပန်ဗီဇာ ကြောင်းကြားရ၍ဖြစ်သည်။ ဂျပန် တို နှစ်ကြိမ်တင်ရာ ငြင်းပယ်ခံရ ။ သို့နှင့် ဟောင်ကောင်မှတစ်ဆင့် အိုသို့ရောက်သွားခဲ့သည်။ မကာ ရောက်ပြီးမကြာမီပဲ မြန်မာပြန်တရုတ် သား ဦးကျော်စိန်၏ အင်္ကျီချုပ် ရုံမှာဝင်၍ တစ်နာရီ (၅)ပါတာကပ် တစ်နေ့ ဆယ်နာရီလုပ်ရသည်။ အထုပ်တွေကို ထမ်းမည်၊ မ,မည် တော့ ဦးကျော်စိန်က -

"ခင်ဗျားအလုပ်ကြမ်းလုပ်နိုင်သား

ဟုပြောသည်။

ကျွန်တော်ကရယ်သည်။

"မလေးရှားမှာ သစ်ထမ်းခဲ့တာပါ

ဟု ပြောလိုက်သည်။

နောက် မြန်မာပြန် ဦးဘိုးငွေ၏ တိုက်ပြုပြင်ရေးလုပ်ငန်းမှာဝင်အလုပ် လုပ်သည်။ ဆေးသုတ်ရသည်။ လက် သမားဆရာကို ကူလုပ်ရသည်။ တိုင်ပါ (တရုတ်လိုက ထမ်ကျိုင်းခေါ်၏။) ကျွန်း ပေါ်ရှိ ရဲရိပ်သာပြုပြင်နေတာဖြစ်သည်။ နေ့ခင်း ထမင်းစားချိန်အတွင်း တောင် တန်းအစပ်ကနေကြည့်ရာ တိုင်ပါနှင့် လူဝမ်ကျွန်းကို ဆက်ထားသော အုတ်ရိုး တံတားကိုမြင်ရသည်။ တံတားဟိုဘက် သည်ဘက်ကား ရေပြင်။ ယင်းကိုလွန် သော် လူဝမ် (ပေါ်တူဂီက Coloane တောင်ကိုမြင်ရသည်။ တံတား၏ဒီဘက် သောင်ပေါ်တွင် လှေငယ်တစ်စီးက သောင်တင်ပြီး ကျန်ရစ်တာလည်းတွေ့ ရသည်။

ဂတ်ဒ်ဖို့လုံခြုံရေးကုမ္ပဏီတွင်အလုပ် လျှောက်ထားခဲ့ရာ ဖုန်းဆက်ခေါ်သဖြင့် သွားရာ လီကလပ်စစ်ဂျူတီဖရီးဈေး ဆိုင်တွင် တာဝန်ချသည်။ ယင်းဆိုင်မှာ ဂျပန်တိုးရစ်များကို အဓိကဈေးရောင်း သောဆိုင် ဖြစ်၏။ လစ်စ်ဘိုထာဟိုတယ် တွင်ရှိပြီး တိုးရစ်တွေက ကာစီနိုခေါ် လောင်းကစားဝိုင်းတွင် လာ၍ကစားကြ သည်။ အပြန်တွင် ဤဈေးဆိုင်မှာဝင်၍ ဈေးဝယ်ကြသောကြောင့် တချို့ဂျပန် စကားများတတ်လာခဲ့လေသည်။

၁၉၉၂ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့ တွင် လူဝမ်ကျွန်းကဘဏ်သို့ တာဝန်ပေး ခဲ့ရသည်။ ဘဏ်မို့ လေအေးစက်အဲယား ကွန်းနှင့်နေရပါ၏။ သို့သော် ဘဏ်လုံခြုံ ရေးသည် တစ်နေကုန်မတ်တတ်ရပ်နေ ရပြီး မထိုင်ရချေ။ အလုပ်ကိုကထိုင်နေ ၍ရသောအလုပ်မဟုတ်ချေ။ အပေါက်ဝ ကနေ အပြင်ဘက်က မျက်နှာစိမ်းမျက် နှာကျက်ကိုမှတ်နေရသည်။ ဘဏ်ဓားပြ မှုတို့ အလွန်ပေါသောအရပ်ဖြစ်သည်။ မော်တော်ဆိုင်ကယ်နှင့်လာပြီးဆိုင်ကယ် ကိုစက်မသတ်ဘဲထားခဲ့၊ မော်တော်ဆိုင် ကယ်စီးဦးထုပ်ကို ရှေ့လေကာချပြီးဝင် လာ၊ ငွေကိုင်ကောင်တာသို့သွား၊ 'ဓားပြ ပိုက်ဆံပေး' ဆိုသည့် စာရွက်ထုတ်ပြ၊ ငွေကိုင်က ငွေအနည်းငယ်ထုတ်ပေး လျှင်ပဲပြန်ထွက်၊ ဆိုင်ကယ်တက်ခွကာ ပြေးတော့သည်။

၁၉၉၂ ခုနှစ်၊ မေလကဖြစ်သည်။ ဓားပြက ဘဏ်အတွင်းဝင်လာလာချင်း လုံခြုံရေးကိုပစ်သတ်လိုက်၏။ သေနတ် သံထွက်လာတော့ ဘဏ်အမှုထမ်းတွေ ကကောင်တာအောက်ဝင်ပုန်းကြသည်။ ဘဏ်ထဲရှိ မိန်းမကြီးတစ်ဦးက ကြောက် လန့်၍အော်ရာ ဓားပြထွက်ပြေးသည်။ လူအုပ်နှင့်ဝိုင်းဖမ်းရာ မိသည်။ ယင်း ဓားပြလည်း လူဝမ်ထောင်ထဲမှာပဲ မည် သူ့လက်ချက်မှန်းမသိ အသတ်ခံရလေ သည်။

ညနေ (၅) နာရီတွင် ဘဏ်ပိတ် သည်။ တစ်နေကုန် စာရင်းချုပ်တာက နာရီဝက်ခန့်ကြာသည်။ ပြီးသော် ဘဏ် မန်နေဂျာသည် ဥသြစက် (Alarm) ၏ လျှို့ဝှက်နံပါတ်ကိုနှိပ်ကာ နောက်ဆုံးမှ ထွက်သည်။ကျွန်တော်က အတွင်းတံခါး၊ အပြင်တံခါးတွေသော့ခတ်ပြီး သော့ကို မန်နေဂျာ၏လက်ထဲသို့ထည့်ပြီးသကာ လ သူတို့ကဘဏ်အကြိုကားပေါ်တက် ၍ထွက်ခွာသွားကြသည်။ ကျွန်တော်က မူ မပြီးသေးသောတာဝန်ကို ဆက်လက် ထမ်းရန် (၄)ဖာလုံခန့်ဝေးသော စည်ပင် သာယာဥယျာဉ်သို့ ဆက်လှမ်းခဲ့ရသည်။ တစ်နေကုန် မတ်တတ်ရပ်ထားသဖြင့် ညောင်းညာနေသော ခြေထောက်တွေ ကို မသယ်ချင့်သယ်ချင်သယ်၍လှမ်းခဲ့ ရသည်။ စည်ပင်သာယာ ဥယျာဉ်မှာက ဖြင့် ထိုင်ရပါသည်။ သို့သော် ကျွန်တော့် ခြေထောက်တွေက ညောင်းမိလို့သွားခဲ့ ပြီး ည (၉) နာရီတွင် အလုပ်ဆင်းကာ ဘတ်(စ်)ကားစီး၍ မကာအိုသို့ပြန်သည်။ နောက်နေ့ မနက်အိပ်ရာထချိန်အထိ ခြေထောက်အညောင်းတွေကမပြေသေး။ သို့သော် နောက်တစ်ရက် အညောင်း သံသရာထဲသို့ဆင်းခဲ့ရပြန်သည်။ လူမှာ ဝဋ်လိုက်နေသလား အောက်မေ့ရသည်။ စနေနေ့နေ့ဝက်နှင့် တနင်္ဂနွေနေ့များတွင် မော်ကွန်းတိုက်တွင်ဆင်းရချိန်မှာပဲသက် သာရာရခဲ့ပါ၏။ ဘဝတစ်ခုတွင် နွားတွေ၊ ကျွဲတွေကို ခြေထောက်ညောင်းမိ အောင်ခိုင်းခဲ့မိလို့ ဤသို့ ဝဋ်ပြန်လည် လေသလားဟု စဉ်းစားမိသည်။ (၅)နှစ် ကြာခဲ့သည်။ကျွန်တော့်ဘဝထဲက အပင် ပန်းဆုံးသောကာလများ ဖြစ်ခဲ့သည်။ မလေးရှားမှာ သစ်ထမ်းခဲ့တုန်းကပင် ဤမျှလောက် မပင်ပန်းခဲ့ပါချေ။

ယင်းသည် အကြောင်းတရားတွေ မကောင်းခဲ့သောကြောင့် အကျိုးတရား မကောင်းခြင်းဖြစ်သည်။ သခါရဖြစ်စဉ် (၃၁) ဘုံတွင် ကျင်လည်နေရသမျှ ဤ အကြောင်းတရားကောင်း၍ အကျိုး တရားကောင်းရမှု၊ အကြောင်းတရားက မကောင်းခဲ့သောကြောင့် အကျိုးတရား က မကောင်းခြင်းတို့ကို မလွဲမသွေကြုံ တွေ့ကြရမည်သာ ဖြစ်ပါသည်။ ဤဖြစ် စဉ်မှ လွတ်မြောက်ရန်ဟူသည် မဂ္ဂင် (၈)ပါး ကျင့်စဉ်မှတစ်ပါး အခြားမရှိပြီ။ အရဟတ္တမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရသော အခါမှသာ ဤသံသရာဖြစ်စဉ်၏ချုပ်ငြိမ်း ရာ အငြိမ်းဓာတ်နိဗ္ဗာန်ဓာတ်ကို ရရှိကြ မည်သာဖြစ်ပါသည်။ မသိမှု အဝိဇ္ဇာ၏ မောင်းနှင်အားကြောင့် ဘဝများစွာ သံသရာဝယ်လည်ခဲ့ကြရပြီ။ ဘဝများစွာ သံသရာကိုလည်ကြရပေလိမ့်ဦးမည်။

မင်းဘူးမိုလ်ဥတ္တမ



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ကျွန်တော်သည် သံလွင်အရှေ့ခြမ်းရှိ မြို့ကြီးတစ်မြို့တွင် တာဝန်ထမ်းဆောင်နေခိုက် ဖြစ်ပါသည်။ ရုံးက ရှေးရုံးကြီးဖြစ်ရာ နှစ်ထပ်ရုံးကြီးဖြစ်ပြီး ရုံးနေရာကလည်း ကျယ်ဝန်းသည်။ အရှေ့မျက်နှာစာတွင် ကားလမ်းရှိ၍ လမ်းတစ်ဖက်တွင် မြစ်ရှိသည်။ နောက်ဘက်၌ တင်းနစ်ကစားကွင်းရှိ၍ အဝေးပြေးကားလမ်းရှိသည်။ တောင်ဘက်တွင် ကားလမ်းတိုတစ်ခုရှိပြီး ဆိပ်ကမ်းရုံးရှိသည်။ မြောက်ဘက်တွင် ကားလမ်းရှိပြီး လမ်းတစ်ဖက်တွင် ပလကဗိုလ်တဲရှိကာ ကျွန်တော်နေသည်။ ဗိုလ်တဲသည် ကြီးမားသော ခြံကြီးတစ်ခုအတွင်းတွင်ရှိ၍ ခြံစည်းရိုးတွင် ကုက္ကိုပင်ကြီးများရှိကာ အရိပ်အလွန်ကောင်းသည်။ ဗိုလ်တဲ၏ အောက်ခြေတွင် ညမွှေးပန်းချုံများရှိ၍ ညမွှေးပန်းဆိုသည့်အတိုင်း ညဘက်တွင် တစ်ခြံလုံးမွှေးကြိုင်သင်းပျံ့နေပါသည်။

ရုံးဝင်းမှာကျယ်ဝန်းပြီး မျက်နှာစာတွင်မြက်ခင်းရှိသည်။ မြက်ခင်းဘေးတွင် ပိတောက်ပင်ပျိုကလေးများရှိ၍ ရုံးအဝင်အထွက်ကားလမ်းကို ထိုပိတောက်ပင်များက စီတန်းပတ်ဝိုင်းနေသည်။ ညနေစောင်း ရုံးဆင်းလျှင် ကျွန်တော်တို့သည် အိမ်မပြန်သေးဘဲ မြက်ခင်းပြင်ပေါ်တွင် ခုံပုလေးများချပြီးထိုင်ကာ ရောက်တတ်ရာရာများကို စုဝေးပြောဆိုနေတတ်သည်။ လမ်းတစ်ဖက်တွင် သံလွင်မြစ်က အေးချမ်းစွာစီးဆင်းနေရာ သာယာလှပသော ညနေဘက်ရှုခင်းပင် ဖြစ်သည်။ ထိုမြစ်၏ ကမ်းနားတစ်လျှောက်တွင် ကွန်ကရစ်လမ်းရှိပြီး မြစ်ကမ်းပါးတစ်လျှောက်ကို အုတ်တံတိုင်းအနိမ့်ကလေးများကာထားသေးရာ ညနေခင်း၊ နံနက်ခင်းများတွင် လမ်းလျှောက်သူများ၊ ကိုယ်လက်လှုပ်ရှားကစားသူများနှင့် စည်ကားနေတတ်ပါသည်။

ညနေအတော်စောင်းမှကျွန်တော် အိမ်ပြန်သည်။ ပြန်သည်ဆိုသော်လည်း အဝေးကြီးမဟုတ်ပါ။ ကားလမ်းကူးလိုက်လျှင် အိမ်ရောက်ပါသည်။ မည်သည့်အချိန်က ညှိနှိုင်းခဲ့သည်မသိ၊ ရုံးဘေးက ဗိုလ်တဲတွင် တာဝန်ခံအရာရှိနေသည်မှာ နှစ်များစွာပင်ကြာခဲ့လေပြီ။ ရှေးကနေထိုင်ခဲ့သူများစိုက်ခဲ့လေသည်လားမသိ ညမွှေးပန်းပင်များက အစီအရီနှင့် တောထအောင်ပေါက်နေသည်။ လသာသော ညဆိုလျှင် ညမွှေးပန်းများ တစ်ချုံလုံးပွင့်သဖြင့် ပန်းရနံ့များမှာ သင်းပျံ့ကြိုင်လှိုင်နေတော့သည်။

ကျွန်တော်သည် ထိုသို့ ညမွှေးပန်းများပွင့်ပြီး ပန်းရနံ့များကြိုင်သင်းနေလျှင် အလွန်သဘောကျသည်။ ပက်လက်ကုလားထိုင်ကို ထိုပန်းချုံအနီးတွင်ချပြီး ထိုင်နေတတ်ပါသည်။ အတော်မိုးချုပ်မှ အိမ်ပေါ်ပြန်တက်သည်။ ပန်းချုံအလွန်တွင် ဗိုလ်တဲစောင့်အိမ်ရှိသည်။ သို့သော်လည်း ဗိုလ်တဲစောင့်မနေပါ။ ရုံးမှ လူတို့

# မဟာသုည

## မြွေနဂါးသိုက်





www.burmeseclassic.com

www.burmeseclassic.com

လူလွတ်အရာရှိတစ်ယောက်နေသည်။ သူကလည်း လူလွတ်ဖြစ်သောကြောင့် အိမ်တွင်အနေနည်းပါသည်။အပြင်ထွက်လည်ပတ်နေသည်ကများ၏။ ထို့ကြောင့် ဗိုလ်တဲပတ်ဝန်းကျင်မှာ အမြဲတိတ်ဆိတ်နေလေသည်။

တစ်နေ့တွင် ပန်းချီအနီး ထိုင်မည်ဟု ပက်လက်ကုလားထိုင်ကိုထုတ်ယူလာစဉ် ပန်းချီအတွင်းမှ မြွေကြီးတစ်ကောင်





www.burmeseclassic.com

www.burmeseclassic.com

ရှောခနဲထွက်လာသည်ကိုမြင်လိုက်သဖြင့် ကြောက်လန့်သွားပြီးရပ်ကြည့်နေပါသည်။ ထိုမြွေသည် အတော်ကလေးကြီးသည်။ လူကြီးတစ်ယောက်၏ခြေသလုံးခန့်ရှိသည်။ ရှည်လည်းအတော်ရှည်သည်။ (၄) ပေ၊ (၅)ပေခန့်ရှိ မည်။ အရောင်က အနက်ရောင်ဖြစ်ပြီးအကွက်များရှိသည်။ သည်မျှလောက်ကြီး၍ သည်မျှလောက် ရှည်သောမြွေမျိုးကို ကျွန်တော် ယခင်က အပြင်တွင် မမြင်ဘူးပေ။ သည်တစ်ကြိမ် သာမြင်ဖူးသောကြောင့် အချိန်အတော် ကြာအောင်ပင်ရပ်ကြည့်နေမိသည်။ မြွေသည် မည်သူ့ကိုမျှဂရုမစိုက်ဘဲတန်းတန်း မတ်မတ်ကြီးထွက်သွားခြင်း ဖြစ်သည်။ မြွေသွားရာ လမ်းကြောင်းကိုလိုက်ကြည့်သောအခါ ကျွန်တော်နေသောခြံ၏ အခြားတစ်ဖက်တွင်ရှိသော ခြံထောင့်ဆီသို့သွားနေကြောင်းတွေ့ရသည်။ထိုနေရာသည် ဗိုလ်တဲစောင့်အိမ်ကလေးနှင့် မျက်နှာချင်းဆိုင်နေရာလောက်ကျပေမည်။ ကျွန်တော်ကြည့်နေစဉ် ရှောထွက်သွားသောမြွေသည် သစ်ပင်များကြားတွင် ပျောက်ကွယ်သွားသောကြောင့် ပက်လက်ကုလားထိုင်ကိုပြန်ခေါက်ကာ အိမ်ပေါ်ပြန်တက်လာလိုက်သည်။ အိမ်ပေါ်ထပ်မှမြွေကြီးထွက်သွားသောနေရာကိုလှမ်းကြည့်တော့ တိတ်ဆိတ်နေသည်။ နောက်နေ့ညနေစောင်းတွင် ကျွန်တော်စောင့်ကြည့်သေးသည်။ မတွေ့ရတော့ပေ။ သည်လိုနှင့် မေ့မေ့လျော့လျော့နေလိုက်ပါသည်။ မည်သူ့ကိုမျှလည်း မပြောဖြစ်ပေ။

တစ်လခန့်အကြာ လပြည့်နေ့တွင် ကျွန်တော်သည် ပန်းချီအနားသို့မသွားတော့သော်လည်း ပန်းချီဘက်တွင်ဖွင့်ထားသော အိမ်ပြတင်းပေါက်တွင်ရပ်ပြီး မြစ်ဘက်သို့မျှော်ကြည့်ကာ လသာနေသည်ကိုငေးမောနေစဉ် ရိပ်ခနဲမြင်လိုက်သောကြောင့် အောက်သို့ငုံ့ကြည့်လိုက်ရာ မြွေကြီးသည် ယခင်အတိုင်းပင် ပန်းချီကြားမှလျှောထွက်လာပြီး ခြံတစ်ဖက်ထောင့်သို့သွားနေသည်ကို တွေ့ရပြန်သည်။ သည်တစ်ကြိမ်မှာ အပေါ်စီးမှမြင်ရသောကြောင့် အသေအချာကြည့်လိုက်၏။ မြွေကြီးသည် ဦးခေါင်းထောင်ပြီး ရှောခနဲရှောခနဲသွားနေရာမှတစ်ဖက်ခြံထောင့်သို့ရောက်သော် ကုက္ကိုပင်ကြီးအောက်တွင် ပျောက်ကွယ်သွားပြန်လေသည်။

အချိန်အတန်ကြာ ရပ်ကြည့်နေသော်လည်း မြွေကြီးကို နောက်ထပ်မတွေ့တော့သည်နှင့် အခြားပြုဖွယ်ကိစ္စများဆောင်ရွက်ရန် ထိုနေရာမှထွက်ခွာလာခဲ့သည်။ သည်မျှကြီးသော မြွေကြီးတစ်ကောင်ရှိနေခြင်းမှာ လူကိုအန္တရာယ်ပြုနိုင်သည်ဟု စိတ်ထဲတွင်တွေးမိနေသည်။ သူသည် မည်သည့်နေရာတွင်နေပြီး မည်သည့်နေရာသို့သွားနေခြင်းဖြစ်သနည်း။ ပန်းချီအောက်တွင်နေသည်ဆိုလျှင်တော့ ရှင်းပစ်ရလိမ့်မည်။ နောက်နေ့နံနက်ပိုင်းတွင် ရုံးစောင့်ကိုခေါ်ပြီးမေးကြည့်သည်။ ထိုအခါကျမှ သူကပြောသည်။

"ဆရာကြောက်မှာစိုးလို့ ကျွန်တော်မပြောတာ။ ဒီမြွေက ရုံးဘက်ကနေပြီး ဆရာနေတဲ့ခြံဘက်ကိုကူးနေကျ။ သူက ထူးဆန်းတာက လပြည့်၊ လကွယ်တွေမှာဆိုရင် ထွက်လာတတ်တယ်။ လူကိုတော့ အန္တရာယ်မပြုဘူး။ အဲဒီဘက်ကို ကူးကူးသွားတယ်။ အဲဒီမှာ သူ့မိန်းမရှိတယ်"

"မင်းကလည်းကွာ၊ မိန်းမရှိတယ်ရယ်လို့ပဲ တိရစ္ဆာန်ပဲဟာ၊ မင်းကဘယ်လိုသိလို့ပြောနိုင်တာလဲ"

"သူကဒီရုံးဘက်မှာနေတာ။ ဘယ်မှာနေတာလဲတော့ မသိဘူး။ လပြည့်၊ လကွယ်ညဆိုရင်ထွက်လာပြီး အဲဒီဘက်ကိုကူးသွားတာပဲ။ ဟောဟိုပုဏ္ဏရိက်ပင်တွေကြားထဲကနေသွားတာ။ ဆရာနေတဲ့ခြံဘက်ကိုရောက်ရင် ပန်းချီတွေကြားထဲဝင်သွားပြီး အဲဒီကနေပြီး သူ့မိန်းမရှိတဲ့ခြံထောင့်ကို ဆက်သွားတော့တာပဲ"

"မင်းနှယ့်ကွာ မြွေပါးကင်ပါး၊ ငါ့များပြောပါတော့။ မင်းမြွေကြီးကနည်းတာကြီးမဟုတ်ဘူး"

"သူက အကောင်သာကြီးတာပါ၊ အန္တရာယ်မပြုပါဘူးဆရာ။ မြွေသူတော်မျိုးပဲ"

"မတော်မဆကွာ ငါ့အိမ်ထဲဝင်နေပါဦးမယ်။ မြွေတော့ ငါလည်းကြောက်တယ်"

"မကြောက်ပါနဲ့ ဆရာ၊ သူဟာသူနေတာပါ။ အန္တရာယ်မပေးတတ်ပါဘူး"

သူက အန္တရာယ်မပေးတတ်ဟုဆိုသော်လည်း ကျွန်တော်က ကြောက်နေသည်။ သူ့မိန်းမဆီကိုသွားနေသည်ဆိုသည်မှာလည်း ယုံကြည်စရာမဟုတ်သောကြောင့် ဆက်မမေးတော့ပေ။ မတော်တဆ အိမ်ထဲဝင်နေမည်၊ ခွေနေမည်ကိုပင် တွေးပြီးကြောက်နေသည်။ မြွေဖမ်းသမားကိုခေါ်ပြီး အပ်ရလျှင်ကောင်းမည်လားဟုစဉ်းစားမိသည်။ မြွေဖမ်းသမားဆိုတာကလည်း ဘယ်မှာရှာရမှန်း မသိပေ။ နောက်ပိုင်းတွင် မြွေကိုသတိထားနေသော်လည်း မမြင်မိပြန်ပေ။ သို့သော်လည်း သည်ပတ်ဝန်းကျင်တွင်မြွေရှိနေသည်ဆိုခြင်းကြောင့် ပန်းချီအနားကိုတော့ မသွားတော့ပေ။

သို့နှင့် တစ်နေ့တွင် စကားစပ်မိသောကြောင့် ရုံးစောင့်မောင်ခင်ဇော်ကိုခေါ်ပြီးမေးကြည့်သည်။

"ပြောပါဦးကွ၊ မင်းမြွေကြီးအကြောင်း။ ခုတစ်လောတော့ ငါမတွေ့ပြန်ဘူး"

"သူဥပုသ်စောင့်တာနေမှာ၊ အခု က ဝါတွင်းလေ ဆရာ"

"မင်းကလည်းကွာ၊ အတိသယ ဝုတ္တိတွေချည်းပဲပြောနေတော့တာပဲ။ ဟိုတစ်လောကလည်း မိန်းမရှိတယ်တဲ့ အခုလည်းလာပြန်ပြီ၊ ဥပုသ်စောင့်တယ်ရယ်လို့ပဲ"

"ဟုတ်တယ် ဆရာ။ သူက မြွေသူတော်။ သူ့ဟာသူနေတယ်။ ဘယ်သူ့ကိုမှလဲမကြောက်ဘူး။ သူ့ကိုစောင့်ကြည့်လို့လည်းမရဘူး။ သူပေါ်ရင်ပေါ်လာတယ်။ ပျောက်ရင်လည်းပျောက်နေတယ်။ သူ့ကိုပူဇော်ရင် လာဘ်ကောင်းတယ်။ ကျွန်တော် သူ့ကိုအမြဲပဲပူဇော်တယ်"

"မင်းသူ့ကိုဘယ်လိုပူဇော်တာလဲ"

"ဘာရယ်လို့မဟုတ်ပါဘူး။ သ... ပန်းနဲ့အမွှေးတိုင်ထွန်းပြီးပူဇော်ဆုတောင်းတာပါပဲ"

"သူဘယ်မှာနေတယ်ရယ်လို့မသိ... ဘဲ ဘယ်လိုပူဇော်တာလဲ"

"ဟိုရှေ့ကခြံထောင့်မှာ ပိတော... ပင်ကလေးရှိတယ်မဟုတ်လား။ အဲဒီ... သွားထိုးထားလိုက်တာပါပဲ ဆရာ... အဲဒီနားမှာ မြွေနဂါးသိုက်ရှိတယ်။ သူ... အဲဒီနားကနေပေါ်လာပြီးတော့ပျော... ပျောက်သွားတာကိုး။ ဒီတော့အဲဒီနေ... မှာပဲ ပူဇော်လိုက်တာပေါ့"

"မင်း အဲဒီလို ပူဇော်တော့... ဘာအကျိုးရှိလဲ"

"ထီပေါက်တယ်ဆရာ၊ ကျွန်တော်... ငါးသောင်းဆုပေါက်တာ နှစ်ခါရှိပြီ"

အင်း- သူ့အရပ်နဲ့ သူ့ဇာတ်... ဟုတ်နေတာပေါ့ဟုတွေးမိ၏။

ဒီရှေ့ခြံထဲက ထွက်လာတယ်... တော့ ဒီခြံထဲမှာ မြွေသိုက်များရှိ... လားဟု စဉ်းစားမိသည်။

ရုံးအလုပ်ကိုလုပ်နေရသော်... မြွေကို အမြဲစဉ်းစားနေမိသည်။ သို့...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့်အတူ ခြံထဲတွင်နေသော တဲစောင့်အိမ်မှ အရာရှိကိုခေါ်၍ ပြောသည်။

သူ့က -

"ကျွန်တော်လည်း တချို့ညတွေမှာ မြွေတွန်သံလိုမျိုးကြားရတယ်။ ဒါပေမယ့် တားလမ်းနဲ့လည်းနီးနေတော့ ကားတွေကထွက်တဲ့အသံလားဘာလားဆိုတာ မခွဲခြားတတ်တော့ ထမကြည့်မိဘူး။ နောက်တစ်ခါ တွန်သံကြားရင် ထကြည့်ဦးမယ်၊ဆရာပြောတာနဲ့ ကျွန်တော်တောင် ကြောက်လာပြီ"

"အေးကွာ ထကြည့်စမ်းပါဦး၊ ငါလည်း ဒီခြံဝင်းထဲမှာ မြွေရှိနေတာကို အသင်မကျဘူး"

သို့နှင့် အဖော်ရပြီး နှစ်ယောက်သား မြွေစစ်ဆင်ရေးလုပ်ကာ သတိထားစောင့်ကြည့်နေကြပါသည်။ သို့သော်လည်း မြွေကိုမမြင်တော့ပေ။ ခင်ဇော်ပြောသလို ဝါတွင်းကာလ ဥပုသ်စောင့်သည်ဆိုသည်များ ဟုတ်နေပြီလားမသိပေ။ သို့သော် မြွေက ဥပုသ်စောင့်သည်ဆိုခြင်းမှာ အမှန်းတင်လွန်းရာကျနေသည်။ တိရစ္ဆာန်ဟာ တိရစ္ဆာန်ပဲ၊ သူသိတွေဘာတွေစောင့်သည်ဆိုသည်မှာ မဟုတ်လောက်ပေ။ သို့နှင့် တစ်နေ့တွင် မြို့လုံးကျွတ်သန့်ရှင်းရေးလုပ်ကြရသည်။ ကိုယ့်ပတ်ဝန်းကျင်ကိုရှင်းလင်းရေးလုပ်ကြရခြင်း ဖြစ်သည်။ အဓိကမှာ ရေစီးရေလာကောင်းမွန်ရေး ဖြစ်သည်။ မြင်ထွက်သောကားလမ်းမကြီးတစ်ခုရှိ၏ ထိုလမ်းမကြီးမှာ ကျွန်တော်တို့ရုံးအရှေ့ဘက်မှာရှိ၍ မြောက်မှတောင်ဘက်သို့ တန်းတန်းကြီးဖောက်ထားခြင်းဖြစ်သည်။ အောက်လမ်းမကြီးဟုခေါ်သည်။ ထိုလမ်းတွင် မိုးတွင်း၌ ရေမြောင်းများပိတ်ဆို့ပြီး လမ်းပေါ်တွင်ရေတင်နေသောကြောင့် ရေမြောင်းများကို ဖော်ကြည့်နေကြခြင်း ဖြစ်သည်။ မြောင်းဖုံးများကိုလှန်ပြီး အတွင်းမှအမှိုက်များကို ကော်ထုတ်ပစ်နေစဉ် အမှုထမ်းတစ်ဦးက ကျွန်တော့်ကိုလာပြောသည်။

"ဆရာ၊ ကျွန်တော်တို့ ဒီနေရာကို ကော်ထုတ်လိုက်တာ အောက်မှာ ရေမြောင်းကြီးတစ်ခုရှိနေတာကို သွားတွေ့တယ်"

"ဟာ - ဟုတ်လား၊ ပြစမ်း ငါ့ကို"

သူပြောရာနေရာမှာ ကျွန်တော်တို့ခြံဝင်းအတွင်းရှိ တင်းနစ်ကစားကွင်းနှင့်တည့်တည့်နေရာဖြစ်သည်။ထိုနေရာ ကော်၍ ကြည့်လိုက်သောအခါ လမ်းကန့်လန့်ဖြတ်နေသောရေမြောင်းသည် အောက်ကိုဆင်းသွားပြီး အောက်တွင် ရေပွက်ကြီးတစ်ခုနှင့် ဆက်နေသည်ကို တွေ့ရသည်။ ထိုနေရာမှ အမှိုက်များစုပုံနေသည်ကိုရှင်းရင်း မြေအောက်မှ ပြွန်ကြီးပေါ်လာခြင်းဖြစ်သည်။ ထိုပြွန်ကြီး၏လားရာကိုကြည့်ရာ ကျွန်တော်တို့ရုံးထဲမှ တင်းနစ်ကစားကွင်း၊ ရုံးဘေးမှ မြက်ခင်းများအောက်မှ ဖြတ်သွားနေသည်။ သို့နှင့် ကျွန်တော်သည် ထိုနေရာကိုမှတ်ထားပြီး မျဉ်းဖြောင့်ဆွဲ၍ တင်းနစ်ကစားကွင်း၊ ထို့နောက် မြက်ခင်း၊ ထို့နောက် ရုံးပြင်ရှိ ကားလမ်း၊ ထို့နောက် မြစ်ကမ်းပါးသို့ရောက်သွားသည်။ အုတ်တံတိုင်းကိုကျော်ပြီး ဆင်းကြည့်တော့မှ လူတစ်ယောက်ခေါင်းငုံ့ပြီးဝင်လျှင်ရနိုင်သော ပြွန်ပေါက်ကြီးတစ်ခုကိုတွေ့တော့သည်။ အတော်ကြီးသောပြွန်ပေါက်ကြီးဖြစ်လေသည်။ ထိုပြွန်ပေါက်ကြီးသည် လမ်းနံရံနှင့်ကပ်နေသောကြောင့် အပေါ်က ငုံ့ကြည့်ရုံဖြင့်မသိနိုင်ပေ။ ယခုကဲ့သို့ ဆင်းကြည့်မှရှိနေမှန်းသိရသည်။

မြစ်ကမ်းပါးအတိုင်းလျှောက်ကြည့်သောအခါ ထိုမျှကြီးသောပြွန်ပေါက်ကြီး တစ်ခုကိုထပ်တွေ့ရပြန်သည်။တစ်ပေါက်မှာ ရုံးမြေနေရာကို အောက်မှတန့်လန့်ဖြတ်နေပြီး အခြားတစ်ပေါက်မှာ ကျွန်တော်နေသောခြံဝင်း၏ထောင့် တုက္ကိုပင်များအောက်မှဖြတ်ဆင်းပြီး မြစ်ထဲသို့ဆင်းလာခြင်း ဖြစ်သည်။ မြို့မှာ တောင်မြောက်တန်းနေရာ ဤကဲ့သို့သော ရေပြွန်ကြီးများသည် အောက်လမ်းမကြီးကိုဖြတ်ပြီး အလျှိုအလျှိုတည်ရှိနေကြပုံရသည်။ မြို့တည်စတုန်းကတည်းက ရှေးလူကြီးများက ရေဆင်းကောင်းစေရန် ထည့်သွင်း တည်ဆောက်ထားခဲ့ကြခြင်း ဖြစ်ပေမည်။ နောက်ပိုင်းခေတ်ရောက်မှ နှောင်းလူတို့ တည်ဆောက်ကြသော အဆောက်အအုံများ၊ တိုက်တာခြံမြေများက ဖုံးလွှမ်းလိုက်သောကြောင့် ရေပြွန်ကြီးများ ပျောက်ကွယ်သွားခြင်း ဖြစ်ပေမည်။ ယခုအခါမှာတော့ ထိုရေပြွန်ကြီးများကို ရေစီးရေလာကောင်းစေအောင်လည်းမလုပ်နိုင်ကြတော့ပေ။ ရေပြွန်ကြီးသို့ဆင်းသော ရေမြောင်းငယ်များကိုသာ အမှိုက်သရိုက်ကင်းစင်အောင် ဆောင်ရွက်ရုံသာ တတ်နိုင်ကြတော့သည်။

ထိုအခါကျမှ ကျွန်တော်လည်း ခင်ဇော်ပြောပြသော မြွေနဂါးသိုက် အကြောင်းကို စဉ်းစားမိတော့သည်။ စင်စစ်တွင် မြွေနဂါးသိုက်ဆိုသည်မှာ စပါးကြီးမြွေကြီးများ၏အသိုက်ဖြစ်သည်။ သူတို့သည် ရေပြွန်ကြီးအတွင်းတွင် နှစ်ပရိစ္ဆေဒရှည်ကြာစွာနေထိုင်လျက်ရှိကြသည့်မြွေကြီးများဖြစ်မည်။ရေတက်လာလျှင် ရေနှင့်အတူ မြစ်ထဲမှငါးများ၊ ရေနေသတ္တဝါများပါလာမည်။ ထိုသတ္တဝါများကိုစောင့်ဖမ်းပြီးစားနေကြခြင်းဖြစ်မည်။ ရေတက်လာလျှင် ဖမ်းစားလိုက်၊ ရေကျသွားလျှင်ခွေနေလိုက်လုပ်နေမည်သာဖြစ်သည်။ ရေပြွန်ကြီးက အကြီးကြီးအရှည်ကြီးဖြစ်ရာ တော်ရုံတန်ရုံရေတက်လျှင် ပူစရာမလိုပေ။ ရေတက်လျှင် ရေနှင့်လွတ်ရာနေရာသို့ဆုတ်နေလိုက်ရုံသာဖြစ်သည်။ ဝါတွင်းကာလ ဥပုသ်စောင့်သည်ဆိုခြင်းမှာ ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်ဆိုသည့်အတိုင်း မြစ်ထဲတွင် ရေပြည့်နေသည်ဖြစ်ရာ ပြွန်ကြီးအတွင်းတွင်လည်း ရေဝင်နေသောကြောင့် သူတို့သည် သည်နေရာမှာမနေဘဲ အခြားတစ်နေရာသို့ရွှေ့ပြောင်းနေထိုင်ကြသောကြောင့်ဖြစ်မည်။ ထို့ကြောင့် သည်နေရာတွင် မတွေ့ရခြင်းဖြစ်သည်။

ကျွန်တော့်ခြံဘက်သို့ကူးလာခြင်းမှာ သည်ဘက်ခြံထဲတွင်လည်း ရေပြွန်ရှိသည်။ ထိုရေပြွန်ထဲတွင်လည်း အလားတူနေထိုင်သောမြွေများရှိမည်။ ရေကျသောအချိန် သွားလာ၍တောင်းသောအချိန်တွင် ပြွန်တွင်းမှထွက်၍ ပန်းချုံများကြားမှတစ်ဆင့် ဟိုဘက်ခြံထဲတွင်ဝင်ပြီး ပျော်ပါးခြင်းဖြစ်မည်။ ဤသို့သွားလာပျော်ပါးသည်ကိုမသိသော ခင်ဇော်လိုလူမျိုးက မြွေနဂါးသိုက်ရှိသည်ဟုယူဆပြီး ပူဇော်နေခြင်း ဖြစ်ပေမည်။


ကျွန်တော်သည် ထိုကဲ့သို့တွေးမိသောအခါ စိတ်ထဲတွင်ရှင်းလင်းသွားပြီး မြွေများကိုလည်း မကြောက်တော့ပေ။ သတ္တဝါတစ်ခု ကံတစ်ခုဟု သဘောထားနိုင်လာသည်။ သူတို့ဘာသာ သဘာဝပျော်မြူးကြသည်ကိုလည်း လောကသဘာဝပဲလေဟု သဘောထားလိုက်ပါသည်။ ရုံးစောင့်ခင်ဇော်ကိုတော့ သည်အကြောင်းများကို ပြောမပြတော့ပါ။ သူကလည်း သူ့ယုံကြည်ချက်နှင့်သူ သပြေပန်းများ၊ အမွှေးတိုင်များနှင့် ပူဇော်မြဲပသမြဲ ဆုတောင်းမြဲပင်။ သူ့ယုံကြည်ချက်နှင့်သူပင်ရှိပါစေ။ သူ့စိတ်ကူးထဲတွင်ရှိနေသော မြွေနဂါးသိုက်ဆိုသည့်အယူအဆကိုလည်း မဖျက်ဆီးချင်တော့ပါ။ သူယုံကြည်နေသည့်အတိုင်း ပူဇော်ပသပါစေတော့ဟုသာ သဘောထားလိုက်ပါသည်။

မဟာသျှံ




www.burmeseclassic.com

www.burmeseclassic.com





မောင်ပွင့်ညောက်(မောရ)

# လက်မြှောက်ဖို့ရာ လက်မပါ၊ နှုတ်ဆက်ဖို့ရာ ဒူးမရှိပေမယ့်

# ဘဝကိုအရှုံးမပေးခဲ့သူ

**□(၁၀) နှစ်သားကတည်းက ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့ကြိုးစားခဲ့သူ**

၁၉၈၂၊ ဒီဇင်ဘာလ ၄ ရက်။

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့မှာ ကလေးငယ်တစ်ဦးမွေးဖွားခဲ့ပါတယ်။ မွေးမွေးချင်း သူ့ကိုတွေ့တဲ့သူတိုင်း လန့်သွားကြတယ်။ ကလေးငယ်မှာ လက်နှစ်ဖက်ရောခြေနှစ်ဖက်ပါ မပါလာပါ။ သူ့ရဲ့ရောဂါက အင်မတန်ရှားပါးတဲ့ မွေးရာပါခြေနှစ်ဖက်၊ လက်နှစ်ဖက်စလုံးမပါတဲ့ Tetra-amelia syndrome ဖြစ်တယ်။ ဆရာဝန်တွေက သူ့ကို ကိုယ်လုံးပြောင်ချောနေတဲ့ Dolphin ငါးနဲ့ တူတယ်လို့ မှတ်ချက်ပေးကြတယ်။

ကလေးငယ်ရဲ့မိဘတွေဟာ သူတို့သားလေး ခြေမဲ့လက်မဲ့မွေးလာတာကို အရမ်းတုန်လှုပ်ခဲ့ကြတယ်။ ဒါပေမယ့် သူ့ကို မပစ်ပယ်ဘဲ ချစ်ခြင်းအပြည့်နဲ့ သေသေချာချာ ဂရုစိုက်ခဲ့ကြတယ်။ သူ့အမည်က နစ်(ခ်)ဗူးယစ်ချ်(ခ်) (Nick Vujicic) ဖြစ်ပါတယ်။ ခြေထောက်နှစ်ဖက် မပါပေမယ့် သူ့ကိုယ်ဘယ်ဘက်မှာ ကြက်ခြေထောက်လိုမျိုး အတက်သေးသေးတုံးတိကလေးနှစ်ချောင်းပါပါတယ်။ နစ်(ခ်) (၆) နှစ်သားလောက်မှာ အဲဒီအတက်ကလေးတွေသုံးပြီး စာရေး တတ်၊ကွန်ပျူတာမှာစာရိုက်တတ်အောင် သူ့မိဘတွေကသင်ပေးပြီး သူ့ကို သာမန် ကလေးတွေတက်တဲ့ကျောင်းမှာပဲထား ခဲ့တယ်။

ကျောင်းမှာ ကလေးတွေက သူ့ကို အမြဲတမ်း လှောင်ပြောင်နေကြတော့ စိတ်ထိခိုက်ပြီး ကိုယ့်ကိုယ်ကိုယ်အဆုံး စီရင်ဖို့ကြိုးစားခဲ့ဖူးတယ်။ အသက်(၈)နှစ် သားမှာ မိမိကိုသတ်ပေးဖို့ မိခင်ဖြစ်သူ ကို တောင်းဆိုခဲ့တယ်။ အသက် (၁၀) နှစ်သားမှာ ရေချိုးခန်းထဲမှာ ကိုယ့်ကိုယ် ကိုယ်အဆုံးစီရင်ခဲ့ပေမယ့် မအောင်မြင် ခဲ့ပါဘူး။ ကိုယ်လက်အင်္ဂါမပြည့်စုံ ကလေးငယ်တစ်ယောက်ရဲ့ စိတ်ခံစား ချက်ဟာ အင်မတန်မှသနားစရာကော










www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။

သူ့အမေနဲ့ အဖေက သူ့ကို သတ္တိရှိဖို့ ဘယ်တော့မှ အရှုံးမပေးဖို့ အစဉ်တစိုက် အားပေးခဲ့ကြတယ်။ မိဘတွေရဲ့ အားပေးမှုကြောင့် ဘဝမှာ အောင်မြင်လာတဲ့အခါ နစ်(ခ်)က အခုလိုအမြဲတမ်း ပြောလေ့ရှိပါတယ်။

"မိဘတိုင်း သားသမီးတွေကို သိပ်ချစ်ကြပါတယ်။ မိဘတွေကိုလည်း ငါတို့က ပြန်ပြီးချစ်ကြရအောင်ပါ"

**စာဖတ်လို့ဘဝလမ်းကြောင်းပြောင်းခဲ့ပြီ**

အသက် (၁၃) နှစ်သားရောက်တဲ့အချိန် ဂျာနယ်တစ်စောင်ဖတ်ဖြစ်တယ်။ အဲဒီမှာ မသန်စွမ်းသူတစ်ဦးအား ကစားထူးချွန်တဲ့အကြောင်းဖတ်လိုက်ရတော့ သူ့ကိုယ်သူ မှန်ထဲကြည့်ပြီး အခုလိုစဉ်းစားတယ်။

"ငါ အခုလို ခြေ လက်တွေမဲ့နေတာ အကြောင်းမဲ့မဟုတ်ဘူး။ အဲဒါဟာ အခြေအနေမဲ့နေသူတွေအားလုံးကို အင်အားပေးဖို့ ဖေးမပေးဖို့ဖြစ်လာတာ" လို့ ယုံကြည်ချက်ချလိုက်ပါတယ်။

အဲဒါကြောင့် ပတ်ဝန်းကျင်က ထောင်ပြောင်ပြောဆိုမှုကိုမေ့ပြီး ကြိုးစားလိုက်တာ စာရင်းကိုင်ဘွဲ့၊ စီးပွားရေးဘွဲ့တွေကို ရရှိခဲ့တယ်။ ၁၉၉၀ ပြည့်နှစ်မှာ ဩစတြေးလျနိုင်ငံရဲ့ တစ်နှစ်တာအထူးချွန်ဆုံးလူငယ်နိုင်ငံသားဆုကိုရရှိခဲ့တယ်။

အခုဆိုရင် သူဟာ ဘောလုံးကန်တယ်၊ ရေလှိုင်းစီးတယ်၊ ရေကူးတယ်၊ ဂေါက်ရိုက်တယ်။ တခြားအားကစားနည်းအတော်များများကိုလည်း ကစားတတ်ပါသေးတယ်။ သာမန်လူတွေတောင် သူလောက် အားကစားနည်းမျိုးစုံ ကစားတတ်ကြမှာ မဟုတ်ပါဘူး။ သူ့ဆီမှာ ခြေထောက်လိုမျိုးအတက်သေးသေးကလေး ပါနေလို့ အဲဒါတွေကို အသုံးချနိုင်ခြင်းပဲ ဖြစ်ပါတယ်။

**ခြေ လက်မပါသူများအသင်း**


အသက် (၁၇) နှစ်သားအရွယ်မှာ ထိုလိုဖြစ်ခြေလက်မပါသူများအသင်းကြီး (Non-profit organisation, Life Without Limbs) ကို တည်ထောင်ခဲ့ပါတယ်။ နစ်(ခ်)ဟာ ဘာသာတရားကိုင်းရှိုင်းတဲ့ ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်တာမို့ သူပြောပြောတဲ့အခါတိုင်း -

"ဘုရားသခင်ဟာ ဆန္ဒရှိတဲ့နှလုံးသားတိုင်းကို လုပ်ဆောင်နိုင်အောင် ကူညီပေးပြီး ဘယ်လိုချို့တဲ့မှုမျိုးရှိနေပါစေ အခက်အခဲတွေအားလုံးကို ကျော်လွှားသွားစေနိုင်ပါတယ်"














www.burmeseclassic.com

www.burmeseclassic.com





နစ်၏ဟောပြောပွဲများ

လို့ ပြောတတ်ပါတယ်။

နစ်(ခ်)ဟာ မဖြစ်နိုင်တာတွေကို ဖြစ်အောင်လုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ -

"ကျွန်တော့်ဗီရိုထဲမှာ ဖိနပ်တစ်ရန် သိမ်းထားပါတယ်"

လို့ စာတစ်အုပ်ထဲမှာ ရေးထားတယ်။

**❑ ပညာရေးလမ်းကြောင်း**

နစ်(ခ်)ဟာ အသက် (၂၁) နှစ်မှာ ဂရစ်ဖစ်(သ်)တက္ကသိုလ် (Griffith University) ကနေ စာရင်းအင်းနဲ့ ငွေကြေးစီမံခန့်ခွဲမှုဘာသာရပ်တွေ အထူးပြုနဲ့ စီးပွားရေးဘွဲ့ ရခဲ့တယ်။ ဘွဲ့ရပြီးနောက်မှာ နိုင်ငံပေါင်း (၆၀) က ကျောင်းတွေ အဖွဲ့အစည်းတွေနဲ့ လူထုစည်းဝေးပွဲတွေမှာ စိတ်ဓာတ်ကျနေသူများ၊ ကိုယ်အင်္ဂါချို့ယွင်းသူများ၊ နာမကျန်းသူများနဲ့ လူငယ်များကို စိတ်ဓာတ်မြှင့်တင်ရေး ဟောပြောသူ (Motivitational Speaker) တစ်ယောက်အနေနဲ့ ဟောပြောခဲ့တဲ့ဆီမှာ သူဟောပြောပို့ချမှုဟာ နားထောင်ရသူတွေကို အင်အားဖြစ်စေခဲ့ပါတယ်။

နစ်(ခ်)ဟာ သူဟောပြောပွဲတွေကနေ ဝင်ငွေအမြောက်အမြားရရှိခဲ့ပါတယ်။

*(ဆန်ဒန်တက္ကသိုလ် မြန်မာစာ ပါမောက္ခ အငြိမ်းစား ဆရာကြီး ဒေါက်တာလှဘေရှိတုန်းက ဆရာကြီးကို ကျွန်တော်စီစဉ်တဲ့ကွန်ပျူတာအကြောင်း ဟောပြောပွဲတစ်ခုကို ဖိတ်ခဲ့ပါတယ်။ ဆရာကြီးဟာ လက်ထဲမှာ မှတ်စုစာအုပ် တစ်အုပ်ကိုင်ထားလို့ မရှင်းတာရှိရင် လည်းမေးမြန်းပြီး အသေအချာရေးမှတ် ပါတယ်။ ဟောပြောပွဲပြီးတော့ အခု ပြောပါတယ်။ 'နိုင်ငံခြားမှာဆိုရင် ဒီ ဟောပြောပွဲတွေကို အလကားနားထော လို့မရဘူး။ ပိုက်ဆံပေးရတယ်' ကျွန်တော် တို့ဆီမှာတော့ ဟောပြောပွဲအများစု အလကားနားထောင်ရလို့ဖြစ်မယ်ထ ပါတယ်၊ နားထောင်သူတွေဟာ မှတ် သားသားမရှိတာများပါတယ်။)*

နစ်(ခ်)ဟာ သူ့ရဲ့လုပ်ဆောင်ခ တွေကို ရုပ်မြင်သံကြားအစီအစဉ်တွေ သူရေးသားတဲ့ စာအုပ်တွေကနေ တ ခဲ့တယ်။ ပထမဆုံးစာအုပ်ဖြစ်တဲ့ 'အက အသတ်မရှိတဲ့ဘဝ' (Life Without Lim its) ကို ၂၀၁၀ ပြည့်နှစ်မှာ ထုတ် တယ်။ 'ဘဝရဲ့ပိုမိုကြီးမြတ်တဲ့ရည် ချက်' (Life's Greater Purpose) အ



www.burmeseclassic.com

www.burmeseclassic.com
















နဲ့ ပြန့်ချိခဲ့တဲ့ ဒီဗီဒီခွေထဲမှာ ၂၀၀၅ ခုနှစ်တုန်းက သူ့အိမ်မှာ သူဘယ်လိုနေထိုင်စားသောက်ပြီး ဘာတွေလှုပ်ရှားဆောင်ရွက်ခဲ့တယ် ဆိုတာကို တင်ပြခဲ့တယ်။ လူငယ်တွေအတွက် ရည်ရွယ်ပြီး 'ခြေမရှိလက်မရှိလည်း ပူစရာမရှိ' (No Arms, No Legs, No Worries) အမည်နဲ့ ဒီဗီဒီခွေကိုထုတ်ခဲ့တယ်။

နစ် (ခ်) ဟာ 'လိပ်ပြာဆပ်ကပ်' အမည်နဲ့ ရုပ်ရှင်ကားတိုလေးတစ်ခုမှာ သရုပ်ဆောင်ခဲ့ပါသေးတယ်။ အဲဒီရုပ်ရှင်ကားဟာ ဆုအများကြီးရတဲ့အပြင် သူကိုယ်တိုင်လည်း အကောင်းဆုံးသရုပ်ဆောင်ဆုရခဲ့တယ်။

၂၀၁၂ ခုနှစ်မှာ အိမ်ထောင်ကျပြီး အခုဆိုရင် သားကလေးတစ်ယောက်ရှိနေပါပြီ။

**ဘဝနဲ့ရင်းပြီး နစ်(ခ်)ဏ်ရင်ထဲမှ ထွက်ပေါ်လာသော စကားများ**

၀ လူတွေက ဒါမလုပ်နိုင်ဘူး၊ ဟိုဟာမလုပ်နိုင်ဘူးလို့ အမြဲညည်းညူတတ်ကြတယ်။ တကယ်လို့ ကိုယ့်မှာမရှိတာတွေကိုပဲ အာရုံစိုက်ပြီး အဲဒါတွေရလာဖို့ ထိုင်ဆုတောင်းနေမယ်ဆိုရင် ဒီလိုလုပ်တာဟာ ဘဝအခြေအနေကိုမပြောင်းပေးနိုင်ပါဘူး။ အမှန်က ကိုယ့်မှာရှိတာတွေကို စူးစိုက်ပြီး အဲဒီအရာတွေကနေ အကောင်းဆုံးဖြစ်လာအောင်လုပ်ဖို့ပါ။

၀ ကိုယ့်ရဲ့ တန်ဖိုးတွေကို ယုံကြည်ပါ။ ကိုယ့်ရဲ့အရည်အချင်းတွေ၊ရည်ရွယ်ချက်တွေကို ယုံကြည်ပါ။ အထူးသဖြင့် ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ကိုယ့်ဘဝအတွက် အစီအမံတွေကို ယုံကြည်ပါ။

၀ ကျွန်တော်တို့မှာ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမှမတူနိုင်တာတွေရှိနေကြပါတယ်။ တချို့က မျက်လုံးပြူးမယ်။ တချို့က မျက်လုံးမှေးမယ်။ တချို့က အရပ်ရှည်မယ်။ တချို့က အရပ်ပုမယ်။ ဘယ်လိုပဲဖြစ်ဖြစ် တခြားသူတွေရဲ့ ခံစားချက်ကို နားလည်နိုင်ဖို့ ကြိုးစားကြရအောင်လားဗျာ။

www.burmeseclassic.com

၅ ရှုံးနိမ့်တယ် ဆိုတာ အောင်မြင်ခြင်းရဲ့မိခင်ပါ။ ကျွန်တော်ရဲ့ကျရှုံးမှုတွေက ကိုယ်ဘာတွေမှားခဲ့သလဲ၊ ဘယ်လိုကောင်းမွန်အောင်လုပ်ရမလဲဆိုတာသင်ပေးပါတယ်။ ဒါကြောင့်မို့ အရှုံးမပေးပါနဲ့။ ထွက်မပြေးပါနဲ့။ အောင်မြင်မှုဟာ အဝေးကြီးမှာ မဟုတ်ပါဘူး။ အစွမ်းကုန်ကြိုးစားလိုက်ကြရအောင်လား။

❑ ဘဝမှာ ပျော်တယ်၊ မပျော်ဘူး ဆိုတာ ကိုယ်တိုင် ရွေးချယ်ထားတာပါ။ ကျွန်တော်ကတော့ ဘာမဆိုလုပ်နိုင်ရမယ်ဆိုတဲ့ ယုံကြည်မှုကိုမွေးပြီး ကိစ္စတိုင်းကို ကိုယ့်နည်းကိုယ့်ဟန်နဲ့လုပ်နိုင်အောင် အမြဲကြိုးစားပါတယ်။ ပျော်စရာလမ်းကိုပဲ ရွေးပါတယ်။ ကျေးဇူးတရားတွေကို မြင်တတ်လာလို့လည်း အမြဲပျော်ရွှင်ရပါတယ်။







❑ ကိုယ်မလုပ်နိုင်တာတွေကိုအာရုံစိုက်နေမယ့်အစား ကိုယ်လုပ်နိုင်တာတွေကို ဘာလို့အရေးတယူမရှိတာပါလဲ။ ကိုယ့်မှာမရှိတာတွေကို အာရုံမစိုက်သင့်ပါဘူး။ ကိုယ့်မှာတကယ်ရှိနေတာကို တန်ဖိုးထားပြီး ဘဝမှာ အဓိပ္ပာယ်ရှိအောင် အသုံးချသင့်ပါတယ်။ ဘဝကို ပျော်ပျော်နေကြရအောင်ပါ။

❑ ဘဝမှာကြုံရတဲ့အခက်အခဲတွေဆိုတာ ကစားပွဲထဲက စိန်ခေါ်မှုတွေလိုပါပဲ။ ကိုယ်ကြိုးစားနေသရွေ့၊ သတ္တိရှိနေသရွေ့၊ စိတ်ရှည်နေသရွေ့ အဲဒါတွေကို ကျော်လွှားသွားနိုင်ပါတယ်။ အမြဲသတိရပါ။ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး။ ဒီအချက်ကို ပိုင်ပိုင်ဆုပ်ကိုင်ထားမယ်ဆိုရင် အိပ်မက်တွေဟာတကယ်ဖြစ်လာမှာပါ။

❑ ကိုယ်လုပ်နိုင်တာကို အကောင်းဆုံး ကြိုးစားလုပ်မယ်ဆိုရင် အရာအားလုံးဟာဖြစ်လာနိုင်ပါတယ်။

❑ မျက်လုံးတွေဆိုတာ စိတ်ရဲ့ပြတင်းပေါက်တွေပါ။ ကိုယ်ကသာ ရိုးသားမယ်ဆိုရင် ကိုယ့်ရိုးသားမှုကို တခြားသူတွေက သေချာပေါက် မြင်နိုင်မှာပါ။ ရိုးသားနိုင်သမျှ ရိုးသားဖို့ ကိုယ့်ကိုယ်ကိုယ်အမြဲသတိပေးနေရပါတယ်။

❑ စိတ်ဓာတ်ကြံ့ခိုင်ဖို့၊ သတ္တိရှိဖို့ အမြဲသတိထားပါ။ အခက်အခဲတွေကို မကြောက်သင့်ပါဘူး။ ကိုယ့်အိပ်မက်တွေ (ဖြစ်ချင်တာတွေ) ကို မစွန့်လွှတ်ဘဲ လုပ်စရာရှိတာတွေကို ကြိုးစားလုပ်သွားမယ်ဆိုရင် လူတိုင်းလူတိုင်း အံ့ဩစရာ ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ပါတယ်။

❑ ကိုယ့်ရဲ့နေ့တိုင်းကို တန်ဖိုးထားပြီး ကြုံဆိုနိုင်အောင် ကြိုးစားပါ။ ဘဝ ကိုလည်း ကြိုးစားမှုတွေနဲ့ ပြည့်နေပါစေ တခြားသူတွေကို ကိုယ့်ကိုယ်ကိုယ်ချစ် သလိုချစ်ပါ။ လူတစ်ယောက်ကို လိုအပ် နေတဲ့အချိန်မှာ ကြီးမားတဲ့ ထွေးပွေ့မှု ကိုပေးပါ။

❑ ဘဝမှာ အကောင်းဆုံးက ချစ် တတ်ဖို့နဲ့ အချစ်ခံရဖို့ပါ။ သူများကကိုယ့် ကိုချစ်စေချင်တယ်ဆိုရင် ကိုယ်ကအရင် သူများကို ချစ်မေတ္တာတွေ ဖော်ပြနိုင်ရ မယ်။


နစ်(ခ်)လိုမျိုး ခြေ၊ လက် မပါ မယ့် ဘဝကို အရှုံးမပေးခဲ့တဲ့ အ သား နောက်တစ်ယောက်ကတော့ ...

www.burmeseclassic.com












[illegible]ငံ၊ တိုကျိုမြို့မှာ ၁၉၇၆၊ ဧပြီ ၆ မှာမွေး[illegible]တဲ့ အိုတိုတာကီဟီရိုတာဒါ (Ototake [illegible]rotada)ဖြစ်ပါတယ်။ ၁၉၉၈ (အသက် ၂၂ နှစ်) မှာ သူထုတ်ဝေခဲ့တဲ့ 'ဘယ်သူမှ [illegible]ပြည့်စုံ' (No One's Perfect) နာမည်နဲ့ အတ္ထုပ္ပတ္တိစာရေးစာစုများစာအုပ်ကြောင့် လူသိများထင်ရှားလာပါတယ်။ အဲဒီစာအုပ်ဟာ တစ်နှစ်အတွင်းမှာပဲ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဂျပန်မှာ ထုတ်ဝေခဲ့တဲ့ စာအုပ်တွေထဲမှာ တတိယမြောက်ရောင်းအကောင်းဆုံးစာအုပ်စာရင်းဝင်ခဲ့တယ်။ အဲဒီစာအုပ်ကို အင်္ဂလိပ်ဘာသာနဲ့လည်း ဘာသာပြန်ပြီး ထုတ်ဝေထားတယ်။

သူ့အကြောင်းသူပြန်ရေးထားတဲ့ အဲဒီစာအုပ်ထွက်ပြီးနောက်မှာ သူဟာ အောင်မြင်တဲ့အားကစားသတင်းထောက်တစ်ယောက်ဖြစ်လာပါတယ်။ ၂၀၀၇ ခုနှစ်မှာ တိုကျိုမြို့က မူလတန်းကျောင်းတစ်ကျောင်းမှာ ဆရာဝင်လုပ်ခဲ့တယ်။ ၂၀၁၃ ခုနှစ်မှာ သူလည်း နစ်(ခ်)လိုပဲ ရုပ်ရှင်ကားတစ်ကားမှာ သရုပ်ဆောင်ခဲ့တယ်။ အဲဒီကားမှာတော့ သူ့ရဲ့ကျောင်းဆရာဘဝကို ရိုက်ပြထားတာပါ။

ကျွန်တော် ဒီဆောင်းပါးရေးရတဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ဆီက အထူးသဖြင့် လူငယ်လေးတွေ ခြေ၊ လက်အင်္ဂါ စုံလင်ပါလျက်နဲ့ ဘာလုပ်ရမှန်းမသိဘဲ ဘဝမှာတွေဝေငေးမောရင်း၊ အပျော်အပါးလိုက်စားရင်း အချိန်ကုန်ပြီး လူဖြစ်ရကျိုးမနပ်တဲ့ဘဝကနေ လွတ်မြောက်အောင် ကြိုးစားကြစေချင်လို့ပါ။

နစ်(ခ်)တို့၊ ဟီရိုတာဒါတို့လို ခြေရောလက်ပါမပါသူတွေကတောင် ဘဝကို အရှုံးမပေးဘဲ ခက်ခက်ခဲခဲနဲ့ အောင်မြင်အောင် ကြိုးစားနိုင်သေးရင် ငါတို့ကော ဘာလို့မဖြစ်နိုင်ရမှာလဲဆိုတဲ့ စိတ်ဓာတ်မျိုး မွေးစေချင်ပါတယ်။ ဖြစ်နိုင်ရင် နစ်(ခ်)ရဲ့အကြောင်းကို ဗီဒီယိုဆလိုက်တွေပါထိုးပြပြီး ကျောင်းတွေက ကျောင်းသားကျောင်းသူတွေကို ပြောပြချင်ပါတယ်။

သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်ရဲ့စကားတော်တစ်ခွန်းနဲ့ အဆုံးသတ်ပါမယ်။

**စိတ္တဝတော ကိံနာမကမ္မံ နသိဇ္ဈတိ။**
ပစိတ်ဆန္ဒပြင်းပြသူအား မပြီးစီးမအောင်မြင်နိုင်သောကိစ္စဟူသည် မရှိ။

မောင်ပွင့်ဉာဏ် (မောရ)

ရည်ညွှန်း -
- ငါကိုဖက်ထားပါ
  သွယ်သွယ်မျိုးညွန့် ဘာသာပြန်၊
  စာပေလောက၊
  ၂၀၁၄၊ စက်တင်ဘာ၊
  ပထမအကြိမ်။
- Internet Facebook & Wikipedia




www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

## အိပ်ရာဝင်ပုံပြင်



သတင်းနားထောင်ဖို့အတွက် (၅) မိနစ်ကြိုပြီး ရေဒီယိုကိုဖွင့်လိုက်ရာ အသံပျောက်နေသဖြင့် (၃) မိနစ်ခန့်ရှာရပါသည်။ အသံပေါ်လာတော့ 'အမေရိကန်မှာ မိဘတွေဟာ ကလေးတွေကို ညအိပ်ရာဝင်ပုံပြင်ပြောသည့်အလေ့ (၂၅) ရာခိုင်နှုန်းလောက် ကျဆင်းသွားတယ်။ ဒါဟာ တိုင်းပြည်ရဲ့ အနာဂတ်အတွက်ဖြစ်တဲ့ လူငယ်များရဲ့ အရည်အသွေးကို လျော့ပါးစေနိုင်တယ်' ဟု အသံပေါ်လာပြီး ပြန်ပျောက်သွားပါသည်။ နောက် (၅) မိနစ်ကျော်ကြာမှ သတင်းကို ဖမ်းရရှိပါသည်။ သတင်းနားထောင်ပြီးသည့်နောက် စောစောက အစအဆုံးမရှိသောစကားကို ပြန်သတိရမိပါသည်။

ဖွံ့ဖြိုးသောနိုင်ငံများတွင် မိဘများသည် သားသမီးများအတွက် ပညာရေး၊ ကျန်းမာရေး၊ စည်းကမ်းလိုက်နာရေး စသည့် အရည်အချင်းများနှင့် ပြည့်စုံအောင် ပြုစုကြပါသည်။ ထိုသို့ ပြုစုရာတွင် ကလေးများကို ညအိပ်ရာဝင်ပုံပြင် ဖတ်ပြခြင်းဓလေ့လည်းတစ်ခုပါပါသည်။ ထိုအချက်ကို ကိုရီးယားဇာတ်လမ်းတွဲများတွင် မကြာမကြာတွေ့ရတတ်ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်တွင် ရှေးအခါ ကျွန်တော်ငယ်စဉ်က အထိ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စည်းကမ်းလိုက်နာရေးများကို မိဘများကပင် တာဝန်ယူ ကြပ်မတ်ပေးခဲ့ပါသည်။ နောက်ပိုင်းတွင် ကျွန်တော်ကအစ သားသမီးများ၏ပညာရေးကို စာသင်ကျောင်းသို့ လွှဲလိုက်ပြီး ကျန်းမာရေးကို ဆေးရုံ၊ ဆေးခန်းသို့ တာဝန်လွှဲလိုက်ကာ စည်းကမ်းကျတော့ 'ငါတို့အတိုင်းပဲရှိပါစေတော့' ဆိုပြီးထားလိုက်သည်ကများပါသည်။

ကျွန်တော်တို့ ငယ်စဉ်က ရဲစွမ်းသတ္တိရှိရေး၊ သစ္စာရှိရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အသိဉာဏ်ပညာထက်မြက်ရေး အစရှိသည့်ဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုနိုင်သည့်ပုံပြင်များကို ညအိပ်ရာဝင်ပုံပြင်အဖြစ် မိဘ၊ ဘိုးဘွားများကပြောပြတတ်ကြပါသည်။ အထူးသဖြင့် အဘိုးအဘွားများကပြောကြပါသည်။

အထက်ပါအကြောင်းအရာများကိုကျွန်တော့်အိမ်သားများအားပြန်ပြောပြတော့ အငယ်ဆုံးမြေးက -

"အခု အိပ်ရာဝင်ချိန်ရောက်ပြီ၊ အဘိုးပုံပြောပြ"

ဟု ဆိုပါသည်။

ကျွန်တော့်စကားနှင့် ကျွန်တော်မိသွားသဖြင့် ပုံတစ်ပုံပြောပြရန် အပြေးအလွှားစဉ်းစားလိုက်တော့ ငယ်စဉ်က ဘွားလေးပြောပြသည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် သူရသတ္တိအကြောင်း မွန်ရိုးရာပုံပြင်တစ်ခုကို ပြန်သတိရမိပါသည်။ ဘွားလေးက တကယ့်အဖြစ်အပျက်ဟု ဆိုပါသည်။ ဘွားလေးပြောသောပုံပြင်မှာတကယ့်အဖြစ်အပျက်ဖြစ်နိုင်ကြောင်း အထောက်အထားကိုပါ ရှေးဦးစွာပြောပြရပါမည်။

"ကမ္ဘာဦးက ဒိုင်နိုဆောတို့လို အင်မတန် ကြီးမားတဲ့ သတ္တဝါတွေရှိခဲ့ကြောင်း မြေးတို့ကြားဖူးမှာပေါ့။ ရှေးရှေးတုန်းက တကယ်ရှိခဲ့တာ၊ နောက်မှ တဖြည်းဖြည်း ပျောက်ကွယ်သွားတာ။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်က ဘုရားပွင့်ရာ မဟာဗောဓိပင်နံရံတိုင်း ပြိုပျက်ကြောင်းကြားတော့ ဘိုးတော်က တပ်သားတွေလွှတ်ပြီး အပြစ်ခိုင်းတယ်။ တောလမ်းက ကုန်းကြောင်းခရီးသွားရတယ်။

တစ်နေ့ ချုံကောင်းကောင်းတစ်နေရာမှာ ချုံထဲဝင်ပြီး နားနေချက်ပြုတ်စားသောက်ကြတယ်။ ချုံကိုကြည့်လိုက်တော့ ဇရာမလျှော်ကြီးတစ်စင်းမှောက်ထားသလို ဖြစ်နေတယ်။ ချုံပင်လို့ထင်တဲ့အပင်တွေကို ကြည့်လိုက်တော့ အမိုးတွေလို ဖြူနေတယ်။ ဓားနဲ့ခုတ်ကြည့်တော့ အရိုးဖြစ်နေတယ်။ ချုံကို ရှင်းထုတ်လိုက်တော့ ဇရာမကင်းကြီးတစ်ကောင်ပုံ ပေါ်ပေါက်လာတယ်။ ဒါကို ကုန်းဘောင်ခေတ်မှတ်တမ်းမှာ တွေ့ရတယ်လို့ ဘိုးဘိုးကြီးတို့ရဲ့ သမိုင်းဆရာက ပြောတယ်။

နောက်တစ်ခု မြန်မာနိုင်ငံကို အင်္ဂလိပ်တွေ သိမ်းပိုက်ပြီးနောက် ရေန ချောင်းဘက်မှာ သစ်ထုတ်လုပ်ငန်း လုပ် ကြတယ်။ အဲဒီမှာ ညဘက်ကို မြွေကြီး တွေက ဆင်တွေကိုလာချီသွားလို့ ရိုးရိုး သေနတ်နဲ့ ပစ်တာမရဘူး။ ဒါနဲ့ အင်္ဂလိ ကို စက်သေနတ်မှာပြီး ပစ်ရတယ်လို့ လည်း ဆရာကပြောပာယ်။

ဘိုးဘိုးကြီးတို့အမေရဲ့ အဖေဟာ ချောင်းဆုံဇာတိ မဟုတ်ဘူး။ သထုံခရိုင် ပေါင်မြို့နယ် ဥတ္တားကျေးရွာကဖြစ်တယ်။ အဘိုးအမည်မှာ ဦးဧ-ဟာတာဖြစ်ပြီး သူ မှာ ဒေါ်ငွေညွန့်ဆိုတဲ့ ညီမတစ်ယော ရှိတယ်။ ဘွားလေး ဒေါ်ငွေညွန့်ဟာ ဘိုး လေးတို့ဆီကို မကြာခဏအလည်လာ တတ်တယ်။ သူကလည်း ပုံပြောပြလေ့ တယ်။ အဲဒီအထဲကတစ်ပုံကို ပြန်ပြော မယ်။ နာမည်တွေက မွန်နာမည်တွေ တော့ မှတ်ရခက်လို့ မမှတ်မိဘူး။

မွန်ဘုရင်များလက်ထက် အ ရှေးကျတဲ့အချိန်တုန်းက အလွန်စည် တဲ့ ဥတ္တားရွာမှာ သူဌေးကြီးတစ်ယော ရှိတယ်။ သူ့အိမ်မှာ အမေသေလို့ ဆေ ဝါးခအကြွေးနဲ့ သဂြိုဟ်စရိတ်အတွ သူ့အဖေက သူဌေးကြီးရဲ့အိမ်မှာ အဖြစ် ငါးနှစ်လာရောင်းထားတ (၁၄) နှစ်သမီး ကျွန်မလေးတစ်ယေ ရှိတယ်။ ကျွန်သက်တစ်နှစ်ကျော်

www.burmeseclassic.com

...မှာ ဥတ္တာားရွာနားက ရွာအဝင်လမ်း ...တန်းမှာ သတင်းဆိုးတစ်ရပ်ဖြစ်ပေါ် ...တယ်။ အဲဒါက ညနေ နေဝင်ချိန် ...ကျမှာ ရွာနောက်ကျောတောင်ပေါ် ... ထန်းလုံးလောက်ရှိတဲ့ မြွေကြီးတစ် ...ကောင်ဟာ လမ်းဖြတ်သွားတဲ့လူ၊ ကျွဲ၊ ... စတာတွေကို ကိုက်ချီသွားတယ်ဆို ... သတင်းပဲ။

မြွေကြီးဟာ အဲဒီလိုကောက်ချီပြီး ... ခေါင်းကိုမော့ပြီး ...ကောင်ကို ...ကောက်ချီပြီး တောင်ပေါ်ဘက်ပြန်တက် ...တယ်လို့ တွေ့တဲ့လူတွေကပြောကြ ...။ သူဌေးကြီးရဲ့ ကျွန်မကလေးက ...မြွေကို ကျွန်မ နှိမ်နင်းပေးရင် ကျွန် ...လွတ်မလားလို့ သူဌေးကြီးကိုမေး ...။

သူဌေးကြီးက သဘောတူတော့ ...လေးက သူဌေးကြီးဆီမှာ ပွဲ့လျက် ...ပိဿာနဲ့ အိုးတစ်လုံးတောင်းတယ်။ ...ကြီးက ပွဲ့လျက်တစ်ပိဿာကို ငါ ...မယ်။ အိုးကိုတော့ အိုးဆိုင်မှာ ...ကြိုက်တာသွားယူ။ ပြီးတော့ ငါပိုက်ဆံ ...။ မိန်းကလေးက အိုးဆိုင်သွားပြီး ...ကျက်တစ်ပိဿာဆံ့နိုင်တဲ့အိုးတစ်လုံး ...ရွေးတယ်။ ရွေးရာမှာ အိုးရဲ့ခံ့ခိုင်မှုကို ...သေချာချာစစ်ဆေးပြီး ရွေးတယ်။ ...ခေါင်မြည်မှအိုးဆိုတဲ့အတိုင်း ခေါင် ...မြည်တဲ့အိုးကိုရွေးတယ်။ အထူး ... အိုးနှုတ်ခမ်းရဲ့ အနေအထားနဲ့ ...ကို အထူးသတိပြုရွေးတယ်။

အိုးနဲ့ပွဲ့လျက်ရတော့ မိန်းကလေး ... ပွဲ့လျက်ကို ရေအလောတော်ထည့် ...ပွက်ပွက်ဆူအောင် ကျိုလိုက်တယ်။ ...တော့ ညနေစောင်း မြွေလာမယ့် ...နဲ့ ကြိုပြီး ချိန်ကိုက်ကျိုပြီးနောက် ...ခဲထူထူကို သေသေချာချာလုပ် ...ပြီးတော့ ထဘီကိုတိုတိုဝတ်ပြီးဆူ ... ပွဲ့လျက်အိုးကို ခေါင်းပေါ်အတင် ...ကိုက်တယ်။ ပြီးတော့ မြွေလာတတ် ...ဆိုတဲ့ ရွာပြင်လမ်းကို ထွက်လာခဲ့ ...။ ဘယ်သူမှ သူ့နောက်က လိုက် ...ကြည့်ဝံ့ဘူး။

မိန်းကလေးဟာ စိတ်ကို အတတ် ... တည်ငြိမ်အောင်ထားတယ်။ လမ်း ...ည်း ခလုတ်မတိုက်ချော်မလဲအောင် ...ထားပြီးလျှောက်တယ်။ စိတ်မငြိမ် ... ခြေလှမ်းမှားပြီးချော်လဲမယ်။လဲလိုက် ...ဆိုရင် အကြံအစည်အားလုံးပျက် ... အသက်ပါဆုံးမယ်။

မိန်းကလေးဟာ မြွေလာတတ်တယ်ဆိုတဲ့နေရာကို ကျော်လွန်အောင် သွားတယ်။ မြွေက မလာသေးဘူး။ အတော်ကျော်သွားပြီးတော့ ရွာဘက်ကို ပြန်လှည့်ပြီး ခြေလှမ်းမှန်မှန်နဲ့ တည်တည်ငြိမ်ငြိမ် ပြန်လျှောက်လာခဲ့တယ်။ မြွေလာနေကျနေရာဆိုတဲ့အနားရောက်တော့ တောင်ပေါ်က မြွေကြီးဆင်းလာတာကို တွေ့လိုက်ရတယ်။

မိန်းကလေးဟာ ကြောက်စိတ်လုံးဝမဝင်ဘဲ ခြေလှမ်းမှန်မှန်နဲ့ တစ်လှမ်းချင်းလျှောက်လာတယ်။ ခေါင်းပေါ်က အိုးပါသွားပြီဆိုတာသိလိုက်တာနဲ့ ခေါင်းပေါ်ကအိုးကြွသွားတာနဲ့ မိန်းကလေးဟာ ရှေ့ကိုအမြန်ဆုံးအားသွန်ပြေးတယ်။ သူ့နားထဲမှာ မြွေကြီးထံကထွက်လာတဲ့ ဘယ်လိုအသံမှန်းမသိတဲ့ အသံမျိုးကို ကြားရပြီး ဖြုန်းခနဲအသံကိုကြားရတော့မှ အပြေးကိုရပ်ပြီး နောက်ကိုပြန်လှည့်ကြည့်လိုက်တယ်။ မြွေကြီးဟာ လမ်းပေါ်မှာ အတန်ကြာလူးလိမ့်နေပြီးငြိမ်ကျသွားတယ်။

မြွေကြီးဟာ သူလုပ်နေကျအတိုင်း ပွဲ့လျက်ပူအိုးကို လူခေါင်းအမှတ်နဲ့ငုံခဲပြီး အပေါ်ကို မြှောက်တင်လိုက်တယ်။ ဒီတော့ ပွဲ့လျက်ပူရည်တွေဟာ သူ့အာခေါင်ထဲကို အကုန်လုံးစီးဝင်သွားတော့တာပေါ့။ ပွဲ့လျက်ပူရည်တစ်ပိဿာဝမ်းထဲအဝင်ခံရရင် ဘယ်သတ္တဝါမှ အသက်မရှင်နိုင်ဘူး။ မိန်းကလေးဟာ မြွေကြီးငြိမ်သွားတော့မှ ရွာကိုပြန်ပြီး သူဌေးကြီးကို မြွေကြီးကို သူနှိမ်နင်းခဲ့ပြီးကြောင်း ပြောပြတယ်။ မယုံကြည်ခြင်း၊ စိတ်ပူခြင်းတို့နဲ့ စောင့်နေကြတဲ့ သူဌေးကြီးနဲ့ အလုပ်သမားတွေဟာ အဲဒီတော့မှ မိန်းကလေးနဲ့အတူ မြွေကြီးကို သွားကြည့်ကြတယ်။

သူဌေးကြီးဟာ မိန်းကလေးရဲ့ ဉာဏ်ရည်နဲ့ သတ္တိကို ချီးမွမ်းပြောဆိုပြီး သူ့ကတိအတိုင်း (၄) နှစ်ကျန်တဲ့ ကျွန်သက်ကို လွတ်လပ်ခွင့်ပေးလိုက်တဲ့အပြင် ရင်းနှီးစားသောက်ဖို့ဆိုပြီး ငွေအသပြာတစ်ရာကိုပါ ဆုအဖြစ်ပေးလိုက်တယ်။

ဘွားလေး အဘွားငွေညွန့်က ပုံပြင်ဆိုပေမယ့် ဒါဟာ တကယ့်အဖြစ်အပျက်ပဲလို့ပြောပါတယ်။ ဒီပုံပြင်မှာ မိန်းကလေးရဲ့ ရန်သူကို အောင်မြင်ကြောင်း အကြံဉာဏ်ထုတ်နိုင်ပုံနဲ့ ရဲစွမ်းသတ္တိရှိပုံကို စိတ်တည်ငြိမ်ပုံတို့ကို အတုယူရမှာ ဖြစ်တယ်”

ကျွန်တော်က ဘွားလေးပြောပြခဲ့သော အိပ်ရာဝင်ပုံပြင်ကို ဤသို့ အဆုံးသတ်လိုက်ပါသည်။

ချောင်းဆုံအုန်းသွင်

---

နတ်မောက်မင်းသန့်နိုင်

## မိုးကြမ်းမိ၊ နှင်းခါးရိုက်ခံရလျှင်

ရှေးဦးစွာ မိုးကြမ်းနှင့် နှင်းခါးကို ရှင်းလိုပါသည်။ မိုးကြမ်း ဆိုသည်မှာ ညနေစောင်း ငါးနာရီ၊ ခြောက်နာရီမှ ခုနစ်နာရီ၊ ရှစ်နာရီအတွင်း နေ့လယ်ပူပြင်းနေရာမှ ချက်ချင်း တဖြောင်းဖြောင်းနှင့် မိုးသီးများပမာရွာချခြင်းကို မိုးကြမ်းဟုခေါ်ပြီး နံနက်စောစောရွာသော မိုးကို မိုးခါးဟုခေါ်ကြပါသည်။ နှင်းခါးဆိုသည်မှာလည်း နံနက်ဝေလီဝေလင်းတွင် မိုးမှုန်မြွားများလို ထူထပ်သိပ်သည်းစွာ တပေါက်ပေါက်ကျနေသော နှင်းခဲများကိုခေါ်ခြင်း ဖြစ်ပါသည်။ အညာဒေသနှင့် မြေလတ်ပိုင်းတွင် သုံးစွဲခေါ်ဝေါ်သုံးစွဲသော အမှတ်သညာဖြစ်ပါသည်။ နေရာဒေသအလိုက် အသုံးအစွဲကွာခြားမှုရှိနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ မိုးကြမ်းမိ၊ နှင်းခါးရိုက်ခံရလျှင် အပြင်းဖျားနာတတ်ပါသည်။ သို့အတွက် တင်ကြိုကာကွယ်သည့် ဆေးသောက်ပေးရပါမည်။

နှမ်းဖြူ၊ နှမ်းနီ၊ နှမ်းနက် ရရာတစ်မျိုးမျိုး လက်တွင်းတစ်ဆုပ်ကို ဒယ်အိုးကင်းနှင့် ကျက်အောင်လှော်ပြီး စားပေးကာ ရေနွေးကြမ်းသောက်ပေးပါ။

သို့မဟုတ် ထန်းလျက်တစ်လုံး၊ ကွမ်းရွက်နှစ်ရွက်၊ ကြက်ဟင်းခါးရွက် စိမ်းသင့်ရုံ၊ နနွင်းမှုန့်လက်ဖက်စားဇွန်းဝက်၊ ကျပ်ခိုးမှုန့်သင့်ရုံကို ရေမတ်ခွက်တစ်ခွက်နှင့် ထက်ဝက်ကျန်အောင်ပြုတ်ပြီး သောက်ပေးပါ။

အထက်ပါနည်းထဲမှ မိမိလက်လှမ်းမီရာသင့်ရာ တစ်နည်းနည်းပြုလုပ်ပြီး ကြိုတင်သောက်ပေးပါ။ မိုးကြမ်းမိ၊ နှင်းခါးရိုက်သဖြင့် ဖျားနာခြင်းမဖြစ်စေတော့ပါ။

နတ်မောက်မင်းသန့်နိုင်

www.burmeseclassic.com



# ရွှေပြည့်စိုး(မိုးကုတ်)

## သွေးနှင့်ချွေးနှင့်ရင်းသည့်နေ့

**▫ဘာနေ့လဲ**

ကျွန်ုပ်သည် နေ့စဉ်ပြုနေကျဖြစ်သော နံနက်စောစောလမ်းလျှောက်ခြင်းအလုပ်ကို နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ရှိ ဇီဇဝါပန်းအဝိုင်းကြီးတွင်လုပ်လေ့ရှိ၏။

ကျွန်ုပ်ကဲ့သို့ပင် ကျန်းမာရေးကို လိုလားသူအပေါင်းတို့သည်လည်း ဇီဇဝါပန်းအဝိုင်းကြီးတွင် ပတ်လမ်း(၃)ခုရှိရာ ကြိုက်ရာပတ်လမ်း၌ လမ်းလျှောက်ခြင်း၊ ပြေးလွှားခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းတို့ပြုလုပ်လေ့ရှိကြ၏။

နံနက်(၆)နာရီခွဲသည်တွင် ကျွန်ုပ်နှင့်ကိုတင်ထွန်းတို့သည် နံနက်စာအလို့ငှာ အောင်ဇမ္ဗူဈေးအနီးရှိ စန်းသော်တာစားသောက်ဆိုင်တွင် စားလေ့ရှိကြ၏။ ကျွန်တော့်သူငယ်ချင်းဖြစ်သူ မွတ်တားမှာမူ မဟာစည်ဆရာတော် ဦးအာစိဏ္ဏနှင့်တွဲ၍လမ်းလျှောက်နေသဖြင့် ကျွန်ုပ်တို့နှင့်ကွဲကွာ၍နေ၏။

စားပြီးသည်နှင့် ကျွန်ုပ်တို့ လမ်းခွဲကြရပါသည်။ ယခင်လိုလေထိုင်ကန်နေ၍မရတော့ပေ။ အဘယ့်ကြောင့်ဆိုသော် ကိုတင်ထွန်းသည် နေပြည်တော် မြို့မဈေးကြီး အရှေ့ပေါက်တိုက်တန်းတွင် မိဘမေတ္တာ(၃)ဟူသော မုန့်မျိုးစုံဆိုင်ကြီးဖွင့်လှစ်ရောင်းချနေသဖြင့် အချိန်မီသွားရောက်ရမည် ဖြစ်ပါသည်။

မြို့မဈေးကြီးအနောက်ပေါက်တွင် ကိုတင်ထွန်း၏ဇနီးမမြင့်မြင့်စန်းက ဦးစွာ မိဘမေတ္တာ (၁) မုန့်ဆိုင်ကြီး ဖွင့်၏။ သားဖြစ်သူ ဇေယျာက မိဘမေတ္တာ (၂) ယမကာဆိုင်ကြီးဖွင့်၏။ ထိုအခါ ကိုတင်ထွန်းကလည်း အားကျမခံ၊ မိဘမေတ္တာ (၃) ဟူသောဆိုင်ကြီးကို အပြိုင်အဆိုင်ဖွင့်လှစ်ခြင်းဖြစ်ပေ၏။ စီးပွားရှာရာတွင် အားကျစရာမိသားစုကြီး ဖြစ်ပါပေ၏။

သူတို့သည် မိဘမေတ္တာကိုဦးထိပ်ပန်ဆင်လျက် မိဘမေတ္တာဆန်စက်လုပ်ငန်းဖြင့် ကြွယ်ဝခဲ့ကြ၏။ ယခုလည်း မိဘမေတ္တာကိုသာ ဦးထိပ်ပန်ဆင်ပြီး စီးပွားရှာကြရာ အောင်ဇမ္ဗူတွင် အကြွယ်ဝဆုံးမိသားစုဖြစ်ခဲ့ရ၏။ အလှူရေစက်လက်နှင့်မကွာ ဒါနအမျိုးမျိုးကို လက်လှမ်းမီသမျှပြုကြ၏။ မည်မျှလှူလှူ ကုန်သည်မရှိခဲ့ကြပါ။

အတိတ်ကံ၏ကောင်းခြင်း၊ပစ္စုပ္ပန်ကံများပြုခြင်းဖြင့် သမ္မာအာဇီဝကျစွာ ကြွယ်ဝကြသော သူတို့မိသားစုများအကြောင်းကိုတွေးရင်း မုဒိတာပွားကာ ကျွန်ုပ်သည် အေးဆေးစွာပင်အိမ်သို့ပြန်ခဲ့လေ၏။

ထိုစဉ် အိတ်ကပ်ထဲမှဖုန်းခေါ်သံမြည်လာသဖြင့် ဖုန်းနံပါတ်ကိုကြည့်ရာ ဖားကန့်မှသားကြီး သူရိန်စိုး၏ဖုန်း ဖြစ်နေလေ၏။ သို့ကြောင့် ကျွန်ုပ်က 'ဟဲလို' ဟူ၍အသံပြုလိုက်ပါသည်။

"အဖေ၊ ကျွန်တော် သားကြီး သူရိန်စိုးပါ"

"အေး၊ အေး - ပြော သားကြီး"

"အဖေ၊ ဒီနေ့ဘာနေ့လဲ"

"ဒီနေ့စနေနေ့လေ သားရဲ့"

"ဟား ဟား ဟား ဟား၊ အဖေမေ့နေပြီထင်တယ်။ ဒီနေ့အဖေ့မွေးနေ့လေ အဖေရဲ့၊ ပြာသိုလပြည့်ကျော်(၇)ရက်နေ့လေ"

"ဩော်-ဟုတ်လား၊ အဖေတောင်မေ့နေပြီသားရေ"

"အဖေ့မွေးနေ့မို့ သားဖုန်းဆက်တာပါ။ အဖေ ကျန်းကျန်းမာမာ[...] အသက်ရာကျော်ရှည်ပါစေလို့ သား[...] တောင်းပါတယ်"

"အေး၊ အေး - မင်္ဂလာရှိတဲ့နံန[...] ခင်းပါပဲ သားရယ်"

"ဒါထက် အဖေ (၆၇) နှစ်[...] ရောက်ပြီနော်"

"ဟုတ်တယ် သားရဲ့"

"အဖေကျန်းမာရေးဂရုစိုက်နော်"

"ဂရုစိုက်ပါတယ် သားရဲ့၊ အ[...] လမ်းလျှောက်ကပြန်ခဲ့တာ"

စသဖြင့် နှုတ်ဆက်ကာ ဖား[...] ဒေသ၏ အခြေအနေများကို မေး[...] ဖုန်းချလိုက်ကြလေ၏။

**▫ကျေးဇူးတင်ရပေ၏**

သားကြီးသူရိန်စိုး ဖုန်းချသွား[...] လေး၊ ငါးလှမ်းမျှလှမ်းရကာရှိသေး[...] ဖားကန့်ရှိ သားငယ်ထံမှ ဖုန်းဝင်လာ[...] ၏။ ထို့ကြောင့် လမ်းဘေးတွင်ရပ်[...] ဖုန်းပြောရပြန်၏။ သားငယ်နှင့်အ[...] ကြာဖုန်းပြောဖြစ်ပြီး ဖုန်းချသွားပါသ[...]

သားကြီးသူရိန်စိုးနှင့် သား[...] အာကာစိုးတို့သည် ဖားကန့်ကျောက်[...] မြေတွင် စီးပွားရှာနေသူများ ဖြစ်[...] သည်။ သို့ကြောင့် နေပြည်တေ[ာ်...] မန္တလေး-ဖားကန့်ကွန်ရက်သဖွယ် [...] မကြာ ဖုန်းဆက်ဖြစ်ကြ၏။ မိုးကု[...]



www.burmeseclassic.com

www.burmeseclassic.com



မူ မိသားစုမရှိတော့ဘဲ ဆွေမျိုးများသာ ကျန်ရစ်၏။

အတန်ကြာလျှင် မန္တလေးရှိ သမီး နေခြည်စိုးထံမှဖုန်းဝင်လာပြန်၏။ ကျွန်ုပ်၏မွေးနေ့တိုင်း ကျွန်ုပ်အတွက် မပျက်မကွက်ကုသိုလ်ပြုပေးလေ့ရှိရာ ယခုနှစ်၌လည်း သံဃာတော်များအား ပိဏ္ဍပါတ်ဆွမ်းလောင်းလှူ၍ ကုသိုလ်ပြုပေးကြောင်း သိရ၏။

မိသားစု၌ ဖုန်းကိုယ်စီရှိကြသော အခါ ပြောချင်သည့်အချိန်တွင်ပြော၍



www.burmeseclassic.com

www.burmeseclassic.com

ရကြ၏။ မမေ့မလျော့ဖုန်းဆက်လာကြပြီး မွေးနေ့မင်္ဂလာရက်မြတ်တွင် မင်္ဂလာရှိစွာ နှုတ်ခွန်းဆက်လာကြသောအခါ ကျွန်ုပ်မှာ လွန်စွာပီတိဖြစ်ရလေ၏။

ကျွန်ုပ်တွင် သူရိန်စိုး၊ နေခြည်စိုး၊ အာကာစိုးဟူ၍ သားနှစ်ယောက်၊ သမီးတစ်ယောက်ထွန်းကား၏။ အားလုံးပင် မိဘကျေးဇူးကိုသိနားလည်သော သားကောင်းသမီးမွန်များဖြစ်ကြလေ၏။ထိုသို့ မွေးနေ့မင်္ဂလာ နှုတ်ခွန်းဆက်သခြင်းအတွက် များစွာ ကျေးဇူးတင်ရပေ၏။ တိုးတက်လာသော ခေတ်ကြီးကိုလည်း ကျေးဇူးတင်ရပေ၏။ ကျွန်ုပ်အား ဖုန်းဝယ်ပေးသော သမီး နေခြည်စိုးကိုလည်း ကျေးဇူးတင်ရပေ၏။ ထို့ထက် ကျေးဇူးတင်ရမည်ကား ကျွန်ုပ်၏မိဘများပင်ဖြစ်ပါချေ၏။

❑ မိဘများ

ကျွန်ုပ်အား ၁၉၄၇ ခု၊ ဇန်နဝါရီလ ၁၃ ရက်၊ ကောဇာနှစ် ၁၃၀၈ ခု၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့ နံနက် ၁ နာရီ၊ ၄၅ မိနစ်တွင် ပျဉ်းမနားမြို့နယ် ပြန်ကပြေးရွာ နှစ်ဆောင်ပြိုင်ရပ်ကွက်တွင် အဘ ဦးတုတ်လှ၊ အမိ ဒေါ်စောတို့မှ မီးရှူးသန့်စင်ဖွားမြင်ခဲ့ရာ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် ၁၃၇၄ ခု၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ စနေနေ့တွင် (၆၆) နှစ်ပြည့်၍ (၆၇)နှစ်သို့ရောက်သောနေ့ဖြစ်ပေ၏။

မိသားစုတို့သည် မြန်မာရက်ကိုသာ အဓိကထား၍ အသိအမှတ်ပြုကာ ကုသိုလ်ပြုလေ့ရှိသည်။ ကျွန်ုပ်ကား အင်္ဂလိပ်ရက်ဖြစ်သော ဇန်နဝါရီ၁၃ရက်နေ့တွင် သတိတရရှိကာ တတ်စွမ်းသမျှ ကုသိုလ်ပြုလုပ်ပြီး ကွယ်လွန်ကုန်ကြပြီဖြစ်သော မိဘတို့အား သာဓုခေါ်နိုင်သောအခြေအနေရှိက သာဓုခေါ်နိုင်စေရန် အမျှအတန်းပေးဝေခဲ့လေ၏။ မြန်မာရက်ကိုကား မေ့လျော့နေခဲ့လေ၏။

မွေးနေ့ရောက်သည်နှင့် အဓိကသတိတရရှိသည်မှာ မိဘများသာဖြစ်၏။ ကျွန်ုပ်တို့သည် မိဘများရှိ၍သာ လူဖြစ်လာခဲ့ကြ၏။ ကျွေးမွေးပြုစုယုယ၍သာ အရွယ်ရောက်လာခဲ့ကြ၏။

အမေ့ပုံရိပ်၊ အဖေ့ပုံရိပ်တို့သည် ကျွန်ုပ်၏ မျက်ဝန်းတွင် ရာသက်ပန် မသေမချင်း စွဲမြဲနေသော ထာဝရပုံရိပ်တို့ ဖြစ်၏။ အဖေကား မျက်နှာဝိုင်းဝိုင်း၊ အရပ်ခပ်ပုပု၊ အသားလတ်လတ်၊ ကတုံးနှင့်နေကာ တဘက်ဖြူဖြူကို ခေါင်းမှာပေါင်းထားလေ့ရှိ၏။ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးအမြဲသောက်နေလေ့ရှိ၏။

အမေကား ပိန်ပိန်ပါးပါး ခပ်သွယ်သွယ် မျက်နှာကလည်း ခပ်သွယ်သွယ်နှင့် အဖေနှင့် အရပ်အမောင်းညီကာ စကားကိုသိမ်သိမ်မွေ့မွေ့ပြောတတ်လေ့ရှိပြီး အကြင်နာကြီးသူဖြစ်၏။ အသားလတ်လတ်ရှိကာ ဝိသေသအနေနှင့် ဆံပင်အတော်ကောင်း၏။ အမေကား စာမတတ်ရှာပါ။ အင်္ဂလိပ်ခေတ်တွင် မွေးဖွားသူဖြစ်သည်။ သို့ကြောင့် ပညာရေးနှင့်အလှမ်းဝေးခြင်း ဖြစ်ရ၏။ အဖေမှာမူ မှန်ကျောင်းတွင် ပညာသင်ခဲ့ရ၍ အထိုက်အလျောက် ဖတ်တတ်ပါသည်။ သို့သော် ကျွမ်းကျွမ်းကျင်ကျင်ကြီးတော့မဟုတ်။ထိုခေတ်ထိုအခါက မိန်းကလေးများပညာသင်၍ရသည်မှာ ပျဉ်းမနားမြို့ပေါ်ရှိ အတန်းကျောင်းများသာ ရှိ၏။ သို့အတွက် ရွာမှာချမ်းသာသောသားသမီးများသာ ပညာရေးလက်လှမ်းမီကြ၏။ သို့အတွက် အမေစာမတတ်သည်ကို ကျွန်ုပ် အပြစ်မမြင်မိ။

ကျွန်ုပ်တို့ သိတတ်သောအရွယ်တွင် ပြန်ကပြေးအလယ်ပိုင်းရှိ သီလရှင်ဒေါ်ဘောဇာသည် သူတို့အိမ်ကြီးတွင် ကျောင်းဖွင့်ကာ မိန်းကလေးများသီးသန့်စာသင်ပေးနေသည်ကို တွေ့ရသည်။ ကျောင်းသူအစိတ်၊ သုံးဆယ်ခန့်တွေ့ရ၏။ ဒေါ်ဘောဇာတို့ညီအစ်မမှာ မြေပိုင်ရှင်သူဌေးများဖြစ်ကာ ဒေါ်ဘောဇာ၏ အစ်မနှင့်ဒေါ်ဘောဇာတို့သည် သီလရှင်ဝတ်ကာ အိမ်ကြီးကိုသီလရှင်ကျောင်းပြုကြ၏။ ထိုကျောင်း၌ ကျောင်းဖွင့်ထားခြင်း ဖြစ်သည်။ သို့သော် ထိုသီလရှင်ကျောင်းသည် လွတ်လပ်ရေးရပြီးမှဖွင့်ဟန်တူ၏။ ထိုကျောင်းဖွင့်ချိန် အမေပင် အိမ်ထောင်ကျပြီး သားသမီးတို့ပွားစီးနေလောက်ပေပြီ။ ထိုအချိန်တွင် ကြားကျောင်း၌ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းပင် ပေါ်ပေါက်နေပြီ ဖြစ်၏။

အမေသည် စာသာမတတ်သော်လည်း အကုသိုလ်မှုမှန်သမျှ အတတ်နိုင်ဆုံးရှောင်၏။ ဈေးထဲမှ ကြက်ဥဝယ်ခဲ့လျှင်ပင် ကြက်ဥမဖောက်ရဲသဖြင့် ကျွန်ုပ်မှာ မကြာမကြာကြက်ဥဖောက်ပေးရ၏။ ကြက်ဥကြော်လိုတိုင်း အနီးရှိလူတစ်ဦးဦးကို ကြက်ဥဖောက်ခိုင်းရသည်မှာ အမြဲမာပင်ဖြစ်၏။

အမေသာမဟုတ်၊ အဖေလည်း ထိုနည်းနှင်နှင်သာဖြစ်သည်။ ကျွန်ုပ်တို့ သိတတ်သည့်အရွယ်မှစ၍ ကိုယ်တိုင်အားဖြင့် ဖားငါးရှာမကျွေးပါ။ အိမ်ကြက်လည်း ရိုက်ချက်မကျွေးပါ။ စားလိုသော် ဈေးထဲမှသာ ပုံသကူသားဝယ်၍စား၏။ ကိုယ်တိုင်မူကား သူ့အသက်သတ်ခြင်းကို လုံးဝရှောင်ကြဉ်သည်ကို အမြဲတွေ့ရ၏။

အမေနှင့် အဖေကား ရိုးသားသော တောသူတောင်သားများသာဖြစ်ကြသည်။ ခွန်းကြီးခွန်းငယ်စကားများခြင်းမပြုကြ။ အဖေစိတ်တိုလျှင် ကျွဲရိုက်ကြိမ်ဖြင့်ထ၍ရိုက်တတ်၏။ ထိုသို့ရိုက်လျှင် အမေသည် ကျိတ်၍သာငို၏။ ပြန်လှန်ပြောဆိုဆဲဆိုခြင်းမရှိ။ အလွန်သည်းခံနိုင်စွမ်းရှိသောအမေဖြစ်၏။

အမေသည်ကား အဘိုးဦးရွှေမင်း အဘွားဒေါ်ဖွားတို့၏တစ်ဦးတည်းသော သမီးဖြစ်ရာ သူ့တွင် ဆိုးတိုင်ပင်ကောင်းတိုင်ပင်ပြုရန် မောင်ဘွားညီအစ်မဟူ၍မရှိ။ နှုတ်သီးကောင်းလျှာပါးပြောတတ်သူလည်းမဟုတ်။ သို့ကြောင့် ကြုံလာသမျှသောလောကဓံကို ကျိတ်မှိတ်၍သာခံရရှာ၏။

ကျွန်ုပ်၏ အစ်ကိုကြီး ကိုကျော်အောင်ကို ၁၉၄၅ ခုနှစ်တွင် မွေး၏။ တကယ့်ခေတ်ပျက်နေသောကာလကြီးဖြစ်၏။ ထိုနှစ်တွင် မြန်မာတို့က ဖက်ဆစ်ဂျပန်ကိုတော်လှန်သောနှစ်ဖြစ်လေ၏။ ကျွန်ုပ်တို့ ပျဉ်းမနားဒေသသည် လွန်စွာအချက်အချာကျသော မြန်မာပြည်၏ ဗဟိုဖြစ်ရာ စစ်ဘေးစစ်ဒဏ်ကို ပြည်သူတို့လှလှကြီးခံကြရ၏။ ပြေးနိုင်မှလွတ်၍ ရှာနိုင်မှစားရသော ခေတ်ဆိုးကာလကြီးဖြစ်၏။ သို့ကြောင့်လည်း ခေတ်ကာလ မကောင်းမချင်း တောတွင်း၌ပုန်းအောင်းနေထိုင်ကြရ၏။ အချို့လည်း အိုးအိမ် မခွာရက်သဖြင့် ပုန်းကျင်းတူးကာ အိမ်၌ နေသူတို့လည်းရှိကြသည်။ ကံမကောင်း အကြောင်းမလှသဖြင့် ဂျပန်တို့ အသတ် ခံရသူတို့လည်းရှိခဲ့ပါသည်။

မည်သို့သောခေတ်ဆိုးနှင့် ကြုံ စေ အဖေနှင့် အမေတို့ကား အစ်ကိုကြီး ကိုကျော်အောင်ကို အန္တရာယ်ကင်းစွာ မွေးမြူ စောင့်ရှောက် ကျွေးမွေးနိုင်ခဲ့ ထိုခေတ်ဆိုးမျိုးတွင် ကလေးငယ်တစ် ယောက် မွေးဖွားရှင်သန်ရန်ဆိုသည်မှာ တွေးကြည့်သော် အတော်ပင်မလွယ် လှပါ။

ကျွန်ုပ်ကိုမူ ဒုတိယကမ္ဘာစစ်ကြီး ငြိမ်းပြီး၍ သူ့ကျွန်မှလွတ်ရန် ဗိုလ်ချုပ်

www.burmeseclassic.com

အောင်ဆန်းဦးစီးသော မြန်မာတို့ကား အသည်းအသန် လွတ်လပ်ရေးအတွက် ကြိုးပမ်းနေသောကာလ ၁၉၄၇ခုနှစ်ဖြစ် ပေ၏။ ကျွန်ုပ်အား ဇန်နဝါရီ ၁၃ရက် တွင်မွေး၏။ လွတ်လပ်ရေးကြိုးပမ်းနေ ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကား ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ပိုင်းတွင် အင်္ဂလိပ်၏သွေးထိုးမှု၊ ယုတ်မာ ကောက်ကျစ်သော မသမာသူ လူတစ်စု၏ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ရရှာ၏။ ဗိုလ် ချုပ်အောင်ဆန်းကို မိလိုက်ကြွားသော် လည်း (၆)လနှင့်(၆)ရက်သာမိခွင့်ရခဲ့ပါ သည်။ သိတတ်သောအရွယ်မဟုတ်ခဲ့ပါ။

**သွေးနှင့်ချွေးနှင့်ရင်း၍**

ကျွန်ုပ်သည် ပြန်ကပြေး မှန် ကျောင်း၏ ဘုန်းတော်ကြီး၊ ဦးပညာ ဇောတထံမှ ပညာရင်နို့သောက်စို့လျက် ကြီးပြင်းလာသဖြစ်ရာ အနန္တောအနန္တ ငါးပါးအား အစဉ်အမြဲဦးထိပ်ထားလေ့ရှိ ၏။ အနည်းဆုံး အနန္တငါးပါးရှိခိုးပြီးမှ အိပ်၏။

ထိုသို့ ရှိခိုးတိုင်း မာတာပိတု ဂုဏ်ရှာအနန္တော ဟူသော အပိုဒ်ကို ရွတ်သည်နှင့် အမိနှင့် အဘတို့၏ ကျေးဇူးကို အမြဲမြင်ယောင်လေ့ရှိသည်။ သွေးနှင့်ချွေးနှင့်ရင်း၍ ကျွန်ုပ်ဘဝကို တည်ဆောက်ပေးသော အမိအဘတို့၏ ကျေးဇူးကား လွန်စွာကြီးမားလှပေ၏။

စက်ကြီး (၁၃) ပါးမန္တရားတွင် ကျေးဇူးကြီးလျက် မိဘစက် ဟူ၍ထည့် သွင်းထားရှိရာ မိဘတို့သည် သားသမီး အပေါ်ထားရှိသော မေတ္တာစက်ကား ကြီးကျယ်ပြင်းထန်လှပေ၏။ သုဝဏ္ဏသာမ ဇာတ်တော်တွင် မိဘတို့၏မေတ္တာစက် ကြီးမားပုံကို မြတ်စွာဘုရားဟောကြား တော်မူခဲ့၏။ မြတ်စွာဘုရားဟောကြား တော်မူခဲ့သော မိဘမေတ္တာသာဓကတို့ ရှိရှာရှိသလို လောကတွင်လည်း မိဘ မေတ္တာသာဓကတို့များစွာရှိခဲ့ကြပါသည်။ မိဘတို့၏မေတ္တာဘွဲ့ကား ရေး၍ကုန်နိုင် သည်မဟုတ်ပါ။ အနန္တဟူသည့် အတိုင်း အဆုံးအပိုင်းအခြားမရှိ လွန်စွာ ကျယ်ဝန်းလှပါသည်။

သိတတ်သောအရွယ်မှစ၍ မွေး ရပ်သို့ရောက်တိုင်း ကျွန်ုပ်သည် မိခင်ဖြစ် သူ ဒေါ်စောက ကျွန်ုပ်အားပင်ပန်းကြီး စွာ သွေးသံတရဲရဲဖြင့် မွေးမြူနေသည်ကို မြင်ယောင်နေမိ၏။နန္ဒင်းတွေလိမ်း၊ နန္ဒင်း နံ့သောက်ကာ မီးနေကြပ်ထုပ်ကိုရှူ၍ နေမည်ကိုလည်း မြင်ယောင်နေမိ၏။ မွေးကင်းစ နီတာရဲကျွန်ုပ်အားလည်း နို့ချိုတိုက်ကျွေးနေသည့်ပုံကိုမြင်ယောင် မိ၏။

အမေသည် ကျွန်ုပ်တည်းဟူသော သန္ဓေသားကို သွေးနှင့်ရင်း၍ဆောင်ခဲ့ရ ပါသည်။ အသက်နှင့်ရင်း၍ဆောင်ခဲ့ရပါ သည်။ ပဋိသန္ဓေတည်သည်နှင့် မိခင် တိုင်းသည် သချိုင်းသို့ တစ်နေ့ (၃) ခါ မျက်စောင်းထိုးလေ့ရှိသည် ဟူသော အဆိုသည် အလွန်ပင် မှန်ကန်လှပါ သည်။ အစားမှားအနေမှား၍မရပါ။ ကံ မကောင်းအကြောင်းမသင့်ပါက သန္ဓေ ဆောင်မိခင်သည် အစားတစ်လုတ်နှင့် သော်လည်း သေဆုံးသွားနိုင်ပါသည်။

ကျွန်ုပ်၏ မွေးနေ့တွင် နေပြည် တော် ဇမ္ဗူသီရိမြို့ ရွှေကြာပင်ရပ်သို့ အလည်ရောက်ခဲ့ရာ လမ်းမဘေးအိမ် တစ်အိမ်တွင် အသုဘနှင့်ကြုံရသည်။ အသက်ငယ်ငယ်ရွယ်ရွယ် ကိုယ်ဝန် အရင့်အမာရှိနေစဉ် ဖရဲသီးစားမိရာမှ မူးမေ့သွားပြီး ထိုဝေဒနာနှင့်သေဆုံးသွား ခဲ့ကြောင်းသိရ၏။ တစ်သက်မဟုတ်ပါ။ နှစ်သက်ဆုံးရသောအဖြစ် ဖြစ်ပါသည်။ လွန်စွာပင် ဝမ်းနည်းဖွယ်ကောင်းလှပေ ၏။ သန္ဓေဆောင်ရသောမိခင်တို့၏ ဘဝ ကား အမှားမခံပါ။ မှားလိုက်သည်နှင့် အသက်နှစ်ချောင်းဆုံးပါးသွားနိုင်လေ ၏။

ကျွန်ုပ် မိုးကုတ် ကျောက်ဖျာ၌ နေစဉ်တွင်လည်း ကျွန်ုပ်တို့ကျောက်ဖျာ ရွာ၏ မျိုးဆက်ဖြစ်သော ကိုညီလေး၊ မဦးတို့၏သမီးဖြစ်သူ မပုလဲသည်လည်း အိမ်ထောင်ကျပြီး၍ မကြာမီမှာပင် သန္ဓေဆောင်၏။ သန္ဓေဆောင်စဉ်



အသားဝါရောဂါဖြစ်ရာ မပုလဲ သေဆုံး သွားခဲ့ရ၏။ မပုလဲနှင့်အတူ သန္ဓေသား ပါဆုံးပါးသွားရာ နှစ်သက်သေဆုံးရခြင်း ဖြစ်ပါသည်။ သန္ဓေဆောင်စဉ် အသားဝါ ဖြစ်ပါက အမြန်ဆုံး ဆေးရုံသို့သွားသင့် ကြပါသည်။

မိုင်းရှူးရတနာမြေတွင် သားမဖွား နိုင်၍ ခွဲစိတ်ခမရှိသော မိခင်တို့မှာ အသက်ဆုံးရှုံးကြရပါသည်။ လွတ်လွတ် ကျွတ်ကျွတ်မွေးဖွားကာ လူလားမြောက် လာသောကျွန်ုပ်တို့သည် မိဘတို့ကို များ စွာကျေးဇူးတင်ရပေ၏။

အမိကား သွေးနှင့်ရင်း၍ ကျွန်ုပ် ကိုမွေးဖွားခဲ့သလို အဘကလည်း ချွေး နှင့်ရင်းကာ ကျွန်ုပ်အား လုပ်ကိုင်ကျွေး မွေးကာ လူလားမြောက်စေခဲ့ပါသည်။

အဖေကား ပေ့ါပါးသောအသက် မွေးဝမ်းကျောင်းကိုတတ်သူ မဟုတ်ပါ။ ပေ့ါပါးသော အသက်မွေးဝမ်းကျောင်း ဟူသည် စာရေးစာချီ၊ ကျောင်းဆရာ စသော လခစားအလုပ်၊ ပန်းချီ၊ ပန်းပု စသော အနုပညာအလုပ်၊ အပ်ချုပ်ခြင်း၊ ဆံပင်ညှပ်ခြင်း၊ ဈေးဆိုင်တည်ရောင်း ခြင်း၊ အပေါင်ခံခြင်း၊ ငွေတိုးပေးခြင်း စသည်ဖြင့် အားခွန်သွေးချွေးတို့ဖြင့် မရင်းရသောအလုပ်တို့ကို ဆိုလို၏။ ထိုသို့သောပေ့ါပါးသည့်အသက်မွေးဝမ်း ကျောင်းပညာကိုအဖေမတတ်ပါ။ အဖေ တတ်သည်မှာ ကျွဲများနှင့်ဖက်၍ရုန်းရ သော သစ်ထုတ်လုပ်ရေးအလုပ်၊ တောင် သူလယ်သမားအလုပ်တို့သာဖြစ်သည်။

ကျွန်ုပ်ကို မွေးဖွားချိန်သည် တိုင်း ပြည်တွင် အုပ်ချုပ်ရေးယန္တရားပျက်ပြား နေချိန် ဖြစ်၏။ မြန်မာ့သတ္တိကိုသိသွား သော အင်္ဂလိပ်တို့မှာလည်း တိုင်းရင်း သားတို့ စည်းလုံးညီညွတ်မှုကိုသိသွား သောအခါ ပြေးရန်ဟန်ပြင်နေချိန်ဖြစ် သည်။

ထိုသို့ ဥပဒေမစိုးမိုးဘဲ တိုင်းပြည် ရုတ်ရုတ်သဲသဲဖြစ်နေချိန်တွင် တောမီး လောင် တောကြောင်လက်ခမောင်းခတ် ဟူဘိသို့ ဓားပြအဖွဲ့တို့ကလည်း အုပ်စု နှင့်အနိုင်ကျင့်ချိန်ဖြစ်၏။ အိပ်ကောင်း ခြင်းမအိပ်ရ စားကောင်းခြင်းမစားရ သောအချိန်တို့ ဖြစ်၏။ အသက်ကိုဖက် နှင့်ထုပ်ကာဘုရားတ၍နေရသောခေတ် ဆိုးခေတ်ပျက်ကြီးဖြစ်လေ၏။ မြို့ပြများ မှလွဲ၍ ကျွန်ုပ်တို့ကျေးလက်များတွင် ကွန်မြူနစ်များ၊ ဓားပြများစိုးမိုးနေသော ခေတ်ဖြစ်၏။

ထိုသို့သော ခေတ်ဆိုးခေတ်ပျက်



www.burmeseclassic.com

www.burmeseclassic.com

တွင် အဖေသည် ကျွန်ုပ်တို့အား ချွေးနှင့်ရင်း၍ ပင်ပန်းကြီးစွာ ရှာဖွေကျွေးမွေးခဲ့ပါသည်။ ကျွန်ုပ်သိတတ်သောအရွယ်တွင် လွတ်လပ်ရေးရပြီး၍ ပြည်တွင်းသောင်းကျန်းမှုအရှိန်အဝါအထွတ်အထိပ်ရောက်နေသောအချိန်အခါနှင့်ကြုံရပြန်လေ၏။ ပစ်သံခတ်သံ၊ ပေါက်ကွဲသံတို့မကြာမကြာကြားရတတ်သောခေတ်ဖြစ်နေပြန်၏။ ထိုအခါ တောတွင်းသို့ပြေးကာ ပုန်းအောင်းနေကြရပြန်၏။ တောထဲတွင် သူလိုကိုယ်လိုစစ်ပြေးဒုက္ခသည်တို့များစွာ တွေ့ရလေ၏။ ကျွန်ုပ်ကားကလေးပေမို့ တောထဲကကလေးအချင်းချင်းဆော့ကစားရ၍ ပျော်သည်မှတစ်ပါး ထမင်းဘယ်ကလာသည်၊ ဟင်းဘယ်ကလာသည်ဟူ၍မသိတတ်သေးပါ။ အဖေသည် ကျွန်ုပ်တို့စားဖို့ မည်သို့ရှာဖွေခဲ့ရသည်ဆိုသည်ကို သိနားလည်းသောအရွယ်ရောက်မှ သဘောပေါက်ခဲ့သည်။ အသက်နှင့်၊ သွေးနှင့်၊ ချွေးနှင့်ရင်းကာ ကျွန်ုပ်တို့ရှာဖွေခဲ့ရသည်ကို နားလည်ရပါသည်။

ခေတ်ပျက်ခေတ်ဆိုးကြီးထဲတွင် ကျွန်ုပ်အား မွေးမြူ၍ လူလားမြောက်အောင် စောင့်ရှောက်ကျွေးမွေးခဲ့သော မိဘတို့၏ကျေးဇူးကား အနန္တပင်ဖြစ်ပါလေ၏။

□ **မိဘမေတ္တာ**

ကျွန်ုပ်တို့သည် မိခင်၏ကိုယ်ပွားများသာဖြစ်ချေ၏။ မိခင်၏ ရင်အတွင်း မိခင်၏အသွေးအသားတို့လို အမှီပြုဖြစ်ပေါ်လျက် မိခင်မှကိုယ်ပွားတစ်ခုခွဲထုတ်လိုက်ခြင်းသာ ဖြစ်၏။ မိမိကိုယ်မှခွဲထုတ်နိုင်စေရန် မိခင်သည် အသက်သွေးချွေးတို့ဖြင့် အရင်းပြုရ၏။ ထိုသို့ အသက်သွေးချွေးတို့ဖြင့်ရင်းရုံဖြင့် မပြီးသေးပါ။ ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်မှသည် လူဖြစ်စေရန် မိခင်၏မေတ္တာဖြင့် သွေးရည်ကိုနို့ရည်ဖြစ်စေလျက် နို့ချိုတိုက်ကျွေးမွေးမြူရပြန်၏။ ကျင်ကြီးကျင်ငယ်တို့ကို အစဉ်သဖြင့်သုတ်သင်ပေးရ၏။ သန့်ရှင်းရေးပြုရ၏။ ကျန်းမာရေးဂရုစိုက်ရ၏။ ပိုးတစ်ကောင်မွေးသလို အရိပ်တကြည့်ကြည့်ဖြင့်မွေးမြူရ၏။

ထို့ကြောင့် အမိမေတ္တာသည် အဘမေတ္တာထက်ကြီးမား၏။ အနန္တငါးပါးတွင် မာတာပိတုဂုဏောအနန္တော ဟူ၍ မာတာတည်းဟူသောအမိကို ရှေ့မှာထား၏။ အမိဟူသည် သွေးနှင့်ရင်းရသဖြင့် အမိဖြစ်၏။ အဘကား ချွေးနှင့်ရင်းသဖြင့် အဘဖြစ်၏။ ဂုဏ်ရည်ချင်းကား မတူပါ။

မာတုဃာတက၊ ပိတုဃာတက၊ အရဟန္တဃာတက၊ လောဟိတုပ္ပါဒက၊ သံဃဘေဒကဟူသော ကံကြီးငါးပါးသည် အမိကိုသတ်ခြင်း၊ အဘကိုသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာကိုသင်းခွဲခြင်း ဟူသည်တို့ဖြစ်လေ၏။

ထိုကံကြီးငါးပါးတွင် အဘကိုသတ်ခြင်းထက် အမိကို သတ်ခြင်းက ပိုပြီးအပြစ်ကြီး၏။ ထို့ကြောင့် အမိကိုရှေ့ကထားခြင်း ဖြစ်၏။ ကျွန်ုပ်တို့၏ရင်တွင် အစဉ်ထာဝရလွှမ်းမိုးနေသည်မှာ အမေသာလျှင်ဖြစ်သည်။ ခလုတ်ကန်သင်းငြိပါက သို့တည်းမဟုတ် ဒုက္ခတစ်ခုခုကြုံပါက အမိက တမ်းတကြသည်မှာ ဓမ္မတာဖြစ်လေ၏။ အမှန်သော် အမိ၏ကိုယ်ပွားမဟုတ်ပါလား။ ကျွန်ုပ်တို့သည် အမိ၏ကိုယ်မှခွဲထွက်ခဲ့သောသူများသာဖြစ်ချေ၏။

မိဘအား မကျွေးလျှင်နေပါစေ မပြစ်မှားမိစေရန် လွန်စွာအရေးကြီးလှပေ၏။ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံ(၃)ပါးဖြင့် ပြစ်မှားခဲ့သော် ထိုသားသမီးသည် မိဘစိမ်ရေ သင့်သည်မည်ပါသည်။ သို့ကြောင့် လုပ်ကိုင်လေရာ၊ သွားလေရာလေရာမှာ အဆင်မပြေဖြစ်တတ်၏။

တစ်ခါတုန်းက မဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလသက်တော်ထင်ရှားရှိစဉ်ကဖြစ်ပါသည်။ မိုးကုတ်ဝိပဿနာရိပ်သာ မဂ်လာတိုက်ကို ဖောင်းတော်ဦးဘုရားဝင်းနှင့်ဆက်လျက် ဖွင့်ထားပါသည်။ မိုးကုတ်မြို့ထင်းရှူးခြံရပ်တွင် တည်ရှိပါသည်။

ထိုမိုးကုတ်ဝိပဿနာရိပ်သာ၌ ကျွန်ုပ်၏ဦးကြီးဝင်းနှင့် နှမဒေါ်စု တည်းဟူသော လူပျိုကြီး အပျိုကြီးမောင်နှမ (၂)ဦးတို့သည်လည်း နေ့စဉ်ဝေယျာဝစ္စကုသိုလ်ယူခြင်း၊ တရားနာခြင်း၊ တရားထိုင်ခြင်းအမှုကိုပြုနေစဉ်ဖြစ်သည်။

ထိုစဉ် ဆရာတော်ဘုရားကြီးထံ၌ တရားအားထုတ်လိုသူ လူငယ်တစ်ဦးရောက်လာပါသည်။ လူငယ်မှာ ရွှေဘိုသားဖြစ်၏။ မိုးကုတ်နှင့်ရွှေဘို-မုံရွာကားရေအိုးနှင့်ရေမှုတ်ပမာ ကူးလူးဆက်ဆံသွားလာနေသောခေတ် ဖြစ်၏။ လူအများစုသည် တွင်းသားလုပ်ရန်ရောက်လာကြသူများလေ၏။ ထိုလူငယ်မှာလည်း အမှီအတွယ် အသိအကျွမ်းမရှိသောအခါ ကြုံရာမရဘဲ ရိပ်သာသို့ဝင်ခဲ့ခြင်း ဖြစ်၏။ လူငယ်ကတရားအားထုတ်လိုကြောင်း ဆရာတော်ကြီးကို လျှောက်၏။ ဆရာတော်ကြီးက ချက်ချင်းပင် -

"ဟဲ့-သူငယ်၊ မင်းက မင်းအမေကိုရိုက်ပြီးမိုးကုတ်ကိုပြေးလာတာမဟုတ်လား"

ဟု မေးလေ၏။

လူငယ်လည်း အတပ်သိနေသည့် ဆရာတော် ကြီးကို မလိမ်ဝံ့သဖြင့် -

"မှန်ပါဘုရား"

ဟု ဝန်ခံလိုက်လေ၏။

ထိုအခါ ဆရာတော်ကြီးက -

"သူငယ်၊ မင်း ဒီအတိုင်း တရားအားထုတ်လို့ကတော့ အကျိုးထူးမှာမဟုတ်ဘူးကွယ့်။ မင်းရဲ့ အမေကို ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြည့်စုံအောင် ပြန်ပြီးကန်တော့လိုက်ဦး။ အမေ တကယ် တရားအားထုတ်လိုတယ်ဆိုရင်တော့ ကန်တော့ပြီးမှပြန်လာခဲ့ပေ ကွယ်"

ဟု အမိန့်ရှိပြီး ထိုသူငယ်ကိုတွေ မွေးစေပါသည်။ ကျွေးမွေးပြီးသည်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများလည်း ရွှေဘိုသို့ပြန်၍ ဖခင်အားကန်တော့ပြီး အောင် ကန်တော့ဖို့ တိုက်တွန်းလိုက်ကြ ပါသည်။ ဤသည်မှာ ကျွန်ုပ်၏ အဒေါ် အပျိုကြီးဒေါ်စု၏ ကိုယ်တွေ့အဖြစ်အား ကျွန်ုပ်ကိုပြောပြခဲ့ခြင်းဖြစ်၏။ ဦးကြီးဝင်း နှင့်ဒေါ်စုတို့ပင် ကွယ်လွန်ကုန်သည်မှာ ကြာခဲ့ပြီဖြစ်သည်။

မိဘတို့အား သတ်ရန်၊ ရိုက်ပုတ် ရန်၊ ဆဲရေးတိုင်းထွာရန်မဆိုထား စိတ်ဖြင့်ပင် ပြစ်မှားရန်မသင့်ပေ။ ပြစ်မှား ခဲ့သည်ရှိပါက ကံသုံးပါးဖြင့် ပြည့်စုံ ကန်တော့ရပါသည်။ မကန်တော့ပါက မိဘစိမ်ရည်သင့်သဖြင့် ဘုန်းကြီးသော် လည်း သက်မရှည်။ သက်ရှည်သော် လည်း ဘုန်းမကြီးဖြစ်တတ်ချေ၏။

ခင်ပွန်းကြီးဆယ်ပါးတွင် ၁။ မြတ် စွာဘုရား၊ ၂။ ပစ္စေကဗုဒ္ဓအရှင်မြတ် များ၊ ၃။ အဂ္ဂသာဝက၊ မဟာသာဝက ရဟန္တာအရှင်မြတ်ကြီးများ၊ ၄။ ရဟန္တာ အရှင်မြတ်ကြီးများ၊ ၅။ မိခင်၊ ၆။ ဖခင် ၇။ ဆရာသမားများ၊ ၈။ သီလ၊ သမာဓိ ပညာ ဆည်းပူး လေ့ကျင့်ကြကုန်သော လူ၊ ရဟန်း၊ အရိယာပုဂ္ဂိုလ်၊ ၉။ တရား ဓမ္မဟောပြသော ရဟန်းဆရာ၊ လူ ၁၀။ ထမင်းတစ်လုတ်၊ ရေတစ်ခွက် စသည် ကျွေးမွေးထောက်ပံ့ဖူးသော





www.burmeseclassic.com

www.burmeseclassic.com

ရှင်ဟူ၍ရှိရာ ခင်ပွန်းကြီး(၁၀)ပါး လည်း အမိကိုရှေ့၊ အဘကိုနောက် ထားအံ့။

ထိုခင်ပွန်းကြီး(၁၀)ပါးအားပြစ်မှား သော် ကျန်းမာရေးချို့ယွင်းလွယ် ခြင်း၊ လုပ်ငန်းကိုင်ငန်းအဆင်မပြေဖြစ် ခြင်း၊ ကိုယ်လက်အင်္ဂါချို့ယွင်းခြင်း၊ ကုဋ္ဌ နာ၊ သမင်ဖြူ၊ သမင်နီ၊ ခရုသင်းစသော ရွံရှာဖွယ်ရောဂါများဖြစ်တတ်ခြင်း၊ ရူး တတ်ခြင်း၊ မင်းပြစ်မင်းဒဏ်သင့် တတ်ခြင်း၊ ယုတ်နိမ့်စွာ စွပ်စွဲခံရတတ် ခြင်း၊ မိသားစုတို့နှင့် သေကွဲကွဲရခြင်း၊ စည်းစိမ်ဥစ္စာပျက်စီးဆုံးရှုံးရခြင်း၊ နေ မီးလောင်တတ်ခြင်း တည်းဟူသော ဒဏ်(၁၀)ပါးသင့်တတ်လေ၏။ ထိုမျှ မက သေပါသေသော် ငရဲသို့လည်း ရတတ်ပါသည်။ တရားအားထုတ် သည်ဆိုပါကလည်း မဂ်ဉာဏ်ကိုတားမြစ် နိုင်စွမ်းရှိသော အကုသိုလ်ကံတရားဖြစ် သော၏။

သို့ကြောင့် ကျွန်ုပ်တို့သည် ဗုဒ္ဓ ဘာသာများ ဖြစ်သည့်အားလျော်စွာ ခင်ပွန်းကြီး (၁၀) ပါးကိုလည်း ရှိခိုး တန်တော့အပ်ပါသည်။ ခင်ပွန်းကြီး (၁၀) ပါးအား ရှိခိုးပူဇော်ပါက အစား အစာမရှားပါးခြင်း၊ ရောက်ရာအရပ်၌ လေးစားစွာအပူဇော်ခံရခြင်း၊ ရန်သူမျိုး (၅)ပါးနှင့်ကင်းဝေးနိုင်ခြင်း၊ လူချစ်လူ ခင်ပေါ်များခြင်း၊ ပရိသတ်အလယ်၌ တင့်တယ်စွာ နေထိုင်နိုင်ခြင်း၊ ဂုဏ် သတင်းကျော်စောခြင်း၊ အခြွေအရံများ ခြင်း၊ စီးပွားဥစ္စာတိုးတက်ခြင်း၊ ဘေး ဒုက္ခကြုံလျှင် အကူအညီရခြင်း၊ သား ကောင်းသမီးမွန်တို့ရရှိနိုင်ခြင်း ဟူသော ကောင်းကျိုးတရား (၁၀) ပါးကို ရရှိ နိုင်ကြပါသည်။

မိဘကျေးဇူးအား မြတ်စွာဘုရား ကိုယ်တော်တိုင်သော်မှဆပ်ခဲ့ပါသည်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်ပြီးသည်နှင့် မိခင်မယ်တော် မာယာဒေဝီသည် နတ်ရွာစံရလေ၏။ မယ်တော်မာယာဒေဝီသည် နတ်ပြည်၌ သန္တုသိတနတ်သားသွားဖြစ်၏။

သိဒ္ဓတ္ထမင်းသားသည် တောထွက် တာ (၆)နှစ်ကျင့်ကြံပြီး၍ ဘုရားအဖြစ် သို့ ရောက်သောအခါ အမိ၏ကျေးဇူးကို ဆပ်ရန် အမိဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားအားအမှူးထားလျက် တာဝတိံ သာနတ်ပြည် ပင်လယ်ကသစ်ပင်ခြေ ရင်း ပဏ္ဍုကမ္ဗလာမြကျောက်ဖျာပေါ် တွင်ထိုင်လျက် နတ်၊ ဗြဟ္မာအပေါင်းတို့ အား ဝါတွင်း(၃)လပတ်လုံး မနားမနေ အဘိဓမ္မာ (၇) ကျမ်းကို ဟောတော်မူပါ သည်။

လူသားစင်စစ် ဖြစ်တော်မူသော မြတ်စွာဘုရားမှာမူ ဝါတွင်း(၃)လပတ် လုံး ထိုင်၍ဟောနိုင်စွမ်းမရှိပါ။ ဆွမ်းခံ ချိန်ရောက်သည်နှင့် နိမ္မိတရုပ်ပွားတော် ကိုထားခဲ့ကာ အဘိဓမ္မာတရားတော်ကို ဆက်လက် ဟောကြားစေပါသည်။ မြတ် စွာဘုရားစင်စစ်ကမူ မြောက်ကျွန်းဝယ် ဆွမ်းခံစားတော်မူရ၏။လက်ယာရံအရှင် သာရိပုတ္တရာမထေရ်မြတ်ကြီးက မြတ် စွာဘုရားအား ဝတ်ကြီးဝတ်ငယ်ပြုစုရ ၏။

ထိုမြောက်ကျွန်း၌ အရှင်သာရိ ပုတ္တရာမထေရ်အား နတ်ပြည်၌ ဟော ကြားအပ်သော အဘိဓမ္မာတရားတော် အား အကျဉ်းမျှ ဟောကြား၏။ အရှင် သာရိပုတ္တရာမထေရ်မြတ်ကြီးကလည်း ဉာဏ်အရာတွင် ဧတဒဂ်ရထားသော မထေရ်မြတ်ကြီးဖြစ်ရာ အကျဉ်းဟော လိုက်သည်နှင့် နတ်ပြည်၌ဟောကြားနေ သော အဘိဓမ္မာအကျယ်ကို ထိုးထွင်း၍ သိနိုင်စွမ်းရှိ၏။ သိလည်းသိ၏။

ထို့ကြောင့်၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် တောင်ကျွန်းသို့ပြန် ကာ လင်းနို့သားဖြစ်ခဲ့ဖူးသောရဟန်း (၅၀၀) အား အဘိဓမ္မာ မကျဉ်းမကျယ် အလယ်အလတ်ကို ဟောတော်မူ၏။ ယခု သာသနာတော်၌ ကျန်ရစ်သော အဘိဓမ္မာ(၇)ကျမ်းသည် ရဟန်း (၅၀၀) အား ဟောကြားသည့် အဘိဓမ္မာဖြစ်၏။ ထိုအဘိဓမ္မာ(၇)ကျမ်းသည် ပင်လယ်ရေ တစ်စက်နှင့်တူပြီး နတ်ပြည်၌ဟောကြား သော အဘိဓမ္မာကား ပင်လယ်ပြင်ကြီး နှင့် တူလှပေ၏။ ပင်လယ်ရေတစ်စက်ကို



လျှာဖြင့်တို့ကြည့်သော် ပင်လယ်ရေ၏ အရသာကို သိနိုင်သကဲ့သို့ပင်ဖြစ်သည်။ အဘိဓမ္မာကား လွန်စွာကျယ်ဝန်းလှပေ ၏။

ထိုအဘိဓမ္မာ(၇)ကျမ်း၏အကျယ် ကို လူ့နားဖြင့်လည်းနာနိုင်စွမ်းမရှိသလို က္ကရိယာပုတ်အားဖြင့်လည်း ထိုင်၍နာ နိုင်စွမ်းမရှိကြပါ။ နတ်တို့သာလျှင် နာနိုင် စွမ်းရှိပါသည်။ တာဝတိံသာနတ်သက် သည် လူ့ပြည်အနှစ် (၁၀၀) တိုင်မှ နတ် ပြည်၌ တစ်ရက်ဖြစ်၏။ လူ့ပြည်ဝါတွင်း (၃) လ တည်းဟူသော ရက်ပေါင်း (၉၀) နတ်သက်နှင့်တွက်သော် မိနစ်ပိုင်းလေး မျှသာကြာမည်ဖြစ်ရာ လူ့ပြည်သီလယူ သလောက်ပင်ကြာလိမ့်မည်မထင်ပါ။ တစ်ခဏလေးသာကြာမည်ဖြစ်သည်။ ထို့ကြောင့် နတ်တို့သည် က္ကရိယာပုတ် ပင် ပြောင်းကြမည် မဟုတ်ပါ။ တစ်ထိုင် တည်းနှင့် အဘိဓမ္မာကိုနာနိုင်စွမ်းရှိကြ ၏။

ထို့ကြောင့် မယ်တော်မိနတ်သား အား ကျေးဇူးဆပ်ခြင်းဖြင့် အဘိဓမ္မာ တရားဟောနေခြင်းသည် တာဝတိံသာ နတ်ပြည်၊မြောက်ကျွန်း၊တောင်ကျွန်းတို့ တွင် (၃)ဌာနအဘိဓမ္မာတရားဟောနေ ခြင်းပင် ဖြစ်သည်။

သုံးလူ့ထွတ်ထား မြတ်စွာဘုရား သည်ပင် အမိအား အဘိဓမ္မာတရား တော်နှင့် ကျေးဇူးဆပ်ခြင်း၊ အဘအား သုတ္တန်တရားတော်များနှင့် ကျေးဇူးဆပ် ၍ အရိယာဖြစ်စေခြင်း၊ ယသော်ဓရာ ဒေဝီ၊ သားတော် ရာဟုလာ စသော ဆွေမျိုးအပေါင်းကိုလည်း အရိယာဖြစ် စေ၍ ကျေးဇူးဆပ်ခဲ့ပါသည်။

**ပရူးသွပ်စေသောသားဇော**

လောကတွင် မိမိတို့ရင်သွေးအ ကြောင်းအမျိုးမျိုးဖြင့် ဆုံးပါးသွားသော အခါ အမိအဘတို့သည် မိမိတို့ရင်သွေး အား မည်မျှချစ်သနည်းဆိုသော် ရူးသွပ် သွားသောမိခင်ဖခင်တို့ပင် ရှိတတ်ကြပါ သည်။ သားရူး၊ သမီးရူး ရူးနေတတ်ကြပါ သည်။ အချို့လည်း ခေတ္တသာရူး၏။ အချို့လည်း ထာဝရရူးသွပ်သွားကြသူ များရှိကြပါသည်။ ဆိုရသော် မိဘတို့၏ သားသမီးအပေါ် ထားသောမေတ္တာသည် အနှိုင်းမဲ့ဖြစ်ပါလေ၏။

မြတ်စွာဘုရားလက်ထက်တော် ကာလတွင် ကိသာဂေါတမီ ဟူသော အမျိုးသည် သူ၏သားဆုံးပါးသွားသော အခါ သားငယ်၏အလောင်းကိုပိုက်၍

www.burmeseclassic.com

အရှုးတစ်ပိုင်းဖြစ်ကာ သားငယ်လေးအား ပြန်ရှင်အောင် ဆေးကုပေးနိုင်သူကိုလိုက်ရှာနေခဲ့၏။ မြတ်စွာဘုရားနှင့်တွေ့၍သာ အရှုးတစ်ပိုင်းဘဝမှသည် တရားရှင်အဖြစ်သို့ ကူးပြောင်းနိုင်ခဲ့ပါသည်။

ထိုသို့သော မိဘတို့၏ ချစ်ခြင်းတည်းဟူသော သားဇောကြောင့် ကျွန်ုပ်မိခင်ခေတ္တရူးသွပ်သွားသည်ကို ကျွန်ုပ်ငယ်စဉ်ကမြင်ခဲ့ဖူးပါသည်။ ထိုမြင်ကွင်းသည် ငယ်စဉ်ကလေးဘဝတွင် ကြုံခဲ့ရသော်လည်း ယခုထိတိုင် မျက်စိထဲက မထွက်နိုင်ပါ။ ယခုကဲ့သို့ မွေးနေ့ရောက်လျှင် ပီပီပြင်ပြင်အကုန်ပြန်၍မြင်ရပြန်၏။

ကျော်အောင်၊ ကျော်စိုး၊ ပေါက်ကျော်ဟူ၍ သုံးနှစ်ကြီးသုံးနှစ်ငယ် သား (၃) ယောက် ဖွားမြောက်ခဲ့ပါသည်။ အစ်ကိုကြီး(၈)နှစ်အရွယ် ကျွန်ုပ်(၅)နှစ်အရွယ်၊ ပေါက်ကျော် (၂) နှစ်အရွယ် ပြေးလွှားတတ်စတွင် တစ်နေ့သောအခါ ကျွန်ုပ်တို့ညီအစ်ကို(၃)ဦးကို အိမ်တွင်ထားခဲ့ကာ မိဘတို့သည် လယ်တောသို့ သွားကြပါသည်။ ကျွန်ုပ်တို့အကြီး (၂) ယောက်ကပြေးလွှားဆော့ကစားတတ်စ အရွယ် ပေါက်ကျော်ကလေးကိုထိန်းကြရ၏။

ရာသီမှာ မိုးရာသီ၏ နှောင်းပိုင်းဖြစ်ရာ ကျွန်ုပ်တို့အိမ်၏အနောက်ဘက် စည်းရိုးချုံတွင် ပေါက်ပန်းစုပ်ခေါ် နွယ်ပန်းပွင့်ပြာပြာများပြည့်နေအောင်ပွင့်နေသဖြင့် ကျွန်ုပ် ထိုပန်းတို့ကို ခူးယူနေပါသည်။ ခူး၍အတော်များလျှင် ပေါက်ကျော်ကိုပေးရန်လှမ်း၍ခေါ်လိုက်သည်။ ကလေးသည် အိမ်အောက်မှ ပြေးထွက်လာလေ၏။

ကျွန်ုပ်ရောက်နေသောနေရာနှင့် အိမ်၏အကြားတွင် နှုတ်ခမ်းတစ်ထွာကျော်ကျော်သာရှိသော ရေတွင်းကြီးရှိပါသည်။ ထိုရေတွင်းမှပင် ကျွန်ုပ်တို့ မိသားစုသုံးပါသည်။ ရေတွင်းမှာ အိုး၍ အုတ်များဆွေးကာ ပြုတ်ကျကုန်ခြင်းဖြစ်သည်။ရေတွင်းနှုတ်ခမ်းတိုဟုဆိုရပါမည်။

ပေါက်ကျော်သည် ကလေးဖြစ်သည့်အားလျော်စွာ ပန်းကိုသာမြင်ပြီး ရေတွင်းကိုမမြင်ဘဲ ရေတွင်းကို ခလုတ်တိုက်ကာ ရေတွင်းထဲသို့ကျသွားလေတော့၏။ 'ဗလုံ' ဟူသောမြည်သံကိုကြားလိုက်ရကာ ကျွန်ုပ်သည် ပန်းများကိုပစ်ချကာ ရေတွင်းဆီသို့ပြေး၍ငုံ့ကြည့်၏။ ရေထဲတွင် ပေါ်လိုက်၊ နစ်လိုက်ဖြစ်နေသော ညီလေးကိုမြင်ရသောအခါ-

"အစ်ကိုရေ ညီလေးရေတွင်းထဲကျသွားပြီ လာပါဦး"

ဟု အော်ခေါ်ရာ အစ်ကိုသည်လည်း ချက်ချင်းပြေးလာကာ ရေနစ်နေသောညီလေးကိုကြည့်ပြီး ညီအစ်ကိုနှစ်ယောက်အော်ငိုပြီး -

"လာကြပါဦး၊ ပေါက်ကျော်ရေတွင်းထဲကျလို့"

ဟုအော်ရပါသည်။

မိုးရာသီမို့ ရေက မြေပြင်မှတစ်လံကျော်ကျော်သာနက်နေချိန်ဖြစ်ရာ ရေအနက်(၁၀)တောင်ခန့်နက်ပါသည်။

အိမ်နီးချင်းများ ပြေးလာကြကာ ဦးဖိုးသိန်းသည် ရေတွင်းထဲခြေကန်ဆင်းကာ ပေါက်ကျော်တစ်ချီပေါ် အလာတွင် ဆွဲယူထားနိုင်လိုက်ပြီး အပေါ် သို့တင်ပေးနိုင်ခဲ့ပါသည်။ အသေကောင်ကဲ့သို့ပျော့ခွေနေသော ညီလေးအာ းဝိုင်းဝန်းပြုစုကြရာ ရေတွေအန်ထုတ်ကုန်ပြီး သတိပြန်ရခဲ့ပါသည်။ ညီလေးဖြစ်အင်ကိုမမြင်ရက်သော်လည်း မြင်လိုက်ကြရသော ကျွန်ုပ်တို့ညီအစ်ကိုမှာ ညီလေးဘေးတွင် ငို၍မဆုံးကြပါ။ သနား၍မဆုံးရှိခဲ့ပါသည်။

အိမ်နီးချင်းတို့က ပြေးခေါ်ကြ၍ အလယ်ပိုင်းရပ်ရှိ အဘိုးဦးရွှေမင်း၊ အဘွားဒေါ် ဖွားတို့ရောက်လာကာ မြန်မာ ဗိန္ဒောဆရာကြီးဖြစ်သော အဘိုးကဆေးတိုက်၏။ အဘွားကပြုစု၏။ ညီလေးမှာ ပျော့ခွေနေပြီး မှိုင်းထွက်သွားပါတော့သည်။ အဆော့သန်သောကလေးမှာ လုံးဝမဆော့တော့ပါ။ မှိန်း၍သာနေပါသည်။ ငိုတော့လုံးဝမငိုပါ။

ကျွန်ုပ်မှာမူ ကျွန်ုပ်ကြောင့်ဖြစ်ရလေသည်ဟုအစွဲပြုကာ ထိုအဖြစ်အား မကြာမကြာသတိရလျက်ရှိပြီး ယခုထိတိုင်စိတ်မကောင်းနိုင်ခဲ့ချေ။ ကလေးကိုကလေးအချင်းချင်းထိန်းခဲ့လျှင် ထိုသို့ဆိုးကျိုးများ ရနိုင်ကြောင်းကိုလည်း သဘောပေါက်ခဲ့ရလေ၏။

မိဘတို့ပြန်ရောက်လာသော် ကျွန်ုပ်တို့ကိုအပြစ်မတင်ပါ။ ငါ့သားလေးဖြစ်ရလေခြင်း ဟူ၍ အမေငို၍မဆုံးခဲ့ပါ။ ကလေးကိုသာ အချိန်ပြည့်ထွေးပိုက်ထားပါသည်။ ကျွန်ုပ်တို့မှာလည်း ဘေးကကြည့်၍စိတ်မကောင်းခြင်းကြီးစွာဖြစ်ကြရပါသည်။

ပေါက်ကျော်သည် ထိုညတွင် ထိတ်လန့်၍ဖျား၏။ အဘိုးစောင့်အိပ်ကာ ဆေးကုသပါသော်လည်း သက်သာခြင်းမရှိခဲ့ပါ။ ပျော့ခွေ၍သာမှိန်းနေပါသည်။

နောက်တစ်နေ့တွင် မှိန်းလျက်ပျော့ခွေနေသော သားငယ်အား အမေသည် တစ်ချိန်လုံးထွေးပွေ့ထား၏။ ညီလေးကား မေ့လျော့မှိန်းမောနေဟန်ရှိ၏။ တုတ်တုတ်မှမလှုပ်ပါ။ အသက်ငွေ့ငွေ့တော့ရှူနေပါသေးသည်။ ဆေးတိုက်၍လည်းမဝင်တော့ပါ။ ကျွန်ုပ်တို့လည်း မမှိတ်မသုန်ကြည့်နေကြပါသည်။

မွန်းတည့်ချိန်လောက်တွင် အမေ့ရင်ခွင်တွင်မှိန်းနေသော ညီလေး ပေါက်ကျော်သည် ပါးစပ်ကလေးဟစိဟစိလုပ်ကာငြိမ်သက်သွားပါတော့သည်။ ကျွန်ုပ်သည် ကလေးဖြစ်သော်လည်း ညီလေးဆုံးပြီဆိုသည်ကို အလိုလိုသိလိုက်ပါသည်။ အမေကား သားငယ်ကိုပွေ့ကာ မျက်ရည်တတွေတွေကျနေ၏။

အဘိုးကား မြေး၏လက်ကောက်ဝတ်သွေးကိုစမ်းကာ 'မြေးလေးပေါက်ကျော်ဆုံးသွားပြီကွယ်'ဟု တိုးတိုးဆိုလေ၏။ ပျော့ခွေနေသော သားငယ်၏ ရုပ်အလောင်းကို အကြိမ်ကြိမ်နမ်းကာ မျက်ရည်တာရိုးကျိုးနေသော်လည်း အော်ဟစ်ငိုယိုခြင်းမပြုဘဲ သောကမီးကိုကျိတ်၍လောင်နေလေ၏။ နှုတ်ရေးသိမ်မွေ့သောအမေသည် သူများလို ဖွဲ့နွဲ့အော်ဟစ်ပြောဆိုငိုယိုခြင်းလုံးဝမပြုသည်မှာလည်း အများနှင့်မတူသောစရိုက်ဖြစ်လေ၏။ ဒေသ၏ဓလေ့အရ အော်ဟစ်ငိုယိုကြခြင်းမှာ ဓမ္မတာဖြစ်သော်လည်း သူ၏သောကအပူကို ဖွင့်မပြခဲ့ပါ။ အငိုသန်သော အော်ဟစ်ငိုယိုသူတို့သည် ငိုလို့ဝသည်နှင့် အပူသောကပေ့ါသွားကြတတ်၏။ အမေကား ဖွဲမီးပမာတငွေ့ငွေ့လောင်ကျွမ်းလျက်ရှိလေ၏။

အရင်နေ့က အကောင်းကြီးရှိနေသော သားလေးပေါက်ကျော်သည် ယနေ့သေဆုံးနေခဲ့ပေပြီ။ မိဘဘိုးဘွားညီအစ်ကိုများကိုထားကာ သံသရာခရီးကို ကလေးအရွယ်နှင့်ထွက်သွားခဲ့ချေပြီ။ အမေ့လက်ထဲမှအလောင်းအား အဖေက ယုယစွာ ပွေ့ချီလက်လွှဲယူလိုက်ကာ ရောက်လာကြသော အိမ်နီးချင်းများနှင့်အတူ အိမ်ရှေ့တွင် မသာခင်းကျင်းလိုက်ပါသည်။ ညီလေးပေါက်ကျော်သည် အိပ်ပျော်နေသည်နှင့်တူလှပေ၏။

ရောက်လာကြသော အဘွားနှင့်ဆွေမျိုးသားချင်းတို့က အမေ့ကိုဖျောင်းဖျကြပါသည်။ သို့နှင့် ကျွန်ုပ်တို့အိမ်သည် ကျွန်ုပ်တစ်သက်၌ ပထမဦးဆုံးသော


www.burmeseclassic.com

www.burmeseclassic.com

အိမ်ဖြစ်သွားခဲ့လေ၏။

အမေကား အမှန်သော် တရားနှင့် ဖြစ်ပါသည်။ စာမတတ်သဖြင့် စာအုပ်များဖတ်နိုင်စွမ်းမရှိ။ ယခု ကဲ့သို့လည်း တိုးတက်ခြင်းမရှိသေး ဒေဒီယို၊ ကက်ဆက်၊ တီဗွီတို့လည်း သေး။ ဝိပဿနာပြန့်ပွားမှုလည်း ခေတ်ကဲ့သို့ အရှိန်အဝါမကောင်း တရားဓမ္မသဘင်ဟူသည်လည်း ရှားပါးသောကာလ။ ကျောင်း ၍ သီလယူခြင်း၊ ဥပုသ်ဆောက် ခြင်း၊ တရားဓမ္မနာကြားခြင်း ကလည်း အိမ်ထောင်ထိန်းသိမ်း အချိန်ကုန်သူဖြစ်ရာ အမှန်ပင် မှုနှင့်ဝေးသူဖြစ်ခဲ့ရပါသည်။

သို့ကြောင့် သတ္တဝါ ဟူသည် ဖြစ် ပျက်ရမည် ဟူသော သဘော သံဝေဂကို မသိရှာပါ။ ထမင်း စား၊ ငို၍သာနေလေတော့၏။ ၏ မိခင်ဖခင်တို့သည်ပင် တရားချ လှုပ၍ချစ်စဖွယ်ကောင်းလှပေ စကားတတ်စ အရွယ်လှမမယ် အလောင်းကိုသာ ထိုင်၍ကြည့် ၏၊ သိတတ်ပြီဖြစ်သော ကျွန်ုပ် ည်း များစွာစိတ်မကောင်းရှိရလေ ည်မှု ချစ်ရှာမည်၊ မည်မျှနှမြော ကို ကျွန်ုပ်ကိုယ်တိုင် ရင်သွေးရမှ ကိုယ်ချင်းစာနာတတ်ခဲ့၏။

ညီလေးပေါက်ကျော်၏ နာရေး (၃)ရက်ထားပါသည်။ ဒုတိယရက် ခုံ့ခလေ့ရှာခလေ့အရ မသာဆိုင်း သည်။မသာဆိုင်းဟူသည်ကလည်း ဆွေးစရာသီချင်းများသီဆိုတီးမှုတ် မီးလောင်ရာလေမင့် ဟူဘိသို့ မှာပို၍ငိုကောင်းတော့၏။သို့သော် တစ်ပြောဆိုငိုယိုခြင်းကားမပြုပါ။

ညပိုင်းတွင်မူ အမေသည် ပေါက် ၏အလောင်းဘေး၌ မသာဆိုင်း နှင့်အညီ ကွေးနေအောင်က၍နေပါ သည်။ အမေသည် ပင်ကိုသတိ ကပ်ခြင်းမရှိတော့ပါ။ ရူးသွပ်သွား ဟုပင်ခေါ် ရမည်ဖြစ်ပါသည်။ သား စိတ်ကား ကြီးမားလှပေ၏။

အမေ့ကနေသည်ကို အဖေသည် ည်တစမ်းစမ်းဖြင့်ကြည့်ကာ ကျွန်ုပ် ပွေ့ဖက်၍ -

ကြည့်ပါဦး အငယ်လေးရယ်"

ဟု၍သာ ဆိုနိုင်ပါသည်။

ကျွန်ုပ်သည်လည်း တရှိုက်ရှိုက် တာ အမေ့အား မကြည့်ရက် မျက်နှာလွှဲ၍နေရပါသည်။ ထိုသို့

သောအဖြစ်တို့ကို မကြုံရသော မိခင်တို့ မှာမူ များစွာကံကောင်းလှပေ၏။ ကျွန်ုပ်၏ မိခင်မှာမူ ကျွန်ုပ်တည်းဟူသော အကြောင်းကြောင့် အပူမီးကြီးစွာလောင်မြိုက်ခဲ့ရပေ၏။ ညီလေးလည်း အသက်ဆုံးရှုံးခဲ့ရပေ၏။

သို့နှင့်ပင် (၃) ရက်မြောက်သောနေ့၌ ပေါက်ကျော်၏ရုပ်အလောင်းအား ပြန်ကပြေးသင်္ချိုင်းတွင် သွားရောက်မြှုပ်နှံကြပါသည်။ ကျွန်ုပ်တို့ညီအစ်ကိုမှာမူ သင်္ချိုင်းသို့ လိုက်ခွင့်မရကြပါ။

မိခင်ဒေါ်စော၏ပြုံးရွှင်ရယ်မောမှုကို ရက်ပေါင်းအတော်ကြာမျှ ကျွန်ုပ်တို့ မြင်ခွင့်မရကြပါ။ အမေသည် သူသားမြှုပ်ထားသော သင်္ချိုင်းရှိမြေပုံအား ကာလအတန်ကြာ နေ့စဉ်သွားကြည်သည့် ဟုဆိုပါသည်။

'သား၊ အမေတို့နဲ့ပြန်လာနေပါ့မယ်'

ဟူ၍ အိပ်မက်မက်လေမှ နောက် ထပ်မသွားတော့ကြောင်း အဖေ ပြောပြ၍သိရ၏။

## ❑ ပေါက်ကျော် တစ်ဖြစ်လဲ မညွန့်စိန်

ထို့နောက် ကျွန်ုပ်တို့မိသားစုတွင် မခင်ထွေး၊ မငွေးညွန့် တည်းဟူသော မိန်းကလေး (၂) ယောက် မွေးဖွားပါသည်။ ထို (၂) ယောက်မွေးအပြီးတွင် တတိယသမီး မညွန့်စိန်သန္ဓေမဆောင်မီတွင် အဖေ ကျွဲတွေကျောင်းနေသော စားကျက်တွင် အဖေ ကျွဲများကျောင်းနေစဉ် သားလေး ပေါက်ကျော်သည် စားကျက်ကွင်းပြင်တွင် ဦးတည်ရာမဲ့ လျှောက်သွားနေသည်ကို အဖေတွေ့ရရာ အဘ တည်းဟူသော သံယောဇဉ်ဖြင့် 'သားလေးပေါက်ကျော်' ဟု ခေါ်လိုက် လေ၏။ ထိုအခါ ကလေးသည် ဖခင်မှန်းသိသွားကာ -

"အဖေ၊ သားနေစရာလိုက်ရှာနေတာ။ အဖေနဲ့ပြန်လိုက်ခဲ့မယ်နော်"

ဟု ဆိုသဖြင့် -

"လိုက်ခဲ့ပေါ့သားရယ်၊ ကိုယ့်အိမ်ပဲ။ ကဲ-လာလာ၊ အဖေ့ကျောပေါ် တက်"

ဟု ပြောပြီး သားလေး ပေါက်ကျော်အား ကျောပိုး၍ခေါ်ကာ ကျွဲများမောင်း၍ အိမ်သို့ခေါ်ခဲ့လေ၏။ အိမ်ရောက်သည်နှင့် အိပ်မက်မှနိုးထခဲ့လေ၏။ အဖေသည် ထိုအိပ်မက်အား အမေ့ကို ပြောပြခဲ့လေ၏။ သို့နှင့်ပင် တတိယသမီး မညွန့်စိန်၏သန္ဓေကိုဆောင်ခဲ့ပါသည်။

သို့သော် မွေးဖွားလာသောအခါတွင်မူ ယောက်ျားလေးဟု ထင်ထားခဲ့သော်လည်း မိန်းကလေးပင်မွေးဖွားလာရာ ယောက်ျားဘဝမှသည် မိန်းကလေးဘဝသို့ပြောင်းလဲသွားကြောင်း အဖေတို့သဘောပေါက်လိုက်လေ၏။ သတ္တဝါဟူသည် အတည်တကျမရှိတတ်ခြင်းသဘောအား အဖေနားလည်သဘောပေါက်ပါသည်။

ကံဆိုးစွာ လူ့ဘဝခဏလေးနေ၍ ရေတွင်းထဲကျကာ အဆုတ်ရေဝင်ဝေဒနာဖြင့်ဆုံးပါးသွားသော သားလေးမိမိတို့ထံ မိန်းကလေးအသွင်ဖြင့် တစ်ဖန်ပြန်ရောက်လာသောအခါ အမေနှင့်အဖေတို့ ကြည်နူးချမ်းမြေ့ခွင့်ရကြပြန်ပါသည်။

## ❑ အသက်တိုလွန်းသောအမေ

အမေသည် မညွန့်စိန်ကိုမွေးပြီးသည့်နောက်ပိုင်း ချောင်းတဟွတ်ဟွတ်ဖြစ်လာ၏။ အဘွားတား ၁၉၆၁ ခုနှစ်အောက်တိုဘာလတွင် ဆုံးပါးသွားခဲ့ပြီဖြစ်၏။ အသက် (၆၆) နှစ်အရွယ်တွင် ဆုံးသွားခြင်းဖြစ်သည်။ ထိုအချိန် ကျွန်ုပ်သည် မှန်ကျောင်း၌ ကိုရင်ကြီးဖြစ်၍နေပေပြီ။

ချောင်းတဟွတ်ဟွတ်ဆိုးကာ အမေသည် အမောရောဂါဖြစ်၍လာခဲ့၏။ ထို့ကြောင့် အဘိုး၏မြန်မာဗိန္ဒောဆေးတို့ဖြင့်သာ သက်သာစေခဲ့ပါသည်။ သို့နှင့်ပင် အမေသည် တစ်နေ့တခြား ပိန်ချုံး၍လာခဲ့လေ၏။အိပ်သည်ပင်လျှင် အသက်ရှူမဝ၍ လေးဖက်တွားအနေအထားဖြင့် အိပ်ရ၏။ သို့သော် မိခင်တည်းဟူသောစိတ်ဓာတ်ဖြင့် ကလေးအား နို့တိုက်မပျက်ခဲ့ပါ။ မိမိတွင်ရှိနေသော သွေးသားအင်သားတို့ဖြင့် ကလေးအား နို့ချိုတိုက်ကျွေးလျက်ရှိပါသည်။ မညွန့်စိန်ကလေးသည်ပင်လျှင် (၉) လသမီးအရွယ်ရောက်ခဲ့ပြီဖြစ်သည်။ အမေသည် အရိုးပေါ် အရေတင်ဖြစ်၍နေပေပြီ။

မရှုနိုင်မကယ်နိုင် အခြေအနေရောက်ပါမှ ပတ်ဝန်းကျင်၏တိုက်တွန်းမှုကြောင့် အမေ့အား ပျဉ်းမနားဆေးရုံသို့တင်မိပါသည်။ ထိုနေ့မှစတင်၍ ကလေးအတွက် အဖေမှာ အပူတပြင်းနို့ရှာရပါတော့သည်။ တောရွာဖြစ်သဖြင့် နို့မှုန့်ဘူး ဟူ၍လည်းမရှိရာ နွားနို့ရအောင်ရှာကာ မညွန့်စိန်ကို နွားနို့တိုက်ကာမွေးရတော့၏။



www.burmeseclassic.com

www.burmeseclassic.com

အမေမှာ ဆေးရုံမှ အိမ်သို့ပြန်သယ်ခိုင်းသဖြင့် နောက်နေ့တွင် အိမ်ပြန်ရောက်လာ၏။ လေးဖက်ဝပ်အနေအထားဖြင့် အသက်မနည်းရှူနေရပါသည်။ လွန်စွာသနားဖွယ်ဖြစ်ပါသည်။ ထိုသည်ကိုမြင်ရသော ကျွန်ုပ်သည် မျက်ရည်ထိန်းမရဖြစ်ကာ အသံတိတ်ငိုနေမိတော့၏။ အဖေကား ကလေးတစ်ဖက်ဖြင့်သောကကြီးစွာရောက်လျက်ရှိ၏။

"မစောလေးက အဆုတ်ကင်ဆာတဲ့၊ ကုလို့မရတော့ဘူးတဲ့"

ဟူသော စကားစွန်းစကားစတို့သည် နားထဲသို့ဝင်လာခဲ့၏။ ထိုအချိန်သည် ကျွန်ုပ်အသက်(၁၅)နှစ်ထဲရောက်နေပြီဖြစ်ရာ စာအတော်ဖတ်ခဲ့သဖြင့် ပြင်ပဗဟုသုတများအတော်ရနေပြီဖြစ်ရာ အမေခုလိုဖြစ်တာ ဆေးလိပ်ကြောင့်ဆိုသည်ကို အလိုလိုသိလိုက်လေ၏။ သာမဏေဝတ်နေသောကျွန်ုပ်မှာ အမေ့အနားတွင် အချိန်ပြည့်နေ၍မရသဖြင့် မှန်ကျောင်းသို့ပြန်ရ၏။ နောက်နေ့တွင် ကျွန်ုပ်၏မွေးသမိခင်ကျေးဇူးရှင် ဆုံးပါးသွားခဲ့လေတော့သည်။ မှတ်မှတ်ရရနတ်တော်လဆုတ် ၃ ရက်နေ့ဖြစ်၏။

အသက်(၄၆)နှစ်အရွယ်ငယ်ငယ်လေးပင်ရှိသေး၏။ အမေ့ကိုသတ်သောတရားခံကိုကျွန်ုပ်ဖွေရှာသောအခါ ဆေးလိပ်ဖြစ်သည်ကိုတွေ့ရ၏။ အဖေသည် အလုပ်သွားရာ၊ ကျွဲကျောင်းသွားရာ၌ ပြောင်းဖူးဖက်ဆေးလိပ် ဆယ်လိပ်ခန့်လွယ်အိတ်ထဲ အမြဲထည့်ပေးရ၏။ ထိုဆေးလိပ်တို့ကို အမေက အမြဲလိပ်ပေး၏။ အဖေ့အား ဆေးလိပ်အမြဲလိပ်ပေးရာမှ အမေပါ ဆေးလိပ်စွဲသွားခြင်းဖြစ်သည်။ အမေကား သူများလိုအိမ်တကာလည်၍ အတင်းလည်းမပြောတတ်ပေ။ အိမ်မှုကိစ္စအဝဝလုပ်ရင်းသာအချိန်ကုန်တတ်၏။

စပါးကျီထဲမှ စပါးတို့ကို ကြိတ်ထိုးရန် နေလှန်းရ၏။ နေလှန်း၍ကြွပ်ရွလောက်ပါက စပါးတို့ကို ကြိတ်ထိုး၍ အခွံချွတ်၏။ ပြီးလျှင် ဆန်လုံးတီးနှင့် စပါးခွံကိုပြာထုတ်ရ၏။ ဆန်လုံးတီးကို မောင်းဆုံနှင့်ထောင်းကာ ဆန်ဖြူဖြစ်အောင်ထောင်းရပြန်၏။ ဆုံကျသော် ဖွဲနုတို့ကိုပြာထုတ်ပြီးပါမှ ထမင်းချက်ရန် ဆန်ရ၏။ ယခုခေတ်ကဲ့သို့ စပါးကြိတ်စက်များမရှိသေးသဖြင့် အိမ်ရှင်မတိုင်း ထမင်းချက်ရန် ဆန်အတွက် ကြိတ်ထိုးမောင်းထောင်းကြရ၏။ ထိုသို့သော အိမ်မှုကိစ္စအဝဝနှင့် ကလေးထိန်းအလုပ်ကိုလုပ်ရသောအမေသည် ခေတ္တအားချိန်ရသည်နှင့်ပြောင်းဖူးဖက်ဆေးလိပ်ကြီးထိုင်ဖွာနေတတ်ပေ၏။အမေ၏အဖော်သည် ဆေးလိပ်ဖြစ်သည်။

အမေသည် တောသူမဖြစ်သည်တစ်ကြောင်း၊ စာမတတ်၍တစ်ကြောင်း၊ ဗဟုသုတနည်းပါးသည်ကတစ်ကြောင်း၊ အနေအထိုင်အေးသည်တစ်ကြောင်းတို့ကြောင့် ဆေးလိပ်၏ ဆိုးကျိုးကို မသိရှာပါ။ ဆေးလိပ်၏ ကောင်းကျိုးဟူ၍မည်သူကမျှလည်း မညွှန်ပြပါ။ သို့သော်လူအများကကြိုက်ကြပါသည်။ ထိုသည်အထဲတွင် ကျွန်ုပ်၏မိဘများနှင့် အစ်ကိုကြီး ကိုကျော်အောင်လည်း ပါ၏။ အမေသည်ပင် (၄၆) နှစ် နေလိုက်ရပါသေးသည်။ကိုကျော်အောင်မှာ အသက်(၄၁)နှစ်တွင် ဆေးလိပ်ကြောင့် အရိုးကင်ဆာဖြစ်ကာ ဇနီးနှင့် သမီးငယ် (၃) ဦးကိုထားခဲ့ကာ တမလွန်ခရီးကို စောစီးစွာထွက်ခွာခဲ့ရ၏။

အမေဆုံးကြောင်းကို မှန်ကျောင်းဘုန်းတော်ကြီးမှ မြင်းခြံမြို့ ကိုးဆောင်တိုက်တွင်စာသင်နေသော အစ်ကိုကြီးရှင်သုမနထံ သံကြိုးရိုက်ပေးပါသည်။ အစ်ကိုကြီးရောက်သော် အလောင်းပင်မမီလိုက်ပါ။ သင်္ဂြိုဟ်ပြီးညနေမှရောက်၏။ ငိုလိုက်သည်မှာ ပြောစရာမရှိပေ။

အဖေကား ကလေးငယ်တစ်ဖက်၊ ကျွဲတွေတစ်ဖက်၊ စီးပွားရေးတစ်ဖက်နှင့် ဒုက္ခလှလှတွေ့လေတော့၏။ အဖေ့မာနကားကြီး၏။ ငါ့သားတို့ အဖေ့ကိုကူပါဦး၊ လူထွက်လှည့်ပါ' ဟူ၍လည်းယောင်၍မျှပင်ဟသူမဟုတ်ပါ။ သူ့အလုပ်သူဇယ်ဆက်သလိုလုပ်၏။ ညီမအကြီး(၂)ယောက်က ကလေးထိန်းနှင့်ကျွဲကျောင်းကူပေးကြ၏။ ကျွန်ုပ်ကား ကိုရင်ကြီးဖြစ်၍လာလေ၏။

ကျွန်ုပ်တွေးနေမိသည်မှာ အမေသည် သီလလုံခြုံပါလျက် အသက်တိုရလေခြင်းဟူ၍ဖြစ်သည်။ လူမမယ်အရွယ်နို့စို့ကလေးကိုထားခဲ့ရရာ အမေသည်ပုထုဇဉ်တို့ဘာသာဘာဝ အသေဖြောင့်မည်မထင်ပါ။ အတိတ်ကပြုခဲ့သည့်ကုသိုလ်ကံနည်းသည်တစ်ကြောင်း၊ ပစ္စုပ္ပန်တွင် အသက်ရှည်ရာအနာမဲ့ကြောင်းဖြစ်အောင်မနေတတ်သည်တစ်ကြောင်းကြောင့် အသက်တိုရသည်ဟု သုံးသပ်မိပါသည်။

## ၁ ရင်နှင့်စရာမြင်ကွင်း

အစ်ကိုကြီးနှင့် ကျွန်ုပ်တို့ကိုရင်ညီအစ်ကိုသည် သင်္ဂြိုဟ်ပြီးသည့်ညတွင် အိမ်သို့ရောက်ကြပါသည်။ အသုဘချပြီးပြီဖြစ်သဖြင့် အိမ်တွင် လူမစည်ကားတော့ဘဲ ဧည့်အနည်းငယ်နှင့် မိသားစုသာလျှင်ရှိကြပါသည်။ အဘိုးမှာမူ ဇနီးလည်းဆုံး၊ သမီးလည်းဆုံးပါသော်လည်း တရားရှင်ဖြစ်သည့်အားလျော်စွာ မျက်ရည်ကျခြင်းမရှိပါ။ တည်တည်ငြိမ်ငြိမ်သာရှိလေ၏။

ကျွန်ုပ်တို့မိသားစုများစကားပြောနေကြစဉ် အဖေ့ရင်ခွင်ထဲမှ လေးဖက်တွားအရွယ် ကလေးသည် အဖေ့ထံမှ အတင်းငိုယိုရုန်းထွက်ကာ အလောင်းစင်ပြင်သောနေရာသို့ လေးဖက်ထောက်သွားကာ မိခင်၏ရင်ခွင်သို့ဝင်ဟန် လက်မြှောက်၍ငိုယိုနေလေ၏။ လက်နှစ်ဖက်ကို မြှောက်လိုက်ပြန်ချလိုက်နှင့်ဖြစ်နေရာ ကလေးမျက်ဝန်းတွင် အမေအား မြင်နေရကြောင်း ထင်ရှားလှပေ၏။သို့သော် အမေကား ဆန္ဒသာရှိသည်၊ လက်တွေ့အားဖြင့် ခေါ်နိုင်စွမ်းမရှိရာ ကလေးမှာသည်းသည်းလှုပ်ငို၏။

ထိုအခါ အဖေကပြန်ပွေ့ခေါ်၏။ ကလေးငယ်ကား အဖေ့ရင်ခွင်မှ ရုန်းထွက်ငိုယိုကာ ဒုတိယအကြိမ်သွားပြ၏။ လေးဖက်ထောက်အနေအထား လက်ကလေးနှစ်ချောင်းတို့ မြှောက်ကာ အထက်သို့မော်၍ မိခင်၏အခေါ်ကို စောင့်ပြန်၏။ မခေါ်သဖြင့် လက်နှစ်ချောင်းလေးဖက်ထောက်ကာ ငိုပြန်၏။ ထိုသို့ပြုနေသည်ကို ကျွန်ုပ်တို့အား မြင်နေကြရရာ လွန်စွာမှကြေကွဲဝမ်းနည်းဖွယ်ကောင်းလှပေ၏။ ထိုသို့ သုံးကြိမ်ရုန်းထွက်ပြီး မခေါ်လေမှ ကလေးငယ်သည် အဖေ့ရင်ခွင်တွင် အိပ်ပျော်သွားလေတော့၏။

ထိုသို့ဆိုလျှင် ကျွန်ုပ်၏မိခင်သည် ရင်သွေးသံယောဇဉ်စိတ်ဖြင့် အသေမဖြောင့်ဘဲ ကလေးအနီးတွင် တဝဲလည်ရှိနေသည်ကို သဘောပေါက်ရ၏။ ထိုမြင်ကွင်းသည် ကျွန်ုပ်၏ရင်ကို လွန်စွာထိခိုက်စေသောမြင်ကွင်းဖြစ်ပေ၏။

သို့သော် အမေသည် ရက်လည်ဆွမ်းသွတ်ပြီးသည်နှင့် အိမ်ပေါ်တက်ရချင်မှရပေတော့မည်။ အစ်ကိုကြီး ရက်လည်ဆွမ်းသွတ်ပြီးသည်နှင့် မြင်းခြံသို့ပြန်၏။ နွေရာသီစာမေးပွဲဖြေ အစ်ကိုကြီး ပြန်ရောက်လာပြီး ကျွန်ုပ်အသက် (၁၆)နှစ်အရွယ်တွင် အစ်ကိုကြီးနှင့်အတူ မြင်းခြံစာသင်

www.burmeseclassic.com

ထိုက်သွားခဲ့ပါသည်။

အဖေမှာမူ သမီး(၃)ဦးနှင့်အတူ တွင်ကျန်ရစ်ခဲ့လေတော့၏။ ကျွန်ုပ်တို့ အစ်ကိုအား လောကတ္တရာပညာ တ်များဖြစ်သည့် ဘုန်းတော်ကြီးများ စေချင်လွန်းလှ၏။ သို့ကြောင့် အဖေ တစ်ဦးတည်း ဘဝကိုရုန်းကန်ရှာပါ ည်။ကျွန်ုပ်တို့အား လူထွက်ပါဟူသော ားယောင်၍မျှပင်မဆိုပါ။ ကျွန်ုပ်တို့ လည်း လူထွက်မည့်အကြောင်း ယောင်၍မျှမပြောကြပါ။

**အတွက် ကားတစ်စီး**

သာသနာ့ဘောင်တွင် မပျော်၍ ထွက်သောအခါတွင် ကျွဲတွေလည်း ကျောင်းချင်ပါ၊ လယ်တွေလည်းမလုပ် ချင်ပါ၊ တောထဲ၌ ကျွဲတွေနှင့်အတူ သစ် တွေနှင့် နပန်းလုံးရသော သစ်ဆွဲ၊ သစ်တင်အလုပ်လည်း မလုပ်ချင်ပါ။ က်(၂၀)အရွယ်၌ မိုးကုတ်တက်ပြီး ကျောက်တူးခြင်းအလုပ်ကိုလုပ်ကိုင်ရ၏။ ကျောက်တူး၍ပိုက်ဆံရသောအခါ ဖခင် သို့ စာတိုက်မှငွေပို့လွှာဖြင့် ပို့ပေးလေ့ ၏။ ထိုခေတ်က ကျွန်ုပ်တွင်းစတူးချိန် ည် အခေါက်ရွှေ (၄၀၀)ကျပ်ဖြစ်ပြီး ပုတ်ရွှေမှာ (၃၅၀) ကျပ်မျှသာရှိပါ သည်။ ထို့ကြောင့် တစ်ခါပို့ (၅၀၀) ပ် ဟူသည် မနည်းလှပါ။

ညီမတွေပြောပြ၍ သိရသည်မှာ အဖေသည် ကျွဲတစ်ကောင်ရောင်းရာ (၅၀၀)ကျပ်ရသည်ဟူ၏။ ငါးရက်တစ် တွင် ပျဉ်းမနားရွာကောက်ရပ်ဈေး င် နွားဈေးရှိရာ ထိုဈေးတွင်ရောင်းခဲ့ ခြင်းဖြစ်၏။

ထိုကျွဲရောင်းရသော ငွေ (၅၀၀) အားအထပ်လိုက်ထည့်ကာ ပျဉ်းမနားမြို့ ဈေးကြီးအတွင်းရှိ ဘိုးဘိုးအောင်ထီဆိုင် (၂)ကျပ်တန်ထီဝယ်ထိုးရာ ရှေ့သို့ငေး ခိုက် ထီဖိုးပေးရန် ငွေနှိုက်သောအခါ ယ်အိတ်ထဲမှ ငွေအထပ်လိုက်မှာ များနှိုက်သွားခဲ့ပြီ ဖြစ်၏။ သို့နှင့် လည်းမထိုးဖြစ်တော့ဘဲပြန်ခဲ့ရလေ ၏၊ အိမ်အတွက်ပင် ဘာမှမဝယ်ရသေး ။ သို့နှင့် သောကကို ရင်မှာပိုက်ကာ ပြန်ခဲ့ရ၏။ ထိုခေတ်က ပျဉ်းမနား၌ သူခိုး း အလွန်ပေါလှ၏။

အိမ်ပြန်ရောက်သောအခါ ကျွဲ ရောင်းရငွေ(၅၀၀)ကျပ် ခါးပိုက်နှိုက်ခံရ ကြောင်း သမီးတို့ကိုပြောပြလေ၏။အမှန် သော် အဖေသည် ကျွဲချစ်သူဖြစ်ရာ ကျွဲ ကို မရောင်းလိုပါ။ သို့သော် အိမ်တွင် အသုံးကျပ်၍သာ သူချစ်သောကျွဲကို ရောင်းရခြင်း ဖြစ်၏။ ရောင်းရပြန်ပါ သော်လည်း ခါးပိုက်နှိုက်ခံရပြန်သော အခါ လွန်စွာဝမ်းနည်းရလေ၏။ ထိုခေတ် က ငွေ(၅၀၀)သည် နည်းနည်းနောနော မဟုတ်ပေ။ ရွှေတစ်ကျပ်ခွဲနီးပါးတန်၏။ သို့သော် အဖေကြာကြာဝမ်းမနည်းလိုက် ရပါ။ ထိုနေ့မှာပင် ပျဉ်းမနားစာတိုက်မှ ကျွန်ုပ်ထံမှ လွှဲငွေ(၅၀၀)ကျပ် လာထုတ် ပါရန်အကြောင်းကြားလာ၍ဖြစ်ပါသည်။ သို့တွက် အဖေပျော်သွားခဲ့ရပါသည်။ ကျွန်ုပ်ပို့လိုက်သောငွေသည် မိသားစု၏ အခက်အခဲကို တဒင်္ဂဖြေရှင်းပေးနိုင် ကြောင်း သိရပါသည်။

ကျွန်ုပ် အဖေ့ထံအလည်ရောက် သောအခါ အဖေက ပြောပြ၏။ အဖေ က ကျွန်ုပ်ကို အငယ်လေး၊ အစ်ကိုကြီး ကို ကလေးကြီးဟု ချစ်စနိုးခေါ်၏။

"အဖေက လတိုင်း ထီထိုးတယ် အငယ်လေးရဲ့။ အဖေ ထီကြီးပေါက်ရင် သားအတွက် အဖေက ကားဝယ်ပေး ချင်တာ။ ငါ့သား သူများဆီမှာ သွားနေ ရတာ ကားမရှိဘာမရှိနဲ့ မျက်နှာငယ်ရ တာပေါ့ သားရယ်။ အဲဒါကြောင့် အဖေ လတိုင်း ထီထိုးတယ်"

ဟု ပြောပြလေ၏။

ထိုအခါ မိဘတို့၏ သားသမီး အပေါ်ထားသော မေတ္တာ၊ စေတနာကို နားလည်ကာ ရင်ထဲတွင်နင့်နေအောင် ခံစားခဲ့ရ၏။ ထိုစကားသည် မိဘ၏ မေတ္တာသရုပ်ကို ပေါ်လွင်စေပါသည်။ ဟန်ဆောင်၍ ပြောနေခြင်း မဟုတ်။ လှိုက်လှိုက်လှဲလှဲပြောပြနေခြင်း ဖြစ်၏။ သူ့စိတ်ကူးထဲတွင် သူ့သား ကျွန်ုပ်အား ကားတစီးဖြင့် လူတန်းစေ့နေထိုင်စေ ချင်လှ၏။ ထီပေါက်ရင် ငါ့သားကို သူ များဆီမှာ အောက်တန်းမကျအောင် ကားဝယ်ပေးမယ် ဟူသော အတွေးက လည်း အမြဲရှိနေဟန်တူ၏။

သို့သော် အဖေကား သေသွား သည်တိုင် ထီ (၅၀၀) ကျပ်ဆုမျှပင် မပေါက်ဘူးပါ။ ထိုခေတ်က အနိမ့်ဆုံးဆု မှာ ငါးရာဖြစ်ပြီး အမြင့်ဆုံးမှာ တစ်သိန်း ဖြစ်၏။ ငွေတစ်သိန်းသည် ခုခေတ်တွင် ဘာမှတန်ဖိုးမရှိတော့သော်လည်း ထို ခေတ်တွင် တိုက်တစ်လုံး၊ ကားတစ်စီးရ နိုင်၏။ အဖေစိတ်ကူးယဉ်မည်ဆိုပါက လည်းယဉ်နိုင်ပေ၏။ ထီဟူသည်မှာ ထိုး တိုင်းမပေါက်ပါ။ ကံပါလာမှသာလျှင် ပေါက်ပါသည်။

အဖေ့ကို သတိတရ တွေးမိတိုင်း မိဘမှ သားသမီးအပေါ်စီးဆင်းခဲ့သော မေတ္တာသည် မည်မျှကြီးမားသည်ကို နှိုင်း ဆမိချေ၏။ အားမတန်၍မာန်လျှော့ရ ခြင်းဖြစ်ခဲ့ပေမည်။ မိဘမေတ္တာကား အနန္တပါပေ။ အဖေ့ဆန္ဒမပြည့်ဝခဲ့ပါ။

**□ ကျေးဇူးဆပ်ခွင့်မရလိုက်သော အမေ**

ကျွန်ုပ် မိုးကုတ်ပတ္တမြားမြေတွင် နေစဉ်အတွင်း အဖေ့ထံသို့ ကြာကြာ တစ်ခါအလည်ရောက်၏။ ထိုအခါတွင် ဆွေမျိုးများ လက်ဆောင်ပေးရန်၊ အဖေ နှင့်ညီမများစားရန် ထိုးမုန့် စသည်ပါလာ တတ်၏။ ထိုမုန့်များအားအဖေ့စားသည် ကို ကြည့်၍ ပီတိဖြစ်ရလေ့ရှိသည်။

ထိုအခါ အမေ့ကို သတိရလေ့ရှိ ၏။ အမေ့ကိုကား ကျွန်ုပ်၏ချွေးနဲ့စာဟူ ၍ ကျွေးခွင့်လုံးဝမရလိုက်ပေ။ အမေ သာရှိနေလျှင် သိပ်ကောင်းမှာ ဟူသော အတွေးသည် အဖေ့ကို ကြည့်၍ မကြာ မကြာ သတိရ၏။ ဆိုရသော် အမေ့အား ကျေးဇူးဆပ်ခွင့်နည်းနည်းလေးမျှပင်မရ လိုက်ခြင်းအတွက် များစွာစိတ်မကောင်း ရှိရလေ၏။ စိတ်ကောင်းရှိသောအမေ သည် ဒုဂ္ဂတိဘုံကျရောက်နေသည်ဆိုဦး တော့ ကြာကြာကျရောက်နိုင်စွမ်းရှိမည် မထင်ပါ။

ယခုအရွယ်သို့ ရောက်သည့်တိုင် ကြာကြာတစ်ခါ အိပ်မက်ထဲ၌ အမေ့ကို တွေ့ရ၏။ ထိုသို့ အိပ်မက်မက်နေစဉ် အမေသေပြီးပြီ ဟူသော အသိလည်း လုံးဝမရှိခြင်း ဖြစ်သည်။ အမေကား အိပ်မက်ထဲတွင် လေးဆယ်ကျော် အရွယ် နောက်တွဲဘီးဆံပတ်ဆံထုံးဖြင့် ကြော့ကြော့မော့မော့လှနေဆဲရှိသည်။ အိပ်မက်မှနိုးထလျှင် အမေ့အား လွမ်း စိတ်သည် ယခုထိတိုင်ရှိနေဆဲဖြစ်၏။

ဘုရားရှိခိုး၍ မာတာပိတုဂုဏော အနန္တော ဟူသောအပိုဒ် ရောက်တိုင်း အမေ့ရုပ်ပုံလွှာမြင်နေဆဲရှိလေ၏။အမေ သေသွားခဲ့သည်ဆိုသော်လည်း ကျွန်ုပ် ၏မျက်ဝန်းထဲတွင် မသေပါ။ အမေသွား လာလှုပ်ရှားနေသည်ကို မြင်ယောင်နေ ပါသည်။ သို့ကြောင့် အမေထာဝရရှင် သန်နေပါသည်။

ဆေးလိပ်ကြီးပါးစောင်တွင်ခဲကာ ကြိတ်ထိုးမောင်းထောင်းနေတတ်သော အမေ၊ အားချိန်နားချိန်တွင် အမိုတွင် ဆောင့်ကြောင့်ထိုင်ကာ ပြောင်းဖူးဖက် ဆေးလိပ်ကြီးကိုသောက်နေတတ်သော အမေ၏ရုပ်ပုံလွှာကား ကျွန်ုပ်၏မျက် ဝန်းတွင် အလွန်ပင် လှပသော သက်ဝင်



www.burmeseclassic.com

ခန်းခိုကားများသည်ဖြစ်လေ၏။ အခိုးအန ညွန်းခိုကားများဖြစ်ချေ၏။ မိဘဟူသည် အစားမရ မယား သာအစားရသည်ဟူသောစကားသည် ကား မိဘများဆုံးပါးသွားမှပင် ပိုမိုမှန် ကန်ကြောင်း လက်တွေ့မှီသိရ၏။ ဖခင် တည်းဟူသော ခိုကိုးရာအရိပ်ကြီးမဲ့သွား ခြင်းဖြစ်လေ၏။

အဖေမရှိတော့သည့်နောက်တွင် ကျွန်ုပ်တစ်ခေါက်မှ မွေးဇာတိ ပြန်က ပြေးသို့မရောက်တော့ပေ။ အသက်(၆၃) နှစ်အရွယ် နေပြည်တော်ကြီးတည်ပြီးမှ သာ ပြန်ရောက်ခဲ့ခြင်းဖြစ်ပေ၏။ ထိုအခါ အမေနှင့် အဖေတို့၏ အငွေ့အသက် များကို များစွာ ပြန်လည် မြင်ယောင်မိ လေ၏။ အဖေ၊ အမေတို့၏မြေတွင်နေ နေရသည် မဟုတ်ပါလား။

## ▫ ပေါက်ကျော်တစ်ဖြစ်လဲ သက်သေ

၂၀၁၀၊ ဖေဖော်ဝါရီလတွင် မိုင်း ရှူးမှသည် နေပြည်တော်သို့ရောက်ခဲ့၏။ နှစ်ပေါင်း(၄၀)နီးပါးကွဲကွာနေသော ညီမ များနှင့် ပြန်လည်ဆုံတွေ့ရ၏။ ထိုအခါ မိသားစုများအကြောင်းကို ပြန်လည် ပြောဖြစ်ကြ၏။ထိုအခါတွင် ညီမအငယ် ဆုံး မညွန့်စိန်အကြောင်းလည်း ပါ၏။

မညွန့်စိန်လေးစကားပြောတတ်စ အရွယ်တွင် တစ်ခုသောညနေခင်း၌ ည စာအဖြစ် ထမင်းဝိုင်းဖွဲ့စားသောက်နေ ကြရာ မညွန့်စိန်က ဖခင်ဖြစ်သူအား မော့ကြည့်၍ခေါ်၏။

"အဖေ"

"ဘာတုံး သမီးရဲ့"

"အဖေ သမီးကိုသိလား"

"မညွန့်စိန်လေ သိတာပေါ့"

"ဟုတ်ဘူး၊ သမီးက ပေါက်ကျော် လေ အဖေရဲ့။ ရေတွင်းထဲကျတဲ့ပေါက် ကျော်လေ"

ထိုသို့ပြောလိုက်သည်နှင့် စကား စပြတ်သွားမည်စိုး၍ ချက်ချင်းပင်ဘေးမှ မခင်ထွေးနှင့်မငွေးညွန့်တို့ကို အသာနေ ဝင်မပြောနဲ့ ဟူသောသဘောဖြင့် မျက် ရိပ်ပြလိုက်၏။ မခင်ထွေးတို့ကလည်း နားထောင်နေ၏။

"ဩော် - ဟုတ်လား၊ အဖေ့သား လေး ပေါက်ကျော် ပြန်ရောက်လာတာ ပေါ့"

"ဟုတ်တယ်လေ၊ အဖေနဲ့ လယ် ကွင်းထဲ ကျွဲကျောင်းနေတုန်း တွေ့တာ။ သမီးက အဖေ့ကိုကျောပေါ်စီးပြီးအိမ်ကို ပြန်လိုက်ခဲ့တာ"

"ဟုတ်တယ် ဟုတ်တယ်၊ အဖေ ကျောပိုးပြီးခေါ်ခဲ့တာ။ မှတ်မိပြီ မှတ်မိ ပြီ၊ အဖေနဲ့မတွေ့ခင် သမီးကဘယ် လျှောက်သွားနေတာလဲ"

"အများကြီးလျှောက်သွားနေရတာ ပေါ့"

ဟုပြောကာ ရှေ့ကို ဘာမှဆက် မပြောတော့သလို နောင်ကိုလည်း ပေါက်ကျော်အကြောင်းထပ်မပြောတော့ ကြောင်း မခင်ထွေးပြောပြ၍သိရ၏။ မညွန့်စိန်မှာ မိခင်၏အမွေဖြစ်သော ရင်ကျပ်ပန်းနာသည့် ငယ်စဉ်ကပင်ပါ လာခဲ့၏။ အပျိုပေါက်ဘဝတွင် မိုးကုတ် မြို့၌ ကျွန်ုပ်မှခေါ်၍မွေးထား၏။ ထိုမှ ရန်ကုန် အစ်ကိုကြီးထံ ပြောင်းနေ၏။ ရန်ကုန်၌ပင် မောင်မြအေးနှင့် အိမ် ထောင်ကျကာ. သားသမီး(၅)ယောက် ထွန်းကားပြီး နေပြည်တော်ကြီးတည် ဆောက်သည်နှင့် ပြန်ကပြေးသို့ ပြန် လည် ရွှေ့ပြောင်းလာခဲ့၏။ ကျန်းမာရေး မှာလည်း ချူချာလှပေ၏။

ထိုအခါ အစ်မကြီးဖြစ်သူ မခင် ထွေးက မညွန့်စိန်အား -

"ဟဲ့ - ညွန့်စိန်၊ လူဆိုတာ ကြည့် တတ်ရင် (၃)ဘဝကိုမြင်ရတယ်။အတိတ် ကုသိုလ်ကောင်းရင် မွေးကတည်းက အစစအရာရာအဆင်ပြေတယ်။ပစ္စုပ္ပန် ဘဝမှာလည်း ချမ်းချမ်းသာသာနေရ တယ်။ သံသရာခရီးဘဝအတွက်ကျ တော့ ကိုယ်ဘာလုပ်ထားသလဲဆိုတာ ကိုယ်သိတာပဲလေ။ ကောင်းတာလုပ် ကောင်းကျိုးရမယ်၊ ဆိုးတာလုပ် ဆိုး ကျိုးရမယ်။ ထင်ရှားနေတာပဲ။ နင်ဆိုရင် အရင်ဘဝကလည်း မကောင်းခဲ့ဘူး။ ရေတွင်းထဲကျပြီး ကလေးဘဝနဲ့သေရ တယ်။ ခုဘဝကျပြန်တော့လည်း အမေ ဖြစ်သူက (၉)လအရွယ်မှာ ဆုံးသွား တော့ အမေဆိုတာ မြင်တောင်မမြင် လိုက်ရဘူး။ မြင်ရတယ်ဆိုရင်တောင် မမှတ်မိတာပေါ့ဟယ်။ ပြီးတော့ ကျန်းမာ ရေးကလည်းမကောင်း၊ စီးပွားရေးက လည်းမကောင်းနဲ့ဆိုတော့ လက်ရှိဘဝ ကိုသိနေရပြီလေ။ နင်ဒီလိုအမှတ်တမဲ့ နေရင် သံသရာဆိုတဲ့ နောင်ဘဝကိုကြို တင်မြင်နေရတာပဲ။ ကောင်းရာသုဂတိ ဆိုတာမရှိနိုင်ဘူး။ အဲဒီတော့ တတ်အား သမျှစားရသမျှထဲကနေ့စဉ်ဆွမ်းလောင်း ဆွမ်းလှူပြီး ဒါနပြုပါ၊ သီလဆောက် တည်ပါ၊ ဘာဝနာပွားများပါ။ ဒါဆိုရင် တော့ လှပတဲ့ အနာဂတ်သံသရာဘဝ ကို ကြိုတင်မှန်းဆနိုင်မှာပါ"

ဟု ဆုံးမလေ၏။

မညွန့်စိန်သည် နေ့စဉ် ပိဏ္ဍပါတ် ဆွမ်းဝတ်မချွတ်စေရသလိုသီလဆောက် တည်ခြင်း၊ တရားနာခြင်း၊ရိပ်သာဝင်ခြင်း စသည့် ကုသိုလ်ကောင်းမှုများ ကြိုးစား အားထုတ်နေသည်ကို ဝမ်းမြောက်ဖွယ် မြင်တွေ့ရလေ၏။ ဤသည်မှာ ဆက် နွယ်သဖြင့် တင်ပြခြင်း ဖြစ်ပေ၏။ မညွန့် စိန်သည်ပင် (၅၀) ကျော်ခဲ့ပြီဖြစ်ပါသည်။



## ▫ မခင်လှိုင်လေလား

အဘိုး ဦးရွှေမင်းနှင့် ဒေါ်ဖွားတို့ တွင် သမီး(၂)ယောက်သာထွန်းကား၏။ အကြီးမှာ ကျွန်ုပ်၏အမေ ဒေါ်စောဖြစ် ပြီး အငယ်မှာ မခင်လှိုင်ဖြစ်သည်ဆို၏။ မခင်လှိုင်သည် လှပကြော့ရှင်းပြီး အပျို ဖြစ်စမှာပင် သေဆုံးသွားခဲ့သည်ဆို၏။

ထိုအခါ မခင်လှိုင်သည် အစ်မဖြစ် သူနှင့်အတူနေမည်ဟု ဘိုးဘွားတို့မှအိပ် မက်မက်ပြီးသော် ကျွန်ုပ်အားမွေးဖွားခဲ့ သည်ဟူ၏။ ကျွန်ုပ်အား သူတို့၏ သမီး လေး မခင်လှိုင်ဝင်စားသည်ဟုအထင် ရှိကာ ငယ်စဉ်ကပင် ခေါ်ယူထိန်းသိမ်း ကျွေးမွေးခဲ့လေ၏။ ကျွန်ုပ်မှာ နှစ်ဆောင် ပြိုင်ရပ်ရှိ မိဘများအိမ်တွင်နေလိုက် အလယ်ပိုင်းရပ်ရှိ ဘိုးဘွားတို့ထံတွင်နေ လိုက်နှင့် ကြီးပြင်းခဲ့ရလေ၏။

ကျွန်ုပ် သိတတ်စအရွယ် လွတ် လပ်ရေးရပြီးစ ပြည်တွင်းစစ်မီးကြီးတော လောင်နေချိန်ဖြစ်သည်။ ရွာထဲတွင် သေ နတ်သံအမျိုးမျိုးတို့ညံနေပြီး တိုက်ပွဲဖြစ် နေသောအခါ အဘွားသည် ကျွန်ုပ်ကို ကျောပိုးပြီးအထုပ်ကိုခေါင်းတွင်ရွက်ကာ ရှေ့မှပြေး၏။ အဘိုးက ရိက္ခာထုပ်တ ကာ နောက်မှပြေးလိုက်ရ၏။

www.burmeseclassic.com

အသက်ဘေးမှလွတ်ရန် သူလို ...သို့လွတ်ရာတောထဲသို့ပြေးသူများ ...ချောင်းထဲတွင် တွေ့ရ၏။ ဘယ်သူက ...သူ့မှမကြည့်နိုင်၊ ချောင်းကိုဖြတ်၍ ...၏အနောက်တောင်ဘက်တောထဲသို့ ...ကြရသည်။

ထိုသို့ ချောင်းသဲခုံများကို ကျော် ...နေစဉ် အတုံးအရုံးသီးနေသော ...ချင်းကြီးကိုဖြတ်ရရာ အဘွားသည် ...နှင့်မို့ ဖရဲသီးကြီးအားဝင်ပြီးခလုတ် ...မိ၏။ ပြေးလာသောအရှိန်ဖြင့် ...မိရာ အဘွားလည်း ကျွမ်းပြန်သွား ...ကျွန်ုပ်လည်း လွင့်စဉ်ထွက်သွား ...၏။ ရွာထဲက တိုက်ပွဲသံများကား ...ထန်နေဆဲရှိ၏။ အဘိုးက အဘွား ...ကပျာကယာဆွဲထူပြီးငိုယိုနေသော ...အား အဘွားကျောပေါ် ပြန်တင် ...၏၊ 'မငိုနဲ့ မြေးလေးရဲ့'ဟု အဘိုး ...ချော့မော့ကာ အဘွားကိုရှေ့မှပြေး ...၏။

ချောင်းသဲခုံကျယ်ကြီးကို ကျော် ...ပြီးပါမှအန္တရာယ်ကင်းသည်ဟုယူဆ ...သောတောထဲသို့ဝင်မိတော့၏။ထိုအခါ ... ခေတ္တအမောပြေကာ တောနက် ...များရှိရာသို့ အခြားသော စစ်ဘေး ...သည်များနှင့်အတူတဖြည်းဖြည်းသွား ...လေ၏။

ကျောက်စရစ်ကုန်းများပေါ် တွင် ...ကြီးမားသောသစ်ပင်ကြီးမျိုးစုံတို့ ...ခပ်စိပ်စိပ်ပေါက်နေရာ တောနက် ...၏အောက်ခြေသည် ချုံပင်မြက်ပင် ...ရှင်းလင်းလျက်သန့်ရှင်းနေ၏။ လျှိုထဲ ... စမ်းရေထွက်ရှိရာ သောက်သုံးရေ ...ဆင်ပြေလှ၏။ တောကြီးကား တစ် ...တစ်ခေါ် ကျယ်ဝန်းလျက် လွန်စွာ ...သောရှုခင်းများဖြစ်လေ၏။

ထိုတောကြီးထဲတွင် ကျွန်ုပ်တို့ ...သည် ဟိုတစ်စုသည်တစ်စုဖြင့် အစုအဖွဲ့ ...စွာ စတည်းချလျက်ရှိကြ၏။ ပြန်က ... ဆိတ်နံတုန်း၊ သာယာကုန်း၊ ကြက် ...သောရွာနီးချုပ်စပ်မှ လူများလည်း ...ကြ၏။

အဖေ၊ အမေနှင့် အစ်ကိုတို့ကား ...ယ်ဆီရောက်သည်မသိပါ။ ကျွန်ုပ်တို့ ...ပြေးဒုက္ခသည်များတွင် အမေ၊ အဖေ ...ပါ။ သို့တွက် ဘိုးဘွားတို့ကစိုးရိမ် ...ကြ၏။

နောက်နေ့များတွင် အဖေသည် ...တို့ပုန်းခိုရာတောသို့ရောက်လာ၏။ ...ချေသဖြင့် လိုက်ရှာခြင်းဖြစ်သည်။ ...တို့မှာမူ ရွာ၏အရှေ့မြောက်ဘက်

ညောင်ပင်ညီနောင်ဘက်တွင် ပုန်းခိုနေသည်ဟုသိရ၏။ ရွာနှင့်အလွန်ကြီးမဝေးသော်လည်း လုံခြုံစိတ်ချရသောနေရာဖြစ်သည်ဟူ၏။

သည်တစ်ခါပုန်းရသည်မှာ ရက်အတော်ပင်ကြာ၏။ကချင်ဗိုလ်နော်ဆိုင်းဦးဆောင်သော တောခိုအုပ်စုသည် ရွာများ၌ စတည်းချနေထိုင်ကြရာ လူတို့မပြန်ရဲအောင်ရှိကြ၏။ အသီးအရွက်နှင့်ကျွေးဥ၊ မျောက်ဥပေါ်၍သာတော်တော့၏။ ရွာ၌မပြေးဘဲ ပေကတ်ကတ်နေထိုင်ကြသောယောကျ်ားတို့မှာ ခေါင်းဖြတ်အသတ်ခံရကြောင်း သတင်းတွေကြားရ၏။ ပျဉ်းမနားနယ်နှင့်လယ်ဝေးနယ်တွင် ယောကျ်ားအတော်များများအသတ်ခံကြရ၏။ ထို့ကြောင့် တောထဲတွင်သစ်ပင်ကြီးများအောက်၌ စစ်ဘေးခိုလှုံသူတို့ဖြင့် ပြည့်နေရာ ဘာမှသိပ်မသိတတ်သေးသော ကျွန်ုပ်မှာမူ ပျော်စရာကြီးဖြစ်၍ နေလေတော့၏။

## ❏ စစ်တိုက်တမ်းကစားခြင်း

စစ်ပြေးဒုက္ခသည် ဟူသည်မှာ အရွယ်အသီးသီးပါဝင်ရာ ကျွန်ုပ်တို့ကဲ့သို့သော ကလေးများလည်း ပါဝင်ပါသည်။ထိုအခါ ကလေးတို့ဘာသာဘာဝ ခဏနှင့်အပေါင်းအသင်းဖြစ်ကာ တောထဲတွင် သစ်ပင်ကြီးများ အကာအကွယ်ယူ၍ တူတူပုန်းတမ်း၊ စစ်တိုက်တမ်း ကစားကြလေ့ရှိ၏။

စစ်တိုက်တမ်းကစားခြင်းဟူသည်မှာ တုတ်ချောင်းကို သေနတ်လုပ်၍ ပါးစပ်ဖြင့် ဒိုင်းဒိုင်းအသံထွက်ကာ တိုက်ခြင်းမျိုးမဟုတ်ပါ။ ကျောက်စရစ်မြေများဖြစ်သဖြင့် ပြောင်ချောနေသောကျောက်မာအာလူးတို့သည် သုံး၍မကုန်နိုင်သော ကျည်ဆန်များဖြစ်ပေ၏။ ထို့ကြောင့် နိုင်သလောက် ကျောက်ခဲကို ကောက်ကာ တစ်ဦးနှင့်တစ်ဦး ခဲဖြင့်ပစ်၍စစ်တိုက်ကြခြင်းဖြစ်သည်။ အန္တရာယ်ရှိသည်ဟူ၍လည်း ကလေးများမှ မတွေးမိကြပါ။ ပျော်ဖို့သည်သာလိုရင်းဖြစ်ပေ၏။

ကျွန်ုပ်နှင့်စစ်တိုက်တမ်းကစားနေသူမှာ ကြက်ပြေးရွာမှ မဆယ်မိ၏သား ထောက်တို ဟူသောကလေးဖြစ်ပေ၏။ ထောက်တိုသည် ပျော့ခပ်ခွေခွေမဟုတ်ပါ။ သန်မာထွားကျိုင်းသော ခပ်ညိုညို ကလေးဖြစ်သည့်အပြင် ကျွန်ုပ်ထက်လည်းကြီးပုံရလေ၏။

ကျွန်ုပ်မှာကျောက်ခဲခပ်သေးသေးများဖြင့်သာ ပစ်ပေါက်နိုင်သော်လည်း ထောက်တိုမှာမူ ကျောက်ခဲကြီးများဖြင့်ပစ်နိုင်လေ၏။ ထိုသို့နှစ်ဦးသား သစ်ပင်ကြီးများကို အကာအကွယ်ယူ၍ တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာပစ်ပေါက်ကစားနေကြရာ ကျွန်ုပ်သည် အကာအကွယ်မှနေ၍ ထောက်တိုထံပစ်ရန် သစ်ပင်မှ လှစ်ခနဲအထွက်တွင် ကျွန်ုပ်၏နဖူးသို့ဖောင်းခနဲလာမှန်ရာ ထိချက်ပြင်းသဖြင့် မိုက်ခနဲနေပြီးလဲကျခဲ့လေ၏။ ကျွန်ုပ်ကိုပစ်ရန်အသင့်အနေအထားနှင့်စောင့်နေသောထောက်တိုသည် ကျွန်ုပ်ကိုမြင်သည်နှင့် လက်ဦးအောင်ပစ်လိုက်ခြင်းဖြစ်ပါသည်။

ကျွန်ုပ်လဲသွားသော် ထောက်တိုသည် ကျွန်ုပ်ထံပြေးလာပြီးကြည့်၏။ ကျွန်ုပ်၏နဖူးကွဲသွားသဖြင့် သွေးတို့မြင်မကောင်းအောင်ထွက်နေ၍ ထောက်တိုကအော်၏။ ကျွန်ုပ်ကမူ ငိုယို၍နေ၏။

ထိုအခါ စားသောက်ရန် ချက်ပြုတ်လုပ်ကိုင်နေကြသော ကျွန်ုပ်၏ဘိုးဘွားနှင့်လူတို့ဝိုင်းအုံရောက်လာကြ၏။ ကစားဖော်ကလေးများလည်းရောက်လာကြ၏။ ထိုသို့ နောက်ထပ်မကစားကြရန်လည်း မှာကြားနေကြ၏။

ကျွန်ုပ်၏အဘိုးမှာ ဗိန္ဒောဆရာမို့သာတော်တော့၏။ တောထဲမှာ အရွက်တွေခူး၍ထောင်းထုကာ အနာကိုအုံလျက် ပုဆိုးစုတ်ကိုဖြဲကာ ပတ်တီးစည်း၍ပေးလေ၏။ ထိုနဖူးမှအမာရွတ်သည်ကား သေရာပါ စစ်ပြေးစဉ်အမှတ်တရအမာရွတ်ဖြစ်ပြီး မှတ်ပုံတင်တွင်အမှတ်အသားအဖြစ် ယာနဖူးအမာရွတ်ဟူ၍ ကိုယ်ရေးမှတ်တမ်း၏သင်္ကေတဖြစ်ပေ၏။

## ❏ ရေနွေးအိုးကို ခလုတ်တိုက်ခြင်း

ကျွန်ုပ်သည်ကား အလွန်ဆော့သောကလေးငယ်ဖြစ်ကြောင်း မိဘ၊ ဆရာသမား၊ ဘိုးဘွားတို့မှပြောစမှတ်ပြုပါသည်။ ပြောလည်းပြောလောက်ပါပေ၏။ ကျွန်ုပ်သည် ထောက်တိုခဲနှင့်ထု၍ နဖူးကွဲကာ သစ်ရွက်တွေထုအုံ၍ ပုဆိုးစုတ်ပတ်တီးဖြင့်နေနေရသော်လည်း ငြိမ်ငြိမ်နေသူ မဟုတ်ပါ။ စစ်တိုက်တမ်းမကစားရသဖြင့် ခွေးရူးလိုက်တမ်းကစားကြပြန်ပါသည်။ ထိုဝန်းကျင်သည် ထိုခေတ်ကရွှေခဲပေါက်ဟုခေါ်သောနေရာဖြစ်၏။

ထိုသို့ ခွေးရူးလိုက်တမ်းကစားကြပြန်သောအခါ အုပ်နှင့်ကျင်းနှင့်ဆော့ကစားကြသဖြင့် ခွေးရူးမှလွတ်ရာလွတ်

www.burmeseclassic.com

ကြောင်း ချက်ပြုတ်နေသည့်အကြားမှ ပြေးလွှားမိလေ၏။

ထိုအခါ မည်သူတည်ထားသည်ဟုမမှတ်မိသော ပွက်ပွက်ဆူရေနွေးအိုးကြီးကိုတိုက်မိကာ ရေနွေးအိုးမှောက်ပြီး ညာဘက်ခြေသလုံးကို ရေနွေးပူလောင်ပြန်၏။ တစ်ခါပွက်လောရိုက်သွားကာ လူတွေအုံလာကြပြန်၏။ရေနွေးပူလောင်သဖြင့် ကျွန်ုပ်မှာပူလွန်းသဖြင့် မျက်ရည်တတွေတွေကျရပြန်၏။ အဘိုးမှဆေးအသုံးဝင်သည့်အရွက်များခူးခြေ၍ အရည်ညှစ်ကာ ရေနွေးပူဒဏ်ရာကို လိမ်းပေး၏။ သို့သော် သက်သာခြင်းကား မရှိပါ။ အဖုများမကြာမီခြေသလုံးရှေ့ခြမ်းတစ်ပြင်လုံးထွက်၍လာပါသည်။

နောက်နေ့တွင်မူ ခြေသလုံး၏ အရေပြားကြီးသည် အလွှားလိုက်ကွာကျလာကာ လျှာကြီးသဖွယ် ဖလတ်ဖလတ်နှင့် လမ်းသွား၍မကောင်းအောင်ရှိရ၏။ ခြေသလုံးကား ရဲရဲနီ၍နေ၏။ အဘိုးကား ‌ေ ဆးလိမ်း၍ပေးပါသည်။ အဘွားမှာမူ ကျွန်ုပ်ကိုချစ်လွန်းရာ များစွာ သောကဖြစ်နေရှာပါသည်။ ကျွန်ုပ်သည် အဘွား၏အသည်းဖြစ်ချေ၏။

နောက်နေ့တွင် ကွာကျနေသော အရေခွံကြီးကို အဘိုးမှာဓားဖြင့်လှီးဖြတ်ပေးပါသည်။ သို့မှသာ သွား၍လွတ်လပ်ရလေတော့၏။ အရွယ်အားဖြင့် ငယ်သေးသော်လည်း ကြောက်ရွံ့ထိတ်လန့်ဖွယ်များဖြစ်သဖြင့် မှတ်မိနေခြင်းဖြစ်တော့၏။

ဖြူဖွေးဖြောင့်တန်းနေသည့်ကျွန်းပင်ကြီးများအား ယခုအထိ မျက်စိထဲက မထွက်ပါ။ ယခုအချိန်တွင် ပုံပြင်သဖွယ်ဖြစ်ခဲ့ရပေပြီ။

## ▫ ထူးထူးခြားခြားမှတ်မိနေသည်များ

ထိုစစ်အတွင်းကာလများနှင့်ပတ်သက်၍ ကျွန်ုပ်မှတ်မိနေသည်တို့များစွာရှိသော်လည်း စာရှည်မည်စိုး၍ မတင်ပြတော့ပါ။ ထူးထူးခြားခြား အခက်အခဲတို့ကို ကျော်လွှားရသည်တို့ကိုတော့ အနည်းငယ် တင်ပြချင်ပါသည်။

ထိုပြည်တွင်းစစ်ကာလအချိန်တို့သည် တိုးတက်သင့်သလောက်တိုးတက်ခဲ့ပြီဖြစ်ပါသော်လည်း စစ်၏အနိဋ္ဌာရုံကြောင့် လူတို့တိုးတက်မှုကိုခံစားခွင့်မရရှိခဲ့ကြပါ။

ကျွန်ုပ်တို့ စစ်ပြေးဒုက္ခသည်များတွင် မီးခြစ်ပြဿနာဖြစ်သည်။ ဆေးလိပ်၊ ဆေးတံသောက်လိုပါက မိမိတို့၏အိတ်ထဲက မီးခတ်သည့်ကျောက်ခဲလေးနှစ်လုံးထုတ်ကာ ဝါဂွမ်း သို့မဟုတ် လဲမှို့လေးခံ၍ ကျောက်ခဲချင်းတထပ်ထပ်နှင့်ရိုက်ခတ်ခြင်းဖြစ်၏။ ထိုသို့ ကျောက်ခဲချင်း ရိုက်ခတ်ရာမှ မီးပွင့်ကလေးများဖြစ်ကာ နူးညံ့သောဝါဂွမ်းလဲမှို့သို့မီးကူး၏။ ထိုမီးကူးသောလဲမှို့ကလေးကို ဆေးတံထဲထည့်ကာ ဖွာရှိုက်လိုက်သည်နှင့် ဆေးတံ၏ဆေးဆုံထဲရှိ ဆေးမှုန့်များသို့ မီးကူးကာ ဆေးတံသောက်၍ရတော့၏။ ကျွန်ုပ်၏ အဘိုး ထိုသို့သောက်သည်ကို ကြိမ်ဖန် များစွာမြင်ဖူး၏။ အဘိုးကား ဆေးတံသောက်သူဖြစ်ပြီး အဘွားကား ကွမ်းစားသူဖြစ်သည်။ စစ်ပြေးကာလတောထဲတွင် မီးအတွက် ထိုသို့ ကြံရဖန်ရပါသည်။ ဆေးလိပ်မှာ တစ်ဦးနှင့်တစ်ဦး မီးကူး၍ လွယ်သော်လည်း ဆေးတံမှာမူ မီးကူး၍မလွယ်ပါ။ ဆေးလိပ်သောက်သူများထံမှလည်း မီးတောင်းကူးလေ့မရှိသော အဘိုးသည် သူ့အိတ်ကပ်ထဲမှ ကျောက်ခဲလေးများထုတ်ကာ မီးခတ်နေလေ့ရှိ၏။ ကြည့် ၍အလွန်ကောင်းကာ စိတ်ဝင်စားဖွယ်ဖြစ်သည်၊ ဆိုရသော် ကျောက်ခေတ်အလွန်ဟုဆိုနိုင်ပါသည်။

နောက်ပြဿနာတစ်ခုမှာ စားရေးအတွက် အိုးခွက်ပန်းကန်ပြဿနာပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် အိမ်တိုင်း၌ အရေးရှိက ပြေးနိုင်ရန် အသင့်အနေအထားဖြင့် အထုပ်များထုပ်ထားကြရ၏။ ထိုသည်တို့မှာ ခြုံစောင်နှင့်စားစရာ ဆန်၊ ဆီ၊ ဆားတို့ဖြစ်သည်။ အပေါ့ပါးဆုံးနှင့် အသက်ရှင်နိုင်ရန် ကြိုးစားကြရခြင်းဖြစ်သည်၊ မိသားစုများပါက အိုးခွက်ပန်းကန်သယ်နိုင်၏။ မိသားစုနည်းပါးသူတို့မှာ အိုးခွက်ပန်းကန်မသယ်နိုင်ပါ။

ထိုအခါတွင် ဝါးကြီးများအလွန်ပေါသောတောကြီးထဲ၌ ဝါးများခုတ်ကာ ဝါးဆစ်ဖြင့်ထမင်းချက်ရ၏၊ ဟင်းချက်ရ၏၊ ရေနွေးအိုးတည်ရ၏၊ ဝါးခွက်များ၊ ဝါးဇွန်းများဖြင့် ထမင်းစုပေါင်းစားကြရ၏။ လက်ဖက်ခြောက်ဟူ၍လည်းမရှိပါ။ ထိုအခါ တောထဲရှိ သောက်ကောင်းသောအရွက်တို့ကိုလှော်၍ လက်ဖက်ခြောက်လုပ်ကာ ခတ်သောက်ကြရ၏။ ဟင်းအတွက်မူ တောထဲရှိ စားကောင်းသောအရွက်တို့ခူးကာ ချက်ပြုတ်ကြရ၏။ ဆူးပုပ်လေးခေါ် တောဆူးပုပ်တို့သည် လည်းကောင်း၊ ကင်ပွန်းချဉ်တို့သည် လည်းကောင်း ကျွန်ုပ်တို့ပုန်းခိုရာတောကြီး၏အချို့နေရာ၌ တောထနေအောင်ပေါ၏။ ထိုသဘာဝအစားအစာတို့ကိုအမှီပြု၍ ချက်ပြုတ်စားကြ၏။

ဆန်မရှိလည်း ပူစရာမလိုပါ။ ကျွေးဥ၊ မျောက်ဥ၊ ပိန်းဥ စသော စားကောင်းသည့်ဥတို့တူးယူကာ ပြုတ်၍စားကြ၏။ သို့နှင့် ကျွန်ုပ်တို့သည် ဆင်းရဲခြင်းဒဏ်ကြံ့ကြံ့ခံကာ ခေတ်ဆိုးကြီးကိုကျော်ဖြတ်ခဲ့ကြရ၏။

သို့ကြောင့် ကျွန်ုပ်အား မိဘဘိုးဘွားတို့သည် ခက်ခဲစွာ ရှင်သန်အောင် မွေးမြူခဲ့ခြင်း ဖြစ်၏။ ကျေးဇူးကား အနန္တဖြစ်ပါလေ၏။

## ▫ ကောင်းမှုပြုခြင်း

သားတို့၊ သမီးတို့နှာစေး၍ နှာခေါင်းပိတ်နေခဲ့ပါလျှင် သားတို့မိခင်သည် ကလေး၏နှာခေါင်းအားပိတ်နေသည့်နှပ်ချေးများအား စုပ်ယူကာထွေးထုတ်ပစ်သည်တို့ကို ကျွန်ုပ်မကြာမကြာတွေ့ရ၏။ သူ့တွင်ရွံ့ရှာသည်သဏ္ဌာန်ဟူ၍မပေါ်ပါ။ သာမန်ပြုရိုးပြုစဉ်မျှသာဖြစ်ရာ မရွံ့မရှာ နှပ်ချေးစုပ်ပေးသော မိခင်၏မေတ္တာသည် လွန်စွာမှပင်ပေါ်လွင်လှပါသည်။ ချေးသေးပြုစုရာ၌လည်း မရွံ့သလို ချေးဝတ်သေးဝတ်လျှော်ဖွပ်ရာ၌လည်း တွံတွေးတစ်ချက်မထွေးပါ။ မိခင်ဟူသည် ဖခင်ထက်သာလွန်သောထိုသို့ ဂုဏ်များရှိကြောင်း ကျွန်ုပ်မျက်မြင်ကိုယ်တွေ့ကြုံသောအခါ ကျွန်ုပ်၏မိခင် ဒေါ်စောအား တမ်းတလွမ်းရပါသည်။

သို့ကြောင့် ကျွန်ုပ် နေပြည်တော်ကြီးသို့ပြန်ရောက်လာသောအခါ ညီမများနှင့် တိုင်ပင်၍ မိဘ၊ ဘိုးဘွား၊ ဦးကြီး ဒေါ်ကြီးစသော ကွယ်လွန်သွားကြသူဆွေမျိုးအပေါင်းနှင့် အခြားမကျွတ်မလွတ်ရှိနေကြသောပုဂ္ဂိုလ်အပေါင်းအား ရည်စူး၍ ထိုပုဂ္ဂိုလ်တို့အားဖိတ်ခေါ်ကာ မောင်နှမတစ်စုပေါင်းစု၍ မိဘဘိုးဘွားများကိုးကွယ်ရာ မှန်ကျောင်းတော်၌ နံနက်ဆွမ်းဆက်ကပ်လှူဒါန်းကြပါသည်။

ထိုအခါ အဖေဦးတုတ်လှ-အမေဒေါ်စော၊ အဘိုး ဦးချစ်ပု-အဘွားဒေါ်ငွေဥ၊ အဘိုးဦးရွှေမင်း-အဘွားဒေါ်ဖွား ဘထွေးကြီး ဦးထွန်း၊ ဘထွေးလေး ဦးပေါ်သစ်၊ ကြီးတော်ကြီးဒေါ်ကြွယ် ကြီးတော်လေး ဒေါ်လှဆယ် စသော ဆွေမျိုးအပေါင်းကိုလည်း အမှတ်တရရှိခဲ့ပါ၏။

ကျွန်ုပ်၏ မိခင် ဆုံးပါးစဉ်က မှန်ကျောင်းဆရာတော်ကြီးသည် ကျွန်ုပ်နှင့်ညီအစ်ကိုရှေ့တွင် သံဝေဂစကားဆိုဖူး၏။



www.burmeseclassic.com

www.burmeseclassic.com

"အင်း- မစော မစော၊ လူ့လောက ...တနေ အပြီးတိုင်ပျောက်ကွယ်သွားခဲ့ ... ခုတော့ သူ့အမည်သာကျန်ရစ်တာ ... ကြာလာရင် သူ့အမည်ပါပျောက် ...ယ်သွားမှာ မမွတာပါပဲ။ အနန္တတန်ခိုး ... မြတ်စွာဘုရားသော်မှ အချိန်တန် ...တော့ ပရိနိဗ္ဗာန်ပြုနေတာပဲ။ မင်းတို့ငါ ...ဆိုတာလည်း အချိန်တန်ရင် မစောလို ...ရမှာပါပဲလေ"

ဟုပြောပြရာ ခုချိန်အထိနားထဲမှ ...တ်ပါ။ အမေဆုံးသည်ပင် နှစ်ပေါင်း ...)ကျော်ခဲ့ပြီဖြစ်သည်။ သို့သော် မိဘ ...ားတို့၏ မျိုးဆက်သစ်ဖြစ်သော ...ပ်တို့သည် ဆက်လက်ရှင်သန်နေဆဲ ... ကျွန်ုပ်တို့၏ မျိုးဆက်သစ်များကို ... လူ့လောကမြေအပြင်ဝယ်ချထား ...ပြီးဖြစ်ပါသည်။ဤသည်မှာ လူသား ...၏တာဝန်တစ်ခုဖြစ်ချေ၏။

**...တိရစရာ မိဘမေတ္တာ**

မိဘတို့၏မေတ္တာသည် စိမ့်စမ်းရေ ...ာ အေးမြကြည်လင်လှပါသည်။ မိဘ ...၏ မေတ္တာရိပ်ကား လွန်စွာပင် အေး ...လှပါ၏။ မိဘတို့၏ ကျေးဇူးကား ...ရုံတောင်ထက်ပင်ကြီးမားလှပါ၏။ ...တို့၏ မေတ္တာဂုဏ်ရည်ကား ဟင်း ...ပြင်အာကာသကြီးပမာ ကျယ်ဝန်း ...ပေ၏။ ထိုမိဘတို့မှမွေး၍ လူဖြစ် ...ရသော၊ ထိုမိဘတို့၏အယူမှန်၍ ဗုဒ္ဓ ...ာဖြစ်လာရသော၊ ထိုမိဘတို့ယဉ် ...၍ လူယဉ်ကျေးဖြစ်လာရသော၊ ...မိဘတို့ကျောင်းထားပေး၍ စာပေတို့ ...တ်ကျွမ်းခဲ့ရသော၊ ထိုမိဘတို့ကျွေးမွေး ...၍ အရွယ်ရောက်ခဲ့ရသော ကျွန်ုပ် ... အထူးသဖြင့် မွေးနေ့ရောက်တိုင်း ...မ့်စိမ့်တွေးကာ ကျေးဇူးတင်ရပေ၏။ ...ချရပေ၏။ မိဘတို့၏ကျေးဇူးအား ...ပင် ဦးညွှတ်မိပါသည်။

'ဟက်ပီးဘတ်ဒေးတူးယူ'ဟုအော် ...ပြီး မွေးနေ့ပါတီပွဲများမပြုနိုင်သော ...သည် ပြုနိုင်သည့်တိုင် ထိုသို့ပြုနိုင် ... မဟုတ်ပါ။ မွေးနေ့ကိတ်အားလှီး ...ပြီး ဝိုင်းဝန်းစားသောက်ပျော်ရွှင်နေ ...မဟုတ်ပါ။ မွေးနေ့အကြောင်းပြု၍ ...တ်စားမူးယစ်နေမည်မဟုတ်ပါ။

ထို့နေ့တွင် မွေးသည့်မေမေနှင့် ...သည့်ဖေဖေအား သတိတရရှိကာ ...တော်များအား ဆွမ်းလှူဒါန်းပါ ...။ မွေးနေ့ပွဲသို့ကြွရောက်လာသူတို့ ... ဧည့်ခံကျွေးမွေးပါမည်။

ထိုသို့မပြုနိုင်သောကျွန်ုပ်သည် မိုးကုတ်ကျောက်ဖျာရွာလေး၌ နှစ်စဉ်မွေးနေ့ပွဲလုပ်၏။ ထိုမွေးနေ့ပွဲတွင် မြတ်စွာဘုရားသို့ ဆွမ်းလှူဒါန်း၏။ ဘုန်းကြီးကျောင်းသို့ဆွမ်းသွားလှူ၏။ မိတ်သင်္ဂဟတို့အား လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်တို့ကျွေး၏။ ကျောက်ဖျာရွာရှိခွေးတို့အား ထမင်းချက်၍ ဟင်းနှင့်နယ်ကာ လိုက်ကျွေး၏။

ဝိသေသအနေဖြင့် မိုးကုတ်တွင်ကြုံလျှင် ချမ်းသာကြီးဘုရား၌ သက်စေ့ပဌာန်းနိဒ္ဒေသ ရွတ်ဖတ်ပူဇော်၏။ ကျောက်ဖျာ၌ကြုံလျှင် ကျောက်ပြသဒ်ဘုရားတောင်ရှိ စေတီတော်၌ သက်စေ့ပဌာန်းနိဒ္ဒေသဖြင့် ရွတ်ဖတ်ပူဇော်၏။ ပြီးလျှင် ပြုသမျှကုသိုလ်အား မိဘတို့အားဦးထိပ်ထားကာ အမျှပေးဝေလေ့ရှိ၏။

သို့သော် မိုင်းရှူးတွင် ဖက်စပ်တာဝန်များယူနေရစဉ်တွင် အလုပ်များလွန်းသဖြင့် ပဌာန်းဖြင့်မပူဇော်ဖြစ်ခဲ့ပါ။ မွေးနေ့သင်္ကေတပြုရုံမျှသာပြုနိုင်ပါသည်။ အထူးသဖြင့် မွေးနေ့တိုင်းတွင် အလှူဒါနပြုသည်ရှိစေ၊ မပြုသည်ရှိစေ မိဘတို့၏ မေတ္တာတရားကိုကား အထူးသဖြင့် အောက်မေ့တ,သမိပါသည်။

သားသမီးတို့မှာ ဖေဖေ့မွေးနေ့ အနှစ်တစ်ရာတိုင်ပါစေဟူ၍ မည်သို့ဆုတောင်းနေစေကာမူ မိဘတို့က အနေအထိုင်ကောင်းရန်လည်း လွန်စွာလိုအပ်လှပေ၏။ အသက်ကိုဉာဏ်စောင့်ဟူသော စကားအတိုင်း မွေးနေ့တစ်ရာတိုင်စေရန် အသက်ကို ဉာဏ်ဖြင့် စောင့်ရှောက်ရာ၏။

လူဟူသည် အစားအသောက်၊ အနေအထိုင် အထူးဂရုပြုရ၏။ အရက်သောက်လျှင် အသေစောမှန်း လူတိုင်းသိ၏။ အရက်ကြိုက်နေသူကို အနှစ်တစ်ရာတိုင်ပါစေ ဆုတောင်းနေလျှင် အပိုဖြစ်ချေမည်။ အရက်ကြောင့် အသည်းကျွမ်းဝေဒနာဖြင့် သက်ဆိုးရှည်ကြမည် မဟုတ်ပါ။ သို့ကြောင့် မိဘများမှလည်း မွေးနေ့တစ်ရာတိုင်စေရန် ဂရုပြုကြရပါမည်။

တစ်ခါက ဒါရိုက်တာဦးသုခသည် အဖေနှင့်သား ဟူသော ရုပ်မြင်ဇာတ်လမ်းတစ်ခုကိုရိုက်ပြရာ အလွန်ပင်မှတ်သားဖွယ်ကောင်း၏။ ကြည့်ဖူးသူတို့မှတ်မိ၍နေကြဦးမည်ထင်ပါသည်။ ဇာတ်လမ်းအဆုံးတွင် သတိရစရာကဗျာတိုလေးပါ၏။

*◻ အဖေနှင့်သား*
*နှစ်ဦးကြားတွင်*
*ဝတ္တရားကိုယ်စီရှိကြသည်။*

ဟူသော ကဗျာလေးပင်ဖြစ်ပါ၏။ သားသမီးဘက်မှသိတတ်သည်ရှိစေဦးတော့ မိဘများဘက်မှလည်း မိဘဂုဏ်ဆောင်ရပါဦးမည်။ လူတိုင်းသည် အမေ၏သားသမီးများသာဖြစ်၏။ 'အမေနေ့' ဟူ၍ အမေ့အား ဂုဏ်ပြုသောနေ့အား ကျွန်ုပ် လိုက်လှဲစွာ ကြိုဆိုလက်ခံ၏။ အမေ၏ဂုဏ်၊ အဖေ၏ဂုဏ်ကား ရေးသား၍ကုန်နိုင်ဖွယ်မရှိပါ။ နှိုင်းစရာပင်ရှားသောမိဘဂုဏ်ဖြစ်ချေ၏။ ဘာနှင့်နှိုင်းနှိုင်း နှိုင်း၍သာနှိုင်းလိုက်ရသည် မိဘဂုဏ်ကား အနှိုင်းမဲ့ဖြစ်ချေ၏။

မွေးနေ့ရောက်လေတိုင်း မိဘမေတ္တာအား ဆင်ခြင်စမြဲဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ ကိုတင်ထွန်း၏ မိဘမေတ္တာဟူသောဆိုင်အမည်အား ကျွန်ုပ်လွန်စွာသဘောကျမိ၏။ အခြားသော ဆိုင်များကဲ့သို့ နာမည်လှလှဆန်းဆန်းများမမှည့်ဘဲ အလွန်ရိုးစင်း၍ ရှင်းလင်းပေါ်လွင်လှသော မိဘမေတ္တာဟူသောအမည်ကိုခံယူထားရာ အရိုးခံအမည်ဖြစ်သဖြင့် အဖိုးတန်လှချေ၏။ နေ့စဉ် အလွန်ရောင်းကောင်းသောဆိုင်များဖြစ်ခဲ့ရလေ၏။

ကိုတင်ထွန်းကား နေပြည်တော် လယ်ဝေးမြို့နယ် သဲကောလေးရွာသားဖြစ်ရာ ထိုသဲကောလေးရွာတွင် သူ၏မိဘများရှိနေသေး၏။ အသက် (၅၀) ကျော်သော်လည်း မိဘများရှိနေသေးရာ အလွန်ပင် ကံကောင်းသောသူဖြစ်၏။ မိဘများအား ကျွေးခွင့်၊ကျေးဇူးဆပ်ခွင့်ကြုံ၏။ ကျွန်ုပ်တို့ကိုခေါ်ကာ သူ့မိဘတို့ထံ အလည်သွားတတ်၏။ သွားတိုင်းလည်း ဆန်၊ ဆီစသည်တို့ပါစမြဲဖြစ်၏။ မမြင့်မြင့်စန်းမှာမူ မိဘများ ကွယ်လွန်သွားပြီဖြစ်သည်။

ကျွန်ုပ်အား သားသမီးတို့က ချစ်ကြ၏။ ကျွန်ုပ်ကလည်း သားသမီးတို့ကိုချစ်၏။ မွေးနေ့ရောက်တိုင်း သားသမီးနှင့် မိဘတို့ နှစ်တစ်ရာတိုင် ခိုင်မြဲစွာချစ်နိုင်ကြပါစေဟု ဆုတောင်းပြုမိ၏။

*သားကြီးသူရိန်စိုး၊*
*သမီးနေခြည်စိုး*
*သားငယ်အာကာစိုးတို့သို့*
*ကျေးဇူးတင်လျက်*

*ချမ်းမြေ့ကြပါစေ*

ရွှေပြည်စိုး(မိုးဘုတ်)

www.burmeseclassic.com



ပျံ့လွင့်လာသော စံပယ်ပန်းရနံ့၊ ငှက်ပန်းရနံ့တို့ကိုရှူရှိုက်ရင်း ဦးညိုမောင်တစ်ယောက် အိပ်ရာထဲတွင်အိပ်၍မပျော်ဘဲဖြစ်နေပါသည်။ လှုပ်၍ရသောလက်တစ်ဖက်ဖြင့် ခြင်ယမ်းကာ အတွေးနယ်ချဲ့နေမိပါသည်။ ဤအိမ်ကြီးနှင့် ဤခြံကြီးအတွင်းတွင် ဟိုတစ်ချိန်က မိဘနှစ်ပါးနှင့် မောင်နှမတစ်တွေ စည်ကားသိုက်မြိုက်စွာ ပျော်ပျော်ပါးပါး နေလာခဲ့ကြပုံတွေကို ပြန်တွေးကြည့်ရင်း ကျေနပ်စရာ၊ ကြည်နူးစရာများနှင့်ပြည့်နေသောနေရာတစ်ခုဟုဆိုလျှင် ယခုအနေအထားနှင့်တော့ လုံးဝ ယုံကြည်နိုင်စရာမရှိပါ။ သို့သော် တန်ဖိုးကို နားမလည်သော ကိုညိုမောင်ကတော့ ထိုစဉ်က မိန်းမရ၍ ကလေးသုံးယောက်ရသည်အထိ ပန်းနာရောဂါသည်မိန်းမနှင့် ကလေး (၃) ဦးကို အမေ့လက်ထဲအပ်၊ မိမိက အပေါင်းအသင်းများနှင့် ရှာရိုးကိုးပေါက်လျှောက်၍လည်၊ သောက်စားပြီး ညဉ့်နက်မှ အိမ်ပြန်လာ၊ ပြန်ရောက်တော့ ပန်းနာသည်မိန်းမက ချောင်းတဟဲ့ဟဲ့နှင့်မို့ အိပ်၍မပျော်ရသည့်ကြားထဲ ရောဂါသည်မိခင်၏ မထွက်တထွက်နို့ကိုစို့ရသည့်လသားအရွယ် သားငယ်က တအာအာငို။ စိတ်မကောင်းပေမယ့် လူက မူးနေပြီ၊ ဘာမှအကူအညီမပေးနိုင်။ ကြာလာတော့ ခေါင်းရင်းအိမ်မှအမေက မြေးနှင့် ရောဂါသည်ချွေးမကို ပြုစုရန် သူ့အိမ်ပေါ်ကို ခေါ်တင်သွားတော့မှ ကြီးမားသော အမေ့မေတ္တာကြောင့် အိပ်ရေးဝဝအိပ်ရပါတော့သည်။

အမေ့မေတ္တာမည်မျှကြီးမားသလဲ ဆို မိအာတွေက တောင်သူလုပ်ငန်းလုပ် တော့ ညဘယ်လောက်မူးမူး နံနက်လင်း တာနှင့် ကတိုက်ကရိုက် အိပ်ရာကထ မျက်နှာသစ်၊ အမေချက်ထားတဲ့ထမင်း ပူပူကို ကျန်သောမောင်နှမများနှင့်အတူ နံနက်စာစား၊ ပြီးတာနှင့် လှည်းကောက် ယာခင်းဆီကိုသွား၊ ထယ်ထိုးထွန်မွေ နေ့လယ်ထမင်းစားချိန် အိမ်ပြန်ထမင်း စား၊ ခဏတစ်ဖြုတ်နားပြီး တောထဲပြန် သွား၊ ညနေရောက်တော့ ထုံးစံအတိုင်း အပေါင်းအသင်းများနှင့်သောက်သော စားစားလူမင်းသားလုပ်နှင့် တစ်နေ့တစ် နေ့အချိန်သာကုန်ခဲ့ပါသည်။ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com


ာရေးအတွက်လည်း ပူစရာမလို။ ရေးကြီးပွားရေးတွက် ဘာမှမစဉ်း အမေရှိနေသရွေ့ အေးဆေးပေါ့။ အိမ်မှာ တောင်သူလုပ်ရတယ်ဆိုပေ ခေင်ကြီးနှင့် ညီငယ် (၂) ယောက် ဆိုတော့ မေးလိုက်ရုံပင်။

ဘယ်လောက်အပျော်လွန်ခဲ့သလဲ မိန်းမဆုံးသွားခဲ့သည်မှာလည်း လက်ပေါ်မှာ။ သားသမီးများနှင့် ခဲ့သော မုဆိုးဖိုဆိုတော့ အများက ကြပေလိမ့်မည် ဒုက္ခပင်လယ်ဝေပြီ

အောင်မဖြေခဲ့၍ အိမ်ထောင်ကျ၊ သားသမီးတွေရသည်အထိ မိဘအရိပ်မှခွဲ မထွက်နိုင်။ အတောင်ရှိလျက် အပျံခက်ခဲ့ပါသည်။ ထို့ပြင် မိဘနှစ်ပါးကလည်း ရှေ့ဆင့်နောက်ဆင့်ကွယ်လွန်သွားခဲ့ကြပါပြီ။

ကိုညိုမောင်တစ်ယောက်အိပ်မက်မှ လန့်နိုးလာသည့်သူလို လောကကြီးနှင့် နဖူးတွေ့ဒူးတွေ့တွေ့ပါလေပြီ။ ဇရာကလည်းထောင်းခဲ့ပါပြီ၊ မိဘနှစ်ပါး၏အမွေအနှစ်များကိုလည်း မောင်နှမတစ်တွေခွဲဝေယူသွားကြလေပြီ။ ဤအိမ်ကြီးပေါ်

နှင့်ဝတ္တရားကျေပြုစုပါသည်။ ကျန်သောသားသမီးများကလည်း ဧည့်သည်မေးလာမေးပြီး ပြန်ကြလေပြီ။ ဒီလိုဆိုလျှင် မိမိကကော မိဘနှစ်ပါးနှင့် မိမိကို အလိုလိုက်ပြီး ထားသလိုနေခဲ့သည့်၊ ကိုယ်ကြိုက်လို့ယူခဲ့သည့် ချစ်ဇနီးအပေါ်တုံ့ပြန်သည့်အနေနှင့် ဘာများနွေးထွေးမှု၊ ကြင်နာမှုတွေပေးခဲ့ဖူးသလဲ။ ဘာဆိုဘာမှမပေးခဲ့ဘူးပါ။ မိမိ၏မိဘနှစ်ပါးနှင့်ဇနီးသည်တို့တောင်မှ မိမိအား မေတ္တာပေးပြီး မိမိဆီကရောင်ပြန်ဟပ်တဲ့မေတ္တာ မရခဲ့တာ။ ဘာမှမပေးခဲ့ဘူးတဲ့ မိမိက




ကျန်ခဲ့သော လသားကလေးအငယ် အကြီးကောင်ကို ယောက္ခမဘက် သွားခဲ့ပြီး သမီးအလတ်ကိုတော့ အတိုင်း အမေကခေါ်ထားခဲ့ပါ ။ ယခုမှ လူပျိုလုံးလုံးဖြစ်ပြီး ပို၍ လွတ်လပ်လပ် သောက်သောက် လူမင်းသားဖြစ်တော့သည်။မိန်းမ ရှင်းပါသည်။ အသောက်အစားက စိတ်မဝင်စားပါ။ သို့သော် တဒဏ်တရားက ကြာကြာတော့ ခွင့်မပေးခဲ့ပါ။ ကျန်သော မောင်နှမ တ ဘွဲ့တွေရ၊ အလုပ်ကိုယ်စီနှင့် ထောင်တွေကျပြီး အတောင်စုံတော့ သိုက်မြုံမှခွဲထွက်၍ပျံကုန်ကြပြီပေါ့။ သော (၁၀)တန်းရောက်ပြီး အောင်

မှာ မိမိတစ်ယောက်တည်း အထီးကျန်ဆန်စွာလေဖြတ်ခံထားရသောကိုယ်တစ်ခြမ်းသေဘဝနှင့် နေနေရသောကာလမို့ ပြုစုရန်လူလိုပါပြီ။ မောင်နှမများက လူကိုယ်တိုင်လာ၍မပြုစုနိုင်ကြသော်လည်း တတ်နိုင်သရွေ့ ငွေကြေးထောက်ပံ့ကြပါသည်။

မိမိအားပြုစုရန်အတွက် ဖခင်တစ်ယောက်အနေနှင့် မုန့်ဖိုးတစ်ကျပ်တောင်မထောက်ပံ့ခဲ့ဖူးသည့် သားကြီးလင်မယားကိုအိမ်ပေါ်ခေါ်တင်ပေးထားကြပါသည်။ ငယ်စဉ်က ဖခင်၏နွေးထွေးသော အကြင်နာမေတ္တာကိုမရခဲ့သည့် သားကြီးကလည်း ယခုသူ့အလှည့်ရောက်တော့ နွေးထွေးမှုမရှိခဲ့ပါ။ အေးစက်စက်

ဘာများရရန်ရှိပါဦးမည်နည်း။ ကိုယ်ပိုင်အလင်းရောင်မဲ့ခဲ့တဲ့ မိမိကို ဘယ်က အလင်းရောင်နှင့် ရောင်ပြန်ဟပ်ပါမည်နည်း။ မမျှော်လင့်ချင်တော့ပါဆိုတာထက် မမျှော်လင့်ရဲတော့ပါ။ နောင်တနောင်မှရခဲ့လေပြီ။

ယခုလည်း နံနက်လင်းလာလျှင် တစ်နေကုန်စာထမင်းကို ချိုင့်ထဲမှာထည့်အိပ်ရာဘေးမှာထားကာ လင်မယားနှစ်ယောက်စလုံး အလုပ်သွားကြရတော့ အိမ်မှာနေမည့်သူ၊ မိမိအနားမှာ ဆေးပေးမီးယူလုပ်ပေးမည့်သူမရှိပါ။ သူတို့ကိုမိမိကအသက်မွေးဝမ်းကျောင်းမှုအတွက် ပြည့်စုံလုံလောက်သောပညာကို အမွေ မပေးနိုင်ခဲ့ပါ။ ဘဝရပ်တည်မှုအတွက်

www.burmeseclassic.com

လက်လှုပ်မှ ပါးစပ်စားရမည့်ဘဝတွေမို့ ငါ့နားမှာနေပေးပါဟု တောင်းဆို၍ မရပါ။ မိမိရောဂါကလည်း နှစ်ရှည်လများတဲ့ နာတာရှည်ရောဂါဆိုတော့ တစ်နေ့ ကိစ္စမဟုတ်။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ မတောင်းဆိုရဲပါ။ ကိုယ့်ဘက်က မှုမမှန်တော့ သားသမီးနှင့် မိဘဆိုပေမယ့် ကိုယ်ကကြောက်ရမည့်ဘဝဖြစ်နေပါပြီ။ ညရေးညတာအတွက် သားနှင့်ချွေးမရှိပေးဖော်ရနေသေး၍ တော်သေးသည်။

သားသမီးတွေကိုတောင်ကြောက်နေရရင် ကျန်သော မောင်နှမတွေကိုဆိုလျှင် ပိုဆိုးပေတော့မည်။ အားလုံးက အဝေးရောက်နေကြပြီ၊ လှုပ်နိုင်သောလက်တစ်ဖက်ဖြင့်ထားခဲ့သောထမင်းကို ယူစား၊ ဖွန်းကျ၍မှကောက်ပေးမည့်သူမရှိ လဲကျ၍မှထူမည့်သူမရှိ အထီးကျန်ဆန်လွန်းသောဘဝကြီးကို ဆက်နေရန် အားငယ်မိပါသည်။ ခြံကျယ်ဝင်းကျယ်ဖြစ်၍ ဖေးမကူညီမည့်အပျင်းပြေစကားပြောမည့်အိမ်နားနီးချင်းရယ်လို့လည်းမရှိပါ။ ယခုလိုကြာကြာနေရမှာကိုကြောက်ရွံ့အားငယ်မိပါသည်။

ဦးညိုမောင် ဆုံးဖြတ်ချက်ချလိုက်ပါပြီ။ စိတ်လျှော့လိုက်ပါပြီ။ ဘုရားမှတစ်ပါး အားကိုးရန်မရှိပြီ၊ အစာဖြတ်၍ လောကကြီးမှ စွန့်ခွာရန်ပြင်ဆင်ပြီး မိဘများရှိစဉ်က မိဘများတိုက်တွန်းလွန်း၍ ကျေနပ်အောင် ဒုလ္လဘရဟန်းဝတ်ခဲ့တုန်းကရှုခဲ့ဖူးသည့် ဝိပဿနာရှုနည်းကို ကြိုးစား၍ရှုရင်း (၃) ရက်အကြာတွင် သားနှင့်ချွေးမပြန်မလာခင် တစ်ခုသော ညနေပိုင်းအချိန် လူမသိသူမသိ လောကကြီးမှ တိတ်တဆိတ်ထွက်ခွာသွားခဲ့ပါပြီ။ ရှေးလူကြီးတွေပြောသည့် ချောင်ကျပ်၊ ကျပ်ချောင်ဆိုသကဲ့သို့ အနေချောင်၍ အသေကျပ်ခဲ့ပါပြီ။ သို့သော် သေခါနီးတွင် လက်လှမ်းမီရာ နွယ်တစ်မျှင် မြက်တစ်ပင်ကိုဆွဲသလိုမျိုး မိဘများခိုင်း၍ ဝတ်ကျေတန်းကျေဝတ်ခဲ့ရသောရက်ပိုင်း ဒုလ္လဘရဟန်းဝတ်ခဲ့စဉ်က အားထုတ်ခဲ့သည့် ဝိပဿနာကျင့်စဉ်ကို (၃) ရက်အတွင်း ပြင်းပြင်းထန်ထန် အားထုတ်နိုင်ခဲ့ခြင်းသည်ပင် ကိုညိုမောင်ဘဝအတွက် အရှုံးထဲမှ အမြတ်ဖြစ်ပေလိမ့်မည်။

ကိုညိုမောင်ကဲ့သို့ပင် တစ်ကိုယ်တည်း အထီးကျန်ချင်းတူပေမယ့် သေပုံချင်းမတူသူတစ်ဦးရှိပါသေးသည်။ ထိုသူကား အခြားမဟုတ်ပါ။ စာရေးသူတို့ဌာနမှ ဝန်ထမ်းဦးထွန်းဆိုသူဖြစ်ပါသည်။ ဦးထွန်းက တစ်ခုလပ်ဖြစ်ပြီး သားသမီးလည်းမရှိပါ။ အိမ်ထောင်ပျက်ကတည်းက အသည်းကိုအရက်နှင့်စိမ်ထားသူတစ်ဦးဟုဆိုလျှင် မမှားပါ။ မောင်နှမသားချင်းများနှင့်လည်း အဆင်မပြေဟု သူပြောလေ့ရှိသည်။ သူက စာရေးသူတို့နှင့် လိုင်းခန်းတစ်ခန်းတည်းတွင် အခန်းချင်းကပ်လျက်နေရပါသည်။

တစ်နေ့ ဦးထွန်း ခရီးထွက်ရာမှ ပြန်လာပြီး စာရေးသူ၏ခင်ပွန်းအားခေါ်၍ သူ့ဆွေမျိုးတွေနှင့် စကားများလာခဲ့ကြောင်း၊ သူ့ကျန်းမာရေးမကောင်းတော့ကြောင်း၊ သူ့ကိုကူညီစောင့်ရှောက်ဖို့နှင့် မင်းလက်ထဲမှာပဲသေတော့မည်ဟုဆိုပါသည်။ နေမကောင်းဖြစ်လာတော့ အရက်လည်းမသောက်တော့။ သူနှင့် အရက်သောက်နေကျ သူ့တပည့် ကိုကျော်ကခဲနှင့်စကားပြော၊ အဲဒီလူပြန်သွားလျှင် စာရေးသူတို့ဘက်ခန်းကူးလာလေ့ရှိပြီး ပျင်းနေပုံရတာနှင့် စာရေးသူက ရတနာမွန်တို့၊ မြတ်မင်္ဂလာတို့စတဲ့ဘာသာရေးစာအုပ်ကလေးတွေကို ပေးဖတ်ပါတယ်။

အဲဒီအခါမှာ ကျိုက်ထီးရိုးဘုရားကိုသွားချင်တဲ့အကြောင်း သူကပြောပါတယ်။ ဒါပေမယ့် သူမသွားနိုင်လောက်တော့တာကို သူ့ကိုယ်သူသိနေတဲ့ပုံပေါ်ပါတယ်။ အဲဒီအချိန်တုန်းက စာရေးသူ၏သားနှင့်သမီးက နံနက်အစော အိပ်ရာထချိန်မှာ မျက်နှာသစ်ရေနှင့် မြူစွမ်သွားပို့တဲ့အခါ သမီးကြီးက အမေတကောနှင့်ပြန်လာပြီး -

"အမေ၊ ဘဘကမထနိုင်တော့ဘူး။ ထထိုင်တာပြန်လဲသွားတယ်"

ဟု ပြောပါသည်။

အဲဒါနှင့် စာရေးသူလည်း အရေးတကြီးလိုက်ကြည့်ပါသည်။ စာရေးသူကိုမြင်တော့ သူနောက်တစ်ကြိမ်ကြိုးစားထပြန်ပါသည်။ လဲကျမည်လုပ်တော့ စာရေးသူကပခုံးကိုကိုင်ပြီး ထူလိုက်ပါသည်။ အိပ်ရာဘေးကြမ်းပြင်ပေါ်မှာလည်း ဝမ်းတွေသွားထားပါသည်။ အဲဒီအညစ်အကြေးတွေကိုပါ ဆေးကြောသန့်စင်ပြီး သေချာစေတနာထားလုပ်ပေးလိုက်ပါသည်။ ဦးထွန်းက အားနာကြောင်းပြောရာ ကိုယ့်ဦးလေးအရွယ်ပဲ လူအိုလူနာကို ပြုစုရတာ ကုသိုလ်ရကြောင်း၊ အားနာမနေနှင့်ဟုပြောလိုက်ရပါသည်။ သူ့ကြည့်ရတာ စာရေးသူကို အားနာနေပုံရတာကြောင့် အဆင်ပြေမည့်နည်းစဉ်းစားကြည့်ပြီး ဆွေမျိုးသားချင်းတွေကို ဆက်သွယ်ပေးမည်၊ လိပ်စာပေးပါဟုတောင်းတော့ ဆွေပြတ်မျိုးပြတ်သေခန်းပြတ်ဟုပြောပြီး မေးလို့မရပါ။ ညဘက်တွေမှာလည်း အခန်းချင်းကပ်လျက်ဆိုတော့ စာရေးသူတို့ဇနီးမောင်နှံနှစ်ယောက်က သူအားရှိအောင်အားပေးစကားပြောပြီးသွားထိုင်ပေးကြပါသည်။ ခြင်ထောင်ကြိုးလျှော့နေသည်ကို ပြင်ထောင်ပေးတော့ စာရေးသူကိုကြည့်ပြီး သူက အမေပေါ့လေဟု ပြောပါသည်။ သေခါနီးလူတစ်ယောက်က အားကိုးစရာရှာတွေ့ပြီး စိတ်ချမ်းသာနေပုံရ၍ စာရေးသူ ကျေနပ်ပါသည်။ ညမူညတာဆိုတာကလည်း အခန်းချင်းက သစ်သားနံရံတစ်ခုပဲခြားထားတာဆိုတော့ လိုအပ်လျှင် နံရံကိုထုလိုက်ဟုမှာထားပါသည်။ နံနက်အစောတိုင်း စာရေးသူကအစောထပြီး ဆွမ်းကပ်၊ ပရိတ်ရွတ်လုပ်တဲ့အခါ ဦးထွန်းမှ 'ပရိတ်ရွတ်တဲ့အသံကို ပီသတယ်၊ နံနက်တိုင်း တရားနာပါတယ် သာဓုခေါ်ပါတယ်' ဟု ဆိုပါသည်။

မမျှော်လင့်ဘဲ စာရေးသူ၏ခင်ပွန်းက တာဝန်တစ်ခုနှင့် ညောင်ဦးကို ခရီးထွက်ရပါသည်။ ခရီးသွားနေတဲ့ရက်အတွင်း ဦးထွန်း အိပ်ရာထဲပုန်းပုန်းလဲပါတော့တယ်။ သတိလစ်သွားလိုက် ပြန်သတိရလာတဲ့အခါ ကောင်လေးကောဟုမေးလိုက်နှင့်။ စာရေးသူ၏ခင်ပွန်းကို ဦးထွန်းက ကောင်လေးဟုခေါ်ပါသည်။ အဲဒီလိုနှင့် (၂) ရက်လောက်နေတော့ စာရေးသူ၏ခင်ပွန်း ညနေပိုင်းပြန်ရောက်ပြီး ဦးထွန်းသတိပြန်လည်လာပါသည်။ ကောင်လေးပြန်ရောက်ပြီဟုပြောတော့ ဝမ်းသာအားရနှင့် ခေါင်းညိတ်ပြသည်။ နောက်တစ်နေ့ နေ့လယ် (၁) နာရီလောက်မှာ ဦးထွန်းဆုံးသွားခဲ့ပါသည်။ သေခါနီးအချိန်ပိုင်းလေးမှာ ဘဝကူးကောင်းစေဖို့ စာရေးသူက ဘေးနားကနေပြီး ဘုရားစာတွေရွတ်ပေးပါသည်။ ဌာနမှလူကြီးတွေထံ ဦးထွန်းဆုံးတော့ သူ့မိသားစုကိုလှမ်းပြီး အကြောင်းကြားပေးပါသည်။ ဦးထွန်းဆုံးပြီး နောက်တစ်နေ့မှာ ရောက်လာကြပြီး စာရေးသူတို့မိသားစုကို ကျေးဇူးတင်ကြောင်းပြောပါသည်။

စာရေးသူမှ -

"ဦးထွန်းမှမဟုတ်ပါဘူး၊ ဘယ်လူပဲဖြစ်ဖြစ် ကိုယ်လက်လှမ်းမီသရွေ့တော့ ကူညီရမှာပေါ့"

ဦးထွန်း ရဲ့မိတ်ဆွေတွေက -

"ဦးထွန်းအရွယ်ကောင်းတုန်း မိသားစုတစ်စုကို ကယ်တင်ခဲ့ ဖခင်အောင် အလုပ်ပြုတ်၊ ကောင်ကျ



www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းဇင်(ရွှေနဝင်း)

# ချင်းစိမ်းနဲ့ မိဿလင် ဆေးဖက်ကာယ်ဝင်

မြန်မာ့ရိုးရာ ဆိုစကားတစ်ခုတွင် ...မ်းနဲ့ မိဿလင်၊ သူကြင်မှကိုယ် ...တု ဆိုစကားပြုထားပါသော်လည်း ...ယ်တမ်း မြန်မာ့ရိုးရာ တိုင်းရင်း ...ဝါးများ ဖော်စပ်အသုံးပြုရာတွင် ...စွာ ဆေးဖက်ဝင် အသုံးတည့်၍ ...က်ညီလှသော အပင်ထွက်ပစ္စည်း ...ဝါးများ ဖြစ်ပေသည်။

ချင်း(ဂျင်း)ပင်ကို ကမ္ဘာမှာ အိန္ဒိယ ...တ ဦးစွာပထမ ဘုရားမပွင့်မီ ...ခဲ့သော နှစ်ပေါင်း ၅၀၀၀ ကျော်က ...တောင်၍ စိုက်ပျိုးခဲ့ကြပြီး ဟင်းခတ် ...အကြိုင်အဖြစ် လည်းကောင်း၊ ...ကောင်းအာယုဗ္ဗေဒဆေးကျမ်းများ ...တွင် ချင်းကို အထူးပြုသုံးစွဲနည်းများကို ...ကျယ်စွာ အသုံးပြု အသုံးချရေး ... မှတ်တမ်းတင်ထားကြသည်ကို ...ကောင်း လေ့လာတွေ့ရှိရပါသည်။

ချင်းပင်ကို Ginger ဟု အင်္ဂလိပ် ...ပြီး Zingiberaceae မျိုးရင်းဝင် ...ဖြစ်၍ officinale မျိုးစိတ်နှင့် ...ber မျိုးစုဝင် ဖြစ်ပါသည်။

ချင်းကို ဟင်းခတ်အမွှေးအကြိုင် နှင့် ဆေးဝါးအဖြစ် တွင်ကျယ်စွာ အသုံး ပြုမှုကို ကမ္ဘာ့ထိပ်တန်းရိုးရာတိုင်းရင်း ဆေးပညာရပ်ကြီးအထွန်းကားဆုံးနိုင်ငံ ကြီးနှစ်ခုဖြစ်သော အိန္ဒိယနှင့် တရုတ် နိုင်ငံကြီးနှစ်နိုင်ငံတို့က ချင်း၏ ဆေးဖက် ဝင်စွမ်းအင်သတ္တိများကို ရှေးယခင် တည်းက ဦးဦးဖျားဖျား သိရှိခဲ့ကြပြီး လက်တွေ့အကျိုးရှိစွာ အသုံးချလာခဲ့ကြ သည့် နိုင်ငံကြီးနှစ်နိုင်ငံ ဖြစ်ပါသည်။

ဥပမာအားဖြင့် အိန္ဒိယအာယု ဗ္ဗေဒဆေးကျမ်းကြီးများတွင် ချင်း၏ အရသာသည် ပူစပ်ပါသော်လည်း ချင်း ကို စားသောက်ပြီး အစာခြေချက်လိုက် ပြီးတဲ့အခါပေါ် ထွက်လာသည့် အကျိုး သွားဝိပါကသည် ချို၍ အားကိုဖြစ်စေ၊ သွေး၊ လေတို့ကို ကြေသက်စေသည်ဟု ဘုရားရှင်မပွင့်မီကတည်းကပင် အတိ အလင်း မှတ်တမ်းတင် ရေးသားခဲ့ကြ သည်မှာ -

ယနေ့ ခေတ်မီသိပ္ပံသုတေသန တွေ့ရှိချက်များဖြစ်သော ချင်းမှာ အဓိက ပါဝင်နေတဲ့ အစွမ်းထက်ဆုံးဓာတ်ပစ္စည်း ဖြစ်သော ဂျင်ဂျီရော (Gingerol) ဓာတ် သည် ပူစပ်၍မွှန်စေတဲ့သတ္တိရှိပြီး ၎င်း ကို ဟင်းထဲထည့်ချက်ပြုတ်လိုက်သည့် အခါ ဂျင်ဂျီရောဓာတ်သည် ဇင်ဂျီရုန်း (Zingerone) အဖြစ် ပြောင်းလဲသွားပြီး ပူစပ်သည့်အာနိသင်အားနည်းသွားပြီး မွှေးမြ၍ ချိုသည့်အာနိသင်ကိုဖြစ်စေ သည်ဟု တွေ့ရှိခဲ့သည့် သုတေသနတွေ့ ရှိချက်နှင့် တစ်ထပ်တည်းတူနေသည်ကို အံ့ဩထူးခြားဖွယ်တွေ့ရပြီး အစာကြေ ရင်ချောင်စေခြင်း၊ ချောင်းဆိုး၊ လေထိုး၊ လေပွခြင်းကိုပျောက်ကင်းစေခြင်းစသည် သိပ္ပံသုတေသန တွေ့ရှိချက်များနှင့် ထပ်တူညီနေသည်ကို တွေ့ရပါသည်။

ချင်းကို ရိုးရာတိုင်းရင်းဆေးများ တွင် ဒဏ်ကြေစေသောသတ္တိရှိခြင်း၊ ကိုက်ခဲ၊ နာကျင်ခြင်းကို သက်သာစေ သောအာနိသင်ရှိခြင်း၊ အအေးမိ၊ တုပ်ကွေး၊ နှာစေး၊ ချောင်းဆိုးခြင်းကို ပျောက်ကင်း သက်သာစေပါသည်။

u ပျို့မေများ၏ ခမ္ဘတာမီးယပ်သွေး

...အတာပစ်ပြေးတဲ့ အရွယ်မရောက် ...ရောက် ကလေးလေးယောက်ကို ...သည်ကျော်ဆိုသလို တင်ကျွေးပြီး ...တင်မှုးတယ်။ အခုတော့ ဘုရား ...တဲ့ တူသော အကျိုးပေး၏ ဆိုတဲ့ ...အတိုင်းပါပဲ"

ဟု မှတ်ချက်ချကြပါသည်။

သည်နေရာမှာ ဦးထွန်းမဟုတ်ဘဲ ...မောင်ဆိုရင်လည်းပဲ ကူညီရမှာပါ ... ဘာကြောင့်လဲဆိုတော့ လူသား ...င်းချင်းမို့ပါ။ ရှေးလူကြီးတွေပြော ... ဘယ်သူတရားပျက်ပျက် ကိုယ် ...စေနှင့် ဆိုသလိုပါပဲ။ သည်လူက ...ဖြင့် တရားမရှိဘူး မကူညီနှင့်ဟု ...၍မရပါ။ ရန်သူဖြစ်စေ၊ မိတ်ဆွေ ...စေ၊ တိရစ္ဆာန်ဖြစ်ပါစေ အသက်ရှိ တဲ့ခန္ဓာကိုယ်ရှိတဲ့သူမှန်သမျှ သည်လမ်း ကိုသွားကြရမှာပါ။ သေကြရမှာပါ။ သေ ခါနီးဒုက္ခရောက်တဲ့အချိန်မှာ အားငယ် ထိတ်လန့်ကြတဲ့အချိန်ပိုင်းမှာ ဘေးက နေပြီး နွေးထွေးတဲ့ကူညီဖေးမမှု လိုအပ် ပါတယ်။ သည်နေရာမှာ မိမိသာဆိုလျှင် ဆိုတဲ့အတွေးလေးနှင့် စာနာစိတ်မွေးကြ ရမှာပါ။

ဦးညိုမောင်နှင့် ဦးထွန်း၏အဖြစ် ကိုကြည့်ပြီး မြန်မာနိုင်ငံမှာ စေတနာ့ ဝန်ထမ်းနေ့ကလေးထိန်းကျောင်းတွေရှိ သလို အကြောင်းကြောင်းကြောင့် လူအို လူနာတွေကို ကိုယ်ဖိရင်ဖိမပြုစုနိုင်သည့် မိသားစုတွေအတွက် စေတနာ့ဝန်ထမ်း နေ့ပိုင်းလူအိုလူနာထိန်းသည့်ဌာနတွေနှင့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်တွေပေါ် ပေါက် လာပါစေ။ လိုအပ်နေတဲ့ ကွက်လပ်လေး တွေကိုဖြည့်ပြီး လောကအလှဆင်နိုင်ကြ ပါစေဟု ဆုတောင်းရင်း။

ယခု ကွယ်လွန်သူနှစ်ဦးစလုံးမှာ စာရေးသူတို့၏ ပတ်ဝန်းကျင် အသိုင်း အဝိုင်းအတွင်းတွင် ကြုံတွေ့ရသော တကယ်ဖြစ်ရပ်မှန်များဖြစ်၍ ၎င်းတို့၏ အမည်များကို လွှဲ၍ရေးထားပါသည်။ စာဖတ်သူတို့အား နားလည်ခံစား၍ သံဝေဂရစေရန် ရည်ရွယ်ပြီး ရေးသား တင်ပြလိုက်ရပါသည်။

*စာဖတ်ပရိသတ်အား*
*အစဉ်ထာဝရလေးစားလျက်*

မနှင်းဆီ(ရေဆင်း-နေပြည်တော်)

www.burmeseclassic.com

သားကို ဖြောင့်မှန်၍ သွေးသား သန့်စင်မှုကို အကျိုးပြုပါသည်။

- ချင်းသည် ယောကျ်ားတံခွန်ထောင်လွှားရန် ခက်ခဲနေသော ကျားလိင်အင်္ဂါသို့ ထောက်ပံ့နေသော သွေးကြောအဖွင့်၊ အပိတ်ပြဿနာရှိနေသော ပုဂ္ဂိုလ်များအတွက် သွေးကြောအဖွင့်၊အပိတ် လုပ်ဆောင်ချက်စနစ်ကို ကောင်းမွန်လာစေပြီး အိမ်ထောင်ရေးသုခ အရသာကို အပြည့်အဝခံစားခွင့်ပေးစေနိုင်သည့် အာနိသင်ထူးရှိပါသည်။
- ကား၊ သင်္ဘော၊ လေယာဉ်ပျံစီးသည့်အခါ မူးမော်တတ်သည့် ဝေဒနာကို သက်သာစေခြင်း။
- မေ့ဆေး၊ ထုံဆေးတို့၏ဒဏ်ကြောင့် မူးဝေ၊ အော့အန်ခြင်း (Sideeffect) ဒဏ်ကို ပြေစေပါသည်။

ချင်း၏ ရိုးရာတိုင်းရင်းဆေးဝါးများတွင် အသုံးပြုလျက်ရှိသော ထူးခြားသောဂုဏ်သတ္တိတစ်ခုမှာ 'စိန်တစ်တင်း၊ ချင်းတစ်တက်' ဆိုစကားလို စိန် (အာဆင်းနစ်)ဓာတ်၏အဆိပ်အတောက်ကို ပြေအောင် ဖြေဆေးပေးရာတွင် ချင်းက အာနိသင်ထက်ပါသည်။

စိန် (အာဆင်းနစ်) အဆိပ်သင့်လျှင် ချင်းကို ထန်းလျက်နှင့် ရောပြုတ်ပြီး လည်းကောင်း၊ ချင်းထန်းလျက်ပြုတ်ရည်ပူပူလေးကို မကြာခဏတိုက်ပေးခြင်းဖြင့် သက်သာစေပါသည်။

မည်သည့်ဆေးပင်၊ ဆေးဝါးတွင်မဆို 'တန်ဆေး လွန်ဘေး' ဟူသော ဥပဒေသ ဆေးသဘာဝ ပညတ်ချက်ရှိပါသည်။ ပုံမှန် ချင်းကို ဟင်းခတ်အမွှေးအကြိုင်နှင့်ဆေးဝါးအဖြစ်သုံးလျှင် အန္တရာယ်မရှိသော်လည်း ချင်းကို လွန်ကြူးစွာ စားသောက်မိခဲ့လျှင် ရင်ပူခြင်း၊ အစာအိမ်အမြှေးရောင်ခြင်းကို ဖြစ်စေနိုင်ပါသည်။

ချွေးဂလင်း၊ ချွေးပေါက်ကျယ်သော ချွေးထွက်လွန်ရောဂါအခံရှိသူများ၊ သွေးကျဲဆေးကို ရေရှည်သုံးစွဲနေသူများ၊ ချင်းကို အတိုင်းအတာတစ်ခုထား၍ သတိပြုကာ သုံးစွဲရန်လိုအပ်ပါသည်။

ချင်းကို တစ်ချိန်တစ်ခါတည်း (၁၅) ကျပ်သား (၂၅၀ - ဂရမ်) စားသောက်မိခဲ့လျှင်တော့ အသက်ကို သေစေနိုင်သည်ဟု သိထားရန် လိုအပ်ပါသည်။

နောက်ထပ် သတိပြုရန် အချက်တစ်ခုမှာ ချင်းကို သား၊ ငါးများချက်ပြုတ်ရာတွင် အညှီအဟောက်၊ အနံ့အသက်ပျောက်စေရန် ချင်းကိုထည့်၍ ချက်ပြုတ်ကြသည်မှာ ထုံးစံဖြစ်ပါသော်လည်း 'ချင်းကို ခိုသားချက်ပြုတ်ရာတွင် ဘယ်သောအခါမှ ထည့်၍ မချက်ရပါ' ဟု စွဲမြဲစွာ မှတ်သားထားကြပါ။

ချင်းနှင့်ခိုသားသည် ဓာတ်သဘာဝလုံးဝမတည့်ပါ။ ချင်းနှင့်ခိုသားရောချက်စားခဲ့လျှင် ခြေ၊ လက်၊ မျက်နှာများရောင်အမ်းလာပြီး ကျောက်ကပ်ရောင်လာကာ အသက်သေဆုံးတဲ့အထိ ဖြစ်ခဲ့သည်ကို တွေ့ကြုံဖူးပါသည်။ အထူးသတိပြု၍ ရှောင်ကြဉ်စေလိုပါသည်။

**□ ချင်း၏ဆေးဖက်ဆိုင်ရာအသုံးပြုမှုများ**

၁။ အမျိုးသမီးများ မီးယပ်သွေးချုပ်၍ ဗိုက်အောင့်ခြင်း၊ ဆီးစပ်ကိုက်ခဲခြင်း၊ မီးယပ်သွေးသားမမှန်ကန်ခြင်းတို့တွင် ချင်းကို ထန်းလျက်နှင့် ကျို၍ သောက်သုံးပေးနိုင်ပါသည်။

၂။ ကိုယ်ဝန်ရှိစအချိန် အော့အန်သော အမျိုးသမီးများအတွက် ရေနွေးဆူဆူတစ်ဖန်ခွက်တွင် ချင်းတစ်ကျပ်သားကို ပါးပါးလှီး၍ထည့်စိမ်ပြီး ပျားရည်သင့်ရုံထည့်ကာ ချင်းလက်ဖက်ရည်အဖြစ် သောက်ပေးလျှင် သက်သာစေပါသည်။

၃။ သားဖွားပြီးစ အမျိုးသမီးများအတွက် ချင်းကို ထန်းဖိုဦးထန်းလျက်နှင့် (၁း၂) ရေဖြင့် သုံးပုံနှစ်ပုံကျန်အောင်ပြုတ်ထားသော ချင်း၊ ထန်းလျက်ပြုတ်ရည်နွေးနွေး တစ်နေ့ (၂) ကြိမ်တိုက်ပေးလျှင် သားအိမ်ကိုစင်ကြယ်၍ သွေးသားသန့်စင်ပြီး ကလေးငယ်အတွက် နို့ရည်ကို စင်ကြယ်၍ နို့ရည်အထွက်ကောင်းစေပါသည်။

၄။ အစာအိမ်ခြေချက်အားနည်း၍ အစာမကြေရောဂါရှင်များအတွက်-

| | |
|---|---|
| ချင်းခြောက်မှုန့် | ၂ ကျပ်သား |
| သစ်ကြံပိုးခေါက် | ၈ ပဲသား |
| ဆားမီးဖုတ် | ၈ ပဲသား |
| သကြား | ၅ ပဲသား |

အားလုံး အမှုန့်ပြုပြီး တစ်နေ့ (၃) ကြိမ် ကော်ဖီဇွန်း (၁) ဇွန်းကို ရေနွေးဖြင့် သောက်ပေးလျှင် ပျောက်ကင်းစေပါသည်။

၅။ နှာစေး၊ ချောင်းဆိုး၊ ရာသီဖျား၊ တုပ်ကွေးဖျားများ ကိုက်ခဲနာကျင်မှုများအတွက် ချင်း(၁)ကျပ်သား၊ ကွမ်းရွက် (၇) ရွက်၊ ထန်းလျက် (၁) ကျပ်သားကို ရေမတ်ခွက်ကြီး (၁) လုံးထည့်၍ ထက်ဝက်ခန့်ကျန်အောင်ကျိုပြီး ၎င်းဆေးရည်ပူပူနွေးနွေးကို တစ်နေ့ (၃)၊(၄)ကြိမ် သောက်ပေးပါ။

၆။ သွေးကြောပိတ်၍ ခြေ၊ လက်များ အေးစက်ထုံကျဉ်ကိုက်ခဲခြင်း၊ လေးလံခြင်း၊လေငန်းကဲ့သို့ဖြစ်ခြင်းရောဂါများကို -

၁။ ချင်းမှုန့် ၂ ကျပ်သား
၂။ နနွင်းမှုန့် ၁ ကျပ်သား
၃။ ငရုတ်ကောင်း ၈ ပဲသား
၄။ အရက်ကောင်းကောင်း ၁၀၀ မီလီလီတာ
၅။ ပျားရည်စစ်စစ် (၁) ပုလင်း (၇၀၀) မီလီလီတာ

၎င်းဆေး (၅) မျိုးကို သမအောင်ရောစပ်၍ နေ့တွင် (၃) ရက်လှန်း၍ နံနက်၊ ည ဟင်းစားဇွန်းကြီး (၂) ဇွန်း ရေနွေးဖြင့်သောက်ပါ။

၇။ သွေးထဲ၌ Cholesterol များ၍ သွေးကြောကျဉ်း၊ သွေးကြောပိတ်၊ နှလုံးရောဂါ၊ အသည်းအဆီဖုံးရောဂါများ -

- ချင်းသတ္တုရည် (၁) ဆ
- ရှောက်ရည် (၂) ဆ
- ပျားရည် (၃) ဆ

အချိုး ရောစပ်ပြီး နံနက်၊ ည ဟင်းစားဇွန်း (၂) ဇွန်းကို ရေနွေးဖြင့် သောက်သုံးပေးလျှင် သက်သာ ပျောက်ကင်းစေပါသည်။

နိဂုံးချုပ်အားဖြင့် ချင်းကို အထ[illegible] ဖော်ပြပါ ဆေးဘက်ဆိုင်ရာ အသုံးပြု[illegible] များနှင့် နေ့စဉ်မိမိတို့မိသားစုဘဝနေထိုင် စားသောက်ချက်ပြုတ်မှုတို့တွင် ချင်း[illegible] မဖြစ်မနေပါဝင်အောင် ဟင်းခတ်အမွှေး အကြိုင်အနေဖြင့် ထည့်သွင်းချက်ပြုတ် စားသောက်ပေးသွားကြမည်ဆိုလျှင် [illegible]

သင်တို့၏ စားဖိုဆောင်အတွင်း[illegible] ပစ္စည်းများက သင့်မိသားစု၏ ကျန်း[illegible] ရေးကို တစ်ဖက်တစ်လမ်းမှ အကျိုး[illegible] အထောက်အကူပေးနေပါလိမ့်မည်[illegible] တင်ပြနှိုးဆော်လိုက်ပါသည်။

မိသားစုတိုင်း ကျန်းမာပျော်[illegible] သောဘဝများကို တည်ဆောက်နိုင်[illegible] ပါစေ။

ဦးမင်းဇင် (ရွှေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်မြောက်စေရန်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍမှ ဖြစ်ပါသည်။ မိမိတို့ ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကို ဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| [illegible] | ၃-ဝါဆို လဆုတ် | စနေ | ၂၂<br>၂၃ | ၁၀း၅၂း၃၀ | * လာဘ<br>* သိဒ္ဓိ |
| [illegible] | ၂ | ၁နွေ | ၂၃<br>၂၄ | ၀၉း၂၂း၃၀ | △ မိတ္တူ<br>△ ကာဏ |
| [illegible] | ၃ | ၂လာ | ၂၄<br>၂၅ | ၀၇း၅၂း၃၀ | * သိဒ္ဓိ<br>□ ဝရ |
| [illegible] | ၄ | ၃ဂါ | ၂၅<br>၂၆ | ၀၆း၂၂း၃၀ | △ ကာဏ<br>* အမြိတ္တ |
| [illegible] | ၅ | ၄ဟူး | ၂၆<br>၂၇ | ၀၄း၄၈း၀၀ | △ ဝရ<br>△ ဥပါဒ် |
| [illegible] | ၆ | ၅ကြာ | ၂၇<br>၁ | ၀၃း၀၀း၀၀ | * အမြိတ္တ<br>* လာဘ |
| [illegible] | ၇ | ၆ကြာ | ၁<br>၂ | ၀၁း၃၁း၂၆ | △ ဥပါဒ်<br>△ မိတ္တူ |
| [illegible] | ၈ | စနေ | ၂<br>၃<br>၄ | ၀၀း၂၃း၁၄<br>၂၃း၃၆း၄၆ | * လာဘ<br>* သိဒ္ဓိ<br>□ ဝရ |
| [illegible] | ၉ | ၁နွေ | ၄<br>၅ | ၂၃း၁၂း၄၇ | △ ကာဏ<br>* အမြိတ္တ |
| [illegible] | ၁၀ | ၂လာ | ၅<br>၆ | ၂၂း၄၉း၁၁ | △ ဝရ<br>△ ဥပါဒ် |
| [illegible] | ၁၁ | ၃ဂါ | ၆<br>၇ | ၂၃း၁၁း၁၁ | * အမြိတ္တ<br>* လာဘ |
| [illegible] | ၁၂ | ၄ဟူး | ၇ | မပြောင်း | △ ဥပါဒ် |
| [illegible] | ၁၃ | ၅တေး | ၈ | မပြောင်း | * လာဘ |
| [illegible] | ၁၄ | ၆ကြာ | ၈<br>၉ | ၀၁း၄၂း၅၁ | △ ဥပါဒ်<br>△ မိတ္တူ |
| [illegible] | ● | စနေ | ၉<br>၁၀ | ၀၃း၂၉း၂၇ | * လာဘ<br>* သိဒ္ဓိ |
| [illegible] | ဝါခေါင် လဆန်း | ၁နွေ | ၁၀<br>၁၁ | ၀၅း၄၀း၂၂ | △ မိတ္တူ<br>△ ကာဏ |
| ၁၇ | ၂ | ၂လာ | ၁၁<br>၁၂ | ၀၈း၀၀း၀၀ | * သိဒ္ဓိ<br>□ ဝရ |
| ၁၈ | ၃ | ၃ဂါ | ၁၂<br>၁၃ | ၁၀း၄၀း၀၀ | △ ကာဏ<br>* အမြိတ္တ |
| ၁၉ | ၄ | ၄ဟူး | ၁၃<br>၁၄ | ၁၃း၂၀း၀၀ | △ ဝရ<br>△ ဥပါဒ် |
| ၂၀ | ၅ | ၅တေး | ၁၄<br>၁၅ | ၁၅း၄၂း၃၃ | * အမြိတ္တ<br>* လာဘ |
| ၂၁ | ၆ | ၆ကြာ | ၁၅<br>၁၆ | ၁၇း၃၄း၁၇ | △ ဥပါဒ်<br>△ မိတ္တူ |
| ၂၂ | ၇ | စနေ | ၁၆<br>၁၇ | ၁၉း၁၇း၀၉ | * လာဘ<br>* သိဒ္ဓိ |
| ၂၃ | ၈ | ၁နွေ | ၁၇<br>၁၈ | ၂၀း၁၆း၀၃ | △ မိတ္တူ<br>△ ကာဏ |
| ၂၄ | ၉ | ၂လာ | ၁၈<br>၁၉ | ၂၁း၀၆း၁၂ | * သိဒ္ဓိ<br>□ ဝရ |
| ၂၅ | ၁၀ | ၃ဂါ | ၁၉<br>၂၀ | ၂၁း၃၃း၃၄ | △ ကာဏ<br>* အမြိတ္တ |
| ၂၆ | ၁၁ | ၄ဟူး | ၂၀<br>× | ၁၅း၀၅း၄၈ | □ ဝရ<br>△ ဥပါဒ် |
| ၂၇ | ၁၂ | ၅တေး | ×<br>၂၁<br>၂၂ | ၀၂း၄၂း၂၅<br>၂၀း၀၇း၄၅ | * အမြိတ္တ<br>* လာဘ<br>* သိဒ္ဓိ |
| ၂၈ | ၁၃ | ၆ကြာ | ၂၂<br>၂၃ | ၁၉း၀၂း၅၁ | △ မိတ္တူ<br>△ ကာဏ |
| ၂၉ | ၁၄ | စနေ | ၂၃<br>၂၄ | ၁၇း၃၇း၃၀ | * သိဒ္ဓိ<br>□ ဝရ |
| ၃၀ | ○ | ၁နွေ | ၂၄<br>၂၅ | ၁၆း၀၇း၃၀ | △ ကာဏ<br>* အမြိတ္တ |
| ၃၁ | ဝါခေါင် လဆုတ် | ၂လာ | ၂၅<br>၂၆ | ၁၄း၃၇း၃၀ | □ ဝရ<br>△ ဥပါဒ် |

၂၀-နက္ခတ် = ၄၅ ယန္တီ
×-နက္ခတ် = ၃၀ ယန္တီ  ဖြင့် တွက်သည်
၂၁-နက္ခတ် = ၄၅ ယန္တီ

* = အဝင်နက္ခတ်    ○ = လပြည့်နေ့
□ = ခပါဒ်နက္ခတ်    ● = လကွယ်နေ့
△ = အထွက်နက္ခတ်

၃၀-၈-၂၀၁၅ တနင်္ဂနွေနေ့ နံနက် ၀၂း၄၇း၄၈ နာရီတွင် လပြည့်သည်။

*အသုံးတည့်နိုင်ကြပါစေ*
ဦးအောင်စောလှိုင် (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့ဆီကနေ -

ကြားလိုက်ရတဲ့အသံတွေကြောင့် စာဖတ်နေရင်းကနေပြီး စောင်းငဲ့ကြည့်လိုက်မိပါတယ်။

အများဆုံးရှိလှ (၁၆) နှစ်၊ (၁၇) နှစ်၊ (၂၀) လေးတွေပါပဲ။

လူငယ်လေးတွေပေါ့။

လေး၊ ငါးယောက်စုပြီးသွားနေကြတာ။

ပျော်ပျော်ပါးပါးနဲ့မို့၊ တစ်ဝါးဝါးတဟားဟားနဲ့မို့ သူတို့လေးတွေပျော်ရွှင်နေကြတာကို သဘောကျမယ်ကြံသေး-

"မင်းအမေ×××ငါ×××ငါ×××မင်းအမေ×××ငါ"

"နားပါကွာ၊ ငါ×××ကလည်း×××သွားသေစမ်း"

"မင်းမေ×××"

နားတွေကျိန်းသွားသလိုဖြစ်သွားပြီး ဘာဆက်တွေးလို့တွေးရမှန်းတောင် မသိတော့ပါဘူး။ သူတို့ကိုကြည့်တော့



# ဆရာဦးမောင်မောင်သန်း

# အရောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားရေသောက်ပေါ့ပေါ့လေးပြော နေတာပါ။ ရယ်ကြမောကြ၊တစ်ယောက် နဲ့ တစ်ယောက် ကျီစယ်ပြီးလှမ်းထိုးကြ၊ အူတက်နေကြနဲ့ ချစ်စရာကောင်းတဲ့ ပျော်ရွှင်စရာမြင်ကွင်းလေးတွေက ကြည့် ကောင်းနေပေမယ့် အသံတွေကျတော့ ဆိုးပ့ါ။

သူတို့ဟာ ဘယ်သူ့ကိုမှ ဂရုမစိုက် ကြသလို သူတို့ကိုယ်သူတို့လည်း ဂရုစိုက် ကြဟန်မရှိပါဘူး။

ဘေးနားအိမ်တွေက ခြံဝအထိ တောင်ထွက်ကြည့်ကြပါတယ်။ ပျစ်ပျစ် နှစ်နှစ်ကြီးအော်ကြီးဟစ်ကျယ်နဲ့တစ်လမ်း လုံးရစရာမရှိအောင် ဆဲဆိုတိုင်းထွာသွား ကြလို့ပါပဲ။

အမှန်က -

ဒီကလေးလေးတွေဟာ ဘယ်သူ့ ကိုမှဒုက္ခပေးသွားတာမဟုတ်ပါဘူး။ သူ တို့ဟာသူတို့ အချင်းချင်း နောက်ပြောင် ကျီစယ်သွားကြတာပါ။

သူတို့လေးတွေဟာ ကျောင်းမနေ ကြတော့ပါဘူး။

ကျောင်းသားအရွယ်လေးတွေ၊ ကျောင်းနေတဲ့အရွယ်လေးတွေဖြစ်နေကြ ပေမယ့် သူတို့ရဲ့ဟန်ပန်၊ ဆဲပုံဆိုပုံ၊ ဆံပင် တွေလုပ်ထားကြပုံ၊ ဝတ်စားပုံ၊ သွားပုံ လာပုံတွေက ကျောင်းနဲ့အလှမ်းဝေးနေ ကြပါပြီ။

ပိုသေချာတာက မနက် ကျောင်း ချိန်မျိုးမှာ တွေ့ရတတ်သလို နေ့လယ် ပိုင်းကျောင်းချိန်မျိုးမှာလည်း သူတို့က ဒီတိုင်းပဲသွားလာနေတတ်ကြလို့ပါပဲ။

ခါတိုင်းတော့ ဒါလောက်ကြီး သတိမထားမိပါဘူး။

ဒီနေ့ကျမှ သူတို့စကားသံကိုနား ထောင်ရတာ ဖဲရှုံးလာလို့ဆိုပြီးပြောကြ ဆိုကြငြင်းကြသံလေးတွေကြောင့် -

ဘယ်လိုမှမထင်ဘဲ ငေးကြည့်နေ လိုက်မိတာပါ။

ဟိုးတုန်းက -

သူငယ်ချင်းတွေအများကြီးနဲ့ ခုလို ပဲ ကလေးဘဝတွေကို နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ဖူးပါတယ်။ ပျော်ခဲ့ဖူးပါတယ်။ ခုလိုပဲတစ်ယောက်နဲ့တစ်ယောက်နောက် ကြပြောင်ကြ၊ မနာမကျင်အောင် လက် သီးလေးတွေနဲ့ ချစ်စနိုးထိုးကြပျော်ခဲ့ဖူး ပါတယ်။

သူငယ်ချင်းတွေတစ်ပုံကြီးနဲ့ခင်ခဲ့ ဖူးပါတယ်။

ဒါပေမယ့် -

ခုလိုတော့ ဖဲတွေ၊ အရက်တွေ မသိခဲ့ပါဘူး။

ခုလို ပျစ်ပျစ်နှစ်နှစ်လည်း မဆဲ တတ်ခဲ့ပါဘူး။

ကိုယ့်တိုင် မဆဲတတ်သလို အတူ ပေါင်းကြ၊ ခင်ကြတဲ့သူငယ်ချင်းတွေက လည်း မဆဲတတ်ကြပါဘူး။ ဆဲပြီးစကား မပြောတတ်ကြပါဘူး။ တိုင်းထွာပြီး ခုလို မပြောတတ်ခဲ့ပါဘူး။

အဲဒီလိုပြောရမှာ ရှက်နေမိတာ အမှန်ပါ။

ပြီးတော့ လူကြီးသူမတွေကိုရိုသေ တာလည်းပါပါတယ်။

ကိုယ့်ထက်အသက်ကြီးသူတွေကို ရိုသေတာလည်းပါပါတယ်။

ဒါကြောင့်များ -

ခုလိုကြားရတာတွေ၊ မြင်ရတာ တွေကို တုန်လှုပ်မိတာလားလို့ စဉ်းစား ရင်း -

ကလေးတော်တော်များများကို ထူးချွန်လာအောင် -

အောင်မြင်လာအောင် -

အဲဒီကလေးလေးတွေရဲ့မိဘတွေ ကို၊ အုပ်ထိန်းသူတွေကို၊ ပတ်သက်နေ သူတွေကို -

အများကြီး အကြံပြုခဲ့ရတာလေး တွေနဲ့ပတ်သက်ပြီး -

စဉ်းစားရင်း -

စဉ်းစားရင်း -

❑

ကလေးလေးတွေဟာ -

ချစ်စရာကောင်းကြပါတယ်။ ဖြူ စင်ကြပါတယ်။ သူတို့ဟာ ဟန်မဆောင် တတ်ကြပါဘူး၊ မလိမ်တတ်ကြပါဘူး။ သူတို့စားချင်ရင်စားမယ်ပြောတတ်သလို သူတို့ဆော့ချင်ရင်ဆော့မယ်ပဲပြောတတ် ကြသူတွေပါ။ လူတစ်ဖက်သားကို မယုတ်မာတတ်ကြသလို လူတစ်ဖက် သားအကျိုးယုတ်အောင်၊ စီးပွားပျက် အောင်လည်းမလုပ်တတ်ကြပါဘူး။

ဒါပေမယ့် -

သူတို့ရဲ့အဖြူထည်စိတ်ထားလေး တွေကို အရောင်ဆိုးလိုက်ကြတဲ့အခါ သူတို့ဟာ အဲဒီဆိုးလိုက်တဲ့အရောင် အတိုင်းဖြစ်သွားရတော့တာပါပဲ။

ကလေးတစ်ယောက် ဆော့နေ တယ်ဆိုပါတော့။

သူဆော့နေတာကို ပညာတတ် မိဘတွေထဲက အဖေကဖြစ်စေ၊ အမေ ကဖြစ်စေ ဟိုကလေးလေးတော်ပြီ၊ စာ ကျက်ဖို့လုပ်ဦး ဆိုတာမျိုးတို့၊ စာကိုသာ

ဒီလိုကြိုးစားရင်တို့၊ ဆော့နေရအောင် စာကော ရလို့လားတို့ ပြောလိုက်ပြီဆို တာနဲ့ အဘိုးတို့၊ အဘွားတို့က ညည်းတို့ ကလည်းအေ ဆော့ပါစေ။ ကလေးပဲ ဆော့ချင်မှာပေ့ါ။ မြေးလေးဆော့ဆော့ ဆိုလိုက်ရင် ဒါမှမဟုတ် ကြီးဒေါ်တွေ၊ ဦးလေးတွေက နင်တို့ကလည်းဟယ်၊ ကလေးဆော့တာပဲလိုက်ပြောနေတာပဲ ဆိုတဲ့စကားတွေနဲ့လှမ်းလိုက်ရင် -

အဲဒီကလေးရဲ့စိတ်ထဲမှာ -

ဟာ - ဟုတ်ပြီ၊ ငါဆော့ရင် ငါ့ ဘက်ကကာပြီးပြောမယ့် ငါ့အဘိုးတွေ၊ အဘွားတွေ၊ ဒေါ်ကြီးတွေ၊ ဘကြီးတွေ ရှိနေပြီ။ ဆော့မယ်ဘာဖြစ်လဲဆိုတဲ့စိတ် ဓာတ်လေးဟာ တဖြည်းဖြည်းတစ်စတစ်စ နေရာယူသွားပါပြီ။ ချက်ချင်းမသိသေး ပေမယ့် အဆိပ်သစ်ပင်လိုပါပဲ တဖြည်း ဖြည်းကြီးလာတာနဲ့အမျှ နုတ်ရခက်လာ ပါပြီ။

တချို့ကျတော့ ပြောင်းပြန် -

ဘကြီးတွေ၊ အဒေါ်တွေ၊ အဘိုး အဘွားတွေက ကလေးဆော့တာကို အားမပေးကြဘူး။ ဒါကို အဖေ ဒါမှ မဟုတ် အမေက သူတို့မွေးထားတဲ့ ကလေးကို နှိမ်တယ်ပေ့ါ၊ ဖြစ်ပုံဖြစ်ပုံ။

တလွဲဆံပင်ကောင်း ကက်ကတ် လန်ပြီး ကလေးပဲလိုက်ကြည့်ပြောနေ တာပဲ၊ ဆော့တာဘာဖြစ်လဲ။ ဘယ်သူ့ ကို ထိခိုက်သွားလဲ။ ကလေးပဲ ဆော့ချင် မှာပေ့ါဆိုတဲ့စကားတွေနဲ့ ကိုယ့်ကလေး ဘက်က ကာပေးကြတာတွေရှိကြပြန်ပါ တယ်။

ကလေးက -

အင်း - ငါ့အမေကဆော့ခိုင်းတာ ပဲ။ ဒေါ်ကြီးတို့၊ အဘိုးတို့ကသာဖြစ်နေ ဝ ၁းဆိုတဲ့စိတ်နဲ့ တစ်စတစ်စရဲတင်းလာ ပါလေရော။ အဘိုး၊ အဘွားကပြောမယ် ကြံရင် ငါ့အဖေရှိတယ်၊ ငါ့အမေရှိတယ် ဖြစ်ကရော။ ဒီတော့ဘာဖြစ်လဲ၊ မိသား တွေထဲမှာ စိတ်ဝမ်းကွဲစရာတွေတစ်ချီ တစ်ခုကြုံလာရော။

ဒါဟာ ကာသင့်လား၊ မကာသင့် လား စဉ်းစားပေးရပါလိမ့်မယ်။

ကိုယ့်ကလေးဆိုတာ ကိုယ့်ရင်ခွင် မှာ အချိန်ပြည့်ဖက်တွယ်ထားလို့မရ ဘူး။ ကိုယ်အပြင်သွားချိန်၊ ကိစ္စရှိချိန် တာရှိပါတယ်။ ဒီအခါမှာ ကိုယ့်ကလေး ဟာ အော့ကြောလန်တစ်ယောက်ဖြ နေပြီဆိုရင် ဘယ်သူကစောင့်ကြည့် ချင်ပါတော့မလဲ၊ ဘယ်သူကပြော ချင်ပါတော့မလဲ။

www.burmeseclassic.com

သွားမပြောနဲ့၊ တို့ပြောလည်း သူ့အဖေကအကောင်းထင်တာမဟုတ်ဘူး၊ သူ့အမေက ကက်ကက်လန်ဖြစ်နေတာဆိုတဲ့ စကားတွေနဲ့ နောက်ဆုတ်သွားတတ်ကြပါတယ်။

ဒီလိုမဆုံးမချင်တော့ရင် ဘယ်သူ နစ်နာလဲ။

ကိုယ့်သားသမီးလေးတွေပဲ နစ်နာတတ်တာပေါ့။

ကိုယ့်ကလေးဟာ ဘာတွေဖြစ်နေဖြစ်နေ၊ ဘယ်လောက်ဆိုးနေဆိုးနေ သူတို့ခမျာ ကျေးဇူးတင်မခံရတဲ့အပြင် အပြစ်ပြောမှာကိုကြောက်ပြီး ဘယ်သူမှပြောမှာမဟုတ်တော့ဘူး။

ဒါကြောင့် -

ကလေးရှေ့က မားမားမတ်မတ် ရပ်တည်တယ်ဆိုတာအစိပ္ပာယ်မပြောင်းသင့်ပါဘူး။

ရပ်တည်ပုံမှန်ဖို့လိုပါတယ်။

စည်းကမ်းတဖြည်းဖြည်းမဲ့လာအောင်လုပ်တာက ရပ်တည်မှုလွဲနေသလိုပါပဲ။

အများကြီးတွေ့ဖူးပါတယ်။

အဲဒီလို ရပ်တည်မှုလွဲရင်းကနေ မိသားစုထဲမှာ စိတ်ဝမ်းကွဲသွားကြရတာတွေ၊ အဲဒီကလေးလေးတွေ ဘယ်ဘက်အမှုမထွန်းကားတော့ဘဲ ငယ်ငယ်ရွယ်ရွယ်နဲ့ အသောက်အစား၊ အပျော်အပါးတတ်လာတာတွေ အများကြီးတွေ့ခဲ့ရဖူးသလို တွေ့လည်းတွေ့နေရတုန်းပါပဲ။

ရပ်တည်မှုမမှန်ခဲ့သူတွေက နောက်ဆုံးတော့ -

တို့လည်းဘယ်သိမလဲ၊ ချစ်လို့သာ သူတို့ရှေ့ကနေပေးခဲ့တာပေါ့။ ဒီလိုဖြစ်သွားမယ်မှန်းသိရင် အစောကြီးထဲကဝင်ပြောပါဘူးဆိုတဲ့စကားနဲ့ပဲ နိဂုံးချုပ်တတ်ကြတာချည်းပါပဲ။

ဟိုကလေးတွေရဲ့ဘဝကတော့ပြန်ပြီးနာလန်မထူလာတော့ပါဘူး။

ဒါဟာ အရောင်ဆိုးခြင်းပါပဲ။

သူတို့ရဲ့ဖြူစင်လှပတဲ့စိတ်ကလေးတွေကို မကောင်းတဲ့အရောင်များဆိုးလိုက်မိလို့ကတော့ သွားပြီ။

တချို့ဆို -

မိဘကခိုင်းချင်တယ်။

ဒီလိုခိုင်းတဲ့အခါ ဘိုးအေတွေ၊ ဘွားအေတွေက ဟော့ - ငါ့မြေးကိုမခိုင်းနဲ့၊ ငါ့မြေးဟာ ရွှေပေါ်မြတင်နေရမယ်။ ငါတို့အသက်ရှင်သမျှကာလပတ်လုံး ငါ့မြေးဟာ ခြေမွေးမီးမလောင်လက်မွေးမီးမလောင်နေရမယ် -

ဆိုလိုက်တဲ့အတွက် ကလေးက ပျော်သွားပါပြီ။

မိဘခိုင်းတာကို ခေါင်းထဲမှာမရှိတော့ပါဘူး။ အဖေတို့၊ အမေတို့ခိုင်းရင် အဘိုးကဆူမှာ၊ အဘွားကသူတို့ကိုပြောလိမ့်မယ်ဆိုတဲ့အစွဲကြီးနဲ့ ဘာမှကိုမလုပ်ချင်တော့ပါဘူး။

ဒီအခါမှာ ဘာမှကိုသုံးမရတဲ့ ကလေးတစ်ယောက်ဖြစ်ရပါပြီ။

မြင်ဖူးပါတယ်၊ အဲဒီလိုကလေးမျိုးတွေ။ ဘာမှကိုသုံးလို့မရတော့ပါဘူး။ ဘယ်ဘက်ကမှသုံးလို့ကိုမရတော့တာ။

ဒီလိုကြီးတွေဖြစ်နေရင် ကိုယ့်ကလေးပဲ အလကားဖြစ်နေပါလားဆိုတာ သိဖို့တော့လိုပါတယ်။

ဘာမှသုံးမရတော့လို့ ပတ်ဝန်းကျင်ကအထင်သေးရင် ဘယ်သူ့အထင်သေးမလဲ။ ကဲ့ရဲ့ရင် ဘယ်သူ့ကဲ့ရဲ့မလဲ။ ကလေးရောတန်ဖိုးရှိပါဦးမလား။

တချို့ကျတော့ အဘိုးအဘွားက ခိုင်းရင်၊ ကြီးဒေါ်တွေကခိုင်းရင် မကြိုက်ချင်ဘူး။

ငါ့သားကို ဒါနှိမ်တာပဲ -

ဒီလိုခိုင်းတာငါ့သမီးကိုနှိမ်ချင်လို့ -

ဆိုတဲ့စိတ်ကြီးတွေက တလွဲဆံပင်ကောင်းပြီး တလွဲမာနကြီးတွေဖြစ်ကုန်ပါပြီ။

ဒီတော့ဘာဖြစ်လဲ။

ကိုယ့်ကလေးဘာမှမလုပ်တတ်မကိုင်တတ်တော့ ဘယ်သူ့အထင်သေးခံရမလဲ။ ကိုယ့်ကလေးဟာ ငယ်သွားမှာမဟုတ်ဘူး၊ တဖြည်းဖြည်းကြီးလာတာနဲ့ အမျှ စည်းကမ်းရှိတဲ့ကလေးတွေကြားမှာ မစားတတ်၊ မပြောတတ်၊ မနေတတ် မထိုင်တတ်၊ မလုပ်တတ်မကိုင်တတ်ကြီးဖြစ်နေရင် ဘယ်သူသိက္ခာကျမလဲ၊ ဘယ်သူ့အရှက်ရမလဲ။

ဒါတွေဟာ ကလေးလေးတွေကို ချစ်တတ်ဖို့ပါ။

တချို့များဆို -

ဘွားအေက ဟဲ့ - ကလေးကို အအေးတွေဝယ်မတိုက်နဲ့နော်၊ ချောင်းတွေဆိုးနေတယ်ဆိုရင် မိခင်လုပ်တဲ့လူက ကျွန်မသောက်ချင်လို့ပါဆိုပြီး ကလေးရှေ့က ကာဟာစကားပြောပြီး ကလေးကိုဝယ်တိုက်သူတွေ။

ဟိုမသွားနဲ့ဒီမသွားနဲ့လို့ဟန့်ရင် ကျွန်မသွားချင်လို့ပါဆိုပြီး ကလေးသွားချင်တာကို သူ့အသွားနဲ့သူကိုယ်သူအမုန်းခံပြီးမရရအောင်သွားတဲ့လူတွေ အများကြီးတွေ့ဖူးပါတယ်။

ဒီတော့ ဘာဖြစ်လာလဲ။

အဲဒီကလေးဟာ ပေါ့ပြက်ပြက်နိုင်လာတယ်။

ထစ်ခနဲဆိုဟိုသွားချင် ထစ်ခနဲဆိုဒီသွားချင်တွေနဲ့ ပါတ်တုတ်လို့မရတော့ဘူး။ လေသွားပြီ။ ဟာ - ငါ့အမေက ငါပြောရင်ရတယ်၊ ငါအချိန်မရွေးပူဆာလို့ရတယ်ဆိုတဲ့ စိတ်ကဝင်သွားပြီ။

ပညာကိုသာ အဲဒီလိုစိတ်နစ်မြှုပ်ထားရင် ကလေးရဲ့အောင်မြင်တိုးတက်မှုကို မိဘက အချိန်ပြည့်ဂုဏ်ယူနေရမှာ။

ပူဆာတယ်ဆိုတာ ကလေးရဲ့သဘာဝ။

ပူဆာတာကို အလိုလိုက်တော့မယ်ဆိုရင် မိဘမှာစဉ်းစားပေးရမှာတွေရှိလာပြီ။

ပူဆာတာကိုအလိုမလိုက်နဲ့မဟုတ်ပါဘူး၊ လိုက်ပါ။

ဒါပေမယ့် အေး - သားသွားချင်တဲ့နေရာကို ဖေဖေလိုက်ပို့ပေးမယ်။ ဒါပေမယ့် သားက ဒီလအောင်လက်မှတ်မှာ အဆင့်တစ်ကနေ ငါးအတွင်းရအောင်ကြိုးစားပြ။ အဲဒီကျဖေဖေလိုက်ပို့မယ်။ သားသွားချင်တဲ့နေရာတင်မဟုတ်ဘူး၊ ကစားစရာပါဝယ်ပေးမယ်ဆိုပြီး ကလေးရဲ့ကြိုးစားချင်စိတ်လေးကိုနှိုးပေးလိုက်ပါ။

သူဟာ တကယ်သွားကစားချင်စိတ်ရှိသူမို့ တကယ်ကြိုးစားပါလိမ့်မယ်။ ဒီတိုင်းပူဆာတိုင်းလိုက်ပို့နေလို့ကတော့ အဲဒီကလေးဟာ ပေါ့ပျက်ပျက်ဖြစ်နေမှာပဲ။ ကြိုးစားချင်စိတ်ဆိုတာခပ်လွယ်လွယ်ပူဆာတတ်တဲ့စိတ်ကို မထိုးဖောက်နိုင်တော့ပါဘူး။

ဒါကိုတော့ သိထားသင့်ပါတယ်။

ဒါဟာ ချစ်တတ်ဖို့လိုတာကိုပြောပြတာပါ။

မိဘတိုင်းဟာ ကိုယ့်သားသမီးကို ချစ်ကြတာချည်းပါပဲ။ ဘယ်သူမှပိုတယ်၊ လျော့တယ်မရှိပါဘူး။

အရမ်းချမ်းသာတဲ့သူဟာ သူ့သားသမီးကိုချစ်တတ်သလိုပဲ အရမ်းဆင်းရဲတဲ့သူကလည်း သူ့သားသမီးကို သူ့ရှာကျွေးတာပါပဲ၊ ချစ်တာပါပဲ။ ဆင်းရဲလို့မချစ်ဘူးဆိုတာ မရှိပါဘူး။ ချမ်းသာလို့ပိုချစ်တယ်ဆိုတာလည်းမရှိပါဘူး။ ချစ်ကြတာချည်းပါပဲ။

ဒါပေမယ့် -

ကိုယ်ချစ်နေရုံနဲ့မပြီးပါဘူး။ မလုံလောက်ပါဘူး။

ဒီကလေးလေးမှာ ပတ်ဝန်းကျင်ဆိုတာရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို သူ့အဘိုး၊ သူ့အဘွား၊ သူ့အဒေါ်၊ သူ့ဦးလေးနဲ့ သူ့ပတ်ဝန်းကျင်က ချစ်နေဖို့တော့ လိုပါလိမ့်မယ်။

ဒါမှ ကိုယ့်ကွယ်ရာမှာ တစ်ခုခုလို အပ်ရင် ကိုယ့်ကလေးအတွက် ဘာမှပူစရာမလိုတော့ပါဘူး။

သူ့ကိုချစ်ကြတဲ့ သူ့ပတ်ဝန်းကျင်ဟာ သူ့ရဲ့ 'အား' တွေပါပဲ။

ဒီလိုမှမဟုတ်ရင် အဲဒီကလေး နေပူထဲထွက်ဆော့နေမယ်၊ မြောင်းစပ်နားဆော့နေမယ်ဆိုပါစို့။

ဟေ့ - သွားမလုပ်နဲ့၊ သူ့အဖေက ဆတ်ဆတ်ထိမခံဘူး။ သူ့အမေကလည်း စွာသလားမမေးနဲ့၊ နေပေ့စေ။ သွားပြောလို့ သူတို့သားကပြန်ပြောရင် တို့ကို အလကားနေရင်း လာရန်တွေ့နေပါဦးမယ်ဆိုပြီး ရှောင်ကြပါပြီ။

ဒါ ကိုယ့်ကလေးရဲ့ဆုံးရှုံးမှုတစ်ခုပါပဲ။ ဘာဆုံးရှုံးလဲ၊ တန်ဖိုးရှိတဲ့ ပတ်ဝန်းကျင်ဆုံးရှုံးတာပေ့ါ။

လူဆိုတာ တစ်ယောက်ထဲထီးထီး နေလို့ရတာမှမဟုတ်တာ။

ကိုယ်အလုပ်သွားရင်၊ အပြင်သွားရင် ဒီလိုပဲခင်ရာဆွေမျိုးဆိုပြီးအပ်ခဲ့ကြရတာပဲလေ။ ကြည့်လိုက်ပါဦးတို့၊ စောင့်ရှောက်လိုက်ပါဦးတို့ပြောခဲ့ရတာပဲလေ။

ဒါကြောင့် ကလေးကို မိဘကိုယ်တိုင်က အကဲခတ်နိုင်ဖို့တော့လိုပါလိမ့်မယ်။ ငါ့သားဘယ်အကျင့်ရှိလဲ၊ ငါ့သမီးဘယ်လိုစိတ်ဓာတ်ရှိလဲ။ ကိုယ်တိုင်သိနေရပါလိမ့်မယ်။

ကျွန်တော့်သားတွေ၊ ကျွန်တော်သမီးတွေက အရမ်းချစ်ဖို့ကောင်းတာပဲဆိုရုံနဲ့ သူတို့ရဲ့ဘဝလေးတွေ မပြည့်စုံပါဘူး။

မီးနာအောင်ပေးပြီး ထုနိုင်လွန်းတဲ့သံမှ ဓားကောင်းဖြစ်တာပါ။

တချို့ဆို သားသမီးလေးတွေရဲ့ လိုအပ်ချက်၊ အားနည်းချက်တွေကိုမရရအောင်ပြင်ယူပြီး ထူးချွန်ထက်မြက်တဲ့ ပညာတတ်တွေဖြစ်အောင် စွမ်းဆောင်နိုင်သွားကြသူတွေရှိနေပါတယ်။တကယ်လေးစားလောက်တဲ့မိဘတွေပါ။

တချို့ကျတော့ -

ကိုယ့်သားသမီး တကယ်သုံးမရဖြစ်နေတာတောင်မှ၊ ဖျင်းလွန်းနေတာတောင်မှ ငါ့သားသမီးကိုလာမထိနဲ့၊ ဓားကြည့်ဆိုတဲ့သူတွေလည်းရှိနေပါတယ်။ အဲဒီကလေးလေးတွေဆိုရင် တကယ်သနားဖို့ကောင်းပါတယ်။ သူတို့ရဲ့အနာဂတ်လေးတွေဟာ မှိန်ဖျော့ဖျော့ဖြစ်နေသလိုပါပဲ။

သူတို့ကလည်း ဒီအဖေ၊ ဒီအမေကိုပဲ အားကိုးတတ်ပြီလေ။

ကိုယ့်ခြေထောက်ဟာ ကိုယ်တကယ်ရပ်ဖို့ပါလားဆိုတာ သူတို့မသိတော့ဘူး။ ကိုယ့်ခြေထောက်ဟာ ကိုယ်သွားလိုရာခရီးကို တကယ်ပို့ဆောင်နိုင်ပါလား၊ တကယ်လျှောက်ဖို့ပါလားဆိုတာ မသိတော့ဘူး။ ကိုယ့်ဦးနှောက်ဟာကိုယ်ပိုင်ပါလားဆိုတာ မသိတော့ဘူး။

ထစ်ခနဲဆို အမေတွေးပေးပါ၊ အဖေတွေးပေးပါပဲ။

ဒီကလေးလေးတွေ တွေးခေါ်ရှင်ဖြစ်လာဖို့ ပညာတတ်ကြီးတွေဖြစ်လာဖို့ အနာဂတ်ရဲ့သားကောင်းရတနာလေးတွေဖြစ်လာဖို့ တွေးမပေးကြတော့ဘူးလား။

ကလေးဆိုတာ မိဘကို ချစ်ကြောက်ရှိသေဖြစ်သင့်ပါတယ်။

ကလေးက မိဘကိုလွန်အောင်ကြောက်ဖို့လည်းမလိုပါဘူး။ ခြောက်မထားသင့်ပါဘူး။

နင်းကန်ပြီးတော့လည်း မပြောရက်မှဆိုရက်၊ မခိုင်းရက်နဲ့ အလိုမလိုက်သင့်ပါဘူး။ ဒါဟာလည်း ကလေးတွေရဲ့အရည်အချင်းတုံးစေခြင်းတစ်မျိုးပါပဲ။

ငယ်တုန်းက နင်းကန်အလိုလိုက်-

အရွယ်လေးရလာမယ်ကြံတော့ အပြေးအလွှားပြုပြင် -

ကလေးက ခေါက်ရိုးကျိုးနေပြီမို့ မရတော့ -

ဒီအခါမှာ ပြောရ၊ ဆူရ၊ ဆဲရ၊ ရိုက်ရတွေဖြစ်ကုန်ရော။ ကိုယ်ဆူတဲ့၊ ဆဲတဲ့၊ ရိုက်တဲ့အရွယ်လည်းရောက်လာရော သူတို့က ရှက်တတ်ပြီ။ ဒီတော့မခံကြတော့ဘူး၊ ပြန်ပြောရော။ ပြန်ပြောတော့ မိဘတွေမှာ စိတ်နှစ်ဆတိုးရပြန်ရော။

ကဲ -

ဒါတွေဟာဘယ်ကစလာတာလဲ။

ဒါတွေဖြစ်လာတဲ့အခြေခံအစက အလိုမလိုက်သင့်တာတွေကို ဇွတ်မျက်စိမှိတ်ပြီး အလိုလိုက်ခဲ့လို့ပဲဖြစ်ပါတယ်။

တချို့များ ဘယ်လောက်အထိအောင်အလိုလိုက်လဲဆိုရင် ကလေးရဲ့လိုအင်ဆန္ဒတစ်ခုထဲကြည့်ပြီး၊ လုပ်ချင်တာတစ်ခုထဲကြည့်ပြီး အိမ်ထောင်ရေးတောင်အကွဲခံသွားကြတဲ့သူတွေ တော်တော်များများတွေ့ခဲ့ဖူးပါတယ်။

ဒါတလွဲဆံပင်ကောင်းတွေပါပဲ။

ဒီလိုကွဲသွားတော့ကောဘာအကျိုးရှိမှာလဲ။

အဲဒီကလေးအတွက်အကွဲခံလိုက်ပေမယ့် အဲဒီကလေးကရော ချက်ချင်းလူဖြစ်ပြီလား၊ သူ့ခြေထောက်ပေါ်သူရပ်တည်နိုင်ပြီလား၊ သူ့ကိုအားကိုးလို့ရပြီလား။

အများကြီးစဉ်းစားသင့်ပါတယ်။

ဖအေဟာန့်လို့ မအေက မျက်စိမှိတ်အလိုလိုက် -

မအေကစည်းကမ်းကွပ်လို့ အဖေက ဇွတ်ပေအလိုလိုက် -

အဲဒီလိုနဲ့ပဲ အယူအဆတွေဆန့်ကျင်လာကြတော့ ဟော - အိမ်ထောင်ရေးတွေပါ ထိခိုက်ကုန်ရော။

အိမ်ထောင်ရေးထိခိုက်သွားလို့ အဲဒီကလေးအတွက် အကျိုးရှိမလား။

ရှိရင် ဇွတ်ပေပြီးအလိုလိုက်ပေတော့။

တချို့များဆို ဘေးပတ်ဝန်းကျင်က စေတနာနဲ့ပိုင်းပြောတာတောင် ကိုယ့်သားသမီးကိုနှိမ်တယ်ဆိုပြီး အတွေးလွဲ၊ အမြင်လွဲတဲ့သူတွေ အများကြီးတွေ့ဖူးပါတယ်။

ဒီအချစ်တစ်ခုထဲနဲ့ ပြီးပြည့်စုံမှု ဘယ်ရှိနိုင်ပါ့မလဲ။

ငါ့သားလေး ငါချစ်တယ်၊ ငါ့သမီးလေး ငါချစ်တယ်ပြောနေရုံနဲ့ ကရှလေးတွေရဲ့ဘဝဟာ လှလာမလား၊ စည်းကမ်းတွေပြည့်ဝလာမလား၊တော်လာမလား။

ဒီလိုမဟုတ်သေးဘူးလေ။

မိဘ ဆိုတာက သားသမီးကို စည်းကမ်းပြည့်ဝနေဖို့ လက်ဦးဆရာပဲ။

သားသမီးတွေအသိတရားရှိလာဖို့ လက်ဦးဆရာပဲ။

ဒါတော့သိနေရမှာပေ့ါ။

ဘဝမှာ လက်ဦးဆရာဟာ အရေးအကြီးဆုံးပါပဲ။

တစ်ခါကမြင်ဖူးတယ်။

အရမ်းခင်တဲ့သူတစ်ယောက်ရဲ့သား -

အလုပ်မရှိလို့ အလုပ်လေးများပြောပေးလို့ရရင် ဆရာပြောပေးပါဦးဆိုပြီး နားပူနားဆာလုပ်လွန်းလွန်းလို့ အသိတစ်ယောက်ရဲ့ လုပ်ငန်းခွင်ကိုသွားပြီး အဲဒီအလုပ်ရှင်ကိုပဲကိုယ်တိုင်ပြောပေးလိုက်ပါတယ်။ အလုပ်ရှင်က အားရဝမ်းသာနဲ့ -

ဟာ - ဆရာကိုယ်တိုင်လာပြောတာပဲ၊ ကျွန်တော်ခန့်မှာပေ့ါ။ သူ့ကို မနက်(၆)နာရီခွဲကျွန်တော့်ဆီအရောက်လာခိုင်း။ ကျွန်တော်သူ့ကိုမုန့်ကျွေးသ ပြီးရင် ကျွန်တော်ကားနဲ့ခေါ်သွားမယ်။

www.burmeseclassic.com

အမင်းကျွေးမယ်။ နေ့လယ်စာလက်ဖက် ရည်တိုက်မယ်။ ညနေကတော့ သူ့အစီ အစဉ်နဲ့သူပြန်ပေါ့ဆိုပြီးပြောပါတယ်။

ကဲ-ငါတော့ပြောပြီးပြီဟေ့၊ ကျန် တဲ့ကိစ္စ မင်းကြိုးစားပေတော့ဆိုပြီး အဲဒီ လူငယ်ကိုပြောလိုက်ပါတယ်။ ပထမဆုံး နေ့သွားပြီး နောက်နေ့ကျတော့ အလုပ် ရှင်က ဖုန်းလှမ်းဆက်လို့ သူ့အိမ်ကို လိုက်သွားကြည့်ပါတယ်။ (၇) နာရီခွဲနေ ပြီ အိပ်တုန်း။

ဟာ - သူဒီနေ့အလုပ်မသွားဘူး လား၊ ဟိုမှာအလုပ်ရှင်ကဖုန်းဆက်လို့ ဆိုတော့ သူ့အမေက အင်တင်တင်နဲ့ ကလေးက မနက်စောစောထရလို့ ခေါင်းတွေနောက်လို့တဲ့၊ အဲဒါ. . . ဆိုပြီး ရှုပ်ထားပါတယ်။ သိလိုက်ပါပြီ။ မနက် စောစောမထချင်တဲ့သားသမီးရဲ့စကား ကို ချက်ချင်းလက်ခံ၊ ချက်ချင်းဆုံးဖြတ် ပေးလိုက်တဲ့ ဒီလိုမိခင်မျိုးကို နည်းနည်း တော့ အံ့ဩသွားပါတယ်။ အဲဒီကလေး ဟာ အသက်နှစ်ဆယ့်ငါးနှစ်ရှိတဲ့ကလေး။ ဘာလို့အအိပ်မက်တော့မလဲ။ လုပ်ငန်း ခွင်နဲ့ ဘယ်ဟာက အရေးကြီးဆုံးလဲ။

ခုဆို -

အဲဒီ လူငယ်လေးဟာ အသက် လေးဆယ့်သုံးနှစ်ထဲတောင်ရောက်သွား ပါပြီ။ ခုချိန်ထိအလုပ်အကိုင်မယ်မယ်ရရ မရှိသေးပါဘူး။ သူ့မိဘတွေက ခုမှပူနေ ကြရပါပြီ။

ဒီလိုပူရအောင်သူတို့ပဲဖျက်ခဲ့တာ ပေါ့လေ။

သူတို့ပဲအလိုလိုက်ခဲ့တာပဲ။

အမိကနဲ့ သာ့မညကို သူတို့ကိုယ် တိုင်ခွဲမပေးနိုင်ခဲ့တော့ ငါ့သားပဲဆိုတဲ့ အတ္တစွဲကြီးရှိနေတော့ ကြားကဟိုကလေး က ဘာမှဖြစ်မလာတော့ပါဘူး။

ဒီလိုဖြစ်သွားကြသူတွေ အများ ကြီးပါ။

ပျင်းတာကိုအားပေးဖို့၊ ဖျင်းတာ ကိုဝှက်ယူနေဖို့ မဟုတ်ပါဘူး။ တလွဲ ဆံပင်မကောင်းသင့်ပါဘူး။

ကိုယ့်သားသမီးကလေးတွေဟာ တကယ်တော့ အပြစ်ကင်းစင်ကြသူတွေ ပါ။ ကလေးဆိုတဲ့သဘာဝဟာ အပြစ် ကင်းကြတာချည်းပါပဲ။

အဲဒီကလေးလေးတွေကိုနားလည် ပေးဖို့၊ စည်းကမ်းရှိရှိချစ်တတ်ဖို့တော့ လိုပါလိမ့်မယ်။

သူတို့လေးတွေလုပ်တဲ့အရာမှန် သမျှကို ငါ့သားလုပ်တာပဲဘာဖြစ်လဲ။ ငါ့ သားလုပ်ချင်လို့ ငါဖန်တီးပေးတာပဲ ဘာ ဖြစ်လဲ။ ငါ့သားပြောတာအမှန်ပဲဘာဖြစ် လဲ။ ငါ့သားလိုချင်လို့ငါမရရအောင်လုပ် တာပဲ ဘာဖြစ်လဲဆိုလို့ကတော့ ကိုယ် တိုင် အမှောင်ဖုံးနေသလိုဖြစ်ရုံမကဘဲ ဖြူစင်လွန်းတဲ့ ကလေးလေးတွေကိုပါ အရောင်ဆိုးလိုက်သလိုဖြစ်သွားလိမ့်မယ် ဆိုတာကိုတော့ သတိမူနေဖို့လိုပါလိမ့် မယ်။

တချို့ကလေးလေးတွေဟာ မိဘ ကို နားလည်ကြပါတယ်။

တချို့ကလေးလေးတွေကျတော့ မိဘမှာရှိမှန်းမသိမရှိမှန်းမသိ မရမက ငွတ်ပူဆာတတ်တာမျိုး၊ မသိမသာကျိတ် ပူဆာတတ်တာမျိုး၊ ခံစားချက်အမျိုးမျိုး လုပ်ပြတဲ့အမူအရာနဲ့ ပူဆာတတ်တာမျိုး ရှိကြပါတယ်။

ဒီလို ကလေးမျိုးလေးတွေရဲ့မိဘ တွေကိုကြည့်လိုက်ရင် တော်တော့်ကို အဆင်မပြေကြတာတွေတွေ့ရပါတယ်။ အိမ်ထောင်ရေးတွေလည်း ထိခိုက်လာ တတ်ကြပါတယ်။ အဲဒါ ဘာကြောင့်လဲ ဆိုတော့ ကလေးပူဆာတိုင်း တစ်နည်း မဟုတ်တစ်နည်းနဲ့ မရရအောင်၊ မဖြစ် ဖြစ်အောင် အလိုလိုက်တတ်ကြလို့ပါပဲ။

ကိုယ့်ခွန်အားကိုယ့်အားကို မချင့် ချိန်တော့ပါဘူး။ စောစောကပြောသလို 'ငါ့သားလိုချင်တာပဲဘာဖြစ်လဲ' ဆိုတာ မျိုးတွေဖြစ်လာတော့တာပါပဲ။

ဒီအခါမှာ ကြွေးမတင်သင့်ဘဲတင် လာရတာတို့၊ မိခင်နဲ့ဖခင်ကြားမှာအမြင် မတူတော့တဲ့ စိတ်သဘောထားကွဲလာ တာတို့ဖြစ်လာဟတ်ပါတယ်။

တချို့ဆို အိမ်ထောင်ရေးကွဲသွား ကြတဲ့အထိမြင်ဖူးပါတယ်။

ဒါဟာ ခုနလို ပူဆာတတ်တဲ့ ကလေးကို နားလည်သဘောပေါက် အောင် ရှင်းမပြကြလို့ပါဘဲ။ နားဝင် အောင် ရှင်းမပြကြလို့ပါဘဲ။ ကလေးဆို တာ နားဝင်အောင်ပြောရင်ရပါတယ်။ ခုတော့ နင်းကန်အလိုလိုက်တော့ ပူဆာ မှုတဖြည်းဖြည်းကြီးလာတော့တဲ့အခါ -

အရွယ်လေးရလာလို့ သူများတွေ လို သုံးချင်၊ ဖြုန်းချင်၊ သွားချင်၊ လာချင် ဖြစ်လာတော့တဲ့အခါ -

ဒါတွေးပြတာပါ။

လက်တွေ့အများကြီးရှိနေကြတာ မို့ လက်တွေ့တွေနဲ့ယှဉ်ပြီးတွေးပြတာပါ။

အမိဟာယ်ကင်းမဲ့တဲ့စိတ်နဲ့ ငွတ် မိုက်အလိုလိုက်ခြင်းဟာ ကလေးကို အရောင်ဆိုးလိုက်တာပါပဲ။

ဖြူစင်နေတဲ့ကလေးကို အရောင် ဆိုးလိုက်တာပါပဲ။

ကောင်းခြင်း၊ဆိုးခြင်း၊ မှားခြင်း၊မှန် ခြင်းကို မတွေးတတ်တော့အောင် သူ့ စိတ်လေးကို အရောင်ဆိုးပစ်လိုက်တာပါ ပဲ။

စဉ်းစားကြည့်ပါ။

စာမေးပွဲတဗုန်းဗုန်းကျ၊ ကြိုး လည်းမကြိုးစားချင်၊ ပြောလို့ဆိုလို့လည်း မရ၊ မိဘစကားလည်းနားမထောင်ဖြစ် နေတဲ့ကလေးက လက်ကိုင်ဖုန်းလိုချင် တယ်ဆိုပြီး မရမကပူဆာတယ်။ ဖခင်က စာမကြိုးစားတော့ ဝယ်မပေးချင်ဘူး။ စာမေးပွဲအောင်အောင်ကြိုးစား၊ အောင် ရင်ဝယ်ပေးမယ်ဆိုပြီး ကြိုးစားအောင် ပြောလိုက်တယ်။

ကလေးဟာ မိခင်မြင်လောက်တဲ့ နေရာတွေကနေ ကြွေပြတယ်၊ ငိုပြတယ်၊ စိတ်ထိခိုက်ပြတယ်၊ မှိုင်ပြတယ်။

ဒါနဲ့ပဲ မိခင်က ဝယ်ပေးလိုက် ကရော။

အဲဒီကလေးစာမေးပွဲထပ်ကျသွား တယ်။

ဒါ ကလေးကို ဘယ်သူအရောင် ဆိုးလိုက်တာလဲ။

ရှင်းပါတယ်။

စာကြိုးစားဖို့အပေးအယူတောင် မလုပ်ရက်ဘူးဆိုတာဟာ ဒါကလေးကို မချစ်ကြောင်း ထင်ရှားသွားတာပါပဲ။

ကလေးဆိုတာချစ်တတ်ရပါလိမ့် မယ်။

ဖြူစင်တဲ့ကလေးတွေပါ။အရောင် မရှိကြပါဘူး။

ဒါကို အရောင်သွားမဆိုးမိဖို့ အရေးကြီးပါတယ်။

သိသိကြီးနဲ့အရောင်ဆိုးလိုက်တာ ရှိသလို မသိမသာနဲ့ အရောင်ဆိုးလိုက် မိတာတွေကိုလည်း သတိထားဖို့လိုပါ တယ်။

အင်မတန်မှ တောက်ပတဲ့ စိတ် ဓာတ်ရှင်လေးတွေပါ။

ဒီလိုစိတ်ဓာတ်ရှင်လေးတွေ ထူး ချွန်ထက်မြက်ဖို့၊ လူချွန်လူကောင်းလေး တွေဖြစ်လာဖို့၊ တန်ဖိုးကြီးမားလှတဲ့ ဘဝ အဆင့်ဆင့်မြင့်တက်ဖို့ -


လက်ဦးဆရာသည်သာ -

လို့ -

အကြံပြုလိုက်ပါရစေ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com



ကျွန်တော် ဖိုးကျော်သည် သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနကြီး၌ နှစ်ပေါင်း (၃၇) နှစ်တိတိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မြန်မာ့အသံ ရေဒီယိုခေတ်က တေးပြုစာဆို တက္ကသိုလ်မြစိမ်း (ကိုမြင့်စန်း) ရေးသား သီကုံး၍ မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့သော သီချင်းတစ်ပုဒ်ထဲကလို 'ပဒေသာမြေရှာစို့လား' ဆိုသည့်အတိုင်း ပဒေသာဖြစ်သောတွင်းထွက်သယံဇာတ ဓာတ်သတ္တုများကို တောတောင်အနှံ့ ခြေဆန့်၍ လေ့လာရှာဖွေရသည့် ဦးစီးဌာနကြီး ဖြစ်ပါသည်။

ဓာတ်သတ္တုသယံဇာတများအား ဘူမိဗေဒအမြင်ဖြင့်ဘွဲ့ရခဲ့ကြသည့် ဘူမိဗေဒပညာရှင်များက လေ့လာရှာဖွေဖော်ထုတ်ခြင်း ဖြစ်ပါသည်။ ဘူမိဗေဒပညာရှင်များက လေ့လာရှာဖွေသည်ဆိုသော်လည်း တွဲဖက်အထောက်အကူပြုပညာရှင်များလည်း ပါဝင်ကြပါသည်။ သယံဇာတအား ဓာတ်ခွဲစမ်းသပ်ရန် ဓာတုဗေဒပညာရှင်များ၊ မြေအောက်အနက်ပိုင်းအထိ လေ့လာရှာဖွေနိုင်ရန် စိန်လွန်ဖက်ဆိုင်ရာ အင်ဂျင်နီယာများ၊ ဘူမိရူပဆိုင်ရာ အီလက်ထရွန်နစ်စက်ပစ္စည်းများဖြင့် ရှာဖွေ၍ ဘူမိရူပဗေဒပညာရှင်များ စသည်ဖြင့် ပူးပေါင်းလုပ်ကိုင်ကြရပါသည်။

တွဲဖက်အထောက်အကူပြုပညာရှင်များတွင် ကျွန်တော် ဖိုးကျော်က မြေပုံဖက်ဆိုင်ရာ နိမ့်မြင့်ပြကွန်တိုမြေပုံတိုင်းတာရေးဆွဲထုတ်လုပ်ရသည့် ဆာဗေယာအုပ်စုတွင် တာဝန်ထမ်းဆောင်ရပါသည်။ ကျွန်တော် သက်ပြည့်ပင်စင်မယူခင်ခေတ်က ဒစ်ဂျစ်တယ်ကွန်ပျူတာတပ်ဆင်ထားသော တိုင်းတာရေးကိရိယာသီအိုဒိုလိုက်များ မပေါ်သေးပါ။ သို့အတွက် ကွန်တိုမြေပုံတစ်ခုရရှိရန် အတော်ပင် ကြိုးပမ်းအားထုတ်ကာ တိုင်းတာကြရပါသည်။

သီအိုဒိုလိုက် (Theodolite) တစ်လုံးဖြင့် တစ်နေကုန်တိုင်းတာရရှိထားသော Data များအား ညဘက်တွင် လော့ဂရစ်သမ်တစ်အုပ်ဖြင့် ခေါင်းပူအောင် တွက်ထုတ်ပုံဆွဲရပါသည်။ စတူဒီယိုတေးသံရှင် လွှမ်းမိုး သီဆိုတဲ့သီချင်းထဲကလို 'ခုတော့လည်း ဒါတွေဒါတွေ ပြီးခဲ့ပါပြီ' လို့ပဲ ဆိုရပါမည်။ အဲ-သို့သော်လည်း မပြီးသေးတာလေးတစ်ခုတော့ရှိသေးတယ်ခင်ဗျ။ အဲဒါကတော့ နားလည်ရန်ခက်သည့် ကိုယ်တွေ့ဂမ္ဘီရဖြစ်ရပ်ကလေး။

နှစ်တွေပြန်တွက်လျှင် လွန်ခဲ့သော (၄၆)နှစ်ကဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီး - ထားဝယ်ခရိုင်အတွင်းက ခဲမဖြူ အဖြိုက်နက်တူးဖော်ထုတ်လုပ်သည့် (---) သတ္တုတွင်းဧရိယာတွင် ကျွန်တော် ဖိုးကျော် ဦးဆောင်သည့် ဆာဗေးအဖွဲ့က ဘူမိဗေဒပညာရှင် ဆရာတိုးတိုး (ကွယ်လွန်) တို့အတွက် ကွန်တိုမြေပုံတိုင်းတာရေးကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်နေရပါသည်။

သတ္တုတွင်းဆိုသော်လည်း လူသူမနီးသည့် တောကြီးမြိုင်လည်မဟုတ်ပါ။ နေ့စဉ် ဈေးကလေး၊ စာတိုက်၊ ရဲစခန်း၊ အလယ်တန်းကျောင်းတို့ဖြင့် သာယာစည်ကားသည့် ရွာကြီးတစ်ရွာဖြစ်ပါသည်။ ယနေ့မြို့နယ်အဆင့်ရောက်သွားပြီဟု သိရပါသည်။

ခဲမဖြူ အဖြိုက်နက်သတ္တုတူးဖော်သူများသည် ထိုအချိန်က ပိသာစားစနစ်ဖြင့် ကိုယ်ရကိုယ်ယူအုပ်စုလေးများဖွဲ့၍ တူးဖော်ထုတ်လုပ်ကြခြင်း ဖြစ်ပါသည်။ တစ်ဖွဲ့တစ်ဖွဲ့လျှင် (၃) ဦး၊ (၅) ဦး၊ (၁၀) ဦး စသည်ဖြင့် အုပ်စုလေးများဖွဲ့ကာ တောင်ကြောတောင်စောင်းများ၌ လိုဏ်ဂူဖောက်၍ တူးဖော်ကြခြင်း ဖြစ်သည်။

လိုဏ်ခေါင်းအတွင်းမှတူးဖော်ထားသောမြေစာများ၊ ကျောက်များကို လက်တွန်းလှည်းလေးများဖြင့်သယ်ယူ၍ ပြင်ပသို့ စွန့်ထုတ်ကြပါသည်။ ဥမင်လိုဏ်ခေါင်းများသည် တောင်စောင်းများတွင်ဖြစ်ပေရာ စွန့်ပစ်သည့် မြေစာများ ကျောက်များအား ဥမင်အဝမှ သွန်ချလိုက်လျှင် တောင်အောက် ချောက်ထဲသို့ တဝုန်းဝုန်းဖြင့် ကျဆင်းသွားပါသည်။

ကျွန်တော်တို့တိုင်းတာရေးဆာဗေးအဖွဲ့ကလည်း ထိုသို့ တူးဖော်နေသော လိုဏ်ခေါင်းများနှင့် မနီးမဝေးတွင်လည်းကောင်း၊ လိုဏ်ခေါင်းအဝနားတွင်လည်းကောင်း တိုင်းတာမှုများပြုလုပ်နေကြရ၍ မြေစာစွန့်ပစ်ရန် လက်တွန်းလှည်းရောက်လာပြီး 'ကျောက်လု' ဟုအော်သံကြားလိုက်ရသဖြင့် အလဲတမော့ကြည့်လိုက်စဉ် ကျောက်ခဲများ မြေစာများ လိမ့်ဆင်းလာ၍ဖြင့် မထိမှန်စေရန် ကမန်းကတန်းပြေးခဲ့ရဖူးပါသည်။ နောင်တွင်မှ 'ကျောက်လု' ဟု အော်သံသည် ကျောက်များသွန်ချတော့မည်ဆိုသောအချက်ပေးသံမှန်းနားလည်ခဲ့ရပါသည်။

ဥမင်အတွင်းမှ စွန့်ပစ်လိုက်သော ကျောက်အချို့တွင် ခဲမဖြူ အဖြိုက်နက်

www.burmeseclassic.com



သစ်တကျင်း

# ကျော်ကျော်ထွန်း

## ပရဂျာသုကြည့်စမ်း

အစအနများ ကပ်ပါလာသည့် ကြာက်အချို့လည်း ပါရှိတတ်သည်။ သတ္တုစလေးများကပ်ပါလာသည့် ကျောက်များအား လိုက်လံရှာဖွေ ကောက်ယူသည့်သူတို့လည်းရှိ၏။ ထို သူတို့ကို ကျောက်ကပ်ကောက်သည် ခေါ်၏။ ကချင်ပြည်နယ် ဖားကန့်၊ မော်၊ လုံးခင်ဘက်ရှိ ကျောက်စိမ်း တို့၌လည်း စွန့်ပစ်ကျောက်များမှ ကျောက်စိမ်းအစအနရှာဖွေသူများကို ဆေးရှာသူဟုခေါ်၏။

ဤခဲမဖြူသတ္တုတွင်း၌ ကျောက် ကောက်သူများမှာ မိန်းကလေးများ သာဖြစ်ပါသည်။ ကျောက်ကပ်ကောက် သူမိန်းကလေးတို့သည် မနက် (၇) နာရီ ခန့်တွင် အိမ်မှထွက်ခဲ့ကြ၏။ ကျောက် ကပ်ထည့်ရန် စကောတစ်ချပ်၊ ကျောက် ထုခြေရန်တူလေးတစ်လက်နှင့် နေ့လယ် စာထမင်းချိုင့် သို့မဟုတ် ထမင်းထုပ်ပါ ၏။ လိုဏ်ခေါင်းများမှ စွန့်ပစ်သော ကျောက်ပုံ၊ မြေစာပုံများတွင် လှည့်လည် ကာ သတ္တုအစအနပါသော ကျောက် ကပ်တို့ကို တူဖြင့်ထုခွဲရှာရ၏။ မျှော်မှန်း ထားသလောက်ရလျှင် ရေရှိရာသို့သွား ၍ ကျောက်တွင်စွဲနေသောသတ္တုစလေး များကို တူဖြင့်ထုခြေကာ သစ်သားဖြင့် ပြုလုပ်ထားသော သတ္တုကျင်ခွက်ဖြင့်ရေ တွင် အနည်းငယ်နှစ်၍ ကျင်ထုတ်သော အခါ အလေးစီးခဲမဖြူသတ္တုတို့က ကျင် ခွက်ဗဟိုချက်တွင် စုကျန်ကာ ပေါ့သော ကျောက်တို့က ခွက်အပြင်ထွက်ကုန်၏။ ဤနည်းဖြင့် ခဲမဖြူသတ္တုသန့်သန့်ရရှိပါ သည်။

တစ်နေကုန် ကျောက်ကပ်ထု၍ရ ရှိသော ခဲမဖြူသတ္တုလေးများကို အိမ် အပြန်တွင် သတ္တုအဝယ်ဒိုင်သို့ဝင်ရောင်း ခြင်းဖြင့် တစ်နေ့တာအကျိုးအမြတ်ငွေ လေးများရရှိသောအလုပ် ဖြစ်၏။

ထိုစဉ်က ကျွန်တော်၏ ဆာဗေး အဖွဲ့တွင် လုပ်ငန်းတိကျမြန်ဆန်စေရေး အတွက် အင်တာကွန်ကြိုးမဲ့စကားပြော စက်ပါရှိပါသည်။ သီအိုဒိုလိုက်တိုင်းတာ ရေးကိရိယာအသုံးပြုသော ဆာဗေယာ နှင့် တိုင်းတာရေးပေတံကြီးထောင်ပြရ သော အလုပ်သမားတို့ ဆက်သွယ်ပြော ကြားရာတွင် အင်တာကွန်စက်ဖြင့် ဆက် သွယ်ပြောကြားပါသည်။ ထိုအချိန်က ယနေ့ရေပန်းစားနေသည့် မိုဘိုင်းဖုန်းတို့ မပေါ်သေးပါ။ အင်တာကွန်စက်ကိုင် ၍ ဆာဗေးလုပ်နေသော ကျွန်တော် ဖိုးကျော်အား ကျောက်ကပ်ကောက် သည့် အပျိုမလေးတို့ အလွန်သဘောကျ နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ဆာဗေးလုပ်နေသော ဟုမ်းဟေး (Home Hill) တောင်ပေါ်တွင် ရင်ခတ်ပန်း၊ သရဖီပန်းနှင့် အမျိုးအမည်မသိရသော တောပန်းကိုလှိုင်လှိုင်ပွင့်သည့် တပေါင်းလရာသီဖြစ်ပေရာ တောပန်းတို့၏ သင်းပျံ့သောမွှေးရနံ့သည် လေယူရာမွှေးကြိုင်လျက်ရှိသဖြင့် အလုပ်လုပ်ရသည်မှာ မပင်ပန်းဘဲ လန်းဆန်းတက်ကြွနေပါသည်။ ကျွန်တော်၏ တိုင်းတာရေးကိရိယာသီအိုဒိုလိုက်ကြီး ထောင်ထားသော မြေတိုင်းမှတ်တိုင် (D.4) ၏အပေါ်တွင် ခရမ်းရောင်ပန်းပွင့်များ ဝေဝေဆာဆာပွင့်နေသည့် အပင်ကြီးက အုပ်မိုးလျက်ရှိပါသည်။ မြေပြင်၌လည်း ပန်းကော်ဇောခင်းထားသည့်အလား ခရမ်းရောင်ပန်းပွင့်များ ကြွေဆင်းပြန့်ကျဲလျက်ရှိရာ ပန်းကမ္ဘာလေးထဲ ရောက်နေသလားဟုပင် ထင်မိပါသည်။

လက်ထောက်ဆာဗေယာဖြစ်သူ ကိုအောင်သန်းကလည်း မလှမ်းမကမ်းရှိ ဥမင်လိုဏ်ခေါင်းဖောက်သူများထံ သွားရောက်၍ စာရင်းကောက်နေသဖြင့် ကျွန်တော်တစ်ယောက်တည်းရှိနေ၏။ ပန်းကမ္ဘာလေးထဲရောက်နေသလိုခံစားရင်း ငေးမောနေဆဲ နောက်ကျောဘက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်မိရာ ကျောက်ကပ်ထည့်သည့် စကောလေးပွေ့ပိုက်ရင်း ကျွန်တော်ရှိရာသို့လာနေသော မိန်းမပျိုလေးတစ်ယောက်။ သူလည်း ပြန့်ကျဲနေသော ပန်းကော်ဇောပေါ် ဖွဖွလေးနင်းကာ လာနေပါသည်။ ပါးတစ်ဖက်တစ်ချက်တွင် သနပ်ခါးပါးကွက်ကျား၍ စံပယ်ကုံးလေးပန်ထားပါသည်။ ခရမ်းရောင်အင်္ကျီလက်ရှည်လေးဝတ်ဆင်ထားသဖြင့် မြေပြင်တွင် ပြန့်ကျဲနေသည့်ပန်းများဖြင့်လိုက်ဖက်နေပါသည်။ ကြည့်နေမိသည်မှာ မည်မျှကြာသွားသည်မသိပါ။

"အစ်ကိုကလည်း ကြည့်နေလိုက်တာ ကြည်စမ်းတောင် ရှက်သွားပြီ"

ဟု ဆိုလေမှ ကျွန်တော်လည်း ယောင်ယမ်းကာ နှုတ်မှထွက်မိထွက်ရာ-

"ဥစ္စာစောင့်မလေး အယ် - ဟုတ်ပါဘူး၊ ဘယ်သူလဲလို့ပါ"

ဟု အယောင်ယောင်အမှားမှား ဖြစ်သွားပါသည်။ ကျွန်တော်၏စကားကြောင့် မိန်းမပျိုလေးလည်း သွားလေးပေါ်အောင်ပြုံးရင်း-

"ကြည်စမ်းက ဥစ္စာစောင့်မလေး မဟုတ်ပါဘူး အစ်ကိုရယ်"

ဟု ဆိုလာသဖြင့် ကျွန်တော်လည်း သူ့စကားနောက်လိုက်ရင်း -

"ကြည်စမ်းတဲ့လား။ ဟုတ်ပါရဲ့ မျက်လုံးလေးတွေက ကြည်လင်ပြီး မျက်နှာလေးကလည်း စမ်းရေလိုအေးမြနေတာပဲနော်"

"အဟင်း-အစ်ကိုပြောသလောက် မလှပါဘူးရှင်"

ဟု ဆိုကာ ခရမ်းရောင်ပန်းများပွင့်သည့်အပင်ကြီးခြေရင်းတွင် ထိုင်ပါသည်။ ကြည်စမ်း၏ ဟန်ပန်အသွင်အပြင်က ရဲရင့်ဖျတ်လတ်သည့်ကြောင့်ပင် စိတ်ထဲမှ ဥစ္စာစောင့်မလေးဟု တကယ်ထင်မိခြင်း ဖြစ်သည်။

❑

အိပ်ရာမှ စောစောထကာ ကွင်းဆင်းဝတ်စုံယူနီဖောင်းများလဲလှယ်ဝတ်ဆင်၍ ရွာလယ်လမ်းဆုံရှိ ဈေးလေးသို့ ထွက်ခဲ့ပါသည်။ ကျွန်တော်တို့ဆာဗေယာများနေထိုင်သော ခိုင်သဇင်လမ်းနှင့် ပေငါးရာခန့်သာဝေးပါသည်။ ဈေးလေးနားတွင်ရှိသော လက်ဖက်ရည်ဆိုင်တွင် နွားနို့တစ်ခွက်နှင့် သကြားပလာတာစားသောက်ပြီး ဈေးထိပ်ရှိ ဖွားသမ၏ပန်းဆိုင်သို့သွားကာ စံပယ်ပန်းနှစ်ကုံးဝယ်ပါသည်။ ဖွားသမဆိုသည်မှာ သူတို့ဒေသစကားအခေါ်ဖြစ်၍ အဘွားကြီးဟု အဓိပ္ပာယ်ရပါသည်။

ယမန်နေ့က ဟုမ်းဟေးတောင်ပေါ် လုပ်ကွက်တွင် ထူးဆန်းစွာ ကြည်စမ်းဆိုသော အပျိုမလေးနှင့်တွေ့ခဲ့သည်ကို စိတ်စွဲနေသည်လားမသိပါ။ ညက အိပ်မက်ထဲတွင် ကြည်စမ်းက 'အလုပ်လာရင် သူ့အတွက် စံပယ်ပန်းကုံးဝယ်လာပါ။ ကြည်စမ်းက အစ်ကို့အတွက် အုန်းသီးနုနုယူခဲ့မယ်'ဟု ထင်ထင်ရှားရှား အိပ်မက်သောကြောင့် လက်ဖက်ရည်လာသောက်ရင်း စံပယ်ပန်းကုံးဝယ်ခြင်းဖြစ်၏။ အခြားသူများသိလျှင် ဖိုးကျော်တစ်ယောက် ပေါက်သွားပြီဟုပြောမှ မလွဲ။

ယနေ့ တိုင်းတာမှုများလုပ်ရမည့်နေရာသည် ခရမ်းရောင်ပွင့်သည့် ပန်းပင်ကြီးအောက်တွင် မဟုတ်တော့ပါ။ တစ်ဖက်တောင်ဆွယ်လေးရှိ (D.14)မြေတိုင်းမှတ်တိုင်တွင်ဖြစ်ပါသည်။ (D.14) တွင် တိုင်းတာရေးပစ္စည်းများနေရာချပြီးသောအခါ-

"ကိုအောင်ပန်းရေ မနေ့ကနေရာမှာ ကျွန်တော့်ပစ္စည်းလေးတစ်ခုကျခဲ့လို့ သွားရှာဦးမယ်၊ ခဏထိုင်ကြပါ"

ဟု ဆိုကာ ပန်းပင်ကြီးရှိရာသို့ ထွက်ခဲ့ပါသည်။ဘယ်ကမှန်းမသိရသော အပျိုမလေးတစ်ယောက်၊ တစ်ခဏ ဆုံစည်းခဲ့ရသောအချိန်လေး၊ အိပ်မက် ဆိုတာ မရေရာသောကိစ္စ၊ ဒါတွေ အတည်ပြုပြီး ခရမ်းရောင်ပွင့်သော ပင်ကြီးရှိရာလာမိခဲ့တဲ့အဖြစ်က စိတ် မှန်သေးရဲ့လားဟု မိမိကိုယ်ကိုမေး သည်။

သို့သော် ပန်းပင်ကြီးခြေရင်းတွင် ထိုင်နေသည့် အပျိုမလေး၏ ပုံရိပ် ကျွန်တော်၏ သံသယများကို ချေ လိုက်ပါသည်။

"ဟယ် - ဥစ္စာစောင့်မလေး အဲ ကြည်စမ်း၊တကယ်ရောက်နေတယ်နော်"

ဆိုသည့် အံ့သြဝမ်းသာသံကြော ကြည်စမ်းလည်း ကျွန်တော်ကိုမြင် ကာ-

"ဟောတော့ - အစ်ကိုလည်း တကယ်ရောက်လာတယ်။ ကြည်စမ်း စပယ်ကုံးလေးတွေလည်းပါတယ်။ ဝ သာလိုက်တာ"

ဆိုသည့် စကားသံအဆုံးတွင် ကျွန်တော်လည်း ကြည်စမ်းလက် စံပယ်ကုံးလေးတွေ ထည့်ပေးလိုက် သည်။ ကျွန်တော်ပေးလိုက်သော စံပ ကုံးလေးကို သူ့ကေသာမှာ အမြတ်တ ပန်ဆင်ရင်း -

"မနေ့ညက ကြည်စမ်းစိတ်ထဲ အစ်ကို ငါ့အတွက် စံပယ်ကုံးဝယ် ရင် ကောင်းမှာ၊ ငါကလည်း အစ်ကို့ အုန်းသီးနုနုတစ်လုံးခူးသွားပေးမယ် ဒီမနက်ပဲ အုန်းသီးတစ်လုံးခူး၊ အခွံ နွာပြီး ယူလာခဲ့တယ်။ ဒီမှာလေ"

ဆိုကာ ကျောက်ကပ်စကော ထဲမှကျွတ်ကျွတ်အိတ်ဖြင့်ထုပ်ထား အုန်းသီးကိုပေးပါသည်။ ထူးဆန်းလှ သည့်အိပ်မက်။

အပိုစကားတွေမသွင်းဘဲ လို ကိုဆက်ရသော် တဖွဲဖွဲကြွေကျနေသ ခရမ်းရောင်ပန်းပွင့်များက မင်္ဂလာ သားနှင့် သတို့သမီးကို ပန်းကြဲနေသ ကျွန်တော်နှလုံးသားကလည်း ကြည် ၏အပြုံးများကို အကြင်နာများ လွှ ပေးလိုက်ပါသည်။

ထိုအခိုက်မှာပင် တစ်ဖက်တော စောင်းဆီမှ -

"ကြည်စမ်းရေ့ နင်ဘယ်မှာလ"

ဆိုသော အသံတစ်သံထွက် လာသဖြင့် -

"အစ်ကို၊ ကြည်စမ်းသွားဦး နော်"

ဟု ထရပ်ဟန်ပြင်စဉ် ကျ လည်း ကြည်စမ်း၏ လက်ကိုဆေ


www.burmeseclassic.com

www.burmeseclassic.com

…သေးဘဲ -

"အစ်ကိုမေးတာတွေဖြေမှသွားခွင့်

… အကျပ်ကိုင်ရာ -

"အစ်ကိုမေးခွန်းတွေကလည်းများ …နော်။ ဖြေပါမယ်။

… ကြည်စမ်းက တခြားမိန်းကလေး …လိုက်ပြီး ကျောက်ကပ်မရှာ

… ဟိုဘက်က တောင်စောင်းမှာ …အစ်ကိုပါဝင်တဲ့(၁၃)ယောက် …လိုက်ဂူရှိတယ်။

(…) ကြည်စမ်းက ပရလောကမှနေတဲ့ …

ကြည်စမ်းစကားမဆုံးမီ ခေါ်သံ … လာပြန်သဖြင့် ကျွန်တော့်မျက် … သို့ နိုင်စွမ်းသောအပြုံးလေးများ …ကြည့်ပြီး ပြေးဝင်ပျောက်ကွယ် …သည်။ ခေါ်သံကြားသည်နှင့်ပြေး …ပျောက်ကွယ်သွားသောကြည်စမ်း။ …လတ်သောအမူအရာတို့သည် …ယ်တော့ ထူးဆန်းသည်ဟုထင် … အိပ်မက်ကလည်း ကြည်စမ်း …င်လာပြောသည်သို့ထင်ရှားပြတ် …နေသည်။ ယခုလည်း အိပ်မက်ထဲ …တိုင်း တစ်ခုမျှမလွဲချေ။ ကြည်စမ်း …သည်က 'ပရလောကမှနေတဲ့ ပရလော …ပါလား။

ကျွန်တော်နားလည်သည်က ပရ …ဆိုသည်မှာ ကျွန်တော်တို့လို …လူ့ဘုံသားများမဟုတ်သော ဘဝ …ည့် လောကသားများဖြစ်ပါသည်။ …လျှင် ဤအပျိုမလေး ကြည်စမ်း … ဘဝခြားသော ပရလောကသား …သော၊ မနုဿလူသားများ၏ ပရ …ည်ရှိသောရွာကပေလော ဆိုသည့် …များဖြစ်၍ မြေတိုင်းမှတ်တိုင် …14) သို့ ပြန်ခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီးသည် …သောဒေသတို့ထက် ပို၍မိုးရွာ … များပြားသောဒေသ ဖြစ်ပါသည်။ …လို မေလဆန်းစတွင် မြန်မာနိုင်ငံ …အရပ်ဒေသများတွင် မိုးရွာချင်မှ …ည်ဖြစ်သော်လည်း ကျွန်တော်တို့ …တာရေးဆာဗေးလုပ်နေသည့် (--) …တွင်းဟုမ်းပေးတောင်ရိုးယာတွင် …14) မှတ်တိုင်ဝန်းကျင် တိုင်းတာပြီးစီး …နေ့မှစ၍ လေရောမိုးပါ သဲသဲမဲမဲ …သွန်းသဖြင့် အလုပ်မဆင်းရသည်မှာ …က်ရှိသွားပါပြီ။

သုံးရက်စလုံး မိုးရွာထားသဖြင့် …ပင်ဝါးပင်များ စိမ်းလန်းနေသလို ပုစဉ်းရင်ကွဲကောင်များအော်သံကလည်း ညံစီနေပါသည်။ကွန်တိုဒေတာများတိုင်းခြင်း၊ ဥမင်လိုဏ်ခေါင်းများမှတ်တမ်းတင်ခြင်းတို့ ဆက်တိုက်ပြုလုပ်နေရသဖြင့် နေ့လယ် (၁၂) နာရီထိုးမှ ထမင်းစားနားရပါသည်။ ထမင်းစားပြီးသောအခါ လက်ထောက်ဆာဗေယာကိုအောင်သန်းနှင့်ပေတံကြီးကိုင်သူ အောင်မြင့်ထွန်းတို့က လိုဏ်ဂူများသို့သွားရောက်၍ မှတ်တမ်းယူသဖြင့် ကျွန်တော်နှင့် ထွန်းအေးတို့ ကျန်ခဲ့ပါသည်။

ထွန်းအေးသည် ခေတ္တအနားရ နိုက်အချိန်လေးအတွင်း သီအိုဒိုလိုက်ထည့်သော ဘူးခွံပေါ် ခေါင်းအုံးအိပ်ရင်း မကြာမီပင် အိပ်ပျော်သွားပါသည်။ ကျွန်တော်လည်း ပုစဉ်းရင်ကွဲအော်သံများနားထောင်ရင်း ပရလောကသူအပျိုမလေးကြည်စမ်းများ ရောက်လာပေမည်လားဟု သူ့အစ်ကိုများတူးဖော်နေသည်ဆိုသော လိုဏ်ဂူရှိသည်ဆိုသောဘက်သို့ မျှော်ကြည့်မိပါသည်။

ကြည်စမ်း ပြသောဘက်တွင် မြေများပြိုကျနေသည့် တောင်စောင်းတစ်ခုကို မြင်ရသလို မြေပြိုများပေါ်တွင် ဇောင်းမလေးပင်၊ စိန်နားပန်ချုံပင်၊ ဂျာမနီချုံပင်များ ပေါက်နေသည်ကိုတွေ့ရသဖြင့် နှစ်အတန်ကြာကပင် ပြိုကျနေသောနေရာဖြစ်ပေလိမ့်မည်ဟုတွေးရင်း ကြည့်နေစဉ် လူဆယ်ယောက်ခန့်ရှိသောအုပ်စုသည် မြေစာသယ်ထုတ်သော လက်တွန်းလှည်းလေးတစ်စီးကိုတွန်းကာ ပစ္စည်းကိရိယာများဖြင့် မြေပြို၏တစ်ဖက်ချိုင့်မှတောင်အောက်သို့ဝင်ရောက်သွားကြပါသည်။

ထို့ကြောင့် ကိုအောင်သန်းနှင့် အောင်မြင့်ထွန်းတို့ပြန်လာလျှင် ထိုလိုဏ်ဂူ၏မှတ်တမ်းပါသွားယူခိုင်းမည်ဟု မှတ်သားထားပြီး မကြာမီတွင် ကိုအောင်သန်းတို့ ပြန်ရောက်လာပါသည်။

"ဆရာကျော်ရေ လိုဏ်ဂူရှင်တွေက ရေနွေးကြမ်း၊ ငါးခြောက်ဖုတ်နဲ့ဧည့်ခံနေလို့ ကြာသွားတယ်"

ဟု ရောက်မဆိုက်ဆိုပါသည်။

"ရပါတယ်ဗျာ၊ ဒါနဲ့ တစ်လက်စတည်း ဟိုတောင်စောင်းမြေပြိုတွေနားမှာ လိုဏ်ဂူတစ်ခုရှိတယ်။ အဲဒီကမှတ်တမ်းပါ တစ်ခါတည်းသွားယူဗျာ"

ဟု ဆိုလျှင် စောစောကလူများဝင်သွားရာဘက်ကိုလက်ညှိုးညွှန်ပြလိုက်ပါသည်။ ထိုစဉ် အိပ်ရာမှနိုးလာသောထွန်းအေးက -

"ဆရာကျော် ဘာပြောတယ်၊ ဘယ်နားကလိုဏ်ဂူလဲ"

ဟု ဆိုလာသောကြောင့် -

"ဟော့ - ထွန်းအေးရေ မင်းက ကာလနဂါးမင်းလိုအိပ်နေတုန်းက လူတစ်စု တွန်းလှည်းတွန်းပြီးဝင်သွားတာ ငါကိုယ်တိုင်မြင်လိုက်တာကွ"

ကျွန်တော့်စကားကြောင့် ထွန်းအေးလည်း ကျွန်တော်ပြသောနေရာသို့ လှမ်းမျှော်ကြည့်ကာ-

"အဲဒီနေရာမှာ လိုဏ်ဂူလုံးဝမရှိဘူး ဆရာကျော်ရဲ့၊ ခဏမှေးရင်း အိပ်မက်တာဖြစ်မှာပါ"

ဆိုသဖြင့် ကျွန်တော်လည်း ဒေါသထွက်ကာ -

"ဟေ့ကောင် ထွန်းအေး၊ ငါလုံးဝမအိပ်ဘူးကွ၊ အသေအချာမြင်လို့ပြောတာ"

ဤတွင် ခိုင်သဇင်လမ်းတွင်နေသော ပေတံကြီးကိုင်သူ အောင်မြင့်ထွန်းကပါ-

"ဟုတ်တယ် ဆရာကျော်ရဲ့၊ အဲဒီဘက်မှ ဘာလိုဏ်ဂူမှမရှိဘူး"

ဟု ဆိုရင်း. . .

လွန်ခဲ့သောဆယ်နှစ်ခန့်က လူ (၁၃) ဦးအစုစပ်လုပ်သောလိုဏ်ဂူသည် ယခုလို မိုးရာသီ မိုးသဲသဲမဲမဲရွာနေစဉ် တောင်ပြိုမှုဖြစ်ပွားရာ လိုဏ်ဂူရှိသောအပိုင်းပါ ပါဝင်သွားပြီး ပိတ်မိကုန်သဖြင့် ရှိသမျှလူအင်အားဖြင့် စုပေါင်းကယ်တင်ကြပါသော်လည်း တောင်ပြိုမှုပမာဏကြီးမားလှ၍ လက်လျှော့ပြီး ဤအတိုင်းပင်ထားခဲ့ရကြောင်း ရှင်းပြပါသည်။ ကံဆိုးရှာသော ထို(၁၃)ဦး၏ ရုပ်ကြွင်းများ ယနေ့တိုင် ထိုအောက်၌ရှိနေပါသေးကြောင်းပါ ကြားသိရသဖြင့် ကျွန်တော်လည်း စောစောကလူများဝင်သွားသည့်နေရာသို့ သူတို့ပါခေါ်၍သွားကြည့်ပါသည်။

တောင်ပြိုမှုမြေများပေါ်၌ သစ်ပင်ငယ်များ၊ ခံပင်အရိုင်းများ၊ စိန်နားပန်ချုံများ၊ ဇောင်းမလေးပင်များသာပေါက်ရောက်လျက်ရှိသည်မှလွဲ၍ ဘာလိုဏ်ဂူမှမရှိပါချေ။ ဤသို့ဆိုလျှင် ကျွန်တော်မြင်လိုက်သောလူတစ်စုသည် တောင်ပြိုမှုတွင် ကံဆိုးသူမောင်ရှင်များပေလော၊ ထူးဆန်းစွာဆုံရသည့် အပျိုမလေးကြည်စမ်းလည်း ပရအမည်ရှိ လူသားတို့၏ရွာမှ အပျိုမလေးလား၊ ဘဝခြားသောပရလောကသားပေလောဆိုသည့် နားလည်ရန်ခက်သော ဂမ္ဘီရဖြစ်ရပ်ဆန်းကိုယ်တွေ့အား မျှဝေတင်ပြအပ်ပါကြောင်း။

သပိတ်ကျင်း-ကျော်ကျော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

မဉ္ဇာကျော်

## ပြည်တွင်းပြည်ပ ကုန်သွယ်လုပ်ငန်းများအတွက်

# လာဘ်ခေါ်ကင်းခြေများစမအဆောင်

ပြာသိုလဆန်း (၉) ရက်နေ့က ဖြစ်ပါသည်။

"ဆရာ၊ ကျွန်တော် မောင်ကျော်ပါ။ အခု ကျွန်တော် ရာသီပေါ်ချုပ်ထည်များနဲ့ ခေတ်ဆန်းဒီဇိုင်းဖက်ရှင်များ (အမျိုးသမီးဝတ်စုံများနှင့် အမျိုးသားဝတ်စုံများ) ကို ပြည်တွင်းဖြစ်နဲ့ ပြည်ပဖြစ်ဒီဇိုင်းမျိုးစုံတို့ကို ရောင်းနေခဲ့တာ ဆရာသိပြီးသားပါ။

အခုပြောချင်တာက ဝါသနာတူ သူငယ်ချင်းများနဲ့ မိတ်ဆွေ (၁၀) ဦး လောက်စုပေါင်းပြီးကုမ္ပဏီတစ်ခုထောင်မလားလို့ပါ ဆရာ။ အားလုံးကလည်း အစစလွှဲထားတဲ့အတွက် ကျွန်တော့်အပေါ် တာဝန်ပိနေတာပေါ့ ဆရာ။

ကျွန်တော်တို့အတွက် လုပ်ငန်းနာမည်ရွေးချယ်ခြင်း၊ အစုရှယ်ယာရှင်များအားလုံးအတွက် အကျိုးဖြစ်မယ့် အဆောင်အစီအမံစီမံပေးဖို့ အခုဆရာ့ဆီ ဖုန်းဆက်ရတာပါ။

၂၀၁၅ ခု၊ ဇန်နဝါရီ ဒုတိယပတ်ထဲ ကျွန်တော်အရောက်လာပြီးကန်တော့ရင်းနဲ့ ပစ္စည်းလာယူပါ့မယ် ဆရာ။ ဆရာစီမံသင့်တာစီမံဖို့နဲ့ လုပ်ငန်းများအတွက် ဝန်ဆောင်ခစရိတ်အဖြစ်ဘဏ်ကနေပြီးပို့လိုက်ပါမယ်"

ဟု တောင်းခံ၍ ပြောလေတော့သည်။

ကျွန်ုပ်သည် ပြာသိုလဆန်းပိုင်း ရာသီအားဖြင့် သန့်ရှင်းခြင်းနက္ခတ်အားဖြင့်လည်းကောင်း၊ အချိန်အားဖြင့်လည်းကောင်း စင်ကြယ်စွာရွေးချယ်ပြီး ဖော်ပြထားသော 'ဦးခေါင်းနှစ်လုံးပါသော လာဘ်ခေါ်ကင်းခြေများရုပ်စမ' ကို စီမံရပါတော့သည်။

ထူးထူးခြားခြား အောင်အတိတ်၊ အောင်နိမိတ်များပါ တိုက်ဆိုင်စွာကြုံလိုက်ရပါသည်။ ထိုနိမိတ်များကိုကောက်ယူရမည်ဆိုလျှင် 'ဖူးအောင်ဝေလို့ဖြိုး' ဟု ကောက်ရမည် ဖြစ်ပါသည်။

ထူးခြားနိမိတ်ဖြစ်စဉ်တို့မှာ -

တောထဲတောင်ထဲတွင်မဟုတ်၍ နိမိတ်ထူးဟုပြောရခြင်း ဖြစ်ပါသည်။ အယူတော်မင်္ဂလာအရ နိမိတ်ကောက်ရာတွင် ကျွန်ုပ်နေထိုင်သောရပ်ကွက်တွင် မြို့ပြတည်ရှိသော ရပ်ကွက်ကြီးလည်း ဖြစ်ပါသည်။ တစ်ရက်တည်း တစ်ချိန်တည်းမှာပင်စတင်ပြီး ဆက်တိုက်ဖြစ်ပေါ်လာနေသော အသံနိမိတ်တို့မှာမူ -



ရှေးသီသောလာဘ်ခေါ်ကင်းခြေများစမ

**□ အိမ်မြှောင်စုတ်ထိုးခြင်း**

စုတ်ထိုးရာ သာမန်မဟုတ်ပါ။ ကျွန်ုပ်၏နေအိမ်ဘုရားခန်းမှစပြီး အိမ်မကြီး၏ အရှေ့ဖျားအခန်းများ၊ အိမ်ခေါင်အမိုးတို့တွင် သံပြိုင်ကြည်လင်စွာ စုတ်ထိုးခြင်းများ။

**□ ချိုး (ဂျိုး) ကူသံပေးခြင်း**

ကျွန်ုပ် နေအိမ်ဝိုင်းခြံ၏ ကပ်လျက်ရှိသော မန်ကျည်းပင်များပေါ်မှ မြောက်အရပ်နှင့် အနောက်အရပ်တို့မှ ဆင့်ကာဆင့်ကာကူနေခြင်း။

**□ ကျီးသာနိမိတ်**

ကျွန်ုပ်အိမ်၏ မြောက်အရပ်၊ ကျွန်ုပ်၏ဝိုင်းခြံ မြောက်ဘက်အခြမ်း သရက်ပင်၊ ရင်းမာပင်များပေါ်မှ လွှ... စွာသာယာလှသောအသံဖြင့် တေးဆို... နေသလို ကျီးသာနေခြင်း စသည်တို့ဖြစ်... လာနေခဲ့ပါတော့သည်။

ကျွန်ုပ်သည် ဘုရားခန်းတွင် နံ့သာတိုင်၊ အလင်းတိုင်၊ ပန်း၊ ရေချမ်းနှင့် ဆွမ်းဆန်များ အခြားသော ကန်တော့... များကို စုံလင်အောင် သုံးလောက... သခင် မြတ်စွာဘုရားရှင်အား ပူဇော်... ကန်တော့ခြင်း၊ သိဒ္ဓိရှင်မဟိဒ္ဓိရှင်ဆရာ... သခင်များအား ပူဇော်ကန်တော့ခြင်း... အပြီးတွင် စမစီမံချိန်အလိုက် နိမိတ်မျာ... ထူးခြားစွာပေါ်လာနေခြင်းပင် ဖြစ်... တော့သည်။

အပြစ်ကင်းစင်သော ရုပ်စမ... လုံးကို အောင်မြင် ပြီးမြောက်အော... ဆောင်ရွက်နိုင်ခဲ့ပါတော့သည်။

စီမံမှုပြီးသွားသောစမကို ဂု... တော်များ၊ ပရိတ်တော်များ ပဋ္ဌာန်း... ဖြင့် ထုံစေပြီး သိဒ္ဓိအထူးတင်ခဲ့ရပါတော့... သည်။

**၁။ မြတ်စွာဘုရားရှင်အား -**

- □ ပန်း
- □ ရေချမ်း
- □ နံ့သာတိုင်
- □ အလင်းတိုင်
- □ သုံးသစ်သီးစုံ
- □ မုန့်မျိုးစုံ
- □ အထူးစီမံသော သစ်သီးကန်တော...

[(ငှက်ပျော (၃) ဖီး၊ အုန်းသီး... လုံး၊ နံ့သာတိုင်ထုပ်၊ ဖယောင်းတိုင်... ထီးတံခွန်ကုက္ကားမုလေးပွားနှင့် ... လျှာတော်၊ ယပ်၊ သာသနာ့အော... တို့ဖြင့် တည်ထားသောကန်တော...

- □ ဆန်၊ ဆီ၊ အချိုအဖျော် စသည်...

www.burmeseclassic.com

ပါသည်။ ဆွမ်းဆန်စိမ်းပွဲတို့ဖြင့် ကပ်လှူပူဇော်ပါသည်။

**၂။ အစိတ္တာန်ရက်ကာလသတ်မှတ်ခြင်း**

- အခိဋ္ဌာန်ကို (၉) ရက် သတ်မှတ်ပါသည်။

**၃။ အစိတ္တာန်ကာလတွင်ပြုဖွယ်များ**

က။ နေ့စဉ် ဆွမ်းတော်ကပ်လှူခြင်း (သဒ္ဓါအာရုံရှိသလို ကပ်လှူနိုင်ပါသည်။)

ခ။ သာသနာတော်စောင့် နတ်မင်းကြီးများပင့်ဖိတ်ခြင်း၊ သိဒ္ဓိရှင်ဆရာတော်များပင့်ဖိတ်ခြင်း၊ ပါရမီဖြည့်ဖက်များဖိတ်ကြားခြင်း။

ဂ။
- ဘုရားကန်တော့ခြင်း။
- သီလခံယူဆောက်တည်ခြင်း။
- မေတ္တာသုတ်နှင့် ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပဋ္ဌာန်းပစ္စယနိဒ္ဒေသတို့ ရွတ်ဖတ်ပူဇော်ရခြင်း။
- ဂုဏ်တော်ကိုးပါးကို ဂုဏ်တော်တစ်ပါးလျှင် ပုတီးတစ်ပတ်နှင့် (၉) ပတ်စိပ်ရပါမည်။

မှတ်ချက် - ဂုဏ်တော်များ ပုတီးစိပ်ရာတွင် မြန်မာလိုအနက်ကို နှလုံးသွင်းပြီးမှ ပုတီးတစ်လုံးချနစ်ဖြင့် စိပ်လျှင် ပိုမိုထက်မြက်ကောင်းမွန်ပါသည်။

- သစ္စာပြုဆုတောင်းခံပါ၊ နောက်ကုသိုလ်အမျှပေးဝေပါ။ ဖိတ်ကြားသူများ ပြန်ပို့ပေးပါရန်။

ဤကဲ့သို့ အ ဓိဋ္ဌာန်ခရီးကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးသောအခါတွင် မိမိတို့၏ဆန္ဒအတိုင်း 'ဦးခေါင်း (၂) လုံးပါသော ကင်းခြေများစမ' ကို ခေါင်သွင်းပြီးချိတ်ထားခြင်းအပြင် မိမိကိုယ်နှင့်မကွာ ဆောင်ထားလိုသူများအနေဖြင့်လည်း အဆောင်အရွက်စီမံ၍ လက်စတစ်လောင်းထားပြီး ဆောင်နိုင်ကြပါသည်။

- ဦးခေါင်း (၂) လုံးပါသော လာဘ်ခေါ်ကင်းခြေများစမကို စာချစ်သူများသုတအလို့ငှာ အနည်းငယ်ရှင်းလင်းဖော်ပြပေးပါမည်။

ထူးခြားစွာပါဝင်ဖွဲ့စည်းထားသည့်မေတွင် -

- စဝဗဝ မူလဓာတ်စမကြီးလေးလုံးကို (၂) ဆက်စီထားပြီး ကင်းခြေများစမကိုယ်ထည်အဖြစ်တည်ထားခြင်း။
- ဝဲဘက်ခြေချောင်းများကို 'ဏ'ဗျည်းအက္ခရာတို့ဖြင့်ကပ်ထားခြင်း။
- ယာဘက်ခြေချောင်းတို့ကို 'က'ဗျည်းအက္ခရာတို့ဖြင့် တပ်ထားခြင်း။
- ဦးခေါင်း (၂) လုံးမှာ ဥရင်ကောက်နှင့် ဌဝမ်းဘဲတို့ ဖြစ်ကြသည်။
- ကင်းခြေများ ခန္ဓာကိုယ်အလယ်တည့်တည့်တွင် 'ဝ' တစ်လုံးပါရှိ၍ ထို'ဝ'၏အလယ်တွင် 'အ' အက္ခရာထည့်သွင်းပြီးနဝင်းစေတီတည်ထားသည်မှာလည်း ထူးခြားလှပါသည်။ 'ဝ' လုံးအောက်ခြေနံဘေးတွင် ကြီးလေးကြီးပါခြင်း။
- ထောင့်လေးတွင်လည်း ကြီလေးကြီးဖြင့်ထောင်ချုပ်ထားပြန်ပါသည်။
- ဦးခေါင်း (၂) လုံး၏ အမောက်အညွန့်တို့တွင် -
  - အနန္တသိဒ္ဓိ သဗ္ဗသိဒ္ဓိ ဗုဒ္ဓသိဒ္ဓိ၊ ဗုဒ္ဓသိဒ္ဓိ သဗ္ဗသိဒ္ဓိ သဗ္ဗသိဒ္ဓိဟု သိဒ္ဓိဆင့်ထားခြင်း။

နောက်-

- တန်ခိုးဩဇာ လာဘ်များစွာ၊ ဒသဒိသာ ဆယ်မျက်နှာမှ အမြဲတစေ ဝင်လာကြစေ၊ အောင်စေဟု လက်ယာလှည့်ပြီး 'ဟိန်း'ထားပြန်ပါသည်။
- ကင်းခြေများ၏ခြေများထူးခြားခြင်း။

က။ ဝဲဘက်ခြေတို့မှာ 'ဏ'.ခြေတပ်ထားပြီး ဗျည်းမှာ (၁၁) လုံးသာပါရှိပါသည်။

ခ။ ယာဘက်ခြေတို့မှာ 'က' အက္ခရာခြေတပ်ထားပြီး ဗျည်း(၁၆)ပါဝင်နေပါသည်။

နှစ်ဖက်ပေါင်းစပ်မှ (၂၇) ဖြစ်၍ နဝင်းခြေထားမှုတို့မှာ လွန်စွာလျှို့ဝှက်ပြီး နူးညံ့သိမ်မွေ့လှပါတော့သည်။

စာချစ်သူမိတ်ဆွေများသိထားကြပြီးဖြစ်သည့် ဆိုရိုးစကားတစ်ခုကို ဖော်ပြပေးလိုပါသည်။ လူ့လောကစီးပွားရေးနယ်တွင် ဆိုရိုးစကားတစ်ခုမှာ 'ကင်းခြေများ ခြေတစ်ချောင်းပြုတ်ရုံနဲ့တော့ အသွားအလာဟန်မပျက်ပါဘူး' ဟု တင်စားပြီး ပြောတတ်ကြပါသည်။

အပြိုင်အဆိုင်များစွာဖြင့် စီးပွားရေးပြိုင်ကြသော်လည်း 'ဒွေးသီသေလာဘ်ခေါ်စမ' ခေါ်သော ဦးခေါင်းနှစ်လုံး လာဘ်ခေါ်ကင်းခြေများစမသည် စီးပွားရေး၊ လူမှုရေးတို့တွင် ထင်ရှားကျော်ကြားနေမည်ဖြစ်သော ဝိဇ္ဇာဓရဂန္ဓာရီပညာနယ်မှ လွန်စွာထက်မြက်သည့်စမကို ရေးသား တင်ပြလိုက်ရပါတော့သည်။ စာချစ်သူမိတ်ဆွေများအတွက် ဤစာစုကို ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။ ဆန္ဒတူပါက ယူနိုင်ကြပါသည်။

ကျွန်ုပ် တစိုက်မတ်မတ် ရေးသားတင်ပြနေသော စမအင်းများ၊ ရုပ်စမများ၊ နံ့အင်းများတို့မှာ လွန်စွာ ရှေးကျပြီး ဟောင်းနေပြီဖြစ်သော ဝိဇ္ဇာဓရဂန္ဓာရီပညာနယ်မှ ခုနစ်နေ့သားသမီးတို့အတွက် ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ပေးကြသော သူတော်ကောင်းကြီးများ (ဆရာတော်ကြီးများ) ထားရစ်ခဲ့သော လွန်စွာ နူးညံ့သိမ်မွေ့လှသည့် ပညာတစ်ရပ်ကို ယနေ့ သိပ္ပံနည်းပညာများထွန်းလာသည့်အတိုင်း ကျွန်ုပ်၏ ဝိဇ္ဇာဓရဂန္ဓာရီပညာသည်လည်း ဟောင်းသာဟောင်းသော်လည်း ကောင်းနေသောပညာ ဖြစ်ပါသည်။

ဥပမာအားဖြင့် ဆောင်ပြရလျှင် မီးဆယ်ခါလှော်ထားပြီးသော ရွှေစင်ရွှေကောင်းသည်လည်း မည်မျှကြာမြင့်နေပါစေ၊ ဟောင်းနေပါစေ ကာလတန်ဖိုးမလျော့နည်းဘဲ ထူးထူးကဲကဲ တန်ဖိုးကြီးမြင့်မြဲဖြစ်သည်ကို သတိပြုစေလိုပါသည်။

ကျွန်ုပ်တို့၏ တရားပိုင်ရှင်သုံးလောကသခင်မိန့်ထားခဲ့သည့် တရား (စကား) ကို ခေတ္တငှားပြီးပြောရလျှင် 'မိတ်ဆွေတို့အနေဖြင့် သီလ၊ သမာဓိပြည့်စုံအောင် ကံဆောင်နိုင်ပါလျှင် ယခုကျွန်ုပ်တင်ပြသည့် လောကီပညာ၏ အစိတ်အပိုင်းဖြစ်သော ဝိဇ္ဇာဓရ ဂန္ဓာရီပညာ၏ အစက်အပျောက်ဖြစ်သောစမသည် လွန်စွာထက်မြက်ပြီး သင့်ကိုအကျိုးပြုမည်ဖြစ်ပါသည်။

အမေးစရာရှိပါသည်။ စမကစွမ်းတာလား သီလ-သမာဓိကစွမ်းတာလားဟု အမေးရှိပါက အောက်ပါအတိုင်းပင်ဆောလျှင်စွာဖြေကြားပါမည်။

သီလ၊ သမာဓိရှိသူများနှင့်သာ ထိုက်တန်သောပညာဖြစ်သည့်စမဖြစ်နေခြင်းကို သတိပြုရန်ဖြစ်ပါသည်ဟုပင် ဖြေကြားပါမည်။

ကျွန်ုပ်၏တင်ပြချက်သည် ပညာရှင်များကို မရည်ညွှန်းဝံ့ပါ။ လမ်းလျှောက်စမဟာဂန္ဓာရီစခန်းသွားကြမည့် ညီငယ်များကိုသာ စေတနာဖြင့် တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

ပညာရှင်ဆရာအပေါင်းတို့အား ဤစာစုဖြင့် ကန်တော့ပါသည်။

*ပညာတိုးပွား၍အကျိုးများကြပါစေ*

ပညာကျော်



www.burmeseclassic.com

www.burmeseclassic.com



(ဓမ္မ–ကျမ်းညွှန်)

# နန္ဒဝင်းကျော်ခေါင်

အစိမ်းသေမ

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးမှ ဓမ္မသံဝေဂနှင့် ဩဝါဒကထာများရေးခဲ့၏။

- ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ် ဖြစ်ပျက်မှုတွင် ငါကောင်ထင် ခင်မင်သမုဒယမှတ်။
- စည်းစိမ်ချမ်းသာကိုသာ တောင့်တ၍ ဒါန၊ သီလကို အားထုတ်လှူလုပ်သူသည် ကိုယ့်ကိုယ်ကိုယ် သံသရာဝဋ်ဒုက္ခ၌ ရောင်းစားပေါင်နှံသူမည်၏။
- မရှိဘဲ မှန်ကန်ခြင်းသည် သမုတိသစ္စာ
- အဟုတ်ရှိ၍ မှန်ကန်ခြင်းသည်သာ ပရမတ္ထသစ္စာ
- နတ်ရွာသုဂတိနှင့် ဖြဟ္မာပြည် ရောက်လိုပါက ပရမတ္ထသစ္စာကိုသိ၍ ကြိုးစားရာ၏။
- နိဗ္ဗာန်၊ မဂ်၊ ဖိုလ်ကိုရလိုရောက်လိုပါက ပရမတ္ထသစ္စာကို ကြိုးစားအားထုတ်ရာ၏။
- သမုတိသစ္စာကို နားမလည်လို့ ပယ်လျှင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော လေးပါးအပါယ်သို့ ကျအံ့။
- ကိလေသာကို အသိနှင့် စင်ကြယ်စေ၍ ဉာဏ်နှင့်ပယ်သတ်ပါ။
- လောင်စာသိမ်းပြီး မီးငြိမ်းချင်လျှင် မဂ္ဂင်အလုပ်ကိုလုပ်ပါ။
- ရခဲသော လူ့ဘဝလေးမှာ အချိန်တွေ အလကားမဖြုန်းတီးပါနှင့်။
- သစ္စာသိက ဝိဇ္ဇာအရိယာ၊ သစ္စာမသိက အဝိဇ္ဇာလူ့အန္ဓ၊
- ခန္ဓာနှင့်လောင်စာထင်း၊ ဇရာ...ကမီး။ သံသရာတစ်လျှော...လုံးမှာ

www.burmeseclassic.com

လူ၊နတ်၊ပြိတ္တာဘယ်ခန္ဓာရရ လောင် စာနှင့် မီး တွဲနေနေတာပဲဖြစ်မည်။

- ခန္ဓာရှိလျှင် ဝေဒနာမကင်း၊
- ခန္ဓာငါးပါးကို ကိုးဆယ်ခြောက်ပါး ရောဂါကပိုင်သည်။
- လူ၊ နတ်၊ ပြိတ္တာ သတ္တဝါဟူသည် မရှိ။ ခန္ဓာငါးပါးသာလျှင်ရှိ၏။

သို့သော် ကိလေသာထူပြောသူ မေတ္တာရှင်မလေး မနီ၊ သံယောဇဉ်သမ လေး မနီ။ မနီ၏အကြောင်း၊ မနီ၏ အတ္ထုပ္ပတ္တိသည်ကား လွန်စွာကရုဏာ သက်ဖွယ်ကောင်း၏။ လွန်စွာမှလည်း ဆင်းရဲမှုကြီးမား၏။ ဤသည်ပင် သရဲမ မနီ၏ အဖြစ်အပျက်အကြောင်းပင် ဖြစ် ပါတော့သတည်း။

သရဲမ မနီ သို့မဟုတ် အစိမ်းသေမ မနီ။

❑

တိုင်းက ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ်က ရွှေပြည်သာမြို့နယ်၊ ရွှေပြည် သာမြို့နယ်ထဲကမှ ဝါးတစ်ရာရွာဆိုသည့် ညင်းကုန်းလမ်းဆုံမှ အမှတ်လေးလမ်း မကြီးအတိုင်းလာလျှင် ဇီးကုန်းကျေးရွာ၊ ဘုံရှည်ကုန်း၊ သာမု၊ အုတ်ဖို၊ လှော်ကား စသည့် ကျေးရွာများအပြင် တံတားကြီး၊ လိန်ကုန်း၊ ဝါးတစ်ရာရွာသို့ရောက်၏။

ရွှေပြည်သာမြို့နယ်တွင် နှစ်ပရိ စ္ဆေဒကြာညောင်းခဲ့ပြီဖြစ်သော ဘုရား စေတီကြီးနှစ်ဆူရှိ၏။

တစ်ဆူသည်ကား မြို့၏အရှေ့ ဘက်တွင်တည်ရှိ၍ ကကုသန်ဘုရားရှင် လက်ထက်ကတည်းက အစပြုတည်ထား ခဲ့သည့် သက်တမ်းအရင့်ဆုံး သာမုကန် စေတီတော်မြတ်ဖြစ်ကာ တစ်ဆူသည် ကား မြို့၏အနောက်အရပ်တွင် မင်းဗန္ဓု စေတီတော်မြတ်ပင် ဖြစ်၏။

အရှေ့ သာမု၊ အနောက် မင်းဗန္ဓု ဟုတွင်၏။ လှိုင်မြစ်၊ ဝါးတစ်ရာမြစ်သည် မြန်မာပြည်မြောက်ဖျား မေခနှင့်မေလိခ ကို မြစ်ဖျားခံကာ စီးဆင်းခဲ့သော ဧရာ ဝတီမြစ်ကြီး၏ မြစ်ပွားများသာ ဖြစ်၏။

ထိုဝါးတစ်ရာမြစ်ကြီး၏ ကမ်းနဖူး ပေါ်တွင် ရွာတည်ထားသော ဝါးတစ်ရာ ရွာသည်လည်း သက်တမ်းရင့်ရွာကြီး တစ်ရွာဖြစ်ပေတော့၏။

ဝါးတစ်ရာရွာ ၊ ဝါးတစ်ရာမြစ်ကြီး အနောက်ဘက်ခြမ်းတွင် ကျူပင်များရှိ ၍ ထိုကျူပင်များကို လှေဖြင့်ကူးဖြတ် ကာ ကျူပင်ခုတ်၍ ကျူဖျာရက်လုပ် အသက်မွေးဝမ်းကျောင်းပြုရသူက မနီ ဖြစ်၏။ မနီသည် ဆင်းရဲ၏။ သို့သော် လှ၏။ မနီတွင် မျက်မမြင်အမေအိုကြီး တစ်ဦးရှိ၏။ လှပသောချောသော မနီ အား ရွာကာလသားတို့ကလည်း ပိုးပန်း ၏။ ရွှေပြည်သာမြို့နယ် မင်းဗန္ဓုစေတီကို ဖြတ်၍လာကြသော ပန်းခြံဆယ်ခြောက် ဟူသည့်ရပ်ကွက်စုကြီးမှ ကြေးရတတ် လူချမ်းသာတချို့သည်လည်း မနီ၏အလှ ဂုဏ်သတင်းကျော်စောကိတ္တိကြောင့် မနီ ကျူဖျာလက်လုပ်ရာ ဝါးတစ်ရာရွာမြောက် ဖျားကို အရောက်လာ၍ ပိုးကြပန်းကြ ၏။

သို့သော် မနီကို မည်သို့သော ကာလသားမျိုးမှ မနီ၏ မေတ္တာပန်းကို ဆွတ်ယူဆင်မြန်းနိုင်ခြင်းမရှိခဲ့ချေ။ အချို့ ဆို မနီ၏မေတ္တာကို ဆွတ်ယူရရှိနိုင်ရေး အတွက် အရှက်ကင်းမဲ့စွာ ပုထုဇနော ဥမ္မာတကောပီပီ မနီကျူဖျာရက်လုပ်ရာ ကျူဖျာတဲလေးသို့ အတင့်ရဲစွာ ချဉ်းကပ် ၏။ အရှက်မရှိချစ်စကားဆို၏။ သို့သော် မနီသည်ကား လိမ္မာယဉ်ကျေးစွာငြင်းဆို ငြင်းပယ်ခဲ့သည်ချည်းသာ ဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com

သို့သော် မနီ၏ မေတ္တာပန်းကို အပိုင်အနိုင်ရရှိရေးအတွက် ဝါးတစ်ရာ ရွာကြီး၏ အနီးကပ်ဆုံး ရွာကြီးတစ်ရွာ ဖြစ်သည့် လိန်ကုန်းရွာ ရွာလူကြီး၏ တစ်ဦးတည်းသောသား အောင်မောင်း ကမူ အခကြေးငွေပေး၍ အောင်သွယ် တော်လွှတ်၏။ သို့သော် လှသော၊ ချော သော မနီ၏ ငြင်းပယ်ခြင်းကိုခံခဲ့ရ၏။

နောက်ဆုံး အောင်မောင်းမှာ လူ ကိုယ်တိုင်လာ၏။ သူကိုယ်တိုင် မေတ္တာ စကားဆို၏။ မိသားဖသားပီပီတောင်းရမ်း လက်ထပ်ပါရစေဟုခွင့်တောင်း၏။ ပဇာ သို့ပင်ပြောပြော မနီ၏ မေတ္တာပန်းကို အောင်မောင်း ဆွတ်ခူးနိုင်ခြင်း မရှိခဲ့။

မေတ္တာ ဟူသည် အလျား၊ အနံ မရှိပေမယ့် အသွားအပြန်တော့ရှိစမြဲ။

သို့သော် အောင်မောင်းအပေါ် တွင်တော့မဟုတ်ချေ။

ထိုနေ့က ဝါးတစ်ရာရွာကြီး၏ ရွာပတ်လမ်းဟုခေါ်သည့် အင်္ဂတေ လျှောက်လမ်းကြီး ဂါးတစ်ရာမြစ်၊ လှိုင် မြစ်ကြီး၏ မြစ်ရေတိုက်စားမှုကြောင့် ဝါးတစ်ရာမြစ်ကမ်း အင်္ဂတေလျှောက် လမ်းကြီးတစ်ခုလုံး ဝါးတစ်ရာမြစ်ကြီး အတွင်း ပြိုကျပျက်စီးသွားသောနေ့ ဖြစ် ၏။

'ဝုန်း' ဟူသည့် ကျောက်လမ်းကြီး ပြိုသံကို ဝါးတစ်ရာ ဟူသည့် ရွာကြီး တစ်ရွာလုံး ကြားလိုက်ရ၏။

ထိုနေ့နံနက်စောစော မနီမှာလည်း ဝါးတစ်ရာမြစ်ကြီးကို လှေလေးတစ်စင်း ဖြင့် သူကိုယ်တိုင်လှော်ခတ်၍ကျော်ဖြတ် ၏။ ကျူပင်များကိုခုတ်၏။ စည်း၏။ အလိုရှိသလောက် ကျူပင်များရရှိသော အခါ ကျူစည်းများကို တစ်ဦးတည်း သယ်ပိုး၍ မြစ်ကမ်းစပ် လှေကလေးရှိ ရာသို့ပို့၏။ လှေတစ်စီးစာပြည့်သော် ဝါးတစ်ရာရွာကြီးသို့ ကိုယ်တိုင်လှော်ခတ် ကာ ဝါးတစ် ကြီးကို ကျော်ဖြတ်၍ နေမွန်းမတိမ်းမီ အရောက်ပြန်လာခဲ့ တော့၏။

ဤ၌ ဝါးတစ်ရွာရွာသူအချော အလှလေး မနီတစ်ယောက် အချစ်ကို စတင်မွေးဖွားခဲ့သောနေ့၊ အချစ်ကြောင့် စတင်ရင်ခုန်ရသောနေ့ကို ကြုံတွေ့လိုက် ရပါတော့သည်။

ဝါးတစ်ရာရွာကြီးသို့ ဆေးခန်း လာရောက်ဖွင့်လှစ်သော ဒေါက်တာ မင်းမြတ်မောင်နှင့် မနီ၊ မနီမှာ မြစ် ကမ်းစပ်မှအတက်၊ ဒေါက်တာမင်းမြတ် မောင်မှာလည်း သူကိုယ်တိုင် စီးနင်း၍ မောင်းနှင်လာသော မော်တော်ဆိုင် ကယ်လေး ဆေးခန်းသို့ မောင်းအဝင်၊ မျက်လုံးချင်းဆုံ၍ ရင်ခုန်လိုက်မောခဲ့ သလို ရှက်သွေးဖြာပြီး ခြေလှမ်းများ တော့၏။ ရွက်ပိုးလာသော ကျူပင်ပုတ် ကြီး၏အလေးချိန်ကြောင့်ဟု ပြော၍ရ သော်လည်း ခြေလှမ်းများခြင်းကြောင့် ခြေသပွတ်တိုင်လည်၍ လဲကျခဲ့ခြင်း လည်းဖြစ်တော့၏။

"အား အား ကျွတ် ကျွတ် ကျွတ်"

ဒေါက်တာမင်းမြတ်မောင်ကိုယ် တိုင်မှာလည်း ဆေးခန်းနှင့် အိမ်၊ အိမ် နှင့်ဆေးရုံ သုံးပွင့်ဆိုင် ချာလပတ်ယမ်း ၍ ပြေးလွှားအလုပ်လုပ်နေသူမို့ မနီကို သူ့ဆေးခန်းအနီးတွင် နေထိုင်သည်ကို မသိခဲ့ချေ။ ထိုနေ့ကမှ ဆေးခန်းသုံးဆေး ပစ္စည်းများလာရောက်ထားရာမှ နေမွန်း မတိမ်းမီအရောက်ပြန်လာသော မနီနှင့် ဆုံတွေ့ကြခြင်း ဖြစ်၏။

အကြည့်ချင်းဆုံ၍ရင်ခုန်ခဲ့သူကား မနီတစ်ယောက်တည်း မဟုတ်ချေ။

ဒေါက်တာမင်းမြတ်မောင်ကိုယ် တိုင် အချစ်ကြောင့် ရင်ခုန်ခဲ့သည်သာ ဖြစ်၏။

"ဘယ်နာသွားသလဲဗျာ"

"ဟိုဟို ခြေ. . . ခြေထောက် တအားနာ. . . နာတယ်ရှင်။ အား. . . ကျွတ်"

မနီသည် သူ၏ခြေထောက်လေး အား လက်ကလေးနှစ်ဖက်ဖြင့် ဆုပ်နယ် ၍ ဖိနှိပ်နေရင်း လှပသော ဖြူဖွေးသော မျက်နှာလေးမှာ နာကျင်မှုကြောင့် ရှုံ့မဲ့ နေ၏။

ဒေါက်တာမင်းမြတ်မောင်မှာ မနီ ၏လှပသောမျက်နှာလေးကြောင့် ခေတ္တ ခဏပင် ငေးကြော၍ စူးစိုက်ကြည့်မိ လိုက်၏။

မနီသည်လည်း ဒုတိယအကြိမ် မြောက် ဒေါက်တာမင်းမြတ်မောင်ကို နာကျင်သည့်ဝေဒနာ ခံစားနေရသည့် ကြားမှ ပင့်သက်ဖြာရင်း စူးစိုက်ကြည့်မိ လိုက်၏။

"ဟို. . . ဟို ကျွန်တော့်ဆေးခန်း ကို လိုက်ခဲ့နော်"

ဤတွင်မှ မနီသည် ဝါးတစ်ရာရွာ ကြီး၌ ဆေးခန်းလာဖွင့်ထားသည်ဆို သောဆရာဝန်ဟူသည်သူ့ရှေ့မှ လူမှန်း အကြားအသိနှင့် အတွေ့အမြင်ကို တွေး မိကာ သဘောပေါက်သွားမိ၏။

ထိုနေ့က ဒေါက်တာ မင်းမြတ် မောင်မှာ မနီအားဆေးတစ်လုံးထိုးပေး ၏။ မနီ၏ဖြူဖွေးနုညက်သောခြေသလုံး လေးအား ပင်နီဆီလင်ဆေးအား လေးနှင့် ပွတ်နယ်ပေးကာ ပတ်တီး ဖြူဖွေးဖွေးလေးပတ်၍ စည်းပေးခဲ့ ပြီးသော် ဒေါက်တာမင်းမြတ်မောင် မနီအား အပြုံးလေးတစ်ပွင့်ပြုံး၍ပြလို ပြီး -

"သက်သာသွားမှာပါ၊ နာ ဘယ်လိုခေါ်လဲ"

"မနီပါ ဆရာ"

"မနီ"

မနီမှာ ဆရာဝန်ကြီး မင်းမြ မောင်အား ပြုံး၍ပြကာ ခေါင်းညိ လိုက်၏။

မနီ၏စက္ခုအာရုံမှစတင်၍ အချ ကိုမွေးဖွားခဲ့လေတော့၏။

ထိုမှစ၍ မနီနှင့် ဒေါက်တာမ မြတ်မောင်တို့၏ရင်တွင်း၌ အချစ်သ သားသည် စတင်သန္ဓေတည်ခဲ့လေတော့ ၏။

ဘယ်နေ့ဘယ်ကာလ၌ မွေးဖွား လာမည်ကို ကံဇာတ်ဆရာမှလွဲ၍ အဘယ်သူသည် သိနိုင်ပါမည်နည်း။

အချစ် ဟူသည် ကိလေသာ ဟူသော တဏှာသာဖြစ်ဘိသည် ဒေါက်တာမင်းမြတ်မောင်လည်း မ မနီလည်း မသိ။

ကိလေသာကို အသိနှင့်စင်ကြ ပွား၊ ဉာဏ်နှင့်ပယ်သတ်ပါ။

ကိလေသာသည် မီးထက်ပူ၏။

မီးလောင်သော် တစ်ဘဝ တ သာသေ၏။

ကိလေသာမီးလောင်သော် သံသရာအဆက်ဆက်ပူလောင်၍ အေးခြင်းဟူသည် မရှိနိုင်ချေ။

ကိလေသာ သုံးမျိုးရှိ၏။

ဝီတိက္ကမ အာရုံငါးပါးကို နှစ်သ တွယ်တာ၍ ကာယကံ၊ ဝစီကံ၊ မနော တို့ဖြင့် လောဘ၊ ဒေါသအလျော ဖောက်ပြန် ကျူးလွန်မှုကို ပြုမူစေတ သည့် ကိလေသာ (သီလ) ပယ်သတ် မည်။ ပရိယုဋ္ဌာန မနော၌ရှိ၍ ထ သောင်းကျန်းတတ်သည့် ကိလေ (သမထ) ဖြင့် ပယ်သတ်ရန် အနု အစဉ်ကိန်းအောင်းနေ၍ အခါအခွင့် သည့်အခါတို့၌ ဖောက်ပြန်ကျူးလွန် ပြုစေတတ်သည့်ဖုံးအုပ်နေသောကိလေ သာ (ဝိပဿနာ) ဖြင့်သာ ပယ်သတ် ရသည်။

ထိုနေ့မှစကာ ဒေါက်တာမ မောင်သည် ဆေးခန်းလာပြီး မ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့၏။ ဆေးခန်းမှ ပြန်တိုင်းလည်း မနီထံ ဝင်ပြီးမှ ပြန်၏။

မနီမှာလည်း ဒေါက်တာမင်းမြတ်မောင်ကို မျှော်၏။ ဆိုင်ကယ်သံကြားလျှင် စောင်းကြည့်မိ၏။ ဆေးခန်းထိုင်၍ပြန်ချိန်ဆိုလျှင်လည်း မနီမှာ အခါတိုင်း အလှပြင်ခဲ့သော တို့ပတ်လေးမှန်ဝိုင်းလေးအောင်းကြည့်ကာ တဖတ်ဖတ်၊ တဖျတ်ဖျတ်တော့သပြီး မျှော်မိသည်သာ ဖြစ်၏။

အချစ်မီးလောင်ခဲ့ပြီလား မနီ။

အချစ်မီးစတင်လောင်သောနေ့ကသည်း အမှတ်ထင်ထင်ရှိဘိ၏။

ထိုနေ့က မနီ ဝါးတစ်ရာမြစ်တစ်ဖက်ကမ်းဆီသို့ ကျူပင်ခုတ်သွား၏။ ချက်မြင်အမေအိုကြီးမှာ သမီးအလိမ္မာလေး၏ရှာဖွေကျွေးမွေးမှုနှင့် အသက်ဆက်ရသူမို့ ဘုရားရှင်ရှေ့တွင် သမီးလေးသွားလေးရာ ခလုတ်မထိ ဆူးမငြိပါစေကြောင်း ဆုတောင်းရရှာ၏။

ဝသန်ကာလမိုးဦးကျစောလေ၏။

မိုးသည် မှောင်မည်းနေ၏။ အုန်းအုန်းဒိုင်းဒိုင်းရွာ၏။ ဝါးတစ်ရာမြစ်ပြင်သည် မိုးရေမိုးစက်တို့ကြောင့် အဘွားအိုအတိုးအိုတို့၏ မျက်လုံးများသဖွယ် မှုန်မွှားမွှားနိုင်နေလေ၏။

ထိုအချိန်တွင်မှ မနီသည် သူ၏လှေတလေးဖြင့် ကျူပင်ကျူစည်းများတင်ဆောင်၍ ဝါးတစ်ရာမြစ်အားကျော်ဖြတ်ကာ လှော်ခတ်ပြန်လာလေ၏။

သို့သော် ထီးကမပါ အဆောင်းကနတ္ထိ။

ထို့ကြောင့် မိုးမိကာ အအေးပတ်၏။ အဖျားဝင်၏။

ဒေါက်တာမင်းမြတ်မောင်သည် အလာအချိန်တွင်လည်း မနီ၏မျက်နှာလေးအား မတွေ့၊ ဆေးခန်းမှအပြန်တွင်လည်း ကျူဖျာရက်လုပ်နေသောတိတ်ကျချစ်ရသည့်ချစ်သူမျက်နှာလေးအား မတွေ့မမြင်ရကာ မေးလိုက်တော့မှ မနီဖျားနေကြောင်းသိပြီး စိုးရိမ်သောကကြီးစွာ ဆေးခန်းတွင်းပြန်ဝင်၏။ ဆေးအိတ်ဆွဲကာ ဆေးယူ၏။ ဆေးထိုးအပ်ယူ၏။ အပြေးအလွှားသွေးစမ်း၏။ ဆေးတစ်လုံးထိုးပေး၏။ ဒေါက်တာမင်းမြတ်မောင်မှာ သူ၏အသက်တွင် လူနာကို စမ်းသပ်ဆေးကုသလေတိုင်း တစ်ကြိမ်တစ်ခါဖူးမျှ စိုးရိမ်ပူပန်ကြီးစွာ မကုသဘူးခဲ့၊ ချစ်ရသောချစ်သူအတွက် စမ်းသပ်ကုသမှုကို စိုးရိမ်ပူပန်ကြီးမှုကို ပထမဆုံးအကြိမ်တွေ့လိုက်ရလေတော့၏။ မနီ၏အိမ်ကလေးသည်ကား ကြိမ်ဝါးများကျိုးတိုးကျဲတဲဖြင့် စုတ်ချာလွန်းလှသည်ကို ဆရာဝန်မင်းမြတ်မောင်တွေ့လိုက်ရ၏။ မနီမှာလည်း အဖျားသွေးကြောင့် မျက်နှာလေးနီနီရဲနေ၏။ နီနီရဲနေသော မျက်နှာလေးဖြင့် ဒေါက်တာမင်းမြတ်မောင်ကိုကြည့်၏။

"မနီ"

"ရှင်"

"မနီကို ကျွန်တော် လက်ထပ်ပါရစေ"

မနီ အံ့ဩသွား၏။ တုန်လှုပ်သွား၏။ ဘဝအဆင့်အတန်းချင်းကွာသည်ကို သိ၍စဉ်းစားတွေဝေသွား၏။ ဒေါက်တာမင်းမြတ်မောင်မှာ မနီ၏မျက်နှာလေးကို ကြည့်ကာ မနီ၏စိတ်အတွင်း ပဇာကို တွေးနေသည်ကို သိလိုက်၏။

"မဖြစ် . . . မဖြစ်"

မနီ စကားဆုံးခွင့် မရလိုက်ပါ။ ဒေါက်တာမင်းမြတ်မောင်၏ လက်ဖဝါးဖြင့် မနီ၏ ပါးစပ်လေးအား ဖိပိတ်လိုက်၏။

"မင်း ကိုယ့်ကို ဘာမှမပြောနဲ့။ မင်းကို ကိုယ်သိပ်ချစ်တယ်။ မင်းဘဝတစ်ခုလုံး၊ မင်းဘဝတစ်လျှောက်လုံးနဲ့ မင်းရဲ့အမေအိုကြီးအတွက်ပါ ကိုယ်တာဝန်ယူမယ်"

မနီ၏ငယ်ထိပ်ကို မြွေပေါက်ခံလိုက်ရသည့်အလားထူပူသွား၏။ ယုံပင်ယုံဖို့ခက်သွား၏။မနီသူမ၏ခါးလေးအား မသိမသာ ဖိဆိတ်မိ၏။ နာလေ၏။ အိပ်မက်မဟုတ်သည်ကို ဖျားနေရင်းတွေးမိ၏။

"မနီကိုယ်သွားမယ်နော်။ ဘာမှမတွေးနဲ့၊ ဘာမှမလုပ်နဲ့။ တစ်ရက်၊ နှစ်ရက်နားနေပါ"

ဒေါက်တာမင်းမြတ်မောင် သူ၏အတာချိကြေ့စ်ထဲမှ တစ်ထောင်တန်တစ်အုပ်အားဆွဲထုတ်ယူလိုက်ပြီး ချစ်သူမျက်နှာလေးအား စူးစူးစိုက်စိုက်တစ်ချက်ကြည့်၍ မနီ၏ လက်ဖဝါးလေးအား ညင်ညင်သာသာ ဖိညစ်လိုက်ကာ



တစ်ထောင်တန်အုပ်လေးအား မနီ၏ရင်ဘတ်ပေါ်တင်ပေးခဲ့လေတော့၏။

ဒေါက်တာမင်းမြတ်မောင်မှာ မနီ၏ မျက်နှာလေးအား ကြင်နာယုယစွာကြည့်၍ နဖူးပြင်အား လက်သီးဆုပ်လေးဖြင့် ညင်သာစွာထုလိုက်ပြီး လှည့်၍ထွက်ခွာသွားလေတော့၏။

မနီမှာ ဒေါက်တာမင်းမြတ်မောင်နောက်ကျောပြင်သို့ ဝဲသောမျက်ရည်၊ ဝေသောမျက်စိတို့ဖြင့်ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

ပုပ္ပဓတရားသုံးပါးရှိ၏။

တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်၏။

သံသရာချဲ့သည့်တရား ဖြစ်၏။

ငါ့ကိုယ်၊ငါ့ဟာ၊ငါ့ဥစ္စာ၊ငါ့အချစ်၊ ငါပိုင်တဲ့မြေ၊ ငါ့တိုက်၊ ငါ့ကား၊ မမြဲသည်ကို နိစ္စ မြဲသည်ဟုထင်သည့်ပပဉ္စတရားသာလျှင် ဖြစ်ဘိတော့၏။

မနီ အဖျားပျောက်ခဲ့ပြီ ဖြစ်၏။

ဒေါက်တာမင်းမြတ်မောင်မှာ ဝါးတစ်ရွာရွာ၏ ရွာလူကြီးများအား မနီကိုလက်ထပ်၍ ပေါင်းသင်းသွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့၏။

ဝါးတစ်ရာတစ်ရွာလုံး မနီအတွက် ဝမ်းသာကြ၏။ ကျေနပ်ကြ၏။

မနီနှင့် ဒေါက်တာမင်းမြတ်မောင်တို့၏ သတင်းသည် ဝါးတစ်ရာတစ်ရွာလုံးအပြင် လိန်ကုန်းရွာ၊ တံတားကြီးရွာများသို့တိုင် ကျော်၏။

ဤသည်ကို လိန်ကုန်းရွာ ရွာလူကြီးသား အောင်မောင်း ကြား၏။ သိ၏။

လှသော၊ချောသောမနီကိုပိုင်ဆိုင်ဖို့အရေး၊ အကြမ်းဖက်ဖို့အရေးမှတစ်ပါး အခြားမရှိ၊ မရှိ။

❑

ထိုနေ့က မိုးမှောင်ကြီးကျနေ၏။ မနီ သွားတတ်လာတတ်သောအချိန်ကို တပည့်တစ်ယောက်ကိုစေလွှတ်၍စောင့်ကြည့်ခိုင်းထားသည့်အတွက်ကြောင့် အောင်မောင်းမှာ ဦးထုပ်ကြီးကြီးတစ်လုံးခပ်အုပ်အုပ်ဆောင်းကာ ဝါးတစ်ရာမြစ်ကြီးသို့ မနီကျူပင်ခုတ်ထွက်မည့်အချိန်ကို စောင့်ကြည့်နေပြီး လှေတစ်စင်းဖြင့် အပီအပြင်စောင့်နေလေ၏။

သို့သော် အောင်မောင်းစောင့်ကြိုနေသည့်နေ့ မနီ ကျူပင်ခုတ်မဆင်း။

အောင်မောင်း ဒေါသအထွတ်အထိပ်ရောက်နေပြီ ဖြစ်၏။

တစ်နေဝင်ခဲ့ပြန်ပြီ ဖြစ်သည်။

အောင်မောင်း မနက်စောစော



www.burmeseclassic.com

www.burmeseclassic.com

လိန်းကုန်းရွာမှ ဝါးတစ်ရာရွာသွားသည့် လှည်းကြဲဖြင့် ဝီရိယကောင်းစွာ စောင့်ကြိုစီးနင်းပြီးလိုက်လာ၏။

ဝါးတစ်ရာရွာသို့ ရောက်တော့ အရက်သမားချိုကြီး၊ မွတ်တား၊ သောင်းထိုက်တို့နှင့် အရက်ကို ခပ်လောလော သောက်ကာ ဝါးတစ်ရာမြစ်ကမ်းစပ်သို့ ဆင်းခဲ့တော့၏။

ထိုနေ့က ပြဿဒါးကြီးစိုးသောရက်သာဖြစ်ဘိတော့၏။

မနီမှာအင်္ကျီအဟောင်းဆိုင်မှဝယ်ထားသော ယောက်ျားဝတ်အင်္ကျီထူထူကြီးအားထပ်၍ဝတ်ကာ သူ၏လှေငယ်လေးဖြင့် မြစ်ကြီးအားဖြတ်၍ကူးလေတော့၏။

အောင်မောင်းမှာလည်း မိုးမှောင်နေသော်လည်း စိတ်ဆန္ဒကြီးမားလွန်းနေသူမို့ အသည်းထဲတွင်အစို့ပေါက်မတတ်စွဲလမ်းခဲ့သူပီပီ မနီ၏အဗျာကထာအရိပ်ကိုတွေ့သည်နှင့် မနီမှန်း ကြိမ်းသေသိလိုက်လေ၏။

မနီ၏လှေနောက်မှအောင်မောင်း၏လှေကလေးမှာ မနီးမကပ်လှော်လိုက်၊ ခပ်လှမ်းလှမ်းမှလှော်လိုက်ဖြင့် မမိတမိလေးလိုက်လေ၏။

ယုတ်မာသူနှင့် ဖြူစင်သူတို့၏ အားပြိုင်ပွဲကား ဤအချိန်မှစလေ၏။

မနီမှာ ကျူတောသည် သူငယ်စဉ်ကာလကတည်းကခုတ်ခဲ့သောကျူတောဖြစ်၍ရဲဝင့်စွာပင်ဝင်၏။ ရဲဝင့်စွာပင်ခုတ်၏။ ကျူပင်ခုတ်ရင်းဖြင့်ပင် ချစ်သောဒေါက်တာမင်းမြတ်မောင်၏မျက်နှာချိုချိုအား တွေး၍မြင်ကာပြုံးလိုက်မိ၏။ မနီ ကျူပင်ခုတ်ထွက်သည်ကို သိသွားပါကလည်း ဒေါက်တာကြီးမှ ဆူပူကြိမ်းမောင်းပြောဆိုမည်ကို အတပ်သိ၏။

ထိုအချိန်မှာပင် မနီ၏လက်မောင်းကို တင်းတင်းဆုပ်ကိုင်ခြင်းခံလိုက်ရ၏။ ကြည့်လိုက်တော့ မနီမည်သို့မျှမျှော်မှန်းမထား အောင်မောင်းဖြစ်နေ၏။

"အို - ဒါဘာလုပ်တာလဲ အောင်မောင်း"

"ချစ်လို့၊ နင့်ဘဝကိုငါပိုင်ဆိုင်ချင်လို့"

အောင်မောင်းကား ပြောလည်းပြော၏။ မနီကို ဖက်လည်းဖက်၏။

မနီကား ရုန်း၏။ ကန်၏။ ထုရိုက်၏။

သို့သော် ပုရိသယောကျ်ားအားနှင့် မိန်းမအားမို့ မနီမှာရုန်းရင်းကန်ရင်း ကျူတောတွင်းသို့လဲကျ၏။

အောင်မောင်းမှာ မနီ၏ကိုယ်လုံးပေါ် သူ၏လေးလံသောကိုယ်လုံးကြီးဖြင့် ဖိချ၏။

မနီမှာကြောက်သည်ကားတစ်မျိုး၊ မောသည်ကားတစ်ဖုံဖြင့် ရုန်းကန်နိုင်ခြင်းခွန်အားတို့ ကင်းမဲ့ခဲ့လေတော့၏။

ထိုအချိန်မှာပင် မြစ်တစ်ဖက်ကမ်းရှိ ဝါးတစ်ရာရွာကြီး၏ တောင်ဖျားမှ အသံချဲ့စက်သံကြီး ဆူညံစွာထွက်ပေါ်လာလေတော့၏။

"××× မေတ္တာစစ်တို့မည်သည်×× ဖြောင့်ဖြူးရာလည်း×မရှိစမြဲ×မောင်တို့ အချစ်များရယ် အများနဲ့နည်းတူ×အခက်အခဲရှိကြပါစေကွယ်×××မေလေးရယ် ဒါတွေတွေးကွယ်×××ကြာလေဝေးမယ်×× ဒီအဖြစ်မျိုးတော့×××မဖြစ်စေလိုပါတယ် ×××နှစ်ကိုယ်တူနီးရာလမ်း××× လှမ်းကြစို့×××"

အသံချဲ့စက်မှ သီချင်းသံသည် လေအဝှေ့ကြောင့် ပြတ်တောင်းပြတ်တောင်းဖြစ်ကာ ကြားချီတစ်လှည့် မကြားချီတစ်လှည့်ဖြင့် မနီ၏နားအတွင်းသို့ တိုးဝင်၏။

အောင်မောင်းမှာလည်း သူ၏ အလိုဆန္ဒပြည့်ဝခဲ့ပြီမို့ တဟဲဟဲဟဲဖြင့် မနီအနား ထပ်မံတိုးကပ်၏။

မနီမှာ ယူကျုံးမရခြင်းမှ အဆီပြန်နေသောအောင်မောင်းမျက်နှာကြီးအား မြင်တွေ့ကာ စိတ်မှာ ဒေါသအသွင်ကူးပြောင်းပြီး အောင်မောင်း၏အဆီပြန်နေသောမျက်နှာကြီးအား မနီ၏လက်ဝါးနုနုလေးဖြင့်အားကုန်လွှဲရိုက်ချလိုက်လေ၏။

"ဖြန်း"

အောင်မောင်းမှာ အလစ်အငိုက်မို့တစ်ကြောင်း၊ သူချစ်သောမနီမှဤကဲ့သို့ ပြုရက်လေမည်ဟု မထင်သည်ကတစ်



ကြောင်း၊ မနီ၏သန်မာလှသောပါးရိုက်ချက်ကြောင့်တစ်ကြောင်း အကြောင်းကြောင်းနှင့် မီးပွင့်မတတ်ခံစားလိုက်ရပြီး အောင်မောင်း၏ မျက်နှာမှာ ခက်ထန်မာကျောသွားပြီး မနီ၏ဆံပင်ကိုခပ်တင်းတင်းဆုပ်ကိုင်ကာ ဤသို့ပြော၏။

"ဒီမှာမနီ၊ နင်ဟိုဆရာဝန်စုတ်ကိုယူမယ်ဆိုရင် နင်တို့နှစ်ယောက်စလုံးကိုငါသတ်ပစ်မယ်ဆိုတာနင်မှတ်ထားကြားလား"

အောင်မောင်းမှာ ကြားလားဆိုသောစကားကို နောက်ဆုံးပြောပြီး မနီ၏ဆံပင်ကို ဆုပ်ကိုင်၍ထားသောသူ၏လက်ကိုလည်း ဆောင့်၍တွန်းပစ်ခဲ့သည့်အတွက် မနီမှာ အနောက်ဘက်သို့ ယိမ်းယိုင်လန်လဲ၍သွားကာ မနီမှာယူကျုံးမရခြင်းကြီးစွာခံစားခဲ့ရပြီး မြေပြင်တွင်မှောက်ချကာ ကျူတောအတွင်း တသိမ့်သိမ့်ရှိုက်၍ တရှိုက်မတ်မတ်ငိုကြွေးနေလေ၏။

အောင်သေအောင်သားစားခဲ့ရပြီဖြစ်သောအောင်မောင်းမှာလည်း သနားငဲ့ညာခြင်းအလျှင်းမရှိဘဲ မနီနှင့်ဆန့်ကျင်ဘက်အရပ်သို့ ထွက်ခွာသွားလေတော့၏။

မနီမှာမူ ဘဝကိုပန်းကောင်းအညွှန့်ချိုးသွားသည့် လူယုတ်မာအောင်မောင်း၏ အဆီပြန်နေသော မျက်နှာကြီး၏ အာရုံဝယ် မမြင်လိုသော်လည်း တဖန်ဝဲဝဲပေါ်၍ပေါ်၍လာသလို ချစ်သူဒေါက်တာမင်းမြတ်မောင်၏တည်ကြည်ခံ့ညား၍ သူ့မအပေါ် ကရုဏာမျက်ဝန်းများဖြင့် ကြည့်တတ်ပုံများနှင့် ကြင်နာယုယမှုများကို တွေးထင်မြင်ယောင်ကာ ယူကျုံးမရခြင်းကြီးစွာ ခံစား၍ မိမိဘမည်သို့မည်ပုံ စီမံရမည်ကို ဆုံးဖြတ်ခက်နေလေတော့၏။

ကျိန်းသေသည်ကတော့ မိမိချစ်ရသော၊ မိမိကိုချစ်သော ဆရာဝန်ဒေါက်တာ မင်းမြတ်မောင်ကို လက်ထပ်ပေါင်းသင်းရေးသည် လုံးဝမဖြစ်နိုင်ဟူသောအဖြေကတော့ ကျိန်းသေလှပေတော့၏။ မိမိ၏မသန့်ရှင်းလှသောခန္ဓာကိုယ်ကို ချစ်သူအား မနှင်းအပ်ချင်တော့။

ထိုနေ့က ကျူပင်ခုတ်သွားသော မနီ ကျူပင်ကျူရိုးသော်မျှမပါ လှေကလေးတစ်စီးကို အားအင်နုံးချည့်စွာလှော်ခတ်ရင်း အိမ်သို့ပြန်လာ၏။

အိမ်သို့ပြန်ရောက်သော်ထမင်းသော်မျှ မစားမသောက်တော့



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာထဲ တန်းဝင်ကာ ငို၏။

မျက်စိမမြင်ရှာသော မိခင်အိုကြီးမှာ မမြင်မစမ်းဖြင့် သမီးဖြစ်သူထံ စမ်းတဝါးဝါးလာ၏။

"သမီး မနီ၊ ဘာဖြစ်လာတာလဲ"

"ဘာမှမဖြစ်ပါဘူး အမေ"

ငိုရှိုက်ရင်း ဖြေ၏။

မျက်မမြင်အမေအိုကြီးမှာ သမီးဖြစ်သူ မနီ၏မျက်နှာလေးအား လက်ဝါးဖြင့်စမ်း၏။ သမီး၏ပါးပြင်မှ မျက်ရည်စများကို တို့ထိမိ၍ မေးတော့၏။

"သမီး ဘာ. . . ဘာဖြစ်လို့လဲ"

မနီမှာ ရှိုးရှိုးရှင်းရှင်းပင် ဖြေ၏။

"သမီးဘဝပျက်ခဲ့ပြီအမေရဲ့"

"ဟင်"

မနီ၏ အမေအို မျက်မမြင်မကြီးသည် လူဘဝ၏အတိမ်အနက်၊အကျယ်အပြော၊ အငိုအရှိုက်၊ အရယ်အမောတို့ကို ကောင်းကောင်းကြီးခွဲခြားနိုင်သူ ဖြစ်သော၏။

"ပြောစမ်း သမီး၊ သမီးကိုဘယ်သူ စော်ကားလိုက်သလဲ"

"လူယုတ်မာတစ်ယောက်လက်ချက် အမေ"

မျက်မမြင်အမေအိုကြီး၏ မျက်စိတို့ ဝိုင်းစက်သွား၏။ မေးကြောတို့ ထောင်တက်၏။ပြီးသော် သက်ပြင်းမောကြီးတစ်ချက်မှုတ်ထုတ်လိုက်လေတော့၏။

ထိုနေ့မှစ၍ ဒေါက်တာ မင်းမြတ်မောင် ဆိုင်ကယ်သံကြားသည်နှင့် ပုန်းရှောင်နေ၏။ နေ့လည်းရှောင်၏။ ညလည်းရှောင်၏။

ဒေါက်တာ မင်းမြတ်မောင်မှာ ငေးစားမိသွား၏။ မိမိချစ်သူ မနီ ပဇာကြောင့် ရှောင်ပုန်းနေရသနည်းဆိုသော အဖြေကို ရှင်းရှင်းလင်းလင်းသိလို၏။

ညရှစ်နာရီခွဲသည်နှင့် ဒေါက်တာ မင်းမြတ်မောင် ဆိုင်ကယ်သံကြားရ၏။

မနီသိ၏။ သူမချစ်သော မောင် ပြန်သွားပြီကို တွက်ဆမိ၏။

သို့သော် . . .

ဒေါက်တာမင်းမြတ်မောင်ဆိုသည် မှာ တပြုပင်ခုတ်ပြီး ကျူဖျာရက်ကာ ဘဝ ခံတည်ရေးကို ပညာမဲ့တည်ဆောက်နေသူမဟုတ်။ တက္ကသိုလ်ဝင်တန်းကို ထူးထူးငါးဘာသာနှင့် အောင်မြင်ခဲ့ပြီး ဆေးတက္ကသိုလ်မှ ဘွဲ့ယူကာ ဆရာဝန်ဖြစ်ခဲ့သူ လူ့ပညာတတ်တစ်ဦး ဖြစ်၏။

မနီ တွက်ဆသလို ဒေါက်တာ မင်းမြတ်မောင်ဆိုင်ကယ်ကို လမ်းတစ်နေရာတွင် ထိုးရပ်ခဲ့ပြီး အသံတိတ်ခြေကျင်လျှောက်ကာ မနီတို့အိမ်သို့ပြန်လာခဲ့၏။

မနီမှာ ချစ်သူကိုမချစ်၍စွန့်လွှတ်ခဲ့သူမဟုတ်။ ချစ်လျက်နှင့် အသည်းနာနာ ရင်နင့်နင့်ဖြင့်စွန့်လွှတ်ခဲ့သူသာဖြစ်၍ ပုန်းရှောင်နေရာမှ ဆိုင်ကယ်သံပျောက်သွားသည်နှင့် အိမ်ရှေ့ပုဏ္ဏားကွယ်လေးအားမှီကာ မျက်ရည်ထွေထွေကျဆင်းကာ မှိုင်၍ထိုင်နေလေ၏။

"မနီ"

ဒေါက်တာမင်းမြတ်မောင်၏ခေါ်သံကြားလိုက်သည်နှင့် မနီမှာ နွေခေါင်ခေါင် မိုးကြိုးအပစ်ခံရသူအလား တုန်လှုပ်သွား၏။ ချောက်ချားသွား၏။

"မောင်"

ဒေါက်တာမင်းမြတ်မောင်၏မျက်နှာတွင် မချိသောအပြုံးတစ်ပွင့် သိသိသာသာပွင့်ရင်း -

"မောင့်ကို ဘယ်ဖြစ်လို့ ရှောင်နေတာလဲ မနီ။ မောင့်ကို မချစ်တော့ဘူးလား၊ လက်မထပ်ချင်တော့ဘူးလား"

"ဟုတ်တယ်၊ မနီ ရှင့်. . . ရှင့်ကို လက်မထပ်နိုင်တော့ဘူး။ ချစ်လည်း မချစ်ဘူး"

မချစ်ဘူးဆိုသည့်မနီ အံကိုတင်းတင်းကြိတ်ကာ စိတ်ကို မာန်သွင်း၍ အံကြိတ်ကာပြောပေမယ့် ဝမ်းနည်းသံနှောနေသည့် သူမအသံကို ဖုံးကွယ်၍ မရပါချေ။

"မနီမင်းဘာဖြစ်နေတာလဲ။ ငါ့မှာ ဘာအပြစ်ရှိလို့လဲ"

"ရှင့်မှာ ဘာအပြစ်ရှိရှိ မရှိရှိ ရှင့်ကို ချစ်လည်းမချစ်ဘူး၊ လက်လည်း မထပ်နိုင်တော့ဘူး။ ရှင်. . . ရှင်သွားပါတော့"

"ကျွန်တော်သွားပါတော့မယ် မနီ၊ ကျွန်တော့်ဘဝမှာ အချစ်ဆုံး အမြတ်နိုးဆုံး မိန်းမကို လက်ညှိုးထိုးပြပါဆိုရင် မနီကိုပဲ ကျွန်တော်လက်ညှိုးထိုးပြမှာပါဗျာ၊ ဒါပေမယ့်. . ."

ဒေါက်တာမင်းမြတ်မောင်စကားဆုံးအောင်ပင် ပြောမသွားပါချေ။ မနီရှေ့မှ ချာခနဲလှည့်ထွက်သွားတော့၏။

ဒေါက်တာမင်းမြတ်မောင် မနီ၏ရှေ့မှ ထွက်ခွာသွားသည်နှင့် မနီမှာ ချုံးပွဲချငို၏။

မနီ၏မိခင် မျက်မမြင်အဘွားအိုကြီးမှာ သမီးအတွက် ယူကျုံးမရဖြစ်ကာ သူကိုယ်တိုင် မနီဒဏ်နားလာ၍ငို၏။

ဒေါက်တာမင်းမြတ်မောင်မှာလည်း ဝါးတစ်ရာရွာကြီးတွင် ဆေးခန်းဖွင့်လှစ်၍ထားခြင်းအလုပ်ကို ပိတ်ပစ်ကာ ဤရွာကြီးသို့လာရောက်ခြင်းမရှိတော့ချေ။

သို့သော် လိန်ကုန်းရွာသား အောင်မောင်းကမူ မနီ၏အခြေအနေကိုကြည့်၏။ မနီနှင့် ပတ်သက်သော ဆရာဝန်၏ အခြေအနေကို အကဲခတ်၏။ သို့သော် မနီ၏ ဆရာဝန်မှာ ဝါးတစ်ရာရွာကြီးမှ ပြောင်းရွှေ့သွားကြောင်းသိကာ မနီအတွက် စိတ်အေးသွားလေတော့၏။

ထိုအချိန်မှာပင် မနီမှာ အိမ်နောက်ဘက်ရှိ မအူပင်ကြီးတွင် သူ့ကိုယ်သူကြိုးဆွဲချ၍သတ်သေလိုက်တော့၏။

တစ်ရွာလုံးပင် အုန်းအုန်းကျွက်ကျွက်သတင်းကြီးသွား၏။

မနီ၏ ကြိုးဆွဲချသေဆုံးမှုကို တစ်ရွာလုံးနီးပါးလာကြည့်၏။

မနီ၏အလောင်းကို ဆေးရုံပို့၏။ ရင်ခွဲစစ်ဆေးရန် ရဲများမှ ဆေးရုံဆရာဝန်ထံသို့ အကြောင်းကြား၏။

ဤတွင် မနီ၌ သုံးလအရွယ်သန္ဓေသားကို လွယ်ထားရကြောင်းသိလိုက်ရတော့၏။

မနီကို စော်ကားဖျက်ဆီးသူ မည်သူနည်း။

အောင်မောင်း၏အပေါင်းအသင်းတို့မှာ မနီသေဆုံးရခြင်းအကြောင်းရင်းဇာစ်မြစ်ကိုသိ၏။

မနီသေဆုံးပြီး ခုနစ်ရက်မပြည့်မီမှာပင် အစိမ်းသေသရဲမ၏ဇာတ်ပြလေတော့၏။

တစ်ည -

မနီတို့အိမ်နောက်ဖေး မနီ ကြိုးဆွဲချသေဆုံးခဲ့သော မအူပင်ကြီးအနီးမှ ဖြတ်၍ အောင်မောင်း၏အရက်သမားသူငယ်ချင်းသုံးယောက် ပြန်လာကြ၏။ ဤတွင် အောင်မောင်း၏ သူငယ်ချင်းသုံးယောက်တို့မှာ မအူပင်ကြီးတွင် ကြိုးဆွဲချသေဆုံးနေသော မနီ၏ခန္ဓာကိုယ်ကြီးမှာ လျှာကြီးတွဲလောင်းကျကာ မျက်လုံးပြူးထွက်နေသည့်အစိမ်းသေမ မနီကို မြင်တွေ့ပြီး လာရာလမ်းအတိုင်း လှည့်ပြန်ပြေးကြတော့၏။ မနီ၏စိတ်သန္တာန်တွင် မနီအားစော်ကားဖျက်ဆီးခဲ့သော အောင်မောင်းကို မုန်းတီးနာကြည်းမှု အစွဲအလမ်းဒေါသများ။

မနီဘဝတစ်သက်တာတွင် အချစ်ဦးဖြစ်သလို အချစ်ဆုံးလည်းဖြစ်ခဲ့သော ဒေါက်တာမင်းမြတ်မောင်နှင့် သေကွဲမကွဲဘဲ ရှင်ကွဲကွဲပြီး စိတ်ဒဏ်ရာရသော

www.burmeseclassic.com

အသည်းကွဲဝေဒနာကို ခံစားရသဖြင့် မခံစားနိုင်သည့်အဆုံး ကြိုးဆွဲချသေဆုံးလိုက်ရခြင်းပင် ဖြစ်ပေတော့၏။

ချစ်သူနှင့်ကွေကွင်းရခြင်းဟူသော သောကများ။

ဒေါသနှင့် သောကပေါင်းစပ်ကာ ကြိုးဆွဲချသေဆုံးခဲ့ရသောမနီမှာ အစိမ်းသေမဖြစ်၍ မကျွတ်မလွတ်ဖြစ်ကာ သုံးဆယ့်တစ်ဘုံတွင် ကျင်လည်ရပြန်လေ၏။

မနီ ကျင်လည်ရသောဘဝကား သရဲမဘဝ။

•တစ်ည မှောင်ရီဖျိုးဖျ နေဝင်ရီသရောကာလ။

လဆုတ်ရက်ပီပီ မှောင်ရီသန်းလာသည်နှင့် အကာလည၏သရုပ်သည် ပီပြင်လှလေ၏။

တိုင်းရင်းဆေးဆရာကြီးဦးအောင်ဗလတစ်ယောက် တံတားကြီးကျေးရွာမှ ဆေးကုသပြီး လမ်းလျှောက်ပြန်လာ၏။ ပြန်လာသည့်လမ်းမှာလည်း ဝါးတစ်ရာရွာမြောက်ဖျားအစိုးရသစ်လုံးပုံကြီးနားမှ ဖြတ်လျှောက်ကာ ပြန်လာခြင်း ဖြစ်၏။

ဦးအောင်ဗလနှင့်တူရှုတွင် မိန်းမတစ်ယောက်လည်း လမ်းလျှောက်လာနေလေ၏။ တိုင်းရင်းသမားတော်ကြီး ဦးအောင်ဗလမှာလည်း ထိုမိန်းမနှင့် မျက်နှာချင်းဆိုင် လမ်းလျှောက်လာရာမှ အနီးသို့ ရောက်သည်နှင့် ထိုမိန်းမကို အမှတ်တမဲ့ကြည့်မိလိုက်၏။

"ဟင်"

ဦးအောင်ဗလ၏အူတွေအသည်းတွေပြောင်းပြန်လန်သွားသလားဟုထင်လိုက်၏။

ဦးအောင်ဗလတွေ့လိုက်ရသူက ဝါးတစ်ရာရွာသူ အစိမ်းသေမ သရဲမ မနီဖြစ်နေသောကြောင့် ဖြစ်လေ၏။

ဦးအောင်ဗလမှာ အပြေးတပိုင်းနှင့် အသံထွက်မအော်မိရုံသာရှိတော့၏။ သုတ်ခြေတင်ထွက်ပြေးလေတော့၏။

အစိမ်းသေသရဲမ မနီ၏ လျှာကြီးတွဲလောင်းနှင့် လှည့်ကြည့်လိုက်သော မျက်လုံးပြူးပြူးကြီးနှစ်လုံးသည် ဦးအောင်ဗလကိုယ်တိုင်ပင် အကြောက်လွန်ပြီး အဖျားဒီကရီတက်ခဲ့ရလေ၏။

တစ်ရွာလုံးလည်း သရဲမ၏ သတင်းက ကြီးမားလှတော့၏။

အစွဲအလမ်းဟူသည် အဝိဇ္ဇာနှင့် တဏှာ ဟူသော ရေသောက်မြစ်နှစ်ချောင်းမှ မြစ်ဖျားခံလာခဲ့ခြင်းသာ ဖြစ်လေ၏။



ပဋိစ္စသမုပ္ပာဒ်၏ ပင်မအခြေခံတရားများဟူသောခေါင်းစီးဖြင့် မိုးကုတ်ဆရာတော်ကြီး ဦးဝိမလမှ -

သံသရာ၏ အစသည် အဝိဇ္ဇာနှင့် တဏှာသာ ဖြစ်သည်ဟု ဆိုမိန့်၏။

ဤသို့ဖြင့် မနီ အစိမ်းသေသရဲမနှင့် လိန်ကုန်းရွာသား အောင်မောင်းတို့ ဆုံတွေ့ခဲ့ကြလေ၏။

ဤညကား အောင်မောင်းသည် အရက်သမား၊ ထန်းရည်သမားပီပီ နေ့လယ်ပိုင်းတွင် ဝါးတစ်ရာရွာမှ သူငယ်ချင်းများဖြင့် ကြက်တိုက်၏။ ကြက်ပွဲနိုင်ခဲ့၍ အရက်သောက်အောင်ပွဲခံ၏။ ဤတွင် ညဉ့်နက်သွားလေ၏။

ညကိုးနာရီကျော်ကျော်ဆယ်နာရီနီးပါးတွင် အရက်လေးထွေထွေထန်းရည်လေးမူးမူးဖြင့် ရွာမြောက်ဖျား လမ်းကောင်းရာဘက်မှ စက်ဘီးလေးနင်း၍ ပြန်လာရာ တိုင်းရင်းဆေးဆရာကြီး ဦးအောင်ဗလကို အစိမ်းသေသရဲမ မနီ ခြောက်လှန့်လိုက်သောနေရာအရောက်မှာပင် မိန်းမတစ်ယောက် မန်ကျည်းပင်များ ပတ်လည်ဝိုင်းနေသည်။ ရေကန်စပ်မှ တစ်ယောက်တည်း တက်လာခဲ့လေ၏။

အောင်မောင်းမှာ မဆိုလျှင် ခြေမ၊ လက်မပင် လက်သည်းလေးဆိုးပြီး မြတ်နိုးတတ်သူပီပီ ရေကန်စပ်မှ တက်လာသော မိန်းမလေးကို စက်ဘီးလေးရပ်ပြီး ကြည့်နေမိ၏။

ရေကန်စပ်မှ တက်လာသော မိန်းကလေးမှာလည်း လိန်ကုန်းရွာသား အောင်မောင်းထံ တည့်တည့်ပင်လာ၏။

ခေါင်းတွင် မွေးပွသဘက် အပြာလေးခြုံလာလေ၏။

အောင်မောင်းသည် သဘောကျကြီးကျနေပြီ ဖြစ်၏။

စားရက်ကြံ၍ မုတ်ဆိတ်ပျားဆွဲတာဟုပင် တွေးကာ တစ်ကိုယ်တည်း ပြုံးမိ၏။

ရေကန်ထဲမှ တက်လာသော မိန်းကလေးမှာ အရပ်အမောင်းမြင့်မား၏။ ကိုယ်လုံးကိုယ်ပေါက်တောင့်တင်းပြေပြစ်၏။လသာသော်လည်း အမှောင်ရိပ်ဖျိုးဖျိုးဖျဖျကျနေ၍ မျက်နှာကိုမူ သဲသဲကွဲကွဲမမြင်ရဖြစ်ကာ မည်သူမည်ဝါဟူသည်ကို ခန့်မှန်း၍မရခြင်းလည်း ဖြစ်၏။

အောင်မောင်း အနီးရောက်ခဲ့ပြီဖြစ်၏။ အောင်မောင်းမှာ စားနေကျကြောင်ဖားကြီးပီပီ အနားရောက်သည်နှင့် ကြင်နာသံအပြည့်အဝဖြင့် မေးတော့၏။

"ညီမလေး၊ ဘယ်သွားမလို့လဲ"

အောင်မောင်း၏ အမေးစကားကြောင့် သဘက်အပြာလေးကို သူ၏လက်ဖြင့် ဆွဲချလိုက်၏။ အောင်မောင်းမြင်တွေ့လိုက်သည့်မြင်ကွင်းကား -

မျက်လုံးကြီးနှစ်လုံးအစုံလိုက်မျက်ဝန်းအပြင်ဘက်သို့ ပြူးထွက်နေသော မနီ။

လျှာကြီးတစ်ချောင်းလုံး တစ်ပေနီးပါးခန့် လျှောကျထွက်နေသော သရဲမ မနီ။

မအူပင်တွင် ကြိုးဆွဲချသေဆုံးခဲ့ရသော အောင်မောင်းဖျက်ဆီးစော်ကားခဲ့သော မနီ အစိမ်းသေမ။

အောင်မောင်းမှာ ကြောက်လွန်လွန်း၍ စီးလာသော စက်ဘီးလေးကို မကိုင်နိုင်တော့။ စက်ဘီးလေးလက်မှ လွတ်ကျ၍ မြေသို့လဲပြို၏။

သရဲမ မနီမှာ အောင်မောင်းအနီးသို့ ပို၍တိုးကပ်၏။ ပြူးထွက်နေသော မျက်လုံးကြီးနှစ်လုံးနှင့် သရဲမ မနီနှင့် အောင်မောင်း မျက်နှာချင်းနီးကပ်လုနီးကပ်ခင်မှာပင် အောင်မောင်းမှာကြည့်ရင်းကြည့်ရင်း အကြောက်လွန်ကာ အကြည့်တို့ ဝေဝါးလာ၏ ။ လက်တို့တဆက်ဆက်တုန်လာ၏။ ပြီးသော် အောင်မောင်းသည် မဟာပထဝီမြေကြီးပေါ်သို့ ဗုန်းဗုန်းလဲပြိုကျသွားလေတော့၏။

နောက်တစ်နေ့ နေထွက်ချိန်တွင်တော့ သေဆုံးနေသည့် အောင်မောင်း၏ အလောင်းကောင်ကြီးအား ဝါးတစ်ရာရွာ ရွာသူရွာသားအားလုံး မြင်တွေ့ရလေတော့၏။

သဒိသံ ပါကံ ဇနေတိ ဟူသည့် တူသောအကျိုးကို အောင်မောင်း ခံစားလိုက်ရခြင်းဖြစ်ပေတော့သတည်း။

နန္ဒဝင်းကျော်ခေါင်(ခတ္တာ...)



www.burmeseclassic.com

www.burmeseclassic.com

၁၉၅၆ ခုနှစ်ဆန်းဟုထင်ပါသည်။ လ၊ ရက်ကိုမူ ကောင်းစွာမမှတ်မိ ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှထုတ် သော သတင်းစာကြီးများ၊ ဂျာနယ် အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော တင်းစာကြီးများ၊ ဂျာနယ်များ၊ တင်းမဂ္ဂဇင်းများ၊ အမေရိကန်ပြည် ာင်စုမှထုတ်ဝေသောသတင်းစာများ၊ နယ်များနှင့် သတင်းမဂ္ဂဇင်းများတွင် လန်နိုင်ငံ ဘုရင်မကြီး၏ ညီမတော် ရက်မင်းသမီးနှင့် မြန်မာနိုင်ငံ ရန်ကုန် တွင်မွေးဖွားခဲ့သော ဗြိတိသျှ ဘုရင်မ ၏ လေတပ်မတော်မှ ဗိုလ်ကြီးပီတာ ာင်းဆင်းတို့၏အချစ်ရေးအကြောင်း ယ်ကျယ်ပြန့်ပြန့် အထောက်အထား တ်ပုံသာဓကများနှင့်ဖော်ပြခဲ့ကြသဖြင့် င်တကာမှ စိတ်ဝင်စားဖွယ်သတင်း ခဲ့ရ၏။ သာမန်မိသားစုအတင်းအ ဖြစ်လျှင် လူအများ စိတ်ဝင်စားမည် တ်သော်လည်း ဗြိတိသျှတော်ဝင် သားစုဝင် ရွှေမင်းသမီးနှင့် သာမန် အရပ်သား ပထမအိမ်ထောင်ရှိသူ ဘုရင်မကြီးလေတပ်မတော်မှ ဗိုလ်တစ်ယောက်၏အချစ်ရေးဖြစ်၍ အင်္ဂလန်နိုင်ငံမှ ပြည်သူအများသာမက နိုင်ငံတကာမှလူထုများကပါ စိတ်ဝင်စားခြင်းဖြစ်ပါသည်။ ထိုဖြစ်ရပ်မှာ စာရေးဆရာများအတွက် ရေးကွက်များရရှိသွားခဲ့သဖြင့် ရွှေမင်းသမီးနှင့် အရပ်သား လေတပ်ဗိုလ်ကြီးတို့၏ ချစ်ရေးမလွယ်မှုဖြစ်စဉ်ကို လူထုတသသဖြစ်အောင် သတင်းဆောင်းပါးများ၊ ဖြစ်ရပ်မှန်ဝတ္ထုများ လက်ဆစ်ချိုး၍ ရေတွက်မရအောင် ရေးသား ထုတ်ဝေခဲ့ကြသည်။ ကျွန်တော်မှတ်မိသလောက် ရေးသားဖော်ပြရလျှင် ထိုစဉ်က အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော 'သတင်းစုံမဂ္ဂဇင်း' တွင် ဘုရင်မကြီး၏ ညီမတော် မာဂရက်မင်းသမီးနှင့် လေတပ်ဗိုလ်ကြီး တောင်းဆင်းတို့၏အချစ်ရေးကို တိတိပပဓာတ်ပုံသာဓကများနှင့်ဖော်ပြခဲ့သည်ကိုတွေ့ရသည်။

အင်္ဂလန်နိုင်ငံလူထုသာမကဘဲ



ကျွန်တော်တို့မြန်မာနိုင်ငံလူထုကလည်း မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ဖွားမြင်ခဲ့သည့် လေတပ်ဗိုလ်ကြီး ပီတာတောင်းဆင်းတို့အချစ်ရေးကို စိတ်ဝင်စားသည်။ ထိုစဉ်ကာလသတင်းများအရ ဘုရင်မကြီးနှင့် ဆွေတော်မျိုးတော်အများကမူ

## လျှမ်းထက်

# မှုန်နန်းဆောင်ရိပ်မှအိုအာမုန်း



www.burmeseclassic.com

သာမန်အရပ်သား တစ်ခုလပ် လေတပ်ဗိုလ်ကြီးပီတာတောင်းဆင်းနှင့် သဘော မတူကြဟု ဆိုသည်။ သူတို့နှစ်ယောက်သည် ၁၉၅၀ ပြည့်နှစ်ခန့်ကပင် တိတ်တဆိတ် ချစ်ကြိုးသွယ်ခဲ့ကြသည်ဟု ဆိုသည်။ မှတ်တမ်းများအရ ဒုတိယကမ္ဘာစစ်ကြီးကိုအနိုင်တိုက်ခဲ့သည့် လျှမ်းလျှမ်းတောက်တောက် ဟိုးဟိုးကျော်ခဲ့သော အင်္ဂလန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်းဆာဝင်စတန်ချာချီကလည်း ရွှေမင်းသမီး မာဂရက်၏ ချစ်မှုချစ်ရေးကို သဘော မတူဟုသတင်းများလည်းထွက်လာသည်။ ထိုအတူပင် အင်္ဂလန်ပါလီမန်ကလည်း မာဂရက်မင်းသမီးနှင့် တစ်ခုလပ်၊ သားသမီးရှိသူ လေတပ်ဗိုလ်ကြီး ပီတာတောင်းဆင်းနှင့်လက်ထပ်ခြင်းကို ခွင့်ပြုလိမ့်မည်မဟုတ်ဟု သတင်းများလည်း ထွက်လာသည်။


အမေရိကန်ပြည်ထောင်စုမှထုတ်ဝေသော တိုင်းသတင်းမဂ္ဂဇင်းနှင့် နယူးဝိ(စ်)မဂ္ဂဇင်းများကမူ မာဂရက်မင်းသမီးသည် သူ့ဦးရီးတော် နန်းစွန့်ဘုရင် အဋ္ဌမမြောက် အက်ဒွက်ဘုရင်ကဲ့သို့ မှန်နန်းဆောင်ကိုစွန့်ခွာ၍ သာမန်အရပ်သား ပီတာတောင်းဆင်းကိုလက်ထပ်၍ အချစ်သူရဲကောင်းအမျိုးသမီးအဖြစ် ခံယူမည်လော စသည်ဖြင့် သတင်းဆောင်းပါးများ ထည့်သွင်းဖော်ပြပေးခဲ့သဖြင့် နိုင်ငံတကာမှလူထုမှာ ရင်တဖိုဖိုဖြင့် မာဂရက်မင်းသမီးနှင့် ပီတာတောင်းဆင်းတို့၏ချစ်မှုချစ်ရေးကိုစောင့်ကြည့်ကြသည်။ လူထုအများကမူ မာဂရက်မင်းသမီးသည် သူ့ဦးရီးတော် အဋ္ဌမမြောက် အက်ဒွက်ဘုရင်ခြေရာကိုနင်းမည်လောဟု ထင်မိကြသည်။ သူတို့နှစ်ဦး၏ ချစ်မှုချစ်ရေးကို ကရုဏာသက်ခဲ့ကြသည်။ မာဂရက်မင်းသမီးသည် မှန်နန်းဆောင်မှခွာ၍ သူ့ချစ်သူ ပီတာတောင်းဆင်းနှင့်လက်တွဲ၍ ထွက်တော်မူ နန်းခွာပေတော့မည်ဟု မှတ်ယူထားကြသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် အချစ်သူရဲကောင်းဟု ကမ္ဘာ့မီဒီယာများက ကင်ပွန်းတပ်ခဲ့သော အဋ္ဌမမြောက် အက်ဒွက်ဘုရင်အကြောင်း ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပက်ထရစ်ဒေးဗစ် အမည်ခံ အဋ္ဌမမြောက် အက်ဒွက်ဘုရင်သည် အချစ်အတွက် ဘုရင်ဟူသောဘွဲ့နာမကိုစွန့်လွှတ်၍ ဝင်ဆာမြို့စားကြီး အမည်ခံကာ မှန်နန်းဆောင်နှင့်ဝင်ဆာတော်ဝင်မိသားစုများကို ကျောခိုင်းခဲ့သူဖြစ်သောကြောင့် ဖြစ်ပါသည်။

အမှန်အားဖြင့် အချစ်သူရဲကောင်း ဝင်ဆာမြို့စားကြီးသည် ကျွန်တော်တို့နိုင်ငံသမိုင်းနှင့်လည်း နွယ်နေသောကြောင့်ဖြစ်ပါသည်။ ပက်ထရစ်ဒေးဗစ် အမည်ခံ ဝင်ဆာမြို့စားကြီးကို ကျွန်တော် လူကိုယ်တိုင်မမြင်ဖူးခဲ့ရပါ။ ကျွန်တော်မမွေးမီ (၁၀) နှစ်ခန့်က၊ တိတိကျကျပြောရမည်ဆိုလျှင် ၁၉၂၂ ခုနှစ် ဇန်နဝါရီလ (၂) ရက်နေ့က ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့ပါသည်။ ထိုစဉ်က ဝင်ဆာမြို့စားကြီးမှာ ဝေလမင်းသားဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှတစ်ဆင့် ရီနောင်းသင်္ဘောကြီးဖြင့် ရောက်လာခဲ့သည်။ သူနှင့်အတူ နောင်အခါ ကျွန်တော်တို့မြန်မာအများ ချစ်ခင်လေးစား၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခင်မင်ရင်းနှီးသူ ဗြိတိသျှဘုရင်အစိုးရ အရှေ့တောင်အာရှစစ်ဦးစီးချုပ်ဖြစ်သော ဝင်ဆာမျိုးနွယ် မောင့်ဘက်တန်လည်း လိုက်ပါလာခဲ့ပါသည်။သူတို့နှစ်ယောက် လိုက်ပါလာသောအဖွဲ့သည် ၁၉၂၂၊ ဇန်နဝါရီ ၅ ရက်နေ့တွင် မီးရထားဖြင့် ရန်ကုန်မှ မန္တလေးသို့သွားပြီး ၈ ရက်နေ့တွင် ရန်ကုန်သို့ပြန်လာခဲ့ကြပါသည်။ ဗြိတိသျှအစိုးရ၏ အမိန့်အရ ရန်ကုန်-မန္တလေး မီးရထားလမ်းတစ်လျှောက်အား မြန်မာပြည်သူများနှင့် လယ်သမားကြီးများက စောင့်ရှောက်ပေးခဲ့ကြပြီး တစ်ခဲနက်ကြိုဆိုခဲ့ကြရပါသည်။

ဇန်နဝါရီလ ၉ ရက်နေ့တွင် ရန်ကုန်မြို့ ကန်တော်ကြီးတွင် ဝေလမင်းသားအား ဂုဏ်ပြုပွဲ လှေပြိုင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲကျင်းပခဲ့သည်သာမက ထိုညှ်လည်း မီးထွန်းပွဲတော်ကြီး တခမ်းတနားကျင်းပပေးခဲ့သည်။ ထိုစဉ်က ရန်ကုန်မြို့ အထက်တန်းအလွှာမှဗြိတိသျှအလိုတော်ရိများ၏သမီးများနှင့် ဝေလမင်းသားတို့ အဖွဲ့ကပွဲသဘင်ကြီးကိုလည်း တခမ်းတနားကျင်းပခဲ့ရာ မြန်မာသတင်းမီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ပါသည်။

ဝေလမင်းသားကား အသက်(၄၀)ကျော်အထိ ကြင်ရာတော်မထားဘဲ တစ်ကိုယ်တည်း လူပျိုကြီးဘဝကို ပျော်မွေ့နေသူ ဖြစ်ပါသည်။ သူ့ဖခင်ဖြစ်သော ပဉ္စမမြောက် ဂျော့ဘုရင်သည် နန်းသက် (၂၆) နှစ်၊ ၁၉၃၆ခုနှစ်၊ ဇန်နဝါရီလ ၂၀





www.burmeseclassic.com


www.burmeseclassic.com

ရက်နေ့၌ ကံတော်ကုန်ခဲ့သည်။ ထို့ကြောင့် သားတော်ကြီးဖြစ်သော အိမ်ရှေ့စံ ပက်ထရစ်ဒေးဗစ်အမည်ခံ အိမ်ရှေ့စံ ဝေလမင်းသားသည် ၁၉၃၆ ခု၊ မေလ ၂၀ ရက်နေ့တွင် ဗြိတိသျှတို့၏ နေမဝင်သော အင်ပါယာကြီး၏ အဋ္ဌမမြောက် အက်ဒွက်ဘုရင်အဖြစ် ရာဇဘိသေကခံယူခဲ့၏။

အက်ဒွက်ဘုရင်၏ နန်းတက်ပွဲကို ကျွန်တော်မီလိုက်ပါသည်။ ထိုစဉ်က ကျွန်တော်သည် မူလတန်းကျောင်းသားတစ်ယောက်ဖြစ်နေပြီ ဖြစ်သည်။ ဝေလမင်းသား နန်းတက်ပွဲအထိမ်းအမှတ်အဖြစ် ကျွန်တော်တို့ကျောင်းနှင့်မြို့ပိုင်ရုံး(ယခု မြို့နယ်အုပ်ချုပ်ရေးမှူးရုံး)အနီးရှိ မြေကွက်လပ်ကြီးတွင် ခမ်းခမ်းနားနား ကျင်းပခဲ့ပါသည်။ ကျွန်တော်တို့ကျောင်း၏ 'သူယောင်မယ်ယိမ်း'တွင် ပါဝင်ကပြသဖြင့် ထိုနန်းတက်ပွဲအထိမ်းအမှတ်အခမ်းအနားကို ကောင်းစွာ မှတ်မိနေပါသည်။ ထိုစဉ်က မင်းဘူးမြို့မှ ဗြိတိသျှအမျိုးသား အရေးပိုင်(ခရိုင်အုပ်ချုပ်ရေးမှူး) မစ္စတာဩချပ်ကိုယ်တိုင် ကြွရောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။ ...တေးဝိုင်းများ၊ ဇာတ်ပွဲများ၊ ရုပ်သေးပွဲများ၊ လှည်းပြိုင်ပွဲများနှင့် အထူးစည်ကားသည်ကို မှတ်မိနေပါသည်။ မြို့အနီးအနားရှိ ကျေးရွာလူထုလည်း လာရောက်ခဲ့ကြရာ အုတ်အော်သောင်းနင်းဖြစ်ခဲ့သောအခမ်းအနားဖြစ်ပါသည်။

အသက် (၄၂) တွင် ခမည်းတော် ...မမြောက်ဘုရင် ကံတော်ကုန်သဖြင့် အိမ်ရှေ့စံဝေလမင်းသား နန်းတက်သောအခါ မိဖုရားတစ်ပါးနှင့်အတူ ယှဉ်တွဲ၍ ...သိမ်းပွဲဆင်နွှဲခြင်းမပြုနိုင်။ တစ်ကိုယ်တော်နန်းတက်ခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်...ကာလက ကမ္ဘာပေါ်ရှိ တော်ဝင်၊ မင်း...မင်းမျိုး အသိုင်းအဝိုင်းထံမှ အချော...လှဆုံးမင်းသမီးတစ်ပါးပါးကို ထိမ်း...ကျက်ထပ်လေမည်လောဟုအင်္ဂလန်...လူထုနှင့် နေမဝင်သော ဗြိတိသျှ...ပါယာကြီး၏သတင်းကို နိုင်ငံအသီး...က စောင့်ကြည့်ခဲ့ကြ၏။ သို့သော် ...သလို ဖြစ်မလာပေ။

အမေရိကန်ပြည်ထောင်စုမှ နှစ်ခု... မစ္စစ်ဝါလေ့(စ်)မီးဆင်ပဆင်နှင့် ချစ်...ကျက်နေသည်ဟု သတင်းများထွက်...ခဲ့၏။ အင်္ဂလန်နိုင်ငံမှထုတ်ဝေသော ...စာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများ ...ရိကန်ပြည်ထောင်စုမှထုတ်ဝေသော ...စာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများ




တွင် လူပျိုကြီး အဋ္ဌမမြောက် အက်ဒွက်ဘုရင်နှင့် နှစ်ခုလပ်မစ္စစ်ဆင်ပဆင်တို့၏ အချစ်ရေးကို ဓာတ်ပုံသာဓကအထောက်အထားများဖြင့် တိတိပပရေးသားဖော်ပြခဲ့ကြသည်။

မစ္စစ်ဆင်ပဆင်ကား တော်ဝင်မင်းဆွေမင်းမျိုးလည်းမဟုတ်၊ အပျိုလည်း မဟုတ်။ သို့သော် အမေရိကန်ပြည်ထောင်စု ဘော(လ်)တီမိုးပြည်နယ် မယ်အဖြစ် ရွေးချယ်ခြင်းခံရသူ၊ ရုပ်ရည်ချောမောလှပသူ၊ အမျိုးသမီးပီသသူတစ်ဦးဖြစ်၏။

သို့သော် အဋ္ဌမမြောက် အက်ဒွက်ဘုရင်လူပျိုကြီးနှင့် နှစ်ခုလပ်နှစ်လင်ကွာသာမန်အရပ်သူတို့၏ ချစ်မှုချစ်ရေးကို ဗြိတိသျှမှန်နန်းဆောင်ရိပ်မှ တော်ဝင်မိသားစုများကလုံးဝသဘောမတူကြပေ။ ဗြိတိသျှအစိုးရကလည်း သူတို့ဘုရင်လူပျိုကြီးကို နှစ်ခုလပ်နှစ်လင်ကွာသာမန်အရပ်သူနှင့် သဘောမတူ။ ပြင်းပြင်းထန်ထန်ကန့်ကွက်ကြသည်။အက်ဒွက်ဘုရင်ကလည်း မစ္စစ်ဆင်ပဆင်ကိုမှ အချစ်ကြီးချစ်ပြီး စွဲလမ်းတမ်းတနေသည်။ ထိုစဉ်က အက်ဒွက်ဘုရင်နှင့် အရပ်သူ မစ္စစ်ဆင်ပဆင်တို့ အချစ်ဇာတ်လမ်းကို ကမ္ဘာ့နိုင်ငံအသီးသီးက စိတ်ဝင်စားကြသည်။ရင်တမမနှင့်စောင့်ကြည့်ကြသည်။ လူထုအများကား အက်ဒွက်ဘုရင်အပေါ် ကရုဏာသက်ခဲ့ကြသည်။

ထိုစဉ်က ဗြိတိသျှဘုရင်အစိုးရ နန်းရင်းဝန် (ဝန်ကြီးချုပ်ဖြစ်သူ) ဘော်လဒွင်ခေါင်းဆောင်သောအဖွဲ့က အက်ဒွက်ဘုရင်၏ ချစ်မှုချစ်ရေးကို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသည်။ အင်္ဂလန်လူထုကမူ မိမိတို့ရှင်ဘုရင်အား အရပ်သူတစ်ယောက်နှင့်လက်ထပ်မည့်အရေးကို ထောက်ခံခဲ့ကြသည်။ အက်ဒွက်ဘုရင်ကလည်း အလျှော့မပေး။ စည်းမျဉ်းခံဘုရင်စနစ်အရ ဗြိတိသျှဘုရင်သည် နိုင်ငံရေးတွင် အာဏာပိုင် မဟုတ်ပေ။ သို့သော် မိမိနှလုံးသားပြဿနာ၊ မိမိအချစ်ရေး၊ မိမိပုဂ္ဂိုလ်ရေးကို မိမိသာလျှင် အာဏာပိုင်ဖြစ်သည်ဟု မှတ်ယူထားပြီး နှစ်ခုလပ်နှစ်လင်ကွာသာမန်

www.burmeseclassic.com

အရပ်သူနှင့်လက်ထပ်မည်ဟု ဆုံးဖြတ်ချက်ချထားသည်။ ဤတွင် ဗြိတိသျှအစိုးရ၏ သဘောထားနှင့် စည်းမျဉ်းခံဘုရင်တို့အကြား ကွဲအက်ရေးနှင့်ခွဲထွက်ရေးဂယက်ရိုက်ခတ်လာသည်။ ဗြိတိသျှအစိုးရအဖို့လည်း နိုင်ငံရေးအကျပ်အတည်းဖြစ်လာသည်။

ဤကဲ့သို့ အက်ဒွက်ဘုရင်နှင့်မစ္စစ်ဆင်ပဆင်တို့ချစ်မှုချစ်ရေးသည် သတင်းစာသမားများ၊ စာရေးဆရာများအတွက် ရေးကွက်များရလာခဲ့သဖြင့် စာအုပ်များ၊ လက်ဆစ်ချိုး၍ရေတွက်မရအောင်ထွက်လာသည်။ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင်လည်း သူတို့အချစ်ရေးနှင့် တော်ဝင်မိသားစုများ၏ အတင်းအဖျင်းများကို ဓာတ်ပုံ အထောက်အထား ဝေဝေဆာဆာနှင့်ဖော်ပြခဲ့ကြသည်။ ကျွန်တော်တို့မြန်မာနိုင်ငံအပါအဝင် ဗြိတိသျှကိုလိုနီနိုင်ငံများမှလူထုကလည်း သူတို့အချစ်ဇာတ်လမ်းဖြူးဖြောင့်မလားဟု သောကဝေဒနာအဖြာဖြာဖြင့် စောင့်ကြည့်ခဲ့ကြ၏။ ထိုစဉ်က သတင်းစာများ၊ ဂျာနယ်များတွင် အဋ္ဌမမြောက် အက်ဒွက်ဘုရင်နှင့်မစ္စစ်ဆင်ပဆင်တို့၏သတင်းမပါလျှင် ခေတ်မမီဟု ယူဆထားကြ၏။

၁၉၃၆ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်နေ့တွင်မူ ဒက်ဒွက်ဘုရင်သည် နန်းစွန့်ကြောင်းသဝဏ်လွှာကို အောက်ပါအတိုင်း ကိုယ်တိုင်ဖတ်ကြား၍ ရုပ်သံလွှင့်အစီအစဉ်မှ အသံလွှင့်ခဲ့သည်။

"ကျွန်ုပ်မှန်ကန်သည်ဟုယူဆ၍ လိုက်ခဲ့သောလမ်းစဉ်သည် ပြည်သူလူထု၏ ပျော်ရွှင်ရေးနှင့်တကွ အင်္ဂလန်ထီးနန်းနှင့် ဗြိတိသျှအင်ပါယာခိုင်မြဲရေးအတွက် ထီးနန်းကိုစွန့်လွှတ်ခြင်းသည် အကောင်းဆုံးဖြစ်လိမ့်မည်ဟု ယုံကြည်သည့်အတိုင်း ထီးနန်းကိုစွန့်လွှတ်လိုက်သည်"

ဟု ကြေညာခဲ့သည်။

နန်းစံသက် (၁၀) လသာရှိသောအက်ဒွက်ဘုရင်၏ ကြေညာချက်သည် ဗြိတိသျှတို့၏ နေမဝင်သော အင်ပါယာကြီးတစ်ခုလုံး လှိုင်းဂယက်ထစေခဲ့သည်။ ဗြိတိသျှလူထုက မိမိတို့ရှင်ဘုရင်လေးနှင့် အရပ်သူ မစ္စစ်ဆင်ပဆင် တို့လက်ထပ်ထိမ်းမြားခြင်းကို လိုလားထောက်ခံကြသည်။ ဗြိတိသျှတို့၏ နေမဝင်သော အင်ပါယာကြီးအတွင်းမှ ကိုလိုနီနိုင်ငံများကလူထုကလည်း ဘုရင်ကလေး၏ချစ်မှုချစ်ရေးကို ထောက်ခံခဲ့ကြပြီး ဗြိတိသျှအစိုးရနှင့် တော်ဝင်မိသားစု၏ လူတန်းစားခွဲခြားသည့်စနစ်ကို စက်ဆုပ်ခဲ့ကြသည်။ အဋ္ဌမမြောက် အက်ဒွက်ဘုရင်ကိုလည်း အချစ်သူရဲကောင်းဟု ကင်ပွန်းတပ်ကာ ထောက်ခံအားပေးခဲ့ကြရာ ဘုရင်ကလေး ထီးနန်းစွန့်ပြီဟူသော သတင်းကိုကြားရသောအခါ သောကဝေဒနာအဖြာဖြာတွေ့ခဲ့ကြရသည်။

အချစ်သူရဲကောင်း အဋ္ဌမမြောက် အက်ဒွက်ဘုရင်သည် ဝင်ဆာမြို့စားကြီးအဖြစ်ခံယူပြီး မှန်နန်းဆောင်မှ ထွက်ခွာလာခဲ့သည်။ ၁၉၃၇ ခုနှစ်၊ ဇွန်၃ရက်နေ့တွင် ဝင်ဆာမြို့စားကြီး ပက်ထရစ်ဒေးဗစ်သည် သူမြတ်နိုးသူ နှစ်ခုလပ်နှစ်လင်ကွာ မစ္စစ်ဆင်ပဆင်ကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် လက်ထပ်ခဲ့ကြသည်။ အက်ဒွက်ဘုရင်သည် သူ့ချစ်သူကို အသက် (၇၇) နှစ် ကွယ်လွန်သည်အထိ သစ္စာမဏ္ဍိုင်မြဲခိုင်စွာ ပေါင်းသင်းခဲ့လေသည်။ သူတို့နှစ်ဦးတွင် သားသမီးထွန်းကားခြင်းမရှိခဲ့ပေ။ သူတို့နှစ်ဦး၏ ချစ်မှုချစ်ရေးသည် သမိုင်းဝင်ဖြစ်ခဲ့ရသည်။

အက်ဒွက်ဘုရင်နှင့် မစ္စစ်ဆင်ပဆင်တို့သည် ပြင်သစ်နိုင်ငံတွင် နှစ်ပေါင်း (၃၅) နှစ်ကျော် နေထိုင်ခဲ့၏။ (ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာခဲ့ပြီး ပြင်သစ်နိုင်ငံအား နာဇီဂျာမန်တို့ သိမ်းပိုက်ခဲ့သောအခါ အချစ်သူရဲကောင်း နန်းစွန့်ဘုရင်နှင့်ဇနီးတို့သည် ကြားနေနိုင်ငံဖြစ်သော စပိန်နိုင်ငံတွင် ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။) ချစ်မှုချစ်ရေးကြောင့် မှန်နန်းဆောင်ဆွေတော်မျိုးတော်တို့သည် နန်းစွန့်ဘုရင်အား ဆွေတော်မျိုးတော်စာရင်းမှ ထုတ်ပယ်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင်မူ မိမိအပေါ် အမျက်တော်ရှခဲ့သော မိခင်မေရီမိဖုရားကြီး၏ ရုပ်တုဖွင့်ပွဲသို့ တက်ရောက်ရန် အချစ်သူရဲကောင်း နန်းစွန့်ဘုရင် ဝင်ဆာမြို့စားကြီးနှင့် ဇနီးတို့သည် ဇာတိမြေအင်္ဂလန်နိုင်ငံသို့ခြေချခွင့်ရခဲ့သည်။ နန်းစွန့်ဘုရင် အချစ်သူရဲကောင်းကြီးသည် ၁၉၇၂ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် ကွယ်လွန်ခဲ့ သည်။ သူမကွယ်လွန်မီ တစ်ရက်ခန့်ကမူ နန်းစွန့်ဘုရင် အချစ်သူရဲကောင်းဝင်ဆာမြို့စားကြီးနှင့် မြို့စားကတော်တို့အား မှန်နန်းဆောင် ဝင်ဆာတော်ဝင်မိသားစုက ဆွေတော်မျိုးတော်စာရင်းတွင် ပြန်လည်သွတ်သွင်းခဲ့ကြသည်ဟု ကြေညာခဲ့၏။

ယခု ရေးသားဖော်ပြမည့် အင်္ဂလန်နိုင်ငံ ဘုရင်မကြီး ဒုတိယမြောက် အယ်(လ်)လီဇဘက်၏ ညီမတော်ဖြစ်သူ မာဂရက်မင်းသမီးနှင့် ကိုယ်ရံတော် ဗြိတိသျှဘုရင်မကြီး၏ လေတပ်မတော်မှဗိုလ်ကြီး ကျွန်တော်တို့မြန်မာနိုင်ငံတွင် ဖွားမြင်ခဲ့သူ ပီတာတောင်းဆင်းတို့၏ ချစ်မှုချစ်ရေးမှာလည်း အထက်ဖော်ပြပါ အချစ်သူရဲကောင်း ဝေလမင်းသားနှင့် မစ္စစ်ဆင်ပဆင်တို့ အချစ်ရေးကဲ့သို့ အင်္ဂလန်နိုင်ငံလူထုနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှလူထုက အထူးစိတ်ဝင်စားခဲ့ကြသည်။ နိုင်ငံတကာကလူထုကမူ မာဂရက်မင်းသမီးသည် သူ့ဦးကြီးတော်အဋ္ဌမမြောက် အက်ဒွက်ဘုရင်ကဲ့သို့ မှန်နန်းဆောင်ကိုစွန့်ခွာ၍ ချစ်သူတစ်ခုလပ် လေတပ်ဗိုလ်ကြီးနှင့် ရွှေလက်တွဲခဲ့လိမ့်မည်ဟု ယူဆခဲ့ကြ သည်။

ကျွန်တော်သည် မာဂရက်မင်းသမီးနှင့် ဗြိတိသျှဘုရင်မကြီး၏လေတပ်မတော်မှ ဗိုလ်ကြီးပီတာတောင်းဆင်းတို လူကိုယ်တိုင် မတွေ့ဘူးခဲ့ပါ။ သို့သော် သူတို့နှစ်ဦး ချစ်သူများဖြစ်လာကြသည်ဟု သတင်းများထွက်လာခဲ့စဉ်ကမူ တ သိုလ်ကျောင်းသားကြီးတစ်ယောက် ဖြ နေလေပြီး အင်္ဂလိပ်စာကိုလည်း လူ သူသူဖတ်နိုင်နေပြီ ဖြစ်၏။ ထိုစဉ်ကာ က ကျွန်တော်တို့မြန်မာနိုင်ငံမှထုတ် သော စာနယ်ဇင်းများ၊ အင်္ဂလန်နိုင်ငံ အမေရိကန်ပြည်ထောင်စုတို့မှ ထုတ် သော သတင်းစာများ၊ ဂျာနယ်များတွင် မာဂရက်မင်းသမီးနှင့် တိတ်တခိုးချစ် ဗိုလ်ကြီးတောင်းဆင်းတို့၏ ချစ်မှုချစ် ကို စောင်းပါးရိပ်ခြည်ရေးသားဖော်ပြ သည့်သတင်းဆောင်းပါးများကို ဖန်တ ရာတေအောင် ဖတ်ရှုခဲ့ရ၏။

မှတ်မှတ်ရရ အိန္ဒိယနိုင်ငံမှ ဩ တိက္ကမ အကြီးမားဆုံး အင်္ဂလိပ်ဘာသ ဖြင့်ထုတ်ဝေသော အမရိဆာဘဇ ထရိကသတင်းစာကြီး၏ မျက်နှာဖုံး မာဂရက်မင်းသမီးနှင့် ဗိုလ်ကြီးပီ တောင်းဆင်းတို့ အာဖရိကတို့ရှိ ဗြိတိ နေသဟာယဝင်နိုင်ငံများသို့သွားရော ကြသည့်သတင်းကို ဓာတ်ပုံသာဓက ဖြင့် ဝေဝေဆာဆာဖော်ပြခဲ့၏။ ထို လန်ဒန်မှထုတ်ဝေသော လန်ဒန် သတင်းဂျာနယ်နှင့် အိန္ဒိယရုပ်စုံသ ဂျာနယ်များတွင် ဖော်ပြသည်။ ထို ဆောင်းပါးများတွင် ကျယ်ကျယ်ပြ ရေးသား ဖော်ပြခဲ့သဖြင့် သူတို့နှစ် ချစ်မှုချစ်ရေးကို နိုင်ငံတကာမှ စိတ် စားခဲ့သည်။ ကျွန်တော်တို့မြန်မာနိုင် ထုတ်ဝေသော သတင်းစာကြီးမ လည်း ရန်ကုန်မြေး ပီတာတော နှင့် မာဂရက်မင်းသမီးတို့၏ ချစ်မှု

www.burmeseclassic.com

ကို သတင်းဆောင်းပါးများအဖြစ် ပြုခဲ့၏။ ထိုစဉ်က မြန်မာလူထုသည် ကြီးပီတာတောင်းဆင်းနှင့် မာဂရက် သမီးတို့၏ အချစ်ရေးဖြူးဖြောင့်ပေ မည်ဟု မှတ်ယူခဲ့ကြသည်။ မှတ်မှတ် ဘုရင်မကြီးမိသားစု (မာဂရက်မင်း အပါအဝင်) နှင့် ဗိုလ်ကြီးပီတာ ောင်းဆင်းတို့ လန်ဒန်မြို့တော်ရှိ ရွှေ တော်ဇာတ်ရုံတွင် ပြဇာတ်ကြည့်ကြ ည့်ဓာတ်ပုံများ၊ တောင်အာဖရိက ကိတ်တောင်းမြို့သို့ ဘုရင်မကြီး ားစုနှင့်အတူ သွားရောက်လည်ပတ် သည့်ပုံများကိုပါ ဖော်ပြ၍ သတင်း ောင်းပါးများ ရေးသားဖော်ပြခဲ့ကြ၏။

မာဂရက်မင်းသမီးကို ၁၉၃၀ ပြည့် ဩဂုတ်လ ၂၁ ရက်နေ့တွင် ဝင်ဆာ ကတ်တွင် ဖွားမြင်ခဲ့သည်။ ငယ်စဉ်က ထက်မြက်သူတစ်ယောက်ဖြစ်ပြီး ဆဋ္ဌမမြောက် ဂျော့ဘုရင် (အချစ် ကောင်း နန်းစွန့်ဘုရင်၏ ညီတော်) အချစ်တော်သမီးဖြစ်သည်။မာဂရက် သမီး၏ ကလေးဘဝကပင် ဝင်ဆာ ကတ်နှင့် ဆာဂင်ဟမ်းနန်းမဆောင် တွင်သာ ကြီးပြင်းလာခဲ့ရသည်။ သူ ) နှစ်အရွယ်တွင် ဒုတိယကမ္ဘာစစ် တောက်လောင်လာခဲ့ပြီး စစ်ပြိုင် ဂျာမနီနိုင်ငံမှာ ဒုတိယကမ္ဘာစစ်ကြီး အောင်နိုင်မည့်အခြေအနေရောက် သည်၊ ဗြိတိသျှနှင့် မဟာမိတ်တို့မှာ ပတိုက်မှ ဆုတ်ခွာခဲ့ရပြီး အင်္ဂလန် မှာ တစ်ကောင်ကြွက်နိုင်ငံဖြစ်ခဲ့ရ ။ နာဇီဂျာမန်လေတပ်မတော်၏ ရက်စက်စက် ဗုံးကြဲတိုက်ခိုက်ခြင်းကို ည်းခံခဲ့ရ၏။ ဤသို့အခြေအနေတွင် ရက်မင်းသမီးမှာ လူလူသူသူဖြစ် ခဲ့ရ၏။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး၍ ခုနှစ်တွင် မာဂရက်မင်းသမီး မိသားစုနှင့်အတူ ဗြိတိသျှဓန ာယအဖွဲ့ဝင်နိုင်ငံများသို့ ချစ်ကြည် ထွက်ခဲ့သည်။ ထိုစဉ်ကာလက ရက်မင်းသမီးမှာ အသက် (၁၆) နှစ် သာ ဖြစ်သည်။ ဤတွင် မိသားစု ကိုယ်ရံတော်အဖြစ်လိုက်ပါလာသော နှစ်ယောက်ဖခင်၊ ဗြိတိသျှဘုရင့် ပ်မတော်မှအုပ်စုဗိုလ်ကြီး ပီတာ င်းဆင်းနှင့် ရင်းရင်းနှီးနှီး ဆက် ခဲ့သည်။ ထိုစဉ်ကာလတုန်းက ရက်မှာ အပျိုဖျန်းအရွယ်သာဖြစ်

၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် မာဂရက်၏ဖခင်ဖြစ်သူ ဆဋ္ဌမမြောက်ဂျော့ဘုရင် ကံတော်ကုန်ခဲ့သည်။ ဤတွင် မာဂရက်၏အစ်မတော် အယ်လိဇဘက်မင်းသမီးကြီးသည် အင်္ဂလန်နိုင်ငံနှင့် ဓနသဟာယအဖွဲ့ဝင်နိုင်ငံများ၏ ဘုရင်မကြီးအဖြစ် ထီးနန်းတက်ခဲ့သည်။ ဘုရင်မကြီး၏မယ်တော် မိဖုရားကြီးသည် သူတို့မိသားစုနှင့်ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနေခဲ့သူ ကိုယ်ရံတော်ဗိုလ်ကြီးတောင်းဆင်း၏ ရိုးသားမှု၊ ဆက်ဆံရေးကောင်းမှု၊ သွက်လက်ချက်ချာမှုတို့ကြောင့် သူတို့မိသားစု၏ အိမ်တော်ဝန်အဖြစ်ခန့်ထားခဲ့ရာ ပီတာတောင်းဆင်းနှင့် မာဂရက်မင်းသမီးတို့၏ဆက်ဆံရေးမှာ ပို၍နီးစပ်လာသည်။ ၁၉၅၃ ခုနှစ်တွင်မှ ပီတာတောင်းဆင်းသည် ဇနီးဖြစ်သူနှင့် တရားဝင်ကွာရှင်းပြတ်စဲပြီး သားနှစ်ယောက်ကိုမူ ထိန်းသိမ်းခွင့်ရခဲ့သည်။ ထိုဖြစ်စဉ်သည် ဗိုလ်ကြီးပီတာတောင်းဆင်းနှင့်မာဂရက်မင်းသမီးတို့၏ ချစ်မှုချစ်ရေးကို ပိုမိုနီးစပ်လာစေခဲ့သည်။

ပီတာတောင်းဆင်းမှာ မာဂရက်မင်းသမီးထက် အသက်(၁၆) နှစ်ကြီးသူဖြစ်၏။ သူ့ဖခင်မှာလည်း နှယ်နှယ်ရရ ပုဂ္ဂိုလ် မဟုတ်။ ကျွန်တော်တို့ အထက်မြန်မာနိုင်ငံ မန္တလေးမြို့တော်အား ၁၈၈၅ ခုနှစ်ကသိမ်းပိုက်ခဲ့သည့် ဗိုလ်ချုပ်ပရင်ဒါဂတ်(စ်)တပ်ဖွဲ့မှ ဗိုလ်ကြီးတစ်ဦးဖြစ်ခဲ့သည်။ ဝိတိုရိယဘုရင်မကြီး၏ စစ်တက္ကသိုလ်ကျောင်းဆင်းဖြစ်၍ ဗိုလ်ချုပ်ပရင်ဒါဂတ်(စ်) အထူးအားထားရသော အရာရှိတစ်ဦးဖြစ်၏။ ဗြိတိသျှတို့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအား ကျွန်ဇာတ်သွင်းပြီးသည့်နောက် ဗိုလ်ကြီးပီတာတောင်းဆင်း၏ဖခင်သည် မြန်မာနိုင်ငံအုပ်ချုပ်ရေးဝန်ထမ်းတစ်ဦးဖြစ်ခဲ့ရသည်။ သူ၏ဖခင်ဖြစ်သူမှာ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံနှင့် ရိုးရာယဉ်ကျေးမှုကို လေးစားသူဖြစ်သည်သာမက မြန်မာကျေးလက်လူထုနှင့် လက်ပွန်းတတီးနေထိုင်ခဲ့သူဖြစ်ရာ သူ့မိတ်ဆွေများနှင့် အခြားအင်္ဂလိပ်အမျိုးသားအရာရှိများက သူ့အား မြန်မာအလိုတော်ရိဟု ကင်ပွန်းတပ်ခဲ့ကြသည်။

မိတ္ထီလာတွင် အုပ်ချုပ်ရေးအရာရှိအဖြစ်တာဝန်ထမ်းဆောင်နေစဉ် အင်္ဂလိပ်အမျိုးသမီးနှင့် လက်ထပ်ခဲ့ကြပြီး ပီတာတောင်းဆင်းအား ထိုစဉ်က မြန်မာနိုင်ငံ ဗြိတိသျှအစိုးရ၏ နွေရာသီ တောင်စခန်းမြို့ဖြစ်သော မေမြို့ (ယခု ပြင်ဦးလွင်) မြို့တွင် ဖွားမြင်ခဲ့သည်။ ပီတာတောင်းဆင်းမှာ မေမြို့ (ပြင်ဦးလွင်)တွင် ကြီးပြင်းလာခဲ့ပြီး သူ့ဖခင်ဖြစ်သူမှာလည်း ပဲခူးတိုင်းမင်းကြီး (တိုင်းအုပ်ချုပ်ရေးမှူး) အဖြစ် အမှုထမ်းဆောင်ခဲ့ရာမှ အငြိမ်းစားယူခဲ့သည်။ သို့ဖြစ်၍ ပီတာတောင်းဆင်းသည် မြန်မာနိုင်ငံတွင် ကြီးပြင်းလာခဲ့ရသူဟု ဆိုရမည်ဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံစစ်မျက်နှာတွင် ဗြိတိသျှဘုရင်လေတပ်မတော်တွင်အမှုထမ်းဆောင်ခဲ့ရာ စစ်ပြီးကာလတွင် ဗြိတိသျှဘုရင်မကြီး အိမ်တော်ဝန်အဖြစ် လည်းကောင်း၊ ကိုယ်ရေးအရာရှိအဖြစ် လည်းကောင်း အမှုထမ်းစဉ် မာဂရက်မင်းသမီးနှင့် တိတ်တဆိတ်ချစ်ခင်စုံမက်ခဲ့ခြင်းဖြစ်၏။ သို့ဖြစ်၍ ထိုစဉ်ကာလက အင်္ဂလန်လူထုနှင့်မြန်မာလူထုသည် သူတို့နှစ်ယောက်၏ချစ်မှုချစ်ရေးကို စိတ်ဝင်စားကြသည်။ မာဂရက်သည် သူ့ဦးကြီးတော် နန်းစွန့်ဘုရင် အဋ္ဌမမြောက် အက်ဒွက်မင်းသားကဲ့သို့ အချစ်သူရဲကောင်းဖြစ်လာလေမည်လောဟု ကမ္ဘာ့နိုင်ငံအသီးသီးကလူထုက မျှော်လင့်ထားခဲ့သည်။

သူတို့နှစ်ဦးအချစ်ရေးကို ဘုရင်မကြီးက လုံးဝသဘောမတူ။ ဝင်ဆာမျိုးနွယ်များကလည်း ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့ကြသည်။ဝန်ကြီးချုပ်ဟောင်း ချာချီနှင့် ဗြိတိသျှပါလီမန်အမတ်များကလည်း ပီတာတောင်းဆင်းနှင့် မာဂရက်မင်းသမီးတို့ လက်ထပ်မည့်အရေးကို ကန့်ကွက်ခဲ့သည်သာမက အိမ်တော်ဝန် ဗိုလ်ကြီးပီတာတောင်ဆင်ကို ဘယ်လ်ဂျီယန်နိုင်ငံသို့ တာဝန်ပေး၍စေလွှတ်ခဲ့သည်။ မာဂရက်မင်းသမီးသည် သူ့ဦးကြီးတော်ကဲ့သို့ အချစ်သူရဲကောင်းဖြစ်မလာခဲ့။ ပီတာတောင်းဆင်းကိုကျောခိုင်းခဲ့ပြီး ၁၉၆၀ ပြည့်နှစ်၊ မေလ ၆ ရက်နေ့တွင် ဆန်းဒင်းမြို့တော်ဝန် အင်းသောနီအမ်(စ်)တရောင်းနှင့် ဝင်ဆာတော်ဝင်မိသားစုအလိုအရ လက်ထပ်ထိမ်းမြားခဲ့သည်။ သူတို့အိမ်ထောင်ရေးလည်း သာယာခြင်းမရှိခဲ့။ အိမ်ထောင်သက် (၁၆) နှစ်တွင် လမ်းခွဲခဲ့ကြသည်။ ၂၀၀၂ ခု၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် မာဂရက်မင်းသမီး ကွယ်လွန်ခဲ့ပါကြောင်း။


လျှမ်းထက်

ကျမ်းကိုး -

Romantie Royal Marriages.

By. B. Cartland.

www.burmeseclassic.com



# ငြိမ်းဝေ (ပြည်)

## နောက်ဆုံးဆန္ဒပြည့်ဝစေချင်

ပြည်မြို့မှ ရေဝတီမြစ်ကူးတံတား နဝဒေးကိုဖြတ်ကျော်၍ ဘယ်ဘက်သို့ ချိုးကွေ့သွားသောကတ္တရာလမ်းအတိုင်း ဆက်လက်သွားပါလျှင် ဆင်တဲသို့ရောက်ပါမည်။ ဆင်တဲသည် ရွာဖြစ်သော်လည်း မြို့ငယ်လေးတစ်မြို့ပမာ စည်ကားလှပေ၏။ ထိုရွာနောက်ဘက်တွင် အခြေစိုက်တပ်ရင်းတစ်ရင်းရှိပေသည်။ ထိုတပ်စခန်း၏အနောက်ဘက်တွင် တမာကုန်းခေါ်သောရွာလေးရှိလေ၏။ ထိုရွာလေးသည် တပ်မတည်မီကပင်တည်ရှိခဲ့သောရွာကလေးတစ်ရွာ ဖြစ်ပေသည်။ ထိုရွာကလေးတွင် ချင်းတိုင်းရင်းသားအများစုနေထိုင်၍ မြန်မာများလည်းအနည်းငယ်နေထိုင်ကြလေသည်။ ထိုရွာတွင်နေထိုင်ကြသော ရွာသူရွာသားများသည် ခြံလုပ်ငန်း၊ လယ်လုပ်ငန်း၊ ယာလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရပေ၏။

ဒေါ်အုန်းနှင့် မမြင့်သွယ်တို့သားအမိသည်လည်း ထိုရွာကလေးတွင် ခြံလုပ်ငန်းလုပ်ကာ နေထိုင်ကြ၏။ သူတို့သားအမိ ထိုရွာလေးတွင်နေထိုင်ခဲ့သည်မှာ (၂၃)နှစ်ကျော်ပြီဖြစ်ပေ၏။ ဆွေမျိုးအရင်းအချာဆို၍ အနီးရှိတပ်စခန်းတွင် တာဝန်ထမ်းဆောင်နေသောအရာခံဗိုလ်တင့်ဝေတစ်ယောက်သာ ရှိလေသည်။ ဆရာကြီးတင့်ဝေသည် အိမ်ထောင်ကျပြီးသည့်နောက် တပ်ရင်းအိမ်ထောင်သည်လိုင်းသို့ ပြောင်းရွှေ့နေထိုင်ရသဖြင့် သင့်တော်ရာအရပ်ဒေသသို့ ပြောင်းရွှေ့နေထိုင်ကြလေသည်။ ဒေါ်အုန်းတို့သားအမိမှာ ယခင်နေထိုင်ခဲ့ရာ ဟသ်ာတခရိုင် လက်ပံလှရွာသို့ ပြန်ပြောင်းရန်ခက်ခဲသဖြင့် တမာကုန်းရွာပျက်ရှိသရက်ခြံတွင်သာ တဲကလေးထိုး၍ နေထိုင်စားသောက်ကြရပေ၏။

ဆရာကြီးတင့်ဝေသည် ယခင်က အစ်မကြီးဖြစ်သူ ဒေါ်အုန်း၏ခြံသို့ တစ်ပတ်တစ်ခေါက်၊ နှစ်ခေါက်ရောက်ခဲ့သော်လည်း ယခုအခါ တာဝန်များပြားသောကြောင့်တစ်ကြောင်း၊ အိမ်ရှိစိုက်ခြံထဲတွင် အစ်မဖြစ်သူဒေါ်အုန်းနှင့်တူမဖြစ်သူ မမြင့်သွယ်တို့နှစ်ဦးသာ ကျန်ရစ်လေ၏။ ၁၉၉၁ ခုနှစ်တွင် တပ်၏လုံခြုံရေးအစီအစဉ်အရ တမာကုန်းရွာတွင်နေထိုင်ကြသောရွာသူများကို ကွက်သစ်တွင် အကွက်ရိုက်၍ ပြောင်းရွှေ့နေထိုင်စေ၏။ သို့ဖြစ်သောကြောင့် တမာကုန်းရွာကလေးသည် ရွာပျက်ခဲ့ရလေတော့သည်။

ယခင်က အိမ်ခြေ (၈၀) ကျော်ရှိသောရွာကလေးသည် ယခုအခါ ခြံလုပ်ကိုင်စားသောက်သူများနှင့် လယ်သမားများကိုသာ ယာယီတဲများဖြင့် နေထိုင်လုပ်ကိုင်စေသဖြင့် တစ်တဲနှင့်တစ်တဲအလှမ်းဝေးကာ ကကြို့ကကျဲ ဟာတာတာကြီးဖြစ်နေလေ၏။ ရွာဟောင်းမှကွက်သစ်သို့ ပြောင်းရွှေ့နေထိုင်သူများမှာလည်း အခြေမကျသဖြင့် အလွန်ဆင်းရဲဒုက္ခရောက်ကြရလေ၏။ အချို့လည်း ၎င်းကွက်သစ်တွင် မနေတော့ဘဲ ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေသောကြောင့် တစ်ကြောင်း၊ အစ်မကြီးဒေါ်အုန်း၏ခြံသို့ မရောက်ခဲ့သည်မှာ (၁) လကျော်ခန့် ကြာမြင့်ခဲ့လေသည်။ ယခုလည်း ဆရာကြီးတင့်ဝေသည် လူပျိုလိုင်းစည်းကမ်းထိန်းတာဝန်ကို ဆောင်ရွက်ပြီးနောက် အိမ်သို့ပြန်ခဲ့လေ၏။ အချိန်မှာ ညနေ (၅) နာရီထိုးပြီးဖြစ်၍ ယူနီဖောင်းလဲကာ ကြက်စာကျွေးခြင်း၊ ရေလဲခြင်း၊ ကြက်သွန်စိုက်ခင်းအတွက် မြေပြင်ခြင်းကိစ္စ များကို ဆောင်ရွက်နေရ၏။ တစ်နာရီခန့်ဆောင်ရွက်ပြီးနောက် အမောဖြေကာ ရေချိုးရလေ၏။ ရေချိုးပြီးနောက်အဝတ်လဲကာ သတင်းစာဖတ်၍နေလေသည်။

ဤသို့ သတင်းစာဖတ်နေစဉ် တူမဖြစ်သူ မမြင့်သွယ်ရောက်လာလေ၏။ မမြင့်သွယ်သည် ခေတ္တထိုင်ပြီးနောက် -

"လေးလေး၊ အမေနေမကောင်း ဖြစ်နေလို့ လာခဲ့ပါဦး။ လေးလေးလည်း ခြံထဲမရောက်တာကြာပြီ၊ ဖြစ်နိုင်ရင် တစ်ည၊ နှစ်ည လာအိပ်ပါဦးလို့ အမေ ကမှာလိုက်တယ်"

ဟု ဆိုလေ၏။

ထိုအခါ ဆရာကြီးတင့်ဝေက -

"အစ်မကြီးနေမကောင်းဖြစ် ကြာပြီလား"

ဟုပြန်မေးလေ၏။

"ဟုတ်ကဲ့ လေးလေး၊ ဆယ် လောက်ရှိပြီ။ ခြံထဲမှာ ပေါင်းခုတ် ချွေးမသိပ်ခင်ရေချိုးလိုက်တော့ ချွေး ပြီးဖျားတာ။ အခုတော့ အဖျားကျ ပြီး အားနည်းနေတယ်။ စကားပြော လေသံတိုးတိုးလေးပဲပြောနိုင်တယ်"

ဟု ဆိုလေ၏။

"ဟာ - ဒါဆိုရင် တော်တော် နည်းနေတာပဲ၊ အားဆေးသွင်းမှ ထင်တယ်။ အေးအေး - ငါထမင်း လာခဲ့မယ်။ အဲဒီမှာပဲအိပ်မယ်"

www.burmeseclassic.com



ဟု တစ်ဆက်တည်းပြန်ပြောလေ

"ဒီလိုဆိုရင် တူမပြန်နှင့်မယ်။ ...ကိုတစ်ယောက်တည်းထားခဲ့ရတော့ ...မချေဘူး"

ဟု ပြောကာ ပြန်သွားလေ၏။

❏

ဤသို့ပြောဆိုနေကြသည်ကို မီးဖို ဆောင်တွင် ချက်ပြုတ်နေသော ဆရာ ကြီးတင့်ဝေ၏ဇနီးဖြစ်သူ ဒေါ်တင်လည်း ကြားပြီးဖြစ်ပေ၏။ သို့ဖြစ်၍ ဒေါ်တင် က-

"အစ်ကို ဒါဖြင့်လည်း ထမင်းစော စောစားပြီးသွားလေ။ အားလုံးကျက်နေ



www.burmeseclassic.com

www.burmeseclassic.com

ပြီ၊ ထမင်းပွဲပြင်လိုက်တော့မယ်"

"အေး၊ အေး - ကျက်ရင်လည်း စောစောစားတာပေါ့ကွာ"

ထမင်းပွဲပြင်ပြီးသည်နှင့် မိသားစု ထမင်းစားလိုက်ကြ၏။ ဆရာကြီးတင့်ဝေသည် ထမင်းစားပြီးနောက် ရေနွေးတစ်ခွက်၊ နှစ်ခွက်သောက်ကာ ပိုင်းလော့ အနွေးထည်အင်္ကျီဝတ်ကာ အိပ်ရာလိပ်ကို စက်ဘီးပေါ်တွင်တင်၍ကြိုးနှင့်ချည်ကာ အစ်မကြီးရှိရာခြံသို့ထွက်ခဲ့လေ၏။

အချိန်မှာ (၇) နာရီခန့်ရှိပြီဖြစ်ရာ အနည်းငယ် မှောင်စပြုလာလေသည်။ သာမန်အားဖြင့် တန်ဆောင်းမုန်းလပြည့် ရက်သည် အအေးဓာတ်မပြင်းထန်သော်လည်း ယခုအခါ အအေးလှိုင်းဖြတ်နေချိန်ဖြစ်၍ အလွန်အေးနေ၏။ စက်ဘီးနင်း၍လာခဲ့ပေရာ လေတိုးသဖြင့် ပို၍ အေးသည်ဟုထင်ရလေသည်။ ဆယ်မိနစ်မျှ စက်ဘီးနင်းပြီးနောက် အစ်မကြီး နေထိုင်ရာ သရက်ခြံသို့ရောက်လေ၏။ ရွာဝင်လမ်းမရှိတော့သဖြင့် ခြေကြောင်းလမ်းကလေးအတိုင်း စက်ဘီးကိုတွန်းကာ ဝင်ခဲ့ရလေ၏။

ခြံအတွင်းဝင်လိုက်သည်နှင့် သရက်ပင်၊ အုန်းပင်များ၏အရိပ်ကြောင့် ပို၍ မှောင်မှည်းနေပြီး တဲထဲတွင် မီးအိမ်လေး ထွန်းထားသည်ကို တွေ့လိုက်ရပေ၏။ တဲအတွင်း၌ တိတ်ဆိတ်နေ၏။ မမြင့်သွယ်သည် အမေဖြစ်သူအား ဆန်ပြုတ် တိုက်နေသည်ကို တွေ့ရလေသည်။ ဆရာကြီးတင့်ဝေသည် စက်ဘီးအား သော့ခတ်၍ အိပ်ရာလိပ်ကိုယူကာ တဲ ခေါင်းရင်းဘက်သို့တက်ခဲ့လေ၏။ အစ်မ ဖြစ်သူအား ကြည့်လိုက်သောအခါ အလွန်နွမ်းလျလျက် ပက်လက်ကုလား ထိုင်တွင်ထိုင်ကာ ဆန်ပြုတ်သောက်နေ သည်ကိုတွေ့ရလေသည်။ ထိုအခါ အနီး သို့သွား၍ -

"အစ်မကြီးဘယ်လိုနေလဲ။ ခေါင်း ထဲမှာ ရှင်းရဲ့လား၊ ဖျားကောဖျားသေး လား"

ဟုမေးပြီး နဖူးနှင့် လက်တို့ကို စမ်းကြည့်လေ၏။ အဖျားသွေးမရှိသော် လည်း အလွန်အားနည်းနေသဖြင့် အေး စက်စက်ဖြစ်နေ၏။ အအေးလှိုင်းဖြတ်နေ ချိန်ဖြစ်၍ ချွေးမထွက်နိုင်ပေ။ တုပ်ကွေး ဖျားဖြစ်၍ အကိုက်အခဲပျောက်သော ဆေးဝယ်တိုက်ထားသည်ဟု မမြင့်သွယ် ကပြောလေ၏။

ဆရာကြီးတင့်ဝေသည် အစ်မကြီး အားရှိစေရန် အားဆေးသွင်းလိုသော လည်း ဆေးဆရာခေါ်ရန်အခက်အခဲရှိ သဖြင့် နောက်နေ့မနက်မှ အားဆေး သွင်းရန် ဆုံးဖြတ်လိုက်လေ၏။ မနက်ဖြန် မှအားဆေးသွင်းလျှင် ထင်ထင်မြင်မြင် သွင်းရမည်ဟုတွေးကာ-

"အစ်မကြီးရေ ဘာမှမပူနဲ့၊ မနက် ဖြန်အားဆေးသွင်းပေးမယ်။ ဖြစ်တယ်မို့ လား"

ဟု အားပေးစကားပြောလေ၏။

ထိုအခါ ဒေါ်အုန်းက -

"အေးပါ၊ မနက်ဖြန်မှအားဆေး သွင်းမယ်ဆိုလည်းဖြစ်ပါတယ်"

ဟု အလိုက်သင့်ပြန်ပြောလေ၏။ စိတ်ဓာတ်မာကျောသောသူဖြစ်ပေရာ တော်ရုံနေမကောင်းသည်ကိုအမှုမထား ပေ။ သို့သော်လည်း အသက်အားဖြင့် ဆရာကြီးတင့်ဝေထက် (၉)နှစ်ခန့်ကြီးသူ ဖြစ်လေ၏။ ယခုအသက် (၆၃)နှစ်ရှိပြီ ဖြစ်ပေရာ စိတ်သာမာ၍ သူ့ခန္ဓာကိုယ် မှာ ခံနိုင်ရည်အားနည်းနေလေ၏။

ဆရာကြီးတင့်ဝေသည် အစ်မကြီး ဖြစ်သူအား စိတ်ပြောင်းစေရန် အခြား ကိစ္စများကိုမေးနေလေ၏။ သူ့အလုပ် ကိစ္စများသဖြင့် မလာနိုင်ခဲ့ပုံကိုလည်း ပြောပြနေ၏။ ထို့နောက် တူမဖြစ်သူ မမြင့်သွယ်အား စောင်ထူထူခြုံပေးရန် သတိပေးလိုက်၏။ မမြင့်သွယ်သည် သူ့အမေအတွက် ချည်စောင်အထူ(၂) ထည်ကို ခြုံပေးထားလိုက်၏။ ထင်းများ ရှိသော်လည်း မီးလှုံနေကျမဟုတ်သဖြင့် မီးလှုံရန် သတိမရကြပေ။ အအေးဓာတ် မှာလည်း ပို၍အေးလာလေ၏။ လေ မတိုက်သော်လည်း ကျောအတွင်းစိမ့် အောင်အေး၍နေလေ၏။ ဆရာကြီး တင့်ဝေလည်း အိပ်ရာလိပ်ကို အိမ်ရှေ့ ဘက်တွင် ဖြန့်ခင်းကာ အနွေးထည် မချွတ်ဘဲ စောင်ခြုံ၍ကွေးနေလေ၏။ သို့သော်လည်း အိပ်၍မပျော်နိုင်သေး ပေ။ အဝေးတစ်နေရာမှ စစ်သည်များ လူပျိုလိုင်းဘက်သို့ အပြန်သီချင်းပြိုင်တူ ဆိုသံများကိုလည်း ကြားနေရလေ၏။ တဲအိမ်နောက်ဘက် တမာပင်ကြီးပေါ်မှ ဇီးကွက်နှစ်ကောင်းသည်လည်း အစာရှာ ထွက်ရန် နိုးနှောတိုင်ပင်ရင်း စကားများ နေကြလေ၏။ ညဥ့်ငှက်ကြက်တွန်သံကို လည်း အဝေးမှကြားနေရလေ၏။

ဤသို့ဖြင့် စောင်ခြုံ၍ကွေးနေကြ သော်လည်း မည်သူမျှအိပ်မပျော်ကြပေ။ ညဥ့်နက်လေ အအေးဓာတ်ပိုလာလေ ဖြစ်နေပေ၏။ ဆရာကြီးတင့်ဝေသည် အေးရသည့်ကြားထဲ အပေါ့သွားလို သောကြောင့် ဓာတ်မီးကိုယူကာ တဲ အောက်သို့ဆင်းသွားလေ၏။ တဲပေါ်သို့ ပြန်တက်လာသောအခါ အစ်မကြီးဖြစ် သူ၏ခြင်ထောင်ထဲမှလှုပ်ရှားမှုကိုတွေ့ရ သဖြင့်-

"အစ်မကြီး၊ ဘာလိုချင်လို့လဲ"

ဟု မေးလိုက်လေ၏။

ထိုအခါ ဒေါ်အုန်းက -

"ငါမီးခြစ်လိုချင်တယ်၊ မီးမွှေးမလို့"

ဟု ပြန်ပြောလေ၏။ အသံမှာ သဲ့သဲ့သာရှိသဖြင့် မီးလှုံချင်၍ဖြစ်မည်ဟု တွေးကာ မမြင့်သွယ်အားနှိုး၍ မီးမွှေ ခိုင်းရလေ၏။ မမြင့်သွယ်သည် သံပြား ဝိုင်းအဖုံးပေါ်တွင် မီးမွှေးရန် ထင်းများ ဆိုင်လေ၏။ ထို့နောက် ကရွတ်ခွေတစ်ခ ပေါ်တွင်တင်၍ မီးမွှေးကာ ဒေါ်အုန်းနှ မလှမ်းမကမ်းတွင် ချထားပေးလေ၏။ ဤသို့ မီးလှုံရင်းထိုင်နေကြရာ (၁၂)နာရီ ကင်းသံချောင်းခေါက်သံကို အဝေး ကြားရလေ၏။

ဒေါ်အုန်းသည် အေးလွန်းသော ကြောင့် ကွေး၍မီးလှုံနေရင်းမှ -

"ကောင်လေးရေ ငါတော့မနေ တော့ဘူးထင်တယ်။ အကြောတွေတ လာတယ်"

ဟု ပြောလေ၏။

"မမရယ်၊ နိမိတ်မရှိတာတွေမပြော ပါနဲ့။ ဒီလောက်နဲ့တော့ မသေနိုင်သေး ဘူး။ အားတင်းထားမှာပေါ့"

ဟု ဆရာကြီးတင့်ဝေက ပြန်ပြော လေ၏။

သို့သော်လည်း ဒေါ်အုန်းသည် သူခံစားနေရသောဝေဒနာကို တစ်ပါး စိတ်အနှောင့်အယှက်မဖြစ်ရလေအော သည်းခံဟန်ဆောင်၍နေလေ၏။ သူပြေ လိုသောစကားများကို အသံသဲ့သဲ့ဖြ ဆက်လက်၍ပြောနေလေ၏။

"ကောင်လေး၊ ငါသေသွားရင် ဖဲမရိုက်ပါနဲ့၊ သူတစ်ပါးမြေမြှုပ်ပြီးသာ နေရာမှာ ငါ့ကိုမမြှုပ်ပါနဲ့။ ပုဆိုး (၁) ထည်နဲ့ ငွေငါးထောင်ကို အဖေ ကန်တော့ပေးပါ။ သေတ္တာထဲမှာရှိတယ်

ဟု ပြောလေ၏။

သမီးဖြစ်သူမမြင့်သွယ်ကိုလည်း

"သမီး၊ အမေ့အတွင်းပစ္စည်း သေတ္တာထဲမှာရှိတယ်။ ကြွေးစာရင်း အုပ်လည်းရှိတယ်။ အဲဒါတွေကို သ ဆက်ပြီးတောင်းပါ"

ဟု ပြောလေ၏။

ဤသို့ပြောပြီးနောက် မီး ကြောင့် အနည်းငယ်နွေးလာသ



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အုန်းက -

"ကောင်လေး၊ ငါခြေဆန့်ချင်တယ်"

ဟု ပြောပြန်လေ၏။

ဆရာကြီးတင့်ဝေက -

"ဆန့်လိုက်လေ အစ်မကြီးရယ်၊ ခင်တာအကြီးပဲ။ နောက်ပြီး နေမကောင်းဖြစ်နေတာ၊ သက်သာသလိုနေရမှာပေါ့"

ဟု ပြန်ပြောလေ၏။

ထိုအခါ ဒေါ်အုန်းသည် သမီးဖြစ်သူ မမြင့်သွယ်အားမှီထားရင်းမှ ခြေထောက်(၂)ချောင်းကို မီးဖိုဘေးသို့ဆန့်ထုတ်လိုက်လေ၏။ ခြေ(၂)ချောင်းကို ဆန့်ထုတ်လိုက်သည်နှင့် တစ်ပြိုင်နက် ခန္ဓာကိုယ်မှာ နောက်ဘက်သို့လန်ကျသွားလေ၏။ သူ၏ ဘယ်ဘက်လက်ကိုလည်း သမီး မမြင့်သွယ်၏ပခုံးပေါ်သို့ တင်လိုက်လေသည်။ ထိုအခါ ဇက်လန်ကာ မျက်လုံးများ ကြောင်တောင်တောင်နှင့် ငေးကြည့်နေသယောင် ထင်ရလေသည်။

ဆရာကြီးတင့်ဝေသည် အစ်မကြီး၏အခြေအနေကို စောင့်ကြည့်နေသော်လည်း ဒေါ်အုန်း၏ အမူအရာများမှာ အိပ်မွေ့လှသဖြင့် လောလောဆယ် အနိစ္စမရောက်နိုင်ဟု ထင်နေလေ၏။ မမြင့်သွယ်ကလည်း အမေဖြစ်သူ စကားပြောရင်းမောသဖြင့် ခေတ္တငြိမ်နေသည်ဟု ထင်လေသည်။ သို့သော်လည်း ဆရာကြီးတင့်ဝေသည် အစ်မကြီး၏မျက်လုံးများ ငြိမ်နေသဖြင့် ရုတ်တရက်ထကာ အစ်မကြီးကို ကိုင်လှုပ်လိုက်၏။ မမြင့်သွယ်ကိုလည်း အစ်မကြီး၏ခြင်ထောက်ကိုင်၍ ပက်လက်ကုလားထိုင်ကိုဆွဲထုတ်ခိုင်းပြောလေ၏။ ထို့နောက် အစ်မကြီးအား ပွေ့ဖက်ထား၍ -

"အစ်မကြီး၊ အစ်မကြီး သတိထားဦး"

ဟု လှုပ်၍ပြောပြန်လေ၏။ လက်ဓာတ်ဖြင့် ရင်ဝသို့စမ်းကြည့်သောအခါ နှလုံးခုန်မြန်နေသည်ကို တွေ့ရလေ၏။ သို့ဖြစ်၍ အစ်မကြီးအား ပွေ့ချီလိုက်ပြီးနောက် အိပ်ရာပေါ်သို့တင်ရန် ပြင်လေ၏။ ထိုခဏတွင်ပင် ဒေါ်အုန်း၏ ကိုယ်ခန္ဓာမှာ တောင့်တင်း၍နေလေ၏။ အိပ်ရာပေါ်သို့တင်လိုက်ပြီးနောက် နှလုံးရပ်သွားလေတော့သည်။ သို့သော်လည်း မျက်လုံးများဖွင့်လျက် ပါးစပ်ဟလျက် အသက်ရှိနေသယောင်ထင်ရလေ၏။ ဒေါ်အုန်းကား မောင်ဖြစ်သူနှင့်သမီးဖြစ်သူတို့ကိုခွဲခွာ၍ ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ပေပြီတကား။

ဆရာကြီးတင့်ဝေသည် ခေတ္တမျှစိုက်ကြည့်နေပြီးနောက် အစ်မကြီး၏ မျက်လုံးများကို လက်ဖြင့်သပ်လိုက်လေ၏။ မမြင့်သွယ်လည်း ဘေးမှကြည့်နေခိုက်ဖြစ်၍ အမေဖြစ်သူဆုံးပြီဖြစ်ကြောင်း သိသည်နှင့်တစ်ပြိုင်နက် အမေကိုဖက်ကာ ရှိုက်ကြီးတငင်ငိုလေတော့သည်။

"အမေရယ်၊ နေမယ်ဆိုနေနိုင်သေးတယ်။ အခုလိုရုတ်တရက်ဆုံးသွားတော့ သမီးဘယ်လိုဖြေရမလဲ"

ဟုအော်၍ငိုနေလေ၏။ ငိုမည်ဆိုလည်း ငိုထိုက်လှပေ၏။ အမေတစ်ခု သမီးတစ်ခုဘဝဝယ် အားကိုးရာမဲ့ အမိမဲ့သား ရေနည်းငါးပမာ လွန်စွာမှ သနားစရာကောင်းလေတော့၏။ ဆရာကြီးတင့်ဝေသည် မမျှော်လင့်ဘဲ အစ်မဖြစ်သူ သေဆုံးသွားသဖြင့် စိတ်ထိခိုက်မှုဖြစ်သော်လည်း စစ်သားတစ်ဦးဖြစ်သည့်အားလျော်စွာ စိတ်ခါတ်ခိုင်မာသူဖြစ်လေ၏။ တူမဖြစ်သူအား စိတ်မကောင်းစွာ ငေးကြည့်နေပြီးနောက်-

"တူမရယ်၊ တူမစိတ်ထိခိုက်နေတယ်ဆိုတာ လေးလေးသိပါတယ်။ ဒါပေမယ့် သေခြင်းတရားဆိုတာ ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်းဖြစ်တတ်တယ်ဆိုတာကို တရားသဘောနဲ့ကြည့်ပါ တူမရယ်"

ဟု နှစ်သိမ့်စကားပြောလေ၏။

ထို့နောက် အစ်မကြီးအား စောင်ဖြင့် မျက်နှာလုံအောင်ဖုံးအုပ်ထားလိုက်လေ၏။ အချိန်မှာ နံနက် (၁) နာရီခန့်ရှိပြီဖြစ်ရာ အလွန်အေးနေလေ၏။ အိပ်၍လည်းမရနိုင်တော့သဖြင့် တဲ၏ရှေ့ဘက်မြေကွက်လပ်တွင် သရက်ထင်းတုံးများဆိုင်၍ မီးမွှေးကာ မီးလှုံရင်း ထိုင်၍စဉ်းစားနေလေ၏။ဆွေမျိုးသားချင်းမရှိသော ဒေသတွင် အစ်မကြီးဖြစ်သူ သေဆုံးရခြင်းဖြစ်၍ မိမိမှတစ်ပါး ဦးစီးဆောင်ရွက်မည့်သူမရှိပေ။ သို့ဖြစ်၍ အသုဘကိစ္စများကို အကောင်းဆုံးအဆင်ပြေအောင်ဆောင်ရွက်ရန်နှင့် မမြင့်သွယ်၏ ဘဝရှေ့ရေးကိုပါ တွေးတောနေမိလေ၏။ လပြည့်ည၏လမင်းသည် မွန်းတိမ်းသည့်တိုင်အောင် သာမြဲသာလျက်ရှိလေ၏။ သရက်ပင်၊ အုန်းပင်များသည် လမင်း၏အလင်းရောင်နှင့်အတူ ပျောက်တိပျောက်ကျားဖြင့် အလင်းတန်းများ ထိုးဆင်းကာနေလေ၏။ သို့သော် ဆရာကြီးတင့်ဝေကား မီးပုံကြီးကိုသာ ငေးစိုက်ကြည့်နေမိလေတော့သည်။

ဆရာကြီးတင့်ဝေသည် ဤသို့တစ်ညဉ့်လုံး မီးဖိုဘေးတွင်ထိုင်၍ စဉ်းစားနေလေရာ နံနက် (၆) နာရီကျော်မှသာ တဲပေါ်သို့တက်၍ တူမဖြစ်သူကို လိုအပ်သည့်ကိစ္စများဆောင်ရွက်ရန်မှာကြားလေ၏။ ထို့နောက် စက်ဘီးကိုယူကာ အိမ်ထောင်သည်လိုင်းသို့ပြန်လာခဲ့လေ၏။ အိမ်သို့ရောက်သည်နှင့် ဇနီးဖြစ်သူ ဒေါ်တင်အား အစ်မကြီးဆုံးပြီဖြစ်ကြောင်း ပြောပြလေ၏။ ဒေါ်တင်လည်း အံ့သြခြင်းကြောင့်-

"အစ်ကိုတကယ်ပြောနေတာလား၊ မဖြစ်နိုင်ပါဘူး"

ဟုပြော၍မယုံကြည်နိုင်အောင်ရှိလေ၏။

"တကယ်ပြောတာ။ အစ်မကြီးက တုပ်ကွေးပျောက်ချင်ဇောနဲ့ ဆေးပြင်းတွေသောက်တာများတော့ အလွန်အားနည်းနေတာလေ။ အဲဒါ ဒီနေ့မနက်မှ အားဆေးသွင်းမယ်လို့ ကြံတုန်းရှိသေးတယ်။ ညကအအေးလှိုင်းဖြတ်တဲ့ဒဏ်ကြောင့် မခံနိုင်ဖြစ်ပြီးဆုံးရရှာတယ်"

ဆရာကြီးတင့်ဝေက ဒေါ်တင်နားရှင်းအောင်ထပ်၍ပြောလိုက်လေ၏။ ဒေါ်တင်လည်း ဆရာကြီးတင့်ဝေပြောသည်ကို ယုံကြည်သွားသောအခါ -

"ဒီမနက် ချက်ပြုတ်ပြီးရင် ခြံထဲသွားလိုက်ဦးမယ်"

ဟုစိတ်မကောင်းခြင်းဖြင့်ပြောလေ၏။

ဆရာကြီးတင့်ဝေက -

"အစ်ကိုတော့ တန်းစီသွားရင်းနဲ့ ရုံးတက်ပြီး သက်ဆိုင်ရာတွေကို သတင်းပို့ရမယ်"

ဟုပြောကာ ယူနီဖောင်းကိုအမြန်ဆုံးဝတ်လေတော့၏။ ပြီးသည်နှင့် စက်ဘီးကိုထုတ်၍နင်းကာ ဌာနချုပ်ရုံးသို့ထွက်သွားလေ၏။ နာရီဝက်ခန့်တန်းစီခြင်း၊ လူစစ်ခြင်း၊ သတင်းပို့ခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ သစ္စာဆိုခြင်းကိစ္စများ ဆောင်ရွက်ပြီးသောအခါ တန်းဖြုတ်လိုက်လေ၏။ တန်းဖြုတ်ပြီးနောက် အရာရှိများ သက်ဆိုင်ရာရုံးအသီးသီးတွင်ထိုင်ကြသောအခါမှ ဆရာကြီးတင့်ဝေ ဝင်ရောက်ကာ သတင်းပို့ရလေ၏။ အုပ်ချုပ်မှုအရာရှိအား သတင်းပို့ပြီးနောက် သက်ဆိုင်ရာဌာနမှူးသို့ သတင်းပို့ရလေ၏။ တစ်ဆက်တည်းပင် မီးသွယ်ယူရေး၊ အခေါင်းပျဉ်ရရှိရေးနှင့် လူပျိုလိုင်းအတွက် စည်းကမ်းထိန်း

www.burmeseclassic.com

ဝန်ခံ ခေတ္တလဲပေးရေးကိစ္စရပ်များကို သတင်းပို့ရလေ၏။

ထို့နောက် စက်ရုံဝင်းအတွင်းရှိ သစ်သားအလုပ်ရုံသို့ဝင်၍ ခွင့်ပြုချက်လက်မှတ်စာရွက်ကိုပေးခဲ့လေ၏။ ထိုမှတစ်ဆင့် ဌာနချုပ်ရုံးသို့ ပြန်ဝင်ကာ ဆောင်ရွက်မှုအခြေအနေများကို တင်ပြပြီးနောက် လုပ်အားဖဲပေးစစ်သည်(၂)ဦးကို ခွင့်ပြုပါရန်တင်ပြရလေ၏။ အုပ်ချုပ်မှုအရာရှိမှ စစ်သည်(၂)ဦးကို ဆရာကြီးတင့်ဝေတင်ပြသည့်အတိုင်း ခွင့်ပြုလိုက်လေ၏။ ၎င်းတပည့်နှစ်ဦးနှင့်ပြန်လာပြီးနောက် အသုဘကိစ္စအတွက် လိုအပ်သော သုသာန်တွင် မြေနေရာဝယ်ရေး၊ နိဗ္ဗာန်ယာဉ်ငှားရမ်းရေး၊ ယပ်တောင်ဝယ်ယူရေး၊ မီးသွယ်ယူရေး၊ သရဏဂုံတင်ရန်ဘုန်းတော်ကြီးများပင့်ရေးတို့ကို အသေးစိတ်တိုင်ပင်ကာ တာဝန်ခွဲလိုက်ကြလေ၏။

နံနက်ပိုင်း ထမင်းစားပြီးနောက် သစ်သားအလုပ်ရုံတွင် မှာယူထားသော ပျဉ်ချပ် (ဖြတ်ပြီးသားပုံစံပြား) များကို တပည့်ဖြစ်သူ မြင့်နိုင်နှင့် အခြားရဲဘော်နှစ်ဦးက သယ်ယူခဲ့လေ၏။ ထို့နောက် ခေတ္တအနားယူကာ အခေါင်းပုံစံဖြစ်အောင်ရိုက်ကြလေ၏။ ဆရာတင့်ဝေသည် သေချာစွာ စစ်ဆေးကြည့်ရှုပြီးနောက် သံလိုအပ်သောနေရာများတွင် ထပ်မံ ရိုက်ခိုင်းလေ၏။ ၎င်းနောက် ဒေါ်အုန်းရုပ်အလောင်းကိုမ၍ အခေါင်းကွင်းသို့ထည့်လေ၏။ မျက်နှာနေရာကို ချန်လှပ်ထားပြီး ကိုယ်ခန္ဓာပိုင်းကို အသေပိတ်ထားလိုက်လေ၏။

ဤသို့ ဆောင်ရွက်ပြီးနောက် တပည့်ဖြစ်သူမျိုးခိုင်သည် မီးကြိုးခွေများကိုသယ်လျက် လျှပ်စစ်ဌာနမှ စစ်သည်တစ်ဦးနှင့်အတူ ရောက်ရှိလာလေ၏။ တပ်ရင်းကြက်ခြံထောင့်တွင်ရှိသောဓာတ်တိုင်မှ သရက်ခြံအတွင်းရှိ တဲအိမ်လေးသို့ ကိုက် (၁၅၀) ခန့် ကွာဝေးလေ၏။ သို့ဖြစ်၍ ကိုက် (၃၀) လျှင် တစ်တိုင်ကျဖြင့် တိုင် (၅) တိုင်စိုက်ထူကာ မီးကြိုးများကို သွယ်တန်းလိုက်၏။ ထို့နောက် လျှပ်စစ်ဌာနမှစစ်သည်က ဓာတ်တိုင်မှကြိုးများဖြင့် ဆက်သွယ်လိုက်၏။ မီးချောင်းများနှင့် ဆက်သွယ်ထားသော ပလပ်ခုံမှခလုတ်ကို ဖွင့်ကြည့်သောအခါ မီးမလာကြောင်း တွေ့ရလေ၏။ သို့ဖြစ်၍ မီးကြိုးများကိုဖြုတ်၍ ပြန်လည်စစ်ဆေးကာ အဖြေရှာသော်လည်း အမှားအယွင်းတစ်စုံတစ်ရာမတွေ့ရပေ။

ထိုအခါ ဆရာကြီးတင့်ဝေက -

"မင်းတို့ယူလာတဲ့မီးကြိုးရဲ့အတွင်းဘက်တစ်နေရာမှာပြတ်နေတာဖြစ်မယ်"

ဟု သူ၏ထင်မြင်ချက်ကိုပြောလေ၏။

လျှပ်စစ်ဌာနမှ စစ်သည်က -

"ဒီကြိုးတွေက ကောင်းပါတယ် ဆရာကြီး။ တစ်နေ့တုန်းက မင်္ဂလာဆောင်မှာ ဒီမီးကြိုးတွေကိုသုံးခဲ့သေးတယ်"

ဟု ပြန်ပြောလေ၏။

"ဒီလိုဆိုရင် တို့မီးစက်ငှားပြီးသုံးရရင်မကောင်းဘူးလား၊ မီးစက်သာသွားငှားပါကွာ"

ဟု ဆရာကြီးတင့်ဝေက ပြောလိုက်လေ၏။

ထိုအခါ တပည့်မျိုးခိုင်က -

"မီးစက်က ကျွန်တော့်မှာရှိပါတယ်၊ ကျွန်တော်တို့ဆိုက်ကားနဲ့တင်ခဲ့မယ်"

ဟု ပြောကာ ထွက်သွားကြလေ၏။

ထိုအချိန်မှာပင် တပည့်မြင့်ခိုင်နှင့်အဖွဲ့ နိဗ္ဗာန်ယာဉ်သွားရောက်သယ်ဆောင်ရာမှပြန်ရောက်သဖြင့် သတင်းပို့လေ၏။ နိဗ္ဗာန်ယာဉ်ကို ခြံအတွင်းသို့ဝင်ရန်မဖြစ်နိုင်သဖြင့် ကွန်ကရစ်လမ်းမဘေးရှိ ကျွန်းတောစပ်တင်ထားခဲ့လေ၏။ ထို့နောက် ဆရာကြီးတင့်ဝေက သင်္ချိုင်းမြေနေရာကို မေးသောအခါ ဒုတပ်ကြပ်မြင့်ခိုင်က -

"ဧရာဝတီမြစ်ကမ်းနဖူးနဲ့ ကိုက် (၅၀) လောက်ပဲကွာတယ်၊ ဘယ်သူမှ မမြှုပ်ရသေးတဲ့နေရာပါဘဲ"

ဟု ပြောလေ၏။ ထိုသို့ပြောပြီးနောက် နိဗ္ဗာန်ယာဉ်တွင် လိုက်ကာများဆင်ရန် ကွန်ကရစ်လမ်းဘက်သို့ထွက်ခဲ့ကြလေ၏။ နိဗ္ဗာန်ယာဉ်တွင်ဆင်မည့် လိုက်ကာစများသည် အသစ်များဖြစ်၍ အရိပ်ပန်း ပန်းရောင်အထည်များဖြစ်လေ၏။ အသန့်ကြိုက်သော အစ်မကြီးဒေါ်အုန်းအတွက်အဆင်ပြေလှပေသည်။ ထို့နောက် နိဗ္ဗာန်ယာဉ်ကို အရိပ်ပန်းအထည်များဖြင့် အလှဆင်ကြလေတော့၏။ ဆရာကြီးတင့်ဝေသည် နိဗ္ဗာန်ယာဉ်ကိုအလှဆင်နေစဉ် အစ်မကြီးဒေါ်အုန်း၏ဆန္ဒဖြစ်သော သူတစ်ပါးမမြှုပ်ရသေးသောနေရာတွင် မြှုပ်နှံရန်မှာကြားချက်ကို သတိရသဖြင့် ကျေနပ်ပီတိဖြစ်ရလေ၏။ ထို့နောက် ဒေါ်အုန်း၏အလောင်းကို ခြံအပြင်ဘက်သို့သယ်ဆောင်ရန်သာ

ရှိလေ၏။

ထိုအချိန် တပည့်တပ်ကြပ်မျိုးခိုင်နှင့် မီးစက်မောင်းသမားတို့သည် မီးစက်ကို ဆိုက်ကားဖြင့်တင်၍ရောက်ရှိလာလေ၏။ မီးစက်ကို ဆိုက်ကားပေါ်မှ ခြ... ကြိုးများဖြင့်ဆိုင်းကာ သရက်ခြံအတွင်းသို့ ထမ်းပိုးဖြင့်ထမ်းကာ သယ်ဆောင်... လေ၏။ ခေတ္တမျှအနားယူကြပြီးနောက် ဒေါ်အုန်း၏အလောင်းကို နိဗ္ဗာန်ယာဉ်ရှိရာသို့ သယ်ဆောင်ရန်ပြင်ကြလေ၏။ ပထမဦးစွာ မျက်နှာနေရာမှလှစ်ဟထား... သောပျဉ်ချပ်ကို အသေပိတ်လိုက်လေ၏။ ထို့နောက် မီးစက်မှကြိုးများကိုဖြု... ကာ အခေါင်း၏ ရှေ့ဘက်နှင့် နောက်ဘက်တွင် မျှ၍ချည်နှောင်ကြလေ၏။ တစ်ဖန် တဲပေါ်မှ တဲအောက်သို့ချ... ထမ်းပိုးဖြင့်ထမ်းကာ ဝိုင်းဝန်းသယ်... ဆောင်၍ နိဗ္ဗာန်ယာဉ်ပေါ်သို့တင်လိုက်... ကြလေသည်။ ၎င်းကြိုးများဖြင့်ပင် အခေါင်းနှင့် နိဗ္ဗာန်ယာဉ်ကို ခိုင်မြဲ... ချည်နှောင်ထားလိုက်ကြလေ၏။

အချိန်မှာ ညနေ(၆)နာရီကျော်... ဖြစ်၍ တပည့် ဒုတပ်ကြပ်မြင့်ခိုင်နှင့်အ... အား ပြန်လွှတ်လိုက်ပြီးနောက် တပည့်... တပ်ကြပ်မျိုးနိုင်အား မီးစက်နှိုးရန်ပြော... လေ၏။ တပည့်မျိုးနိုင်နှင့်မီးစက်မောင်း... သမားတို့လည်း မီးစက်ကိုသေချာစွာ... ရာချ၍စစ်ဆေးပြီးနောက် စတင်၍နှိုး... လေ၏။ အကြိမ်ကြိမ်ကြိုးစား၍နှိုးသော်... လည်း မီးစက်ကား မနိုးပေ။ ဖွတ်ချ... ဖွတ်ချက်နှင့် မီးခိုးထောင်းထောင်းထွ... ၍ရပ်သွားလေ၏။ တပ်ကြပ်မျိုးနိုင်သ... သူ၏မီးစက်အကြောင်းကောင်းကော... သိသူဖြစ်၏။ သို့ဖြစ်၍ စိတ်အနှော... အယှက်မရှိစေရန် ဆန်တစ်ခွက်နှင့် ... (၅)မတ်ကို ဆရာကြီးတင့်ဝေထံမှတော... လေ၏။

ဆရာကြီးတင့်ဝေက -

"ငွေ(၅)မတ်တော့မရှိဘူးကွာ ... (၅)ကျပ်သာတင်လိုက်ပါ"

ဟု ပြောကာ ဆန်ခွက်နှင့်ငွေ ... ကျပ်ကိုပေးလိုက်လေသည်။

တပ်ကြပ်မျိုးနိုင်လည်း မီး... ဘေးတွင်ရှိသည့် ထိုင်ခုံငယ်တစ်လုံး... တွင်တင်ကာ တတ်သမျှပြောဆိုတော... ပန်လိုက်ပေ၏။ ထို့နောက် ဆရာတ... နှစ်ယောက် ကြိုးစား၍နှိုးပြန်သော်... အကြောင်းမထူးလှပေ။ ယခင်အတိုင်း... ပင် မီးခိုးများထွက်၍စက်ရပ်သွား... လေ၏။ တပ်ကြပ်မျိုးနိုင်နှင့် တပည့်... သူလည်း ဇွဲမလျှော့သေးဘဲ ကြိုးစား...



www.burmeseclassic.com

www.burmeseclassic.com

ပြန်လေ၏။ မီးစက်သည်ကား နိုး ယောင်နှင့်ရပ်သွားပြန်လေ၏။ တပည့် ကြပ်မျိုးနိုင်နှင့် မီးစက်သမားတို့ သည်း လက်လျှော့ကာ -

"ဆရာကြီးရေ၊ ကျွန်တော့်မီးစက် တစ်ခါမှအဲဒီလိုမဖြစ်ဖူးသေးဘူး။ တစ်ခု တော့ထူးနေပြီ"

ဟု ပြောကာ လက်လျှော့လေ တော့၏။ သို့ဖြစ်၍ မတတ်သာတော့ သည့်အဆုံးတွင် ဖယောင်းတိုင်ထုပ်ဝယ် ကာထွန်းကြရလေ၏။ တဲအိမ်ပေါ်မှာ တော့ မှန်အိမ်မီးဆွဲကို ထွန်းညှိထားလေ သည်။

ထို့နောက် တပည့်ဖြစ်သူမျိုးနိုင် နှင့် မီးစက်မောင်းပေးမည့်လူငယ်တို့ သည် ဆက်ကာပြန်သွားကြလေ၏။ ဆရာ ကြီးတင့်ဝေလည်း အေးလာသဖြင့် ရေ ချိုးနိုင်တော့ပေ။ ခေတ္တမျှနားနေပြီး နောက် ညစာထမင်းကို မမြင့်သွယ်တို့ အိမ်မှာပင် စားလိုက်ရပေ၏။ ထိုသို့စား သောက်ပြီးနောက် ဆရာကြီးတင့်ဝေ သည် ဆေးဒေ့ပါလိပ်ကို မီးညှိ၍ဖွာရှိုက် နေစဉ် မီးသွယ်၍မရသည့်အကြောင်း ကို စဉ်းစားမိလေ၏။ အစ်မကြီးဖြစ်သူ ၏ အုန်းမဆုံးမီလေးတွင် သူသေလျှင် မီးရှိတ်ရန် မှာကြားခဲ့သည်ကို သတိရ လေတော့သည်။ ဆရာကြီးတင့်ဝေ ၏ မီးသွယ်ခြင်းရည်ရွက်ချက်မှာ ဖဲဝိုင်း ထောင်ရန် အဓိကမဟုတ်။ အသုဘကိစ္စ များဆောင်ရွက်ရာတွင် ထင်ထင်လင်း လင်းဖြစ်စေရန် ရည်ရွယ်ရင်းဖြစ်ပေ၏။

ညဦး(၈)နာရီကျော်လောက်တွင် အသုဘရှိသည့်သတင်းကို တစ်ယောက် တစ်ယောက်ကြား၍လည်းကောင်း၊ အနီးအရစ်လမ်းမဘေးတွင်ထားသော ယာဉ်ကြောင့်သော်လည်းကောင်း ဆနာအိုးများသိရှိသဖြင့် သရက်ခြံ ရောက်ရှိလာကြလေ၏။ ဆရာကြီး တင့်ဝေသည် အစ်မကြီး၏ဆန္ဒကို လိုက် လိုသော်လည်း ဖဲကစားကြမည့်သူ များလည်း သိကျွမ်းသူများဖြစ်၍ ၎င်း တို့၏ဆန္ဒကိုလည်း လိုက်လျောရလေ၏။ သော် စကားများခြင်း၊ ရန်ဖြစ်ခြင်း ကြရန် တားမြစ်ထားလေ၏။ မီးမရှိ သောကြောင့် ဖယောင်းတိုင်များထွန်း ဖဲကစားကြရ၏။ လေခဏခဏ သဖြင့် မီးငြိမ်းလေသောကြောင့် ၍အဆင်မပြေသောအခါ ဖဲဝိုင်း ဖျက်လိုက်ရလေ၏။ အစ်မကြီး၏ ည်းပြည့်ဝလေတော့၏။

ဖဲကစားကြသည့် စစ်သည်နှင့် အရပ်သားအချို့လည်း ခေတ္တမျှသာ စကားပြောနေကြပြီးနောက် နှုတ်ဆက် ကာ ပြန်သွားကြလေ၏။ ထိုအခါ ဆရာကြီးတင့်ဝေနှင့် တပည့်မြင့်ခိုင်အပါ အဝင် စကားပြောနေသောသူ လေးငါး ဦးသာရှိ၍ ခြောက်ကပ်ကပ်ကြီးဖြစ်နေ လေသည်။ တပည့်မြင့်ခိုင်သည် အရက် ကြိုက်သူဖြစ်လေရာ သူ၏ဘေးလွယ် အိတ်ထဲမှ အာမီရမ်ပုလင်းကိုထုတ်၍ စကားဝိုင်းသို့ယူလာ၏။ ထို့နောက် လက်ဖက်ရည်ပန်းကန်တို့ကို ဆေးကာ အရက်များကို ငှဲ့ထည့်လိုက်လေ၏။ အရက်ပန်းကန်တစ်ခွက်ကို သူ့ဆရာကြီး တင့်ဝေသို့ပေးလိုက်ပြီးနောက် -

"ဆရာ၊ အအေးခံနိုင်အောင် သောက်ပါ"

ဆရာကြီးတင့်ဝေသည် ထမင်း စားပြီးဖြစ်သော်လည်း စကားပြောရင်း တစ်ခွက်ပြီးတစ်ခွက်သောက်နေလေ၏။ တစ်ပုလင်းကုန်သောအခါ (၁၀) နာရီ ကျော်ပြီဖြစ်၍ လူစုခွဲလိုက်ကြလေ၏။

ဆရာကြီးတင့်ဝေသည် ယခင်ည က အစ်မကြီးဆုံးပြီးနောက်ပိုင်း မအိပ်ရ သေးပေ။တစ်နေ့လုံးလည်း အသုဘကိစ္စ များကိုဆောင်ရွက်နေရလေ၏။ ယခုမူ ကား အရက်ရှိန်တက်လာသဖြင့် မျက် ကြောစင်းကာ အိပ်ရာလိပ်ကိုဖြန့်၍အိပ် လိုက်လေတော့သည်။ တူမဖြစ်သူ မမြင့် သွယ်က ခြံနီးနားချင်းဖြစ်သူ မဌေးအား အဖော်ပြု၍ အိပ်ကြလေသည်။ မမြင့် သွယ်ကား အိပ်ပျော်ပုံမရပေ။ အမေ မရှိတော့သဖြင့် သူ့ဘဝရှေ့ရေးကိုတွေး တောကာ ပူဆွေးသောကရောက်နေရှာ ပေ၏။ ဆရာကြီးတင့်ဝေ တစ်ရေးနိုး၍ တဲအောက်ဆင်းသောအခါ ဘူမဖြစ်သူ ခြင်ထောင်ထဲတွင် တရှုပ်ရှုပ်ငိုနေသည် ကိုကြားရလေ၏။ သို့သော် စိတ်မကောင်း ဖြစ်ရသည်မှတစ်ပါး လောလောဆယ် ဘာမှမတတ်နိုင်ပေ။

သို့ဖြင့် တန်ဆောင်မုန်းလဆုတ် ၁ ရက်၊ ၂ ရက်နေ့များကို ကျော်လွန်ခဲ့ ပြီးနောက် လဆုတ် ၃ရက်နေ့သို့ရောက် ရှိခဲ့ပေ၏။ ယနေ့သည် အစ်မကြီး၏ အသုဘကို သင်္ဂြိုဟ်ရမည့် နေ့ ဖြစ်ပေ၏။ နံနက်မိုးလင်းသည်နှင့် တဲရှေ့သရက်ပင်များအောက်၌ သန့်ရှင်း ရေးလုပ်ရလေ၏။ ထို့နောက် နှီးကြော ဖျာများကို ဖြန့်ခင်းထားလိုက်လေ၏။ အသုဘသို့လာရောက်မည့်ပရိသတ်များ တဲပေါ်တွင်မနေသာသဖြင့် တဲအောက် တွင် နားနေဧည့်ခံရန် ဖြစ်ပေသည်။ သရက်ပင်ရိပ်များကြောင့် နေပူမည်ကို မစိုးရိမ်ရပေ။ အသုဘသို့ လာရောက် ကူငွေထည့်သူများလည်း တဖွဲဖွဲရောက် လာကြလေ၏။ ထုံးစံအတိုင်းပင် ရေနွေး ကြမ်း၊ ပဲလှော်၊ ဆေးလိပ်တို့ဖြင့် ဧည့်ခံရ လေ၏။ တပည့်မြင့်ခိုင် ရောက်လာပြီး နောက် ဆရာကြီးတင့်ဝေအား ဘုန်းကြီး ပင့်ရန်မေးရာ ရွာသစ်ကုန်းဘုန်းတော် ကြီးကျောင်းမှ သံဃာတော် (၃)ပါးကိုပင့် ၍ သရဏဂုံတင်ရန်ပြောရလေ၏။နေ့ လယ်(၂)နာရီခန့်တွင် ဘုန်းတော်ကြီးများ ကြွရောက်လာပြီးနောက် ခြံအတွင်း၌ပင် သရဏဂုံတင်ရလေ၏။ ပရိသတ်များစုံ ညီစွာရောက်ရှိလာပြီးဖြစ်၍ ဘုန်းတော် ကြီးများအား ကန်တော့ချိန်တွင် မမြင့် သွယ်က အမေဖြစ်သူ ဒေါ်အုန်းကို တရားနာကြွရောက်ပါရန် ဖိတ်ခေါ်လေ ၏။

ဘုန်းတော်ကြီးများမှ ဒေါ်အုန်း အားရည်စူး၍ သရဏဂုံတင်ပေးကာ အနိစ္စသဘောကိုလည်းကောင်း၊ အနတ္တ သဘောကိုလည်းကောင်း၊ ဒုက္ခသဘော တရားကိုလည်းကောင်း၊ ထိုအနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတို့သည် သက်ရှိသတ္တဝါ တိုင်းအား အစဉ်အမြဲနှိပ်စက်နေပုံကို လည်းကောင်း၊ ထိုလက္ခဏာရေး(၃)ပါး မှ လွတ်မြောက်နိုင်မည့် မအိုရာ၊ မနာ ရာ၊ မသေရာဖြစ်သော၊ ဖြစ်ပျက်တရား တို့ကင်းငြိမ်းရာဖြစ်သော၊ ကိလေသာ အညစ်အကြေးတို့ကင်းစင်ရာဖြစ်သော နိဗ္ဗာန်ရွှေပြည်နန်းသို့တက်လှမ်းနိုင်မည့် သမထ၊ ဝိပဿနာတရားများကိုလည်း ကောင်း ရှင်းလင်းဟောကြားပြီးနောက် ရေစက်သွန်းချအမျှပေးဝေလိုက်ပေသည်။

ဘုန်းတော်ကြီးများအား လှူဖွယ် ဝတ္ထုများကပ်လှူပြီးနောက် ပြန်လည်ကြွ သွားသောအခါ အသုဘပို့ဆောင်ရန် စီစဉ်ရလေ၏။ ကြွရောက်လာသောပရိ သတ်(၄၀)ခန့်ကို ယပ်တောင်များပေးဝေ ပြီးနောက် ခြံ၏အပြင်ဘက်နိဗ္ဗာန်ယာဉ် ရှိရာသို့ တန်းစီထွက်ခွာရလေ၏။တပည့် မြင့်ခိုင်နှင့် လူပျိုလိုင်းမှ အားလပ်သော စစ်သည်များလည်း အသုဘပို့ရန် နိဗ္ဗာန် ယာဉ်အနီးတစ်ဝိုက်တွင် စောင့်နေကြ လေ၏။ ကြေးစည်ထမ်းသူကထမ်းကြ ၏။ နိဗ္ဗာန်ယာဉ်တွန်းပို့မည့်သူများလည်း အဆင်သင့်စောင့်နေကြ၏။ ခြံအတွင်း မှထွက်လာသည့်ပရိသတ်များကုန်ဆုံး သောအခါ ကြေးစည်ကို စတင်ရိုက်လေ တော့သည်။ နိဗ္ဗာန်ယာဉ်လည်း စတင် ထွက်ခွာလာရာ တဖြည်းဖြည်း တပ်စည်း

www.burmeseclassic.com

ရိုးဂိတ်ဝမှတစ်ဆင့် ကတ္တရာလမ်းမပေါ်သို့ ရောက်ရှိလာလေ၏။ ဆက်လက်၍ ပို့ဆောင်ကြရာ ရွာကုန်းကျောင်းအနီးသို့ ရောက်ရှိကြလေ၏။ ရွာကုန်းကျောင်းတွင် စေတီတစ်ဆူရှိသဖြင့် ၎င်းစေတီကို ကန်တော့ရန် နိဗ္ဗာန်ယာဉ်ကို သုံးပတ်လှည့်၍ ဦးတိုက်ကန်တော့လေ၏။ ဦးတိုက်ကန်တော့ပြီးနောက် ဆက်လက်ပို့ဆောင်ကြရာ သုသာန်သို့မကြာမီရောက်ရှိကြလေ၏။

သုသာန်သို့ရောက်သောအခါတွင် သရဏဂုံတင်စရာ မလိုတော့သဖြင့် သုဘရာဇာများလက်သို့ နိဗ္ဗာန်ယာဉ်ကို အပ်လိုက်လေ၏။ စစ်သည်များက ကြိုးများကို ဖြေလျှော့တာ အခေါင်းကိုမ,၍ မြေကျင်းတူးထားသောနေရာသို့ သယ်ယူခဲ့ကြ၏။ ကျင်းနဖူးတွင် အခေါင်းကို အောက်သို့ချ၍ အဖုံးဖွင့်လိုက်လေ၏။ ဆရာကြီးတင့်ဝေနှင့် မမြင့်သွယ်တို့သည် ဒေါ်အုန်း၏ရုပ်အလောင်းကိုကြည့်ရှုပြီးနောက် ကန်တော့ကြလေ၏။ ဒေါ်အုန်း၏ရုပ်အလောင်းသည် အအေးလိုင်းဖြတ်သွားသဖြင့် ရုပ်ပျက်ဆင်းပျက်မဖြစ်ဘဲ ပကတိအတိုင်းသာရှိသည်ကို တွေ့ရလေ၏။ ထို့နောက် သုဘရာဇာများက ဒေါ်အုန်းအလောင်းကို ခေါင်းမှထုတ်ယူ၍ (၃)ပေခန့်နက်သောကျင်းအတွင်းသို့ ဖြည်းညင်းစွာချလိုက်လေတော့သည်။ ဆရာကြီးတင့်ဝေ၊ မမြင့်သွယ်နှင့် အသိမိတ်ဆွေများက မြေဖို့ရာတွင်ကူညီဖို့ကြကုန်၏။ ဒေါ်အုန်း၏အသုဘ မြေမြှုပ်သော့နေရာသည် ဧရာဝတီမြစ်ကမ်းနှင့် ကိုက်ငါးဆယ်မျှသာဝေး၍ သူတစ်ပါးမမြှုပ်ရသေးသောမြေဖြစ်သောကြောင့် ဒေါ်အုန်း၏ဒုတိယဆန္ဒပြည့်ဝခဲ့ပေသည်။

ဒေါ်အုန်း၏ အသုဘ မြေချပြီးနောက် (၇) ရက်လည်သောနေ့တွင် ဆွမ်းသွတ်တရားနာရမည်ဖြစ်ပေရာ တန်ဆောင်မုန်းလဆုတ် ၆ ရက်နေ့ ညနေမှစတင်၍ ပြင်ဆင်ကြရလေ၏။ မုန့်ဟင်းခါးဆွမ်းကပ်လှူကျွေးမွေးမည်ဖြစ်လေရာ လိုအပ်သော စားပွဲခုံဝိုင်းများကိုငှားရမ်းရလေ၏။ မုန့်ဖတ်များကိုကြိုတင်မှာထားသည့်အတိုင်း ရောက်ရှိလာရာ စားပွဲခုံဝိုင်းများပေါ် ငှက်ပျောဖက်များခင်း၍ဖြန့်ထားလိုက်ရ၏။ ထိုနေ့ညနေတွင် သာရေး၊ နာရေးအသင်းမှ ပန်းကန်၊ ဇွန်းနှင့် ဒယ်အိုးတို့ကို သွားရောက် ငှားရမ်း သယ်ဆောင်ရလေ၏။ ထို့နောက် မီးသွယ်ရန်ရှိသော်လည်း မသွယ်တော့ပေ။ ဘက်ထရီအိုး(၃)လုံးကိုငှားရမ်း၍ အိမ်ပေါ်၊ အိမ်အောက် မီးချောင်း(၅)ချောင်းကို ထွန်းညှိလိုက်လေသည်။ ညနေစာစားပြီးနောက် ည (၉) နာရီခန့်တွင် မုန့်ဟင်းခါးဟင်းချက်ရန် လိုအပ်သောဟင်းအမယ်များကိုဆီသတ်၍မုန့်ဟင်းချက်ကြလေ၏။

ည(၁၂)နာရီခန့်တွင် မုန့်ဟင်းများကျက်၍ လုံခြုံစွာဖုံးအုပ်ကာ မီးများကို လျှော့ထားလိုက်၏။ နံနက် (၅)နာရီခွဲတွင် ရွာသစ်ကုန်းဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဘုန်းတော်ကြီးနှင့်သံဃာတော်(၄)ပါးကို မုန့်ဟင်ခါးဆွမ်းဆက်ကပ်လှူဒါန်းကြလေသည်။ ဆွမ်းဘုဉ်းပေးပြီးနောက် ဆရာတော်မှ ဒကာမကြီးဒေါ်အုန်းအား ရည်စူး၍ ဤကဲ့သို့ မုန့်ဆွမ်းဆက်ကပ်ရခြင်းကြောင့် ရရှိနိုင်သည့်အကျိုးတရားများနှင့် နိဗ္ဗာန်ရောက်ကြောင်းနည်းလမ်းကောင်းတရားတော်များကိုဟောကြား၍ ရေစက်ချအမျှပေးဝေကာ သာဓု(၃)ကြိမ်ခေါ်ဆိုကြလေ၏။ ထို့နောက် လူပရိသတ်များအားကျွေးမွေးဧည့်ခံကြလေရာ နံနက်(၁၀) နာရီတွင် ပြီးဆုံးခြင်းသို့ရောက်လေတော့သတည်း။

❑

ဆရာကြီးတင့်ဝေတစ်ယောက် အစ်မကြီးဖြစ်သူ ဒေါ်အုန်း၏နာရေးကိစ္စများကို ဆောင်ရွက်ပြီးစီးသွားသော်လည်း ဒေါ်အုန်း၏ နောက်ဆုံးဆန္ဒကိုကား မဖြည့်ဆည်းနိုင်သေးပေ။ သို့ဖြစ်၍ နောက်တစ်နေ့တွင် ခွင့်တို(၇)ရက်တင်၍ ဇာတိချက်ကြွေ မွေးရပ်မြေသို့ ပြန်ရန်ပြင်ဆင်ရလေ၏။ ထိုနေ့ညနေတွင် ပြည်မြို့သို့ကူး၍ ည (၁၁း၃၀)နာရီတွင် ထွက်ခွာသည့် ပြည်-ရန်ကုန် အစုန်ရထားကိုစီးခဲ့ရပေ၏။ နံနက်(၄)နာရီတွင် လက်ပံတန်းဘူတာသို့ရောက်၍ရပ်နားသောအခါ သာရဝေါသို့ထွက်ခွာမည့် ရထားသို့တက်ရလေ၏။ နေရာယူပြီးနောက်မှ လက်မှတ်ကိုဆင်း၍ဝယ်ယူကာ တွဲပေါ်သို့ပြန်တက်ခဲ့လေ၏။ နံနက် (၅)နာရီတွင် လက်ပံတန်းမှစတင်ထွက်လေရာ သာရဝေါသို့ နံနက် (၇) နာရီတွင်ရောက်ရှိခဲ့လေ၏။ သာရဝေါဘူတာသည် ကား၊ ရထားလမ်းဆုံးဘူတာဖြစ်လေ၏။ ၎င်းဘူတာမှာ ဆိပ်ကမ်းအနီးတွင်ရှိသောကြောင့် အနောက်ဘက်ကမ်းရှိ ဟင်္သာတမြို့သို့ လည်းကောင်း၊ လက်ပံလှရွာသို့လည်းကောင်း စက်လှေစီး၍သွားရမည်ဖြစ်ပေ၏။

သို့သော်လည်း စက်လှေများမှာ ရွာမှထွက်ခွာသည့်အချိန်ဖြစ်၍ သာရဝေါဆိပ်ကမ်းသို့ နံနက်(၁၀)နာရီခန့်တွင် ရောက်မည်ဖြစ်သောကြောင့် စက်လှေများဆိုက်ကပ်မည့်အချိန်ကို စောင့်မျှော်ရင်း တစ်မနက်ကုန်လေတော့၏။ စက်လှေများဆိုက်ကပ်လာပြန်သော်လည်း သာရဝေါ-ကြည့်မြင်တိုင်အမြန်ရထားဆိုက်ရောက်ပြီးမှသာ ထွက်ခွာရမည်ဖြစ်၍ အလွန်ခရီးထောက်လှပေ၏။ ဟင်္သာတဘက်ကမ်းသို့ကူး၍ ရွာသို့ပြန်လျှင်လည်း စက်လှေများသည် နေ့လယ် (၁) နာရီမှထွက်မည်ဖြစ်၍ အကြောင်းမထူးလှပေ။ (ယခုအချိန်တွင် ဆောင်းရာသီ၌ ဟင်္သာတမြို့မှ လက်ပံလှရွာသို့ မော်တော်ဆိုင်ကယ်များဖြင့်သွားနိုင်၏။ မိုးရာသီတွင် စက်လှေမှတစ်ပါး စီးစရာယာဉ်မရှိပေ။) ဤသို့ဖြင့် နေ့လယ် (၁) နာရီခန့်တွင် သာရဝေါမှ ထွက်ခွာခဲ့ရာ လက်ပံလှရွာလှေဆိပ်သို့ (၃း၃၀)နာရီ တွင် ရောက်ရှိခဲ့ပေ၏။

လက်ပံလှရွာစက်လှေဆိပ်မှတ ၍ (၃)မိုင်ခန့်ဝေးစေသော ကျားချောင် ရွာသို့ခြေကုန်သုတ်ရပြန်ရာ (၄း၃၀)နာ ကျော်မှရောက်လေတော့၏။ ယခင်က ဆရာကြီးတင့်ဝေ၏မိဘများသည် လက် ပံလှရွာဇာတိ ဖြစ်သော်လည်း ယခုအခါ ကျားချောင်ရွာသို့ ပြောင်းရွှေ့နေထိုင် သည်မှာ (၁၀)နှစ်ခန့်ရှိပေပြီ။ ဆရာကြီး တင့်ဝေသည် ရွာသို့ရောက်သော်လည်း အစ်မကြီးဒေါ်အုန်း သေဆုံးကြောင်း မပြောသေးပေ။ ခေတ္တခဏနားနေ နောက် ရေချိုးလိုက်လေ၏။ တစ်ည တစ်နေ့လုံးလုံး ခရီးသွားခဲ့ရသဖြင့် ပန်းနေလေရာ ရေချိုးလိုက်ရတော့ အပန်းပြေသွားလေ၏။ ညနေထမင်း ပြီးနောက် ရေနွေးကြမ်းဝိုင်းတွင်လူ ကြလေ၏။

ထိုအခါ ဆရာကြီးတင့်ဝေမှ ၏မရီးဖြစ်သူ မစုတို့မိသားစုအား -

"လွန်ခဲ့တဲ့တစ်ပတ်အတွင်း မှာ ဘာထူးခြားမှုတွေဖြစ်သေးသလဲ

ဟုမေးလေ၏။

မစုသည် အဖြစ်အပျက်မျာ လောလောဆယ်သတိမရသဖြင့် -

"ဘာမှမထူးခြားပါဘူး"

ဟု ပြန်ပြောလေ၏။ အတန်ကြာ စဉ်းစားပြီးနောက်မှ-

"ဩ - ထူးခြားတာတစ်ခု တယ်"

ဟုပြောလေ၏။ တစ်ဆက်

www.burmeseclassic.com

င် သူ၏မောင်ငယ်ဖြစ်သူ မောင်ထူး သည် ညနေ (၅) နာရီခန့်တွင် အိမ်သာ အဆင်း၌-ခေါင်းမိုက်ခနဲဖြစ်သွားကာ အိမ်သို့ပြန်မတက်တော့ဘဲ ရွာထဲသို့ ပျောက်သွားနေကြောင်း၊ မောင်ထူး အား နှုတ်ဆက်သူများကမေးသောအခါ အဖေ့အိမ်ကိုရှာနေတာဟုပြောကြောင်း၊ သိသောအိမ်များသို့ဝင်၍ ကွမ်းယာ တောင်း၍စားကြောင်း၊ ဒီလမ်းကလေး ရောက်ဖူးတယ်ဟုနှုတ်မှပြောကြောင်း၊ မောင်ထူးသည် သူ့အဖေအိမ်ကိုသိသော် လည်း ထိုအိမ်သို့မဝင်ဘဲလိုက်ရှာနေ သဖြင့် မသကာသောသူများက သူ့အား ခေါ် လာပြီးနောက် ဒါ မင်းအဖေအိမ်ပဲ ဟုပြောကာ မစုတို့အိမ်ပေါ် သို့တင်ပေး ခဲ့ကြောင်းပြောပြလေ၏။

ထိုသို့ပြောနေစဉ် မောင်ထူး ရောက်လာပေရာ လက်ဖက်ရည်ကြမ်း ပင်းမှာ ပို၍စည်ကားသွားလေ၏။ ထို အခါ ဆရာကြီးတင့်ဝေမှ-

"မောင်ထူးရေ၊ တို့မင်းအကြောင်း ပြောနေတာ။ အဲဒီနေ့ကအဖြစ်အပျက် တွေကို မင်းမှတ်မိသလောက် ပြန်ပြော ပြစမ်းပါဦး"

ဟုပြောလေ၏။

ထိုအခါ မောင်ထူးက -

"ကျွန်တော် အဲဒီနေ့က အိမ်သာ တက်ပြီးအဆင်းမှာ ခေါင်းထဲမိုက်ခနဲဖြစ် သွားတယ်။ နောက်တော့ ခြေဦးတည့်ရာ လျှောက်သွားနေတယ်။ နောက်ပိုင်း သူငယ်ချင်းတွေလိုက်ပို့လို့ အစ်မတို့အိမ် ပေါ် သို့ရောက်ပြီး အိပ်ပျော်သွားတယ်။ အိပ်ရာကနိုးတော့ ကျွန်တော့်ပါးစပ်ထဲ ကွမ်းဖတ်တွေတွေ့တော့ ပလုတ်ကျင်း ပစ်ခဲ့တယ်။ ကျွန်တော်အိမ်ပေါ်မှာအိပ် မယ်ဆိုပြီး ဝမ်းလျားမှောက်ချိန်မှာ အစ်မ တို့အိမ် တံစက်မြိတ်ရှေ့မှာ ခါးကုန်းနေ တဲ့အဒေါ်ကြီးတစ်ယောက်ကိုတွေ့လိုက် ရတယ်"

ထိုအခါ ဆရာကြီးတင့်ဝေက -

"အဲဒါ တခြားမဟုတ်ဘူး မစုရေ၊ နင်တို့အစ်မကြီးဆုံးပြီ။ နောက်တစ်နေ့ မှာ စိတ်စွဲပြီး ဒီကိုရောက်လာတာ၊ ငါ လာခဲ့သလိုပဲ သူလည်းလာခဲ့ရတာဖြစ် မယ်။ ဒီကို နေဝင်ခါနီးအချိန်ကျမှရောက် တော့ သူ့အဖေအိမ်ကိုရှာမှာပေါ့။ ဒါပေ မယ့် အဖေက သူ့ခြံဝိုင်းကြီးထဲမှာ အိမ် နားကပ်ပြီး ခြံဝိုင်းကလေးကာထားတာ တစ်ကြောင်း၊ အိမ်စောင့်နတ်တွေ ထက်မခံတာကတစ်ကြောင်းတို့ကြောင့် အိမ်ကိုမဝင်နိုင်တာဖြစ်မယ်။ ဒါကြောင့် သူ့အဖေအိမ်ကို လိုက်ရှာနေတာ"

ဟု ရှင်းပြလိုက်လေ၏။

အစ်ကိုဖြစ်သူ ကိုမြင့်ဝေကတော့ ဘာမှဝင်မပြောဘဲ နားထောင်နေလေ ၏။ နားလေးသူဖြစ်ပေရာ ညီဖြစ်သူ ဆရာကြီးတင့်ဝေပြောသောစကားများ ကို မကြားတစ်ချက်ကြားတစ်ချက်ဖြစ် နေလေ၏။ နောက်ပိုင်းတွင် မစုကရှင်းပြ ၍ အစ်မကြီးဖြစ်သူဆုံးပြီဖြစ်ကြောင်း သိသွားလေ၏။

ထို့နောက် ဆရာကြီးတင့်ဝေသည် သူ၏ခရီးဆောင်လက်ဆွဲအိတ်ကိုထ၍ ယူလာပြီးနောက် လက်ဆွဲအိတ်ကိုဖွင့် ကာ ယပ်တောင်၊ ပုဆိုး (၃) ထည်နှင့် ငွေ(၅၀၀၀)ကျပ်ကို ထုတ်ယူလိုက်လေ ၏။ ငွေ(၅၀၀၀)ကျပ်နှင့် ပုဆိုး(၃)ထည် ကို ဖခင်ဖြစ်သူဦးဘသော်ထံသို့ပေးကာ အစ်မကြီးမှ ကန်တော့လိုက်ကြောင်း၊ ယခု အစ်မကြီးဖြစ်သူ သေဆုံးသွားပြီ ဖြစ်၍ အစ်မကြီးကိုယ်စား ကျွန်တော်ယူ လာပြီးကန်တော့ခြင်းဖြစ်ကြောင်း၊ အစ်မ ကြီးမသေခင်မှာကြားခဲ့ခြင်းဖြစ်ကြောင်း၊ အစ်မကြီး အဖေ့ကိုကန်တော့ချင်သော ကြောင့် စိတ်စွဲလမ်းပြီးသေပြီး နောက် တစ်ရက် ဒီရွာကိုရောက်လာကာ မောင် ထူးအားဝင်ရောက်ပူးကပ်ခြင်းဖြစ်ကြောင်း တို့ကိုရှင်းပြကာ ဦးချကန်တော့လိုက်လေ ၏။ ဖခင်ဖြစ်သူ ဦးဘသော်သည် သမီး ကြီးသေဆုံးသွားပြီဖြစ်ကြောင်းသိရသော အခါ စိတ်မကောင်းခြင်းများစွာဖြင့် မျက် ရည်များဝဲလျက် တရားနှင့်ဖြေနေပုံရ လေ၏။

ဆရာကြီးတင့်ဝေသည် ဖခင်ဖြစ် သူဦးဘသော်၏ စိတ်ထိခိုက်မှုကိုတွေ့ရ သဖြင့် မိခင်ဖြစ်သူကိုလည်း သတိရမိ လေ၏။ မိခင်ဖြစ်သူဒေါ်စောသည် လွန် ခဲ့သော (၆) နှစ်ခန့်က ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ပေသည်။ ယခု အစ်မကြီး သေဆုံးပြန်သဖြင့် သူတို့မိသားစုတွင် (၄) ဦးသာကျန်တော့၏။ အစ်ကိုအကြီးဆုံး မှာ ဘုန်းတော်ကြီးတစ်ပါးဖြစ်ပေသည်။ ဖခင်ဦးဘသော်မှာလည်း အသက် (၉၀) ကျော်ပြီဖြစ်ရာ သူ့ဘဝအတွက် သက် တမ်းပင်စေ့နေပေပြီ။ သို့ဖြစ်၍ အဖေ သတိတရားရစေရန်-

"အဖေရယ်၊ သားတို့လည်း စိတ် မကောင်းပါဘူး။ ဒါပေမယ့် လူတွေဟာ သူ့အကြောင်းတရားနဲ့သူလာကြတာလေ။ မသေချင်လည်း သေချိန်ရောက်ရင်သေ ရမှာပဲ။ သေခြင်းတရားကို ဘယ်သူမှ မကျော်နိုင်ပါဘူး။ ဒါကြောင့် တရားနဲ့ သာဖြေပါအဖေရယ်။ လက္ခဏာရေး (၃) ပါးကိုသာ သတိပဋ္ဌာန်ပွားများနေပါ အဖေ"

ဟု စိတ်ပြေစေကြောင်း သတိပေး လေတော့၏။

ထို့နောက်တစ်ဖန် အိမ်ပေါ်ရှိသူ များဘက်သို့လှည့်၍ -

"အစ်မကြီးဆုံးသွားတော့ ရွာက ဆွေမျိုးတွေကို အကြောင်းကြားဖို့သတိ ရပါတယ်။ ဒါပေမယ့် သွားလာရခက် တာတစ်ကြောင်း၊ နေထိုင်ဖို့အဆင်မပြေ တာတစ်ကြောင်း၊ ရွာကလူတွေအလုပ် ပျက်မှာတစ်ကြောင်း တွေးမိပြီးတော့ အကြောင်းမကြားခဲ့တာပါ"

ဟု ပြောလိုက်လေ၏။ ဆက်လက် ၍-

"ဒါကြောင့်မို့ အစ်မကြီးရဲ့အသုဘ ကိစ္စကို ကျွန်တော်ပဲဦးဆောင်ပြီး ပြီးဆုံး သည်အထိ ဆောင်ရွက်ခဲ့တာပါ။ ဒါ ကြောင့်မို့ ကျွန်တော့်စေတနာမှားခဲ့ရင် လည်း ခွင့်လွှတ်ကြပါလို့ တောင်းပန်ပါ တယ်"

ထိုအခါ ဆွေမျိုးများကလည်း -

"မင်းပြောတာမှန်ပါတယ်။ တို့ အပြစ်တင်စရာမရှိပါဘူး"

ဟု ပြောကြလေ၏။

"မင်းရဲ့ဆောင်ရွက်မှုကို မင်းအစ်မ ကြီးလည်း သဘောကျမှာပါ။ သူကန် တော့ချင်တဲ့ဆန္ဒကိုလည်း ပစ္စည်းနဲ့ ငွေ ကိုပါကန်တော့ပြီးဖြစ်တာမို့ တို့အားလုံး သူ့အတွက် အမျှအတန်းပေးဝေပြီး သာဓုခေါ် လိုက်ကြရအောင်"

ဟု ပြောကာ အမျှ(၃)ကြိမ်ဝေ၍ သာဓု(၃)ကြိမ်ခေါ် လိုက်ကြလေ၏။

ထို့ကြောင့် ဆရာကြီးတင့်ဝေ သည် အစ်မကြီးဒေါ်အုန်းဖြစ်စေချင်သော ဆန္ဒများအနက် မိဘအားကန်တော့ရန် ဆန္ဒကိုဖြည့်ဆည်းပေးလိုက်ရသဖြင့် -

"ဤကောင်းမှုဆန္ဒကြောင့် အစ်မ ကြီး မကျွတ်မလွတ်သောဘဝတွင် ရောက်ရှိနေခဲ့ပါလျှင် ကောင်းရာသုဂတိ သို့ရောက်ပါစေ"

ဟု ထပ်မံ၍ဆုတောင်းလိုက်မိပါ တော့သတည်း။


(ကိုယ်တွေ့ အဖြစ်အပျက်ကို ပြန်လည် ရေးသားခြင်းဖြစ်ကြောင်း ကတိပြုပါသည်။)

ငြိမ်းဝေ (ပြည်)




www.burmeseclassic.com

www.burmeseclassic.com


THE
JAPANESE OCCUPATION STAMPS OF BURMA
1942-1945
By
All Rights Reserved

ဂျပန်ခေတ်
မြန်မာတံဆိပ်ခေါင်းများအကြောင်း
အပြည့်စုံဆုံး ပါဝင်သော ၁၉၄၆ ခုနှစ်ထုတ်
ရောဘတ်နှင့် စမစ်သီးစာအုပ်


ကမ္ဘာပေါ်တွင် တစ်အုပ်တည်းသာရှိသော
မြန်မာ့တံဆိပ်ခေါင်းစာပေစာရင်းစာအုပ်


တံဆိပ်ခေါင်းစုဆောင်းနည်းနှင့်ပတ်သက်၍
ပထမဆုံးထုတ်ဝေသော မြန်မာစာအုပ်

# ကြည့်လွှင်
# မြန်မာ့တံဆိပ်ခေါင်းစာပေ

မြန်မာ့တံဆိပ်ခေါင်းစာပေဟူသော ခေါင်းစဉ်နှင့်ပတ်သက်၍ ပထမဦးစွာ ရှင်းလင်းလိုပါသည်။ မြန်မာ့တံဆိပ်ခေါင်း ဟုဆိုပါ၍ မြန်မာနိုင်ငံတွင် စာပို့တံဆိပ်ခေါင်းများ ပထမဆုံးအကြိမ်အဖြစ် စတင်ထုတ်ဝေသော ၁၉၃၇ ခုနှစ်မှစပြီး ခေတ်ကာလအလိုက် အစဉ်အဆက် ထုတ်ဝေခဲ့သော မြန်မာတံဆိပ်ခေါင်းများကို ဆိုလိုသည်။ ဤနေရာ၌ မြန်မာစာပို့တံဆိပ်ခေါင်းများသာ အကျုံးဝင်ပါသည်။ မြန်မာအခွန်တံဆိပ်ခေါင်းများဆိုင်ရာစာအုပ်များ ထုတ်ဝေထွက်ရှိထားသော်လည်း ဤဆောင်းပါး၌ ထိုစာအုပ်များအကြောင်း ပါဝင်မည် မဟုတ်ပေ။ ဆက်လက်၍ တံဆိပ်ခေါင်းပညာနှင့် ဆက်နွယ်သော မြန်မာစာပို့သမိုင်းနှင့် မြန်မာစာပို့စာရေးကိရိယာဆိုင်ရာစာအုပ်များ ထုတ်ဝေထွက်ရှိထားသော်လည်း ဤဆောင်းပါး၌ ထိုစာအုပ်စာပေများ အကြောင်း ပါဝင်မည်မဟုတ်ပေ။

စာပေ ဟူသည့် စကားလုံးကိုလည်း ရှင်းလင်းလိုပါသည်။ တံဆိပ်ခေါင်းနှင့် ပတ်သက်သော စာပေများမှာ ၁၉၃၇ ခုနှစ် မြန်မာတံဆိပ်ခေါင်းများ စတင် ထုတ်ဝေခဲ့သည်မှစ၍ ယနေ့တိုင် အခါအားလျော်စွာ ထုတ်ဝေထွက်ရှိခဲ့ရာ ဤဆောင်းပါး၌ မြန်မာတံဆိပ်ခေါင်းဆိုင်ရာဆောင်းပါးများ၊ စာတမ်းများ၊ ကြော်ငြာချက်များ၊ဂျာနယ်များ၊မှတ်တမ်းစာအုပ်ငယ်များ(Memographs)၊စာရင်းစာအုပ်ငယ်များ (Lists) နှင့် ကက်တလောက်စာအုပ်ငယ်တို့ကို ခြုံငုံသုံးသပ်ပြီး တင်ပြရန်သာရှိပြီး အစီအစဉ်တကျ ရေးသား ဖော်ပြမည် မဟုတ်ပေ။

ထို့ကြောင့် ဤဆောင်းပါး၌ ဝါသနာရှင် စာရှုသူတို့ အမှန်တကယ် အသုံးကျမည့်စာအုပ်ပုံစံဖြင့် ပုံနှိပ်ထုတ်ဝေထားသော မြန်မာတံဆိပ်ခေါင်းဆိုင်ရာစာအုပ်များသာပါဝင်မည်ဖြစ်ပါသည်။ မြန်မာ့တံဆိပ်ခေါင်းစာပေဟု ဆိုရာတွင်လည်း မြန်မာတံဆိပ်ခေါင်းဆိုင်ရာ


မြန်မာတံဆိပ်ခေါင်း။ တံဆိပ်ခေါင်းဝါသနာနှင့် ပတ်သက်သော အချက်အလက် (၅၀၀) နီးပါး စုစည်းထားသော လက်စွဲစာအုပ်

စာအုပ်များမှာ မြန်မာဘာသာဖြင့် ရေးသားထုတ်ဝေထားသော စာအုပ်များသာမက ကျန်အခြားဘာသာများဖြင့် ရေးသားပြုစုထားရာ ထိုစာအုပ်များကိုလည်း သုံးသပ်ဖော်ပြသွားမည် ဖြစ်သည်။ မြန်မာတံဆိပ်ခေါင်းများနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ၊ အင်္ဂလန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှလည်း စာအုပ်များထုတ်ဝေထားသည်ကိုတွေ့ရှိရပါသည်။ အထူးသဖြင့် ဗြိတိသျှကိုလိုနီခေတ်က ထုတ်ဝေသော မြန်မာတံဆိပ်ခေါင်းဆိုင်ရာစာအုပ်များမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ဂျပန်ခေတ်ဆိုင်ရာမြန်မာတံဆိပ်ခေါင်းများကို ဂျပန်နိုင်ငံမှ ဝါသနာရှင်တို့က ဂျပန်ဘာသာဖြင့် ထုတ်ဝေခဲ့သော်လည်း အရေအတွက်နည်းပါးလှသည်သာမက ကတ်တလောက်နှင့် စုဆောင်းထားရှိမှုများကိုသာ အဓိကထား ရေးသားခဲ့ခြင်းဖြစ်၍ ဤဆောင်းပါး၌ ဂျပန်ဘာသာစာအုပ်များကို ချန်လှပ်ထားခဲ့ပါမည်။

သို့ဖြစ်၍ ယခု ဤဆောင်းပါးမှာ မြန်မာနိုင်ငံထုတ်စာပို့တံဆိပ်ခေါင်းများနှင့် မြန်မာ့တံဆိပ်ခေါင်း ဝါသနာဆိုင်ရာ ပုံနှိပ်ထုတ်ဝေခဲ့ပြီးသည့် ပြည်တွင်းပြည်ပမှစာအုပ်များကို ရှာဖွေသုံးသပ်စာရင်းပြုရေးသားထားသောဆောင်းပါးဖြစ်သည်။ စင်စစ် တံဆိပ်ခေါင်းဝါသနာမှာ မြန်မာနိုင်ငံတွင် လူကြိုက်များ၊ ရေပန်းစားလှသည့်ဝါသနာတစ်ရပ်မဟုတ်သော်လည်း မြန်မာတံဆိပ်ခေါင်းများဆိုင်ရာစာအုပ်များမှာ အခါအားလျော်စွာ ထွက်ပေါ်လျက်ရှိသည်ကို အံ့ဩဖွယ်ရာတွေ့ရှိရသဖြင့် တံဆိပ်ခေါင်းဝါသနာရှင်များ

www.burmeseclassic.com

…နေဖြင့်ရော နိုင်ငံအနေဖြင့်ပါ ဂုဏ်ယူ…မြောက်ကြရမည် ဖြစ်ပေလသည်။ …သူကိုလိုနီခေတ်နှောင်းပိုင်း၌ အင်္ဂ…ဘာသာဖြင့် ရေးသား ပြုစု ထုတ်ဝေ…သော မြန်မာတံဆိပ်ခေါင်းဆိုင်ရာ…အုပ်များသာပေါ်ထွက်ခဲ့သော်လည်း …၉ ခုနှစ်မှစ၍ မြန်မာဘာသာဖြင့် …သား ပုံနှိပ်ထုတ်ဝေသောစာအုပ်များ …ကြီးကြားကြား ထွက်ပေါ်လာခဲ့ပြီး …တ် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် … မြန်မာဘာသာဖြင့် ရေးသားသော …အုပ်များ စဉ်ဆက်မပြတ် ထုတ်ဝေ…သည်ကို တွေ့ရှိရပေမည်။ ယခု ဤ…ဆောင်းပါးမှာ မြန်မာတံဆိပ်ခေါင်းနှင့် …ဆိပ်ခေါင်းဝါသနာဆိုင်ရာ ပြည်တွင်း၊ …မှပုံနှိပ်ထုတ်ဝေထားသော စာအုပ်…ကို ပထမဆုံးအကြိမ်အဖြစ် စုစည်း…သပ် တင်ပြထားသော ဆောင်းပါး…သည်။

## …မြန်မာ့တံဆိပ်ခေါင်းစာပေစာရင်း

ဤဆောင်းပါးအတွက်ဘောင်ဝင်…သော စာအုပ်စာတမ်းများကို ထုတ်ဝေ…သည့် နှစ်ကာလအလိုက် စာရင်းပြုစု…ခြင်း ဖြစ်သည်။ ၁၉၄၅ ခုနှစ်မှစ၍ …၁၅ ခုနှစ် ဤဆောင်းပါးပြုစုရေးသား…အထိ ထုတ်ဝေထားသော မြန်မာ့…ဆိပ်ခေါင်းဆိုင်ရာစာပေစာရင်း ဖြစ်…သည်။ စုစုပေါင်း စာအုပ် (၁၅) အုပ်…မှတ်တမ်းတင်နိုင်ပြီး ထိုအထဲတွင် …လိပ်ဘာသာဖြင့် (၈) အုပ်၊ မြန်မာ…ဘာသာဖြင့် (၇) အုပ် ပါဝင်သည်။ ထို…အုပ်များအနက် ပြည်တွင်း၌ ပုံနှိပ်…ထုတ်ဝေသောစာအုပ်များမှာ (၁၀) အုပ်…ပြီး ပြည်ပ၌ထုတ်ဝေသော စာအုပ်…မှာ (၅) အုပ် ဖြစ်သည်။ အင်္ဂလန်၊ …ယ၊ မလေးရှားနှင့် ကနေဒါနိုင်ငံတို့…ပုံနှိပ်ခဲ့ခြင်း ဖြစ်သည်။ မြန်မာ့တံဆိပ်…ခေါင်းဆိုင်ရာစာအုပ်များထဲမှ စာပေဆု…သော စာအုပ် (၄) အုပ်ရှိခဲ့သည်။ …ရင်း၌ အင်္ဂလိပ်ဘာသာစာအုပ်အမည်…ကို မြန်မာဘာသာသို့ အသေးစိတ်…ဆိုခြင်းမပြုတော့ပေ။ စာရေးသူများ… အမည်များကိုသာ မြန်မာဘာသာ…ဆို၍ ရည်ညွှန်းသွားမည် ဖြစ်သည်။

မြန်မာ့တံဆိပ်ခေါင်းစာပေစာရင်း…ဇယားဖြင့်ဖော်ပြထားပါသည်။


၁။ H D Ka Ka (ကာကာ) (1945) An Abridged History of Various Issues of Postage Stamps Issued during the Japanesc Occupation of Burms. The Calcutta Printing Works, Rangoon.

၂။ W H Adgey - Edgar (အဂျေး အဂ္ဂါ) (1946) Catalogue of Imperial Japanese Overprints and Issues in Occupied British Territories. Bramley, Surrey.

၃။ G L Roberts & E A Smythies (ရောဘတ်နှင့် စမစ်သီး) (1946) The Japanese Occupation Stamps of Burma 1942-1945. Lahore.

၄။ A H Dalal (ဒါလားလ်) (1947) Japanese Occupation Stamps of Burma & Malaya. Boroda.

၅။ Director - General of Posts & Telecoms (စာတိုက်ညွှန်ကြားရေးဝန်) (1965) Burma Postage Stamps 1945-1964. Rangoon.

၆။ သုတေသီတစ်ဦး (၁၉၆၉) တံဆိပ်ခေါင်းစုနည်းနိသရည်း။ဝင်းမော်ဦးစာပေဖြန့်ချိရေး၊ ရန်ကုန်မြို့။

၇။ A Meech & J Pilcher (မီးချ်နှင့် ပီလ်ချာ) (1980) A Concordance of Burma Listings: Stanley Gibbons, Scott, Minkus, Michel, Yvert, Edmonton.

၈။ ဘုတလင်သစ်နီ (၁၉၈၄) ပြည်သူကို ပညာပေးသော တံဆိပ်ခေါင်းများ။ စာပေဗိမာန်၊ ရန်ကုန်မြို့။

၉။ A Meech (မီးချ်) (1993) An Annonated Bibliography of Burma Philately. Edmonton.

၁၀။ သိန်းဌေးနိုင် (၁၉၉၄) နှောင်းအတိတ် သမိုင်းရိပ်ထင်နေသည့် တံဆိပ်ခေါင်းများ။ စာပေဗိမာန်၊ ရန်ကုန်မြို့။

၁၁။ Maung Maung Lin (2012) Stamps of Myanmar. Yone-Kyi-Chet Sarpay, Yangon.


၁၂။ ကျော်မြင့်မောင် (၂၀၀၉) စီးပွားဖြစ်တံဆိပ်ခေါင်းစုဆောင်းနည်း။ ထိပ်တန်းစာပေ၊ ရန်ကုန်မြို့။

၁၃။ ကျော်မြင့်မောင် (၂၀၁၁) မြန်မာတံဆိပ်ခေါင်းဝါသနာရှင်လက်စွဲ။ မျိုးဆက်သစ်စာပေ၊ ရန်ကုန်မြို့။

၁၄။ ကျော်မြင့်မောင် (၂၀၁၃) တံဆိပ်ခေါင်းများပေါ်က ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များ။ ထိပ်တန်းစာပေ၊ ရန်ကုန်မြို့။

၁၅။ ကျော်မြင့်မောင် (၂၀၁၄) တံဆိပ်ခေါင်းများပေါ်က ဗုဒ္ဓသာသနာ။ ထိပ်တန်းစာပေ၊ ရန်ကုန်မြို့။


နှစ်ကာလအလိုက်ထုတ်ဝေခဲ့သောမြန်မာတံဆိပ်ခေါင်းဆိုင်ရာစာအုပ်များ၏ အရေအတွက်ပြ-ပုံပြဇယား




## □ မြန်မာ့တံဆိပ်ခေါင်းစာပေအပေါ်သုံးသပ်ခြင်း

မြန်မာ့ပထမဆုံးသော တံဆိပ်ခေါင်းများမှာ ၁၉၃၇ ခုနှစ် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံမှ ခွဲထုတ်ခဲ့ချိန်မှစ၍ ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ မြန်မာတံဆိပ်ခေါင်းများနှင့် ပတ်သက်၍ တံဆိပ်ခေါင်းပညာရှုထောင့်မှကြည့်သော် အစမကောင်းခဲ့သလို အနှောင်းလည်းမသေချာခဲ့ဟု ဆိုရပေမည်။ မြန်မာ့ပထမဆုံး တံဆိပ်ခေါင်းများကို ဝင့်ဝင့်ကြွားကြွား BURMA ဟု ပုံမနှိပ်နိုင်ခဲ့ဘဲ အိန္ဒိယတံဆိပ်ခေါင်းများပေါ်တွင် ထပ်ဆင့်ရိုက်ချက် (Overprint) ဖြင့်သာ ကျေနပ်ခဲ့ရသည်။ အကြောင်းရင်းမှာ အင်္ဂလန်ပြည့်ရှင် အဋ္ဌမမြောက် အက်ဒွပ်ဘုရင်နန်းစွန့်သွားချိန်နှင့် တိုက်ဆိုင်နေသောကြောင့် ဖြစ်သည်။ နောက်တက်သည့် ဆဋ္ဌမမြောက် ဂျော့ဘုရင်ပုံကို တံဆိပ်ခေါင်းများပေါ်၌ ပုံနှိပ်ရန် အဆင်သင့်မဖြစ်သေးသောကြောင့်ဖြစ်သည်။မြန်မာနိုင်ငံအတွက် သီးခြားတံဆိပ်ခေါင်းများ ထုတ်ဝေခြင်းကို ကြေညာချက်သတင်းမှတ်ချက်တို့ဖြင့်သာ မှတ်တမ်းတင်နိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဤသို့ဖြင့် ၁၉၄၀ ကျော်သည်အထိ မြန်မာတံဆိပ်ခေါင်းစာပေဟူ၍ မည်မည်ရရထွက်ပေါ်နိုင်ခြင်း မရှိခဲ့ပေ။

၁၉၃၉ ခုနှစ်မှ စတင်ခဲ့သော ဒုတိယကမ္ဘာစစ်ကြီးကြောင့် အင်္ဂလိပ်တို့မှာ အခက်ကြုံလျက်ရှိခိုက် မြန်မာတို့၏ အမျိုးသားရေးလှုပ်ရှားမှုက ပြင်းထန်ခဲ့သည်။မြန်မာ့လွတ်လပ်ရေးရယူရန် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) နှင့် ဂျပန်တပ်များက စစ်ကြောင်းကြီး (၄) ကြောင်းဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ရာ အင်္ဂလိပ်တို့မှာ အပြီးအပိုင်ဆုတ်ခွာခဲ့ရသည်။ ၁၉၄၂ မှ ၁၉၄၅ ခုနှစ်၊ ဂျပန်ခေတ်၏ ပထမပိုင်း၌အုပ်ချုပ်ရေး၊ ငြိမ်ဝပ်ပိပြားရေးတို့မှာ ပရမ်းပတာဖြင့် မထိန်းနိုင်ဖြစ်နေခဲ့ရာမှ တဖြည်းဖြည်းချင်း စနစ်တကျဖြင့် ပုံမှန်ဘဝသို့ရောက်လာသကဲ့သို့ တံဆိပ်ခေါင်းများပေါ်တွင် ဒေါင်းတံဆိပ်များရိုက်ခတ်ခြင်း၊ ဂျပန်စစ်ဗိုလ်ယာနိုက သူ့အမှတ်တံဆိပ်ဖြင့် တံဆိပ်ခေါင်းများပြုလုပ်ခြင်းစသည့် ဖြစ်ရပ်များမှသည် မြန်မာ့လွတ်လပ်ရေးတံဆိပ်ခေါင်းများကို စနစ်တကျထုတ်ဝေလာနိုင်သည်အထိ ပုံမှန်ဖြစ်လာခဲ့သည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဂျပန်ခေတ်အတွင်း တံဆိပ်ခေါင်းများထုတ်ဝေမှုတွင် ကမောက်ကမများဖြစ်ခဲ့ရခြင်းကပင် တံဆိပ်ခေါင်းပညာရှုထောင့်မှ စိတ်ဝင်စားဖွယ်ရာဖြစ်ရပ်များ၊ ထူးခြားချက်များပေါ်ထွက်ခဲ့ရသည်။ ထို့ကြောင့်ပင် ဂျပန်ခေတ်အလွန်၌ မြန်မာတံဆိပ်ခေါင်းဆိုင်ရာစာအုပ်(၄)အုပ်ဆက်တိုက်ထုတ်ဝေလာသည်ကို မြင်တွေ့ရသည်။ ဤသည်မှာ မြန်မာ့တံဆိပ်ခေါင်းစာပေသမိုင်း၌ စာအုပ်အများဆုံးထုတ်ဝေနိုင်ခဲ့သောကာလ ဖြစ်သည်။ ထူးခြားသည်မှာ ထိုဂျပန်ခေတ်ထုတ် တံဆိပ်ခေါင်းစာအုပ်များကို အင်္ဂလိပ်တို့ကသာ ရေးသား ပြုစုခဲ့ကြခြင်းဖြစ်ပြီး ဂျပန်တို့က မည်သည့်စာအုပ်မျှ ထုတ်ဝေနိုင်ခြင်း မရှိခဲ့ချေ။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေသော ဂျပန်ခေတ်မြန်မာတံဆိပ်ခေါင်းများဆိုင်ရာ စာအုပ်များအနက် ၁၉၄၆ခုတွင်ထုတ်ဝေသော ရောဘတ်နှင့် စမစ်သီး၏ 'မြန်မာ့ဂျပန်ခေတ်တံဆိပ်ခေါင်းများ ၁၉၄၂ - ၁၉၄၅' စာအုပ်မှာ ဝါသနာရှင်တို့အတွက် အချက်အလက် အပြည့်စုံဆုံးနှင့် အမှန်ကန်ဆုံးအချက်များပါဝင်သည့် စာအုပ်ဖြစ်သည်။ အင်္ဂွေးအင်္ဂါ၏ စာအုပ်မှာ ဂျပန်ခေတ် မြန်မာတံဆိပ်ခေါင်းများ အကြောင်းအနည်းငယ်သာ ပါဝင်သည်။ ဒါလားလ်၏စာအုပ်မှာ အင်္ဂွေးအင်္ဂါ၏ စာအုပ်ထက် ပိုမိုပြည့်စုံသော်လည်း 'ရောဘတ်နှင့်စမစ်သီး' စာအုပ်လောက်ပြည့်စုံခြင်း မရှိပေ။ ကာကာ၏ စာအုပ်မှာ အစောဆုံးထွက်ပေါ်ခဲ့သော်လည်း အခြားစာအုပ်များလောက် ပြည့်စုံခြင်း မရှိပေ။ ထို့ကြောင့် ဂျပန်ခေတ် မြန်မာတံဆိပ်ခေါင်းများအကြောင်း လေ့လာလိုပါက ရောဘတ်နှင့် စမစ်သီးစာအုပ်ကို လက်ကိုင်ထားသင့်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် မြန်မာစာပို့ဌာနမှ စာပို့လုပ်ငန်းဆိုင်ရာလမ်းညွှန်စာအုပ်များ၊ လက်စွဲစာအုပ်များ ထုတ်ဝေခဲ့သော်လည်း မြန်မာစာပို့တံဆိပ်ခေါင်းများနှင့် ပတ်သက်၍ မည်သည့်စာအုပ်မျှထုတ်ဝေနိုင်ခြင်း မရှိခဲ့ချေ။ ၁၉၅၆ - ၅၇ ခုနှစ် ဗုဒ္ဓသာသနာ ၂၅၀၀ နှင့် ဆဋ္ဌသင်္ဂါယနာ တံဆိပ်ခေါင်းများကို ဆန်းသစ်တီထွင်လှပစွာထုတ်ဝေနိုင်ခဲ့ပြီးနောက် BURMA ဟု အမည်ရသည့် မဂ္ဂဇင်းတွင် နိုင်ဂမ်ဝါလား (NKD Naigamwalla) ၏ 'တံဆိပ်ခေါင်းဝါသနာ-အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်' ဟူသည့် ဆောင်းပါးမှာ မြန်မာနိုင်ငံတံဆိပ်ခေါင်းထုတ်ဝေရေးနှင့် ဝါသနာရပ်ဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရန်အတွက် လွန်စွာကောင်းမွန်လှသော အကြံပြုချက်များပါရှိခဲ့သည်။

တော်လှန်ရေးအစိုးရတက်လာပြီး အစဉ်သုံးတံဆိပ်ခေါင်းများကို ငှက်ပုံဒီဇိုင်းများဖြင့်ပြောင်းလဲထုတ်ဝေပြီးနောက်၌ စာတိုက်ညွှန်ကြားရေးဝန်၏ တာဝန်ခံမှုဖြင့် ထုတ်ဝေသော 'မြန်မာတံဆိပ်ခေါင်းများ ၁၉၄၅-၁၉၆၄' စာအုပ်မှာ ထိုကာလအတွင်း ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ၏ အချက်အလက်များကို စုစည်းပုံနှိပ်ခဲ့ခြင်း ဖြစ်သည်။ တံဆိပ်ခေါင်းတစ်မျိုးချင်းစီ၏ ဒီဇိုင်း၊ အရောင်၊အတိုင်းအတာ၊အပ်ပေါက်ရာ၊ ပုံနှိပ်သူ၊ ဒီဇိုင်းဆရာ စသဖြင့် ပြန်ကြားချက်များမှာ စုံလင်လှပါသည်။ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်တို့ လက်ကိုင်ထားသင့်သောစာအုပ်လည်း ဖြစ်သည်။ တော်လှန်ရေးအစိုးရ ခေတ်လယ်ခန့် ၁၉၆၉ ခုနှစ်တွင် သုတေသီတစ်ဦးပြုစုသော 'တံဆိပ်ခေါင်းစုနည်းနိဿရည်း' စာအုပ်ပေါ်ထွက်လာသည်။ သုတေသီတစ်ဦးအမည်ခံ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကလေးမှာ ကိုယ်တိုင် ဝါသနာရှင်တစ်ဦးဖြစ်ပြီး ထိုစဉ်က မြန်မာနိုင်ငံ တံဆိပ်ခေါင်းဝါသနာရှင်များအသင်း၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။ ဤစာအုပ်မှာ စနစ်တကျ တံဆိပ်ခေါင်းစုဆောင်းနည်း ကို မြန်မာဘာသာဖြင့် ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၌ သုတေသီတစ်ဦး၏ စာအုပ်ထုတ်ဝေခဲ့ပြီးနောက် တံဆိပ် ခေါင်းဆိုင်ရာစာပေများထုတ်ဝေနိုင်ခြင်း မရှိမီစပ်ကြားတွင် ကနေဒါနိုင်ငံ၌ အခြေ ပြုပြီး နိုင်ငံတကာမှပါဝင်သော မြန်မာ တံဆိပ်ခေါင်းလေ့လာသူများအသိုင်းအ ဝန်း (Burma Philatelic Study Circle မှ မြန်မာတံဆိပ်ခေါင်းများဆိုင် ဂျာနယ်တစ်စောင်ကို ၁၉၇၉ ခုနှစ်တွင် စတင် ထုတ်ဝေနိုင်ခဲ့ပါသည်။ ဂျာနယ် အမည်ကို BIA က ထုနှိပ်ခဲ့သော ဒေါင်း တံဆိပ်များကို အစွဲပြု၍ မြန်မာဒေါင်း တံဆိပ်ခေါင်းဂျာနယ် (The Burma Peacock) ဟု အမည်ပေးခဲ့၊ ဤဂျာနယ် မြန်မာတံဆိပ်ခေါင်းများနှင့်ပတ်သက် ပထမဆုံး ပညာရပ်ဆိုင်ရာဂျာနယ် သည်။ ထိုအသိုင်းအဝန်းမှ ဝါသနာ နှစ်ဦးဖြစ်သော မီးချို့နှင့် ဝီလ်ချာတို့ ၁၉၈၀ ပြည့်နှစ်တွင် နာမည်ကြီးတံဆိပ် ခေါင်းကတ်တလောက်များမှ မြန် တံဆိပ်ခေါင်းများစာရင်းများကို သ ဇာတညီမျှအောင် ပြုစုရေးသားထုတ် နိုင်ခဲ့သည်။ ၁၉၈၄ ခုနှစ်၌ ဘုတ သစ်နီ (အမည်ရင်း ဦးစိုးလှိုင်) ၏ 'ပြည်သူ့ကိုပညာပေးသောတံဆိပ်ခေါ များ' စာအုပ်ကို စာပေဗိမာန်မှ ထုတ် ခဲ့သည်။ ရောင်စုံစာမျက်နှာ(၁၄)မျက် ပါရှိပြီး နိုင်ငံတကာနှင့် မြန်မာတံ ခေါင်းများကို အလျဉ်းသင့်သလို ရေ သား ဖော်ပြထားသည့်စာအုပ်ဖြစ်သ တံဆိပ်ခေါင်းစာပေ ရှားပါးနေချိန် ဤစာအုပ်က ဝါသနာရှင်တို့ကို တ တက်စေခဲ့သည်။

မြန်မာနိုင်ငံမှ ဝါသနာရှင်တို့ ပြ ရေးသားရန် ခက်ခဲလှသည့် 'မြ တံဆိပ်ခေါင်းစာပေစာရင်း' စာအု ကနေဒါနိုင်ငံမှ မြန်မာဥဒေါင်းတံ ခေါင်းဂျာနယ်၏ စာတည်းဖြစ်သူ က ၁၉၉၃ ခုနှစ်တွင် ရေးသားပြုစု ဝေနိုင်ခဲ့သည်။ နောက်တစ်နှစ် ၁၉ ခုနှစ်တွင် စာပေဗိမာန်မှ တံဆိပ်ခေ ဆိုင်ရာစာအုပ်တစ်အုပ် ထုတ်ဝေ ပြန်သည်။ သိန်းဌေးနိုင် (အမည်ရ ဦးသိန်းဌေး) ၏ 'နှောင်းအတိတ်သ ရိပ်ထင်နေသည့် တံဆိပ်ခေါ် ဟူသည့် စာအုပ်ဖြစ်သည်။ ဤစာ

www.burmeseclassic.com

မှာ မြန်မာတံဆိပ်ခေါင်းထုတ်ဝေသည့် အကြောင်းအရာ၏ နောက်ခံသမိုင်းများကို ရေးသား ဖော်ပြထားခြင်း ဖြစ်သည်။ ဝါသနာရှင်တို့အနေဖြင့် တံဆိပ်ခေါင်းနှင့်ဆက်စပ်သည့် အကြောင်းအရာများကို လေ့လာလိုပါက ကိုးကားရမည့် စာအုပ် ဖြစ်သည်။

ထူးထူးခြားခြား မြန်မာတစ်ဦးက အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည့် မောင်မောင်လင်း၏ Stamps of Myanmar စာအုပ်မှာ ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေလာသည်။ မြန်မာ့ဆက်သွယ်ရေးမှ ဒုတိယအထွေထွေမန်နေဂျာဖြစ်ခဲ့သူ ဦးမောင်မောင်လင်း၏စာအုပ်မှာ တံဆိပ်ခေါင်းဆိုင်ရာအချက်အလက် အနည်းငယ် များယွင်းသော်လည်း ပြည်ပရှိ အင်္ဂလိပ်စာဖတ်ပရိသတ်အတွက် အသုံးကျသည့်စာအုပ်ဖြစ်သည်။ မြန်မာဘာသာဖြင့် တံဆိပ်ခေါင်းစုဆောင်းနည်းစာအုပ်ကို ၁၉၆၉ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီးနောက် နှစ်ပေါင်း (၄၀) အကြာတွင် ကျော်မြင့်မောင် (အမည်ရင်း ဒေါက်တာကျော်မြင့်မောင်) ၏ 'စီးပွားဖြစ် တံဆိပ်ခေါင်းစုဆောင်းနည်း' စာအုပ်မှာ ၂၀၀၉ ခုနှစ်တွင် ပေါ်ထွက်လာခဲ့သည်။ တံဆိပ်ခေါင်းအမျိုးမျိုးအကြောင်းနှင့် တံဆိပ်ခေါင်းနှင့်ဆက်စပ်သော စာပို့စာရေးဘီရိယာစုဆောင်းခြင်းနှင့် စာပို့သမိုင်းစုဆောင်းခြင်းအကြောင်းတို့ ပိုမိုပါဝင်လာခဲ့သည်။ ၂၀၁၂ ခုနှစ်၌ မြန်မာတံဆိပ်ခေါင်းများနှင့် တံဆိပ်ခေါင်းဝါသနာနှင့် ဆက်စပ်သည့် လူပုဂ္ဂိုလ်၊ ဖြစ်ရပ်၊ စာအုပ်၊ ဂျာနယ်၊ အသင်းအဖွဲ့၊ ဝက်ဘ်ဆိုက် စသည်ဖြင့် အချက်အလက် (၅၀၀) နီးပါးကို အက္ခရာစဉ်အလိုက် စုစည်းပြုစုထားသည့် ကျော်မြင့်မောင်၏ 'မြန်မာတံဆိပ်ခေါင်းဝါသနာရှင်လက်စွဲ' စာအုပ်ထုတ်ဝေခဲ့သည်။ မကြာသေးမီ ၂၀၁၃နှင့် ၂၀၁၄ ခုနှစ်များကလည်း ကျော်မြင့်မောင်၏ တံဆိပ်ခေါင်းများပေါ်က ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များနှင့်ဗုဒ္ဓသာသနာအကြောင်းစာအုပ်ငယ်များထုတ်ဝေနိုင်ခဲ့ခြင်းက တံဆိပ်ခေါင်းဝါသနာရပ်ကို စိတ်ဝင်စားစေရန် နှိုးဆွနိုင်ခဲ့သည်။

**၁စာပေဆုရရှိခဲ့သော မြန်မာတံဆိပ်ခေါင်းစာအုပ်များ**

မြန်မာ့တံဆိပ်ခေါင်းဆိုင်ရာစာပေအရေအတွက်မှာနည်းပါးလှသော်လည်း 'စာပေဆု' ရရှိသော အချိုးအစားမှာ နည်းပါးလှသည်ဟု မဆိုနိုင်ပေ။ မြန်မာတံဆိပ်ခေါင်းဆိုင်ရာစာအုပ်များကိုသာ ဤဆောင်းပါးတွင် သီးခြားရွေးချယ်သုံးသပ်ထားသော်လည်း စာပေဆုရရှိသော မည်သည့်တံဆိပ်ခေါင်းစာပေကိုမဆို ဤခေါင်းစဉ်အောက်၌ ထည့်သွင်းဖော်ပြထားပါသည်။ အမေရိကန်နိုင်ငံတွင် ၁၉၈၀ ပြည့်နှစ်က ကျင်းပသော မီလ်ဝူးကီးတံဆိပ်ခေါင်းပြပွဲ (Milwaukee Philatelic Exhibition) တွင် ၁၉၈၀ ပြည့်နှစ်အတွင်း ထုတ်ဝေခဲ့သော မြန်မာဥဒေါင်းတံဆိပ်ခေါင်းဂျာနယ်အတွဲမှာ ရွှေ၊ ငွေရော ဆုတံဆိပ် (Vermeil) ရရှိခဲ့သည်။ ထိုပြပွဲ၌ပင် မီးချိုနှင့် ပီလ်ချာတို့၏ မြန်မာတံဆိပ်ခေါင်းကတ်တလောက် နံပါတ်များ၏ သဟဇာတညီညွတ်မှုပြဇယားစာအုပ်မှာလည်း ကြေးတံဆိပ် (Bronze) ရရှိခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၈၀ ပြည့်နှစ်က ဘုတလင်သစ်နီ၏ပြည်သူ့ကိုပညာပေးသောတံဆိပ်ခေါင်းများစာအုပ်မှာ စာပေဗိမာန်စာမူဆုကို သုတပဒေသာ (ဝိဇ္ဇာပညာရပ်) တန်း၌ ဒုတိယဆု ရရှိခဲ့သည် ။ မကြာသေးမီ ၂၀၁၄ ခုနှစ်က ကိုရီးယားနိုင်ငံဆိုးလ်မြို့၌ကျင်းပသော ဖီလာကိုရီးယား ၂၀၁၄ (Philakorea 2014) ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး၏ တံဆိပ်ခေါင်းစာပေပြိုင်ပွဲတွင် ကျော်မြင့်မောင်၏ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်လက်စွဲစာအုပ်မှာ ကြေးတံဆိပ် (Bronze) ဆုတံဆိပ်ချီးနိုင်ခဲ့သည်။ ဤသို့ဆုရရှိခြင်းမှာ မြန်မာနိုင်ငံမှ ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးတွင် ပထမဆုံးအကြိမ် ဆုရရှိခဲ့ခြင်း ဖြစ်သည်။ ဤသည်ကို ဂုဏ်ပြုလိုခြင်းကြောင့် ထိုစာအုပ်ရေးသားသူအား ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးကိုယ်တိုင် ဆုတံဆိပ်ကို ချီးမြှင့်ခဲ့သည်။

**၁မြန်မာ့တံဆိပ်ခေါင်းစာပေ၏ ရှေ့အလားအလာ**

မြန်မာ့တံဆိပ်ခေါင်းစာပေ ဟူသည်မှာ မြန်မာ့တံဆိပ်ခေါင်းဝါသနာရပ်ကြီးမှ ပေါက်ဖွားလာရခြင်းဖြစ်ပြီး မြန်မာ့တံဆိပ်ခေါင်းဝါသနာဟူသည်မှာလည်း မြန်မာ့စာပို့တံဆိပ်ခေါင်းများမှ မွေးဖွားခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့် ရိုးရှင်းစွာ တွက်ချက်ပြသရသော် အိမ်နီးချင်းနိုင်ငံများကဲ့သို့ အရည်အသွေးပြည့်မီသည့် တံဆိပ်ခေါင်းများကို မြန်မာနိုင်ငံမှ ထုတ်ဝေလာနိုင်မှသာ တံဆိပ်ခေါင်းဝါသနာရှင်သန်တိုးတက်လာမည်ဖြစ်ပြီး တံဆိပ်ခေါင်းစာပေကိုလည်း မြှင့်တင်နိုင်မည် ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် စာပို့တံဆိပ်ခေါင်းများထုတ်ဝေသည့်လုပ်ငန်း (စာပို့တံဆိပ်ခေါင်းဟူသည်မှာ စာပို့လုပ်ငန်းအတွက်ထက် ဝါသနာရှင်တို့ စုဆောင်းရန် ပစ္စည်းဖြစ်နေပြီကို သိစေအပ်ပါသည်) ကို စီမံကိန်းချ၍ အခြားနိုင်ငံများနည်းတူ စဉ်ဆက်မပြတ်ထုတ်ဝေပြီး နိုင်ငံခြားငွေရှာသင့်ပြီဖြစ်သည်။ မြန်မာနိုင်ငံမှာ တံဆိပ်ခေါင်းထုတ်ဝေခြင်းကိစ္စ၌ မသိကျိုးကျွန်ပြုသကဲ့သို့ဖြစ်နေသည်။ ယခုနောက်ဆုံးရရှိသော စစ်တမ်းအရ မြန်မာနိုင်ငံမှာ ကမ္ဘာပေါ်တွင် တံဆိပ်ခေါင်းအနည်းဆုံးထုတ်ဝေသောနိုင်ငံဖြစ်နေသည်ဟု သိရှိရသည်။ ထို့ကြောင့် 'အိပ်ပျော်နေသော တံဆိပ်ခေါင်းဆိုင်ရာနိုင်ငံ' ဟု ပြောစမှတ်ပြုကြသည်။ မြန်မာ့တံဆိပ်ခေါင်းစာပေမြှင့်တင်နိုင်ရန် တံဆိပ်ခေါင်းထုတ်ဝေမှုကို ပြန်လည်သုံးသပ်ပြုပြင်မှသာဖြစ်နိုင်မည်။ တံဆိပ်ခေါင်းစာပေမြှင့်တင်ရေးအတွက် နောက်တစ်ချက်မှာ တံဆိပ်ခေါင်းဝါသနာဆိုင်ရာအသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းနိုင်ပြီး ထိုအသင်း(များ)မှ အဆင့်မြင့်သော ပညာရပ်ဆိုင်ရာ တံဆိပ်ခေါင်းဂျာနယ်ထုတ်ဝေနိုင်ရေး ဖြစ်လေသည်။ သာမန်လက်ကမ်းစာစောင်၊သတင်းလွှာ၊ ပြန်ကြားလွှာ (newsletters) များ ထုတ်ဝေနေရုံဖြင့် အသင်းအဖွဲ့၏ တံဆိပ်ခေါင်းစာပေဆိုင်ရာ ခိုင်မာမှုရရှိမည်မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ ၂၀၁၄ ခုနှစ်အထိ တံဆိပ်ခေါင်းဆိုင်ရာစာပေများ ထုတ်ဝေနိုင်နေသေးသည်ကပင် တံဆိပ်ခေါင်းဝါသနာရပ်နှင့် တံဆိပ်ခေါင်းစာပေတိုးတက်ရေးအတွက် အရှိန်အဟုန်ရလာစေရန် တွန်းအားပေးသကဲ့သို့ဖြစ်နေပေသည်။

ကြည်လွင်

**ကိုးကားမှုများ -**


၁။ Alan Meech (1993) "An Annonated Bibliography of Burma Philately" BPSC & BPT.

၂။ Kyaw Myint Maung (1985) "Philatelic Literature in Burma" The Burma Peacock Vol.7. No.1.

၃။ တံဆိပ်ခေါင်းဗဟုသုတစာစဉ်ထုတ် ကျော်မြင့်မောင်၏ တံဆိပ်ခေါင်းဆိုင်ရာစာအုပ်များ။

www.burmeseclassic.com



မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့ ( ၃၃ )

# မောင်သန်းဆွေ
(သာယာ)

## ဗိုးတောရှင်မနှင့်ဘိုးကြာပန်းညို

ရွှေဘိုနယ်တွင် ထင်ရှားသော ရိုးရာနတ်မှာ ဗိုးတောနတ် ဖြစ်သည်။ ဗိုးတောဘွားတော်ကြီးနှင့် ဘိုးတော်ကြီး တို့ဖြစ်၏။ ဗိုးတောရှင်မနှင့် ဘိုးကြာပန်းညို ဟူ၍လည်းခေါ်သည်။ ရွှေဘိုနယ်သူနယ် သားများက လူမှုရေးနှင့် စီးပွားရေးကိစ္စ အဝဝအတွက် ဗိုးတောနန်းသို့လာရောက် ပ,သကြသည်။ဗိုးတောနတ်သည် အပြင် (၃၇) မင်းစာရင်းဝင်မဟုတ်သော်လည်း မြန်မာပြည်အထက်ပိုင်းတွင် ထင်ရှား သောနတ်နှစ်ပါး ဖြစ်၏။

၂၆-၄-၂၀၁၅ ရက်နေ့က စာရေး သူနှင့်အဖွဲ့ ရွှေဘိုသို့သွားကြသည်။ ရွှေဘိုမြို့သို့မရောက်ခင် သုံးမိုင်ခန့် အကွာအရောက်တွင် ဘယ်ဘက်လမ်း သို့ချိုး၍ ဗိုးတောရွာသို့ သွားရသည်။ ဗိုးတောရွာတွင် ဗိုးတောနတ်ကွန်းရှိ သည်။

ထိုသို့ ချိုးဝင်သွားပြီး (၂) ဖာလုံ၊ (၃) ဖာလုံခန့် သွားပြီးသောအခါ ညာ ဘက်တွင် ဗိုးတောရွာသို့ အဝင်လမ်းရှိ သည်။ ဧရာမရေကန်ကြီးလည်းရှိသည်။ ရေကန်ထဲတွင် ပဒုမ္မာကြာအဖြူရောင်၊ အနီရောင်နှင့် ပန်းရောင်များ ပွင့်နေကြ သည်မှာ ကြည့်၍ သာယာလှပလှသည်။

ထိုကန်သို့ရောက်ပြီး ဘယ်ဘက် သို့ ဆက်သွားလိုက်လျှင် ဗိုးတောနန်းသို့ ရောက်သည်။ ဗိုးတောနန်းမှာ မြေစိုက် နန်းလေးမျှသာ ဖြစ်၏။ ဗိုးတောနန်းကြီး ဟု ဆိုင်းဘုတ်ရေးထားသည်။ ဆိုင်းဘုတ် အောက်တွင် နန်းကွဲမရှိပါ ဟူ၍လည်း ရေးထား၏။ နန်းထဲသို့ရောက်သောအခါ နန်းစင်ပလ္လင်ပေါ်တွင် ဗိုးတောရှင်မ



www.burmeseclassic.com

www.burmeseclassic.com



အမေကြီးနှင့် ဇီးတောအဖေကြီးတို့၏ ပုံတော်များရှိသည်။ ဇီးတောအဖေကြီး၏လက်ထဲတွင် ဓားကိုင်ထားသည်။ နတ်ပုံတော်များ၌ ကိုယ်လုံးတော်ပြည့်ရွှေပုံဆင်းထားသည်။ နန်းပလ္လင်ပေါ်တွင် ရွှေချထားသည့် ပေါင်းချောင်အိုးနှစ်လုံးကိုလည်း ဆင့်ထားသည်ကို မြင်ခဲ့ရပါသည်။ စာရေးသူတို့က ရေစင်ဖိုးများဆက်သပြီးသောအခါ အမေကြီး၏လက်ဖက်ဆိုသည့် ဆီစိမ်ထားသောလက်ဖက်သုပ်ကိုလာ၍တည်ခင်းကျွေးပါသည်။ ယနေ့တိုင် ပါးစပ်ထဲ၌ စွဲနေ



www.burmeseclassic.com

www.burmeseclassic.com

သေး သည်။

**၊ နတ်သမိုင်း**

နတ်လောကမှနတ်နေကြီး၊နတ်ဝါကြီးတစ်ဦးဖြစ်သောဘိုးတော်က္ကသာရိယ (ဦးထွန်းကြည်) ၏ လက်ရေးမူအရ နတ်သမိုင်းတွင်-

**ရွှေဘိုနတ်ကြီး (၉) ပါး**

၁။ အောင်စွာမင်းကြီး၊
၂။ ရပ်ရှင်ဘိုးမင်းကြီး၊
၃။ သောမဘုရင်နတ်မင်းကြီး၊
၄။ ဆင်ဖြူရှင်နတ်မင်းကြီး၊
၅။ ရှင်ဖြူထွားနတ်သမီး၊
၆။ ရှင်သန့်စင်နတ်သမီး၊
၇။ ရွေးခေတ်နတ်သမီး၊
၈။ ရွှေပြည်ရှင်နတ်မင်း၊
၉။ မြင်းဖြူရှင်နတ်မင်း၊

ဥဩအော်မည်၊ ကုန်းဘောင်တည် ၁၁၁၅ ခုနှစ် အင်းဝပျက်၍ မုဆိုးဘိုရွာကို အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် -

၁။ ရတနာသိယ်၊
၂။ ကုန်းဘောင်၊
၃။ ရန်ကြီးအောင်၊
၄။ ရွှေဘို၊
၅။ မုဆိုးဘို

ဟူ၍ (၅) မည်ရ သမုတ်တော်မူကာ မြို့တည်နန်းတည်၍ ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်တော်မူသောကာလ မြို့နန်း (၇) ဌာနတွင် အပါအဝင် မြေတွင်းမှပေါ်လာသောနတ်ကြီး (၉) ပါးဖြစ်၍ ယခုအခါ ရွှေဘိုမြို့ဦး၊ မြို့ထိပ်၊ ရွှေတန်ဆာဘုရားအတွင်းတွင် နတ်ဂူနှင့် ထားရှိပါသည်။

ကုန်းဘောင်ဆက်ကို စတင်သူ ဦးအောင်ဇေယျ၏ အနွယ်တော် ကုန်းဘောင်မျိုးရိုးမှန်သမျှ ထိုနတ်ကြီးကိုးပါးကို မှန်စီရွှေချပွဲတော်အုပ်နှင့် ကန်တော့ရပါသည်။ ထို့အပြင် ဇီးတောရှင်မတို့ နတ်ကြီးနှစ်ပါးအားလည်း ပ,သရသည်။

**၊ ဇီးတောရှင်မနှင့် ဇီးတောအရှင်ကြီး**

ရွှေဘိုမြို့နယ်တောင်ဘက်သုံးမိုင်အကွာတွင်ရှိသော ဇီးတောရွာကြီးတွင် ထီးနန်းနှင့်တကွ-

၁။ ဇီးတောရှင်မ၊
၂။ ဇီးတောမယ်တော်၊
၃။ ဇီးတောကတော်၊

ဟူ၍ သုံးမည်ရသုံးဘွဲ့ခံ ဇီးတောရှင်မနှင့် မောင်တော်ကြာပန်းညိုနတ်



ဇီးတောမယ်တော်ကြီး



ဇီးတောအဖေကြီး ဦးကြာပန်းညို



နန်းတွင်းမှပုံတော်များ

မင်းကြီးတို့ အထင်အရှားတွေ့ရပါသည်။

အလောင်းတော်မင်းတရားကြီး ဦးအောင်ဇေယျ၏အရိုးတော်ဘုရားနှင့် ဦးရိုးတော်ဘုရားတို့ ဖြစ်ကြပါသည်။ ရွှေဘိုနယ်သူနယ်သားမှန်သမျှ ရိုးရိုးပေါင်းချောင်နှင့်လည်းကောင်း၊ သူဌေးသူကြွယ်မှန်သမျှ ရွှေချပေါင်းချောင်ဖြင့်လည်းကောင်း၊ မင်းမျိုးမင်းနွယ် မှူးမတ်မျိုးမှန်သမျှ မှန်စီရွှေချပေါင်းချောင်ဖြင့်လည်းကောင်း ကောက်ညှင်းပေါင်း၊ ငါးကြော်၊ ကွမ်းယာ၊ လက်ဖက်တို့ဖြင့် ပူဇော်ပ,သကြရပါသည်။

'ပြည်ရွှေဘို၊ မြို့တော်မြောက်ဆီက' အစချီသော ဗုံကြီးသံဖြင့် နတ်ပွဲတွင် ရိုးရာဆိုင်ရာတို့က ကကြရပါသည်။


အလောင်းမင်းတရားကြီးအနွယ်တော်ဖြစ်သော သီပေါမင်းသည်ပင်လျှင် ဇီးတောနတ်ကို မိဆိုင်ဖဆိုင်နတ်အဖြစ် ပ,သခဲ့ကြောင်း အထောက်အထား... ရသည်။ သီပေါမင်းနန်းတက်၍ မိ... ခေါင်ကြီးနှစ်ပါးနှင့် လက်ဆက်တော်... သောအခါတွင်လည်း ရွှေဘိုမြို့ရှိ ... တောနတ်ကို ရွှေလောင်းနတ်၊ ဇလုံ... နတ်၊ ဘိုမင်းနတ်၊ မိုးညှင်းမင်းကြီး... ကြာပန်းညိုနတ်၊ မင်းရဲလှနတ်၊ ဦး... တော်နတ်တို့နှင့်အတူ ပ,သကြောင်း... သည်။ သားတော်သမီးတော်များ မ... တော်မူလာသောအခါ၌လည်း ဇီး... ကတော်နတ်ကို မိဆိုင်ဖဆိုင်နတ်အ... ပ,သရသည်ဆိုပါသည်။

ယခုအခါ ဇီးတောနတ်ကွ... မင်္ဂလာဆောင်ပြီးစ ရွှေဘိုမှ သို့... ရွှေဘိုဆက်ဇနီးမောင်နှံများ၊ သာ... ထွန်းကားပြီးသူများ လာရောက်... ကြသည် ဆိုသည်။ ရွှေဘိုနယ်... သားမှန်လျှင် သို့မဟုတ် ...




www.burmeseclassic.com

www.burmeseclassic.com



ဇီးတောနတ်နန်း



အိမ်ရှေ့စံ ကနောင်မင်း မြစ်တော်တစ်ဦးအိမ်ရှိ အုန်းတော်ရှေ့မှ ဇီးတောရွှေပေါင်းချောင်

ဦးဦးနှင့်အိမ်ထောင်ကျခဲ့လျှင် ဇီးတောတွန်းသို့ သွားရောက်နတ်ပြုရသည် ၏၊ ရှင်ပြုသောအခါတွင် လည်းင်း၊ ရာထူးနှင့် စီးပွားရေးတိုးတက် ၍ အမိဌာန်အောင်သောသူများက ည်း ဇီးတောနတ်သို့ လာရောက်ပ,သရသည် ဆိုပါသည်။

**ဇီးတောနတ်ပွဲ**

ဇီးတောနတ်ပွဲကို နှစ်စဉ် တန်ခူးဆန်း ၉ ရက်မှ ၁၀ ရက်တိုင် ကျင်းပည်ဟု နန်းထိန်းကြီး ဒေါ်တင်မှိကပြလိုက်ပါသည်။ အမိကအားဖြင့်ရာသက်ဆိုင်သူများသာ နတ်ပွဲသို့ ရောက်ကြသည် ဆိုပါသည်။

**အခြားနတ်သမိုင်းတစ်ခုလည်းရှိသေး၏**

ပုဂံဘုရင်ကျစွာမင်းကြီးနှင့် မိဖုရားတို့သည် တိုင်းခန်းလှည့်လည်တော် ဇီးတောရွာအနီးသို့ ရောက်လာတော်မူခဲ့ကြသည် ဆို၏။ ဇီးတောရွာအနီး ယာယီတဲနန်းနှင့် စံတော်မူစဉ် မောင်ကျပန်း အမည်ရှိ မုဆိုးတစ်ဦးလာရောက်ခစားသည်။သူဖမ်းဆီးရရှိခဲ့သော ချိုးငှက်၊ ခါငှက်များကို ဆက်သသည်။ ဘုရင်က မောင်ကျပန်းအား နေ့စဉ် အခစားဝင်စေသည်။

မောင်ကျပန်းနှင့် မိဖုရားကြီးတို့ နေ့စဉ်တွေ့ရပါများလာသောအခါတွင် သံယောဇဉ်ဖြစ်မိကြ၏။ မောင်ကျပန်းက ရာဇဝတ်ဘေးကို ကြောက်၍ တွန့်ဆုတ်နေသော်လည်း မိဖုရားကြီးက မောင်ကျပန်းကို ခိုး၍ပြေးစေသည်။ ကျစွာဘုရင်ကြီး သိတော်မူသွားသောအခါ သူတို့နှစ်ဦးအား လိုက်လံရှာဖွေစေရာ၊ မုဆိုးချိုရွာအနီးတွင် တွေ့ရှိသဖြင့် ကွပ်မျက်လိုက်သည်ဟု ဆို၏။ သူတို့လည်း နတ်စိမ်းဖြစ်သွားကြသောကြောင့် ဘုရင့်ထံ နယ်မြေအပိုင်စားတောင်းခံကြရာ ဘုရင်သည် ဇီးတောတွင်စတင်ခဲ့သော ပြဿနာဖြစ်၍ ဇီးတောမှာပင် နေထိုင်ကြရန် ပေးသနားခဲ့သည်။ နတ်ဖြစ်သွားသောအခါ မောင်ကျပန်းကို ဘိုးပန်းညိုဟုလည်းကောင်း၊ မိဖုရားကြီးကို မယ်တော်ကြီးဟု လည်းကောင်း ခေါ်ကြသည်ဆို၏။

အထက်ပါ နတ်သမိုင်းသည် အခြားနတ်စာအုပ်များမှ နတ်သမိုင်းဖြစ်သည်။ သို့ဖြစ်၍ ဤနတ်သမိုင်းအရ ဇီးတောရှင်မနှင့် ဘိုးကြာပန်းညိုတို့သည် လင်မယားဖြစ်နေကြသည်။ ဘိုးတော်ဣဿရိယ၏မူအရမူ မောင်နှမဖြစ်၏။

ကုန်းဘောင်ဆက်မင်းမျိုးမင်းနွယ်တို့ ကိုးကွယ်ရသဖြင့် အလောင်းမင်းတရားကြီးဦးအောင်ဇေယျ၏အရိုးတော်ဘုရားနှင့် ဦးရိုးတော်ဘုရားဖြစ်သည်ဆိုသည်မှာ ပို၍မှန်ပုံရ၏။ ပုဂံကျစွာဘုရင်၏မိဖုရားကြီး နတ်သမိုင်းမှာ ထိုးဇာတ်ဖြစ်ပုံရသည်။ ပုဂံရာဇဝင်တွင် ကျစွာမင်းကြီး၏ မိဖုရားကြီး လူမှုရေးဖောက်ပြန်သည့်အကြောင်းမတွေ့ရပေ။ သီပေါဘုရင်မှအစ ကုန်းဘောင်အနွယ်တော်များ ဇီးတောနတ်ကို ပ,သသည်မှာ အထင်အရှား ဖြစ်သည်။ သို့ဖြစ်၍ ဘိုးတော်ဣဿရိယ၏မူသည် ပို၍မှန်ကန်ပေလိမ့်မည်။

ယနေ့ ကုန်းဘောင်အနွယ်တော်များ၏အိမ်များသို့ စာရေးသူရောက်ဖူးရာ နတ်အုန်းသီးဆွဲထားသည်နှင့်အတူ ရွှေပေါင်းချောင်များရှိနေသည်ကိုလည်း တွေ့ရပါသည်။ အဘယ်ကြောင့် ရွှေပေါင်းချောင်အိုးများထားသည်ကို မေးကြည့်ရာ ဇီးတောနတ်ဟု ဖြေကြသည်ကို တွေ့ရသည်။

အိမ်ရှေ့စံကနောင်မင်း၏ မြစ်တော်တစ်ယောက်အိမ်မှ အိမ်တွင်းအုန်းနှင့်အတူ ရွှေပေါင်းချောင်ဖြင့် ပ,သထားသည့်ပုံကို သက်သေဖြင့် တင်ပြလိုက်ပါသည်။

**မှတ်ချက် -**

သို့သော် အလောင်းမင်းတရားဦးအောင်ဇေယျ၏ ဆွေတော်ဇယားပါသော' မှန်ရှည်တပ်ဆွေတော်ဝန်ပေမှု' တွင် သူ့ဦးရိုးတော်များအမည်၌ ကြာပန်းညိုဟူသောအမည်ကိုမတွေ့ရ။ မောင်ညိုဟူသောအမည်သာပါ၏။

မောင်သန်းဆွေ(ထားဝယ်)

www.burmeseclassic.com

# ဂါဦးနွှန်းကို

## တမလွန်ဘဝသို့ရောက်သွားသည့်တိုင်

လူတို့သည် ကိုယ်ပေါ်သား အလွှာ တည်းမျှသော လိုချင်ခြင်း ရှုချင်ခြင်း စားချင်ခြင်း ချစ်ချင်ခြင်း ပေါင်းချင်ခြင်း အစရှိသည့် ချင်ကိုက်မှုများကြောင့် လူ့ဘဝအပေါ် [illegible] တွယ်တာ တပ်မက်စိတ်များ တစ်ဦး အပေါ်တစ်ဦး သံယောဇဉ်နှောင်ဖွဲ့မှု မှုများဖြစ်တည်လျက်ရှိကြလေရာ သေ လွန်သွားသည့်အခါ ထိုစွဲလမ်းတွယ်တာ စိတ်တို့ကြောင့် ပြိတ္တာဘဝ တစ်နည်းဆို ရသော် တစ္ဆေသရဲဘဝသို့ရောက်ရှိကြ ရပြီး ထိုတမလွန်ဘဝတစ်ပါးသို့ရောက်ရှိ သွားသည့်တိုင် အတိတ်လူ့ဘဝကို မေ့ တွယ် ပတ်သက်နေသည့် အကြောင်းကို [illegible]

[illegible]





www.burmeseclassic.com

www.burmeseclassic.com



"ဟင် - ကိုဘာသော် ရှင့် . . . ရှင်
ဘာလုပ်တာလဲ"
ခတင်ခြေရင်းတွင် ငူငိုင်ငိုင်ကြီး
မိမိကို တွေတွေကြီးစိုက်ကြည့်
ညိုးရော်ရော်အသွင်ရှိသည့်
သော်၏မျက်နှာကို တွေ့မြင်လိုက်
ငွေကျင် လန့်ဖျပ်ယောင်ယမ်းကာ
မ်းမြန်းလိုက်သည်။ မလန့်ဖျပ်ဘဲ
ဘား။ မငွေကျင်ဆါန်းဘေး၌ သူမ
ပိုင်ယောကျ်ားဖြစ်သူ ဦးကောင်
က တခေါ်ခေါ်နှင့်စကားကော်ယော်

အိပ်ပျော်လျက်ရှိနေသည်ကိုး၊ နောက်ပြီး ကိုဘာသော်ဆိုတာကလည်း တခြားသူမှ မဟုတ်ဘဲလေ။"

"ကျင်ကျင့်ကိုသတိရလို့ပါ"

ကိုဘာသော်က မငွေကျင့်မျက်နှာကို လွမ်းဆွေးသည့်ဖြင့် ငေးကြည့်ရင်း တောင်းပန်တိုးလျှိုးသလိုမျိုး မဝံ့မရဲနှင့် ပြောသည်။ ကိုဘာသော်မှာ ပါးချောင်နှာချောင်တွေကျနေ၍ ကျန်းမာရေးချို့တဲ့နေပုံရသည်။ မျက်ဝန်း အရောင်တို့ကလည်း မှေးမှိန်ဖြူရော်လို့။ ကိုဘာသော်က သနားစဖွယ် မျက်နှာငယ်လေးနှင့် မိမိကို အားကိုးတကြီးစိုက်ကြည့်နေ၍ မငွေကျင် ကရုဏာသက်သွားမိသည်။

သို့သော်လည်း ဟို - သူနဲ့ငါက ဘာဆိုင်တော့တာကျလို့။ ငါ့လင်တွေ့သွားမှ အထင်လွဲစရာဖြစ်နေပါဦးမယ်ဟု ဆင်ခြင်မိကာ ကြောင်ကြောင်နားနားငေးကြည့်နေမိသော မျက်ဝန်းများကို ရုပ်သိမ်းလိုက်ပြီး ကိုဘာသော်၏မျက်နှာကို မငွေကျင် တည့်တည့်မတ်မတ် စိုက်ကြည့်

www.burmeseclassic.com

"ဒီမယ် ကိုဘသော်၊ ရှင်ကပဲ သစ္စာဖောက်ပြီးတော့ ကျွန်မအနားက နေ အရင်ထွက်ပြေးသွားခဲ့တာလေ။ ဘာ အခုမှသတိရနေရတာလဲ။ မလိုချင်ဘူး၊ ရှင် အခုချက်ချင်း ကျွန်မရဲ့အခန်းထဲက ထွက်သွားပါ။ ကျွန်မမှာလည်း အခုဆို လင်ယောကျ်ားရှိနေပြီ။ သူနိုးလာရင် ရှင်နဲ့ကျွန်မကို အထင်လွဲသွားလိမ့်မယ်"

မငွေကျင်၏စကားက ပြတ်သားသည်။ အဓိပ္ပာယ်လင်းသည်။ နာကြည်းမှုနှင့် ခွင့်မလွှတ်နိုင်ခြင်းတို့ကို အရိပ်အမြွက်လှစ်ပြလိုက်သည်။ မငွေကျင်၏ ယတိပြတ်စကားကြောင့် ကိုဘသော်၏ မျက်နှာ ညှိုးသထက်ညှိုးသွားပြီး -

"ကိုယ်သဘောပေါက်ပါတယ် ကျင်ကျင်ရယ်။ အခု အဲဒီပြစ်ဒဏ်ကိုလည်း ကိုယ်ခံစားနေရပါပြီ။ ကျင့်ကျင့်ကို သစ္စာမဲ့ခဲ့မိတဲ့အတွက် ကိုယ်တစ်ရက်မှ စိတ်မချမ်းသာခဲ့ရပါဘူး။ ကောင်းပါပြီ၊ ကျင်က နှင်နေတော့လည်း သွားရတော့မှာပေါ့။ ကျင်ကျင်ပျော်ရွှင်ပါစေလို့ ကိုဘသော် ဆုတောင်းပေးပါတယ်"

ထိုသို့ တုန်တုန်ယင်ယင်ဆိုကာ စကားဆုံးသည်နှင့်တစ်ပြိုင်နက် နောက်သို့ တရွေ့ရွေ့ဆုတ်သွားလေတော့သည်။

ကိုဘသော်ကိုငေးကြည့်ရင်း မငွေကျင်၏ရင်ထဲမှာလည်း မိုးပြိုသလောက် နီးနီး ခံစားနေရ၏။

ပြောရလျှင် ကိုဘသော်ဆိုတာကလည်း တစ်ချိန်တုန်းက မငွေကျင်၏ မိုးကောင်းကင်ကြီးဖြစ်ခဲ့ဖူးသည်မဟုတ်ပါလား။ သဘာဝကောင်းကင်တောင်မှ ရာသီဥတုဖောက်ပြန်သေးတာပဲ။ မငွေကျင်၏ လူကောင်းကင်ကြီးဟာလည်း တစ်ကြိမ်တစ်ခါမှာ ဖောက်ပြန်တိမ်းမှားခဲ့သောကြောင့် တစ်သက်တာလုံး မငွေကျင်နှင့် အဝေးကြီးဝေးခဲ့ရသည်။ ထိုစဉ်က မုန်းတီးနာကျင်ခဲ့ရသလောက် ယခုပြန်တွေ့တော့ ရန်တွေ့ဖို့နေနေသာသာ စကားနာနာပင်မပြောမိ။

အမှန်ဆို -

'ရှင့်လို လူယုတ်မာကို ကျွန်မ ဒီတစ်သက်မကျေဘူး'

'ဩော် - သစ္စာမဲ့သူကြီး၊ ရှင်က ကျွန်မဆီကို မျက်နှာလာပြဝံ့သေးတယ်ပေါ့ ဟုတ်လား'

'ထားခဲ့တဲ့ကတိတွေကို ရှင်မှတ်ကော မှတ်မိသေးရဲ့လား'

စသဖြင့် အမျိုးမျိုးသွေးထိုးကျိန်ဆဲ မာန်မဲအော်ငေါက်ပစ်လိုက်ချင်ပေမယ့် စကားလုံးများက ထွက်မလာ။ သူ့မျက်နှာကို မြင်လိုက်သည်နှင့် ရင်ထဲက အမုန်းများ၊ အာဃာတများ ပြေလျော့သွားခဲ့ရသည်။ သူ့အပေါ်မှာ ယခုချိန်အထိ မငွေကျင် ချစ်ခင်မြတ်နိုးနေဆဲပါ။ အိမ်ထောင်သာမကျသေးပါက ယခုလည်း သူလိုရာကြိုးဆွဲခံသည့် ရုပ်သေးရုပ်ကလေးတစ်ရုပ်ဖြစ်နေဦးမည်သာ။

ကိုဘသော်က တရွေ့ရွေ့ဆုတ်ခွာသွားရင်း အိပ်ခန်းတံခါးဝနားသို့ရောက်ရှိသွားသည့်အခါ မငွေကျင်၏မျက်နှာကို လည်ပြန်လှည့်ကာ စေ့စေ့ကြည့်ပြီး-

'သစ္စာမဲ့ခဲ့မိတဲ့အတွက် တောင်းပန်ပါတယ် ကျင်ကျင်ရယ်'

ဟု အားလျော့ တိုးတိမ်သော အသံငယ်လေးဖြင့် ဖွရရွရွရွတ်လိုက်ပြီး ဖျတ်ခနဲပျောက်ကွယ်သွားတော့သည်။

"ဟယ်"

❑

အံ့သြထိတ်လန့်စိတ်တို့နှင့်အတူ မငွေကျင် အိပ်ရာမှ လန့်နိုးလာခဲ့သည်။ တစ်ကိုယ်လုံးလည်း ချွေးတို့ဖြင့် ရွဲနစ်စိုထိုင်းနေပြီ။ အိပ်ရာမှ လန့်နိုးနိုးချင်း အခန်းတံခါးဝဆီသို့ အလောတကြီး လှမ်းကြည့်လိုက်မိသေးသည်။ သို့သော် သော့ပိတ်ထားသော အခန်းတံခါးမှလွဲ၍ တစ်စုံတစ်ရာမတွေ့ရှိ။ အိပ်မက်ထဲမှသူသည် အိပ်မက်ထဲကအတိုင်း ပျောက်ကွယ်သွားလေသလားမသိ။ စိတ်လှုပ်ရှားစွာဖြင့် ပတ်ဝန်းကျင်သို့ ဝေ့ဝဲလိုက်ရှာကြည့်မိတော့ မိမိနံဘေးတွင် တုံးလုံးပက်လက် အိပ်မောကျလျက်ရှိသော ခင်ပွန်းသည် ဦးအောင်မောင်းကလွဲ၍ အခန်းထဲတွင် အခြားသူမရှိ။

"ဟူး. . ."

သက်ပြင်းမျှင်မျှင်ကို မှုတ်ထုတ်လိုက်ရင်း သည်တစ်ညတာအိပ်ပျက်ခဲ့ပြန်ပြီ။ မငွေကျင် အိပ်ချင်စိတ်လည်းမရှိတော့သဖြင့် ခေါင်းအုံးကို ရင်ဝယ်ပိုက်ရင်း အတိတ်ဆီသို့ ခြေရာခံလိုက်မိ၏။

ထိုသို့ အတိတ်ကို ပြန်တွေးရခြင်းမှာ အတိတ်မှ ချစ်ရုပ်လွှာလေးများကို တစ်ကျော့ပြန်ငေးကြည့်ပြီးစိတ်ကြည်နူးသာယာလို၍ မဟုတ်ပါ။ မိမိတွင် ကာမပိုင် အမျိုးသားရှိနေပြီ ဖြစ်သောကြောင့် အတိတ်တွင် မည်မျှပင် ချစ်မြတ်နိုးရသူတစ်ယောက်ရှိခဲ့ပါစေ ယခုချိန်၌ စိတ်ဖောက်ပြားရန် မသင့်လျော်မှန်းသိ၍ ထိုအတိတ်ကို မငွေကျင်မေ့ထားခဲ့သည်မှာ အချိန်ကြာညောင်းခဲ့ပြီ။ ယခုတော့ မတွေးမဖြစ်မို့ ပြန်တွေးကာ အဖြေတစ်စုံတစ်ရာတွေ့လိုတွေ့ငြား ကြိုးစားကြည့်မိခြင်း ဖြစ်၏။

အိပ်မက်ထဲက ကိုဘသော်ဆိုသူမှာ တခြားမဟုတ်။ မိမိ၏တစ်ဦးတည်းသော၊ အချစ်မြတ်နိုးရဆုံးသော ချစ်သူငယ်ချစ်ဦးဖြစ်သည်။ နောက်ပြီး အငယ်... ကြည်ရဆုံး၊ အားအကိုးရဆုံးသော ငယ်သူငယ်ချင်းဆိုလျှင်လည်း မမှား... ငယ်ငယ်လေးကတည်းက အိမ်ချင်းကပ်... လျက်ကြီးပြင်းလာခဲ့ကြသူများဖြစ်၍ ... ခရုကတည်းက တစ်ယောက်နှင့်တစ်ယောက် မောင်လိုနှမလို ချစ်ခင်တွယ်တာခဲ့ကြရာမှ အရွယ်ရောက်လာသည့်အခါ သွေးသားရင်းချာ မောင်နှမများ မဟုတ်ကြသဖြင့် တစ်ယောက်ကိုတစ်ယောက် အချစ်သုံးဆတိုးကာ ၁၅၀၀ မက ချစ်ခဲ့ကြသည့်သူငယ်ချင်းချစ်သူတွေ။

❑

မောင်ဘသော်နှင့်မငွေကျင်တို့က ... ရမည်းသင်းမြို့နယ် သိမ်ကုန်းရွာတွင်နေ... ထိုင်ကြသူများဖြစ်ကြသည်။ အိမ်နီးချင်း... လည်းဖြစ်၊ တစ်ကျောင်းတည်းသားချင်း... လည်းဖြစ်သော မောင်ဘသော်နှင့် မငွေကျင်တို့က တစ်ဦးကိုတစ်ဦးအလွန်ချစ်... ခင်သော သူငယ်ချင်းနှစ်ဦး ဖြစ်သည်။ ဘယ်သွားသွားဘယ်လာလာသွားအတူ... လာအတူ။

သူတို့နှစ်ဦးကို ရွာမှလူကြီးကယ်... ကလေးလင်မယားဟု စ,ကြနောက်ကြ... သည်။ တချို့ကလည်း အမြွှာမောင်နှမ... ဟော့ဟု ချစ်စနိုးခေါ်ကြပြောကြသည်... နှစ်ဖက်သော မိဘများကပင် သူတို့နှစ်... ယောက်အား ကြီးလာလျှင် ပေးစား... မည်ဟု အပြောင်အပြက်လိုလို၊ အတည်... လိုလို ကျီစယ်ကြသေးသည်။ သူတို့နှစ်ဦး... ကလည်း သူတစ်ပါးစချင်ပြောင်ချင်စ... ကောင်းလောက်အောင်တစ်ဦးကိုတစ်ဦး... အဖြစ်သည်း၊ အချစ်သည်းကြ၏။ ထိုသို့... ဘဝကို ပျော်ရွှင်ရိုးသားစွာ ဖြတ်သန်း... ကြသော လူမမည်ကလေးငယ်နှစ်ဦး... ကြားကိုမှ ကံကြမ္မာနတ်ဆိုးက လောက... မိုးကြိုးနှင့် ပစ်ခွင်းခဲ့ခဲ့လေ၏။

"အီး ဟီး ဟီး"

မိမိ၏အိမ်ဆီသို့ မျက်ရည်လည်... ဖြင့် ပြေးဝင်လာသော သူငယ်ချင်း... မောင်ဘသော်၏ အပြုအမူကြောင့်... မငွေကျင်လေး စိုးထိတ်သွားရသ... အိမ်ရှေ့လှေကားထစ်ဆီသို့ ပြေး... လိုက်ပြီး သူငယ်ချင်း မောင်ဘသော်...



www.burmeseclassic.com

www.burmeseclassic.com

ဆီးကြိုကာ -

"ဟဲ့ - ဘသော်၊ နင်ဘာဖြစ်လာတာလဲ"

ဟု စိုးရိမ်တကြီးမေးလိုက်သည်။

မောင်ဘသော်က တော်တော်နှင့် ဖြေနိုင်သေးဘဲ ရှိုက်ငင်နေသည်။

"ငါ့အမေ၊ငါ့အမေဆုံးသွားပြီကွ"

မောင်ဘသော်က စီးကျနေသော မျက်ရည်တို့ကို မသုတ်ဘဲ မငွေကျင်၏ မျက်နှာကို ဝမ်းပန်းတနည်းစိုက်ကြည့်ရင်း ပြောလေ၏။

မောင်ဘသော်၏ အဖြေကြောင့် မငွေကျင်မျက်လုံးပြူးကျယ်သွားရသလို သက်နှစ်ဖက်ကလည်း ရင်ဘတ်ကို စုံဖိရင်း -

"အမလေး - ဒေါ်ဒေါ်ဆုံးပြီဟုတ်လား။ ဟုတ်ရဲ့လားဘသော်ရာ၊ မနေ့ကတင် ဒေါ်ဒေါ် အကောင်းကြီးရယ်ပါ။ ဒီနေ့မနက်ကျမှ ဘယ်လိုဖြစ်ရတာလဲ ဘသော်ရယ်"

ဟု မယုံမရဲအမူအရာလေးနှင့် မေးမြန်းနေသေးတော့၏။

"အင့် - ငါလည်းမသိဘူး။ လူကြီးတွေပြောတာတော့ လေသင်တုန်းဖြစ်တာဆိုလားပဲ။ ကျန်းမာရေးမှူးကြီးလာစစ်သွားပြီ။ ဆုံးသွားတာ သုံးနာရီလောက်ရှိပြီတဲ့"

"အို - ဖြစ်ရလေ ဘသော်ရယ်။ ငါ့နင့်အစားဝမ်းနည်းလိုက်တာဟယ်။ နင့်မှာနဂိုကတည်းကအဖေရှိတာလည်း မဟုတ်ဘူး။ အခုဒေါ်ဒေါ်ပါမရှိတော့ရင် နင်ဘယ်လိုလုပ်မလဲဟင်။ ဒေါ်ဒေါ်ကပဲ ရှာရောင်းကျွေးနေတာမဟုတ်လား"

"မသိပါဘူး ကျင်ကျင်ရယ်။ ငါ တော့ ဝမ်းနည်းတာပဲသိတယ်။ အီး ဟီး ဟီး သေပြီဆိုတော့ အမေနဲ့ ငါ အပြီးခွဲ ရတော့မှာပေါ့နော် ဟင့် အင့်"

"မငိုပါနဲ့ ဘသော်ရယ်၊ ဒေါ်ဒေါ် မရှိတော့လည်း ငါရှိသားပဲ။ ငါလည်း ငါ့ အဖေဆီကရတဲ့ မုန့်ဖိုးတွေကိုစုပြီး နင့်ကို ကျွေးမှာပေါ့။ ဘာမှအားမငယ်နဲ့နော် သူငယ်ချင်း။ မငိုနဲ့ဟာနော်"

ဆယ်နှစ်အရွယ်သာသာရှိသော ကလေးနှစ်ယောက်က တစ်ဦးကိုတစ်ဦး စိတ်သိမ့်အားပေးနေသောမြင်ကွင်းလေး မှာ မြင်ရသူအပေါင်း၏ရင်ကို ထိရှနာ ကျင်သွားစေမည်မှာ အသေအချာ။ ထိုသော် စိတ်မကောင်းဖြစ်ရုံ၊ ဝမ်းနည်း ပေးရုံကလွဲပြီး ထိုထက်ပို၍ဘာမှမတတ် နိုင်ကြ။ ငွေရှာရခက်သည့်သကာလဝယ် ကလေးတစ်ယောက်၏စရိတ်က မနည်း

လှသဖြင့် မည်သူတစ်ဦးမျှ မောင်ဘသော်လေးကို တာဝန်မယူနိုင်ကြ။ နောက်ဆုံး၌ ဒယိုးဒယိုင်အိမ်ကလေးကို အပေါင်ဆိုင်တွင်အပ်ကာ ထိုမှရသော ပိုက်ဆံအနည်းငယ်ဖြင့် မောင်ဘသော်၏အစ်မဝမ်းကွဲလင်မယားဆီ၌ မောင်ဘသော် စတည်းချနေရသည်။ အစ်မဝမ်းကွဲလင်မယားကလည်း ချမ်းချမ်းသာသာမဆိုထားနှင့် စားစရိတ်၊ နေစရိတ်တောင် လုံလောက်ကြသူများမဟုတ်၍ မောင်ဖြစ်သူ မောင်ဘသော်၏တာဝန်ကို မထမ်းနိုင်ဘဲ ဝန်ပိနေသည့် အခိုက်အတန့် မောင်ဘသော်ဆီသို့ ငွေတောင်ကြီးက သူ့အလိုလိုရွေ့လာခဲ့သည်။

"အန်တီတို့လင်မယားက ကျောင်းအုပ်ဆရာမကြီးဒေါ်ရင်နွဲ့ရဲ့အစ်မဝမ်းကွဲတွေပါ။ သူကပြောတယ်။ သူ့ကျောင်းက ကျောင်းသားလေးတစ်ယောက် မိဘမဲ့ဘဝနဲ့ ဒုက္ခများနေလို့ အဲဒါဖြစ်နိုင်ရင် မမတို့ မွေးစားလိုက်ပါလားတဲ့။ အန်တီတို့နှစ်ယောက်ကလည်း ဒီအသက်ဒီအရွယ်ရောက်တဲ့အထိ သားသမီးမွေးခံမရှိသေးလို့ ကလေးမွေးစားဖို့တွေးနေတဲ့အချိန်ဆိုတော့ အခုလိုလာကြည့်တာပါကွယ်။ မောင်ဘသော်လေးကို မြင်လည်းမြင်လိုက်ရော အန်တီ့ယောကျ်ားက သူငယ်ငယ်တုန်းကအတိုင်းပဲဆိုပြီး သိပ်သဘောကျသွားတယ်။ဟုတ်ပ့ါ မျက်လုံးမျက်ဖန်ကအစ သူနဲ့တစ်ထေရာတည်းပဲ။ သူ့မိတ်ဆွေတွေသာတွေ့ရင် မွေးစားသားဆိုတာတောင် ယုံမှာမဟုတ်ဘူး။ ဟောဒီက မောင်ဘသော်ရဲ့အစ်မတွေက လက်ခံမယ်ဆိုရင် အန်တီတို့ မောင်ဘသော်ကို အမွေစားအမွေခံအနေနဲ့ စာချုပ်စာတမ်းနဲ့ကို မွေးစားမှာပါ"

စသဖြင့် မောင်ဘသော်ကို မွေးစားလို၍ ကိုယ်ပိုင်ကားကြီးစီးလာသော လင်မယားက မောင်ဘသော်၏အစ်မဝမ်းကွဲကို ခွင့်ပန်လေရာ သူမကလည်း နဂိုကတည်းက ဤကလေးတာဝန်ကို မယူနိုင်သူဖြစ်၍ ဝမ်းသာအားရ လက်ခံလိုက်ကြသည်။ မောင်လေးအတွက်လည်း ဘဝလမ်းဖြောင့်ဖြူးနိုင်မည်ဖြစ်သလို သူ့အတွက်လည်း လက်ရှိဦပင်အပေါင်အိမ်လေးကို ရွေးပေးကာ လက်ထဲသို့လည်း ရာဂဏန်းပေးအပ်ခဲ့ရုံမက နောင်ကိုလည်း တစ်လတစ်ရာမက ထောက်ပံ့ပါဦးမည်ဟုဆို၍ ပျော်မဆုံးတပြုံးပြုံးဖြင့်။

မပျော်နိုင်သူက မောင်ဘသော်။ ကိုယ်ပိုင်ကားကြီးစီးတာ သူဌေး၏အမွေခံသားဖြစ်ရတော့မည်ဆိုပေမယ့် မောင်ဘသော်မပျော်။ သူဌေးလင်မယားနှင့်အတူ မြို့ကို လိုက်သွားရတော့မည်။ ရွာကို ခွဲသွားရတော့မည်။ အထူးသဖြင့် သူငယ်ချင်းဖြစ်သူ မငွေကျင်နှင့် ခွဲခွာသွားရတော့မည်။

"နင်ကလည်းဟယ်၊ နောင်လည်း လာလည်လို့ရတာပဲကို။ ဘာဝမ်းနည်းစရာရှိလဲ"

"နင်ဘာသိလို့လဲ။ လာလည်တယ်ဆိုပေမယ့် ကားအဆင့်သင့်နဲ့လာရမှာဆိုတော့ ခဏခဏလာလို့ဖြစ်မလားဟ။ တစ်နှစ်နေမှ တစ်ခါလောက်ရောက်မှာ။ နင်နဲ့ အခုလို နေ့တိုင်းဘယ်တွေ့ရတော့မလဲ"

"ဒါကတော့လည်း ဘသော်ရယ်၊ ကံတရားပေါ့။ ဒါပေမယ့် ငါကတော့ နင့်အတွက် ဝမ်းသာတယ်။ နို့မို့ဆို နင်လည်း ပညာတတ်ကြီးဖြစ်မှာမဟုတ်တော့ဘူး။ယောကျ်ားလေးဆိုတာ ပညာတတ်မှ လူရာဝင်တာဟဲ့။ ဟိုမှာ နင်စာကြိုးစားနော်။ နောက်ပြီး သူငယ်ချင်းတွေအများကြီးရတာနဲ့ ငါ့ကိုလည်းမမေ့မသွားနဲ့ဦး ကြားလား"

"အမလေး-စိုးရိမ်တတ်ရန်ကောမမလေးရယ်။ နင့်ကို ငါက ဘယ်မေ့ပါ့မလဲ။ နင်က ငါ့အချစ်ဆုံးသူငယ်ချင်း"

"အဟားဟား ဒါမျိုးလေးတွေနဲ့ နင် ငါ့ကို လိမ်စားနေတာ မဟုတ်လား"

"နင်ကလည်း၊ ငါက ရင်ထဲရှိတဲ့အတိုင်းပြောတာကို"

"နောက်တာပါဟယ်။ ငါတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ချစ်သလဲဆိုတာ တစ်ရွာလုံးကတောင်သိတယ်။ နင်ကလည်း ငါ့ရဲ့ အချစ်ဆုံးသူငယ်ချင်းပဲ။ ငါတို့ဘယ်တော့မှ မမေ့ကြေးနော်။ ကတိ"

"ကတိ"

❑

အတွေးထဲတွင် မျောလွင့်နေမိစဉ် မိမိ၏ပခုံးကို တစ်စုံတစ်ယောက်က ဆုပ်ကိုင်လိုက်တာကြောင့် မငွေကျင် သတိဝင်လာကာ နံဘေးသို့ စောင်းငဲ့ကြည့်လိုက်တော့ ခင်ပွန်းသည် ဦးအောင်မောင်းက မငွေကျင်၏မျက်နှာကို အပြုံးဖြင့် ငေးကြည့်နေသည်။

"အကျင်၊ အိပ်မပျော်ဘူးလား"

သူက စိုးရိမ်မကင်းသည့်လေသံလေးဖြင့်မေးလိုက်သည်။ လက်ကလည်း မိမိ၏နဖူးပြင်ဆီသို့ ရွေ့လျားလာကာ



www.burmeseclassic.com

www.burmeseclassic.com

နဖူးပြင်ကို သူ့လက်ဖဝါးနှင့် ခပ်ဖွဖွ စမ်းသပ်လိုက်သေး။ မငွေကျင်၏ရင်ထဲ ဖိန်းခနဲ ရှိန်းခနဲ။ ပေါင်းလာခဲ့သည်မှာ ဆယ်နှစ်နီးပါးရှိပြီမို့ ညားခါစလင်မယား ကဲ့သို့ ရှက်ရွံ့နေသဖြင့် ခင်ပွန်းဖြစ်သူ၏ အထိအတွေ့ကြောင့် ထိုသို့ ဖိန်းဖိန်းရှိန်း ရှိန်းဖြစ်သွားရခြင်းမဟုတ်။ စောစောက တွေးနေမိသော မငွေကျင်၏စိတ်ထဲမှ ရောက်တတ်ရာရာအတွေးစများအပေါ် ၌ ရှက်ရွံ့သွားမိသောကြောင့်သာ ထိုသို့ ခံစားလိုက်ရခြင်း ဖြစ်သည်။

"ကိုယ်မပူပါဘူး ကိုကိုရယ်။ နည်း နည်းခေါင်းမူးနေလို့ပါ"

"ဒါဆိုလည်း ဆန်ပြုတ်လေး သောက်ပြီး ငန်းဆေးလေးတစ်ခွက် လောက်သောက်လိုက်ပါလား။ချွေးထွက် သွားတာပေါ့"

"ရပါတယ် ကိုကိုရယ်။ ကျင်ခဏ မှိန်းနေလိုက်ရင် သက်သာသွားမှာပါ"

မငွေကျင်က အမှန်တကယ် ခေါင်းမူးနေခြင်းမဟုတ်၍ ဆေးသောက် ရန် ဆန္ဒမရှိ။ သို့သော် ဇနီးသည့်အပေါ် အလွန်ဂရုစိုက်တတ်သော ဦးအောင် မောင်းက-

"ဘယ်ဖြစ်မလဲ အကျင်ရယ်။ နေ နေ၊ ကိုကိုသွားပြုတ်ပေးမယ်။ အကျင် လှဲနေလိုက်ဦး"

ဟူ၍ စေတနာပိုသောကြောင့် မငွေကျင်အနေခက်သွား၏။

"အို - မဟုတ်တာတော်၊ မလုပ်ပါ နဲ့။ ငရဲကြီးပါ့မယ်"

"အံမယ် - ဘာငရဲကြီးရမှာလဲ။ ကိုကိုနေမကောင်းတုန်းကလည်း အကျင် ပဲ ပြုစုပေးခဲ့တာ။ အကျင်နေမကောင်း ရင်လည်း ကိုကိုကပြုစုရမှာပေါ့။ လှဲလှဲ ကိုကိုသွားပြုတ်လိုက်ဦးမယ်"

"ဟင့်အင်း - မလုပ်ပါနဲ့ ကိုကိုရယ်၊ ကိုကိုလည်းလုပ်ဖူးတာမဟုတ်ဘဲ"

"အောင်မာ - ဘာလို့မလုပ်ဘူးရ မှာလဲ။ အောင်မောင်းတို့က လူပျိုသိုးကြီး ပါကွ။ အကျင်နဲ့ မညားခင်တုန်းက တစ်ကိုယ်တည်းနေလာခဲ့တာပဲ။ ထမင်း ဟင်းအကုန်ချက်တတ်တယ်မှတ်။မတား နဲ့ဟော့ အကျင်"

စိတ်မြန်လက်မြန်နှင့်ရှိလှသော ဦးအောင်မောင်းက မငွေကျင် တားနေ သည့်ကြားမှ အိပ်ရာမှထကာ မီးဖိုချောင် သို့ ဇွတ်ထွက်သွားသည်။ မငွေကျင် လည်း ဦးအောင်မောင်း၏ ကျောပြင်ကို ငေးကြည့်ရင်း အပြုံးတစ်ဝက်အငိုတစ် ဝက်။

ဦးအောင်မောင်းက မငွေကျင် ထက် ဆယ်နှစ်ခန့် အသက်ပိုပြီး မငွေ ကျင်အပေါ်လည်း သမီးလိုတစ်မျိုး၊ ဇနီး လိုတစ်မျိုး အချစ်ထပ်ကိန်းတိုးနေသူကြီး ဖြစ်၏။ ဤကဲ့သို့ မိမိအပေါ် အချစ်ကြီး ချစ်သူရှိလျက်သားနှင့် ငယ်ရည်းစားကို အိပ်မက်မြင်မက်နေမိသည့်အပေါ် မငွေ ကျင် မလုံမလဲဖြစ်မိသည်။ ကိုယ့်ဘာသာ ကိုယ်ရှက်မိသည်။ အမှန်ဆို ကိုဘသော် နှင့်ကွဲကွာကွေကွင်းသွားခဲ့သည်မှာ ယခု ဆိုလျှင် (၁၀) နှစ်ခန့်ရှိခဲ့ပြီ။

ဘာကြောင့်များ အခုကျမှ သူ့ အကြောင်းကို အိပ်မက်အလီလီမြင်မက် နေရပါလိမ့်။

အိပ်မက်က တစ်ခေါက်တစ်ခါ တည်းဆို ကြောက်စရာမလို၊ လန့်စရာ မလို။ ယခုက သည်နေ့ညမက်သည့် အိပ်မက်နှင့်ပါဆို ငါးခေါက်ထပ်မနည်း ရှိတော့မည်။

မက်လိုက်သည့်အခါတိုင်းလည်း ကိုဘသော်က မိမိခုတင်ခြေရင်းတွင်ရပ် ကာ မိမိကို တောင်းပန်ခယနေသည်။ မိမိနှင့်အတူလာရောက်နေထိုင်လိုသည့် အကြောင်း ခွင့်တောင်းနေသည်ချည်း။ ပြန်တွေးလိုက်တိုင်း ရှက်ဖွယ်အတိ။ ငယ် ရည်းစားဟောင်းကို သတိရတမ်းတပြီး အိပ်မက်မြင်မက်မိနေသည့် အိမ်ရှင်မ တစ်ဦးလောက် အရှက်သိက္ခာကင်းမဲ့သူ မှာ အဘယ်မှာရှိလိမ့်ဦးမလဲဟု တွေးမိ ကာ မငွေကျင် ကိုယ့်မျက်နှာကိုဓားနှင့် ပင် လှီးပစ်ချင်မိ၏။

"အို - မဖြစ်သေးပါဘူး။ ဒီနေ့က စပြီး တရားသေချာထိုင်၊ ပြီးရင် အဲဒီလူ ကို အိပ်မက်မမက်တော့ဘူးလို့ သေချာ စိတ်ပိုင်းဖြတ်ရမယ်။ ကိုယ့်စိတ်ကိုယ် ဆုံးမရမယ်။ အတိတ်က အကြောင်း အရာတွေကိုလည်းအာရုံထဲကနေ တစ်ခါ တည်းအပြီးအပိုင်ဖျောက်ဖျက်ပစ်ရမယ်"

စိတ်ကို တင်းကျပ်ရန် ပိုင်းဖြတ် လိုက်ပြီး သက်ပြင်းငွေ့ငွေ့ကိုပင်သက်ရှူ ရင်း စိတ်မပေါ့မပါးနှင့် မွေ့ရာပေါ်သို့ လှဲချလိုက်မိစဉ် တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရသွားသည်။ ကိုဘသော်နှင့်ပတ် သက်သမျှကို လက်စတုံးပစ်ရမည်ဆို လျှင် ဤဆံပင်ရှည်များကိုပင် ညှပ်ပစ် သင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် အပျိုအရွယ်တုန်းက ဆံရှည်များကို ချစ်ရသူ ကိုဘသော်အတွက် ရည်စူးကြံ ရွယ်ကာ လုံးဝမညှပ်ဘဲ အရှည်ထားခဲ့ ခြင်း မဟုတ်ပါလား။

ကိုဘသော်မှ ဆယ်တန်းစာမေး ပွဲကို ဖြေဆိုအောင်မြင်သည်။ စာတိုက် တွင် အလုပ်လျှောက်ထား၏။ စာတိုက် ဗိုလ်အလုပ်ကိုရလျှင် နှစ်ဦးအတူ ဘဝ သစ်ထူကြမည် စသော သာယာကြည်နူး ဖွယ်စကားသံလေးများကိုကြားရ၍ မငွေ ကျင် အတိုင်းမသိဝမ်းသာသွားမိသည်။ ကိုယ့်ချစ်သူဆီက လက်ထပ်ရန် တိုင်ပင် သောစကားလောက် ကြည်နူးဝမ်းသာ စရာကောင်းသည့်စကား အဘယ်မှာရှိ ပါ့မလဲ။

"ကျင်ကျင်ဖြင့် ပြောမပြတတ် အောင်ပါဘဲ ကိုဘသော်ရယ်။ ကျင်ကျင် မှာ ကိုဘသော်နဲ့ပတ်သက်ပြီး အမြဲတမ်း စိုးရိမ်ပူပန်နေခဲ့ရတာ"

"ဘာကိုများလဲ ကျင်ကျင်ရယ်"

"ဩော် - အခုဆို ကိုဘသော်က ပညာတတ်လည်းဖြစ်ပြီ။ နောက်ပြီး အလုပ်အကိုင်လည်းရတော့မယ်ဆိုတော့ ကျင်ကျင် မပူပန်ဘဲရှိပါ့မလား။ ကိုဘ သော်က အခုဆို အရွယ်ရောက်နေတဲ့ မြို့သားကြီးလုံးလုံးဖြစ်နေပြီလေ။ ဒီတော့ တောသူမလေး မိငွေကျင်ကို မျက်နှာလွှဲ ခဲပစ် ထားပစ်ခဲ့လိုက်ရင်မခက်ဘူးလား"

မငွေကျင်၏ စကားကြောင့် ကိုဘသော် မျက်နှာညှိုးသွားသည်။ ချစ်သူ၏ ပူပန်သောကရောက်နေသည့် စိတ်ကိုသတိမပြုမိခဲ့၍ စိတ်မကောင်းဖြစ် သွားဟန်တူသည်။ ခဏငိုင်ကျသွား၏။ မငွေကျင်ကလည်း မိမိအချစ်စမ်းလွန်း ကာ မိမိ၏ချစ်သူ ဝမ်းနည်းသွားရပြီ သဘောပေါက်လိုက်မိ၍ စကားမဆို သေးဘဲ ကိုဘသော်၏ မျက်နှာကိုသာ အကဲခတ်ရင်း ငြိမ်နေလိုက်သည်။

"ဟင်-ကိုဘသော် ဒါဘယ်တုံး"

ကိုဘသော်က ငိုင်နေရာမှခေါင်း ခနဲထရပ်လိုက်၍ မငွေကျင်ကမေးလိုက် သည်။ ကိုဘသော်က ပြန်မဖြေဘဲ မငွေ ကျင်၏လက်ကိုဆွဲကာ တစ်နေရာသို့ ခေါ်ဆောင်သွားသည်။ ကိုဘသော်နှင့် မငွေကျင်တို့က မငွေကျင်၏ အိမ် အောက်ကွင် ချိန်းတွေ့နေကြခြင်း ဖြစ် သည်။ ခြေတံရှည်အိမ်များဖြစ်၍ အိမ် အောက်တွင် ကွပ်ပျစ်တစ်လုံးချထား သူတို့ချစ်သူနှစ်ဦးက ထိုကွပ်ပျစ်ပေါ်၌ စကားတွတ်ထိုးနေကြခြင်း ဖြစ်၏။

မငွေကျင်၏ မိဘများက ကိုဘ သော်နှင့် မငွေကျင်ကို ငယ်စဉ်ကတည်း က သဘောတူထားကြသူများဖြစ်သော ရာ သူတို့နှစ်ဦးတွေ့ဆုံနေကြခြင်းအပေါ် ကန့်ကွက်ခြင်းမရှိဘဲ ကြည်ကြည်ဖြူဖြူ လက်ခံထားကြသည်။ ယခု ကိုဘသော်



www.burmeseclassic.com

www.burmeseclassic.com

မငွေကျင်၏ လက်ကိုဆွဲကာ အိမ်ပေါ်သို့ တက်သွားခြင်း ဖြစ်သည်။ မငွေကျင် စိတ်ပူသွား၏။မိမိ၏စကားကြောင့် ကိုဘသော် စိတ်ဆိုးသွားတာများလား။ ဘာများလုပ်တော့မလဲ။ စည်းကျော်ရန် ကြိုးစားလာခဲ့သော် မိမိလွန်ဆန်နိုင်ပါ့မလား စသဖြင့် တွေးတောကာ ရင်ဖို သွားမိ၏။

ကိုဘသော် ဆွဲခေါ်သွားသည့်နေရာက ဘုရားကျောင်းဆောင်ရှေ့သို့ ဖြစ်သည်။ ကျောင်းဆောင်ရှေ့သို့ရောက်သည့်အခါ ကိုဘသော်ကဆောင့်ကြောင့်ထိုင် (ယောက်ျားထိုင်ထိုင်) ကာ လက်အုပ်ချီလိုက်ပြီး မငွေကျင်ကိုလည်း ဘုရားရှိခိုးရန်ထိုင်ပ်ဟုဆိုကာ -

"အရှင်ဘုရား၊ တပည့်တော်တို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး အသက်မသေမချင်း တတ်ချစ်မြတ်နိုးသောချစ်သူနှစ်ဦး ဖြစ်ပါသည်။ ထိုသို့ ချစ်မြတ်နိုးလျက်သားနှင့် တစ်ဦးပေါ် ကျန်တစ်ဦးကများ သစ္စာဖောက်ပြားမိသည်ရှိသော် ထိုသူသည် ကုန်းလမ်းသွား ကုန်းဘေး၊ ရေလမ်းသွား ရေဘေး၊ လေလမ်းသွား လေဘေးသင့်၍ အသေဆိုးနှင့်သေရပါစေသား"

ဟု သစ္စာပြုစေသည်။

ကိုဘသော်၏ ကျိန်စာစကားကြောင့် မငွေကျင်ကြက်သီးတဖြန်းဖြန်း ထတာ ထိုသို့မကျိန်ဆိုကောင်းကြောင်း ပြောဆိုသည့်အခါ ကိုဘသော်က -

"ကျင်ကျင်က ဒါမှစိတ်အေးချမ်းနိုင်မှာပေါ့။ မဟုတ်ရင် ကိုဘသော် အတွက် ကျင်ကျင်စိုးရိမ်နေရဦးမယ် မဟုတ်လား။ နောက်ပြီး ကျိန်ဆိုတာ မဟုတ်ဘူးလေ။ ဒါက သစ္စာပြုတာ။ သစ္စာစကားကိုဖောက်ဖျက်မှ ကျိန်စာသင့်မှာ။ ဒီတော့ ကိုဘသော်တို့ သစ္စာပြုပြီး သစ္စာရေသောက်ကြမယ်။ ကျင်ကျင် သောက်ဝံ့ရဲ့လား"

ဟု ဆိုသည်။

ကိုဘသော်၏စကားက မငွေကျင်၏သိက္ခာကို ပုတ်ခတ်လိုက်သလိုဖြစ်နေ၍ မငွေကျင်၏နှုတ်ခမ်းလှလှတို့ မဲ့ရွဲ့သွားခဲ့ရပြီး မျက်စောင်းလေးကိုလည်း ခွေခနဲထိုးလိုက်ကာ -

"အောင်မာ - သူကတောင်ပြုရဲသေးတာပဲ။ကျင်ကဘာလို့မပြုရဲရမှာလဲ။ ဆယ်ကမ္ဘာကြေးတောင်ပြိုင်လောင်းလိုက်နိုင်သေး။ သောက်မယ်၊သောက်မယ်"

ဟူ၍ ရှူးရှူးမိုက်မိုက် အသက်နှင့်လောင်းကြေးထပ်ကာ သစ္စာပြုကျိန်ဆိုခဲ့ပြီး သစ္စာရေသောက်ခဲ့ကြ၏။ထို့နောက်တွင်တော့ ချစ်သူနှစ်ဦးမှာ မိမိတို့ပြုခဲ့ကြသည့် သစ္စာစကားအပေါ်တွင် ပီတိစိတ်ဝင်ကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မဝရှုမဆုံး တပြုံးပြုံးဖြစ်နေလေတော့သည်။

လောက၌ ကျေးဇူးရှိမှသာ ကျေးဇူးကန်းနိုင်ပေသည်။ ဝဋ်ကြွေးရှိမှ ဝဋ်လည်ခွင့်ကြုံသည်။ ထိုနည်းတူ သစ္စာဆို၊ သစ္စာထားပြီးမှသာ သစ္စာဖောက်ခြင်းအမှုကိုပြုလုပ်နိုင်ပေ၏။ ကိုဘသော်သည်လည်း သစ္စာပြုပြီးမကြာ သစ္စာဖောက်ပြန်ခဲ့ပြီ။ နှစ်ယောက်သား ဘုရားရှေ့တော်မှောက်တွင် သစ္စာစကားပြုထားပြီးနောက် ထုံးစံအတိုင်း ကိုဘသော် တစ်ယောက် ရွာမှပြန်သွားခဲ့သည်။

ရွာမှပြန်သွားပြီး ရှစ်လခန့်အကြာတွင် ကိုဘသော် အိမ်ထောင်ပြုသွားပြီဟူ သောသတင်းသည် သိမ်ကုန်းရွာလေးတစ်ဝိုက်တွင် ဟိုးလေးတကျော်ကျော်ဖြစ်လျက်ရှိကာ ကြားရသူအပေါင်းမှာ အံ့သြဘနန်းနှင့်စိတ်မကောင်းဖြစ်ကြကာ မငွေကျင်အတွက် စုတ်တသတ်သတ်၊ မငွေကျင်ခမျာမှာတော့ သတင်းကြားသည့်နေ့၌ မျက်ရည်လည်ရွဲဖြစ်ကာ လူကွယ်ရာတွင် ကြိတ်ငိုလိုက်၊ အပေါင်းအသင်းများက လာအားပေးကြသည့်အခါ၌လည်း အပူရှပ်ကိုဟန်လုပ်ကာ ပြုံးပြ နှုတ်ဆက်လိုက်နှင့် တစ်ယောက်တည်း ကမ္ဘာပျက်နေလေသည်။

အမှန်တော့ ကိုဘသော် အိမ်ထောင်ပြုရတော့မည့်အကြောင်းကို မငွေကျင် ယခုမှ သိရသည်မဟုတ်။ ကြိုတင်သိရှိထားပြီးသား။ အတိအကျဖော်ဆိုရလျှင် ထိုသို့ ကျောင်းဆရာမ ဒေါ်ရွှေစင်နှင့် လက်ထပ်လိုက်ရန်ကိုပင် မငွေကျင်နှင့် လာရောက် တိုင်ပင်ခဲ့သေးသည်။ မငွေကျင်သာ နှစ်ယောက်အတူ ဘဝတစ်ခုထူထောင်ရန်လက်ခံခဲ့ပါလျှင်



ယခုလိုအဖြစ်မျိုးကိုကြုံရစရာအကြောင်း မရှိ။ ထိုလုပ်ရပ်၌ မငွေကျင်၏ ဆုံးဖြတ်ချက်မှာ နောင်တရစရာမှန်းသိပေမယ့် မငွေကျင်နောက်မဆုတ်ဖြစ်ခဲ့။ သူ့နောင်ရေးအတွက် ငဲ့ကွက်ခြင်းဖြစ်သလို မိဘများ၏မျက်နှာကိုလည်း အိုးမဲမသုတ်ရက်၍ ယခုကဲ့သို့ အသည်းကိုစတေးခဲ့လိုက်ခြင်းသာ ဖြစ်၏။

ကိုဘသော်၏မိခင်က ကိုဘသော် အသက် (၁၀) နှစ်ဝန်းကျင်က ဆုံးပါးသွားခဲ့ခြင်းဖြစ်ရာ မိဘမဲ့ကလေးငယ် ကိုဘသော်ကို ဒေါက်တာသက်နိုင်တို့ မိသားစုက ခေါ်ယူမွေးစားခဲ့ကြသည်။ သားအရင်းပမာ သဘောထားကာ အမွေစားအမွေခံသားအဖြစ် စာချုပ်စာတမ်းနှင့်ပြုလုပ်ပြီး ပညာတတ်တစ်ယောက်ဖြစ်သည်အထိကျောင်းထားပေးခဲ့သည်။ ဆယ်တန်းအောင်မြင်ပြီးသည့်အခါတွင်လည်း ကိုဘသော်ဆန္ဒအတိုင်း စာတိုက်ဗိုလ်အလုပ်ကို ဝင်ရောက် လုပ်ကိုင်စေခဲ့သည်။ ဤမျှလောက် ကျေးဇူးကြီးမားသော မွေးစားမိဘနှစ်ပါးအပေါ်တွင် ကိုဘသော် ပြက်ရယ်မပြုသင့်၊ ကျေးဇူးမကန်းသင့်ဟု မငွေကျင် ယူဆမိသောကြောင့် ဖြစ်၏။

ကိုဘသော် ပညာစုံသည့်အချိန်၌ ကိုဘသော်၏ မွေးစားဖခင် ဒေါက်တာသက်နိုင်က သူ၏တစ်ဦးတည်းသောညီမဖြစ်သူ အပျိုကြီး ဒေါ်ရွှေစင်နှင့်နေရာချထားပေးရန် စီစဉ်ခဲ့သည်။ ကိုဘသော်က မိမိထက် အသက်တစ်ဆခန့်ကြီးသော ကျောင်းဆရာမ ဒေါ်ရွှေစင်နှင့် လက်မထပ်လို။ နောက်ပြီး သူ့တွင်လည်း အသက်မကချစ်မြတ်နိုးရသူ မငွေကျင်လည်းရှိနေပြီဖြစ်၍ မိမိ၌ရည်ငံနေသောချစ်သူရှိသည်ဟု မွေးစားဖခင်ကိုဖွင့်ပြောပြခဲ့ပေမယ့် ဒေါက်တာသက်နိုင်တို့က တောအုံချုံကြားမှ မငွေကျင်ကို ချွေးမအဖြစ် လက်မခံလိုသဖြင့် သူတို့အကြံအစည်အတိုင်း ဇွတ်စီမံလေတော့သည်။ ကိုဘသော်ခမျာ ဆောက်တည်ရာမရဖြစ်ကာ ရွာသို့ ပြန်ပြေးလာပြီ ချစ်သူလေးထံ ရင်ဖွင့်လေ၏။

"မဟုတ်တာဘဲ ကိုဘသော်ရယ်။ မိဘတွေကို နားဝင်အောင်ပြောကြည့်ပေါ့"

"ဘာမဟုတ်ရမှာလဲ ကျင်ကျင်ရဲ့။ သူတို့က ကိုဘသော်ကို အမေအရွယ်ကြီးနဲ့ ပေးစားမလို့လုပ်နေကြတာလေ"

"ဒါတော့ ဒါပေါ့ ကိုဘသော်ရယ်။ ဒါပေမယ့် သူတို့တစ်တွေက ကိုဘသော်

www.burmeseclassic.com

ရဲ့ကျေးဇူးရှင်တွေလေ။ ခုလို မပြောမဆို ထွက်လာတော့ သူတို့စိတ်ပူနေမှာပေါ့။ ဒါဟာ ကျေးဇူးကန်းရာရောက်တယ် ကိုဘသော်ရဲ့။ သူတို့ကျေးဇူးတွေက ကိုဘသော်အပေါ်မှာ နည်းတာမဟုတ်ဘူး။ ကျင်တော့ သဘောမကျဘူး"

"ဘယ်လိုဆိုလိုတာလဲ ကျင်ကျင်။ ကိုဘသော်ကို ကျင်ကျင်လက်မထပ်ချင်ဘူးလား"

"ကျင်ကျင့်ဘဝမှာ ကိုဘသော်သာ အချစ်ရဲ့သင်္ကေတပါ။ ဒါပေမယ့် အချစ်အတွက်နဲ့ အရာအားလုံးကို ဖျက်ဆီး ဖြိုခွင်းပစ်မယ့်အထဲမှာ ကျင်ကျင်မပါဘူး။ အထူးသဖြင့် ဘဝမှာ သက်တမ်းသိပ်မရှိတော့ဘဲ မျှော်လင့်ချက်နဲ့ အသက်ဆက်နေရတဲ့ ကိုဘသော်ရဲ့မွေးစားမိဘတွေကိုမျက်ရည်မကျစေချင်ဘူး။ နောင်တမရစေချင်ဘူး။ နောက်ပြီး ကျင့်မိဘတွေရဲ့မျက်နှာကိုလည်း အိုးမဲသုတ်ချင်ဘူး"

"သူတို့ကို နောင်တမရစေချင်ရင် ကိုယ်တို့နှစ်ဦး တစ်သက်လုံး နောင်တရနေရမှာပေါ့ကွာ"

"ကျင်ကတော့ ကိုဘသော်ကို ကျေးဇူးသိတတ်သူတစ်ယောက်ပဲ ဖြစ်စေချင်တယ်"

"ဒါဆို အဲဒီမိန်းမကြီးကိုပဲ ယူရမယ်ပေါ့ ဟုတ်လား ကျင်ကျင်"

"အဲဒီလိုသဘောလည်း မဟုတ်သေးဘူးလေကိုဘသော်ရယ်။ ကျင်ကျင်ဆိုလိုတာက ရှဥ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာပေါ့"

"ကျင်ကျင်က ပြောတော့လွယ်တယ်။ ကိုဘသော်က ကိုယ်တိုင်ကြုံတွေ့နေရတဲ့သူ။ အဲဒီလိုသာလုပ်လို့ရရင် ကိုဘသော် ကျင်ကျင့်ဆီကိုတောင် ပြေးလာမတိုင်ပင်ဘူး။ ကဲ-ဘယ်လိုလဲကျင်။ ကိုဘသော်နဲ့ ခိုးရာလိုက်မှာလား။ ကိုဘသော်ကတော့ ကျင်ကျင်နဲ့သာဆို အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ဘဝအတူထူထောင်ဝံ့တယ်"

"ဟင့်အင်း- ကျင်ကတော့အဲဒီလိုမမိုက်ချင်ဘူး။ မိဘတွေရဲ့မျက်နှာကိုထောက်ရဦးမယ်။ ကိုဘသော်နဲ့ တင့်တင့်တယ်တယ်ပဲ လက်ထပ်ချင်တယ်။ စဉ်းစားပါဦး ကိုဘသော်ရယ်"

မငွေကျင်၏စကားတို့က ဓားသွားပမာ စူးရှထက်မြက်နေပြီး အဓိပ္ပာယ်တို့ကလည်း ရှင်းလင်းပြတ်သားလွန်း၍ ကိုဘသော် မျက်ရည်တသွင်သွင်ဖြင့် နောက်လှည့်ပြန်သွားခဲ့သည်။ ကျေးဇူးကန်းသူတစ်ယောက်ကို မိမိလက်မခံနိုင်ဟူသောဆိုလိုမှုမျိုးဖြစ်နေ၍ ကိုဘသော်ရှေ့မဆက်ဝံ့တော့ဘဲ တပ်ဆုတ်ပြန်သွားလေ၏။ သိပ်မကြာပါ၊ ကိုဘသော်လက်ထပ်သွားပြီဟူသောသတင်းကိုကြားသိရသည်။

တကယ်ကော့ ကိုဘသော်တစ်ယောက် ထိုမျှလောက် ပြုလုပ်လိမ့်မည်ဟုမထင်သဖြင့် ယခုကဲ့သို့ မငွေကျင်တွေဝေခဲ့မိခြင်းဖြစ်သည်။ အမှန်တကယ် လက်ထပ်သွားပြီဟု ကြားသိလိုက်ရသည့်အခါ ထိုစဉ်က လက်မခံခဲ့မိသည့်အတွက် နောင်တရ၍မဆုံး။ မိမိသာ ဟိုဟိုသည်သည်မတွေးဘဲ ကိုဘသော်တောင်းဆိုသည့်အတိုင်း လက်ခံလိုက်မည်ဆိုလျှင် ယခုလောက်ဆို မိမိတို့နှစ်ယောက် ဘဝတစ်ခုကိုထူထောင်နေလောက်ပြီဟုတွေးကာ မငွေကျင် ကြိတ်ငိုခဲ့ရသည်။ နောင်တပင်လယ်ဝေခဲ့ရသည်။ ထိုနောင်တတရားများကို တစ်ယောက်တည်း အလူးအလိမ့်ခံစားရင်း (၂) နှစ်ခန့်ကြာသည့်အခါကျမှ ပတ်ဝန်းကျင်၏ မံ့ပိုးတိုက်တွန်းမှုအရ မငွေကျင် အိမ်ထောင်ကျခဲ့သည်။ မငွေကျင်၏အိမ်ထောင်ဖက်က ရွာထဲမှ ကုန်စုံဆိုင်ပိုင်ရှင် ဦးအောင်မောင်း။

ကိုဘသော်ရော မငွေကျင်ပါ အိမ်ထောင်ကျသွားပြီးသည့်နောက်ဝယ် နှစ်ဦးသားမတွေ့ဖြစ်တော့။ ကိုဘသော်ကလည်း ဝေဒနာဟောင်းကို ပြန်ဖော်တွေ့မည်ကို စိုးရိမ်၍လားမပြောတတ်။ ရွာသို့တစ်ခေါက်တလေပင်ပြန်လာခြင်းမရှိသလို မငွေကျင်ကလည်း ကိုဘသော်နေထိုင်ရာ ပျော်ဘွယ်မြို့ဆီသို့ တစ်နှစ်နေ၍ တစ်ခေါက်မရောက်ဖြစ်။ နောက်ပြီး သူရောကိုယ်ပါ အိမ်ထောင်ကိုယ်စီကျနေပြီမို့ ယခင်ကကဲ့သို့ ကလေးကလားအတွေးများကို စိတ်သန္တာန်ထဲ အဝင်မခံတော့ဘဲ မသိလိုက်ဘာသာနေခဲ့လိုက်သည်မှာ အလတ်မမွေးပြီးချိန်အထိ။

"ကိုဘသော်တို့များ ကိုယ့်အမေအရွယ်အဘွားကြီးကိုယူတာလည်းမပြောနဲ့အေ။ အခု မြို့လယ်ခေါင်မှာ တိုက်ကြီးက ဟီးနေရောပဲ။ စီးစရာကားလည်းရှိ၊ ဖြုန်းစရာ ပိုက်ဆံလည်းရှိတော့ လူ့ဘဝကြီးက နေပျော်စရာပေါ့လေ။ ဒါပေမယ့် သွေးဆုံးတော့မယ့်အရွယ်ကြီးကိုယူထားမိတော့ သားသမီးဘယ်ရနိုင်ပါ့မလဲ။ အခု ကလေးတစ်ယောက်ကို ခေါ်မွေးစားထားတာ ညည်းသမီးအကြီးမနဲ့ရွယ်တူလောက်ရှိနေပြီ"

စသဖြင့် ကိုဘသော်နှင့်ပတ်သက်သည့်သတင်းများကို ပျော်ဘွယ်မြို့ရောက်သော ရွာသူတချို့ကလာရောက်သတင်းပေးပို့သည့်တိုင် မငွေကျင် ဂရုမစိုက်နိုင်။ မိမိမှာလည်း မိမိကိစ္စနှင့်မိမိဖြစ်နေပြီမို့ ငယ်ချစ်ဟောင်းအကြောင်း စိတ်မကူးအား၊ မတွေးတောအားပေ။

❑

အတိတ်ဆီသို့ ပြန်တွေးကြည့်ရင်း မငွေကျင် ခုတင်ပေါ်တွင် လှဲအိပ်နေမိရာမှ ရုတ်ခြည်းဆိုသလို ပြန်ကုန်းထလိုက်ပြီး အိပ်မက်အကြောင်းဆီ စိတ်ရောက်သွားပြန်လေသည်။ မငွေကျင်နှင့် ကိုဘသော်တို့ အချစ်ဇာတ်လမ်းသည် ဇာတ်သိမ်းမလှစွာပြီးဆုံးသွားခဲ့ပြီးနောက်၌ တစ်ယောက်အကြောင်း တစ်ယောက် သတင်းကြားသိကြပေမယ့် အဆက်အသွယ်မပြုဖြစ်ကြတော့သည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီ။ ဘာကြောင့်များ ယခုကျမှ ကိုဘသော်အကြောင်း အိပ်မက်မြင်မက်ရပါလိမ့်။ မငွေကျင် တွေးယူ၍မရ။ နောက်ပြီး အိပ်မက်ကလည်း တစ်ကြိမ်တစ်ခါတည်းမက်သည်မဟုတ်။ ဤတစ်ကြိမ်နှင့်ဆို ငါးခေါက်ရှိနေပြီ။ မက်လိုက်သည့်အခါတိုင်း ကိုဘသော်က မိမိခုတင်ခြေရင်းတွင် ညှိုးညှိုးငယ်ငယ်နှင့် ရပ်ကာ အတူနေရန် ခွင့်တောင်းနေသည်ချည်း။

အင်း-ထူးတော့ ထူးနေပါပြီ။ သူပျောက်သွားတဲ့အခါကျ အိပ်မက်က ငါလန့်နိုးလာတာပဲ။ နောက်ပြီး လန့်နိုးလာတဲ့အခါတိုင်း ငါ့မှာ မထစဖူး ကြက်သီးတွေ တဖြန်းဖြန်းထနေရော။ ဒါဟာ တိုက်ဆိုင်တာပဲလား ဒါမှမဟုတ် ငါကပဲ သတိရနေမိတာလား'

မငွေကျင် သို့လောသို့လောတွေးရင်း အဖြေမပေါ်လာခဲ့ပါ။ သို့ကြောင့် ထိုအိပ်မက်များနှင့် အတိတ်မှအကြောင်းတို့ကို မေ့ဖျောက်ထားလိုက်ပြီး တရားထိုင်၊ ပုတီးစိပ်ကာ အိပ်မက်ဆိုးများမှ ကင်းဝေးစေရန်အတွက်ဆုမွန်ခြွေခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့ညမှစကာ ကိုဘသော်နှင့်ပတ်သက်သည့်အိပ်မက်များ မြင်မက်ခြင်းမရှိတော့ဘဲ စိတ်အေးချမ်းကြည်လင်စွာ အိပ်စက်အနားယူနိုင်ခဲ့တော့ သည်။

တစ်လနီးပါးခန့် ကြာသွားခဲ့သည်။ အိပ်မက်များလည်း မြင်မက်ခြင်းမရှိတော့သဖြင့် မငွေကျင် ကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com

အချိန် အိပ်စက်ခွင့်နေရသလို ခင်ပွန်းသည်နှင့် သမီးများအပေါ်တွင်လည်း စိတ်ကျေနပ်ပျော်ရွှင်စွာ ချက်ပြုတ်ကျွေးမွေးပြုစုလျက်ရှိသောကာလ တစ်နေ့နေ့တွင် ခင်ပွန်းသည် ဦးအောင်မောင်းက သတင်းတစ်ခုကို သယ်ဆောင်လာခဲ့သည်။ ဦးအောင်မောင်း ယူဆောင်လာသောသတင်းက မငွေကျင်၏နှလုံးအိမ်ကို ဆွဲခါလှုပ်ယမ်းပစ်လိုက်လေသည်။

မြို့ထဲမှပြန်လာသော ဦးအောင်မောင်းမျက်နှာက မှုန်မှိုင်းညှိုးရီနေသည်။ မျက်ခုံးကြောများကိုတွန့်ခေါက်ထားကာ စကားကို ပြောရကောင်းနိုး၊ မပြောရကောင်းနိုးအမူအရာမျိုးဖြင့် ရှုံ့ဆုတ်တွေဝေနေဟန်ရှိ၍ ရေခပ်လာပေးသော မငွေကျင်လည်း ခင်ပွန်းသည်၏မျက်နှာအနေအထားကိုကြည့်ကာ စိုးရိမ်စိတ်ဝင်သွားခဲ့ရသည်။

အလုပ်အကိုင်တွေများ အဆင်မပြေဘူးလား။ ကုန်ပစ္စည်းတွေဈေးခုန်ထတ်သွားပြန်ပြီလား၊ အရှုံးပေါ်ကုန်ပြီလား စသည်ဖြင့် ထိုထို၍၍တွေးတောရင်း ခင်ပွန်းသည်ကို မေးမြန်းမိသည်။

"ကိုကို၊ မျက်နှာလည်းမကောင်းပါလား။ ဘာဖြစ်လာတာလဲ"

"ဟို-ပြောရကောင်းမလား၊ မပြောရကောင်းမလား၊ မသိတော့ပါဘူးကွာ"

"ပြောစမ်းပါ ကိုကိုရယ်၊ ရင်ထိတ်သိတ်တာ။ ဘာလဲ ဈေးတွေမြောက်နေတာ တွက်ခြေမကိုက်ဖြစ်နေပြီလား"

"အာ-မဟုတ်ပါဘူး အကျင်ရယ်၊ စီးပွားရေးကိစ္စမဟုတ်ပါဘူး။ ကိုယ်ပြောမှာ လူမှုရေးကိစ္စ၊ နာရေးသတင်းဆိုပါတော့ကွယ်"

နာရေးသတင်းဟု ကြားသိလိုက်ရသဖြင့် မငွေကျင်၏စိတ်တို့ ပိုလှုပ်ရှားသွားရသည်။ ဦးအောင်မောင်းက ပျော်ဘွယ်မြို့မှ ပြန်လာခြင်းဖြစ်၍ ထိုမြို့၏နာရေးသတင်းဆိုလို့ ကိုဘသော်တို့မိသားစုသတင်းသာဖြစ်လိမ့်မည်ဟုတွေးမိလိုက်သောကြောင့် ဖြစ်သည်။ သို့ပေမယ့် စိတ်ကိုချုပ်ထိန်းထားကာ -

"ဘာများလဲ ကိုကိုရယ်၊ ဘယ်သူဘာဖြစ်လို့လဲ"

ဟု အေးအေးဆေးဆေးမေးလိုက်သည်။ ဦးအောင်မောင်းကလည်း တစ်ရွာတည်းသားချင်းတွေပဲ။ ကိုဘသော်နှင့် မငွေကျင်တို့ မည်မျှချစ်ခင်ခဲ့ကြသလဲဆိုတာ မသိဘယ်ရှိပါ့မလဲ။ သို့ကြောင့်လည်း ယခုကဲ့သို့ နှုတ်တွန့်နေရခြင်းသာ။ ဦးအောင်မောင်းက မပြောမဖြစ်ကိစ္စတစ်ခုလည်းဖြစ်နေ၍ ပြောတော့မည်ဟု စိတ်ကိုပိုင်းဖြတ်လိုက်ပြီး သက်ပြင်းတစ်ချက်ကို ဟင်းခနဲချလိုက်ရင်း -

"ပြောရမယ်ဆိုရင်တော့ မောင်ဘသော်တို့ကိစ္စပဲ။ မောင်ဘသော် ဆုံးသွားပြီ အကျင်"

"ဘုရားမြတ်စွာ၊ တကယ် တကယ်ပဲလား ကိုကိုရယ်။ သူ သူ ဆုံးသွားပြီလား"

စိတ်ကို ထိန်းချုပ်ထားလျက်သားနှင့် မျက်ရည်တို့က သူ့အလိုလို တသွင်သွင်စီးကျလာခဲ့သည်။ တဆတ်ဆတ် တုန်ယင်နေသော နှုတ်ခမ်းအစုံဖြင့် ထိုမေးခွန်းကို မဝံ့မရဲဆိုရင်း မငွေကျင် ငိုချလိုက်ပြီ။ နားလည်မှုရှိလှသော ခင်ပွန်းသည်က မငွေကျင်ကို ပွေ့ဖက်ထားကာ နှစ်သိမ့်သည်။

"အကျင် စိတ်မကောင်းဖြစ်မယ်ဆိုတာသိလို့ ကိုကိုမပြောချင်တာ။ ဒါပေမယ့် မသိတာထက်စာရင် သိသွားတာ ပိုကောင်းမယ်ထင်လို့ ကိုကိုပြောပြတာပါ။ သူရေနစ်ပြီးဆုံးသွားတာတဲ့။ သူ့မွေးစားသားလေးကို ဆင်းကယ်ရင်းသားအဖနှစ်ယောက်စလုံး ဆုံးသွားတာလို့ ပြောတယ်။ ဪ - တကယ်တော့ ဆုံးတာကြာပါပြီ ကျင်ရယ်။ မြို့ကို သူ့အစ်မဝမ်းကွဲပြောင်းသွားပြီးကတည်းက ရွာနဲ့အဆက်အသွယ်ပြတ်နေတာဆိုတော့ သူဆုံးတာကို ရွာကလူတွေမသိသေးတာထင်ပါရဲ့။ တကယ်တော့ ဆုံးသွားတာ တစ်လကျော်ပြီ။ ငိုချလိုက်ပါ အကျင်။ အကျင်ရင်ထဲကဝေဒနာတွေ ပွင့်အန်လျော့ပါးသွားတဲ့အထိ ငိုချပစ်လိုက်"

"ဟင့်ဟင့်- ဖြစ်ရလေ ကိုဘသော်ရယ်။ ရှင်ဒီလိုပိုးဆိုးပက်စက်သေရလိမ့်မယ်လို့ ကျင်ကျင်မထင်ခဲ့ဘူး။ သူ့ရှေ့ကိုယ်ပါ အိမ်ထောင်ရက်သားကျပြီး မိသားစုနဲ့ပျော်ရွှင်နေရလို့ ကျင်ကျင်ဝမ်းသာနေတာ။ ဟင့်ဟင့် - အခုတော့ အခုတော့ ဖြစ်မှဖြစ်ရလေ ကိုဘသော်ရယ်"

ဦးအောင်မောင်း နှစ်သိမ့်သည့်အတိုင်း မငွေကျင်တစ်ယောက်မျက်ရည်တို့ ကုန်ခန်းသွားလုမတတ် ငိုကြွေးပစ်လိုက်သည်။ စိတ်ထဲ၌ နောင်တရခြင်းနှင့် ယူကျုံးမရဖြစ်ခြင်းတို့ လုံးထွေးရောပြွမ်းကာ ခေါင်းတို့မှုံးနောက်နေသည်။ မဆီမဆိုင် ကိုဘသော်သေရတာ မိမိကြောင့်ဟု သွားတွေးနေမိသေးသည်။

ကိုဘသော်သာ သစ္စာမဖောက်ခဲ့လျှင် ယခုလို သေဆုံးလိမ့်မည်မဟုတ်။ ကိုဘသော်သစ္စာဖောက်ဖြစ်သွားသည်မှာလည်း မိမိက ခိုးရာမလိုက်မိခဲ့၍ဖြစ်သည်ဟုတွေးကာ မငွေကျင်ဝမ်းနည်း၍မဆုံး။ သို့သော်လည်း အသက်တွေပင်သုံးဆယ်ကျော်နေပြီမို့ ကံ၊ကံ၏အကျိုးကိုသဘောပေါက်လက်ခံကာ ကိုဘသော်တစ်ယောက် သေချိန်တန်လို့ သေရတာပါလေဟု တွေးချင့်ကာ စိတ်ကိုဖြေလိုက်ရသည်။ နောက်ပြီး မိမိအပေါ် အစစအရာရာ နားလည်ပေးသော ချစ်သူဟောင်းအတွက် ငိုကြွေးနေသည်ကိုပင် နှစ်သိမ့်အားပေးခဲ့သော ခင်ပွန်းသည် ဦးအောင်မောင်းကိုလည်း အားနာစိတ်ဝင်လာမိသောကြောင့် ဖြစ်သည်။

❑

'ထိုည၌ မငွေကျင် တော်တော်နှင့်အိပ်မပျော်။ စိတ်တို့က အမျိုးမျိုးအဖုံဖုံတွေးတောကြံစည်လျက် အတိတ်သို့ပြေးဝင်သွားလိုက်၊ ပစ္စုပ္ပန်တွင်တည်နေလိုက်၊ အနာဂတ်သို့ ကူးလူးသွားလိုက်နှင့် ယောက်ယက်ခတ်နေသည်။ နောက်ပြီး သေဆုံးသွားလေပြီဖြစ်သော ကိုဘသော်၏အကြောင်းကိုတွေးကာ အသည်းနှလုံးတို့ နာကျင်နေဆဲ၊ ဝမ်းနည်းကြေကွဲနေဆဲ။

'ဟင် - ဒါဆို ဟိုနေ့တွေတုန်းက မက်ခဲ့တဲ့အိပ်မက်တွေဟုတ်တာပဲ။ အဲဒီအိပ်မက်တွေက ကိုဘသော်ဆုံးသွားပြီတဲ့။ နောက်မှငါမက်ခဲ့တာပဲ။ ဟုတ်တာပေါ့။ ဒါ ဒါဆို ကိုဘသော်များ အို. . .'

မငွေကျင် တွေဝေငိုင်စင်းသွားရပြီ။ အိမ်ထောင်ရက်သားကျသွားပြီးချိန်အထိ မိမိအပေါ် ချစ်စိတ်မပြယ်သေးသော ကိုဘသော်တစ်ယောက် သေလွန်ပြီးသည့်နောက် မိမိဆီသို့ လာရောက်ကာ အိပ်မက်ပေးခဲ့ခြင်းပဲလား။ ဘယ်လိုဘဝမျိုးနှင့်များ မိမိထံလာရောက်နေထိုင်ရန် စိတ်ကူးထားသလဲ အစရှိသဖြင့် တွေးတောကြံဆရင်း မငွေကျင်မျက်ရည်ရစ်ဝဲခဲ့ရပြန်သည်။

တမလွန်ဘဝသို့ရောက်သွားသည့်တိုင် မိမိနှင့်အတူနေလို၍ ငါးကြိမ်တိုင်တိုင် အိပ်မက်ပေးကာ လာရောက်နေထိုင်ပါရစေဟု ခွင့်ပန်နေသည့်ကြားမှပင် မိမိက သဘောမပေါက် နားမလည်ဘဲ ခါးခါးသီးသီး ငြင်းဆန်လွှတ်ခဲ့သည်။ မျက်နှာညှိုးငယ်ငယ်ဖြင့် နောက်ဆုတ်ထွက်ခွာသွားသောအိပ်မက်ထဲမှ သူ့ပုံရိပ်တို့ ပြန်လည်မြင်ယောင်ကြည့်ရင်း ဖြေမဆည်နိုင်ဖြစ်ကာ မျက်ရည်တို့မှာလည်း

www.burmeseclassic.com

တလိမ့်လိမ့်။ စောစောကသာသိလျှင် လက်ခံထားလိုက်မှာပေါ့။ အိပ်မက်အကြောင်းတွေးရင်း ငိုယိုနေခဲ့သော မငွေကျင်လည်း တစ်နေ့တာလုံး စိတ်ရောကိုယ်ပါ ပင်ပန်းလာခဲ့သောအရှိန်ကြောင့် များမကြာမီတွင် မျက်ဝန်းတို့ မှေးပိတ်ကာ အိပ်စက်ခြင်းသို့ ခရီးဆိုက်သွားခဲ့သည်။

သည်တစ်ကြိမ်အိပ်မက်ကတော့ မငွေကျင်အတွက် အထူးအဆန်းဆုံးဖြစ်သည်။ အိပ်မက်ထဲ၌ မငွေကျင်သည် လှလှပပဝတ်စားထားကာ အလှူပွဲတစ်ခုသို့တက်ရောက်နေခြင်း ဖြစ်သည်။ အနီးအနားမှ အသိမိတ်ဆွေများက မငွေကျင်ကို အမျိုးမျိုးခေါ်ယူနှုတ်ဆက်လျက်ရှိစဉ် တစ်ယောက်သော အမျိုးသမီးကြီးတစ်ဦးက မငွေကျင်၏လက်ကို ဖျတ်ခနဲလှမ်းဆုပ်ကိုင်ကာ -

"သမီး ငွေကျင်၊ အမေ့ကို မှတ်မိလား"

ဟု ဆိုသည်။

အမျိုးသမီးကြီး၏ အမေးကြောင့် မငွေကျင်တွေဝေသွားကာ သူမ၏မျက်နှာကို သေသေချာချာ စိုက်ကြည့်လိုက်၏။

အမျိုးသမီးကြီးသည် အသက် (၅၀) ကျော်အရွယ်ခန့်ရှိပြီး ပိန်ပိန်သေးသေးကျစ်ကျစ်လျစ်လျစ်ဖြစ်သော်လည်း သူမ၏ လက်ချောင်းတို့မှ သန်မာတုတ်ခိုင်လှ၍ အဆုပ်ကိုင်ခံထားရသော မငွေကျင်၏လက်တစ်ဖက်ပင် နာကျင်လာသဖြင့် ဆတ်ခနဲရုန်းလိုက်ရင်း-

"အမေက ဘယ်သူလဲ"

ဟု မေးလိုက်သည်။

"ဩော် - ညည်းက ငါ့ကိုမမှတ်မိဘဲကိုး။ ငါက ဒေါ်လုံးတင်လေ။ မောင်ဘသော်ရဲ့အမေလေကွယ်"

"ဟင် - ဒေါ်ဒေါ်၊ ဟုတ်ပါရဲ့။ ကျွန်မမေ့နေတာ။ ဒေါ်ဒေါ့်ကို မတွေ့တာဖြင့် ကြာပြီပဲ"

ထိုအခါမှ ထိုအမျိုးသမီးကြီးမှာ ကိုဘသော်၏မိခင်မှန်းသတိရသွားသည်။ သို့သော် အိပ်မက်ထဲ၌ ထိုသူမှာ သေလူဆိုတာကို လုံးဝသတိမရချေ။ စိတ်ထဲတွင် ဒေါ်လုံးတင်ကို မတွေ့တာကြာပြီဟူ၍သာ တွေးနေမိသည်။

"အေးပါအေ၊ ငါကတော့ ငါ့သားကို စိတ်ပူနေရတာနဲ့ သွားချင်ရာမသွားနိုင်သေးဘူး။ ကဲ- ညည်းလက်ထဲကို ငါ့သားလေးအပ်ခဲ့မယ်။ ညည်းလက်ခံမှာလား"

ဒေါ်လုံးတင်၏ အမေးကြောင့် မငွေကျင် တွေဝေသွားပေမယ့် တုံ့ဆိုင်းခြင်းမရှိဘဲ ခေါင်းညိတ်လိုက်မိ၏။ ထိုအခါ ဘယ်အချိန်ကတည်းကရောက်နေမှန်းမသိသော ကိုဘသော်က မငွေကျင်၏လက်ကို လှမ်းဆွဲလိုက်သည်။

"ဟင် - ကိုဘသော် ရှင်ဘယ်တုံးကရောက်နေတာလဲ"

"သိပ်မကြာသေးပါဘူး၊ ကျင်ကျင်နဲ့အတူ ကိုဘသော်လာနေမယ်နော်"

"လာနေပါ ကိုဘသော်ရယ်"

ထိုသို့ ကိုဘသော်၏ မျက်နှာကို လှည့်ကြည့်ကာလာနေပါဟုလက်ခံလိုက်သည့်အခိုက်တွင် မငွေကျင်အိပ်မက်မှ လန့်နိုးလာခဲ့တော့သည်။

❏

ယခုဆိုလျှင် ကိုဘသော် တစ်ဖြစ်လဲ ဦးငွေမောင်းမှာ အသက် (၆၀) ခန့်ရှိနေပြီ။ ယခင်ဘဝနှင့် ရုပ်ရည်၊ အရပ်အမောင်း၊ အသွင်အပြင်လက္ခဏာတို့ တူညီခြင်းမရှိသော်လည်း အတိတ်ဘဝကိုမူ ကောင်းမွန်မှတ်မိနေဆဲ ဖြစ်သည်။ ဦးငွေမောင်း၏ ပြောပြချက်အရ ကိုဘသော်ဘဝမှအကြောင်းအရာတချို့ကို သိရှိခွင့်ရခဲ့သည်။

"ဦးလေးရဲ့ဇနီးကို ဦးလေးမချစ်ဘူး။ အဲ - ဒီဘဝအကြောင်းကို ပြောနေတာမဟုတ်မှန်းသိကြမှာပါနော်။ ဟိုဘဝတုန်းက ဦးလေးက ငယ်ငယ်ချောချော။ ဒါပေမယ့် ဦးလေးနဲ့ အိမ်ထောင်ကျတဲ့ အမျိုးသမီးကြီးကတော့ အသက် (၅၀) ကျော်အရွယ်ဝဝတုတ်တုတ်။ မိဘတွေကို မလွန်ဆန်နိုင်လို့၊ ချစ်သူကလည်း ခိုးရာလိုက်ဖို့ လက်မခံလို့ အဲဒီမိန်းမကိုပဲ ယူလိုက်ရတယ် ဆိုပါတော့ကွယ်။ ဒါပေမယ့် ချစ်ဦးသူကို ဘယ်မေ့နိုင်ပါ့မလဲ။ နောက်တော့ သူလည်းအိမ်ထောင်ကျသွားပြီကြားတယ်။ သူရောကိုယ်ရော အိမ်ထောင်သည်တွေဖြစ်နေပြီဆိုတော့ ကြိုးစားမေ့ရတာပေါ့ကွယ်။ ဒီမှာပဲ တစ်နေ့ ဦးလေးတို့မိသားစု ခရီးထွက်ကြရင်း ရေစီးသန်တဲ့ချောင်းထဲကို ဦးလေးရဲ့မွေးစားသား ကျသွားတယ်။ သူက ဘာရှိဦးမှာလဲ။ (၇) နှစ်၊ (၈) နှစ်အရွယ်။ မွေးစားသားဆိုပေမယ့် ငယ်ငယ်လေးကတည်းက မွေးစားလာတာဆိုတော့ သားအရင်းနဲ့ ဘယ်ခြားပါ့မလဲ။ သူနစ်နေတာမြင်တော့ ဦးလေး ဆင်းကယ်တာပေါ့။ ဒီမှာပဲ နှစ်ယောက်စလုံး ရေစီးနဲ့မျောပါသွားတော့တာပဲ။ အင်း - အခုထက်ထိ ဦးလေး မမေ့သေးဘူး။ အဲဒီအဖြစ်အပျက်က ဦးလေးရဲ့အသိစိတ်ထဲမှာ စွဲထင်နေတုန်းပဲ။ ရေစီးက မတရားသန်နေတော့ ဦးလေးမှာ မြုပ်ချည်ပေါ်ချည်နဲ့၊ ဒီကြားထဲမှာ ဦးလေးရဲ့သားကို လိုက်ရှာနေမိသေးတယ်။ ရှာတွေ့သလား မတွေ့ဘူးလားဆိုတာတော့ ကောင်းကောင်းမမှတ်မိဘူး။ ဒါပေမယ့် ရေထဲမှာ သေအံ့မူးမူးဖြစ်နေတဲ့အချိန်မှာ ဦးလေး ဘာကိုတွေးလိုက်မိလဲ သိလား"

"ပြောပါဦး ဦးလေးရယ်"

"ဦးလေး တွေးလိုက်မိတာက ဒါ ငါသစ္စာစကားကို ဖောက်ဖျက်မိလို့။ အခု အသေဆိုးနဲ့ သေရတော့မယ်လို့ တွေးမိရင်း ဦးလေးရဲ့ငယ်ချစ်ဦး မငွေကျင်ရဲ့ မျက်နှာကို မြင်ယောင်လိုက်မိတယ်။ နောက်တော့ ဒီဘဝကိုရောက်လာတယ် ဆိုပါတော့"

ဦးငွေမောင်းက စကားကို အဆုံးသတ်လိုက်ပြီး လက်ထဲတွင် ကိုင်ထားသောမတ်ခွက်ထဲမှ ရေနွေးအနည်းငယ်ကို ဖြည်းဖြည်းချင်းမော့သောက်လိုက်သည်။ အသက် (၆၀) ကျော်အရွယ်ရှိ ကျန်းမာရေးချူချာပုံရသော ဦးငွေမောင်း၏ပုံသဏ္ဌာန်က ဖြူဖျော့ဖျော့ပိန်သွယ်သွယ်။

"ဒါဆို ဦးလေးက ကြားကာလက မမှတ်မိဘူးပေါ့။ သမီးဆိုလိုတာက ဦးလေးဆုံးသွားပြီး နှစ်လနီးပါးလောက်တုန်းမှ အဘွားဒေါ်ငွေကျင်က ကိုယ်ဝန်ရလာတာလို့ပြောတယ်။ နောက်ပြီး အိပ်မက်ထဲမှာ ဦးလေးက သူနဲ့ လာနေဖို့ ခွင့်... တယ်။ ခွင့်ပန်လို့မရတဲ့အခါမှာ ဦးလေးရဲ့အတိတ်က မိခင်အရင်းဖြစ်တဲ့ ဘွား ဒေါ်လုံးတင်က ဦးလေးကို အဘွား ဒေါ်ငွေကျင်ရဲ့လက်ထဲအပ်လိုက်တယ် တဲ့။ အဲဒီ ဘဝက အဖြစ်အပျက်တွေ... ဦးလေး မမှတ်မိဘူးပေါ့"

"အေးကွယ်၊ သမီး အခုမေးသ... မျိုး ဦးလေးရဲ့အမေလည်း ဦးလေး... မေးဖူးတယ်။ ခက်တာက ဦးလေး ဘာ... မမှတ်မိဘူး။ အိပ်မက်ပေးခဲ့တာ... နောက်ပြီး ဦးလေးရဲ့အတိတ်ဘဝ... အမေနဲ့ တမလွန်မှာ တွေ့ဆုံတာကို... ပေါ့၊ ဦးလေး မှတ်မိနေတာက လူဘဝ... အတိတ်ကိုပဲ"

"တကယ်ကို ဆန်းကြယ်တဲ့... အင်ပါပဲ ဦးလေးရယ်။ အနောက်နိုင်... တွေမှာတော့ လူဝင်စားဆိုတဲ့သဘော... လက်မခံချင်ကြပေမယ့် သမီးတို့လို... ဗာသာနိုင်ငံတွေကတော့ အ...




www.burmeseclassic.com

www.burmeseclassic.com

# ဆိုးသွမ်းဟောကိန်း
# ရာဟုဂြိုဟ်ကြမ်းဂြိုဟ်အိပ်ဂြိုဟ်စား

## သတိထား

△ ဗြိတိသျှနိုင်ငံ-လန်ဒန်မြို့မှ ... (ကဗ္ဗာပါမိနှပ်မီး၊ ရွှေသိန်းဒေသ ...)



(ယခင်လမှအဆက်)

**မြန်မာနှင့်ကမ္ဘာကို ရာဟုဂြိုဟ်က ဆိုးသွမ်းဟောကိန်းကြမ်းတမ်းစွာဒုက္ခပေးနေခြင်း**

ယခုအခါ အသင်စာဖတ်သူအပေါင်းတို့သည် ဤမြန်မာနိုင်ငံ အပါအဝင် ကမ္ဘာတစ်ခွင်လုံးကို ရာဟုဂြိုဟ်ဆိုးဂြိုဟ်ကြမ်းကြီး မည်မျှဆိုးသွမ်းကြမ်းတမ်းစွာ ဒုက္ခပေးနေသည်ကို သိမြင်သဘောပေါက် ယုံကြည် လက်ခံနိုင်လောက်ပြီဟု ထင်ပါသည်။

အထက်တွင် တင်ပြသည်များကို အကျဉ်း ပြန်လည် သုံးသပ်ကြည့်ပါက ရာဟုဂြိုဟ်ဆိုးကြီးသည် -

၁။ ယင်းစိုးမိုးရာအရပ်ဖြစ်သော အနောက်မြောက်အရပ်မျက်နှာ နယ်ပတ်ဝန်းကျင်တွင် ဝင်ရောက်လျက်ရှိနေသော တိုင်းပြည်နိုင်ငံများကို ကောင်းစွာဘေးအန္တရာယ်ပေး ခြိမ်းခြောက်လျက်ရှိနေပုံကို ထိုရာဟုဂြိုဟ်စိုးမိုးရာ အရပ်မျက်နှာနယ်တွင် ကျရောက်နေသော မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ အီရတ်၊ အီရန်၊ ဆီးရီးယား၊ တူရကီ စသော နိုင်ငံများ၏ ဖြစ်ရပ်တို့က ယနေ့ထိ သက်သေခံလျက်ရှိနေပါသည်။

၂။ တစ်ဖန် ရာဟုဂြိုဟ်ဆိုးသည် ယင်းဂြိုဟ်၏ ဓာတ်သဘောသွာဘာဝဖြစ်သော လေဓာတ်နှင့် ဆက်စပ် ပတ်သက်သည့် လေပြင်းမုန်တိုင်းများကို ဖြစ်ပေါ်ကျရောက်စေလျက် မြန်မာတွင် နာဂစ်မုန်တိုင်း၊ ဖိလစ်ပိုင်တွင် တိုင်ဖွန်းမုန်တိုင်း၊ ကယ်လ်မေဂီမုန်တိုင်း၊ အိန္ဒိယနိုင်ငံတွင် ဂီရိမုန်တိုင်း၊ မက္ကဆီကိုနိုင်ငံ၌ အိုဒီးလီမုန်တိုင်း၊ တရုတ်ပြည်၌ ယူတာဂီတိုင်ဖွန်းမုန်တိုင်း၊ ဂျပန်တွင် ဗွန်ဖွန်းမုန်တိုင်း စသည်ဖြင့် မိုးသက်မုန်တိုင်းများအဖြစ် ကြီးစွာသော ဘေးဒုက္ခများကို ဖြစ်ပေါ်စေခဲ့ကြောင်း အထင်အရှား တွေ့ရပါလေသည်။

၃။ ထိုမျှမက ရာဟုဂြိုဟ်ဆိုးကြီးသည် ယင်း၏ ဂြိုဟ်ဓာတ်သဘာဝဖြစ်

---

ယုံကြည်လက်ခံထားကြပြီးသားပါ"

"ဟုတ်တယ် သမီး၊ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တော်တိုင်က အတိတ်ဘဝကို ပြန်ပြောင်းမှတ်မိသူများကို ဇာတိဿရဉာဏ်ရရှိသူတွေလို့ ဟောကြားတော်မူခဲ့တယ်။ ဒါပေမယ့် လူဆိုတာက အမျိုးမျိုးမဟုတ်လား။ လက်ခံတဲ့သူရှိသလို လက်မခံတဲ့သူလည်းရှိမှာပဲလေ။ လူအမျိုးမျိုးစိတ်အထွေထွေပေါ့"

ဦးငွေမောင်းက သူ၏ကိုယ်တွေ့အတ်လမ်းကို ထိုနေရာ၌ လက်စသတ်လိုက်ကာ လက်ထဲမှ မံတ်ခွက်ကို စားပွဲပေါ်သို့ လှမ်းတင်ရင်း စာရေးသူ၏ဖခင်ကြီးနှင့်အတူ ရောက်တတ်ရာရာတို့ကို ပြောဆိုနှီးနှောလျက်ရှိစဉ် စာရေးသူကတော့ ဦးငွေမောင်း ပြောပြသွားသည့် အဖြစ်အပျက်များကို စလယ်ဆုံးပြန်လည်တွေးတော၍ တမလွန်ဘဝ၏ဖြစ်စဉ်များအပေါ် စိတ်ပါဝင်စားလျက်ရှိသည်။

တမလွန်ဘဝသို့ ရောက်ရှိသွားခဲ့သောကိုဘသော်သည် သေခါနီးအစွဲအခါနိုင်သည့် သေဆုံးခါနီးက သတိရအမ်းတလိုက်မိသော ငယ်ချစ်ဦးဆီသို့ ပြန်လည်ရောက်ရှိလာကာ အတူနေထိုင်ခွင့်ရရှိရန်အတွက် အိပ်မက်ပေးတောင်းဆိုခြင်း။

ထိုတမလွန်ဘဝတွင် လွန်ခဲ့သော (၁၅) နှစ်ခန့်ကသေဆုံးသွားခဲ့ပြီဖြစ်သော ကိုဘသော်၏မိခင်ကြီးဒေါ်လုံးတင်နှင့် ပြန်လည်တွေ့ဆုံခြင်း၊

အစရှိသည့် ဖြစ်ရပ်ဆန်းများကို (ယခုလက်ရှိဘဝဖြစ်သော) ဦးငွေမောင်းဘဝ၌ ပြန်ပြောင်းအမှတ်ရခြင်းမရှိဘဲ ကိုဘသော်ဟူသော အတိတ်လူဘဝကိုသာ ပြန်လည်မှတ်မိနေခြင်းသည် လူဝင်စားများ၌ တွေ့မြင်ရလေ့ရှိသော ဖြစ်အင်တစ်ခု ဖြစ်၏။

လူဝင်စားအတော်များများသည် မိခင်ဖြစ်သူကို အိပ်မက်ပေးကာ ရောက်ရှိလာကြသူများ ဖြစ်သော်လည်း ထိုအိပ်မက်ပေးသောဘဝကိုမူ မှတ်မိသူနည်းပါးလှသည်။ တစ်နည်းဆိုရသော် ဝိညာဉ်တစ္ဆေဖြစ်နေသော အခိုက်အတန့်ကိုမူ မှတ်မိခြင်းမရှိကြဘဲ ထိုဘဝကိုကျော်လွန်ကာ အတိတ်လူ့ဘဝကိုသာ မှတ်မိကြသည်ချည်း။

သို့သော် -

သေဆုံးသွားသူများက အိပ်မက်ပေးကာ ဝင်စားလာကြခြင်း။

လူဝင်စားဖြစ်သော သားငယ်၊ သမီးငယ်များသည် အတိတ်ဘဝက မည်သူမည်ဝါဖြစ်ကြောင်းကို အိပ်မက်များမှတစ်ဆင့် မိဘများက သိရှိနိုင်ခြင်း။

အထက်ပါ အခြင်းအရာများကို ထောက်ရှုခြင်းအားဖြင့် တမလွန်ဘဝသို့မဟုတ် ပရလောကသည် အမှန်တကယ် တည်ရှိနေခြင်းဖြစ်ကြောင်းကိုမူ သက်သေထူနိုင်ပေပြီ။ ထိုကဲ့သို့ နက်နဲရှုပ်ထွေးပြီး သိပ္ပံပညာဖြင့်ပင် အဖြေရှာရန် မလွယ်ကူလှသော လူဝင်စားတို့၏ အကြောင်းကိစ္စများကို ဆက်စပ်တွေးတောရင်း စာရေးသူ ကိုယ်တိုင်လည်း ဉာဏ်မမီတော့သဖြင့် ပြတင်းပေါက်အပြင်ဘက်ရှိ ရှုခင်းလှလှတို့ကိုငေးကြည့်ရင်း သက်ပြင်းမျှင်မျှင်ရှိုက်လိုက်မိပါတော့သည်။

*စေတနာရှေ့ထားလျက်*

ဂါဒြီးနွန်းဒို

www.burmeseclassic.com

သော လေထုအတွင်း ကျင်လည်ကျက်စား သွားလာလှုပ်ရှားရသည့် သက်မဲ့လေယာဉ်များကိုလည်း ချမ်းသာမပေးဘဲ ဘေးအန္တရာယ်အမျိုးမျိုးပေးစွမ်းခဲ့ပြန်လေသည်ကို မလေးရှားနိုင်ငံလေကြောင်းပိုင်း MH-370, MH-17 လေယာဉ်များ၏ဖြစ်ရပ်များ၊ ထိုင်ဝမ်နိုင်ငံ၌ Trans Asia Flight GE-222 တို့၏ ဖြစ်ရပ်များ၊ အယ်လ်ဂျီးရီးယားနိုင်ငံလေကြောင်းပိုင်းလေယာဉ် AH-5017, MD-83၏ ဖြစ်ရပ်၊ အီရန်နိုင်ငံ လေကြောင်းပိုင် Sepahan Air Trans No-140) လေယာဉ်တို့၏ ဖြစ်ရပ်များက သက်သေပြလျက်ရှိရပါသည်။

၄။ ထို့အပြင် ရာဟုဂြိုဟ်ဆိုးဂြိုဟ်ကြမ်းကြီးသည် ယင်း၏ အမည်ပညတ်ဓာတ်သက်ဝင်သော ယိုးဒယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ယူကရိန်း စသော နိုင်ငံများ၌လည်း ကြီးစွာသော ဘေးဒုက္ခဆင်းရဲအန္တရာယ်အသွယ်သွယ်တို့ကိုလည်းဖန်တီးပြုလုပ်ခဲ့ကြောင်း ယင်းနိုင်ငံအသီးသီးတို့၏ဖြစ်ရပ်များက သက်သေထူလျက်ရှိနေပြန်ပါသည်။

ထိုသို့သော အကြောင်းအရင်း ဖြစ်ရပ်သက်သေများကြောင့် ယခုမျက်မှောက်ကာလ၌ ကမ္ဘာတစ်ခွင်လုံးကိုလွှမ်းမိုးအုပ်ချုပ် ဒုက္ခရန်ဘေးအမျိုးမျိုးပေးနေသောဂြိုဟ်မှာ အလွန်ဆိုးသွမ်းဟောက်ရမ်းနေသော ရာဟုဂြိုဟ်ကြမ်းဂြိုဟ်ဆိုးကြီးဖြစ်ပါသည်ဟု ပြောနေရခြင်း ဖြစ်ပါသည်။

**ရာဟုဂြိုဟ်နှင့်ပတ်သက်၍ ခုနစ်ရက်သားသမီးအပေါင်းတို့အား သတိပေးချက်**

ကျွန်ုပ်သည် ယခုအခါ၌ ကျွန်ုပ်၏ ရုံးပိတ်ရက် အလုပ်နားရက်ဖြစ်သော တနင်္ဂနွေနေ့တိုင်း၌ ကျွန်ုပ်အားယုံကြည်အားကိုးသဖြင့် လာရောက် တွေ့ဆုံလိုသောသူအပေါင်းတို့ကို လက်ခံတွေ့ဆုံပေးမိနေပါသည်။ ထိုအခါ ကျွန်ုပ်ထံအကြောင်းအမျိုးမျိုးကြောင့် ရောက်လာကြသူအပေါင်းတို့အား (ကျွန်ုပ်ထံရောက်လာကြသူအများစုမှာ ကျွန်ုပ်ထံမှ အဆောင်အင်းအစီအရင် လိုချင်၍လည်းကောင်း၊ သူတို့၏ ကံကြမ္မာကိုစစ်ဆေးချင်သောကြောင့် လည်းကောင်း၊ သူတို့၏အခက်အခဲများကိုပြေလည်ချင်၍လည်းကောင်း ရောက်လာကြသည်ကများပါသည်။ ခြွင်းချက်အားဖြင့် ကျွန်ုပ်အား မြင်ဖူးချင်ပြီး ဂမ္ဘီရဝိဇ္ဇာမယလောကီပညာအကြောင်း ဆွေးနွေးမေးမြန်းလိုသူ အနည်းအကျဉ်းမျှတော့ရှိပါသည်။) အကြောင်းအားလျော်စွာ သူတို့၏ ကံကြမ္မာများကို ကျွန်ုပ် တတ်သိသလောက် တွက်ချက်စစ်ဆေးကြည့်ရတတ်ပါသည်။ အကြောင်းမူ အချို့က အလွန်ကြီးမားသော အကြံအစည်လုပ်ငန်းကိစ္စအကြောင်းခြင်းရာများကြောင့် အဆောင်အစီအရင်များတောင်းတတ်ကြရာ ထိုအခါ ကျွန်ုပ်က သူတို့၏ကံကြမ္မာအခြေအနေကို စစ်ဆေးကြည့်ရပါသည်။ ကံအလွန်ညံ့သူများ ဖြစ်နေသည်ကိုမသိဘဲ အဆောင်အင်းအစီအရင်များကို ပေးမိလေပါက ယင်း၏ ကံဆိုးကံညံ့ကြောင့် အဆောင်အစီအရင်များ သိသာထင်ရှားမပြနိုင်ပါလေက ပညာကိုအထင်မြင်သေးခြင်း ဖြစ်နိုင်ကြပေသည် ဖြစ်ရာ ထိုအခါမျိုး၌ အဆောင်အစီအရင်သာမက သင့်မြတ်ကောင်းမွန်သော ဓာတ်ယတြာများကိုပါ ကျွန်ုပ်က တွဲ၍ပေးရပါသည်။ မူလလာရင်းကိစ္စကပင် ကျွန်ုပ်၏ပညာဖြင့် ကံကြမ္မာကို စစ်ဆေးလိုသူများကို စစ်ဆေးကြည့်ရှုပေးရာတွင် ရာဟုဂြိုဟ်အိပ်ဂြိုဟ်စားသက်ရောက်ကာလတွင် ကျရောက်နေသူများမှာ အလွန်ဆိုးဝါးစွာ ဘေးဒုက္ခများ၊ ကိုယ်စိတ်ဆင်းရဲခြင်းများနှင့် ကြုံတွေ့ကြရသူများဖြစ်ကြောင်းတွေ့ကြရပြီး ယင်းတို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အိမ်ထောင်ရေး အဘက်ဘက်တို့၌ အဆင်မပြေခြင်း၊ အခက်အခဲကြုံတွေ့ရခြင်း၊ ပျက်စီးဆုံးရှုံးခြင်းများနှင့် ကြုံတွေ့နေကြရသည်သာလျှင် ဖြစ်ပေသည်။

တစ်ဖန် ကျွန်ုပ် သတိပြုမိ၊ သတိထားမိသောအကြောင်းတစ်ရပ်မှာ ဂြိုဟ်များ၌ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုဟူသော ပါပဂြိုဟ်များ အနိဋ္ဌဂြိုဟ်များ (၄) မျိုးရှိရာတွင် အခြားပါပဂြိုဟ်များထက် ယခုကာလတွင် ရာဟုဂြိုဟ်စိုးမိုးကျရောက်ခြင်းခံရသော ခုနစ်ရက်သားသမီးအပေါင်းတို့သည် အခြားပါပဂြိုဟ်စိုးမိုးကျရောက်ခံရသူများထက် ဒုက္ခဆင်းရဲ အခက်အခဲပြဿနာများနှင့် ပိုမိုဆိုးဝါးစွာ ကျရောက် ခံစားရကြောင်း တွေ့နေရပါသည်။ ဤအချက်မှာ အထက်တွင် ကျွန်ုပ် ဆွေးနွေးတင်ပြခဲ့သကဲ့သို့ ယခုမျက်မှောက်ကာလ၌ ကမ္ဘာကြီးတစ်ခုလုံးကို ရာဟုဂြိုဟ်က အဓိကကြီးစိုးလျက် အားကြီးစွာ ဆိုးကျိုးဒုက္ခဆိုးများပေးနေခြင်းကြောင့်ဖြစ်ပေသည်။

ကျွန်ုပ် စစ်ဆေးတွက်ချက်ပေးဖူးသော စနေသမီးတစ်ဦးသည် ယခု အသက် (၃၅) ရှိပြီဖြစ်ရာ ရာဟုဂြိုဟ်အိပ်ပြီး ရာဟုဂြိုဟ်သက်ရောက်နေသဖြင့် သူမသည် ယခုအခါ ရာဟုနှစ်ထပ်ကိန်း ကျရောက်လျက်ရှိပေသည်။ ယခု သူမသည် အသက် (၃၅) နှစ်သို့ စတင်ဝင်ရောက်ပြီး ကာလမှစ၍ ကိုယ်တိုင် ကျန်းမာရေးချူချာခြင်း၊ တစ်ခါတစ်ရံ သူမသာမက သားသမီးများပါ မကြာခဏ ကျန်းမာရေးညံ့ခြင်း၊ အိမ်ထောင်ရေး အဆင်မပြေခြင်း၊ စီးပွားရေးလုပ်ငန်းများ အဆင်မပြေကျဆင်းမှုများ ငွေကြေးအခက်အခဲများ တွေ့ကြုံရခြင်းစသဖြင့် အဆင်မပြေမှုပေါင်းများစွာ ကိုယ်စိတ်ဆင်းရဲခြင်းများစွာ ဖြစ်ပေါ် ခံစားရလျက်ရှိနေပေရာ သူမသည် ကိုယ့်ကိုယ်ကိုယ်သတ်သေချင်စိတ်၊ အိမ်မှစိတ်ကူးတည့်ရာထွက်သွားလိုစိတ်များ ဖြစ်ပေါ်လောက်အောင် ခံစားနေရကြောင်း သိရပေသည်။ သူမသည် ငါးကြွင်းဖွားဖြစ်ရာ စနေသိုက်ဖွား၊ မူလမဟာဘုတ်၌ ၄-ဟူး အထွန်းဖြစ်ရာ ရာဟုသည်လည်း အထွန်းဂြိုဟ်ဖြစ်သည့်တိုင် သူမခမျာ ရာဟုဂြိုဟ်၏ နှိပ်စက် ညှင်းပန်းမှုကို အလူးအလဲခံနေရပေသည်။

တစ်ဖန် အထက်အညာ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း ... တစ်မြို့နေ အမျိုးသမီးတစ်ဦးသည်လည်း အသက် (၄၆) နှစ်ရှိပြီး တနင်္လာသမီး ဖြစ်ရာ ရာဟုဂြိုဟ်သက်ရောက်လျက် ရှိပြီး ဤအသက်အပိုင်း၌ပင် နာမည်ကြီး ဘဏ်တစ်ခုမှ ဘဏ်မန်နေဂျာတစ်ဦးနှင့် အမှုအခင်းဖြစ်လျက် ယခုတိုင် တရားရုံး၌ အမှုရင်ဆိုင်နေရသည့်အပြင် စီးပွားရေးလုပ်ငန်းများကလည်း ကမောက်ကမဖြစ်လျက်ရှိကြောင်း တွေ့ရပြန်ပါသည်။ (နာမည်ကြီးဘဏ်၏ ဘဏ်မန်နေဂျာနှင့် အမှုဖြစ်နေသောကိစ္စဖြစ်သဖြင့် ကာယကံရှင်တို့၏ ဂုဏ်သိက္ခာ ... ငဲ့ကွက်လျက် အမည်၊ နေရပ်များ ... ချန်လှပ်ထားရခြင်း ဖြစ်ပါသည်။)

နောက်တစ်ဦးက အသက် (... နှစ်ရှိ ဗုဒ္ဓဟူးသား အမျိုးသားတစ်ဦး... ပြီး သူသည် ရာဟုဂြိုဟ်စား (၅၈- နှစ်... ရာဟုဂြိုဟ်စားသည်)၊ ရာဟုဂြိုဟ်သက်ရောက်ဖြစ်သဖြင့် ရာဟုသည် ဗုဒ္ဓဟူး သားသမီးများအတွက် ဘူမိဂြိုဟ်လည်း ဖြစ်ပေရာ ထိုအမျိုးသားသည် အသက် (၅၂) နှစ်၌ ဘူမိနှစ်ထပ် ကျရောက်... သည်။ ထိုသူသည် ကျန်းမာရေး... ညံ့ဖျင်းသည့်အပြင် သားသမီး...

www.burmeseclassic.com

မှုကြောင့် နေထိုင်သည့်အိမ်ကို ရောင်းလိုက်ရပြီး အခြေမဲ့ ဖြစ်သလိုနေထိုင်ကြရသည့်ဘဝသို့ရောက်သွားရှာပါသည်။ ပွားရေးလုပ်ငန်းကိုင်ငန်းများမှာလည်း အစဉ့်ကလျှားဖြစ်ကာ ကိုယ်စိတ်ဆင်းရဲသောကဝေကာ ကျွန်ုပ်ထံ ရောက်လာခဲ့ပေသည်။

နောက်မိန်းကလေးတစ်ဦး သူမသည်လည်း စနေသမီးဖြစ်ပြီး အသက် (၁၅) နှစ်ပင် ဖြစ်ပေသည်။ ကျွန်ုပ်နှင့်တွေ့စဉ် ကျွန်ုပ်က ရှောင်တခင် ကျန်းမာရေးထိခိုက်မှုကြုံနိုင်ကြောင်း၊ အလုပ်အကိုင်များ ထိခိုက်နိုင်ကြောင်းနှင့် အခြားသောအကြောင်းအရာများစွာကို ဟောကိန်းထုတ်ခဲ့ပါသည်။ ကျွန်ုပ်ပြောသမျှ ကျန်းမာရေးမှလွဲ၍ အကုန်မှန်ကြောင်း သူမဝန်ခံပါသည်။

"ကျန်းမာရေးကတော့ အခုထိကျွန်မ ဒေါင်ဒေါင်မြည်ပါပဲ ဆရာ။ နာစေး၊ ချောင်းဆိုးတောင် မဖြစ်သေးဘူး ဆရာ။ ဒါပေမယ့် ဆရာပြောမှတော့ သတိထားပါ့မယ်"

ဟု ကျန်းမာရေးနှင့်ပတ်သက်၍ ကျွန်ုပ်စိုးရိမ်သလောက် သူမစိုးရိမ်ဟန်မတူခဲ့ပါ။ သို့ရာတွင် ကျွန်ုပ်နှင့် တွေ့ဆုံပြီးနောက် နှစ်ပတ်ခန့်အကြာ ရုတ်တရက်ကျန်းမာရေးထိခိုက်ပြီး ခြေထောက်များ လေဖြတ်သကဲ့သို့ဖြစ်ကာ ယခုဤစာရေးနေသည့်ကာလထိ သူမလုပ်ငန်းခွင် ရုံးသို့ပင် မသွားနိုင်ရှာတော့ပါ။ ယခုမှ ကျွန်ုပ်ထံမှ လိုအပ်သော ဓာတ်ယတြာအစီအရင်များကို လာရောက်တောင်းခံသွားပါသည်။ သူမကိုယ်တိုင်တော့ သောနိုင်ပါတော့ချေ။

နောက်တစ်ဦးက ကျွန်ုပ်နှင့် ညီရင်းအစ်ကိုလိုခင်မင်သော ဗုဒ္ဓဟူးသားတစ်ဦး။ သူသည် တပ်မတော်မှ အငြိမ်းစားယူထားသော ဒုဗိုလ်မှူးကြီးဟောင်းတစ်ဦး ဖြစ်သည်။ ကျွန်ုပ်နှင့်တွေ့စဉ်အခါက သူသည် ကုမ္ပဏီတစ်ခု၌ အလုပ်လုပ်နေရာမှ နုတ်ထွက်လာပြီး အလုပ်လက်မဲ့ဖြစ်နေသောကာလ ဖြစ်သည်။ သူ့ကို ကျွန်ုပ်စီရင်သော အရပ်ခင်းသိဒ္ဓိအင်းနှင့် ဓာတ်အစီအရင်တချို့ကို လုပ်ခိုင်းလိုက်ရာ သိပ်မကြာခင်တွင်ပင် သူသည် ကျောက်မျက်ရတနာကုမ္ပဏီတစ်ခု၌ အထွေအထွေမန်နေဂျာအလုပ်ကိုရခဲ့ပြီး လစာလည်း သင့်တင့်လောင်းမွန်စွာ ခံစားရလေသည်။

သို့နှင့် တစ်နေ့ တစ်ချိန်၌ ပြန်ဆုံတွေ့စဉ် သူ၏တောင်းဆိုချက်အရ သူ့ကံကြမ္မာကို ကျွန်ုပ် စစ်ဆေးပေးခဲ့ရ၏။ ထိုအချိန်က သူ့အသက် (၅၂) နှစ်၊ ရာဟုဂြိုဟ် နှစ်ထပ်ကိန်းကျ၏။ ရာဟုသည် သူ့အတွက် ဘုမ္မိဂြိုဟ်လည်းဖြစ်ပေရာ ဘုမ္မိနှစ်ထပ်ကိန်းလို့လည်း ဆိုရပေမည်။ ထိုအချိန်က သူသည် ကေတီဗွီမှ မိန်းကလေးတစ်ဦးနှင့် မရှင်းမရှင်းဖြစ်နေကြောင်း သူ့မိန်းမက ကျွန်ုပ်ကို တိုင်ပြောလေးပြောထားသဖြင့် ကျွန်ုပ်က သူ့ကို ရာဟုဂြိုဟ်တွင် သက်ဆင်းနေသောကာလဖြစ်သဖြင့် အစစအရာရာ ဂရုစိုက်သတိထားရန် ရတနာသုံးပါးကိုးစားဆည်းကပ်ရန် အသောက်အစား အပျော်အပါးများ ရှောင်ရှားရန် သတိပေးခဲ့ပါသည်။ သူကား ပြန်မပြောနားမထောင်ပါချေ။ သို့အားလျော်စွာ သိပ်မကြာမတင်တွင် အလုပ်၌ အတိုက်အခံများပေါ်လာပြီး ပြဿနာများဖြစ်ကာ နောက်ဆုံး အလုပ်မှနုတ်ထွက်လိုက်ရရှာပါသည်။

ဤနေရာ၌ ကျွန်ုပ်တစ်ခုပြောချင်သည်မှာ ရာဟုဂြိုဟ်သည် ယင်းစိုးမိုးမှုအောက်ကို ကျရောက်ပါက အပျော်အပါးကိစ္စများ၊ မိန်းမကိစ္စများကိုခွင်ထွင်၍လိုက်စားလိုစိတ်ဖြစ်ပေါ် စေတတ်ခြင်းဖြစ်သည်။ ထို့ကြောင့် ယင်း၏ပရိယာယ်အတွင်း သက်ဆင်းပြီး ယင်းအလိုအတိုင်း အသောက်အစား၊ အပျော်အပါး၊ ကာမဂုဏ်အာရုံများကို လွန်ကျူးလိုက်စားမိပါက ယင်းဂြိုဟ်က သူ့ခွင်ထဲရောက်သွားသည်နှင့် မမျှော်လင့်သော ရှောင်တခင် ပြဿနာများ၊ ဘေးဒုက္ခများကို ပေးလေ့ရှိတတ်ပေသည်။ ကျွန်ုပ်က ပညာခန်းအရ သူ့ကို သတိပေးသော်လည်း သူကမူ ကျွန်ုပ်သည် ပညာကိုခုတုံးလုပ်ပြီး သူ့ကို သတိပေးခြင်းသာဖြစ်သည်ဟု သူထင်ခဲ့သည်။ သူ့မိန်းမထံမှ အတွင်းစကားရသဖြင့် သူ့ကို ကျွန်ုပ်က ပညာသုံးပြီး ဆုံးမသည်ဟု သူထင်ခဲ့လေသည်။ ထို့ကြောင့်လည်း ပြန်မပြောနားမထောင် ပြုမြဲတိုင်းပြုခဲ့သဖြင့် ရာဟုဂြိုဟ်လက်တွင်း သက်ဆင်းကျရောက် အလုပ်ပါပျောက်သွားရခဲ့လေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ရာဟုဂြိုဟ်အိပ်ဂြိုဟ်စားသက်ရောက်အတွင်း ကျရောက်နေသော ခုနစ်ရက်သားသမီးအပေါင်းတို့သည် ရာဟုဂြိုဟ်နှင့် မကင်းသမျှ ယင်း၏ပရိယာယ်ဖြစ်သော ခြွေရံသင်းပင်းမိတ်ဆွေအပေါင်းအသင်းများ ပေါများခြင်း၊ အပျော်အပါးများ၊ ကာမဂုဏ်အာရုံများ၊ အိမ်ထောင်ရေးဖောက်ပြန်ရှုပ်ထွေးမှုကို အကြောင်းတိုက်ဆိုင်တွေ့ကြုံလာပါက ရှောင်ရှားကြပါလေ။ မရှောင်ရှားကြပါက ယင်းဂြိုဟ်၏ လှည့်ကွက်တွင် ဝင်ရောက်သွားသည်နှင့် မမျှော်လင့်ဘဲ ပြုံးရာကမဲ့၊ ရယ်ရကငို၊ ငိုရာမှ ဒုက္ခလှလှကြီးတို့နှင့် တွေ့ရတော့မည် မှတ်ပါလေ။

**ရာဟုဂြိုဟ်ကြမ်း လွန်ပော့ရမ်း။ ရာဟုဂြိုဟ်စား သတိထား**

အထက်တွင် ကျွန်ုပ်သည် ကျွန်ုပ်၏ သတိထား လေ့လာကြည့်ရှုမှု (Observation) အရ ဤကမ္ဘာလောကတစ်ခွင်လုံးကို ရာဟုဂြိုဟ်ကြမ်း လွှမ်းမိုးဒုက္ခပေး-ခြယ်လှယ်နေကြောင်းများစွာသော ဒုက္ခတို့ဖြင့် ကောက်နုတ်တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့်လည်း တနင်္ဂနွေအစ ရာဟုအဆုံး ဂြိုဟ်ကြီး (၈) လုံးရှိကြရာတွင် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ ဟူသော ဂြိုဟ် (၄) လုံး တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု ဟူသော ပါပဂြိုဟ် (၄) လုံးဟူ၍ ခွဲခြားထားပါသည်။ ထို ပါပဂြိုဟ် (၄) လုံးတွင်လည်း ယခု တင်ပြခဲ့သည့်အတိုင်း အကြီးမားဆုံးသောအင်အားဖြင့် ကမ္ဘာကိုကိုင်လှုပ်ဒုက္ခပေးနေသော အဓိကပါပဂြိုဟ်ဆိုးကြီးမှာ ယခုမျက်မှောက် ပစ္စုပ္ပန်ကာလ၌ ရာဟုဂြိုဟ်ကြမ်းဂြိုဟ်ဆိုး ဂြိုဟ်ရမ်းကြီးသာဖြစ်သည်ဟု ကျွန်ုပ်အတပ်ပြောနေလေခြင်း ဖြစ်ပါချေတော့သည်။

ရာဟုဂြိုဟ်၏ ဆိုးသွမ်းပုံကို လူဆိုးလူမိုက်များနှင့် ဥပမာချိန်ထိုးပြောရလေပါက တနင်္ဂနွေ၊ အင်္ဂါ၊ စနေ စသော ပါပဂြိုဟ်တို့သည် သူခိုး၊ ဓားပြပမာမျှလောက်သာရှိပြီး ရာဟုဂြိုဟ်မှာမူကား ပစ္စည်းခိုး၊ ဓားပြတိုက်၊ လုယက်၊ အနုကြမ်းစီး၊ မုဒိမ်းကျင့်၊ လူသတ် စသဖြင့် အကြီးမားဆုံး၊ အဆိုးဆုံးသော ရက်စက်ယုတ်မာမှုကိုပြုမည့် ရာဇဝတ်သား၊ လူရမ်းကား၊ လူမိုက်၊ လူယုတ်မျိုးနှင့်တူပေသည်ဟု ပြောရပေလိမ့်မည်။

ထို့ကြောင့်လည်း ကမ္ဘာတစ်ခုလုံး ၂၀၁၄၊ နိုဝင်ဘာလအထိ လေပြင်းမုန်တိုင်းတွေမစဲသေး။ ရာဟုစိုးမိုးရာအရပ်ရှိ အိန္ဒိယ၊ ပါကစ္စတန်နယ်ခြား ကက်ရှမီးယား၊ အာဖဂန်နစ္စတန်၊ အီရန်၊ အီရတ်၊ တူရကီ၊ ဆီးရီးယား စသော နိုင်ငံတို့၌ ယခုထိ စစ်မီးတွေတောက်လောက်နေဆဲ၊ လူတွေမှာ စစ်ဒုက္ခဘေးတို့ကြောင့် အသက်အိုးအိမ်စည်းစိမ်များပျက်စီးဆုံးရှုံးနေဆဲ။ သို့ဖြစ်ရာ ဤရာဟုဂြိုဟ်ကြမ်း၊ ဂြိုဟ်ဆိုးသွမ်းနှင့် မကင်းကြကုန်သော



www.burmeseclassic.com

www.burmeseclassic.com

| နေ့နံသား | ရာဟုဂြိုဟ်အိပ်ဂြိုဟ်စား သက်ရောက်များ | |
|---|---|---|
| တနင်္ဂနွေ | ဂြိုဟ်အိပ်- ၇၁နှစ်မှ ၈၃နှစ်ထိ | သက်ရောက်များ- ၇၊၁၅၊၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇။ |
| တနင်္လာ | ဂြိုဟ်အိပ်- ၆၉နှစ်မှ ၈၁နှစ်ထိ | သက်ရောက်များ- ၆၊၁၄၊၂၂၊၃၀၊၃၈၊၄၆၊၅၄၊၆၂၊၇၀၊၇၈၊၈၆။ |
| အင်္ဂါ | ဂြိုဟ်အိပ်- ၅၄နှစ်မှ ၆၆နှစ်ထိ | သက်ရောက်များ- ၅၊၁၃၊၂၁၊၂၉၊၃၇၊၄၅၊၅၃၊၆၁၊၆၉၊၇၇၊၈၅။ |
| ဗုဒ္ဓဟူး | ဂြိုဟ်အိပ်- ၄၇နှစ်မှ ၅၈နှစ်ထိ | သက်ရောက်များ- ၄၊၁၂၊၂၀၊၂၈၊၃၆၊၄၄၊၅၂၊၆၀၊၆၈၊၇၆၊၈၄။ |
| ကြာသပတေး | ဂြိုဟ်အိပ်- ၂၀နှစ်မှ ၃၂နှစ်ထိ | သက်ရောက်များ- ၂၊၁၀၊၁၈၊၂၆၊၃၄၊၄၂၊၅၀၊၅၈၊၆၆၊၇၄၊၈၂။ |
| သောကြာ | ဂြိုဟ်အိပ်- ၉၇နှစ်မှ ၁၀၈နှစ်ထိ | သက်ရောက်များ- ၇၊၁၅၊၂၃၊၃၁၊၃၉၊၄၇၊၅၅၊၆၃၊၇၁၊၇၉၊၈၇။ |
| စနေ | ဂြိုဟ်အိပ်- ၂၀နှစ်မှ ၄၁နှစ်ထိ | သက်ရောက်များ- ၃၊၁၁၊၁၉၊၂၇၊၃၅၊၄၃၊၅၁၊၅၉၊၆၇၊၇၅၊၈၃။ |
| ရာဟု | ဂြိုဟ်အိပ်- ၁နှစ်မှ ၁၂နှစ်ထိ | သက်ရောက်များ- ၁၉၊၁၇၊၂၅၊၃၃၊၄၁၊၄၉၊၅၇၊၆၅၊၇၃၊၈၁၊၈၉။ |

တိုင်းပြည်နိုင်ငံ သက်ရှိ သက်မဲ့ လူသား အပေါင်းအားလုံးတို့သည် အလွန်သတိထားဆင်ခြင်နေထိုင်ကြရန် အရေးကြီးလှပေသည်။

**ရာဟုဂြိုဟ်ကြမ်း ဂြိုဟ်ဆိုး ဂြိုဟ်ရမ်းနှင့် ပတ်သက်၍ အထူးသတိထားရမည့် ကမ္ဘာ့နိုင်ငံများနှင့် ခုနစ်နေ့ခုနစ်ရက်သားသမီးများ**

**၁။ ရာဟုဂြိုဟ်အားသတိထားရမည့်ကမ္ဘာ့တိုင်းပြည်နိုင်ငံများ**

မြန်မာပြည် ရန်ကုန်မြို့အား အခြေပြုလျက် ရာဟုဂြိုဟ်စိုးမိုးရာအရပ်ဖြစ်သော အနောက်မြောက်မျက်နှာအတွင်းကျရောက်သည့် အောက်ဖော်ပြပါ ကမ္ဘာ့နိုင်ငံများသည် ရာဟုဂြိုဟ်၏ ဘေးအန္တရာယ်ပြုမှုများကို အခြားနိုင်ငံများထက် မမျှော်လင့်ဘဲ ရင်ဆိုင်တွေ့ကြုံခံစားရဖွယ်ရှိပါသည်။ ယင်းနိုင်ငံများမှာ မော်ရိုကို၊ အယ်လ်ဂျီးရီးယား၊ လစ်ဗျား၊ အီဂျစ်၊ ဘူလဂေး၊ ရီးယန်း၊ အိန္ဒိယနိုင်ငံအရှေ့တောင်ပိုင်း၊ ကက်ရှမီးယား၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ အီရတ်၊ အီရန်၊ တူရကီ၊ ဆီးရီးယား၊ ဂရိ၊ အီတလီ၊ ပြင်သစ်၊ ကနေဒါ စသောနိုင်ငံများ သည် ရာဟုဂြိုဟ်စိုးမိုးရာအရပ်နယ်ပယ် အတွင်းကျရောက်သဖြင့် ဘေးအန္တရာယ်၊ ဆူပူမှု၊ နိုင်ငံရေးပဋိပက္ခ၊ စစ်မီးများအချိန် မရွေးကျရောက်နိုင်သည်။

**၂။ ရာဟုပညတ်နံသင့်တိုင်းပြည်နိုင်ငံများ**

ရုရှား၊ တရုတ်၊ ယူကရိန်း၊ ယိုးဒယား၊ လစ်ဗျား (ဗုဒ္ဓဟူးနံသင့်ဖြစ်၍ရာဟုနှင့် ရန်ဂြိုဟ်သင့်ဖြစ်နေခြင်း) ဘိုလစ်ဗီးယား၊ ယီမင်၊ လက်ဘီနွန်၊ လိုက်ဘီးရီးယား၊ ရိုမေးနီးယား၊ ရဝမ်ဒါ စသောနိုင်ငံများသည်လည်း ရာဟုဂြိုဟ်ဆိုး၏ ရမ်းကားဒုက္ခပေးမှု အချိန်မရွေး ကျရောက်နိုင်သောနိုင်ငံများ ဖြစ်ကြပါပေသည်။

၃။ ရာဟုဂြိုဟ်ပရိယာယ်ဖြစ်သော ယင်း၏ ဓာတ်သဘာဝဖြစ်သည်။ လေကြောင်းအတွင်း သွားလာလှုပ်ရှားရသည့်အပြင် ရာဟုဂြိုဟ်အမည်ဓာတ်သက်ဝင်သော လေကြောင်းလိုင်းလေယာဉ်များလည်း မမျှော်လင့်သော ဘေးအန္တရာယ်များ မကြာခဏကျရောက်နိုင်ပေရာ အထူးဂရုပြု သတိထားသင့်သော ကမ္ဘာ့လေကြောင်းများမှာ -

အိုင်ယာလန်နိုင်ငံ လေကြောင်းလိုင်း လင်းဂတ်စ်၊ ရုရှားနိုင်ငံ အယ်လ်ဂျီးယားလေကြောင်း၊ ပြင်သစ်လေကြောင်းလိုင်း၊ ကနေဒါလေကြောင်း၊ Air Italy, Alaska Airlines, Bangkok Airways (ယိုးဒယားလေကြောင်း)၊ Lam Mozantigue Airlines၊ Lan Airline (ချီလီနိုင်ငံ)၊ Lion Airline (အင်ဒိုနီးရှား)၊ Lufithansa (ဂျာမနီ)၊ မလေးရှား၊ လက်ဘနွန်၊ ဆော်ဒီအာရေးဗီးယား၊ ဆီးရီးယား၊ တူရကီ၊ ကနေဒါ၊ ဟန်ဂေရီ၊ ယီမင် နိုင်ငံတို့သည် အချိန်မရွေးဘေးအန္တရာယ်ကြုံနိုင်စရာရှိ၍ သတိပြုသင့်ပေသည်။

ထပ်မံ၍ အကြံပြုလိုသည်မှာ မည်သည့်လေကြောင်းလိုင်းပင်ဖြစ်စေ အထူးသတိထားသွားလာသင့်ပါသည်။ အထူးသဖြင့် ရာဟု၊ ဗုဒ္ဓဟူးသားသမီးများ လေကြောင်းခရီးသွားလာရာတွင် အထူးသတိထားဆင်ခြင်သင့်ပါကြောင်း။

၄။ ခုနစ်ရက်သားသမီးအပေါင်းတို့တွင် ရာဟုဂြိုဟ်အိပ်ရာဟုဂြိုဟ်စား သက်ရောက်ကာလများအတွင်းတွင် ကျရောက်နေသူများသည် ဤရာဟုဂြိုဟ်နှင့် မကင်းရာမကင်းကြောင်း ရောက်ရှိနေသည့် အသက်ပိုင်းအချိန်ကာလပိုင်းများ၌ ရတနာသုံးပါး အထူးဆည်းကပ်ခြင်း၊ အကုသိုလ်အလုပ်များရှောင်ရှားလျက် ကောင်းမှုကုသိုလ်များ တတ်အားတတ်စွမ်းသရွေ့ ကြိုးစားအားထုတ်ပြုလုပ်သင့်ကြပါသည်။ ဤခုနစ်နေ့ခုနစ်ရက်သားသမီးအပေါင်းတို့ ရာဟုဂြိုဟ်အိပ်ဂြိုဟ်စားသက်ရောက်ကာလများကို အလွယ်တကူသိရှိသတိထားနိုင်ကြစေရန် ဇယားဖြင့် ဖော်ပြလိုက်ပါသည်။

**၅။ အထူးသတိပြုသင့်သော ခုနစ်နေ့ခုနစ်ရက်သားသမီးများ**

ရာဟုဂြိုဟ်အိပ်ဂြိုဟ်စားကျရောက်ကြသည်မှာ အတူတူဖြစ်သော်လည်း ထိုရာဟုဂြိုဟ်စားကျရောက်ကြသူများအနက်မှ -

(၅-၁)။ (၁) ကြွင်းဖွားများသည် ရာဟုဂြိုဟ်အိပ်ဂြိုဟ်စားကျရောက်သည့်ကာလများအတွင်း အထူးဂရုစိုက်သတိထားလျက် သွားလာလှုပ်ရှား၊ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများ အားလုံးအစစအရာရာတွင် အထူးသတိထားသင့်ကြပါသည်။ ကျန်းမာရေးရှောင်တခင်ချို့တဲ့တတ်ကြပြီး မမျှော်လင့်သော ဘေးအန္တရာယ်၊ ဘေးဒုက္ခကြီးစွာသော ကိုယ်စိတ်ဆင်းရဲခြင်းသော့ကအတွေ့ကြုံရတတ်ပါလေသည်။ ထိုအထဲမှ တစ်ဖန် ဗုဒ္ဓဟူး ရာဟုသားသမီးများ၊ တနင်္ဂနွေသားသမီးများ၊ တနင်္လာသားသမီးများ အထူးပိုမိုဂရုပြု သတိထားသင့်ကြပါသည်။ နေ သတိ၊ ထိုင်သတိ၊ သွားသတိ၊ လာသတိ အစစသတိကြီးစွာထားကြပါလေ။

(၅-၂)။ ဒုတိယပိုမိုသတိထားသင့်သောသူများမှာ (၄) ကြွင်းသားသမီးများ (၃) ကြွင်းသားသမီးများ ဖြစ်ကြပါသည်။

(၅-၃)။ အထက်ပါ အချက် ( ချက်နှင့် ကိုက်ညီသူများသည် လည်း ကောင်း၊ ထိုအချက်များနှင့် ကိုက်ညီ မှုမက ဗုဒ္ဓဟူး၊ ရာဟုသားသမီးများ ဗုဒ္ဓဟူးရာဟုနံသင့် အမည်ပညတ်ရှိသူ များလည်း အထူးသတိထားသင့်အပ် ပါသည်။ ဥပမာ ဝေယံ၊ ရန်လင်း၊ ဝေ လင်း၊ ယဉ်ယဉ်၊ ယဉ်ယဉ်ဝင်း၊ ရန် အောင်၊ ဝင်းဝင်း၊ ရင်ရင်ဝင်း စသည်



www.burmeseclassic.com

www.burmeseclassic.com

ရာဟု၊ ဗုဒ္ဓဟူးနံသင့်အက္ခရာများ စိုးမိုးထွက်မှည့်ထားသည့်အမည်ပိုင်ရှင်များ။

(၅-၄)။ ဗုဒ္ဓဟူး၊ ရာဟုသားသမီးမဟုတ်သော်လည်း ဗုဒ္ဓဟူး၊ ရာဟုနံသင့်အမည်များမှည့်ထားသူများ၊ နာမက္ခရထိုင်အရ အမည်ဇောက်ထိုးဖြစ်သည့်အပြင် ထိုအမည်ဇောက်ထိုး၏ နောက်ဆုံးပိတ်နံမည်အက္ခရာသည် ဗုဒ္ဓဟူး၊ ရာဟုနံသင့်အက္ခရာအမည်ဖြစ်နေသူများလည်း သတိထားကြရန် လိုပါသည်။ ဥပမာ အကြွင်း (၃) နှင့် အကြွင်း (၄) သားသမီးများဖြစ်ပါက -

စိန်ဝင်း၊ ခိုင်လင်း၊ ခင်ခင်ဝင်း၊ အောင်ရဲလင်း၊ ထွန်းဝေယံ၊ ထိုက်ထိုက်ဝင်း ခင်သူဇာလင်း ဟူသော အမည်မျိုးများ ဖြစ်ပါသည်။

ဤသူရဇ္ဇမဂ္ဂဇင်းကြီး၏ စာဖတ်သူမိတ်ဆွေသတ်အပေါင်းနှင့် ခုနစ်နေ့ခုနစ်ရက်သားသမီးအပေါင်းတို့၏အကျိုးအလို့ငှာ ယခုအခါ ကျွန်ုပ်သည် မြန်မာကိုရော ကမ္ဘာကိုပါ အားကြီးအားကောင်းစွာ ခြယ်လှယ်ချုပ်ကိုင်ဒုက္ခပေးလျက်ရှိသော ရာဟုဂြိုဟ်သွမ်းဂြိုဟ်ရမ်းဂြိုဟ်ကြမ်းကြီးနှင့်ပတ်သက်၍ ပြုသင့်ပြုအပ်ရာသော နေ့နံသားအသီးသီးတို့၏ အသက်အပိုင်းအခြား အထူးသတိထားသင့်သော နေ့နံသားများနှင့် မည်သို့သောအမည်ပညတ်ရှိသည့်သူများအထိ ဖော်ထုတ်တင်ပြခြင်း ဖြစ်ပါသည်။

ရာဟုဂြိုဟ်သည် စ-ရေဓာတ်ခေါ် လေဓာတ်၊ ဝါယောဓာတ်သဘောအရ လျင်မြန်ဖျတ်လတ်သည့်သဘော၊ ရုတ်တရက် ဆိုင်းမဆင့်ဗုံမဆင့် မမျှော်လင့်ဘဲ ပေါ်လာပျောက်သွားတတ်သကဲ့သို့ မမျှော်လင့်ဘဲ ဘေးဒုက္ခအန္တရာယ်များကို ပေးစွမ်းနိုင်ပါသည်။ ငြိမ်သက်နေသော ပင်လယ်ပြင်၊ အေးချမ်းသာယာနေသောပင်လယ်ပြင်၊ တောတောင်မြေတို့၌ ရုတ်တရက် မိုးသက်လေပြင်းမုန်တိုင်းများ တိုက်ခတ်လိုက်သောအခါ လောကအားလုံး မှောင်ပိတ်ဖုံး၍ ကန်လှုပ်ချောက်ချားကြောက်မက်ဖွယ်အသွင်ပြောင်းသွားသကဲ့သို့ အထက်၌ ကျွန်ုပ် သတိပေးတင်ပြထားသည့် ရာဟုဂြိုဟ်ဆိုးဂြိုဟ်ကြမ်းနှင့် မကောင်းရာမကောင်းကြောင်း ဂြိုဟ်အား သက်ရောက်ကာလအတွင်းကျရောက်နေသည့် ခုနစ်နေ့ခုနစ်ရက်သားသမီးအပေါင်းတို့သည်လည်း ဘာမှမဖြစ်သေးဟုဆိုကာ ပေါ့ဆနေကြပါနှင့်။ သတိထားလျက် ရတနာသုံးပါးဆည်းကပ်၊ ကောင်းမှုကုသိုလ်တွေ အထပ်ထပ်ပြုနိုင်ပါမှ တော်ကာကျမည်ဖြစ်ကြောင်း သတိထားကြပါလေကုန်။

ရာဟုသည် စိတ်ကို လေလွင့်စေပါသည်။ တွေဝေစေပါသည်။ တုန်လှုပ်ချောက်ချားစေပါသည်။ ထို့ကြောင့် ကျွန်ုပ် လေ့လာတွေ့ရှိသမျှ ရာဟုနှင့်မကင်းသူတိုင်း စိတ်လေလွင့်တတ်ကြပါသည်။ အကြောင်းမရှိဘဲ စိတ်တွေလေး၍ စိတ်မပျော်ဖြစ်နေတတ်ကြကြောင်း၊ အိမ်မှ ထွက်သွားလိုစိတ်မျိုး၊ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံလိုသောစိတ်မျိုးတွေ မကြာခဏပေါ်နေတတ်ကြကြောင်းတွေ့ရပါသည်။

တစ်ဖန် ဤရာဟုနှင့်ပတ်သက်နေသောသူများ၌ မမျှော်လင့်ဘဲ ဖျားနာခြင်း၊ နေထိုင်မကောင်းဖြစ်ခြင်း၊ မမျှော်လင့်ဘဲထိခိုက်ခြင်း၊ စီးပွားများပျက်ခြင်း၊ လုပ်ငန်းကိုင်ငန်းများ ကသောင်းကနင်း၊ ကစဥ့်ကလျားဖြစ်ခြင်းများနှင့် ကြုံတွေ့ရလေ့ရှိကြောင်း တွေ့ရပါသည်။ အချို့မမျှော်လင့်ဘဲ ရုတ်တရက်လေဖြတ်ခြင်း၊ ကိုယ်တစ်ပိုင်းသေခြင်းများ မကြာခဏဖြစ်တတ်ကြပြန်ပါသည်။

အထူးသတိပြုရန်တစ်ခုမှာ ရာဟုနှင့် ပတ်သက်နေသော ကာလများ၌ တချို့သူတို့မှာ ပထမ၌ မိတ်သစ်များတိုးလာခြင်း၊ မျက်နှာပွင့်လန်းလာပြီး ဆန့်ကျင်ဘက်လိင်များ၏ စိတ်ဝင်စားမှုတွယ်ငြိလာမှုများနှင့် ကြုံတွေ့လာခြင်း၊ ကာမဂုဏ်အာရုံများခံစားလိုစိတ်များပြားလာခြင်းများဖြစ်လာပြီး မိမိကိုယ်မိမိဟုတ်လှပြီဟုထင်နေကြရပြီဆိုလျှင် သတိသာထားကြပါတော့ဟု ပြောလိုပါသည်။ ထိုအခြေအနေများသည် မကြာခင်သင့်၌ ထိုသုခချမ်းသာများနှင့်မကာမိအောင်ကြီးစွာသော ကိုယ်စိတ်ဆင်းရဲခြင်း၊ ဘေးဒုက္ခအန္တရာယ်များနှင့် မကြာခင် မမျှော်လင့်ဘဲ ရုတ်တရက်ကြုံတွေ့ရတော့မည်ကို ပြဆိုနေကြောင်း အထူးသတိထားကြပါလေ။

တစ်ဖန် မိမိတို့ တတ်ကျွမ်းနားလည်သမျှ ရာဟု (ဗုဒ္ဓဟူးသည်) မူလမဟာဘုတ်ခွင်၌ သိုက်၊ အထွန်း၊ ရာဇ၊ အဓိပတိ စသော ကြွေအိမ်၌ကျသဖြင့်လည်းကောင်း၊ မိမိနှင့် စရေ ဟူသော ဓာတ်ဖက်ကျသဖြင့် လည်းကောင်း၊ မိတ်ဖြစ်သဖြင့် လည်းကောင်း ဒုက္ခမပေးနိုင်ဟု လုံးဝမထင်လိုက်ပါနှင့်။ မုန်ယိုနေသောဆင်၊ စိတ်ရိုင်းဝင်နေသောဆင်သည် မိမိသခင် ဆင်ဦးစီးပင် ပြန်နင်းသတ်ရန် ဝန်မလေးသကဲ့သို့ ယခု ကမ္ဘာလောကကြီးတစ်ခုလုံးကို စိုးမိုးခြယ်လှယ်ဒုက္ခပေးနေသောရာဟုဂြိုဟ်ကြီးမှာလည်း အထူး အားကြီး အားကောင်းစွာ ကြမ်းတမ်းဆိုးသွမ်းဟောင်ရမ်းနေပါသောကြောင့် မိတ်လည်းမရှောင်၊ ရန်လည်းမရှောင်၊ ဓာတ်ဖက်လည်း ဂရုစိုက်မည်မဟုတ်ပါ။ ယင်း၏ စိုးမိုးမှုအောက် ဂြိုဟ်စားသက်ရောက်၊ အမည်ပညတ်နံသင့်ပတ်သက်သူမှန်သမျှ အားလုံးကို တွေ့မရှောင်ဒုက္ခပေးမည်သာဖြစ်သောကြောင့် ကျွန်ုပ် ဤဆောင်းပါးကို ရေးရခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်၌ ကျွန်ုပ် တင်ပြဆွေးနွေးခဲ့သည့် အချက်အလက်များနှင့် အကျုံးဝင်လျက် ရာဟုဂြိုဟ်ကြမ်းဂြိုဟ်သွမ်းဂြိုဟ်ရမ်းကြီးနှင့် မကင်းရာမကင်းကြောင်း ပတ်သက်နေသမျှကာလပတ်လုံး ခုနစ်နေ့ခုနစ်ရက်သားသမီးအပေါင်းတို့သည် -

၁။ ရတနာသုံးပါးကို မပြတ်ဆည်းကပ်ခြင်း။
၂။ ပရိတ်တော်များ အထူးသဖြင့် မေတ္တာပရိတ်၊ ပုဗ္ဗဏှသုတ်များ၊ ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း။
၃။ ဂါထာမန္တန်များအနေဖြင့် နမောတောဂါထာ၊ သမ္ဗုဒ္ဓေဂါထာတော်ကြီးများကို မပြတ်ရွတ်ဖတ်ပူဇော်ဆောင်ယူခြင်း။
၄။ ပညာရှင်များနှင့် တိုင်ပင်လျက်လောကီပညာဓာတ်ယတြာအစီအရင်များကို ပြုလုပ်ကြခြင်းဖြင့် ရာဟုဂြိုဟ်ကြီး၏ ဘေးရန်အန္တရာယ်ဘေးမှ ကင်းဝေးအောင် သတိထား ရှောင်ကြဉ်နိုင်ကြပါစေကြောင်း -

ကောင်းမြတ်သော မနသီကာရဖြင့် ရေးသား အကြံပြု တင်ပြလိုက်ပါသည်။

စာဖတ်သူအပေါင်း ရာဟုဂြိုဟ်ဘေးအန္တရာယ်မှ ကင်းဝေးကြပါစေကြောင်း ဆုမွန်ကောင်းကောင်းလိုက်ပါသည်။

*မေတ္တာများဖြင့်-*

*အနန္တစကြဝဠာအနန္တသတ္တဝါတို့ ချမ်းသာကြပါစေ။*

တိရတနာ-ဆရာဇေယျာလင်း
(ကတ္တီပါပိန်ပ်စီး၊ ရွှေထီးဆောင်း)



www.burmeseclassic.com

www.burmeseclassic.com

မောင်လှုယဉ်(ဖော်လမြိုင်)

# ပျိုပျိုမမတို့ဆံကေသာရှင်သန်စေရန်

ဒီခေါင်းစဉ်ကြည့်လိုက်ပြီး ကိုကို၊ ဦးဦးတို့ ယောကျ်ားသားများအတွက် မဟုတ်ဘူး၊ မဆိုင်ဘူးဟု မထင်စေလိုပါ။ ဆံပင်ရှိသူ၊ ဆံပင်ပေါက်သူတိုင်းအတွက် အားလုံးသက်ဆိုင်ပါတယ်။

ကမ္ဘာ့ထိပ်ပြောင်ကြီးများ၊ ဆံပင်မသန်သူများ၊ ဆံပင်အထွေးလိုက်ကျွတ်သူများသုံးစွဲရန် သင့်တော်ပါတယ်။ ယနေ့ နိုင်ငံတကာက ဆံပင်သန်ဆေး၊ ဆံပင်ပေါက်ဆေးများ၊ အလှကုန်ဆိုင်များမှာ တင်ရောင်းနေတာကို တွေ့ရမှာပါ။ ဆေးနှုန်းလည်းသင့်ပါတယ်။ ဒါပေမယ့် ဓာတုဗေဒပစ္စည်းတွေ ပါဝင်နေတော့ တချို့ သွေးနဲ့မတည့်တာတွေဖြစ်ကြပါတယ်။

အခု ကျွန်ုပ်ဖော်ပြပေးမယ့် နည်းက ငွေကုန်ကြေးကျမရှိ၊ ဘေးထွက်ဆိုးကျိုးမရှိတဲ့နည်းလေးပဲဖြစ်ပါတယ်။ သုံးကြည့်ပါလို့ အတင်းမတိုက်တွန်းလိုပေမယ့် သုံးသင့်တယ်လို့တော့ထင်ပါတယ်။

ဒီနည်းဟာ ကျွန်ုပ်တူရဲ့ဇနီးနဲ့ သူမရဲ့ အဘိုးအဘွား၊ မိဘတွေရဲ့ အိမ်တွင်းသုံးဆေးနည်းတိုဖြစ်ပြီး သူမတို့ မိဘဘိုးဘွားတွေပြောပြခဲ့တာပါ။

ကျွန်ုပ်က လက်တွေ့သမားဆိုတော့ လက်တွေ့ကျ၊ မကျ စဉ်းစားမိပါတယ်။ တူမဆံပင်ကိုကြည့်တော့လည်း သည်ခေတ်မိန်းကလေးတွေလို ဆံပင်တိုနန့်နန့် မဟုတ်ပါဘူး။

သူမဆံပင် ဖြေချလိုက်ပါက ခြေမျက်စိလောက်အထိ ရောက်နေတာကို တွေ့ရပြီး သူမလက်နဲ့ ဆံပင်ရင်းကို ဆုပ်ကိုင်ခိုင်းကြည့်တော့ လက်ညှိုးနဲ့ လက်မမထဲဘဲ လက်နှစ်လုံးလောက်ကွာနေတာကို ကျွန်ုပ်တွေ့ရပြန်တယ်။

ကျွန်ုပ် ဒီကိစ္စကို မေ့မေ့လျော့လျော့ဖြစ်နေခဲ့ပါတယ်။ တစ်နေ့တော့ ကျွန်ုပ်အစ်ကို ကျွန်ုပ်နေသောခြံမှ ရခိုင်ငှက်ပျောခိုင်တစ်ခိုင်ကို ခုတ်သွားပြီး အိမ်ပြန်သွားတယ်။ နောက်နေ့မနက် ကျွန်ုပ်လည်း သူတို့အိမ်ကိုအလုပ်ရှိလို့ ရောက်သွားပါတယ်။

"ဘရေ၊ မီးကို တစ်ခုကူညီပါဦး"

"ဟ - ဘာကူညီရမှာလဲ။ ရှင်းရှင်းပြောစမ်းပါ ဒေါ်မီးရယ်"

"ဒီလိုပါ ဘရေ၊ ဘခြံထဲက အဖေ ရခိုင်ငှက်ပျောခုတ်လာတယ်မဟုတ်လား။ အဲဒီခုတ်လှဲပြီးလို့ကျန်တဲ့အရင်းကထွက်လာတဲ့ ငှက်ပျောအရည်ကို မီးလိုချင်လို့ပါ"

"အေး - လိုချင်တာတော့ဟုတ်ပါပြီ။ ငါဘာလုပ်ပေးရမှာလဲ"

"လွယ်လွယ်လေးပါ ဘရယ်။ ကျန်တဲ့အရင်းကို အလယ်ကအူတိုင်တွေ ထုတ်လိုက်ရင် တွင်းလေးဖြစ်သွားပြီ မဟုတ်လား။ ဖုန်၊ သဲမဝင်အောင် အပေါ်က အဖုံးလေးနဲ့အုပ်ထားလိုက်ပေါ့ ဘရဲ့"

"ကဲ - အုပ်ပြီးပြီ။ နောက်ဘာဆက်လုပ်ရမလဲ ဆရာမဒေါ်မီး"

ဘကလည်းတုံးပ့ါ။ နောက်နေ့ ဖုံးထားတာလေးကိုဖွင့် အထဲမှာ ငှက်ပျောအူတိုင်က ထွက်တဲ့အရည်တွေ အဘတွေ့ရမယ်။ ဒီအရည်ကို ဇွန်းနဲ့ခပ်ပြီး အုပ်ထား၊ ပုလင်းလွတ်ထဲထည့်ပြီး မီးကိုလာပေးပေါ့"

"ဟ - ညည်းက ဒီအရည်ကိုဘာလုပ်မှာလဲ။ ငါ့ကိုပြောပြပါလားဦးဟယ်"

"ဒီလို ဘရေ၊ မီးဆံပင်ကိုကြည့်ပါလား"

"အေး - ကြည့်တော့ ဆံပင်က အုံကလည်းကောင်း ရှည်ကလည်းရှည်ဆိုတော့ ရောင်းစားရရင် ရှယ်ပေါ့ဗျာ"

"မနောက်နဲ့ ဘရေ၊ အကောင်းပြောမလို့ပါ။ မီးငယ်ငယ်ကတဲ့ အမေတို့က မွေးဆံပင်ကိုရိတ်ပေးပြီး မကြာခင်မှာပဲ အပြင်းဖျားတယ်ဆိုပဲ။ နောက် ဆယ်နှစ်သမီးလောက်မှာ တစ်ခါထပ်ဖျားပြန်ရောတဲ့။ အဖျားလည်းပျောက်ပြီး မကြာခင်မှာပဲ ဘရေ မီးဆံပင်တွေကျွတ်တာထွေးခနဲထွေးခနဲပါပဲ။ ခေါင်းတုံးမကတောင် အစ်မခေါ် ရမယ့်ကိန်းပါပဲ။

တစ်နေ့တော့ ဘရေ၊ မုပ္ပန်ကျောက်တန်းကျေးရွာက အမေ့သူငယ်ချင်း ကြီးတော်ပေးတဲ့ ဆေးနည်းကြောင့် အခု ဘမြင်နေရတဲ့ ဆံပင်တွေသန်မာလာပြီး ပြန်ပေါက်လာတာပဲ ဘရေ"

သည်တော့ ကျွန်ုပ်ကလည်း အကြောင်းစုံသိအောင် ထပ်မေးရပြန်တယ်လေ။

"ဆက်ပြောစမ်းပါဦးဟ။ ညည်းဆံပင်တွေပြန်ပေါက်လာတာ၊ ပြန်သန်လာတာကို ဒီငှက်ပျောအရည်နဲ့ဘယ်လိုဆွတ်ရတယ်။ ဘယ်လိုသုံးရမယ်ဆိုတာကိုလည်း ပြောပြဦးလေ"

"ဒီလိုဘရေ၊ ငှက်ပျောပင်စည်က ရယူထားတဲ့အရည်ကို မီးတို့ ဆံဦးရည်မှာဆွတ်ပေးပေါ့။ အဲ - ဆွတ်တဲ့နေ့ကစပြီး နှစ်ရက်၊ သုံးရက်လောက် ဦးခေါင်းမလျှော်ဘဲ နေပေးရမယ်။ဘာကြောင့်လဲဆိုတော့ ဆွတ်ထားတဲ့ ငှက်ပျောရည် ဦးခေါင်းထဲစိမ့်ဝင်သွားရအောင်လို့လေ"

"နောက်ကောရှိသေးလား မီးရ"

"ရှိသေးတယ် ဘရ။ ဒီငှက်ပျောပင်စည်အရည်ဦးခေါင်းထဲ စိမ့်ဝင်သွားပြီဆိုမှဖြင့် မီးလေ စိတ်ရောလူပါ လန်းဆန်းကြည်လင်လာတာပဲဘရေ။ တစ်လ ကို နှစ်ကြိမ်လောက် မီးဦးခေါင်းကို ဆွတ်ပေးတာနဲ့ အခုလို မီးဆံပင်တွေ ပြန်ပေါက်ပြီး ရှည်လာတာပါပဲ ဘရေ။ ဒါ လက်တွေ့ပါ"

ကျွန်ုပ် တူမရဲ့ လက်တွေ့နည်း သိရပေမယ့် မေးချင်တာလေးကရှိ ပြန်တော့ မေးရပြန်တယ်။

"တို့ယောကျ်ားလေးတွေအတွက် ကော ဒီငှက်ပျောအရည်ကို သုံးလို့ ဘူးလား မီးလေးရ"

"ရတာပေါ့ ဘရ။ ယောကျ်ား လည်း ဆံပင်ကျွတ်တယ်။ ဆံပင်မပေါ ဘူး။ ထိပ်ပြောင်နေတယ်ဆိုသူများ လည်း ဒီငှက်ပျောရည်နဲ့ ငယ်ထိပ် မကြာမကြာဆွတ်ပေးရင် ပြန်ပေါက် တယ်လို့ ဆေးနည်းပေးတဲ့ မုပ္ပန်ကျော တန်းကျေးရွာက ဒေါ်ကြီးက ပြော သေးတယ် ဘရေ။ ငွေကုန်ခံနိုင်သူ ကတော့ နိုင်ငံခြားကလာတဲ့ဆေးတွေ ဈေးကြီးကြီးပေးဝယ်ပြီး သုံးနိုင်ကြ မယ့် မီးတို့ကတော့ ဒီမိရိုးဖလာဆေး နည်းကိုပဲ အန္တရာယ်ကင်းစွာနဲ့သုံးတ ဘရေ"

(တူမငယ် မီးရဲ့ ပြောပြတာ သူမဆံပင် သန်စွမ်းနက်မှောင်နေ ရယ်ကိုတွေ့ပြီး ဤစာစုကို ရေးလို ပါတယ်။ နောက် ကျွန်ုပ်အတွေး ငှက်ပျောပင်ဟာ နွေ၊ မိုး၊ ဆော မသေဘဲ သူ့ပင်စည်မှာ သတ္တုရည် သိုမှီးထားတော့ ဓာတ်ကြီးလေး စုဝေးရာလည်း မဖြစ်နိုင်ဘူးလားဗျာ

ကောင်းကျိုးလိုရာပြည့်

မောင်လှုယဉ် (ဖော်



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ခင်မောင်လေး


# ဆံတော်ရှင်ဇိနမာရ်အောင်(ဦးဇိန) စေတီတော်သမိုင်း

အပိုင်း-၃


ရဟန်းရှင်လူများ၏ အကြံပြုချက်အရ ဗုဒ္ဓမြတ်စွာ၏ခြေတော်ရာနှစ်ဆူကို ဆောင်ဇိနမာန်အောင်စေတီကြီးအနီးတွင် တည်ထား၏။ ယင်းခြေရာတော်ရာနှစ်ဆူကိုမှန်ခ်ထွင့်လေးမျက်နှာကပ်ထားသော ပြာသာဒ်နှင့် တင့်တင့်တယ်တယ်စံပယ်ဆောင်၏။

ဘုရားဒကာကြီးဦးမိုး၏ ကျောက်စာကြောင်းရေ (၄၀-၄၁) တွင် 'ရှင်ရင်းလူထွတ် ဝိသုန်နတ်၏ ဓာတ်မွေသရီ ကိန်းမှီစံရာ မဟာဇိနမာရ်အောင် တန်ဆောင်းညီးညီး ရွှေစေတီတော်ကြီးနှင့်' ဟူ၍ ရေးထိုးထားသည်။ သည်ကျောက်စာအရ ဇိနဆံတော်ရှင်စေတီတွင် မြတ်စွာဘုရား၏ သရီရဓာတ်လည်း ကိန်းဝပ်လျက်ရှိကြောင်း သိရှိရ၏။ သည့်ကြောင့် ဇိနမာရ်အောင်(ဦးဇိန) စေတီတွင် ဆံတော်အပြင် မြတ်စွာဘုရား၏သရီရဓာတ်များပါဌာပနာထားကြောင်း အခိုင် အမာပြောနိုင်၏။

ဆိုခဲ့သည့်အတိုင်း ဘုရားဒကာဦးမိုးသည် ဇိနမာရ်အောင်စေတီကြီးနှင့် ခြေတော်ရာနှစ်ဆူကို တည်ဆောက်ပြီးနောက် အလှူကိုရေစက်ချ၏။ ထိုသို့ အလှူရေစက်ချရာတွင် မွန်-ဗမ ရဟန်းတော်နှစ်ပါးအား ဝိနယသဏ္ဌာယနမမှ သဘင်စီရင်ကျင်းပ၏။ ထိုသို့ ကျင်းပရာ










www.burmeseclassic.com

www.burmeseclassic.com











တွင် ဓမ္မပူဇာကုသိုလ်တရားကို ပြန့်ပွားစေလိုသဖြင့် အရှင်မြတ်(၆၇)ပါးတို့အား အောက်ပါအတိုင်း အဆင့်ငါးဆင့်ခွဲခြားသတ်မှတ်လိုက်၏။

၁။ ဝိနည်း(၄)စောင်ပါဌ်အနက်အရ ရဟန်းတော်များကို (၁) နံပါတ်၊

၂။ ဝိနည်း(၄)စောင်ပါဌ် (၇၃)စောင်မျှရသော ရဟန်းကို (၂) နံပါတ်၊

၃။ (၄) စောင်ပါဌ် (၇၂) စောင်မျှ အနက်ရသော ရဟန်းတော်ကို (၃) နံပါတ်၊

၄။ (၄)စောင်ပါဌ်ရသော (၇၁)စောင်မျှသော ရဟန်းတော်ကို (၄) နံပါတ်၊

၅။ (၄) စောင်ပါဌ်ရသော ရဟ... တော်ကို (၅) နံပါတ်ဟူ၍ ခွဲခြ... သတ်မှတ်၏။

ဤသို့ ခွဲခြားသတ်မှတ်ပြီးနော... မြန်မာရဟန်းတော်များအား မြန်... လေ့အကျင့်အစဉ်အလာအတိုင်း ရွ... ဖတ်သရဇ္ဈာယ်စေ၏။ မွန်ရဟန်းတော်... များအားလည်း မွန်လေ့အကျင့်အ... အလာအတိုင်း ရွတ်ဖတ်စေ၏။


ဦးမိုးသည် ဘုရားထီးတင်ပွဲ... နောက် စာပြန်ပွဲကိုလည်း ပြုလုပ်... ၏။ ယင်းဝိနည်းတော်ပြန်စာမေးပွဲ... ကို ၁၂၅၄ ခု၊ တပို့တွဲလအထိ လေ... တိုင်တိုင် ကျင်းပစာပြန်ပွဲသို့ကြွရော... လာသည့် ရဟန်းတော်များကို တစ်... လျှင် (၂၀၀) တန် ပဒေသာပင်... ဆက်ကပ်လှူဒါန်းခဲ့၏။ စာပြန်ပွဲ... (၄) လတိုင်တိုင်ကြာမြင့်ခဲ့ရာ ထို... ကာလအတွင်း လာလာသမျှ ရဟန်း...



www.burmeseclassic.com

www.burmeseclassic.com











…များအား ထမင်းရေချောင်းစီးမျှ …ရောစွာ အလှူကြီးပေးလှူခဲ့၏။ …အခါ ရင်ပြင်တော်ပေါ်ရှိ ကမ္ပည်း …ကျောက်စာမှာ မော်လမြိုင်မြို့ ထားဝယ်စု …နေ စေတနာရှင်သူဌေးကြီး ဦးမိုးနှင့် … ဒေါ်ငြိမ်းကောင်းတို့၏ အလှူမှတ် …ကမ္ပည်းစာဖြစ်၏။

ဦးမိုးပြီးနောက် အငြိမ်းစားယစ်မျိုး …အအေဟဲရစ်၏ မိဘများက ရွှေအတိ …သော စိန်ဖူးတော်ကို ဦးဇိနဘုရားအား …လှူပူဇော်ခဲ့၏။ နေ့ရက်ကိုကား …ကမ်းမှတ်ရာဖြင့် မှတ်သားခြင်းမရှိ …

အေဒီ ၁၉၅၇ တွင် ဦးဇိနဘုရား … ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က …ကန်းကပ်လှူရန် အလှူငွေကောက် … အလှူငွေ(၂၀၀၀၀)ရ၏။ ယင်းငွေ … ဘုရား၏ထီးတော် ဖောင်းရစ်အထိ …ကန်းကပ်လှူနိုင်ခဲ့၏။


ခရစ်နှစ် ၁၉၆၀ ပြည့်နှစ်တွင် …နှစ် ၁၃၂၉-၃၀ တွင် ဦးဇိနစေတီတော်၏အရှေ့ဘက် ရင်ပြင်တော်တစ်ခုလုံး ပြိုကျခဲ့၏။ ရင်ပြင်တော်ကို ပြုပြင်ရန်အတွက် ရင်ပြင်တော်ယာယီပြုပြင်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့၏။ ယင်းအဖွဲ့၏ ဒုဥက္ကဋ္ဌအဖြစ် ဦးဝါစိန် အမှတ် (၄၅၆)၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့က ဆောင်ရွက်၏။ အလှူငွေကောက်ခံရာ အလှူတော်ငွေ (၂၅၂၂၀. ၂၀) ကျပ် ကောက်ခံရရှိ၏။ ယင်းအလှူတော်ငွေဖြင့် ရင်ပြင်တော်ကိုပြုပြင်ရာ (၂၂၇၉၁ . ၂၅) ကျပ် ကုန်ကျခဲ့၏။

ထိုမှတစ်ဆက်တည်း သူဌေးကြီး သတိုးသီရိသုဓမ္မာဆာဦးသွင်က ဖောင်ရစ်အပေါ်ပိုင်းမှ ခေါင်းလောင်းပုံအထိ



www.burmeseclassic.com

www.burmeseclassic.com







ထပ်မံရွှေသက်န်းကပ်လှူသည်။ အေဒီ ၁၉၇၈တွင် သတိုးသီရိသုဓမ္မာဆာဦးသွင် ကပင် လက်ရှိဂေါပက၏အကူအညီဖြင့် စိန်ဖူးတော်ကိုထပ်မံ၍ရွှေဖြင့်ပြုလုပ်စေပြီး စိန်၊ ကျောက်၊ မြ၊ ရတနာတို့ဖြင့် ခြယ်လှယ်ကာ စိန်ဖူးတော်အသစ်ကို တခမ်းတနားတင်လှူပူဇော်ခဲ့သည်။ မြို့သူမြို့သားတို့ကလည်း သဒ္ဒါအလျောက် ထည့်ဝင်လှူဒါန်းကြ၏။

▫ ပန်းရုံပျံ့ဝတ်

ပန်းရုံပျံ့ဝတ် ဒါယကာကား ဦးသာညွှင်း ဖြစ်၏။ ဦးသာညွှင်းသည် မော်လမြိုင်မြို့မှသူဌေးကြီးတစ်ဦးဖြစ်၏။ ဥစ္စာဓနကုံလုံကြွယ်ဝ၏။ ဂျီစီဘီအေ အသင်းဥက္ကဋ္ဌ သမ္မတဦးချစ်လှိုင်၏ ဖခင်ဖြစ်၏။ ဦးချစ်လှိုင်ကို ဝံသာနုဦးချစ်လှိုင်ဟူ၍လည်း အများကသိထားကြ၏။ ဦးသာညွှင်းသည် အမျိုးဘာသာသာသနာကို စောင့်ရှောက်၏။ အလှူအတန်းရက်ရော၏။ သည့်ကြောင့် မော်လမြိုင်တစ်မြို့လုံး ဦးသာညွှင်းလှူဒါန်းခဲ့သည့် သာသနိက အဆောက်အအုံများမှာ လက်ညှိုးထိုးမလွဲရှိခဲ့၏။ သို့သော် ဦးသာညွှင်းကား အားမရ။ လှူချင်တန်းချင်စိတ်က အမြဲတစေ စေ့ဆော်နေ၏။ ရှင်မဟာဗုဒ္ဓဃောသ အထက်တန်းကျောင်း (ယခုအမှတ်-၉၊ အ-ထ-က)ဝင်ရှိမမွှာရုံကြီးနှင့် သုံးထပ်ကျောင်းဆောင်ကြီးဆောက်လုပ်ရာတွင် မတည်ငွေများရက်ရက်ရောရော ပါဝင်လှူဒါန်းခဲ့၏။ မြန်မာနှစ် ၁၂၆၁ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်၌ သံဃာတော်အရှင်မြတ်များအား အ[illegible] တစေ ဆွမ်းစရိတ်ငွေ (၁၅၀၀) လှူဒါန်း





www.burmeseclassic.com


www.burmeseclassic.com

ခြင်း၊ မန္တလေးမြို့သကျသီဟပရိယတ္တိ သာသနဟိတအသင်းသို့ နှစ်စဉ်စာမေးပွဲ သဘင်ကျင်းပနိုင်ရန် အုတ်တိုက်ဓမ္မာရုံ ဇရပ်ကြီးတစ်ဆောင် ဆောက်လုပ်လှူ ဒါန်းခဲ့၏။ စစ်ကိုင်းတောင်ရိုးရှိ သံဃာ တော်များ၊ သီလရှင်များ သောက်သုံးရေ အလုံအလောက်ရရှိအောင် ရေတင်စက် ဝယ်ယူရန်အတွက် မတည်ငွေများလှူ ဒါန်းခဲ့၏။ သည့်နောက် ၁၂၆၆ ခုနှစ်တွင် ဝတ်ကြီးတစ်ခုဆောက်လုပ်ခဲ့၏။

ဝတ်ကြီးနှင့်ပတ်သက်၍ ထူးခြား သောအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည် ကို တွေ့ရှိရ၏။ တစ်ညတွင် ဦးသာညွှန်း ထူးခြားသောအိပ်မက်တစ်ခုမြင်မက်၏။ အိပ်မက်ကား ဦးသာညွှန်းအား အဘိုးအို တစ်ဦးက ဦးဇိနဘုရားသို့ခေါ်သွား၏။ သည့်နောက် ဘုရားပေါ်မှမြောက်ဘက် စောင်းတန်းအတိုင်းဆင်းလာ၏။ ယခု [illegible]န်းရုံပျံဝတ်နေရာအရောက်တွင်အဘိုး အိုက ဦးသာညွှန်းအား 'လူကလေး၊ ဒီ နေရာမှာအခုဖူးမြော်နေရတဲ့ပုံစံအတိုင်း ဝတ်တော်ကြီးတစ်ဆောင်ဆောက်လုပ် ပါ'။ ထိုသို့ပြောဆိုပြီး အဘိုးအိုက ဦးသာ ညွှန်းအား ဝတ်တစ်ခုအတွင်းသို့ ခေါ် ဆောင်သွား၏။ ဝတ်တော်ကြီးတွင် ထူးခြားသော ဆင်းတုတော်များကို ဦးသာညွှန်းဖူးမြင်ရ၏။ ရုပ်ပွားတော်ကို ဦးသာညွှန်းဖူးမြော်၍မဝနိုင်ဖြစ်နေ၏။ သည်အခါ အဘိုးအိုက 'လူကလေး၊ အခုမြင်ရတဲ့ပုံအတိုင်းတူအောင်လုပ်ပါ' ဟု ဆိုပြီး အဘိုးအိုကွယ်ပျောက်သွား၏။ ဦးသာညွှန်းလည်း အိပ်မက်မှလန့်နိုးလာ ၏။













www.burmeseclassic.com

www.burmeseclassic.com









ထိုနေ့မှစ၍ ဦးသာညွှင်းအိပ်
ကို အကောင်အထည်ဖော်ရန် ပန်
ဆရာများကို လိုက်ရှာ၏။ မည်သို့
နာမည်ကြီး ကျွမ်းကျင်သော ပန်
ဆရာ၊ လက်သမားဆရာဖြစ်စေ ဦး
ညွှင်း၏ အိပ်မက်ထဲကအတိုင်း လု
နိုင်စွမ်းမရှိ လက်လျှော့သွားကြ
ချည်းဖြစ်၏။ ဦးသာညွှင်း လက်မှိုင်
မလိုဖြစ်နေ၏။

ထိုသို့ရှိနေစဉ် တစ်နေ့သော
ဦးသာညွှင်းထံသို့ လူတစ်စုရောက်
၏။ စုစုပေါင်း လူငယ်(၂၇)ဦး ဖြ
ဦးသာညွှင်းလိုချင်သည့်ပုံစံ၊ အိပ်မ
ကပုံစံအတိုင်း ဝတ်တော်ကြီးနှင့် ဆ
တော်များကို ဆောက်လုပ်ပေးနိုင်
ဟု ဆို၏။ ဦးသာညွှင်း အတိုင်
ဝမ်းမြောက်သွား၏။

လူငယ် (၂၇) ဦးအနက် ခေ
ဆောင်လုပ်သူကသာ ဦးသာညွှ
ဒိုင်ခံစကားပြောခဲ့၏။ ကျန်သူမျ
ဘာမှမပြောမဆို တုဏှိဘာဝေခံ
သာနေ၏။ ဦးသာညွှင်းက ဝတ်တော်
ဆောက်လုပ်ပေးနိုင်မည့်သူကို တွေ့
သဖြင့် ဝမ်းသာပီတိဖြစ်နေ၏။ လူ
များကို မြင်မြင်ချင်းပင်ကို လူငယ်
အား အလုပ်အပ်၍ ဝတ်တော်ကြီး
ဆောက်ရေးကို အကောင်အထည်
ချင်၏။ သည့်ကြောင့် ကုန်ကျမည့်
ကျစရိတ်ကို လူငယ်ခေါင်းဆောင်
မေး၏။ လူငယ်ခေါင်းဆောင်က လ
ကြေးငွေမှာ အရေးမကြီးကြောင်း
လက်ရာကိုကြည့်ပြီး စိတ်ကြိုက်
ဈေးစကားပြောမည်ဖြစ်ကြောင်းပြ
၏။


ဦးသာညွှင်းလည်း ဝတ်တော်
ဆောက်လုပ်ရေးနှင့် အပေါ်ကအပြ
ဆင်ဆင်းတုတော်များ ထုလုပ်ကိုး
ရန်အတွက် ပစ္စည်းများကိုမပြတ်ပို့
၏။ သူကိုယ်တိုင်လည်း ဝတ်ကြီးဆော
လုပ်နေသည်ကို နေ့စဉ်လာရောက်
ရှု၏။ လူငယ်အလုပ်သမားများအ
ထမင်း၊ ဟင်းများ နေ့စဉ်ယူဆောင်
၏။

ယင်းလူငယ်အလုပ်သမားမျ
ပတ်သက်၍ ဦးသာညွှင်းထူးထူးခြာ
သတိပြုမိသောအရာတစ်ခုရှိ၏။
အရာကား ထိုအလုပ်သမားလူ
များသည် အခြားပန်းရန်ဆရာမျ
အချင်းချင်းစကားပြောဆိုခြင်း၊ အော်
သီချင်းဆိုခြင်း၊ ဆဲဆိုကြိမ်းမော
မရှိ။ ကိုယ့်အလုပ်ကိုသာ

www.burmeseclassic.com

www.burmeseclassic.com









ဆိတ်ဆိတ်လုပ်နေကြသည်။ နောက် ချက် ယင်းလူငယ်များသည် ဘယ် အခါမှ မျက်တောင်ခတ်ခြင်းမရှိ။ သည်ကိုလည်း ဦးသာညွှင်းသတိထား

ထိုမျှသာမဟုတ်၊ ဦးသာညွှင်း ယူသွားသည့် ထမင်း၊ ဟင်းများကို ယ်တို့က လက်ဖျားနှင့်ပင်မတို့။ စားခြင်း၊ ရေသောက်ခြင်း၊ အလေး သွားခြင်းအလျှင်းပင်မရှိ။ ညနေ သိမ်းချိန်ကျရင်လည်း ဘာမှမပြော နှုတ်ဆက်စကားလည်းမပြောဘဲ လို့သာ တိတ်တဆိတ်ပြန်သွားကြ ဤသည်ကို နေ့စဉ်မြင်တွေ့နေရ ဦးသာညွှင်းစိတ်ထဲ ထူးထူးခြားခြား နေရ၏။ သို့သော် လူငယ်များအား တစ်ရာ မေးမြန်းပြောဆိုခြင်းကာ

ယနေ့ကား ဦးသာညွှင်းစိတ်ထဲက ထူးထူးခြားခြားခံစားနေရသော လူငယ် ပန်းရန်သမား (၂၇) ဦးတို့၏ ဝတ်တော် ကြီးဆောက်လုပ်ရေးလုပ်ငန်းအပြီးသတ် သောနေ့ဖြစ်၏။ လူငယ်များအား အခ ကြေးငွေရှင်းပေးရန်လို၏။ သည့်ကြောင့် ညနေပိုင်းတွင် ဝတ်တော်ကြီးရှိရာသို့ ဦးသာညွှင်းရောက်လာခဲ့၏။ သို့သော် ပန်းရန်လူငယ်(၂၇)ယောက်ကို မတွေ့ရ တော့၊ အားလုံးပျောက်ဆုံးနေ၏။ ဝတ် တော်ကြီးတစ်ခုလုံး အပ်ကျသည်ကိုကြား ရမတတ် တိတ်ဆိတ်နေ၏။ ဦးသာညွှင်း က ပန်းရန်လူငယ်(၂၇)ဦးနှင့် ပတ်သက် ပြီး လိုက်လံစုံစမ်းစေ၏။ သို့သော် သတင်းအစအနလည်းမရ၊ ယင်းတို့၏ အကြောင်းပြောသံဆိုသံကိုလည်းမကြား ရတော့။ ပျောက်ခြင်းမလှ ပျောက်ဆုံး နေတော့၏။

ပန်းရန်လုပ်သားများကို မတွေ့ရ သဖြင့် ဦးသာညွှင်းသည် ပန်းရန်သမား များပြုလုပ်သွားသည့် ဆင်းတုတော်များ ကို စိမ်ပြေနပြေ တစ်ဆူချင်း ဖူးမြော် ကိုးကွယ်နေ၏။ ဆင်းတုတော်များမှာ ထိုခေတ်ကခေတ်စားခဲ့သည့်ကြာသက်န်း များဖြင့် တင့်တယ်သပ္ပာယ်လှ၏။ ပလ္လင် တော်ပေါ်တွင် သပ္ပာယ်စွာ စံပယ်တော် မူသော ရုပ်ပွားတော်များသည် ဦးသာ ညွှင်း၏အိပ်မက်ထဲတွင် ဖူးမြင်ရသည့် ရုပ်ပွားတော်များထက် ပိုမိုလက်ရာ မြောက်နေသည်ကို တွေ့ရှိရ၏။ အရှေ့ ဘက်သို့ ဦးခေါင်းထားတည်ထားသည့် ပေါင်းလောင်းလျောင်းတော်မူတစ်ဆူကို လည်း ဖူးတွေ့၏။

လျောင်းတော်မူ၏ အရှေ့တည် တည်တွင် တင်ပျဉ်ခွေနေလရုပ်ပွားတော် တစ်ဆူ စံပယ်နေ၏။ ယင်း ဒေနလဘုရား ဝတ်ရုံထားသည့်ကြာသက်န်းမှာ လက်ရာ မြောက်စွာ အနုစိတ်ခြယ်မှုန်းထားသဖြင့် ဖူးမြော်မဝနိုင်အောင်ဖြစ်ရ၏။ နေလရုပ် ပွားတော်သည် နဂါးနှစ်ကောင်ခံပလ္လင်

www.burmeseclassic.com







ထက်တွင် စံမြန်းနေ၏။ ရုပ်ပွားတော် ၏ဘေးနှစ်ဖက်တွင် နေပုံနှင့်လပုံ၊ နတ် သား(၂၇)ဦးခိုက်နေပုံ ထုလုပ်ထား၏။

လျောင်းတော်မူ ရုပ်ပွားတော်၏ ဘေးပတ်ပတ်လည်တွင် တင်ပျဉ်ခွေရုပ် ပွားတော်များ၊ ရုပ်တော်မူဆင်းတုတော် များ၊ ရဟန္တာပုံတော်များ ထုလုပ်ခြံရံထား သဖြင့် ပြည့်ကျပ်နေသလိုထင်ရသော် လည်း သူ့နေရာနှင့်သူ စနစ်ကျနေရာချ ထားသဖြင့် ဘုရားဖူးလာသူများ ဖူးမြော် ၍ မဝနိုင်အောင်ဖြစ်ရ၏။

ထိုသို့ ဝတ်တော်ကြီးဆောက် လုပ်ခ အခကြေးငွေရှင်းပေးရန် ပန်းပဲ ဆရာများကိုရှာမတွေ့ဖြစ်နေစဉ် တစ်ည တွင် ဦးသာညွှင်း ထူးထူးဆန်းဆန်း အိပ်မက်တစ်ခု မြင်မက်ပြန်၏။ ယင်း အိပ်မက်ကား ပန်းရန်ခေါင်းဆောင် လူငယ်က ဦးသာညွှင်းအား'ကျွန်ုပ်တို့ ဦးဆောင်သလို ပန်းရန်သမားအစစ်မဟုတ် ပါ။ နတ်နဂါးများဖြစ်ပါသည်။ ဦး၏သဒ္ဓါ တရားအထမြောက်စေရန်အတွက်လည်း ကောင်း၊ ဦး၏စေတနာသဒ္ဓါတရား လေးစားသောကြောင့် လည်းကောင်း ရှေးကပဋ္ဌာန်းဆက်ရှိခဲ့ခြင်းကြောင့်လည်း ကောင်း၊ သာသနာတော်နှစ် (၅၀၀၀ မက တည်တံ့စေရန်အတွက် လည်း ကောင်း ဝတ်တော်ကြီးကို လာရောက် ဆောက်လုပ်ပေးခြင်း ဖြစ်ပါသည်။ ဝတ်တော်ကြီးကို 'ပန်းရံပျံ့ဝတ်' ဟု ခေါ်စေလိုကြောင်း၊ ပလ္လင်နှစ်ဖက် ဘုရားရှင်အား လက်အုပ်ချီမိုး ရှိခိုးပူဇော် နေသည့် နတ်သား(၂၇)ပါးကို အသေ ချာကြည့်စေလိုကြောင်း'ပြောပြီးပျောက် ကွယ်သွား၏။

ဦးသာညွှင်း ထိုနေ့နံနက်အိပ် မှနိုးသည်နှင့် ဝတ်တော်ကြီးသို့ အ အလွှားရောက်လာပြီး နတ်သား(၂၇) ၏မျက်နှာကို မမှိတ်မသုန်ကြည့်နေ နတ်သားများ၏မျက်နှာသည် ပန်း သမား(၂၇)ဦး၏ မျက်နှာနှင့်ချွတ်စွပ် နေသည်ကို တွေ့ရှိရ၏။

သည့်နောက် ဦးသာညွှင်း နေ့ကောင်းရက်မြတ်ရွေးကာ ဆရာ သံဃာတော်များ ဆွမ်းကျွေးပြီး တော်ကြီးကို ပန်းရံပျံ့ဝတ်ဟု ကမ္ပည် စေ၏။ ပြီးနောက် ဝတ်တော်ကြီး မာရ်အောင်(ဦးဇိန) ဆံတော်ရှင်သို့ အပ်လိုက်၏။

❑ နေလဘုရား

ပန်းရံပျံ့ဝတ်အတွင်းတွင်





www.burmeseclassic.com

www.burmeseclassic.com









ဝတ်၏ ထူးခြားချက်များကို ပွိုင့်နိုင်းစာဖြင့် ခိုတ်ဆွဲထား၏။ယင်းထူးခြားချက်အနက် ပန်းရံပျံ့ဝတ်မှ နေလဘုရားသည် မြန်မာနိုင်ငံရှိ နေလဘုရားများတွင် ရှေးအကျဆုံးဖြစ်သည်ဟူသော အချက်တစ်ချက်ပါရှိ၏။ ယင်းသို့ ဖော်ပြပြီးနောက် အောက်တွင် ကိုးကားသော စာအုပ်စာတမ်းများကို ဖော်ပြထား၏။ ယင်းတို့အနက် ထင်ရှားသောစာအုပ်မှာ မောင်ဆုရှင်၏ မြတ်ဘုရားရွှေတိဂုံ ဖြစ်၏။ ကျန်စာအုပ်များမှာ ထင်ရှားသောစာအုပ်များ သုတေသီများရေးသားထားသည် ဟုတ်သဖြင့် ယင်းစာအုပ်များနှင့်ပတ်သတ်၍ဘာမှမပြောလို။ ဆရာမောင်ဆုရှင်၏စာအုပ်အား ဖော်ပြထားခြင်းကိုသာ ပြောလို၏။

မြတ်စွာဘုရားရွှေတိဂုံစာအုပ်ကို ရေးသားပြုစုခဲ့သည့် ဆရာမောင်ဆုရှင်သို့ပုဂ္ဂိုလ်က ယခင် ဂေါပကများဖော်ပြထားသလို ပန်းရန်ပျံ့ဝတ်အတွင်းရှိ နေလဘုရားသည် မြန်မာနိုင်ငံတွင် အစောဆုံးနေလဘုရားဖြစ်သည်ဟု ရေးသားခဲ့မည်ဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ရွှေတိဂုံစေတီတံခွန်တိုင်အနောက် ဘိုးဘိုးအောင်ဘုရား၏အနောက်တွင် နေလဘုရားတစ်ဆူနှင့် ကျားခြသေ့ဘုရားတစ်ဆူရှိ၏။ ဝတ်ပြုသူ၊ တရားဘာဝနာပွားများသူ အမြဲတစေပြည့်ကျပ်နေ၏။ ယင်းနေလဘုရားနှင့် ကျားခြသေ့ဘုရားကို ထုလုပ်ကိုးကွယ်လာခဲ့သူမှာ မွန်ဘုရင်ဓမ္မစေတီမင်းဖြစ်၏။ ဓမ္မစေတီမင်းသည် အေဒီ ၁၅ ရာစုတွင် ဟံသာဝတီ၌နန်းစံခဲ့၏။ သည့်ကြောင့် နေလဘုရားကို ထိုစဉ်ကာလအတွင်း ထုလုပ်ကိုးကွယ်ခဲ့မည်ဖြစ်၏။ ဦးသာညွှန့်က ပန်းရံပျံ့ဝတ်ကို မြန်မာနှစ် ၁၂၆၆၊ ခရစ်နှစ် ၁၉၁၄၊



www.burmeseclassic.com

www.burmeseclassic.com

အေဒီ ၂၀ ရာစု တွင် ဆောက်လုပ်ခဲ့၏။ သည့်ကြောင့် ပန်းရံပျံ့ဝတ်မှ နေလဘုရားသည် မမ္ဘစေတီမင်း၏နေလဘုရားထက် နှစ်ပေါင်း (၅၀၀) မှ နောက်ကျနေ၏။

သို့သော် ရွှေတိဂုံဘုရားရင်ပြင်တော်မှာပင် အခြားနေလဘုရားတစ်ဆူရှိ၏။ ယင်းနေလဘုရားကို တည်ထားကိုးကွယ်သည့်ကာလမှာ မြန်မာနှစ် ၁၂၉၀၊ အေဒီ ၁၉၅၈ ဖြစ်သဖြင့် ပန်းရံပျံ့ဝတ်မှ နေလဘုရားထက် (၄၄)နှစ်ခန့် နောက်ကျ၏။ ယင်းနေလဘုရားတည်ထားဖြစ်သည့် အကြောင်းကလည်း ပန်းရံပျံ့ဝတ်ကဲ့သို့ပင် ဂမ္ဘီရဆန်နေခဲ့၏။

လွန်ခဲ့သည့် နှစ်ပေါင်း(၁၀၀)ခန့်က လယ်ပိုင်ရှင်သူဌေးကြီး ဦးဘကောင်းဆိုသူရှိ၏။ ဦးဘကောင်းသည် မိမိနေ့စဉ်နှင့်အမျှ စပါးရောင်းရငွေထဲမှ ရွှေဒင်္ဂါးတစ်ပြားကို ရွှေတိဂုံဘုရားကုန်း စနေထောင့်တွင် မြှုပ်နှံလေ့ရှိ၏။ သူ၏ရည်ရွယ်ချက်မှာ ရွှေတိဂုံဘုရားကြီးအတွက် လိုအပ်သည့်အခါ လှူဒါန်းရန်နှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်ဖြစ်၏။ သို့သော် ရည်ရွယ်ချက်မပြည့်မီ ဦးဘကောင်းကွယ်လွန်သွား၏။ ဦးဘကောင်းကွယ်လွန်စဉ်က သားမောင်မျိုးညွန့်ကျန်ရစ်ခဲ့၏။

ယခုအခါ မောင်မျိုးညွန့်သည် အသက်(၆၀)အရွယ် ဦးမျိုးညွန့်အဖြစ်သို့ ရောက်နေပေပြီ။ ဦးမျိုးညွန့်သည် အရွယ်ရလာသောအခါ မိဘလက်ငုတ်လက်ရင်း လယ်များထုခွဲရောင်းချပြီး ရွှေတိဂုံဘုရားအနီး ရှင်စောပုရပ်ကွက်တွင် ပြောင်းရွှေ့နေထိုင်၏။ ကိုယ်တိုင်မှာလည်း ရွှေတိဂုံကုန်းပေါ် စနေထောင့်တွင် နေ့စဉ်နှင့်အမျှ လာရောက် ပုတီးစိပ်လေ့ရှိ၏။

တစ်နေ့ ထိုနေရာတွင် ဦးမျိုးညွန့် ပုတီးစိပ်နေစဉ် အသက်(၁၈)နှစ်အရွယ် အင်္ဂလန်သား အင်္ဂလိပ်လူငယ်တစ်ဦးလာပြီး သူ့ကို မမှိတ်မသုန်ကြည့်နေ၏။ ဦးမျိုးညွန့် ပုတီးစိပ်ပြီး၍ မတ်တတ်ရပ်လိုက်သောအခါ သူ့အားစူးစိုက်ကြည့်နေသည့် အင်္ဂလိပ်လူငယ်တွေ့ရှိရ၏။ အင်္ဂလိပ်လူငယ်က သူ့အားစိုက်ကြည့်နေရင်းက 'နင်ဟာငါ့သား ငါဟာ မင်းအဖေ' ဆိုပြီး ဦးမျိုးညွန့်ပုခုံးကိုပြေးဖက်၏။ ဦးမျိုးညွန့်က ယခုလို (၁၈)နှစ်သား နိုင်ငံခြားသားတစ်ယောက် သူ့အားဖက်ပြီး 'သား' ဟု ခေါ်သောအခါ ရှက်လည်းရှက်၊ ဒေါသလည်းထွက်၏။ သည့်ကြောင့် 'ငါဟာ မင်းသားမဟုတ်ဘူး။ မင်းလမ်းမင်းသွား' ဆိုကာ ပြန်ရန်လုပ်၏။ သည်အခါ အင်္ဂလိပ်လူငယ်က ဦးမျိုးညွန့် ဝမ်းနည်းကြေကွဲစွာကြည့်နေမိ၏။ သည့်နောက် တစ်စုံတစ်ရာကို သတိရမိသည့်အခါ သူ့မျက်လုံးအစုံမှာ ဝင်းလဲ့တောက်ပလာ၏။

သည့်နောက် လျှို့ဝှက်ချက်တစ်ခုကို ပြောနိုင်လျှင် ယုံမလားဆိုပြီး 'ငါ့သားရဲ့ဘယ်ဘက်လက်မောင်းမှာ ဒေါင်းရုပ်၊ ညာဘက်လက်မောင်းမှာ ယုန်၊ မင်းအဖေနာမည်က ဦးဘကောင်း၊ မင်းက ငါ့သား၊ ငါက မင်းအဖေ ဘကောင်းပဲ"


"ဗျာ"

သည်တစ်ခါ အံ့အားသင့်သွားရသူက ဦးမျိုးညွန့်သာဖြစ်၏။ ပြောတိုင်းမှန်နေသဖြင့် 'ဗျာ' ဟုသာ နှုတ်မှရေရွတ်လိုက်နိုင်၏။ အင်္ဂလိပ်လူငယ်က နောက်တစ်ခုသက်သေပြမည်။ ယခု ဦးမျိုးညွန့် ဘုရားဝတ်ပြုရာ တန်ဆောင်းအရှေ့ဘက် တစ်တောင်အကွာတွင် ဒေါင်းရုပ်နှင့်ယုန်ရုပ်ပါဒင်္ဂါးများ ဦးဘကောင်းဘဝက ရွှေတိဂုံဘုရားလှူရန်အတွက် မြှုပ်နှံထားကြောင်း၊ မူလရည်ရွယ်ချက် အိုးသုံးလုံးအပြည့် မြှုပ်နှံမည် ရည်ရွယ်သော်လည်း နှစ်အိုးပြည့်သောအခါ၌ မိမိကွယ်လွန်ခဲ့ရကြောင်း၊ ဤသည်ကို တူးဖော်ပြီး ပြောသည့်အတိုင်း တွေ့ရှိပါက မိမိအား အဖေခေါ် ရမည်ဖြစ်ကြောင်း ပြော၏။ ဦးမျိုးညွန့်လည်း သဘောတူ ခေါင်းညိတ်လိုက် ၏။

သည့်နောက် ဂေါပကနှင့်တိုင်ပင်ပြီး အင်္ဂလိပ်လူငယ်ပြောသည့်နေရာတွင် တူးဖော်ကြရာ ပြောသည့်အတိုင်း ဒေါင်းနှင့်ယုန်ရုပ်ပါ ရွှေဒင်္ဂါးနှစ်အိုးတွေ့ရှိရ၏။ သည်အခါ ဦးမျိုးညွန့်မှာ မနေသာတော့။ အဖေ အဖေဟု အော်ခေါ်ပြီး ဝမ်းသာအားရနှင့်အင်္ဂလိပ်လူငယ်အား ပြေးဖက်လိုက်၏။

အမှန်မှာ ဦးဘကောင်းကွယ်လွန်ပြီးနောက် အင်္ဂလိပ်လူမျိုးဇနီးမောင်နှံတွင် လူဝင်စားအဖြစ် မွေးဖွားလာ၏။ ယင်းအင်္ဂလိပ်ကလေးသည် စကားပြောတတ်စအရွယ်ကပင် အင်္ဂလိပ်နှင့်အခြားထူးထူးဆန်းဆန်း ဘာသာစကားတစ်မျိုးကိုပါပြောတတ်၏။ ယင်းကား မြန်မာစကားဖြစ်၏။ ရွှေတိဂုံဘုရားအကြောင်းကို အပြောများဆုံးဖြစ်၏။ အသက် (၁၈) နှစ်ပြည့်သော် မြန်မာနိုင်ငံသို့သွားရောက်လိုကြောင်း မိဘနှစ်ပါးအား ပန်ကြားပြီး ရန်ကုန်မြို့သို့ ထွက်လာ၏။ ရန်ကုန်မြို့သို့ ရောက်ရောက်ချင်း လူတစ်ဦးကို တွေ့ချင်စိတ်ပြင်းပြလှသဖြင့် ရွှေတိဂုံဘုရား စနေထောင့်သို့ အပြေးအလွှားရောက်လာ၏။ ထင်သည့်အတိုင်း ယခုလို ဦးမျိုးညွန့်နှင့် တွေ့ဆုံခြင်းဖြစ်၏။

သည့်နောက် သားအဖနှစ်ဦး ဂေါပကအဖွဲ့နှင့်တိုင်ပင်ပြီး တူးဖော်ရသည့် ရွှေဒင်္ဂါးဖြင့် ရွှေတိဂုံဘုရား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူ၏။ ရွှေတိဂုံရင်ပြင်တော် စနေထောင့်တွင် နေလဘုရားနှင့် နေလစေတီများတည်ထားခဲ့၏။ ဤနေလဘုရားသည် ပန်းရံပျံ့ဝတ်၏နေလဘုရားထက် နောက်ကျသည်ကား မှန်၏။



နိုင်ခင်မောင်သော

www.burmeseclassic.com

သုဒ္ဓ(နဝင်းမြို့တော်)

ကောင်းတာလုပ်ပြီး လုပ်နည်းမှန်ကန်အောင်

# နက္ခတ်အစင်အကြယ်ရွေးရအောင်

တစ်နေ့သ၌ -

ကျွန်ုပ်ထံသို့ မောင်ခင်မောင်သန်း အမည်ရသော တပည့်တစ်ယောက်လာပါသည်။ ယခုရောက်လာသောတပည့်တလည်း အဓိဋ္ဌာန်ကျင့်စဉ်ကို တစ်မျိုးပြီးတစ်မျိုး ဆက်တိုက် ဝင်ရောက်ကျင့်နေသောတပည့် ဖြစ်ပါသည်။

မောင်ခင်မောင်သန်းက အခြားတပည့်များထက်တစ်ခုပိုရှိပါသည်။ နက္ခတ္တဗေဒနှင့် ဝေဒပညာကိုလည်း အထူးစိတ်ဝင်စားသူလည်းဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်၏ အကျင့်စရဏများများကိုကျင့်ရာတွင် အထူးစင်ကြယ်မှုဖြစ်အောင် ရက်ရွေးပေးသော်လည်း အားရေး သူကိုယ်တိုင် အခါအားလျော်စွာ လုပ်ကိုင်ရမည့်အခြေအနေမျိုးတွင် သူလုပ်ကိုင်နိုင်ရန် ပညာကိုအရလိုချင်ခြင်းဖြစ်နေပါသည်။

သို့အတွက် ရက်မြတ်ရက်ကောင်းတွင်တည်နေသောသိဒ္ဓိတို့ကိုရွေးချယ်ပြီး ဝင်ရောက်ရန် နက္ခတ်အစင်အကြယ်ရွေးသို့၍ နက္ခတ်ရွေးနည်းပညာကို ပြသပေးရန် ခွင့်ပြုရန် တောင်းခံပါတော့သည်။

ကျွန်ုပ်၏ဆန္ဒသည် တပည့်ဖြစ်သူမောင်ခင်မောင်သန်းကို သင်ပြပေးလိုက်သလို စာချစ်သူမိတ်ဆွေများအနေဖြင့်လည်း မိမိတို့အကြောင်းကိစ္စပေါ်လာတိုင်း ဆရာတစ်ဦးတစ်ယောက်ဆီသွားရောမလိုတော့ဘဲ မိမိသိလိုသောရက်တွင် မကောင်းသောအနိဋ္ဌ၊ ကောင်းသောဣဋ္ဌရက်များရွေးပြီး အပြီးဆောင်ရွက်နိုင်ပါစေရန်အတွက် ရှေးရှေးက စီမံပြုစု၍ ထားရစ်ခဲ့သော ပညာတစ်ခုဖြစ်သည်။ နက္ခတ်အစင်အကြယ်တွက်ချက်အပြည့်အစုံကို ရေးသား ဖော်ပြပေးလိုက်ပါသည်။

နက္ခတ်တွက်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့် နက္ခတ်ဇယား၊ နောက်နေ့အလိုက်ဇယားများကိုလည်း အောက်တွင် သီးခြားရေးသားဖော်ပြပေးလိုက်ပါသည်။

စာချစ်သူမိတ်ဆွေများအနေဖြင့် အထူးကောင်းမွန်သောနက္ခတ်များကိုရွေးချယ်ပြီးနောက် လောကီကိစ္စများအားလုံးကိုဖြစ်စေ၊ ဘာသာရေးဖြစ်သောကောင်းမှုကုသိုလ်ပြုကြရာတွင် ဖြစ်စေကြိုတင်တွက်ချက်ပြီး လုံလောက်သောနေ့ရက်ကို ပျော်ပျော်ရွှင်ရွှင်ဖြင့် ဆောင်ရွက်နိုင်ရန် မေတ္တာရည်၍ ဖော်ပြပေးလိုက်ပါသည်။

❑ မှတ်ချက်

၁။ အထက် (၇) ကွက်တန်း (၄) ဆင့်သည် နက္ခတ် (၂၇) လုံးကို ပြပါသည်။

၂။ အောက် (၇) ကွက်ပတ်လည်တွင် နေ့များကို ပြထားပါသည်။

က။ အပေါ်တန်း (၃) ဆင့်တွင် ဥပါဒ်၊ မိတ္တူ၊ ကာဏဟုပြထားပါသည်။ မကောင်းကိုပြပါသည်။

ခ။ အောက်တန်း (၄) ဆင့်တွင် အမြိတ္တစုတ်၊ လာဘစုတ်၊ သိဒ္ဓိစုတ် (ထိုသုံးခုသည်၊ အဝင်နက္ခတ်ဖြစ်ပြီး ဝရစုတ်သည် ခပါဒ်နက္ခတ်ကိုပြသည်။ အကောင်းကိုပြပါသည်။)

❑ နက္ခတ်နှင့်ဆိုးကောင်းတွက်နည်း

ဦးစွာ နက္ခတ်ကို တွက်ရပါမည်။ နက္ခတ်တွက်ရန်မှာ ကောဇာနှစ်အလိုက်ကဆုန်လမှစတင်ပြီးရေတွက်ရပါမည်။ ထိုရေတွက်ရာတွင် လက်ရှိရောက်နေသောလကိုရေတွက်သည့်အရေအတွက်တွင် မထည့်ရပါ။

ထိုသို့ရေတွက်ပြီးရသည့် သင်္ချာရေကို (၇) နှင့် မြှောက်ရပါသည်။ အထက်တွင်ရောက်ရှိသောလကို ချန်ထားခဲ့ရသည့်အတွက် ရောက်ရှိနေသောလ၏ လဆန်းရက် သို့မဟုတ် လဆုတ်ရက်ကို မြှောက်ထားခဲ့သော သင်္ချာနှင့် ထည့်ပေါင်းရပါမည်။

ပေါင်းရသင်္ချာသည် (၂၇) ထက်များနေပါက (၂၇) နှင့် စားရပါမည်။ အကြွင်းဂဏန်းသည် နက္ခတ်ပင် ဖြစ်ပါသည်။

အကြွင်းဂဏန်းကို နက္ခတ်စဉ်တွင် ရထားသောသင်္ချာအတိုင်းထောက်ရပါမည်။ ထိုနက္ခတ်စဉ်နှင့် အောက်တည့်တည့်တွင်ရှိသော နေ့များနှင့်တိုက်ဆိုင်ရာနေရာတွင်ရပ်ပြီး မည်သည့်ဥပါဒ် သို့မဟုတ် နက္ခတ်ဖြစ်သည်ကို ဇယားကွက်၏လက်ဝဲဘက်တွင်ကြည့်လျှင်သိနိုင်ပါသည်။

(နေ့ဆိုသည်မှာ ရောက်ရှိနေသောလ၏လဆန်းရက်၊ လဆုတ်ရက်တွင် ရပ်တည်နေသောနေ့ကိုဆိုလိုပါသည်။)

နက္ခတ်တို့၏ အကျိုးအပြစ်တို့ကို သိရှိပြီဖြစ်၍ ပီယ၊ မန၊ လာဘ၊ ကာယ၊ အာယုဝဍ္ဍနဟူသောအကျိုးတို့ကိုပေးစွမ်းသော အမြိတ္တ၊ စုတ်၊ လာဘ၊ သိဒ္ဓိ၊ ဝရစသော စုတ်ကြီး(၄)ပါးတို့ဖြင့် စီရင်ရာ၏။

ထိုသို့မရမူကား မကောင်းသောအနိဋ္ဌတို့ဖြစ်တတ်၍ ကန္တာရ(၄)မျိုးဖြစ်သော တောကြီးမျက်မည်းခရီးခဲ၊ ကျားသစ်ပေါသောခရီးခဲ၊ ဘီလူးရက္ခိုက်ပေါသောခရီးခဲ၊ ရေနှင့်အစာမရှိသော ကန္တာရခရီးခဲတို့၌သာ နစ်မွန်းဆုံးရှုံးရသော ခရီးသွားယောကျ်ားလိုဖြစ်ခြိမ့်မည်ဖြစ်သည်ဟု ဆင်ခြင်သင့်ပါသည်။

❑ နက္ခတ်တို့၏အကျိုးအပြစ်ကိုပြဆိုခြင်း

ဥပါဒ်ကျမှု - ဖျားနာခြင်း စသောမကောင်းသော ဥပဒ္ဒဝေါတို့ကိုဖြစ်စေတတ်၏။

မိတ္တူကျမှု - သေကျေပျက်စီးခြင်းကိုဖြစ်စေတတ်၏။

ကာဏကျမှု - ကျိုးကန်းချွတ်ယွင်းခြင်းစသည်တို့ကို ဖြစ်စေတတ်၏။

အမြိတ္တစုတ် - ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာတို့ကို တိုးပွားစေတတ်၏။

လာဘစုတ် - ဘုန်းကောင်းလာဘတို့ကို တိုးပွားစေတတ်၏။

သိဒ္ဓိစုတ် - အရာရာကိုအောင်မြင်ပြီးစီးခြင်းကိုမြင်စေတတ်၏။

ဝရစုတ် - အခေါင်အထွတ်မြတ်သော ကောင်းကျိုးချမ်းသာကို ဖြစ်စေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com

* နက္ခတ်

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | × |
| ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဥပါဒ် | ၆ | ၁ | ၃ | ၅ | ၀ | ၂ | ၄ |
| မိတ္တု | ၄ | ၆ | ၁ | ၃ | ၅ | ၀ | ၂ |
| ကာဏ | ၂ | ၄ | ၆ | ၁ | ၃ | ၅ | ၀ |
| *အမြိတ္တစုတ် | ၀ | ၂ | ၄ | ၆ | ၁ | ၃ | ၅ |
| *လာဘစုတ် | ၅ | ၀ | ၂ | ၄ | ၆ | ၁ | ၃ |
| *သိဒ္ဓိစုတ် | ၃ | ၅ | ၀ | ၂ | ၄ | ၆ | ၁ |
| *ဝရစုတ် | ၁ | ၃ | ၅ | ၀ | ၂ | ၄ | ၆ |

* နေ့များ

ရှေးက ပညာရှိဆရာသခင်တို့က ဝေဖန်ခွဲခြားပြီး အမြိတ်ဖြစ်ခြင်း၊ အယုတ်ဖြစ်ခြင်းတို့ကို ပြသထားခဲ့ခြင်း ဖြစ်ပါသည်။

**၁၃၇၆ ခုနှစ်၊**
**တပေါင်းလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့**
**(နမူနာ) တွက်ယူပုံ**

**□ပထမအဆင့်-နက္ခတ်တွက်ရန်**

ကဆုန်လမှ လအစဉ်အတိုင်း ရေရာတွင်ရောက်ရှိသောလဖြစ်သည်။ တပေါင်းလကိုချန်လှပ်ပြီးရေကြည့်လျှင် တပို့တွဲလအထိ ရေတွက်ရ၍ သင်္ချာရေ (၁၀) ရပါသည်။

ရသောသင်္ချာရေ (၁၀) ကို (၇) နှင့် မြှောက်သောအခါ မြှောက်လဒ်သင်္ချာသည် (၇၀) ဖြစ်လာပါသည်။

ရောက်လ၏ လဆန်း၁၂ရက်ကို မြှောက်လဒ်သင်္ချာ (၇၀) နှင့် ပေါင်းလိုက်လျှင် စုစုပေါင်းသင်္ချာဂဏန်း (၈၂) ဖြစ်လာပါသည်။

နက္ခတ် (၂၇) လုံးကျော်နေသဖြင့် (၂၇) ဖြင့် စားရပါမည်။ အကြွင်းသင်္ချာဂဏန်းသည် နက္ခတ်ဖြစ်လာပါသည်။ အကြွင်းဂဏန်းသည် (၁) ဖြစ်ပါသည်။

**□ဒုတိယအဆင့်**

နက္ခတ်ဇယားကွက်၌ (၁) ဂဏန်းအကွက်၌ထောက်၍ ထိုနက္ခတ်အကွက်၏အောက်အတန်းလိုက်ရှိနေသောရက်ကိုရှာပါ။ နေ့ရက်ဇယားတွင် (၄) ဂဏန်းဗုဒ္ဓဟူးနေ့ကိုတွေ့လျှင် ထိုဇယား၏ဝဲဘက်တွင်ကြည့်လိုက်သောအခါ ထိုနေ့၏နက္ခတ်ဖြစ်သော ဝရစုတ်ကြီး - ခပါဒ်နက္ခတ်ကိုရရှိမည် ဖြစ်ပါသည်။

ယခု နမူနာတွက်ပြထားသည်ကို ကြည့်ပြီး မည်သည့်လတွင်ဖြစ်စေ၊ မည်သည့်ရက်တွင်ဖြစ်စေ ဖြစ်တည်နေသောအကောင်း၊ အဆိုးနက္ခတ်တို့ကို ကောင်းစွာ ရွေးချယ်နိုင်ပြီဖြစ်၍ မိမိ၏ဆန္ဒအတိုင်း အလိုရှိသလို ဆောင်ရွက်နိုင်မည်ဟု ယူဆပါသည်။

နက္ခတ္တဗေဒနှင့် ဝေဒပညာကိုဝါသနာကြီးသူများနှင့် မိမိကိုယ်တိုင်လုပ်ကိုင် ရွေးချယ်ရမှု ကျေနပ်ကြသောစာချစ်သူမိတ်ဆွေများ နှစ်သက်မည်ဟု ယူဆပါသည်။

ကျွန်ုပ်ကို နက္ခတ္တဗေဒနှင့် ဝေဒပညာတို့ကို သင်ပြပေးခဲ့ကြသော ဆရာအပေါင်းကို ဤစာစုဖြင့် ကန်တော့ပါသည်။

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*

သုခ(နဝင်းမြို့တော်)

# ဆေးတိုက်ရန်မရသေးသော ကလေးသူငယ်များ ချောင်းဆိုးပျောက်စေနည်း

တစ်လသားမှ နှစ်နှစ်သားအရွယ်အထိ ကလေးသူငယ်များမှာ သူ့အလိုအလျောက် ဆေးမသောက်တတ်၊ ဆေးဝါးစားတတ်ခြင်းမရှိသေးပါ။ဆေးတိုက်လျှင် အလွယ်တကူ မသောက်တတ်သေးသောအရွယ်များ ဖြစ်ပါသည်။

ထိုသို့ ဆေးမစားတတ်၊ မသောက်တတ်သေးသော ကလေးသူငယ်များ ချွဲကျပ်၊ ချောင်းဆိုး၊ ချောင်းနက်ကြီးဆိုးလျှင် အလွန်ပင် ကုသရန်ခက်တတ်ပါသည်။ ၎င်းကလေးသူငယ်များအတွက် လိမ်းဆေးနှင့် စည်းဆေးနည်းအသုံးပြုပြီး ချွဲသလိပ်ချောင်းဆိုးကင်းစင်စေရန် တင်ပြအပ်ပါသည်။

လိမ်းဆေးနည်းမှာ -

မုန်ညင်းဆီလက်ဖက်စားတစ်ဇွန်း

ကြက်သွန်ဖြူကိုအခွံသင်၊ အနည်းငယ်ရေဆွတ်၍ထောင်းကာ သတ္တုရည်ညှစ်ယူပါ။

၎င်းမုန်ညင်းဆီနှင့် ကြက်သွန်ဖြူသတ္တုရည်ကို ချောင်းဆိုးချွဲကျပ်နေသော ကလေးငယ်၏ရင်ဘတ်နှင့် ကျောကုန်းတွင် ခပ်ပါးပါးလိမ်းပေးပြီး အဝတ်မထားမပါး ခြုံပေးထားပါ။ တစ်နာရီ၊ နှစ်နာရီအတွင်း အသက်ရှူမှန်၍ ချွဲသလိပ်ကင်းစင်ပျောက်ကင်းသွားပါမည်။

စည်းဆေးအဖြစ် -

ကြက်သွန်ဖြူကို ဓားပြားရိုက်ပြီး ကလေးငယ်၏ ခြေဖဝါးနှစ်ဖက်အောက်၌ကပ်၍စည်းပေးထားပါ။ အမြန်ဆုံး ချောင်းဆိုးချွဲသလိပ်ပျောက်ကင်းသွားပါမည်။

ဆေးမသောက်တတ်သေးသော ဆေးတိုက်ရန်ခက်ခဲသောကလေးသူငယ်များ ချောင်းဆိုးချွဲကျပ်ပျောက်ကင်းရေးအတွက် အထက်ပါ လိမ်းဆေးနှင့် စည်းဆေးသည် အလွယ်အသာ ပျောက်ကင်းနိုင်သဖြင့် ကလေးရှိသောမိဘတို့ အသုံးပြုနိုင်ရန် တင်ပြရေးသားအပ်ပါသည်။

*ကျန်းမာချမ်းသာလန်းဖြာကြပါစေ*

ပေါက်ပေါက်(နတ်ချောင်း)




www.burmeseclassic.com

www.burmeseclassic.com


၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွက်

# စီးပွားရေးဗေဒင်ဟောကိန်း


မင်းရှိန်အောင်



(၁-၈-၂၀၁၅) နေ့
သာယနဇာတာခွင်



(၁၁-၈-၂၀၁၅) နေ့
သာယနဇာတာခွင်



(၂၁-၈-၂၀၁၅) နေ့
သာယနဇာတာခွင်

ပထမ ဆယ်ရက်တာကာလတွင် ေ‌ရွှေကွက်၊ ငွေကြေးဈေးကွက်များ ောက်ကမဖြစ်မည်။ အကျဘက် င်တတ်မည်။ မီးဖိုချောင်သုံးပစ္စည်း စားသောက်ကုန်ပစ္စည်းများ၊ စား တ်ဆိုင်လုပ်ငန်းများ၊ ဟိုတယ်နှင့် သွားလုပ်ငန်း၊ . ပညာရေးလုပ်ငန်း ဈေးကွက်မတည်ငြိမ်ဘဲ ကျရိပ် နေမည်။ ဆေးနှင့် ဆေးပစ္စည်းများ၊ လုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်း ဈေးကွက်မတည်မငြိမ်ရှိနေမည်။ စစ်ပစ္စည်းများ၊ အီလက်ထရွန်နစ် ည်းများ၊ အထည်အလိပ်ပစ္စည်းများ၊ အပဆိုင်ရာလုပ်ငန်းများ၊ အနု လုပ်ငန်းများ ဈေးကွက်ငြိမ်နေ စိုက်ပျိုးရေးထွက်ကုန်များ၊ စာနယ် လုပ်ငန်း၊ ကုန်မာနှင့် အိမ်ဆောက် ည်းလုပ်ငန်းများ၊ စက်နှင့် စက်ပစ္စည်း တယ်လီဖုန်း၊ အင်တာနက်နှင့် က်သွယ်ရေးလုပ်ငန်း၊ သတ္တုပစ္စည်း တက်ရိပ်၊ ကျရိပ် ရောယှက်နေ ်လည်း အတက်ဘက်သို့ ယိမ်းယိုင် ည်။ စားသုံးဆီ၊ လောင်စာဆီ၊ တ်ငွေ့နှင့် ဓာတုပစ္စည်းများ တက် ဈေးမတွေ့နိုင်ရှိနေမည်။

ဒုတိယဆယ်ရက်တာကာလတွင် ဆောက်လုပ်ရေးပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စား သုံးဆီ၊ လောင်စာဆီနှင့် ဓာတ်ငွေ့များ တက်ဈေးထက် အကျဘက်သို့ ပိုယိုင် တတ်မည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်းဈေးကွက်များ သိပ် မကောင်းသေး။ ရွှေဈေးကွက် ငွေကြေး ဈေးကွက် တက်ဈေးထက် ကျဈေးကို ပိုတွေ့နေရမည်။ ဆေးနှင့် ဆေးပစ္စည်း များ၊ စားသုံးကုန်ပစ္စည်းများ၊ အလှအပ ဆိုင်ရာလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း၊ ပညာရေးဆိုင်ရာလုပ်ငန်း၊ စား သောက်ဆိုင်လုပ်ငန်း၊ အထည်အလိပ် လုပ်ငန်း၊ ဈေးကွက်မတည်မငြိမ်နှင့် မှန်းဆရမလွယ် ဖြစ်နေမည်။ စာနယ်ဇင်း လုပ်ငန်း၊ တယ်လီဖုန်းနှင့် ဆက်သွယ် ရေးလုပ်ငန်း၊ ငါးနှင့်ရေထွက်ပစ္စည်းလုပ် ငန်း၊ ပွဲစားလုပ်ငန်းများ ဈေးကွက်မငြိမ် သက်သော်လည်း တက်ဈေးကို မျှော်မှန်း၍ရမည်။ လောင်စာဆီများ၊ စားသုံးဆီ များ၊ ဓာတ်ငွေ့များ၊ သတ္တုပစ္စည်း၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်း များ ဈေးကွက်မကောင်းသေးပါ။

တတိယ ဆယ်ရက်ကာလမှာမူ ငွေကြေးဈေးကွက် အတက်နှေး၊ အကျ နှေးဖြစ်နေမည်။ ရွှေဈေးကွက် တက်ဈေး၊ ကျဈေး လုံးထွေးနေမည်။ စာနယ်ဇင်း လုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ပွဲစား လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စား သောက်ကုန်လုပ်ငန်း၊ စားသောက်ဆိုင် လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းများ၊ တက်ရိပ်ရှိသော်လည်း ဈေးကွက်ငြိမ်နေ မည်။ အပျော်အပါးဆိုင်ရာလုပ်ငန်း၊ အလှအပဆိုင်ရာလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတို့ ဈေးကွက်မရေမရာ ရှိနေမည်။ စက်နှင့် စက်ပစ္စည်းများ၊ ကုန်မာနှင့် ဆောက်လုပ်ရေးပစ္စည်းလုပ် ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ် ခြံမြေလုပ်ငန်း၊ တွင်းထွက်သတ္တုပစ္စည်း လုပ်ငန်းများ ဈေးကွက်တည်ငြိမ်နေဦး မည်။ အတက်အကျမှန်းဆရမလွယ် ဖြစ်နေမည်။ ဓာတုပစ္စည်းများ၊ စားသုံး ဆီ၊ လောင်စာဆီနှင့် ဓာတ်ငွေ့များ တက်ဈေးနှေးကွေးနေဦးမည်။

မင်းရှိန်အောင်

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မြင်းပဂိုန်းထိပ်

## အသံကြောင့် ဦးလေးသေ



(ဤအကြောင်းအရာသည် ပုဂ္ဂိုလ်ချင်းနီးစပ်မှုရှိသလို အဖြစ်အပျက်သည်လည်း ဆယ်စုနှစ်တစ်ခုကျော်မျှသာရှိသေး၍ ပူပူနွေးနွေးဟုဆိုရမည် ဖြစ်၏။ ထို့ကြောင့် ပွင့်လင်းမြင်သာလွန်းလျှင်ခင့်မည်မထင်ပေ။ အလုံးစုံဖုံးကွယ်ရန်ကိုလည်း မလိုလား။ ထို့ကြောင့် အဆင်ပြေသလိုသာ ရေးသားသွားရမည်ဖြစ်ကြောင်းကို အကျဉ်းအားဖြင့် ကြိုတင်အစီရင်ခံလိုက်ရပေ၏။)

❑

စာပေအလုပ်၊ တရားအလုပ်၊ ဘာသာရေး၊ လူမှုရေး စသော အလုပ်ကိစ္စများများ မည်မျှအထိပင် များပြားရှုပ်ထွေးနေစေကာမူ မောင်အေးချမ်းသည် တစ်နှစ်တစ်ခေါက် ရွာကိုရောက်အောင် ပြန်လေ့ရှိသည်။

မိခင်ကြီးသည်လည်း အသက်(၈၀)နားနီးနေပြီဖြစ်၍ သက်ကြီးဇရာအကိုရောက်နေပြီဖြစ်ရာ သမီးနှင့်နေသည်။ သမီး၊ သမက်တို့က မည်မျှအထိပင် ပြုစုလုပ်ကျွေးနေကြသောကြောင့် စိတ်တိုင်းကျ နေထိုင်ရသော်လည်း အနည်းဆုံး သားနှင့် တစ်နှစ်တစ်ကြိမ်မျှတွေ့လိုကြောင်းပြော၍ မောင်အေးချမ်းတစ်နှစ်တစ်ခေါက် ရွာကိုပြန်နေခြင်းဖြစ်သည်။

ရွာသို့ရောက်လျှင် မိခင်ကြီးနှင့်ရော ဆွေမျိုးများနှင့်ပါ အလွမ်းပြေစကားများကို ပြောဆိုကြသည်။ ရွာသူရွာသား ငယ်ပေါင်းသူငယ်ချင်းများနှင့်လည်း ကလေးဘဝမှ အကြောင်းများကို တဝကြီးပြောဆိုကြသည်။

မောင်အေးချမ်းက ရန်ကုန်အကြောင်းများကိုပြောပြပြီးလျှင် ရွာသူရွာသားများကလည်း သူတို့အကြောင်းများကို တစ်မျိုးပြီးတစ်မျိုး မရိုးရအောင်ပြောပြကြသည်။ ရွာသူရွာသားအားလုံးတို့၏အကြောင်းဖြစ်၍ ကောင်းသည်လည်းပါသည်၊ ဆိုးသည်လည်းပါသည်။ အကြောင်းအရာအတော်များများစုံလင်သည်။

ထိုထိုအကြောင်းအရာများထဲတွင် ထူးထူးဆန်းဆန်း သရဲခြောက်သောအကြောင်းတစ်ခုလည်းပါလာလေသည်။ သရဲခြောက်သည်မှာ မောင်အေးချမ်းတို့၏ဥယျာဉ်နှင့်နီးသောတောထဲမှဟုပြောကြသည်။

သရဲခြောက်သည်မှာ မည်သူမည်ဝါကိုဟု တိတိကျကျဦးတည်ပြီးခြောက်လှန့်ခြင်းမျိုးမဟုတ်ဘဲ အခါအားလျော်စွာ အလိုအလျောက် တောလုံးဆူညံစွာဖြင့်ကြားရသည်ဟု ဆိုသည်။

ထိုသို့ခြောက်လှန့်ခြင်းမှာ ညဘက်ကိုခြောက်လှန့်ခြင်းရှိသလို နေ့ခင်းဘက်ကိုလည်း ခြောက်လှန့်သည်ဟု ဆိုကြသည်။ သစ်တောကိုင်းတောထဲ အနေသည်မှ ပြေးသံ၊ လိုက်သံ ဆူဆူညံညံအသံကြီးများကိုကြားရလျှင် တက်ခေါက်သံ၊ ခြေကိုဆောင့်နင်းသံ၊ ဆဲဆိုကြုံးဝါးသံ၊ သတ်ဖြတ်၊ အော်ညည်းသံကြီးများကို ဗလုံးဗထွေးဖြင့် ကြားရသည်ဟုလည်း ပြောပြကြသည်။

အခြားလူများက သရဲခြောက်သည်ဟုသာမန်မျှသာသိကြသော်လည်း မောင်အေးချမ်းကား အဖြစ်အပျက်၏တည်နေရာနှင့် အသံဗလံများကို ကြားသိလိုက်ရသည်နှင့်ပင် သရဲခြောက်လှန့်ခြင်းစတင်ဖြစ်ပေါ်လာရသည့်အကြောင်းကိုပါ အကျိုးနှင့်တကွ နားလည်လိုက်သည်။

ဦးလေးတို့သမီးယောက္ခမမှလွဲ၍ အခြားသရဲဖြစ်နိုင်ရိုးလား။

❑

ဦးလေးဟု ဆိုသော်လည်း အနီး/အရင်းကြီးတော့ မဟုတ်ပေ။ သို့သော်လည်း တစ်အူထုံ့ဆင်းနီးပါးမျှအထိပင် ချစ်ခင်ကြသည်။ ရိုင်းပင်းကူညီခြင်း၊ ဂရုစိုက်ခြင်းလည်းရှိကြသည်။

သို့သော်လည်း ဦးလေးတို့ညီအစ်ကိုမောင်နှမများနှင့်ကြာကြာနေထိုင်ခွင့်မရလိုက်ကြပေ။ ဦးလေး၏ အစ်ကိုကြီး တစ်နယ်တွင်အိမ်ထောင်ကျလေရာ ထိုနယ်၌ လုပ်စားကွင်းပေါ်သည်။ အရောင်းအဝယ်မှစပြီး စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးသည်ဟုဆိုကာ မိသားစုလုံးပြောင်းရွှေ့သွားကြလေသည်။

www.burmeseclassic.com

ထိုအချိန်က ဦးလေးမှာ လူပျိုလူလွတ်မဟုတ်တော့ပေ။ ချစ်ကြိုက်ညားကြသောအိမ်ထောင်နှင့်ကြာကြာမပေါင်းလိုက်ရဘဲ နှစ်ဖက်မိဘတို့က သဘောမတူသဖြင့်ခွဲလိုက်ကြ၍ တစ်ခုလပ် (မင်းကွန်) တစ်ယောက်သာဖြစ်သည်။

ဦးလေးတို့မှာ ညီအစ်ကိုမောင်နှမလေးယောက်ရှိပြီး ဦးလေးက ဒုတိယသားဖြစ်သည်။ ညီအစ်ကိုမောင်နှမလေးယောက်ရှိကြသော်လည်း ဦးလေးတစ်ယောက်သာ ရွာကို နှစ်နှစ်တစ်ခေါက်၊ သုံးနှစ်တစ်ခေါက် အလည်လာလေ့ရှိသည်။

ဦးလေး၏ အစ်ကိုကြီးလည်း တစ်ခေါက်သာ အလည်လာသည်ကို တွေ့လိုက်ဖူးသည်။ ကျန်သောညီမတစ်ယောက်နှင့် ညီတစ်ယောက်တို့ကား တစ်ကြိမ်တစ်ခေါက်မျှရွာသို့လာသည်ကို မတွေ့ဘူးပေ။ထို့ကြောင့် သူတို့ညီအစ်ကိုမောင်နှမလေးယောက်တွင် ဦးလေးတစ်ယောက်သာ ဇာတိရွာနှင့် ဆွေမျိုးများအား သံယောဇဉ်ရှိသည်ဟု ဆိုနိုင်သည်။

ဦးလေးသည်ကား ရည်မွန်ပြီး ရုပ်ရည်ချောမောသူတစ်ယောက် ဖြစ်သည်။ အသားဖြူဖြူ လူလုံးတောင့်တောင့်ဖြင့် ပြုံးရွှင်သောအမူအရာလည်းရှိသည်။ စိတ်ရင်းလည်းကောင်းသည်။ ထို့ကြောင့် လူချစ်လူခင်လည်းပေါသည်။

ထို့နောက် ဦးလေး ထိုနယ်မှာ မိန်းမရသည်ဟုကြားလိုက်ရပြီးနောက် သမီးလေးတစ်ယောက်မွေးဖွား၍ လမ်းသွားတတ်စအချိန်မှာပင် သူ့မိသားစုလေးနှင့် ရွာကိုရောက်လာပြန်သည်။

ထို့နောက်ပိုင်း မောင်အေးချမ်း ရွာကိုစွန့်ပြီး ရန်ကုန်သို့ ရောက်လာ၍ ဦးလေးနှင့် မတွေ့ဖြစ်တော့။ မောင်အေးချမ်း ရွာကိုပြန်ရောက်၍မေးမြန်းကြည့်ရာ ဦးလေးမှာ ဒုတိယသမီးလေးတစ်ယောက်ရနေပြီ။ ထို့နောက် သားလေးတစ်ယောက်ရနေပြီ စသည်ဖြင့် သတင်းကို သဲ့သဲ့မျှသာကြားရတော့သည်။

ဤသည်မှာ ဦးလေးနှင့်ပတ်သက်သော မင်္ဂလာသတင်းကောင်းများဖြစ်ပြီး နောက်ကြားလာရသောသတင်းများမှာ အမင်္ဂလာသတင်းဆိုးများချည်းသာ ဖြစ်လာရလေသည်။

၈၈ ခုနှစ်၏ နှစ်ဆန်းပိုင်းတွင် ဦးလေး၏သမီးကြီးအိမ်ထောင်ကျသည်ဟုကြားလိုက်ရပြီး ၈၈ခုနှစ်အရေးအခင်းတွင် ဦးလေးတို့လင်မယားက သမက်ကို သတ်ဖြတ်လိုက်ကြသည်ဟု ကြားလိုက်ရသည်။ အရေးအခင်းကာလဖြစ်၍ သမက်ကို သတ်လိုက်သည့်ကိစ္စသည် မှုခင်းတစ်စုံတစ်ရာမဖြစ်ဟု သိရသည်။ လက်စလက်နမပေါ်ပေါက်အောင်ဖျောက်ဖျက်ပစ်နိုင်ဟန်ရှိသည်။

သို့သော်လည်း သမက်၏ဖခင်မှာ ရွာသူကြီးဖြစ်ပြီး 'ဇ' ရှိသူတစ်ယောက်ဖြစ်သောကြောင့် ဦးလေးအဖို့ နောက်ကြောင်းမကောင်းဖြစ်လာရ၏။ ထို့ကြောင့် ခမည်းခမက်ဖြစ်သူ ရွာသူကြီး ဥယျာဉ်ထဲ၌ ပေါင်းထွင်နေချိန်တွင်လိုက်သွားပြီး အပြတ်ခုတ်သတ်လိုက်သည်။

ထိုအကြိမ်တွင် ပတ်ဝန်းကျင်လူအချို့တို့ ရိပ်မိသွားကြ၏။ နယ်ခံမဟုတ်သော ဦးလေးကိုလည်း သူတို့နယ်တွင် လူမိုက်လူစွာလာလုပ်သည်ဟုစွဲမှတ်ကာ ရန်လိုလာကြလေသည်။ ရန်လိုလာကြသည်မှာ နည်းနည်းပါးပါး မဟုတ်ပေ။ နေ့လား၊ ညလားဆိုသကဲ့သို့ပင် အသက်အန္တရာယ်နှင့် နီးစပ်လာလေသည်။ ထို့ကြောင့် ဦးလေးသည် အဝတ်တစ်စုံအပိုမျှယူပြီး ဓားမတစ်ချောင်းကိုထမ်းကာ လှေကြုံဖြင့် ဇာတိရွာဘက်သို့ ပြန်လာလေသည်။

လှေကြုံသည် ရွာသို့ ဒါရိုက်မရောက်ဘဲ သူ၏ငယ်သူငယ်ချင်းဖြစ်သော ဦးစန္ဒကျောင်းထိုင်သည့်ရွာကိုမျှသာရောက်၍ ကျောင်းသို့တက်ကာ ညသန်းခေါင်ကျော်သည်အထိ ဦးစန္ဒနှင့်စကားပြောနေကြသည်။ ဦးစန္ဒနှင့်ပြောနေကြသည်မှာ သူလူသတ်မှုဖြစ်လာရသော အကြောင်းအရာများဖြစ်သည်။ သူ၏မယားမှာ သူ့ထက်အသက်ဆယ်နှစ်ကျော်ကြီးသောမုဆိုးမကြီးတစ်ယောက်သာဖြစ်သည်ဟုဆိုသည်။ အလွန်အမင်းရန်လိုပြီး ဒေါသအာယာတလည်းကြီးသည်။ ယခုလူသတ်မှုနှစ်ကြိမ်ဖြစ်ခဲ့ရသည်မှာလည်း သူ့မယားနှင့်ပတ်သက်သည်ချည်းဟု ပြောပြသည်။

မယားဖြစ်သူက ရန်လိုပြီး ဒေါသအာယာတကြီးလွန်းသောကြောင့် ထိုဘက်ကမခံချင်ဖြစ်လာကာ ရန်စလာ၍ လူသတ်မှုဖြစ်ခဲ့ရသည်ဟု ဆိုလိုသည်။ ထိုသို့သဘောရှိနေ၍ပင် တစ်ဖက်ရန်ကိုကြောက်ရသည်ထက် သူ့မယားကိုဆက်လက်ပြီးပေါင်းသင်းနေလျှင် ဤပြဿနာမျိုး နောက်ဆက်ပြီးဖြစ်လာနိုင်၍ ယခုကဲ့သို့ရှောင်ထွက်လာခြင်းဖြစ်ကြောင်းကို ဦးစန္ဒအား ပြောပြသည်။

သို့သော် ဦးလေး၏မယားသည်ကား တောသူမတစ်ယောက်ဖြစ်သည့်တိုင်အောင် ထက်မြက်ပြီး ပါးရည်နပ်ရည်ရှိသည်။ လင်ဖြစ်သူကိုလည်းအလွန်အမင်း ချစ်မြတ်နိုးသည်။

ထို့ကြောင့် သူ့ယောကျ်ား သူ့ကိုပစ်သွားပြီဟုသိသည်နှင့် စက်လှေတစ်စီးငှားပြီး ချက်ချင်းလိုက်လာသည်။ဦးလေးကလည်း သူ့မယားလိုက်လာမည်ကိုသိ၍ ဇာတိရွာမှာမနေဘဲ အခြားတစ်နယ်သို့သွားကာ ပုန်းရှောင်နေသည်။

မယားဖြစ်သူမှာ ပါးရည်နပ်ရည်ရှိသည့်အလျောက် ရွာကိုရောက်လာသည်နှင့် သူ့ယောကျ်ား စတင်တည်းခိုသည့်အိမ်ကိုမေးသွားပြီး သူ့ယောကျ်ားရှိသည့်နေရာကိုလိုက်ပို့ရန် တောင်းဆိုလေသည်။ ငြင်းသော်လည်း မရပေ။ ရဲနှင့်ကိုင်ပေါက်သဖြင့် နောက်ဆုံးတွင် လိုက်ပို့ပေးလိုက်ရလေသည်။

❑

မောင်အေးချမ်း ရန်ကုန်မှရောက်သွားရာ ဦးလေးကို တောထဲကဥယျာဉ်တဲမှာရှိနေသည်ကိုတွေ့ရသည်။ ထိုနေရာသည် ဥယျာဉ်ရောကိုင်းခင်းပါ နှစ်မျိုးစလုံး လုပ်ကိုင်စားသောက်၍ရနိုင်သော ဦးလေး၏မိခင်ဘက်မှ ဆင်းသက်လာသည့်အမွေဆိုင်တောမြေဖြစ်၏။ဦးလေးတို့မိသားစု ထိုနေရာ၌အခြေချပြီးလုပ်ကိုင်စားသောက်နေကြသည်မှာလည်း သုံးနှစ်ခန့်မျှရှိနေလေပြီ။

မောင်အေးချမ်း ဦးလေးကို အတဲ ခတ်ကြည့်သည်။ လူနှစ်ယောက်တိ သတ်ဖြတ်ထားဖူးသောဦးလေးမှာ နဂို ရုပ်၊ နဂိုစိတ်များမရှိတော့ပေ။ စိတ်ကြမ်း လူကြမ်းကြီးဖြစ်ကာ ကြောက်စဖွယ်လူ တစ်ယောက်၏အသွင်ကိုသာဆောင်နေလေသည်။

ဦးလေး၏လက်ရှိအသက်မွေးဝမ်းကျောင်းခြင်းမှာ ကြံခင်း၊ ဆေးရွက်ကြီးခင်း၊ တောလယ်ကလေးနှင့် ဥယျာဉ်ပင်များ စိုက်စားနေသည်ကို တွေ့ရသည်။ ဝယ်လက်ရှိလျှင် တောထဲမှ ပျဉ်းကတိုးတိုင်လုံးများကို ခုတ်ရွေးပြီးလည်း ရောင်းသည်ဟုဆိုသည်။ ဝင်ငွေမနည်းလှပေ။ တောရွာအနေဖြင့် ရပ်တည်၍ရသော အနေအထားမှာရှိသည်။

သို့သော် ဆိုခဲ့သည့်အတိုင်း ဦးလေးမှာ နှုတ်မလုံသောသဘောကြောင့် ဖြစ်ခဲ့ပြီးသည့်အကြောင်းကိုများ တို ဆိုင်လာတိုင်း စားမြုံ့ပြန်တတ်သည် ဆိုးလွန်းသည်။ သမက်ဖြစ်သူနှင့် ခမည်း

www.burmeseclassic.com

မက်ဖြစ်သူတို့အား သတ်ခဲ့ဖူးသည့် အကြောင်းကို မကြာခဏပင် ပြောပြ တတ်လေ့ရှိသည်။

ရန်လိုပြီး အာဃာတကြီးသော သူ မိန်းမမှာလည်း ထိုနည်းလည်းကောင်း ပင် ဖြစ်သည်။ ရွာထဲကလူနှစ်ယောက် နှင့် ဟိုဘက်ရွာက လူနှစ်ယောက်တို့ကို ကျေနပ်ကြောင်း၊ အပြတ်ရှင်းပစ်ရမည် ဖြစ်ကြောင်း စသည်ဖြင့် ပြောဆိုနေ၏။ အဘယ်ကြောင့်ပဋိပက္ခဖြစ်ခဲ့ဖူး၍မကျေ နပ်ဖြစ်နေရသည်ကိုမူ မောင်အေးချမ်း မေးမိပေ။

သူတို့လင်မယားကို မကျေနပ်ဖြစ် နေကြသော လူလေးယောက်တို့မှာ လည်း ခေကြသည်တော့ မဟုတ်ပေ။ ရွာသားများထဲက လူနှစ်ယောက်မှာ လူ ထက်ထောင်ထွက်များဖြစ်ကြပြီး ထိုဘက် ရွာကလူနှစ်ယောက်မှာ တစ်ယောက်က မင်းမှုထမ်းဖြစ်ပြီး မင်းပေါက်စိုးပေါက်ဖြစ် သည်။

နောက်တစ်ယောက်မှာသာ၍ပင် ဦးသည်ဟု ဆိုရမည်ထင်သည်။ မင်း ပေါက်စိုးပေါက်၊ မြို့ပေါက်ပြည်ပေါက် ဖြစ်သလို ကုန်းတိုက်၊ ရန်တိုက်လည်း အလွန်များသည်။ ရန်ဖြစ်ဖူးသူကို ကိုယ် တိုင်မသတ်ရဲလျှင် အခြားတစ်ယောက် ကိုသော်လည်း အသတ်ခိုင်းတတ်သည်။ အခြားသတ်ရဲသောလူတစ်ယောက်နှင့် သော်လည်း လှည့်တိုက်ပေးတတ်သည်။

ထိုထိုသို့သောသဘောမျိုးရှိနေကြ ၍ ပြဿနာမဖြစ်စေရန်အတွက် မောင်အေးချမ်းက ဦးလေးအားပြောခဲ့ဖူး သည်။

"ဦးလေး၊ ဖြစ်ခဲ့ပြီးတာတွေကို မပြောနဲ့တော့၊ လူမုန်းတယ်။ အထင် အမြင်သေးပြီး အပေါင်းတွေလည်းကင်း သွားတတ်တယ်။ ဟိုဘက် (ရန်ဖြစ်ခဲ့ဖူး သည့်ဘက်)က ကြားရင်လည်း စိတ်ချမ်း သာစရာမဟုတ်ဘူး။ ဒေါသကိုဆွပေး သလိုတောင်ဖြစ်လာနိုင်တယ်"

ထိုအခါ ဦးလေးက -

"ဖြစ်ပစေလေ၊ လုံးဝမစဉ်းစား ဘူး"

ဟု ဆို၏။

"ဟ - ဦးလေးရာ၊ ရန်ဖြစ်တာ ကောင်းလို့လား။ ဟိုမှာလည်း ဦးလေး ရန်ဖြစ်ခဲ့လို့ စီးပွားရေးနဲ့ အခြေတကျ နေခဲ့ပြီးမှ ထွက်လာခဲ့ရပြီလေ။ ဒီမှာ လည်း ဆက်ပြီးရန်ဖြစ်နေဦးမယ်ဆိုရင် အခု ဦးလေးအသက်ငါးဆယ်ဝန်းကျင် ရှိနေပြီ။ ထောင်ကျရင်လည်း ထောင် ထဲမှာသေဖို့ပဲရှိမယ်။ တစ်နေရာကိုထွက် သွားမယ်ဆိုလည်း ခေတ်ပညာမတတ်၊ အရင်းအနှီးလည်း ပြောလောက်အောင် မရှိတော့ ဦးလေးဘယ်လိုလုပ်ပြီးဘဝကို ရပ်တည်နိုင်တော့မှာလဲ"

ဦးလေးသည် တစ်အောင့်မျှတွေ ပြီးစဉ်းစားနေ၏။ သို့သော် နှုတ်က အကျင့်ဖြစ်နေပြီး ဇလည်းရှိလာခဲ့သော ဦးလေးသည် ဖြစ်ခဲ့ဖူးသောမကောင်း ကြောင်းများကိုသာပြောမြဲပြောနေတတ် ပြီး မကျေနပ်သောသူများကိုလည်း ရှင်း ပစ်ဖို့ချည်းပြောနေလေသည်။

ထို့နောက် သမီးကြီး အိမ်ထောင် ကျပြန်သည်။ သမီးကြီးနှင့် အိမ်ထောင် ကျသောသူမှာလည်း မျိုးနှင့်ရိုးနှင့်ဇရှိသူ တစ်ယောက်ဖြစ်နေပြန်သည်။

ဤသမီးကြီးသည်ပင် ဖခင်ဖြစ်သူ နှင့် ဇာတာချင်းမတည့်ဖြစ်လေသလား ဟု ယူဆရသည်။ ယခင်ကျခဲ့ဖူးသော အိမ်ထောင်သည်လည်း မိဘများနှင့် မတည့်ကြ၍ အသက်သေသည်အထိ ဖြစ်ခဲ့ရပြီ။ ယခု အိမ်ထောင်သည်လည်း ဇရှိသူတစ်ယောက်ဖြစ်နေပြန်သည်။

ထို့နောက် ယောက်ျားနောက်ကို လိုက်သွား၍ သိပ်ပြီးမကြာမီပင် ဖခင် ဖြစ်သူက သူ့သမီးကြီး လယ်ပြင်တဲတွင် သမက်ဖြစ်သူ၏နှိပ်စက်ခြင်းကိုခံနေရ သည်ဟုကြားရသောကြောင့် သမီးငယ် အား လိုက်သွားစေပြီးစုံစမ်းရန်ခိုင်းလိုက် သည်။

သုံး၊လေးရက်ကြာပြီးနောက် သမီး ငယ်ပြန်ရောက်လာသည်။ ဟုတ်သည်။ အနှိပ်စက်ခံရသည်ဟု သမီးငယ်က သူ့ ဖခင်အား အမှန်အတိုင်းကို တစ်လုံး မချန်ပြောပြသည်။ ထို့ကြောင့် ဇရှိနေ သောဦးလေးသည် ဟုန်းခနဲဒေါသထွက် သွားပြီး ချက်ချင်းပင်ထလိုက်သွားလေ သည်။

ထိုအချိန်၌ သမက်ဖြစ်သူ အိမ်မှာ ရှိမနေပေ။ ထို့ကြောင့် သမီးကြီးကို ချက်ချင်းပြန်ခေါ်လာခဲ့သည်။ အိမ်သို့ ပြန်ရောက်လျှင် သမက်တန်းလိုက်လာ နိုင်ကိုသိ၍ ဓားသွေးပြီးစောင့်နေသည်။

ထင်ထားသည့်အတိုင်း သမက် လိုက်လာလေသည်။ သို့သော် သမက် လိုက်လာသောအခါ ဓားနှင့်မဟုတ်ပေ။ ခြောက်လုံးပြူးကိုမောင်းထိုးပြီးလိုက်လာ ခြင်းသာ ဖြစ်သည်။ ဥယျာဉ်တောင်ထိပ် ဘက်ဆီကနေ ခြောက်လုံးပြူးကို ကိုင် မြှောက်ပြီး အယုတ္တအနတ္တဆဲဆိုကြိမ်း မောင်းလျက် 'အားလုံးမျိုးတုံးဖို့သာပြင် ကြပေရော့' ဟု ဒေါသသံကြီးဖြင့်အော် ကာ ပြေးဆင်းလာလေသည်။

သို့သော် သည်ကိစ္စမျိုးကို နှစ်ကြိမ် တိုင်တိုင်ကြုံခဲ့ဖူး၍ ပါးရည်နပ်ရည်ရှိ သောဦးလေးသည် ထိပ်တိုက်ရင်ဆိုင်မခံ ဘဲ မြည့်နေအောင်သွေးထားသောဓား ကို ထရံမှာကွယ်ထောင်ထားပြီး အညှံခံ သည့်သဘောဖြင့် လေသံကိုဖျော့ကာ -

"မင်း၊ ဦးလေးကို သေအောင်ပဲ သတ်တော့မှာလားကွာ။ မင်းက သမက်၊ ငါက ယောက္ခမ။ ဘဝတူချင်း အကျိုး ပေးနေတဲ့အခါ ကျေနပ်မှု၊ မကျေနပ်မှု၊ အဆင်ပြေမှု၊ မပြေမှုဆိုတာတွေလည်း ဖြစ်ပေါ်တတ်တာပဲ။ ဒါမျိုးက သမက်၊ ယောက္ခမ၊ သမီးယောက်ဖတို့ ဖြစ်ပေါ် တတ်တဲ့ကိစ္စမျိုးပါကွာ။ ဒါကြောင့် ထိုင် ပါဦး၊ ဦးလေးပြောပါရစေဦး"

ဟု ပြောလိုက်ရာ သမက် အနည်း ငယ်မျှငေးကြောင်နေစဉ်တွင် ဦးလေး သည် တိုင်မှာကွယ်ထောင်ထားသော ဓားကို ဆတ်ခနဲဆွဲယူပြီး သမက်၏ ခြောက်လုံးပြူးကိုင်ထားသောလက်ကို ဖြတ်ခုတ်လိုက်လေသည်။

ထို့ကြောင့် သမက်ဖြစ်သူသည် လက်တောက်တောက်ပြတ်ပြီး တစ်ဖတ် လည်ကာ အောက်သို့ပြုတ်ကျသွားလေ သည်။ သို့သော်လည်း အဘယ်ကြောင့် ရယ်မသိ။ ထွက်မပြေးနိုင်၍လား၊ ကြောင်နေလေသလား တဲအိမ်ရှေ့မှာ ပင် ငုတ်တုတ်ထိုင်လျက် ငေးနေလေ သည်။

သို့သော် ယောက္ခမဖြစ်သူက ဓား ကိုကိုင်ပြီး အိမ်ပေါ်မှပြေးဆင်းလာသည် ကိုမြင်သောအခါ ဆတ်ခနဲတစ်ချက်မျှ လှည့်ကြည့်ပြီး-

"ဦးလေး၊ ကျွန်တော့်ကို သေ အောင်ပဲလုပ်တော့မှာလား"

ဟု တစ်ခွန်းအော်ပြောလေ၏။ ထိုထက်လည်း ပြောခွင့်မရတော့ပေ။ ယောက္ခမဖြစ်သူက မေးကြောကြီးများ ထောင်ထလျက် မျက်လုံးအစုံရဲရဲနီဖြင့်-

"မင်းလိုအကောင် လူ့လောကနဲ့ မတန်ဘူးကွ"

ဟု အာခေါင်ကိုခြစ်၍တစ်ချက် အော်လျက် သမက်၏ဆံပင်ဦးစွန်းကို မိမိရရကိုင်ဆွဲကာ ဒူးမှာကပ်ပြီး လည် ပင်းကို တစ်ချက်တည်းလှီးလိုက်သဖြင့် အရေပြားသာတဲတဲလေးကျန်လေသည်။ ထို့နောက် ဦးခေါင်းကြီးတန်းလန်းကျ လျက် ချက်ချင်းအသက်မထွက်နိုင်ဘဲ အိမ်ရှေ့တွင် ဦးစောက်ပြောင်းပြန်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပြီး လူးလိမ့်ကာ ဝူးဝူးဝါးဝါးအော်နေသည့်သမက်ကို အိမ်ရှေ့မျက်စောင်းထိုးက ရေတွင်းပျက်ထဲသို့ တွန်းချလိုက်သည်။

သမက်သည် ရေတွင်းထဲသို့ကျသွားပြီးနောက်လည်း အသက်မထွက်နိုင်သေးဘဲ လက်ပေါ်လာလိုက်၊ ခြေထောက်ပေါ်လာလိုက်၊ ခေါင်းတန်းလန်းကြီးပေါ်လာလိုက်နှင့် ဖြောင်းဆန်လျက်သာရှိနေလေသည်။ ရေတွင်းပျက်သည်လည်း ခါးသာသာမျှသာနက်၍ သည်အတိုင်းသာ တစ်အောင့်ကြာအောင်ဖြစ်နေလျှင် လမ်းသွားလမ်းသာများနှင့်တိုးရချေရဲ့ဟု ရေတွင်းပျက်၏ပေါင်တွင်ပုံထားသော ကြံဖတ်များဖြင့် ဖုံးအုပ်လိုက်လေသည်။

ထိုအချိန်က ညနေငါးနာရီကျော်ခန့်တွင်ရှိနေ၍ သစ်ခုတ်၊ ဝါးခုတ်၊ လှတိုက်တောလုပ်သားများလည်း သူတို့တဲနားမှဖြတ်သွားဖြတ်လာရှိတတ်၏။ ထို့ကြောင့် ဦးလေးသည် ဓားကိုထောင်ပြကာ သားမယားများအား ကြိမ်းထားလေ၏။

"အေးဆေး ဣန္ဒြေရရနေကြနော်၊ ဒီမှာတွေ့တယ်မဟုတ်လား"

ထို့ကြောင့် သားမယားများမှာ တုတ်တုတ်မျှမလှုပ်ရဲကြတော့ဘဲ တဲအိမ်ခန်းအလယ်တွင်စုထိုင်ကာ ငြိမ်ကုပ်နေကြလေသည်။ ဦးလေးကမူ တဲအိမ်ကြီးရှေ့တွင် လှံပကာများကိုခင်းထိုင်ပြီး အမူအရာမပျက် ရေနွေးသောက်နေ၏။

မောင်အေးချမ်း၏ ဦးလေးအရင်း (အမေ၏မောင်)နှစ်ယောက်တို့ တောထဲမှပြန်လာကြရာ မှူခင်းဖြစ်သည့်ဦးလေး၏တဲရှေ့တွင် ခဏမျှရပ်ပြီး စကားပြောနေကြ၏။ ထိုအခါ အိမ်ထဲမှမိသားစုများ ဂနာမငြိမ်ဖြစ်နေကြသည်ကို အကဲခတ်မိကြသလို ဦးလေး၏ မျက်လုံးများသည်လည်း သိပ်ပြီးငြိမ်သက်ခြင်းမရှိဟု ဆိုသည်။ ရေတွင်းပျက်ထဲကလည်း မကြာခဏထပွက်နေသေးသည်။

"ယောက်ဖ၊ ကြံဖတ်တွေလည်း တွင်းထဲမှာဗွက်ပေါက်နေပါလားကွ"

ဟု မေးကြည့်မိရာ မှူခင်းဖြစ်ထားသည့်ဦးလေးက -

"ဝက်ကော်ထားတာပါကွာ၊ ဘာမှတော့မဟုတ်ပါဘူး"

ဟု ပြန်ပြောသည်။ သို့သော်လည်း သမက်နှင့်အဆင်မပြေရှိနေကြသည်ကို သိ၍ မိသားစုအားလုံး ဂနာမငြိမ်ခြင်းမှာ အကြောင်းထူးတစ်ခုခုတော့ရှိကောင်းရှိလိမ့်မည်ဟုထင်ခဲ့ကြသည့်အကြောင်းကို မောင်အေးချမ်းအား ပြောပြကြသည်။

နောက်သုံးလေးရက်အကြာမှာပင် သမက်ဖြစ်သူ မယားဆီလိုက်သွားရာမှ အိမ်ပြန်ရောက်မလာကြောင်း၊ ပျောက်ခြင်းမလှ ပျောက်သွားသည့်အကြောင်း စသည်ဖြင့် ဂါတ်ကိုတိုင်၍ ရဲများရောက်လာကြပြီး စစ်ဆေးကြလေသည်။

သို့သော်လည်း ရဲများက မည်မျှအထိပင် စစ်ဆေးမေးမြန်းကြသည့်တိုင်အောင် အတွေ့အကြုံရင့်ထော်နေသော ဦးလေးထံမှ မှူခင်းနှင့်ပတ်သက်၍ တစ်စွန်းမျှမရပေ။ ဘူးခံပြီးသာနေလေသည်။

ဇရှိသောဦးလေး၏ အကြောင်းကို တိတိကျကျနီးပါးသိနေကြသော သမက်၏ ဆွေမျိုးများနှင့် ရဲများသည် ချက်ချင်းမပြန်ကြဘဲ ရေတွင်းပျက်ထဲကို ဆင်းရှာခြင်း၊ ကြံဖတ်ပုံများကိုလှန်ကြည့်ခြင်း၊ လယ်ကွက်ထဲ ခြေရာချင်းထပ်လောက်အောင် လိုက်နင်းကြည့်ခြင်း၊ တောင်ကျချောင်းထဲကိုဆင်း၍လိုက်စမ်းကြခြင်း၊ တဲအိမ်ကြီး၏ ပတ်ဝန်းကျင်တစ်မိုင်ကျော်ခန့် တောထဲသို့သွားပြီးလည်း လက်ရာခြေရာများ တွေ့လိုတွေ့ငြားလိုက်ရှာကြခြင်းကိုပြုခဲ့ကြသေးသည်။

ထိုကဲ့သို့ပင် သမက်၏ဆွေမျိုးများနှင့် ရဲများသည် တစ်ပတ်၊ ဆယ်ရက်ခန့်အထိ လိုက်လံစုံစမ်းရှာဖွေကြသော်လည်း တစ်စုံတစ်ခု အမှတ်အသားကိုမျှ မရမတွေ့သည့်အဆုံး လက်လျှော့သွားကြ၏။ မှူခင်းကိုလည်း လူပျောက်စာရင်းသွင်းကာ ပိတ်လိုက်ရသည်ဟုဆို၏။

သို့သော်. ဦးလေးမှာ နှုတ်မလုံ



သည့်အလျောက် သမက်၏ဆွေမျိုးများနှင့်ရဲများ လက်လျှော့သွားကြပြီး နောက် (အမေ၏မောင်) ဦးလေးများ တောလုပ်ငန်းမှပြန်လာကြရာ တစ်ချက်မျှပြုံးပြီးပြော၏။

"ငါ့ကို ဒါမျိုးလာစမ်းလို့မရဘူးကွ။ အဲဒီအကောင်တွေ (သမက်၏ဆွေမျိုးများ) ပုလိပ်ကို အရက်တိုက်၊ ကြက်သားကျွေးရတာပဲ အဖတ်တင်တယ် မဟုတ်လား။ အဲဒီအကောင်တွေက ဒီအနီးအနားတွေမှာပဲ ရှာကြတာလေ။ ငါက အဲဒီနေ့ည လူခြေတိတ်တာနဲ့ အဲဒီအကောင်ကိုထမ်းပြီး အဝေးကြီးကိုသွားပစ်ထားလိုက်တာ လေးလိုက်တာကွာ။ လူသေအလောင်းကောင်တွေဟာ တော်တော်လေးတာပဲ။ အရင်အကောင် (ပထမသမက်) တုန်းက အိမ်ကမိန်းမနဲ့ နှစ်ယောက်နောက်တစ်ယောက်ထမ်းပြီး အိမ်နောက်ဘက်က ချောင်းထဲပစ်လိုက်လို့ သိပ်ပြီးလေးတာကိုမတွေ့လိုက်ရဘူး။ အခုအကောင်တော့ တစ်ယောက်တည်းထမ်းပြီးပစ်လိုက်တာဖြစ်လို့ လူသေကောင်တော်တော်လေးတာကို သတိပြုလိုက်မိတယ်"

ဒီစကားကို တစ်ဦးတစ်ယောက်ကိုမျှ မပြောသင့်ပေ။ အလွန်မှအန္တရာယ်များ၏။ ယခုမူ ဦးလေးသည် လူရင်းများကိုသာမကဘဲ စကားဆိုမိသောလူတိုင်းနီးပါးကိုပင် ပြောလေ့ရှိနေလေသည်။

ထို့နောက် သမက်၏အလောင်းပစ်ထားသည်ကို တောလုပ်သားများတွေ့လာကြ၍ အရိုးစုများကို ကောက်ပြီးမီးရှို့ပစ်လိုက်သည့်အကြောင်း စသည်ဖြင့် လျှောက်ပြောလေ့ရှိနေသည်။

ထို့ကြောင့် ဦးလေးနှင့်မတည့်သော ကုန်းတိုက်၊ ရန်တိုက်အလွန်များသည့် (ဆိုခဲ့သည့်စတုတ္ထလူ)၏ ပစ်မှတ်ဖြစ်သွားရလေသည်။ ထိုသူသည် ဦးလေး၏ ထိုစကားကို လူအတော်များများ ရရှိအောင် နိုက်ယူစုဆောင်းပြီး ဒေသ၏ညီအစ်ကို တုဝရီးများအား သွား ပြလေသည်။ သမက်ကိုသတ်လိုက်သည့် အကြောင်းကို အောင်ပွဲခံသလို အော သေအောင်သားစားသည့်သဘော ပါးစပ်တွေ့စွာ ပြောဆိုနေကြော စသဖြင့် တစ်ဖက်ကမခံချင်ဖြစ်အော သွေးဆူပြီးဒေါသထွက်လာကြသည်အ အဖုံဖုံအမျိုးမျိုးစကားနာထိုးပြီးအ ကြိမ်သွားပြီးပြောပြနေလေ၏။

ထို့ကြောင့် ထိုလူများမှာ ဇရှိနေကြလေရာ အလွန်အမင်း

www.burmeseclassic.com

ဖြစ်ကာ ယမ်းပုံမီးကျသကဲ့သို့ပင်ဖြစ် ကြလေသည်။ ထို့နောက် သည်ကိစ္စ ရသည့်နည်းဖြင့် အကောင်အထည် ော်မည်ဟုလည်း ကြုံးဝါးလာကြသည်။

သို့သော်လည်း အမှုကိုပိတ်သိမ်း ပြီးဖြစ်၍ တစ်ဖန်ပြန်ဖွင့်ရန် လွယ် ည် မဟုတ်တော့ပေ။ ထို့ကြောင့် သက်ကိုအန္တရာယ်ပြုရန်သာ ကြံစည် ကြလေ၏။ ထိုအခါတွင်လည်း တစ်နယ် ည်းဖြစ်ကြသည့်တိုင်အောင် ရွာချင်း အတော်လေးလှမ်းနေ၍ မှုခင်းကို ကောင်အထည်ဖော်သောအခါ ပိရိ သပ်စေရန်အတွက် လာရောက် တင်းပေးသောသူကိုပင် အကူအညီ ကြရသည်။

ထိုအချိန်က ဦးလေးသည် ဥ့်ထဲမှ အမြဲတမ်းမနေတော့ပေ။ ပြောင်းနေပြီး ဥယျာဉ်နှင့်ကိုင်းခင်း နေ၍ မနက်အရုဏ်တွင် ဓားမကြီး မ်းပြီး တစ်ယောက်တည်း အိမ်မှ လာကာ ဥယျာဉ်နှင့်ကိုင်းခင်းများ ပေါင်းခုတ်၊ ပေါင်းနုတ်အလုပ်များ တကုပ်ကုပ်လုပ်ကိုင်ပြီး နေ့လယ် ) (၁၂) နာရီအထိနေလေ့ရှိသည်။

ထို့ပြင် တစ်ရံတစ်ခါ တောထဲက ာတိုးပင်ပေါက်များကို တိုင်လုံး ခုတ်ရွေးပြီး ရောင်းချလေ့လည်း ည်။ ဤအလုပ်များဖြင့်ပင် ဦးလေး တ်မွေးလျက်ရှိသည်။

သတင်းပေးသူက ဤသည်ကို ဒေသ၊ အချိန်နာရီနှင့်တကွ တစ်ခု လေ့လာထားသည်။ သွားလမ်းလာ များကိုလည်း အသေးစိတ်လေ့လာ လူသတ်သမားများ (သမက်၏ညီ ကို၊ တူဝရီးများ) အား လိုက်ပြထား ည်။ နေ့လယ် (၁၁)၊ (၁၂) နာရီအချိန် လူသွားလူလာပြတ်တတ်သည့် ကြောင်းကိုလည်း ပြောပြထားသည်။

အားလုံးအဆင်ပြေလောက်ပြီးမှ သတ်သမားများထဲမှ ခေါင်းဆောင် သူသည် ဦးလေးထံသို့ တစ်ယောက် လာပြီး ပျဉ်းကတိုးတိုင်လုံးများ လိုသည် ရနိုင်၊ မရနိုင် စသည်ဖြင့် ရောက်မေးမြန်းသည်။

ဦးလေးကလည်း လူသတ်သမား (သမက်၏ဆွေမျိုးသားချင်းများကို) ဦးတစ်ယောက်မျှ သိထားခြင်းမရှိ ထို့ကြောင့်လည်း သူ့အားသတ်ဖြတ် ကားရမယ်ရှာပြီးလာစုံစမ်းနေသည် လုံးဝမရိပ်မိဘဲ ပျဉ်းကတိုးတိုင်လုံး နိုင်ကြောင်းကိုသာ ပြောလိုက်လေ သည်။

ထို့ကြောင့် လူသတ်သမားက နောက်နေ့ သည်လို နေ့လယ် (၁၁) နာရီ အချိန်တွင် ပျဉ်းကတိုးတိုင်လုံးလိုချင်သူ များနှင့်ဆက်ဆက်လာခဲ့ပါမည်၊ စောင့် နေပါဟု ပြောဆိုထားခဲ့ပြီး ပြန်သွားလေ သည်။

ထို့နောက် ချိန်းဆိုထားခဲ့သည့် နေ့လယ်အချိန်တွင် လူသူစုဆောင်းပြီး အားကောင်းမောင်းသန်လူငါးယောက်နှင့် အတူ ရောက်လာကြလေသည်။ ဦးလေး ကလည်း တစ်စွန်းမျှရိပ်မိခြင်းမရှိဘဲ တိုင်လုံးဝယ်ရန်လာကြသော လူများဟု ထင်ပြီး လက်ခံကာ စကားပြော၏။

ထိုအချိန်၌ လူအမြဲမနေသဖြင့် တဲအိမ်ကြီးကိုဖြိုကာ မြေဝပ်တဲလေးထဲ တွင် ဦးလေးဓားသွေးနေ၏။ လူသတ် သမားများရောက်လာကြသည်နှင့် ဓား ကို တိုင်မှာထောင်ထားပြီး နောက်တိုင် တစ်လုံးတွင် ကျောမှီထိုင်ကာ စကား လက်ခံပြီးပြောဆိုနေလေသည်။

လူသတ်သမားများသည် ဦးလေး နှင့် စကားပြောဆိုရင်း ပတ်ဝန်းကျင် အခြေအနေများကိုလည်း အကဲခတ်ကြ သည်။ ထိုအချိန်၌ တပေါင်းလနေသည် ကျဲကျဲတောက်ပူနေ၏။ လူသွားလူလာ လည်း ကင်းပြတ်နေ၏။

ထို့ကြောင့် လူသတ်သမားများက သူတို့အတွက် အချိန်ကောင်းအခါ ကောင်းသို့ရောက်ပြီဟု ဆုံးဖြတ်ကာ တစ်ယောက်သော အားကောင်းမောင်း သန်လူတစ်ယောက်က ဦးလေး၏နောက် ကျောသို့ကပ်သွားပြီး ဦးလေး၏လည် ပင်းကို တိုင်နှင့်တအားကပ်ဆွဲပြီး ညှစ် ထားလေသည်။

နောက်တစ်ယောက်က ဦးလေး၏ လက်နှစ်ဖက်ကို နောက်ဘက်သို့ပူးဆွဲပြီး ဖမ်းချုပ်ထား၏။ ထို့နောက် တစ်ယောက် ပြေးဝင်လာပြီး ခြေထောက်နှစ်ဖက်ကို ဖမ်းချုပ်သည်။ အားလုံးချည်ပြီးတုပ်ပြီး သကဲ့သို့ဖြစ်ပြီးမှ ခေါင်းဆောင်ဖြစ်သူက လည်ပင်းကို တအားညှစ်ပစ်လိုက်လေ သည်။

ထိုအချိန်၌ ဇာတိရွာသူဒေါ်ကြည် ကြည်သည် သူ၏ဆေးရွက်ခင်း၌ ဆေး သားတက်များကို ဖဲ့ချိုးလျက်ရှိသည်။ ဒေါ်ကြည်ကြည်၏ ဆေးရွက်ကြီးခင်း သည် ဦးလေး၏ဥယျာဉ်နှင့် ဖုန်းဆိုးထ နေသော အခြားဆေးရွက်ကြီးခင်း ဟောင်းနှစ်ခင်းသာခြားလျက်ရှိသည်။ ခရီးတာတစ်မိုင်ခွဲခန့်လှမ်းသည်။

ထိုနေ့က ဒေါ်ကြည်ကြည်သည် အိမ်ပြန်နောက်ကျသည်။ ဆေးရွက်ကြီး တောင်းကို ခေါင်းရွက်ပြီး ပြန်လာလေ ရာ လူဆိုးများက ဦးလေးအား လည်ပင်း ညှစ်သတ်နေကြသည်ကို လှမ်းမြင်လေ သည်။ ထို့ကြောင့် အလန့်တကြားဖြစ် ကာ လူဆိုးများက သူ့အားမမြင်မီပင် နောက်ဆုတ်ပြန်ပြေးပြီး ဆေးရွက်ကြီး တောင်းကို ချုံထဲထိုးထားခဲ့ကာ တော လမ်းမှသာ တိတ်တဆိတ်ပြန်ပြေးလာခဲ့ ရသည်။

ဒေါ်ကြည်ကြည်မှာ တောထဲတွင် တစ်ယောက်တည်း အလုပ်လုပ်နေရ သဖြင့် လူဆိုးများက ဦးလေးအား လည် ပင်းညှစ်သတ်နေကြသည်ကို မြင်တွေ့ခဲ့ ရသော်လည်း မပြောရဲပေ။ ပြောလျှင် လည်း နောက်ဆက်တွဲပြဿနာများဖြစ် လာနိုင်သည်။

(ထို့နောက် ကာလအတော်ကြာမှ အတွင်းလူများမှတစ်ဆင့် ထိုအကြောင်း ကို သိကြရသည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ ဟူသည့်သဘော အတိုင်း လူသတ်သမားများထံမှလည်း တစ်စွန်းတစ်စကြားလာရသည်။)

ထိုနေ့က ရောက်သင့်၍ရောက် မလာသောကြောင့် လိုက်သွားကြရာ ဦးလေးသေဆုံးနေလေပြီ။ အစက လေဖြတ်ပြီး သေဆုံးသွားသည်ဟု ထင် ကြသော်လည်း လည်ပင်းကြီးရောင်ကိုင်း နေသည်ကို မြင်ရခြင်းအားဖြင့် လူသတ် ခံရ၍သေသည်ဟု သိသူများကသိကြ သည်။

မင်းဟိန်းထိုက်

**စာကြွင်း -**

နှုတ်မလုံသူတို့သည် တစ်နေ့တွင် ဘေးတွေ့တတ်ကြောင်း ဦးလေး၏ အဖြစ်က သက်သေခံနေ၏။ ဦးလေး သည် ရဲစွမ်းသတ္တိရှိသော်လည်း နှုတ် မစောင့်ခြင်း၊ မိမိကိုယ်ကို ယုံကြည်လွန်း ခြင်းတို့ကြောင့်ပင် အသက်ဆုံးရှုံးသွား ခဲ့ရ၏။

တစ်ဖက်က မုန်းတီးနာကြည်းစွာ ဖြင့် အချိန်ယူပြီး အကွက်ကျကျကြံစည် သတ်ဖြတ်သွားသောကြောင့် ယနေ့ချိန် အထိပင် လူသတ်တရားခံပေါ်လာခြင်း မရှိတော့ပေ။

(ဤအကြောင်းသည် နှစ်ဦးနှစ်ဖက် တို့၏ စကားထွက်အပြည့်အစုံကိုယူပြီး ရေးသားတင်ပြရခြင်း ဖြစ်ပေသည်။)



www.burmeseclassic.com

www.burmeseclassic.com

နှင်းထုများ ထူထပ်စွာ ကျဆင်းလျက်ရှိနေသည်။ ဘယ်ကိုပဲကြည့်ကြည့် နှင်းထုနှင့်အတူ မြူခိုးတွေအုံ့ဆိုင်းနေသည့် တစ်မျှော်တစ်ခေါ် ပဲခူးရိုးမ တောင်တန်းကြီးက လွှမ်းမောဖွယ်ရာ အတိ၊ ပဲခူးအရှေ့ရိုးမသစ်ထုတ်လုပ်ရေး ကြိုးဝိုင်းကို ကြီးကြပ်အုပ်ချုပ်နေရသည့် သစ်ထုတ်လုပ်ရေးမန်နေဂျာကြီးဦးငွေစိုး စာရင်းဇယားတွေနှင့်အလုပ်ရှုပ်နေသည်။ နံနက်မိုးလင်းကတည်းက နေမင်းကြီးရဲ့ အလင်းရောင်ကို မမြင်ရ။ မန်နေဂျာကြီးရဲ့ရုံးခန်းထဲမှာလည်း မြူနှင်းများအုံ့ဆိုင်းနေသည်။ ဦးငွေစိုးအသုံးပြုနေကျမီးစက်ကို မောင်းခိုင်းလိုက်သည်။ ထွန်းလင်းတောက်ပလာသော မီးအားလေးဖြင့် တိုင်းရုံးကို လချုပ်များ အချိန်မီပို့ရန် ကြိုးစားနေရသည်။

(ရွှေမိုးညို)

# မောင်စိန်နဝင်း

မျိုးအောင်နဲ့မိုးထောင်





www.burmeseclassic.com

www.burmeseclassic.com

အချိန်ကား ၁၉၇၀ ပြည့်နှစ်၊ ဒီဇင်ဘာလ တစ်နေ့နံနက် (၈)နာရီခန့်။နေရာကား ပဲခူးရိုးမ တောင်တွင်းကြီးမြို့နယ် အရှေ့ခြမ်း ဘင်ဟုန်သဲစ်ထုတ်လုပ်ရေး ဆင်စခန်း။ နေ့(၁၀)နာရီခန့် နှင်းထုများ ပါးသွားပြီး နေရောင်ခြည်များ ထွန်းလင်းတောက်ပလာကြသည်။ စာရင်းဇယားများလည်း ပြီးသလောက်နီးပါးရှိသွားသည်။ ဦးငွေစိုး အညောင်းပြေ ခါးကျောဆန့်ရင်း ပတ်ဝန်းကျင်ကို မျှော်ကြည့်နေခိုက် ရုံးခန်းထဲသို့ ဖိုးထောင် ဆင်ဝိုင်းမှ ဆင်ဦးစီး ဖိုးထောင်နှင့် ဆင်လုပ်သား (၃)ယောက် ရေးကြီးသုတ်ပျာဝင်လာကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဆင်လုပ်သားများအားလုံး ထိတ်လန့်ကြောက်ရွံ့နေကြသလို အမူအရာဗျက်လျက်ရှိသည်။

မန်နေဂျာကြီး ဦးငွေစိုးက -

"ဖိုးထောင်တို့ဘာဖြစ်လာကြတာလဲ၊ ရေးကြီးသုတ်ပျာနဲ့"

"မန်နေဂျာကြီး ကယ်ပါဦး။ ကျွန်တော်တို့ဆင်ဝိုင်းကို ညတုန်းက မျိုးအောင်ကြီးလာသောင်းကျန်းသွားလို့ ဆင်ဝိုင်တစ်ခုလုံး ရစရာမရှိအောင် ပျက်စီးသွားပြီ"

"ဟေ - လူတွေကောဘာဖြစ်သွားကြသေးလဲ"

"လူတွေထွက်ပြေးကြလို့ ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် လူတွေရောဆင်တွေပါ ကြောက်လန့်ပြီးမနေရဲကြတော့ဘူး"

ဦးငွေစိုး အုပ်ချုပ်နေရသော အရှေ့ရိုးမကြိုးဝိုင်းတွင် ဘင်ဟုန်ဆင်ဝိုင်း၊ ဖိုးအေးဆင်ဝိုင်း၊ ဖိုးထောင်ဆင်ဝိုင်း သုံးခုရှိသည်။ ဆင်ဝိုင်းများအလှမ်းကွာဝေးကြသည်။ ဘင်ဟုန်ဆင်စခန်းက အခြေပြုစခန်းကြီး။ စခန်းလေးဖက်လေးတန်မှာ တောင်ကုန်းမြင့်များ ဝန်းရံလျက်ရှိသည်။ တောင်ဘက် တောင်ကုန်းနှင့် ချောင်းခေါင်းကြီးချောင်းကြားမှာ သုံးကောင်တစ်အုပ်နှင့် ဆင်ဝိုင်းတွေထားရှိသည်။ အနောက်ဘက်တောင်ကုန်းမှာ ဘုန်းကြီးကျောင်း၊ တောင်ခြေရင်းမှာ မူလတန်းကျောင်းနှင့် ဆေးခန်း၊ အလယ်ဗဟိုလောက်မှာ ဧည့်ရိပ်သာ၊ ဆေးခန်းအနီးမှာ လူအတွက် ဆန်၊ ဆီ၊ ဆား၊ ငါးပိများသိုလှောင်ထားသော ဂိုဒေါင်တစ်လုံး၊ ဆင်စာအတွက်ဆင်တွေကြိုက်တတ်သောမန်ကျည်းသီးဂိုဒေါင်တစ်လုံး။ ဂိုဒေါင်နှစ်လုံးမှာ ရိက္ခာများမပြတ်လပ်စေရ။ စခန်းတစ်ပတ်လည်မှာ ဖြစ်ထွန်းလွယ်သည့် စိမ်းစိုနေသော ငှက်ပျောပင်၊ စားပင်သီးပင်တို့ဖြင့် အုပ်ဆိုင်းလျက်ရှိသည်။

ဘင်ဟုန်က စခန်းကြီးဖြစ်လို့ ဆင်များကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကိုတာဝန်ယူရသည်။ ဖိုးထောင်ဆင်ဝိုင်းနှင့် ဖိုးအေးဆင်ဝိုင်းများသို့လည်း လိုအပ်သည်များ စီစဉ်ပို့ဆောင်ပေးရသည်။မန်နေဂျာကြီးဦးငွေစိုး ဆင်ဝိုင်းများကို အခါအားလျော်စွာသွားရောက်ရသည်များရှိသည်။ ဘင်ဟုန်ဆင်စခန်းမှာ ဆင်များကို သစ်ဆွဲလို့ရသည့်အထိ အဆင့်ဆင့်လေ့ကျင့်ရသည်က မလွယ်။ ဆင်ငယ် (၆) နှစ်သားအရွယ်လောက်မှာ စတင်လေ့ကျင့်ရသည်။ လေ့ကျင့်မည့်ဆင်ကို လေးတိုင်စင်လေးထဲသွင်းထားရသည်။ ဆင်၏ ဝမ်းဗိုက်အောက်မှာ ကြိုးကွင်းများနှင့် ဆင်စာများချထားသည်။ ဆင်ဝပ်လို့မရအောင် ဝမ်းဗိုက်အောက်မှာ ကြိုးတန်းဆွဲထားသည်။ ဆင်အစာစားချိန်မှာ လေးဖက်လေးတန် ကွင်းလျှောများကို ဝိုင်းဆွဲကြရသည်။ ဆင်ခြေလက်များကားသွားပြီး မလှုပ်နိုင်သည့်အခါ ချွန်ထားသော တစ်လံလောက်ဝါးတိုနှင့် တစ်နေ့လုံး ဆင်ကိုယ်လုံးကို အလှည့်ကျ အပေါ်၊ အောက်ရိုက်ပေးကြ၏။ ညဘက်ရောက်လျှင် သီချင်း၊ သံချပ်၊ ဆင်ချော့ဂါထာတွေနှင့်ချော့ကြရသည်။ ဆင်ကို ဝါးလုံးတို၊ လက်များနှင့် (၁၅) ရက်ခန့် ပွတ်သပ်ပေးကြပြန်သည်။ လေ့ကျင့်ချိန်တွင် ဆင်လုပ်သားမိသားစုထဲမှ (၁၃) နှစ်အရွယ်ယောက်ျားလေးတစ်ယောက်ကို ရှာထားရသည်။ ကလေးငယ်က ဝါးလုံးတိုလေးနှင့်အစာကျွေးခြင်း၊ ပွတ်သပ်ပေးခြင်းပြုလုပ်ရာတွင် ဆင်နှင့်ယဉ်ပါးလာပြီး ကလေးငယ် ခိုင်းတာလုပ်လာသည်။ ကလေးငယ်ကို တက်စီးခိုင်းပြီး ဆင် (၁၈) နှစ်သားမပြည့်ခင် ဆင်ဝိုင်းကိုပို့ထားရသည်။ ကလေးငယ်နှင့်အတူ တောက်တိုမယ်ရအလုပ်တွေအရင်စလုပ်ရသည်။ ဆင် (၁၈) နှစ်သားပြည့်မှ သစ်ဆွဲတဲ့အလုပ်ကိုလုပ်ရသည်။

ဆင်တစ်ကောင်ကို သာမန်လွတ်ကျောင်းချိန် ရှေ့လက်တစ်ဖက်ကို လက်သွယ်ကြိုးထုံးခတ်ထားသည်။ မုန်ယိုချိန်မှာ ဆင်လမ်းလျှောက်သာရုံ ထုံးကျဲခတ်သည်။ မုန်များပါးစပ်ထဲစီးဝင်သွားသော မုန်အာသောက်ချိန်သည်` ဆင်များကို အထိန်းရအခက်ဆုံးအချိန်မို့ ရှေ့ခြေနှစ်ဖက်ကိုပူး၍ ထုံးစိပ်ခတ်လျှင် ဆင်ရှေ့ခြေနှစ်ဖက်ခုန်သွားမှရသည်။ ဆင်ကို ထုံးဖြုတ်ချိန်မှာ ဆင်၏ဘယ်၊ညာအဝင်၊ အထွက်မမှားစေရန် အရေးကြီးသည်။ အဝင်၊အထွက်မှားက လူစိမ်းမှန်းသိပြီး အန္တရာယ်ပေးတတ်သည်။ ဆင်ဦးစီးများ ဆင်ခြေရာနှင့်ထုံးခတ်ထားသောသံကြိုးရာကိုကြည့်ပြီး သူ့ဆင်ကိုယ့်ဆင်မှန်းသိကြသည်။ နံနက်၊ ညခြေရာကို ကြည့်၍လည်းသိသည်။ ဆင်များကို စားကျက်တွင် ငါးရက်တစ်ကြိမ်ခန့်လိုက်ကြည့်ခြင်းကို မျှော်သည်ဟု ခေါ်သည်။ အလုပ်ရှိ၍လိုက်ခေါ်လျှင် ကောက်သည်ဟုခေါ်သည်။

❑

မန်နေဂျာကြီးဦးငွေစိုး ရုံးကိစ္စများ စီမံနေရသဖြင့် ညနေ(၄)နာရီခန့်မှထွက်ဖြစ်သည်။ သစ်ထုတ်လုပ်ရေးကားတစ်စီးနှင့် မိုင် (၃၀) ကျော်ကွာဝေးသော ဖိုးထောင်ဆင်ဝိုင်းသို့ ခရီးပြင်းနှင်ခဲ့ကြသည်။ တောတွင်းအရေးပေါ်ဖောက်လုပ်ထားသော သစ်ထုတ်လုပ်ရေးကားလမ်းများက ကောင်းမွန်ခြင်းမရှိ။ တောင်ကမ်းပါးယံများ၊ ချောက်များကို အဆင့်ဆင့်ဖြတ်ကျော်ကာဖောက်လုပ်ထားရ၍ လမ်းကြမ်းသည်။ ခရီးမတွင်လှ။ ဆင်များက အပူဒဏ်မခံနိုင်။ ဆင်များနှင့် မိုးရာသီမှာ ထုတ်လုပ်ထားတဲ့ သစ်များကို ပွင့်လင်းရာသီမှာသယ်ယူကြရသည်။ ညနေပိုင်းရောက်လာသဖြင့် တောရိပ် တောင်ရိပ်တွေနှင့် အအေးဓာတ်များက လွှမ်းခြုံလာသည်။ မှောင်ရီပျိုးစပြုလာသည်။ နှင်းနှင့်မြူတွေကျလာ၍ ဘာမှမမြင်ရ။ ကားမီးရောင်နှင့် ကားလမ်းကို ဂရုတစိုက်မောင်းနေရသည်။ တောင်ကမ်းပါးယံနား ကပ်ဖောက်ထားသော ကားလမ်း၊ တစ်ဖက်မှာ ချောက်ကမ်းပါးကြီး၊ ကမ်းလမ်းတစ်နေရာတွင် မမျှော်လင့်သောမြင်ကွင်းကြောင့် မန်နေဂျာကြီး စိတ်အိုက်သွားသည်။ ကားလမ်းပေါ်တွင် သစ်ပင်ကြီးတစ်ပင် ကန့်လန့်ဖြတ်လဲကျနေသည်။ သစ်ပင်ကြီးကို ဒီလူအားနှင့် ဘယ်လိုမှဖယ်နိုင်စွမ်းမရှိ။ ဘာလုပ်ရမှန်းမသိ။ ရှေ့မတိုးသာနောက်မဆုတ်သာဖြစ်နေသည်။ အားလုံး အကြံအိုက်နေကြသည်။ ကားပေါ်မှ မမျှော်လင့်သောအသံတစ်သံရုတ်တရက်ကြားလိုက်ရသည်။

"ဂလောင် ဂလောင် ဂလောင်"

ဖိုးထောင် နားစွင့်လိုက်ပြီး -

"ဒါ ကျွန်တော့်ဆင်ထီး စွယ်စုံကြီးပဲ။ ဆရာတို့ ဒီကခဏစောင့်နေ။ ကျွန်တော် ဆင်းကောက်လိုက်ဦးမယ်"

ဆင်သမားတို့သည် ဆင်ခလောက်သံကြားတာနှင့် ကိုယ့်ဆင်မှန်းသိကြ၏။ အံ့ဩဖွယ်ကောင်းလေစွ။ အတော်ကြာတော့ ဖိုးထောင် စွယ်စုံဆင်ထီးကြီးကိုစီးပြီး ရောက်လာသည်။ ကားလမ်းပေါ် ကန့်လန့်ဖြတ်တင်နေသော သစ်ပင်ကြီးကို စွယ်စုံကြီးက ချောက်ကမ်းပါးထဲတွန်းချလိုက်သည်။

"ဝုန်း ဝုန်း ဝုန်း"

ယခုမှ အားလုံး သက်ပြင်းချနိုင်ကြသည်။ ဖိုးထောင် ကယ်ပေလို့သာ ခရီးအတော်ကလေးကြာမြင့်သွားသည်။ စွယ်စုံကြီးကို တောတွင်းသို့ပြန်လွှတ်ပေ



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ ညဥ့်ငှက်များအော်မြည်သံ၊ တောကောင်များရဲ့ ဟိန်းဟောက်သံများ တလွဲ၍ အားလုံး ပကတိအတိုင်း ပြန် သည်ငြိမ်သက်သွားသည်။ ကားမီးထိုး၍ ခရီးဆက်ခဲ့ကြပြန်သည်။

❑

လမ်းမှာ ခရီးဖင့်ခဲ့လို့ နံနက်ဝေလီ ဝေလင်းအချိန် ဖိုးထောင် ဆင်ဝိုင်းသို့ ရောက်ရှိသွားသည်။ မြင်လိုက်ရသည့် မြင်ကွင်းက ဆင်ဝိုင်းတစ်ခုလုံး ပြိုလဲပျက် စီးနေသည်။ ဧည့်ရိပ်သာ၊ ရိက္ခာဂိုဒေါင်၊ ဆင်လုပ်သားများ၏ တဲအိမ်များ၊ စိုက် ထားသောသစ်ပင်များဖျက်ဆီးခံထား ရ၍ တစ်စစီစုတ်ပြတ်နေသည်။ ဆင်လုပ် သားများ၏မိသားစုများ အော်ဟစ်ငိုယို နေကြသည်။

"မန်နေဂျာကြီး ကယ်ပါဦး၊ ကျွန်မ တို့ဒီမှာဆက်မနေရဲတော့ဘူး။မျိုးအောင် ကြီးရန်ကြောက်တယ်။ ဘယ်လိုလုပ်ရ မလဲ"

ဖိုးထောင်၏ဇနီးမနီက ဆီးပြော လိုက်တော့ မန်နေဂျာကြီး ဦးငွေစိုး စဉ်းစားနေရာက -

"ငါလည်းဘယ်လိုလုပ်ရင်ကောင်း မလဲ စဉ်းစားနေပါတယ်။ စိတ်အေးအေး ထားကြပါ"

မျိုးအောင်ကြီးဆိုတာ ဟိုင်းဆင် ကြီးတစ်ကောင်။ လောလောဆယ် တောဆင်တစ်ကောင်ပဲ သတ်မှတ်ထား သည်။ ဆင်တစ်ကောင်တွင် စွယ်စုံ အစွယ်နှစ်ချောင်းပေါက်သော စွယ်စုံ ဆင်များရှိသလို အစွယ်လုံးဝမပေါက် သော ဟိုင်းဆင်များရှိသည်။ ဘယ်၊ ညာ တစ်ဖက်တည်း အစွယ်ပေါက်သော တယ်လူးဆိုသောဆင်များရှိသည်။ ဟိုင်း ဆင်သည် အခြားဆင်များထက် ကိုယ် ကြီးမားကြံ့ခိုင်သည်။ဆင်များနောက် ခြေရာထက် ရှေ့ခြေရာက ပိုကြီးမား သည်။သာမန်ဆင်ရှေ့ခြေရာတစ်တောင် နှစ်သစ်ရှိပေမယ့် မျိုးအောင်ကြီးက ခြေရာတစ်တောင့်ထွာခန့်ရှိကြောင်း၊ သာမန်ဆင်(၉)ပေခန့်မှာ မျိုးအောင်ကြီး (၁) ပေခန့်ပိုမြင့်ပြီး (၁၂) ပေခန့်ရှိ ကြောင်း၊ တောဆင်များအမွေးနီကြောင် ကောင်ပေမယ့် ကွင်းဆင်များက မည်း ကြောင်း၊ မျိုးအောင်ကြီးကတော့ ထူးခြား နက်မှောင်နေသောအမွေးများရှိ ကြောင်း၊ အထူးခြားဆုံးက မျိုးအောင် ရှေ့ခြေနှစ်ဖက်မှာ ထူးရာများတွေ့ ကြောင်း ဆင်လုပ်သားများက တညီ တညွတ်တည်းပြောကြသည်။

မျိုးအောင်ကြီးက ဆင်ရိုင်းလား၊ ဆင်ယဉ်လား ခွဲခြားအတည်ပြုရန် ခက် နေသည်။ လောလောဆယ် ဆင်ဝိုင်း တွေကို မကြာခဏ ဒုက္ခပေးနေသည်။

ဆင်လုပ်သားတစ်ဦးက -

"ကျွန်တော်တို့ ခုတစ်လော ဆင်တွေကို ဒီကောင်ကြီးရန်ကြောက်ပြီး လွှတ်မကျောင်းတာ ကြာသွားပြီ။ ဆင်မ တွေနဲ့မတွေ့ရလို့ ဒီကောင်ကြီး စိတ်တို ပြီး ရန်လာရှာတာဖြစ်မယ်"

မန်နေဂျာကြီးစဉ်းစားနေရာက-

"အေး - ဖြစ်နိုင်တယ်၊ ဒါပေမယ့် ခက်တာက ဒီကောင်ကြီးက ဆင်စား ကျက်မှာ ဆင်ထီးတွေကိုရွေးပြီး တိုက် ခိုက်တတ်လို့ ဆင်ထီးအချို့ဒဏ်ရာရနေ ကြတယ်"

"မျိုးအောင်ကြီးလာရင် ခြောက် လှန့်ရအောင် လောလောဆယ်တော့ မီး တုတ်တွေများများစီစဉ်ထားကြ"

တောဆင်များသည် အသံမြည် ဖောက်၊ ခြောက်လှန့်ခြင်းထက် မီးတုတ် များထွန်းညှိဝှေ့ယမ်းပြမှ ပိုမိုကြောက်ကြ သည်။

ဆင်လုပ်သားတစ်ဦးက -

"မန်နေဂျာကြီး၊ ကျွန်တော်အကြံ တစ်ခုရထားတယ်။ ရိုးမတောင်ဘက် ကျောက်ကမ်းပါးယံမှာသဘာဝအလျောက် ရှိနေတဲ့ ကျောက်ဂူကြီးတွေ သုံး၊ လေးဂူ လောက်တွေ့ထားတယ်။ ကျွန်တော်တို့ အဲဒီမှာနေလောက်တယ်။ ကျွန်တော်တို့ အဲဒီမှာရှောင်နေရင်ကောင်းမလားလို့"

"အေး-မင်းအကြံကောင်းပါတယ်၊ ယာယီအစီအစဉ်အနေနဲ့ ရှောင်နေကြ တာပေါ့"



မန်နေဂျာကြီး၏အစီအစဉ်နှင့် ရိုးမတောင်ဘက်ခြမ်း ကျောက်ကမ်းပါး ယံကြီးတွေမှာ ဆင်လုပ်သားများအားလုံး ယာယီပြောင်းရွှေ့နေထိုင်ကြသည်။ သစ် ထုတ်လုပ်ရေးဆင်များလွှတ်ကျောင်းနေ ချိန်မှာ လေ့ကားနှင့်အတက်အဆင်းပြု လုပ်ပြီး မိသားစုများကို ဝှက်ထားကြ သည်။

❑

ဟိုင်းဆင်ကြီး မျိုးအောင် ဆင်ဝိုင်း တွေကို မကြာခဏလာရောက်ဖျက်ဆီး တတ်သဖြင့် ဆင်သမားတွေအားလုံး ကြောက်လန့်နေကြသည်။ ခက်တာက သစ်ထုတ်လုပ်ရေးဆင်များသည် တစ်မိုး လုံး သစ်ထုတ်လုပ်ကြရသဖြင့် အလုပ် ဒဏ်ပိပြီးအလွန်ပင်ပန်းကြ၏။ ဆောင်း ရာသီ၊ နွေရာသီအလုပ်နား၍ စားကျက် တွင် လွှတ်ကျောင်းချိန်မှာ ဆင်ထီးများ မိတ်လိုက်နိုင်စွမ်းနည်းသွားသည်။ ခုလို ချိန်မှာ စားကျက်၌ လွှတ်ကျောင်းထား သောဆင်မများကို မျိုးအောင်ကြီးက မိတ်လိုက်ပေးခြင်းဖြင့် ဆင်ဝိုင်းများ၌ မျိုးအောင်ကြီးနှင့်ရသော မျိုးဆက်သစ် ဆင်ငယ် (၁၅) ကောင်ခန့်ပင်ရှိနေပြီဖြစ် သည်။ ဘယ်ကလာမှန်း အတည်မပြုရ သေးသော ဤဆင်ဟိုင်းကြီးက မျိုးများ များရစေခဲ့၍ မျိုးအောင်ကြီးဟု ဆင်လုပ် သားများက အမည်တပ်ပေးလိုက်ခြင်း ဖြစ်သည်။

သစ်ထုတ်လုပ်ရေးတွင် ဆင်တစ် ကောင်ကို ခိုင်းလို့ရသည်အထိ အဆင့် ဆင့်ခက်ခဲပင်ပန်းစွာလေ့ကျင့်ခဲ့ရသည်။ ဆင်တစ်ကောင်၏တန်ဖိုးကား ကြီးမား လွန်းလှသည်။ မျိုးအောင်ကြီးရှေ့ခြေရာ တွင် ထူးခတ်ရာများတွေ့ရခြင်းကြောင့် တစ်ချိန်က ဆင်ယဉ်လည်းဖြစ်နိုင်သည်။ မျိုးအောင်ကြီး မျိုးဆက်သစ်များကို ရယူ ပေးခဲ့ခြင်းကြောင့် မျိုးအောင်ကြီး၏ ကျေးဇူးတွေရှိနေသည်။ မျိုးအောင်ကြီး ဆင်ယဉ်ဘဝက အရိုင်းစိတ်ဝင်သွားတာ လည်းဖြစ်နိုင်သည်။ မည်သို့မျှအတည်ပြု ချက်မရခင် အမိန့်မရဘဲ ဆင်တစ်ကောင် ကို သတ်ပစ်ခွင့်မရှိ။ ရသည့်နည်းနှင့် ဖမ်းဆီးရန် မန်နေဂျာကြီး ဦးငွေစိုး ဆုံးဖြတ်လိုက်သည်။

ဒီနေ့ ဘင်ဟုန်ဆင်စခန်းမှာ ဆင် ဝိုင်းတွေမှ ကျွန်းမာသန်စွမ်းသော ဆင် လုပ်သား (၄၀) လောက် စုထားသည်။ မျိုးအောင်ကြီးကို အသက်မသေဘဲ ရ သည့်နည်းဖြင့်ဖမ်းရန် မန်နေဂျာကြီးက

www.burmeseclassic.com

ညွှန်ကြားထားသည်။ ဆင်သမားများဖမ်းနေကျခလေ့အတိုင်း ဖမ်းကြမည်။ စွယ်စုံဆင်ထီးကြီးနှင့်အတူ အခြားဆင်တစ်ကောင်ပါသည်။ ဆင်လုပ်သားအားလုံး ဓား၊ လှံ၊ ဒူးလေးများ ကိုယ်စီကိုင်ဆောင်ထားကြသည်။ ဆင်(၂)စီးပေါ်တွင် ဦးစီးများဖြစ်သည့် ဖိုးထောင်၊မောင်ပုတို့လိုက်ပါလာပြီး ကျန်သူများ ခြေလျင်လျှောက်လာကြသည်။နံနက်စောစော သစ်ထုတ်ဆင်များ လွတ်ကျောင်းတတ်သည့် ရိုးမအရှေ့ကြောဝါးပင်များထူထပ်စွာပေါက်နေသည့်ဆင်စားကျက်ကို ဦးတည်ထွက်ခွာခဲ့ကြပြန်သည်။ ထုံးစံအတိုင်း နှင်းတွေတအားကျနေလို့ တစ်နေရာနှင့်တစ်နေရာ သဲကွဲစွာမမြင်ရ။ ခြေသံလုံအောင်လျှောက်ကြရသည်။ ခရီးမိုင်အံတော်ပေါက်ခဲ့ပြီ။ ဆင်စားကျက်နှင့် နီးလာသည်။

တစ်နေရာအရောက် ဆင်ဦးစီးဖိုးထောင် ဆင် (၂)ကောင်ကို အမိန့်ပေးလိုက်သည်။

"ခလောက်ပိတ် ခလောက်ပိတ် ခလောက်ပိတ်"

ဆင်နှစ်ကောင်၏လည်၌ ဆွဲထားသော ခလောက်များကို ဆင်များက ၎င်းတို့၏ နှာမောင်းဖြင့်ပတ်ပြီး ဦးကင်းပေါ်တင်လိုက်ကြသည်။ ခလောက်သံများရပ်သွားသည်။ ဆင်များနားလည်တတ်မှုက အံ့ဩဖွယ်ကောင်းလှသည်။ ခလောက်သံကို မျိုးအောင်ကြီး အဝေးကကြားသွားမှာစိုး၍ဖြစ်သည်။ ဆင်များကနားပါးသလို အနံ့ခံလည်းကောင်းကြသည်။ တောထဲ၌ ခရီးတစ်ခုသွားလျှင် ခရီးအစမှအဆုံးအထိ လိုက်ပါလာသူအဝတ်အစားများမလဲလှယ်က အကောင်းဆုံးဖြစ်သည်။ အဝတ်အစားလဲလှယ်က အနံ့ပြောင်းသွားသဖြင့် လူစိမ်းလိုက်ပါလာသည်ကို ဆင်ကသိပြီးရန်လုပ်တတ်သည်။

တောတွင်းခရီးစဉ်တွင် လက်နက်နှင့်မုဆိုးကိုတွေ့က မုဆိုး၏လက်နှင့်ခြေထောက်တို့တွင် ဆင်ချေးများလိမ်းထားပါက ဆင်လိုက်မုဆိုးဟုမှတ်ယူပြီး ဖမ်းဆီးအရေးယူကြရသည်။ ဆင်ချေးမလိမ်းထားပါက သာမန်မုဆိုးဟုမှတ်ယူရသည်။ ရိုးမအရှေ့ကြော တောင်ကမ်းပါးယံနှင့်တောစပ်မှာ ဝါးတွေပိုမိုထူထပ်စွာပေါက်နေသောနေရာသို့ရောက်ရှိလာကြသည်။ ပါလာသောဆင်များကို တစ်နေရာသို့လွှတ်ပေးလိုက်သည်။ ဝါးပင်အချို့ချိုးဖဲ့စားသောက်ထားပြီး ဆင်ခြေရာလတ်လတ်ဆတ်ဆတ်နှင့် ဆင်ချေးပုံများတွေ့ရသည်။ ဆင်ခြေရာက တစ်တောင့်ထွာခန့်ရှိ၍ မျိုးအောင်ကြီးဖြစ်ဖို့ သေချာပြီ။ အားလုံး လေ့ကျင့်ထားသည့်အတိုင်း ဆင်လုပ်သားများ တောင်ကမ်းပါးယံနှင့်သစ်ပင်ကြီးတွေပေါ် တက်ပြီး လူစုခွဲနေရာယူကြသည်။

"ဟေး ဟေး ဟေး"

ဆူညံသံများနှင့်အတူ သစ်ပင်ကြီးတွေနဲ့ ဝါးတောကြီးတွေအလွန်ထူထပ်စွာပေါက်နေသောတစ်နေရာက -

"ကျီ ကျီ ကျီ ဝူး ဝူး ဝူး"

မြင့်မားသောကိုယ်လုံး၊နက်မှောင်သောအမွေး၊ ဦးကင်းမည်းမည်းကြီးနှင့်လျင်မြန်စွာ လှုပ်ရှားရင်း နားရွက်များတဖျတ်ဖျတ်ခတ်ကာ ကျဉ်းမြောင်းသောမျက်လုံးတို့ဖြင့် စူးစမ်းစွာကြည့်ရင်းထွက်လာသော မျိုးအောင်ကြီးကို တွေ့ကြရသည်။

"ပစ် ပစ် ပစ် ဒေါင် ဒေါင် ဒေါင်"

ပစ်မိန့်ပေးသံနှင့်အတူ တောင်ကမ်းပါးယံ သစ်ပင်ကြီးတွေပေါ်က ပစ်လွှတ်သော ဒူးလေး၊ မြားတံတွေက မျိုးအောင်ကြီး၏ခွာပုန်းတွေမှာ စိုက်ဝင်လာကြသည်။ဆင်များသည် ခွာပုန်းကိုအပစ်ခံရလျှင် အနာဆုံးနှင့်အကြောက်ဆုံးဖြစ်သည်။ မျိုးအောင်ကြီးနာကျင်လွန်း၍-

"ကျီ. . . ကျီ. . . ဝူး. . . ဝူး"

ပတ်ဝန်းကျင်ကိုသဲသဲမဲမဲပြန်လည်တုံ့ပြန်ရန်အော်ရင်း ရန်သူကိုရှာနေပေမယ့် ဒူးလေး၊ မြားတံတွေက ၎င်း၏ခွာပုန်းကို အဆက်မပြတ်စူးဝင်နေကြသည်။ မျိုးအောင်ကြီးခြေထောက်နာလာချိန် -

"ဟေး. . . ဟေး. . . ဟေး. . . မောင်း. . . မောင်း. . . မောင်း"

အနီးကပ်ဆုံးလျှိုတစ်ခုထဲမောင်းသွင်းခံလိုက်ရသည်။ လှံသမားတစ်စုပြေးဝင်လာပြီး မျိုးအောင်ကြီးကို လှံတွေနှင့်ဝိုင်းထောက်ထားကြသည်။ ဆင်ဦးစီးဖိုးထောင် နေရာယူထားသော တောင်ကမ်းပါးယံပေါ်ကနေ မျိုးအောင်ကြီး၏ဦးကင်းပေါ် ခုန်ချလိုက်ပြီး ထိန်းချုပ်ရန်ကြိုးစားသည်။ ဆင်မာန်ကျပြီး အရိုင်းစိတ်ပျောက်၍ အယဉ်စိတ်ဝင်လာရန်ဖြစ်သည်။ ဒါပေမယ့် မျိုးအောင်ကြီးမာန်မကျ။ ရှိသမျှအားတွေ နောက်ဆုံးအနေနဲ့စုစည်းလိုက်ပြီး -

"ကျီ. . . ကျီ. . . . ဝူး. . . ဝူး . . . ဖုန်း. . . ဖုန်း"

ဖိုးထောင်ကို ခါချ၊ တွေ့မြင်သမျှရိုက်ချိုးပြီး နာကျင်စွာ အော်ဟစ်ရင်းတောနက်ကြီးထဲသို့ တစ်ရှိန်ထိုးပြေးဝင်ပျောက်ကွယ်သွားသည်။ ဆင်သမားများတစ်ယောက်မျှမသေသော်လည်း လဲကွဲဒဏ်ရာတွေရကုန်ကျသည်။ မျိုးအောင်ကြီးကတော့ လွတ်မြောက်သွားခဲ့လေပြီ။

❑

မျိုးအောင်ကြီး ကြောက်လန့်သွားသလားမသိ။ တစ်လနီးပါးလောက်ပျောက်ချက်သားကောင်းနေသည်။ဆင်လုပ်သားတွေလည်း အခုမှစိတ်ချမ်းသာမှုရှိသည်။

ဒီနေ့ နံနက်(၉)နာရီခန့် ဘင်ဟုန်ဆင်စခန်းမှ မန်နေဂျာကြီး ဦးငွေစိုး ရုံးခန်းထဲအလုပ်လုပ်နေခိုက် ဆင်ဆရာဝန်ဦးဝင်းမောင် အရေးတကြီး ရောက်လာပြီး -

"မန်နေဂျာကြီးရေပြဿနာတက်ပြန်ပြီဗျို့။ ဆင်စားကျက်မှာ ဆင်ထီးကြီးနှစ်ကောင်ကို မျိုးအောင်ကြီးဝင်တိုက်လို့တစ်ကောင် နားရွက်တွေဆွဲဖြတ်ခံထားရတယ်။ တစ်ကောင်ကလဲအကျ ကိုယ်လုံးပေါ် တက်နင်း အခုန်ခံထားရလို့ ကျောရိုးထိပြီး ယာယီအောက်ပိုင်းသေသလိုဖြစ်သွားတယ်လို့ ကြားတယ်။ ဆေးကုသွားရမယ်၊ မန်နေဂျာကြီးလိုက်ခဲ့ပါဦး"

"အေးဗျာ၊ ဒီကောင်ကြီး နယ်ပြောင်းသွားပြီထင်နေတာ၊ ခုတော့ ဒုက္ခပေးပြန်ပြီ။ဘယ်လိုလုပ်ရင်ကောင်းမလဲ"

မန်နေဂျာကြီးစိတ်ပျက်စွာညည်းလိုက်သည်။ တောထဲလိုက်ကာ ဆေးကုရတော့မည်။ လိုအပ်သည်များ စီစဉ်ပြီးထွက်ခဲ့ရာ ဆင်စားကျက်သို့ ညနေ(၄)နာရီခန့် ရောက်ရှိသွားသည်။ ဆင်ဆရာဝန်ပြောသည့်အတိုင်း ခိုင်းဆင်ထီးကြီးနှစ်ကောင်ဒဏ်ရာအသီးသီးရနေကြသည်။ ဆင်ဆရာဝန်မှ လိုအပ်သည်များဆေးကုသပေးပြီး ဒဏ်ရာရ ဆင်နှစ်ကောင်ကို ဘင်ဟုန်ဆင်စခန်းသို့ပြန်လည်ခေါ်ဆောင်လာခဲ့ကြသည်။

သည်အတိုင်းဆို အလုပ်လုပ်မည့်ဆင်တွေအားလုံး ဒုက္ခရောက်ကုန်မည်။ လာမည့်မိုးရာသီမှာ သစ်ထုတ်ရန်အခက်အခဲရှိတော့မည်။ မန်နေဂျာကြီးဆုံးဖြတ်ချက်တစ်ခုကို မလွှဲမရှောင်သာချလိုက်သည်။ မျိုးအောင်ကြီးကို ပစ်သတ်ခွင့်အထက်ကို တင်ပြရန်ဖြစ်သည်။ ခရိုင်ဝန်နှင့်ခရိုင်သစ်တောဝန်တို့၏ထောက်ခံချက်တွေနှင့် သစ်တောရုံးချုပ်သို့ ခွင့်မိန့်တောင်းခံလိုက်သည်။ မျိုးအောင်ကြီး၏ကျေးဇူးတွေကြောင့်ပဲလား၊ မျိုးအောင်

www.burmeseclassic.com

ကြီး ကံကောင်းသွားသည်လား မသိ။ နံချုပ်က ပစ်သတ်ခွင့်မပြုခဲ့ပါ။ ရသည့် နည်းဖြင့်ထိန်းကျောင်းရန် ညွှန်ကြားလာပြန်သည်။ မန်နေဂျာကြီး သစ်တောဝန်ထမ်းတွေနှင့် ဆင်လုပ်သားအားလုံးကို ခေါ်လိုက်ပြီး -

"မင်းတို့ ပေါင်းပြီး ဆင်ထီးတွေ အတိုက်မခံရအောင် ဆင်စားကျက်ကို အရင်ထက် အကြိမ်ရေတိုးသွားပြီး ကြောခဏမျှော်ကြ၊ နည်းမျိုးစုံနဲ့ခြောက်လန့်နိုင်အောင်လည်း စီစဉ်ထားကြ။ ထူးရင် ငါ့ကိုသတင်းပို့ကြားလား"

"ဟုတ်ကဲ့ - ကြားပါတယ်"

ဆင်လုပ်သားများနှင့်ဝန်ထမ်းအားလုံး ယခင်ထက်ပိုပြီး ဆင်စားကျက်မှာ ဆင်ထီးတွေအတိုက်မခံရအောင် စောင့်ကြည့်ကြသည်။ နှစ်ပတ်ခန့်ကြာသွားသည်အထိ ဘာသံမှမကြားရ။ အားလုံး စိတ်ပူပင်မှုတွေလျော့ကျသွားသည်။

ဆင်ဦးစီးဖိုးထောင် ဆင်စားကျက်မှာလွှတ်ထားသည့် ၎င်း၏စွယ်စုံကြီးကို မျှော်ရန် ဘင်ဟုန်ဆင်စခန်းမှ နံနက်စောစောထွက်ခဲ့သည်။ဆင်များစားကျက်မှာ ကျွဲတွေ၊ နွားတွေလို တစ်ကောင်နှင့်တစ်ကောင် နီးကပ်စွာ အစာမစားကြ။ (၄) ဖာလုံခန့် ကွာဝေးစွာရှိနေကြသည်။ ဖိုးထောင် စားကျက်မှာ စွယ်စုံကြီးကိုမြင်လိုက်ရ၍ စိတ်အေးသွားသည်။ ဒါပေမယ့် မကြာလိုက်။ စွယ်စုံကြီး၏ဘယ်ဘက်ခြမ်း ဝါးရုံတောကြီးတွေ ထူထပ်စွာပေါက်နေသည့် တောစပ်တစ်နေရာက တောတိုးသံကြားလိုက်ရသည်။

"ဝုန်း. . . ဝုန်း . . . ဝုန်း"

တွေ့လိုက်ရပါပြီ။ ဦးကင်းမည်းကြီးနှင့်တလှုပ်လှုပ်မြင့်မားလှသောဟိုင်း ဆင်ထီးကြီးတစ်ကောင်။ မျိုးအောင်ကြီး ပေါ့စ်။ ဖိုးထောင် အနီးရှိမြင့်မားသော သစ်ပင်ကြီးပေါ် ပြေးတက်ရှောင်ရင်း ကြည့်နေလိုက်သည်။ တစ်ရှိန်ထိုးပြေးဝင်လာသော မျိုးအောင်ကြီးက စွယ်စုံကြီးကို ဦးခေါင်းနှင့်ပြေးထိုးပြီး ဆောင့်လိုက်သည်။စွယ်စုံကြီးယိုင်သွားကာ မျိုးအောင်ကြီးက နှာမောင်းကြီးနှင့် အဆက်မပြတ်ရိုက်သည်။

"ဖုန်း. . . ဖုန်း. . . ဖုန်း"

စွယ်စုံကြီး၏ အစွယ်နှင့် နားရွက်များကို ဆွဲဖြုတ်ရန် လိမ်ချိုးရန်ကြိုးစားသည်။ စွယ်စုံကြီးက ဘာမှပြန်မလုပ်။ ရှောင်ရင်းတိမ်းရင်းပေပြီးခံနေသည်။ တိုက်ပွဲကတစ်ဖက်သတ်လိုဖြစ်နေသည်။

"ချွမ်. . . ချွမ်. . . ချွမ်"

"ဝူး. . . ဝူး. . . ဝူး"

စွယ်စုံကြီးလက်၌ခတ်ထားသော သံထူးကြိုးများ စွယ်စုံကြီးနောက်မှ တရွတ်တိုက်ဆွဲလိုက်ပါရင်း ပွတ်တိုက်သံများ အဆက်မပြတ် ပေါ်လာသည်။ တစ်ကြိမ်မှာ စွယ်စုံကြီး ဘယ်လိုအကြံရသွားသည်မသိ၊ လက်နှစ်ဖက်ကြားမှ သံထူးကြိုးကို နှာမောင်းဖြင့် ဆွဲယူပြီး ရုတ်တရက် မျိုးအောင်ကြီးကို ထူးကြိုးနှင့် ရိုက်ချလိုက်သည်။

"ဖုန်း. . . ဖုန်း. . . ဖုန်း"

"ဝုန်း. . . ဝုန်း . . . ဝုန်း"

မျိုးအောင်ကြီး လန့်သွားသည်။ စွယ်စုံကြီးကအားကောင်းသောဆင်ကြီး။ ရိုက်ချက်ကပြင်းထန်လှသည်။ မျိုးအောင်ကြီး အတော်နာကျင်သွားပုံရသည်။ စွယ်စုံကြီးက ထူးကြိုးဖြင့်နောက်ထပ်ရိုက်ပြန်သည်။ ထူးကြိုးများက မျိုးအောင်ကြီး၏ဦးကင်းနှင့် ကိုယ်လုံးတွေပေါ်သို့ အဆက်မပြတ် ကျရောက်နေသည်။ မျိုးအောင်ကြီး တိုက်ခိုက်မှုရပ်သွားပြီး စွယ်စုံကြီး၏ရိုက်ချက်ကိုကာရင်း နောက်ဆုတ်သွားသည်။ ပြင်းထန်လှတဲ့ဝေဒနာကို ခံစားလိုက်ရပုံရသည်။

"ဝူး. . . ဝူး"

"ကျီ . . . ကျီ"

"ဝုန်း. . . ဝုန်း . . . ဝုန်း"

မျိုးအောင်ကြီး နာကျင်စွာ အော်ဟစ်ရင်း နောက်ပြန်လှည့်၍ တောထဲသို့ တစ်ရှိန်ထိုး ပြေးဝင်ပျောက်ကွယ်သွားသည်။ ဆင်ကြီးနှစ်ကောင်၏ တိုက်ပွဲ ရပ်တန့်သွားမှ ဖိုးထောင် သစ်ပင်ပေါ်က ဆင်းခဲ့သည်။ စွယ်စုံကြီးကို ကောက်၍ စခန်းသို့ပြန်လာခဲ့သည်။ မြင်တွေ့ရသမျှ အားလုံးကို မန်နေဂျာကြီး ဦးငွေစိုးအား တင်ပြလိုက်သည်။

❑



မျိုးအောင်ကြီး သည်တစ်ချီတော့ အကြီးအကျယ်ကြောက်လန့်သွားသည်ထင့် ဆင်စားကျက်ကို မလာတော့သလို ဆင်ဝိုင်းတွေကိုလည်း လာရောက်ဖျက်ဆီးခြင်း မပြုလုပ်တော့။ လုံးဝပျောက်ကွယ်သွားသည်။ နယ်ပြောင်းသွားသလိုလို ဒဏ်ရာဖြင့် သေဆုံးသွားသလိုလို ဆင်လုပ်သားများ အမျိုးမျိုးထင်ကြေးတွေပေးနေကြသည်။ ဆင်ဦးစီးဖိုးထောင် စွယ်စုံကြီးကို ဘေးအန္တရာယ်တွေကင်းသွားပြီဖြစ်တဲ့ ဆင်စားကျက်မှာ ပြန်လွှတ်ပေးထားသည်။

စွယ်စုံကြီးကိုလိုက်မျှော်ရင်း မြူခိုးတွေ အုံ့မှိုင်းဝေဆိုင်းနေတဲ့ အရှေ့ရိုးမ တောင်တန်းကြီးကို ငေးမောကြည့်ရင်း အတွေးနယ်ချဲ့နေမိသည်။ ရိုးမတောင်တန်းကြီးကဖြင့် အေးချမ်းငြိမ်သက်စွာ လဲလျောင်းလျက် တကယ်တော့ ဆင်လုပ်သားများနှင့် ဆင်များက လုပ်ဖော်ကိုင်ဖက် ဘဝတူ မိတ်ဆွေကောင်းတွေ၊ ဒီမြေဒီရေမှာ ဘဝအတွက်ဆင်းရဲပင်ပန်းစွာ အတူရုန်းကန်လှုပ်ရှားခဲ့ကြသည်။ မျိုးအောင်ကြီး သေသလား၊ ရှင်သလား ဘယ်လိုအခြေအနေရှိသလဲ အတိအကျ မသိပေမယ့် ဒီနယ်မြေက လွတ်မြောက်သွားတာကို ဝမ်းသာသည်။ မျိုးအောင်ကြီး သည့်ထက်ဆိုးလာလျှင် ပစ်သတ်ခွင့်မရရအောင် ဂုံးချုပ်ကိုကိုယ်တိုင်သွားပြောရန် မန်နေဂျာကြီးကစီစဉ်နေသည်။

"မျိုးအောင်ကြီးရေ မင်းနဲ့ ငါ မတူညီဟဲ့ခန္ဓာတွေ ကွဲပြားခြားနားနေပေမယ့် တူညီတာတွေရှိတယ်။ အဲဒါကတော့ ခန္ဓာနဲ့အတူ အယဉ်နဲ့ အရိုင်း၊ အချစ်နဲ့ အမုန်းစိတ်တွေပဲဖြစ်တယ်။ သတ္တဝါအားလုံး ဒီစိတ်တွေကြောင့် ရလာတဲ့ ဘဝရဲ့ သုခ၊ ဒုက္ခဝေဒနာမျိုးစုံတွေကို ခံစားကြရမယ်။ မင်း ဒီနယ်မြေက လွတ်မြောက်သွားသလို ဘဝခန္ဓာတွေမဖြစ်တော့တဲ့ သံသရာခရီးက အပြီးတိုင် လွတ်မြောက်သွားနိုင်ပါစေ။ သံသရာခရီးကို ဆက်ဦးမယ်ဆိုရင် ကောင်းမြတ်သော ဘုံဘဝကိုရောက်ရှိပါစေလို့ မင်းရဲ့ မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ ငါ ဆုတောင်းပေးလိုက်ပါတယ်"

*အားလုံး*
*ကိုယ်စိတ်နှစ်ပါးချမ်းသာကြပါစေ*

မောင်စိန်ဝင်း (ရွှေမိုးညို)



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလကား ၁၉၅၀ပြည့်နှစ်ခန့်ကဖြစ်၏။

ယမန်နေ့က ကျွန်ုပ်၏သားနှင့်သူ့သူငယ်ချင်းတစ်စုတို့ကို ကုန်းဘောင်ခေတ်က စစ်သည်တော်များစုဆောင်းပုံကို ရှင်းပြခဲ့ရ၏။ သူတို့အထဲမှာ မောင်အေးဘက ကျွန်ုပ်အား စစ်သူကြီးမဟာဗန္ဓုလအကြောင်းကို သိလိုပါသည်ဟု တောင်းဆိုရာတွင် -


၁၉၃၄ ခုနှစ်တွင် ကျွန်ုပ်သည် ဘုတလင်မြို့အုပ်ကြီးအဖြစ် တာဝန်ယူထမ်းဆောင်စဉ် ချင်းတွင်းအောက်ပိုင်းခရိုင် မုံရွာအရေးပိုင် မစ္စတာ အာ-အာ-လောင်းဟန်ကာတာ (R.R Longhan Carter) B.A, I.C.S သည် ၃-၂-၃၄ နေ့စွဲပါ အမှာစာဖြင့် မြန်မာတပ်သားများကိုစုဆောင်းပုံ၊ တပ်သားများတာဝန်ချပုံ၊ စစ်သူကြီးမဟာဗန္ဓုလ၏အကြောင်းတို့ကို မှတ်စုရေး၍ သူ့ထံအစီရင်ခံစေရန် အမှာစာဖြင့် မေးမြန်းလေသည်။ ထိုအစီရင်ခံစာကို ပြန်လည် ရှာဖွေလျက် ယမန်နေ့က အမေးအမြန်းဝါသနာပါလှသော ကျွန်ုပ်သား သူငယ်ချင်း မောင်အေးဘတို့အလာကို ကျွန်ုပ်တို့အဆွေခင်ပွန်းလေးဦးတို့သည် စောင့်မျှော်လျက်နေရပါသည်။

မကြာမီ မောင်စိန်ဝင်း၊ မောင်ရီ၊ မောင်အေးဘတို့သည် သက္ကလတ်ယူနီဖောင်းများဝတ်ဆင်လျက် ကျွန်ုပ်သားထံ လာကြသည်။ သူတို့သည် မြို့လယ်ရှိ

ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း

# အနောက်တံခါးမှူးမောင်မှူး

## ဘုတလင်မြို့မှပြောသော စစ်သူကြီးမဟာဗန္ဓုလအကြောင်း





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ရတော့သည်။

မြန်မာဆိုင်များကလည်း ဈေးချ မရောင်းနိုင်သဖြင့် လက်ဖက်ရည်ကြိုက်သူများမှာ အခက်တွေ့နေကြစဉ် စီးပွားရေးလာဘ်မြင်သောကုလားပေါ်ကဲသည် 'အတ်တားကြာရည်'ကို သူ့ဆိုင်မှ စတင်လိုက်သည်။ အတ်တားကြာရည်သည် အခြားမဟုတ်။ နွားနို့စစ်စစ်၊ သကြားကောင်းကောင်းနှင့် လက်ဖက်ရည်ပင်ဖြစ်သည်။လက်ဖက်ရည်ကောင်းကောင်းပင်ဖြစ်သော်လည်း ခွက်၏တစ်ဝက်ကုလားလို အတ်တား (တစ်ဝက်)၊ ကြာရည် (လက်ဖက်ရည်) ကို ဖန်တီးစတင်လိုက်ရာ လက်ဖက်ရည်ဈွဲသူတို့ ပေါ်ကဲဆိုင်သို့မြန်းကြလေ၏။ ကုလားပေါ်ကဲ၏နည်းဟန်ကိုယူ၍ မင်းဘူးခရိုင်လုံးရှိ လက်ဖက်ရည်ဆိုင်တို့သည် အတ်တားကြာရည်ကိုရောင်းလေရာ လက်ဖက်ရည်ကို မကြာခဏသောက်လိုသူတို့အတွက် အဆင်ပြေလေသတည်း။

ကျွန်ုပ်နေထိုင်သောတိုက်ရှေ့တောင်ဘက်တွင်ရှိသော မန်ကျည်းပင်သည် ပူပြင်းသောအညာဒေသတွင် သဘာဝလေအေးစက်ကြီးပမာရှိသောကြောင့် မန်ကျည်းပင်အောက်တွင် ကုလားထိုင်များချလျက် စကားဝိုင်းစပါတော့သည်။ သူတို့က ဝါသနာတစ်ခုစီရှိသည်။ အင်စပိတ်တော်ကြီးသာကြီးက စာပေဝါသနာပါသည်။ မောင်စိန်ဝင်းက သေနတ်ပစ်တော်သည်။ မောင်ရီက မြန်မာတိုက်ကြက်မွေးသည်။ မောင်အေးဘက ဗဟုသုတစုဆောင်းသည်။ ယခုပင် မောင်အေးဘသည် စကားစပြောရန်



မဟာဗန္ဓုလကြေးရုပ်

ဟန်ပြင်တော့သည်။ တက်လူဟုခေါ်ရမည့် ဆယ်ကျော်သက်အရွယ် ကျောင်းသားလူငယ်များသည် မြန်မာနိုင်ငံတစ်ဝန်း နိုင်ငံရေးမငြိမ်သက်သောကြောင့် စာသင်ပျက်သည်။ စလင်းမြို့ရှိ ကျောင်းဆရာကြီးများကထိန်း၍ ကျောင်းကိုဆက်လက်ဖွင့်ပြီး ပညာသင်ကြားပေးသည်။ လူငယ်များလမ်းမမှားကြစေရန် လက်ရေးမဂ္ဂဇင်းများထုတ်၏။ စလင်းမြို့တွင် ယုလွင်၊ လင်းဝေ၊ သူဇာဆိုသော လက်ရေးမဂ္ဂဇင်းများပေါ်ထွက်ခဲ့သည်။


ထို့ကြောင့် ကျွန်ုပ်ကပင်စတင်၍-

"လွန်ခဲ့တဲ့ ၁၉၃၄ ခုနှစ်က ငါက ဘုတလင်မှာ မြို့ပိုင်ကြီးအဖြစ်နဲ့ တာဝန်ယူခဲ့ရတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံမှာ ဝံသာနုအသင်းတို့၊ ဂျီစီဘီအေအသင်းတို့ပေါ်ပြီ။ ဗြိတိသျှအစိုးရက နိုင်ငံရေးသမားများလှုပ်ရှားမှုကို စောင့်ကြည့်ရတဲ့အချိန်ပါပဲ။ ဘုတလင်မြို့က အောက်ချင်းတွင်းခရိုင်ထဲမှာပါတယ်။ မုံရွာက အရေးပိုင်က အုပ်ချုပ်ပါတယ်။ အရေးပိုင်ဆိုတာ မြန်မာထဲကဖြစ်တာနည်းပါတယ်။ အိန္ဒိယပဋိညာဉ်ဝန်ထမ်း၊ အင်္ဂလိပ်လို အိုင်စီအက်(စ်)များက အရေးပိုင်၊ မင်းကြီး၊ အတွင်းဝန် စသည့်ရာထူးများယူကြပါတယ်။မုံရွာမှာ အရေးပိုင် R.R Longhan Carter လက်ထက်မှာ ဘုတလင်မှာရှိတဲ့ အရင်က နာမည်ကြီးပုဂ္ဂိုလ်များအကြောင်း၊ သူတို့အဆက်အနွယ်တွေရှိသေးသလား၊ ဘာတွေလုပ်နေသလဲ စသဖြင့် မေးမြန်းပါတယ်။ ဆရာတော်ဦးဗုမ်အကြောင်း၊ မောင်းထောင်ဆရာတော်ကြီးအကြောင်း၊ နန်းမတော်မယ်နု၊ စလင်းမင်းသားကြီးဦးအိုတို့အကြောင်းတွေ၊ သူတို့ဆွေမျိုးများအကြောင်းတွေကိုစုံစမ်းပြီး အစီရင်ခံရပါတယ်။နိုင်ငံရေးသမားတွေထဲမှာလည်း ဘုတလင်မြို့သား မြေစာရင်းအင်စပိတ်တော်ကြီးသားဖြစ်သူ ကောလိပ်ကျောင်းသား မောင်သိမ်းဖေကို နိုင်ငံရေးမလုပ်စေရန် စာကြီးစားပြီး ဘွဲ့ရက မြို့ပိုင်နယ်ပိုင်လုပ်စေရန် သူ့ဖခင် မြေစာရင်းအင်စပိတ်တော်ကြီးကို ခေါ်ပြောခိုင်းလို့ပြောရတယ်။ လယ်ယာစပါးထွက်မယ့်အခြေအနေ၊ တောင်သူလယ်သမားများအပေါ် အခွန်စည်းကြပ်ရေး၊ နိုင်ငံရေးလှုပ်ရှားမှု စသဖြင့် မေးမြန်းအစီရင်ခံစာတင်သွင်းခိုင်းတယ်။ အင်္ဂလိပ်အုပ်ချုပ်ရေးစနစ်မှာ မြို့အုပ်မြို့ပိုင်များက ပြည်သူနဲ့ အနီးစပ်ဆုံးအရာရှိများဖြစ်တယ်။ ပြည်သူနဲ့အဆက်အဆံတွေ့အများဆုံးဟာလည်း မြို့အုပ်ဖြစ်တယ်။

မြို့အုပ်ကြီးများအစီရင်ခံစာပေါ် အခြေပြုပြီး ဂေဇက်တီးယားခေါ် စာအုပ်တွေထွက်တယ်။ မြန်မာနိုင်ငံသုတေသနဂျာနယ်ထဲမှာ ဆောင်းပါးများရေးကြတယ်"



အင်္ဂလိပ်စစ်ပန်းချီဆရာမှတ်တမ်းတင်ထားသော ဗန္ဓုလ၏စစ်မြေပြင်အကဲခတ်မျှော်စင်



အင်္ဂလိပ်စစ်ပန်းချီဆရာတစ်ဦး ရေးဆွဲသည့် ကြည့်မြင်တိုင်တိုက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောသော် သူတို့ထဲမှာ -

"ဒါဆိုရင် ဦးနှောက်ဖောက်စားတဲ့ ...ဏ္ဍဝါကြီးတွေပေါ့"

ဟု ဆိုရာ -

ဘိုးထွန်းအင်က ရယ်မောရင်း -

"မင်းတို့နှင့်ကျမှ သခင်ကြီးများ ...ည်း ပင့်ကူကြီးဖြစ်ပါရောဗျား"

ဟု ဆို၏။

ဤတွင် ကျွန်ုပ်က -

"ကိုင်း - ခုလည်း ငါက ၁၉၃၄ ...စ်က အစီရင်ခံစာကိုအခြေပြုပြီးပြော ...။ ငါက သမိုင်းပညာရှင်မဟုတ်တော့ ...တွေကို ဘာမှထပ်ပြီးသုတေသနမလုပ် ...ဘူး။ သို့သော်လည်း ဘုတလင်မြို့ ...များက ပြောပြချက်ဖြစ်တယ်။ ...ရားစေတီတွေကောင်းမှုပြုခဲ့တာတွေ ...ဆောက်အထားအဖြစ်မြင်ခဲ့တယ်။ ...တ လိုရာဆွဲပြီး ဗန္ဓုလကို မှတ်စလင် ...သာဝင်ဆိုပြီး နောက်တီးနောက် ...တ်ပြောတဲ့သူတွေရှိတယ်။ ဒီတော့ ...စီရင်ခံစာကိုဖတ်ပြောတာနားထောင် ...

ဟု ပြောပြရ၏။

"စစ်သူကြီး မဟာဗန္ဓုလသည် ...လင်မြို့၌နေထိုင်ခဲ့သည်။ ဘုတလင် ... အနောက်မြောက် (၇) မိုင်ကွာရှိ ...င် (ယခု ငပယင်းရွာ) ဇာတိဖြစ် ...။ ငယ်မည် မောင်ရစ်ဖြစ်၏။ အဘ ...တ်တော၊ အမိ ဒေါ်ငြိမ်းဖြစ်သည်။ ...နှစ် ၁၁၄၄ ခု၊ တန်ဆောင်မုန်း ...န်း ၂ ရက်နေ့တွင် မွေးဖွားသည်။ ...င်းရွာ ရွှေကျောင်းဆရာတော်ထံ ...သင်ကြားခဲ့သည်။ ငပယင်းရွာတွင် ...နေပြီဖြစ်သော ရွှေကျောင်းကို ...မြင်တွေ့ခဲ့ရပါသည်။ ကျောင်းတွင် ...သင်ကြားစဉ်ကပင် အခြားသူတို့ ... သာလွန်သည်ဟု ပြောကြသည်။ ...တတ်တစ်ဦးဖြစ်သည်ဟု ဆိုရပါ ...

ရှေးဦးအစတွင် လယ်ယာလုပ် ...။ လယ်ယာများပိုင်ဆိုင်သည်။ ...င်းကျေးရွာအုပ်စု ကြို့ကုန်းရွာနှင့် ...ထောင်ရွာအပိုင်တို့တွင် ဦးရစ် ...ိုင်ပိုင်ဆိုင်သောလယ်များရှိသည်။ ပညာတတ်၊ စိတ်ထားဖြောင့်မတ် ...၍ နန်းတွင်းတွင်ထင်ရှားသည်။ ...ပုန်များအရေး၊ အာသံအရေး ... ထင်ရှားသော စစ်သူကြီးဖြစ်လာ ... အာသံစစ်မြေပြင်မှပြန်လာ ...အခါ မင်းကြီးမဟာဗန္ဓုလသည်



ဒီပဲယင်းမြို့ဝန်ဦးကြီး

အာသံမှနေ၍ ဆီးချိုသီးမျိုးယူလာ၍ ဘုတလင်မြို့နေရာအများတွင် စိုက်ပျိုးခဲ့သည်။ မဟာဗန္ဓုလစိုက်ခဲ့သော ဆီးပင်များအနက်မှ ဆီးပင်ကြီးတစ်ပင်ကို ဘုတလင်မြို့တွင် ကျွန်ုပ်တွေ့ရသည်။ သူ့သမီး ဒေါ်တုတ်သည် မဟာဗန္ဓုလ နေထိုင်ခဲ့သော အိမ်ဝိုင်းတွင် ကွယ်လွန်သည်အထိ နေထိုင်သွားသည်။ ထိုအိမ်ဝိုင်းကို ယခု မင်းဝန်ဟု ဘုတလင်၌ လူအများကခေါ်ကြသည်။ ဘုတလင်မြို့မြောက်ပိုင်းတွင်ရှိပါသည်။

မဟာဗန္ဓုလ၏ဇနီး ဒေါ်သီလမှာ မုံရွာမြို့နယ် လယ်ဇင်းရွာမှဖြစ်သည်။ ဘုတလင်တွင်ခေါင်းချသည်။ အလုံတွင် သစ္စာပန်ဘုရားတည်၍ ကိုးကွယ်သည်။ သူ၏မွေးရာဇာတိ ငပယင်းတွင် ရွာအလယ်၌ စေတီတော်ကြီးတစ်ဆူတည်သည်။ ထိုဘုရားကြီးတွင် ဇရပ်၊ အာရုံခံများရှိသည်။ စေတီတော်ကြီးမှာ ပြုပြင်ခြင်းကင်းသောကြောင့် အချို့နေရာများတွင်ပျက်စီးလျက်ရှိပါသည်။ စေတီတော်ကြီးကို မီးရထားပေါ်မှဖူးမြင်နိုင်ပါသည်။ ဘုရားရှိခေါင်းလောင်းတော်ကြီးရေးထိုးထားသော ခေါင်းလောင်းစာအရ စေတီတော်ကြီးတည်ထားစဉ်က ငွေသား (၆၆၆၆၆) ကျပ်သား ကုန်ကျကြောင်းသိရပါသည်။

မင်းကြီးမဟာဗန္ဓုလသည် ဘုတလင်မြို့နယ်အပိုင် ကျောင်းရွာတွင်လည်း ကန်တူးလျှုခဲ့သည်။ ထိုကန်မှ လယ်ယာများသို့ ရေပေးဝေနိုင်ခဲ့သည်ဟုသိရ၏။ မင်းကြီးမဟာဗန္ဓုလသည် ထိုနေရာ တစ်ဝိုက်တွင် စိုက်ပျိုးလုပ်ကိုင်သော လယ်ယာမြေအများအပြားရှိခဲ့သည်ဟု သိရသည်။ ဘုတလင်အနီးတစ်ဝိုက်တွင် မင်းကြီးမဟာဗန္ဓုလ၏လယ်များအများအပြားရှိခဲ့သည်။ သို့သော် ယခု ထိုမြေများသည် အရာတော်မြေများဖြစ်နေပြီ"

ဟု ယခင်အစီရင်ခံစာကို ဖတ်ပြရာ ထိုနေရာ၌ သူတို့ထဲမှ -

"ဘဘကြီးခင်ဗျာ၊ အရာတော်မြေဆိုတာ ဘာပါလဲခင်ဗျ"

ဟု မေးလေတော့သည်။

မြေစာရင်းအင်စပိတ်တော်ကြီး ဦးသာဒွန်းဦးက အစိုးရပိုင်မြေကိုပြောတာဟု ဆိုသည်။

ကလေးများက -

"အင်္ဂလိပ်အစိုးရက သူ့ကိုခုခံတိုက်တဲ့စစ်သူကြီးမြေကို သူတို့စစ်နိုင်လို့ တစ်ပြည်လုံးရမှသိမ်းယူတာဆိုရင်မလုပ်သင့်တာလုပ်တာပဲ"

ဟု ဆိုသည်။

ကျွန်ုပ်က -

"အခု အရာတော်မြေလို့သတ်မှတ်အသိမ်းခံရတဲ့အကြောင်းကို ပြောမယ်"

ဟု ဆို၍ အစီရင်ခံစာကို ဆက်လက်ဖတ်ပြရသည်။

"မင်းကြီးမဟာဗန္ဓုလက တူးမြောင်းတစ်ခုလည်းဖောက်ခဲ့သည်။ ဘုတလင်မြို့နယ် ကွမ်းအုရွာသစ်အရှေ့မြောက်ဘက်မှစပြီး တောင်ဘက်၊ နောက်အနောက်ဘက်ကိုပတ်ပြီး တူးမြောင်းကြီးတူးခဲ့ပါသည်။ အဆိုပါ တူးမြောင်းကြီးသည် မုံရွာ - ရေဦး PWD ဌာနမှ ဆောက်လုပ်သောကားလမ်းကို မိုင်တိုင်အမှတ် (၂၇) (၁) ဖာလုံ သို့မဟုတ် (၂) ဖာလုံမှ လမ်းကိုဖြတ်သွားခဲ့ပါသည်။ လွန်ခဲ့သော (၂) နှစ်ခန့်က အဆိုပါ တူးမြောင်းကို PWD ဌာနမှ ပိတ်လိုက်ရာ ထိုနေရာမှ စပါးထွက်နှုန်းကျဆင်းသွားပါသည်။ သို့အတွက် အဆိုပါတူးမြောင်းကို ပြန်လည်ဖွင့်ပေးရန် အမှုတွဲဖွင့်လျက် အစီရင်ခံစာရေးတင်ခဲ့ပါသည်။ ထိုတူးမြောင်းမှရေကို လယ်များသို့ စိုက်ပျိုးရန် အသုံး ပြုနိုင်ပါကြောင်း။

မင်းကြီးမဟာဗန္ဓုလသည် ဓနုဖြူစစ်မြေပြင်၌ကျဆုံးပုံကို လူတိုင်းသိကြပြီးဖြစ်ပါသည်။ သို့သော် ယခုအကြောင်းအရာမှာ လူတိုင်းမသိသေးသောအချက်ဖြစ်ပါသည်။ စစ်သူကြီးအား မလိုမုန်းထားသူတစ်ဦးရှိခဲ့ပါသည်။ ထိုသူမှာ

www.burmeseclassic.com

အခြားမဟုတ်၊ မောင်းထောင်ရွာနေ ဦးမင်းဖြစ်ပါသည်။ ဦးမင်းသည် စစ်သူကြီး၏ ဟာကွက်များကို နန်းတော်တွင်းတွင် ပြောလေ့ရှိသည်။ ခနဲ့ဖြူတိုက်ပွဲ၊ ရန်ကုန်တိုက်ပွဲတို့တွင် စစ်သူကြီးနှင့်အင်္ဂလိပ်တို့ ဆက်ဆံရေးကို ဦးမင်းက ချဲ့ထွင်၍နန်းတွင်းတွင် ဘုရင်၊ မိဖုရားတို့ထံ သံတော်ဦးတင်သည်။ ထို့ကြောင့် မင်းကြီးမှာ မျက်နှာကောင်းမရ။ တပ်ဆုတ်လျှင် သူနှင့်တကွ မိသားစုများပါ အပြစ်ဒဏ်ခံရမည်ကိုသိသည်။ သို့ဖြစ်ရာ စစ်မြေပြင်၌ အသေခံသွားသည်။ မိမိမရှိက တပ်ဆုတ်ရန် မှာကြားထားခဲ့သည်ဟု ပြောကြသည်။ မင်းကြီးမဟာဗန္ဓုလကျဆုံးသော် စစ်သူကြီး၏ သားကြီး ဦးကြီးကို ဆက်လက်တိုက်ရန် အမိန့်ပေးသည်။ လက်နက်လူသူမှစ၍ အင်အားမမျှ။ တပ်ဆုတ်ရန် လမ်းမရှိတော့သဖြင့် ဗြိတိသျှထံ လက်နက်ချလိုက်သည်။

ဤတွင်စစ်သူကြီး မဟာဗန္ဓုလ မိသားစုနှင့်တကွ ဆက်နွယ်သူများ မင်းပြစ်မင်းဒဏ်သင့်တော့သည်။ အိုးအိမ်လယ်ယာတို့ကို သိမ်းယူသည့်အပြင် ထိုမိသားစုကလှူဒါန်းသောဘုရားတစ်ဆူကိုပါ ထီးတော်တင်ခွင့်မပေးဟု သိရသည်။စစ်သူကြီးပိုင်ဆိုင်သော လယ်ဧက (၂၀၀) ကျော်ခန့်မှာ အရာတော်မြေအဖြစ် အသိမ်းခံရသည်"

ဟု ဖတ်ပြသော် -

"ဟာ-ဘုရင်လုပ်တဲ့လူကရက်စက်သဗျာ"

ဟု မြည်တမ်းကြလေသတည်း။

ကျွန်ုပ်က -

"အင်း - ဒါက ဘုတလင်၊ အလုံ၊ မုံရွာတို့ဘက်ကကြားခဲ့ရတာပါ။ မင်းကြီးမဟာဗန္ဓုလဟာ သူ့ရဲကောင်းတစ်ဦးဖြစ်တာကို လူတိုင်းသိကြပါတယ်။ ဣသားဦးကြီးကလည်း သူရသတ္တိခေသူမဟုတ်ပါဘူး။ လက်နက်ချင်းကလည်းကွာနေတယ်။ တို့ဗမာတပ်တွေက ဓားတွေ၊ လှံတွေ၊ တူးမီးသေနတ်၊ ဥရောပမှာမသုံးတော့တဲ့ ဝါတာလူးစစ်ပွဲမှာသုံးတဲ့ မတ်စကက်သေနတ်အနည်းငယ်နဲ့ တိုက်ရတာ။ အမြောက်ဆိုတာလည်း ရန်ပုံခွင်းလို့ခေါ်တဲ့ အမြောက်မျိုးသုံးရတယ်။ ဒီအမြောက်တွေက ပြောင်းရစ်မပါဘူး။ အမြောက်ဆန်နဲ့ ယမ်းကို ပြောင်းထိပ်ဝကနေပြီးထိုးရသတဲ့။ ဗြိတိသျှဘက်က အမြောက်ကျည်ဆန်ကို ပြောင်းရင်းကထည့်ပြီး (၂)ဆင့်ကွဲကျည်၊ လေကွဲကျည်တွေသုံးနေပြီးဆက်တိုက်ရင် အကုန်သေမှာပဲ။ အဲ- တပ်ဆုတ်ခွာဖို့ကလည်း ဆုတ်လမ်းမှန်သမျှပိတ်ထားပြီ။ လုပ်သမျှသူတို့သတ်ကွင်းထဲရောက်နေပြီဖြစ်လို့ လက်နက်ချလိုက်တာဖြစ်မှာပါ။ ဒုတိယကမ္ဘာစစ်အတွင်းကလည်း ဒါမျိုးဖြစ်ခဲ့တယ်။ အာဏာရှင် ဟစ်တလာက ရှေ့တန်းမှာရှိတဲ့ သူ့ဗိုလ်ချုပ်တွေကို ရန်သူထံလက်နက်ချရင် ဘာလင်မှာရှိတဲ့ အဲဒီဗိုလ်ချုပ်ဇနီးကိုသတ်မယ်လို့ ခြိမ်းခြောက်လိုက်တော့ အဲဒီဗိုလ်ချုပ်ဆီကို သူ့ဇနီးက စာပို့လိုက်တယ်။ စာကတော့ ဒီစာဖတ်နေတဲ့အချိန်မှာ သူ့ကိုယ်သူ သတ်သေသွားပါပြီ။ အကျိုးမရှိဘဲ လက်အောက်ငယ်သားများ မသေစေလိုပါ။ လွတ်လပ်စွာ တိုက်ပွဲဝင်၍ ဆုံးဖြတ်ပါလို့ဆိုပြီး စာပို့ဖူးတယ်။ အသက်ဦးဆံပိုင်ရှင်ဘုရင်ဆိုတာကလည်း သူ့ကိုခွင့်လွှတ်သော် အစဉ်အလာဖြစ်တော့မည်ဆိုပြီး လုပ်ရတာလည်းရှိပေမပေါ့"

ဟု ကျွန်ုပ်၏ထင်မြင်ချက်ကို ဖြည့်စွက်လိုက်ပါသည်။

"မင်းကြီးမဟာဗန္ဓုလရဲ့ အမျိုးအဆွေတွေကတော့ အလုံ၊ ငပယင်း၊ ဘုတလင်မြို့တွေမှာ ဘုတလင်မြို့အုပ်လုပ်စဉ်ကရှိသေးရဲ့၊ မှတ်မိသလောက်ပြောရလျှင်-

ဘိုးအောင်ရ အမရပူရ ပဋ္ဌမမြို့တည်ဘိုးတော်ဘုရားမင်္ဂလာအိမ်တော်ပါ အိမ်တော်သား

ပဋ္ဌမဇနီး မအိမ်ပျော်မှမွေး
၁ သားဦးပေါက်တော
(တံခါးနီ တော်မှူး)
၂ နှမ မယ်ဦးမံ
၃ ညီမ မယ်အူပေါက်
ဒုတိယဇနီး မနှင်းညွန့်
(ယိုးဒယားစော်ဘွားသမီး) မှမွေး
၁ သမီးမခင်လှ
၂ ညီမ မမင်းဝေ
၃ ညီမ (ကွမ်းအုံသူကြီးကတော်)
ဦးပေါက်တော (တံခါးနီတော်မှူး) + မယ်ငြိမ်း
၁ သား ဦးရစ်
(စစ်သူကြီးမဟာဗန္ဓုလ)
၂ ညီ ဦးအေး (အမြင့်မြို့ဝန်)

ဒေါ်သီလစစ်သူကြီးကတော်ဆွေစဉ်မျိုးဆက်
နာဂသမန်း
၎င်းသား ပဒ္ဒစည်သူ
၎င်းသား ဦးရွဲ
နှမ မမင်းသာ
ညီမ မယ်နော်
ဦးရွဲ + မယားမယ်သူဇာ
၁ သား မင်းမောင် ဒီပဲယင်းမြို့အုပ်
(ပုဂံမင်းလက်ထက်)
၂ နှမ မငွေဥ
(သက်ကယ်ချောင်းသူကြီးကတော်)
၃ ညီမ မငွေစု (အပျိုကြီး)
၄ ညီမ မသီလ
(စစ်သူကြီးမဟာဗန္ဓုလကတော်)
မဟာဗန္ဓုလ + ဒေါ်သီလ
၁ သား ဦးကြီး (ဒီပဲယင်းဝန်)
၂ ညီ ဦးချိန် (အလုံဝန်)
၃ ညီမ ဒေါ်တုတ်တုတ်
(ဘုတလင်တွင်နေထိုင်၍ ထို၌ကွယ်လွန်)
ဦးချိန် (အလုံမြို့ဝန်)
သား ဦးဘိုးသာ (ကွယ်လွန်) + မငွေရ
၁ သား မောင်စိုး
၂ ညီ မောင်ညို
၃ ညီမောင်ချို

(မောင်စိုး၊ မောင်ညို၊ မောင်ချိုတို့မှာ ၁၉၃၂ ခုနှစ် ကျွန်ုပ်ဘုတလင်မြို့အုပ်လုပ်စဉ် အသက်ထင်ရှားရှိခဲ့ပါကြောင်း)

ဤတွင် ၁၉၃၄ ခုနှစ်တ မုံရွာမြို့ရုံးထိုင်၊ အောက်ချင်းတွင်းခရိုင် အရေးပိုင်မင်းထံ အစီရင်ခံသည် ပြီးဆုံးလေသည်"

ကျွန်ုပ်သည် သမိုင်းဆရာတစ်ဦး မဟုတ်သော်လည်း အမှန်နှင့်အနီးကပ်ဆုံးကို တင်ပြခဲ့သည်ဟု ခံစားမိပါသည်။ သမိုင်းသုတေသနပညာရှင်တို့ ထပ်မံ၍ လိုအပ်ချက်များကိုဖြည့်ကြပါဟု စဉ်းစားမိပါသည်။ ဘုတလင်ရှိ စစ်သူကြီးမဟာဗန္ဓုလမနေထိုင်ခဲ့သောအိမ်ဝိုင်းတွင် သူ၏သမီး ဒေါ်တုတ်တုတ်နေထိုင်ခဲ့သည်။ ထိုအိမ်ဝိုင်းကို ကျွန်ုပ်ရှိစဉ်က သွားရောက်ကြည့်လေရာ ကြက်မွေးသူတစ်ဦးက ပိုင်ဆိုင်ပြီး ကြက်ခြံပြုလုပ်ထားသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ခဲ့ရသည်။

အသက်စွန့်၍ နယ်ချဲ့ကိုတိုက်ခဲ့သောစစ်သူကြီးမဟာဗန္ဓုလကို လေးစားစွာ အလေးပြုပါသတည်း။

အနောက်တံခါးမှူးမောင်မှူး

(မှတ်ချက် - ၁၉၃၄ ခုနှစ်တွင် မုံရွာမြို့ အောက်ချင်းတွင်းခရိုင် အရေးပိုင်ထံ ဘုတလင်မြို့အုပ် ဦးကြာစိုး၏ အစီရင်ခံစာ)



www.burmeseclassic.com

www.burmeseclassic.com

# ၅၃ ဆရာဦးသက်ထွန်းလင်း (အောင်ယုဇမ္ဗူ) ဝိဇ္ဇာဓရ မြန်မာ့အင်္ဂါရက်ပညာ



**ဝိဇ္ဇာဓရပညာနှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ**

**ဘမန္တန်ဝိဇ္ဇာလမ်း**

ဝိဇ္ဇာဓရပညာရပ်များထဲတွင် မန္တန်ဝိဇ္ဇာပညာရပ်သည်လည်း တစ်ခုအပါအဝင် ဖြစ်၏။ အခြားသော ဝိဇ္ဇာဓရပညာရပ်များက ဖြင်ပအထောက်အကူပစ္စည်းလို၏။ အင်္ဂါရက်ဆိုလျှင် ဓာတ်ပစ္စည်းများ စသည်ဖြင့်လို၏။ အင်းဝိဇ္ဇာလမ်းတွင်လည်း ရေးသားရသည့် အထောက်အကူပစ္စည်းများလို၏။ ဆေးဝိဇ္ဇာကား ထိုကဲ့သို့ အထောက်အကူပစ္စည်းများမလိုအပ်ဘဲ မိမိသာ ရွတ်ဖတ်နိုင်လျှင် ရွတ်နိုင်သလောက်ရ၏။ အကယ်၍ စစ်မှန်သော မန္တန်တစ်ခုကို သာရပါက အပြင်းအထန် အားထုတ်လျှင် (၁၂)လတည်းဟူသောတစ်နှစ်တာကာလမျှနှင့်ပင် ကိစ္စပြီးစီးအောင်မြင်နိုင်မည် ဖြစ်၏။

ဤကိစ္စနှင့်ပတ်သက်ပြီး (၁၂) လတာမျှနှင့် ကိစ္စပြီးမြောက်ခဲ့သော ပုဂ္ဂိုလ်ထူးတစ်ပါးအကြောင်းဖော်ပြလိုပါသည်။ ထိုပုဂ္ဂိုလ်မှာ ရဟန်းတော်တစ်ပါးဖြစ်ပါသည်။ ဘွဲ့အမည်မှာ ဦးကောဏ္ဍညဖြစ်၏။ တောင်တွင်းကြီးဇာတိသား ဖြစ်၏။ အောက်တွင် ဖော်ပြမည့်အဖြစ်အပျက်မှာ မြန်မာနှစ် ၁၂၁၉ ခုနှစ်တွင် ဖြစ်ပျက်ခဲ့ခြင်း ဖြစ်၏။

ဆရာတော်ဦးကောဏ္ဍည အထက်တွင်ဆိုခဲ့သည့်မန္တန်ကျင့်စဉ်ကို လူသူကင်းဆိတ်သည့်နေရာ၊ လူသူရောက်ခဲသည့်နေရာ၊ လူသူလုံးဝမရောက်ရှိနိုင်သည့်နေရာများတွင် တစ်ကိုယ်တည်း သွားရောက် ကျင့်ကြံအားထုတ်ခဲ့ခြင်းဖြစ်၏။ အားထုတ်သည်ဆိုရာတွင် ခပ်လျော့လျော့ အားထုတ်ခြင်းမဟုတ်ပေ။မိမိ၏အသက်



www.burmeseclassic.com

www.burmeseclassic.com

နှင့်ခန္ဓာကိုပါ ငဲ့ကွက်မှုမပြုဘဲ အရိုးကြေကြေအရေခန်းခန်းအားထုတ်ခဲ့ခြင်းဖြစ်၏။ ထို့ကြောင့်လည်း နောက်ဆုံးတွင် ပြီးမြောက်အောင်မြင်ခဲ့ခြင်း ဖြစ်၏။ မန္တန်ဝိဇ္ဇာလမ်းစဉ်တွင် ကျင့်စဉ်ပြီးမြောက်အောင်မြင်သွားပါက မြန်မာနိုင်ငံတွင် အထိကရကျသောတောများ၊တောင်များတွင် သွားရောက်၍ ဆက်လက် အားထုတ်ကြရ၏။

ဆရာတော် ဦးကောဏ္ဍည၏ နောက်ဆုံး အားထုတ်ရမည့်နေရာမှာ ပခန်းကြီးနယ်ရှိ စည်သူရှင်ဘုရားတွင် ဖြစ်၏။ ထိုဘုရားတွင် ဦးကောဏ္ဍညသည် ဆယ့်ငါးရက်တိတိ အားထုတ်ရမည်ဖြစ်၏။ ထို့ကြောင့် စည်သူရှင်ဘုရားသို့ ဦးဆုံးသွားရောက်ဖူးမြော်ကာ အနီးဆုံးနှင့် ခြေခင်းလက်ခင်း အကောင်းဆုံးတည်းခိုနိုင်မည့်နေရာထိုင်ခင်းကို ပထမဦးဆုံး လေ့လာလိုက်၏။

ထိုအခါ ဘုရားကြီးနှင့် မလှမ်းမကမ်းတွင် တည်ရှိနေသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကို အဆင်ပြေဆုံးအဖြစ် တွေ့မြင်မိသဖြင့် ထိုကျောင်းကြီးအတွင်းသို့ ကြွသွားကာ ကျောင်းထိုင်ဆရာတော်ကြီးထံဝင်ရောက်ဖူးမြော်လိုက်၏။ ထို့နောက် ကျောင်းထိုင်ဆရာတော်အား -

"အရှင်ဘုရား၊ တပည့်တော် စည်သူရှင်ဘုရားမှာ အားထုတ်ဖို့လာရောက်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဆရာတော်ကျောင်းမှာ ခေတ္တ တည်းခိုသီတင်းသုံးခွင့်ပြုဖို့ လျှောက်တင်ပါတယ်ဘုရား"

"ကိုယ်တော်ရဲ့ဘွဲ့ကဘာယ်လိုခေါ်ပါသလဲ"

"ဦးကောဏ္ဍညပါ၊ တောင်တွင်းကြီးနယ်သားပါ ဘုရား"

"ဩော် - ဟုတ်လား၊ ဒီမှာတော့ မောင်ပဉ္စင်းသဘောအတိုင်း ချမ်းသာစွာ တည်းခိုသီတင်းသုံးနိုင်ပါတယ်"

"အရှင်ဘုရား၊ တပည့်တော် ဒီမှာ တည်းခိုမှာ တစ်ရက်၊ နှစ်ရက်မဟုတ်ပါဘူးဘုရား။ ဒီစည်သူရှင်ဘုရားမှာအားထုတ်ဖို့ တစ်ဆယ့်ငါးရက်တိတိအဓိဋ္ဌာန်ထားလို့ အဲဒီအတိုင်း တည်းခိုခွင့်ပြုပါဘုရား"

ဟု လျှောက်တင်လိုက်သောအခါ ကျောင်းထိုင်ဆရာတော်ကလည်း ကြည်ကြည်ဖြူဖြူပင် -

"မောင်ပဉ္စင်းအဓိဋ္ဌာန်ရှိသလောက် ချမ်းချမ်းသာသာသဘောရှိအတိုင်းနေနိုင်ပါတယ်"

ဟု မိန့်ကြားပြီးနောက် ကျောင်းထိုင်ဆရာတော်သည် အာဂန္တုရဟန်းအား ပြုသင့်ပြုထိုက်သောဝတ်များကို ဒေသနာတော်တွင်လာရှိသည့်အတိုင်း ပြုတော်မူလေ၏။

**▫ အထင်အမြင်လွဲမှားမှုနှင့်သံသယ**

ဦးကောဏ္ဍညလည်း ကျောင်းထိုင်ဆရာတော်ထံမှ ခွင့်ပြုချက်ရပြီးနောက် သူသီတင်းသုံးရမည့်အခန်းတွင် နေရာထိုင်ခင်းပြင်ဆင်လေ၏။

ညအချိန်သို့ရောက်ရှိသောအခါ ဦးကောဏ္ဍညသည် တည်းခိုနေသည့် ဘုန်းကြီးကျောင်းမှ စည်သူရှင်ဘုရားသို့ သွားရောက်ပြီး မန္တန်ဆိုင်ရာ အားထုတ်ဖွယ်ရှိသည့်အမှုတို့ကို အဓိဋ္ဌာန်ပါအတိုင်း ကျင့်ဆောင်လေတော့၏။ ဦးကောဏ္ဍည၏အဓိဋ္ဌာန်ကျင့်စဉ်သည် ညဥ့်အတော်နက်သောအခါတွင်မှပြီးစီးသဖြင့် တည်းခိုရာကျောင်းသို့ ပြန်ကြွလာခဲ့၏။

ထိုအခါ ကျောင်းတွင်ရှိသည့် ကျောင်းထိုင်ဆရာတော်သည် မကျိန်းစက်သေးဘဲ အာဂန္တုရဟန်းပြန်ကြွလာသည့်အချိန်အထိ စိတ်ပူသဖြင့်စောင့်နေခဲ့၏။ အာဂန္တုရဟန်း ကျောင်းသို့ရောက်ရှိသောအချိန်တွင်မှ ကျိန်းစက်တော်မူလေ၏။

နောက်ရက်များတွင်လည်း ဦးကောဏ္ဍညသည် အဓိဋ္ဌာန်ပြီးသော ညဥ့်နက်ချိန်တွင်မှ ယခင်နေ့ကကဲ့သို့ပင် ပြန်ကြွလာ၏။ ကျောင်းထိုင်ဆရာတော်ကလည်း အာဂန္တုရဟန်းပြန်ကြွလာသည့်အချိန်အထိ စောင့်နေပြီးမှ ကျိန်းစက်လေ၏။ အဆိုပါ ကျောင်းထိုင်ဆရာတော်သည်လည်း ဝိဇ္ဇာဓရပညာကို လိုက်စားသည့်ပုဂ္ဂိုလ်ဖြစ်၏။ ဆရာတော်၏ ဝါသနာမှာ အဂ္ဂိရတ်ထိုးခြင်းပင် ဖြစ်၏။ ကျောင်းထိုင်ဆရာတော်၏ ရည်ရွယ်ချက်မှာ ပြဒါးသေတစ်ပြည်ဝ၊ သံသေတစ်ဆွေဝ ဟူသည့် ရှေးသူဟောင်းတို့၏ ဆိုရိုးစကားအတိုင်း သံသေခဲတ်လုံးသို့တည်းမဟုတ် ပြဒါးသေခဲတ်လုံးတို့ကိုရရှိရေးပင် ဖြစ်၏။ သို့သော် ဆရာတော်ကြီးသည် ကြိုးစားရင်းသာ အချိန်ကုန်လွန်ခဲ့၏။ ယခုအချိန်အထိ အောင်မြင်မှုမရရှိသေးချေ။ ထို့ကြောင့် အဆိုပါကိစ္စအတွက် မိမိကိုယ်မိမိစိတ်ကျေနပ်မှုမရှိချေ။ သို့ဖြစ်ပါသောကြောင့် အခြားသော အကြောင်းခြင်းရာကိစ္စများတွင် အမြင်မကြည်လင်မှု၊ စိတ်တိုင်းမကျမှုများလည်း မကြာခဏဖြစ်လေ့ရှိတ[...]၏။

ယခုလည်း ကျောင်းထိုင်ဆ[...] တော်၏စိတ်အမြင်သည် အာဂန္တုရ[...] ဖြစ်သောဦးကောဏ္ဍညအပေါ်တွင်လ[...] တစ်မျိုးတစ်ဖုံဖြစ်လာခဲ့၏။အမြင်မ[...] မလင် ဖြစ်လာခဲ့တော့၏။

ဦးကောဏ္ဍည စည်သူရှင်ဘု[...] ၌ လာရောက် အားထုတ်ခြင်းအမှ[...] ငါးရက်မြောက်သောနေ့ညတွင် ဖြ[...] အာဂန္တုပဉ္စင်းငယ်ပြန်အလာကို [...] နေသော ကျောင်းထိုင်ဆရာတော်[...] စိတ်ထဲတွင် တစ်မျိုးတစ်မည်တွေး[...] လာခဲ့၏။

'ဤပဉ္စင်းငယ်သည် ငါ့ကို[...] လည်ပြောဆိုပြီး ကျောင်းမှာလာ[...] ခြင်းပေလော သို့တည်းမဟုတ် သူ[...] တကယ်စင်စစ် စည်သူရှင်ဘု[...] ဘုရားဖူးလာခြင်း၊ ကျင့်စဉ်ကျင့်ရ[...] လာရောက်ကျင့်ခြင်းမဟုတ်ဘဲ [...] နေရာအနီးအနားရှိ ဝိသဘာဂဖြစ်[...] မာတုဂါမတို့နှင့်အဆက်အသွယ်ရှိ[...] ဆက်ပြုရန်လာခြင်းပေလောဟုအ[...] တွေးတောမိလေတော့၏။

ထိုအတွေးများကြောင့် ကျော[...] ထိုင်ဆရာတော်ကြီးသည် စိတ်ရှုပ်[...] လာသဖြင့် ညဥ့်နက်သန်းခေါင် အ[...] မတော်တွင်မှ ပြန်ကြွလာလေ့ရှိ[...] အာဂန္တုရဟန်း ဦးကောဏ္ဍည ပြ[...] အလာကိုပင် မစောင့်ဆိုင်းတော[...] သဖြင့် ကျောင်းတံခါးများအား[...] ပိတ်လိုက်ပြီးကျိန်းစက်တော်မူလေ[...] ၏။ အာဂန္တုရဟန်းကိုလည်း ပြန်[...] လျှင် ကျောင်းအပြင်၌ သူ့ထိုက်နှင့်[...] ဟု သဘောထားလိုက်တော့၏။

ကျောင်းထိုင်ဆရာတော် ကျေ[...] တံခါးများအားလုံးပိတ်၍ ကျိန်းစ[...] များမကြာမီတွင်ပင် စည်သူရှင်ဘု[...] ကျင့်စဉ်ကျင့်ရပ်များကို ထိုနေ့အဖို့[...] ပြီး၍ ဆရာတော် ဦးကောဏ္ဍည[...] ကျောင်းသို့ ပြန်ကြွလာလေ၏။

ကျောင်းသို့ ရောက်ရှိသော[...] ကျောင်းထိုင်ဆရာတော်က ကျေ[...] တံခါးများကို ပိတ်ထားလျက်ရှိသ[...] တွေ့ရတော့၏။ထိုအခါတွင် ဆရာ[...] ဦးကောဏ္ဍညသည် မိမိရရှိထား[...] သိဒ္ဓိ၏အစွမ်းဖြင့် မိမိပုံမှန်နေရာ[...] ခန်းအတွင်းသို့ ဝင်ရောက်ကာ [...] စက်နေလိုက်၏။

ကျောင်းထိုင်ဆရာတော်[...] အရုဏ်တက်ခါနီးအချိန်[...]



www.burmeseclassic.com

www.burmeseclassic.com

နိုးလာလေ၏။ ထိုအခါညက အာဂန္တုရဟန်းနှင့် ပတ်သက်သည့်အဖြစ်ကို ပြန်လည် အမှတ်ရလာပြီး ယခင်ရက်များက အာဂန္တုရဟန်းကျိန်းစက်သည့်အခန်းသို့ သွားရောက်စစ်ဆေးကြည့်ရှုရာ အာဂန္တုရဟန်းသည် ယခင်နေ့ရက်များကဲ့သို့ပင် ကျိန်းစပ်နေသည်ကို တွေ့လိုက်ရသဖြင့် ကျောင်းထိုင်ဆရာတော်လည်း အထူးပင် အံ့အားသင့်သွားခဲ့ရ၏။ သို့လောသို့လောပို၍စဉ်းစားရတော့၏။ သူကျောင်းသည် မည်သည့်နေရာမှနေပြီးဝင်၍ရပါမည်နည်းဟု စဉ်းစားကြည့်၏။ စဉ်းစား၍မရပေ။ ထို့နောက် ကျောင်းထိုင်ဆရာတော်သည် သူကိုယ်တိုင်ပိတ်ခဲ့သည့် ဝင်ပေါက်တံခါးကြီးနှင့် ပတ်သက်၍လည်း စဉ်းစားကြည့်ပြန်၏။ သူတံခါးပိတ်ခဲ့သည်မှာမသေချာ၍လား အမျိုးမျိုးစဉ်းစားကြည့်၏။ ထို့ကြောင့် တံခါးသို့သွားကြည့်၏။ မင်းတုပ်ချထားလျက်ပင် တွေ့ရ၏။ ထို့ကြောင့် ဤပဉ္စင်းငယ်သည် မည်သည့်ဝင်ပေါက်မှ ဝင်ရောက်သနည်း ဟူသော ကိစ္စအား ဆရာတော်ကြီးအဖို့ အကြီးအကျယ်ပင် ပဟေဠိဖြစ်သွားတော့၏။

ထို့ကြောင့် နောက်တစ်နေ့ညတွင် ဆရာတော်ကြီးသည် ပို၍သတိကြီးကြီးထားကာ တံခါးများကို လုံခြုံသေချာစွာပိတ်လေ၏။ အခြားသောဝင်၍ရနိုင်မည်ထင်သည့်နေရာများကိုလည်း ထပ်မံပိတ်ဆို့ကာရံထားလိုက်ပြန်၏။ ထို့နောက် ဆရာတော်ကြီးသည် သူ၏ကျက်သရေခန်းထဲသို့ဝင်ကာ ခုတင်ပေါ်၌ တုံးလုံးလှဲနေလိုက်၏။ ကျိန်းစက်ခြင်းလည်းမပြုပေ။ ခါတိုင်းအာဂန္တုရဟန်းပြန်လာသည့်အချိန်ကိုမှတ်၍ နားစွင့်ထားလိုက်၏။ ထူးခြားသော အသံဗလံထွက်ပေါ်လာမည့်အခြေအနေတစ်စုံတစ်ရာကိုလည်း သတိထားနေလိုက်၏။

ဤသို့ဖြင့် အာဂန္တုရဟန်းပြန်လာနေကျအချိန်ထက် ကျော်လွန်သွားသည့်တိုင် ထူးခြားသည့် မည်သို့သောအသံဗလံတစ်စုံတစ်ရာကိုမျှ မကြားရသဖြင့် ကျောင်းထိုင်ဆရာတော်ကြီးက စဉ်းစားမိသည်မှာ -

"အင်း - ဒီညတော့ တံခါးတွေရော၊ အပေါက်တွေရော အားလုံးပိတ်ထားလိမ့်မယ်လို့ တွက်ဆပြီး အာဂန္တုရဟန်းသည် တခြားနေရာတစ်ခုခုတွင် သွားရောက်အိပ်လေပြီ"

ဟု တွက်ဆလိုက်၏။ ထို့ကြောင့်လည်းကျောင်းထိုင်ဆရာတော်ကြီးသည် ကျိန်းစက်လိုက်တော့၏။

နောက်တစ်နေ့နံနက်အရုဏ်တက်ခါနီးတွင် ကျောင်းထိုင်ဆရာတော်ကြီးသည် ညက အဖြစ်အပျက်ကို သတိရလာသဖြင့် အာဂန္တုရဟန်းအိပ်စက်သည့်အခန်းသို့သွားရောက်၍ တစေ့တစောင်းကြည့်ရှုလေ၏။ ထိုသို့သွားရောက်ကြည့်သောအခါတွင်လည်း အံ့ဩရပြန်၏။ အာဂန္တုရဟန်းသည် ပုံမှန်အတိုင်းပင် သူ့အခန်းထဲရှိ ခုတင်ပေါ်တွင် ကျိန်းစက်နေသည်ကိုတွေ့လိုက်ရသဖြင့် သူ့မျက်စိကိုပင် သူမယုံနိုင်အောင်ဖြစ်သွားကာ တံခါးများပိတ်ဆို့ထားမှုအခြေအနေကိုလည်း ကျောင်းထိုင်ဆရာတော်ကြီး ပိတ်ခဲ့သည့်အတိုင်း အားလုံးလက်ရာခြေရာမပျက်ရှိနေသည်ကိုလည်း ထူးဆန်းစွာတွေ့မြင်ရသည်။ သို့သော် ကျောင်းထိုင်ဆရာတော်ကြီးကလည်း နောက်ရက်များ၌ ယခင်ရက်များအတိုင်း တံခါးများကို လုံခြုံစွာပိတ်ပြီး အာဂန္တုပဉ္စင်း၏အခြေအနေကို အကဲခတ်နေခဲ့သည်။ အာဂန္တုရဟန်းကိုယ်၌ကလည်း သူ့အခန်းတွင် ပုံမှန်ကျိန်းစက်နေသည်ကို တွေ့ရမြဲဖြစ်၏။

ဦးကောဏ္ဍညအနေဖြင့်လည်း ကျောင်းထိုင်ဆရာတော်က သူ့ အပေါ် အပြုအမူများ မည်သို့ပင် ပြောင်းလဲဆက်ဆံစေကာမူ မသိကျိုးကျွန်ပြု၍သာနေလေ၏။ သူ၏ပြုနေကျဝတ်များကို ပုံမှန်အတိုင်း ပြုမူ၍သာနေ၏။ စည်သူရှင်ဘုရားသို့ ညစဉ်ညတိုင်း သွားရောက်အားထုတ်သည့်အဓိဋ္ဌာန်ကိုလည်းမပျက်မကွက်ပြု၍သာနေ၏။ သူ၏ပုံစံသည် မိမိ၏ အဓိဋ္ဌာန်ပြည့်ရန်ကိုသာ ရည်စူးအားစိုက်ထားပုံရပါသည်။ ညဘက်အဓိဋ္ဌာန်ပြီးချိန်တွင်လည်း ကျောင်းထဲသို့ဝင်မြဲအတိုင်းပင်ဝင်၍ကျိန်းစက်လေ၏။

နောက်အနည်းငယ်ကြာသောအခါ ကျောင်းထိုင်ဆရာတော်ကြီးအနေဖြင့် အာဂန္တုရဟန်းအား သုံးသပ်သည်မှာ -

"ဤပဉ္စင်းငယ်သည် ကျောင်းရှိတံခါးများအားလုံးနှင့် ဝင်နိုင်၊ ထွက်နိုင်သည့်နေရာအားလုံးတို့၏အသေအချာအခိုင်အခံ့ လုံခြုံစွာပိတ်ထားပါလျက် ဝင်ရောက်နိုင်ခြင်းသည် ထိုပဉ္စင်းငယ်၌ သူတကာနှင့်မတူသော အစွမ်းသတ္တိထူးများရှိ၍သာဖြစ်မည်ဟု ကောက်ချက်ချမိပြန်၏။ ထို့အတူ ကျောင်းထိုင်ဆရာတော်ကြီးအနေဖြင့်လည်း အာဂန္တုရဟန်းအား ဝိသာဘဝအာရုံဖြစ်သော မာတုဂါမများနှင့်ငြိစွန်းနိုင်သည်ဟူသော သံသယကလည်း တစ်ပြိုင်နက်တည်း ဖြစ်ပေါ်ပြန်လေ၏။ဤသို့ဖြင့် ကျောင်းထိုင်ဆရာတော်၏စိတ်သည် ဒွိဟနှစ်ခွဖြစ်လျက်ရှိလေတော့၏။

ဤသို့ဖြင့် ဝေခွဲမရတော့သည့်နောက်ဆုံးတွင် ကျောင်းထိုင်ဆရာတော်သည် အာဂန္တုရဟန်းအား ပြောင်ပင်ဖွင့်မေးရန်ဆုံးဖြတ်လိုက်တော့၏။ထို့ကြောင့် ထိုနေ့ညတွင် ကျောင်းထိုင်ဆရာတော်ကြီးသည် မကျိန်းစက်ဘဲ အာဂန္တုရဟန်းပြန်လာမည့်အချိန်ကို စောင့်နေလိုက်၏။

အာဂန္တုရဟန်းလည်း စည်သူရှင်ဘုရား၌အဓိဋ္ဌာန်ဝင်အားထုတ်ပြီးနောက် ခါတိုင်းပုံမှန်ပြန်နေကျအချိန်တွင်ကျောင်းသို့ ပြန်ကြွလာလေ၏။ ကျောင်းထိုင်ဆရာတော်ကြီးလည်း ကျောင်းတံခါးများဖွင့်ထားသဖြင့် အာဂန္တုရဟန်းလည်း ပုံမှန်အတိုင်းပင် ဖွင့်ထားသောတံခါးမှ ကျောင်းထဲသို့ဝင်လာ၏။ ထိုအခါ စောင့်နေသော ကျောင်းထိုင်ဆရာတော်ကြီးက -

"မောင်ပဉ္စင်း၊ ကျုပ်ကမောင်ပဉ္စင်းနဲ့ပတ်သက်ပြီး ခပ်ဗွင်းဗွင်းပြောရရင် သံသယဝင်နေမိတယ်"

ဟု စတင်ပြီး မိန့်တော်မူလိုက်ရာ အာဂန္တုရဟန်းက ပြန်လည်ပြီး -

"အရှင်ဘုရား၊ တပည့်တော်အပေါ် ဘယ်လိုသံသယဝင်နေတာလဲ ဘုရား၊ မိန့်တော်မူပါ"

"ဒီမယ် မောင်ပဉ္စင်း၊ ကျုပ်အနေနဲ့ ဖြစ်ပေါ်နေတဲ့သံသယကိုပွင့်ပွင့်လင်းလင်းပဲပြောမယ်။ အဲဒါကတော့ မောင်ပဉ္စင်းဟာ ဘုန်းကြီးရဲ့ကျောင်းကိုလာပြီး ဥပါယ်တံမျဉ်နဲ့ စည်သူရှင်ဘုရားမှာ ကျင့်စဉ်များကျင့်ချင်လို့ပါဆိုပြီး တည်းခိုခွင့်ရအောင် လျှောက်ထားပြီး ညဥ့်ဘက်မှာ အပြင်ကိုသွားမယ်။ ရွာထဲမှာရှိတဲ့ ဝိသဘာဂအာရုံကာမဂုဏ်ကိစ္စအတွက် မာတုဂါမများနဲ့ ပျော်ပါးပြီး ညဥ့်အချိန်မတော်မှပြန်လာမယ်။ ကျုပ်အနေနဲ့က မောင်ပဉ္စင်း ပြန်မလာမချင်းစောင့်နေရတယ်။ ဒါကြောင့် ဒီလိုတော့ မဖြစ်ချေဘူးလို့ တွေးမိပြီး မောင်ပဉ္စင်း ပြန်လာတဲ့အချိန်မှာ ဝင်လို့မရအောင် ကျောင်းတံခါးတွေ လုံလုံခြုံခြုံဖြစ်အောင် အသေအချာပိတ်ပြီးထားခဲ့တယ်။

ဒါပေမယ့် မောင်ပဉ္စင်းအနေနဲ့က တံခါးတွေကို ဘယ်လိုပဲပိတ်ထားပိတ်ထား ကျောင်းထဲကို ရောက်အောင်ဝင်နိုင်တယ်။ ကိုယ့်အခန်းထဲကိုဝင်ပြီးကျိန်းနိုင်တယ်။ နောက်ပြီးတစ်ရက်မှမပြီမဝင်



www.burmeseclassic.com

www.burmeseclassic.com

နိုင်တာလည်းမရှိဘူး။ ကျုပ်နေ့တိုင်း မောင်ပဥ္စင်းကို သေသေချာချာလေ့လာခဲ့တယ်။ ပိတ်ထားတဲ့ အခန်းထဲကို ရအောင်ဝင်နိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် မောင်ပဥ္စင်းမှာ အစွမ်းသတ္တိထူးရှိမယ်။ အဘယ်ပညာထူးများလဲဆိုတာ ကျုပ်ကို ပြောပြပါ"

ဟု ကျောင်းထိုင်ဆရာတော်က မိမိ၏သံသယကို ဖွင့်ဟပြောပြလိုက်ပြီး ပွင့်ပွင့်လင်းလင်း မေးလိုက်သောအခါ အာဂန္တုပဥ္စင်းငယ်သည် ချိုသာသော မျက်နှာထားဖြင့် ဆရာတော်ကြီးအား ရှိခိုးလိုက်ပြီး -

"အရှင်ဘုရား၊ တပည့်တော်ဟာ မန္တန်ကျင့်စဉ်ပညာရပ်ထူးကြီးတစ်ခုကို ကျင့်ခဲ့ပါတယ် ဘုရား။ အဲဒီကျင့်စဉ်ကို သာမန်ကျင့်လို့မရပါဘူးဘုရား။ အပြင်းအထန်ကျင့်ရပါတယ်။ ကျင့်စဉ်ကာလကတော့ (၁၂) လ ကြာပါတယ် ဘုရား။ ယခု တပည့်တော် ကျင့်စဉ်ကို ကျင့်လာတာ (၁၁) လမျှရှိခဲ့ပါပြီဘုရား။

ယခုအခါ တောင်ထူးတောင်မြတ်ကြီးများမှာတည်ရှိတဲ့ တန်းခိုးကြီးဘုရားများမှာ ကျင့်ရန်လမ်းစဉ်ရှိတဲ့အတိုင်း စည်သူရှင်ဘုရားမှာ လာရောက် အားထုတ်ရခြင်းဖြစ်ပါတယ်ဘုရား။ ဆရာတော်ကြီးအနေဖြင့် တပည့်တော်အပေါ်မှာ သံသယကုက္ကုစ္စရှိလို့ တံခါးများလုံခြုံစွာပိတ်ထားသော်လည်း ဤကိစ္စသည် တပည့်တော်အဖို့ ခဲယဉ်းသောကိစ္စမဟုတ်ပါဘူးဘုရား။ ချမ်းသာစွာနဲ့ပဲ အလွယ်တကူ ဝင်ရောက်နိုင်ပါတယ်ဘုရား။

ထိုကဲ့သို့ လွယ်ကူစွာ ဝင်ရောက်နိုင်ခြင်းမှာလည်း အခြားသောပညာသတ္တိအစွမ်းများကြောင့် မဟုတ်ဘဲ ဂါထာမန္တန်ရဲ့အစွမ်းတန်ခိုးများပဲ ဖြစ်ပါတယ်ဘုရား။ တပည့်တော်အနေနဲ့ ဤစည်သူရှင်ဘုရားမှာ အားထုတ်ခဲ့တာ ရက်စေ့လုပါပြီဘုရား။ တပည့်တော်အနေနဲ့ ဆရာတော်ကြီးအပေါ်မှာ စိတ်ကွက်ငြိုငြင်မှုတစ်စုံတစ်ရာမျှမရှိပါဘုရား။ ဆရာတော်ကြီးရဲ့အရိပ်အာဝါသကို ခိုကိုးပြီး ချမ်းသာစွာ အားထုတ်ကျင့်ကြံခဲ့ရလို့ ကျေးဇူးတင်ပါတယ် ဘုရား။ နောက်ပြီး အဲဒီကျေးဇူးကိုလည်းဆပ်လိုပါတယ်။

ဒါကြောင့် တပည့်တော်ကျင့်နေတဲ့ ဂါထာမန္တန်တော်ကျင့်စဉ်ကြီးကို တပည့်တော်ကျင့်ခဲ့တဲ့မူရင်းအတိုင်းပေးခဲ့ပါမယ်ဘုရား။ အကယ်လို့ ဆရာတော်ကြီးအနေဖြင့် ဤကိစ္စကို ယုံကြည်မှုမရှိသေးဘူးဆိုရင် လက်တွေ့စမ်းသပ်နိုင်ပါတယ်ဘုရား"

"စမ်းသပ်မယ်ဆိုရင် အရှင်ဘုရားအနေနဲ့ ကျောင်းခန်းများအားလုံးကို စေ့အောင် မီးထွန်းထားပြီး တံခါးများအားလုံးကိုလည်း ဆရာတော်သဘောရှိ ပိတ်ချင်တိုင်း ပိတ်ထားတော်မူပါ ဘုရား။ တပည့်တော်အနေနဲ့ ဆရာတော်ဘုရား မျက်မှောက်မှာပင် လက်တွေ့ဝင်ထွက်ပြပါမယ်ဘုရား"

ဟု အာဂန္တုရဟန်းက လျှောက်ထားလိုက်သောအခါ ကျောင်းထိုင်ဆရာတော်ကြီးက -

"အင်း-ကျုပ်အနေနဲ့ မောင်ပဥ္စင်းရဲ့ပညာစွမ်းကို ထောက်ဆမိပါတယ်။ ဒါပေမယ့် လက်တွေ့မျက်တွေ့ ဒီပညာစွမ်းကို မြင်ဖူးတယ်ရှိအောင်လို့တော့ ဆန္ဒရှိပါတယ်"

ဟု မိန့်ကြားလိုက်သောအခါ အာဂန္တုရဟန်းက -

"အဲဒီလိုဆိုလျှင် အရှင်ဘုရားအနေနဲ့ တပည့်တော်ပြောတဲ့အတိုင်း စီမံပြင်ဆင်လိုက်ပါဘုရား"

ဟု ပြန်လည်လျှောက်ထားလိုက်သဖြင့် ကျောင်းထိုင်ဆရာတော်ကြီးသည် အာဂန္တုရဟန်းပြောသည့်အတိုင်း ကျောင်းအတွင်းရှိ အခန်းတိုင်းတွင် မီးများထွန်းလိုက်၏။ ထို့ကြောင့် ညကြီး အချိန်မတော်



ဖြစ်သော်လည်း ကျောင်းကြီးသည် လင်းထိန်သွားပြီး အရာရာတိုင်းကိုလည်း သဲသဲကွဲကွဲမြင်တွေ့ရပြီဖြစ်သွားတော့၏။ ထို့နောက် ဆရာတော်ကြီးသည် ကျောင်းရှိ တံခါးများအားလုံးကို လုံခြုံစွာပိတ်ပြီး အသေအချာစစ်ဆေးလိုက်၏။ ပြီးသောအခါတွင်မှ -

"ကဲ - မောင်ပဥ္စင်းပြောတဲ့အတိုင်း မီးလည်းထွန်းပြီးသွားပြီ၊ တံခါးတွေကိုလည်း ပိတ်ပြီးသွားပြီ။ အဲဒါကြောင့် မောင်ပဥ္စင်းရဲ့အစွမ်းသတ္တိထူးကို ပြသနိုင်ပါပြီ"

ဟု မိန့်တော်မူလိုက်သည်နှင့် အာဂန္တုရဟန်းလည်း ကျောင်းထိုင်ဆရာတော်ကြီး ရှိခိုးဦးချလိုက်ပြီး -

"ဆရာတော်ဘုရားကြည့်ရှုတော်မူပါ။ တပည့်တော်ဟာ ဤတံခါးကနေလည်း အပြင်ကိုမထွက်ပါဘူးဘုရား၊ ကျောင်းပေါ်ကိုလည်း တက်မသွားပါဘူးဘုရား၊ အခုဆရာတော်ဘုရားရဲ့ရှေ့မှာ ရပ်လျက်ရှိနေသော မျက်မှောက်အနေအထားကပင် ကျောင်းအောက်သို့ သွားပါမည်ဘုရား"

ဟု ပြောဆိုလျှောက်ထားပြီးသည်နှင့် ပျောက်ကွယ်သွားလေတော့၏။ ထိုအခါ ဆရာတော်ဘုရားလည်း အံ့အားကြီးသင့်စွာနှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ဝဲ၊ ယာ ရှိသမျှကျောင်းခန်းပတ်ပတ်လည်ကို လိုက်လံကြည့်ရှုလေ၏။ ထိုစဉ် ကျောင်းအောက်ဘက်မှ အာဂန္တုရဟန်း၏အသံကပေါ်ထွက်လာခဲ့၏။

"ဆရာတော်ကြီးဘုရား၊ ပြတင်းတံခါးကိုပြန်ပိတ်လိုက်ပြီး ကျောင်းအပေါ်ထပ်မှာပဲနေတော်မူပါဘုရား၊ တပည့်တော်အရှင်ဘုရား"

ဟု ဆိုသဖြင့် ဆရာတော်ကြီးလည်း ပြတင်းတံခါးကိုဖွင့်ကာ ကျောင်းအောက်သို့ ငုံ့ကြည့်လိုက်သောအခါ အာဂန္တုရဟန်းကို ကျောင်းအောက်မြေပေါ်၌ရပ်လျက်ရှိသည်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားတော့၏။ ထိုအခါ အာဂန္တုရဟန်းက -

"ဆရာတော်ကြီးဘုရား၊ ပြတင်းတံခါးကို ပြန်ပိတ်လိုက်ပြီး ကျောင်းအပေါ်ထပ်မှာပဲ နေတော်မူပါဘုရား။ တပည့်တော် အရှင်ဘုရားရှေ့မှောက်သို့ ပြန်လာခဲ့ပါမယ်ဘုရား။ အသေအချာသတိပြုတော်မူပါ"

ဟု ပြောပြီး အသံတိတ်သွားသည်နှင့်တစ်ပြိုင်နက် မရှေးမနှောင်းပင် အာဂ

www.burmeseclassic.com

န္တုရဟန်းသည် ကျောင်းအပေါ်ထပ်ဆရာတော်ကြီးရှေ့မှောက်တွင် သားရေနယ်အခင်းပေါ်၌ သိကြားမင်းကိုယ်ရောင်လင်းသကဲ့သို့ ဆရာတော်ဘုရားကြီးအား ရှိခိုးနေသည့်ဟန်ဖြင့် တစ်မုဟုတ်ချင်းပေါ်လာပြီး ထင်ထင်ရှားရှားမြင်တွေ့ရလေတော့၏။

ထိုအခါတွင်မှ ကျောင်းထိုင်ဆရာတော်ဘုရားကြီးသည် အာဂန္တုရဟန်း၏ပညာသတ္တိထူး တန်ခိုးအစွမ်းတို့ကို အလုံးစုံမျက်ဝါးထင်ထင်တွေ့မြင်လိုက်ရသဖြင့် ထိုအာဂန္တုရဟန်းပေါ်၌ ဖြစ်မှားမိခဲ့သော သံသယကုက္ကုစ္စသည် ရှင်းလင်းသွားပြီဖြစ်သဖြင့် မိမိအပြစ်ကင်းရန်ကို အဖန်ဖန်သော တောင်းပန်ခြင်းအမှုပြုလေတော့၏။ အာဂန္တုရဟန်းကလည်း ဆရာတော်ကြီးအား အပြစ်မယူပါကြောင်း၊ ခွင့်လွှတ်ပါကြောင်း ပြန်လည်လျှောက်ထားသဖြင့် ကိစ္စအားလုံးပြီးပြတ်ကျေလည်သွားတော့၏။

ထိုသို့သော အဖြစ်အပျက်များဖြစ်ပွားပြီးနောက်ပိုင်းတွင် ကျောင်းထိုင်ဆရာတော်ကြီးသည် အာဂန္တုရဟန်းအား လေးစားသွားလေတော့၏။ ထို့နောက်ကျောင်းထိုင်ဆရာတော်ကြီးသည် သူ၏ မပြီးမြောက်နိုင်သေးသော အဂ္ဂိရတ်ကိစ္စကို သွား၍သတိရမိ၏။ ဤကိစ္စနှင့် ပတ်သက်၍ အာဂန္တုရဟန်းအား ပြောပြအကူအညီတောင်းလျှင် ဖြစ်နိုင်လောက်သည်ဟု တွေးမိပြီး -

“မောင်ပဉ္စင်း၊ ကျုပ်ဟာ အဂ္ဂိရတ်ပညာရပ်ကို အထူးပင် ဝါသနာပါပြီးလုပ်ကိုင်နေသူ ဖြစ်ပါတယ်။ ဒါကြောင့် မောင်ပဉ္စင်းအနေနဲ့ အစွမ်းသတ္တိထူးရှိတဲ့ပုဂ္ဂိုလ်ဖြစ်နေတော့ ဘုန်းကြီးမှာလိုအပ်နေတဲ့သံကိုသေစေသောနည်း၊ပြဒါးကိုသေစေသောလုပ်နည်းများကိုပေးစေလိုပါတယ်။ ကိုယ်တိုင်လုပ်လို့ရမယ်ဆိုရင်လည်းလုပ်ပေးပါ ကိုယ်တော်”

ဟု မိန့်တော်မူလေ၏။ ကျောင်းထိုင်ဆရာတော်ကြီးသည် ထိုကိစ္စကိုစိတ်လောပြီး မကြာခဏအကြိမ်ကြိမ်ပင် တောင်းဆိုခြင်းသာ ပြုနေလေတော့၏။ ကျောင်းထိုင်ဆရာတော်ကြီးလည်း မန္တန်လမ်းစဉ်နှင့် အဂ္ဂိရတ်လမ်းစဉ်တို့သည် အတူတူပင်ထင်၍ ရောပြွမ်းတွေးတောပြီးမိန့်တော်မူနေခြင်းပင်ဖြစ်၏။ အဂ္ဂိရတ်ပညာနှင့် မန္တန်ပညာတို့သည် ဝိဇ္ဇာမရေလမ်းစဉ်၏အခြေခံသဘောတရားများတူကြသော်လည်း လက်တွေ့လုပ်ထုံးလုပ်နည်းအကောင်အထည်ဖော်ဆောင်မှုများက ကွာခြားမှုရှိပါသည်။ ထို့ကြောင့်လည်း အာဂန္တုရဟန်းက -

“ဆရာတော်ကြီးဘုရား၊ တပည့်တော်ဟာ မန္တန်ဝိဇ္ဇာလမ်းကိုသာလိုက်သူဖြစ်ပါတယ်။ အဂ္ဂိရတ်လမ်းကိုမလိုက်ခဲ့ဖူးတဲ့အတွက် အဂ္ဂိရတ်နဲ့ပတ်သက်ပြီး မသိပါဘုရား။ ဒါကြောင့် ဆရာတော်ကြီးမေးတဲ့ သံသေတဲ့ကိစ္စ၊ ပြဒါးသေတဲ့ကိစ္စကိုညွှန်ပြနိုင်မည်မဟုတ်ပါဘူးဘုရား။ ဒါပေမယ်လို့ အရှင်ဘုရားသိလိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး တပည့်တော် အကြံပေးနိုင်တာတစ်ခုတော့ရှိပါတယ်ဘုရား။ အဲဒါကတော့ ဆရာတော်အနေနဲ့ တပည့်တော်လိုက်တဲ့ မန္တန်ဝိဇ္ဇာလမ်းကို ခြောက်လတိုင်တိုင် အားထုတ်စေလိုပါတယ်ဘုရား။ အဲဒီလို ခြောက်လအားထုတ်ပြီးတာနဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များကြွရောက်လာပါမယ်ဘုရား။

အဲဒီလို ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ကြွရောက်လာတဲ့အခါမှာ အရှင်ဘုရားသိလိုတဲ့ အဂ္ဂိရတ်ကိစ္စအကြောင်းမေးနိုင်ပါပြီဘုရား။ အဲဒီအခါမှာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေအနေနဲ့ကိုယ်လည်းပြောချင်ပြောပါလိမ့်မယ်။ ဒီလို့မှ မဟုတ်ရင်လည်း သက်ဆိုင်ရာထွက်ရပ်ပေါက်ပုဂ္ဂိုလ်နဲ့ တွေ့ဆုံပေးပါလိမ့်မယ်။ အဲဒီအခါမှာ အရှင်ဘုရားသိလိုတဲ့ ပြဒါးသေခြင်းကိစ္စ၊ သံသေခြင်းကိစ္စကို သိပါလိမ့်မယ်။

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များရဲ့မိန့်ကြားချက်အတိုင်း အရှင်ဘုရားအနေနဲ့ ဓာတ်သဝေမတိမ်း လိုက်နာကျင့်သုံးလုပ်ကိုင်ဖို့သာလိုပါတယ်ဘုရား။ အဲဒီလိုလုပ်လို့ကတော့ အရှင်ဘုရားအနေနဲ့ မကြာမတင်မှာပဲ သံသေ၊ ပြဒါးသေနဲ့ ထွက်ရပ်ပေါက်တဲ့ပြဒါးဝိဇ္ဇာလမ်းကို ဦးစွာကျင့်စေတော်မူလိုပါတယ်ဘုရား၊ အဲဒီပညာထူးကိုသာ ဆည်းပူးတော်မူပါ။ တပည့်တော်က လိုလိုလားလားပဲ အဲဒီပညာကိုပေးပါမယ်ဘုရား။ အရှင်ဘုရားအနေနဲ့ အဲဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖွင့်ဟမပြောကြားပါနဲ့ဘုရား”

ဟု ပြောကြားလိုက်ပြီးနောက် တစ်ဆက်တည်းပင် နှုတ်ပိတ်စကားကိုပါလျှောက်ထားလိုက်၏။

အာဂန္တုရဟန်းက အထက်ပါအတိုင်း ဖြစ်နိုင်ခြေရှိသည့်ကိစ္စအပေါင်းကို အကျိုးသင့်အကြောင်းသင့်လျှောက်ထားပါသော်လည်း နားမဝင်ဘဲသာဖြစ်နေတော့၏။ အဂ္ဂိရတ်ကိုသာ အရူးအမူးဖြစ်နေသော ကျောင်းထိုင်ဆရာတော်ကြီးမှာ အာဂန္တုရဟန်းကပေးသည့် မန္တန်ဝိဇ္ဇာလမ်းဆိုင်ရာပညာကိုမယူဘဲ၊ သူလိုချင်သည့်အဂ္ဂိရတ်ပညာကိုသာပေးရန် ထပ်ခါတလဲလဲတောင်း၍သာနေတော့၏။

ထိုသို့ ကျောင်းထိုင်ဆရာတော်ကြီးက သူလိုချင်သည့်အရာကိုသာ နေ့စဉ် ရက်ဆက်တောင်းခြင်းအမှုကိုသာပြုနေသဖြင့် အာဂန္တုကိုယ်တော်အဖို့လည်း သူလုပ်မပေးနိုင်သည့်ကိစ္စဖြစ်သဖြင့် အတန်တန်ဖျောင်းဖျပြောဆိုပါသော်လည်း မရသဖြင့် နောက်ဆုံးတွင် တုဏှိဘာဝေနေလိုက်ရတော့၏။

ထိုရက်များအတွင်း အာဂန္တုရဟန်းလည်း သူ၏ကျန်ရှိနေသေးသော အဓိဋ္ဌာန်ကျင့်စဉ်ကို စည်သူရှင်ဘုရား၌ ဖိဖိစီးစီး အားထုတ်ခြင်းအမှုသာပြုနေလေတော့၏။ ဤသို့ဖြင့် အာဂန္တုရဟန်းအဖို့ ပြီးစီးအောင်မြင်သောရက်ပြည့်မြောက်ခြင်းရောက်ရှိခဲ့၏။

ထိုနေ့နံနက်စောစော အရုဏ်မကျင်းမီအချိန်တွင် အာဂန္တုရဟန်းသည် ကျောင်းထိုင်ဆရာတော်ကြီးကျိန်းစက်နေသောနေရာသို့သွားရောက်ပြီး ရိုသေစွာ ရှိခိုးဦးတင်ပြီးနောက် လိုရာခရီးဖြစ်သော ဝိဇ္ဇာမိုရ်ရိုတို့ပျော်စံရာ တောင်မြတ်မဟာကြီးဆီသို့တစ်ပါးတည်းကြွချီတော်မူသွားလေတော့၏။

မကြာမီပင် ကျိန်းစက်တော်မူနေသည့်ကျောင်းထိုင်ဆရာတော်ကြီးလည်း နိုးထလာပြီး အာဂန္တုရဟန်းကို ရှာမတွေ့တော့ဘဲ ပြန်ကြွသွားပြီဟု သိရသောအခါတွင်မှ ယူကျုံးမရဖြစ်ကာ တစ်ပါးတည်း နှုတ်မှ -

“သြော် - ငါနှယ် လိုတာကိုမရ၊ ရတာကို မလိုဖြစ်ပြီး ဘာပညာကိုမှမယူလိုက်မိလေခြင်းဘဲ။မထိုက်သူကျော်သွား ထိုက်သူဖော်စားဆိုသလိုမျိုး လူဝိဇ္ဇာအစစ်ကြီးနဲ့ အသေအချာတွေ့လိုက်ရပါလျက်နဲ့ ထူးမြတ်တဲ့ပညာမရလိုက်ပေဘူး”

ဟု ဝမ်းနည်းပက်လက်ဖြင့် မချိတင်ကဲဖြစ်ကာ ငြီးတွား၍ကျန်ရစ်ခဲ့ရှာပါတော့သတည်း။

*ရှေ့လဆက်ဖတ်ပါ*

ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

သဘာဝပတ်ဝန်းကျင်လေထုညစ်ညမ်းမှုသည် အဆုတ်ကင်ဆာရောဂါကို ဖြစ်စေပါသည်။ ကမ္ဘာတစ်ဝန်း နှစ်စဉ်လူပေါင်း (၁. ၂) သန်းသည် အဆုတ်ကင်ဆာဖြစ်ပွားမှုကြောင့် သေဆုံးနေရပါသည်။ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများတွင်လည်း အခြားကင်ဆာရောဂါများဖြင့် သေဆုံးရသည့် အရေအတွက်လည်း တစ်နေ့တခြားပင် တိုးပွားလျက်ရှိနေပါသည်။


အလွန်ကြီးမားသောလူအများစု အဆုတ်ကင်ဆာရောဂါဖြစ်ပွားရခြင်းမှာ ဆေးလိပ်သောက်သုံးမှုကြောင့် ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ကင်ဆာရောဂါများဖြစ်ပွားမှုများအနက် လေထုညစ်ညမ်းမှုကြောင့်သည်လည်း ကင်ဆာရောဂါဖြစ်ပွားရမှုနှင့် ပတ်သက် ဆက်နွယ်နေကြောင်း ပတ်ဝန်းကျင်ဗေဒဆိုင်ရာပညာရှင်များမှ လေ့လာ တွေ့ရှိထားပါသည်။ လေထုညစ်ညမ်းမှုများကိုဖြစ်ပေါ်စေသည့်အရာများမှာ လေထုထဲတွင်ပါဝင်သော အမှုန်အမွှားများဖြစ်ပြီး အစိုင်အခဲ၊ အရည်၊ အငွေ့ ပုံသဏ္ဌာန်(၃)မျိုးဖြင့် လေထုထဲတွင် ပါဝင်နေကြပါသည်။ သွေးကြောဆိုင်ရာရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အဆုတ်ကင်ဆာရောဂါများ စသည့် ကျန်းမာရေးချို့ယွင်းမှုများသည် လေထုထဲတွင်ပါဝင်သည့် အထက်ဖော်ပြပါအမှုန်အမွှားများကြောင့်ဖြစ်ကြောင်း သုတေသနပညာရှင်များမှ တွေ့ရှိခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (W.H.O) နှင့် ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါနိုင်ငံများ၏ အစိုးရများက လေထုထဲတွင် ညစ်ညမ်းစေသောပစ္စည်းများပါဝင်မှုနှင့် လေထု၏အရည်အသွေးများကို တိုင်းတာပြီး ထိုညစ်ညမ်းပစ္စည်းများကို မည်သို့ဖယ်ရှားရမည်၊ လေထု၏အရည်အသွေးမည်သို့ရှိရမည်ကို ဥပဒေများ ပြဋ္ဌာန်းသတ်မှတ်ထားခဲ့ပါသည်။

လေထုညစ်ညမ်းစေသည့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများ၏အန္တရာယ်ရှိမှုများကို တိုင်းတာပြီး အန္တရာယ်ရှိပါက ပြုပြင်ဓာတ်ပြယ်စေပြီးမှ စွန့်ပစ်စေသည်။ သို့သော်လည်း ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများ၏ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများ လေထုထဲရောက်ရှိမှုသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ထိန်းသိမ်းနိုင်သည့် အတတ်ပညာများ မသိမရှိ၍သော်

စွမ်းထက်နောင်

# လေထုညစ်ညမ်းမှုကြောင့် အဆုတ်ကင်ဆာရောဂါဖြစ်ပွားခြင်း





www.burmeseclassic.com

www.burmeseclassic.com

ည်းကောင်း၊ သိရှိသော်လည်းကောင်း ညစ်ညမ်းစေသည့်ပစ္စည်းများထွက်ပေါ်များကို ခာတ်ပြယ်စေရန်ပြုလုပ်ရသည့် တ်စကများ သက်သာစေရန်အတွက် သလို စွန့်ပစ်နေကြပါသည်။ ထိုသို့ ပစ်မှုများကြောင့် မိမိကျန်းမာရေး ိက်စေကြောင်း လူအများကလည်း နားလည်မှုမရှိကြသဖြင့် အရေးဆို ောင်းဆိုမှုများမပြုလုပ်ခဲ့သည့်အပြင် ဝန်ရှိသူများမှလည်း သိလျက်နှင့်ပင် ိကျိုးကျွန်ပြုလျက်ရှိနေပါသည်။

တိုးတက်သောနိုင်ငံများမှ သုတေ နပြုမှုများအရ လေထုညစ်ညမ်းမှုများ ထိန်းချုပ်၍ ရောဂါများမဖြစ်ပွားရန် စားလုပ်ဆောင်နိုင်သော်လည်း မဖွံ့ သည့်နည်းပညာ၊ အတတ်ပညာမရှိ ောနိုင်ငံများမှ ပြည်သူလူအများအဖို့ သေနေ့စေ့လို့သေရသည်ဟု ယူဆ ကြရပါသည်။တိုးတက်သည့်နိုင်ငံများ အိုးရများက သိပ္ပံနည်းကျသုတေသန ပြီး ပြည်သူများ၏ ကျန်းမာရေးကို ောင့်ရှောက်ရန် နည်းဥပဒေများပြဋ္ဌာန်း ဆောင်ရွက်၍ လေထုညစ်ညမ်းမှု၊ တ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်စေသော က်ရုံ အလုပ်ရုံများကို အရေးယူလျက် ိပါသည်။ စက်ရုံ အလုပ်ရုံလုပ်ငန်း များ ထွက်ရှိသော လေထုညစ်ညမ်းမှုနှင့် လူ အများအဆုတ်ကင်ဆာဖြစ်ပွားမှုများကို အမြဲတိုင်းတာစစ်ဆေးနေပြီး လူအများ သတိပြုဆောင်ရွက်စေရန် သတင်းထုတ် ပြန်လေ့ရှိပါသည်။

သဘာဝပတ်ဝန်းကျင်လေထုညစ် ညမ်းမှုကြောင့် အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားမှုမျာကို သုတေသနပြုလုပ်ခဲ့ရာ ဆေးလိပ်သောက်သုံးမှုနှင့် ဆေးလိပ် အဆိပ်ငွေ့ကြောင့် ကိုယ်တိုင်မသောက် သုံးသော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ များကို ရှူရှိုက်နေရသည့် ပတ်ဝန်းကျင် ရှိလူအများ အဆုတ်ကင်ဆာရောဂါဖြစ် ပွားနေမှုသည် တစ်နေ့တခြား တိုးတက် များပြားလျက်ရှိပါသည်။ အမေရိကန် ကင်ဆာသုတေသနအဖွဲ့မှ လေ့လာ သုတေသနပြုမှုအရ လူ (၁၀၇၄၉) ဦး အဆုတ်ကင်ဆာရောဂါကြောင့် သေဆုံး ပြီး လေထုထဲတွင်ပါဝင်သည့် အမှုန် အမွှားများသည် (၈) ရာခိုင်နှုန်းမှ (၁၂) ရာခိုင်နှုန်း ပိုမိုတိုးတက်များပြားလာမှု ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

လေထုထဲတွင် ဘန်ဇင်း (Benzene) နှင့်ကာဗွန်ကိုအခြေခံသည့် အမှုန် အမွှားများဖြစ်ပေါ်လာမှုသည် လူအများ ကို ကင်ဆာရောဂါရစေပါသည်။ ထို အမှုန်အမွှားများသည် လေထုထဲရှိ အောက်ဆီဂျင်ကို စုပ်ယူဖယ်ရှားနိုင်ပါ သည်။ ထို့အပြင် လေထုညစ်ညမ်းစေ သည့် အိုဇုန်းနှင့်နိုက်ထရိုဂျင်ဒိုင်အောက် ဆိုဒ်၊ ဆာလဖာဒိုင်အောက်ဆိုဒ်နှင့် နိုက် ထရိုဂျင်ဓာတ်ငွေ့များသည် အမှုန်အမွှား များအဖြစ် လေထုထဲတွင်ဖြစ်ပေါ်နေကြ ပါသည်။

လေထုညစ်ညမ်းမှုကြောင့် လူသား များအဆုတ်ကင်ဆာရောဂါဖြစ်ပွားတိုး တက်မှုများသည် ဟိုက်ဒရိုကာဗွန်ဓာတ် ငွေ့နှင့် ဒီဇယ်ဆီများလောင်ကျွမ်းမှု၊ Polycyclic Aromatic အငွေ့ပြန်ဓာတ် ငွေ့များကြောင့်ဖြစ်ကြောင်း သုတေသန ပြုမှုများအရ သိရှိရပါသည်။ ထိုသက် သေအထောက်အထားများအရ လေထု ညစ်ညမ်းမှုက အဆုတ်ကင်ဆာရောဂါ များဖြစ်ပွားနိုင်သည်များကို ခွဲခြမ်းစိတ် ဖြာရပါက ရှူရှိုက်ရသည့်လေထု၏အရည် အသွေး၊ ညစ်ညမ်းစေသည့် ဓာတ်ငွေ့ အမျိုးအစားပါဝင်မှု ပမာဏပြင်းအား၊ ရှူရှိုက်နေရသည့်အချိန်ကာလတာရှည် မှုတို့တွင် မူတည်ပြီး ဖြစ်ပေါ်တတ်ပါ သည်။ လေထုညစ်ညမ်းမှုများသည် အဆုတ်ရောဂါ ဖြစ်ပွားစေကြောင်းနှင့် အထူးသဖြင့် ဆေးလိပ်သောက်သုံးသူ များ ပိုမိုဖြစ်ပွားကြောင်းတွေ့ရှိရသည်။

လေထုညစ်ညမ်းမှုကြောင့်အဆုတ် ကင်ဆာရောဂါဖြစ်ပွားမှုများကို လျှော့ချ ရန်မှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မှထွက်ပေါ်စွန့်ပစ်သည့် မီးခိုး၊ ပြာအမှုန် အမွှားများထုတ်လွှင့်မှု လျော့နည်းနည်း ပါးစေရန် နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို တာဝန် ရှိသူအစိုးရမှ ပြုလုပ်ရမည် ဖြစ်ပါသည်။ သုတေသနပြုမှုအရ အဆုတ်ကင်ဆာ ရောဂါဖြစ်ပွားမှုများသည် လေထုထဲတွင် ပါဝင်သော သေးငယ်သည့်အမှုန်အမွှား များ၊ ဓာတ်ငွေ့များ၊ အဆိပ်အတောက် များကြောင့် ကင်ဆာရောဂါကိုဖြစ်ပွား စေကြောင်း သိရှိရပြီးဖြစ်ပါသော်လည်း အိုဇုန်းဓာတ်ငွေ့၊ ဆာလဖာဒိုင်အောက် ဆိုဒ်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်များ လေထုထဲတွင် ပါဝင်မှုသည် ကင်ဆာ ရောဂါဖြစ်ပွားစေကြောင်း မသိရှိကြသေး ပါ။

ကမ္ဘာတစ်ဝန်း လေထုညစ်ညမ်းမှု ကြောင့် တစ်နှစ်အတွင်း လူ(၆)သိန်း (၂) သောင်းကျော် အဆုတ်ကင်ဆာရောဂါ ဖြင့်သေဆုံးနေရပါသည်။ အလွန်ကြီးမား သည့်သေဆုံးမှုများဖြစ်ပါသည်။ ထိုထက် မက လေထုညစ်ညမ်းမှုကြောင့် အသက် ရှူလမ်းကြောင်းရောဂါများဖြင့် သေဆုံး ရသူများ ပိုမိုများပြီး (၇) သန်းကျော်ရှိ ကြောင်းသိရှိရပါသည်။ အကြမ်းအားဖြင့် လေထုညစ်ညမ်းမှုများကြောင့် သေဆုံး သူများ၏ (၆၀) ရာခိုင်နှုန်းမှာ အဆုတ် ကင်ဆာရောဂါဖြစ်ပွားသောကြောင့်ဖြစ် ပါသည်။ တချို့တိုင်းပြည်များတွင် လေ ထုညစ်ညမ်းမှုကို သုတေသနလုပ်ဆောင် ရန် အသိပညာနည်းပါးမှု၊ နည်းပညာ တတ်ကျွမ်းကျင်သည့် ဝန်ထမ်းရှားပါးမှု၊ ကြိုတင်ကာကွယ်ရန်မတတ်စွမ်းနိုင်မှုများ ကြောင့် အဆုတ်ကင်ဆာဖြစ်ပွားပြီး သေ ဆုံးသူများမြင့်တက်လျက်ရှိနေပါသည်။

သိပ္ပံနည်းကျ လေ့လာမှုများ၏ သက်သေ အထောက်အထားများအရ လေထုညစ်ညမ်းမှုက အဆုတ်ကင်ဆာ ရောဂါဖြစ်ပွားစေကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံ များတွင် ပိုမိုဖြစ်ပွားနေကြောင်း သိရှိရပါ သည်။ ပြင်ပလေထုညစ်ညမ်းမှုများ ကြောင့် အဆုတ်ကင်ဆာများ၊ နာတာ ရှည် နှလုံးဆိုင်ရာ၊ အသက်ရှူလမ်း ကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနေ သကဲ့သို့ အိမ်တွင်းလေထုညစ်ညမ်းမှု ကြောင့်လည်း ရောဂါများဖြစ်ပွားနေကြ ပါသည်။

အိမ်အတွင်း မီးသွေး၊ ကျောက်မီး သွေး၊ ထင်းများ၊ နွားချေးများဖြင့် ချက် ပြုတ်နေခြင်း၊ အပူပေးခြင်းများသည် လည်း အိမ်အတွင်း ဆေးလိပ်သောက် သုံးမှုများနည်းတူ အဆုတ်ကင်ဆာကို ဖြစ်ပွားစေကြောင်း လေ့လာ တွေ့ရှိရပါ သည်။ ပြင်ပလေထုညစ်ညမ်းမှုများ ကြောင့် ရောဂါများဖြစ်ပွားနေသကဲ့သို့ အိမ်တွင်းလေထုညစ်ညမ်းမှုကိုဖြစ်ပေါ် စေသည့် အိမ်အတွင်း မီးခိုးများထွက် ပေါ်စေခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ခြင် ဆေးခွေထွန်းခြင်း စသည်တို့သည်လည်း အဆုတ်ကင်ဆာရောဂါများ ဖြစ်ပွားစေ ပါသည်။ သို့ပါ၍ ပတ်ဝန်းကျင်နှင့်အိမ် အတွင်းလေထုညစ်ညမ်းမှုများမဖြစ်ပေါ် စေရန် ဤစာစုကိုဖတ်ရှုပြီး ပြည်သူများ က ဆင်ခြင်လိုက်နာဆောင်ရွက်နိုင်ပါစေ ကြောင့် ရေးသား တင်ပြအပ်ပါသည်။

စွမ်းထက်နောင်

ကိုးကား -

အင်တာနက်

www.burmeseclassic.com


**■ စမ္မာနုဝအင်းပညာဂိုဏ်းတက်ခြင်း**

မောင်ထွန်းမြိုင်သည် လောကီပညာရပ်များဖြစ်သည့် ဝိဇ္ဇာဓရပညာရပ်များပေါ်တွင် ပိုပိုပြီးအာရုံကျလာသဖြင့် ပုံမှန်အတန်းကျောင်းစာပေများအပေါ်၌ အာရုံဝင်စားမှုကား နည်းသည်ထက်နည်းလာတော့၏။ ထို့ကြောင့် ကျောင်းပျက်ရက်ကလည်း ပို၍များသည်ထက်သာများလာတော့၏။

ထိုကိစ္စကို ပြဿဒ်ကျောင်းဆရာတော်ကြီးကလည်း ပိုပိုသိလာသဖြင့် အထူးပင် စိတ်မချမ်းမသာဖြစ်နေလေတော့၏။ ထိုကိစ္စအတွက် စဉ်းစားလိုက်တိုင်း အကြံရခက်ကာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမျိုးဖြင့် အခက်တွေ့နေလေတော့၏။

လူသားတစ်ဦးတွင် အချိန်တစ်ချိန်၌ စိတ်တစ်မျိုးတည်းသာ ဦးစီးထား၏။ တစ်စုံတစ်ခုကို စိတ်ဝင်စားအာရုံကျနေလျှင် အခြားကျန်သောအရာအားလုံးကို အာရုံကျရန်ကား အတော်ပင် ခက်ခဲသောကိစ္စဖြစ်၏။ ဗုဒ္ဓ၏အဘိဓမ္မာဆိုင်ရာ စိတ်၏ သဘောသဘာဝအရလည်း လူတစ်ယောက်သည် တစ်ချိန်တည်းတွင် အထူးအာရုံစိုက်လုပ်ကိုင်ရသောလုပ်ငန်းနှစ်ခုကို လုပ်ကိုင်ရန် မဖြစ်နိုင်ပေ။ စိတ်သည် တစ်ချိန်တွင် တစ်စိတ်တည်းသာ ဖြစ်နိုင်၏။

အထူးသဖြင့် မောင်ထွန်းမြိုင်ကဲ့သို့သောပုဂ္ဂိုလ်မျိုးအတွက်ကား ထိုအတိုင်းပင် ပို၍ပြဋ္ဌာန်းမည်ဖြစ်ပေ၏။ အဘယ်ကြောင့်ဆိုသော် မောင်ထွန်းမြိုင်သည် သာမန်ပုဂ္ဂိုလ်မျိုးမဟုတ်ဘဲ ပဋိသန္ဓေကတည်းကပါရှိလာသည့်တိဟိတ်ပုဂ္ဂိုလ်မျိုးဖြစ်သောကြောင့်ပင် ဖြစ်၏။



ကျော့ရှုမရှုပ်စစ်ကျွမ်းဆရာတော်ကြီး၏တပည့်
မဟာပထမံပညာ၏မြေပြင်ဝိုက်ကျော်ချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်
ပထမံဆရာဦးအောင်ရွှေ (၁)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တိဟိတ်ပုဂ္ဂိုလ်တို့မည်သည်ကား တစ်ခုတည်း၊ တစ်ကြောင်းတည်းသော စိတ်ဖြင့်သာ လုပ်ငန်းတစ်ခုတည်းကို ဦးတည်ဇောင်းပေး၍လုပ်တတ်သောဉာဉ် ရှိ၏။ သူတို့၏ ဦးစားပေးကား တစ်ခုတည်းသာရှိ၏။ သူတို့သည် ထွေလီကာလီဖြစ်လေ့မရှိပေ။ ဝေဝါးထွေပြားခြင်းလည်း မရှိပေ။ ထို့ကြောင့် မိမိယုံကြည်ရာ၊ စိတ်အားထက်သန်ရာကိုလုပ်ပြီဆိုလျှင် နောက်ဆုတ်တတ်လေ့မရှိပေ။ ရှေ့ကိုသာ တိုးတတ်၏။ ထိုကဲ့သို့ ရှေ့တိုးသဖြင့် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများ၊ အဟန့်အတားများ၊ အနှောင့်အယှက်များကိုကား မည်မျှပင် များပြားစွာရှိနေပါစေ အလေးဂရုပြုမည် မဟုတ်ပေ။ တုံးတိုက်တိုက် ကျားကိုက်ကိုက် ဆက်လုပ်မည့်သူမျိုးသာ ဖြစ်၏။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိအသက်အန္တရာယ်ပင် ရှိနိုင်သည်ဟုဆိုလျှင်ပင် ရှေ့ဆက်တိုးမည့်ပုဂ္ဂိုလ်အမျိုးအစားဖြစ်၏။

ပြဿဒ်ကျောင်းဆရာတော်ကြီးသည် ထိုအခြေအနေအရပ်ရပ်တို့ကို အပြန်ပြန်အလှန်လှန်သုံးသပ်ပြီးနောက် တိကျသော ဆုံးဖြတ်ချက်တစ်ရပ်ကိုချလိုက်လေတော့၏။ ထိုကဲ့သို့ ဆုံးဖြတ်ချက်ချပြီးနောက် ဆရာတော်ကြီးသည် ဆရာကြီးဦးရာမန်းအား လူလွှတ်ကာ အခေါ်ခိုင်းလိုက်၏။ ဆရာကြီးဦးရာမန်းလည်း ဆရာတော်ကြီးခေါ်သည်ဆို၍ ချက်ချင်းပင်လိုက်လာခဲ့၏။ ဆရာကြီးရောက်ရှိပြီး ခရီးရောက်မဆိုက်တွင်ပင် ဆရာတော်ကြီးက -

"ဦးရာမန်းရေ မောင်ထွန်းမြိုင်ကို ဒီအတိုင်းထားလို့ကတော့ မဖြစ်တော့ဘူး။ တော်ကြာ ဟိုဘက်လည်းမယူချွန်၊ ဒီဘက်လည်း မထူးချွန်ဘဲ ကြားချောင်ပြီးအလယ်လပ်မယ့်ကိန်းဆိုက်သွားလိမ့်မယ်။ မောင်ထွန်းမြိုင်ကို ငါသေသေချာချာလေ့လာပြီးပြီ။ သူဟာ သူမယုံကြည်တဲ့ကိစ္စ၊ စိတ်မဝင်စားတဲ့ကိစ္စဆိုရင် ဘာဆိုဘာမှလုပ်မယ့်သူမဟုတ်ဘူး။ အခု ကျောင်းတက်ဖို့ကိစ္စ၊ စာသင်ဖို့ကိစ္စတွေကို ဘယ်လိုပဲလုပ်လုပ်၊ ဘယ်လောက်ပဲ တိုက်တွန်းတိုက်တွန်းလုပ်မှာမဟုတ်ဘူး။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် သူစိတ်ဝင်စားတဲ့ လောကီပညာ၊ ဝိဇ္ဇာဓရပညာရပ်တွေဆို ရှုပ်ရှုပ်ချွံချွံလုပ်မှာပဲ။ ဒါဆို အဲဒီပညာရပ်တွေမှာ ထူးချွန်ပြီး တစ်နေ့မှာ သူဟာ ဆရာတစ်ဆူဖြစ်မှာပါပဲ။ ဒါဆို သူ့ဘဝကိုသူ ရပ်တည်လို့ရပြီပေါ့"

ဟု ဆရာတော်ကြီးသည် အဆက်မပြတ် မိန့်ကြားနေသဖြင့် ဆရာကြီး ဦးရာမန်းလည်း ငြိမ်းပြီးနားထောင်နေလိုက်၏။ ပြီးမှဆရာတော်ကြီးက-

"မောင်ထွန်းမြိုင်ရဲ့အခြေအနေကို သုံးသပ်ကြည့်တော့ အဲဒီလိုပဲ အဖြေထွက်တယ်။ ဒါကြောင့် ဒကာကြီးကို ကျုပ်အကူအညီတောင်းချင်ပါတယ်"

ဟု ပြောလိုက်ရာ ဆရာကြီး ဦးရာမန်းကလည်း ချက်ချင်းပင် -

"မှန်ပါ့ ဆရာတော်ဘုရား၊ တပည့်တော် ကူညီနိုင်တာဆို ကူညီဖို့အသင့်ပါပဲ။ အမိန့်ရှိပါဘုရား"

"ဒကာကြီးကို အကူအညီတောင်းချင်တာကတော့ အခြားမဟုတ်ဘူး။ ဒကာကြီးတတ်ထားတဲ့ ဝိဇ္ဇာဓရပညာတွေကို မခြွင်းမချန် အကုန်အစင် မောင်ထွန်းမြိုင်ကို သင်ပေးနိုင်မလား"

ဟု ဆရာတော်က သွေးတိုးစမ်းသည့်သဘောဖြင့် တီးခေါက်လိုက်သော အခါ ဆရာကြီး ဦးရာမန်းကလည်း မူလကတည်းက သူသည် ဆရာတော်ကြီးနှင့် ပုဂ္ဂိုလ်ရေးရင်းနှီးမှုကလည်းရှိပြန်၊ ထို့အပြင် မောင်ထွန်းမြိုင်အပေါ်၌လည်း ခင်မင်သည့်သံယောဇဉ်ကလည်းရှိနေသဖြင့် -

"တပည့်တော်တတ်ထားတဲ့ ဝိဇ္ဇာဓရပညာမှန်သမျှ မောင်ထွန်းမြိုင်ကို ပညာပေးဖို့အတွက်ကတိပေးနိုင်ပါတယ်ဘုရား။ ဒါပေမယ့် တပည့်တော်တို့ရဲ့ ပညာတွေက ကျောင်းသင်ပညာရပ်တွေကို ဆရာတပည့်နှစ်ဦးတည်းနဲ့ပေးလို့ရတဲ့ပညာတွေမဟုတ်ဘူး။ တကယ်တမ်း ပညာပေးဖို့ဆိုရင် ပွဲနဲ့လမ်းနဲ့လုပ်ရပါတယ်။ ဂိုဏ်းတက်ရပါတယ်။ အဲဒီတော့မှ ပညာပေးလို့ရပါတယ် ဘုရား။ ဒါကြောင့် မောင်ထွန်းမြိုင်ကို ပညာပေးဖို့အတွက် ဂိုဏ်းတက်ပေးရပါမယ်ဘုရား။ ဒီအတွက် ကုန်ကျစရိတ်တော့ရှိပါမယ်ဘုရား"

"အဲဒီလိုပဲလုပ်ရမယ်ဆိုရင် အဲဒီအတိုင်းသာ နေကောင်းရက်သာရွေးပြီး စီစဉ်လိုက်ပါ ဒကာကြီး။ ကုန်ကျစရိတ်ဆိုတာ ဘယ်လိုများလဲ ဒကာကြီးရဲ့။ ဘုန်းကြီးက ဗဟုသုတအနေနဲ့ သိချင်လို့မေးကြည့်တာပါ"

"ကုန်ကျစရိတ်ဆိုတာက တခြားတော့မဟုတ်ပါဘူး။ပွဲပြင်ရပါမယ်ဘုရား။ ငှက်ပျောပွဲ၊ အုန်းပွဲ စုစုပေါင်း (၁၈)ပွဲပြင်ရပါမယ်။ အဲဒါကတော့ တပည့်တော်တို့ ပညာရပ်ဆိုင်ရာပုဂ္ဂိုလ်တွေဖြစ်တဲ့ မဂ္ဂဒေဝဆရာတော်ကြီးကို အမှူးပြုပြီး ပွဲတွေပြင်ရပါမယ်။ ဒါကြောင့် အဲဒီပွဲပေါင်း (၁၈) ပွဲပြင်တဲ့ ကုန်ကျစရိတ်ရယ်၊ ပြင်တဲ့ပွဲတိုင်းမှာ ကိုယ်တတ်နိုင်သလောက် ဝတ္ထုငွေကို ထည့်ရုံပါပဲ"

"ကောင်းပါပြီ ဒကာကြီးရယ် အဆင်ပြေအောင် ဒကာကြီးကပဲကြည့်စီစဉ်လိုက်ပါ။ လိုအပ်တဲ့ကုန်ကျစရိတ်တွေ ဘုန်းကြီးကပေးပါ့မယ်"

ဟု ဆရာတော်က ခွင့်ပြုလိုက်၍ ဆရာကြီးဦးရာမန်းလည်း မောင်ထွန်းမြိုင်အား ပညာတက်ရန်အတွက် နေ့ကောင်းရက်သာရွေးချယ်ရန် တွက်ချက်လေ၏။ နေ့ရက်အချိန်တို့ ရွေးချယ်ပြီးသောအခါ ပွဲပြင်ရန် ပစ္စည်းများကိုလိုက်လံဝယ်ယူစုဆောင်းခဲ့၏။

ထို့အပြင် ပွဲတက်ရန်လိုအပ်သည့်သောက်အင်းများကို ဆရာကြီးဦးရာမန်းကိုယ်တိုင်စီမံလေ၏။ သတ်မှတ်ထားသည့်ရက်သို့ရောက်သောအခါ -

ပွဲစင်များပေါ်တွင် ပိတ်ဖြူအရှည်များ၊ ပိတ်နီအရှည်များကို ဦးစွာခင်းလိုက်၏။ ထို့နောက် ကြွေဇလုံများဖြင့် ပြင်ထားသောပွဲများပေါ်တွင် စံပယ်ပန်းကုံးများကိုပါ တင်လိုက်၏။

အစစအရာရာ ပြင်ဆင်ပြီးသောအခါ ဆရာကြီး ဦးရာမန်းသည် မောင်ထွန်းမြိုင်ကိုခေါ်ပြီး ဘုရားကို ရှိခိုးကန်တော့စေ၏။ ဘုရားရှိခိုးပြီးသော် ဆရာကြီးက ဤသို့ ပွဲတက်ရသည့်အကြောင်းကို မောင်ထွန်းမြိုင်အားရှင်းပြီး ဩကာသကန်တော့ချိုးဖြင့် ရှိခိုးကန်တော့စေကာသီလခံယူစေ၏။ သီလခံယူပြီး သောအခါ ဆရာကြီး ဦးရာမန်းသည် မောင်ထွန်းမြိုင် စမ္မာနဝင်းအင်းပညာတက်ရန်အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်အကြီးအကဲများ၊ ဆရာတော်ကြီးများ၊ ပညာရှင်ဆရာသခင်များအပေါင်းတို့ကို ဦးစွာပင့်ဖိတ်လေ၏။

သို့သော် ထိုအချိန်တွင်မမျှော်လင့်သော အကြောင်းခြင်းရာတစ်ရပ်သည် ဖြစ်ပေါ်လာခဲ့၏။ ထိုအချိန်တွင် ပွဲများပြင်ထားသော စင်၏နောက်ဘက်တွင် ပုဂ္ဂိုလ်တစ်ပါးပေါ်လာ၏။ ထိုပုဂ္ဂိုလ်ကြီး၏ပုံသဏ္ဌာန်မှာ အရပ်အမောင်းအားဖြင့် ထောင်ထောင်မောင်းမောင်းနှင့် အသားမဖြူမညို၊ မုတ်ဆိတ်မွေးရှည်များနှင့် ဦးခေါင်းတွင် ဒေါက်ခြာကိုဆင်မြန်းထားပြီး ညာဘက်လက်ထဲ၌ ရှည်လျားသော တောင်ဝှေးကြီးတစ်ချောင်းကို ကိုင်ထားလေ၏။

အဆိုပါ ပုဂ္ဂိုလ်ကြီးသည် ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com

ဦးရာမန်းအား အသေအချာ စူးစူးစိုက်စိုက်ကြည့်ပြီး ဦးရာမန်းထိုင်နေရာသို့ သက်တစ်ဖက်ကို မြှောက်ကာ လက်ညှိုးလှမ်းညွှန်လိုက်ပြီး နှုတ်မှလည်း -

"ဟေ့-မောင်ရာမန်း၊မင်းဒီကလေးကို မင်းတတ်တဲ့ စမ္မာနဝင်းအင်းပညာကို တက်မပေးရဘူး"

ဟူ၍ ကြည်လင်ပြတ်သားသော အသံဖြင့် ပြောဆိုကာ အမိန့်ပေးပြီးနောက် ထိုပုဂ္ဂိုလ်လည်း ရုတ်ခြည်းပင် ထိုနေရာမှ ကွယ်ပျောက်သွားတော့၏။

ထိုအံ့ဖြစ်အပျက် အခြင်းအရာကြောင့် ဦးရာမန်းသည် သူ့တစ်သက်လုံး တစ်ကြိမ်မျှ မကြုံဘူးသဖြင့် အထူးပင် ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်သွားခဲ့လေ၏။ ထိုသို့ အမိန့်ပေးရခြင်းကိုလည်း မည်သည့်အကြောင်းကြောင့်ဟုစဉ်းစား၍မရဖြစ်သွား၏။သို့သော် ဆရာကြီး ဦးရာမန်းသည် လက်လျှော့လွယ်သူ မဟုတ်ပေ။ ဤလုပ်ငန်းအတွက် အစစအရာရာ ငွေကြေးအမြောက်အမြား အကုန်အကျခံကာ လုပ်ကိုင်ထားရသဖြင့် မောင်ထွန်းမြိုင်အား ပညာတက်ပေးခြင်းအလုပ်ကို ဆက်လုပ်ရန်ဆုံးဖြတ်ပြီး ရှေ့ဆက်တိုးကာ လုပ်ကိုင်သော်လည်း မည်သို့မျှလုပ်မရပေ။ ထို့ကြောင့် နောက်ဆုံးတွင် ဆရာကြီးဦးရာမန်းလည်း လက်လျှော့လိုက်ရတော့၏။

ထို့နောက် သူ့အား ဤလုပ်ငန်းဆက်မလုပ်ရန် လာရောက် တားဆီးသောပုဂ္ဂိုလ်အား မည်သည့်ပုဂ္ဂိုလ်ဖြစ်သနည်းဟု စဉ်းစားကြည့်ရာ မည်သို့မျှ စဉ်းစားမရအောင်ပင်ရှိလေတော့သည်။ ထို့ကြောင့် ဆရာကြီးဦးရာမန်းလည်း ပြဿဒ်ကျောင်းဆရာတော်ကြီးထံ သွားရောက်ကာ ဝတ်ဖြည့်လိုက်၏။ ထိုအချိန်တွင် ပြဿဒ်ကျောင်းဆရာတော်လည်း ဆရာကြီးအား အသေအချာပင် စူးစမ်းသည့်အကြည့်ဖြင့် ကြည့်လိုက်၏။

ထိုအခါ ဆရာကြီးက -

"တပည့်တော်၊ မောင်ထွန်းမြိုင်ကို ပညာတက်ပေးတာ မအောင်မြင်ပါဘူးဘုရား။ တပည့်တော်တို့ ပွဲတက်တဲ့လုပ်ငန်းစဉ်အားလုံးကို ရပ်လိုက်ရပါတယ်"

"ဘယ်လိုဖြစ်တာတုံး ဒကာကြီးရဲ့"

"ဒီလိုပါဘုရား၊ မောင်ထွန်းမြိုင်ကို ပညာတတ်ပေးနေတုန်း ပွဲစင်အနားကို ရသေ့ကြီးတစ်ပါးကြွလာပြီး မောင်ရာမန်း၊ မင်း ဒီကလေးကို မင်းတတ်တဲ့စမ္မာနဝင်းအင်းပညာကို တတ်မပေးရဘူးလို့ အမိန့်ပေးပြီး ပျောက်သွားခဲ့ပါတယ်။ အဲဒီအခြင်းအရာ ဖြစ်ပျက်ပြီးတဲ့နောက်မှာ တပည့်တော် မောင်ထွန်းမြိုင်ကို ပညာဆက်တက်ပေးတာ ဘယ်လိုမှတက်ပေးလို့မရတော့ပါဘူး။ အဲဒီပုဂ္ဂိုလ်ကြီးက တပည့်တော်ထက် ပညာမြင့်တယ်။ တပည့်တော်ဉာဏ်မမီတော့ပါဘူးဘုရား"

ဟု လျှောက်တင်လိုက်သောအခါ ဆရာတော်ကြီးကလည်း ဆရာကြီးဦးရာမန်း စိတ်ဖြေသာစေရန် ခပ်ပြုံးပြုံးမျက်နှာထားမျိုးဖြင့် -

"ဒီကိစ္စကို ဘာမှစိတ်မကောင်းဖြစ်မနေပါနဲ့ဒကာကြီး။ လောကဓမ္မတာအရ အဖြစ်အပျက်တွေဆိုတာ အခုလိုပဲ ဖြစ်တတ်ပါတယ်။ ကိုယ်တိုင်လည်း ပွဲစုံခင်းပြီးလုပ်ပေးခဲ့တာပဲမဟုတ်လား။ ဒီကိစ္စတွေအားလုံးကလည်း ဒီကလေးရဲ့ ကံနဲ့ပဲ သက်ဆိုင်မှာပါ။ သူ့ကံပဲပေါ့။ ဒကာကြီးဘက်ကတော့ တာဝန်ကျေပါတယ်။ အခုလို ဆောင်ရွက်ပေးတာကိုပဲ ကျုပ်အနေနဲ့ ကျေးဇူးတင်ပါတယ်"

ဟု ဆရာက ပြန်လည် မိန့်ကြားလိုက်သောအခါတွင်မှ ဆရာကြီးလည်း စိတ်သက်သာရာရသွားလေတော့၏။

သို့သော်လည်း ဆရာကြီးဦးရာမန်းသည် မောင်ထွန်းမြိုင်အား သံယောဇဉ်ဖြစ်လွန်းသဖြင့် ပညာရပ်၏ စည်းမျဉ်းအတိုင်း ပွဲတက်ပညာပေးခြင်းအမှုကို မပြုနိုင်ခဲ့သော်လည်း သူတတ်ထားသည့် စမ္မာနဝင်းအင်းပညာရပ်တစ်ခုလုံးကို နောက်တစ်နေ့မှစ၍ မောင်ထွန်းမြိုင်အား စတင်သင်ကြားပေးလေတော့၏။ ထိုသို့အင်းပညာရပ်များကို သင်ကြားပေးရင်း စမ္မာနဝင်းအင်းပညာရပ်၏သမိုင်းကြောင်းကိုပါ ပြောပြလေ၏။ မောင်ထွန်းမြိုင်သည် အဆိုပါ စမ္မာနဝင်းအင်းပညာ၏သမိုင်းကို အထူးပင် စိတ်ဝင်စားလေ၏။ စမ္မာနဝင်းအင်းပညာ၏ အစသည် မဂ္ဂဒေဝဆရာတော်ကြီးမှ စတင်ခဲ့ကြောင်း နိဒါန်းချီကာ ပြောပြလေ၏။

ထိုအခါ မောင်ထွန်းမြိုင်က -

"စမ္မာနဝင်းအင်းပညာရဲ့ အစက မဂ္ဂဒေဝဆရာတော်ဆိုတော့ ဘယ်လောက်တုံးကတည်းကစခဲ့တာလဲ ဆရာကြီး"

"အေး - အဲဒီကိစ္စက ပြောရတာတော့ ခပ်ခက်ခက်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ မဂ္ဂဒေဝဆရာတော်ကြီးပေါ်ခဲ့တဲ့ အချိန်ကာလက နှစ်တွေကကြာခဲ့တော့ အတိအကျပြောဖို့ ခက်လိမ့်မယ်။ ဆရာအစဉ်အဆက်ပြောခဲ့တဲ့စကားအရတော့ ဆရာတော်ကြီးနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကစိတ်ဝင်စားဖို့ကောင်းတယ်။ မြန်မာတွေရဲ့ ရာဇဝင်သမိုင်းနဲ့လည်း ပတ်သက်မှုရှိခဲ့တယ်ကွယ့်။ မင်းနားထောင်ချင်တယ်ဆို ပြောပြမယ်"

"ဒီအကြောင်းတွေဆို ကျွန်တော် အရမ်းစိတ်ဝင်စားပါတယ်။ ဆရာကြီး ပြောပြပါလား၊ ကျွန်တော် နားထောင်ချင်လို့ပါ"

ဟု ပြောလိုက်လျှင် ဆရာကြီးက-

"မဂ္ဂဒေဝဆရာတော်ရဲ့ဘွဲ့အမည်က အရှင်ဝိဇယုတ္တမ မထေရ်တဲ့။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်တုန်းက ကျော်ကြားခဲ့တဲ့ အရိန္ဒမာလှံဆိုတာ မင်းကြားဖူးတယ်မဟုတ်လား"

"ဟုတ်ကဲ့ ကြားဖူးပါတယ် ဆရာကြီး၊ သမိုင်းသင်တုန်းကလည်း ကြားဖူးပါတယ်"

"အဲဒီအရိန္ဒမာလှံဆိုတာကို အချို့သောရာဇဝင်တွေမှာက သိကြားမင်းက အနော်ရထာမင်းကို ဆက်သတဲ့ လှံဆိုပြီး ပြောကြတာတွေရှိတယ်။ အမှန်ကတော့ အနော်ရထာမင်းကြီးရဲ့ ခမည်းတော် ကွမ်းဆော်ကြောင်းဖြူမင်းလက်ထက်ကတည်းက အရိန္ဒမာလှံကို ရရှိခဲ့တာပဲ။ ကွမ်းဆော်ကြောင်းဖြူမင်းကြီးဟာ မဂ္ဂဒေဝဆရာတော်ရဲ့တပည့် အရှင်ဒီပကပညာလင်္ကာရကို ကိုးကွယ်တယ်။ ကွမ်းဆော်ကြောင်းဖြူမင်းကြီးက မြန်မာ့လောကီပညာတွေရဲ့ထက်မြက်ပြင်းထန်ပုံကိုလည်း သိတယ်။ ဒါ့အပြင် သားတော်အနော်ရထာရဲ့ အနာဂတ်အလားအလာကိုလည်း ချင့်တွက်မိတယ်။ နိုင်ငံတော်တစ်ခု တည်ဆောက်ဖို့အတွက် လက်နက်စွမ်းအားဟာ အဓိကကျတဲ့နေရာမှာပါတယ်မဟုတ်လား။ ဒါကြောင့် ကွမ်းဆော်ကြောင်းဖြူမင်းဟာ သားတော် အနော်ရထာအတွက် ဝရဇိန်လက်နက်လို အစွမ်းထက်မြက်တဲ့ လက်နက်တစ်မျိုး စီရင်ပေးပါလို့ ဆရာတော်ကြီးကို လျှောက်ထားလို့ ဆရာတော်ကြီးကလည်း အနော်ရထာမင်းသားရဲ့အနာဂတ်နဲ့မြန်မာနိုင်ငံတော်ရဲ့အနာဂတ်တွေကို မျှော်ခေါ် ထောက်ထားပြီးတော့ အဲဒီအရိန္ဒမာလှံကို စီရင်ပေးခဲ့တာပဲ"

"အဲဒီအရိန္ဒမာလှံဆိုတာ တန်ခိုးရှိတယ်၊ အစွမ်းထက်တယ်လို့လည်း ကြားဖူးပါတယ်။ ဘယ်လိုတန်ခိုးရှိတာလဲ ဆရာကြီး"

"အရိန္ဒမာလှံဟာ တန်ခိုးကြီးသပါတယ်။ ဒီလို တန်ခိုးရှိတဲ့ပစ္စည်းမျိုးဆို

www.burmeseclassic.com

တာကို သာမန်သူလိုငါလိုလူတွေအနေနဲ့ ကိုင်လို့မရဘူး၊ သုံးလို့မရဘူး။ ဆောင်ထားလို့လည်းမရဘူးကွယ့်။ ဒါကြောင့် တန်ခိုးရှိတဲ့ပစ္စည်းဆိုတာ တန်ခိုးရှိတဲ့ပုဂ္ဂိုလ်တွေ၊ ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်တွေသာ ထိုက်တန်တယ်။ အဲဒီပုဂ္ဂိုလ်တွေသာ ကိုင်လို့၊ သုံးလို့၊ ဆောင်လို့ရတယ်။ အနော်ရထာမင်းဆိုတာက ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့တဲ့မင်း မဟုတ်လား၊ အင်မတန် ဘုန်းတန်ခိုးကြီးတယ်။ အနော်ရထာမင်းဟာ အဲဒီထီးနန်းအရိုက်အရာကို ဆက်ခံဖို့ သူရဲ့နောင်တော် စုက္ကတေးမင်းနဲ့ မြင်းကပါကမ်းပါးမှာ စီးချင်းထိုးခဲ့ကြရတယ်။ အဲဒီမှာ အနော်ရထာမင်းက အရိန္ဒမာလှံကို ကိုင်ဆောင်ထားတယ်။ သူပစ်ရမယ့် အလှည့်ရောက်တော့ အလံတော်တော် အကွာအဝေးမှာ မြင်းစီးပြီးရပ်နေတဲ့ စုက္ကတေးကို အရိန္ဒမာလှံနဲ့ လှမ်းပစ်လိုက်တာ တစ်ချက်တည်းနဲ့ ထိမှန်ပြီး ထုတ်ချင်းခတ်သွားခဲ့တယ်။ ဒီကိစ္စမှာ အနော်ရထာရဲ့အစွမ်းလည်းပါသလို အရိန္ဒမာလှံရဲ့အစွမ်းလည်းပါတယ်။ ဒီလိုနဲ့ ထီးနန်းရခဲ့တယ်"

ဟု ဆရာကြီး ဦးရာမန်းပြောနေမှုကို မောင်ထွန်းမြိုင်သည် စိတ်ဝင်တစားနားထောင်နေရင်း ဆရာကြီး၏ ပြတ်သွားသောစကားစကို ပြန်ဆက်စေရန် -

"ဟုတ်ကဲ့ ဆရာကြီး၊ အခုပြောတဲ့ အကြောင်းက စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဆက်ပြောပါဦး"

"အေး၊ အေး - ဆက်ရမယ်ဆိုရင် ပုဂံခေတ်မှာ အနော်ရထာမင်းလိုပဲ ဘုန်းတန်ခိုးကြီးတဲ့ နောက်မင်းတစ်ပါးရှိသေးတယ်။ သူကတော့ အနော်ရထာမင်းကြီးရဲ့သားတော် ကျန်စစ်သားမင်းကြီးပဲ။ သူလည်း ဘုန်းကံကြီးမားတဲ့မင်းပဲ။ ဒါကြောင့် သူလည်း အရိန္ဒမာလှံကို ကိုင်ဆောင်ခွင့်ရခဲ့တယ်။ ကျန်စစ်သား အရိန္ဒမာလှံကိုကိုင်ခွင့်ရတဲ့အကြောင်းကတော့ တစ်နေ့မှာ ကျန်စစ်သား ဦးဆောင်ပြီး ဥသျှောင်ပဲခူးဘက်မှာ ထကြွသောင်းကျန်းတဲ့ ဂွမ်းစစ်သည်တွေကို နှိမ်နင်းပေးတဲ့အတွက် ဥသာဘုရင်က ကျေးဇူးတင်ပြီး အနော်ရထာမင်းကြီးကို သူ့ရဲ့ သမီးတော်ခင်ဦးကို ဆက်သခဲ့တယ်။ ဒါကို ကျန်စစ်သားတို့က ခေါ်သွားရတယ်။ လမ်းမှာ ခင်ဦးနဲ့ ကျန်စစ်သား ရင်းနှီးခဲ့ကြတယ်။ ပုဂံနေပြည်တော်ရောက်တော့ အဲဒီသတင်းကို အနော်ရထာမင်းကြီး ကြားတော့ အမျက်တော်ရှတယ်။ ဒါကြောင့် နန်းတော်တိုင်မှာ ကျန်စစ်သားကို ကြိုးနဲ့တုပ်ပြီးထားတယ်။ ပြီးတော့ အနော်ရထာက စီရင်ချက်ချပြီးသေဒဏ်ပေးတယ်။ ဒါကြောင့် လက်စွဲတော် အရိန္ဒမာလှံနဲ့ ကိုယ်တော်တိုင် စီရင်တယ်။ ဒီနေရာမှာ အနော်ရထာမင်းက ရာဇပလ္လင်ပေါ်ကနေပြီး အရိန္ဒမာလှံနဲ့လှမ်းပစ်တာ လှံက ကျန်စစ်သားကိုမထိဘဲ ချည်ထားတဲ့ကြိုးကိုသွားထိပြီး ကြိုးပြေသွားတယ်။ အဲဒီမှာပဲ ကျန်စစ်သားဟာ အရိန္ဒမာလှံကို ကောက်ယူပြီး ထွက်ပြေးကာ အသက်ဘေးကနေ လွတ်မြောက်သွားတယ်။

အဲဒီကိစ္စမှာ လှံဟာ လူကိုမထိဘဲ ချည်ထားတဲ့ကြိုးကိုပဲထိပြီး ကြိုးပြေသွားတာကလည်း မတော်တဆတိုက်ဆိုင်မှုတော့မဟုတ်ဘူး၊ အရိန္ဒမာလှံရဲ့တန်ခိုးပဲ။ နောက်ပြီး ကျန်စစ်သား ထွက်ပြေးနေတုန်း မထီးအရပ်ရောက်တော့ ဘာမှလည်း စားစရာမရှိတာနဲ့ သီးနေတဲ့ ရှောက်သီးတွေကိုတွေ့တော့ ရှိတာပဲစားတော့မယ်ဆိုပြီး ရှောက်သီးတွေကို လှံနဲ့ ထိုးခူးယူပြီး စမ်းစားကြည့်တော့ မူလက ချဉ်စုပ်နေတဲ့ ရှောက်သီးတွေဟာ အရိန္ဒမာလှံနဲ့ထိုးလိုက်တာနဲ့ ချိုသွားပြီးကောင်းကောင်းစားလို့ရသွားတယ်။ အဲဒါလည်း အရိန္ဒမာလှံရဲ့တန်ခိုးပဲ။ နောက်ပြီး မြန်မာနိုင်ငံတော်ရဲ့ ရန်သူပေါင်းမြောက်မြားစွာကို ဒီအရိန္ဒမာလှံနဲ့ပဲ သုတ်သင်ရှင်းလင်းနိုင်ခဲ့တယ်။ စတဲ့အရိန္ဒမာလှံရဲ့တန်ခိုးတွေကတော့ ပြောရရင် မဆုံးနိုင်ဘူး မောင်ထွန်းမြိုင်ရေ။ အဲဒါစမ္မာနဝင်းအင်းပညာရပ်နဲ့စီရင်ထားတဲ့ လှံတစ်ချောင်းရဲ့အစွမ်းပဲ"

ဟု ဆရာကြီး ဦးရာမန်းက ရှည်လျားစွာ ရှင်းပြပြီးနောက် မောင်ထွန်းမြိုင်က -

"အရိန္ဒမာလှံက ဒီလောက်တန်ခိုးကြီးပြီးအစွမ်းထက်နေတာက စမ္မာနဝင်းအင်းပညာရပ်နဲ့ စီရင်ထားတာဆိုတော့ ဘယ်လိုများ စီရင်ထားတာလဲမသိဘူး။ ဆရာကြီးသိရင် ပြောပြပါလား"

"အဲဒီအစီအရင်ကိုတော့ ဆရာအစဉ်အဆက်ပြောပြခဲ့လို့တော့ ငါသိရတယ် မောင်ထွန်းမြိုင်။ ဒါပေမယ့် ငါဟာဒီပညာလမ်းစဉ်ရဲ့ နောက်ဆုံး အဆင့်မအဆင့်ပညာမျိုးကိုတော့ ခုအချိန်ထိမရသေးဘူး။ အရိန္ဒမာလှံစီရင်ပုံနဲ့ပတ်သက်ပြီး ပြောရရင် လှံသွားက တစ်တောင်လောက်၊ အရိုးက သုံးတောင်ရှိမယ်။ လှံသွားကို ကိုးသချိုင်းသံနဲ့လုပ်ထားပြီး လှံအရိုးကို ထန်းသားနဲ့ လုပ်ထားတယ်။ အဲဒီမှာ ထူးခြားတာက လှံသွားလုပ်မယ့်သံကို ဦးစွာ အရည်ကျို၊ အပြားခတ်ပြီး အဲဒီအပေါ်မှာ မဂ္ဂဒေဝစက်ကို စီရင်... တယ်။ ပြီးရင် အဲဒီသံကို လုံထဲထည့်ပြီး... ကျိုရတယ်။ ပြီးရင် တစ်ခါ အပြားခတ်... မဂ္ဂဒေဝစက်ကို တစ်ခါထပ်ပြီး စီရင်... တယ်။ ပြီးရင် တစ်ခါ လုံထဲထည့်ပြီး... ကျိုရတယ်။ အဲဒီနည်းအတိုင်း အကြိမ်... ပေါင်း ဘယ်နှကြိမ်လုပ်ရသလဲဆိုတော့ (၉၉) ကြိမ်စီရင်ရတယ်။ ပြီးမှ နောက်ဆုံး... လှံသွားလုပ်၊ လှံရိုးမှာ တပ်ပြီးသုံးတယ်... လှံသွားက (၁၈) လက်မရှိတော့ (၆)... လက်မကို လှံရိုးထဲထည့်ထားတယ်... အပြင်မှာ (၁၂) လက်မအရှည်ကျန်... တယ်။ လှံသွားတပ်တဲ့ လှံရိုးနေရာ... ကျပ်လုံး၊ အဖျားဘက်မှာ သုံးမတ်... တယ်။ အဲဒီလို (၉၉) ကြိမ်လုပ်ရတာ... ဖြစ်တယ်။ ကြိုးအနေနဲ့ ပြောရရင်... လောကီပညာရပ်တွေမှာ (၉၉)ကြိမ်ဟာ... အမြင့်ဆုံးပဲ။ ဒါကြောင့် (၉၉)ကြိမ်စီရင်... တာပဲ။ အဲဒီလောက် ပညာရပ်နဲ့ပတ်... သက်ပြီး အဘက်ဘက်က ပြည့်စုံအောင်... စီရင်ထားတာကြောင့် အစွမ်းသတ္တိထက်... မြက်တာပဲကွယ့်"

ဟု ဆရာကြီး ဦးရာမန်းက ရှင်း... ပြီးသောအခါ မောင်ထွန်းမြိုင်က -

"ဆရာကြီးပြောပြတဲ့အထဲမှာ ... အသွားကို မဂ္ဂဒေဝစက်နဲ့ စီရင်တယ်... တာပါတယ်။ အဲဒီမဂ္ဂဒေဝစက်ဆို ဘယ်... လိုမျိုးစီရင်ထားလို့ စက်ခေါ်တာလဲ"

"ဒီလို မောင်ထွန်းမြိုင်ရဲ့၊ မဂ္ဂဒေဝ... စက်ဆိုတာကတော့ ရှေးက မဂ္ဂဒေဝ... တာက မင်းသိထားတဲ့အတိုင်း မဂ္ဂဒေဝ... ဆရာတော်ရဲ့ပညာမို့လို့ မဂ္ဂဒေဝကို ... တာပဲ။ စက်ဆိုတာကတော့ မင်းတော... တို့၊ လှံစက်တို့ကြားဖူးမှာပေါ့။ နောက်... စက်ကြိုးယန္တရားဆိုတာတို့ ကြားဖူး... ပေါ့။ အဲဒီလို စက်အမျိုးအစားတွေ... အစီအရင်ပညာတွေမှာ အများဆုံး... တယ်။ ရှေးခေတ်က အသုံးပြုခဲ့တယ်... ဘူတာဝါဟနစက်ဆိုတဲ့ ပညာရပ်... အထူးခေတ်စားခဲ့ဖူးတယ်။ အဲဒီဘူတာ... ဝါဟနဆိုတဲ့နေရာမှာ ဘူတနဲ့ ဝါဟ... ပေါင်းစပ်ထားတာ။ ဘူတ ဆိုတာ ဘူတ... ကြီးတွေကို ခေါ်တာ။ ဒါမဟာဘူတ... မဟာဘူတဆိုတာ ဓာတ်ကြီး (၄) ပါး... ဝါဟနဆိုတဲ့ ပါဠိရဲ့အဓိပ္ပာယ်က ယာ... ပဲ။ ဒါကြောင့် ဓာတ်ကြီးတွေကို ယာ... သဖွယ်ဖြစ်အောင်ပြုတာပဲ။ အဲ... ပညာရပ်တွေနဲ့ အသုံးချလို့ရအော...



www.burmeseclassic.com

www.burmeseclassic.com

ချင်တာကို စက်ခေါ်တယ်။ မိုးကြိုးစက် ချင်တာတို့မျိုးပေါ့လေ။ အဲဒီမဂ္ဂဒေဝ တ်ကို နေစက်၊လစက်လည်းခေါ်တယ်။ ောက်ပြီး နဂါးပက်စက်လို့လည်း ခေါ် တယ်။ နဂါးပတ်စက်ဆိုတာ နဂါး ပေါင်းတို့ကို အစိုးရတဲ့စက်ဖြစ်တယ်။ က်တွေမှာ အဝင်စက်၊ အထွက်စက် ပြီး နှစ်မျိုးရှိတယ်ကွယ့်။ ဒါကြောင့် က်ဆိုတာ စက္ကကလာတာ။ စက္ကဆိုတာ ာသဘောလည်း ဆောင်တယ်။ ဖြန့် က်တဲ့သဘောလည်း ဆောင်တယ်။ ရက်သဘောလည်း ဆောင်တယ်။ ဆောင်ယူတဲ့သဘောလည်းဆောင်တယ်။ ပြီးပြောရရင်တော့ မဂ္ဂဒေဝစက်ဆို ာ မဂ္ဂဒေဝဝိဇ္ဇာရေအင်းပညာနဲ့ စက် သဘောတရားတွေ ပေါင်းထားတာကို တဲ့ပညာပဲ။ အင်မတန်မှ အဆင့်မြင့် ညာပဲ"

ဟု ဆရာကြီး ဦးရာမန်းက ရှင်းပြ က်သောအခါ မောင်ထွန်းမြိုင် အလွန် စိတ်ဝင်စားသွားပြီး -

"ဆရာကြီး၊ အဲဒီမဂ္ဂဒေဝစက် ာရပ်တွေဆိုတာ စမ္မာနဝင်းအင်း ာရပ်ထဲမှာ အပါအဝင်ပဲ မဟုတ်

ဟု မေးလိုက်ရာ ဆရာကြီးက -

"ဟုတ်တယ် မောင်ထွန်းမြိုင်၊ နဝင်းအင်းပညာထဲမှာ မဂ္ဂဒေဝစက် ာပါတယ်"

"ဒါဆို ဆရာကြီး၊ အခုကျွန်တော့် သင်ပေးနေတဲ့ စမ္မာနဝအင်းပညာထဲ မဂ္ဂဒေဝစက်လည်း ပါမှာပဲမဟုတ်

"အင်း - အဲဒီကိစ္စကတော့ စိတ် ောင်းစရာဘဲ မောင်ထွန်းမြိုင်ရယ်။ တော့ စမ္မာနဝင်းအင်းတွေ၊ ပညာ တိုတော့ ကုန်အောင် ရခဲ့ပါတယ်။ မယ့် မဂ္ဂဒေဝစက်ကိုတော့မရသေး ဒါကြောင့် မင်းကို စမ္မာနဝင်းအင်း ာတွေကို သင်ပေးတဲ့နေရာမှာ မဂ္ဂ စက်ပညာတော့ မပါနိုင်ဘူး"

ဟု ဆရာကြီးဦးရာမန်းသည် စိတ် ောင်းစွာဖြင့်ပြောပြီး စကားစကို လိုက်လေတော့၏။

❏

နောက်နေ့များတွင်လည်း ဆရာ ဦးရာမန်းသည် မောင်ထွန်းမြိုင်ရှိ ပြသာဒ်ကျောင်းသို့ နေ့စဉ်ရက်ဆက် က်မကွက်လာပြီး စမ္မာနဝအင်းများ င်ပေးလေ၏။မောင်ထွန်းမြိုင်သည် လည်း စမ္မာနဝင်းပညာများကို အထူးပင် စိတ်ပါဝင်စားလွန်းသဖြင့် အားကြိုးမာန်တက်သင်ယူလေ၏။

ထို့ကြောင့် ဆရာကြီး ဦးရာမန်းသည် မောင်ထွန်းမြိုင်အား စမ္မာနဝင်းအင်းပညာ၏ အခြေခံမှစပြီး (၃) ကွက်အင်း၊ (၅) ကွက်အင်း၊ (၇) ကွက်အင်း၊ (၉) ကွက်အင်းများကို သင်ကြားပေးလေ၏။ မောင်ထွန်းမြိုင်သည် ပါရမီအခံကောင်းရှိပြီး စိတ်အားထက်သန်သဖြင့် ကောင်းစွာပင် သင်ယူတတ်မြောက်ခဲ့ပါသည်။

ထို့အပြင် ဆရာကြီး ဦးရာမန်းသည် စမ္မာနဝင်းအင်းပညာ၏အရေးကြီးသော အဝင်၊ အထွက် (၈)ဖက်အင်းကြီးများကို သင်ကြားပေးလေ၏။မောင်ထွန်းမြိုင်ကလည်းအထူးကြိုးစားသင်ယူသဖြင့် တဖြည်းဖြည်းနှင့် သင်ကြားမှု၊ သင်ယူမှုလုပ်ငန်းသည် ပြီးဆုံးခြင်းသို့ရောက်သွားတော့၏။

ထို့နောက်ပိုင်းတွင် ဆရာကြီး ဦးရာမန်းသည် အကြောင်းကိစ္စတစ်ခုပေါ်လာသဖြင့် ခရီးထွက်သွားရလေတော့၏။ ထို့ကြောင့် ပြသာဒ်ကျောင်းသို့ ဆရာကြီးလည်း မလာနိုင်တော့ပေ။ ထို့ကြောင့် မောင်ထွန်းမြိုင်သည် ပြသာဒ်ကျောင်းတွင်နေရသည်ကို မမွေ့လျော်နိုင်ဘဲ ဖြစ်လာခဲ့၏။ ထို့ကြောင့် ဖျာပုံမြို့တွင်ပင်ရှိသည့် အဒေါ်တစ်ယောက်၏ နေအိမ်သို့ပြောင်းနေလျှင်ကောင်းမည်ဟု စိတ်ကူးပေါ်လာ၏။ သို့ဖြစ်သောကြောင့် မောင်ထွန်းမြိုင်သည် ပြသာဒ်ကျောင်း ဘကြီးဘုန်းကြီးအား အရဲစွန့်ကာ -

"အရှင်ဘုရား၊ တပည့်တော်ရဲ့ စိတ်ထဲမှာ ခုတစ်လောတစ်မျိုးကြီးဖြစ်နေတယ်ဘုရား။ ဒါကြောင့် အပြောင်းအလဲလေးဖြစ်သွားအောင် မြို့ထဲက ဒေါ်လေးတို့အိမ်မှာ တစ်လှည့်သွားနေချင်ပါတယ်။ အဲဒီမှာဆို ကျောင်းနဲ့လည်း နီးတော့ ပိုပြီးအဆင်ပြေမှာပါဘုရား"

"အေး၊ အေး ကောင်းပြီ၊ မင်းကိုယ်တိုင်က အဲဒီမှာတစ်လှည့်သွားနေချင်တယ်ဆိုရင်တော့သွားနေပေါ့။ ဒါပေမယ့် ကောင်းကောင်းနေရမယ်နော်။ ကျောင်းကိုလည်း မှန်မှန်တက်ရမယ် ဟုတ်ပြီလား"

ဟု ဘုန်းကြီးက ကြည်ကြည်ဖြူဖြူခွင့်ပြုလိုက်၏။

"တင်ပါ့ဘုရား"

❏

ဤသို့ဖြင့် မောင်ထွန်းမြိုင်သည် ဘကြီးဖြစ်သူ၏ ဘုန်းကြီးကျောင်းမှ အဒေါ်ဖြစ်သူ၏အိမ်သို့ ပြောင်းရွှေ့လာခဲ့ပြီးနေထိုင်ခဲ့၏။ ထိုအိမ်သို့ရောက်သောအခါ ကျောင်းကိုလည်း မှန်မှန်တက်ဖြစ်ရန်အတွက် အားစိုက်ကာကြိုးစားခဲ့၏။ ကျောင်းစာများကိုလည်း ကျက်မှတ်ရန် အားထုတ်ခဲ့၏။ သို့သော် သူ၏ အတွေးအာရုံများကိုကား ထိန်းကျောင်း၍မရအောင် ဖြစ်ခဲ့၏။ကျောင်းတက်ရန်လည်းကောင်း၊ ကျောင်းစာများကို ကျက်မှတ်ရန်လည်းကောင်း၊ မည်သို့မျှစိတ်စိုက်၍ မရပေ။ သူ၏စိတ်တို့သည် တစ်နေ့ထက်တစ်နေ့ မမွေ့လျော်ခြင်းကင်းလာခဲ့၏။

ဘကြီးဘုန်းကြီး၏ကျောင်းတွင် ပထမနေခဲ့စဉ်က မောင်ထွန်းမြိုင်၏ စိတ်ထဲတွင် နေချင်စိတ်မရှိတော့ပုံကို ပြန်လည်တွေးမိ၏။ ထိုစဉ်က ဘုန်းကြီးကျောင်းမို့လို့ နေချင်စိတ်မရှိတာဘဲ။ လူနေအိမ်ဆို ဒီလိုဖြစ်မှာမဟုတ်ဘူးဟုထင်ခဲ့မိ၏။ ထိုအထင်ကြောင့်ပင် ဘကြီးဘုန်းကြီးကျောင်းမှ မြို့ထဲရှိ အဒေါ်ဖြစ်သူအိမ်သို့ ပြောင်းခဲ့ခြင်း ဖြစ်၏။ ယခု အဒေါ်အိမ်သို့ရောက်ရှိသောအခါတွင်လည်း မထူးခြားပေ။ ယခင်အတိုင်းသာ ဖြစ်ပေါ်နေတော့၏။

ထိုအချိန်တွင် မောင်ထွန်းမြိုင်၏ စိတ်ထဲ တစ်ခုတည်းသော အဖြစ်ချင်ဆုံးအရာမှာ ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားကို ဖူးချင်နေသောစိတ်ကသာ လွှမ်းမိုးထား၏။ သူသည် လူပြောသူပြောစကားများဖြင့် ရွှေတိဂုံဘုရားအကြောင်းကို ကြားသာကြားဖူးခဲ့၏။ သူ့စိတ်ခံစားချက်ကိုလည်း သူ့ဘာသာသူ သုံးသပ်ကြည့်၏။ အကယ်၍ ရွှေတိဂုံဘုရားသာဖူးတွေ့ခွင့်ရလျှင် သူ၏စိတ်သည် လည်းကောင်း၊ သူ၏ဘဝအချိုးအကွေ့တို့သည် လည်းကောင်း ပြောင်းလဲသွားမည် ဟူသောယုံကြည်ချက်က တစ်နေ့တခြား ခိုင်မာသည်ထက် ခိုင်မာလာ၏။ ရွှေတိဂုံဘုရားသွားဖူးရန် လူကြီးသူမများအား ခွင့်တောင်းလျှင်လည်း မည်သို့မျှခွင့်ပြုမည်မဟုတ်ပေ။ ထို့ကြောင့် ရွှေတိဂုံဘုရားသွားဖူးခွင့်ရရန် အပြင်းအထန် ကြံစည်တော့၏။

ရွှေလဆက်ရန်

ပထမံဆရာဦးအေးရွှေ



www.burmeseclassic.com

www.burmeseclassic.com

(ရေးသား)
# ကိုဇော်ဝင်း

## ချောက်ချောက်ချားချား ငါးလုံးပြွန်တံတား



ကံသစ်ကုန်းရွာနှင့် သစ်ချိုပင်ကွေ့အကြား ကားလမ်းတွင် အရှေ့အနောက် ရေထုတ်ပြွန်တပ်တံတားတစ်စင်းရှိသည်။ ထိုတံတားကို နေဝင်ချိန်နေဝင်လုလုတွင် ကိုမှိုင်းဖြတ်သည်။ ကိုမှိုင်းတို့က သူယောက္ခမများ၏ သစ်ခေါင်းခွရွာမှ ပြန်လာခြင်းဖြစ်၏။ ရှေ့မှ ကိုမှိုင်းက နွားကိုတအိအိကြိမ်တို့မောင်းလာသကဲ့သို့ ကိုမှိုင်းနောက်က မိန်းမမတင်အောင်၊ လသားအရွယ် သားငယ်ကို နို့တိုက်လျက်ပါလာသည်။

တံတားကိုဖြတ်ပြီး ကားလမ်းအနောက်ဘက်လှည်းလမ်းကိုဝင်သည်။

ကိုမှိုင်း အံ့သြသွားသည်။ ရှေ့ဝါးလေး၊ ငါးရိုက်အကွာတွင် နွားလှည်းတစ်စီးအပြေးမောင်းသွားနေတာကိုမြင်ရသည်။ နောက်လိမ့်ကျန်ရစ်သောဖုန်လုံးများအကြားမှ လှည်းပေါ်တွင် နွားမောင်းသူယောကျ်ားသားနှင့်နောက်ကပ်လျက် နို့တိုက်လျက် ကလေးနှင့်ကလေးအမေပါလာခြင်းကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

အစောပိုင်းက ရှေ့လှည်းကို ကိုမှိုင်းမမြင်မတွေ့မိ။အေးအေးလူလူပင် ကိုမှိုင်းလှည်းတစ်စီးတည်း မောင်းလာခြင်းဖြစ်သည်။

ရှေ့လှည်းနွားမောင်းသူက နွား
အပြေးတစ်ပိုင်းရိုက်ပြီးမောင်းနေသည်
နောက်ကို ပြန်စောင်းငဲ့ကြည့်ခြင်း မ
နောက်မှကလေးအမေကလည်း ကလေး
တိုက်ရင်း လှည်းရုံတိုင်ကို လက်တစ်
ဖြင့် တင်းတင်းဆုပ်ထားရင်းလိုက်
သည်။

"ခမျာမှာ ဘယ်ကိုသွားကြမလို့
လိမ့်။ ဘယ်လောက်များအရေးကြီး
ကြပါလိမ့်။ ခက်လှပါလားကွယ်"

ကိုမှိုင်း ညည်းတွားရင်း



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပိုမြန်မောင်း...သည်။ ရွှေလှည်းက သွက်သွက်မော...နေပုံရ၏။

ဖုန်မှုန့်များကလှိုင်းထနေသည်။

ထိုအချိန် ရွှေလှည်းပေါ် ကလေးအမေ၏ရင်ခွင်အကြားမှ ကလေးငယ်က ...နိုးခန့် လှည်းလမ်းမအလယ်တည့်တည့် သိမ့်ကျတာကို ကိုမှိုင်း ကောင်းစွာ မြင်လိုက်၏။

ကလေးငယ်ကျပြား ရွှေလှည်းက ရပ်တန့်ခြင်းမရှိ။ အရှိန်လျှော့သည်ကို မတွေ့ရ။ ကလေးအမေကလည်း အော်ဟစ်ခြင်း၊ ပြောဆိုခြင်းရှိပုံမရှေ့။

လှည်းလမ်းအလယ်မှာ ပုဆိုးဟောင်းတစ်ထည်နှင့် အောက်ပိုင်းထုပ်ထားလျက် ကလေးငယ်ရှိနေပါသည်။ ကလေးထံမှ ငိုသံကမထွက်လာ။

ကိုမှိုင်း နွားနှစ်ကောင်ကိုကြိုးတင်းပြီး စုတ်သပ်ရပ်လိုက်သည်။

"ကိုမှိုင်း၊ ဘာဖြစ်လို့လဲ။ လှည်းကို ဘာလို့ရပ်တာလဲ"

ဟု နောက်မှ မတင်အောင်က မေးသည်။

"ရွှေလှည်းကွာ ဘယ်လောက်များအရေးကြီးကြတယ်မသိဘူးဟ။ နွားကိုဒုန်းမောင်းသွားသဗျ။ လှည်းပေါ်က ကလေးကျနေရစ်တာကို မသိကြပုံဘူး။ ကလေးငယ်က တို့လှည်းရှေ့မှာဟ"

ကိုမှိုင်းပြန်ဖြေသည်။

မတင်အောင်က နို့တိုက်လက်စကလေးငယ်...ရှိမှလွှတ်လျက် ကိုမှိုင်းရင်ခွင်အကြားထည့်သည်။ ပြီးနောက် သွက်လက်စွာ လှည်းအောက်ကိုဆင်းပြီး နွားနှစ်ကောင်ရှေ့ ရောက်လာသည်။ လှည်းလမ်းအလယ်တည့်တည့်မှကလေးငယ်ကို ကြင်နာစွာ ကောက်ယူပွေ့ထားလိုက်သည်။

ရွှေလှည်းကို လင်မယားနှစ်ယောက်စလုံး မျှော်ကြည့်ပြား မမြင်ရတော့။

"အံ့ဩပါရဲ့တော်၊ ကလေးတစ်ယောက်လုံးကျရစ်တာများ မသိကြရော့သလား"

ဟု မတင်အောင်က ရေရွတ်ပြောဆိုနေသည်။

"ကဲကဲ - လှည်းပေါ်တက်တော့ တင်အောင်ရေ။ နေကဝင်တော့မယ်ဗျ။ ရွှေတစ်နေရာရာရောက်ရင်တွေ့ကောင်းပါရဲ့ဗျား"

ဟု ကိုမှိုင်းပြောမှ မတင်အောင် ကလေးပွေ့ပြီး လှည်းပေါ်တက်လာသည်။

မတင်အောင် ကောင်းစွာ ထိုင်သားကျချိန် ရင်ခွင်ကြား သားတစ်ဖက်နှင့် ကိုမှိုင်းလှည်းကိုဆက်မောင်းပါသည်။ ရွှေလှည်းကို မှီလိုမှီငြား ကိုမှိုင်း လှည်းကိုပိုပြီးသွက်သွက်မောင်းချနေသည်။ ရင်ခွင်ကြားမှသားကိုလည်းထိန်းရသေးသည်။

ကိုမှိုင်း ခြပေါက်နွားနှစ်ကောင်က သွက်သွက်ပြေးပါသည်။

မတင်အောင်ပင် ကလေးငယ်ကို လက်တစ်ဖက်ဖြင့်ပွေ့ပြီး ကျန်လက်တစ်ဖက်က မလွတ်အောင်၊ လွင့်စဉ်မကျနိုင်အောင် လှည်းရံတိုင်ကိုမြဲမြဲဆုပ်ပြီးလိုက်ရသည်။

ထိုအချိန် မတင်အောင် ရင်ခွင်ကြားမှ ကလေးငယ်က စူးစူးဝါးဝါးအော်ငိုသည်။ အသံကျယ်ကြီးဖြင့်ငိုသည်။

"ကလေးနို့ဆာလို့ထင်သပ၊ တင်အောင် ကလေးနို့တိုက်လိုက်ပါဟ"

ကိုမှိုင်းက စကားဆိုရင်း မတင်အောင် ကလေးနို့တိုက်နိုင်အောင် လှည်းကို အရှိန်လျှော့ချသည်။ ကြိုးစများနည်းနည်းဆွဲတင်းရင်း နှုတ်မှ ကျွတ်၊ ကျွတ် လုပ်နေသည်။ လှည်းက မရပ်ရုံတမယ် သွားနေသည်။ မတင်အောင် ကလေးငယ်ကို ကြင်နာစွာ နို့တိုက်ပါသည်။

www.burmeseclassic.com

ကလေးငယ်ကလည်း တပြွတ်ပြွတ်စို့နေသည်။

ကိုမှိုင်း နွားကိုအရှိန်မြှင့်မောင်းလိုက်သည်။

မကြာပါ။

"အောင်မလေး - နာလိုက်တာ ကိုမှိုင်းရယ်။ ကလေးက နို့ကိုကိုက်သတော့"

ဟု မတင်အောင်အသံထွက်လာသည်။

မတင့်အောင်က ကလေးပါးစပ်ကို နို့မှဖယ်ရန်အောက်ငုံ့ကြည့်သည်။

ကိုမှိုင်းကလည်း ချာခနဲလှည့်ကြည့်ဖြစ်သွားသည်။

မထင်မှတ်စွာ မယုံနိုင်ဖွယ်သောအဖြစ်။

မှုန်မှုန်မြွားမြွား အလင်းတန်းများကြား ကြောက်မက်ဖွယ် ကလေးငယ်အသွင်ကို မြင်လိုက်ရပါသောကြောင့် လင်မယားနှစ်ယောက်စလုံး တွေ့လိုက်ရပါသောကြောင့်။

"ကိုမှိုင်းရေ နွားကိုဒုန်းမောင်းပါတော့။ ရွာကိုမြန်မြန်ဝင်နိုင်မှဖြစ်ပါလိမ့်မယ်။ မောင်း၊ မောင်း ကိုမှိုင်း"

ဟု မတင်အောင်က ပြောပြောဆိုဆို ရင်ခွင်ကြားမှကလေးငယ်ကို လှည်းလမ်းအနောက်ဘက်လွှင့်ချပစ်လိုက်ပါသည်။

လှည်းရုံတိုင်ကို လက်နှစ်ဖက်ဖြင့် မြဲစွာဆုပ်ရင်း မျက်စိနှစ်လုံးမှိတ်လျက် မတင်အောင်လိုက်ခဲ့ရ၏။

ကိုမှိုင်းအိမ်ခြံပေါက်နွားနှစ်ကောင်က သခင့်အလိုကိုသိ၍လော၊ တစ်စုံတစ်ရာသောအကြောင်းကြောင့်ပေလောမသိ လှည်းလမ်းအတိုင်း ကဆုန်ချပြေးပါတော့သည်။

ရွာအိမ်ဝင်းထဲ လှည်းရပ်လိုက်ပါမှ မတင်အောင် မျက်စိနှစ်လုံးကိုဖွင့်တော့၏။ လှည်းပေါ်ကအမြန်ဆင်းသည်။

ကိုမှိုင်း ရင်ခွင်ကြားက သားငယ်ကိုပင် ခေါ်နိုင်ခြင်းမရှိ။

"အံ့ပါရဲ့ သားရယ်၊ သလောက်မိုးချုပ်အောင်နေရသလား"

ဟု ကိုမှိုင်းအမေကပြောရင်း မြေးငယ်ကိုလှမ်းယူရှာသည်။

ကိုမှိုင်း နွားနှစ်ကောင်ကို လှည်းမှဖြုတ်၊ နွားစားကျင်းကိုပို့ပြီး ရေတိုက်အစာကျွေးသည်။

ထိုညက ကိုမှိုင်းရော မတင်အောင်ပါ ညစာလွတ်သည်။

"စားချင်စိတ်လည်းမရှိ ဖြူဖပ်ဖပ်ကြောက်စရာ ကလေးငယ်မျက်နှာကိုပဲမြင်နေတုန်းပါ ကိုမှိုင်းရယ်။ ကြောက်လိုက်ပါဘိတော်"

ဟု မတင်အောင်ဆိုရှာသည်။

ကိုမှိုင်းအမေက ဆီးဖျော်ရည်ရေအေးအေးဖျော်ပြီးတိုက်ငြား ကိုမှိုင်းတို့လင်မယားနှစ်ဦးစလုံး ရင်တုန်မပြေ။

❏

ကံသစ်ကုန်းရွာနှင့် သစ်ချိုပင်ကွေ့ကြား ကားလမ်းတွင်ရှိ အရှေ့ အနောက်ရေထုတ်ပြွန်တပ်တံတား။

ထိုတံတားကိုဖြတ်ချိန် သတိထားပါလျက် နေဝင်ချိန် နေဝင်လုလုမှာပင် ကိုမှိုင်းဖြတ်ရပြန်သည်။

ကိုမှိုင်း တစ်ဦးတည်းဖြစ်သည်။ အရင်တစ်ခေါက်ကနှယ် မတင်အောင်လိုက်ပါလာခြင်းမရှိ။

"မိုးချုပ်ရင် အမေ့အိမ်မှာအိပ်ပြီး နောက်နေ့မနက်မှပြန်လာနော် ကိုမှိုင်း"

ဟု မတင်အောင် အထပ်ထပ်မှာကြားခဲ့ပါလျက် သစ်ခေါင်းခွရွာ ယောက္ခမများအိမ် . နွားစာကုန်နေပါသောကြောင့် ထိုနေ့က ကိုမှိုင်း နှစ်ခေါက်တိတိ နွားစာလှည်းဖြင့်ပို့ပေးရသည်။

နောက်တစ်ခေါက်ပို့ပြီးပြန်လျှင် အချိန်နည်းနည်းစောသေး၏။ သို့သော် ကိုမှိုင်း မပြန်ဖြစ်။

မတင်အောင်ရှေ့မှာမလုပ်ဝံ့သမျှ မတင်အောင်ကွယ်ရာမှာ ကိုမှိုင်းထင်ရာလုပ်ချင်သည်။ အပေါင်းအသင်းစုံလျှင် ဖဲချချင်သည်။ ထန်းရည်လေး၊ အရက်လေးသောက်ချင်သည်။

ကိုမှိုင်းယောက္ခမက အသောက်ကြီးသူဖြစ်သည်။

"ဂျုံခင်းထဲက ကြွက်အကောင်ကြီးတွေရထားသမျှ အမြည်းကောင်းပေါ့ကွာ။ နည်းနည်းချပြီးမှပြန်ကွာ"

ဟု ဆိုသောကြောင့် ကိုမှိုင်းသောက်ဖြစ်ခဲ့သည်။

ယောက္ခမနှင့်သမက် စကားပြောဖြစ်ခဲ့သည်။ ပြောဖြစ်တော့လည်း အချိန်ကုန်လို့ကုန်မှန်းမသိ။ အရက်နှစ်လုံးကုန်ချိန် မတင်အောင်မျှော်နေမည်ကို သတိရသဖြင့် ကိုမှိုင်း ဝိုင်းမှထပြီး လှည်း,ကသည်။ နွားကို ကိုမှိုင်း ဖြည်းဖြည်းမှန်မှန်မောင်းလာသည်။

ကိုမှိုင်း မမူးပါ။ ကိုမှိုင်းကြောက်တတ်သူလည်းမဟုတ်။ ကိုမှိုင်း လှည်းမောင်းကောင်းသည်။ ရွာကလူတွေ ကိုမှိုင်းမောင်းသောလှည်းကို စီးချင်ကြသည်။ ကျင်းထဲ၊ ချိုင့်ထဲ မည်သို့ကျကျ လှည်းက ဒုန်းခနဲ၊ ဒိုင်းခနဲ ပစ်မကျ။ ညင်သာစွာကျသည်ချည်း။

ခြံပေါက်နွားနှစ်ကောင်ကိုလည်း လက်မှာကြိမ်လုံးကိုင်ထားငြား မည်သည့်အခါမှ မရိုက်မနှက်။ တင်ပါးကို ကြိမ်ဖျားလေးဖြင့်တို့ကာတို့ကာမောင်းသည်။ ကိုမှိုင်းနွားများက အလိုက်သိသည်။ သခင်ပြေးစေလိုလျှင်ပြေး၏။ သခင်နှေးစေလိုလျှင် နှေး၏။ ကြိုးတင်းပေးလိုက်လျှင် ရပ်သည်။

နေသည်ဝင်လုလု၊ အလင်းရောင်အားကောင်းဆဲပါ။

သစ်ချိုပင်ကွေ့အလွန် ကားလမ်းတံတားကိုမရောက်မီ လမ်းအနောက်ဘက်မှာ လူတစ်ယောက်ရပ်နေသည်။ အရပ်ပုပြီးဝပုံရှိသည်။ လှည်းကြုံလိုက်ရန် စောင့်နေခြင်းဖြစ်မည်ဟု ကိုမှိုင်းထင်သည်။

စကားပြောဖော်တွေ့ပြီဟု ကိုမှိုင်းမှတ်ယူ၏။ ထင်သည့်အတိုင်း ထိုလူက ကိုမှိုင်းလှည်းကိုတားသည်။ ဦးထုပ်ငိုက်ငိုက်ဆောင်းထားခြင်းကြောင့် မျက်နှာကိုမြင်ရခြင်းမရှိ။

ကိုမှိုင်းလှည်းကိုရပ်သည်။ ကိုမှိုင်းနွားနှစ်ကောင်ကမရပ်ချင်။ ကြိုးကို လက်နှစ်ဖက်ဖြင့် ဆွဲတင်းရင်း စိတ်မတိုစဖူး နွားများကို စိတ်တိုခဲ့သေးသည်။

နှာရှုံ့က်တထောင်ထောင် နွားနှစ်ကောင်စလုံး ဒုန်းပြေးချင်ပုံပေါ်နေသဖြင့် လက်က ကြိုးကိုမလွှတ်ရဲ။ လှည်းပေါ်သို့ ဝန်ထုပ်ကြီးပစ်ချလိုက်သည့်အလား ထိုလူတက်လာသည်။

လက်ကကြိုးကို ဖြည်းဖြည်းချင်းလျှော့ငြား နွားနှစ်ကောင်ကမပြေးပြန်။ တအိအိ ဖြည်းဖြည်းသာသွားနေသည်။

အိမ်အဝင်မိုးမချုပ်အောင် ကိုမှိုင်းလှည်းကို ဂရုစိုက်ပြီးနွားများမောင်းသည်။

"ဘယ်ထိလိုက်မှာလဲဗျ"

ဟု ကိုမှိုင်းက လှည်းကြုံလိုက်လာသူကိုမေးသည်။ သို့သော် နောက်မှလိုက်လာသူထံမှမည်သည့်အသံမျှထွက်မလာ။ ကိုမှိုင်းကို ကျောပေးပြီးထိုင်လာသည်ကိုတော့ သတိထားမိသည်။

"ဘယ်ရွာကလာသတုံးဗျ"

ဟု ကိုမှိုင်းထပ်မေးသည်။

ပထမနည်းတူ ထိုလှည်းကြုံလိုက်လာသူထံမှ အသံမထွက်လာ။ ကိုမှိုင်းအမေးကို ပြန်လည် ဖြေကြားခြင်းမရှိ။ နောက်ထပ် လေး၊ ငါးခွန်းထက်မနည်း ကိုမှိုင်းစကားပြောကြည့်သည်။ ပြန်လည်ဖြေကြားခြင်းမရှိသကဲ့သို့ ကိုမှိုင်းဘက်မျက်နှာမူလှည့်လာခြင်းပင်မလုပ်။

ဘယ်လိုလူပါလိမ့်ဟု ကိုမှိုင်းစိတ်ကအောက်မေ့သည်။

တံတားကိုကျော်ခဲ့ပြီ။ ကံသစ်ကုန်း


www.burmeseclassic.com

www.burmeseclassic.com

ရွာကိုမြင်နေရပြီ။

စိမ်းရွှေရွှေ ညှင်းသိုးသိုးအနံ့က ကိုမှိုင်းနှာခေါင်းကရလာသည်။

'တန်တော့ သည်လူ သောက်ထားလို့ ငါနဲ့စကားမပြောချင်လို့ထင်ရဲ့' ဟု ကိုမှိုင်းထင်လျက်။ အရက်နံ့လည်း မဟုတ်ပါဘူးဟု ကိုမှိုင်းသိနေသည်။

ကံသစ်ကုန်းရွာထိပ်ရောက်ချိန် ထို စိမ်းရွှေရွှေအနံ့ကပျောက်သွားခဲ့၏။

သို့ဖြင့် ကံသစ်ကုန်းကို လွန်လာ၏။

သည်အချိန်မှာ ပုပ်အဲ့အဲ့အနံ့ရလာသည်။ ခွေးသေကောင်ပုပ်များလားဟု လမ်းဘေးဝဲယာကြည့်ပြီးလာခဲ့သည်။

မည်သည့်ခွေးသေကောင်မျှမရှိ၊ တွေ့မမြင်။

သည်အပုပ်နံ့ဟာ ခွေးသေကောင်အပုပ်နံ့လည်းမဟုတ်ပါဘူးဟု ကိုမှိုင်းတွေးမိပြန်သည်။

ပိုပြီး အပုပ်နံ့ကနံလာသည်။ စူးလာသည်။

“ပုပ်စော်ကလည်းနံလိုက်တာဗျာ”

ဟု ကိုမှိုင်းက နောက်လှည်းကြုံလိုက်လာသူကို လှမ်းပြောသည်။ ထုံးစံအတိုင်း နောက်က မည်သည့်အသံမျှထွက်မလာ။မည်သို့မျှပြန်ပြီး ဖြေခြင်းမရှိ။

“ခင်ဗျားကော မနံဘူးလားဗျ၊ ခွေးသေကောင်ပုပ်အနံ့တော့ မဟုတ်ဘူးဗျနော”

ဟု ကိုမှိုင်းထပ်မေးသည်။

ကိုမှိုင်းစိတ်က မကျေမနပ်ဖြစ်လာသည်။

ကိုမှိုင်းက စကားပြောဖော်ရပြီဟု ထင်လျက် လှည်းကြုံတင်လာသည်။ ထိုလှည်းကြုံက အားနာပါးနာစကားတစ်ခွန်းမျှမဟလာ။

ကိုမှိုင်းနွားများကို ကြိုးတင်းရပ်လုနီးနီးမောင်းလျက် -

“ပုပ်စော်ကလည်း ပိုနံလာသလိုပဲဗျ ခင်ဗျားကော မနံဘူးလားလို့မေးနေသဟာ ဖြေပါဦးဗျ”

ဟု လှည့်ကြည့်ရင်း မေးဖြစ်ခဲ့သည်။

သည်အခါ ထိုလှည်းကြုံလိုက်လာသူဆီမှ ပြန်ဖြေသံထွက်လာသည်။

ကိုမှိုင်းအံ့ဩသွားသကဲ့သို့ သတိလက်လွတ်ဖြစ်တော့မည်လား အောက်မေ့၏။ ရုတ်တရက် အကြောက်ကြီးသွားသည်။ လက်က ကြိမ်လုံးကို တင်းတင်းဆုပ်သည်။

အချိန်မီ စိတ်ကိုထိန်းချုပ်နိုင်သည်။

“ဟာ-သောက်ကျိုးနည်း”

ဟု ကိုမှိုင်း အော်ပြီး လက်ထဲမှ ကြိမ်နှင့် အားထည့်ပြီးလှည်းကြုံလိုက်လာသူကို ရိုက်ချလိုက်ရာ လှည်းနောက်ပစ်ကျသွားသည်။

နွားများက လှည်းပေါ့သွားသည့်အလားကဆုန်ချပြေးတော့သည်။ကိုမှိုင်းက နွားကြိုးကိုမဆွဲတော့ဘဲပြေးချင်သမျှပြေးတော့ လွှတ်လိုက်သည်။

ကိုမှိုင်းမြင်လိုက်ရသည်က -

လှည်းကြုံလိုက်လာသူမှာ ကိုမှိုင်းလှည်းရပ်ပြီးတင်စဉ်ကပုံမျိုးမဟုတ်ပေ။ လွန်စွာကြောက်မက်ဖွယ်ကောင်းသောရုပ်နှင့်ဖြစ်နေသည်။

“အပုပ်ကောင်တင်လာတာ ပုပ်စော်နံမှာပေါ့ဟ”

ဟုလည်း ကိုမှိုင်းကို အသံနက်ကြီးဖြင့် အမေးစကားကို ဖြေကြားသည်ဆို၏။

တဝုန်းဝုန်းတဒိုင်းဒိုင်းပြေးဝင်လာသောနွားများ အိမ်ဝိုင်းအိမ်ရှေ့ရောက်မှရပ်တော့သည်။ အိမ်ထဲရှိသမျှ မိသားစုများ ပြေးထွက်လာကြသည်။

ကိုမှိုင်း ကြိမ်နှင့်နွားကြိုးလှုပ်ချရင်း လှည်းပေါ် ကခုန်ဆင်းသည်။

“ရေ. . . . ရေပေးစမ်းပါဟ”

လို့ အော်သည်။

မတင်အောင်က ကိုမှိုင်းကို ဘာဖြစ်လာသလဲဟုမမေး။ နားလည်ပုံရသည်။ သောက်ရေတစ်ခွက်ခပ်ပြီး ကိုမှိုင်းကိုပေးရာ အငမ်းမရသောက်သည်။

ကိုမှိုင်းညီတစ်ယောက်က နွားများဖြုတ်ပြီး နွားစားကျက်ပို့သည်။

သား ကိုမှိုင်းကိုကြည့်ပြီး မိခင်ကြီးက ရင်ဘတ်လက်တစ်ဖက်ဖြင့်ဖိထားသည်။

'မိုးချုပ်ရင် အမေ့အိမ်မှာအိပ်ပြီး နောက်နေ့မနက်မှ ပြန်လာနော် ကိုမှိုင်း'

ဟု မတင်အောင်အထပ်ထပ်မှာကြားခဲ့ပါလျက် -

“နေဝင်မိုးချုပ်ပြန်လာမှတော့ ငါးလုံးပြွန်နဲ့တွေ့ရောပေါ့”

ဟု မတင်အောင်နှုတ်က အသံထွက်လာသည်။

❑

ကျွန်တော်၏ သူငယ်ချင်းဖြစ်သူ ဆည်မြောင်းအရာရှိတစ်ယောက် ရွှေဘိုမြို့ အစည်းအဝေးမှအပြန် သစ်ချိုပင်ကွေ့အလွန် ဆိုင်ကယ်မှောက်ပြီး လှည်းလမ်းအနောက် ရေအိုင်ထဲပစ်ကျသည်။ သတိလစ်သွားခဲ့သည်။

ကံသစ်ကုန်းရွာသား လယ်ရေယူအပြန်နှင့်တွေ့ပြီးကယ်သဖြင့် အသက်ချမ်းသာရခဲ့သည်။ အိမ်ကိုသွားပြီး သတင်းမေးသည်။

“မင်းကွာ၊ သောက်ချင်ရင်လည်း အိမ်ကျမှသောက်ရောပေါ့။ ဆိုင်ကယ်မထိန်းနိုင်အောင် သောက်ရသလား”

ဟု ကျွန်တော်ကပြောရာ -

“ဟာ-သူငယ်ချင်း၊ အဲသည်နေ့က ငါမသောက်ခဲ့ဘူးကွ။ အစည်းအဝေးက ညနေ (၄)နာရီမှပြီးတယ်။ တစ်ခါတည်းပြန်လာတာ။ သစ်ချိုပင်ကွေ့ရောက်တော့ ညနေ (၆)နာရီထိုးခါနီးပြီ။ ဆိုင်ကယ်ကို ဖြည်းဖြည်းမှန်မှန်စီးလာတာ တံတားပေါ်ရောက်မှ ပြုန်းခနဲ လှည်းတစ်စီးကိုတွေ့လိုက်တယ်။ လှည်းပေါ်မှာ လှည်းသမားနဲ့ အနောက်က သားသည်အမေက နို့တိုက်လို့ပါလာတာဗျ။အဲတာ လှည်းကိုတိမ်းရင်းနဲ့ ဘယ်လိုဖြစ်သွားမှန်း မသိပါဘူး သူငယ်ချင်းရာ။ လှည်းက လမ်းမပေးတာဘဲသိလိုက်တယ်”

ဟု ကျွန်တော့်ကို သူငယ်ချင်းက သူ့အဖြစ်ပြောပြပါသည်။

သူငယ်ချင်းကိုနှုတ်ဆက်ပြီးပြန်ခဲ့သည်။

ကံသစ်ကုန်းရွာမူလတန်းကျောင်းမှာ ကျွန်တော့်ညီဝမ်းကွဲ မူလတန်းပြဆရာ လုပ်နေသည်။

“အစ်ကို ယုံမလားတော့မသိဘူး၊ အံ့ဩစရာပါဗျာ။ သစ်ချိုပင်ကွေ့အလွန် တံတားတစ်စင်းရှိပါရော။ ငါးလုံးပြွန်တံတားလို့သိကြသဗျ။ အဲသည်တံတားပြင်တော့ အောက်မှာလမ်းလွှဲထားတယ်။ ညမှောင်နဲ့ မည်းမည်းဆိုတော့ မမြင်တာလည်းပါမယ်၊ မသိတာလည်းပါမှာပေါ့။ ယောကျ်ားက လှည်းမောင်း ပြီး မိန်းမက လသားအရွယ်သားလေး နို့တိုက်လိုက်လာတာ တံတားပြင်ဖို့ ဖောက်ထားတဲ့ ချိုင့်ထဲကျပါလေရော။ တစ်ခါတည်း သားအမိသားအဖသုံးယောက် ပွဲချင်းပြီးသေတယ်။ စစ်ကိုင်းနယ်ဘက်ကလို့ကြားရတာပါ။ တစ်နှစ်နီးပါးရှိပါပြီ။ အဲတာဗျာ၊ နေဝင်ဖျိုးဖျမှာ တံတားပေါ် အဲသည်လှည်းနဲ့ သားအဖသုံးယောက်ကို မြင်ကြတွေ့ကြရသတဲ့။ မယုံတဲ့သူတွေကစောင့်တောင် ကြည့်ကြသတဲ့ဗျ”

ဟု ပြောဖူးသည်။

ထိန်ကန်ရွာသား ကိုမှိုင်းကလည်း သူကြုံရသမျှ ကျွန်တော့်ကို ပြောပြခဲ့သည်။

ကျွန်တော်သိသမျှ ကျွန်တော့် သူငယ်ချင်း ဆည်မြောင်းအရာရှိကို ကျွန်တော်မပြောပြဖြစ်ခဲ့။

ကိုဇော်ဝင်း (လှသာ)

www.burmeseclassic.com

(အာဟာလည်းဆေး၊ ဆေးလည်းအာဟာ)

ရောဂါလည်းပျောက် လှပလည်းလောက်သည့်

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ (၈)

ရွှေနဝင်း(မုသိစ်)



မြန်မာ့ဆယ့်နှစ်လရာသီတွေထဲမှ 'ကြာမျိုးစုံညီတူရာသီနှင့်ဝါလကင်းလွတ် သီတင်းကျွတ်' ဟု စာဆိုပညာရှင်ကြီးများ ကဗျာဉာဏ်ကွန့်မြူးပြီး ထူးကဲစွာ ရာသီဘွဲ့မှတ်တမ်းပြုခဲ့သည့် သီတင်းကျွတ်လရာသီတွင် မြန်မာမှုရာသီပန်းတစ်မျိုးဖြစ်သော ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာပုဏ္ဍရိက် (ကြာတံဆိပ်)၊ ပဒုမ္မာကြာဆိုတဲ့ ကြာမျိုး (၅) ပါးတို့ စုံညီစွာ ပွင့်ကြသည့်လရာသီ ဖြစ်ပါသည်။

ဤသို့ ကြာမျိုး (၅) ပါး စုံညီစွာ လှိုင်လှိုင်ကြီးပွင့်လာတဲ့အခါမှာ ကျန်းမာရေးအတွက် ဆေးဖက်ဝင် အစွမ်းထက်အာနိသင်ထူးရှိသော ကြာဝတ်ဆံ အထူးသဖြင့် ပဒုမ္မာကြာပွင့်၏ ဝတ်ဆံများကို စနစ်တကျသိမ်းဆည်းစုဆောင်းကြရပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏ ကမ္ဘာဦးပန်းဟု တင်စားသမုတ်အပ်သော ပဒုမ္မာကြာပင်သည် လူသားတို့အကျိုးကို ထူးကဲစွာ သယ်ပိုးရှာပါသည်။ ပဒုမ္မာကြာရွက်နုကို ကြာဖက်မုန့် (မုန့်ဖက်ထုပ်) ကဲ့သို့သော စားသောက်စရာအဖြစ် ကြာရွက်ရနံ့လေးသင်းသင်းနှင့်နှုတ်ခံတွင်းတွေ့လှပါသည်။

ပဒုမ္မာကြာရိုးကိုတော့ ကြာချည်ငင်ယူပြီး မြန်မာတို့၏ အမြတ်ဆုံး ကြာသင်္ကန်းရက်လုပ်လှူဒါန်းပူဇော်မှုအထူးပြု လှူဒါန်းနိုင်ပြီး နိဗ္ဗာန်အကျိုးအထိ သယ်ပိုးနိုင်ပါသည်။

ပဒုမ္မာကြာပွင့်မှ ကြာဝတ်ဆံ၊ ကြာသီးဆံနှင့် ကြာပင်မှ ကြာစွယ်၊ ကြာမြစ်တို့တိုင်အောင် လူသားတို့ ကျန်းမာအသက်ရှည်ရေးအတွက် ဆေးအဖြစ်ပေးအပ်ခဲ့ပါသည်။



ကြာတစ်ပင်လုံးကို ကျန်းမာရေးအတွက် ဆေးဖက်ဝင်အသုံးပြုနိုင်ပါသော်လည်း ယခု စာရေးသူ အထူးပြုတင်ပြမှာကတော့ ပဒုမ္မာကြာစွယ်၏ ဆေးဖက်ဝင်အစွမ်းသတ္တိထူးဖြင့် -

ရောဂါလည်းပျောက်၊ လှပလည်းလောက်အောင် အရသာစုံလင်သည့် ဆေးဖက်ဝင်ဟင်းလျာချက်နည်းစနစ်များကို တင်ပြပေးပါမည်။

တကယ်တော့ ကြာစွယ်၊ ကြာရိုး၊ ကြာဝတ်ဆံနှင့် ကြာသီးအဆန်တို့ကို တရုတ်လူမျိုးများက လွန်ခဲ့သော နှစ်ပေါင်း (၃၀၀၀) ကျော် တရုတ်ဧကရာဇ်ဘုရင်များလက်ထက်ကတည်းက စတင်၍ ဆေးဖက်ဝင်အပင်အဖြစ် စတင်စားသုံးခဲ့ကြပါသည်။

ပဒုမ္မာကြာစွယ်သည် ခန္ဓာကိုယ်အတွက် အကျိုးပြုဓာတ်များစွာပါဝင်နေသော ဆေးဖက်ဝင်အစားအစာမျိုးဖြစ်သည့် အဖိုးတန်လျှို့ဝှက်ချက်ကိုသိရှိနေသော တရုတ်လူမျိုးများသည် ကြာစွယ်ကို ပုံစံအမျိုးမျိုးဖြင့် ဟင်းလျာစီမံချက်ပြုတ်၍စားသုံးကြသည်မှာ ရှေးနှစ်ပေါင်းများစွာကတည်းကပင် ဖြစ်သည်။

**▫ကြာစွယ်တွင်ပါဝင်ဖွဲ့စည်းနေသောဓာတ်များ**

ဗီတာမင် B, $B_2$, Vit C, ကယ်လ်စီယမ်၊ မီးစုန်းဓာတ်၊ ခယ်လီယမ်၊ မဂ္ဂနီဆီယမ်၊ ဆိုဒီယမ်၊ တင်းနစ်အက်စစ်၊ ကာဗိုဟိုက်ဒရိတ်၊ သံဓာတ်နှင့် နှလုံးကို အကျိုးပြုစေသော ဓာတ်များပါဝင်နေပါသည်။

**▫ကြာစွယ်၏ဆေးဖက်ဝင်အစွမ်းသတ္တိများ**

ကြာစွယ်၏ ပင်ကိုသဘာဝသတ္တိမှာ အအေးဓာတ်ဦးစီးပြီး အရသာမှာ ချိုမြ၍မွှေးသက်သက်ရှိကာ သရက်ရွက်၊ အဆုတ်၊ နှလုံးနှင့် သည်းခြေအပူဓာတ်ကိုငြိမ်းစေပြီး စွမ်းအင်ကို ဖြည့်ဆည်းပေးပါသည်။

ကြာစွယ်တွင် သံဓာတ်ပါဝင်မှု နှုန်းများသောကြောင့် သံဓာတ်ချို့တဲ့၍ သွေးအားနည်းသူများအတွက် အလွန် သင့်တော်ပါသည်။

Vit C နှင့် ဆယ်လူးကို့စ်ဓာတ် ပမာဏများစွာ ပါဝင်နေ၍ အသည်း ရောင်ခြင်း၊ ဝမ်းချုပ်ခြင်း၊ အပူဝမ်းသွား ခြင်း၊ အပူဓာတ်များ၍ အားနည်းပိန် သူများ၊ သုတ်အပူအောင်းပြီး ပန်းသေ ပန်းညှိုးသူများ၊ မီးယပ်သွေးခန်းခြောက် သူများ၊ ရေဓာတ်ခန်းခြောက်သူများ အတွက် လွန်စွာအကျိုးပြုပါသည်။

ကြာစွယ်၏ အေးမြသည့် သ... ဂုဏ်စွမ်းရည်ကြောင့် နှာခေါင်းသွေး... ခြင်း၊ မီးယပ်သွေးလွန်ခြင်း၊ ချောင်း... သွေးပါ၊ သွေးဝမ်းသွားသူများ၊ ခန္ဓာကို... တွင်း သွေးယိုသည့်ရောဂါများကိုနိုင်န... စွာ ပျောက်ကင်းစေပါသည်။

နှုတ်ခံတွင်းပျက်သူ၊ အစား... အားနည်းသူများ၊ သရက်ရွက်ဓာတ်... အားနည်းသူများကို အထောက်အကူ... ပါသည်။

ကြာစွယ်တွင် တင်းနစ်အက်... ဓာတ်လုံလောက်စွာပါဝင်နေခြင်းကြော... သွေးကြောများ၏လုပ်ငန်းကို ထိန်း... ပေးပြီး သွေးတိတ်စေခြင်း၊ သွေး... စေခြင်း၊ သွေးကျဲခြင်း၊ သွေးပျ... စသည်တို့ကို ကာကွယ်ထိန်းညှိပေး... သည်။

ခန္ဓာကိုယ်တစ်ခုလုံး၏အပူကို... စေပြီး ခံတွင်းကိုကောင်းသောအ... များကို ပေးစွမ်းစေ၍ မီးယပ်သွေး... သွေးခိုးပြန်၍ ပူလောင်ခြင်း... နိုင်နင်းပါသည်။



www.burmeseclassic.com


www.burmeseclassic.com

စိုးမင်း(မြောက်စည်း)

# ရွှေစက်တော်ထီးမှရသော ခါးလှည့်လက်ဖွဲ့

ခါးလှည့်ပညာသည် ရှေးနှစ်ပေါင်းများစွာမှ မြန်မာတို့သုံးစွဲလာကြသည်ထင်၏။ ခေတ်အတိအကျမသိသော်လည်း ယခုခါးလှည့်လက်ဖွဲ့သည် ရွှေစက်တော်ထီးတော်မှရသော လက်ဖွဲ့ဖြစ်၍ နှစ်ပေါင်းအတော်ကြာမည်ကို သိနိုင်၏။

ခါးလှည့်ပညာဘယ်နှမျိုးရှိသည်ကိုလည်း စာရေးသူ မသိပါ။ အဖွင့်နှင့်အပိတ် (၂) မျိုးသာ တွေ့ဖူးပါသည်။ ခါးလှည့်၏ လျှို့ဝှက်ချက်များအား ဆရာကြီးမှ အသေးစိတ် မဖော်ပြထားသလို အကြမ်းသဘောသာပြောပြဖူး၏။ လက်ဖွဲ့ထိုး၍ဆောင်ရန်အတွက်သာ ညွှန်ပြ၏။ သူ၏အကျိုးအလွန်များသော်လည်း စာရေးသူအနေဖြင့် မရေးရဲပါ။ မိမိသည်လည်း ပညာရှင်မဟုတ်သည့်အတွက် အတယ်ဆောင်ကြည့်မှသာ သူ၏အကျိုးအားသိနိုင်မည်ဖြစ်ပါသည်။ယခုခါးလှည့်



လက်ဖွဲ့သည် ရွှေစက်တော်ထီးတော်မှရသည်ဟု တိကျစွာဖော်ပြထား၍ မူရင်းအတိုင်း အတိအကျ ဖော်ပြပေးပါသည်။

စီရင်သည့်အခါ ပွဲပေးခြင်း၊ အဝင်နက္ခတ်ခပါဒ်ကြိမ်ရ၏။ အင်းစီရင်သကဲ့သို့ စီရင်ပါ။ လက်ဖွဲ့ပြီးလျှင် သမ္ဗုဒ္ဓေ (၁၀၀၀) စုတ် သို့မဟုတ် ရတတ်သမ္ဗုစုတ်၍ဆောင်ရ၏။ ဆောင်သည့်အခါ သရဏဂုံသုံးပါး၊ ဂုဏ်တော်ကိုးပါးနှိုး၍ဆောင်။ သူတစ်ထူးအား မငေါက်ရပါ။ ဒုက္ခရောက်တတ်ပါ၏။ သစ္စာရှိပါ၊ မေတ္တာထားပါ၊ ဉာဏ်ရှိသလိုသုံးပါ။

စုစုပေါင်း ခါးလှည့်လက်ဖွဲ့ (၁၆)ခုရှိပါသည်။ ကြိုးနှင့်သီ၍ဆောင်ပါ။

ပေါ်ကံရွှေစီးကုံဘုရားထီးတော်မှခါးလှည့်အား ဖော်ပြပါမည်။

စိုးမင်း (မြောက်စည်း)

---

အထက်ဖော်ပြပါ အစွမ်းသတ္တိအပေါင်းတို့နှင့်ပြည့်စုံနေသော ဆေးဖက်ဝင်ကြာစွယ်ကို -

စာဖတ်ပရိသတ်ကြီးတို့အတွက် 'အစာလည်းဆေး၊ ဆေးလည်းအစာ' ဆိုသကဲ့သို့ ရောဂါလည်းပျောက်၊ လျှာလည်းသောက်သည့် ဆေးဖက်ဝင် ဟင်းလျာချက်ပြုတ်သည့် နည်းစနစ်များကို ပြည့်စုံစွာ တင်ပြပေးပါမည်။

ပထမဦးစွာ ကြာစွယ်ကို သက်ကြီးရွယ်အိုများ မောပန်းနွမ်းနယ်၍ နှလုံးအားနည်းပြီး အားအင်ကုန်ခန်းသည့် ရောဂါများအတွက် -

'ကြာစွယ်၊ ဝက်နှလုံးနှင့် ရွှေဆိုင်းပေါင်းသည့် ဆေးဖက်ဝင် ဟင်းလျာ စီမံနည်း' ကို ဖော်ပြပါမည်။

ဤဆေးဖက်ဝင်ဟင်းလျာကို စီမံသောမည်ဆိုလျှင် လတ်လတ်ဆတ်ဆတ်ကြာစွယ်ကောင်းကောင်း (၃) ပိုင်းခန့်လိုအပ်ပါသည်။

ပြီးလျှင် ဝက်ပျို့ပေါက်တစ်ကောင်၏နှလုံးကို ရွေးချယ်၍သုံးပါ။ (ဝက်အိုများ၏နှလုံးကိုမသုံးရပါ။ နှလုံး၏အသားအမျှင်များမာကျော၍ကြမ်းတမ်းနေခြင်းကြောင့် ဖြစ်သည်။)

ရွှေအစစ် ရွှေဆိုင်း (၃) ရွက်လိုအပ်ပါသည်။ ဟင်းအမယ်ပစ္စည်းစုံပြီဆိုလျှင် ဝက်နှလုံးကို သန့်စင်ဆေးကြောပြီး ချင်းအရည်စားပွဲဇွန်း (၁) ဇွန်းနှင့် အတွင်း၊အပြင် နှံ့စပ်အောင်နယ်ပြီး (၁၅) မိနစ်ခန့် နှပ်ထားပါ။

ပြီးလျှင် ရွှေဆိုင်း (၃) ရွက်ကို ဝက်နှလုံး၏ အတွင်းဘက်တွင် ဖိကပ်၍ထားပါ။ ဆားဖျား၊ ဟင်းခတ်မှုန့်သင့်တော်ရုံထည့်ပြီး နာရီဝက်ခန့်နှပ်ထားပါ။ ကြာစွယ် (၃) ပိုင်းကို အပေါ်ခွံကိုသန့်စင်ပြီး ပါးပါးလှီး၍ ကြိတ်စက်ဖြင့် အနှစ်ဖြစ်အောင်ကြိတ်ထားပါ။

အားလုံးပြီးလျှင် ပရက်ရှာပေါင်းအိုးတွင်နှပ်ထားသောဝက်နှလုံးကိုထည့်ပြီး အပေါ်မှ ကြာစွယ်အနှစ်များလောင်းထည့်ပါ။ ပြီးလျှင် ရေနွေးဆူဆူကို ဝက်နှလုံးမြုပ်သည်အထိ ထပ်ဖြည့်ပြီး မိနစ် (၃၀) ခန့် ပေါင်းပါ။

အချိန်စေ့လျှင် ပေါင်းအိုးကို အအေးခံ၍ဖွင့်လိုက်လျှင် အရသာမွှေးပျံ့ထူးကဲနေသော ဆေးဖက်ဝင် ဟင်းလျာ ဆေးဓာတ်စာဟင်းကို စိတ်ကြိုက်သုံးဆောင်နိုင်ပါပြီ။

၎င်းဆေးဖက်ဝင်ဟင်းလျာသည် သက်ကြီးရွယ်အိုများနှင့် နာလန်ထစလူနာများအတွက် အထူးအားဖြည့်စွမ်းအားပေးသည့်ဟင်းလျာ ဖြစ်ပါသည်။

ကျန်းမာရေးအတွက် ဆေးဖက်ဝင်ဟင်းလျာတစ်ခွက်ကို စာရှုသူများကိုယ်တိုင်ချက်ပြုတ်နိုင်ကြပါလိမ့်မည်။

ရှေ့လများတွင် ကြာစွယ်နှင့် စီမံချက်ပြုတ်နိုင်သော ဆေးဖက်ဝင် ဟင်းလျာများကို ဆက်၍တင်ပြပေးပါဦးမည်။

*သတ္တဝါအများစားသမျှအားဖြစ်၍ ကျန်းမာကြပါစေ*

ရွှေနဝင်း (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com



(မုဂ္ဂ)

# မောင်မောင်ချစ်ဦး

## ဆင်းရဲမှု၏ရလဒ်ဆိုး

ယခု စာရေးသူ ရေးသား တင်ပြမည့်အကြောင်းမှာ (---) ပြည်နယ်အတွင်းရှိ ဘာသာခြားများချည်းသာ နေထိုင်ကြသည့် ရွာသာယာရွာတွင် ထူးဆန်းစွာ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုပင် ဖြစ်သည်။ ထိုပြင် ထူးခြားသည်က ထိုရွာသာယာရွာသည် ရှေးယခင်က ဗုဒ္ဓဘာသာဝင် မြန်မာအများစုသာနေထိုင်ခဲ့ကြရာရွာဖြစ်ပြီး ဘာသာခြားလူမျိုးဟူ၍ ဆယ်ဂဏန်းပင် မရှိခဲ့သောရွာပင် ဖြစ်ပါသည်။

သို့သော် နှစ်ပေါင်းကြာလာသည့်အခါတွင်တော့ ရွာသာယာရွာတွင် ဆယ်ဂဏန်းမျှပင်မရှိခဲ့သော ဘာသာခြားဦးရေသည် တစ်စထက်တစ်စတိုးပွားများပြားလာသလို နှယ်ရာနှယ်ရာဘာသာခြားများပါ ရောက်ရှိနေထိုင်လာကြသဖြင့် ဘာသာခြားလူမျိုးများ လွန်စွာများပြားလာရာ ရွာလုံးပြည့်မျှဖြစ်၍လာပါတော့သည်။

ထိုအခါ မိဘဘိုးဘွားဘီဘင်ရှေးယခင်ကာလကတည်းက အခြေကျနေထိုင်လာခဲ့ကြသော ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများမှာ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ရွာသာယာရွာတွင် ဆက်လက်၍ နေထိုင်နိုင်စွမ်းမရှိကြတော့ဘဲ ရေကြည်ရာ မြက်နုရာ အရပ်ဒေသများသို့ တစ်စတစ်စပြောင်းရွှေ့ကုန်ကြတော၏။ ထိုအခါ ရှေးယခင်ကာလက ဗုဒ္ဓဘာသာ မြန်မာတိုင်းရင်းသားလူမျိုးများချည်းသာ နေထိုင်ခဲ့ကြသော ဘာသာခြားလူမျိုးဟူ၍ ဆယ်ဂဏန်းမျှပင်မရှိခဲ့သည့် ရွာသာယာရွာလေးတွင် ဗုဒ္ဓဘာသာမြန်မာတိုင်းရင်းသားဟူ၍ တစ်ဦးတစ်ယောက်မျှပင်မရှိကြတော့ဘဲ ဘာသာခြားလူမျိုးများချည်းသာနေထိုင်ကြသော ရွာသာယာဖြစ်… သွားပါတော့သည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင် မြန်… တိုင်းရင်းသားများသာ သီးသန့်နေထိုင်… သောရွာအဖြစ်မှ ဘာသာခြားလူမျိုး… ချည်းသာ သီးသန့်နေထိုင်ကြသော … အဖြစ်သို့ ထူးခြားစွာပြောင်းလဲခြင်း… အဓိကတရားခံမှာ ဗုဒ္ဓဘာသာဝင်မြန်… တိုင်းရင်းသားလူမျိုးများဆင်းရဲမှုကြော… ပင်ဖြစ်ကြောင်း သိရှိရပါသည်။

ဤရွာသာယာရွာလေး၏ဘာသာ… ခြားများလွှမ်းမိုးလာမှုနှင့် ထူးဆန်းအံ့… ဖွယ် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်… ကလေးမှာ ဤသို့ဖြစ်ပါသည်။

❑

ကျွန်တော့်ဦးစီးသည့် …



www.burmeseclassic.com

www.burmeseclassic.com



သည် (---) ပြည်နယ်၏ တစ်စိတ်တစ်နေရာရှိ ကျေးရွာများသို့ လုံခြုံရေးအရ တိုက်ကင်းလှည့်ကင်းများ ဆောင်ရွက်နေရပါသည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် တပ်စုအလှည့်ကျဖြစ်သည်။ ယခုတော့ ကျွန်တော်ဦးစီးသည့်တပ်စုအလှည့်ပင်ဖြစ်သည်။ တစ်ခါတစ်ခါ တိုက်ကင်း၊ လှည့်ကင်းများဆောင်ရွက်ရာတွင် ရိက္ခာ (၃) ရက်စာ ကျောပိုးအိတ်ထဲထည့်၍ သုံးညအိပ်လေးရက်ဖြစ်ပါသည်။

ဤသို့လှည့်လည်လှုပ်ရှားရင်းဖြင့် တစ်နေ့တွင်တော့ ဘာသာခြားများချည်းသာနေထိုင်သည့်ရွာသို့ရောက်ရှိ၍လာပါသည်။ ထိုရွာသည် ရွာသာယာအမည်ရှိရွာပင် ဖြစ်သည်။

ကျွန်တော်တို့တပ်စုရောက်ရှိသည့်အချိန်မှာ ညနေဖြစ်၍ ဤရွာသာယာရွာတွင်ပင် ညအိပ်ရပ်နားရန် ဆုံးဖြတ်လိုက်ပါသည်။ ညအိပ်ရပ်နားရန်အတွက် တပ်စုတပ်ကြပ်ကြီးမြအေးကိုပြောလိုက်သည်။ ညအိပ်ရပ်နားစခန်းချသည်ဆိုသော်လည်း ရွာအတွင်းရှိ ရွာသူရွာသားများ၏နေအိမ်များတွင် တည်းခိုကြသည်မဟုတ်ပေ။ ရွာပြင်ရှိ သစ်ပင်ကြီးများအောက်တွင်သာဖြစ်သလို ပလတ်စတစ်တဲထိုး၍ စခန်းချခြင်း ဖြစ်သည်။

ဤရွာသာယာရွာသည် ဘာသာခြားလူမျိုးများချည်းသာ နေထိုင်ကြသည့်ရွာဖြစ်၍လားမသိ ရွာပြင်ဘက်တွင် အများသူငှာ တည်းခိုနားနေရန် ဇရပ်၊ တန်ဆောင်းများ လုံးဝမရှိပေ။ ထို့ကြောင့်လည်း ကိုယ်ဘာသာကိုယ်ပင် ဖြစ်သလိုတဲထိုး၍စခန်းချရပါတော့သည်။ ရွာလူကြီး (ဥက္ကဋ္ဌ) ကတော့ လိုက်လံပျူငှာစွာပင် လာရောက်မိတ်ဆက် နှုတ်ဆက်ပြီး ရွာတွင်းရှိအိမ်များတွင် တည်းခိုရန်ပြောလာပါသည်။

"ဗိုလ်ကြီးတို့ရယ်၊ ရွာထဲမှာပဲ တည်းပါလားဗျာ။ ကျွန်တော် စီစဉ်ပေးပါ့မယ်"

"ဟာ - ရပါတယ် ဥက္ကဋ္ဌကြီးရာ။ ခုလို့ပြောတာကိုပဲ ကျေးဇူးတင်လှပါပြီဗျာ"

"မဟုတ်ပါဘူး ဗိုလ်ကြီးရယ်၊ ရွာထဲမှာပဲတည်းပါဗျာ။ ဘာမှအားနာစရာမရှိပါဘူးဗျာ"

"ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌကြီးရယ်။ အားနာလို့မဟုတ်ပါဘူးဗျာ၊ လုံခြုံ



www.burmeseclassic.com

www.burmeseclassic.com

ရေးအရမို့ပါ။ နောက်တော့ ဉက္ကဋ္ဌကြီး ဆန္ဒရှိတဲ့အတိုင်းတည်းပါ့မယ်။ ဒီတစ်ခါ တော့ ခွင့်လွှတ်ပါဗျာ"

"ဟုတ်ပါပြီ၊ ဗိုလ်ကြီးတို့ရဲ့လုပ်ငန်း အရဆိုတော့လည်း ရှိပါစေတော့လေ။ လိုအပ်တာရှိရင်တော့ အားမနာတမ်း ပြောပါဗျာ"

"ဟုတ်ကဲ့ပါ ဉက္ကဋ္ဌကြီး"

ရွာသာယာရွာဉက္ကဋ္ဌသည် စိတ်ထဲ ကပါသည်၊ မပါသည်ကို ခန့်မှန်းရခက် သော်လည်း နှုတ်အားဖြင့်တော့ လွန်စွာ လူမှုဝတ္တရားကျေပွန်သူတစ်ယောက်ပင် ဖြစ်သည်။ အပြောကောင်းမနေ့ကောင်း ဟူ၍တော့ အကြမ်းဖျင်း သုံးသပ်မိလိုက် ပါသည်။ ဉက္ကဋ္ဌသည် ကျွန်တော်နှင့် အတန်ကြာအောင် အာလာပသလ္လာပ ပြောဆိုပြီး နှုတ်ဆက်၍ပြန်သွားပါသည်။

ညတွင်တော့ တပ်စုတပ်ကြပ်ကြီး မြအေးအား ကင်းများစနစ်တကျချရန် နှင့် စစ်ဆေးရန် ညွှန်ကြားပြီး တပည့် ကျော် အကူရဲဘော်ပိစိ ပြင်ဆင်ထား သော မြေကြီးပေါ်တွင်ခင်းထားသည့် ပလတ်စတစ်အိပ်ရာပေါ်သို့ အိပ်ရာဝင် ခဲ့ပါသည်။ မညီညာသောမြေကြီးပေါ် တွင်ခင်းထားသည့် ပလတ်စတစ်အိပ်ရာ ကြောင့် မသက်မသာဖြစ်ရပါသည်။

သို့သော် တစ်နေ့လုံး ပင်ပန်းစွာ သွားလာရ၍လားမပြောတတ်။ ပလတ် စတစ်အိပ်ရာခင်းဖြစ်သော်လည်း ဖိမ်ကျ စွာပင် အိပ်မောကျခဲ့ပါသည်။ မိုးတွင်း ကာလများတွင် မိုးထဲရေထဲ စိုစိုစွတ်စွတ် အိပ်ခဲ့ရသည်နှင့်စာလျှင်တော့ များစွာမှ ပင် တော်သေးသည်။ ယခုလို ခြောက် ခြောက်သွေ့သွေ့ အိပ်ရာသည်က ဖဲမွေ့ရာ ပေါ်တွင် အိပ်စက်ရသည့်အလား စိတ် ထဲထင်မိပါသည်။စစ်သားဆိုတော့လည်း ဒီလိုပါပဲလေ။

"ဗိုလ်ကြီး၊ ဗိုလ်ကြီး"

မည်မျှအိပ်မောကျသွားသည်မသိ ပါ။ ကျွန်တော့်အား နိုးလာသောအသံ ကြောင့် အလေ့အကျင့်ဖြစ်နေသော စစ်သားဖြစ်နေသည့်အတိုင်း ရုတ်ခြည်း ထထိုင်ကာ ကာဘိုင်သေနတ်ကိုဆွဲယူ လိုက်သည်။

"ဘယ်သူလဲ"

ညအမှောင်ကြောင့်လည်းဖြစ်၊ အိပ်ရာမှ အိပ်ချင်မူးတူးထလာရသည် လည်းဖြစ်ခြင်းကြောင့် ကျွန်တော့်အား လာနိုးသည်မှာ မည်သူမည်ဝါမှန်းမသိ၍ မေးလိုက်ရခြင်းပင် ဖြစ်ပါသည်။

"ကျွန်တော်ပါဗိုလ်ကြီး၊ မြအေးပါ"

"ဪ-ဆရာကြီးမြအေးပါလား၊ ဆို ကျွန်တော့်ကိုနိုးရတဲ့အကြောင်းက"

"ဒီလိုပါ ဗိုလ်ကြီး။ တောင်ကုန်း ပေါ်က ထူးခြားတဲ့အလင်းရောင်တွေ့လို့ ဆိုပြီး ကျွန်တော့်ကိုလာနှိုးလို့ ဗိုလ်ကြီးကို ဆက်ပြီးလာနှိုးသတင်းပို့တာပါ ဗိုလ်ကြီး"

"ဗျာ - အလင်းရောင်တွေဟုတ် လား ဆရာကြီး"

"ဟုတ်ပါတယ် ဗိုလ်ကြီး၊ အလင်း ရောင်မှ တစ်ရောင်တည်းတောင်မဟုတ် ပါဘူး၊ ရောင်စုံကိုထွက်နေတာပါ။ ပြီး . . . ပြီးတော့"

"ရပြီ - ဆရာကြီး၊ သွားကြည့်ရ အောင်"

တပ်ကြပ်ကြီးမြအေး၏ စကားကို ဖြတ်ပြောလိုက်ပြီး ကျည်ခါးပတ်ဆွဲပတ် ၍ နေရာမှအပြင်သို့ထွက်လာခဲ့သည်။ တပ်ကြပ်ကြီးမြအေးလည်း မည်သို့မျှ ပြောကြားခြင်းမရှိတော့ဘဲ ကျွန်တော့် နောက်မှလိုက်လာခဲ့ပါသည်။

"ဟို . . . ဟိုမှာပါ ဗိုလ်ကြီး"

တပ်ကြပ်ကြီးမြအေး ညွှန်ပြရာသို့ ကြည့်လိုက်သောအခါ တောင်ကုန်းထိပ် တွင် ရောင်စုံအလင်းများဖြာထွက်နေ သည်ကို ထူးဆန်းစွာတွေ့မြင်ရပါသည်။ အံ့ဩဖွယ်ရာပင်ဖြစ်သည်။ ကျွန်တော့် လိုပင် အကြပ်စစ်သည်များမှာလည်း-

"ဟင်"

"ဟာ"

"အလိုလေး"

စသော အာမေဍိတ်သံများထွက် ပေါ်နေသည်အထိ အံ့ဩနေကြသည်။ ထိုရောင်စုံအလင်းရောင်များဖြာထွက်နေ သောတောင်ကုန်းမှာ ယခု ကျွန်တော်တို့ တပ်စုစခန်းချနေသောနေရာနှင့် သိပ် မဝေးလှပါ။ လွန်ရောကျွံရော ကိုက် (၁၅၀)ခန့်သာရှိပါမည်။ ထိုတောင်ကုန်း အမြင့်မှာ ကျွန်တော်တို့စခန်းချညအိပ် ရာနေရာကို အပေါ်စီးမှစိုးမိုးထား၍ စစ်သဘောအရဆိုလျှင် သဘာဝမကျ သောအနေအထားပင်ဖြစ်သလို တပ်စုမှူး ဖြစ်သူ ကျွန်တော်၏တပ်စုနေရာချထား မှု (တစ်နည်းအားဖြင့်) မြေပြင်စိုးမိုးမှု ညံ့ဖျင်းရာလည်းကျ၍နေပါသည်။

သို့သော် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များ လုံးဝမရှိသော အဖြူရောင် နယ်မြေဖြစ်၍ အဆင်ပြေသောနေရာ တွင်ပင် ညအိပ်ရပ်နားစခန်းချမိခြင်းပင် ဖြစ်ပါသည်။

"ဗိုလ်ကြီး၊ ဒါဟာမြတ်စွာဘုရားရဲ့ ရောင်ခြည်တော်ပဲ"

နောက်ကျောဆီမှ အသံကြောင့် လှည့်ကြည့်လိုက်ရာ ဒုတပ်ကြပ် မောင်မောင်ကို တွေ့လိုက်ရပါသည်။

"ဘယ်လို - ဆရာမောင်မောင်"

"မြတ်စွာဘုရားရဲ့ရောင်ခြည်တော် လို့ပြောတာပါ ဗိုလ်ကြီး"

"ဗျာ - ရောင်ခြည်တော်"

ဒုတပ်ကြပ်မောင်မောင်၏ ရောင် ခြည်တော်ဟူသောစကားကြောင့် များစွာ မှပင်အံ့ဩ၍သွားမိပါသည်။ ဒုတပ်ကြပ် မောင်မောင်ပြောသည့် မြတ်စွာဘုရား ၏ရောင်ခြည်တော်ဆိုသည်မှာ ဖြစ်နိုင် ပါသည်။ ဒုတပ်ကြပ်မောင်မောင်မှာ ငယ်စဉ်မှစ၍ သင်္ကန်းဝတ်ခဲ့သူဖြစ်ပြီး ရဟန်းဝါ(၂)ဝါရပါမှ မပျော်ပိုက်၍ဆ... ကာ သင်္ကန်းချွတ်၍ တပ်မတော်ထဲသို့ ဝင်ခဲ့သော ဘုန်းကြီးလူထွက်ပင် ဖြစ် သည်။

ထို့ကြောင့် ဒုတပ်ကြပ်မောင်မောင် သည် ဘာသာရေးနှင့်ပတ်သက်လာလျှင် ထဲထဲဝင်ဝင်နေခဲ့ဖူးသူဖြစ်၍ ကျွမ်းကျင် သည်။ ဘာသာရေးကိစ္စရပ်များနှင့်ပတ် သက်လာလျှင် ဒုတပ်ကြပ်မောင်မောင် ကိုပဲဆရာတင်နေရပါသည်။ ယခုလည်း တောင်ကုန်းပေါ်မှ ရောင်စုံအလင်းများ ဖြာထွက်နေသည်ကို မြတ်စွာဘုရားရှင် ၏ ရောင်ခြည်တော် ဟူ၍ပြောလာပါ သည်။

"ဆရာမောင်မောင်၊ ဒီရောင်စုံ အလင်းရောင်တွေက မြတ်စွာဘုရားရဲ့ ရောင်ခြည်တော်ဆိုတာ ဟုတ်ရဲ့လား ဗျာ"

"ဟုတ်ပါတယ် ဗိုလ်ကြီး၊ ဒါဟာ မြတ်စွာဘုရားရှင်ရဲ့ဆံတော်တို့၊ ဓာတ် တော်မွေတော်တို့ကိုဌာပနာထားတဲ့ ... ပွားတော် စေတီတော်ကနေပြီးလွှတ်တဲ့ ရောင်ခြည်တော်ပါပဲ ဗိုလ်ကြီး"

"အို-မြတ်စွာဘုရားရဲ့ရောင်ခြည် တော်မှန်း ဘယ်လိုသိလို့အခုလိုအတိ အကျပြောနိုင်ရတာလဲဗျာ"

"ဒီလိုပါ ဗိုလ်ကြီး။ မြတ်စွာဘုရား ရဲ့ ရောင်ခြည်တော်အရောင်ဒါဝါဟာ ညို-ရွှေ-နီ-ဖြူ-မောင်း-ပြိုးပြိုးပြက်ဆိုပြီး ခြောက်ပါးရှိပါတယ်။ အခုမြင်ရတဲ့ရောင် ခြည်တော်ကိုပဲကြည့်ပါ။အရောင်တစ်မျိုး တည်းမဟုတ်တာကို တွေ့ရသလို ရောင် ခြည်တော်ရဲ့အရောင်အဝါဟာ တခြား အရောင်တွေနဲ့ မတူပါဘူး။ ဒါကြောင့် မြတ်စွာဘုရားရဲ့ ရောင်ခြည်တော်လို့ ပြောနိုင်တာပါ ဗိုလ်ကြီး"

"ဆရာမောင်မောင် ပြောတာ... တော့ ကျွန်တော် မငြင်းလိုပါဘူး... ဒါပေမယ့်လည်း အဲဒီတောင်ကုန်း... မှာ ဗုဒ္ဓဘာသာနဲ့ပတ်သက်လို့ ဘာမှ...



www.burmeseclassic.com

www.burmeseclassic.com

ရှိဘဲ မြေပြင်ပဲသက်သက်ရှိနေတာ ဘယ်လိုကဘယ်လို ရောင်ခြည်တော် လွှတ်ရတာလဲဗျာ"

"ဒါတော့ ကျွန်တော်လည်း စဉ်းစားမရအောင်ဖြစ်နေမိပါတယ် ဗိုလ်ကြီး၊ တစ်ခုတော့ရှိပါတယ် ဗိုလ်ကြီး။ ကျွန်တော့်ရဲ့ အထင်ပေါ့လေ၊ မြတ်စွာဘုရား ရုပ်ပွားတော်များဟာ မြေကြီးထဲမှာများ ကိန်းအောင်းနေသလားလို့"

ဒုတပ်ကြပ်မောင်မောင်၏ထင်မြင်ယူဆချက်ကို မည်သို့မျှဝေဖန်မှတ်ချက် ချခြင်းမပြုလိုပါ။ (ပြုရန်လည်း ဉာဏ်မမီပါ။) ဒုတပ်ကြပ်မောင်မောင်ကား ဘာသာရေးနှင့်ပတ်သက်၍ ထဲထဲဝင်ဝင် ရှိသူဖြစ်၍ သူ၏ထင်မြင်ယူဆချက်သည် မှန်ပါလိမ့်မည်။ သိ၍နားလည်၍ ပြောခြင်းပင်ဖြစ်ပါမည်။

ဒုတပ်ကြပ်မောင်မောင်၏ထင်မြင် ယူဆချက်စကားအရဆိုလျှင် ဗုဒ္ဓရုပ်ပွား တော်များသည် တောင်ကုန်း၏မြေကြီး ထဲတွင် ကိန်းဝပ်စံပယ်နေပါလိမ့်မည်။ မည်သို့မည်ပုံဖြစ်၍ ဗုဒ္ဓရုပ်ပွားတော်များ မြေကြီးထဲသို့ရောက်သွားသည်ကိုတော့ မသိရှိရပေ။ သို့သော်လည်း မြေကြီးထဲမှ ထဖော်၍ မြေပြင်ပေါ်သို့ ပင့်ဆောင် ထားသော ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သူ ကျွန်တော့်တွင် တာဝန်ရှိနေပြီဟူ၍ မိမိ ကိုယ်ကိုမိမိခံယူလိုက်မိပါသည်။

ထို့ပြင် ဤဖြစ်ရပ်မှာ နယ်မြေ၏ ထူးခြားဖြစ်စဉ်ဖြစ်၍ ချက်ချင်းပင် တပ်ခွဲ ရှိ ၁၅၆-ဆက်သွယ်ရေးစက်မှ အာ(ရ်) ဖြင့် အကြောင်းစုံ တင်ပြလိုက်ရပါ သည်။ (ထိုစဉ်ကာလ (၁၅၆)ဆက်သွယ် ရေးစက်ကိုသာသုံးစွဲနေပြီး တပ်ခွဲမှူး၏ အစဉ်ဖြင့် (၁၅၆)ဆက်သွယ်ရေး စက်နှင့် ဆက်သွယ်ရေးတပ်သားတစ် ယောက်ထည့်ပေးလိုက်၍ ယခုကဲ့သို့ တပ်ခွဲရုံးသို့ မြန်မြန်ဆန်ဆန် ဆက်သွယ် နိုင်ခြင်းပင်လျှင်ဖြစ်ပါသည်။)

တပ်ခွဲမှူးမှလည်း ဤထူးခြားဖြစ် စဉ်ကို ရှေ့တန်းရုံးသို့ချက်ချင်းတင်ပြသွား မည်ဖြစ်ကြောင်းနှင့် နောက်ထပ်အမိန့် ညွှန်ကြားချက်တစ်ရာမရမချင်း ယခုရွာသာယာ ကုန်းပေါ်တွင် အခြေပြုထားရန် နှုတ်မိန့်ဖြင့်ညွှန် ကြားလာပါသည်။

ကျွန်တော့်မှာ တပ်ခွဲမှူး၏ညွှန် ကြားချက်ကိုကြားရ၍ ဖိုးကျိုင်းတုတ်ဖြစ် သွားပါသည်။အဘယ်ကြောင့်ဆိုသော် နယ်မြေသည် (ယခုအခေါ်)တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့များမရှိသော အဖြူရောင်နယ်မြေဖြစ်သော်လည်း နယ် မြေလုံခြုံရေးအရ လှုပ်ရှားသွားလာရ

သည်မှာ များစွာမှပင် ပင်ပန်းရပါသည်။ ထို့ကြောင့် ကျွန်တော်နှင့်တပ်စုရှိအကြပ် စစ်သည်များအားလုံး တစ်ရက်တလေမျှ အနားယူချင်နေပါသည်။ ယခုနားရမည် ဖြစ်၍ ဖိုးကျိုင်းတုတ်ဖြစ်သွားရခြင်းပင် ဖြစ်သည်။

ထို့ပြင် အကယ်၍သာ ဒုတပ်ကြပ် မောင်မောင်ပြောကြားသည့်အတိုင်းသာ ရောင်ခြည်တော်လွှတ်သည်မှာ မြေကြီး ထဲတွင် ကိန်းအောင်းနေသော ဗုဒ္ဓ၏ ဆင်းတုတော် ရုပ်ပွားတော်များသာဖြစ် သည်ဆိုလျှင် ကျွန်တော်သည် ဘုရား ဒကာတစ်ယောက် မဟုတ်သော်လည်း ပေါ်တော်မူဒါယိကာတစ်ယောက်တော့ ဖြစ်နိုင်လိမ့်မည်ဟု ထင်မိပါသည်။

ဝမ်းသာနေ၍ တော်တော်နှင့်ပင် အိပ်၍မပျော်နိုင်အောင်ပင်ဖြစ်နေပါတော့ သည်။

❑

ကျွန်တော့်မှာ (မကောင်းသော အကျင့်ဟူ၍များပြောရမည်လားမသိ) အကျင့်တစ်ခုရှိသည်။ ထိုအကျင့်မှာ ည တွင် မည်မျှပင်အိပ်ရေးပျက်ပျက် မနက် စောစောနိုးလေ့ရှိခြင်းပင် ဖြစ်ပါသည်။

ယခုလည်း မနက်စောစောပင်နိုး ၍နေပါသည်။ ဆက်၍မအိပ်ချင်တော့ သည်နှင့် အိပ်ရာမှထပြီး ကိုယ်လက် သန့်စင်လိုက်သည်။ ပြီးသည်နှင့် တပည့် ကျော် ပိစိ ဖျော်တိုက်သော လက်ဖက် ရည်တစ်ခွက်ကို ဇိမ်ယူ၍သောက်နေစဉ် မှာပင် ဆက်သွယ်ရေးတပ်သားရောက် လာပါသည်။

"ဗိုလ်ကြီး၊ တပ်ခွဲရုံးက အာ(ရ်)တီ နဲ့ညွှန်ကြားလာပါတယ်"

"အေး - ပြော၊ ဘာတဲ့လဲ"

"အခုပဲတပ်ခွဲမှူးရော တပ်ရင်းမှူး ပါ ကားနဲ့ထွက်လာပြီတဲ့။ မြို့နယ်က လူကြီးတွေရော ဘုန်းတော်ကြီးတွေပါ ပါလာတာမို့ လုံခြုံရေးလုပ်ထားပါတဲ့။ ပြီး တော့ ရွာဥက္ကဋ္ဌနဲ့လူကြီးများကိုပါခေါ် ထားပါတဲ့။ ညကရောင်ခြည်တော်လွှတ် တယ်ဆိုတဲ့နေရာကို တူးဖော်မှာမို့ ပြင် ဆင်ထားပါတဲ့ ဗိုလ်ကြီး"

"ဟေ - အေး၊ အေး"

ဆက်သွယ်ရေးတပ်သား၏စကား ကြောင့် ရင်ထိတ်စိုးရိမ်၍သွားမိပါသည်။ အသက်ရှူမှုများပင် မှားမတတ်ခံစားမိ လိုက်ပါသည်။

အမှန်တော့ ကျွန်တော့်မှာ နယ် မြေ၏ထူးခြားဖြစ်စဉ်ကို (သာမန်မျှသာ သဘောထား၍) တင်ပြခြင်းသာ ဖြစ်ပါ

သည်။ ယခုလို ကြီးကျယ်သွားမည်ဟူ၍ မထင်မိပေ။

ယခုတော့ တပ်ခွဲမှူးသာမက အဘတပ်ရင်းမှူးပါ ကျွန်တော်၏တင်ပြ မှုကို ယုံကြည်၍ ကားဖြင့်ထွက်လာနေ ပေပြီ။ မိမိတပ်၏အကြီးအကဲများသာ မက ဘုန်းတော်ကြီးများ၊ မြို့နယ်မှလူကြီး များပါ ပါရှိလာကြပေပြီ။

အကယ်၍သာ -

ဗုဒ္ဓရုပ်ပွားတော်များရှိသည်ဟုခန့် မှန်းသောတောင်ကုန်းကို မည်သို့ပင်တူး တူး မြေကြီးထဲမှ ဘာမှမတွေ့ဟုဆိုလျှင် ကျွန်တော့်မှာ မည်သည့်အနေအထား နှင့် မျက်နှာပြရပါမည်နည်း။ အရှက်ကွဲရ မည်သာဖြစ်သည်။ များစွာမှပင် မျက်နှာ ပျက်စရာဖြစ်တော့မည်ဖြစ်သည်။

အဘတပ်ရင်းမှူး၏ ဩဘာပေး ခြင်းကိုလည်းခံရမည်။ ထို့ပြင် မိမိ၏ ဆရာသမားဖြစ်သော တပ်ခွဲမှူး၏အံပြစ် ပေးမှု (နောက်ထပ် ရိက္ခာ (၃) ရက်စာ ထုတ်၍ နယ်မြေလုံခြုံရေးဆောင်ရွက်ပါ ဆိုတာမျိုး) ကိုလည်း မလွဲမသွေခံရမည် မှာ မုချပင်ဖြစ်သည်။

သို့သော် ယခုတော့ မည်သို့မျှ မတတ်နိုင်တော့ပါ။ အားလုံးလွန်ကုန်ပြီ ဖြစ်သည်။ နောက်ဆုံးတော့ တောင်ကုန်း ၏မြေကြီးထဲတွင် ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်နေပါစေ ဟူသော ဆုတောင်းမှု မှတစ်ပါး အခြားမရှိတော့ပါပြီ။

ထိုသို့စဉ်းစားပြီးသည်နှင့် တပ်စု တပ်ကြပ်ကြီးမြအေးကိုခေါ်၍ အကျိုး အကြောင်းပြောပြကာ ချက်ချင်းပင် ဆောင်ရွက်စေပါသည်။ဆရာကြီးမြအေး လည်း ချက်ချင်းပင် တပ်စိတ်မှူးများကို ညွှန်ကြားပြီး သူကိုယ်တိုင်ပင် ရွာထဲသို့ အပြေးအလွှားထွက်သွားပါသည်။ နာရီ ဝက်ခန့်မရှိတရှိတွင်တော့ ဆရာကြီး မြအေးနှင့်အတူ ဥက္ကဋ္ဌနှင့် လူကြီးသုံး၊ လေးယောက်ခန့် ရောက်ရှိလာပါသည်။ ကျွန်တော်လည်း ဥက္ကဋ္ဌနှင့်ရပ်ရွာလူကြီး များကိုကြိုဆို၍ ညအချိန်ကဖြစ်ရပ်ကို ပြောပြလိုက်ပြီး ထိုဖြစ်ရပ်ကို အကောင် အထည်ဖော်ရန် တပ်ရင်းမှူး၊ တပ်ခွဲမှူး၊ ဘုန်းတော်ကြီးများနှင့် မြို့နယ်မှလူကြီး များပါကားနှင့်ထွက်လာကြပြီဖြစ်ကြောင်း နှင့် ဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖလူကြီးများကို ခေါ်ထားပါဆို၍ ယခုလိုခေါ်ယူရခြင်း ဖြစ်ကြောင်း ရှင်းပြလိုက်သည်။

"ဗိုလ်ကြီး၊ ကျွန်တော်တစ်ခုပြော ပါရစေ"

ရွာလူကြီးထဲမှ အသက်အကြီး ဆုံးဖြစ်သည်ဟုထင်ရသော လူကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်က ထိုသို့ပြောခွင့်တောင်းလာပါသည်။

"ဟာ - ပြောပါ အဘ ပြောပါ။ ပွင့်ပွင့်လင်းလင်းသာပြောပါ အဘ"

"ဒီလိုပါ-ဗိုလ်ကြီး ခင်ဗျား၊ ကျွန်တော်ဟာ ဗိုလ်ကြီးတို့လို ဗုဒ္ဓဘာသာဝင် မဟုတ်ပေမယ့်လည်း ဗုဒ္ဓဘာသာကို လေ့လာဖူးပါတယ်။ အခုဗိုလ်ကြီးပြောတဲ့အတိုင်း ဒီတောင်ကုန်းပေါ်က ဘုရားရဲ့ ရောင်ခြည်တော်လွှတ်တယ်ဆိုတာ ဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဟိုးအရင် ကျွန်တော်ငယ်ငယ်တုန်းက ဒီတောင်ကုန်းပေါ်မှာ ဗုဒ္ဓဘာသာဘုရားနဲ့ဘုန်းကြီးကျောင်းရှိခဲ့ပါတယ်။ဒါကြောင့် ဖြစ်နိုင်တယ်လို့ပြောခြင်းဖြစ်ပါတယ်"

"ဟင် - ဟုတ်လား၊ နို့ - ခုတော့ ဘာသာရေးနဲ့ပတ်သက်လို့ ဘာတစ်ခုမှကို မမြင်ရတော့ပါလားဗျာ။ ဘာကြောင့်များပါလိမ့်"

"ဟို ဟို နှစ်ပေါင်းငါးဆယ်ကျော်ကျော် ခြောက်ဆယ်နီးပါး ကြာလာပြီဆိုတော့လည်း ရာသီဥတုရဲ့ဒဏ်ကြောင့် ယိုယွင်းပျက်စီးကုန်ရတာပေါ့ ဗိုလ်ကြီးရယ်"

ထိုကဲ့သို့ ပြောဆိုနေကြဆဲမှာပင် တပ်ရင်းမှူးပါသော ကား(၃)စီးဆိုက်ရောက်လာ၍ပြောလက်စကားများပြတ်သွားသည်။ကျွန်တော်လည်း တပ်ရင်းမှူးပါလာသောကားသို့ အပြေးအလွှားသွားပြီး အလေးပြုလိုက်ပါသည်။

"ဟေ့ - ဗိုလ်ချာတိတ်၊ မင်းကိစ္စ သေချာတယ်နော်"

ရုတ်တရက်ဖြစ်၍ တပ်ရင်းမှူးကြီးမှ မည်သည့်အကြောင်းအရာကို မူတည်၍မေးသည်ကို တိတိကျကျမသိရှိရသော်လည်း အပြေးအလွှားစဉ်းစားလိုက်သည့် အခါတွင်တော့ တောင်ကုန်းပေါ်မှဗုဒ္ဓ၏ ရောင်ခြည်တော်ကိစ္စကိုသာမေးခြင်းဖြစ်လိမ့်မည်ဟု ရုတ်ခြည်းသတိရမိလိုက်သည်။

"သေချာပါတယ် အဘခင်ဗျား"

"အေး၊ အေး သေချာရင်ပြီးတာပဲကွာ"

ကျွန်တော်လည်း ဘုန်းကြီးလူထွက်ဖြစ်သူ ဒုတပ်ကြပ်မောင်မောင်ကို အားကိုး၍ အာမခံပြောကြားလိုက်ခြင်းပင် ဖြစ်ပါသည်။ ကျွန်တော့်စကားကြောင့် တပ်ရင်းမှူးကြီးသည် ကျေနပ်သောအမူအရာနှင့် ကားပေါ်မှဆင်းလာသည်။ နောက်ကားမှလည်း ဘုန်းတော်ကြီးများ၊ မြို့နယ်မှ အရာရှိများနှင့် ကျွန်တော်၏ တပ်ခွဲမှူးပါဆင်းလာပါသည်။ ကျွန်တော်လည်း တပ်ရင်းမှူးအား ခရီးဦးကြိုဆိုနှုတ်ဆက်ပြီးဖြစ်၍ နောက်ကားပေါ်မှဆင်းလာသော တပ်ခွဲမှူးကိုလည်းသွား၍နှုတ်ဆက်ရပါသည်။

"အစ်ကိုကြီး၊ မင်္ဂလာပါ"

"အေး၊ အေး - မင်္ဂလာပါကွာ၊ ကိုယ့်ညီဆီက ထူးခြားဖြစ်စဉ်သတင်းကို ချက်ချင်းပဲ တပ်ရင်းမှူးကြီးဆီ တင်ပြလိုက်တယ်။ အဆင်ပြေချင်တော့ ရှေ့တန်းရုံးလည်း ဘုန်းတော်ကြီးကျောင်းမှာ အခြေပြုထားတာမို့ တပ်ရင်းမှူးကြီးလည်း ကိုယ့်ညီဆီက ထူးခြားဖြစ်စဉ်သတင်းကို ဘုန်းတော်ကြီးတွေကိုလျှောက်တင်လိုက်တယ်။ အဲဒီအခါ အခုကြွလာတဲ့ကျောင်းထိုင်ဆရာတော်ဘုရားက 'ဟာ - ဒီရွာဆိုရင် ဖြစ်နိုင်တယ်။ ရောင်ခြည်တော်လွှတ်တယ်ဆိုတာ သေချာပေါက်ဖြစ်နိုင်တယ်' လို့ပြောတယ်။ ပြီးတော့ ဆရာတော်ဘုရားပါလိုက်မယ်ဆိုလို့ ဆရာတော်ဘုရားနဲ့အတူ တခြားဘုန်းကြီးတွေပါ လိုက်ပါလာကြတာပဲ ကိုယ့်ညီရေ"

"ရောင်ခြည်တော်လွှတ်တယ်ဆိုတာ ဘာကြောင့် သေချာပေါက်ပြောဆိုနိုင်တာလဲ အစ်ကိုကြီး"

"ဒီလိုကွ ကိုယ့်ညီရ ဒီရွာသာယာရွာဟာ ဟိုးအရင်တုန်းက ခုလိုဘာသာခြားတွေချည်းနေတဲ့ရွာမဟုတ်ဘူးတဲ့။ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားတွေ အဖျားဆုံးနေထိုင်တဲ့ရွာတဲ့။ အခုရောင်ခြည်တော်လွှတ်တယ်ဆိုတဲ့ တောင်ကုန်းပေါ်မှာ စေတီပုထိုးတွေ၊ ဘုန်းတော်ကြီးကျောင်းတွေ၊ ရဟန်းသံဃာတွေသီတင်းသုံးနေထိုင်ကြတယ်ဆိုပဲ။ ဒါပေမယ့် အခြေအနေအမျိုးမျိုးကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားတွေဟာ တစ်စနဲ့တစ်စ ဟိုပြောင်းဒီပြောင်းဟိုရွှေ့ဒီရွှေ့နဲ့ ဒီရွာကနေပြီး ရေကြည်ရာမြက်နုရာ ပြောင်းသွားလိုက်ကြတာ နောက်ဆုံးတော့လည်း ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားဆိုလို့ တစ်ဦးတစ်ယောက်မှကို မရှိကြတော့ဘဲ ဘာသာခြားတွေချည်းသာ နေထိုင်တဲ့ရွာဖြစ်သွားတယ်လို့သိလိုက်ရတယ်။အဲ-ဗုဒ္ဓဘာသာဝင်မြန်မာတိုင်းရင်းသားတွေကို မှီခိုနေရတဲ့ ဘုန်းတော်ကြီးတွေလည်း ဆွမ်းကွမ်းကိစ္စခက်ခဲလာတာကြောင့် အဆင်ပြေမယ့်အရပ်ဒေသကို ကြွသွားကြတော့တယ်။ဒီအခါမှာ စေတီပုထိုး၊ ရုပ်ပွားတော်များဟာ ထိန်းသိမ်းမယ့်ပုဂ္ဂိုလ်မရှိတာရော ရာသီဥတုရဲ့ ဆိုးကျိုးဒဏ်တွေကြောင့် ယိုယွင်းပျက်စီးလာသလို ရုပ်ပွားတော်တချို့လည်း မြေကြီးထဲ ကိန်းအောင်းရောက်ရှိသွားနိုင်တယ်ဆိုပဲ။ ဒါကြောင့် ဗုဒ္ဓရဲ့ရောင်ခြည်တော်လွှတ်တယ်ဆိုတာ ဖြစ်နိုင်တယ်ဆိုပြီး ဘုန်းတော်ကြီးတွေ အာမခံရဲတာပဲ ကိုယ့်ညီရေ"

"စိတ်ဝင်စားစရာပါပဲ အစ်ကိုကြီး"

"အေး-ဟုတ်တာပေါ့၊ စိတ်ဝင်စားစရာကောင်းတာပေါ့ကိုယ့်ညီရယ်။ အဲဒါကြောင့်လည်း ခုလို သိုင်းသိုင်းဝန်းဝန်း စုံစုံညီညီလာခဲ့တာပဲပေါ့ကွာ။ အဲဒါကိုယ့်ညီကလည်း ညတုန်းကရောင်ခြည်တော်လွှတ်တယ်ဆိုတဲ့နေရာကို တိတိကျကျ ပြသဖို့တော့ လိုလိမ့်မယ်။ ဒါမှလည်း တူးတာဖော်တာ မြန်မြန်ဆန်ဆန်နဲ့ အဆင်ချောမောသွားမှာပဲကွာ"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

ထို့နောက် ကျွန်တော်သည် တပ်ရင်းမှူးနှင့်အဖွဲ့အား ညက ရောင်ခြည်တော်လွှတ်သော တောင်ကုန်းပေါ်သို့ ခေါ်သွားပြီး ရောင်ခြည်တော်လွှတ်သော နေရာကိုပြသလိုက်ပါသည်။အမှန်တော့ ရောင်ခြည်တော်လွှတ်သည်ဆိုသောနေရာတစ်ဝိုက်မှာ ဘာမှထင်ထင်ရှားရှား[illegible] သည်မဟုတ်ပေ။ မြက်ပင်များ၊ ချုံနွယ်များသာရှိနေသော မြေပြင်သက်သက်သာလျှင်ဖြစ်ပါသည်။

"ဒီနေရာတစ်ဝိုက်က ရောင်ခြည်တော်လွှတ်တာပါ အဘ"

"ဟာ-ဗိုလ်ချာတိတ်ရ မင်းဟာ[illegible] ဟုတ်ရဲ့လားကွာ"

အဘတပ်ရင်းမှူးကြီး၏ စကား[illegible] ကြောင့် ကျွန်တော့်မှာ တော်တော်[illegible] စိတ်ညစ်သွားပါသည်။သို့သော် တကယ်[illegible] မြေပြင်အခြေအနေအရလည်း ရုပ်ပွား[illegible] တော်များ မြေကြီးထဲ၌ကိန်းအောင်း[illegible] သော သွင်ပြင်လက္ခဏာမြေအနေ[illegible] ထားမရှိဘဲ ပကတိမြေပြင်သက်သ[illegible] သာလျှင်ဖြစ်နေပါသည်။ ထို့ကြော[illegible] လည်း အဘတပ်ရင်းမှူးက မယုံကြ[illegible] သောအဓိပ္ပာယ်ပါသည့် စကားကို[illegible] ကြားခြင်းပင် ဖြစ်ပါသည်။ အဘ[illegible] ရင်းမှူးယုံကြည်လာအောင် မည်သို့[illegible] ပြရမှန်းပင်မသိအောင်ဖြစ်၍နေပါသ[illegible]

သို့သော် ထိုစဉ်မှာပင် ကျွန်[illegible] အတွက် စစ်ကူရောက်ရှိ၍လာပါသ[illegible] ထိုစစ်ကူကား အဘတပ်ရင်းမှူးကြီး[illegible] နှင့်ပါလာသော သက်တော်ကြီး[illegible] ဘုန်းတော်ကြီးပင် ဖြစ်သည်။ (အ[illegible] ဘုန်းတော်ကြီးမှာ မြို့ပေါ်မှကျောင်း[illegible] ဆရာတော်ဘုန်းတော်ကြီးဖြစ်ကြော[illegible] နောက်မှသိရှိရပါသည်။)

"ဒီက ဒကာလေးပြောတာ[illegible] ပါတယ် တပ်ရင်းမှူးကြီး။ ဘာကြော[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ ဘုန်းကြီးဟာ ဒီရွာသာရွာက ရွာသားဖြစ်သလို ဒီတောင်ကုန်းပေါ်နေ ရာမှာရှိတဲ့ ဘုန်းကြီးကျောင်းမှာပဲ ကိုရင် ဝတ်ခဲ့တဲ့ ငယ်ဖြူပဲဖြစ်ပါတယ်။ အင်း - သင်္ခါရ သင်္ခါရ တယ်လည်း တရားကျ စရာကောင်းလိုက်ပါဘိတော့တယ်ကွယ်။ တစ်ချိန်က ဟိုး လွန်ခဲ့တဲ့နှစ်ပေါင်း ငါး ဆယ်ကျော် ခြောက်ဆယ်ကဆိုရင် ဒီရွာ လေးဟာ ဗုဒ္ဓဘာသာ မြန်မာတိုင်းရင်း သားတွေချည်းပဲနေခဲ့တဲ့ရွာ၊ ဘုရား၊ပုထိုး၊ ကျောင်း၊ကန်၊ ဇရပ်တွေနဲ့ အလွန်ပဲ စည် ကားကားရှိခဲ့တဲ့ရွာ၊ ဗုဒ္ဓဘာသာ သာသနာထွန်းကားခဲ့တဲ့ရွာ၊ ဖွံ့ဖြိုးတိုး တက်ခဲ့တဲ့ရွာပေါ့ကွယ်။ ခုတော့လည်း ဗုဒ္ဓဘာသာနဲ့ပတ်သက်လို့ ဘာဆိုဘာမှ မြင်စရာမရှိတော့သလို တစ်ရွာလုံးလည်း ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားဆို လို့ တစ်ဦးတစ်ယောက်မှကိုမရှိတော့ဘဲ တစ်ရွာလုံး ဘာသာခြားလူမျိုးချည်းသာ နေထိုင်ကြတဲ့ ရွာတစ်ရွာအဖြစ်ကို ပြောင်းလဲသွားကုန်ပြီပေါ့လေ။ ပြောရ ရင်တော့ ကြောက်စရာကောင်းလောက် အောင်ဖြစ်သွားရတာကိုး"

ဘုန်းတော်ကြီးသည် ပြောရင်းဆို ရင်းမှ ရီဝေဝေကြေကွဲသောမျက်လုံးအစုံဖြင့် အဝေးတစ်နေရာဆီသို့ကြည့်နေလေ သည်။ ကျွန်တော်သည်ပင် ဘုန်းတော် ကြီး၏ကြေကွဲမှုအငွေ့အသက်ကို ခံစား နေရပါသည်။

ထိုစဉ်မှာပင် တပ်ရင်းမှူးကြီးနှင့် လာသော စစ်သည်များနှင့် ကျွန်တော့် တပ်စုမှစစ်သည်များပူးပေါင်း၍ ပေါက် ပြား ဂေါ်ပြား၊ တူးရွင်းများဖြင့် ရောင် ခြည်တော်လွှတ်သောနေရာကို စတင်၍ တူးဖော်ပါတော့သည်။ ထိုတူးဖော်နေ သည်ကို တပ်ရင်းမှူးကြီးနှင့်တကွ အားလုံး စောင့်ကြည့်ရှုနေကြပါသည်။

ထိုသို့ ဝိုင်းဝန်းကြည့်ရှုသူများထဲ တွင် မပါဝင်သည်က ဤရွာသာယာ ရှိ ဘုန်းတော်ကြီးနှင့် ကျွန်တော်သာ ဖြစ်ပါသည်။ ကျွန်တော်တို့နှစ်ဦး၏ ရင် ထဲအသည်းထဲတွင်စွဲမြဲ၍ ဝမ်းနည်းကြေ ကွဲရာဖြစ်ပေါ်နေသည်က ရွာသာယာရွာ လေးပင်ဖြစ်သည်။

"ဘုန်းဘုန်းဘုရား"

"ဟေ"

အလိုက်မသိစွာ ကျွန်တော်၏ မေးလိုက်မှုကြောင့် အဝေးတစ်နေရာသို့ ငေးမှိုင်းကြည့်ရှုနေသော ဘုန်းတော်ကြီး သည် အသိဝင်လာပြီး ပျာပျာသလဲထူး ပါသည်။

"ဘုန်းဘုန်းအမိန့်ရှိတဲ့အတိုင်းဆို ဒီရွာဟာ ဟိုးတစ်ချိန်က ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားတွေချည်း နေထိုင် ခဲ့တဲ့ရွာ၊ ပြီးတော့ ဗုဒ္ဓဘာသာဝင်တွေရဲ့ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်ရှိခဲ့တဲ့နေရာ ဖြစ်ခဲ့တယ်ပေါ့နော်"

"အမှန်ပါပဲ ဒကာလေး"

"ဒါနဲ့များတောင် ဘာကြောင့်များ အပြောင်းလဲကြီး ပြောင်းလဲသွားရတာ လဲဘုရား"

"ဒကာလေးဆိုလိုတာက"

"တပည့်တော်ဆိုလိုတာက. တစ် ချိန်သောကာလက ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသာတွေချည်းနေခဲ့ကြတဲ့ ဒီရွာသာယာရွာဟာ အခုတော့လည်း ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားဆို လို့ တစ်ဦးတစ်ယောက်မှကို နေထိုင်ခြင်း မရှိကြတော့ဘဲ ဘာသာခြားလူမျိုးများ ချည်းသာ သီးသန့်နေထိုင်နေတဲ့ရွာဖြစ် နေသလို တစ်ချိန်ကရှိခဲ့ပါတယ်ဆိုတဲ့ ဗုဒ္ဓဘာသာ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ် တွေဆိုလည်း အစအနလေးတောင်မှ မတွေ့ရတော့ပါဘူးဘုရား။ သာသနာပ ဖြစ်ရတာဟာ ဘာကြောင့်ပါလဲဘုရား"

"အိမ်း-မေးသင့်မေးထိုက်တဲ့မေး ခွန်းပါပဲကွယ်၊ ဒကာလေးရဲ့မေးခွန်းကို တိုတိုနဲ့လိုရင်းဖြေရရင်တော့ ဗုဒ္ဓဘာသာ ဝင် မြန်မာတိုင်းရင်းသားတွေ ဆင်းရဲကြ လို့ပေါ့ကွယ်၊ ဆင်းရဲကြလို့ပေါ့"

"ဘုရား၊ ဆင်းရဲကြလို့ ဟုတ်ပါ သလား ဘုရား"

"အမှန်ပါပဲ ဒကာလေး၊ အခုလို သာသနာပဖြစ်သွားရတာဟာ ဗုဒ္ဓဘာ သာဝင် မြန်မာတိုင်းရင်းသားတွေ ဆင်းရဲ ကြလို့ပေါ့။ ရှင်းပြရရင်တော့ အများစု ဟာ စည်းကမ်းမရှိနေထိုင်စားသောက် ကြတော့ ကြာလာတော့ ငွေကြေးခက်ခဲ ပြီး စားဝတ်နေရေး ကျပ်တည်းလာကြ တယ်။ ဒီကြားထဲ စိုက်ဖို့ပျိုးဖို့ ငွေကြေး လိုလာတော့ ရွာထဲက ဆယ်ဂဏန်း လောက်သာရှိတဲ့ ဘာသာခြားလူမျိုး တွေဆီက ငွေကြေးကို အတိုးနဲ့ချေးငှားရ တော့တာပေါ့ကွယ်။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာလို့ပဲပြောရမလားမသိဘူး။ ရာသီဥတုကဖောက်ပြန်ပြီး မိုးလေဝသ ကမမှန်တော့ သီးနှံကမရကြဘူး။ ဒီတော့ ချေးငှားထားတဲ့ငွေကြေးကို မဆပ်နိုင်ကြ တော့ အတိုးပေါ် အတိုးဆင့်ရပြန်တော့ ဒီလိုနဲ့နောက်ဆုံးတော့ အိမ်တို့၊ မြေတို့၊ ကျွဲတို့၊ နွားတို့ အို - လယ်ယာမြေတွေပါ ဘာသာခြားတွေဆီထိုးအပ်ရတော့တာ ပေါ့ကွယ်။ ဒီတော့ နေစရာမရှိ စားစရာ မရှိကြတော့ ဒီရွာလေးကိုစွန့်ခွာပြီး ရေ ကြည်ရာမြက်နုရာအရပ်ဒေသကိုပြောင်း ကြရတော့တာပေါ့ကွယ်"

"ကြောက်စရာပါလား ဘုန်းဘုန်း ဘုရား"

"ဒါပေါ့ကွယ်၊ ကြောက်စရာ ကောင်းလှတဲ့ဖြစ်ရပ်မှန်ပါပဲ။ ဒီလိုအခြေ အနေမှာပဲ ရွာသာယာရွာမှာ အခြေချ နေထိုင်ကြတဲ့ ဘာသာခြားလူမျိုးများ ဟာ တခြားတခြားဒေသမှာနေထိုင်ကြ တဲ့ သူတို့နဲ့ဘာသာတူဘာသာခြားလူမျိုး တွေကိုပါခေါ်ယူတော့ ရွာသာယာရွာ လေးမှာ ဘာသာခြားလူမျိုးအင်အားတွေ တစ်စတစ်စများပြားလာတာပေါ့။ ကြာ တော့လည်း အင်အားနည်းလာပြီးဖြစ်တဲ့ ဗုဒ္ဓဘာသာဝင်တိုင်းရင်းသားတွေအားလုံး ဟာ တခြားရပ်ရွာဒေသများကို ပြောင်း ရွှေ့ကုန်ကြရတော့တာပေါ့။ အဲဒီအချိန် ကစပြီး ဒီရွာသာယာရွာဟာ ဘာသာ ခြားတွေချည်းနေထိုင်ကြတဲ့.သီးသန့်ရွာ အဖြစ်ပြောင်းလဲလို့သွားရတာပါပဲကွယ်"

"သံဝေဂရစရာပါပဲ ဘုရား၊ ဒါနဲ့ သာသနာပဖြစ်သွားရတာကော ဘုရား"

"ဒါကတော့ကွယ်၊ ဒီရွာလေးမှာ ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားတွေ တစ်ယောက်မှမရှိကြတော့ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေမှာလည် ဆွမ်းကွမ်း သိပ်ကိုခက်ခဲလာတာပေါ့။ ကြာတော့ လည်း ဆက်ပြီးနေနိုင်စွမ်းမရှိတော့ဘဲ ဘုရား၊ ကျောင်း၊ ကန်တွေကို စွန့်ခွာသွား ကြရတော့တာပေါ့ ဒကာလေး။ ဒီတော့ ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားလူ မျိုးများချည်းနေထိုင်ခဲ့တဲ့ ဒီရွာသာယာ ရွာလေးဟာ ဘာသာခြားလူမျိုးချည်းနေ ထိုင်တဲ့ရွာဖြစ်သွားသလို ဘာသာသာ သနာစည်ပင်ခဲ့တဲ့ ဒီရွာလေးဟာ သာသ နာပဖြစ်သွားခဲ့ကြရတယ်။ ဒီဖြစ်ရပ်ရဲ့ အဓိကတရားခံကတော့ ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားတွေ ဆင်းရဲကြလို့ ပေါ့ ဒကာလေးရယ်၊ ဆင်းရဲကြလို့လူမျို တာခံလိုက်ရတာပေါ့ကွယ်"

"တင်ပါ့၊ သတိထားစရာပါပဲ ဘုရား"

"ဒါကြောင့် ဒကာလေးတို့ကိုပြော ချင်တာတော့ ချမ်းသာအောင် တရား နည်းလမ်းကျကျ သမ္မာအာဇီဝလုပ်ငန်း နဲ့ ကြိုးစားကြကွယ့်။ ရောင့်ရဲတင်းတိမ် တယ်ဆိုတဲ့ လူဖျင်း၊ လူပျင်းတွေရဲ့လက် သုံးစကားတွေကို လက်ခံကျင့်သုံးနေကြ ရမယ့်အချိန်မဟုတ်တော့ဘူးကွယ်။ ပျင်း နေ ဖျင်းနေရင် ဆင်းရဲကြမှာပဲ။ ဆင်းရဲ ရင် ဟောဒီရွာသာယာရွာလေးမှာ ဗုဒ္ဓ ဘာသာဝင် မြန်မာတိုင်းရင်းသားတွေ



www.burmeseclassic.com

www.burmeseclassic.com

ပျောက်ကွယ်သွားသလို ဟောဒီမြန်မာပြည်ကြီးကနေပြီး မြန်မာတိုင်းရင်းသားတွေ ပျောက်ကွယ်သွားမှာအမှန်ပဲ ဒကာလေး"

"တင်ပါ့၊ မြေမျိုလို့လူမျိုးမပျောက်ဘူး၊ လူမျိုးမှ လူမျိုးပျောက်မယ်ဆိုတဲ့စကားရှိသားပဲ ဘုရား"

"ဒါအမှန်ပဲ ဒကာလေးရေ အမှန်ပါပဲ၊ သတိကြီးစွာထားကြရမှာပေါ့ကွယ်"

ဤသို့ ကျွန်တော်နှင့် ဘုန်းတော်ကြီးတို့စကားကောင်းနေစဉ်မှာပင် -

"ဟော့ - တွေ့ပြီကွ"

"ပေါ်တော်မူဆင်းတုတော်တွေဟော့"

"ဟာ - ဆင်းတုတော်တွေအများကြီးပဲဟော့"

အုတ်အော်သောင်းတင်း (ဆူဆူညံညံ အုတ်အုတ်ကျက်ကျက်) အသံများကြောင့် စကားစပြတ်သွားပြီး ကျွန်တော်နှင့် ဘုန်းတော်ကြီးတို့မှာ တူးဖော်နေသည့်နေရာသို့ အပြေးအလွှားပင်ရောက်ရှိလာပါသည်။ သို့သော်လည်း အားလုံးလိုလို တူးဖော်နေသောနေရာကို ဝိုင်းအုံနေ၍ ရှေ့ကိုတိုး၍မရဘဲ နောက်မှသာ အသံဗလံများကိုနားထောင်နေရပါသည်။

"ဟော့ဟော့ - ရဲဘော်လေးတွေ အသာလေးတူးကြကွယ့်၊ ထိခိုက်မိပြီး ကျိုးပဲ့ကုန်ပါ့မယ်"

"တစ်ဆူချင်းအသာအယာတူးကြပါ"

"သတိထားတူးဖော်ကြ"

ဘုန်းတော်ကြီးများ၏အသံ၊ အဘတပ်ရင်းမှူးကြီး၏အသံများ၊ သတိပေးသံများက ဝမ်းသာပီတိဖုံးလွှမ်း၍ ကြည်နူးမှုများဖြင့်ပြည့်လျှံ၍နေပေ၏။ ထို့ပြင် မြို့နယ်မှအရာရှိများ၊ ကျွန်တော်တို့မှ အရာရှိ အကြပ်စစ်သည်များ၏ ဝမ်းသာအောင်မြင်သောစကားသံများကားညံ၍ နေသလို လူတိုင်း၏မျက်နှာတွင် အပြုံးကိုယ်စီနှင့်ဖြစ်၍နေကြပါသည်။

သို့သော် သူတို့ သူတို့ထက်ပို၍ပို၍ ဝမ်းသာကြည်နူးဖြစ်ရသူ ဂုဏ်ယူရသူကား ကျွန်တော်ပင်ဖြစ်ပါသည်။ ကျွန်တော်၏ ထူးခြားဖြစ်စဉ်တင်ပြမှုကြောင့် ယခုလို ပေါ်တော်မူဆင်းတုတော်များ (တစ်နည်းအားဖြင့်) ရောင်ခြည်တော်လွှတ်သည့် တန်ခိုးကြီးမားဆင်းတုတော်များတူးဖော်ရရှိလိုက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဖော်မပြနိုင်လောက်အောင် ဝမ်းသာပီတိဖြစ်ရခြင်းပင်ဖြစ်ပေသည်။

ထို့ပြင် ကျွန်တော့်၏ထူးခြားဖြစ်စဉ်တင်ပြမှုအပေါ် ယုံကြည်မှုဖြင့် အရေးတယူဆောင်ရွက်ခဲ့ကြသော ဆရာသမား တပ်ခွဲမှူးနှင့် အဘတပ်ရင်းမှူးတို့အားလည်း များစွာမှပင် ကျေးဇူးတင်မိလိုက်ပါသည်။

အဘတပ်ရင်းမှူးကြီးကား ဝမ်းသာကြည်နူးမှုဖြင့် တူးဖော်နေသော ကျင်းနှုတ်ခမ်းထိပ်တွင် မတ်တတ်ရပ်၍ လက်ညှိုးထိုးညွှန်ကြားနေသည်မှာ မည်မျှအထိ စိတ်ပါဝင်စားကြောင်းကို ပြသ၍နေပေသည်။

မကြာမီမှာတော့ ဘာသာခြားတို့၏ရွာသာယာရွာထိပ်ရှိ တောင်ကုန်း (မြေကြီးထဲ) တွင် နှစ်ပေါင်းများစွာ ကိန်းဝပ်နေရရှာသည့် ဆင်းတုတော်များအားလုံးကို တူးဖော်ရရှိလိုက်ပါသည်။တူးဖော်ရရှိသော ဆင်းတုတော်များမှာကား-

ဉာဏ်တော် (၆) လက်မခန့်ရှိ တင်ပျဉ်ခွေ ကြေးသွန်းဆင်းတုတော် (၂)ဆူ။

ဉာဏ်တော် (၄) လက်မခန့်ရှိ ရပ်တော်မူကြေးသွန်းဆင်းတုတော်(၃)ဆူ။

ပလ္လင်အမြင့်တစ်လက်မခွဲ၊ ဉာဏ်တော် (၄) လက်မခန့်ရှိသော ရပ်တော်မူ ကြေးသွန်းဆင်းတုတော် (၂) ဆူ။

ပလ္လင်အမြင့် တစ်လက်မ၊ ဉာဏ်တော် (၆) လက်မခန့်ရှိသော ရပ်တော်မူ ကြေးသွန်းဆင်းတုတော် (၁) ဆူ။

စုစုပေါင်းဆင်းတုတော် (၈)ဆူတို့ကို တူးဖော်ရရှိခဲ့ပါသည်။ ဆင်းတုတော်များမှာ မြေကြီးများပေပွနေ၍ ရေဖြင့်ဆေးကြောရသည်။ ရေနှင့်ပွတ်တိုက်ဆေးကြောလိုက်သောအခါ ကြေးရောင်တဝင်းဝင်းဖြင့် လွန်စွာသပ္ပာယ်၍ကြည်ညိုဖွယ်ကောင်းလှသော ဆင်းတုတော်အဖြစ် ဖူးမြော်ရပါသည်။

"ဟော့ - ဗိုလ်ချာတိတ်၊ မင်းရဲ့ထူးခြားဖြစ်စဉ်ကြောင့် အခုလိုဆင်းတုတော်တွေ ဖူးခွင့်ရတာပဲဟော့၊ ဂုဏ်ယူမိသလို ဝမ်းလည်းသာတယ်ကွာ"

အဘတပ်ရင်းမှူးကြီးက ကျွန်တော့်ပခုံးကို ရင်းရင်းနှီးနှီးဖက်၍ ဝမ်းသာစွာ ပြောကြားလာပါသည်။ ယခုလို အဆင့်မြင့်သောပုဂ္ဂိုလ်ကြီးတစ်ယောက်မှဂုဏ်ပြုစကားပြောကြားလာ၍ မနေတတ်မထိုင်တတ်ဖြစ်ရပါသည်။ ဖက်လှဲတကင်းပြုမှု ဆက်ဆံပြောဆိုမှုကြောင့် မည်သို့မည်ပုံ ပြန်လည်ပြောဆိုရမှန်းပင် မသိ၍နေပါသည်။

"ကဲကဲ - ဗိုလ်ချာတိတ်ရေ ပေါ်တော်မူဆင်းတုတော်ရှစ်ဆူကို ငါတို့ပင့်သွားကြမယ် ကိုအောင်မြင့်"

အဘတပ်ရင်းမှူးကြီးသည် ကျွန်တော့်အား ပြောကြားနေရင်းမှ ကျွန်တော့်တပ်ခွဲမှူး ဗိုလ်မှူးအောင်မြင့်အား ခေါ်လိုက်သည်။

"ဗျာ - အဘ"

"ကိုအောင်မြင့်ရေ ဗိုလ်ချာတိတ်ရဲ့တပ်စုကို လေး၊ ငါးရက်လောက် ဒီရွာမှာပဲ အခြေပြုအနားပေးလိုက်ပါကွာ"

"ကောင်းပါပြီ အဘ"

"အေးအေး - ဆက်လုပ်ကွာ"

တပ်ခွဲမှူးဗိုလ်မှူးအောင်မြင့်သည် အဘတပ်ရင်းမှူးကြီးအား အလေးပြုပြီး ကျွန်တော့်ဘက်သို့လှည့်၍-

"ညီလေး၊ ကြားတယ်နော်"

"ဟုတ်ကဲ့ - အစ်ကိုကြီး ကြားပါတယ်၊ ဒါပေမယ့် ရိက္ခာတော့လိုတယ် အစ်ကိုကြီး၊ ကားကြုံနဲ့ပို့ပေးပါဦးဗျာ"

"စိတ်ချစိတ်ချ ညီလေးရေ၊ မနက်ဖြန် ကားကြုံနဲ့ ရိက္ခာရော ပြီးတော့ ဂုဏ်ပြုဆုငွေ ငါးသောင်းပါထည့်ပေးလိုက်မယ်ကွာ"

"ဟာ - ဝမ်းသာပါတယ် အစ်ကိုကြီး၊ လေးစားပါတယ်ဗျာ"

ကျွန်တော်ကဝမ်းမြောက်ဝမ်းသာစွာဖြင့် တပ်ခွဲမှူးအား အလေးပြုလိုက်ပါသည်။

ကျွန်တော့်တပ်စုမှ အကြပ်စစ်သည်များမှာ အနားရ၍ရော လူကြီး ချီးကျူး၍ ဂုဏ်ပြုဆုငွေပေးသည် ကြောင့် ခုန်ပေါက်၍ ပျော်ရွှင်နေကြ သည်။ အဘတပ်ရင်းမှူးနှင့် တပ်ခွဲမှူး သည် စစ်သည်များပျော်ရွှင်နေသည် ပီတိဖုံးသောအပြုံးကိုယ်စီနှင့်ကြည့်၍ လေသည်။

ခဏအကြာတွင်တော့ အဘတ ရင်းမှူးတို့အဖွဲ့သည် တောင်ကုန်းမြေ ထဲမှ တူးဖော်ရရှိသော ပေါ်တော်မူ ဆင်းတုတော် (၈)ဆူအား ရှိသေစွာ မြို့ပေါ် သို့ပင့်ဆောင်သွားကြပါသည်။

ကျွန်တော့်သည် တဖြည်းဖြည်းနှင့်ဝေး၍သွားသော အဘတပ်ရင်း နှင့်အဖွဲ့ စီးနင်းသွားကြသည့်ကား ရီဝေသော မျက်လုံးအစုံဖြင့်ကြည့် ဗုဒ္ဓဘာသာ မြန်မာတိုင်းရင်းသား ဆင်းရဲကြလို့ ရွာပျောက်ခဲ့ရသလို ဆင်းတုတော်များလည်း မြေကြီးထဲ ကိန်းအောင်း ရောက်ရှိသွားကြရသ ဤရွာသာယာရွာလေး၏ ရင်နာစ ကောင်းလှသော ဆင်းရဲမှု၏ရလဒ်ဆိုး သာ စဉ်းစား၍နေမိပါတော့သည်။

မောင်မောင်ချစ်ဦး (မြ





www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်မင်း

# ဘ၀ရှင်သန်ရာ သင့်လက်မှာ





အဓိကလမ်းကြောင်းများ

အကူလမ်းကြောင်းများ

လက်ဗွေပုံစံအမျိုးမျိုး

ကြိုးကွင်းသဏ္ဍာန်လက်ဗွေ



*Loop*

ရွက်ဖျင်တဲပုံစံလက်ဗွေ



*Tented arch*

မုန်ဦးအစုံးပုံစံလက်ဗွေ



*Arched*

အထိပ်လိုက်ဗွေ



*Whorl*

စုပေါင်းဗွေ



*Composite*

လမ်းကြောင်းပုံစံအမျိုးမျိုး



= ထင်ရှားပြောင့်တန်းသောလမ်းကြောင်း

= ကျွန်းခံနေပုံများ

= ဖွာထွက်နေသောလမ်းကြောင်းများ

= ကျိုးပြတ်နေသောလမ်းကြောင်းများ

အခြေခံကျသော လက်ဗွေပုံစံ (၅) မျိုးရှိသည်။

**Loop (ကြိုးကွင်းသဏ္ဍာန်လက်ဗွေ)**

စိတ်ပိုင်းဆိုင်ရာ အဓိပ္ပာယ်ဆိုလိုရင်း - စိတ်ခံစားမှုအမျိုးမျိုးနှင့်ပတ်သက်၍ အလိုက်သင့်တုံ့ပြန်တတ်သည်။

**ပင်ကိုသဘောပါရှိသည့်ရောဂါများ (သို့) ဇီဝကမ္မဆိုင်ရာအထုံဗီဇများ**

ဝမ်းတွင်းအစာခြေဖျက်မှုစနစ်ကောင်းမွန်ခြင်း၊ နှလုံးနှင့်ပတ်သက်၍ အပြစ်အနာအဆာမရှိခြင်း၊ နှလုံးအားကောင်းခြင်းကို ကိုယ်စားပြုသည်။

**Temted-arch(ရွက်ဖျင်တဲပုံစံလက်ဗွေ) စိတ်ပိုင်းဆိုင်ရာအဓိပ္ပာယ်ဆိုလိုရင်း**

စိတ်လှုပ်ရှားလွယ်၍ ဆတ်ဆတ်ထိမခံတတ်သူဖြစ်သည်။ အနုပညာရပ်နှင့်ပတ်သက်၍ ခံစားသိမြင်တတ်ပြီး (တစ်ခါတစ်ရံ စိတ်လိုက်မာန်ပါလုပ်တတ်သည်။)



www.burmeseclassic.com

www.burmeseclassic.com

## အထုံပါရမီနှင့်အလုပ်အကိုင်များ




စည်းရုံးနိုင်စွမ်းရှိသူ



မန်နေဂျာ



ဆိုင်ပိုင်ရှင်ဖြစ်သူ



အစေခံအလုပ်သမား



အလုပ်ကြမ်းသမား



မြေသလုံးအိမ်တိုင်သမားဖြစ်သူ


## ဗိ-မသဘာဝ (Sex)



လူတကာနှင့် လိင်ဆက်ဆံတတ်သူ



ရုပ်ပိုင်းဆိုင်ရာ ဗိ-မသဘာဝ



စိတ်ပိုင်းဆိုင်ရာ ဗိ-မသဘာဝ



လိင်တူဆက်ဆံတတ်သူ



ရက်စက်ခြင်း၌သာယာတတ်သူ



နာကျင်မှု၌သာယာတတ်သူ



www.burmeseclassic.com

www.burmeseclassic.com

## အနုပညာ၊ လက်မှုပညာနှင့် ပညာရှင် (ကြေးစား) အဆင့် လက်ဝါးပုံစံများ



ဂန္ထဝင်ပညာတတ်မြောက်သူ



ရှေ့နေ



ဆေးဆရာ



ခွဲစိတ်ကုဆရာဝန်



အနုပညာရှင်



သိပ္ပံပညာရှင်



မကျွန်းနှစ်



တီထွင်သူ



ဂီတပညာရှင်



ကော်ဖာရာကဝ်ဆေးနဲ့



လက်တွေ့ကျကျတွက်ချက်သူ




စိတ်ကူးများကိုပုံဖော်နိုင်သူ




www.burmeseclassic.com

www.burmeseclassic.com



လက်မပုံစံအမျိုးမျိုး



သက်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ပင်ကိုစိတ်သဘောထားကိုဖော်ပြသည့် လက်ဖဝါးပြင်များ

**ဇီဝကမ္မဆိုင်ရာအထုံဗီဇများပင်ကိုသဘော ပါရောဂါများ**

အာရုံကြောဖွဲ့စည်းမှုစနစ်တွင် ပြဿနာရှိတတ်သည်။

**Arched (မှန်ဦးအခုံးပုံစံလက်ဗွေ)၊ စိတ်ပိုင်းဆိုင်ရာအဓိပ္ပာယ်ဆိုလိုရင်း**

လျှို့ဝှက်သိုသိပ်စွာဖြင့် မိမိကိုယ်မိမိကာကွယ်တတ်သူ၊ စိတ်ခံစားမှုနောက်မလိုက်စေဘဲ ထိန်းချုပ်နိုင်သူ၊ အယုံမလွယ်တတ်သူ၊ သံသယများတတ်သူ ဖြစ်သည်။

**ပင်ကိုသဘောပါရှိသည့်ရောဂါများ (သို့) ဇီဝကမ္မဆိုင်ရာအထုံ-ဗီဇများ**

အစာခြေအင်္ဂါအဖွဲ့၌ ပြဿနာရှိခြင်း သွေးလည်ပတ်မှုမကောင်းခြင်း အနာဆာပေါ်များခြင်း၊ ကူးစက်ရောဂါပိုးတစ်ခုကြောင့် အသက်အန္တရာယ်ရှိခြင်းများကို ဖော်ပြသည်။

**whorl (အလိပ်လိုက်ဗွေ) စိတ်ပိုင်းဆိုင်ရာ အဓိပ္ပာယ်ဆိုလိုရင်း**

လွတ်လပ်သော(တစ်ကိုယ်တည်း) ဘဝကိုနှစ်သက်သူ၊ အများနှင့်ဆိုင်သောကိစ္စမှန်သမျှအား လျစ်လျူရှုတတ်သူ၊ မိမိကြမ္မာမိမိဖန်တီးလိုသူအဖြစ် ကိုယ်စား[illegible] ဖော်ပြသည်။

**ပင်ကိုသဘောပါရှိသည့်ရောဂါများ (သို့) ဇီဝကမ္မဆိုင်ရာ အထုံ-ဗီဇများ**

နှလုံးရောဂါ၊ အာရုံကြောဆိုင်ရာ ရောဂါများရရှိတတ်သည်။

**composite (စုပေါင်းဗွေ) စိတ်ပိုင်းဆိုင်ရာ အဓိပ္ပာယ်ဆိုလိုရင်း**

ရုပ်ဝါဒအခြေခံသူ၊ လက်တွေ့[illegible] သူ၊ အလိုက်သင့်ပြောဆိုဆက်ဆံတ[illegible] ခြင်းမရှိသူ၊ ဝေဖန်မှုများအပေါ် မ[illegible] မချမ်းစိတ်မပေါ် အောင်ထိန်းချုပ်နိုင်[illegible] ဖြစ်သည်။

**ပင်ကိုသဘောပါရှိသည့်ရောဂါများ(သို့) ဇီဝကမ္မဆိုင်ရာ အထုံ-ဗီဇများ**

ခန္ဓာကိုယ်တွင်း အဆိပ်သင့်တ[illegible] ခြင်း၊ အဆီများခြင်း၊ စိတ်ပိုင်းဆိုင်[illegible] ရောဂါဝင်တတ်ခြင်း ကြုံရတတ်သ[illegible]

ဦးအေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

## မဟာနွယ်(မန်းတက္ကသိုလ်)

# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

□ ကတိသစ္စာ တည်သောအခါ ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။

မှန်ကန်သော သစ္စာစကားတစ်ခု ဖြစ်ပါ၏။

ကမ္ဘာမြေပေါ်တွင် ပေါက်ရောက်သမျှသော နွယ်မြက်သစ်ပင်တို့ကား ဆေးပင်များသာဖြစ်ကြပါ၏။ ဤနေရာတွင် ဖော်ပြမည့် ဆေးပင်သည် ပြည်သူလူထုနှင့်အနီးကပ်သော ဆေးပင်တစ်ပင် ဖြစ်ပါ၏။

ဆေးပင်၏ အမည်ကတော့ ဆိတ်ဖလူးပင် ဖြစ်ပါ၏။

**□ ဆေးပင်၏ပုံသဏ္ဌာန်**

အလွန်လှပသောအပင် ဖြစ်၏။ (၅)ပေမှ (၁၂)ပေထိမြင့်၏။ အရွက်မှာ ညီးနည်းကြမ်း၍ ခေါင်ရန်းဆည်းလည်းနှင့်ဆင်ဆင်တူ၏။ အပွင့်မှာဖြူ၍ အပွင့်၏ချိုးတံမှာ နီကြန့်ကြန့်ရှိ၏။ အပွင့်မှာ အလွန်မွှေးကြိုင်၏။ စိတ်ကိုကြည်နူးစေ၏။ ပဥ္စင်းပါးကိုသုံးရ၏။ ရိုးတံနှင့်အရွက်ပေါ်တွင် အမွေးကြမ်းများရှိ၏။

**□ ဆေးအရသာနှင့်အကျိုးသွား**

အခေါက်သည် ခါး၏။ ချဉ်၏။ အရွက်သည် ခါးစပ်၏။ အပင်ပဥ္စင်းပါးသည် ချို၏။ သတ္တိအေး၏။

**□ ဆေးဂုဏ်နှင့်ဆေးစွမ်းရည်**

အပင်ပဥ္စင်းပါးသည် ပြေပြစ်၏။ ပြိုးစေ၏။ ကိုယ်ဝန်ကိုကြီးထွားစေ၏။ ချုပ်၏။ ဆံပင်တို့ကို အကျိုးပြု၏။ အန်စေ၏။ ပိုးတို့ကို ဖြစ်ပွားစေ၏။ အပူလာသရော၊ မြင်းသရိုက်၊ ဓာတ်တို့၌ ဖြစ်သောရောဂါ၊ မီးယပ်နာ၊ ဆံပင်ကျွတ်ရောဂါတို့၌ကောင်း၏။ ထောပတ်နှင့်ကြော်ထားသော ဆိတ်ဖလူးပွင့်သည် မိန်းမတို့အား ချမ်းသာစွာ ဥတုသွေးကို လာစေ၏။ အရွက်သည် သလိပ်ကိုနိုင်၏။ အခေါက်ကို ကွမ်း၌ထည့်စားလျှင် ချောင်းဆိုးပျောက်၏။ အခေါက်ဆီကို မျက်စိကိုက်ခဲခြင်း၌ အသုံးပြုရ၏။အရေပြားရောဂါပျောက်ကင်းစေ၏။ အဆုတ်ပွရောင်ခြင်းကိုလည်း ပျောက်ကင်းစေ၏။ အရွက်သည် အဖျားပျောက်ကင်း၏။ ပိုးတို့ကိုသေစေ၏။ ပဥ္စင်းပါးကိုပြုတ်၍သောက်လျှင် အဖျဉ်းကြီးရောဂါ ပျောက်ကင်း၏။

**□ အသုံးပြုပုံ**

အရွက်ကိုကြိတ်၍ ရသောအရည်ကို ပျားရည်(သို့) သကြားနှင့် ရောစပ်သောက်ပါက သည်းခြေရောဂါ၊ နာတာရှည်ရောဂါ၊ အဖျားရောဂါများ ပျောက်ကင်း၏။ ယင်းအရွက်ကြိတ်ရည်တွင် ဆား အနည်းငယ်ခတ်၍ သောက်ပါက သန်များကိုကျစေ၏။ အရွက်ကို ရေနွေးဖြောသောက်ပါက သူငယ်နာအဖျားနှင့် သူငယ်နာအဖျားများပျောက်ကင်းစေ၏။ အရွက်ကို ကြိတ်၍လိမ်းသော် ပွေးနာပျောက်၏။ အရွက်ရည်ကို လတ်ဆတ်သော ချင်းအနည်းငယ်နှင့် ရောစပ်၍ သောက်ပါက ငှက်ဖျားရောဂါပျောက်ကင်း၏။ ကလေးများဝမ်းသက်စမ်းသွားပါက ၎င်းအရွက်ကိုကြိတ်၍ အရည်ညှစ်ကာတိုက်ပေးပါက ပျောက်ကင်းပါလိမ့်မည်။ အရွက်ကို မီးအနည်းငယ်ဖြင့်ပြုတ်သောက်ပါက တင်ကြောနာသောရောဂါ ပျောက်ကင်း၏။ ငရုတ်ကောင်းနှင့်ရော၍ကြိတ်စားလျှင် မီးယပ်သွေးလွန်ရောဂါပျောက်၏။ အရွက်ကိုအရည်ညှစ်သောက်ပါက မြွေဆိပ်ပြယ်၏။ အရွက်ကို ရေနှင့်ထက်ဝက်ခန့်ကျို၍သောက်ပါက ဆီးလွန်ရောဂါပျောက်ပါ၏။

အရွက်ကို နွားနို့စစ်စစ်နှင့်ကြိတ်၍ လိမ်းသော် ယားနာပျောက်ကင်း၏။

**□ အပွင့်**

အပွင့်ကို ပြုတ်၍သောက်ပါက အဆစ်အမြစ်ရောင်သောရောဂါပျောက်ကင်း၏။

**□ အခေါက်**

အခေါက်ကို မျက်စိနာရောဂါမှာ သွေးပြီး အပြင်ကလိမ်းပေးပါက မျက်စိနာရောဂါပျောက်ကင်း၏။ အခေါက်ကို ကွမ်းယာ၌ ထည့်စားသော် ချောင်းဆိုးပျောက်ပါ၏။

**□ ပဥ္စင်းပါး**

ပဥ္စင်းပါးကို ပြုတ်သောက်လျှင် အဖျဉ်းကြီးရောဂါပျောက်ပါ၏။

**□ တီရွှာန်များအဆိပ်သင့်နာ**

ဆိတ်ဖလူးအရွက်၏သတ္တုရည်ကို ညှစ်၍တိုက်ပါက တိရစ္ဆာန်များ တစ်စုံတစ်ရာသော အစားအစာတို့ကိုစားမိ၍ အဆိပ်သင့်ခြင်းမှ သက်သာ ပျောက်ကင်း၏။

**□ ဒက်နာ**

ဦးခေါင်း၌ဖြစ်သော ဒဏ်ရာ၊ ယားနာတို့၌ ဆိတ်ဖလူးစေ့ကိုကြိတ်၍ လိမ်းပေးပါက ပျောက်ကင်းပါ၏။

**□ အအေးမိသောရောဂါ**

ဆိတ်ဖလူးရွက်စိမ်းကို ညက်စွာကြိတ်၍ ထန်းလျက်နှင့်ရောပြီး ကွမ်းသီးအသေးခန့် အလုံးလေးများလုံးထားပါ။ ၎င်းဆေးလုံးကို အဖျားမတက်မီ တစ်နာရီခန့်က ကြို၍ရေနွေးနှင့်သောက်ပေးသော် အဖျားမတက်တော့ဘဲ အအေးမိ၍ဖျားနာနေသောရောဂါပျောက်ကင်းပါလိမ့်မည်။

**□ အင်္ဂါကြီးငယ်ကိုက်ခဲသောရောဂါ**

ဆိတ်ဖလူးရွက်ကို ညက်စွာကြိတ်၍ ရေနွေးနှင့်စိမ်ပါ။ သတ္တုရည်ညှစ်ယူပါ။ ထိုသတ္တုရည် (၁၂) ပဲသား၊ ချင်းစိမ်းသတ္တုရည် (၁၂) ပဲသားတို့တွင် သကြားအနည်းငယ်ရော၍ နံနက်၊ ည မှန်မှန်သောက်ပါ။ လေကြောင့်ဖြစ်သော အင်္ဂါကြီးငယ်ကိုက်ခဲနာကျင်သောရောဂါမှ ပျောက်ကင်းပါလိမ့်မည်။ ထို့ပြင် အဆစ်၊ အဆက်များ ကိုက်ခဲနာကျင်ခဲ့သော် ဆိတ်ဖလူးရွက်ကို မီးအုံ၍ကပ်ပေးခြင်း၊ ကျပ်ထုပ်ထိုးပေးခြင်း ပြုလုပ်ပေးပါက ပျောက်ကင်း ချမ်းသာပါလိမ့်မည်။

ဆေးပညာကို သေရွာသို့မယူလိုပါ။ တိုင်းရင်းဆေးဗဟုသုတပြည့်ဝကုံလုံပြည့်စုံနိုင်ကြစေရန် ရည်ရွယ်၍တင်ပြရခြင်းသာဖြစ်ပါ၏။ တိုင်းရင်းဆေးအပေါ်မှာ သစ္စာရှိစွာဖြင့် ကျန်းမာချမ်းသာကြပါစေ။ လိုအင်ဆန္ဒပြည့်ဝကြပါစေ။

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို"

"ဟော - ညီလေး၊ လာ ထိုင်"

"အဆင်ပြေသွားပါတယ် အစ်ကို။ အစ်ကိုပြောတဲ့နေ့ပဲ ကျွန်တော် ငှက်ကလေးတွေ စကျွေးလိုက်တယ်။ ငှက်ကလေးတွေလည်း နှစ်ခါ၊ သုံးခါလွှတ်ပေးပါတယ်။ စာကလေးတွေပေါ့။ နှစ်ကောင်၊ သုံးကောင်ပေါ့ အစ်ကိုရာ"

"ရပါတယ်၊ ဘယ်နှကောင်ဖြစ်ဖြစ် လွှတ်ဖို့က အဓိကပဲ ညီလေး"

"ဟုတ်ကဲ့ - အစ်ကိုပြောသလိုပဲ နှစ်ရက်၊ သုံးရက်လည်းကျော်ရော သူက စဖုန်းဆက်လာတယ်အစ်ကို၊ ကျွန်တော် ဝမ်းသာသွားတယ်"

"အေးပါကွာ၊ အစ်ကိုလည်း ဝမ်းသာပါတယ်။ ညီလေးအဆင်ပြေသွားမှာပါလို့ အစ်ကိုပြောလိုက်သားပဲ"

"ဟုတ်တယ် အစ်ကို၊ ကျွန်တော်လည်း အားတက်ပြီးပြန်သွားတာ။ ဒီမှာ အစ်ကို ကျွန်တော့်ကောင်မလေး"

သူ့လက်ကိုင်ဖုန်းလေးထဲကပုံလေးပါ။ သူပြတာနဲ့ကြည့်လိုက်ပါတယ်။ ကလေးမလေးက ဆံပင်ရွှေရောင်လေးနဲ့ခေတ်ဆန်ဆန်လေး။

"အေး - အစ်ကိုဝမ်းသာပါတယ်"

"အဲဒါအစ်ကို့ကိုလာပြန်ပြောတာ ဘာဆက်လုပ်ရဦးမလဲလို့။ ဒါမှမဟုတ် ရပြီလား အစ်ကို"

"ရပြီလေ ညီလေးပဲ တစ်နေ့ငါးခါ ဖုန်းဆက်ရာကနေလုံးဝမဆက်တော့ဘူး၊ ဖုန်းလည်းမကိုင်တော့ဘူးဆိုလို့ အစ်ကိုလုပ်ပေးလိုက်တာ၊ ဖုန်းဆက်ပြီဆိုရင်လေ၊ ညီလေးကလည်း သူ့ကိုသွားပြီး စကားအပိုတွေမပြောနဲ့ပေါ့။ စကားတွေ အကြာကြီးပြောရင် ခလိုလားအပ်တဲ့စကားတွေပါလာတတ်တယ်။ စကားတွေကထပ်နေရော၊ ပြောစရာမရှိတော့ ဟိုပြောဒီပြောနဲ့ အမှားတွေပါလာတတ်တယ်။ တစ်ယောက်နဲ့ တစ်ယောက် သည်းခံတာမျိုးမရှိတော့ဘူး။ အဲ့ဒါလေးတော့ ညီလေးသတိထားပြီးဆင်ခြင်ပေ... ကွာ"

"ဟုတ်ကဲ့-ဆင်ခြင်ပါ့မယ်အစ်ကို"

ဒီညီလေးပြန်သွားတော့ တွေးနေ... မိပါတယ်။

ဒီညီလေးလာတဲ့နေ့က စနေနေ့... အခါကလည်း စနေအခါ၊ ညနေစောင်... ကြီး။ နှလုံးသားရေးရာနဲ့ဆိုင်ရင် ကြည့်...



# ချစ်ခြင်းငှက်

မင်းပြည့်



www.burmeseclassic.com

www.burmeseclassic.com

တဲ့ဂြိုဟ်၊ တနင်္လာက ဟိုးကြီးရန်းမှာ၊ တိုင်ခြေမှာ။ ကြီးရန်းလက်ာနဲ့ဆိုရင် သူ့နှလုံးသားရေးရာဂြိုဟ်မကောင်းဘူး။ သူ့အချစ်ရေးမကောင်းဘူး။ တနင်္လာရဲ့အပေါ်မှာလည်း ရန်ဂြိုဟ်သောကြာကနှနေပြန်တယ်။

၄
၁
၅
၀
၁
၆
ရှ် ၂ *

ဒီတော့မထူးဘူးလေ၊ တနင်္လာနဲ့တွေကိုပဲ လွှတ်မြောက်အောင်လုပ်ခိုင်းလိုက်တော့တာပေါ့။

"ငှက်လွှတ်ကွာ၊ ငှက်လေးတွေကျွေးကွာ"

ဆိုတော့ ပထမတော့မလုပ်ချင်သလိုလိုနဲ့။ ဒါတနင်္လာတိုင်ခြေရောက်နေပြီ။ ငှက်များများကျွေးပေတော့ပဲ။ သူ့ဆီကို သူ့ချစ်သူက ဖုန်းမဆက်တာတစ်ပတ်ကျော်ပြီ။ သူကဆက်လည်းမကိုင်ဘူး။ ဟော - ငှက်တွေကျွေး ငှက်တွေလွှတ်လည်းပြီးရော၊ သုံးရက်လည်းကျော်ရော ထူးရော။

အမှန်က သူသာချိန်နဲ့ လုပ်ခိုင်းလိုက်တာလေးတွေနဲ့ ပညာအမြင်ကိုတင်ပြတာပါ။ ဒီလို သောရအခါမဟုတ်ဘဲနဲ့ အင်္ဂါအခါတို့ သောကြာအခါတို့မှာလာကြတဲ့ နှလုံးသားရေးရာကိစ္စတွေဆိုရင်လည်း ဒီလိုပဲ ငှက်စာကျွေး၊ ငှက်လွှတ်။ လွှတ်လို့မရရင် ငှက်စာပဲကျွေး။ ဒီလိုပဲလုပ်ခိုင်းလိုက်တာ။ အဆင်ပြေကြပါတယ်။

၀ ၇
၄ ၀
၁ ၄
၇ ၆
၆ *၂
*၂ ၅
၅ ၁

များသောအားဖြင့် နှလုံးသားရေးရာနဲ့ဆိုင်တဲ့ တနင်္လာဂြိုဟ်အောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာရာမှာရောက်တဲ့အချိန်လေးတွေမှာဆို အဲဒီလို အချစ်ရေးအဆင်မပြေတဲ့ကိစ္စလေးတွေဖြစ်ပြီးလာတတ်ကြပါတယ်။

ဖြစ်တာက သူတို့ဟာသူတို့ ဘယ်နှရက်ထဲကဖြစ်နေကြတယ်မသိပေမယ့် ရောက်လာရင် အဲဒီလိုအခါမျိုးနဲ့တိုက်ဆိုင်နေတာများပါတယ်။

ဘာပဲပြောပြော ငှက်ကလေးတွေကို အစာကျွေးတာတို့၊ လွှတ်မြောက်စေတာတို့ဟာ အချစ်ရေးကံကိုသွားပြီးကောင်းစေတယ်ဆိုတာကတော့ လက်တွေ့တွေတောင်များလာပါပြီ။

အဖေကပြောပါတယ်။

'သား၊ နှလုံးသားရေးရာအခက်အခဲဖြစ်ကြတယ်ဆိုကတည်းက တနင်္လာဂြိုဟ်ပရိယာယ်မှာ အခုအခံတစ်ခုခုရှိနေလို့ပဲ။ တနင်္လာဂြိုဟ်ပရိယာယ်ပျက်နေရင်လည်း ပျက်နေမယ်။ သူ့ဟာသူ ဘယ်လိုပုံစံနဲ့ပျက်ပျက် ပျက်တာကပျက်တာပဲ။ တနင်္လာပရိယာယ်ပျက်လို့သာခုလိုအချစ်ရေးကိစ္စတွေမှာအထစ်အငေါ့တွေဖြစ်တာပေါ့' လို့ပြောပြပါတယ်။

'ဒီတော့ သားဘာမှစဉ်းစားမနေနဲ့။ အချစ်ရေးမကောင်းကြတော့တဲ့ချစ်သူတွေကို ငှက်ကလေးတွေကို အစာကျွေးခိုင်း။ ခိုတို့၊ ကျီးတို့၊ စာကလေးတို့ဆက်ရက်တို့ပေါ့ကွာ၊ ဘယ်ငှက်ကျွေးကျွေးပေါ့။ ငှက်လေးတွေကိုကျွေးဖို့ပဲလိုတယ်။ ငှက်လေးတွေကို ဘေးမဲ့လွှတ်ပေးလို့ရတဲ့နေရာမျိုးတွေမှာဆိုရင်လည်း ဘေးမဲ့လွှတ်ပေးခိုင်း၊ အကောင်ရေမလိုဘူး။ သူ့စိတ်ထဲမှာလွှတ်ချင်သလိုလွှတ်။ သူပီတိဖြစ်ရင်ခာတ်ထိပြီ' လို့ အဖေကပြောပြလေ့ရှိပါတယ်။

ကျွန်တော်က-

'အဖေ၊ တနင်္လာနံချင်းအတူတူ ကဏန်းတို့၊ ခွေးတို့လည်းအတူတူပဲလေ။ ကဏန်းလွှတ်တာတို့၊ ခွေးကျွေးတာတို့ဆိုရင်ကော အချစ်ရေးကိစ္စတွေအဆင်မပြေဘူးလား' လို့မေးကြည့်တော့ -

'တနင်္လာနံကျုပ်ဟာမှန်တယ်၊ အချစ်နဲ့ပတ်သက်လာရင် ကြည်ကြည်နူးနူးတင်စားကြတာလေးတွေ၊ ဗွီဒီယိုတွေထဲမှာ၊ ရုပ်ရှင်ထွေထဲမှာပြတာတွေ၊ ဝတ္ထုတွေထဲမှာပါတာတွေဟာ ငှက်ကလေးတွေလား၊ ကဏန်းလေးတွေလား၊ခွေးလေးတွေလား' တဲ့။

ဩော် - ဟုတ်သားပဲ၊ ငှက်လေးတွေကို လူတွေက အချစ်နဲ့ပတ်သက်တဲ့ အသုံးအနှုန်းလေးတွေမှာ ချစ်စနိုးသုံးကြတယ်လေ။

'ဝေဟင်ထဲ ဝဲလာတဲ့ ငှက်ကလေးရယ်' တို့ -

'ငှက်လေးရယ် တို့ချစ်သူကို ပြောပြပေးပါလားကွယ်' တို့ -

'ငှက်ငယ်မောင်နှံလို တောင်ပံယှက်ခါ' တို့ -

တင်စားကြတာ များတယ်လေ။

ကဏန်းလေးလို သဲသောင်ပြင်မှာ အတူတူသွားရအောင်လို့ မကြားဘူးပါဘူး။

တို့ချစ်သူကို တို့အရမ်းသတိရနေတာ၊ ကဏန်းလေးသိပါတယ်လို့မရှိပါဘူး။ ရှိရင်လည်းရှိမှာပေါ့လေ၊ ကြားတော့ မကြားဖူးဘူး။

ဒါကြောင့် -

အဖေပြောပြီးတဲ့နောက်ပိုင်း အချစ်ရေးအဆင်မပြေကြရင် ငှက်လေးတွေကျွေး၊ ငှက်လေးတွေလွှတ်နဲ့ အဆင်ပြေသွားကြတာများပါတယ်။ ဒါပေမယ့် တစ်လလောက်လုပ်ရတဲ့သူတွေရှိသလို (၁၅)ရက်၊ ရက်(၂၀)နဲ့ အဆင်ပြေသွားကြတာတွေလည်းရှိပါတယ်။ အမျိုးမျိုးပေါ့။

အချစ်ရေးဟာသတိအတော်ထားရတဲ့ကိစ္စတစ်ခုပါ။

တစ်ခါက -

ကောင်မလေးတစ်ယောက်ကို သူ့ချစ်သူက လက်ကိုင်အိတ်အနီရောင်လှလှလေးဝယ်ပေးလိုက်တာ ဘာမှမဟုတ်တဲ့အကြောင်းလေးနဲ့ သူတို့နှစ်ယောက်ပြဿနာအကြီးအကျယ်ဖြစ်ကြပါရော။ လမ်းခွဲမယ်ဘာညာပေါ့။

ကောင်လေးက တင်းမာလွန်းလို့ဆိုပြီး ကောင်မလေး ရောက်လာတယ်။ သေချာတွက်ကြည့်လိုက်တော့ ကောင်လေးက မေတ္တာနဲ့ဝယ်ပေးတဲ့လက်ကိုင်အိတ်အနီရောင်က သူ့မှာဝင်လို့မရတဲ့ ပစ္စည်းဖြစ်နေတယ်။

ဖြစ်တာပဲ မရဘူး၊ ပညာက။

အဲဒါနဲ့ -

'ကဲ - အဲဒီအိတ်အနီလေးကို သင်အူကြိုးရှာပြီး အထပ်ထပ်ပတ်၊ ဗီရိုထဲထည့်သိမ်းထား'

လို့ ပြောလိုက်ပြီး ထုံးစံအတိုင်းပေါ့။ ငှက်လေးတွေကျွေး၊ ငှက်လေးတွေလွှတ်ပေါ့။

တချို့ဖြစ်တတ်တယ်။

အဲလိုလေးများ ပစ္စည်းတစ်ခုခုဝင်လာလို့ အချစ်ရေးမှာမမျှော်လင့်တာဖြစ်သွားရင် အဲဒီပစ္စည်းကို တစ်ခုခုထဲပိတ်ထည့်ပြီး သိမ်းထားလိုက်ရပါလိမ့်မယ်။ ဒါမှအဆင်ပြေမှာလေ။

ကိုယ့်ချစ်သူကဝယ်ပေးတဲ့ပစ္စည်းဖြစ်နေပြန်တော့လည်း လွှင့်ပစ်လို့မဖြစ်ဘူးလေ။ အဝင်ကလည်းမတော်ဆိုတော့ ဘယ်လိုလုပ်မလဲ။

ခုလိုပဲသိမ်းထားရတော့မှာပေါ့။

ဒါက အချစ်ရေးနဲ့ ပတ်သက်လာရင် အခုအခံလေးတွေကြုံဖန်ဖြစ်လာတဲ့အခါ ဘာများမှားလို့ပါလိမ့်ဆိုတာ သတိထားမိဖို့ အကြံပေးတာပါ။ ဇာစ်မြစ်ကိုသိရင်လုပ်လို့ရပြီလေ။ အဲဒီပစ္စည်းလေးကိုသိမ်း၊ ပြီးရင် ငှက်လေးတွေကျွေး ငှက်လေးတွေလွှတ်ပေါ့။

ငှက်လေးတွေဆိုတာ လေဟုန်မှာပျံဝဲကြတာလေ။

အချစ်ဆိုတာလည်း စိတ်ကူးယဉ်ကြတာက အစပြုတာပဲ။ ဒါလည်းလွတ်လပ်စွာလွင့်ပျံခြင်းနဲ့တူနေပါတယ်။

ဘာပဲဖြစ်ဖြစ် တနင်္လာနံအောက်မှာရောက်နေတဲ့အခါတွေမှာ အချစ်ရေးကိစ္စ အဆင်မပြေတာတွေလာတတ်ကြသလို တနင်္လာနံအပေါ်မှာရှိပေမယ့် အချစ်ရေး ကိစ္စအဆင်မပြေဘဲလာကြသူတွေလည်းရှိပါတယ်။

သူတို့ကို လေ့လာလိုက်ရင် မိ[illegible] ဂြိုဟ်ပျက်နေတာတို့၊ သူတို့မွေးနံပျက်နေတာတို့၊ သူတို့နဲ့ပတ်သက်တဲ့သူရဲ့မွေး[illegible] ဒါမှမဟုတ် နာမည်ပျက်နေတာတို့ဖြ[illegible] နေတတ်ပါတယ်။

ဘယ်လိုပဲပျက်ပျက်ပါ၊ ငှက်လေး[illegible] တွေကျွေးလိုက်တာနဲ့တင် ထိထိရောက်[illegible] ရောက် အဆင်ပြေသွားကြတာများပါ[illegible] တယ်။

သူငယ်ချင်းတွေကတောင် စကြ[illegible] ပါတယ်။

"ဟေ့ကောင် မင်းပြည့်၊ မင်းက[illegible] မြားနတ်မောင်လား" တဲ့။ "ဖူးစာရေးနတ်လား" တဲ့။

ဘယ်လိုပဲ နောက်ကြနောက်ကြ[illegible] လက်တွေ့မှာတော့ ချစ်ကြတဲ့ချစ်သူလေး[illegible] တွေအဆင်ပြေသွားကြတာကိုပဲကြည့်ပြီး ကြည်နူးလှပါပြီ။

သူတို့လေးတွေကို သတိရရင် ငှက်လေးတွေကိုသတိရတယ်။

ငှက်လေးတွေကိုမြင်ရင်လည်း သူတို့လေးတွေကို သတိရပါရဲ့။

ကဲ -

အချစ်ရေးနဲ့ ငှက်လေးတွေ ခွဲခြ[illegible] လို့မရစကောင်းဘူးပေါ့နော်။

မင်းပြည့်

www.burmeseclassic.com

ကြည်ပြာမောင်(သင်ငမြေ)

# အဘိုးပေးသောဆေးမြီးတို

ကျွန်တော်သည် ငယ်စဉ်ကတည်းကပင် အမေ့ဘက်မှ အဘိုးဖြစ်သူနှင့် အနေများခဲ့၏။ ကျွန်တော်၏အဘိုးသည် ဆေးဆရာတစ်ဦးမဟုတ်သော်လည်း တိုင်းရင်းဆေးတို့အကြောင်းကို အတော်အတန်သိသည်ဟု ဆိုရပေလိမ့်မည်။ အကြောင်းမှာ အဘိုးသည် အချိန်ရတိုင်း ဆေးဖော်စပ်ပြီး စနစ်တကျ သိမ်းထားတတ်သောကြောင့်ပင် ဖြစ်၏။ ကျွန်တော် (၆) တန်းနှစ်တွင် အဘိုးဆုံးသွားပါသည်။ အဘိုး၏ပညာတွေကို ကျွန်တော်တို့ မရလိုက်ခြင်းမှာ အလွန်နှမြောစရာမှ ရင်နာဖို့ကောင်းပါသည်။ ထိုသော် ဟိုတစ်စသည်တစ်စတော့ ကျွန်တော် မှတ်မိနေ၏။ အဘိုးသည် ဆေးဖော်စပ်တိုင်း ကျွန်တော့်ကို ဘေးနားတထိုင်ခိုင်းပြီး 'ဒီဟာကဘာ၊ ဘယ်လိုသုံးတယ်' အစရှိသည်ဖြင့် ပြောပြတတ်၏။ ထို့ကြောင့် ကျွန်တော်သည် အချို့ဆေးဖော်စပ်ပုံကို ငယ်စဉ်ကတည်းကပင် အလွတ်ရနေ၏။

တစ်နေ့ အဖေနေမကောင်းဆိုပြီး လယ်ထဲကိုမသွားဘဲ အိပ်ရာထဲတွင် အိပ်နေ၏။ အဖေသည် ဘယ်သူ့ကိုမှ ဘာမပြောဘဲ တအင်းအင်းနှင့်ညည်းနေ၏။ ကျွန်တော်လည်း ကျောင်းပိတ်ရက်မို့ အိမ်မှာရှိနေသည်။ အိမ်သားတွေ အားလုံး လယ်တဲကိုသွားကြ၏။ ညနေစောင်းမှ အိမ်ကိုပြန်ရောက်ကြမည်။ ကျွန်တော့်တွေ့ပြီ။ ကျွန်တော် ဘာမှ လုပ်တတ်မကိုင်တတ်နှင့် ဟိုဟာကိုင် ဒီလိုဒီဟာကိုင်ရမလိုဖြစ်နေ၏။ အချိန်မှာ မိုးအကုန်ဆောင်းအကူးရာသီပြောင်း ဖြစ်သည်။ ရာသီဥတုကလည်း ပူသလားမမေးနှင့်။ တစ်ကိုယ်လုံး ချွေးတွေ ပြိုးပြိုက်ထားသလို ခံစားရ၏။ အဖေကတော့ တအင်းအင်းနှင့် ညည်းနေရှာသည်။

ညနေတော့ အဘိုးတို့လယ်တဲက ပြန်ရောက်လာကြသည်။ အဘိုးတို့ ရောက်လျှင်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသလို ကျွန်တော်က အဘိုး၏ လက်ကိုကိုင်ပြီးပြောတော့သည်။

"အဘိုး၊ အဖေနေမကောင်းဘူး။ တစ်နေ့လုံး တအင်းအင်းနဲ့အော်နေတယ် ဘာဖြစ်လဲလို့ဆိုတော့လဲ မေးလို့မရဘူး"

"ဟေ-ဘယ်မှာလဲကွ၊ မင်းအဖေ"

"အိပ်ရာပေါ်မှာ"

"လာ-လာ၊ သွားကြည့်ရအောင်"

အဘိုးသည် ပုဆိုးဟောင်းတစ်ထည်နှင့် မျက်နှာကိုသုတ်လိုက်ပြီး အိမ်ပေါ်သို့တက်သွား၏။ ကျွန်တော်လည်း နောက်က ဘုမသိဘမသိနှင့်လိုက်သွားသည်။ အဖေသည် အိပ်ရာပေါ်တွင် ခွေခွေကလေးအိပ်ပြီး ညည်းနေ၏။

"ဘာဖြစ်တာလဲကွ"

အဘိုးသည် မေးလည်းမေးပြီး အဖေ၏လက်ကောက်ဝတ်ကိုကိုင်ကာ မေးတဆတ်ဆတ်လုပ်နေ၏။

"မသိဘူး မင်းမင်းရာ၊ ညာဘက်နံဘေးက အောင့်နေတာပဲ။ ပြီးတော့ အဖုအပိမ့်တွေလည်းထွက်နေတယ်။ရေယုန်လားမသိဘူး"

ကျွန်တော်တို့ဒေသ၌ ယောက္ခမ (ဖခင်) ကို မင်းမင်းဟုခေါ်ကြပြီး ယောက္ခမ(မိခင်)ကို ရှင်ရှင်ဟုခေါ်ကြသည်။ အဘိုးသည် အဖေ၏အကျႌကို မြှောက်ကြည့်ပြီးအော်တော့၏။

"ငါထင်သားပဲ။ ရေယုန်မှ ရေယုန်အစစ်။ ကဲ - ညှော်မခံနဲ့။ ရေကို လုံးဝမထိနဲ့"

ကျွန်တော် ကြည့်လိုက်တော့ အဖေ၏ ညာဘက်နံဘေးတွင် အဖုအပိမ့်တွေ အတန်းလိုက်ပေါ်နေကြ၏။ ကြည့်ရသည်မှာ ကြယ်အစုအဝေးနှင့် သဏ္ဌာန်တူ၏။ အလျားမှာ တစ်ထွာခန့်ရှိပြီး အနံမှာ တစ်မိုက်ခန့်ရှိလိမ့်မည်ဟု ထင်ပါသည်။ မီးလောင်ထားသကဲ့သို့ ရောင်ကိုင်းနေကြ၏။ အဖေကတော့ 'ယားလည်းယားတယ်' ဟု နောက်မှ ပြောပြပါသည်။ ကြည့်ရသည်မှာ မသတီစရာကောင်းလှသည်။

အဘိုးသည် ကျွန်တော့်ကို ရေအုန်းသီး (ဓနိသီး) အခွံ ရှာခိုင်း၏။ ရေအုန်းသီးအခွံရလာသောအခါ မီးဖုတ်ပြီး ပြာကို အိုးအသစ်တစ်ခုတွင် ထည့်ကာ အုန်းဆီနှင့်သမအောင်ရောမွှေစေ၏။

ကျွန်တော်သည် အဘိုးခိုင်းသမျှ မငြီးမငွေ့လုပ်ပေးလိုက်သည်။ ထို့နောက် အဘိုးသည် အဖေ၏အနာပေါ်တွင် ခပ်ပါးပါးလေးလိမ်းကျံပေး၏။ ဆေးလိမ်းပေးရာက ကျွန်တော်ကို လှမ်းပြီးစကားပြော၏။

"မှတ်ထားကွ၊ ဒါရေယုန်နာလို့ခေါ်တယ်။ အပူကြောင့်ဖြစ်တာ။ ဥတုပြောင်း ရာသီပြောင်းဆိုတော့ အဖြစ်များကြတယ်။ ဒီအနာတွေက အထဲက နေလာတာ ညှော်ခံလို့မရဘူး ရေထိခံလို့မရဘူး။ မတော်ရင် အသက်ပါပါသွားနိုင်တယ်"

ဤသို့ဖြင့် အုန်းဆီနှင့် ရေအုန်းသီးပြာကို တစ်နေ့လျှင် နှစ်ကြိမ်ခန့် လိမ်းပေးရ၏။ လေးရက်မြောက်နေ့တွင် အဖေ၏အနာမှာ ပျောက်ကင်းလုလု ဖြစ်သွားလေတော့သည်။ အစားအသောက်ကိုလည်း ရှောင်ရ၏။ အညှီအဟောက်တွေကိုကား ဝေးသထက်ဝေး၊ ရှောင်နိုင်မှတော်ရာကျ၏။ အဖေ့တုန်းကတော့ ဆန်ပြုတ်နှင့်သာ နှစ်ပါးသွားခဲ့ရ၏။ တစ်ပတ်ခန့်အကြာမှာတော့ အဖေ့ရောဂါ ကင်းကင်းရှင်းရှင်းပျောက်သွားခဲ့တော့သည်။ ဤကား ကျွန်တော့်အမေဘက်မှ အဘိုး၏ ရေယုန်နာကို လက်တွေ့ကုသခဲ့သော ကုသနည်းတစ်ခုပင် ဖြစ်ပါသည်။

နောက်ဆေးနည်းတစ်ခုမှာ ကလေးများတွင်အဖြစ်များသော ရောဂါတစ်ခုကို ကုသနည်းဖြစ်၏။ လူကြီးများတွင်လည်း တစ်ခါတစ်ရံဖြစ်တတ်၏။ နားထဲတွင် အနာပေါက်ခြင်းပင် ဖြစ်သည်။ တချို့ဆိုလျှင် နားအုံတစ်ခုလုံး ရောင်ကိုင်းပြီး ထမင်းပင်မစားနိုင်ဖြစ်တတ်ကြ၏။ ကလေးတွေမှာတော့ ပြည်ပုပ်တွေပင် ယိုဆင်းတတ်ကြသည်။ ဤသို့ဖြစ်လျှင် နာနတ်ရွက်ကို မီးတွင်ဖြပြီး မပူမအေးထားကာ အရည်ကို နားထဲသို့ ညှစ်ချခြင်းပင်ဖြစ်၏။

ဤနေရာ၌ အထူးသတိထားရမည်မှာ နာနတ်ရွက်သည် ပူလွန်းလျှင် အန္တရာယ်ဖြစ်နိုင်ပါ သည်။ ထို့ကြောင့် မပူ၊ မအေးနွေးနွေးလေးကို နားထဲသို့ ညှစ်ထည့်လိုက်ရုံသာ ဖြစ်သည်။ ဤကဲ့သို့ တစ်နေ့လျှင် မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပြုလုပ်ပေးရပါမည်။ တချို့ဒေသတွင် ငန်းလျှာပင်ဟုခေါ်သော အပင်ကိုလည်း ညှစ်ထည့်ကြပါသည်။ ငန်းလျှာပင်ကား နာနတ်ပင်နှင့်သဏ္ဌာန်တူသည်။ အရွက်တွင် အပြောက်တွေပါရှိပြီး ပကတိ ငန်းတစ်ကောင်၏ လျှာနှင့်ပင်တူပါသည်။

ဤဆေးနည်းကား ကျွန်တော့်အဘိုးကိုယ်တိုင် ရွာထဲမှကလေးတွေကို ကုသပေးခဲ့သော ဆေးနည်းတစ်ခုဖြစ်၏။ယခုတိုင် ဤဆေးနည်းကို ကျေးလက်ဒေသတွင် အသုံးပြုလျက်ရှိပါသေးသည်။

ကြည်ပြာမောင် (သင်ငမြေ)



www.burmeseclassic.com


www.burmeseclassic.com

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်။

မကွေးမြို့ ဧရာဝတီမြစ်ကမ်းနံဘေး အောင်မေတ္တာသချိုင်းသုသာန်စရောက်ချိန်မှာကို မှောင်ရီပျိုးနေပါပြီ။ ဆောင်းတွင်းကာလမို့ အအေးဓာတ်က လွှမ်းခြုံနေ၏။ နေဝင်ချိန်စောသဖြင့် အမှောင်ထုက ဖုံးလွှမ်းစပြုနေပါပြီ။ အောင်မေတ္တာသုသာန်ကတစ်ဆင့် မြင်းကင်းသုသာန်၊ မိုင်တိုင်အမှတ် (၃၃၃) အနီးက မကွေးမြို့သုသာန်၊ သာယာကုန်းသုသာန်၊ ပြီးတော့ ဝါးတောချောင်းသုသာန်ရောက်တော့ ညသန်းခေါင်ချိန် ပင်နီးလာပါပြီ။ အမှောင်ထုကစိုးမိုးထား

အလွတ်ပွဲခေါ် ပတ္တိဒါနကုသိုလ်ပွဲအတွက် သုသာန်သချိုင်းများသို့ လိုက်ပါဆောင်ရွက်ကြမည့်တပည့်ဒကာများက ဝေဠုဝန်မဟာသုတသောမကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ဘုရားကြီးထံမှ (၉) ပါးသီလ ခံယူဆောက်တည်ကြရသည်။ ထို့နောက် မော်တော်ယာဉ်များဖြင့် ရဟန်းသံဃာတပည့်ဒကာများသည် မကွေးမြို့ရှိ သုသာန်သချိုင်းများသို့ မကျွတ်မလွတ်ကြသေးသည့် ဝေမာနိကပြိတ္တာများအား ဖိတ်ကြားရန်ထွက်ခဲ့ကြသည်။

လိုက်ထရပ်မော်တော်ယာဉ်တစ်စီးပေါ်၌ အသံချဲ့စက် လော်စပီကာဟွန်း (၂) လုံးကို တပ်ဆင်လာခဲ့ကြသည်။



ရေနံ့သာ
# အောင်ချမ်းဇော်
## အမျှရကြ၍သာဓုခေါ်နိုင်ကြစေ

ပေမယ့် လပြည့်ကျော်လရဲ့အလင်းကျန်က မှိုင်းပျပျလင်းပါသေးသည်။ ဝါးတောချောင်းသချိုင်းသုသာန်အုတ်ဂူမြေပုံတွေအနီး သံဃာတော်အရှင်သူမြတ်ရဟန်းတော်တို့က တိုးကပ်သွားပြီး စီတန်းရပ်နေကြသည်။ မော်တော်ကားတွေက ရှေ့မီးကြီးတွေကို အုတ်ဂူမြေပုံတွေရှိရာ မီးထိုးပေးထားကြရသည်။ သံဃာတော်အရှင်သူမြတ်ရဟန်းတော်တွေက အုတ်ဂူမြေပုံသချိုင်းသုသာန် မျက်နှာပြုကြပြီး မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်နေကြသည်။

ညနေစောင်းချိန်ကပင် မကွေးမြို့ ဝေဠုဝန်မဟာသုတသောမကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ဘုရားကြီး၏ တပည့်သားသံဃာတော်အရှင်မြတ်ရဟန်းများနှင့် တပည့်ဒါယကာများ ဝေဠုဝန်မဟာသုတသောမကျောင်းတိုက်၌ စုဝေးခဲ့ကြသည်။ ပဌမအကြိမ် အကျွတ်

သုသာန်သချိုင်းရောက်ပါက အုတ်ဂူမြေပုံတွေနားအထိ အနီးကပ်ရောက်နိုင်သမျှရောက်အောင်ချဉ်းကပ်ပြီး အသံချဲ့စက်ဖြင့် သံဃာတော်အရှင်သူမြတ်ရဟန်းတော်တို့က မေတ္တာသုတ်တော်ကို ဦးစွာ ရွတ်ဖတ်တော်မူကြသည်။ နောက်တစ်နေ့နံနက်တွင် မကွေးမြို့ နံကပ်ကျွန်းအုပ်စု မြသလွန်ဘုရားကုန်းမြေ ဝေဠုဝန်မဟာသုတသောမကျောင်းတိုက်အနီး၊ ရဟန်းသံဃာတော်များ ပျံလွန်တော်မူသည့်အခါ ပူဇော်သဂြိုဟ်သည့် အဂ္ဂိဓာတုဗိမာန်ဌာနသို့ မကျွတ်မလွတ်ကြသေးသည့် ဝေမာနိကပြိတ္တာများ လာရောက်ကြရန်အတွက် သုသာန်သချိုင်းအသီးသီးကို လှည့်လည်၍ ဖိတ်ကြားကြရခြင်းဖြစ်သည်။

ဝေဠုဝန်မဟာသုတသောမကျောင်းတိုက်အနီး အကျွတ်အလွတ်ပွဲကျင်းပမည့်မြေနေရာကို ကြိုတင်၍ သန့်ရှင်းကြပြီး

တရားမကျှောပ်ဆောက်ခြင်း၊ လူဝင်
ပေါက်နေရာချန်၍ ထုံးစည်းသာ
စည်းအတွင်းမဝင်ရစာတန်းနှင့်အ
စိုက်ခြင်းများ ပြုလုပ်ထားခဲ့ကြ
မကွေးမြို့ရှိ အောင်မေတ္တာသ
မြင်းကင်းသုသာန်၊ မိုင်တိုင် (၃၃၃)
မကွေးမြို့သုသာန်၊ သာယာကုန်း
နှင့် ဝါးတောချောင်းသုသာန်တို့
သောအခါ ဦးစွာပထမ သံဃာ
အရှင်သူမြတ်တို့က မေတ္တာသုတ်
တရားရွတ်ဖတ်ကြပြီး ဒကာတ
အသံချဲ့စက်ဖြင့် -

"မကျွတ်မလွတ်ကြသေး
ပုဂ္ဂိုလ်များအား တရားန
အကြိုဖိတ်ကြားလွှာ


အစမသိနိုင်အောင် ရှည်



www.burmeseclassic.com

www.burmeseclassic.com

သော အနမတဂ္ဂသံသရာတွင် ဘဝကြီးငယ်အသွယ်သွယ်က ဆွေမျိုးတော်စပ်ခဲ့ကြဖူးသောကမ္ဘာအရပ်ရပ်နှင့်မြန်မာနိုင်ငံနေရာအနှံ့ တောအရပ်ရပ် တောင်အထပ်ထပ် သစ်ပင်ငယ်၊ သစ်ပင်ကြီးအသီးသီးသောဒေသ (သုသာန်အစရှိသော) ဌာနတို့၌ရှိကြကုန်သော မကျွတ်လွတ်ကြသည့် မိဟောင်း၊ ဖဟောင်း၊ သားဟောင်း၊ ဘွားဟောင်း၊ ဆွေဟောင်း၊ မျိုးဟောင်း ပြိတ္တာအပေါင်းတို့။



www.burmeseclassic.com

သင်တို့နှင့် အကျွန်ုပ်တို့သည် အနမတဂ္ဂသံသရာတွင် ဆွေမျိုးတော်စပ်ခဲ့ကြဖူးကုန်၏။ အကျွန်ုပ်တို့သည် ဆွေမျိုးတို့ဝတ္တရားနှင့်အညီ သင်တို့အားလုံးကို ရည်စူး၍ သဗ္ဗညုရှင်တော်မြတ်ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်အပေါင်းတို့အား ဆွမ်းခဲဖွယ် ဘောဇဉ်အချိုအချဉ်အရသာအဖြာဖြာတို့နှင့်တကွ သင်္ကန်း၊ ထီး၊ ဖိနပ်အစရှိသော အမျိုးမျိုးသော လှူဖွယ်ပစ္စည်းတို့ကို လှူဒါန်းရန် အသင့်ပြင်ဆင်ထားပါမည်။ ရောက်ရာအရပ်၊ ကြားရာနေရာမှ သာဓုအနုမောဒနာခေါ် ဆိုနိုင်ကြရန် မကွေးမြို့ နံကပ်ကျွန်းအုပ်စု မြသလွန်ကုန်းမြေ ဂေဠုဝန်မဟာသုတသောမကျောင်းတိုက်အနီး အဂ္ဂိဓာတုဗိမာန်ဌာနသို့ မနက်ဖြန် နတ်တော်လပြည့်ကျော် ၂ ရက်၊ နံနက် (၈း၃၀) နာရီအချိန်တွင် ကြွရောက်ကြပါကုန်လော့။

နတ်တို့သနင်း သိကြားမင်းအမှူးရှိသော ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရဟူသော စတုလောကပါလနတ်မင်းကြီးလေးပါးနှင့်တကွ တန်ခိုးတေဇာလွန်စွာကြီးမား နတ်စစ်သူကြီးများ၊ သက်ဆိုင်ရာ နယ်ဆိုင်၊ ပယ်ဆိုင်၊ နယ်ရှင်၊ ပယ်ရှင်အပေါင်းတို့၊ ကမ္ဘာအရပ်ရပ်နှင့် မြန်မာနိုင်ငံအရပ်ရပ်၊ တောအထပ်ထပ်၊ တောင်အထပ်ထပ်၊ မြို့နယ်၊ ကျေးရွာနေရာအနှံ့ရှိကြကုန်သော ဝေမာနိကစသော ပြိတ္တာအပေါင်းတို့အား သူတို့အတွက်ရည်စူး၍ ပြုလုပ်အပ်သော အလှူပွဲကျင်းပရာ မကွေးမြို့ နံကပ်ကျွန်းအုပ်စု မြသလွန်ကုန်းမြေ ဂေဠုဝန်မဟာသုတသောမကျောင်းတိုက်အနီး အဂ္ဂိဓာတုဗိမာန်ဌာနတို့ လာရောက်ခွင့်ပြုကြပါကုန်လော့။ အကယ်၍ မလာရောက်နိုင်၊ မကြားသိနိုင်ပါကလည်း အသင်နတ်မင်းကြီးတို့က မိမိတို့၏တန်ခိုးအာနုဘော်ဖြင့် ပြိတ္တာအပေါင်းတို့ သာဓုခေါ်နိုင်အောင် ကူညီဝိုင်းဝန်း၍ မှိုင်းမစောင့်ရောက်ပေးကြပါရန် စေတနာရှင်အများကိုယ်စား အကျွန်ုပ်က တောင်းပန်အပ်ပါသည် နတ်တို့သနင်း သိကြားမင်း အမှူးရှိသော စတုလောကပါလ နတ်မင်းကြီးလေးပါးတို့နှင့်တကွ နတ်စစ်သူကြီးအပေါင်းတို့"

ဟု သုံးကြိမ်ရွတ်ဆို ဖိတ်ကြားလေသည်။

**□ ဘုရားလက်ထက်ကအကျွတ်အလွတ်ပွဲ**

ဘဒ္ဒကမ္ဘာမှ ရေတွက်သော် ကိုးဆယ့်ကိုးကမ္ဘာထက်၌ ကာသိရာဇ်ပြည် ဇယသေနမင်းနှင့် သီရိမာမိဖုရားကြီး၏ သားတော် ဖုဿမင်းသားသည် သစ္စာလေးရပ် တရားမြတ်ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိတော်မူ၏။ ဘုရားဖြစ်တော်မူပြီးသောအခါ ခမည်းတော်ဇယသေနမင်းက -

"ငါ၏ သားတော်သည် အိမ်ရာတည်ထောင်လူ့ဘောင်ကိုစွန့်ခွာ၍ မြတ်သောတောထွက်ခြင်းကိုပြုပြီး ဘုရားအဖြစ်သို့ရောက်ခဲ့ပြီ။ ဒါကြောင့် ငါ၏သား ဘုရားသည် ငါ၏ဘုရား၊ တရားလည်း ငါ၏တရား၊ သံဃာလည်း ငါ၏ သံဃာသာဖြစ်တော့သည်"

စိတ်ကြံတော်မူ၍ ကိုယ်တိုင်ပြုစုလုပ်ကျွေးပြီး မမောနိုင်မပန်းနိုင် ကြည်ညိုမြတ်နိုး၍မဆုံး တပြုံးပြုံးဖြစ်ကာ သူတစ်ပါးကို ပြုစုလုပ်ကျွေးခွင့်မပေးပေ။ ဖုဿဘုရားရှင်၏ အဖေတူအမေကွဲ ညီငယ်သုံးယောက်တို့ကလည်း ခမည်းတော်မင်းကြီးသည် ဘုရားဖြစ်သော်မူမှစ၍ မည်သူ့ကိုမျှလုပ်ကျွေးခွင့်မပေးဘဲ ပြုလုပ်နေသည်ကို မိမိတို့လည်း အခွင့်အရေးရရန် အချင်းချင်းတိုင်ပင်နေကြ၏။

"ညီငယ်တို့၊ ဘုရားရှင်တို့မည်သည် ခပ်သိမ်းသောလောက၏ အကျိုးစီးပွားအလို့ငှာ ပွင့်တော်မူခြင်းသာဖြစ်ပေ၏။ တစ်ယောက်တည်းအကျိုးငှာ ပွင့်တော်မူတာမဟုတ်။ ငါတို့ခမည်းတော်က သူတစ်ပါးလုပ်ကျွေးခွင့်ကို မပေးတော့ ငါတို့အနေနဲ့ ဘုရားရှင်ကိုရော၊ တရားတော်ကိုရော၊ သံဃာတော်ကိုရော ဘယ်လိုလုပ် ဆည်းကပ်ခွင့်လှူဒါန်းခွင့်ရကြမှာလဲ"

"ဒီလိုဆိုရင် ငါတို့ တစ်စုံတစ်ရာအကြောင်းရှာပြီးပြုလုပ်ကြမယ်"

"ဘယ်လိုလုပ်မှာလဲ နောင်တော်ကြီးနဲ့ နောင်ဘော်ယတ်"

"ဒါ ဘာမှမပူနဲ့ ညီလတ်နဲ့ညီငယ်၊ တိုင်းစွန်နယ်ဖျားမှာ သူခိုး၊ ဓားပြတွေထကြွနေတယ်လို့ ခမည်းတော်မင်းကြီးကို လျှောက်ဟင်ကြမယ်"

ထိုသို့တိုင်ပင်ပြီး ညီနောင်သုံးပါးသည် မင်းကြီးထံသွား၍ လျှောက်တင်ကြရာ တိုင်းစွန်နယ်ဖျားသို့ သူခိုးဓားပြဘေးငြိမ်းစေရန်လွှတ်လိုက်လေ၏။ ရက်အတန်ကြာအောင် ထကြွနေသောသူခိုး၊ ဓားပြများငြိမ်းပြီးသောအသွင်ဖြင့် ပြန်လာကြ၏။ ခမည်းတော်မင်းကြီးလည်း နှစ်သက်တော်မူ၍ -

"ကဲ - သားတော်တို့ လိုရာဆု[illegible] တောင်းကြပေတော့"

"မှန်လှပါ ခမည်းတော်ဘုရား၊ သားတော်တို့လည်း မြတ်စွာဘုရားရှင်နှင့် သံဃာတော်တို့ကို လုပ်ကျွေးပြုစု[illegible] ပါသည် ဘုရား"

"အိုကွယ် - ဘယ်နှယ်ရှိစ၊ ဒီဆု[illegible] ထားပြီး သားတော်တို့တခြားသောဆု[illegible] ယူကြပါကွယ်"

"ခမည်းတော်ဘုရား၊ သားတော်တို့ တခြားသောဆုကိုအလိုမရှိကြပါ"

"အင်း - ခက်တော့ခက်ပြီကွယ်[illegible] ကဲကဲ - သားတော်များ ဒီလောက် ဆ[illegible] ပြင်းပြရင်လည်း အချိန်ကန့်သတ်ပြီ[illegible] ယူကြပါတော့ကွယ်"

"ဝမ်းမြောက်လှကြောင်းပါဘုရား"

"ခမည်းတော်ဘုရား၊ သားတော်တို့ ခြောက်နှစ်မျှ ပြုစုလုပ်ကျွေးခွင့်ပြုပါ ဘုရား"

"များတယ်ကွယ်"

"ငါးနှစ်ပါ ဘုရား"

"လျှော့ဦးကွယ်"

"လေးနှစ်ပါ ဘုရား"

"များသေးတယ်ကွယ်"

"သုံးနှစ်ပါ ဘုရား"

"လျှော့ပါဦးကွာ"

"နှစ်နှစ်ပါ ဘုရား"

"ဒီလိုတော့မလုပ်ကြပါနဲ့၊ သား[illegible] တော်တို့ သုံးလလောက်ပဲလုပ်ကျွေးမှု[illegible] ယူကြပါကွယ်"

ဇယသေနမင်းကြီးလည်း ညှိုးငယ်[illegible] သောမျက်နှာဖြင့် ပေးသနားတော်[illegible] တော်လေ၏။ မင်းသားသုံးပါးသည် ခမည်းတော်၏ ခွင့်ပြုချက်ရလျှင်ရချင်း ဘုရားကျောင်းတော်သို့ သွားရောက်ပြီ[illegible] လျှင် အပြစ်ခြောက်ပါးကင်းသောအရ[illegible] ၌နေလျက် ဘုရားရှင်အား ထိခြင်းငါးပါး နှင့် ကန်တော့ကြ၏။

"ဘုန်းတော်ကြီးတော်မူပါသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်[illegible] အား သနားချီးမြှောက်သောအားဖြင့် ဝါတွင်းသုံးလပတ်လုံး တပည့်တော်တို့၏ မြို့ရွာလေးတွင် သီတင်းသုံးတော်မူပါ ဘုရား"

ဘုရားရှင်လည်း ဆိတ်ဆိတ်နေ[illegible] သဖြင့် ခွင့်ပြုတော်မူ၏။ ဘုရားရှင်ခွင့်ပြု[illegible] သောအခါ ချက်ချင်းဆိုသလို ညီနောင်သုံးယောက်တို့သည် မိမိတို့မြို့ရွာဇနပုဒ်[illegible] ရှိမင်းချင်းများအား ကျောင်းများဆော[illegible] လုပ်ထားရန် သဝဏ်လွှာပို့ခဲ့၏။ မင်းချင်း[illegible]

www.burmeseclassic.com

ယောကျ်ားလည်း အလုံးစုံပြီးသောအခါ မင်းသားတို့ထံသတင်းလွှာပို့၍အကြောင်းကြားစေ၏။

မင်းသားသုံးယောက်သည် ဖန်ရည်စွန်းသောအဝတ်ကိုဝတ်ကြပြီး အမှုကြီးငယ်အသွယ်သွယ်ကို ပိုင်နိုင်စွာ စီစဉ်နိုင်သော အမျိုးကောင်းသားတစ်ထောင်တို့ဖြင့် မြတ်စွာဘုရားကို လည်းကောင်း၊ ရဟန်းသံဃာတော်တို့ကို လည်းကောင်း ရှိသေစွာ ဆည်းကပ်ပြီးလျှင် မိမိတို့မြို့လေးသို့ ပင့်ဆောင်ခဲ့ကြ၏။ ထို့နောက် ဘုရားရှင်ကိုယ်တော်မြတ်သည် ညီနောင်သုံးယောက်နှင့်တကွ နောက်ပါအခြံအရံတို့လှူဒါန်းအပ်သော ကျောင်းအတွင်း၌ ဝါဆိုဝါကပ်တော်မူလေ၏။

မင်းသားများ၏ဘဏ္ဍာစိုးဖြစ်သော သူကြွယ်၏သားလည်း သားမယားနှင့်တကွ ဘုရားအမှူးရှိသော သံဃာတော်အပေါင်းကို ဆွမ်းအစရှိသော ဒါနအမှုကို မပြတ်ပြုလုပ်လှူဒါန်းကြ၏။ မင်းချင်းယောကျ်ားသည် သူကြွယ်သားနှင့်တကွ တစ်သောင်းတစ်ထောင်သော နောက်ပါအမျိုးကောင်းသားများနှင့်အတူ ဒါနအမှုတို့ပြုကြလေသည်။ သို့သော် တချို့သောသူတို့သည် ဘုရားရှင်နှင့်တကွ သံဃာများ ဆွမ်းမလှူဒါန်းခင် အိမ်သို့ ပို့ဆောင်ယူငင်၍ သားမယားများကို ကျွေးမွေးကြ၏။ ဆွမ်းစားဇရပ်ကိုလည်း မီးဖြင့်ရှို့ကြလေသည်။

တစ်ခုသောကာလတွင် ကာသိရာဇ်ပြည်၌ ဖုဿဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူလေသည်။ ဇယသေနမင်းကြီး၊ သားတော်သုံးယောက်၊ ဇနပုဒ်တွင်နေသောမင်းချင်းယောကျ်ားနှင့် ဘဏ္ဍာစိုးတို့သည် အစဉ်သဖြင့် စုတေသေလွန်သောအခါ မိမိတို့၏ပရိသတ်နှင့်အတူ နတ်ပြည်တစ်ခုမှ နတ်ပြည်တစ်ခုသို့ (၉၉) ကမ္ဘာတိုင်တိုင် လားရောက်ကြရ၏။ သံဃာများအား လှူဒါန်းရန် ချက်ပြုတ်ထားသော စားသောက်ဖွယ်တို့ကို မကပ်လှူမီ နေ့စဉ်မပြတ် ဦးဦးဖျားဖျား စားသောက်ယူငင်၍ သာသနာကိုနှောင့်ယှက်ဖျက်ဆီးသူများသည် ငရဲတစ်ခုမှ ငရဲတစ်ခုသို့ (၉၉)ကမ္ဘာတိုင်လားရောက်ကြလေသည်။

**□ ဘဒ္ဒကမ္ဘာ ကဿပမြတ်စွာဘုရားပွင့်တော်မူချိန်**

ကဿပဘုရားရှင်ပွင့်တော်မူသောအခါ ဦးဦးဖျားဖျား စားသောက် ယူငင်နှောင့်ယှက် ဖျက်ဆီးသောသူတို့သည် ပြိတ္တာဘုံဘဝသို့ရောက်ခဲ့ကြ၏။ တချို့သောလူများသည် မိမိတို့ဆွေမျိုးသားချင်းများ ပြိတ္တာဘုံဘဝတို့ ရောက်လတ်သော် အကျိုးစီးပွားခံစားနိုင်ရန် ရည်စူးကုသိုလ်များပြု၍ အမျှပေးဝေကြ၏။ ထိုအဖြစ်ကိုသိသော ပြိတ္တာတို့သည် စည်းစိမ်ချမ်းသာကို ရရှိခံစားကြသည်ကို မြင်သောအခါ ကဿပဘုရားရှင်ထံ ချဉ်းကပ်ကာ မေးလျှောက်ကြ၏။

"အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော်တို့သည်လည်း- ဤသို့သဘောရှိသော စည်းစိမ်ချမ်းသာကိုရနိုင်ကြမှာလားဘုရား"

"ယခုအခါ သင်တို့သည် ငါဘုရား၏ လက်ထက်အခါ၌ မရနိုင်ကြပါ။ နောင်သောအခါ ဂေါတမမည်သော ဘုရားရှင်တွင် ဗိမ္ဗိသာရမင်းသည် ဤဘဒ္ဒကမ္ဘာမှရေတွက်သော် ကိုးဆယ့်နှစ်ကမ္ဘာထက်က သင်တို့ဆွေမျိုးတော်ဖူးသူဖြစ်၏။ ထိုဆွေမျိုးတော်ဖူးသောဗိမ္ဗိသာရမင်းသည် ဘုရားရှင်အား အလှူဒါနပေးလှူ၍ သင်တို့အားရည်ညွှန်း၍ အမျှပေးဝေလိမ့်မည်။ ထိုအခါ သင်တို့စည်းစိမ်ချမ်းသာကိုရကြလိမ့်မည်"

ပြိတ္တာများသည် ကဿပဘုရားရှင်မိန့်ကြားသောစကားကို မနက်ဖြန်ပင်ခံစားကြရလေသယောင် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ကြလေ၏။

**□ ဂေါတမဘုရားရှင်လက်ထက်**

ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ ဖုဿဘုရားရှင်၏ ညီတော်သုံးယောက်တို့သည် နောက်ပါတစ်ထောင်နှင့်တကွ စုတေခဲ့၍ မဂဓတိုင်းပုဏ္ဏားမျိုး၌ဖြစ်လေ၏။ အရွယ်ရောက်သော် ရသေ့ရဟန်းပြု၍ ဂယာသီတအရပ်၌ နေထိုင်ကြ၏။ ဇနပုဒ်သားမင်းချင်းယောကျ်ားသည် ဗိမ္ဗိသာရမင်းဖြစ်လေ၏။ ဘဏ္ဍာစိုးဖြစ်သော သူကြွယ်သားသည် ဝိသာခမည်သော သူဌေးကြီးဖြစ်၏။

ဘုရားဖြစ်တော်မူပြီး ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ကြွရောက်တော်မူကာ ပဥ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားဦးဟောတော်မူ၏။ ထိုမှတစ်ဖန် ဂယာသီတအရပ်၌နေသော ရသေ့တစ်ထောင်စီအခြံအရံရှိသော ရသေ့သုံးယောက်ကို ချေချွတ်တော်မူပြီး ရာဇဂြိုဟ်ပြည် ကြွရောက်တော်မူခဲ့သည်။

ရာဇဂြိုဟ်ပြည်သို့ရောက်သောအခါ မြတ်စွာဘုရားရှင်သည် တရားဒေသနာဟောကြားတော်မူရာ ဗိမ္ဗိသာရမင်းနှင့်တကွ တစ်သိန်းတစ်သောင်းကုန်သော အင်္ဂတိုင်းနှင့် မဂဓတိုင်း၌နေကြသော ပုဏ္ဏားသူကြွယ်များသည် သောတာပတ္တိဖိုလ်၌တည်ကြလေ၏။ ဗိမ္ဗိသာရမင်းကြီးလည်း မြတ်စွာဘုရားရှင်အား နန်းတော်သို့ ဆွမ်းစားကြွရန် ပင့်လျှောက်တော်မူ၏။

နောက်တစ်နေ့နံနက်တွင် နန်းတော်သို့ကြွ၍ ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီး အနုမောဒနာချီးမြှင့်တော်မူ၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးနှင့် ဆွေမျိုးတော်စပ်ဖူးကြသောပြိတ္တာတို့သည် -

"ယခုအခါ၌ ငါတို့၏ ဆွေမျိုးတော်စပ်သော ဗိမ္ဗိသာရမင်းကြီး အလှူဒါနအဖို့တို့ကို ငါတို့အား ရည်ညွှန်း၍ အမျှပေးဝေလိမ့်မယ်ဟေ့"

ဟု ပြောဆိုကာ ပြိတ္တာများစုဝေးနေကြသည်။

ဗိမ္ဗိသာရမင်းကြီးလည်း ဘုရားရှင်အား ကျောင်းဆောက်လှူဒါန်းရန် စဉ်းစားတွေးတောနေသဖြင့် ပြုခဲ့ပြီးသော အလှူဒါနကို တစ်စုံတစ်ယောက်ကိုမျှ ရည်ညွှန်း၍ အမျှမပေးခဲ့ပေ။ ထိုအခါ ပြိတ္တာများသည် အမျှဝေမှုတို့မရကြသောကြောင့် ညအခါ၌ ဗိမ္ဗိသာရ၏နန်းတော်တွင်း၌ အတိုင်းထက်အလွန် ကြောက်မက်ဖွယ်ကောင်းသောအသံတို့ဖြင့်အော်ဟစ်ကြလေ၏။ ဗိမ္ဗိသာရမင်းကြီးလည်း ကြောက်ရွံ့ထိတ်လန့်လျက် တစ်ညတာကုန်ဆုံးခဲ့ရ၏။ မနက်လင်းသောအခါ ဘုရားရှင်ထံသွား၍ -

"အရှင်ဘုရား၊ ညဉ့်အခါက ဘုရားတပည့်တော်၏ နန်းတော်ရင်ပြင်တွင် အလွန်ကြောက်မက်ဖွယ်ကောင်းသောအသံများကြားရပါသည် ဘုရား၊ ထိုအသံများသည် ဘုရားတပည့်တော်ကို မည်ကဲ့သို့အကျိုးအပြစ်များဖြစ်လာနိုင်ပါသလဲ ဘုရား"

"မြတ်သောမင်းကြီး၊ ကြောက်တော်မမူပါနှင့်။ သင်မင်းကြီးအား တစ်စုံတစ်ခုသော မကောင်းကျိုးသည် မဖြစ်ပါ။ လွန်ခဲ့သော (၉၂) ကမ္ဘာထက်က ပြိတ္တာဘဝသို့ ရောက်နေကြကုန်သော သင့်ဆွေဟောင်းမျိုးဟောင်းရှစ်သောင်းလေးထောင်တို့သည် ဖုဿဘုရားရှင်နှင့် ကဿပဘုရားရှင်တို့လက်ထက်ကပင် လှည့်လည်နေကြပြီး အသင်မင်းကြီး၏ အလှူဒါနပေးဝေမှုကို စောင့်စားနေကြခြင်း ဖြစ်ပေသည်။ မနေ့ကအလှူဒါနကို ပေးလှူပါသော်လည်း ရည်မှန်းကာ အမျှ

www.burmeseclassic.com

မပေးဝေမိသောကြောင့် ထိုပြိတ္တာတို့သည် ကြောက်ဖွယ်ရာအသံစုံကိုပြုကြခြင်းသာဖြစ်ပေသည်"

"အရှင်ဘုရား၊ ယခုအခါ၌လည်း ပေးလှူခဲ့ပါလျှင် ထိုပြိတ္တာတို့သည် အမျှရကြဦးမှာလား ဘုရား"

"မင်းကြီး၊ ရနိုင်ပါ၏"

"ထိုသို့ဖြစ်ပါမူကား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ယနေ့အလို့ငှာ ဘုရားတပည့်တော်ရဲ့ ဒါနအမှုကို အလှူခံတော်မူပါ ဘုရား။ မကျွတ်မလွတ်ကြသေးသော ဆွေပေါင်းမျိုးပေါင်း ပြိတ္တာအပေါင်းတို့အား ရည်မှန်းကာ လှူဒါန်းလိုပါ၏ ဘုရား"

ဗိမ္ဗိသာရမင်းကြီး၏လျှောက်တင်စကားကို ဘုရားရှင်သည် ဆိတ်ဆိတ်သာ သည်းခံတော်မူ၏။ မင်းကြီးလည်း နန်းတော်သို့ပြန်ပြီး ကြီးစွာသောအလှူကို စီရင်လေသည်။ ဘုရားရှင်နှင့်တကွ နောက်ပါသံဃာတော်များ နန်းတော်သို့ကြွလာပြီး ခင်းထားအပ်သောနေရာတို့၌ သီတင်းသုံးတော်မူကြ၏။

"ယနေ့စင်စစ်ဧကန် ငါတို့အမျှရကြတော့မယ်ဟေ့"

ပြိတ္တာတို့သည် တစ်ဦးနှင့်တစ်ဦး ပြောဆိုကြကာ နန်းတော်နံရံတစ်ဖက်တွင် စောင့်မျှော်နေကြ၏။ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်နှင့်တကွ သံဃာတော်တို့အား လှူဖွယ်များဆက်ကပ်ပြီး-

"ဤကောင်းမှုအစုစုသည် ငါ၏ မကျွတ်မလွတ်ကြသော ဆွေပေါင်းမျိုးပေါင်း ပြိတ္တာအပေါင်းတို့အား အတူတကွ အမျှရကြသည်ဖြစ်ပါစေသော်"

ထိုအမျှဝေပြီး ခဏတွင် ပြိတ္တာတို့အတွက် ကြာရိုးကြာစွယ်အသွယ်သွယ်သောကြာတို့ဖြင့် ဖုံးလွှမ်းအပ်သော လေးထောင့်ရေကန်ကြီးဖြစ်ပေါ်လာ၏။ (၉၉)ကမ္ဘာတိုင်တိုင် မွတ်သိပ်ဆာလောင်လာကြသောပြိတ္တာတို့သည် ထိုရေကန်ကြီးအတွင်း ပျော်ရွှင်စွာ ချိုးလည်းချိုး၊ သောက်လည်းသောက်သုံးကြလေရာ ပူလောင်မှု၊ မွတ်သိပ်မှု၊ ပင်ပန်းမှုများကင်းဝေးပြီး ငြိမ်းအေးချမ်းသာခြင်းသို့ ရောက်ကြ၏။ ရွှေရောင်အဆင်းကဲ့သို့လည်း ပြည့်စုံကြကုန်၏။

မင်းကြီးသည် ယာဂု၊ ခဲဖွယ်၊ ဘောဇဉ်တို့ကိုပေးလှူပြီး နောက်ထပ်ရည်မှန်းကာ အမျှပေးဝေပြန်ရာ နတ်၌ဖြစ်သော ယာဂု၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို စားသောက်ကြ၍ ပြည့်ဖြိုးသောကျွေ့ ရှိကြလေ၏။ ထိုမှတစ်ဖန် သင်္ကန်း၊ အိပ်



ရာနေရာအခင်းတို့ကိုလှူဒါန်း၍ ရည်မှန်းကာ အမျှပေးဝေပြန်လေ၏။ ပြိတ္တာများလည်း နတ်၌ဖြစ်သော အဝတ်ပုဆိုး၊ ပြာသာဒ်၊ အိပ်ရာနေရာအခင်း အစရှိသောတန်ဆာအစီအရင်တို့ရကြလေ၏။

ဘုရားရှင်သည် ထိုအခြင်းအရာများကို ဗိမ္ဗိသာရမင်းကြီးမြင်စေရန် အဓိဋ္ဌာန်၍ပြတော်မူ၏။ မင်းကြီးလည်း ထို အလုံးစုံသောစည်းစိမ်ဥစ္စာအဖြာဖြာကိုမြင်ရ၍ အတိုင်းအထက်အလွန်ကြည်ရွှင်ဝမ်းမြောက်လေတော့သည်။

**▫ ဝေဠုဝန်ဆရာတော်လက်ထက် အကျွတ်အလွတ်ပွဲ**

ဝေဠုဝန်ဆရာတော်သည် မကွေးဆရာတော်ကြီး လွန်တော်မူသောအခါ မကွေးဆရာတော်ဘုရားကြီးကို ကြည်ညိုလေးစားသောအားဖြင့် ဆရာတော်ကြီးရှိစဉ်အခါကပြုလုပ်ခဲ့သော အကျွတ်အလွတ်ပွဲကို လုပ်ဆောင်ရန်ဆန္ဒရှိခဲ့၏။ ထို့နောက် ဝေဠုဝန်ဝေယျာဝစ္စအဖွဲ့ ဒကာများဖြစ်သော ဦးကျော်မင်းနှင့် ဦးရန်ကင်းအောင်တို့ကိုခေါ်၍ တိုင်ပင်လေ၏။

ထို့နောက် ဝတ်ဆောက်တည်ပွဲကို တန်ဆောင်မုန်းလကွယ်မှ နတ်တော်လပြည့်အထိဆောက်တည်ကာ လပြည့်နေ့တွင် ဝတ်ထွက်ပွဲကျင်းပပြီး လပြည့်ကျော် ၁ ရက်နေ့တွင် အောင်မေတ္တာသုသာန်၊ မြင်းကင်းသုသာန်၊ မကွေးမြို့သုသာန်၊ သာယာကုန်းသုသာန်နှင့် ဝါးတောချောင်းသုသာန်တို့ကို လိုက်လံ၍ အနမတဂ္ဂသံသရာမှအကြောင်းအမျိုးမျိုးကြောင့် ပြိတ္တာဘုံဘဝသို့ရောက်ရှိနေကြသောမကျွတ်မလွတ်ကြသေးသောပြိတ္တာအပေါင်းတို့အား လိုက်လံဖိတ်ပြီးလျှင် နတ်တော်လပြည့်ကျော် ၂ ရက်နေ့တွင် ဝတ်ဆောက်တည်သံဃာများနှင့်တကွ မကွေးမြို့ပေါ်ရှိ သက်တော်ရှည်ဆရာတော်ကြီးများအားပင့်ပြီးလျှင် (၇) ရက်သားသမီး ဒကာ၊ ဒကာမအပေါင်းတို့က ဆွမ်း၊ သပိတ်၊ သင်္ကန်း၊ ဖိနပ်၊ ရေဘူး၊ ဆေး စသည်ဖြင့် စုံလင်လှစွာသော လှူဖွယ်ဖစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်း အမျှပေးဝေကြပါသည်။

နတ်တော်လပြည့်ကျော် ၁ ရက်နေ့ ညအချိန်တွင် ထိုသို့ ပြိတ္တာအပေါင်းတို့ကို လိုက်လံဖိတ်ပြီးလျှင် ဝေဠုဝန်ကျောင်းဘေးရှိ အင်္ဂါတသုသာန်ဇရပ်တွင် ဝတ်ဆောက်တည်သံဃာများက ပရိတ်ပဋ္ဌာန်းများဖြင့် မြင်အပ်၊ မမြင်အပ်သောပုဂ္ဂိုလ်များ နာကြားနိုင်ရန် ရွတ်ဖတ်ကြ၏။ဝေဠုဝန်ဆရာတော်ဦးဆောင်၍ တပည့်၊ ဒကာ၊ ဒကာမများကလည်း မြင်အပ်၊မမြင်အပ်သောသတ္တဝါအပေါင်း စားသုံးနိုင်ရန် ထမင်း၊ ဟင်းစားသောက်ဖွယ်များကို ဒါနပြုကြလေသည်။

မိမိတို့၏ ပြုလုပ်ခဲ့ကြသော ဒါနအမှုတို့သည် မကျွတ်မလွတ်ကြသေးသော နမတဂ္ဂသံသရာမှ တော်စပ်ခဲ့ကြသည့် ဆွေမျိုးအပေါင်း ပြိတ္တာများရှိခဲ့ကြပါလျှင် တစ်ဦးတစ်ယောက်သော ပြိတ္တာတို့သည် ဒုက္ခဆင်းရဲအပေါင်းမှ ကျွတ်လွတ်၍ ချမ်းသာမှုများကိုခံစားခဲ့ရပါလျှင် အတိုင်းမသိ အကျိုးကြီးမားကြမည်မှာ အမှန်ပင်ဖြစ်ပါလေတော့သည်။

**▫ အကျွတ်အလွတ်ပွဲ (ခေါ်) ပတ္တိဒါနကုသိုလ်ပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများ။ ရည်ရွယ်ချက်**

ဘဝများစွာ သံသရာမှ မိဘ၊ ဆွေမျိုး၊ အကုသိုလ်အကျိုးကြောင့် ဘဝဆိုး ပေတရောက်နေကြသူများ ဒုက္ခမှလွတ် ဘဝဆိုးမှကျွတ်ကြစေရန်ဖြစ်ပါသည်။

**▫ အကျိုးခံစားရမှု**

ဤအလှူကြောင့် အောက်ပါ အကျိုးတရားများ ခံစားရသည်ဟု ယုံကြည်ပါသည်။

က။ ဘဝဆိုးသို့ရောက်နေသူများ အနက် ကျွတ်သင့်ကျွတ်ထိုက် အချိန်ကိုက်သူများကျွတ်လွတ်သွားကြရသည်။ ဝင့်မကုန်၍လုံးဝမကျွတ်သည့်တိုင်အောင် အစားအစာ၊ အဝတ်အစား၊ နေစရာများ ရရှိကြဟု ယုံကြည်ပါသည်။

ခ။ ဒါနပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆရာတော်အရှင်သူမြတ်တို့အား ပါရမီဖြည့်ပေးရာလည်းရောက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဂ။ မိမိကိုယ်တိုင်လည်း ဒါနပါရမီ ဖြည့်ဆည်းရာရောက်ပြီး သားသမီးဝတ်၊ ဆွေမျိုးဝတ်ကို မချွတ်စေရ ကျေပွန်သူလည်း ဖြစ်ရပါသည်။

ဃ။ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ကောင်းပီသစွာ မြတ်ဘုရား၏ သွန်သင်ဆုံးမဩဝါဒကို အကြွင်းမရှိ ကျင့်သုံးဆောက်တည်ရာလည်းရောက်ပါသည်။

**□ အကျွတ်အလွတ်ပွဲ(သို့)ပတ္တိဒါနကုသိုလ်ပွဲပြုလုပ်ရန်အစီအစဉ်**

၁။ ပြုလုပ်မည့်မြေနေရာကို သန့်ရှင်းလျက် တရားမဏ္ဍပ်ဆောက်ပြီး ၎င်းမဏ္ဍပ်ဝန်းကျင် လူဝင်ပေါက်နှင့် လူနေရာချန်ထား၍ထုံးစည်းသားရန်။

၂။ ၎င်းစည်းပေါ်၌ 'ဝေမာနိကပြိတ္တာများ စည်းအတွင်းမဝင်ရ။ ဝေမာနိကပြိတ္တာများ စည်းအပြင်မှသာနေကြရန်' ဟုစာရေးပြီး အလံတိုင်များစိုက်ထူရန်။

(ထိုနေရာအထက်တွင် သာသနာ့အလံများချိတ်ဆွဲခြင်းမရှိစေရ)

၃။ မဏ္ဍပ်အတွင်း ခဲဖွယ်ဘောဇဉ်အာဟာရများထည့်ထားရန်။

က။ သပိတ်ထဲ၌ ခဲဖွယ်ဘောဇဉ်အာဟာရများထည့်ထားရန်။

ခ။ သောက်သုံးရန်ရေ၊

ဂ။ ဆေး၊

ဃ။ အဝတ်အထည်၊ သင်္ကန်း၊

င။ ဖိနပ်၊

စ။ အဆောက်အအုံအတွက် လှူရန် နဝကမ္မဝတ္ထုငွေ စသော လှူဖွယ်ပစ္စည်းများနေရာတကျပြင်ဆင်ထားရန်။

၄။ ညနေပိုင်းအချိန်တွင် သူတို့နေရာတစ်ရက်ကြိုသွား၍ အလှူကျင်းပရာနေရာဌာနသို့လာရောက်ရန်အတွက် 'တရားနာဖိတ်ကြားလွှာ' စာတမ်းကို သုံးကြိမ်တိတိ (လေးလေးနက်နက်) ရွတ်ဆိုဖိတ်ကြားရန်။

၅။ အလှူပွဲကျင်းပရန် အဆင်သင့်ဖြစ်သောအခါတွင်လည်း ထပ်မံဖိတ်ကြားရန်။

၆။ အလှူပွဲပြီးမြောက်သောအခါ ပြန်ပို့ရန်။

**□ ဆောင်ရွက်ပုံနည်းစနစ်**

ဤမျှ အကျိုးများသော ဒါနပွဲကို ပြုလုပ်ကျင်းပနိုင်ရန် ဘုရားရှင်ထံ၌ သီလဆောက်တည်ရပါသည်။

(က) ဒါနပွဲ မကျင်းပမီ သုံးလ၊ တစ်လ၊ ဆယ်ရက် မိမိစွမ်းအားရှိသလို နဝင်္ဂသီလဖြင့် သစ္စာပြုအဓိဋ္ဌာန်ဝင်ပါ။

(ခ) သာသနာကို စောင့်ရှောက်သော နတ်မင်းကြီးများ၊ ပုဂ္ဂိုလ်ကြီးများကိုတိုင်တည်ပါ။ (ဒါနပွဲကို ဦးဆောင်သူများ မိမိကိုယ်မိမိ သီလဖြင့်စင်ကြယ်ပါစေ။)

**□ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း**

မိမိက မည်မျှပင် ပြည့်စုံတတ်နိုင်ပါစေ အများ (၇) ရက်သားသမီးများ၏ လှူငွေများပါပါစေ။ သူတော်ကောင်းများနှင့် ပေါင်းသင်းဆောင်ရွက်ပါ။

ဤတွင် အချို့ပုဂ္ဂိုလ်များက အဖွဲ့အစည်းပုံသဏ္ဌာန်အမြဲတမ်းကော်မတီများဖွဲ့လိုကြသည်။ သူတော်ကောင်းများစဉ်းစားရန်မှာ ဤအလုပ်သည် -

က။ ဘာသာရေးသက်သက်ဖြစ်ခြင်း၊

ခ။ လှူသောငွေများကို ကိုယ်ကျိုးအတွက် လုံးဝသုံးလိုသူများ၊ သုံးစွဲခြင်းများကို ပါဝင်ဆောင်ရွက်မှုများတွင် လက်မခံခြင်း၊

ဂ။ ရရှိသောငွေ၊ ပစ္စည်းအားလုံးကို အလှူပွဲအပြီး အားလုံးမချန်မခြွင်းလှူပစ်ရခြင်းတို့ကြောင့် အမြဲတမ်းအဖွဲ့ဖွဲ့စည်းရန်လို၊ မလိုစဉ်းစား၍ဆောင်ရွက်ရန်ဖြစ်ပါသည်။

**□ ဆွမ်းကပ်လှူခြင်း**

သုသာန်မှတစ်ပါး အခြားနေရာများတွင် ကျင်းပသည့်အခါ သံဃာတော်များအား ကိုယ်တိုင်ကိုယ်ကျ ဆွမ်းကပ်လှူနိုင်သော်လည်း သုသာန်များတွင် ကျင်းပသည့်အခါ သပိတ်တွင် (ဆွမ်း၊ ဆွမ်းဟင်းနှင့် အာဟာရများကို) ထည့်သွင်း၍ ကပ်လှူသင့်ပါသည်။ အလှူခံပုဂ္ဂိုလ်မှ သင့်လျော်သလို ဆောဖ်ယူပါလိမ့်မည်။

**□ အလှူရက်**

ဂေါတမမြတ်စွာဘုရား၏သာသနာတော်တွင် ပထမဆုံးသောအကျွတ်အလွတ်ဒါနပွဲကို ဘုရင် ဗိမ္ဗိသာရက ရာဇဂြိုဟ်ပြည် သူ၏နန်းတော်တွင် သက္ကရာဇ် ၁၃၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

ဤအလှူသည် -

ယုံကြည်မှု သဒ္ဓါ၊ စင်ကြယ်မှု စေတနာ၊ ရိုးသားမှုလုပ်ရပ်တို့ဖြင့်ဖွဲ့စည်းဆောင်ရွက်ကြရသည်ဖြစ်၍ ပကာသနမပါ အနှစ်အသားများသာ ဖြစ်ပါကြောင်း။

အကုသိုလ်ကံကြောင့် ပေတဂတိသို့ရောက်ရှိကြ၍ မကျွတ်မလွတ်ကြသေးသော အနမတဂ္ဂသံသရာမှ ဆွေမျိုးတော်စပ်ခဲ့ကြဖူးသောမိဟောင်း၊ဖဟောင်း၊ ဘိုးဟောင်း၊ ဘွားဟောင်း၊ ဆွေဟောင်း၊ မျိုးဟောင်း၊ မိတ်ဟောင်းဆွေဟောင်းအပေါင်းတို့အား ပေတဂတိမှ လွတ်မြောက်ကြ၍ ချမ်းသာသုခရရှိခံစားနိုင်ကြစေရန်ရည်သန်လျက် ဒါနကောင်းမှုပြုလုပ်ပြီးလျှင် အမျှဝေခြင်းဟူသော 'အကျွတ်အလွတ်ပွဲခေါ် ပတ္တိဒါကုသိုလ်ပွဲ'ကို ကျင်းပရာဝယ် သံဃာတော်အရှင်သူမြတ်တို့အား လှူဒါန်းဖွယ်ရာအဖြာဖြာတို့ဖြင့် လှူဒါန်းဆက်ကပ်လိုပါသောကြောင့် မကွေးမြို့ ဝေဠုဝန် မဟာသုတသောမကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ဘုရားအား အမှူးထား၍ ဝေဠုဝန်ဝေယျာဝစ္စအဖွဲ့နှင့် ဒါယကာ၊ ဒါယိကာမများမှ ၁၃၇၆ ခု နတ်တော်လပြည့်ကျော် ၂ ရက်၊ ၈-၁၂-၂၀၁၄ (တနင်္လာနေ့) နံနက် (၅း၃၀) နာရီအချိန်တွင် မကွေးမြို့ ဝေဠုဝန် မဟာသုတသောမကျောင်းတိုက်သို့ကြွရောက်တော်မူကြပါရန် သံဃာတော် အရှင်သူမြတ်တို့အား ပင့်လျှောက်ထားခဲ့သလို လူပုဂ္ဂိုလ်၊ မိတ်ဆွေသဂ်ဟ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အားလည်း ထိုနေ့ရက်နံနက် (၈) နာရီတွင် လှူဒါန်းဖွယ်ရာအဖြာဖြာတို့ကို ဆက်ကပ်လှူဒါန်းပြီး အတူတကွ တရားတော်နာယူရန်နှင့် ရေစက်သွန်းချ အမျှပေးဝေနိုင်ရန် ကြွရောက်ကြဖို့လည်း ကြိုတင်ဖိတ်ကြားထားခဲ့ကြပါသည်။

ပဉ္စမအကြိမ် အကျွတ်အလွတ်ပွဲခေါ် ပတ္တိဒါနကုသိုလ်ပွဲကြီးကို ၁၃၇၆ခု နတ်တော်လပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၈ ရက် နံနက် (၈း၃၀)နာရီအချိန်မှာ မကွေးမြို့ နံကပ်ကျွန်းအုပ်စု မြသလွန်ကုန်းမြေ ဝေဠုဝန်မဟာသုတသောမကျောင်းတိုက်အနီး အဂ္ဂိမာတုဗိမာန်ဌာနမဏ္ဍပ်တွင် ကျင်းပခဲ့သည်။ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး ဖွင့်လှစ်သည်။ မကျွတ်မလွတ်ကြသေးသောပုဂ္ဂိုလ်များအတွက် အလှူဒါနပြုပြီး တရားနာရန်ဖိတ်ကြားလွှာစာတမ်းကို ဆရာတော်သံဃာတော်များအား ဥပါသကာတစ်ဦးက ဖတ်ကြားလျှောက်ထားသည်။ ထို့နောက် ဥပါသကာပရိသတ်အားလုံးက ဆရာတော်ဘုရားကြီးထံမှ သရဏဂုံနှင့် ကိုးပါးသီလ ခံယူဆောက်တည်ကြပါသည်။ ကြွရောက်



www.burmeseclassic.com

www.burmeseclassic.com

ချီးမြှင့်တော်မူလာကြသော သံဃာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ သာသနာ့ ဒါယကာ၊ ဒါယိကာမများမှ ကြွရောက် ချီးမြှင့်တော်မူလာကြသော သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းခြင်း၊ အနုမောဒနာတရား နာယူကြည်ညိုကြခြင်းနှင့်လှူဒါန်းမှုကောင်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပါသည်။

အကျွတ်အလွတ်ပွဲခေါ် ပဋ္ဌိဒါနကုသိုလ်ပွဲ၌မကျွတ်မလွတ်ကြသေးသော ဝေမာနိကပြိတ္တာများနှင့် နတ်ပရိသတ်များအား ပြန်လွှတ်ရန်စာတမ်းကို ဥပါသကာတစ်ဦးက ဖတ်ကြားပြီး ပြန်လည်ပို့လွှတ်ပေးကာ ပရိသတ်အားလုံးတို့က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု အာသီသဥဒါန်းသုံးကြိမ်ကျူးရင့်ကြပါသည်။ ထို့နောက် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်း၍ ပဉ္စမအကြိမ် အကျွတ်အလွတ်ပွဲခေါ် ပဋ္ဌိဒါနကုသိုလ်ပွဲကြီး အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာခဲ့ပါသည်။ ဝေဠုဝန်မဟာသုတသောမကျောင်းတိုက်နှင့် အဂ္ဂိဓာတုဗိမာန်အနီးတွင် အမျှပေးဝေသံများ၊ သာဓုခေါ်သံများ ကြည်နူးဖွယ်ရာ ဝေဆာသွားခဲ့ပါသည်။

မကွေးဆရာတော်ဘုရားဆောင်ရွက်တော်မူခဲ့သော အကျွတ်အလွတ်ပွဲခေါ် ပဋ္ဌိဒါနပွဲကြီးကို မကွေးဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူသွားပြီးနောက် မကွေးမြို့ ဝေဠုဝန်မဟာသုတသောမကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ဘုရားကြီးက နှစ်စဉ် နတ်တော်လပြည့်ကျော် ၂ ရက်နေ့တွင် နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ် ပဉ္စမအကြိမ်အဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။

မကျွတ်မလွတ်ကြသေးသော ဝေမာနိကပြိတ္တာများအဖြစ် ရှိနေနိုင်ကြသည့် မိဟောင်း၊ ဖဟောင်း၊ ဘိုးဟောင်း၊ ဘွားဟောင်း၊ မိတ်ဟောင်းဆွေဟောင်းတွေကို အလှူဒါနကုသိုလ်ပြုပြီး အမျှအတန်းပေးဝေဖြစ်သည့်အတွက် ကျွန်တော် ကြည်နူးဝမ်းသာဖြစ်မိပါသည်။ ကျွန်တော့်ကိုဘာသာတရားနှင့်ပတ်သက်၍ သွန်သင်ဆုံးမ လမ်းညွှန်ပေးနေတဲ့ အပြင် အတွေ့အကြုံ ဗဟုသုတရစေရန် စေခိုင်းတာဝန်ပေးသော အောင်ဓမ္မရက္ခိတကျောင်းတိုက်မှာ ဆရာတော် ဘဒ္ဒန္တအရှင်ပညာဗလကိုလည်း ကျေးဇူးတင်မဆုံး ခြေစုံဦးခိုက် ရှိသေစွာ ရှိခိုးကန်တော့ခဲ့ပါသည်။

အောင်ဓမ္မရက္ခိတကျောင်းတိုက်မှအပြန် မြသလွန်စေတီတော်မြတ်ကြီးအား ဝင်ရောက် ဖူးမြော်ကန်တော့ပြီး ရင်ပြင်တော်ပေါ်မှ အနောက်ဘက်တွင် တသွင်သွင်စီးဆင်းနေသော ဧရာဝတီမြစ်ကြီးနှင့် မင်းဘူးမြို့ကို လည်းကောင်း၊ ဟိုးအဝေးဆီက မှိုင်းပျပျ မှုန်ဝေဝေ အနောက်ရိုးမ တောင်တန်းပြာကြီးကို လည်းကောင်း ငေးမောကြည့်နေမိပါသည်။ မြစ်ပြင်မှဖြတ်သန်းတိုက်ခတ်လာသည့်လေနုအေးကို တဝကြီးရှူရှိုက်ရင်း ကြည်နူးနေရာက အကျွတ်အလွတ်ပွဲအပြီး မကျွတ်မလွတ်ကြသေးသော ဝေမာနိကပြိတ္တာများနှင့် နတ်ပရိသတ်များကို မိမိတို့ဆိုင်ရာနယ်အသီးသီးတို့ ပြန်သွားကြရန် ပြန်လွှတ်နေသောစကားသံတို့ကို ကြေကွဲရင်နင့်ဝမ်းနည်းစွာကြားနေမိပြန်သည်။

**အကျွတ်အလွတ်ပွဲ(ခေါ်)**
**ပဋ္ဌိဒါနကုသိုလ်ပွဲ၌**
**မကျွတ်မလွတ်ကြသေးသော**
**ဝေမာနိကပြိတ္တာများနှင့်**
**နတ်ပရိသတ်များအားပြန်လွှတ်ရန်စာတမ်း**

သီလ၊သမာဓိ၊ပညာသိက္ခာသုံးပါးနှင့် ပြည့်စုံတော်မူကြသော ဆရာတော်သံဃာတော်အရှင်မြတ်တို့ဘုရား။ ဘုရားတပည့်တော်တို့ ဖိတ်ကြားထားအပ်ကုန်သောပုဂ္ဂိုလ်များကို သူတို့၏ နေရာဌာနအသီးသီးသို့ ပြန်လည်ပို့လွှတ်ခွင့်ပြုပါရန် ခြေတော်ဦးခိုက် လျှောက်ထားအပ်ပါသည် ဘုရား။

ဤပဋ္ဌိဒါနအလှူပွဲကြီးသို့ ကြွရောက်လာကြကုန်သော သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါအပေါင်းတို့ ယခုအခါ ဝေမာနိက စသော ပြိတ္တာအပေါင်းတို့ကို ရည်စူး၍ လှူဒါန်းအပ်သော ပဋ္ဌိဒါနအလှူပွဲကြီး အောင်မြင်စွာပြီးဆုံးခြင်းသို့ ရောက်ပါပြီ။ ထို့ကြောင့် မိမိတို့၏ဘုံဗိမာန်နေရာဌာနအသီးသီးတို့ သာယာအေးချမ်း ရွှင်လန်း ကြည်ရွှင်စွာဖြင့် ပြန်လည်ကြွမြန်းနိုင်ကြပြီ ဖြစ်ပါကြောင်း ပန်ကြားအပ်ပါသည်။

အကျွန်ုပ်တို့ ဖိတ်ကြားချက်အရ ဤ ပဋ္ဌိဒါနအလှူပွဲသို့ ကြွရောက်လာကြကုန်သော သုသာန်၊ သစ်ပင် စသော အရပ်ဌာနအသီးသီးမှ တာဝန်ယူခေါ်ဆောင်လာကြသည့် အကြီးအကဲပုဂ္ဂိုလ်များမှတစ်ဆင့် အကျွန်ုပ်တို့ပန်ကြားအပ်ပါသည်။ ဤ ပဋ္ဌိဒါနအလှူပွဲသို့ လာရောက်ကြကုန်သော ဘဝသံသရာအဆက်ဆက်က ဆွေမျိုးတော်စပ်ခဲ့ဖူးကြသည့် ဝေမာနိက စသည့်ပုဂ္ဂိုလ်အပေါင်းတို့ ယခုအခါ သင်တို့အားလုံးအတွက် ရည်စူး၍ အကျွန်ုပ်တို့ပြုလုပ်အပ်သော အလှူပွဲကြီးသည် ဆုံးခန်းတိုင်မြောက် အပြီးသို့ရောက်ပြီဖြစ်၍ သင်တို့အားလုံးတို့သည် မိမိတို့နေရာဌာနအသီးသီးသို့ အေးချမ်းသာယာ ရွှင်လန်းဝမ်းမြောက်စွာဖြင့် ပြန်နိုင်ကြပါပြီ။ သို့ဖြစ်ပါ၍ မိမိတို့နှင့် သက်ဆိုင်ရာနေရာဌာနများသို့ ပြန်သွားကြပါရန် အကျွန်ုပ်တို့ စေတနာ၊ မေတ္တာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။ အားလုံး မိမိတို့နှင့် သက်ဆိုင်ရာနေရာဌာနများသို့ ပြန်သွားကြကုန်လော့။

အရပ်လေးမျက်နှာကို အစိုးရကြကုန်သော ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ ဟူသောစတုလောကပါလနတ်မင်းကြီးလေးပါးတို့နှင့်တကွ နယ်ဆိုင်၊ ပယ်ဆိုင်၊ နယ်ရှင်၊ ပယ်ရှင်အပေါင်းတို့ ဆိုင်ရာများက သဘောတူကြည်ဖြူစွာ လာရောက်ရန်ခွင့်ပြုချက်အရ ဤအလှူပွဲသို့ လာရောက်ကြကုန်သော ပရိသတ်တို့နှင့်တကွ အလှူပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပါသည်။ အကျွန်ုပ်တို့အား စေတနာ၊ မေတ္တာထား၍ ခွင့်ပြုခြင်းကြောင့် အကျွန်ုပ်တို့စေတနာ၊ မေတ္တာရှင်များက အသင်နတ်မင်းကြီးများနှင့်တကွ သက်ဆိုင်ရာ နယ်ဆိုင်၊ ပယ်ဆိုင်၊ နယ်ရှင်၊ ပယ်ရှင်ပုဂ္ဂိုလ်များအား အထူးပင် ကျေးဇူးဥပကာရတင်ရှိကြပါသည်။ ယခုအခါ အလှူပွဲကြီးအောင်မြင်စွာပြီးဆုံးပြီဖြစ်သောကြောင့် နတ်မင်းကြီးနှင့်တကွ သက်ဆိုင်ရာ နယ်ဆိုင်၊ ပယ်ဆိုင်၊ နယ်ရှင်၊ ပယ်ရှင်အပေါင်းတို့၏ ဆောင်ရွက်ရန် လုပ်ရိုးလုပ်စဉ် တာဝန်များကို ဆက်လက်ဆောင်ရွက်လုပ်ကိုင်နိုင်ကြပြီဖြစ်ပါကြောင်း အသိပေးပြောကြားအပ်ပါသည် သက်ဆိုင်ရာပုဂ္ဂိုလ်အပေါင်းတို့။

ရေနံ့သာအောင်ချမ်းဇော်

**မှီငြမ်းကျမ်း-ကိုး -**


အောင်ဓမ္မရက္ခိတ ဆရာတော် ဘဒ္ဒန္တပညာဗလ သက်တော်(၄၀)ပြည့် ဝိဇာတမင်္ဂလာအထိမ်းအမှတ် စုစည်း တင်ပြသည့် ဘုရားရှိခိုးဝတ်ရွတ်စဉ်နှင့် အကျွတ်အလွတ်ပွဲပြုလုပ်ပုံအဆင့်ဆင့်




www.burmeseclassic.com

www.burmeseclassic.com





သာယနစနစ် မန်ဒိန်းဇာတာခွင်



နိယာနစနစ် မန်ဒိန်းဇာတာခွင်

၁၇-၈-၂၀၁၅ နေ့၊ နေ့လယ် (၁၁း၀၈း၁၃) နာရီတွင် တနင်္ဂနွေဂြိုဟ်သည် ကရကဋ်ရာသီမှ သိဟ်ရာသီသို့ ကူးပြောင်းဝင်ရောက်သည်။ ဤသည်မှာ ၂၀၁၅ ခုနှစ် သိဟ်ရာသီ၏ စူဠသင်္ကြန်ဇာတာခွင်လည်း ဖြစ်သည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ တနင်္ဂနွေဂြိုဟ်နှင့် သောကြာဂြိုဟ်တို့သည် ၂ ဒီဂရီအတွင်း ပူးထပ်နေကြသည်။ ယူရေးနပ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့မှာ ဂြိုဟ်ပြိုင်ဖြစ်နေကြသည်။ ယူရေးနပ်ဂြိုဟ်က သောကြာဂြိုဟ်နှင့် တနင်္ဂနွေဂြိုဟ်ကို ၁၂၀ဒီဂရီ၊ တနင်္ဂနွေဂြိုဟ်နှင့် သောကြာဂြိုဟ်က စနေဂြိုဟ်ကို ၉၀ဒီဂရီ၊ စနေဂြိုဟ်က ပလူတိုဂြိုဟ်ကို ၄၅ဒီဂရီ၊ ပလူတိုဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို ၉၀ဒီဂရီတို့ဖြင့် ဝိုင်းကြီးပတ်လည်မြင်နေကြသည်။ အင်္ဂါဂြိုဟ်ကို နက်ပကျွန်းဂြိုဟ်က ၁၄၄ ဒီဂရီအမြင်နှင့် မြင်ထားပြီး ကြာသပတေးဂြိုဟ်ကို နက်ပကျွန်းဂြိုဟ်က ၁၈၀ ဒီဂရီအမြင့်ဖြင့် မြင်ထားသည်။

အားလုံးကိုခြုံ၍ သုံးသပ်ရလျှင် မြေယာအရေး၊ ပညာရေး၊ ဘာသာရေး၊ လူမှုရေး၊ အမျိုးသားအရေး၊ တိုင်းရင်းသားအရေးတို့နှင့် ' နီးနွယ်နေသော ဥပဒေပြုပြင်ရေး၊ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးတို့၌ စောဒကတက်မှု၊ အငြင်းပွားမှု၊ ဝိရောဓိဖြစ်မှု၊ ပဋိပက္ခဖြစ်မှုများ ရှိနေဦးမည်။ ကျောင်းသား၊ လယ်သမား၊ အလုပ်သမား၊ အခြေခံလူတန်းစားတို့နှင့် ဆက်နွယ်နေသော၊ တိုင်းရင်းသားတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများအဖို့ အထိအခိုက်များစွာဖြင့် ရုန်းကန်လှုပ်ရှားနေရလိမ့်မည်။ တိုင်းရင်းသားဒေသ၊ နယ်စပ်ဒေသတို့နှင့် နီးနွယ်နေသော ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသငြိမ်းချမ်းသာယာရေးတို့မှာ ရောဂါနှင့်ဆေး မတွေ့နိုင်သလိုရှိနေလိမ့်မည်။ ကူးသန်းရောင်းဝယ်ရေး၊ ရေကြောင်းပို့ဆောင်ရေး၊ ကုန်းကြောင်းပို့ဆောင်ရေးတို့၌ တိုးတက်မှုရှိနေသယောင်နှင့် ရည်ရွယ်ရင်းနှင့် သွေဖည်နေမှု မတော်တဆဖြစ်တတ်မှုတို့နှင့် ကြုံတတ်မည်။

NGO အဖွဲ့၊ INGO အဖွဲ့၊ ပရဟိတအဖွဲ့၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ ဒုက္ခသည်စခန်းတို့နှင့် စပ်လျဉ်းနေသော နယ်စပ်ရေးရာကိစ္စ၊ နိုင်ငံတကာဆက်ဆံရေးကိစ္စ၊ လုံခြုံရေးကိစ္စ၊ ငွေရေးကြေးရေးကိစ္စ၊ လူမှုရေးကိစ္စ၊ ဘာသာရေးကိစ္စ၊ အမျိုးသားရေးကိစ္စ၊ ဥပဒေပြုရေးကိစ္စတို့၌ အရှုပ်အရှင်းပြဿနာများ ဖြစ်ပေါ်တတ်ပြီး ဝေဖန်စောကြောစရာများ တွေ့ရတတ်မည်။

အစိုးရဆိုင်ရာ၌ နိုင်ငံတကာမှာ မျက်နှာပန်းလှမှု၊ ဂုဏ်သိက္ခာတိုးတက်မှုကို ရရှိနိုင်သော်လည်း အစိုးရအကြီးအကဲတချို့ ဝေဖန်ပြစ်တင်မှုကိုခံရခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်းများကို ကြုံရတတ်မည်။ ယေဘုယျအားဖြင့် အတိုက်အခံများ၊ ဝေဖန်ထောက်ပြသူများ၊ အရေးဆိုတောင်းခံသူများအဖို့ တစ်စုံတစ်ရာအတိုင်းအတာအထိ အောင်မြင်မှုရသလို ရှိနေလိမ့်မည်။

ဘဏ်လုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်းတို့၌အခွန်အကောက်ကိစ္စ၊ ငွေကြေးစီမံခန့်ခွဲရေးကိစ္စ၊ ချေးငွေကိစ္စ၊ အာမခံငွေကိစ္စ၊ စတော့ရှယ်ယာကိစ္စ၊ ဘတ်ဂျက်ကိစ္စနှင့်ပတ်သက်၍ပုံမှန်မဟုတ်မှု၊ မရိုးဖြောင့်မှု၊ မပွင့်လင်းမမြင်သာမှုများကို ရင်ဆိုင်ရတတ်မည်။ တရားမဝင်ကုန်သွယ်မှုနှင့် ပတ်သက်၍ ဖြေရှင်းလေ ဖြေရှင်းစရာများတွေ့မည်။ အနုပညာလောက၊ မီဒီယာလောက၊ စာနယ်ဇင်းလောက၊ နိုင်ငံရေးလောကနှင့်ဆက်နွယ်နေသော ထင်ရှားသူတစ်ဦး (ဝါ) အစိုးရ၊ လွှတ်တော်မှ အကြီးအကဲတစ်ဦးအတွက် စိတ်မချမ်းမြေ့စရာများ တွေ့ရတတ်သည်။ အထူးသဖြင့် အမျိုးသမီးဖြစ်နိုင်သည်။

မီဒီယာလောက၊ စာနယ်ဇင်းလောကသည် အောင်မြင်မှုတချို့ ရနေလိမ့်မည်။ ဆက်သွယ်ရေးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာကိစ္စတို့၌ အခက်အခဲအနည်းငယ်တွေ့ရတတ်သော်လည်း အောင်မြင်မှုတချို့ရရှိမည်။ အနုပညာလောက၌ အောင်မြင်မှုတချို့ရရှိသော်လည်း ဝေဖန်ထောက်ပြစရာများ ပေါ်ပေါက်လာမည်။

အခြေခံလူတန်းစားကြား၌ ကျန်းမာရေးကိစ္စကြီး ပေါ်ပေါက်တတ်မည်။ အမျိုးသမီး၊ ကလေးငယ်နှင့် ဆက်နွယ်နေသော ရာဇဝတ်ပြစ်မှုများ ပေါ်ထွက်နေဦးမည်။ မြေငလျင်လှုပ်တတ်မှု သတ္တုတွင်းဆိုင်ရာပြိုပျက်မှု၊ အဆောက်အအုံပြိုပျက်မှု၊ လူစည်ကားရာ၌ မတော်တဆဖြစ်ပွားမှုများ ပေါ်ပေါက်တတ်မည်။ ရာသီဥတုပုံမှန်မဟုတ်၊ ရေဘေးသင့်တတ်မည်။ စိုက်ပျိုးရေးကောင်းသည် မဟုတ်ပါ။

မင်းနိုင်အောင်

www.burmeseclassic.com



သူတို့ကျင်လည်ကျက်စားရာနေရာအနီးတွင် လူမိုက်များ၊ လူယုံများမွေးထားလေ့ရှိ၏။ ထစ်ခနဲဆို လက်သည်မပေါ်အောင် ရိုက်ခိုင်းခြင်းများရှိ၏။ အလံရှူးများစွာနှင့် အလုပ်လုပ်ကြ၏။ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် အတင်းအဓမ္မနင်း၍ပြောတတ်သောစကားဖိအားများနှင့် အယုံသွင်းတတ်ကြသူများဖြစ်ရာ သူတို့ဆီရောက်ပြီဆိုသည်နှင့်နေရင်းထိုင်ရင်း ပယောဂအကုခံရသည့်ဘဝသို့ ရောက်သွားရပါတော့သည်။

ဘုရားကွယ်၊ တရားကွယ်၊ သံဃာကွယ်ကြသောလူလိမ်များဖြစ်၏။ အချို့ဘိုးတော်တုဘိုးတော်ယောင်များဆိုလျှင် ဘယ်တုံးကမှ မကြားဘူးသော လူပုံကြီးများကို ဘာဘိုးတော်ညာဘိုးတော်ဟုဆိုကာ အမည်များတပ်ပြီး လာသမျှလူကို ခြိမ်းခြောက်ငွေတောင်းတတ်၏။ ထိုပုံကြီးများကြားမှ မနည်းရှာဖွေကြည့်ယူရမှ ဘုရားကျောင်းဆောင်သေးသေးလေးတွေ့ရတတ်၏။ ကျောင်းဆောင်မှာ ဟိုးချောင်ထဲရောက်နေပြီး ဘာမှန်းညာမှန်းမသိရသောလူပုံကြီးများမှာ ရှေ့တွင်နေရာယူလျက်။

ထိုလူစားများသည် လာသမျှလူကို မလွတ်တမ်း လှည့်ပတ်တောင်း၏။ ဘိုးတော်လိမ်တစ်ယောက်နှင့် ခင်အောင်ပေါင်းလိုက်ပြီးသည့်နောက်ပိုင်း -

"ညီလေးရာ၊ ငါ့တပည့်တွေအတွက်လည်း ငါပဲရှာပေးနေရတာပဲလေ။ ဒီလိုရမှလည်း ဒီလိုပေးနိုင်တာပေါ့ကွာ။ မင်းစဉ်းစားကြည့်၊ သစ်သားတစ်ချောင်းကို တစ်တောင်လောက်လုံ့တိုပုံထုမယ်၊ ရွှေချမယ်၊ ရွှေအစစ်နော်။ ဒါဆို ရှစ်ကျပ်နဲ့ တစ်ဆယ်ကြားမှာရှိတယ်။ ငါကလေးငါးဆယ်လောက်တောင်းမှ အဲဒီလုံ့ကိုအလကားပေးတယ်ဆိုပြီး ပေးလို့တွက်ခြေကိုက်မှာပေါ့ကွ။ ပိတုန်းရုပ်ဆို ကျလှ သုံးကျပ်ပေ... တစ်ဆယ်ရရင် ငါက အလကားပေး... လိုက်တော့ ဟော - သူလည်းကျေနပ်... သွားတာပေါ့"

"စွမ်းတာ၊ မစွမ်းတာကျတော့... ရော"

ထိုပုဂ္ဂိုလ်သည် အလွန်ကျဉ်း... သောမျက်ပေါက်ကိုအားယူ၍ မျက်လုံး... ပြူးလိုက်ပြီး သွားကြားမှထွက်လာသော... လေသံမျိုးနှင့် -

"ညီလေးရာ၊ ဘယ်သူက ဒါတွေ... ကို စက်နဲ့တိုင်းကြည့်နေမှာမို့လို့လဲ။ စွမ်း... တာ၊ မစွမ်းတာကို ဘယ်သူကရောလာ... ကြည့်ပြီးဘယ်လောက်ပြောနိုင်မှာမို့... လဲ။ အလကား - ဘယ်သူမှလာပြီး ဘာ... မှမပြောဘူး၊ ယူသွားကြတာချည်း... ကျေနပ်သွားတာပဲ။ သူတို့ကိုယ်တိုင်... ဘယ်လိုအောင်မြင်သွားတာပါလို့ ဘယ်... လိုနေကောင်းသွားတာပါလို့ ဘယ်...



www.burmeseclassic.com

www.burmeseclassic.com



# သရာဦးဖောင်ဖောင်သန်း

(ရှင်တို့အေးမြဖေသား) ၁၀

## ပညာရှင်

(အင်္ဂလိပ်ဘာသာကို ရုရှားအခန်းဆက်ဝတ္ထုမှ ရှည်)

အဆင်ပြေသွားတာပါတို့ လာလာပြော တာကွ။ မင်းစဉ်းစားကြည့်- ငါလိမ်တာ မဟုတ်ဘူးနော်။ ငါဘာမှမလိမ်ဘူး။ သူ တို့ကိုယ်တိုင်က ငါ့ကိုအားနာပြီး မဖြစ် တာကို အဖြစ်လုပ်ပြောနေမှတော့ ဟား ဟားဟားဟားဟား - ညီလေး၊ ညီလေး မင်းလူတွေအကြောင်းကိုမသိသေးဘူး။ ငါ့ညီငယ်ပါသေးတယ်ကွာ။ လူဆိုတာ အထင်ကြီးရင် ကြံဖန်ကြီးပြီသာမှတ် တော့ပေ့။ ထွက်ပြေးပြီးရှောင်နေလည်း အတင်းလိုက်တာပဲ။ခင်ဗျားတို့ကံကောင်း လို့ပါလို့ပြောလိုက်ရင်လည်း မဟုတ်ဘူး ဘဲ၊ ငါလုပ်ပေးလို့ပဲ၊ ငါပေးတဲ့ အဆောင် စွမ်းလို့ပဲ။ ကဲ - ငါဘယ်လိုလုပ်ရမလဲ။ ငါ့ပါးစပ်ထဲခွံ့ကျွေးနေတဲ့ ထမင်းကို ငါ ဖယ်ထုတ်ပစ်ရမှာလား၊ မင်းစဉ်းစား

"ဟုတ်ကဲ့"

"ပစ္စည်းတစ်ခုခုပေးလိုက်ပြီဆိုရင် သူတို့မှာဝမ်းတွေသာလို့။ တချို့ဆို ငါ ဘာမှရေးမထားဘဲ လက်ဝါးနဲ့ရိုက်ပေး လိုက်တဲ့ စက္ကူအဖြူလက်နှစ်လုံးလောက် လေးကို ခုထိအိတ်ကပ်ထဲထည့်ဆောင် ထားတုန်းပဲ၊ ကဲ- မခက်ပါလား။ ဒါတွေ ဟာ ဆိုက်ကိုတွေကွ၊ ဆိုက်ကိုတွေ"

"ဗျာ - ဆိုက်ကို"

"အေးလေ- ပါးစပ်ထဲမှာကွမ်းကို ဝါးရင်းမီးခိုးတွေအူထွက်လာတဲ့ပညာကို လည်း ငါပိုက်ဆံပေးသင်ခဲ့ရတာကွ၊ ငါ့

www.burmeseclassic.com

ရေ့မှာ ရေတစ်ဖန်ခွက်ချလိုက်ပြီး အဲဒီရေဖန်ခွက်ကို ငါလက်နဲ့ကိုင်လိုက်တာနဲ့ ဖန်ခွက်ထဲကရေတွေပလုံစီပြီးဆူတက်လာတာတို့၊ လက်ဝါးချင်းဖြန်းခနဲရိုက်လိုက်တာနဲ့ မီးထတောက်တာတို့၊ မြေကြီးကို ဖနောင့်နဲ့ပေါက်လိုက်တာနဲ့ ဝုန်းခနဲမီးထတောက်တာတို့ ဒါတွေဟာ ငါလည်း အလကားရခဲ့တာ မဟုတ်ဘူး။ ပိုက်ဆံပေးပြီးသင်ခဲ့ရတာပဲ ညီလေး။ ဒီတော့ ဒီပဥ္စလက်အကွက်တွေနဲ့ ငါ ပိုက်ဆံပြန်ယူတာ မတရားဘူးလို့ပြောရင် ပြောတဲ့လူမှားသွားမယ်နော်"

ကျွန်ုပ်တွေဝေသွား၏။စကားပြောအလွန်ကောင်းသောကြောင့် ကျွန်ုပ်လည်း ဘာမှပြန်မပြောတတ်တော့ပါပေ။ ကျွန်ုပ်သာ သူနှင့်မရင်းနှီးလျှင် ထိုသူအား ထိုင်ကန်တော့မိမည်မှာ သေချာ၏။

"ညီလေး၊ ညီလေး မင်းမှတ်ထား။ လူ့သဘာဝဆိုတာ ပစ္စည်းတစ်ခုခုသာပေးလိုက်၊ မင်းမကြာခင်ဖြစ်ကိုဖြစ်ရမယ်သာပြောလိုက်။ မဖြစ်သေးရင်တောင် ဘိုးတော်ကပြောထားတာပဲ၊ ဖြစ်လာမှာပေါ့ဆိုတဲ့အားနာစိတ်နဲ့ ဘယ်သူမှဘာမှလာမပြောကြတော့ဘူး။ တစ်နေ့တစ်နေ့ လူအယောက်နှစ်ဆယ်လာလို့နှစ်ယောက်ပြန်မလာဘူး။ လူဆိုတာ အားနာတတ်ကြတယ်ကွ။ ရှက်တတ်ကြတယ်။ ပြန်ကိုမလာတော့တာ"

"ပြန်လာရင်ကော"

"ပြန်လာရင်လည်း သူတို့ကျေနပ်အောင် အော်ကျယ်အော်ကျယ်နဲ့ ဟိုပင့်ဒီဖိတ်သလိုလုပ်ပြီး အဲဒီအဆောင်တွေကို သိဒ္ဓိတင်သလိုလုပ်ပေးလိုက်ရင် ကျေနပ်သွားကြတာပဲ။ ငါပြောပြမယ်။ လူတစ်ယောက် ဆိုပါတော့ကွာ။ သူ့မှာ ခေါင်းကိုက်ဝေဒနာကြီးဖြစ်နေတယ်။ ဒါကို သူ့အသိုင်းအဝိုင်းက ပယောဂယုံပြီး အတင်းခေါ်လာရော။ သူတို့ကျေနပ်အောင်လုပ်ပေးလိုက်တယ်။ စကားတစ်ခွန်းချည်လိုက်တာပေါ့။ အေး-ဘိုးတော်ကတော့ ဆေးစောင့်တွေကိုပင့်ပြီးကုပေးလိုက်ပြီ။ သူများလုပ်ထားတဲ့ဝေဒနာကတော့ မရှိတော့ဘူး၊ ရှင်းသွားပြီ။ ဒီနောက်မှာ ခေါင်းထပ်ကိုက်သေးရင်တော့ အဲဒါရိုးရိုးခေါင်းကိုက်ဖြစ်သွားပြီမကြောက်နဲ့တော့။ သူများလုပ်တာ မဟုတ်တော့ဘူး။ ရိုးရိုးဆေးပဲသောက်တော့ဆိုရင် ပြီးပြီ။ ဟိုးတစ်လောက မင်းမြင်သားပဲ၊ အကြောကပ်နေတာ။ ငါပြောတယ်၊ ဆေးပညာနဲ့ကုလိုက်ဆို မဟုတ်ဘူး။ သူတို့မသက်ာဘူးဘဲပြောနေတယ်။ ကိုင်း - ဒီတော့ ငါကလည်းပွဲတွေထိုးပြီး ငွေသုံးရာနဲ့ကုပေးလိုက်တာပေါ့"

"ဟာ - သုံးရာ၊ မနည်းဘူးနော်"

"ဟ - သူတို့ကိုယ်ကလုပ်ပေးပါ လုပ်ပေးပါဖြစ်နေတာလေ။ ငါဘယ်လိုလုပ်မလဲ၊ ကဲ"

"ဟုတ်ကဲ့ - အင်းပေါ့လေ"

"ပွဲနဲ့ကုလည်းဘယ်ပျောက်ပါ့မလဲ။ အကြောညပ်နေတာကြီးကို။ ပွဲနဲ့လည်း ကုပြီးရော ကဲ - ပယောဂတော့စင်သွားပြီ။ သူများလုပ်ထားတာမရှိတော့ဘူး။ ကျန်တဲ့ရောဂါက ပူစရာမလိုတော့ဘူး။ ရိုးရိုးပဲဆေးလိမ်း၊ ဆေးစား၊ လေ့ကျင့်ခန်းလုပ်၊ ပျောက်သွားလိမ့်မယ်လို့ ပြောလိုက်တာပေါ့။ တကယ်လည်း ပျောက်သွားတယ်"

"တကယ်တမ်း ပယောဂဆိုရင်တော့ ခုနလိုကုရင်လည်းရပြီပေါ့နော်"

"ဟ - ပယောဂကုတဲ့ပညာက အမြင့်ကြီးကွ၊ မြင့်တယ်။ အဆင့်ဆင့်ပညာယူရတာတွေရှိတယ်။ ကံတွေထိန်းရတာတွေရှိတယ်။ ဥပုသ်စောင့်ရတယ်။ အကျင့်စခန်းတွေဝင်ရတယ်။ အဓိဋ္ဌာန်ခရီးတွေလှည့်ရတယ်။ အထက်အဆင့်ဆင့်ကဆရာကြီးတွေချီးမြှင့်မှရတဲ့ပညာနဲ့ ကိုယ့်အကျင့်စရဏနဲ့ပေါင်းစပ်ရတာ ညီလေးရ"

"ဩော် . . ."

ဆရာအရှင်သူမြတ်နှင့်ဆရာသခင်ကျေးဇူးရှင်တို့ ပြောပြသင်ပြမှုကြောင့် ကျွန်ုပ်မှာ ဗဟုသုတများစွာသိထားပါသော်လည်း သူ့အကြောင်းကိုသိချင်၍ မသိသလို တအံ့တဩလုပ်နေလိုက်ပါသည်။

"အေး - အဲဒီလိုမြင့်တဲ့ပယောဂပညာကျတော့ တို့ကမရဘူးလေ။ မကျင့်လည်းမကျင့်နိုင်ဘူး။ ဥပုသ်လည်း မစောင့်နိုင်ဘူး။ အဲဒီတော့ ပယောဂတော့ဘယ်ကုရဲပါ့မလဲကွာ၊ နားမှမလည်ဘဲ။ ကုရင်လည်း တို့ဘယ်နိုင်ပါ့မလဲ။ တို့နားမလည်တာတွေ၊ တို့မသိနိုင်တာတွေအများကြီးကွ။ အဲ . . . အဲဒီပညာတွေကျတော့မလုပ်ရဲဘူး"

"အဲဒါဆို သူများလုပ်ထားတာ မရှိတော့ဘူးတို့ဘာတို့၊ ရိုးရိုးရောဂါပဲတို့ ဘာတို့ဆိုတာတွေက"

"ဟ-ဒါကပြောလိုက်တာပဲရှိတာလေကွာ။ သူများလုပ်ထားတာမရှိတော့ဘူးဆိုတာကို ဘက်စက်နဲ့စစ်ကြည့်မလဲ။ ဘယ်ပေတံနဲ့တိုင်းမလဲ၊ ဟုတ်ဖူးလား"

"အင်း - ဒါလည်းဟုတ်တာပဲ"

ဟု စိတ်တွင်းမှတွေးရင်း ထိုလူကို သေချာကြည့်နေလိုက်ပါသည်။

ဒီလိုစိတ်ဓာတ်ရှိသူတွေဆီကို ရမ်းသန်းအယုံလွယ်သူတွေလာကြသည်။သူတို့ကတစ်ဆင့်စကားပျံ့နှံ့သွားသည်။

လူတွင် အားနာတတ်သောစိတ်ဟူသည်ရှိ၏။

ထိုစိတ်ကြောင့် ကိုယ်ပိုင်စဉ်းစားတွေးခေါ်ခြင်းများကို ကိုယ့်ဟာကိုယ် ရိုက်ချိုးဖျက်ဆီးလိုက်သည်သို့နှယ်ဖြစ်ကြရ၏။

ထိုအခါ အယုံလွယ်ခြင်းများဖြစ်လာ၏။

လိမ်တတ်သူက ဘာပြောပြောကြံဖန်ယုံ၏။

ယုံချင်နေ၏။

လိမ်သူက မလိမ်ချင်သည့်တိုင် ကိုယ်တိုင်က အလိမ်ခံချင်နေတော့၏။

အချို့ အဆောင်ပေးသူထံမှ အဆောင်ယူ၏။ ထိုအဆောင်သည် ခမ်းနားထည်ဝါစွာ ပြုလုပ်ထားသည်ဖြစ်စေ၊ သေးသေးကွေးကွေးအဆောင်ဖြစ်စေ ဘာမှထူးမလာသောအခါ အင်း-ဘိုးတော်ကတော့ အဆောင်ပေးလိုက်တာပဲ။ ငါ့ကုသိုလ်ကံကိုက ဘယ်လိုဖြစ်နေမှန်းမသိပါဘူးဟု နှစ်သိမ့်တတ်၏။

ဤသည်ပင်လျှင် ကိုယ်ပိုင်စဉ်းစားခြင်းများကို ကိုယ်တိုင်ပြန်၍ဖျက်ဆီးလိုက်ခြင်းပင် မဟုတ်ပါလော။

လွှင့်ပစ်ရန်လည်းအခက်၊ ဆက်ဆောင်ရန်လည်း ဘာမှမထူးဖြစ်နေသူတွေ တစ်ပုံတစ်ပင်ကြီးရှိနေကြ၏။

အဆောင်ဟူသည် တကယ်စွမ်းပြီဆိုလျှင် ရက်ပိုင်းနှင့်သိသာ၏။ အကြာကြီးဆောင်ထားစရာမလို။

အကြာကြီးဆောင်ထားရလောက်အောင် ဤအဆောင်သည် စွမ်း၊ မစွမ်း-ဆိုပါစို့ -

အင်းတစ်ကွက်သည် ဆောင်ထားရုံနှင့် အလွန်အစွမ်းထက်လှပါသည်ဟု ညွှန်းလျှင် ထိုအင်းကိုသာဆောင်တော့မည်။ ဘာမှလုပ်စရာမလိုတော့။ အင်းသည် ငွေဝင်အားကောင်းလှပါသည်ဆိုလျှင် ထိုအင်းကိုဆောင်ထားပြီးထိုင်စားနေတော့မည်။ ဘာစီးပွားမှလုပ်စရာမလိုတော့။

ဤသို့ဆိုလျှင် -

အဆောင်ကိုမစွမ်းဟု လုံးဝ[illegible] လိုပါ။

အဆောင်စွမ်းရန်အတွက် လူစွမ်း



www.burmeseclassic.com

www.burmeseclassic.com

နိုလိုပါလိမ့်မည်။

လူစွမ်းမှသာ အရာအားလုံးစွမ်းနိုင်ပါသည်။ လူစွမ်းအောင်ကျင့်ထားဖို့လိုပါလိမ့်မည်။ လူကလည်းကြိုးစားရပါလိမ့်မည်။

အင်းတစ်ချပ်သည် တစ်ရာဖိုးအစွမ်းရှိသည်ဆိုပါစို့။

ဆောင်မည့်သူသည် ဘာသာတရားမရှိ ကိုယ်ချင်းစာစိတ်မရှိ အကျင့်သီလမရှိ ထိုလူမျိုးကိုအင်းပေးလျှင် ထိုအင်းစောင့်သည် ပည့်မျှစိတ်ရှည်လက်ရှည်စောင့်ပေးမည်ကို ကျွန်ုပ်မစဉ်းစားတတ်ပါ။

ဆောင်မည့်လူက တစ်ဆယ်ဖိုးသာ ကျင့်အား၊ ရွတ်အား၊ ဖတ်အားရှိသည်ဆိုပါစို့။

အင်းက တစ်ရာဖိုးစွမ်းနေလျှင် -

ဆောင်မည့်သူနှင့် အင်းကြားမှာကိုးဆယ်ကွာနေပါပြီ။

ထိုအခါ တစ်ရာဖိုးအစွမ်းရှိသောအင်းစောင့်က တစ်ဆယ်ဖိုးသာအကျင့်ရှိသူကို စောင့်ပေး၊ မစောင့်ပေး စဉ်းစားကြည့်မိ၏။

အင်္ဂဝိဇ္ဇာဆရာသခင် မကြာခဏပြောဖူး၏။

"ငါက ငါ့စွမ်းအောင်ကျင့်ထားတာကွ။ အဆောင်ဆိုတာ လူစွမ်းမှစွမ်းတာ။ လူမစွမ်းရင်အလကားဘဲ"

ဟု မကြာခဏပြော၏။

မြင်ဖူးပါသည်။

ခေါင်းလုံး အလုံးပေါင်းများစွာဆောင်ထားပြီး ဘာမှဖြစ်မလာသူများ၊ အင်းပေါင်းများစွာဆောင်ထားပြီး ဘာမှအောင်မြင်သူများ၊ အဆောင်ပေါင်းများစွာဆောင်ရင်း စီးပွားကျနေသူများမြင်ဖူးပါသည်။

ကျွန်ုပ် လေ့လာမိသမျှ ကိုယ်ခံစွမ်းအားကောင်းဖို့လိုပါသည်။ ကိုယ်ခံစွမ်းအားကောင်းသူ (သို့) ထိန်းချုပ်နိုင်စွမ်းရှိသူ၏လက်တွင်းသို့ ရောက်လာသောအဆောင်သည် အလိုလိုစွမ်းပြီးသားဖြစ်တော့၏။

သို့မဟုတ်ပါက အမှိုက်ရှုပ်ခြင်းသာအဖတ်တင်ပါမည်။

(ကိုယ့်ကိုယ်ကိုယ် မညာတမ်း၊ ညာမတာတမ်း ပြန်လေ့လာကြည့်ပါ။ ကိုယ့်ဆီတွင်ဆောင်ထားသောအဆောင်များမည်မျှခရီးရောက်၊ မရောက်လေ့လာကြည့်ပါ၊ မညာပါနှင့်။ ကိုယ့်ကိုယ်ကိုယ်ညာခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။

အလွန် အစွမ်းထက်လှပါသည်ဟူသော အင်းတစ်ချပ်ကိုဆောင်ထားသူ၊ လက်ဖွဲ့တစ်ခုကိုဆောင်ထားသူဆိုပါစို့။ ထိုအင်း (သို့) လက်ဖွဲ့ပျောက်သွားလျှင် ဘယ်အရာကိုအားကိုးတော့မည်နည်း။

ထို့ကြောင့် လူစွမ်းအောင်ကျင့်ခြင်းသည် အကောင်းဆုံးအဆောင်အဖြစ်သာအတွေ့အကြုံများခဲ့ရပါသည်။)

❑

တနင်္ဂနွေထောင့် ခေါင်းလောင်းကြီးနားတွင်ထိုင်၍ ဘိုးတော်တုဘိုးတော်ယောင်များနှင့်ဆုံခဲ့ရပုံအတွေ့အကြုံများကို ပြန်တွေးနေမိရာမှ -

"မောင်မောင်သန်း၊ မင်းငိုက်နေတာလား"

"မဟုတ်ဘူး ကိုမောင်မောင်၊ ဟိုတွေးဒီတွေးပါ"

"နဝင်္ဂသီလကြီးနဲ့လေကွာ၊ ဘာတွေတွေးနေတာလဲ"

"ဟို - အပြစ်ဖြစ်စေမယ့် အတွေးတော့မဟုတ်ပါဘူး။ ဆရာအခုရှင်းလင်းနေတဲ့ ဘိုးတော်တုဘိုးတော်ယောင်မျိုးတွေနဲ့ဆုံခဲ့ရဖူးတာလေးတွေပါ"

"မင်းကတော့အတော်စုံတာကိုး"

"လက်တွေ့သိချင်လို့ သွားသွားပြီးအနားကပ်ခဲ့တာတွေလေ။ သူတို့နဲ့နီးစပ်လာမှ သူတို့အကြောင်းတွေကပေါ်လာတာ၊ အဲဒါတွေတွေးနေတာပါ"

"ဘာမှတွေးမနေနဲ့၊ ဆရာရှင်ရသေ့ တရားဟောခါနီးပြီ။ လာ - တန်ဆောင်းထဲသွားထိုင်ကြမယ်"

"ဟုတ်ကဲ့"

ဆရာအရှင်သူမြတ်ဖြစ်သည့် အောင်ဝရသိဒ္ဓိအောင်ရှင်ရသေ့ တရားဟောခါနီးပြီဖြစ်၍ ညဉ်းပိုင်းလေးတွင်ပင် များပြားလှစွာသော ပရိသတ်ကြီးမှာ တနင်္ဂနွေထောင့်ရင်ပြင်တော်နှင့်တန်ဆောင်းများထဲတွင်ပြည့်နေချေပြီ။

ဩော် - တို့ဆရာအရှင် ဘုန်းကြီးလိုက်ပါဘိ။ မေတ္တာတရားကြီးမားလိုက်ပါဘိ။

"လူလေး"

"ဗျာ"

"ဟဲ့-ကိုသန့်ဇင်ရောက်လာတယ်၊ မင်းကိုလာရှာတာ။ သားသူ့ဆီမသွားပြန်ဘူးလား"

"သွားတယ်လေ အမေ။ ရွှေတိဂုံဘုရားကြီးမှာ (၁၀၈) ပွဲအဓိဋ္ဌာန်ပွဲကြီးပြီးကတည်းကတော့ မရောက်သေးဘူး။ အပ်စိုက်ဆေးခန်းလည်းမရောက်သေးဘူး။ ဈေးကတော့ ကိုမောင်ထူးနဲ့ဟိုကောင်ကြီးနဲ့ အဆင်ပြေပါတယ်"

"ပြေပါတယ်၊ သူတို့လည်းလာလာပြီးစာရင်းပြပါတယ်။ မင်းဘာမှမပူနဲ့တဲ့၊ ဘုရားတရားနဲ့ဆိုင်တဲ့ကောင်းတဲ့အလုပ်တွေလုပ်နေလို့ သူတို့ကကျန်တာတာဝန်ယူပေးထားပါတယ်တဲ့"

"ဟုတ်ကဲ့ - သားဆရာဦးသန့်ဇင်ဆီ ဒီရက်ထဲသွားမှာပါ။ ဆရာတောက်လျှောက်သင်ပေးနေတာပဲ"

နောက်နေ့ -

ဆရာ့ထံရောက်ဖြစ်၏။

ဆရာသည် ဆေးပေါ့လိပ်ကို မီးညှိးတထောင်းထောင်းဖြစ်အောင်ဖွာရင်းနှင့်လမ်းဘက်ကိုမျှော်ငေး၍ တပည့်အလာကို အမြဲတမ်းစောင့်နေသည်ဟု ဆရာကတော်ကပြောပြ၏။

"မင်းအားတွေပြည့်နေပါလားကွ"

ကျွန်ုပ်က ထိုင်ကန်တော့လိုက်သည်နှင့် ကျွန်ုပ်အား ငြိမ်သက်စွာစိုက်ကြည့်ရင်းပြောလိုက်ရာ ဆရာ့မျက်နှာအား ဖျတ်ခနဲမော့ကြည့်လိုက်၏။ 'ငါ့ဆရာ အတော်သိတာပဲ' ဟု တွေးနေလိုက်၏။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တနင်္ဂနွေထောင့်တွင် ဆရာရှင်ရသေ့အမိဋ္ဌာန်ဝင်၍ ဘုရားရှင်အား (၁၀၈) ပွဲနှင့်ပူဇော်ပြီး ဘိုးတော်တုဘိုးတော်ယောင်များအား ဖော်ထုတ်ဖယ်ရှားခဲ့ပုံတို့ကို စီကာပတ်ကုံးပြောပြလိုက်၏။ ထိုအဓိဋ္ဌာန် (၉)ရက်တွင် ယောဂီတစ်ဝက်၍ နဝင်္ဂသီလကို ဆောက်တည်ပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ပုံများအားလည်း ပြောပြလိုက်၏။

"ဩော် - ဒါကြောင့် ဒါလောက်အားကောင်းနေတာကိုး။ အေး - 'အား' ဆိုတာ ဆက်ထိန်းထားနိုင်ရမယ်ကွ။ အဓိဋ္ဌာန်ပြီးလို့ တစ်ကျပ်ဖိုးအားပြည့်နေရင်းကနေ နောက်ပိုင်း တဖြည်းဖြည်းလျော့လာပြီး ဒုံရင်းဒုံရင်းပဲပြန်ဖြစ်သွားရင်တော့ မကောင်းဘူး"

"ဟုတ်ကဲ့"

စကားမှာတိုသော်လည်း အလွန်မှတ်သားဖွယ်ကောင်းလှသော၊ လိုက်နာရမည်ဖြစ်သော အဓိပ္ပာယ်များပြည့်ဝနေသည့် ဆုံးမစကားမှာ ဘယ်တော့မှမေ့ပျောက်တော့မည် မဟုတ်ပါ။

ဆရာသခင်သည် အလွန်ငြိမ်သက်၏။

မလိုအပ်လျှင် စကားမပြော။

ဆရာ၏တပည့်တစ်ဦး ပိုလန်နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com

မှပြန်အလာ ဆရာ့အတွက် လက်ဆောင်ယူလာသော ကျောက်လုံးတစ်လုံးကို ကျွန်ုပ်ကိုင်တွယ်ကြည့်ဖူးပါသည်။ အလွန်ကြည်လင်လှပြီး အစက်အပြောက်ဟူ၍ မြူမှုန်မျှပင် မတွေ့ရ။ ဓာတ်ဖလ်လုံးဟူသည် ဒါမျိုးလားဟုပင်တွေးခဲ့မိ၏။

ဆရာသခင်သည် ခုံတစ်လုံးပေါ်တွင် ကတ္တီပါအနက်ကိုခင်း၍ ၎င်းကျောက်လုံးကိုတင်ထားပြီး အချိန်အကြာကြီးကြည့်နေတတ်၏။ တစ်နေ့ ကျောက်လုံးမှာ ဖတ်ခနဲ အက်ကြောင်းကြီးထင်ပြီးအက်သွားလေရာ ကျွန်ုပ်မှာ နှမြော၍မဆုံး။

ဆရာကပြုံးနေ၏။

ထိုဖလ်လုံးကို ကတ္တီပါအနက်နှင့်ပင်ပြန်ထုပ်ပြီးသိမ်းထားလိုက်၏။

တစ်နေ့ -

ဆရာသည် ကျွန်ုပ်ကို အင်္ဂဝိဇ္ဇာပညာများ သင်ကြားပေးနေရင်းမှ ငြိမ်သွားပြီး သူ၏အခန်းထောင့်နားတွင်ထွန်းထားသော ခုံညင်းဒိုးခန့်ရှိ မီးလုံးအဖြူလေးအား စိုက်ကြည့်နေ၏။

"ဟာ"

ဆရာမျက်တောင်မခတ်ကြည့်နေသည်ကို ကျွန်ုပ်သေချာအကဲခတ်နေရင်းမှ မီးလုံးမှာဖျတ်ခနဲကျွမ်းသွားတော့၏။ တဖြည်းဖြည်းမှိန်သွားခြင်းမဟုတ်။ ဖျတ်ခနဲဖြစ်သွားပြီး ဖတ်ခနဲအသံလေးတစ်ခုထွက်ရင်း မှိတ်သွားခြင်း ဖြစ်၏။ ကျန်မီးလုံးများနှင့် တစ်အိမ်လုံး မီးချောင်းများမှာ လင်းထိန်လျက်။

ဆရာကပြုံးနေသော်လည်း ကျွန်ုပ်က မီးလုံးလေးကို ကပျာကယာလှည့်ဖြုတ်၍ကြည့်လိုက်၏။ ကျွမ်းသွားချေပြီ။ မီးလုံးတပ်ထားရာသည် လျှပ်စစ်မီးများ ပြတ်သွားသလားဟု စူးစမ်းလိုစိတ်ဖြင့် မသိမသာလက်နှင့်ထိလိုက်ရာ -

"အား"

"ဘာဖြစ်တာလဲ"

"ကျဉ်သွားလို့ ဆရာ"

"မင်းဘာသွားလုပ်တာလဲ"

"မီးလုံးကျွမ်းလို့ မီးမလာလို့လား ဆိုပြီ စမ်းကြည့်လိုက်တာ"

"အေး - ကြည့်လုပ်၊ ကာလနာတိုက်နေဦးမယ်"

"ဟုတ်ကဲ့"

"လောကမှာ မင်းဉာဏ်နဲ့ဘယ်လိုမှ လိုက်မမီနိုင်တာတွေ အများကြီးရှိနေတယ်ဆိုတာ မင်းမှတ်ထား။ နေရာတကာ လက်တွေ့လက်တွေ့သွားမလုပ်နဲ့၊ ကာလနာတိုက်တတ်တယ်"

ကျွန်ုပ်ဉာဏ်မမီ၍ ထိုအဖြစ်လေးကို အသိအစ်ကိုကြီးတစ်ယောက်အား ပြောပြမိ၏။

"ဟ - အဲဒါ မင်းဆရာရဲ့သမထအားကိုမခံနိုင်လို့ အဲဒီလိုတွေဖြစ်ကုန်တာကွ"

ဟု ရှင်းပြ၏။

ဆရာ့ထံတွင် -

ပညာသင်ရသည်မှာ ကျွန်ုပ်မကြားခဲ့ဘူးသေးသော ပညာရပ်များဖြစ်၍ အတော်လိုက်ယူရ၏။

နာမည်ပညာများကို စတင်သင်ယူခဲ့ရစဉ်က လိုက်လိုက်အော်ရသည်မှာ ဘာမှန်းမသိခဲ့။ ရှက်သလိုလိုတောင်ဖြစ်ခဲ့၏။ အိမ်မှာပြန်အော်သည့်အခါ အမေပင်လျှင် အူတက်နေ၏။

ယခုမှသာ နာမည်ပညာ၏ လေးနက်ပုံများ၊ နာမည်တည်ဆောက်ထားပုံများ၊ နာမည်၏အကျိုးပေးပုံ၊အပြစ်ဖြစ်ပုံတို့ကို ခွဲခွဲခြားခြားသိလာရတော့၏။ သိလာလေ အလွန်စိတ်ဝင်စားစရာကောင်းလှသော ပညာခန်းဖြစ်လေကြောင့် တစ်ခါတစ်ရံ ဆရာ့ဩဝါဒကို နာခံရင်း အသက်ရှူဖို့တောင်မေ့နေသလိုဖြစ်နေ၏။

ဘယ်လိုမှထင်မထားသော ဟောကိန်းကြီးများကို ဟောနိုင်စွမ်းသော နာမည်ပညာဖြစ်၏။ နာမည်တစ်လုံးကို ကြားရုံနှင့် အတော့်ကို ဒိုးခနဲဒေါက်ခနဲ ပြောနိုင်သောပညာခန်းဖြစ်ရာ ကျွန်ုပ်သည် ထမင်းမေ့ဟင်းမေ့ပင်သင်ယူလေတော့၏။

"မင်းကိုငါပြောပြီးပြီနော်။ မင်းကိုငါဘာလို့တချို့ပညာခန်းတွေပေးနေတာလဲဆိုတာ"

"ဟုတ်ကဲ့"

ဆရာ့အမိန့်နှင့် တစ်နေ့လျှင် တစ်ကြိမ် တစ်နာရီတရားထိုင်ရသောကြောင့် အချို့ပညာခန်းများမှာ တွေး၍ ရေးရေးပေါ်ခဲ့ပါသည်။ အချို့မှာ တွေး၍မရ။

တွေး၍ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာအားရပါးရသင်ပေးနေပြီဖြစ်ရာ ကျွန်ုပ်ကလည်း မျက်တောင်ပင်မခတ်စတမ်း အာရုံစိုက်၍သင်၏။ တစ်နေ့လျှင် တစ်နေ့သိသိ သင်ရ၏။

လူတစ်ယောက်ကို ဂဏန်းတစ်လုံးမှတ်ထားခိုင်းပြီး နောက်တစ်ယောက်ကို နောက်ဂဏန်းတစ်လုံး မှတ်ထားခိုင်း၏။ တတိယတစ်ယောက်ကို မှတ်ခိုင်းပြန်ပြီး ပထမလူနှင့်ဒုတိယလူပြောသော ဂဏန်းများကိုသိရသည့်အခါ တတိယလူမှတ်ထားသောဂဏန်းကို အလွတ်ပြောပြနိုင်သော ပညာခန်းများလည်းပါ၏။

လာရင်းကိစ္စကို ကြိုတင်ရေးထားပြီး ရောက်ရှိလာသည့် ကာယကံရှင်မေးသူကိုယ်တိုင်ပြောပြီးမှ ထိုစာရွက်ကိုလှန်ပြလိုက်သည့်အခါ မေးသူ၏လိုရင်းဖြစ်နေ၏။ ထိုပညာခန်းများလည်းပါ၏။ ထိုပညာခန်းများမှာ သုံးမျိုးခန့်ဖြစ်နေလေရာ ကျွန်ုပ်လည်း နားထောင်ရင်း၊ သင်ယူရင်း ခေါင်းတွေကိုက်လာတော့၏။

သို့သော် -

သင်ယူခြင်းသည် ကျွန်ုပ်အတွက် အကောင်းဆုံး ဆုလာဘ်ဖြစ်နေချေပြီ ဝမ်းသာလွန်းလှပါဘိ။

❑

မိုးကျပြန်ပါပြီ။

သန်လျင်ဆားဒူးဂူရှိ ဘဘကြီးအား သတိတရရှိလှလွန်းသောကြောင့် -

"လူလေး ဘယ်လဲ ဒါ"

"ဆားဒူးဂူသွားမလို့အမေ၊ ဘဘကြီးကိုသားအရမ်းသတိရတယ်။မရော
တာကြာပြီ"

"ဟင် - ပြီးခဲ့တဲ့လကပဲ တော
လျှောက်သွားနေသေးတဲ့ဥစ္စာ"

"ဟုတ်ကဲ့- ဒီလမိုးစရွာပြီဆို
ဂူကိုလူတွေရောက်ဖို့မလွယ်ဘူးလေ
နဲ့မိုးနဲ့ဆိုတော့ ဘဘကြီးအတွက် ငှ
ပျောသီးတွေ၊ ကုလားပဲတွေ၊ ဖယော
တိုင်တွေသွားလှူဦးမယ်"

"ဩော် - အေး အေး"

"ကိုမောင်ထူးကိုလည်း ပြော
သား"

"အေးပါ"

ညောင်တန်းဆိပ်မှစတင်ထွက်
လာသည်နှင့် အလွန်လှပသော မြစ်
ကျယ်ကြီးကိုကြည့်ရင်း သင်္ဘော
ဘောင်လက်ရန်းနားရပ်၍ လေတ
နေလိုက်၏။

စင်ရော်ငှက်လေးများကိုကျွေး
သူများ များပြားလေရာ ငှက်လေး
လိုက်လာပုံနှင့် သင်္ဘောကြီးမှာ ပန်း
လှပါသည်။

သိတာနှစ်ထပ်သင်္ဘောကြီး
အလွန်ငြိမ့်ညောင်းညင်သာစွာနှင့်
မောင်းနေ၏။ စင်ရော်လေးများက
ဟုန်စီးရင်း၊ ရေတွင်စီးရင်းလိုက်ပါ
ပြသော်လည်း မြစ်ဝနားမရော
ရောက်တွင်တော့ နေရစ်ခဲ့ကြ
စင်ရော်လေးများကို ကျွေး သူမျ

www.burmeseclassic.com

ကြည့်ရင်းလိုက်ပါလာခဲ့ကြ၏။

သန်လျင်။

"ဟရေး - မိုးရွာလား"

"ဟုတ်ကဲ့ - ရန်ကုန်မှာလည်းရွာ တယ် ဘာဘာကြီး"

"ဟမ်း ဟမ်း"

မိုးကအုံ့မှိုင်းနေ၏။ လေကတဟူး ဟူးတိုက်နေ၏။ ဘာဘာကြီးကိုယ်ပေါ်တွင် လိမ္မော်ရောင်အစတစ်ခုကိုသာလွှမ်း ခြုံထား၏။

အေးမြသောရာသီဥတုနှင့်အေးမြသောလေများမှာ သူနှင့်မဆိုင်သည့်နှယ်။

"ဘာဘာကြီး၊ ကျွန်တော်ဂူထဲဝင် အရားထိုင်တော့မယ်"

ဘာဘာကြီးသည် သူ့ဘေးနားမှ ချိတ်ထားသောသော့တွဲအား ကျွန်ုပ်ကို ပေးလိုက်၏။ ကျွန်ုပ်က ဘာဘာကြီးကို ကန်တော့၍ ဂူတွင်းသို့ဝင်ရောက်လိုက် သည်။ ဂူအဝ လှေကားမှဆင်းဆင်း ခြင်း ရပ်၍ကူးမားဘာဘာကြီးကိုဦးတိုက် ပြီးမှ ဂူထဲဝင်သွားလိုက်၏။

အေးစိမ့်လွန်းလှ၏။

ဂူတွင်တွယ်ကပ်နေသော ပင့်ကူ မျှင်လေးများ လူနှင့်ထိ၍ပြတ်တောက် သွားသည့်အခါ ပင့်ကူမျှင်ရှိ ရေသီးလေး များက ဖြာခနဲဖြစ်ဖြစ်သွားကြသော ကြောင့် တစ်စုံတစ်ယောက်က ရေနှင့် ပန်းတောက်လိုက်သလိုဖြစ်ဖြစ်သွား၏။ ဂူတွင်းဖြစ်နေ၍ ကင်းခြေများ၊ ကင်းမြီး ကောက်များနှင့် အခြားပုရွက်ဆိတ်အနီ များတွေ့နေရချေပြီ။

သို့သော် လူများကို မည်သည့် အခါတွင်မျှရန်မပြု။

ဓာတ်မီးလေးထိုးရင်း နောက်ဆုံး ဂူပေါက်သုံးပေါက်ကို ရအောင်ဝင်လိုက် ခြင်း တတိယမြောက်ဂူပေါက်တွင် ထိုင် လိုက်ပါသည်။ ဓာတ်မီးမှိတ်လိုက်ပြီဖြစ် ၍ ဘာမှမမြင်ရတော့။ ဘာသံမှလည်း မကြားရတော့။ ကိုယ့်အသက်ရှူသံကိုယ် ပြန်ကြားနေရ၏။ ငှဲ့ဝင်လိုက်၊ လေးဖက် ထောက်ဝင်လိုက်၊ မတ်တတ်ဝင်လိုက်နှင့် လျှောက်ခဲ့ရသောကြောင့် အနည်းငယ် မောသယောင်ယောင်ဖြစ်ပြီး အသက်ရှူ သံပြင်းနေသည်ကို တဖြည်းဖြည်းလျှော့ ချလိုက်၏။ လေသံငြိမ်သက်လာတော့ မေတ္တာများပို့သပြီး အရဟံဗုဒ္ဓေါကို မှတ်ပါတော့သည်။

ဂူမှာ အေးစိမ့်နေသောကြောင့် ကြာခဏငိုက်ငိုက်ကျ၏။

ငိုက်လာလျှင် စွန်းလွန်းတရား ရှုမှတ်နည်းဖြင့် ခပ်ပြင်းပြင်းရှုလိုက်၊ ပြီးမှ အရဟံဗုဒ္ဓေါမှတ်လိုက်နှင့် အတော်လေး အာရုံမိလှ၏။

တစ်နာရီနီးပါးကြာလောက်ပြီဟု အာရုံထဲဝင်လာသည်နှင့် အခြားအတွေး များပါ ဆက်တိုက်ဝင်လာသောကြောင့် ဓာတ်မီးကိုဖွင့်၍ နာရီကိုကြည့်လိုက်၏။ စထိုင်ချိန်မှစ၍ (၂) နာရီနီးပါး ကြာမြင့် သွားပြီဖြစ်ရာ ဂူထဲမှတဖြည်းဖြည်းချင်း ပြန်ထွက်လာလိုက်ပါသည်။

သော့ကို ဘာဘာကြီးအားသွား ပေးလိုက်သည်နှင့် ဘာဘာကြီးသည် ဒန်ခွက်တစ်ခွက် လှမ်းပေး၏။ ချင်း၊ ထန်းလျက်ကျိုထားသောအရည်ဖြစ်ရာ ကျွန်ုပ်လည်း ဝမ်းသာအားရ သောက် လိုက်ပါတော့သည်။

ညနေသုံးနာရီကျော်ပြီဖြစ်၏။

သီတာသင်္ဘောကြီးများကိုမီရန် မြစ်ဆိပ်သို့အပြေးအလွှားသွားရမည်ဖြစ် သောကြောင့် ဘာဘာကြီး၏ခြေအစုံကို ဦးခေါင်းဖြင့်တိုက်၍ ရှိခိုးလိုက်ပါသည်။ ကျွန်ုပ်ကို ပွစိပွစိနှင့်ဆုပေးနေသည်မှာ မပြီးတော့။ အတော်လေးကြာမှ ခေါင်း ညိတ်ပြသောကြောင့် ဘာဘာကြီးကို နှုတ်ဆက်၍ပြန်ခဲ့ပါတော့သည်။

သီတာသင်္ဘောကြီး၏ အလှည့် မဟုတ်ပါ။

သို့သော် နှစ်ထပ်သင်္ဘောတစ်စီး ဖြစ်သောကြောင့် အပြေးအလွှားလက် မှတ်ဝယ်၍တက်လိုက်ပါသည်။

မိုးလေးကတဖွဲဖွဲ။

ဆရာအရှင်သူမြတ်သင်ပေးထား သည့်အတိုင်း ဘယ်သွားသွားမေတ္တာသုတ် ရွတ်သွားရမည်ဟူသောအသိဖြင့် မေတ္တ သုတ်ကို မနားတမ်းရွတ်၊ မေတ္တာပို့ရင်း တဖြည်းဖြည်းနှင့် သံန်လျင်နှင့်ဝေးလာပါ ပြီ။

အလွန်ကျယ်ပြန့်သောနေရာ မြစ် ပြင်ကျယ်ကြီးအရောက် ရုတ်တရက် ကောင်းကင်ကြီးမှောင်လာသလိုဖြစ်လာ ပြီး လေများတိုက်လာလေရာ သင်္ဘော စက်သံပြောင်းလာပုံရ၏။

ထိုစဉ် -

"ဟဲ့၊ ဟဲ့ - ဘယ်လိုဖြစ်တာလဲ"

"ဟာ - လုပ်ကြပါဦး"

"သင်္ဘောကြီးလည်နေပြီ"

"စောင်းတာ၊ စောင်းတာလုပ်ကြ ပါဦး"

ဝရုန်းသုန်းကား အော်သံဟစ်သံ ပြေးလွှားသံများနှင့်ဆူညံနေပြီး သင်္ဘော ဘေးတွင်ချထားသော မိုးမပက်အောင် ကာရံထားသော ပလတ်စတစ်ကြီးကို တာဝန်ရှိသူများက အတင်းဆွဲလှန်တင် နေကြ၏။ မိုးများတရကြမ်းပက်နေသော ကြောင့် မိုးပက်သောအခြမ်းမှ တစ်ဖက် ခြမ်းကိုအပြေးအလွှားသွားကြရာ သင်္ဘော ကြီးတစ်ခြမ်းစောင်းလာပါတော့သည်။

"ဟိုဘက်မှာ စုပြုံမနေနဲ့၊ ဒီဘက် ကို လာကြ၊ မိုးစိုလို့မသေဘူး။ သင်္ဘော စောင်းနေပြီ"

တာဝန်ရှိသူများမှအော်ခေါ် သော် လည်း လူများမှာ ဝရုန်းသုန်းကားဖြစ်ပြီး တစ် ဘက်မှာသာ စုပြုံနေ၏။ သင်္ဘောမှာ မိုး း တရကြမ်းပက်နေသည့်ကြားမှ ဦးခေါင်းတည်ပုံပြောင်းလာမှန်း ကျွန်ုပ် သတိထားလိုက်၏။

ဘာမှသတိမရတော့။

တောင်ဥက္ကလာပနေအိမ်ရှိ အမေ့ ကို ချက်ချင်းပြေးသတိရ၏။

ငါများတစ်ခုခုဖြစ်သွားရင် ငါ့အမေ တော့ မျက်စိသူငယ်နှင့်ကျန်ခဲ့ရှာမည်။ ငါ့ညီမလေးက ဘွဲ့မရသေးဟုတွေးရင်း စိတ်အားများငယ်လာပါသည်။ မည်မျှ သွေးကောင်းသည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါသော်လည်း ယခု အမေ့ကို သတိရပြီး စိတ်အားများငယ်လာ၏။ သတ္တိများ ဘယ်ရောက်သွားကုန်သည် မသိတော့။

စိတ်ကိုအသာတင်း၍ မိုးများ တရကြမ်းပက်နေသည့်ကြားမှ သန်လျင် ဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။

"ဟာ - ဒုက္ခပဲ"

လွတ်ခနဲထွက်သွားလောက်အောင် မြင်ကွင်းမှာဆိုးလှပါသည်။ လေဆင် နှာမောင်းမည်းမည်းအတန်းကြီး (၆) ခု အဝေးဆီမှမြင်နေရ၏။ သင်္ဘောဆီဦး တည်လာနေပုံရ၏။ မလွတ်နိုင်တော့ပါ။ လေမှာ တရကြမ်း၊ မိုးတွေပက်နေသည် မှာလည်း တရကြမ်း။

ဘာမှမစဉ်းစားတော့။ စောင်း စောင်းကြီးဖြစ်နေသော သင်္ဘောကုန်း ပတ်ကြမ်းပြင်တွင် ဒူးထောက်ချလိုက်ပြီး ဘာဘာကြီးကို သတိတရနှင့် လှမ်း ကန်တော့လိုက်ပါတော့သည်။ ကျွန်ုပ် ကန်တော့နေသည်ကို မြင်၍လားမသိ၊ ဘေးနားတွင် လူသုံး၊ လေးယောက် လည်း ကျွန်ုပ်ကဲ့သို့ သန်လျင်ဘက်ဆီ ကန်တော့နေချေတော့၏။

"ဘာဘာကြီး၊ ကျွန်တော် ဒုက္ခ ရောက်နေပါပြီ။ လေဆင်နှာမောင်းဒဏ် ခံနေရပါပြီ။ သင်္ဘောကြီးပေါ်မှာလည်း (၇) ရက်သားသမီးတွေ ဒုက္ခရောက်နေ



www.burmeseclassic.com

www.burmeseclassic.com

ကြပါပြီ။ ဘဘကြီး ဟယ်တော်မူပါ။

ကျွန်တော်သည် ဘဘကြီးဆီမှာ တရားကျင့်ပြီး ယခုမှပြန်လာသူဖြစ်ပါသည်။ ဘဘကြီးသိတော်မူပါ၊ ကြားတော်မူပါ"

ဟု ခပ်ကျယ်ကျယ်အော်ပြောရင်း ဘဘကြီးကိုကန်တော့နေ၏။

"ဟာ"

နှုတ်မှလွတ်ခနဲထွက်ကိုထွက်သွားသော အာမေဍိတ်သံကြောင့် ဘေးလူများပင် ကျွန်ုပ်ကိုကြည့်နေလောက်ပါလိမ့်မည်။ သို့သော် ကျွန်ုပ် သူတို့ကို သတိမထားတော့။ မကြည့်တော့။

ကျွန်ုပ်ကြည့်နေသည်မှာ ဘဝတွင် တစ်ခါမှမကြုံဘူးသောမြင်ကွင်းမျိုးဖြစ်နေ၍ အံ့ဩလွန်းပြီး ဘယ်လိုပြောရမှန်း မသိသည့်မြင်ကွင်းဖြစ်၏။

လေဆင်နှာမောင်းကြီးများမည်းမည်းအတန်းကြီး (၆) ခုကြားမှ လိမ္မော်ရောင်ပိတ်စကိုခြုံထားပြီး လက်ဆွဲမီးအိမ်ကိုကိုင်ကာသင်္ဘောရှိရာဘက်ဆီသို့လမ်းလျှောက်လာနေသောဘဘကြီးဖြစ်၏။ အတိုင်းသားမြင်နေရ၏။

ကျွန်ုပ်သည် မိုးများ တရကြမ်းပက်နေ၍ တစ်ကိုယ်လုံးစိုရွှဲနေသောကြောင့် မျက်လုံးများမိုးရေဝင်ပြီး တောင်မြင်မြောက်မြင်မြင်နေသည်အထင်နှင့် မျက်လုံးကို သေချာပွတ်ကြည့်၏။

"ဘဘကြီး"

နှစ်ကြိမ်၊ သုံးကြိမ်ထပ်ပွတ်၏။ သေချာပြူးကြည့်၏။

"ဘဘကြီး"

လမ်းလျှောက်လာပုံမှာ ထင်းနေ၏။ လိမ္မော်ရောင်ခြုံထည်အနားစလေးများပင် လေမှာတလွင့်လွင့်နှင့်ဖြစ်နေ၏။

ဒူးထောက်ပြီး သေချာထိုင်ကန်တော့လိုက်ပါသည်။

ကျွန်ုပ် ထိုင်ကန်တော့သည်နှင့် ဘေးလူများပါ လိုက်ကန်တော့ကြ၏။ သူတို့ကတော့ ဘာရယ်ညာရယ်သိမည်မဟုတ်ပါ။ ကျွန်ုပ်ကန်တော့၍သာ ဘာမှန်းညာမှန်းမသိ၊ အားကိုးတကြီးနှင့် ကန်တော့ကြဟန်တူ၏။

ဦးသုံးကြိမ်ကန်တော့ပြီး ခေါင်းပြန်အထောင်၊ သင်္ဘောမှာ စောင်းရာမှပြန်တည့်သွားပြီး လေမှာငြိမ်သွားပါတော့သည်။ မည်းမည်းအတန်းကြီး (၆) ခုမှာ တဖြည်းဖြ[illegible] တစ်ဖက်သို့ရွေ့သွားကြသည်ကို [illegible]တိုင်းသားမြင်နေရ၏။ ဘဘကြီးကို မတွေ့ရတော့။

"ဘဘကြီးကို မတွေ့ရတော့ပါလား"

တစ်ယောက်ထဲပြောရင်း ကောင်းကင်ဆီသို့ သေချာကြည့်နေလိုက်ပြီး -

"ဘဘကြီး လေငြိမ်သွားပြီ၊ အန္တရာယ်ကင်းသွားပါပြီ။ သင်္ဘောတစ်စီးလုံး အန္တရာယ်ကင်းအောင်ကယ်လိုက်တဲ့ ဘဘကြီးကို ကျွန်တော် အကြိမ်ကြိမ်ကန်တော့ပါတယ်ခင်ဗျာ"

ဟု နှုတ်မှပြောရင်း သန်လျင်ဆားဒူးဂူရှိရာသို့မှန်း၍ အကြိမ်ပေါင်းများစွာ ကန်တော့နေမိ၏။

လေငြိမ်သွားပြီဖြစ်၍ အေးချမ်းစွာနှင့်ပင် ရန်ကုန်ဘက် ညောင်တန်းဆိပ်ကမ်းသို့ ချောချောမောမောရောက်ပါပြီ။

"အေး-ငါ့သားနှယ်၊ မသေကောင်းမပျောက်ကောင်း။ သားပြောသလိုဆို ဘဘကြီး မင်းကိုကယ်လိုက်တာပဲသား။ ဘုရား၊ ဘုရား- ကျေးဇူးကြီးလိုက်တဲ့သူတောင်စင်ကြီးတော်"

"ဟုတ်တယ် အမေ၊ သား လက်တွေ့မို့ယုံတာနော်။ သင်္ဘောကစောင်းနေပြီ။ မိုးပက်လို့ဆိုပြီး တာလပတ်ကြီးတွေချထားကြတာ။ လေပြင်းတိုက်လိုက်ရင် သင်္ဘောတုံးလုံးလဲဖို့ပဲရှိတော့တယ်။ လူတွေက သင်္ဘောစောင်းတာကိုမကြည့်တော့ဘူး။ မိုးပက်တာကြောက်ပြီး တစ်ဖက်ကိုပြေးကြတာ။ ကြားသင်္ဘောဆိုတော့ သီတာသင်္ဘောကြီးတွေလို ဘယ်ကြီးပါ့မလဲ။စောင်းနေတာမှစောင်းစောင်းကြီး၊ သင်္ဘောကရ[illegible]ည်နေသလိုပဲ။ လာတဲ့ဘက်ကိုပြ[illegible]ဦးဟည်နေသလိုပဲ။ သားက မိုးပက်တဲ့ဘက်အခြမ်းမှာပဲ လေးဖက်ထောက်ကြီးဖြစ်နေပြီးဘာလုပ်ရမှန်းမသိဖြစ်နေတာ။ အမေ့ကို သတိရပြီး ဘဘကြီးကို သတိရတာနဲ့ ချက်ချင်းတိုင်တည်လိုက်တာ ဟာ - ကောင်းကင်



ယံမှာနော်၊ အမေ လေဆင်နှာမောင်းမည်းမည်းအတန်းကြီးတွေကြားထဲက ဘွားခနဲပေါ်လာတာ။ လမ်းလျှောက်လာတာ သူခြုံထားတဲ့လိမ္မော်ရောင်ပိတ်စလေးက တလွင့်လွင့်နဲ့ လက်ထဲမှာ မီးအိမ်ကြီးဆွဲလို့ တစ်လှမ်းချင်းလျှောက်လာနေတာထင်းနေတာပဲ"

"အမလေး-ကြက်သီးတွေထလိုက်တာ"

အမေသည် ပြောရင်းနှင့် တွန့်ခနဲ ဖြစ်သွားပြီး သူ၏လက်များကိုပွတ်သပ်နေ၏။

"တိမ်တွေကြားထဲကထွက်လာတာ ထင်းနေတာပဲ။ သားဘာမှစိတ်ကူးတာ မဟုတ်ဘူးနော်အမေ။ တော်ရုံနဲ့ယုံတတ်တာမဟုတ်ဘူး။ တကယ့်ကိုအံ့ဩလွန်းလို့ ထိုင်ကိုရှိခိုးလိုက်တာ ဘယ်နှကြိမ်မှန်းတောင်မသိတော့ဘူး"

"အဲဒါနဲ့ လေတွေငြိမ်သွားရော လား"

"ငြိမ်သွားတာက ချက်ချင်း[illegible] သွားတာမဟုတ်ဘူး အမေ။ လေ[illegible] တဖြည်းဖြည်းပါးသွားတာ။ လေဆင်[illegible] မောင်းမည်းမည်းကြီးတွေကလည်း [illegible] ဖက်ကိုရွေ့သွားတာ"

စကားပြောနေစဉ် သတင်း[illegible] ရောက်လာ၍ မနေ့ကလေဆင်နှာမောင်း[illegible] သတင်းများပါလိုပါခြင်း လှန်လှော[illegible] လိုက်၏။

တွေ့ပါပြီ။

မနေ့က လေဆင်နှာမောင်း[illegible] ဖြစ်၏။ သီလဝါဘက်နှင့်မဝေးသော[illegible] ရာအချို့တွင် သစ်ပင်များကျိုးခြင်း [illegible] ပင်ငယ်များလဲပြိုခြင်း စသော သတင်း[illegible] အမေ့အား ခပ်ကျယ်ကျယ်ဖတ်ပြလို[illegible] ၏။

"ဟယ် - မြစ်ကြီးဘက်ကိုလာ[illegible] တဲ့ လေဆင်နှာမောင်းနော်။ သား[illegible] သလိုဆိုရင်"

"ဟုတ်တယ် အမေ၊ သား [illegible] ကြောင့်ပြောတာပေါ့။ ခုကြည့်၊ သ[illegible] စာမှာတောင် သစ်ပင်တွေလဲတာ [illegible] ကျတာတွေ ခ[illegible] အမေကြားတဲ့အ[illegible] ပါလာပြီ။ ဒီလေဆင်နှာမောင်းကြီး[illegible] ဘေးတိုက်ပြန်ရွေ့သွားပါတယ်လို့ [illegible] သားပြောတာ အမေယုံပြီမို့လား"

"ယုံတယ်၊ အမေ ယုံတယ်"

"အမေ"

"ဟေ"

"သား ဘဘကြီးဆီ [illegible] စောင[illegible]ပြေးသွားချင်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com

"သွားလေသား"

ရောက်ရပြန်ပြီ သန်လျင်။

ဆိပ်ကမ်းမှ စီးလာသောကားမှာ တအိအိနှင့်ဖြစ်နေသောကြောင့် ဘာဘာကြီးဆီသို့ ချက်ချင်းပင်ပြေးသွားချင်စိတ်တွေများနေတော့၏။ ဘာဘာကြီးကိုလည်း မှန်းကန်တော့ပြီး တိုင်တည်လာလိုက်ရသည်မှာ တစ်လမ်းလုံး။

ရောက်ပြီ။

"ဘာဘာကြီး"

"ဟမ်း ဟမ်း"

"ဦးဆုံး ဘာဘာကြီးရဲ့ခြေအစုံကို ကန်တော့ဦးမယ်"

ဘာဘာကြီးက အထူးအဆန်းငွဲ့ကြည့်နေ၏။ 'ဒီကောင် ဘာစိတ်ကူးပေါက်လာလဲမသိ၊ ငါ့ဆီလာတာပျာနေတာပဲ'ဟု တွေးနေပုံရ၏။

"ကျေးဇူးကြီးလှပါတယ် ဘာဘာကြီးရယ်။ တကယ်ပါ။ ဘာဘာကြီးပေးတဲ့အသက်ပဲရှိပါတော့တယ်"

"ဟမ်း ဟမ်း - ဘာတွေလာပြောသလဲ"

"ဟာ - မနေ့ကလေ ဒီကပြန်တော့လေ ရန်ကုန်ရောက်ခါနီး ချိုးကွေ့မဝင်ခင် မြစ်ပြင်ကျယ်ကြီးမှာ လေဆင်နှာမောင်းမိတာလေ သင်္ဘောကြီးနစ်တော့မလို့။ အဲဒါ ဘာဘာကြီး ကောင်းကင်ကနေလမ်းလျှောက်ကြွလာပြီး. . ."

"နင်ဘာတွေလာပြောနေလဲ။သွား အရူး၊ နင်ရူးနေလား သွား"

ကျွန်ုပ်ကြောင်သွား၏။

အတော့်ကို ဒေါသတကြီးအော်ငေါက်လိုက်ပြီး သူ့ဟာသူပြန်ထိုင်၍ အဝေးဆီသို့သာငေးကြည့်နေ၏။ ပါးစပ်က ပွစိပွစိနှင့်။

"မဟုတ်ဘူးလေ ဘာဘာကြီး၊ ကျွန်တော့်ကို ဘာဘာကြီးကယ်. . ."

"သွား - နင်ရူးနေလား၊ သွားဆို။ ဘာတွေပြောနေမှန်းမသိဘူးအရူး. . . သွား"

အမှန်ပြောရလျှင် ကျွန်ုပ်ဝမ်းနည်းသွားပါသည်။ ဘာဘာကြီးကို အလွန်ရှိသေပြီးအလွန်ကြောက်သူဖြစ်၍ ဘာမှပြန်မပြောတော့ပါ။

ရှိသေစွာ ထိုင်ကန်တော့ပြီး လေးတွဲ့တွဲ့နှင့် ထပြန်ခဲ့ရပါတော့သည်။ ဘာဆက်ပြောလို့ပြောရမှန်းပင် မသိတော့ပါ။ ပြောလည်းမပြောရဲတော့ပါ။ ဤသူတော်စင်ဘာဘာကြီးယခုလောက် ဒေါသတကြီးပြောဆိုမာန်မဲသည်ကိုလည်း မကြုံခဲ့ဘူးပါ။

ကျွန်ုပ်နားမလည်တော့ပါ။

လိုဏ်ဂူဘုရားကျောင်းခြံရှေ့အရောက် ဘာဘာကြီးကို တစ်ချက်လှည့်ကြည့်လိုက်ပါသေးသည်။

ဘာဘာကြီးထိုင်နေပုံမှာ ကျွန်ုပ်လာသွားသည်ကိုလည်း သူမသိ၊ ကျွန်ုပ်ထပြန်လာသည်ကိုလည်း သိပုံမပေါ်သည့်သို့နှယ် ထိုင်နေ၏။ သူ၏အကြည့်မှာ မိုင်ပေါင်းထောင်ချီဝေးသောနေရာဆီသို့ လှမ်းမျှော်ကြည့်နေပုံရ၏။ လူ့လောကကြီးသည် သူနှင့်မဆိုင်သလိုပုံစံပေါက်နေ၏။ ပုံစံတစ်မျိုးနှင့်ပြောရလျှင် မိုင်ထောင်ချီသောနေရာမှာရှိနေမည့် သူ၏ဆရာ၏အမိန့်ကိုစောင့်နေဟန်ရှိ၏။ လေမှာတဟူးဟူး။ လိုဏ်ဂူဘုရားတည်ထားရာနေရာမှာ ကွင်းကျယ်ကြီးထဲတွင်ရှိပြီး နေရာမှာ ကုန်းစောင်းပြေပြေလေးလိုလည်းဖြစ်နေ၍ လေတိုက်လျှင်အကာအကွယ်မရှိ အလွန်အေးလှ၏။ ထိုသို့အေးလှသောဒဏ်ကို သူနှင့်မဆိုင်သလိုနေနိုင်သော ဘာဘာကြီးအား ကျွန်ုပ်လှမ်းကန်တော့လိုက်ပါသည်။ ဘာဘာကြီးကတော့ လှည့်တောင်မကြည့်တော့။

ဤအကြောင်းကို ရန်ကုန်ပြန်ရောက်လျှင် ကျေးဇူးရှင် ဆရာအရှင်သူမြတ်အားပြောပြမည်ဟု စဉ်းစားလာခဲ့ပါတော့သည်။

"အေး - မင်းကသွားပြောတာကိုးကွ။ သူတို့တွေကဒီလိုပဲ၊ ဒီလိုပုဂ္ဂိုလ်မျိုးတွေဆိုတာ ကြွားဝါခြင်း၊ ဂုဏ်ဖော်ခြင်းမရှိကြဘူး။ ဒီလိုပဲနေကြတာ မင်းမြင်တဲ့အတိုင်းပဲ။ ဘာကိုမှလည်း မက်မောကြတာ မဟုတ်ဘူး။ သူတို့ကယ်ပြီဆိုရင်ဘယ်တော့မှ လူသိအောင်မကယ်ဘူး။ လူသိထင်ရှားမကယ်ဘူး။ အဲဒီလို ကယ်လိုက်လို့ သူတို့ကိုသွားပြောပြန်ရင် မကြိုက်ဘူး"

"ဟုတ်တယ် ဆရာ ဟုတ်တယ်၊ အတော့်ကိုစိတ်ဆိုးသွားတယ်"

"အေး - စိတ်ဆိုးတယ်ရယ်တော့ မဟုတ်ဘူးပေါ့ကွာ၊ သူတော်စင်ကြီးပဲ။ မင်းကသွားပြောနေတော့ မင်းစကားကို မြန်မြန်ဖြတ်လိုက်တာပေါ့။ မင်းကို ကလေးလို့မြင်လို့ပေါ့။ ဒါတွေကိုစကား မပွားသွားစေချင်တာ သူတို့ရဲ့ဆိတ်ငြိမ်ခြင်းပဲ။ ဒါကြောင့်ပါ"

ဆရာအရှင်၏စကားကိုနားထောင်ရင်း ပြန်သတိရလာ၏။ တစ်ခါက ကြမ်းပိုးကြီးများသည် ဘာဘာကြီး၏နှာခေါင်းမှထွက်၍ နားထဲဝင်၊ နားထဲမှပြန်ထွက်လာပြီး နှာခေါင်းထဲဝင်၊ ပါးစပ်နားသွားဖြစ်နေ၍ ကျွန်ုပ်မှာ မနေသာဘဲ ကြမ်းပိုးကြီးများတက်နေကြောင်းသွားပြောရာ အဆူခံခဲ့ရဖူးပါသည်။

အလွန်အေးလွန်း၍ခိုက်ခိုက်တုန်အောင်ချမ်းနေသော ဆောင်းတွင်းတုန်းက ခြုံထားသော လိမ္မော်ရောင်အစမှာ ပါးလှပ်ပြီး ခန္ဓာကိုယ်မှာကပ်နေ၍ဘာမှမရှိသလိုဖြစ်နေသောကြောင့် -

"ဟာ - ဘာဘာကြီး၊ ဒါလောက်အေးနေတာ မအေးသလိုဘဲထိုင်နေတာ ကြည့်ပါဦး။ အနွေးထည်ဝတ်မလား"

ဟု သွားပြောစဉ်ကလည်း အော်ငေါက်ခံခဲ့ရဖူးပါသည်။ အော်ပြီးသည်နှင့် ပြန်ငြိမ်သွား၏။ကြည့်ရသည်မှာ သူကျင့်နေသော ငြိမ်သက်ခြင်းအား ကျွန်ုပ်က သွားသွားနှောင့်ယှက်သလိုဖြစ်ဖြစ်သွား၍ သူတရားရှုမှတ်ခြင်း၊ ရွတ်ဖတ်ခြင်းများ ပျက်ပျက်သွား၍လားမသိ၊ အတော် အော်ငေါက်၏။

အခြားစကားများလည်း မပြောဖြစ်ပါ။

ဖြစ်နိုင်လျှင် သူ့နားမှာ တစ်နေကုန်ထိုင်နေ၊ ဘာမှမပြောမဆို တိတ်တိတ်နေ သူကျေနပ်၏။ ပြုံးနေ၏။ သူ့အလုပ်သူလုပ်နေ၏။

"ဟုတ်တယ် ဆရာ၊ ကျွန်တော် ဘာမှတောင်နားမလည်ခဲ့ဘူး"

"အေး - သူတို့ဟာ အင်မတန်မှ နားလည်ရခက်တဲ့ပုဂ္ဂိုလ်တွေကွ။ အကျင့်သန်တဲ့ပုဂ္ဂိုလ်တွေ။ သူတို့အကြောင်းကို သိမထားရင် သူတို့အနားကပ်ဖို့မလွယ်ဘူး။ သူတို့က ဘာမှမက်မောတဲ့ပုဂ္ဂိုလ်တွေမဟုတ်ဘူး၊ အားလုံးကိုစွန့်လွှတ်ထားတာ။ နောက်မင်းသွားရင်ဘာစကားမှ အပိုမပြောနဲ့။ သူပြောမှပြော၊ သူ့ကျွေးရင်စား၊ သူ့နားမှာတိတ်တိတ်ဆိတ်ဆိတ်နဲ့သာနေ။ ဒါဆို မင်းနေတတ်လာလိမ့်မယ်"

"ဟုတ်ကဲ့"

ကျေးဇူးရှင်ဆရာအရှင်၏နွေးနွေးထွေးထွေးရှင်းပြမှုကြောင့် ကျွန်ုပ်သဘောပေါက်သွားပါတော့သည်။

မိုးတွင်းဖြစ်နေ၍ -

အင်္ဂလိဋ္ဌာဆရာသခင်ထံသွားလျှင် အခက်အခဲလေးများဖြစ်ရပါသည်။ ထီးမှာ တစ်ချောင်းထဲဖြစ်နေ၍ တစ်ခါတစ်ခါ အမေ ဈေးသွားဖို့ထားခဲ့ရသည့်အခါ ကျွန်ုပ်မှာတစ်ကိုယ်လုံးရွှဲရသည့်အခါများရှိ၏။ ဆရာ့ကိုအပ်စိုက်ပေးရင်း တစ်ခါတစ်ခါချမ်းနေ၏။ ဆရာကတော်ထံမှ ရေနွေးပူပူတောင်းသောက်ရ၏။

www.burmeseclassic.com

ဆရာသည် ဘုရားစင်ကိုကျော ပေးထိုင်ရင်း ကျွန်ုပ်ကိုသင်ပေး၏။ မသင်ခင် အမွေးတိုင်တစ်တိုင်ထွန်း၍ ဘုရားပူဇော်ထား၏။ ထိုအမွေးတိုင်မကုန်မချင်း တောက်လျှောက်ပြောနေပြီး အမွေးတိုင်ကုန်သည်နှင့် ဆရာ့နှုတ်သည်လည်း အလိုလိုတိတ်ဆိတ်သွားပါသည်။ တိတ်သည်မှ ဘာမှကိုမပြောတော့။ ကျွန်ုပ်က ပင် အလိုက်သိသိနှင့် သောက်ရေခပ်ပေးဘာပေးလုပ်ရ၏။ ဆေးပေါ့လိပ်ခွက်လေးယူပေးရ၏။ တစ်ခါတစ်ခါချက်ချင်းထသွားပြီး လက်ဖက်ရည်ပြေးဝယ်ပေးရ၏။ နေ့ဘက်များတွင်သင်ကြားရသည့်အခါများ၌ အဆင်ပြေ၏။ တစ်ခါတစ်ခါ ဈေးမထွက်၍မဖြစ်သောကြောင့် ဈေးထွက်ရသည့်အခါ ည(၇)နာရီထိုးမှဆရာ့ဆီရောက်၏။ ဆရာ့အား အပ်စိုက်ပေးခြင်းများပြုလုပ်ပြီးမှ၊ ဆရာနားနားနေနေနေမှ ပညာသင်ဖြစ်၏။

အိမ်ပြန်ချိန်သည် အနည်းဆုံး ဆယ်နာရီထိုးဖြစ်တတ်ပြီး တစ်ခါတစ်ခါ ဆယ့်တစ်နာရီထိုးမှပြန်ရ၏။

သွားသော်လည်း မသင်ဖြစ်သည့် ရက်များလည်းရှိ၏။

တစ်နေ့ -

ဆရာ့အိမ်မှ လွယ်အိတ်လွယ်ပြီး ပြန်လာချိန်မှာ ဆယ်နာရီခွဲနေချေပြီ။

လမ်းမှာ လူတစ်ယောက်မှမတွေ့တော့။ တစ်ချက်တစ်ချက်မှ ကားတစ်စီးတလေဖြတ်သွား၏။ မေ့လောက်သင့်မှ လူတစ်ယောက်တလေတွေ့ရ၏။

လျှောက်လာရင်း အလွန်သပ္ပာယ်လှသည့် ဆူတောင်းပြည့်ကျိုက္ကဆံစေတီတော်မြတ်ကြီးရှေ့အရောက်တွင် မုခ်ဦးဝမှပင်ထိုင်၍ ရှိခိုးလိုက်ပါသည်။ ပြီးမှ တရွေ့ရွေ့ဆက်လျှောက်လာရာ (၁၄)၊ (၁၅) လမ်းဆုံနားရှိ ကားဂိတ်အရောက် ကားဂိတ်လေးထဲမှ လူသုံးယောက်ထွက်လာပြီး ကျွန်ုပ်၏ဘေးနားလာရပ်၏။

"ညီလေး ခဏ"

ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ရာ လူတစ်ယောက်မှမရှိ ထိတ်ဆိတ်လျက်။

သူတို့အသံကြောင့် သတိကြီးစွာထားရင်းရပ်နေလိုက်၏။ ဘေးဘီကို အကဲခတ်လိုက်ရာ ကားဂိတ်ထဲတွင် နောက်ထပ်နှစ်ယောက်ထိုင်နေသည်ကို လှမ်းမြင်လိုက်၏။

"ဘာဖြစ်လို့လဲ"

"ခဏပါ ညီလေး၊ ဟို- အစ်ကိုတို့ ဆေးလိပ်သောက်ချင်တယ်ကွာ။ ညီလေး ပိုက်ဆံလေးဘာလေးပေးခဲ့စမ်းပါ။ အစ်ကိုတို့မှာ ဝေါပြတ်နေလို့"

(ဝေါ - ပိုက်ဆံကိုခေါ်သော ဗန်းစကား)

ကြည့်ရသည်မှာ ဆေးခြောက်မူးနေလား၊ အရက်မူးနေလားတော့မသိ မူးတော့မူးနေပုံရ၏။ ကျွန်ုပ်လည်း မသိမသာ လွယ်အိတ်ကို စလွယ်သိုင်းလိုက်ပြီး သူတို့ကိုရင်ဆိုင်ရန် စဉ်းစားလိုက်၏။

'အင်း - ငါကတစ်ယောက်ထဲ၊ သူတို့က ငါးယောက်။ မူးနေတဲ့သူက ဘာအသိတရားမှရှိမှာမဟုတ်ဘူး။ သွေးဆူမှာပဲ၊ ထင်ရာလုပ်မှာပဲ။ ငါဟာ အမေ့ကိုလုပ်ကျွေးနေတဲ့သူဖြစ်တယ်။ ငါ့ဆရာတွေဆီမှာလည်း အကျင့်စခန်းတွေနဲ့ အဓိဋ္ဌာန်တွေဝင်၊ သာသနာပြုကိစ္စကြီးတွေမှာ ဝေယျာဝစ္စလိုက်လုပ်ရ၊ အင်္ဂလိပ်စာပညာတွေ၊ ဆန်းကျမ်းပညာတွေလည်းသင်၊ ပညာတွေအတော်သင်ကြားလာခဲ့ပြီး အတွေ့အကြုံဗဟုသုတတွေများခဲ့ပြီ။ တန်ဖိုးကြီးမားတဲ့ ပညာတွေကိုသင်ရတဲ့လူသားတစ်ယောက်ဖြစ်နေလို့ ငါဟာ တန်ဖိုးကြီးမားသူဖြစ်နေပြီ။ သူများ အသားကိုမစားတဲ့အကျင့်ကိုလည်း ငါကျင့်နေနိုင်ပြီ။ ဒီတော့ ငါ့တန်ဖိုးကိုဘာမဟုတ်တဲ့ကိစ္စတွေမှာ အဆုံးရှုံးမခံတော့ဘူး'

ဟု စိတ်ကိုအားထည့်လိုက်ပြီး -

"ကျွန်တော့်ဆီမှာလည်း နှစ်ကျပ်ပဲပါတယ် အစ်ကိုတို့ရယ်"

တစ်ယောက် တောက်ခေါက်၍ တစ်ဖက်လှည့်သွားသော်လည်း တစ်ယောက်က -

"ဟာကွာ - တကယ်လား၊ မလိမ်နဲ့နော်"

"အစ်ကိုတို့ကို ညီလေးမလိမ်ပါဘူး"

ထိုသူသည် ကျွန်ုပ်ကိုစိုက်ကြည့်နေရာမှ -

"အေး၊ အေး - ဒါဆိုလည်း အဲဒီနှစ်ကျပ်ပဲပေးခဲ့တော့"

"ဟာ-အစ်ကို၊ ညီလေးက အမေ့ကို ပိုက်ဆံပြန်ပေးရဦးမယ်။ ငါးမူးတော့ပြန်ပေး၊ အစ်ကိုတို့တစ်ကျပ်ခွဲယူ"

ပြောရင်း အိတ်ထဲမှနှိုက်ထုတ်လိုက်၏။ ငါးမူးစေ့ကိုယူထားလိုက်ပြီး တစ်ကျပ်တန်နှင့် ငါးမူးစေ့နှင့် ပေးလိုက်၏။

"ဟို - လွယ်အိတ်ထဲမှာ"

"အစ်ကို ကြည့်ကြည့် ရော့"

ထိုသူပင်လျှင် လွယ်အိတ်ကိုယူကြည့်၏။ စာအုပ်၊ ဘောလ်ပင်နှင့် အပ်ထည့်ထားသော ပုလင်းလေးသာတွေ့သောကြောင့် ကျွန်ုပ်ကိုပြန်ပေးရင်း -

"ဟား - ဒီကောင် ငမွဲပဲ။ အေး၊ အေး- သွားတော့ကွာ"

"ဟုတ်ကဲ့"

ပြန်လှမ်းပေးလိုက်သော လွယ်အိတ်ကိုယူ၍ စလွယ်သိုင်းလိုက်ပြီး ပဒေသာလမ်းဆုံဘက်သို့ ခပ်သုတ်သုတ်လျှောက်လာလိုက်ပါတော့သည်။

စိတ်ကလွန်ဆွဲနေ၏။

'ငါကိုယ်ခံပညာတွေသင်ထားတာ အလကားပဲ၊ ဘာမှသုံးလို့မရဘူး။ သူများတောင်းတာပေးလိုက်ရတယ်။ တကယ်ဆို မူးနေတဲ့ကောင်တွေပဲ၊ ဖြတ်ကန်တာနဲ့ အားလုံးမှောက်နိုင်တယ်'

ဟု တွေးလိုက် -

'ငါ့တန်ဖိုးကိုဘာမဟုတ်တဲ့နေရာမှာ အဆုံးရှုံးမခံနိုင်ဘူး။ သူတို့လုပ်လို့ ငါတစ်ခုခုဖြစ်သွားရင် ငါ့အမေကို ဘယ်သူလုပ်ကျွေးမလဲ။ ငါတတ်ထားတဲ့ပညာတွေလည်း အလကားဖြစ်ပြီ'

ဟု တွေးလိုက်နှင့် အတွေးလွန်ဆွဲနေတော့၏။

လူလူချင်း အကြောခံလိုက်ရ၍ ရှက်နေသလိုလိုခံစားလိုက်၊ ဒေါသထွက်လိုက်၊ ငါမဆိုးဘူး-တစ်ကျပ်ခွဲပေးရတာပဲ့ပါသွားတာမဟုတ်ဘူး ဘာဖြစ်လဲဟု တွေးလိုက်နှင့် နာရီဝက်ကျော်ကျော် လျှောက်အပြီးတွင် အိမ်သို့ရောက်လာပါတော့သည်။

လက်ထဲတွင် ယပ်တောင်တစ်ချောင်းကိုင်၍ တဖျတ်ဖျတ်နှင့်ခြင်ယပ်ရင်း ကျွန်ုပ်အလာကိုထိုင်စောင့်နေသော အမေ့ကိုမြင်သည်နှင့် ဝမ်းနည်းသွားရပါသည်။

အမှန်ပြောရလျှင် ငိုချင်လာပါသည်၊ ဘာဖြစ်မှန်းမသိ။ မိခင်ကိုမြင်လိုက်ရ၍ ဘယ်ကဘယ်လိုရောက်လာမှန်းမသိသော ဝမ်းနည်းစိတ်များကြောင့် မငိုအောင်ထိန်းထားသော်လည်း ရင်မှာ လှိုင်းထပြီးရိုက်နေမိတော့၏။ အမေ့ဘေးနားမှ ရိုကျိုးစွာကွေ့ပတ်၍ အိပ်ရာထဲဝင်လိုက်ရလေတော့၏။

❑

"ဝေ့ - အစ်ကို၊ တစ်ချီတစ်ချီ ပျောက်ပျောက်သွားလိုတ်တာ"

"ဟုတ်ကဲ့ ဆရာ၊ ဟိုရက်တွေက အလုပ်များသွားလို့ပါ ခင်ဗျ"

မြစ်မ်းရောင်အပ်စိုက်ကုဆေးခန်း



www.burmeseclassic.com

www.burmeseclassic.com

အ၀တွင် ကျွန်ုပ်အား ပြုံး၍ရပ်ကြည့်နေသော အပ်စိုက်ဆရာသည် ကျွန်ုပ်ကို မြင်သည်နှင့် အားရပါးရနှုတ်ဆက်၏။

အပ်စိုက်ဆေးခန်းဖွင့်ထားသော အိမ်တွင် ပိုးဟပ်များ ရာနှင့်မက ထောင်နှင့်ပင်ချီနေသည်ဟု ကျွန်ုပ်ထင်၏။ အိမ်နံရံတွင် တွယ်ကပ်နေကြ၏။ ပိုင်ရှင်မှာ ပဲဖတ်၊ နှမ်းဖတ်စသော တိရစ္ဆာန်အစားအစာများရောင်းသော်လည်း ဘာမှမလုပ်ဘဲ ထိုင်စားနိုင်၏။ ပြည့်စုံလှ၏။ သဘောလည်း အလွန်ကောင်း၏။

အပ်စိုက်ဆေးခန်းပိုင်ရှင်၌ ဘကြီးတစ်ဦးရှိပါသည်။ အသက်မှာ (၁၀၄)နှစ်ဖြစ်၏။ ခြေတံ၊ လက်တံကြီးများမှာ အလွန်ရှည်လျားလှ၏။ တစ်ကိုယ်လုံး ဆေးမင်ကြောင်များထိုးထားပြီး သတိအလွန်ကောင်းသူဖြစ်၏။ ဒေါင်အလွန်ကောင်းလှ၏။ ရှေးရှေးကအဖြစ်အမျက်များကို လက်တန်းပြန်ပြောပြတတ်၏။ အလွန်အသက်ရှည်သော သီလကောင်းသူဖြစ်၍ ကျွန်ုပ်မှာထိုဘကြီးအားရောက်တိုင်းကန်တော့ပြီးမှပြန်၏။ အချိန်ရလျှင် ဘကြီးထိုင်နေသော ပတ်လက်ကုလားထိုင်ဘေးခြေရင်းနားတွင် ကျုံ့ကျုံ့လေးထိုင်ရင်း ဘကြီး၏မျက်နှာကို တစိမ့်စိမ့်သွားကြည့်နေလေ့ရှိပါသည်။ ဘကြီးစကားပြောသည်မှာ နားထောင်လို့အလွန်ကောင်းပြီး မှတ်သားဖွယ်ရာများနှင့်ပြည့်နေ၏။ မျက်နှာမှာ အမြဲပြုံးနေ၏။ ဆန်ပြုတ်ကို အတော်ကြိုက်၏။

အပ်စိုက်ဆရာသည် ပယောဂကုတတ်၏။

အပ်စိုက်ဆေးခန်းတွင် ပယောဂဖြစ်ခြင်း၊ ပယောဂကုခြင်း မကြာမကြာကြုံ၏။ ထိုပညာရပ်များကို ကျွန်ုပ်နားမလည်သောကြောင့် ဘေးနားကသာ ထိုင်ကြည့်နေရလေ့ရှိပါသည်။

ဆရာကုသည်မှာ မကြမ်းပါ။ ညင်သာ၏။ ရေကိုမန်း၍ ကာယကံရှင်၏ လက်ခုံကို စဖေ၀ကွင်းလိုက်ပြီး အနံ့ခံခိုင်း၏။ တချို့က မွှေးသည်ပြော၏။ တချို့က ပုပ်စော်နံသည်ပြော၏။ ထိုသို့ ပုပ်စော်နံသည်ဟုဆိုသူများမှာ အပ်စိုက်ကု၍မတိုးပါ။ ဆရာကိုယ်တိုင် ရေမန်းကို သောက်ခိုင်း၊ ရေမန်းနှင့်တောက်ပြုပြီးမှသာ အပ်စိုက်၍ ရောဂါပျောက်သွားတတ်ပါသည်။

ထူးတော့ထူးဆန်း၏။

ဘာမှကြမ်းကြမ်းတမ်းတမ်းမပြော။ ဣရင်-တရုတ်လူမျိုးဖြစ်၍ ဖွယ်ဖွယ်ရာရာလည်းမပြော၊ ရိုးရိုးလေးသာ 'ထွက်-သွား-မနှောင့်ယှက်နဲ့' ဤမျှသာပြောရင်း ပယောဂကုနိုင်သူဖြစ်၍ ဆရာ့ကိုလည်း မလေးစားဘဲမနေနိုင်ပါ။ သူကုသည်မှာ ရေမန်းတစ်ခွက်ထဲသာတည်း။

တစ်နေ့ -

အမျိုးသမီးတစ်ဦး ရောက်လာပြီး ခေါင်းဘယ်လိုမှထူမရ၍ဟုပြောရင်း အပ်စိုက်ခံရာ ကျွန်ုပ်ကစိုက်ပေးရ၏။

ထိုအမျိုးသမီး၏ လက်ခွကြားနှင့် ဦးခေါင်းပိုင်းဆိုင်ရာအကြောများကိုစိုက်လိုက်စဉ် သူ၏မျက်လုံးအစုံမှာ ကျွန်ုပ်ထံရောက်လာ၏။ ဘယ်လိုကြီးမှန်းမသိ၊ မျက်တောင်လည်းမခတ်၊ ခပ်စွေစွေကြီးနှင့်ကြည့်နေပြီး ပါးစပ်ကြီးဖြဲ၍ ကလေးငယ်တစ်ယောက်အော်သလိုအော်ဟစ်ရင်း အားရပါးရရယ်နေတော့၏။

ကျွန်ုပ် အနည်းငယ်လန့်သွားပြီး နောက်ဆုတ်လိုက်ရင်း ဆရာ့နားသွားရပ်နေ၏။ ထိုအမျိုးသမီးမှာ ကုပ်ကျိုးနေသောပုံ ငှဲ့လျှိုးလျှိုးကြီးအတိုင်းကနေ ကျွန်ုပ်ကို မျက်လုံးကြီးလှန်ကြည့်နေရင်း အော်ရယ်ရင်း ခုတင်ပေါ်မှထလာ၏။ လက်ကြီးနှစ်ဖက်ကကားရက်။

"ဆရာ၊ ဆရာ လုပ်ပါဦး။ ဘယ်လိုကြီးလဲမသိဘူး"

"ဟေ့-ဘာဖြစ်တာလဲ"

ကျွန်ုပ်ကအပြော၊ ဆရာက လှမ်းအအော်၊ သို့သော် လာ-မြဲလာနေသေးရာ ဆရာသည် ထိုအမျိုးသမီး၏မျက်နှာတည့်တည့်ကို လက်ညှိုးလှမ်းထိုး၍ တောက်ခေါက်လိုက်ပြီးတစ်ပြိုင်နက် မြေကြီးကို ထုံခနဲနေအောင် ဖနောင့်ပေါက်လိုက်၏။

ရုပ်ရှင်ကားတစ်ကားကြည့်နေရသည်သို့နှယ် မမြင်ဘူးသည်များမြင်ရ၏။ ထိုအမျိုးသမီးမှာ ထိုနေရာတွင်ပင်ခွေကျသွားပြီး ငြိမ်သွားပါတော့သည်။

"အပ်တွေနုတ်၊ အပ်တွေနုတ်၊ မြန်မြန်နုတ်"

လက်ခွကြားနှင့် ကုပ်ပိုးမှအပ်များကို ကပျာကယာနုတ်လိုက်ရာ အပ်များသည် လေးထောင့်ပုံသဏ္ဍာန်ထောင့်ချိုးများကွေးရက် ကျင်တွယ်ပုံစံမျိုးတွေ ပြန်ထွက်လာ၏။

ဆရာသည် ထိုအမျိုးသမီး၏ အဖော်အား ခုတင်ပေါ် သို့ပွေ့ချီတင်ရန် ပြောလိုက်ပြီး ရေမန်းနှင့် (၄)၊ (၅)ချက် တောက်လိုက်ပြန်၏။

"ဟင်း ဟင်း ဖှင်း - ကျွန်မဘာ့ယ် ရောက်နေတာလဲဒါ"

"ဟင် - မင်းပဲ ဇက်ကြောတွေ တအားတက်လို့ အပ်သွားစိုက်ချင်တယ် ဆိုလို့ ဒီလာခဲ့တာလေ"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ သူမသိဘူး။ နေပါစေ၊ မိန်းနေပါစေ"

သူ၏ အစ်ကိုလား၊ ခင်ပွန်းလား မသိရသောပုဂ္ဂိုလ်နှင့် စကားပြောစဉ် ဆရာ၀င်ပြောလိုက်သောကြောင့် အားလုံးငြိမ်သွား၏။

အမျိုးသမီး၏မျက်နှာမှာ စောစောကနှင့်မတူတော့။ ကြည်လင်ပြီး ရုပ်အတန်ငယ်ချော၏။

"အဲဒါဘာဖြစ်တာလဲ ဆရာကြီး"

"မင်းတို့အိမ်မှာ သူ့ကိုခင်တဲ့ ကလေးတစ်ယောက်ယောက် ပျက်စီးဘူးလား"

"ဟာ - ရှိတယ်၊ သူ့တူမတစ်ယောက်ရှိတယ်။ ငယ်ငယ်ထဲက သူနဲ့ပဲနေတာ။ အဲဒီကလေးက ရုတ်တရက်ဆုံးသွားတာ မကျွတ်ဘူး"

"အေး - မကျွတ်ဘူး။ ပြီးတော့ ဒီကလေးမက အဲဒီသူ့တူမကိုကုပ်ပေါ် ခွတင်ပြီးထိန်းတာရှိလား"

"ကုပ်ပေါ်ခွတင်ပြီးထိန်းတာ ငယ်ငယ်လေးထဲကနေ အဲဒီကလေးဆုံးတဲ့အထိပဲ ဆရာ။ အဲဒီကလေးဆုံးသွားတော့တောင် အဲဒီကလေးရဲ့အကျီတွေကို သူကုပ်ပေါ်တင်တင်ထားလို့ ကျွန်တော် မနည်းပြောနေရတယ်"

ထိုလူပြောနေစဉ် လှဲနေသော အမျိုးသမီးသည် တရှုံ့ရှုံ့ငိုနေတော့၏။ ဘာမှတော့မပြော။ စောစောကစကားများအတိုင်းဆို သူ့တူမလေးကိုသူ သတိရနေဟန်ရှိ၏။

မကြာပါ။

ဆရာ့ကိုနှုတ်ဆက်၍ ပြန်သွားကြတော့၏။

"ဆရာ"

"ဟင်"

"အဲဒါဘယ်လိုဖြစ်တာလဲ"

"အို - အစ်ကိုကလည်း၊ ကလေးသရဲကုပ်ခွစီးနေတာပေါ့"

"ဟာ - ပြဿနာ"

"အဲဒါကိုသိလို့ ရေမန်းနဲ့တောက်ပစ်ရတာလေ။ နို့မို့ရင် ဘယ်ဖယ်ပါ့မလဲ"

"ဆရာအဲဒီကလေးကိုမြင်လား" -

(ရှေ့လဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

# မား(စ်)ရောဂါ ကြိုတင်ကာကွယ်ပါ

ရိုရိုငွေ




ကမ္ဘာပေါ်ရှိ လူသားများဟာ ရောဂါအမျိုးမျိုးတို့ကြောင့် နေ့စဉ် လူပေါင်းများစွာသေဆုံးနေကြပါတယ်။ ထိုရောဂါများအနက် ကင်ဆာရောဂါ အမျိုးမျိုး၊ စီပိုး၊ ဘီပိုးကြောင့်ဖြစ်တဲ့ အသည်းရောဂါ၊ အေအိုင်ဒီအက်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးရောဂါ စတဲ့ ရောဂါများဟာ အသေအပျောက်များတဲ့ရောဂါဖြစ်ပြီး ၎င်းရောဂါများကို အသံတိတ်လူသတ်သမားလို့ ခေါ်ဝေါ်ကြပါတယ်။ ဒါကြောင့် အထက်ပါ ရောဂါများကို ကြိုတင်ကာကွယ်ခြင်း၊ ရောဂါဝေဒနာ သက်သာ ပျောက်ကင်းအောင် နည်းအမျိုးမျိုးနဲ့ကုသခြင်း၊ ရှောင်ရှန်၊ ဆောင်ရန် နည်းလမ်းအသွယ်သွယ်နဲ့ ပညာပေးကာ ထိရောက်စွာ ဆောင်ရွက်ပေးနေပါတယ်။

ဒီရောဂါတွေကို ကာကွယ် ကုသနေစဉ် နောက်ထပ်ရောဂါအသစ်အဆန်းများ ပေါ်ပေါက်လာပါတယ်။ အသစ်ပေါ်ပေါက်လာတဲ့ ရောဂါဆန်းများကတော့ အီဘိုလာရောဂါ၊ ဆား(စ်)ရောဂါ၊ မား(စ်)ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါများပဲဖြစ်ပါတယ်။ ဒီရောဂါတွေဟာ လူသားတွေရဲ့အသက်အန္တရာယ်ကို ခြိမ်းခြောက်နေတဲ့ လူသတ်ရောဂါတွေပဲ ဖြစ်ပါတယ်။

ရောဂါဆန်းများအနက် အခုလတ်တလော လူသားများကြား၌ ကူးစက်ပြန့်ပွားနေတဲ့ရောဂါကတော့ မား(စ်)(MERS) ရောဂါပဲ ဖြစ်ပါတယ်။ မား(စ်)ရောဂါဟာ ဗိုင်းရပ်(စ်)ကြောင့်ဖြစ်ပွားတဲ့ရောဂါဖြစ်ပြီး ကူးစက်ရောဂါဖြစ်တဲ့အတွက် လူနာမှတစ်ဆင့် အခြားသူများသို့မကူးစက်ရန် တားဆီးရမှာဖြစ်ပါတယ်။ ဒီရောဂါဟာ အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်းရောဂါဖြစ်ပြီး ၎င်းရောဂါကို ဆေးပညာအခေါ်အဝေါ်အရ (Middle East Respiratory Syndrome Coronavirus) လို့ ခေါ်တယ်။ အတိုကောက်အားဖြင့် (MERS) မား(စ်) လို့ ခေါ်ခြင်းဖြစ်ပါတယ်။ ထိုရောဂါဟာ အရှေ့အလယ်ပိုင်းဒေသများ၌ စတင်ဖြစ်ပွားခဲ့သော်လည်း ယခုအခါ အာရှတိုက်ရှိ လူသားများဆီသို့ ကူးစက်ပြန့်ပွားလာပါပြီ။ ဒါကြောင့် ရောဂါဖြစ်ပွားတဲ့ လူဦးရေ (၁၀၀) မှာ (၃၈) ရာခိုင်နှုန်းခန့် သေဆုံးကြောင်း အပြည်ပြည်ဆိုင်ရာကျန်းမာရေးထောက်လှမ်းမှုကွန်ရက်မှ စစ်တမ်းများအရ သိရှိရပါတယ်။

**▫ မား(စ်)ရောဂါအစ အရှေ့အလယ်ပိုင်းက**

မား(စ်)ရောဂါဟာ ၂၀၁၂ ခုနှစ်မှာ ဆော်ဒီအာရေးဗီးယားမှာ စတင်ဖြစ်ပွားခဲ့ပါတယ်။ ရောဂါရဲ့လက္ခဏာဟာ အသက်ရှူလမ်းကြောင်းရောဂါဖြစ်တဲ့အတွက် အရှေ့အလယ်ပိုင်းအသက်ရှူလမ်းကြောင်းရောဂါလို့ အမည်ပေးခဲ့ပါတယ်။ ဒီရောဂါအတွက် ယခုအထိ ကာကွယ်ဆေးရော ကုသဆေးပါမရှိသေးပါ။ ဒီရောဂါဟာ ၂၀၀၃ နှစ်မှာဖြစ်ပွားတဲ့ ဆား(စ်) (SARS) ရောဂါနဲ့ဆင်တူပါ တယ်။

ဒီရောဂါဟာ ဗိုင်းရပ်(စ်)မှတစ်ဆင့် ကူးစက်ပြန့်ပွားတဲ့ရောဂါဖြစ်လို့ ဆော်ဒီအာရေးဗီးယားမှ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံပေါင်း(၂၀)သို့ ပျံ့နှံ့သွားခဲ့ပါတယ်။ ဒီရောဂါကူးစက်ခံရသူပေါင်းဟာ တစ်ကမ္ဘာလုံးမှာ (၁၁၆၁)ဦးရှိပါတယ်။ တစ်ကမ္ဘာလုံး သေဆုံးသူ(၄၃၆)ဦးရှိပြီး ဆော်ဒီအာရေးဗီးယားနိုင်ငံမှာ လူ (၇၀) ကျော် သေဆုံးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က တင်ပြထားပါတယ်။

**▫ မား(စ်)ရောဂါရဲ့ ရောဂါလက္ခဏာများ**

မား(စ်)ဗိုင်းရပ်(စ်)ပိုးဟာ ကူးစက်ခံရသူကို သေစေနိုင်တဲ့ရောဂါပိုးဖြစ်ပါတယ်။

ရောဂါပိုးဟာ အပြင်ပတ်ဝန်းကျင်မှာ (၁၄)ရက်ခန့် ရှင်သန်နိုင်ပါတယ်။

ခန္ဓာကိုယ်အတွင်းသို့ဝင်ရောက်ပါက ရက်အကန့်အသတ်မရှိ ရှင်သန်နိုင်ပါတယ်။

ရောဂါစတင်ဖြစ်ပေါ်က ထိုလူဟာ အရင်ဆုံး အဖျားရောဂါစတင်ဖြစ်ပွားပါတယ်။

ဖျားနာပြီး (၂) ရက်မှ (၅) ရက်အတွင်း ရောဂါလက္ခဏာပြလာပါတယ်။

ရောဂါလက္ခဏာကတော့ ပထမ ချောင်းဆိုးမယ်။နောက်တော့ အသက်ရှူမြန်လာပါတယ်။

အချို့လူနာတွေဟာ အစာအိမ်နဲ့အူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပေါ်လာပါတယ်။

အဲဒါတွေကတော့ ဝမ်းလျှောဝမ်းပျက်ဖြစ်မယ်။ ပျို့အန်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ်ခြင်းဖြစ်မယ်။

(၂)ရက်မှ(၅)ရက်အတွင်း အထက်ပါ လက္ခဏာများတွေ့ရှိရပါက ဆေးရုံဆေးခန်းသို့ အမြန်ဆုံး သွားရောက်၍ ကုသမှုခံယူပါ။

မား(စ်) ရောဂါပိုးဟာ သာမန်အသက်ရှည်နိုင်တဲ့ကာလဟာ (၁၄)ရက်ဖြစ်လို့ ရောဂါရှိသူတွေနဲ့ ထိတွေ့ဆက်ဆံမိသူဟာ နောက်ဆုံးထိတွေ့ဆက်ဆံတဲ့နေ့ကစပြီး (၁၄) ရက်အတွင်း ရောဂါဖြစ်ပွားမှုမရှိမှသာလျှင် စိတ်ချရပါတယ်။

**▫ မား(စ်)ရောဂါဟာ ဘယ်အရာကနေ ကူးစက်သလဲ**

မား(စ်)ရောဂါဟာ တိရစ္ဆာန်ကတစ်ဆင့် ကူးစက်ပါတယ်။

အထူးသဖြင့် ကုလားအုတ်ဆီက ကူးစက်ထာလို့ ပညာရှင်များက ဆိုပါတယ်။

ကုလားအုတ်နဲ့ ထိတွေ့လက်ပွန်းတတီးနေခြင်း၊

ကုလားအုတ်ရဲ့နို့ကိုသောက်ခြင်း၊

ကုလားအုတ်ရဲ့အသားကိုစားခြင်းကြောင့် ဗိုင်းရပ်(စ်)ပိုး ကူးစက်တယ်လို့ ယူဆတဲ့အတွက် ကုလားအုတ်နဲ့ထိတွေ့ပြီးရင် လက်ကို စင်ကြယ်အောင် ဆေးကြောရမယ်၊ သန့်ရှင်းမှုကို ဂရုပြုရ မယ်။

ဒါ့အပြင် ကုလားအုတ်နို့နဲ့ကုလားအုတ်အသား၊ ကုလားအုတ်နဲ့ပတ်သက်တဲ့အစားအစာတွေကို ကျက်အောင်



www.burmeseclassic.com

www.burmeseclassic.com

ချက်ပြီးမှစားရမယ်လို့ ညွှန်ကြားထားပါတယ်။

မကြာခင် ရက်အနည်းငယ်က တောင်ကိုရီးယားလူမျိုးနှစ်ဦးဟာ မား(စ်)ရောဂါကြောင့် သေဆုံးခဲ့ပါတယ်။ မူလတောင်ဖြစ်ပွားတဲ့အမျိုးသားဟာ ဆော်ဒီအာရေးဗီးယားက ပြန်လာခဲ့သူဖြစ်ပါတယ်။ နောက်ထပ်သေဆုံးသွားသူနှစ်ဦးမှာ အသက်(၅၈)နှစ်အရွယ် အမျိုးသမီးတစ်ဦးနဲ့ အသက်(၇၁)နှစ်အရွယ် အမျိုးသားတစ်ဦးတို့ဖြစ်ပါတယ်။ အထူးသဖြင့် ဒီရောဂါဟာ အသက်အရွယ်ကြီးသူတွေနဲ့ ကလေးငယ်တွေကို ကူးစက်လွယ်ပါတယ်။ ဒါကြောင့် တောင်ကိုရီးယားနိုင်ငံမှ တာဝန်ရှိသူများက အရေးပေါ်အစည်းအဝေးပြုလုပ်ကာ ရောဂါမကူးစက်ရေးအတွက် ကာကွယ်မှုများပြုလုပ်နေပါတယ်။ ကျောင်းစာသင်ခန်းမှတစ်ဆင့် ကူးစက်မှာစိုးတဲ့အတွက် ကိုရီးယားနိုင်ငံမှာ စာသင်ကျောင်းပေါင်း (၉၀၀)ကျော် ပိတ်ထားပါတယ်။

ဒီရောဂါဟာ ကိုရီးယားမှာသာမက တရုတ်ပြည်မှာလည်း ဖြစ်ပွားနေပါတယ်။ ဟောင်ကောင်သို့ လေယာဉ်နဲ့ အသွားမှာ မား(စ်)ရောဂါရှိသူနဲ့အတူ စီးလာခဲ့တယ်လို့ဆိုပါတယ်။ ဒါ့ကြောင့် တရုတ်ပြည်မှာလည်း မား(စ်)ရောဂါမပြန့်ပွားရေးကို အဓိကထားပြီး လုပ်ဆောင်နေပါတယ်။

ယခုလတ်တလော တောင်ကိုရီးယားနိုင်ငံမှာ မား(စ်)ရောဂါကြောင့် အသေအပျောက်ရှိတဲ့အတွက် တောင်ကိုရီးယားမှာရှိတဲ့ လူပေါင်း (၁၃၆၀)ဟာ မား(စ်)ရောဂါရှိသူတွေနဲ့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတွေ့ဆက်ဆံခဲ့ကြတယ်လို့ ယူဆပါတယ်။ ဒါ့ကြောင့် အဲဒီလူတွေကို သီးခြားခွဲခြားထားပြီး အခြားသူတွေနဲ့ ဆက်ဆံခွင့်မပြုဘဲ ထိန်းချုပ်ထားပါတယ်။

အထူးသဖြင့် မား(စ်)ရောဂါဟာ ရောဂါဖြစ်သူနဲ့ တိုက်ရိုက်ဆက်ဆံရတဲ့ မိသားစုဝင်များ၊ ဆေးရုံ၊ ဆေးခန်းမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းများကို ကူးစက်နိုင်ပါတယ်။ ဒါ့ကြောင့် ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို အတိအကျလိုက်နာဖို့ ညွှန်ကြားထားပါတယ်။

ဒါ့အပြင် -

ဆီးချို၊ သွေးချိုရောဂါရှိသူများ၊

ကျောက်ကပ်ရောဂါရှိသူများ၊

အဆုတ်ရောဂါဖြစ်ပွားနေသူများ



ဟာ ကူးစက်မှုမြန်တယ်လို့ သိရပါတယ်။

အခုဖြစ်ပွားနေတဲ့ တောင်ကိုရီးယားမှ မား(စ်)ရောဂါရှင်ကိုကြည့်ခြင်းအားဖြင့် လေယာဉ်စီးခရီးသည်မှတစ်ဆင့် ကူးစက်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ လေယာဉ်ပေါ်မှာ ရောဂါရှိသူနဲ့ အတူစီးပြီး လေး၊ ငါးရက်ကြာမှ ရောဂါကူးစက်မှန်းသိရပါတယ်။ ဒါ့ပြင် မား(စ်)ရောဂါကာကွယ်ဆေးနဲ့ကုသဆေးမပေါ်သေးတဲ့အတွက် ရောဂါကူးစက်ခံရသူဟာ အသက်အန္တရာယ်များပါတယ်။ ဒါ့ကြောင့် ရောဂါမကူးစက်အောင် ကာကွယ်ခြင်းဟာ အလွန်အရေးကြီးပါတယ်။ ယခုအချိန်မှာ အာရှတိုက်ရဲ့နိုင်ငံများဖြစ်တဲ့ တောင်ကိုရီးယားနဲ့ တရုတ်နိုင်ငံများမှာ မား(စ်)ရောဂါ ဖြစ်ပွားနေပါတယ်။ ဒါ့ကြောင့် အာရှတိုက်ရဲ့အရှေ့တောင်အာရှနိုင်ငံများဟာ မား(စ်)ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရမှာဖြစ်ပါတယ်။

နိုင်ငံတကာလေကြောင်းလိုင်းများဟာ မြန်မာနိုင်ငံ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားစတဲ့နိုင်ငံများကို သွားလာဝင်ထွက်နေတာကြောင့် အထက်ပါတိုင်းပြည်များမှ တိုင်းသူပြည်သားများ မား(စ်)ရောဂါမကူးစက်ရေးအတွက် ကာကွယ်ရမှာ ဖြစ်ပါတယ်။ မား(စ်)ရောဂါဟာ ကမ္ဘာပေါ်မှနိုင်ငံကြီးများမှာ ဖြစ်ပွားပျံ့နှံ့တတ်တဲ့ ကူးစက်ရောဂါအဖြစ် ရှင်သန်နေတဲ့ရောဂါဖြစ်လို့ လူသားတိုင်းဟာ ထိုရောဂါမဖြစ်ပွားရေး ဆောင်ရန်၊ ရှောင်ရန်အချက်များကို သိထားသင့်ပါတယ်။

**▫ ဆောင်ရန်အချက်များ**

မား(စ်)ရောဂါရှိသူများဟုသံသယရှိသူများနဲ့ ဆက်ဆံရသောမိသားစုများ၊ ဆေးရုံ၊ ဆေးခန်းမှကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်များနှင့် မိတ်ဆွေများဟာ လူနာနဲ့ အနီးအနားမှာရှိနေပါက နှာခေါင်း၊ ပါးစပ်ဖုံးအဝတ်ကို တပ်ဆင်ထားပါ။ လက်ကို ဆပ်ပြာနဲ့ စင်ကြယ်စွာဆေးကြောပါ။

ချောင်းဆိုး၊ နှာချေသူများနှင့်နီးကပ်စွာမနေသင့်ပါ။ အကယ်၍ ချောင်းဆိုး၊ နှာချေသူများဟာ ပါးစပ်ကို လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ပြီးမှ ချောင်းဆိုးပါ။

လူနာနဲ့ ထိတွေ့ကိုင်တွယ်ပြီးနောက် အဝတ်အစားများကို ပြုတ်၍ လျှော်ဖွပ်ပါ။

ဟင်းသီးဟင်းရွက်များကို အစိမ်းမစားသင့်ပါ။ တောရိုင်းတိရစ္ဆာန်များကို ထိတွေ့ခြင်းမှရှောင်ကြဉ်ပါ။

**▫ မြန်မာပြည်နဲ့ မား(စ်)ရောဂါ**

မြန်မာနိုင်ငံမှာ မား(စ်)ရောဂါဖြစ်ပွားသူမရှိသေးပါ။ သို့သော် မား(စ်)ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရန် ကြိုတင်ကာကွယ်တဲ့ အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအစီအစဉ်တွေကတော့ လက်ရှိ မား(စ်)ရောဂါဖြစ်ပွားနေတဲ့အရှေ့အလယ်ပိုင်းဒေသရှိနိုင်ငံများကလာသူတွေကို ထိုကူးစက်ရောဂါရှိမရှိအား မြန်မာအပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ နယ်စပ်ဂိတ်များနဲ့ ဆိပ်ကမ်းများမှာ စစ်ဆေးနေပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှသိရပါတယ်။

အကယ်၍ ခရီးသည်များထဲတွင် မား(စ်)ရောဂါရှိတယ်လို့ သံသယရှိကြောင်းတွေ့ရှိရပါက ထိုခရီးသည်အား အိမ်တွင် နှစ်ပတ်ခန့်ထားပြီး စောင့်ကြည့်ရမည်ဖြစ်ကြောင်း ညွှန်ကြားထားပါတယ်။ ဒါ့အပြင် ရောဂါဖြစ်ပွားသူများနဲ့ ထိတွေ့ဆက်ဆံဖူးသူများ၌ အထက်ပါရောဂါလက္ခဏာများ တွေ့ရှိရပါက ဝေဘာဂီ ကူးစက်ဆေးရုံသို့ ပို့ဆောင်ရမည် ဖြစ်ကြောင်းသိရှိရပါတယ်။

ယခုအခါ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စတဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ်များနဲ့ ညောင်ဦးလေဆိပ်၊ ရန်ကုန်ဆိပ်ကမ်း၊ မြဝတီ၊ မူဆယ် စတဲ့ နယ်စပ်ဂိတ်များ အပါအဝင် အခြားနယ်စပ်ဂိတ်များ၌ မား(စ်)ရောဂါဖြစ်ပွားခြင်းရှိ၊ မရှိ စစ်ဆေးပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ စောင့်ကြည့်လေ့လာသတင်းပေးပို့ခြင်းကို ၂၀၁၃ ခုနှစ်ကတည်းကပင် စတင် ဆောင်ရွက်လျက်ရှိပါတယ်။ ကြိုတင်ကာကွယ်မှုသာ ကုရာနတ္ထိ ဆေးမရှိတဲ့မား(စ်)ရောဂါအတွက် အကောင်းဆုံးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ရီရီဌေး

Ref. "MERS" from Internet.



www.burmeseclassic.com

www.burmeseclassic.com



၂ မိုးကုတ်ပတ္တမြားမြေ

မိုးကုတ် ဟူသည်နှင့် ပတ္တမြား ရတနာတွေထွက်ရာဒေသဟူ၍ မြန်မာ သာ ကမ္ဘာကပင် သိကြလေ၏။ မိုးကုတ်ဒေသသည် ဟိမဝန္တာမှ ဦးဆင်း လာသော တောင်စဉ်တောင်တန်းတို့၏ ရှမ်းရိုးမနှင့် ဆက်စပ်လျက်တည်ရှိလေ၏။

မိုးကုတ်သည် ဥတုစိုအေးမြသော အမြဲစိမ်းသစ်တောများ တည်ရှိလျက် မိုးလည်း မပြတ်ရွာသွန်းကာ ရှေးအခါက ဆောင်းနှင့် မိုးဥတု (၂) ခုသာ တည်ရှိသောမြို့ဖြစ်သည်။ ထိုစဉ်က မိုးရွာသွန်းမှုအခြေအနေသည် မေလမှ နိုဝင်ဘာလအထိ ရွာသွန်းလျက် မိုးရေချိန်လက်မမှာ (၈၅) လက်မမှ (၁၃၀)လက်မအထိ ရွာသွန်းတတ်ရာ ဥရောပတိုက်သားတို့၏အကြိုက်ရာသီဥတုဖြစ်ခဲ့လေ၏။

နောက်ပိုင်း လူနေထူထပ်လာမှုကြောင့် သစ်ပင်များခုတ်၍ တောများပျက်စီးခြင်း၊ ကျောက်တွင်းများတူး၍ မြေသယံဇာတများပျက်စီးကာ မြို့လယ်အင်းကြီးနှင့် အခြားအင်းများဖြစ်ပေါ်လာခြင်းတို့ကြောင့် အအေးဓာတ်မှာ လျော့နည်းသွားခဲ့ပြီး မိုးရေချိန်လက်မမှာလည်း များစွာကျဆင်းသွားခဲ့ရလေတော့၏။ ယခုလက်ရှိတွင်မူ နေထိုင်ကောင်းရုံမျှသာ အေးတော့၏။

ထွက်ရှိသော ကျောက်တို့မှာ ပတ္တမြားခေါ် ကျောက်နီရောင်စုံနှင့် နီလာခေါ် ကျောက်ပြာရောင်စုံထွက်ပါသည်။ ထို့ပြင် အညှို့မျိုးနွယ်ဖြစ်သော အညှို့ရောင်စုံလည်းထွက်သည်။ ထို့ပြင် ဆန်းကြယ်သော ကြက်မြနီလာခေါ် ရေမိုးရောင် အမာဆင့်ကျောက်များ၊ ဥဿဖရားခေါ် အမာအဆင့်ကျောက်ပြာများ၊ စိမ်းဖန့်တော်သွေးသော အညှို့မျိုးနွယ်ဝင် သလင်းချောင်းကြီးများလည်းထွက်သည်။ ဖန်းဖရဲခေါ် အလွန်ညှို့ပြီးပွရောင်းသည့် ကျောက်မျိုးများလည်း ထွက်လေ၏။ ရတနာအနံ့ရေမကျန်နိုင်ဟု ဆိုရပါမည်။

၂ လက်ဆိပ်ရှိသူများ

လူတစ်ဦး ရတနာထိုက်၊ မထိုက် ပုဒ္ဓေဘက်ပါ မပါ မိုးကုတ်တက်၍ ကျောက်တူးကြည့်လျှင် သိသာလှပေ၏။ ပုဒ္ဓေဘက်ခေါ် ရှေးအတိတ်ကံပါလာသူ မှန်ပါက သူသွားလုပ်ရာတွင်းတွင် ကျောက်ကြီးကျောက်ကောင်းတို့ မကြာမကြာရတတ်၏။

ကျောက် ဟူသည် ကောင်းပြီးသေးနေလျှင်လည်း တန်ဖိုးသိပ်မထိုက်သလို ကြီးပြီးမကောင်းပြန်လျှင်လည်း တန်ဖိုးသိပ်မထိုက်လှပါ။ ကြီးလည်းကြီးရမည်၊ ကောင်းလည်းကောင်းရမည်။ ထို့ကြောင့် အရှင်သခင်များထံ ကျောက်တောင်းပြီး ပသလျှင် ကျောက်ကြီးကျောက်ကောင်းများပေးသနားတော်မူပါ၊ ကျောက်ကြီးကျောက်ကောင်းများ ရရပါလို၏ ဟူ၍ ဆုတောင်းသမှုပြုကြလေ၏။ ကျောက်ကြီးကျောက်ကောင်း ဖြစ်ပါမှလည်း ဈေးကောင်းရကာ ခမ်းသာကြွယ်ဝကြလေ၏။

ကျောက်ကောင်း ဟူသည် ကျောက်နီဖြစ်စေ၊ ကျောက်ပြာဖြစ်စေ အရည်ပြည့်ခြင်း၊ အပြစ်အနာအဆာ ကင်းခြင်း၊ ဂေါ်ကင်းခြင်း၊ ဖန်သားမှန်သားဖြစ်ခြင်း ပုံစံသည် ပေါက်စီပုံကဲ့သို့ ဖြစ်ခြင်း စသည့်စံများမီပါမှ ကျောက်ကောင်းတစ်ပွင့်ဖြစ်ချေ၏။ ထို့ကြောင့် သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်ခု တွေ့ရန်ခဲယဉ်းသည်ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် အတိတ်ကံအောင်၍ ပတ္တမြားထိုက်သူတို့မှာမူ ဘယ်နေရာသွားတူးတူး ကျောက်ကြီးကျောက်ကောင်းရတတ်ကြပါသည်။ ထိုသို့သော အတိတ်ကံပါလာသူတို့အား မိုးကုတ်အခေါ် လက်ဆိပ်ခြေဆိပ်ရှိသူများဟု ခေါ်တွင်ကြပါသည်။

မိုးကုတ်သည်ကား အလုပ်ကောင်းရန်မလို၊ ကံကောင်းရန်သာလိုသောဒေသ ဖြစ်လေ၏။ ကံကောင်းသူတို့မှာမူ လုပ်ကာလှုပ်ကာဖြင့်၊ ဝတ်ကျေတန်းကျေလုပ်ရုံမျှဖြင့် ကျောက်ကြီးကျောက်ကောင်းတွေ ရနေတတ်ပေသော်လည်း ကံမကောင်းသူတို့မှာမူမည်မျှ



www.burmeseclassic.com

www.burmeseclassic.com



# နေပြည်တော်ကျော်ကျော်စိုး

## ပြကျောက်(၁)

ကြီးစားလုပ်ကိုင်နေစေကာမူ ဝီရိယ အကျိုးဆက်သာ ခံစားရလျက် စားရုံ့ ခါးလှုရုံလောက်သာရှိကြပါသည်။

မိုးကုတ်ပတ္တမြားမြေတွင် ဖွားမြင်သည့် မိုးကုတ်သားဖြစ်သော်လည်း သေသည်အထိ ကျောက်ကြီးကျောက်ကောင်းရမသွားသူတို့သည် များစွာရှိကြလေ၏။

သို့ကြောင့် တွင်းပိုင်ရှင်ပေါလံတို့သည် လက်ဆိပ်ခြေဆိပ်ပါလာသူ တွင်းသားကို လှေလာကြည့်ရှုလျက် ဦးစားပေးတတ်ကြလေ၏။ သို့အတွက် အလုပ်တော်တာ ငါတို့မကြိုက်ဘူး၊ ကံတော်တာကိုပဲ ငါတို့ကြိုက်တယ်ဟု ရှေးပေါလံကြီးများ ဆိုရိုးစကားကျန်ခဲ့လေ၏။ လုလှရန်မလို မိုးကုတ်သည် ကံလှရန်လိုအပ်လှပေ၏။ ကံလှသူသည် လက်ဆိပ်ခြေဆိပ်ရှိသောသူဖြစ်လေရာ မိုးကုတ်ပတ္တမြားမြေတွင် မျက်နှာပွင့်လှချေ၏။ ကျောက်ကြီးကျောက်ကောင်းများရသူသာ ချမ်းသာသည်မဟုတ်ပါလား။

### ◘ ပြကျောက်များ

ပတ္တမြားတို့တွင် ပတ္တမြားမျက်ရှင်ဟူသည် ရှိ၏။ ထိုပတ္တမြားတို့သည် မနောမယပတ္တမြားများ ဖြစ်ကြသည်။ ထိုပတ္တမြားသည် မနောမယ ဟူသည့်အတိုင်း စိတ်ဖြင့်ကြံတိုင်းပြီးစေနိုင်သောပတ္တမြားတို့ဖြစ်ချေ၏။ ထိုမနောမယပတ္တမြားကို ရယူပိုင်ဆိုင်ထိုက်ကြသည်မှာ နဂါးများဖြစ်ကြပါသည်။ ကျောက်ကြီးကျောက်ကောင်းတို့အား နတ်နှင့် နဂါးများကစောင့်ရှောက်သည်ဟု အယူရှိကြပါသည်။

လူတို့အား ပတ္တမြားကို စောင့်ရှောက်သောနတ်တို့ကပြလျှင် ပြကျောက်ဟုခေါ်၏။ ထိုပြကျောက်သည် (၂) မျိုးရှိပါသည်၊ တစ်မျိုးမှာ လူတို့အားထိုက်၍မြင်သာအောင်ပြပေးသော ပြကျောက်တစ်မျိုးရှိသလို နောက်တစ်မျိုးကား ပြရုံသာပြလျက် လူတို့မရလိုက်သော ပြကျောက်မျိုးလည်းရှိလေ၏။

'မြင်သာမြင် မကြွင်ရ မောင့်ဘဝ' ဟူသောစကားကဲ့သို့ ကျောက်မျက်ရတနာတူးဖော်သူတို့မှာ မျက်စိဖြင့်အထင်အရှားမြင်လိုက်ရပြားသော်လည်း ထိုကျောက်မှာ ကောက်မည်အလုပ် မြောင်းမြီးထဲ ပြန်မြုပ်သွားခြင်း၊ လက်ထဲရောက်ပြီးသော်လည်း မျှော့ခွက်ထဲသို့ ပြန်၍လွတ်ကျသွားခြင်းတို့ကြုံရပြီး ထိုကျောက်ကို အကြောင်းပြု၍ တွင်းဆေးသော် ထိုကျောက်မှာ လုံးဝပါမလာတော့ပေ။ မြင်လိုက်ရသူတို့မှာကား



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ကြီးအား မျက်စိထဲစွဲ၍ကျန်ရစ်ပြီး သောကဝေဒနာခံစားကြရတတ်ပါသည်။

ထိုပြကျောက်များနှင့်ဆက်နွယ်၍ ရှေးဦးပထမ မိုးကုတ်ဒေသသည် ကျောက်တည်းဟူသော တန်းဝင်ရတနာများ ထွက်မှန်းမသိခဲ့ တောကြီးမျက်မည်းဖြစ်နေခဲ့လေ၏။

တောတောင်ချိုင့်ဝှမ်းတို့ဖြင့်ဖွဲ့စည်းထားသော မိုးကုတ်မြေသည် ပြန့်မြေအလွန်ရှားပါးသဖြင့် တောကြီးအတိသာ ကာလရှည်လျားစွာ ဖြစ်တည်နေပါသော်လည်း မိုးကုတ်မြေနှင့်မြောက်ဘက် မိုင် (၃၀) မျှဝေးသော မိုးမိတ်ဒေသမှာမူ ပြန့်မြေများပေါကြွယ်ဝ၍ လယ်ယာလုပ်ငန်းဖြင့် ကြီးပွားကြကာ ရှမ်းစော်ဘွားများက အစဉ်အဆက် အုပ်စိုးလျက်သာယာဝပြောရှိနေလေ၏။ ထိုအချိန်တွင် မိုးကုတ်မြေသည် တောရိုင်းမြေအတိဖြစ်ခဲ့ပါသည်။

ထိုတောရိုင်းမြေ၌ မိုးကုတ်ဒေသ၏ အနောက်ဘက် တောင်မင်းတောင်ကြီး၏ အနောက်တောင် ပတ်ပတ်လည်တွင် ကိုင်းတော၊ လျှိုစွပ်ကြီးတည်ရှိပြီး ထိုကိုင်းတောကြီး၌ ပြောင်ခေါ် တောကျွဲများ ကျက်စားကြသလို ကျန်သောတောကြီးများ၌လည်း ဆင်၊ ကြံ့၊ ကျား၊ ကျားသစ်၊ သမင်၊ ဒရယ် စသော တောနေသတ္တဝါများလည်း ခိုလှုံနေထိုင်ကျက်စားကြလေ၏။

မိုးမိတ်မှ ရှမ်းမုဆိုးတို့သည် ထိုတောကြီးများ၌ သားကောင်းမျိုးစုံတို့ကို ရှာဖွေဖမ်းဆီးလျက် အသက်မွေးဝမ်းကျောင်းပြုကြလေ၏။ ထိုမုဆိုးတို့အား နတ်တို့ပြသဖြင့်သာ ပတ္တမြားမြေတည်းဟူသော မိုးကုတ်မြေပေါ် ပေါက်လာရခြင်း ဖြစ်ပေ၏။

ထိုဦးစွာသော ပြကျောက်များအကြောင်းကို ပြန်ပြောင်းပြောဆိုရသော် မြန်မာနှစ် ၅၇၉ ခုနှစ်သို့ ပြန်သွားရပေတော့မည်။

### ❑ ပြောင်လိုက်မုဆိုးများ

ပြောင်တို့ကျက်စားရာ ကိုင်းတောပြန့်လျှိုကြီးသည် ပေပေါင်း (၇၅၄၄) ပေမြင့်သော တောင်မင်းတောင်ကြီး၏ တောင်ခြေ ဆင်ခြေလျှောတွင် တည်ရှိကာ ဂငယ်ပုံစံတောင်ကြီးအား အလိုက်သင့်ကွေ့ဝိုက်လျက် (၄) မိုင်မျှရှည်လျားလေ၏။တောင်ကြီး၏ အနောက်တောင် ဆင်တောင်ခြေရင်းမှအစပြု၍ ရှည်လျားစွာတည်ရှိရာ အနောက်မြောက်ထောင့်အတိတည်ရှိပါသည်။ ကိုင်းတောပြန့်မှ လွန်သော် တောင်နိမ့်များတွင်သစ်တောများ မှိုင်းညို့နေကာ နေပြောက်ပင်ထိုးနိုင်စွမ်းမရှိပေ။

ထိုဒေသသို့ တောလိုက်မုဆိုးများမှအပ ရောက်ရန်လွန်စွာခဲယဉ်းလှပါသည်။ အမှန်သော် လူသူမနီးသော တောကြီးမြိုင်လယ်ဖြစ်ပါသည်။

မိုးရာသီမို့ နေမမြင်ရသည်မှာ ကြာပြီဖြစ်သည်။ ပြောင်တို့ကျက်စားရာ ကိုင်းတောကြီးဝန်းကျင်သည် မိုးမှန်များနှင့်အတူ လေတဖြူးဖြူးသုတ်လျက်ရှိ၏။ ထို့ကြောင့် မှုန်မှိုင်းစိုစွတ်၍နေလေသည်။

မုဆိုးအိုက်ပီးခေါင်းဆောင်သော ပြောင်လိုက်မုဆိုး (၃) ဦးသည် ကိုင်းတောစပ်တောအုပ်မှ သစ်ဆိမ့်ပင်ကြီးပေါ်တွင်ထိုးထားသော လင့်စင်ပေါ်၌ စောင်မောင်းများ ကိုယ်စီခြုံကာ အလွန်အေးသောရာသီဥတုကို အန်တုလျက် ကိုင်းတောပြန့်ဘက်သို့ အာရုံစိုက်ကာ ကြည့်နေကြသည်။

သူတို့၏ အနေအထားမှာ လေအောက်မှဖြစ်ရာ အနံ့ခံကောင်းသော ပြောင်တို့သည် သူတို့၏အနံ့ကိုရရန် မလွယ်ကူပေ။ သဘာဝအနေအထား လေတိုက်မှုသည် သူတို့အတွက် အထောက်အကူဖြစ်စေ၏။ ထိုနေရာသည် အစဉ်သဖြင့် လေတိုက်ခတ်နေသည်သာများ၏။

"အိုက်ငရေ ပြောင်တွေ တစ်ကောင်မှထွက်လာတာမတွေ့ရပါလားကွ"

"လာမှာပါ အိုက်ပီးရာ၊ ဒီလိုပဲ စောင့်ရမှာပေါ့"

ဟု ရှမ်းလို တိုးတိုးပြောမိကြသည်။ သစ်ဆိမ့်ရွက်များမှ မိုးရေပေါက်များသည် သူတို့ပေါ် တစက်စက်ကျနေသော်လည်း ဆောင်းထားသောဝါးခမောက်တို့နှင့် ခြုံထားသော စောင်မောင်းတို့အား ဖောက်ထွင်းနိုင်စွမ်း မရှိချေ။

စောင်မောင်း ဟူသည်မှာ ရှမ်းတို့ ရိုးရာမိုးကာဖြစ်သည်။ တောကွမ်းသီးပင်ဟုခေါ် သော စောင်မောင်းပင်မှ အဖတ်များကို ထုခြေလျက် ထိုအမျှင်များအား ကြိုးဖြင့် အထပ်ထပ်သီကာ ကုပ်ပိုးမှသည် တင်ပါးအထိ လုံအောင်ပြုလုပ်ထားသောမိုးကာ ဖြစ်သည်။ အမွေးအမှင်ဖွားဖွားဖြင့် ထိုစောင်မောင်းကိုခြုံထားသော် ဝံတစ်ကောင်အလား ထင်မှတ်မှားလောက်ပေ၏။ အရောင်မှာ သံကြေးနက်ရောင်ဖြစ်ရာ အမှန်ပင် ဝံနှင့်တူလှပါသည်။ မိုးစိုလျှင် အနည်းငယ်လေးသည်မှအပ မိုးလုံကာ အလွန်နွေးလေ၏။ ထို့ကြောင့် ထိုအနွေးဓာတ်ဖြင့် ရေခဲလုနီးပါးအေးသော မိုးရာသီကို အန်တုကာ ပြောင်ချောင်းနေကြခြင်းဖြစ်ပေ၏။ ကိုင်းတောကြီးမှာ လူတစ်ရပ်ကျော်ကျော်ရှိရာ လင့်စင်ပေါ် မှကြည့်မှ ကိုင်းတောကို အပေါ်စီးမြင်ရလေ၏။

### ❑ ဓာတ်ရာရသွားသော ပြောင်ကြီး

ပြောင်တို့အား တောကျွဲများဟုခေါ်ကြကာ အကောင်မှာ သာမန်ကျွဲတို့ထက် ထွားကျိုင်းပြီး အားအင်လည်း ပြည့်စုံကာ သတ္တိလည်းရှိကြ၏။ ဒေါသလည်း လွန်စွာကြီးသောသတ္တဝါများဖြစ်ကြလေ၏။

ထိုသို့ အသားများများထွက်သော ပြောင်လို တောကောင်မျိုးရမှသာလျှင် သူတို့တွေငွေကြေးမြိုးမြိုးမြက်မြက်လေးရတတ်ကြ၏။ ထို့ကြောင့် သူတို့သည် ပြောင်လိုက်မုဆိုးများဖြစ်ကြသည်။

ပြောင်လိုက်ရာတွင် ဒူးလေးလုံးဝ မသုံးဘဲ လှံတို၊ လှံရှည်ကိုသုံးလေ့ရှိကြသည်။ လှံတို လှံရှည် အပစ်ကျွမ်းကာ အင်မတန်သန်စွမ်းသူများလည်း ဖြစ်ကြ၏။ အဓိက လှံတိုပစ်ကွင်းမှာ လက်ပြင်ဖြစ်သည်။

လျှပ်တပြက်ပစ်လိုက်သော လှံတို့သည် လက်ပြင်တွင်စိုက်ဝင်သွားပါက ပြောင်မှာ တုံ့ခနဲဖြစ်သွားခိုက် လှံရှည်များဆက်တိုက်ပစ်ရရာ လှံများစိုက်သွားသောပြောင်သည် ဒေါသမည်မျှကြီးပါစေ စိတ်သွားတိုင်းကိုယ်မပါတတ်တော့ပေ။ လှံချက်များကလည်း ပြင်းထန်လှပေ၏။

လက်သားကျနေသောသူတို့သည် ပြောင်ကို သတ္တိရှိရှိရင်ဆိုင်ရဲကြ၏။ ပစ်၍လွဲသွားသည်ဟူသည်မရှိခဲ့။ လွဲသွားခဲ့သော် ပြောင်၏ဦးချိုဖျားတွင် လျှပ်တပြက်အတွင်း ကားခနဲပါသွားကာ ဇီဝိန်ချုပ်ရပေမည်။သို့တွက် သူ့အသက်ကိုယ့်အသက်လဲရသောအလုပ် ဖြစ်သည်။ အလဲထပ်သော် မိမိမြတ်ပါမှ တော်ရုံကျလေ၏။

အိုက်ပီး၊ အိုက်င၊ အိုက်ကျန်းတို့သည် မိုးမိတ်နယ် အုံ့ဒုံစုရွာသားများဖြစ်သည်။ အသက် (၄၀) ဝန်းကျင် အားကောင်းမောင်းသန် မုဆိုးအလုပ်ဖြင့် အသက်မွေးသူများဖြစ်ရာ အတွေ့အကြုံ

www.burmeseclassic.com

ရင့်ကျက်နေသောမုဆိုးများဖြစ်ကြလေ၏။

"အိုက်ကျန်း၊ အသေအချာစောင့်ကြည့်ကွာ။ ငါခဏလေးမှိန်းလိုက်ဦးမယ်"

"အေးအေး၊ ငါ့တာဝန်ထားလိုက်။ အိုက်ငပါ မှိန်းချင် မှိန်း၊ ငါစောင့်ကြည့်မယ်"

အိုက်ပီးသည် သစ်ဆိမ့်ပင်ကြီး၏ ပင်စည်ကိုမှီကာ မှိန်းသလို အိုက်မှောလည်း ဒူးပေါ် မေးတင်၍မှိန်းလေ၏။ လေမှာ တရှိန်ရှိန်တိုက်လျက်ရှိသလို မိုးမှုန်များကလည်း တဖွဲဖွဲပက်နေလေ၏။ သစ်ရွက်များမှသည် မိုးရေတို့က တဖြောက်ဖြောက်ကျနေ၏။

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးနေကာ နေ့ခင်းပိုင်းသို့ပင် ဝင်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် အိုက်ကျန်းသည် ဗိုက်ဆာလာပြီဖြစ်ရာ အိုက်ပီးတို့ကို ထမင်းစားရန် ပြောရ၏။ ထိုအခါ ပါလာသော ထမင်းထုပ်ကိုဖြေကာစားကြပြီး ခါးတွင်ချိတ်လာသော ဘူးသီးခြောက်ရေဘူးလေးကိုပြုတ်ကာ ရေသောက်ရလေ၏။

"အင်း - ဒီနေ့တော့ နေတောင်တုန်တော့မယ်။ တစ်ကောင်မှမမြင်ရသေးပါလား"

ဟု အိုက်ငကဆို၏။

အိုက်င၏ စကားကို ကျန်(၂)ဦးက မကြားယောင်ပြုကာနေ၏။ ထိုစဉ် အိုက်ကျန်းမှ အိုက်ငပါးစပ်ကို ရုတ်တရက်လှမ်းပိတ်ကာ ကွင်းထဲသို့ လက်ညှိုးထိုးပြ၏။ ကိုင်းပင်များ၏ လှုပ်ရှားမှုကိုတွေ့ရသည်။ အသက်ပင်မရှူဝံ့ဘဲ အာရုံစိုက်ကာကြည့်နေကြစဉ် ပြောင်ကြီးတစ်ကောင်၏ ကျောမည်းမည်းကို လှမ်းမြင်လိုက်ကြရသည်။

အနောက်မှသည် အရှေ့သို့ ဦးတည်လာနေသော ပြောင်ကြီးတစ်ကောင်ဖြစ်သည်။ သူတို့သည် ခဏအတွင်း ပေါ့ပါးလျင်မြန်စွာ မြေပြင်သို့ရောက်ကြပြီး ကိုင်းတောကြီးထဲဝင်ရောက်ကာ လှံတို့အသင့်ပြင်လျက် ပုန်းကွယ်နေရာယူလိုက်ကြတော့၏။

မိုးမှုန်များနှင့်အတူ လေသည် ခပ်ကြမ်းကြမ်းလေး တိုက်ခတ်နေရာ ကိုင်းပင်များ တယိမ်းယိမ်းနှင့်ရှိချေ၏။ ပြောင်ကြီးသည် ပတ်ဝန်းကျင်ကို အကဲခတ်ပြီး တရွေ့ရွေ့လာနေ၏။ ကိုင်းပင်များကြားတွင် ပေါက်ရောက်နေသော မြောင်စာမြက်တို့ကို ငုံစားလိုက်၊ ဘေးဘီသို့ကြည့်လိုက်နှင့် ပြောင်ကြီးသည် အိုက်ပီးတို့၏ ပစ်ကွင်းသို့ဝင်လာခဲ့တော့၏။

ပစ်ကွင်းလက်တစ်ကမ်းသို့ရောက်သည်နှင့် လှံတို့တွင် အားအပြည့်ထည့်ကာ လျှပ်တစ်ပြက်ပစ်ထည့်လိုက်၏။ လက်ပြင်ကို အကျချိန်၍ပစ်သော်လည်း ပါးနပ်သောပြောင်ကြီးသည် လျင်မြန်စွာ ပြေးသဖြင့် လိုရင်းကိုမထိဘဲ လက်ပြင်၏နောက်တွင် လှံတံစိုက်ကာပါသွားပြီး မျက်စိအောက်မှပျောက်သွားလေတော့၏။ အိုက်ငနှင့် အိုက်ကျန်းတို့၏ ပစ်ချက်များမှာ နောက်တင်ပါးကိုထိုးဖြရုံမျှသာ ထိပြီး လှံတံတို့ကျန်ရစ်ခဲ့၏။ ပြောင်ကြီးကာ အရှေ့ကိုင်းတောလျှို့စွပ်အတိုင်း ပြေးသွားခဲ့ကြပြီဖြစ်သည်။ တစ်ခါမှသည်လိုမဖြစ်ခဲ့ဘူးပေ။

"တောက် - ငါက လှံအပစ်မှာရိပ်ခနဲမြင်ပြီး ရှူးခနဲပြေးသွားတော့ ချက်ကောင်းမထိဘဲ ပြေးတော့တာပေါ့ကွာ။ ဒါပေမယ့် လှံတိုတော့စိုက်ပါသွားတယ်ကွ"

"ငါတို့ပစ်တာလည်း ချိန်သားလွဲပြီး တင်ပါးကိုထိုးဖြရုံလောက်ပဲထိတယ်။ ဒီကောင်ကြီး ဝေးဝေးပြေးနိုင်မယ်မထင်ပါဘူး၊ လိုက်ကြစို့"

ဟု အိုက်ငကပြောကာ ပြောင်ကြီးသွားရာလမ်းနောက်သို့လိုက်ကြ၏။ အတန်ငယ်ရောက်သော် သွေးများကိုတွေ့ရရာ ဒဏ်ရာမှ သွေးယိုစီးထားခြင်းဖြစ်ကြောင်းတွေ့ရလျက် သွေးစသွေးနကို ခြေရာခံကာ သတိကြီးစွာလှံများအသင့်ပြင်၍ဆက်လိုက်ကြသည်။ ရာသီဥတုကား မိုးမှုန်များကျနေဆဲဖြစ်သည်။

**□ အန္တရာယ်သတ်ကွင်း**

လှံတံစိုက်လျက် ဒဏ်ရာရသွားသော ပြောင်ကြီးသည် တစ်နေရာရာမှ သူတို့ကိုစောင့်ကာ ရန်လုပ်နိုင်ကြောင်းသိထားသဖြင့် ခေါင်းဆောင်ဖြစ်သူ အိုက်ပီးသည် သတိကြီးစွာထားလျက် တရွေ့ရွေ့လိုက်နေ၏။ အလျင်စလို မလိုက်ရဲပေ။ သို့ကြောင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာအနေအထားဖြင့် လိုက်နေရလေ၏။ သွေးစသွေးနများကား တွေ့နေရဆဲဖြစ်သည်။

အတန်ငယ်ကြာသော် ကိုင်းတောပြန့်ကျယ်ကြီး၏အဆုံး အနားသတ်အနီးသို့ရောက်ရန် ကိုက်အနည်းငယ်အလိုတွင် အိုက်ပီးကရပ်ကာ ဘေးဘီကိုအကဲခတ်လိုက်၏။လေကြမ်းကြောင့် ကိုင်းဝင်များယမ်းခါနေသည်ကိုသာ တွေ့ရ၏။ ရှေ့တွင် စကျင်ကျောက်တောင်မည်းမည်းကြီးနှင့် သစ်တောကြီးက တားဆီးနေ၏။

ပြောင်ကြီး၏အရိပ်အယောင်သော်မှမတွေ့ရပေ။ ထိုနေရာတွင် သွေးစပျောက်သွားရာ ဤအနီး ကိုင်းတောထဲသို့ဝင်ပြေးသွားပြီဟု အိုက်ပီး တွက်ဆမိလေ၏။ နောက်မှ (၂) ယောက်လည်း အိုက်ပီးနားကပ်လာကြ၏။ သို့နှင့် သူတို့(၃)ဦးသည် ရှေ့ဆက်သွားရာ ကွင်းပြန့်သဖွယ်ဖြစ်နေသောနေရာသို့ရောက်သည်နှင့် ပြောင်ကြီးသည် လျှပ်တစ်ပြက် ပြေးထွက်လာကာ ကြုံး၍ခတ်လေ၏။

ငယ်စဉ်ကတည်းက လေ့ကျင့်ခဲ့ရ၍ ရှမ်းသိုင်းအလွန်ကျွမ်းသောသူတို့သည် လှံရှည်ထောက်၍ခုန်ကာရှောင်လိုက်ကြပြီး အရှိန်လွန်သွားသောပြောင်ကြီး၏နောက်ပိုင်းကို လှံရှည်များဖြင့် ပစ်လိုက်နိုင်ကြ၏။ တင်ပါးပိုင်းတွင် လှံရှည်(၃)ချောင်းစိုက်၍ ပါသွားကာ မြောက်စူးစူးသို့ တစ်ရှူးထိုးပြေးထွက်သွားလေတော့၏။

သူတို့သည် ဘောက်ချတ်ထဲမှ သားလီးဓား၊ ဓားချွန်းများထုတ်ကာ ပြောင်ကြီးနောက်သို့ အားသွန်ခွန်စိုက်လိုက်ကြပြန်လေ၏။ ပြေးသွားရာလမ်းကြောင်းသည် ကိုင်းတောဘက်သို့ ဦးမတည်တော့ဘဲ တောင်မင်းတောင်ကြီးနှင့် ဆင်တောင်ကြားရှိ သစ်တောကြီးမှသည် အရှေ့ဘက်ချိုင့်ဝှမ်းဆီသို့ ဆင်းသွားကြောင်း သွေးစက်များက သက်သေပြလျက်ရှိလေတော့၏။

**□ မိုးကြီးရွာချပြီ**

တောကြီးမျက်မည်းထဲတွင် သွေးစက်ကိုခြေရာခံ၍လိုက်လာကြရာ မိုးမှောင်ကြီးကျလာသည်ကိုတွေ့ရလျက် ဝန်းကျင်သည် အတော်ပင်မှောင်သွားခဲ့ပေပြီ။

"ဟား - ဒီကောင်နဲ့ကျမှ တို့ဖတ်ဖတ်မောတော့တာပဲ"

"အေးဟာ - ဘာဖြစ်တယ်မသိပါဘူး။ ဒီကောင်အလွန်ကြီးမပြေးနိုင်ပါဘူးကွာ။ ရကိုရမှာပါ"

"ဒီနေ့တော့ မိုးချုပ်ပြီဟ၊ တို့တွေတောထဲညအိပ်ရမယ်ထင်တယ်"

"အေးလေ၊ လင့်စင်ထိုးပြီးအိပ်ကြတာပေါ့။ အကောင်ကြီးဆီမှာ တို့လှံ(၄)ချောင်းတောင်ပါသွားပြီကွ။ အကောင်ကြီးရမှလှံတွေပြန်ရမှာ"

သူတို့သည် အမှောင်ထုဖုံးလွှမ်း



www.burmeseclassic.com

www.burmeseclassic.com

လာမှုကြောင့် လင့်စင်ထိုးရာဝန်းကျင်ကို လှေ့လာနေစဉ်မှာပင် မိုးချုန်းသံက တဂျိမ်းဂျိမ်းမြည်လျက် မိုးကြီးသဲသဲမဲမဲ ရွာသွန်းချလေတော့၏။

"လာကြဟေ့၊ တို့ဟိုအပင်ကြီး အောက်မှာ မိုးခိုကြရအောင်"

ဟု တိုင်ပင်ကာ အလွန်ကြီးမား၍ အရိပ်ကောင်းသောသစ်ပင်ကြီးအောက်သို့ ပြေးဝင်ကာ မိုးခိုကြလေ၏။ မိုးကား အငြိုးတကြီးနှင့် သည်းထန်စွာရွာသွန်းလျက်ရှိပြီး မကြာမီမှာပင် ပကတိညအသွင်သို့ ရောက်ရှိသွားကာ အမှောင်ထုသည် သိပ်သည်းစွာဖုံးလွှမ်းသွားလေတော့၏။ တစ်ဦး၏မျက်နှာပင် တစ်ဦးမမြင်ရလောက်အောင် မှောင်အတိကျသွားပြီး လျှပ်စီးလက်ချိန်လောက်သာ ဝန်းကျင်ကို မြင်ခွင့်ရလေ၏။

သည်ပုံအတိုင်းဆိုပါက မည်သို့မျှ လင့်စင်မထိုးနိုင်တော့သလို မိုးအတတ်နိုင်ဆုံးလုံစေရန် အပင်ကြီး၏ပင်စည်ကို ကျောကပ်ကြရ၏။ ထိုသို့ကပ်ရာတွင် ခါးတွင်ပတ်ထားသော ဘောက်ချပ်ကခုနေရာ ဘောက်ချပ်ကိုဖြုတ်၍ရှေ့တွင်ချလိုက်ကြ၏။

ဘောက်ချပ်ဟူသည်မှာ နှီးဖြင့်ရက်ထားသော ရသေ့ဒေါက်ခြာပုံစံ တောင်းငယ်လေးဖြစ်သည်။ထိုနှီးတောင်းလေးတွင် ဓားချပ်ရန်နေရာပါသကဲ့သို့ ထမင်းထုပ်၊ ဆေးလိပ် စသော တောက်တိုမည်ရပစ္စည်းများ ထည့်ရန်လည်း အဆင်ပြေ၏။ အထက်တွင် အဝကျယ်၍ အောက်၌ကျဉ်း၏။

ရှမ်းတို့လေ့သည် ငယ်ငယ်၊ ကြီးကြီး တောထဲသွားသော် တောထဲသွားဓားပါမှဟူသော စကားအတိုင်း ကိုယ်စီဘောက်ချပ်ထဲ၌ ဓားထည့်၍သွားကြ၏။ ဓားသည် ကျောနှင့်ကပ်လျက်ပါလာ၏။ လိုအပ်ပါက လျှပ်တစ်ပြက်ဆွဲထုတ်နိုင်၏။ ထို့ကြောင့် ရှမ်းနှင့် ဘောက်ချပ်သေမှပြတ်ဟူသောစကား တည်ရှိခဲ့ပါသည်။

'ရန်သူနှင့်တွေ့သော် လက်သျှိုးဖြင့်ထိုး၍မရ၊ ဓားနှင့်ဖြေရှင်းမှရ၏။ သို့ကြောင့် တောထဲသွား ဓားဆောင်'ဟု ရှေးလူကြီးတို့၏ ဆိုရိုးစကားရှိခဲ့ခြင်းသည် အကြောင်းမဲ့မဟုတ်ချေ။ ရှမ်းပြည်နယ်သည် တောတောင်ထူထပ်၏။ သားရဲတိရစ္ဆာန်တည်းဟူသော ကျား၊ ကျားသစ်၊ ဝက်ဝံ၊ ပြောင် စသော လူကိုရန်ပြုနိုင်သည့် တောကောင်များ ပေါများလှ၏။ သို့အတွက် မိမိအသက်အန္တရာယ်ကိုကာကွယ်ရန် တောထဲသွားက ဓားဆောင်ခိုင်းခြင်း ဖြစ်သည်။

ထိုသို့ လေပြင်းမိုးပြင်းကျသော်မှက်၊ ခြင်၊ ဖြုတ်တည်းဟူသော သတ္တဝါတို့သည် ပျံသန်းခြင်းမရှိသဖြင့် ခြင်ကိုက်ဖြုတ်ကိုက်သက်သာသော်လည်း သွေးဆာနေသော ကျွတ်တို့မှာမူ တရွရွတက်ကာ သွေးစုပ်ကြလေ၏။ သွေးစုပ်၍ဖျဉ်းခနဲစပ်ပါက ဖြန်းခနဲရိုက်သည်နှင့်ကွာကျသွားလေ၏။ ကျွတ်တို့သည် နူးညံ့သိမ်မွေ့ရာတက်မှန်းမသိသာသော်လည်း သွေးစုပ်သည်နှင့် ဖျဉ်းခနဲနေ၏။

သူတို့သည် အအေးဒဏ်၊ ကျွတ်ဒဏ်ကိုကာကွယ်ရန် ပေါင်ရင်းအထိ လိပ်တင်ထားသော ရှမ်းဘောင်းဘီကို အဆုံးတိုင်ဖြေချကာ ခြေချင်းဝတ်ကို ပါလာသော တောင်ထန်းလျှော်ဖြင့် စည်းထားလိုက်ကြ၏။ တောင်ထန်းလျှော်ဟူသည်မှာ တောင်ထန်းရွက်များကိုဆုတ်ကာယူခဲ့ခြင်းဖြစ်သည်။ သားကောင်ရခဲ့သော် ဝါးမရှိသောတောဖြစ်ခဲ့ပါမူ သားတွဲများဆွဲ၍ ဝါးထမ်းပိုးဖြင့်လျှိုထမ်းရန် အသင့်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုဝန်းကျင်တောတို့၌ သစ်တောများသာရှိပြီး ဝါးတောအလွန်ရှား၏။ ဝါးမှာ တောင်မင်းတောင်ခြေ၌ စလောဝါးခေါ် ဝါးသေးသေးလေးများသာ အနည်းငယ်ရှိ၏။ထို့ကြောင့် အလွန်ခိုင်ခံ့သော တောင်ထန်းရွက်များခွေ၍ထည့်ခဲ့ခြင်းဖြစ်သည်။ လိုတရစေ ကြိုးသို့ခွေ ဟူသော စကားအတိုင်း လိုအပ်ပါက ရစေရန် ဆောင်ခဲ့ရာ အလွန်ပင်အသုံးဝင်လေ၏။

မိုးသည် ကြောက်ဖွယ်ကောင်းလောက်အောင်ပင် အော်၍ရွာနေရာ နေရင်းထိုင်ရင်း အချိန်တို့များစွာကုန်ခဲ့ပါသည်။ဝမ်းဗိုက်သည် တဂွီဂွီဆာလောင်၍လာရာ အခက်အခဲကြုံပါက အဆာပြေစားရန် ကိုယ်စီထည့်လာသော ကောက်ညှင်းထုပ်ကလေး တစ်ယောက်တစ်ထုပ်သာ စားကြရလေ၏။ အကုန်စား၍မရသေးပါ။ နောက်နေ့ မည်သို့ရှိမည်မသိသေး၍ဖြစ်သည်။

ထိုမျှ သည်းထန်စွာရွာနေသောအခါ အအေးဓာတ်သည် ပိုမိုလွန်ကဲလာ၏။ ပွင့်လင်းရာသီဖြစ်ပါက မီးခတ်ကျောက်နှင့်မီးခတ်ကာ မီးမွေး၍ရသော်လည်း မိုးရာသီ၌စိုစွတ်လွန်းရာ မည်သို့မျှ မီးဖို၍မရနိုင်ပေ။ သို့ကြောင့် စောင်မောင်းကို စေ့စေ့ဆွဲခြုံကာ ကုပ်၍နေရလေ၏။ ကျွတ်ကိုက်သော်ရိုက်ရ၏။ သူတစ်ပါး၏အသက်ကိုရလိုသော မုဆိုးတို့၏ဒုက္ခကား မသေးလှပါပေ။

□ တောင်ပြိုသံ

သူတို့သည် ဝန်းကျင်ကို ဘာမှမမြင်ရသော်လည်း ရန်အန္တရာယ်ကြုံပါက အသင့်ရှိစေရန် ဓားချွန်များအား ဘောက်ချပ်ထဲစိုက်၍ ဒူးနားကပ်ထားကြ၏။ ထိုဓားချွန်တို့သည် ခေါင်းရိတ်၍ရအောင်ထက်မြက်ကာ ခုတ်ရန်၊ ပစ်ပေါက်ရန်၊ သားလှီးရန် လွန်စွာအရေးပါလှပေ၏။

"အင်း - မိုးကတော့ မိုးလင်းသည်အထိများရွာမလားမသိပါဘူးကွာ"

အိုက်ကျန်းက စိတ်ပျက်စွာဆိုသည်။

"ဒီဒေသ မိုးအလွန်များတာ မင်းလည်းသိသားနဲ့ကွာ။ မိုးရွာတာများ အဆန်းလုပ်လို့"

"ဆန်းတော့ မဆန်းဘူးပေါ့ကွာ။ ချမ်းတာကအလွန်ပဲကွ။ ခုချိန် စောင်လေးခြုံပြီးကွေးလိုက်ရရင် သိပ်ကောင်းမှာ"

"တော်စမ်းပါ အိုက်ကျန်းရာ။ တောကောင်မှရရတဲ့အထိ မင်းကတစ်မျိုး"

ဟု အိုက်ငကဆိုလေမှ အိုက်ကျန်း ထိတ်သွား၏။ မကြာမီပင် ဝုန်းဝေါ ဝေါဝေါ ဟူသော တောင်ပြိုသံကြီးကို ထိတ်လန့်စဖွယ်ကြားလိုက်ရပါသည်။

"မိုးကကြီးလိုက်တာ။ တောင်တောင်မှ ပြိုကျတယ်ဟေ့"

ဟု အိုက်ပီးက ဆိုလေ၏။ မိုးမှာ သည်းကြီးမည်းကြီးရွာချနေဆဲဖြစ်ရာ အချိန်မည်မျှရှိပြီဟူသည်ပင် သူတို့မခန့်မှန်းတတ်တော့ပေ။ ကျွတ်များနှောင့်ယှက်နေသဖြင့် ကောင်းကောင်းပင်ငိုက်၍မရကြပါ။

ကာလအတန်ကြာ ရွာပြီးသောအခါ မိုးသည် အားလျော့စပြုလာပြီး တဖြည်းဖြည်းပါးကာ မိုးတိတ်သွားလေတော့၏။ ထိုအခါ ဝန်းကျင်သည် သစ်ရွက်တွင်ကပ်နေသော မိုးရေစက်လက်ကျန်ကျသံမှတစ်ပါး တိတ်ဆိတ်ငြိမ်သက်သွားတော့၏။ ကောင်းကင်ကား မှိုင်းမှုန်ဆဲရှိ၏။

"ကဲဟေ့၊ တို့တွေ ဒီအပင်ကြီးရဲ့ ခွဆုံကောင်းတဲ့နေရာမှာ တက်အိပ်ရအောင်။ အပင်ပေါ်မှာ တောကောင်မြင် နိုင်တယ်။ ခြောက်ရအောင်"

ဟု အိုက်ပီးက ပြောလိုက်သည်နှင့် -

www.burmeseclassic.com

"ဟေး ဟေး ဟေး ဖြောင်း ဖြောင်း ဖြောင်း"

ဟု သံပြိုင်အော်ကာ လက်ခုပ်များတီး၍ ခြောက်လှန့်ကြလေ၏။ ဘာသံမှမကြားရသဖြင့် သစ်ပင်ကြီး၏ခွဆုံများတွင် တက်၍အိပ်ကြလေတော့၏။

၁ သဖန်းပင်ကြီး

နံနက်မိုးသောက် အလင်းရောက်ပါမှ သူတို့တစ်ညတာခိုလှုံခဲ့သောအပင်ကြီးသည် သဖန်းပင်ကြီးဖြစ်၍နေသည်ကိုတွေ့ရလေ၏။ သဖန်းပင်ကြီးသည် သဖန်းအဖိုပင်ကြီးဖြစ်သည်။

အသီးမှည့်စား၍ရသောအပင်မျိုးအား သဖန်းအမပင်မျိုးဟုခေါ်ကြပြီး အသီးစား၍မရသောအပင်မျိုးကိုမူ အဖိုပင်မျိုးဟူ၍ ခေါ်ကြလေ၏။

အမပင်မျိုးသည် အရွက်သေး၏။ အဖိုပင်တို့ကား အရွက်ကြီး၍ဝိုင်း၏။ အမပင်၏ အသီးများသည် အဖိုပင်လောက် အသီးမကြီးသော်လည်း အနှစ်အသားနှင့်စား၍အရသာရှိလှ၏။ အဖိုပင်၏ အသီးတို့မှာ ကြီးမားလှပသော်လည်း အထဲ၌ ပိုးကောင်များသာ အတိပြီးလေ၏။ စား၍မရပေ။ အသီးနုစဉ်၌ အတို့အမြုပ်အဖြစ် ပြုတ်၍တို့စား၍ တားရ၏။အမပင်၏အရွက်မှာ ဟင်းရည်ချက်သောက်၍ရ၏။ အဖိုပင်၏အရွက်များကား ကြမ်းတမ်းသဖြင့်ပြုတ်ကာသုပ်စားကြလေ၏။ ထိုသဖန်းရွက်တို့သည် ခန်သဖြင့် အချပ်စာများဖြစ်ကြ၏။

သဖန်ပင်ကြီး၏အကိုင်းတို့၌ နီရဲလှပသော သဖန်းသီးကြီးများသည် အတွဲပေါင်းများစွာ ပြွတ်ခဲစွာသီးနေကြလေ၏။သူတို့သည် သဖန်းပင်ကြီးပေါ်မှဆင်းတာ ပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုနေကြ၏။

"အင်း - တို့တွေဘယ်နားရောက်နေမှန်းတောင် မသိတော့ပါဘူးကွာ"

"ဟုတ်တယ်၊ တို့ဒီအနိမ့်ပိုင်းဘက်တစ်ခါမှမရောက်ဖူးသေးဘူး။တို့ရဲ့ပြောင်ကြီးလည်း ဘယ်ရောက်နေတယ်မသိပါဘူးကွာ"

"ကဲ - တို့မှာကျန်တဲ့ကောက်ညှင်းထုပ်စားပြီးရင် အနိမ့်ပိုင်းဘက်ဆင်းပြီးသိက်ရှာကြတာပေါ့။ သွေးစက်ခြေရာခံလို့မရနိုင်တော့ဘူး။ မိုးက ခြေရာတွေဖျက်ပစ်လိုက်ပြီ"

ဟု ပြောဆိုကြကာ ဘောက်ချပ်ထဲမှာကျန်နေသော ကောက်ညှင်းထုပ်တို့ကို ထုတ်၍စားနေကြလေ၏။ တောကြီးကား သဘာဝပန်းပင်တို့ဖြင့် လှချင်တိုင်းလှနေတော့၏။ သို့သော် ထိုတောတောင်တို့၏ အလှသဘာဝကို အဆန်းလုပ်၍ သူတို့မှာခံစားနိုင်စွမ်းမရှိကြပါ။ သူတို့ရလိုသောပြောင်ကြီးကိုသာ အာရုံရှိကြလေ၏။ ဤသည်ပင် မုဆိုးစရိုက်ဖြစ်သည်။

စားပြီးသည်နှင့် သူတို့သည် အရိပ်ကောင်းလှသော သဖန်းပင်ကြီးအောက်မှ စ၍ထွက်ခွာ ကြလေ၏။ သူတို့၏ဦးတည်ရာသည် ပြောင်ကြီးပြေးသွားရာလမ်းကြောင်းဖြစ်သည်။

ပ နီရဲသောပတ္တမြားများ

"ဟေ့ - အိုက်ကျန်း၊ နေဦး ခဏလေး ဟိုမှာကြည့်ကြစမ်း"

စထွက်၍ ခဏအတွင်းမှာပင် ခေါင်းဆောင်အိုက်ပီးက ရှေ့မှဦးဆောင်ချီတက်သောအိုက်ကျန်းကို တားမြစ်ကာ ကောင်းကင်သို့ လက်ညှိုးထိုးပြလိုက်သည်။

အံ့ဩဖွယ်ကောင်းပေစွ။ သားစားငှက်များဖြစ်ကြသော လင်းတများ၊ စွန်များ၊ သိမ်းငှက်များ၊ ချိုးသိမ်းများ၊ ကျီးများ၊ အခြားသားစားငှက်များသည် ကောင်းကင်ယံတွင် ရှုပ်ထွေးများပြားစွာ ပျံသန်းရစ်ဝဲနေကြလေ၏။ အကောင်ပေါင်းမည်မျှရှိမည်ကိုပင် မခန့်မှန်းနိုင်ကြပေ။ နေရာအားဖြင့် သူတို့ညအိပ်ခဲ့ရာ သဖန်းပင်ကြီး၏ အနောက်တောင်ယွန်းယွန်းတွင်ဖြစ်သည်။ နေရာမှာ အလွန်ကြီးမဝေးလှပေ။

"ဟေ့ကောင်တွေ၊ ငါတို့လိုက်နေတဲ့ပြောင်ကြီး သွေးထွက်လွန်ပြီးသေနေတာမှာကွ။ အဲဒီအကောင်ကြီးကိုစားဖို့ လင်းတတွေ၊ စွန်တွေဝဲနေကြတာနေမှာ။ အတော်ပဲဟေ့၊ အဲဒီကိုသွားကြမယ်"

ဟု ပြောကာ အိုက်ပီး ခေါင်းဆောင်၍ချီတက်ခဲ့ကြ၏။ သားစားငှက်တို့ တရုန်းရုန်းဖြစ်နေသည်ကိုမြင်ရရာလမ်းများစရာအကြောင်းမရှိတော့ပေ။ အချိန်အနည်းငယ်အတွင်းမှာပင် သားစားငှက်တို့ တရုန်းရုန်းဖြစ်နေသောနေရာသို့ ရောက်ခဲ့ကြတော့၏။ တောင်စောင်းတစ်နေရာဖြစ်နေသည်။

မုဆိုးတို့ကိုမြင်သောအခါ ငှက်တို့သည် လန့်ဖျပ်ကာ ထ၍ပျံသန်းကုန်ကြလေ၏။ သူတို့ထင်သလို ပြောင်သေကြီးမဟုတ်ပေ။ နီရဲနေသော ကျောက်စရစ်ခဲတို့သည် အစုလိုက်အပုံလိုက် တောင်ပြိုကျရာမှ မိုးရေတိုက်စားမှုကြောင့်ပေါ်နေကြရာ သားစားငှက်တို့သည် သားတစ်၊ သားရဲသားတွဲများထင်လျက် စားသောက်ရန် အလုအယက်ဆင်းသက်ခဲ့ကြခြင်းဖြစ်ပေ၏။

လက်တွေ့ဆင်း၍စားသော် စားသောက်၍မရသော ကျောက်များဖြစ်နေ၍ ပြန်သည့်အကောင်ကပြန်၍ ဝဲသည့်အကောင်ကဝဲ၊ ဆင်းသည့်အကောင်ကဆင်းနှင့် တရုန်းရုန်းဖြစ်နေခြင်း ဖြစ်သည်။ လက်တွေ့ဆင်း၍စားကြည့်သောငှက်တို့မှာ သားတစ်မဟုတ်၍ အဝေးသို့ ပျံသန်းထွက်ခွာသွားကြသည်။ မုဆိုးတို့မှာမူ နီရဲသော၊ အလွန်ပင်လှပတင့်တယ်သော၊ မြတ်နိုးဖွယ်ဖြစ်သောပတ္တမြားတို့ကို အစုလိုက်အပုံလိုက်မြင်လိုက်ရသောအခါ ပတ္တမြားဟူသည် ရဲရဲနီနေသည်ဟု ကြားဖူးထားရာ ပတ္တမြားကျောခ၊ ပတ္တမြားသိုက်ကြီးဖြစ်ပြီး တန်ဖိုးဖြတ်၍မရမှန်း အလိုလိုသိလိုက်ကြလေ၏။

"ဟေ့ကောင်တွေ၊ ဒါတွေဟာ ပတ္တမြားတွေကွ။ ပတ္တမြားဆိုတာအလွန်တန်ဖိုးကြီးမားတယ်။ မင်းတို့ငါတို့နဲ့ မထိုက်ဘူး။ ဒီပတ္တမြားတွေ နိုင်သလောက်သယ်သွားပြီး တို့ရဲ့အရှင်သခင်စော်ဘွားကြီးဆီ ဆက်သကြရအောင်။ ဒါဆို တို့ကို ဆုတော်လာဘ်တော်တွေပေးမှာသေချာတယ်ကွာ"

"ဒါဆိုရင် ဒီတောင်ကမ်းပါးကြီးညက ပြိုကျတာပေါ့"

"ညကတောင်ပြိုသံကြီးဟာ ဒီနေရာကကိုးကွ။ တိုက်တိုက်ဆိုင်ဆိုင်ကွာ၊ တို့ဒီမှာရှိနေခိုက် ပတ္တမြားကျောကြီးပေါ်လာရတယ်လို့။ တို့ဒီပတ္တမြားတွေကို ဘောက်ချပ်နဲ့အပြည့်ကိုယ်စီသယ်မယ်။ ပြီးရင် စော်ဘွားကြီးဆီဆက်သမယ်။ ဒီနေရာကို နောက်တစ်ခါလာလို့လွယ်အောင် သစ်ပင်တွေ ဓားနဲ့ထစ်ခဲ့ပြီးမှတ်သားခဲ့မယ်"

"အေး-ကောင်းတယ်။ ဒီပတ္တမြားကျောကြီးတွေ့တာ တို့လိုက်ပစ်တဲ့ပြောင်ကြီးကြောင့်ကွ။ ပြောင်ကြီးသာခေါ်မလာရင် ဒီပတ္တမြားတွေ တွေ့မှာမဟုတ်ဘူး"

"အေး - တောစောင့်နတ်တွေက ပြောင်ယောင်ဆောင်ပြီး ငါတို့ကိုဒီခေါ်ခဲ့တာနေမှာ"

"ဟုတ်တယ်၊ ကဲဟေ့ - ပတ္တမြားတွေ ကျုံးထည့်ကြရအောင်။ ဒီတစ်ခေါက်ကျမှ လွယ်အိတ်ကပါမလာဘူးကွာ။ လွယ်အိတ်ပါရင် အပြည့်ကိုသယ်

www.burmeseclassic.com

မှာ”

ဟု တစ်ယောက်တစ်ပေါက် ဝမ်းသာအားရပြောဆိုကာ ပတ္တမြားများကို ဘောက်ချပ်ထဲ ကျုံးထည့်ကြတော့၏။ ပတ္တမြားခင်းကြီးကား ကမ္ဘလာနီကော် ဖောခင်းထားသည့်နှယ် ရဲရဲနီ၍နေလေ၏။ ရှုမငြီးဖွယ် လွန်စွာလှပလေ၏။

“ဘောက်ချပ်အပြည့်ထည့်တော့ အတော်လေးတာပဲကွ”

“လေးမှာပေါ့ဟာ၊ ပတ္တမြားဆိုတာ ကျောက်ခဲပဲလေကွာ”

“ကဲ - အချိန်ရှိတုန်း၊ ရာသီဥတုလေးကောင်းဖုန်းပြန်ကြစို့။ ဒါတွေဟာ ပြောင်ကြီးကျေးဇူးကြောင့်ရတာ”

ဟု ပြောဆိုကာ သစ်ပင်များ ဓားထစ်အမှတ်အသားပြုလျက် အပေါ်ဘက်ကုန်းမြင့်ဆီ ပြန်တက်ခဲ့ကြတော့၏။ ရာသီဥတုကား မှုန်မှိုင်းနေသည်မှ အပ မိုးလေကင်းစင်လျက် ခြေခင်းလက်ခင်းသာလှပေ၏။

## □ စော်ဘွားသို့ဆက်သကြခြင်း

တောထဲမှရယူခဲ့ကြသော (၃) ဘောက်ချပ် (ခန့်မှန်းခြေ (၆) ပြည်ခန့်) ရှိ ကျောက်မျက်ရတနာပတ္တမြားများအား မိုးမိတ်နှင့် မိုင်းလိုင်းတို့ကို အစိုးရသော စော်ဘွားကြီး သိုဟန်ဖတ်ထံ ဝင်ရောက်ဆက်သရာ များစွာ နှစ်ထောင်းအားရတော်မူသဖြင့် မုဆိုး(၃)ဦးအား ငွေစင် (၃၀၀) ကျပ် ဆုတော်အဖြစ် ပေးသနားတော်မူလေ၏။

ငွေစင် (၃၀၀) ကျပ်သည် ငွေ (၃) ပိဿာဖြစ်ရာ တစ်ဦးလျှင် (၁) ပိဿာစီ ဆုငွေရကြလေ၏။ ဆုငွေ (၁၀၀) ကျပ်ဟူသည် သာမန်လူတန်းစားများ မမျှော်မှန်းရဲသော ငွေပမာဏဖြစ်ကာ လွန်စွာတန်ဖိုးကြီးသောခေတ်ဖြစ်လေ၏။

ထို့ပြင် ထိုမုဆိုးတို့အားဦးဆောင်စေကာ ပတ္တမြားတူးဖော်ရှာဖွေဆက်သစေရန် စီမံလေ၏။ အိုးစားတစ်အိုးစားအား တစ်နှစ်အတွက် ငွေ (၃၀၀) ထောက်ပံ့စေပြီး အိုးစား(၃၀)ကို ထိုပတ္တမြားထွက်ရာဒေသ၌ အခြေချနေထိုင်စေပြီး ပတ္တမြားတူးခြင်း၊ ဆက်သခြင်း၊ စောင့်ရှောက်ခြင်းတို့ကိုပြုစေ၏။

ထိုအခါ ပတ္တမြားထွက်ရှိရာ တောင်နှင့်နီးသော မုဆိုးတို့မိုးခိုခဲ့သည့် သဖန်းပင်ကြီးအနီးတွင် ရွာစ၍တည်၏။ ထိုရွာအား ရှေးမှသည် ယခုတိုင် သဖန်းပင်ရွာဟုခေါ်ကြလေ၏။ အိုးစား(၃၀)ကို ဟိန်တည်းဟူသော ခေါင်းတစ်ယောက်အုပ်ချုပ်စေ၏။တစ်ဟိန်ဟူသည် အိုးစား (၃၀) ဖြစ်သည်။

ဦးစွာ ပထမပတ္တမြားများထွက်ရှိရာတောင်ကို ယခုထိတိုင် ကျီးအာတောင်ဟု ခေါ်ဆိုဆဲရှိလေ၏။ သဖန်းပင်ရွာသည် မိုးကုတ်မြို့၏ မင်းတံတားရပ်ကွက် အနောက်စွန်မှ မြောက်သို့ ခွဲထွက်သောလမ်းအတိုင်းသွားရ၏။ ထိုသို့သွားသော် ရေပူများထွက်ခဲ့သည့် ရေပူရွာသို့ဦးစွာရောက်၏။ ရေပူမှလွန်သော် မဝေးလှသောနေရာတွင် ရှေးအကျဆုံး သဖန်းပင်ရွာတည်ရှိ၏။ထိုမှဆက်တက်သော် ခဲကြောများမှ ကျောက်နီပတ္တမြားထွက်သည့် ဘော်ဗဒန်းရွာသို့ရောက်ပါသည်။

ခဲကြော ဟူသည်မှာ ခဲကြော၏ဖြစ် စဉ်မှာ ဦးစွာပထမ ထုံးပျော့မှသည် စကျင်အသွင်ပြောင်း၏။ စကျင်မှသည် ပတ္တမြားနီလာ တည်းဟူသော ပတ္တမြားအသွင်ကိုပြောင်းလဲ၏။ မိခင်စကျင်ကျောက်ကို အောင်းအိမ်ပြုကာ မိခင်ဝမ်းဗိုက်စကျင်ကျောက်သားထဲ၌ အသွင်ပြောင်း၍ဖြစ်တည်နေသော ပတ္တမြားများအား စကျင်ကျောက်တို့ကို မိုင်းဖြင့်ခွဲလျက်ထွက်လာသော စကျင်ကျောက်တုံးတို့ကို ထုခွဲကာ ပတ္တမြားရှာဖွေရသောလုပ်ငန်း ဖြစ်၏။ ခဲကြောစကျင်ကျောက်တောင်တို့ကိုခွဲရသဖြင့် ခဲမကြောဟု အမည်တွင်၏။ ခဲကြောပေါ်သည်မှာ တော်လှန်ရေးအစိုးရတက်ပြီးနောက်ပိုင်း မိုးကုတ်မြေပြည်သူပိုင်သိမ်းပြီးမှပေါ်ခြင်းဖြစ်၏။ ခဲထဲ၌ ကျောက်ရှိသည်ဟူ၍ ရှေးက မသိခဲ့ပေ။ ဘော်ဗဒန်းဒေသ ခဲစွန်းတစ်ခုအား လမ်းနှင့်မလွတ်၍ ထိုခဲစွန်းကို ယမ်းနှင့်ခွဲထုတ်ရာမှ ခဲထဲတွင် ပတ္တမြားများနစ်ဝင်နေသည်ကို တွေ့ရသည့်နောက်ပိုင်းမှသည် သိခဲ့ကြပြီး ခဲကြောများခေတ်စားခဲ့ခြင်း ဖြစ်၏။

## □ မိုးကုတ်မြို့ ဖြစ်ပေါ်လာခြင်း

ပတ္တမြားတို့စပေါ်သောနှစ်သည် မြန်မာနှစ် ၅၇၉ ခု မိုးရာသီ၌ဖြစ်သည်။ ထိုသဖန်းပင်ကြီးအနီး ရွာတည်ပြီးသော အခါ ရွာသားတို့သည် ယခု မိုးကုတ်မြို့တည်ထားရာအရပ်၌ တောင်ပတ်လည်ချိုင့်ဝှမ်းကြီး၏ အလယ်တွင် မြေပြန့်အတန်ငယ်ရှိရာ ထိုမြေပြန့်သည် ဒုရင်ကောက်တောကြီးဖြစ်သည်။ ထိုဒုရင်ကောက်ပင်တို့ကို ခုတ်ထွင်ရှင်းလင်းကာ လယ်များတည်၍ စပါးစိုက်ကြလေသည်။ ထိုအခါ လယ်တောများရှိသလို လယ်တဲများလည်းရှိကြတာ လူတို့စတင်အခြေချနေထိုင်တော့၏။

ချိုင့်ဝှမ်းကြီးဖြစ်သဖြင့် အစဉ်သဖြင့် မိုးစောစောချုပ်လေ့ရှိရာ ရှမ်းတို့က ‘ကံဝမ်ခမ်ဆောက်မိန်း’ဟူ၍ ပြောလေ့ရှိကြ၏။ ထိုဒေသကို မိုးချုပ်စောသဖြင့် မိုးချုပ်ဒေသဟုခေါ်ရာမှ ကာလရွေ့လျားသော် မိုးချုပ်မှ မိုးကုတ်ဖြစ်လာခဲ့တော့၏။

ထို့နောက်တွင်မူ ပတ္တမြားထွက်ရာဒေသ၏ အချက်အချာကျသော မိုးကုတ်ဒေသသည် မြို့ပြဖြစ်လာခဲ့သည်။ ထိုအခါ ရှေးလူတို့က မော်ကွန်းဆိုခဲ့ကြ၏။ ထိုသည်မှာ ‘ကိတ်နဂါးကြွက် သုံးဘော်ယှက် ကျောက်မျက်ရတနာ ပေါ်ထွက်လာ ဂန္ဓာတိုင်း သမိုင်းပွင့်ဆန်း ပင်သဖန်းဟု မော်ကွန်းထိုးထုတ် မြို့မိုးကုတ်’ ဟူ၍ ဖြစ်သည်။ ကိတ်သည် (၉)၊ နဂါးသည် (၇)၊ ကြွက်သည် (၅) ဖြစ်ရာ ကိတ်မှစ၍ချသော် ၅၇၉ ခု ဖြစ်သည်။ ၁၃၇၆ ခုနှစ်အထိ မိုးကုတ်ပတ္တမြားထွက်ခဲ့သည်မှာ နှစ်ပေါင်း (၇၉၇) နှစ်ရှိခဲ့ပြီး နှစ်ပေါင်း (၈၀၀) နီးပါးရှိခဲ့ချေပြီ။

ကမ္ဘာတွင် မြန်မာ့မိုးကုတ်ပတ္တမြားကိုမီသော ပတ္တမြားရတနာသည် မရှိခဲ့ပေ။ အရည်အသွေးအကောင်းဆုံးပတ္တမြားသည် မိုးကုတ်ပတ္တမြားသာဖြစ်သေ၏။

ထိုပတ္တမြားတို့ကို အစဉ်တူးဖော်လျက် မိုးမိတ်စော်ဘွားအဆက်ဆက်တို့၏ ဘဏ္ဍာရတနာတိုက်သို့သွင်းကြ[illegible]လေ၏။ ထိုပတ္တမြားများထွက်ရှိနေသည်ကို ကာလအတန်ကြာသည့်တိုင်အောင် မြန်မာဘုရင်တို့ မသိကြပေ။

## □ မြန်မာဘုရင်နှင့်ပတ္တမြားမြေ

မြန်မာနှစ် ၅၇၉ ခုမှသည် စော်ဘွားများ အစဉ်အဆက်စိုးစံလျ[illegible] တူးဖော်၍ရသမျှ ပတ္တမြားများအား ဘဏ္ဍာတိုက်ထဲသို့ထည့်၍အသုံးပြုခဲ့[illegible] နှစ်ပေါင်း (၂၀၀) နီးပါး ကြာပြီးနော[illegible] မိုးမိတ်စော်ဘွားကြီး ဆေကျင်ဖ[illegible] သိကျင်ဘွား၏ညီဖြစ်သူ ဆေင်ဖ[illegible] သိုင်ဘွားလက်ထက်၌ (၇၇၆-၇၇၉) [illegible] ကိုယ်မိမိ ပတ္တမြားရတနာတွင်း[illegible] အရှင်သခင်ဟု အမိဖွယ်ရ[illegible] ခွန်စပ်မော်ဆိုင် ဟူသော ဘွဲ့အမည်[illegible] ခံယူခဲ့လေ၏။

ထိုသို့ ကြွားဝါမှုကြောင့် ထင်[illegible] ထိုပတ္တမြားများအကြောင်းကို [illegible] ဘုရင် ကြားသိသွားတော့သ[illegible]

www.burmeseclassic.com

နှစ် ၇၆၃ - ၇၈၃ ပထမမင်းခေါင်သည် မိုးကုတ်ဒေသ၌ ပတ္တမြားများထွက်နေကြောင်း၊ ထိုပတ္တမြားတို့ကို မိုးမိတ်စော်ဘွားအစဉ်အဆက်ကြီးစိုးနေကြောင်း ကြားသိသွားရာ ထိုမိုးကုတ်ဒေသကို စစ်တပ်အလုံးအရင်းနှင့်ချီတက်၍ သိမ်းမည်ကြံရာ ပညာရှိအမတ်ကြီးဖြစ်သော ပညာဇလအမတ်ကြီးက လက်ရုံးရည်ဖြင့် သိမ်းပါက လူသူအများပျက်စီးရာကိုမြင်သဖြင့် မိုးကုတ်ပတ္တမြားမြေကို နှလုံးရည်ဖြင့် သိမ်းယူဆက်သပါမည်ဟု ဘုရင့်ထံ အာမခံလျှောက်တင်ကာ နောက်လိုက်အခြံအရံအနည်းငယ်ဖြင့် မိုးကုတ်ပတ္တမြားမြေသို့ဝင်ခဲ့လေ၏။

သီရိမ္ဗာသောကမင်းကြီး၏စေတီပေါင်း(၈၄၀၀၀)တွင်အပါအဝင်ဖြစ်သော စိတ္တကုတ်ရပ်ရှိ စေတီငုတ်တိုတစ်ခုတွင် (၇)ရက်တိုင်တိုင် အဓိဋ္ဌာန်ဥပုသ်ဆောက်တည်လျက် ထိုစေတီငုတ်တိုအား (၇) တောင်အမြင့်တည်၍ ပူဇော်ခဲ့လေ၏။ ထိုစေတီတော်၏အမည်သည် ရွှေဂူကြီးစေတီဟု အမည်တွင်၏။

ထို့နောက် ပညာဇလအမတ်ကြီးသည် မိုးမိတ်စော်ဘွားကြီးထံ (၃) နှစ်တိုင်တိုင်ခစားကာ ရင်းနှီးကျွမ်းဝင်လာပါမှ မိမိလာရခြင်းအကြောင်းကို လျှောက်တင်လျက် မိုးကုတ်ပတ္တမြားမြေနှင့် ရောဝတီမြစ်ရိုး(၁၂) ရွာအားလဲပါရန် မေတ္တာဖြင့် လျှောက်တင်၏။

မြစ်ရိုး (၁၂) ရွာတွင် ဖြတ်ကျော်သမျှသော လှေ၊ သင်္ဘောများအား အခွန်အတုပ် ကောက်ခံ၍ ရနိုင်ကြောင်းလည်းသိ၍တစ်ကြောင်း၊ မိမိ၏ ဘဏ္ဍာတိုက်၌ ပတ္တမြားများ အလျှံပယ်ကြွယ်ဝနေသည်တစ်ကြောင်းကြောင့် လဲရန်သဘောတူညီလိုက်လေ၏။

ထိုမြစ်ရိုး (၁၂) ရွာနှင့် ပတ္တမြားမြေလဲလှယ်သောနေ့ကား မြန်မာနှစ် ၇၇၇ ခု၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့ ဖြစ်သည်။

ထိုသို့ လဲလှယ်သောရွာ (၁၂) ရွာမှာ သပိတ်ကျင်း၊ စမ္ပာနဂို၊ တွင်းငယ်၊ ဆူးပုပ်၊ သက်ငယ်ကျင်း၊ ကြာညှပ်၊ ပုတီး[illegible] တကောင်း၊ ပလွေရှည်၊ လျှော်ပင်၊ ကျောက်တုံးကြီး၊ ရွှေကူမြို့တို့ဖြစ်သည်။

မြန်မာဘုရင်ကလည်း မိုးကုတ်နယ်ပတ္တမြားမြေကို အရှေ့သို့လားသော် [illegible]တ်ပါတောင်၊ အနောက်သို့လားသော် [illegible]တောင်တော်စခန်း၊ မြောက်သို့လားသော် အုပ်ဆောင်းတောင်၊ တောင်သို့သွားသော် ရက်ကန်းစဉ်ရွာများ ဟူ၍ စကျင်ကျောက်တိုင်များစိုက်ကာ သတ်မှတ်လိုက်လေ၏။

ထိုမြေတို့ကို ရှမ်းစော်ဘွားလက်ထဲပြန်ထည့်ကာ နှစ်စဉ် ပတ္တမြားရတနာတို့ ဆက်သွင်းစေ၏။ ထိုမြန်မာဘုရင်တို့ အုပ်ချုပ်သောအခါ ပတ္တမြားမြေသည် ပို၍ထင်ရှားကျော်စောလာခဲ့ကာ ပြည့်စုံသီဟသူမင်း (၈၃၀-၈၄၂) လက်ထက်တွင် နန်းသုံးပစ္စည်းအဖြစ်နန်းစဉ်ရတနာများ စတင်ထင်ရှားလာတော့၏။

## ◻ မြန်မာ့နန်းစဉ်ပတ္တမြားများ

ပြည့်စုံသီဟသူမင်း လက်ထက်မှသည် မြန်မာတို့၏ နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါမင်းလက်ထက်အထိ (၈၃၀-၁၂၄၇) နန်းစဉ်ရတနာပတ္တမြားများအဖြစ် တန်ဖိုးထား ကျော်ကြားခဲ့သော ကျောက်မျက်တို့မှာ -

၁။ ပတ္တမြားငမောက် - ကျောက်စုန်းဟုကျော်ကြားကာ ညအမှောင်တွင် လင်းနေလေ့ရှိသော ရတီ (၉၀) ရှိ ပတ္တမြားကြီးအား ချင်းတွင်းသား ငမောက်က သက္ကရာဇ် ၁၀၂၃ ခုတွင် ငါးထပ်ကြီးဘုရား ဒါယကာ ပင်းတလဲမင်းလက်သို့ ဆက်သရာ နန်းစဉ်ရတနာတို့တွင် တန်ဖိုးအနဂ္ဃထိုက်လျက် လွန်စွာ ကျော်ကြားလှ၏။

၂။ လျှော်ကားတင်လေးကျောက်- ရတီ (၂၀) ရှိသော လျှော်ကားတင်လေးကျောက်တော်ပတ္တမြားအား ကျောက်မျက်တူးဖော်သူတို့မှာ ၁၁၄၇ ခုနှစ်တွင် ဘိုးတော်ဘုရားလက်ထက်၌ ဆက်သသည်။

၃။ လျှော်ကားတင်ကြီးကျောက် - (၄၉)ရတီရှိကာ မီးခဲကဲ့သို့ ရဲရဲနီသည့် ကျောက်တော်အား ကျောက်မျက်တူးဖော်သူတို့မှ သက္ကရာဇ် ၁၁၉၉ ခုနှစ် ဘကြီးတော်ဘုရားလက်ထက်တော်တွင် ဆက်သသည်။

၄။ စံကျောက်တော် - (၈) ရတီရှိသော စံကျောက်တော်သည် လယ်သီးရည်ခေါ် မဉ္ဇူရည်ဖြစ်လျက် လွန်စွာလှပပြီး သက္ကရာဇ် ၁၂၀၉ ခု ပုဂံမင်းလက်ထက်တွင် ဆက်သသည်။

၅။ ဆင်မတော်ကျောက်-(၆)ရတီရှိ ဆင်မတော်ဖြင့် တင်ဆောင်လာပြီးလာ၍ ဆက်သသဖြင့် ဆင်မတော်ကျောက်ဟူ၍ ထင်ရှားသည်။

၆။ အချိန် (၁၀) ရတီရှိသော နဂါးဗိုလ်မျိုးဝင်ကျောက် စသည်ဖြင့် နန်းစဉ်ရတနာအများအပြားရှိခဲ့ကြလေ၏။

ထိုနန်းစဉ်ရတနာများနှင့် နန်းသုံးပစ္စည်းများ ရှေးမြင့်မြတ်သော ရှင်ဘုရင်တို့၏ ရွှေကိုယ်လေးရုပ်တုတော်များသည် သီပေါမင်းပါတော်မူပြီး ၁၂၄၇ ခုနှစ်တွင် တိုင်းတစ်ပါးသားတို့၏ လက်တွင်းသက်ဆင်းကုန်ရလေ၏။လွန်စွာကြီးမားသောဆုံးရှုံးမှုကြီးဖြစ်ပေတော့၏။

## ပပြန်၍ရလိုက်သော

တောကြီးမျက်မည်းထဲ၌ နှစ်သန်းပေါင်းများစွာက သန္ဓေတည်ကာ ဖြစ်တည်လျက်ရှိသော ပတ္တမြားသိုက်ပေါင်းများစွာတို့သည် ကျယ်ဝန်းသော ထိုမြေတစ်လွှားတွင် ဖြစ်နေကြသော်လည်း မည်သူမျှသိခြင်းမရှိခဲ့ကြပါ။

မုဆိုး (၃) ဦးသားကောင်လိုက်ရာမှ ဆိုင်ရာပိုင်ရာအစောင့်အရှောက်တို့၏ ဥပါယ်တံမျဉ်ပြသမှုကြောင့်သာ မိုးကုတ်ပတ္တမြားမြေ ပေါ်ပေါက်ခဲ့ရလေ၏။ ဤသည်မှာ ရစေတွေ့စေလို၍ ပြသော အပြဖြစ်ရာ အထိုပြကျောက်များမှသည် ယနေ့တိုင်အောင် လူတို့ပတ္တမြားရှာဖွေတူးဖော်နေကြဆဲ ဖြစ်၏။

ကျွန်ုပ်သည် ပတ္တမြားမြေ၌ နှစ်ပေါင်း (၃၀) တိုင်တိုင် ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်းလုပ်ကိုင်ခဲ့ရာ ထိုအတွေ့အကြုံများကို လည်းကောင်း၊ ရတနာစောင့်ရှောက်သောနတ်များနှင့်ပတ်သက်၍ ရတနာမြေတို့၏ အရှင်သခင်များ ဟူ၍ လည်းကောင်း များစွာတင်ပြခဲ့ပြီးဖြစ်ပါသည်။

ပြကျောက်နှင့်ပတ်သက်၍ပြ၍ရလိုက်သော ပတ္တမြားများအကြောင်းနှင့် စ၍ပြသာမြပြီး မရလိုက်သည်များကိုလည်း အပိုင်းများခွဲ၍ ဆန်းကြယ်သော နတ်ပစ္စည်းဖြစ်သည့် ကျောက်မျက်ပတ္တမြားများအကြောင်းကို ဆက်လက်တင်ပြသွားပါမည်။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

**ကိုးကား -**

ဦးသိန်းလွင်(ဘီအေ)
ပတ္တမြားမြေသမိုင်း
ရေညာဦးရွာမှ ပြောင်လိုက်မုဆိုးတို့၏ပြောပြချက်များ
ကိုယ်တွေ့လေ့လာမှတ်သားမှုများ
ခံစားရေးသားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင် (သုဝဏ္ဏ)

# ဖုန်းရွှေပညာသိကောင်းစရာ

### အပိုင်း (၈)

### ကျွမ်းကျင်မှုနှင့်ပညာဗဟုသုတကဏ္ဍ

ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကဏ္ဍအား စွမ်းအင်မြှင့်တင်ပေးပါက အောက်ပါ အကျိုးရလဒ်များကို ရရှိစေသည်။

လုပ်ငန်းဆိုင်ရာ အဘက်ဘက်၌ ထူးချွန်ခြင်း၊


ကောင်းမွန် မှန်ကန်သော ဆုံးဖြတ်ချက်များချနိုင်ခြင်း၊

ဖန်တီးနိုင်စွမ်းမြင့်တက်လာခြင်း၊

အရည်အသွေးပြည့်ဝသည့် လုပ်ငန်းရှင်ဖြစ်လာခြင်း၊

အခွင့်အရေးကောင်းများအား လက်ဆုပ်လက်ကိုင်ဖြင့် အသုံးချနိုင်ခြင်း၊

ပြောဆိုဆက်ဆံရေးအခြေအနေများ ပိုမိုကောင်းမွန်လာခြင်း။




THIS SIDE OF THE BAGUA ALWAYS HAS THE MAIN DOOR OF THE HOME OR ROOM LOCATED ON IT.

ပုံ၊ကဏ္ဍအတွင်း၊ ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကဏ္ဍ တည်ရှိပုံ

### ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကဏ္ဍအတွက် စွမ်းအင်မြှင့်ပစ္စည်းများ

### အပြာရောင်

ဧရင်းကဏ္ဍအတွက် အလိုက်ဖက်ဆုံးနှင့် စွမ်းအင်မြှင့်ပေးနိုင်သည့် အရောင်ဖြစ်သည်။ အဆိုပါ ကဏ္ဍ၌ အပြာရောင်ဂျင်း(န်)ဂျာကင်တစ်ထည်ချိတ်ထားပေးပါ (သို့) အပြာရောင်ရှိသော အမျိုးသားအားဆေးပြား (ဘာရာဂရာ) ထားရှိပေးပါ။

### စာအုပ်များ

စာအုပ်များသည် အသိဉာဏ်၊ ပညာအတွက် ကျွမ်းကျင်လိမ္မာစေသော ပစ္စည်းများ ဖြစ်သည်။

အကယ်၍ ကျွမ်းကျင်မှုနှင့်ပညာဗဟုသုတဆိုင်ရာကဏ္ဍသည် ကားဂိုဒေါင်နေရာဖြစ်နေပါကလည်း စာအုပ်များအနည်းငယ်ထားရှိပေးနိုင်သည်။

### အလင်းရောင်

အလင်းရောင်သည် ပညာဗဟုသုတအား ရည်ညွှန်းသော အရာတစ်ခုဖြစ်သည်။ ထို့ကြောင့် မီးအလင်းရောင်ကိုယ်စားပြု ဖယောင်းတိုင်များ လျှပ်စစ်မီးသီးများ ထားရှိပေးပါ သို့မဟုတ် မီးအိမ်ထားရှိပေးပါ။

### အစားအစာများ

ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာ ကဏ္ဍသည် မီးဖိုချောင်အတွင်း ကျရောက်နေပါက စဉ်းစားတွေးခေါ်နိုင်ရေးအတွက် အစာအာဟာရများ မှီဝဲရကြောင်းကို ရည်ညွှန်းသည်။

### ပညာဉာဏ်အတွက် သတိပေးနေသော ပစ္စည်းများ

ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာ ကဏ္ဍအတွင်း ပညာရည်တိုးတက်မှု အစီအရင်ခံစာ ပါရှိသော မှတ်တမ်းကတ်ပြားများ၊ ချီမာတ်ဝင်ရောက်မှုကိုအားဖြည့်ပေးသည့် လင်းပိုင်ရုပ်များ၊ စစ်ဘုရင်ကစားနည်းစာအုပ်နှင့် ချက်(စ်)ဘုတ်များထားရှိပေးပါ။ ထိုအခါ စဉ်းစားတွေးခေါ်ဉာဏ်များ ယခင်ထက်ပိုမိုတောက်ပြောင်လာမည် ဖြစ်သည်။

### ပညာရှိပုဂ္ဂိုလ်တို့အား ရည်ညွှန်းသည့် အမှတ်သင်္ကေတများ

ဆော်လမွန်မင်းကြီး၏ ရုပ်ပုံကားချပ်၊ ကမ္ဘာ့နိုင်ငံအသီးသီးမှပညာရှိတို့၏ ရုပ်ပုံများ၊ အိုင်း(စ်)တိုင်း၊ မဟတ္တမဂန္ဒီတို့၏ ဓာတ်ပုံများအား ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကဏ္ဍ၌ ချိတ်ဆွဲထားပေးပါ။

### သတ္တုဓာတ်ကိုယ်စားပြုပစ္စည်းများ

သင်တုန်းဓားကဲ့သို့ ထက်ရှသော ပစ္စည်းများ၊ ချွန်ထက်သောသတ္တုထည်ပစ္စည်းများသည် ဉာဏ်ရည်ဉာဏ်သွေး



www.burmeseclassic.com

www.burmeseclassic.com

ထက်မြက်ခြင်းသဘောကို ရည်ညွှန်းသည်။ ထို့ကြောင့် ၎င်းကွာ၌ ထားရှိပါ။

**ရေဓာတ်ကိုယ်စားပြုပစ္စည်း**

ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာ ကွာနှင့်ကပ်လျက်တွင် ရှိသော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ဆိုင်ရာသည် ရေဓာတ်ကိုယ်စားပြုသောကြောင့် ၎င်းကွာ၏ အကျိုးသက်ရောက်မှုများရစေရန် ကျွမ်းကျင်မှု၊ ပညာဗဟုသုတကွာ၌ ရေအစီအရင်ပြုလုပ်ပေးပါ။

**အမည်းရောင်ရှိသောပစ္စည်းများ**

အမည်းရောင်သည်လည်း ရေဓာတ်အား ရည်ညွှန်းသည်။ ထို့ကြောင့် ၎င်းကွာ၌ အမည်းရောင်ရှိ ပစ္စည်းများ ထားရှိပေးပါ။

**သစ်သားဓာတ်ကိုယ်စားပြုပစ္စည်းများ**

မိသားစုဆိုင်ရာ ကွာအား ကိုယ်စားပြုသည့် သစ်သားဓာတ်အားရစေရန် (သို့) မိသားစုကွာ၏ အထောက်အပံ့ရစေရန် သစ်သားဓာတ်ပါ ပစ္စည်းများ ၎င်းကွာ၌ထားရှိပါ။

**အစိမ်းရောင်ရှိသော ပစ္စည်းများ**

သစ်သားဓာတ်သည် အစိမ်းရောင်အား ကိုယ်စားပြုသည်။ ထို့ကြောင့် ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကွာ၌ အစိမ်းရောင်ပါအပင်များ၊ အစိမ်းရောင်ရှိ ဒေါ်လာငွေစက္ကူများ၊ အစိမ်းရောင်ပါ အဝတ်အစားများ၊ အစိမ်းရောင်ရှိ ပန်းချီကားများ ထားရှိပေးပါ။

**တရားထိုင်ရာ၌သုံးသောပစ္စည်းများ**

ခုံရှည်၊ ကုလားထိုင်၊ ခေါင်းအုံးတို့အား အသုံးပြု၍ ဆိတ်ငြိမ်သောနေရာတစ်ခု၌ တရားထိုင်သည့်ပုံစံ ဖြစ်အောင် လေ့ကျင့်ပါ။

**သင်လိုချင်ရချင်ခဲ့သော ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာ အမှတ်သင်္ကေတများ**

ကောလိပ်ကျောင်းသာဘဝ ရိုက်ခဲ့သော ဓာတ်ပုံများ၊ သင်ပါဝင်လှုပ်ရှား၊ ထူးချွန်ခဲ့သော ဝါသနာပါရာအားကစားဆိုင်ရာဓာတ်ပုံများ ထားရှိပေးပါ။

**ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကွာအတွက် အန္တရာယ်ပေးနိုင်သည့် ပစ္စည်းများ**

**အရှုပ်အထွေးဖြစ်နေသောပစ္စည်းများ**

၎င်းကွာတွင်ရှိနေသော အရှုပ်အထွေးအစုအပုံမှန်သမျှအား ဖယ်ရှားရှင်းလင်းပေးပါ။

**စိတ်ကူးကောင်းများအား ရပ်တန့်သွားစေသည့် ပစ္စည်းများရှိနေခြင်း**

အဆိုပါကွာ၌ စိတ်ကူးအကြံဉာဏ်ကောင်းများအား (သို့) စဉ်းစားတွေးခေါ်နိုင်စွမ်းအား လျော့ကျပျက်စီးစေသည့် အရက်သေစာ၊ မူးယစ်ဆေးဝါး၊ အဆိပ်အတောက်ဖြစ်စေသော အရာများ၊ စီးကရက်ဘူးများ လုံးဝမရှိအောင် အလျင်အမြန် ဖယ်ရှားပေးပါ။

အကယ်၍ အိမ်ရှိ ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကွာတွင် အရက်ဘီယာဘားရှိနေပါက မကောင်းသောစွမ်းအင်ဖြစ်စေသောကြောင့် အလျင်အမြန် နေရာပြောင်းရွှေ့ပေးပါ။

**ပညာမဲ့ခြင်းကို ဖော်ပြသည့် ပစ္စည်းများ**

မိုက်မဲစွာ၊ စဉ်းစားဉာဏ်ကင်းမဲ့စွာ ပြစ်မှုကျူးလွန်သူများအား ဖော်ပြထားသည့် သတင်းစာများအား အဆိုပါ ကွာ၌ လုံးဝမထားရှိရ။

မိုက်မဲသောသူများ၏ အပြစ်မှုများမှာ အကျင့်ပျက်စီးသူ၊ လာဘ်စားသူ၊ လူသတ်သူ၊ အကြွေးတင်သူတို့ ဖြစ်ကြသည်။

**ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကွာသည် ဂိုဒေါင်အတွင်း ရောက်နေပါသလား**

(၁) ကားဂိုဒေါင်နေရာသည် ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကွာတွင်ရှိနေပါက ၎င်းနေရာရှိ အမှိုက်သရိုက်နှင့်ပစ္စည်းအရှုပ်ထွေးများ၊ အဝတ်အစားများနှင့် ကစားစရာတို့အားဖယ်ရှားပါ။ ထို့နောက် ဂိုဒေါင်ကြမ်းပြင်အား ပြောင်နေအောင် တံမြက်စည်းလှည်းပါ။


(၂)ကားဂိုဒေါင်အတွင်းရှိနေသည့် ကားအား သန့်ရှင်းရေးလုပ်ပေးပါ။ ကားအတွင်းရှိနေသည့် စီးကရက်တိုများ၊ သကြားလုံး၊ စက္ကူတစ်ရှူးများရှိနေပါက ဖယ်ရှားရှင်းလင်းပါ။

(၃) ကားဂိုဒေါင်တံခါးသည် အိမ်အား တစ်စုံတစ်ရာထိခိုက်ခြင်း မရှိစေရန် အသုံးမပြုပါက ပိတ်ထားပါ။

(၄) ကားဂိုဒေါင်အား အမှောင်ချမထားရ။ အခန်းထောင့်နေရာအလိုက် သင့်တော်သော အလင်းရောင်ပေးထားပါ။

**တစ်ကိုယ်တော် ကောင်းမွန်စွာ နေထိုင်နိုင်ရေး အစီအရင်**

စာရေးသူ၏ မိတ်ဆွေလည်းဖြစ်၊





ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကွာအတွင်း ကားဂိုဒေါင် ကျရောက်ပုံ



www.burmeseclassic.com

www.burmeseclassic.com




**ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကွာသည် ဆက်ဆံရေး အချစ်ရေးဆိုင်ရာကွာနှင့် ဆန့်ကျင်ဘက်မျက်နှာချင်းဆိုင်ကျနေပုံ**

ဖုန်းရွှေအတိုင်ပင်ခံတစ်ဦးလည်း ဖြစ်သော နိုတ်(ဒ်)အား လူပျိုဆရာဝန်တစ်ဦးက အစီအရင်လုပ်ရန် အကူအညီတောင်းခဲ့သည်။ လူပျိုဆရာဝန်သည် ငွေကြေးကြွယ်ဝသူဖြစ်ပြီး သူနေထိုင်ရာအိမ်အား ဖုန်းရွှေအစီအရင်များဖြင့် ပြုပြင်၍ တစ်ကိုယ်တည်းနေထိုင်လိုသူ ဖြစ်သည်။

နိုတ်(ဒ်) သည် ဆရာဝန်၏အိမ်သို့ ရောက်ရှိခဲ့ပြီး အိမ်၏ပုံ့ါကွာအား ပုံဖော်ကာ ကွာနှစ်ခုအား စွမ်းအင်မြှင့်တင်ပေးခဲ့သည်။ စွမ်းအင်မြှင့်ပေးလိုက်သည့်ကွာနှစ်ခုမှာ ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာနှင့် ဖန်တီးနိုင်စွမ်းရှိခြင်း ကွာတို့ပင် ဖြစ်သည်။

ထိုအစီအရင်လုပ်ပြီးနောက်ပိုင်းကာလများ၌ အဆိုပါ ဆရာဝန်၏ စိတ်ကူးတွေးခေါ်နိုင်စွမ်းများ၊ ဆုံးဖြတ်ချက်များ မှန်ကန်သွက်လက်လာသည်ကို လက်တွေ့တွေ့ရှိလိုက်ရသည်။

**ဘဝနေထိုင်မှုပုံစံ လျင်မြန်စွာ ပြောင်းလဲစေသည့် စွမ်းအင်မြှင့်တင်ပုံ**

(၁) ပထမဦးစွာ မိမိဘဝ၌ဖြစ်လာနိုင်ခြေအများဆုံးသော ရွေးချယ်မှုများနှင့် ကိုယ်စားပြုကိန်းဂဏန်းများအား စာရွက်တွင် ချရေးပါ။

ဥပမာ (၁) ဘဏ်အသစ်မှ ငွေချေးခြင်း၊ (၂) လက်ရှိဘဏ်မှ ချေးငွေအသစ်ချေးခြင်း၊ (၃) ငွေကြေးအဆင်မပြေခြင်းတို့ကို စာရွက်တွင်ချရေးပါ။

(၂) မိမိအတွက်မှန်ကန်စွာစဉ်းစားဆုံးဖြတ်ပေးနိုင်မည့် မိတ်ဆွေအပေါင်းအဖော်ကို ရှာဖွေပါ။

(၃) ပင်လယ်ကမ်းခြေ၌ ပစ္စည်း (၃) ခုကို လျှော်ဖွပ်ဆေးကြောပါ။ အိမ်သစ်ဝယ်ယူပါက အခန်း (၃)ခန်းပါသောအိမ်ကို ဝယ်ပါ။

စာသောက်ဆိုင်ဝင်ပါက အရသာ (၃) မျိုးရစေမည့် ဟင်း (၃) မျိုးကို မှာယူစားသုံးပါ။

ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကွာသည် ကိုယ်အင်္ဂါအစိတ်အပိုင်း 'လက်'အား ကိုယ်စားပြုပြီး ကိန်းဂဏန်း (၇) အား ရည်ညွှန်းသည်။ ကံကောင်းခြင်းနိမိတ်ဆောင် (၇) ဂဏန်း (လပ်ကီးဆဲဗင်း) (၇) ဂဏန်းသည် စိတ်ဝိညာဉ်ဆိုင်ရာကိစ္စများအား ဖော်ပြပြီး ကျွမ်းကျင်မှု၊ ပညာဗဟုသုတဆိုင်ရာကွာအား ကိုယ်စားပြုထားသည်။

**ကျွမ်းကျင်မှု၊ ပညာဗဟုသုတဆိုင်ရာ ကွာအတွက် အလျင်အမြန်ဆောင်ရွက်ရမည့် အရာများ**

(၁) အရက်၊ မူးယစ်ဆေး၊ ဆေးလိပ် စသည့် မူးယစ်ပြီး စိတ်ကူးဉာဏ်များအား အနှောင့်အယှက်ပေးသည့် အရာများအား ၎င်းကွာ၌ ဖယ်ရှားပေးပါ။

(၂) အရှုပ်အထွေးအစုအပုံများအား ဖယ်ရှားပေးပါ။

(၃) လိုအပ်ပါက စွမ်းအင်မြှင့်တင်ပေးပါ။

**ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကွာအတွက် အကျဉ်းချုပ်မှတ်စရာ**

**စွမ်းအင်မြှင့်ပစ္စည်းများ**

အပြာရောင်၊စာအုပ်များ၊အလင်းရောင်၊ အစားအစာ၊ ပညာရှိတို့၏ ရုပ်ပုံများ၊ သတ္တု၊ ရေ၊ အမည်း၊ သစ်သား အစိမ်းရောင်။

**အန္တရာယ်ရှိသောပစ္စည်းများ**

အရှုပ်အထွေးများ၊ ပညာမဲ့သော အပြုအမူ၊ ပြစ်မှုကျူးလွန်သူတို့၏ ရုပ်ပုံများ။

ဆန့်ကျင်ဘက်မျက်နှာချင်းဆိုင်ရှိ နေသောကွာ- ဆက်ဆံရေး၊ အချစ်ရေး ဆိုင်ရာကွာ။

ကိုယ်စားပြုကိုယ်အင်္ဂါအစိတ်အ ပိုင်း - လက်။

ဆက်စပ်ပတ်သက်နေသောကိန်း ဂဏန်း- (၇)။

အပိုင်း (၉)

**မိသားစုဆိုင်ရာကွာ**

မိသားစုဆိုင်ရာ ကွာအား စွမ်း အင်မြှင့်ပေးခြင်းဖြင့် အောက်ပါအကျိုး ရလဒ်များကိုရရှိသည်။

ဘဝတစ်သက်တာအတွင်း လုံ စိတ်ချစွာ နေထိုင်နိုင်ခြင်း၊

အိမ်ထောင်ရေးသုခနှင့် ပြည့် စေခြင်း၊

ဘဝ၏စိန်ခေါ်မှုများအားရင်ဆိုင် ကာ မိမိကိုယ်မိမိ ယုံကြည်စိတ်ရှိစေ စိတ်အနှောင့်အယှက်ကင်းစွာ နေထိုင် နိုင်ခြင်း၊

မိသားစုအတွင်း ဆက်ဆံရေး ကောင်းမွန်စေပြီး အရာရာသဟဇာ ဖြစ်စေခြင်း၊

သွေးသားမတော်စပ်သူအား မိသားစုအဖြစ် ယုံကြည်လက်ခံနိုင်ခြင်း

စီးပွားရေးလုပ်ငန်းတိုးတက် ဝင်ငွေကောင်းလာစေခြင်း၊

ရာထူးတိုးတက်ခြင်း၊

ငွေကြေးရနိုင်မည့် အခြေအ များ ဖန်တီးနိုင်ခြင်းနှင့် ငွေကြေးရ အခွင့်အရေးများစွာရရှိခြင်း၊

စိတ်ခံစားမှုအပိုင်း၌ တည်ငြိမ် ရစေရန် စွမ်းဆောင်နိုင်ခြင်း၊

ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင် ရာပါ ကျန်းမာရေးကောင်းခြင်း

ဘဝတစ်သက်တာအတွင်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်းဆုံးအရာများကိုသာ ရွေးချယ်နိုင်ခြင်း။

**မိသားစုဆိုင်ရာကွာအတွက် စွမ်းအင်မြှင့်တင်ပေးနိုင်သည့်ပစ္စည်းများ**

**သစ်သားဓာတ်နှင့်ဆိုင်သောပစ္စည်းများ**

မိသားစုဆိုင်ရာ ကွာအတွက် အရေးကြီးသော ဖရိန်အား သစ်သားဖြင့်ပင် ပြုလုပ်နိုင်သည်။ ထို့ကြောင့် ၎င်းကွာ၌ သစ်သားနှင့် ပတ်သက်သော ပစ္စည်းများ ထားရှိပါ။

**အစိမ်းရောင်ရှိသောပစ္စည်းများ**

အစိမ်းသည် သစ်သားဓာတ်အား ရည်ညွှန်းသည်။ ထို့ကြောင့် အစိမ်းရောင်အား အဆိုပါကွာ၌ အသုံးပြုသင့်သည်။

**အပင်များ**

၎င်းကွာ၌ အပင်များစိုက်ထားပေးခြင်းဖြင့် သစ်သားဓာတ်ဆိုင်ရာ စွမ်းအင်ကို မြင့်တက်စေသည်။

**လေးထောင့်/ထောင့်မှန်စတုဂံပုံရှိသောပစ္စည်းများ**

ထောင့်မှန်စတုဂံပုံရှိ ပစ္စည်းများ (သို့) ဒေါင်လိုက်ပုံစံရှိပစ္စည်းများအား မိသားစုဆိုင်ရာ ကွာ၌ ထားရှိသင့်သည်။

**ရေဓာတ်ကိုယ်စားပြုပစ္စည်းများ**

ရေဓာတ်သည် သစ်သားဓာတ်အား မွေးဖွားဖြစ်တည်ပေးခြင်းလုပ်နိုင်သလို သစ်သားဓာတ်ကိုယ်စားပြု မိသားစု ကွာအား စွမ်းအင်မြှင့်တင်ပေးနိုင် သည်။

**အမည်းရောင်ရှိသောပစ္စည်းများ**

အမည်းရောင်သည် ရေဓာတ်အား ရည်ညွှန်းသည်။ ထို့ကြောင့် မိသားစုဆိုင်ရာကွာ၌ အမည်းရောင်ရှိပစ္စည်းများ ထားရှိသင့်သည်။

**ရေလှိုင်းပုံသင်္ကေတများ**

အဝိုင်းပုံ၊ ချွန်ထက်သောပုံရှိနေသည့် ပစ္စည်းများမှအပ လှိုင်းတွန့်ပုံစံရှိသော ပစ္စည်းများကိုလည်း ရေဓာတ်ကိုယ်စားပြု အမှတ်သင်္ကေတများအဖြစ် ထားရှိနိုင်သည်။

**မိသားစုဆိုင်ရာ ကွာအတွက် အန္တရာယ်ပေးနိုင်သည့်အရာများ**

**သတ္တုပစ္စည်းများ**

ဖျက်ဆီးပျက်သုဉ်းခြင်းပြစက်ဝိုင်းအရ သတ္တုဓာတ် (ဓား၊ လွှ) များသည် သစ်သားဓာတ် (သစ်ပင်)အား ဖျက်ဆီး (ခုတ်လှဲ) ပစ်နိုင်သည်။

ထို့ကြောင့် မိသားစုကွာအတွင်း အိပ်ခန်းကျရောက်ပြီး အိပ်ရာခုတင်သည် သတ္တုဖြင့် ပြုလုပ်သော ခုတင်ဖြစ်ပါက အန္တရာယ်ပေးတော့မည်ကို သတိပြုပါ။ ထို့ကြောင့် သတ္တုအား အရည်ပျော်အောင် ဖျက်ဆီးပစ်နိုင်သည့် မီးဓာတ်ကိုယ်စားပြု အနီရောင်အိပ်ရာခင်း၊ အနီရောင်ခေါင်းအုံးများထားရှိပေးပါ။ သတ္တုဓာတ်(သံ)ဖြင့် ပြုလုပ်သည့် ခုတင်အောက်ခြေအား အနီရောင်ဖဲကြိုးများချည်ထားပေးပါ။

**အဖြူရောင်ရှိပစ္စည်းများ**

အဖြူရောင်သည် သတ္တုဓာတ်အား ရည်ညွှန်းသောကြောင့် မိသားစုဆိုင်ရာ ကွာ (သစ်သားဓာတ်) ရှိရာ၌ မထားရှိသင့်ပါ။

**အဝိုင်းပုံစံရှိပစ္စည်းများ**

အဝိုင်းပုံစံရှိ ပစ္စည်းအားလုံး သတ္တုဓာတ်ကို ရည်ညွှန်းသောကြောင့် မိသားစုဆိုင်ရာကွာ၌ လုံးဝမထားရှိသင့်ပါ။

မိသားစုဆိုင်ရာကွာအား စွမ်းအင်မြှင့်တင်ပေးပါက အောက်ပါအခြေအနေ (၃) ရပ်အတွက် သိသာစွာအပြောင်းအလဲ ဖြစ်စေသည်။

၁။ သင်နှင့်ဆက်ဆံရေး သဟဇာတမဖြစ်သူက တဖြည်းဖြည်း ပြောင်းလဲလာပါမည်။

၂။ သင့်ဘက်မှ လိုအပ်သလို အပြောင်းအလဲလုပ်နိုင်ပါသည်။


၃။ဘဝတစ်သက်တာအတွင်းတွင် မမျှမတဖြစ်ခဲ့သည့် အနေအထားအားလုံးအား မျှတအောင် စွမ်းဆောင်နိုင်သူဖြစ်ပါမည်။

**မိသားစုသံယောဇဉ်အနှောင်အဖွဲ့များ**

မိသားစုဝင်များသည် တစ်ဦးအပေါ် တစ်ဦး သံယောဇဉ်အနှောင်အဖွဲ့များဖြင့် ရစ်ပတ်တတ်ကြသည်။

မိသားစုဆိုင်ရာကွာသည် တစ်ဦးအပေါ် တစ်ဦး သစ္စာစောင့်သိခြင်းကို ရည်ညွှန်းသည်။ တစ်ခါတစ်ရံ မိသားစုဆိုင်ရာအနှောင်အဖွဲ့များကြောင့် ၎င်းကွာအတွက် ပြဿနာအမျိုးမျိုးဖြစ်ရတတ်သည်။

ဦးအောင်လှိုင် (သုဝဏ္ဏ)




**THIS SIDE OF THE BAGUA ALWAYS HAS THE MAIN DOOR OF THE HOME OR ROOM LOCATED ON IT.**

ပို့ကွာအတွင်း မိသားနဆိုင်ရာကွာ တည်ရှိပုံ



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း

## အကြိမ်ကြိမ်အထပ်ထပ်နှင့်

## အောင်ဓာတ်ကိုဆင်

မိုးကလေးရွာလာပြီဆိုလျှင် -

× × ×

ကြက်ဆင်ဖဲထီးကြီးကိုဆောင်း၍ သူ၏အပါးတော်မြဲဒေါင်လိုက်စင်းလွယ်အိတ်အနွမ်းကြီးတကားကားနှင့်ရောက်လာလေ့ရှိသော တပည့်ကျော်ကြီး ဆရာအုန်းကို သတိတရရှိလှ၏။

"ဘယ်လိုတုံး ဆရာအုန်း၊ ပျောက်ချက်သားကောင်းလှချည်လား"

"တူမတွေအိမ်ဘက်ရောက်နေလို့ပါဆရာ။ ဒါက တူမယောက်ျားပါ၊ တူပါ"

"ဩော် - လာ၊ ထိုင်ကြ"

ကျွန်းစားပွဲကြီးပေါ်သို့ ဒေါင်လိုက်စင်းလွယ်အိတ်အနွမ်းကြီးကိုအသာတင်လိုက်ပြီး လွယ်အိတ်ကြိုးနှင့်ယပ်ခတ်နေသော ဆရာအုန်းအား ကျွန်ုပ်က အနီးရှိယပ်တောင်ကိုယူပြီးပေးလိုက်၏။ ပြီးမှ ဘေးနားတွင်ထိုင်နေသော သူ၏တူကို ပြုံးပြလိုက်၏။

"ကားမောင်းဖို့အတွက် ဆရာရေ။ ကားကိုမရလွန်းလို့ဘယ်လိုများဖြစ်နေရတယ်မသိဘူး။ ကဲ - ခရီးရောက်မဆိုက်ဘဲ ကိုယ့်ဆရာဆိုတော့ အပူကပ်ရတော့တာပဲ တတ်နိုင်ဘူး"

"အအေးတောင်းတယ်လုပ်ပါ။ အပူတော့မကပ်ပါနဲ့"

"အဲအဲ - အအေးတောင်းတာပါ"

ကျွန်ုပ်တို့ဆရာတပည့်နှစ်ယောက်ကိုကြည့်၍ ဆရာအုန်း၏တူမှာ သဘောကျနေ၏။ ဆရာအုန်းက ဘာပြောထားသည်မသိ၊ ထိုလူငယ်မှာ ကျွန်ုပ်ကိုရဲရဲပင်မကြည့်ရဲ။ ကျွန်ုပ်ကြည့်လိုက်တိုင်း မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့်လုပ်နေပြီး ခေါင်းငုံ့ငုံ့သွား၏။

"မင်းနာမည်"

"တင်မိုးဦးပါ ဆရာ"

"ဟာ - တင်ကလည်းတင်၊ မိုးကလည်းမိုး၊ ဦးကလည်းဦးပါလားကွဟ။ ဘယ်နှယ့် ငါ့သား၊ မင်းနာမည်က တယ်တင်စီးပါလား"

"ဟို - သားမသိပါဘူးခင်ဗျ၊ မိဘတွေပေးထားတာပါ"

"အေးအေး - ဟုတ်ပြီ မင်းဦးလေးက မင်းကိုဘာမှလုပ်မပေးဘူးလား"

"လုပ်ပေးတယ် ခင်ဗျ"

"လုပ်ပေးတယ်ဆရာ၊ မွေးနံဂြိုဟ်တိုင်မှာ ရေသပ္ပာယ်ခိုင်းပြီး ပန်းလှူခိုင်းတယ်။ ဆရာသင်ပေးထားတဲ့အတိုင်းပဲ"

"ဘယ်ပညာခန်းကိုပြောနေတာလဲ"

"ဆပ္ပတ်လေ ဆရာ၊ ဆပ္ပတ်ပန်းလှူခိုင်းတာ"

"ဩော် . . ."

ထိုလူငယ်ကို ကျွန်ုပ်အကဲခတ်လိုက်ရာ သူဦးလေးပြောလိုက်သည်ကို တစ်ခါလောက်သွားလုပ်ပြီး ဘာမှပြ... မလာ၍ ခပ်ပေါ့ပေါ့သဘောထားနေ... ရ၏။ အသက်မှာ (၁၇)၊ (၁၈) ခန့်ရှိ... ၏။

"အေးအေး - ငါလုပ်ပေးမယ်... မင်းလုပ်မှာလား။ လုပ်မယ်ဆိုမှ ငါပြော... မယ်။ ငါဓာတ်ရိုက်လိုက်ပြီဆိုရင် ဓာ... ထိသွားမှ ငါကကြိုက်တာ။ သာမန်... လျှံကာတော့ ငါလည်းမကြိုက်ဘူး၊ မ... စဉ်းစား၊ လုပ်မယ်ဆိုမှ ငါပြောမယ်..."

"သားလုပ်ပါ့မယ် ဆရာ... ဆရာ့ကိုမြင်ချင်တာနဲ့ကို ဦးလေးကို...

www.burmeseclassic.com



ပြီး တမင်လိုက်လာခဲ့တာပါခင်ဗျ။ ဆရာ ခိုင်းတာ သားလုပ်ပါ့မယ်"

"အေး - ကောင်းပြီ၊ မင်း ဘုရားကိုသွားရမယ်။ သွားရမယ့်ရက်ကို ငါ ပြောမယ်။ အချိန်ကတော့ မင်းအားတဲ့ အချိန်သွား"

"ဟုတ်"

"မင်းမွေးနံ့ထောင့်ကစပြီး ရေသပ္ပာယ်ရမယ်။ မင်းအသက်ထက် တစ်ခွက်ပိုရမယ်။ မင်းအသက်ဘယ်လောက်လဲ"

"(၃၆) နှစ်ပါ ဆရာ"

"ဒါဆို (၃၇) ခွက်သပ္ပာယ်မယ်။ ရေသပ္ပာယ်တုန်းကို ပါးစပ်က ဘုရားဂုဏ်တော်တွေပဲရွတ်နေရမယ်။ ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com

နောက်ဂြိုဟ်တိုင်တစ်ခုကိုသွား၊ လက်ယာရစ်အတိုင်းပဲ၊ အဲဒီမှာလည်း သက်စေ့သပွာယ်။ အရေးကြီးတာ ငါပြောမယ်။ တစ်ဂြိုဟ်နဲ့တစ်ဂြိုဟ်အကူးမှာ မင်းဘာစကားမှပြောလို့မရဘူး။ မင်းမိန်းမပါလာလည်းမပြောရဘူး။ ဘယ်မှလဲမကြည့်ရ ဘူး။ ပါးစပ်က ဘုရားဂုဏ်တော်တွေကိုမနားတမ်းတောက်လျှောက်ရွတ်နေရမယ်"

"ဟုတ်ကဲ့ ဆရာ"

"အဲဒီအတိုင်း အားလုံးဂြိုဟ် (၈) ခွင်လုံးပတ်မယ်။ အားလုံး (၈) ခွင်ပြည့်သွားပြီဆိုတာနဲ့ မင်းမွေးနံထောင့်မှာပြန်သပွာယ်"

"ဩော်"

"မင်းမွေးနံထောင့်ရောက်ရင် သရဏဂုံရွတ်၊ (၃၇) ခေါက်ရွတ်၊ ထိုင်ရှိခိုး၊ မပြီးသေးဘူး။ မင်းမွေးနံထောင့်ကနေပဲပြန်စမယ်။ ပန်း (၅)မျိုး၊ ပန်းပေါင်းစုံပေါ့ကွာ။ လက်နဲ့မိမိရရဆုပ်ကိုင်ပြီး စပူဇော်။ တစ်ဂြိုဟ်မှာ (၅) မျိုးပဲ။ စောစောကလို လက်ယာရစ်လှည့်မယ်။ ခုနအတိုင်း စကားမပြောရဘူး။ ဂုဏ်တော်တွေပဲရွတ်နေမယ်။ တောင်ကြည့်မြောက်ကြည့် မကြည့်ရဘူး။ ဂြိုဟ်(၈)ခွင်လုံးကို ရေတစ်ပတ်၊ ပြီးရင် ပန်းတစ်ပတ်ပူဇော်တာ။ ခုနလိုပဲ မင်းမွေးနံဂြိုဟ်ပြန်ရောက်တဲ့ထိပူဇော်။ မင်းမွေးနံမှာ နှစ်ခါနှစ်ခါဖြစ်မယ်။ ဟုတ်ပြီနော်"

"ဟုတ်ကဲ့ပါ ဆရာ"

"အေး - ဂြိုဟ်(၈)ခွင်ပြီးလို့ မင်းမွေးနံပြန်ရောက်တာနဲ့ သရဏဂုံ (၃၇) ခေါက်ရွတ်၊ ခုနလိုပဲရှိခိုး။ ဘုရားရှိခိုးတာ ဘယ်နှခါရှိသွားပြီလဲ"

"နှစ်ခါရှိသွားပါပြီ ဆရာ"

"အေး - ပြီးရင် မင်းမွေးနံကပဲပြန်စမယ်။ ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးတော်တွေကိုရည်မှန်းပြီး ဖယောင်းတိုင် (၉) တိုင်ထွန်းပူဇော်မယ်။ လေတိုက်လို့ တစ်တိုင်ချင်းထွန်းမရရင် (၉) တိုင်စုထွန်းမယ်။ ဒီလိုပဲ ဘုရားဂုဏ်တော်တွေရွတ်ပြီးထွန်းမယ်။ လက်ယာရစ်လှည့်၊ စကားမပြောရဘူး။ တောင်ကြည့်မြောက်ကြည့်မကြည့်ရဘူး။ ဂုဏ်တော်တွေပဲရွတ်နေရမယ်။ ဂြိုဟ်တိုင်းမှာ (၉) တိုင်ထွန်းမယ်။ မင်းမွေးနံပြန်ရောက်တဲ့အထိထွန်းမယ်။ ရောက်ရင် သရဏဂုံ (၃၇) ခေါက်ရွတ် ဘုရားရှိခိုးမယ်"

"ဟုတ်ကဲ့"

"အားလုံး ဘုရားရှိခိုးတာ ဘယ်နှ

"သုံးခါပါ ဆရာ"

"ရပြီ - ပြန်လို့ရပြီ။ အဲဒီတော့မှ အိမ်ပြန်"

လူငယ်က ဘာမှမဖြစ်။ ဘေးနားတွင်ထိုင်နေသော ဆရာအုန်းမှာ ဒေါင်လိုက်စင်းလွယ်အိတ်ကြီးထဲမှ အမွေးပွလက်ကိုင်ပဝါအဖြူကလေးကိုထုတ်ပြီး မျက်မှန်ကြီးချွတ်ကာ ချွေးသုတ်နေတော့၏။

"ဘာလဲ ဆရာအုန်း၊ ဘေးနားက ထိုင်ပြီး စိတ်ကူးနဲ့ ဂြိုဟ်(၈)ခွင်ပတ်ရင်း မောသွားပြီလား"

"ဟဲဟဲ - အဲလိုကြီးဖြစ်နေလားလို့"

ကျွန်ုပ်က ဆရာအုန်းဆီသို့ ယပ်နှစ်ချက်၊သုံးချက်ခတ်ပေးလိုက်၏။ ဆရာအုန်းကလည်း ကျွန်ုပ်လှမ်းပေးထားသော ယပ်တောင်နှင့်တဖျတ်ဖျတ်လုပ်နေတော့၏။

"သားအဲလိုလုပ်လိုက်ရင် ရပြီပေါ့နော် ဆရာ"

"တစ်ခါနဲ့ဘယ်ရမလဲကွ။ တစ်ပတ်တစ်ခါပဲလုပ်လုပ်၊ သုံးရက်တစ်ခါပဲလုပ်လုပ် သုံးကြိမ်ပြည့်အောင် မင်းလုပ်ရမယ်"

"ဩော် - ဟုတ်ကဲ့၊ လုပ်ပါ့မယ် ဆရာ"

"အေး - လုပ်ရင် မင်းကိစ္စအောင်ပြီ။ ယောင်တောင်ပေါင်တောင်လုပ်နေရင်တော့ ငါလည်းလုပ်မပေးတတ်ဘူး"

"လုပ်ပါ့မယ်ဆရာ"

❑

ထိုနေ့မှစ၍ ရေတွက်သော် - ကျွန်ုပ်အထင် နှစ်ပတ်ခန့်ရှိလောက်မည်ဖြစ်၏။

"အမယ် - ပလေကပ်နဲ့တယ်လှနေပါလား"

"ဟဲဟဲ - ဆရာပဲ မင်းသားဂိုက်နဲ့တူအောင်နေဆို"

"အင်းပါ၊ လာ"

ဒေါင်လိုက်စင်းလွယ်အိတ်အနွမ်းကြီးကို ကျွန်းစားပွဲကြီးပေါ် အသာတင်လိုက်ပြီး -

"ဟိုကောင်လာလိမ့်မယ် ဆရာ"

"ဘယ်သူလဲ"

"တင်မိုးဦးလေ၊ ကားရသွားပြီ။ ဒီနေ့စမောင်းဖို့သွားလေရဲ့။ အဲဒါ မနက်အစောကြီးက တူမက ဆရာ့ကိုသွားကန်တော့ဖို့ပြောနေတယ်။ မောင်ဟိုဒင်းကလည်း ပျာနေတာပဲ။ ဆရာ့ကိုလာကန်တော့လိမ့်မယ်။ နက်ဖြန်နဲ့သန်ဘက်ခါ တစ်ရက်ရက်ပဲ"

"မလိုပါဘူး ဆရာအုန်းရယ်၊ ကလေးတွေအဆင်ပြေရင်ပြီးတာပဲ။ သူတို့အဆင်ပြေရင် ကျွန်တော်ပါ ဝမ်းသာတာပေါ့။ ဆရာအုန်းတူမနဲ့ တူလေးပဲ ဥစ္စာ"

"ဒါပေမယ့် ကန်တော့ရမှာပေါ့ ဆရာရဲ့၊ ထိုင်နေရတာကြာပြီပဲ။ ကျွန်တော်တောင်လုပ်လို့မရဘူး။ ဆရာတွယ်ထဲ့လိုက်တာ ကတဲ. . ."

"ဆရာအုန်းလုပ်ပေးလိုက်ချိန်က သူကံပွင့်ဖို့နည်းနည်းလေးလိုနေသေးလို့ပါ။ ဆရာအုန်းညံ့လို့မဟုတ်ပါဘူး။ ပရိတ်ကြီး (၁၁) သုတ်ကို အာဂုံဆောင်တဲ့ ဆရာအုန်းပဲ။ ကျွန်တော်တောင် အဲလို မရဘူး"

ကလေးလေးလို ငုံ့ပြီးပြုံးနေသော ဆရာအုန်းကို ကျွန်ုပ်သံယောဇဉ်ဖြစ်ရ လွန်း၍ သူ၏ပခုံးလေးကိုလှမ်းကိုင်ထား လိုက်၏။

"ဆရာက ကိုယ့်ကိုယ်ကိုယ်အရ ယုံတာပဲနော်"

"ဘာဖြစ်လို့လဲ"

"တင်မိုးဦးကိုပြောလိုက်တုန်းက ကျွန်တော်ကြည့်နေတယ်၊ အရမ်းအား တာပဲ။ ဒီကောင်က လူကတ်"

"သိသားပဲ ကျွန်တော်"

"တော်ရုံနဲ့ ဘာမှလုပ်တာမဟုတ် ဘူး။ ဟော - ဆရာလည်းခိုင်းလိုက်ရော လုပ်ပ့ါဗျာ ကျကျနန။ သူနှစ်ကြိမ်သွား နောက်နေ့ အလုပ်ကလှမ်းခေါ်တာပဲ ဒါအရင်တွေ့လွဲလွဲနေတာနော်။ဒီကောင် ဆိုတာ ပြောလို့မဆုံးဘူး။ သူလက်ထွေ ဖြစ်သွားပြီလေ"

"ဆရာအုန်းပြောလို့ပြောရဦးမယ် လူတစ်ယောက်ကို အောင်မြင်ဖို့ ပြု ပေးရတဲ့သူက သူ့ပညာကိုတောင်သူမ ရင်၊ သူ့ကိုယ်သူတောင်သူမယုံရင် တစ်ဖက်သားက သူ့ကိုဘယ်လိုလုပ်ယုံ တော့မလဲ။ သူ့ပညာကိုတောင် သူမ တစ်ဝက်ယုံတစ်ဝက်နဲ့ဖြစ်နေရင် သူ ကို အောင်မြင်ရစေမယ်လို့ ပိုင်ပိုင်နိုင် ပြောရဲပါတော့မလား"

"ဟုတ်ပါတယ် ဆရာ"

"အေး-ကိုယ့်ကိုယ်ကိုယ်ယုံကြ ဖို့အရေးကြီးတယ်။ ကိုယ့်အကျင့်စ ကို ကိုယ်ယုံရမယ်။ ကိုယ့်စွမ်းအား ကိုယ်ယုံရမယ်။အရေးအကြီးဆုံးက ကိုယ်အမြဲဦးထိပ်ထားတဲ့ ရတနာ (၃) ပါး ဂုဏ်ကျေးဇူးတော်ကို ကြ ပူဇော်တဲ့ ကောင်းမှုကုသိုလ်အ



www.burmeseclassic.com

www.burmeseclassic.com

တွေကို ယုံကြည်ဖို့ပဲ"

"ဟုတ်ကဲ့"

"ဒါဆိုပြီးပြီပေါ့။ မဖြစ်ဘူးဆိုတာ ဘာမှမရှိတော့ဘူး၊ ဖြစ်ပြီ။ ခုပဲ ဆရာ အုန်း လက်တွေ့ပဲလေ"

"ဒီပြင် နေ့နံတွေလည်း ဒီလိုပဲပေါ့ နော် ဆရာ"

"အထက်ဆောင်ပန်းကတော့ မတူဘူးလေ ဆရာအုန်း။ ဒီပညာခန်းက ဟိုအရင်ပြောခဲ့ဖူးပြီ။ မေ့သွားပြီလား"

"အထက်ဆောင်ပန်း. . ."

"အေးလေ - တင်မိုးဦးဆပွတ်က ဘာလဲ"

"ကြာသပတေးပါ"

"ပန်း (၅) မျိုးလေ၊ မေမြို့ဆိုရော မပြီးဘူးလား"

"ဟုတ်ကဲ့ - ပြီးပါတယ်"

"ဒါပေမယ့် သူ့နာမည်ကြောင့် သူ့ကို ပန်း(၅)မျိုးပြည့်အောင်လှူခိုင်းလိုက်တာပဲ ဆရာအုန်း။ အဲဒီမှာမြင်တဲ့အတိုင်းပဲ ဓာတ်ထိသွားတာ"

"မြင်တယ် ဆရာ၊ မြင်တယ်"

သူ့နဖူးလေးကို သူ့လက်ဝါးလေးနှင့် ဖတ်ခနဲရိုက်လိုက်ပြီးရယ်နေ၏။ ဒေါင်လိုက်စင်းလွယ်အိတ်ကြီးမှ လွယ်အိတ်ကြီးကိုကိုင်၍ သူ့ကိုယ်သူ ယပ်ခတ်နေသလိုလုပ်နေပြန်သောကြောင့် ကျွန်ုပ်က ဘေးနားရှိယပ်တောင်တစ်ချောင်းကို လှမ်းယူပြီး ဆရာအုန်းကိုပေးလိုက်၏။ မီးတဝေါ်ဝေါ်ကြားတွင် ချွေးစပြန်နေပုံရ၏။ အထက်ဆောင်ပန်းဆိုလိုက်သည်နှင့် သူ၏မျက်လုံးမှာ ပိုမိုပြူးကျယ်လာ၏။

"ဒါဆို တနင်္ဂနွေဆို ပန်း (၆) မျိုးပေါ့နော် ဆရာ"

"သပြေညွန့်တွေဝေနေအောင်လှူသွားရင်လည်းရပါတယ်။ ဖြစ်နိုင်ရင်တော့ (၆)မျိုးပေါ့။ ကျန်တာအတူတူပဲ။

တနင်္လာက နှင်းဆီတို့၊ ဒန်းတို့ပေါ့ဗျာ။ အဆင်ပြေရင်တော့ (၇) မျိုးပေါ့။

အင်္ဂါက အုန်းဖူး၊ အုန်းပန်းတွေ ပူဇော်ပေါ့။

ဗုဒ္ဓဟူးက ဂန္ဓမာပန်းတို့၊ ကံ့ကော်ညွန့်တို့ ပူဇော်ပေါ့။ ခက်ခဲလွန်းရင် ကြံညွှန့်ပေါ့။ ဖြစ်နိုင်ရင်တော့ ပန်း (၉) မျိုးပေါ့။

ကြာသပတေးက စံပယ်ပန်းပွင့်တွေပူဇော်သွားလည်းရတယ်။ ဇွန်ပန်းရတယ်။ ခက်ခဲရင်တော့ ပန်း (၃)မျိုးပေါ့။

သောကြာက ရွှက်လှ၊ ဝါးညွန့်ရတယ်။ အဆင်ပြေရင်တော့ ပန်းပေါင်းစုံ (၄) မျိုးပေါ့။

စနေကတော့ တင်မိုးဦးလိုပေါ့"

"ဟုတ်ကဲ့"

"အထက်ဆောင်ပန်းက ဆပွတ်ကိုလှူခိုင်းတာလေ။ ဒါကြောင့် ဘယ်လိုလုပ်တူနိုင်ပါ့မလဲ။ သိရက်သားနဲ့ တွေဝေသွားပြန်ပြီ"

ကျွန်ုပ်ပြောနေသည်ကိုအာရုံစိုက်နေရင်း ခေါင်းကမသိမသာငုံ့ချင်သလိုလိုဖြစ်သွားပြီး မျက်လုံးက ဒေါင်လိုက်စင်းလွယ်အိတ်ကြီးဆီ ရောက်သွား၏။ လွယ်အိတ်ကြီးထဲမှ အနားလိပ်နေသော ဒိုင်ယာရီစာအုပ်ကြီးနှင့် သုံးရောင်ခြယ်ဘောလ်ပင်ကို သတိရနေဟန်ရှိ၏။၏

"ဒါဘာမှခက်ခက်ခဲခဲမပါပါဘူး"

"ဟုတ်ကဲ့"

"တင်မိုးဦး မလာခင်လေးတင်ပြီးခဲ့တဲ့လက အဲလိုပဲတစ်ယောက် အဲဒီကားကိစ္စပဲ။ သူက ကားဝယ်ထားပြီး လုပ်ငန်းထဲထည့်ဖို့ပြောထားတာ မထူးလို့ ကုမ္ပဏီမှထည့်ထားဖို့"

"ဪော်"

"ဒီလိုပဲ၊ ခုလိုပဲ ဂြိုဟ် (၈)ခွင်အစီအရင်နဲ့ ဘုရားပူဇော်ခိုင်းလိုက်တာပဲ။ သူက ဗုဒ္ဓဟူးသား၊ ဗုဒ္ဓဟူးနာမည်"

"ဒါဆို ကံ့ကော်ပေါ့နော် ဆရာ"

"ဟုတ်တယ် ကံ့ကော်၊ သူ့လည်း ဒီလိုပဲ တစ်ပတ်ချင်းပူဇော်ခိုင်းတာ။ သူကတော့ တင်မိုးဦးလိုမဟုတ်ဘူး။ သုံးကြိမ်ပြည့်ပြီးတော့တောင် ရက်နည်းနည်းစောင့်လိုက်ရသေးတယ်။ ပြီးတော့ အဆင်ပြေသွားတယ်"

"ဟုတ်ကဲ့"

"အဲဒီမှာဗျာ၊ ဆရာအုန်းကို ကျွန်တော်ပြောနေရင်းနဲ့ သတိရသွားတဲ့သူတစ်ယောက်ရှိတယ် အမျိုးသမီး။ သူကတော့ ငွေကြေးအတော့်ကိုပိတ်နေတဲ့သူ"

"ဪော်"

"နာမည်က အင်္ဂါ၊ လူလည်း အင်္ဂါသမီး"

"သူ့ကျတော့ အုန်းပန်းပေါ့"

"မရဘူး။ သူက ကံလည်းနိမ့်၊ ငွေနံတွေလည်းညံ့ပြီး ပိတ်နေတာနဲ့ ပန်းပေါင်းစုံဆယ်မျိုးနဲ့ကိုပတ်ခိုင်းတာ"

"ဟာ - အများကြီးပဲ"

"သူ့ကိစ္စလည်းကြည့်ဦးလေ ဆရာအုန်း။ သူနဲ့တန်တဲ့တန်ဖိုးတော့ သူပြန်ပေးရမှာပေါ့"

"ဟုတ်ကဲ့"

"သူက ပထမတော့ ခင်ဗျားပန်းလှူ၊ ရေလှူ၊ ဖယောင်းတိုင်လှူရမယ်ဆိုတော့ ခပ်ပေါ့ပေါ့ပဲ။ ရတယ်လေ ဆရာ၊ အားတဲ့နေ့သွားလိုက်ပါ့မယ်တဲ့။ အားတဲ့နေ့မဟုတ်ဘူး၊ ခင်ဗျားသွားရမယ့်ရက်က ဒီရက်ဒီရက်လို့ပြောပြီးမှ ခုနအစီအရင်ကိုပြောလိုက်တယ်။ ဒီတော့မှ သူ လန့်သွားတယ်။ ဟာ - မလွယ်ပါလားတဲ့။ စကားမပြောရဘူးဗျာ။ ဓောင်ကြည့်မြောက်ကြည့်မကြည့်ရဘူး။မလိုက်နာရင် အဲဒီအခေါက်ဟာ မအောင်မြင်ဘူးလို့ပြောလိုက်တော့ လန့်သွားတာပေါ့။ ဒါနဲ့ သူလည်း အားတက်သရော သွားလုပ်တော့တာပဲ။ တစ်ခေါက်ပြီးတိုင်း တစ်ခါလာပြောတယ်။ ဟော - ငွေတံပွင့်သွားတာပါပဲ။ ငှက်ကျွေး၊ ခွေးကျွေးဆိုတဲ့ တနင်္လာနံအားဖြည့်တဲ့ ကုသိုလ်လေးတွေတော့ပါတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

"နောက်တစ်ယောက်က ကြွေးတွေမရတာ"

"သူ့ကျတော့ရော ဆရာ"

"ပန်း (၇) မျိုးဗျ"

"ဩ - ဒါဆို စနေသားဖြစ်မယ်"

"တနင်္လာသမီး၊ ခင်ဗျားကလည်း"

"ဪော်-ဟုတ်ကဲ့၊ တနင်္လာသမီး"

"ဒီလိုပဲ ဂြိုဟ် (၈) ခွင်လုံးရေပတ်၊ ပန်း (၇) မျိုးပတ်၊ ဖယောင်းတိုင်ပတ်လှူပေါ့ဗျာ။ သူက ပန်း (၇) မျိုးကို အစည်း (၉)စည်းစည်းပြီး ကျွတ်ကျွတ်အိတ်ကြီးနဲ့ထည့်၊ တစ်ယောက်ကိုကိုင်ခိုင်းတာဗျ။ အဲဒီမှာ ပထမဆုံးအခေါက်ပတ်စဉ်က ရေခွက်ခြောက်ဆယ်လောင်းလည်းပြီးရော ဆရာက ငါ့ဘယ်လိုခိုင်းလိုက်တယ် မသိဘူး၊ လက်ကိုညောင်းရောဆိုပြီး အဖော်ပါလာတဲ့သူကိုသွားပြောလို့ ဟာ ပေါက်သွားပါပြီဆိုပြီး သူ့ဟာသူ နောက်နေ့ထပ်လုပ်သတဲ့"

"ဪော် - စကားပြောလိုက်လို့"

"ဟုတ်တယ်၊ သူက (၅၉) နှစ်လေ၊ ရေခွက်ခြောက်ဆယ်လောင်းရတာကိုး။ နောက်တော့လည်း သူ့ဟာသူ ဖြည်းဖြည်းချင်း ရေသပ္ပာယ်ပြီး အောင်မြင်သွားတာပါပဲ"

"ကျွန်တော်တောင် အဲဒီအစီအရင်လုပ်ချင်နေပြီ"

"ကောင်းတာပေါ့ ဆရာအုန်းရဲ့၊ ကျွန်တော်ဆို ဘုရားရောက်တိုင်း အဲဒီလိုကန်တော့တယ်။ ကျွန်တော်က ယပ်တောင်အသစ်တစ်ချောင်းပါ ဝယ်သွားတယ်"

"ဪော် - ဆရာက ယပ်ပါတာကိုး"

www.burmeseclassic.com

# ဆီးကျောက်ကျွန်းခေါက်နဲ့ပျောက်

နေမဝင်(နတ်မောက်)

ယောက်ျားမှာဆီးဟု ဆိုပါသည်။ အမျိုးသားများတွင် ဆီးလမ်းကြောင်း မဖြောင့်ဘဲ ကျောက်တည်ခြင်း၊ ဆီးပူ ဆီးချုပ်၊ ဆီးခန်းခြင်း၊ ဆီးများ၊ ဆီးလွန် ခြင်းဆိုသော ဆီးဝေဒနာများ ခံစားရ တတ်ပါသည်။

ဆီးပုံမှန်သွားပြီး ကျန်းမာနေစဉ် တွင် ထိုတန်ဖိုးကိုမသိသော်လည်း ဆီး ဝေဒနာခံစားလာရပြီဆိုလျှင် ချွေးဇော ပြန်တာ သေမလား၊ သေမတတ်ပင် ဝေဒနာဆိုး ခံစားရတတ်သည်မှာ အမှန် ပင်။

အထူးသဖြင့် ဆီးခဲသွားခြင်း၊ ဆီး လမ်းကြောင်းကျောက်တည်နေပြီဆိုလျှင် အမယ်လေး၊ ဘလေးတနေရအောင် လူးလှိမ့်ခံစားရတတ်ပါသည်။

အောက်ဖော်ပြပါ ကျွန်းခေါက် ဆေးသည် ဆီးကျောက်တည်ခြင်း အတွက် အလွန်ပင်အသုံးတည့်လှသဖြင့် ကြုံတွေ့တိုက်ဆိုင်လျှင် အလွယ်တကူ အသုံးပြုနိုင်ရန် တင်ပြပါသည်။

အညာဒေသနှင့် မြေလတ်ပိုင်း တွင် အလေ့ကျ ကျွန်းပင်ပုများ ပေါများ စွာပေါက်ရောက်ပါသည်။ အိမ်ဆောက်၊ ပရိဘောဂပြုလုပ်၍ရနိုင်သည့်အခြေအနေ မရှိသော ကျွန်းပင်ပေါက်တွေ ဖြစ်ပါ သည်။ ထိုအလေ့ကျကျွန်းပင်ပုလေး များမှ ကျွန်းသီးအကြွေများကို ပျိုး ထောင်ရန် ကောက်ယူရောင်းချ၍ရပါ သည်။

ထိုအလေ့ကျကျွန်းပင်လေးများ မှအခေါက်သည် ဆီးရောဂါအတွက် အလွန်ပင် အစွမ်းထက်ပါသည်။ အထူး သဖြင့် ဆီးလမ်းကြောင်းကျောက် တည်ခြင်းကို ခြေဖျက်နိုင်စွမ်းရှိပါသည်။

ကျွန်းပင်မှ ကျွန်းခေါက်အစိုကို ခွာယူပြီး နုပ်နုပ်လှီးဖြတ်ရပါသည်။ လက်တွင်းတစ်ဆုပ်ခန့်ရရှိလျှင် ရေမတ် ခွက်သုံးခွက်နှင့်တစ်ခွက်စာကျန်အောင် ပြုတ်ကျိုရပါသည်။ ထိုပြုတ်ရည်ကိုစစ် ယူပြီး သောက်ပေးရပါသည်။ ကျောက်နု လျှင် အရည်ပျော်ဆင်းသွားပါမည်။ ကျောက်ရင့်လျှင် ဆီးလမ်းကြောင်းမှ တိုး ထွက်ကျဆင်းလာပါမည်။ သို့သော် ကျောက်အလွန်ရင့်ပြီး ကျောက်ကြီးမား လျှင် မပျောက်နိုင်ပါ။ ခွဲစိတ်ထုတ်မှသာ ရပါသည်။သို့သော် ထိုပြုတ်ရည်သောက် ခြင်းဖြင့် ဘေးထွက်ဆိုးကျိုးမရှိပါ။ တိုက် ဆိုင်ကြုံတွေ့လျှင် ယုံကြည်စွာ အသုံးပြု နိုင်ပါသည်။

နေမဝင် (နတ်မောက်)

"ကျွန်တော့်သဘောနဲ့ကျွန်တော် ပါ။ ယပ်ပါရမယ်လို့တော့မဟုတ်ပါဘူး။ ကျွန်တော်ကတော့ဗျာ၊ ရေက အာပေါ၊ ပန်းတွေက ပထဝီ၊ မီးက တေဇော၊ ယပ် တောင်သွင်းပူဇော်တာက ဝါယောဆိုပြီး ဓာတ်ကြီး (၄)ပါးနဲ့ပူဇော်တဲ့သဘောပါ"

"ဟာ-ဒါဆိုယပ်တော်သွင်းတော့ ရေသပ္ပာယ်တဲ့ရုပ်ပွားတော်. . ."

"မဟုတ်ဘူး၊ ရေသပ္ပယ်တဲ့နေရာ ရဲ့နောက်ဘက်နားမှာ တစ်ဝဂ္ဂုရုပ်ပွား တော့်မြတ်တွေအပူဇော်ခံနေတာရှိတယ် လေ။ အဲဒီရုပ်ပွားတော်မြတ်ကြီးတွေဆီ သွားပြီး ယပ်တော်သွင်းပူဇော်တာပေါ့။ ဂုဏ်တော် (၉) ပါးရွတ်ပြီး (၉)ချက်ပေါ့။ ဒါပေမယ့် ပန်းရယ်၊ ရေရယ်၊ မီးရယ် ပူဇော်တာနဲ့တင် အရမ်းကိုအောင်မြင် နေကြတာများတယ် ဆရာအုန်း။ အဲဒီ လိုပဲ ပူဇော်ပါ ဆရာအုန်းလည်း"

"ဟုတ်ကဲ့ပါ"

"ကာယိကထများလွန်းရင်လည်း လူဆိုတာ မလုပ်ချင်ကြတော့ဘူး ဆရာ အုန်းရဲ့။ သူတို့ဘက်လည်း တွေးပေးရ သေးတယ်။ ကိုယ်လုပ်နိုင်းလို့ဝန်ပိရင် မကောင်းဘူးလေ။ ဘာလဲ၊ ခုပြောနေ တာတွေကို မှတ်ချင်နေပြန်ပြီမို့လား။ ကဲ- မှတ်ဗျာ၊ မှတ်မှတ်။ (၇) ရက်သားသမီး တွေကိုအောင်မြင်ဖို့ ဒီအစီအရင်ပေးရင် လည်း သူတို့ရဲ့မွေးနံ့အထက်မှာပေါ်တဲ့ ရက်တွေကိုလုပ်ခိုင်းပေါ့ ဆရာအုန်းရယ်။ တနင်္ဂနွေသားသမီးတွေလုပ်ချင်ရင် အင်္ဂါ နေ့၊ ဗုဒ္ဓဟူးနေ့၊ စနေနေ့ပေါ့။ တနင်္လာ သားသမီးတွေက ဗုဒ္ဓဟူး၊ တနင်္ဂနွေ၊ ကြာသပတေးနေ့မျိုးပေါ့။ ကဲပြော - နောက်နေ့တွေ"

လက်ထဲတွင်ပါလာသော အနား လိပ်ဒိုင်ယာရီကိုကိုင်ထားရင်း ကျွန်ုပ်ကို ကြည့်လိုက်ပြီး -

"အဲ - အင်္ဂါဆိုရင် ကြာသပတေး နေ့၊ တနင်္လာနေ့၊ သောကြာနေ့။ ဗုဒ္ဓဟူး က သောကြာနေ့၊ အင်္ဂါနေ့၊ စနေနေ့။ ကြာသပတေးက စနေနေ့၊ ဗုဒ္ဓဟူးနေ့၊ တနင်္ဂနွေနေ့။ သောကြာဆိုရင် တနင်္ဂနွေ နေ့၊ ကြာသပတေးနေ့၊ တနင်္လာနေ့။ စနေက တနင်္လာနေ့၊ သောကြာနေ့၊ အင်္ဂါနေ့တွေပါ ဆရာ"

"ဘာလုပ်တာလဲ လက်ကြီးတချိုး ချိုးနဲ့"

"ဟဲဟဲ - ဆရာစာပြန်ခိုင်းရင် လက်ချိုးရေပြီး ပြန်နေတတ်တာအကျင့် ပါနေလို့ပါ ဟဲဟဲ"

"ဖြစ်မယ် ဆရာအုန်းကတော့။ ခင်ဗျားတူကို ကျွန်တော်လုပ်ခိုင်းတဲ့ရက် မှတ်မိလား"

"အင်္ဂါနေ့ဆရာ၊ မှတ်မိတယ်"

"အေး - အဲဒါပဲ မှတ်ထားပေ တော့၊ (၇) ရက်သားသမီးတွေအောင် မြင်ဖို့လုပ်ပေးလိုက်တော့"

"တင်မိုးဦးတို့ နက်ဖြန်ဖြစ်ဖြစ်၊ သန်ဘက်ခါဖြစ်ဖြစ်လာကြမှာဆရာ"

"ကဲပါ - လာလာ၊ မလာလာ ဆရာအုန်းပြန်ရင် ဈေးဘက်လိုက်လမ်း လျှောက်မယ်။ ပြီးရင် ဒိန်ချဉ်တိုက်မယ်။ စိတ်ဆိုးသွားလား"

"ဟာ - ကျွန်တော် အားကြီးစိတ် ဆိုးတယ်"

နှစ်ယောက်သား အားရပါးရရယ် ကြပြီး ကျွန်ုပ်က ဆရာအုန်း၏ပခုံးလေး အား ချစ်စနိုးဖက်ထားလိုက်လေတော့ သတည်း။

❑

ကြက်ဆင်ဖဲထီးကြီးကိုဆောင်း၍ သူ၏အပါးတော်မြဲဒေါင်လိုက်စင်းလွယ် အိတ်အနွမ်းကြီးတကားကားနှင့်ရောက် လာလေ့ရှိသော တပည့်ကျော်ကြီး ဆရာ အုန်းကို သတိတရရှိလှ၏။

မိုးလေးရွာလာပြီဆိုလျှင်. . .

ဆရာဦးမောင်မောင်သ[illegible]

(ရင်ကိုအေးမြ[illegible]သား)



www.burmeseclassic.com

www.burmeseclassic.com

လှမိုး(ပညာရေး)

# ပဉ္စလက်ဆရာတစ်ဦး၏ သည်းထိတ်ရင်ဖို

ကျွန်တော်သည် သူရဋ္ဌမဂ္ဂဇင်းကြီးတွင် သမိုင်းအဆက်ဆက် ထင်ရှားခဲ့သော နိုင်ငံတကာမှ ပဉ္စလက်ဆရာများ၊ ကမ္ဘာ့ပဉ္စလက်ပညာသမိုင်းတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော သော့ဝိဇ္ဇာ၊ ကိုယ်ပျောက်ဝိဇ္ဇာ ဟူဒီနီ အကြောင်းဆောင်းပါးများကို အခါအားလျော်စွာ ရေးသားဖော်ပြခဲ့ပြီး ဖြစ်သည့်အပြင် ဟူဒီနီ၏ လျှို့ဝှက်နက်နဲသော ပြကွက်များနှင့် သူ၏ သည်းထိတ်ရင်ဖို စွန့်စားခန်းများအကြောင်း ရေးသားပြုစုထားသော 'ဟူဒီနီ၏ လျှို့ဝှက်ချက်များ' ဟူသော စာအုပ်တစ်အုပ်အား 'ဇာခန်းဆီးနောက်ကွယ်မှပဉ္စလက်ဆရာ'အမည်ဖြင့် မြန်မာဘာသာပြန်ဆိုခဲ့ရာ ယင်းစာအုပ်ကို ပညာရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေခဲ့ပါသည်။

သို့ဖြစ်၍ ကျွန်တော်တို့ စာဖတ်ပရိသတ်ကြီးအဖို့ အနောက်ပဉ္စလက်ဆရာများနှင့် ပတ်သက်၍ အတော်အသင့် ဖတ်ရှုခဲ့ပြီဟု ယူဆမိပါသည်။ ကျွန်တော်တို့ လေးစားရသော စာရေးဆရာကြီးများကလည်း အနောက်တိုင်းပညာနှင့်ပတ်သက်သောဆောင်းပါးအချို့ကို မဂ္ဂဇင်းများ၊ ဂျာနယ်များတွင် ရေးသား ဖော်ပြခဲ့ကြပြီး ဖြစ်ပါသည်။

ထို့အတူ ၂၁ ရာစုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုမှ ခေတ်သစ်ပဉ္စလက်ဆရာတစ်ဦးဖြစ်သော ဒေးဗစ်ကော်ပါဖီး(လ်)၏ သည်းထိတ်ရင်ဖိုဖွယ်ရာပြကွက်များကို ဗွီဒီယိုအခွေများတွင်လည်းကောင်း၊ မြန်မာရုပ်သံလွှင့်အစီအစဉ်များတွင် လည်းကောင်း အခါအားလျော်စွာ ထုတ်လွှင့်ပြသခဲ့ပြီး ဖြစ်ပါသည်။ ထိုထုတ်လွှင့်ပြသခဲ့သော ပြကွက်များအရ အလွန်ကြီးမားသော ခရီးသည်







www.burmeseclassic.com

တင်လေယာဉ်ကြီးတစ်စင်းကို ပွဲကြည့်ပရိသတ်များရှေ့မှ ရုတ်တရက်ပျောက်သွားစေသည့်ပြကွက်၊ တရုတ်နိုင်ငံမှ ကမ္ဘာကျော်တံတိုင်းကြီးအား ပရိသတ်မြင်ကွင်းမှ ပျောက်သွားစေသည့်ပြခန်းနှင့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ဆိပ်ကမ်းမှ လွတ်လပ်ရေးရုပ်တုကြီးတစ်ခုလုံးအားလည်း ရှေ့ပွဲလာပရိသတ်တို့ မျက်စိရှေ့အောက်မှ ပျောက်သွားစေသော ပြကွက်တို့မှာ အံ့ဖွယ်သရဲဖြစ်ခဲ့ရသည်။ ပဉ္စလက်ဆရာတို့၏ ပြကွက်များသည် လူအများအား မျက်စိလှည့်စားခြင်းသာ ဖြစ်သည်ဟု ခေတ်အဆက်ဆက် ယုံကြည်ခဲ့ကြသော်လည်း ပဉ္စလက်ပညာ၏ လျှို့ဝှက်ဆန်းကြယ်မှုကိုမူ အသိအမှတ်ပြုခဲ့ကြသည်။

ယခုရေးသားဖော်ပြမည့် ဗြိတိသျှအမျိုးသား ပဉ္စလက်ဆရာ ဂျက်စပါမက်(စ်)ကလင်းဆိုသူနှင့် သူ့ပဉ္စလက်အဖွဲ့မှ အဖွဲ့သားများ၏ အံ့သြဖွယ်ရာ စွန့်စားခန်း သို့မဟုတ် ထိုပဉ္စလက်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ ဂျက်စပါမက်(စ်)ကလင်းဆိုသူ၏ သည်းထိတ်ရင်ဖိုဖွယ်ရာ စွန့်စားခန်းဖြစ်ပါသည်။ ဂျက်စပါမက်(စ်)ကလင်းမှာ ဒုတိယကမ္ဘာစစ်ကြိုကာလ အင်္ဂလန်နိုင်ငံတွင်သာမက အမေရိကန်ပြည်ထောင်စုတွင်ပါ ဟိုးဟိုးကျော်သော ပဉ္စလက်ဆရာတစ်ဦးဖြစ်သည်ဟု လူအများက သတ်မှတ်ထားခဲ့ကြပါသည်။ သတင်းမီဒီယာအများကမူ တစ်ချိန်က သော့ဝိဇ္ဇာ၊ကိုယ်ပျောက်ဝိဇ္ဇာ၊နာနာဘာဝများ၏ အကူအညီနှင့် ပဉ္စလက်ပြကွက်များကိုပြသခဲ့သူဟု လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော ပဉ္စလက်ဆရာ ဟူဒီနီ၏ ခြေရာကိုနင်းနိုင်သူဟုဆိုခဲ့ကြပြီး ဒုတိယဟူဒီနီဟု ကင်ပွန်းတပ်ခဲ့ကြသည်။

အင်္ဂလန်နိုင်ငံ ဝက်(စ်)အင့်ရပ်ကွက်ရှိ ပြဇာတ်ရုံများတွင် ဂျက်(စ်)ပါမတ်(စ်)ကလင်း၏အဖွဲ့သည် ပဉ္စလက်ပြကွက်ဆန်းများ စင်တင်ပြသလေ့ရှိသည်ဟု ဆိုသည်။ သူ့ပဉ္စလက်အဖွဲ့၏ ဇာတ်စင်အဆင်အပြင်မှာ ပွဲလာပရိသတ်များအား ဖမ်းစားစေနိုင်ခဲ့ပြီး သူ၏ လူထုအား လှည့်စားနိုင်သည့် ပဉ္စလက်ပညာရပ်မှာ အံ့မခန်းဖြစ်ခဲ့သည်ဟု သိရ၏။ အင်္ဂလန်နိုင်ငံမှ တော်ဝင်မိသားစုများမှာ ဂျက်(စ်)ပါမတ်(စ)ကလင်း၏ ပရိသတ်များဖြစ်သည်သာမက အခါအားလျော်စွာ သူ့အား ဘာကင်ဟန်နန်းတော်သို့ ဖိတ်ကြားလေ့ရှိသည်ဟုလည်း ဆိုသည်။ အမေရိကန်ပြည်ထောင်စု ပဉ္စလက်ဆရာများ လောကကိုပါ ထိုးဖောက်နိုင်ခဲ့သူဖြစ်၏။ အမေရိကန်ပြည်ထောင်စု လားဗီဂတ်(စ်)မြို့တွင် သူ့ပဉ္စလက်အဖွဲ့သည် ရက်သတ္တပတ်ပေါင်းများစွာ စင်တင်ပြသခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့သည်။ သူ့အဖွဲ့၏ ပြဇာတ်အခမ်းအနားပြင်ဆင်မှုမှာ အံ့ဖွယ်သရဲဖြစ်ပါသည်ဟု အမေရိကန်ပြည်ထောင်စုမှ ဩဇာတိက္ကမအကြီးမားဆုံး သတင်းစာတစ်စောင်ဖြစ်သော ဘိုစတုန်မြို့မှ ထုတ်ဝေသော ဘိုစတုန်ကမ္ဘာလုံးသတင်းစာကြီးက အကျယ်တဝင့် ကျယ်ကျယ်ပြန့်ပြန့် ရေးသား ဖော်ပြခဲ့သည်ဟု သိရ၏။



ယခု ရေးသားမည့် ဖြစ်စဉ်မှာ တစ်ချိန်က ဇာတ်စင်ပေါ်တွင် ပဉ္စလက်ပြကွက်များဖြင့် လူထုပရိသတ်ကြီးအား လှည့်ဖြားနိုင်ခဲ့သော ပဉ္စလက်ဆရာ ဂျက်စပါမက်(စ်)ကလင်းသည် နိုင်ငံအတွက် အရေးကြုံလာသည့်အခါ သူနှင့် သူ့ပဉ္စလက်အဖွဲ့သားများသည် နာဇီဂျာမန်တို့၏ကန္တာရမြေခွေး (Desert Fox) ဟု ကင်ပွန်းတပ်ခံရသော ဗိုလ်ချုပ်ကြီး ရိုမဲ(လ်)၏ တိုက်တိုင်းအောင် တပ်မတော်ကြီးအား အရှုံးနှင့်ရင်ဆိုင်စေရန် တစ်ဖက်တစ်လမ်းမှဆောင်ရွက်ခဲ့သည်။ ထူးခြားဖြစ်စဉ်ဖြစ်ပါသည်။

ထိုဖြစ်စဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလဆန်းတွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလာသောအခါ အင်္ဂလန်နိုင်ငံတွင် အကြီးဆုံးလေယာဉ်ဖြင့် အမြောက်ကြီး(၂၂၀၀)ကျော်၊ အပေါ့စားအမြောက် (၁၈၆၀) လက်နှင့် ညအချိန် ရန်သူလေယာဉ်ပျံများကို ရှာဖွေကြည့်ရှုနိုင်သော မီးမောင်းကြီးပေါင်း (၄၀၀၀) ကျော် ရှိသည်ဆိုသည်။

စစ်ကြီးစတင်ဖြစ်ပွားပြီး လပိုင်းအတွင်းမှာပင် နာဇီဂျာမန်တို့၏လျှပ်တစ်ပြက်ထိုးစစ်ကြောင့် ဗြိတိသျှနှင့် မဟာမိတ်တို့မှာ အဆုံးအရှုံးနှင့်ရင်ဆိုင်လာခဲ့ရသည်။ နာဇီဂျာမန်တို့အဖို့ အောင်ပွဲခံရန် သေချာသလောက်ဖြစ်ခဲ့လေသည်။ ဒိန်းမတ်၊ နယ်သာလန်၊ လူဇင်ဘတ်နှင့် ဘယ်(လ်)ဂျီယန်နိုင်ငံတို့မှာ နာရီပိုင်း၊ ရက်ပိုင်းအတွင်း လက်နက်ချခဲ့ကြရပြီး အစဉ်အလာ ကြီးမားခဲ့သော ပြင်သစ်နိုင်ငံမှာပင် ၁၉၄၀ ပြည့်နှစ်၊ ဇွန် ၂ရက်နေ့တွင် ဂျာမနီတို့ထံ လက်နက်ချခဲ့ရသည်။ ဥရောပတိုက်ရှိ ဗြိတိသျှနှင့် မဟာမိတ်တပ်များသည် ဒန်းကပ်တွင် စုစည်းခဲ့ကြပြီး ဗြိတိသျှရေလက်ကြားကို ဖြတ်ကျော်ကာ အင်္ဂလန်နိုင်ငံသို့ဆုတ်ခွာသွားခဲ့ရ သည်။

နိုင်ငံတကာမှ စစ်ရေးလေ့လာစောင့်ကြည့်သူများအားလုံးသည် နာဇီဂျာမန်တို့၏ လျှင်မြန်သွက်လက်သောထိုးစစ်ကို တအံ့တသြဖြစ်ခဲ့ကြရသည်။



www.burmeseclassic.com

အင်္ဂလန်နိုင်ငံမှာ တစ်ကောင်ကြွက်နိုင်ငံ ဖြစ်လာရသည်။ နာဇီခေါင်းဆောင် ဟစ်တလာသည် အင်္ဂလန်နိုင်ငံအား ဝင်ရောက်တိုက်ခိုက်မည့် ပင်လယ်ဖျံစစ်ဆင်ရေး (Operation Sea Lion) ပြုလုပ်ရန် စီစဉ်ထားပြီး ဖြစ်သည်။ ဂျာမန်တပ်များသည် ထိုစစ်ဆင်ရေးအရ ဖော့တုန်းနှင့် အရစ်တန်မြို့နယ်တို့အကြားကမ်းခြေကို တက်ရောက်မည် ဖြစ်သည်။ သို့သော် ဤပင်လယ်ဖျံစစ်ဆင်ရေးတွင် အသင့်မဖြစ်သေးသော နာဇီဂျာမန်ရေတပ်တော်ကြောင့် ထိုစစ်ဆင်ရေးကို သတ်မှတ်သည့်ရက်ထက် နောက်ဆုတ်ခဲ့ရသည်။

ဤတွင် နာဇီပါတီဒုတိယခေါင်းဆောင် ဂျာမန်လေတပ်မတော် သေနာပတိ မာရှယ်ဂိုရင်းကမူ လပိုင်းအတွင်း ဗြိတိသျှရေတပ်မတော်နှင့် လေတပ်တော်တို့အား ပြင်းပြင်းထန်ထန် တိုက်ခိုက်မည်ဟုဆိုကာ အင်္ဂလန်နိုင်ငံအား လေကြောင်းမှထိုးစစ်ဆင်ခဲ့သည်။ ထိုစစ်ဆင်ရေးစသည့်နေ့ကို လင်းယုန်နေ့ (Eagle-Day) ဟုကင်ပွန်းတပ်ကာ ၁၉၄၀ ပြည့်နှစ်၊ ဩဂုတ်လတွင် ထိုးစစ်ဆင်ခဲ့သည်။

နာဇီဂျာမန်လေတပ်သည် အင်္ဂလန်ကျွန်းအား အပြင်းအထန် ဗုံးကြဲတိုက်ခိုက်ခဲ့သော်လည်း ရည်မှန်းချက်ကို အကောင်အထည်မဖော်နိုင်။ ဗြိတိသျှဘုရင်လေတပ်မတော်နှင့် လေကြောင်းရန်ကာကွယ်သည့် အမြောက်တပ်များသည် ကျားကုတ်ကျားခဲ ခုခံကာကွယ်ကြသည်။ ရာသီဥတုအခြေအနေမှာလည်း ဗြိတိသျှတို့ဖို့ အလေးသာခဲ့သည်။ သို့ဖြစ်၍ ၁၉၄၀ ပြည့်နှစ်၊ ဇူလိုင်လမှ အောက်တိုဘာလအထိ နာဇီဂျာမန်လေယာဉ်ပျံပေါင်း (၁၇၃၃) စင်း ဆုံးရှုံးခဲ့ရသည်။ သို့ဖြင့် ရက်သတ္တပတ်ပေါင်းများစွာ ဂျာမန်လေတပ်မတော်သည် အင်္ဂလန်ကျွန်းပေါ်သို့ အပြင်းအထန် ဆက်လက်ဗုံးကြဲတိုက်ခိုက်ခဲ့သော်လည်း သူတို့၏ ရည်မှန်းချက်ကို မဖြည့်စွမ်းနိုင်ခဲ့။ ၁၉၄၁၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ပုလဲဆိပ်ကမ်းအား ဂျပန်တို့သည် တရားဝင်စစ်ကြေညာခြင်းမရှိဘဲ အလစ်ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် အမေရိကန်ပြည်ထောင်စုသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဝင်ရောက်လာခဲ့ရသည်။ ထိုအချိန်တွင် အမေရိကန်ပြည်ထောင်စု၏ စစ်ရေးအကူအညီအရ အင်္ဂလန်နိုင်ငံမှ နာလန်ထူလာသည်။

၁၉၄၂ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့။

လန်ဒန်မြို့ အမှတ် (၃၉)၊ စိန့်ဂျွန်းလမ်းရှိ အိမ်ဟောင်းကြီးတစ်လုံးသည် တဖွားဖွားကျနေသော နှင်းပွင့်များအောက်တွင် ကျောချမ်းစဖွယ်ကောင်းလောက်အောင် ငြိမ်သက်နေသည်။ ဗြိတိသျှဘုရင့်ရေတပ်မတော်မှ ဒုတိယဗိုလ်မှူးကြီး အိုင်ယန်ဖလင်ဖင်းသည် (နောင်အခါ ဂျိမ်း(စ်)ဘွန်းဝတ္ထုများကို ရေးသား ထုတ်ဝေခြင်းဖြင့် ကမ္ဘာကျော်စာရေးဆရာကြီးဖြစ်လာသူ) သည် အခိပ္ပာယ်ကင်းမဲ့စွာ သူ့ညေ့ခန်းပြတင်းပေါက်မှခန်းဆီးကိုဖယ်ရင်း အပြင်ဘက်လမ်းမကြီးပေါ်သို့ ငေးကြည့်နေမိသည်။ နှစ်သစ်ကူးနေ့ဖြစ်သော်လည်း လန်ဒန်မြို့တော်သူမြို့တော်သားတို့မှာ မပျော်နိုင်။ မကြာခဏ လာရောက်ဗုံးကြဲမည့် နာဇီ ဂျာမန် လေယာဉ်ပျံများကြောင့် အသည်းတထိတ်ထိတ်ဖြစ်နေကြသည်။ အိုင်ယန်ဖလင်ဖင်းမှာ ဗြိတိသျှဘုရင့်ရေတပ်မတော်မှ ဒုတိယဗိုလ်မှူးကြီးတစ်ဦးဟု လူသိများသော်လည်း အမှန်အားဖြင့် ဗြိတိသျှဘုရင့်ရေတပ်မတော် အတူ ထောက်လှမ်းရေးအဖွဲ့တွင် တာဝန်ယူထားရသူ ဖြစ်သည်။ သူယနေ့တွေ့ဆုံချိန်ဆိုထားသူမှာ စစ်ကြီးမဖြစ်ပွားမီက အင်္ဂလန်နိုင်ငံတွင်သာမက ကမ္ဘာနိုင်ငံအသီးသီးတွင် ဟိုးဟိုးကျော်ခဲ့သော ပဉ္စလက်ဆရာ ဂျက်စပါမက်(စ်)ကလင်း ဆိုသူဖြစ်သည်။

တွေ့ဆုံရမည့် အကြောင်းမှာကား မြောက်အာဖရိကစစ်မျက်နှာတွင် ဗြိတိသျှဘုရင်တပ်မတော်ကြီးအား တာဝန်ယူထားရသော ဖီးမာရှယ်ဝေဗယ်၏ မေတ္တာရပ်ခံချက်အရ ပဉ္စလက်ဆရာ ဂျက်စပါမက်(စ်)ကလင်းနှင့် အဖွဲ့အား ထိုစစ်မျက်နှာတွင်း လျှို့ဝှက်တာဝန်တစ်ခုပေးရန်၊ စေလွှတ်ရန်အတွက် စီစဉ်ရန်ဖြစ်၏။

၁၉၄၁ ခုနှစ်၊ ဧပြီလမှ စတင်၍ ဂျာမန်ဗိုလ်ချုပ်ကြီး ရိုမဲ(လ်) ဦးစီးသော ဝင်ရိုးစွန်းတပ်များသည် ဗြိတိသျှမဟာမိတ်တပ်များအား မြောက်အာဖရိကစစ်မျက်နှာမှမောင်းထုတ်ရန် ထိုးစစ်ဆင်ခဲ့သည်။ ထိုအတောအတွင်း မြေထဲပင်လယ်အတွင်းရှိ ဗြိတိသျှဘုရင့်ရေတပ်မတော်မှာ နာဇီရေငုပ်သင်္ဘောများနှင့် အီတလီရေတပ်မတော်မှ တိုက်သင်္ဘောများကြောင့် အထိနာလျက်ရှိရာ အီဂျစ်နိုင်ငံမှ ဗြိတိသျှတပ်များအဖို့ နာဇီဂျာမန်တပ်မတော်နှင့် အီတလီတပ်မတော်တို့၏ ထိုးစစ်ကြောင့် ကြာရှည်ခုခံနိုင်ရန် ခဲယဉ်းလာသည်။ ဗြိတိသျှတပ်မတော်သည် အာဖရိကမြောက်ပိုင်းရှိ ထိုဘရွတ်မြို့မှ တတ်နိုင်သမျှ ခုခံခဲ့ကြ၏။ နာမည်ကျော် ကန္တာရမြေခွေးဟု ကင်ပွန်းတပ်ထားသော (Desert-Fox) ဗိုလ်ချုပ်ကြီး ရိုမဲ(လ်)၏ ဂျာမန်၊ အီတလီတပ်ပေါင်းစု ထိုးစစ်ကို ဗြိတိသျှနှင့် မဟာမိတ်များသည် ရက်သတ္တပတ်ပေါင်းများစွာကြံ့ကြံ့ခံခဲ့ကြသည်။

ထိုစဉ်က သတင်းမီဒီယာများကမူ ထိုဘရွတ်မြို့တွင် ကျားကုတ်ကျားခဲ ကြံ့ကြံ့ခံနေသော ဗြိတိသျှနှင့်မဟာမိတ်တပ်သားအများကို ထိုဘရွတ်မြို့မှ ကြွက်များဟု အမည်ပေးခဲ့သည်။ ဤသို့ဖြင့် ရက်သတ္တပတ် လေးပတ်ကြာ ကြံ့ကြံ့ခံနိုင်ခဲ့သော ဗြိတိသျှနှင့်မဟာမိတ်တို့သည် ဇွန်လ ၂၁ ရက်နေ့တွင် လက်နက်ချအညံ့ခံခဲ့ရသည်။ ထိုဘရွတ်ခံတပ်မြို့ကျဆုံးသွားခြင်းမှာ မဟာမိတ်တပ်ပေါင်းစုအဖို့ အလွန်အထိနာခဲ့၏။

အမှန်အားဖြင့် မဟာမိတ်တို့အဖို့ ဥရောပတိုက်အား ပြန်လည် သိမ်းပိုက်နိုင်ရေးတွင် မြောက်အာဖရိကစစ်မျက်နှာသည် အလွန်အရေးကြီးလှသည်။ အမေရိကန်ပြည်ထောင်စုကမ်းခြေတက်တပ်များနှင့် မဟာမိတ်တပ်များသည် နိုဝင်ဘာလအတွင်း မြောက်အာဖရိကမြောက်ဘက်ကမ်းခြေသို့ တက်ရောက်သိမ်းပိုက်ပြီး ဒုတိယစစ်မျက်နှာဖွင့်ရန် ဆုံးဖြတ်ထားကြသည်။

သို့ဖြစ်၍ ရိုမဲ(လ်)တပ်ပေါင်းစု ထိုးစစ်ကို အလာမိန်းဒေသမှ ဟန့်တားနိုင်မှသာ မဟာမိတ်တို့၏ အာဖရိကမြောက်ပိုင်းဒုတိယစစ်မျက်နှာဖွင့်နိုင်မည်ဖြစ်၏။ ရိုမဲ(လ်)၏ ဂျာမန်နှင့် အီတလီတပ်ပေါင်းစုကလည်း အလာမိန်းဒေသမှခုခံရန်ပြင်ဆင်နေသော ဗြိတိသျှတို့နှင့် မဟာမိတ်တပ်များကို မောင်းထုတ်နိုင်မှသာ စူးအက်တူးမြောင်းဒေသကို သိမ်းပိုက်နိုင်ရန် လမ်းပွင့်သွားမည် ဖြစ်သည်။ ထိုစဉ်က မဟာမိတ်တပ်များနှင့် ဝင်ရိုးစွန်းတပ်များ ရင်ဆိုင်နေရသော စစ်မျက်နှာမှာ တောင်မှမြောက်သို့ မိုင်(၄၀)ခန့်ရှည်လျား၏။ ဤခံစစ်ကြောင်းတွင် ကြံ့ကြံ့ခံနေသော ဗြိတိသျှမဟာမိတ်တပ်ပေါင်းစုကို ဖောက်ထွင်းနေရေးမှာ ရိုမဲ(လ်)အတွက် အထူးအရေးကြီးလှသည်။ ထိုစဉ်က မှတ်တမ်းများအရ နှစ်ဖက်သော တပ်များ၏ အင်အားမှာ ဆတူမျှသာဖြစ်သည်။ တင့်ကားများ

www.burmeseclassic.com

ကျော်ဟိန်းထက်(ဥပဒေ)

# ပန်းနာ၊ လေနာပျောက်စေရာ

ပန်းနာလေနာရောဂါသည် ခံစားရသူအဖို့ အလွန်ပင် အခံရခက်ဆိုးရွားလှသော ဝေဒနာတစ်မျိုး ဖြစ်ပါသည်။ နံဘေးမှကြည့်မြင်ရသူအဖို့ ဝေဒနာရှင်သည် အတော်ပင် ဆိုးဝါးစွာ ခံစားနေရကြောင်း သိသာ မြင်သာလှသော ရောဂါဝေဒနာ ဖြစ်ပါသည်။

ပန်းနာလေနာပျောက်စေသည့် ဆေးနည်းဆေးဝါး အမျိုးမျိုးအဖုံဖုံရှိပါသည်။ လက်တွေ့ အသုံးပြုဖော်စပ်ပေးခဲ့ပြီး ဝေဒနာရှင်များစွာ ရောဂါအမြစ်ပြတ် ကင်းရှင်းစေခဲ့သည့် မြန်မာ့ရိုးရာကျေးလက်မှ ချက်ဆေးနည်းတစ်လက်ကို တင်ပြလိုပါသည်။

ထိုဆေးနည်းမှာ မခက်ခဲသော်လည်း ပါဝင်သည့် ဆေးဖက်ဝင်ပစ္စည်းတစ်မျိုးမှာ အတော်ရှားနေပါသည်။ အချို့ဒေသများတွင် ပေါပေါများများ ရနိုင်မည် ထင်ပါသည်။ ၎င်းဆေးဖက်ဝင်ပစ္စည်းမှာ အခြားမဟုတ်ပါ။ စိုက်ပျိုးထိန်းသိမ်းထားလျှင် ဖြစ်ထွန်းနိုင်သည့် ကျောက်ဖရုံခါးအသီးပင် ဖြစ်ပါသည်။

လူတော်တော်များများက ကျောက်ဖရုံခါးပင်ကို တွေ့လျှင် နုတ်ပစ်၊သတ်ပစ်တတ်ကြသဖြင့် ယခုကဲ့သို့ ရှားပါးဟန်တူရခြင်း ဖြစ်ပါသည်။ ရှေးမြန်မာဆေးဆရာကြီးများသည် မိမိနေအိမ်မြေကွက်လပ်တွင် ကျောက်ဖရုံခါးကို တစ်ခုတ်တစ်ရစိုက်ပျိုးကာ ကျောက်ဖရုံခါးသီးများကို လိုသည့်အချိန် သုံးနိုင်အောင် စုဆောင်းထားတတ်ကြသည်။ ကျောက်ဖရုံခါးသီး၏ အစွမ်းသတ္တိမှာ ရင့်သည့်အချိန်တွင် ခူးယူထားပါက (၂) နှစ်၊ (၃) နှစ်ကြာသည်အထိ ဓာတ်သတ္တိမပျက်ပြယ်ဘဲ အစွမ်းသတ္တိတည်နေနိုင်ခြင်းပင် ဖြစ်ပါသည်။

ပန်းနာလေနာဆေးဖော်ရန်အတွက် ကျောက်ဖရုံခါးသည် အဓိက ဆေးဖက်ဖြစ်ပါသည်။ ဆေးချက်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျောက်ဖရုံခါးသီးတစ်လုံးကို ထက်ခြမ်းခွဲ၍ အတွင်းသားဖြူဖြူများကို (၅၀) ကျပ်သားရအောင် ခြစ်ယူပါ။

ထို့နောက် ထန်းဖိုဦးထန်းလျက် (၇၀) ကျပ်သား ထုခြေရောထည့်ပြီး မြေအိုးသစ်တွင် မတူးမခြစ်အောင် မီးကျီးခဲရဲရဲနှင့် ကျိုချက်ပြီး သမသွားပြီဆိုလျှင် ဆေးအိုးကိုချပြီး အအေးခံထားပါ။

အေးသွားပြီဆိုမှ ပျားရည်စစ်စစ် (၅၀) ကျပ်သား အပေါ်မှလောင်းထည့်ပြီး သမအောင်မွှေကာ အဝကျယ် ဖန်ပုလင်းတွင်ထားပါ။

အထက်ပါဆေးကို နေ့စဉ် ဟင်းသောက်ဇွန်းတစ်ဇွန်းစား၍ ရေအေးဝဝ သောက်ပေးပါ။ ဆေးတစ်ဖုံနှင့်ပင် ပန်းနာလေနာရောဂါ အမြစ်ပြတ် ပျောက်ကင်းသွားပါလိမ့်မည်။

ကျော်ဟိန်းထက် (ဥပဒေ)

အမြောက်များမှာလည်း ခေတ်မီတင့်ကားများ၊ အမြောက်များသာဖြစ်ရကား ဤထိုးစစ်သည် နည်းဗျူဟာသာသည့်ဘက်မှ အနိုင်ရမည်ဖြစ်သည်။ ရိုမဲ(လ်)အားခုခံရန် ရင်ဆိုင်ရသူမှာ ဗြိတိသျှဘုရင့်တပ်မတော်မှ ဗိုလ်ချုပ်ကြီး မွန်ဂိုမာရီ ဖြစ်သည်။

ဤထိုးစစ်တွင် ရိုမဲ(လ်)၏နည်းဗျူဟာမှာ ခံစစ်ကြောင်းမြောက်ပိုင်းတွင် တိုက်မည့်ယောင်ပြစစ်ဆင်ရေးပြုလုပ်ပြီး အလယ်ကြောင်းကို တိုက်ပွဲအတော်အသင့်ဖြင့် ထိန်းဟန့်ထား၍ တောင်ဘက်ပိုင်းကို အဓိကထိုးဖောက်တိုက်ခိုက်ရန်ပင်ဖြစ်သည်။ ဗြိတိသျှအမှတ်(၈)တပ်မတော်တာဝန်ခံ ဗိုလ်ချုပ်ကြီး မွန်ဂိုမာရီကလည်း ကန္တာရမြေခွေးဟု ကျော်ကြားသည့် ရိုမဲ(လ်)၏ ထိုးစစ်နည်းဗျူဟာကို ကြိုတင်တွက်ဆလာသည်။

သို့ဖြစ်၍ စစ်ကြောင်းတောင်ဘက်ပိုင်းတွင် အင်အားပြင်းသော မိုင်းများကိုချထားစေသည်။ မိုင်းကွင်းများ၏ နောက်သဲကုန်းတန်းများတွင် အမှတ်(၈)တပ်မတော်မှာ ခြေလျင်တပ်များ၊ အမြောက်တပ်များ၊ သံချပ်ကာတပ်မကြီးကို လျှို့ဝှက်စွာချထားခဲ့သည်။

ဤတွင် ဆောင်ပါးတစ်နေရာ၌ဖော်ပြခဲ့သော ပဋ္ဌလက်ပညာရှင် ဂျက်စပါမက်(စ်)ကလင်း၏အဖွဲ့သားများ၏ အခန်းပါဝင်လာခဲ့ရ၏။ ဗြိတိသျှစစ်အာဏာပိုင်များသည် ပဋ္ဌလက်ဆရာများအဖွဲ့အား မွန်ဂိုမာရီ၏ အမှတ် (၈) တပ်မတော်ရှိရာသို့ ပို့ဆောင်ပေးခဲ့ကြပြီး သူတို့တစ်တွေ့မြောက်ထားသည့် ဇာတ်စင်ပြင်ဆင်သည့်အတတ်ပညာဖြင့် နာဇီဝင်ရိုးတန်းတပ်များ၏ ကင်းထောက်လေယာဉ်ပျံများ၊ သူလျှိုများအား လှည့်ဖြားရန်ဖြစ်သည်။

အဓိကအားဖြင့် ဗိုလ်ချုပ်ကြီး မွန်ဂိုမာရီ၏ တပ်မကြီး၏ ထိုးစစ်သည် အလာမိန်း စစ်မျက်နှာမြောက်ပိုင်းမှ အခိုင်အမာပြုလုပ်မည်ဟု ရန်သူအားလှည့်စားရန်ဖြစ်သည်။ ဤတွင် အလာမိန်းခံစစ်ကြောင်းမြောက်ပိုင်းတွင် ပဋ္ဌလက်ဆရာ ဂျက်စပါမက်(စ်)ကလင်းတို့အဖွဲ့သည် သံချပ်ကာ ကားအတုအစင်း (၂၀၀၀) ကို အဆောတလျင် တည်ဆောက်ခဲ့ပြီး အမှတ် (၈) တပ်မတော်မှ တပ်ရင်းများ သောက်သုံးရေးအတွက် ရေပိုက်ကြီးအတုဆောက်လုပ်ထားခဲ့၏။

နာဇီ ဂျာမန်ကင်းထောက် လေယာဉ်များကလည်း မဟာမိတ်တို့သည် အလာမိန်းမြောက်ပိုင်းမှ ခံစပ်အကြီးအကျယ်ပြင်ဆင်နေသည်ကို ကောင်းကင်မှ ဓာတ်ပုံရိုက်ယူ၍ပြသခဲ့သည်။ နာဇီဗိုလ်ချုပ်ကြီး ရိုမဲ(လ်)၏ခြေလျင်တပ်များသည် သံချပ်ကာကားများ၊ အကူအညီနှင့် ဩဂုတ်လ ၃၁ ရက်နေ့ညတွင် အလာမိန်းစစ်မျက်နှာတောင်ဘက်မှ ထိုးစစ်ဆင်ခဲ့သည်။ မိုင်းကွင်းများကြောင့် ချီတက်ထိုးဖောက်မှုမှာ နှောင့်နှေးသွားရပြီး သံချပ်ကာတပ်မှူးတစ်ဦးမှာလည်း ကျဆုံးသွားခဲ့ရ၏။ မဟာမိတ်အမြောက်တပ်များ၊ သံချပ်ကာတပ်များကလည်း အားသွန်ခွန်စိုက်ခုခံခဲ့ကြသည်။

ရိုမဲ(လ်)အဖို့ မဟာမိတ်တို့သည် ဤခံစစ်ကြောင်းတွင် တပ်အင်အား အနည်းငယ်သာ ချထားလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ မဟာမိတ်တို့၏ အဓိကခံစစ်ကြောင်းကို ဝင်ရိုးစွန်းတပ်များ မထိုးဖောက်နိုင်တော့။ စစ်သည်တော် (၃၀၀၀) ကျော် ကျဆုံးခဲ့ရပြီး နောက်ဆုတ်ခဲ့ရသည်။ ဗြိတိသျှနှင့်မဟာမိတ်တို့သည် ဝင်ရိုးတန်းတပ်များနောက်သို့ အပြင်းအထန်လိုက်လံတိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလတွင် ဝင်ရိုးစွန်းတပ်များသည် တပ်သား (၁၆၀၀၀) ခန့် ကျဆုံးခဲ့ရပြီး လက်နက်ချခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ်ကြီးကိုအဆုံးအဖြတ်ပေးခဲ့သည့် တိုက်ပွဲကြီးအဖြစ် သမိုင်းတင်ခဲ့ရပြီး ပဋ္ဌလက်ဆရာများ၏ ရန်သူကိုလှည့်ဖြားသည့် နည်းပညာမှာလည်း ဟိုးဟိုးကျော်ခဲ့ရပါကြောင်း။

လှမိုး (ပညာရေး)

ကျမ်းကိုး -

Roosevelt and Churchill
by J.P.Lash.



www.burmeseclassic.com

www.burmeseclassic.com

# (ဝါးခယ်မ) ကျော်ဝိုးလွင်

## မကျီးချောင်းမှ ဦးနီတာ



သူရဋ္ဌမဂ္ဂဇင်းတွင် ဦးနီတာအကြောင်းရေးရန် စိတ်ကူးရခဲ့သည်။

ဦးနီတာအကြောင်းပြောသွားသူမှာ ဦးနီတာ၏မြေးဖြစ်သော ဦးမြအေး ဖြစ်၏။

ဦးမြအေးမှာ ကျွန်ုပ် သူရဋ္ဌမဂ္ဂဇင်း၌ရေးသားခဲ့သော အဘဦးအောင်ဖြိုး၏ အငယ်ဆုံးသားဖြစ်ပါသည်။

ဦးမြအေးမှာ ကွယ်လွန်သွားပြီဖြစ်ပါသည်။

ကျွန်ုပ်စာရေးသည်ကိုသိ၍ စိတ်ရှည်လက်ရှည်ပြောပြခဲ့ခြင်းပင် ဖြစ်ပါသည်။

ဦးမြအေး၏ပြောပြချက်ကို ဝတ္ထုအသွင် တင်ပြသွားမည် ဖြစ်ပါသည်။

❑

မကျီးချောင်းရွာသည် အိမ်မဲမြို့ အပိုင်ရွာကြီးတစ်ရွာ ဖြစ်ပါသည်။

ရွာမှာ အင်း၊ ချောင်းများရှိ၍ ကိုသီတာ၊ ကိုနီတာ၊ ဒေါ်မယ်ဖြူသား အမိများ လှေတစ်စင်းနှင့် မုန့်ဟင်းခါး လှည့်လည်ရောင်းကာ အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသည်။

ဖခင်ဖြစ်သူမှာ သူတို့ညီအစ်ကို ငယ်စဉ်ကပင် ကွယ်လွန်သွားခဲ့၍ မိခင်ကြီးမှာ သူတို့ညီအစ်ကိုကို အားကိုးခဲ့ရသည်။

ညီအစ်ကိုနှစ်ယောက်၌ ကိုသီတာက လူငယ်ပီပီအသောက်အစားလောင်းကစားဝါသနာပါခဲ့သည်။

ကိုနီတာကမူ အစ်ကိုဖြစ်သူက အဖော်ခေါ်၍သာ လိုက်ရတတ်သည်။ အေးအေးသာနေလိုခဲ့၏။

တစ်နေ့ ထူးဆန်းမှုစတွေ့ရသည့်နေ့ဟုဆိုရပါမည်။

တစ်ရွာတည်းနေ ကိုဘဂျမ်းက ကိုနီတာကို မူးမူးနှင့် ထန်းရည်တိုက်ရန်ကြိုးစားခဲ့သည်။

"ဖြန်း. . . ဖွမ်း"

မမြင်ရသော တစ်စုံတစ်ယောက်က ကိုဘဂျမ်းကျောပြင်ကို ပြင်းထန်စွာရိုက်လိုက်သည်။ လူလည်းယိုင်ဆင်းသွား၍ ထန်းရည်ခွက်လည်း လွင့်စဉ်သွားခဲ့သည်။

"အားလားလား - နာလိုက်တာကွာ။ ဘယ်သူငါ့ကိုရိုက်လိုက်တာလဲ"

ဆဲလည်းဆဲ၊ တရားခံကိုလည်း လိုက်ရှာသည်။ ဘာကိုမှမတွေ့။

ကိုနီတာကိုယ်တိုင်လူတစ်ယောက် အမိန့်ပေးသံကို ကြားနေခဲ့ရသည်။

'ဟေ့ကောင် နီတာ၊ ဒီနေရာက မင်းနေရမယ့်နေရာမဟုတ်ဘူး။ သွား အိမ်ကိုပြန်'

ထိုအသံကြောင့် ကြောက်ကြောက်နှင့် အိမ်ပြန်ပြေးခဲ့ရသည်။

ညနေရောက်တော့ ကိုသီတာ ထန်းရည်မူးပြီး အိမ်ပြန်ရောက်လာခဲ့သည်။

"ဟေ့ကောင် နီတာ၊ မင်းက ငါ့တောင်မစောင့်ဘူး။ ဘာဖြစ်လို့ အိမ်ပြန်ပြေးရတာလဲ"

ကိုနီတာက သူ့အဖြစ်ကိုပြန်ပြောပြခဲ့သည်။

"မင်းထန်းရည်မူးပြီးလျှောက်ပြောတာပါ"

ကိုသီတာက ကိုနီတာပြောသည်ကိုမယုံပါ။ အမေ့ကိုပင် အော်၍ပြောလိုက်သေးသည်။

"အမေရေ့ အမေ့သားထန်းရည်မူးပြီး ပေါက်ကရတွေလျှောက်ပြောနေတယ်" တဲ့။

❑

မနက်စောစော ကိုနီတာတို့လှေ မုန့်ရောင်းရန် အိမ်ဆိပ်မှထွက်လာခဲ့သည်။ ထုံးစံအတိုင်း အစ်ကိုဖြစ်သူ ကိုသီတာကရှေ့မှနေ၍လှေလှော်သည်။ အမေက မုန့်တောင်းနှင့် လှေအလယ်မှ ထိုင်လိုက်သည်။ ကိုနီတာက လှေပဲ့မှ လှော်၏။

ကိုနီတာတို့မုန့်က ဝါတွင်းအဖိတ်နေ့ရောက်လျှင် ပိုရောင်းကောင်းတတ်သည်။

ဥပုသ်နေ့တွင် အမေနား၍ ဥပုသ်စောင့်တတ်သည်။ ကိုနီတာတို့ညီအစ်ကို အဖို့ကား အနားရ၏။ ကိုသီတာက အားလပ်ရက်တွင် ထန်းရည်ဆိုင်သွားသည်၊ ကြက်ပွဲသွားသည်။

တစ်ခါတစ်ရံ ညီဖြစ်သူ ကိုနီတာကိုခေါ်သွားတတ်သည်။

ယခုတစ်လော ကိုနီတာအတွက် ထူးနေသည်။

"ဟေ့ကောင်နီတာ လိုက်မသွားနဲ့၊ အဲဒီနေရာ မင်းလိုက်ရမယ့်နေရာမဟုတ်ဘူး"

ကိုနီတာက ကြားသည့်အတိုင်း အစ်ကိုဖြစ်သော ကိုသီတာကိုပြန်ပြောပြသည်။

"ဟာ - ဒီကောင် ထန်းရည်မမူးဘဲ ပေါက်ကရတွေလျှောက်ပြောနေပြန်ပြီ။

www.burmeseclassic.com

မလိုက်ချင်နေကွာ။ ကြက်ပွဲကပွဲကြီးကွ"

ကိုသီတာက စိတ်မရှည်၍ ညီဖြစ်သူ ကိုနီတာကိုထားခဲ့ကာ ထွက်သွားခဲ့သည်။

ညနေရောက်တော့ ကိုသီတာ အိမ်ပြန်ရောက်လာခဲ့သည်။ လူကောင်း ပကတိနှင့် ပြန်လာခြင်းတော့ မဟုတ်ပါ။ ကြက်ပွဲမှာ ရန်ဖြစ်၍ ဒဏ်ရာဒဏ်ချက်များနှင့်ပြန်လာခြင်းဖြစ်ပါတော့သည်။

❑

"ဟာ - ငါးတွေကွ"

ချောင်းကွေ့တစ်ခု။ ကိုနီတာလှေ အဝင်တွင်ဖြစ်၏။လှေဦးမှလှော်နေသော ကိုသီတာက လက်ညှိုးထိုးပြကာ အော်ပြောလိုက်သည်။

ဟုတ်ပါသည်။ မည်သို့ဖြစ်သည်မသိ။ ချောင်းထဲမှာ ငါးတွေက လှေတိုးဝင်၍မရအောင် ပေါလောပေါ်လျက်ရှိနေခဲ့သည်။

"ဟန်ကျပြီကွာ၊ ဟင်းစားအပြင် ရောင်းစားလို့လည်းရပြီကွ။ ဟော့ကောင်နီတာ ဆင်းဖမ်းကွာ"

ကိုသီတာက ညီဖြစ်သူ ကိုနီတာကိုလှမ်းအော်ပြောကာ ပုဆိုးခါးတောင်းကျိုက်ပြီး လှေဦးမှခုန်ဆင်းသွားခဲ့သည်။

ကိုနီတာလည်း ယောင်ယမ်းကာ ငါးဆင်းဖမ်းရန်ပြင်လိုက်သည်။

"ဟော့ကောင် နီတာ မဆင်းနဲ့၊ မဖမ်းနဲ့။ ဒါမင်းလုပ်ရမယ့်အလုပ်မဟုတ်ဘူး"

အမိန့်ပေးသံက အနီးကပ်ပေါ်ထွက်လာခဲ့သည်။ ကိုနီတာရေထဲမဆင်းရဲတော့။ ကြောက်ကြောက်နှင့် လှေကိုကျုံးလှော်မိပါတော့သည်။

အိမ်ပြန်ရောက်တော့ ကိုသီတာ ညီဖြစ်သူ ကိုနီတာကို ဒေါကန်လေတော့သည်။

"အမေ၊ အမေ့သားနီတာရူးနေပြီ။ ပယောဂဆရာတွေနဲ့ပြကြည့်ဦး"

ကိုနီတာကိုယ်တိုင်လည်း သူ့အဖြစ်ကို နားမလည်ခဲ့ပါ။

"ဟုတ်တော့ဟုတ်တယ်၊ ခုတစ်လော ဒီကောင်လေး အရင်နဲ့မတူတော့ဘူး။ ငူငူငိုင်ငိုင်ဖြစ်နေတယ်"

အမေဖြစ်သူကလည်း ကိုနီတာကို မသင်္ကာဖြစ်လာခဲ့သည်။

ပတ်ဝန်းကျင်ကလည်း တွန်းအားပေးလာခဲ့သည်။

"ဒါမျိုးက ကြည့်နေလို့မဖြစ်ဘူး မယ်ဖြူ။ နားလည်တဲ့ဆရာတွေနဲ့ ညည်းသားကိုပြကြည့်ဦး"

ကြာကြာတိုက်ပါများတော့ အခိုင်မာဆုံး သစ်ငုတ်ပင်လျှင် ကျွတ်သွားရတတ်၍ အများစကားကအောင်ခဲ့သည်။

အမေတစ်ယောက် ကိုနီတာ အတွက် ဆရာကောင်းရှာပါလေတော့သည်။

❑

သရက်ကုန်းကျေးရွာမှာ ပယောဂနိုင်တဲ့ ဆရာတစ်ယောက်ရှိပါသတဲ့။ အမေက လှေကိုပေါင်းမိုးတပ်သည်။ ဂျပန်ခေတ်ဖြစ်၍ ကျွဲညီနောင်ရန်ကကြောက်ရသည်။

စားနပ်ရိက္ခာ အပြည့်အစုံထည့်သည်။ ရွာမှဦးလေးတစ်ယောက်ကို အဖော်ခေါ်ကာ သရက်ကုန်းရွာသို့ထွက်လာခဲ့သည်။

"နီတာ၊ မင်းကိုဘယ်ဆရာမှယှဉ်လို့မရဘူးကွ။ အိမ်ကို အေးအေးဆေးဆေးပြန်ပါ။ မင်းကိုယ်တိုင်က ဆရာကြီးတစ်ယောက်ဖြစ်လာမှာကွ"

ကိုနီတာက ကြားသည့်အတိုင်း အမေ့ကိုပြောပြခဲ့သည်။

"အမေ့သားက မကုချင်လို့ပြောတာပါ အမေရာ။ ဒါ သူပြောတာ ဟုတ်ချင်မှဟုတ်မယ်။ သူ့ကိုပူးနေတဲ့ကောင်က ပြောတာဖြစ်မယ်"

အစ်ကို ကိုသီတာက ထင်ရာမြင်ရာ ဝင်ပြောလိုက်သည်။ လူရိုးကြီးဦးလေးကလည်း တွန်းအားပေးလာပါသည်။

"အကုခံရမှာကြောက်လို့ပြောတာပါ မယ်ဖြူရာ၊ ဆက်သာသွားပါ"

သူတို့လှေ သရက်ကုန်းရွာကို ရောက်လာခဲ့သည်။

ဆရာဆိုသူ ဦးနှုတ်ခမ်းမွေးက ကိုနီတာကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

"သရဲပူးကပ်တယ်ဆိုတာ ဒီသူငယ်လား"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်မသားလေးပါ"

အမေက အသံတုန်တုန်နှင့်ပြန်ပြောလိုက်သည်။

နှုတ်ခမ်းမွေးဆရာက ခေါင်းကိုတွင်တွင်ခါသည်။

"ခင်ဗျားတို့ထင်သလို ဒီသူငယ်က သရဲဝင်ပူးနေတာမဟုတ်ဘူးဗျ။ ပဋ္ဌာန်းဆက်ပုဂ္ဂိုလ်ထူးကစောင့်ရှောက်နေတာ"

အစ်ကိုကိုသီတာက နှာခေါင်းရှုံ့နေသည်။ ဦးလေးဖြစ်သူကလည်း ခေါင်းတခါခါလုပ်နေသည်။

"ဒါကုပေးလို့ရတဲ့အရာမဟုတ်ဘူး။ အေးအေးဆေးဆေးသာ အိမ်ပြန်ကြပါ။ ဒီသူငယ်ဟာ နာမည်ကြီးဆရာတစ်ယောက်ဖြစ်လာလိမ့်မယ်"

အမေတို့ ခဲလေသမျှသဲရေကျဖြစ်သွားခဲ့ရသည်။ ကိုနီတာကိုခေါ်ကာ အိမ်ပြန်ခဲ့ရတော့သည်။

❑

ယောဂီဝတ်စုံဝတ်ထားသော လူကြီးတစ်ယောက် ကိုနီတာအမည်ကိုမေးကာ အမေ့အိမ်ရှေ့ရောက်လာခဲ့သည်။ ကိုနီတာက အမေခိုင်း၍ ကျွန်းကုန်းဘက်ကမ်းရောက်နေခဲ့သည်။

"ဟုတ်ပါတယ်၊ ကျွန်မ နီတာရဲ့ အမေပါ ဦးကြီး"

လူကြီးက အမေ့ကို ခွင့်တောင်းကာ အိမ်ဦးခန်းမှာဝင်ထိုင်လိုက်သည်။

"မောင်နီတာလာရင် ဟောဒီသပိတ်ကိုပေးလိုက်ပါ"

ဦးကြီးက သူ့လွယ်အိတ်ကြီးထဲမှ မည်းမည်းပြောင်ပြောင်သပိတ်တစ်လုံးကိုထုတ်ပေးလာခဲ့သည်။ ဒေါ်မယ်ဖြူ အံ့သြစိတ်နှင့်မျက်လုံးပြူးသွားမိရသည်။

"ဘာလဲ၊ ခင်ဗျားသားကိုဘုန်းကြီးဝတ်ခိုင်းမယ်ထင်လို့လား။ ဘုန်းကြီးမဝတ် ခိုင်းပါဘူးဗျ၊ ဆေးဆရာလုပ်ခိုင်းမှာပါ"

"ဗုဒ္ဓေါ"

ဒေါ်မယ်ဖြူ ထပ်ဆင့်အံ့သြသွားမိရပြန်သည်။ သူ့စိတ်ထဲကဖြစ်ပေါ်နေသည်ကို ထိုလူကြီးသိနေသောကြောင့်ဖြစ်ပါတော့သည်။

"ကဲ - ကျုပ်ကိုခွင့်ပြုဦး"

ဦးကြီးက ဒေါ်မယ်ဖြူတည်ပေးထားသောရေနွေးကြမ်းကိုပင် မသောက်တော့။ နေရာမှထကာထွက်သွားပါလေတော့သည်။

ဒေါ်မယ်ဖြူကား ဦးကြီးပေးသွားသော သပိတ်ကိုကြည့်ကာ ငေးငိုင်နေမိပါတော့သည်။

❑

"အရီးဖြူ၊ အိမ်မှာဝက်ပေါ်လို့ ဘကြီးတိုးက ဝက်သားတစ်တွဲပေးခိုင်းလိုက်တယ်"

ဒေါ်မယ်ဖြူ မုန့်ဟင်းခါးဟင်းခ်ိုအတွက် ငါးကိုင်နေစဉ် ဘကြီးတိုး၏ မလေး မိဂွက်က ဝက်သားတစ်တွဲလာပေးလာခဲ့သည်။

www.burmeseclassic.com

"အေး - အတော်ပဲဟေ့၊ အကြီးကောင် သီတာက ဝက်သားသိပ်ကြိုက်တာ"

ဒေါ်မယ်ဖြူ ကိုင်နေသောငါးကို ခဏဖယ်ထားကာ ဝက်သားတွဲကိုလှမ်းယူလိုက်သည်။

ညီအစ်ကိုနှစ်ယောက်က အသွင်မတူကြ။ အကြီးကောင်မောင်သီတာက သားငါးပါမှစားတတ်သည်။

အငယ်ကောင်နီတာကမူ ရှိတာစားသည်။အကောင်း၊အဆိုးဘာမှမပြောခဲ့။

ဒေါ်မယ်ဖြူငါးဆက်ကိုင်ရဦးမည်။ ဝက်သားက ညနေစာအတွက်ဖြစ်၍ ခုတ်ထစ်ကာ ဆားနယ်ရန်ပြင်လိုက်သည်။

အနားမှာခိုင်းဖို့ သားနှစ်ယောက်ကမရှိ။ ဒေါ်မယ်ဖြူ သူကိုယ်တိုင်ပင်ဝက်သားကို ဓားနှင့်ခုတ်ထစ်ကာ ဆားနယ်နေလိုက်သည်။

"ဟာ - ဘယ်လို ဘယ်လိုဖြစ်တာလဲ"

ထူးဆန်းသည်။

ဆားနယ်နေသော ဒေါ်မယ်ဖြူလက်က ရပ်၍မရတော့။ စက်များလည်သလို ဝက်သားတုံးများကို နယ်နေလေတော့သည်။

"ဟဲ့ - လုပ်ကြပါဦး သားတို့ရေ"

ဒေါ်မယ်ဖြူ ကြောက်ကြောက်နှင့် သူ့လက်ကိုကြည့်ကာ အော်လိုက်သည်။

ရွာမှာက တစ်အိမ်နှင့်တစ်အိမ်ဝေးသည်။တော်ရုံတန်ရုံအော်ပြောရုံနှင့် မကြားနိုင်ပါ။ ဒေါ်မယ်ဖြူ ချွေးပြန်နေသည်။ ခဏနေတော့အိမ်ပေါ်ပြေးတက်လာသံကြားလိုက်ရသည်။

"အမေ၊ အမေ ဘာဖြစ်တာလဲ"

သားငယ် မောင်နီတာအသံကြားတော့ ဒေါ်မယ်ဖြူ အားတက်သွားမိပါတော့သည်။

"သားရေ ဘာဖြစ်တာလဲမသိဘူး။ အမေ ဝက်သားနယ်တဲ့လက် ရပ်လို့မရတော့ဘူး"

ကိုနီတာကိုယ်တိုင်လည်း အမေ့လက်ကိုမြင်နေရသည်။

ချုပ်ကိုင်ကြည့်သည်။ မရ။

လွှတ်လိုက်သည်နှင့် အမေ့လက်က ဝက်သားကိုဆက်နယ်နေပြန်သည်။

ကိုနီတာကိုယ်တိုင် ချွေးပြန်လာသည်။ ဘာလုပ်ရမည်မသိတော့။

သည်မှာပဲ ကိုနီတာနားနားကပ်လျက် အမိန့်ပေးသံက ပေါ်ထွက်လာခဲ့သည်။

"ဟေ့ကောင် နီတာ၊ ဘာလုပ်နေတာလဲ။ ငါပေးထားတဲ့သပိတ်ထဲမှာ ဓာတ်လုံးရှိတယ်လေကွာ။ ဓာတ်လုံးကို ရေစိမ်ပြီး မင်းအမေကိုတိုက်လိုက်"

ကိုနီတာ အံ့ဩသွားမိသည်။

သည်တော့မှ ဦးကြီးတစ်ယောက် အမေကတစ်ဆင့် သူ့ကိုပေးခိုင်းလိုက်သောသပိတ်ကို သတိရသွားခဲ့သည်။

သပိတ်က ဘုရားကျောင်းဆောင်ပေါ်မှာတင်ထားသည်။ကိုနီတာပြေးကာယူလိုက်သည်။ ပြီး - အမိန့်ပေးသူပြောသည့်အတိုင်း ဓာတ်လုံးကို ရေစိမ်ကာ အမေ့ကိုတိုက်လိုက်သည်။

အံ့ဩစရာကောင်းလိုက်ပါဘိ။

မရပ်မနား လှုပ်ရှားနယ်ဖတ်နေသော အမေ့လက်များရပ်သွားကာ ပုံမှန်ပြန်ဖြစ်သွားခဲ့သည်။

"တော်ပါသေးရဲ့ သားရယ်၊ မဟုတ်ကာမှလွဲရော ဒါအာပမှီတာပဲဖြစ်ရမယ်"

အမေက သားကိုနီတာကို ဝမ်းသာအားရ ဖက်ကာပြောလိုက်သည်။

❑

ဆရာကြီးဦးနီတာဖြစ်သွားခဲ့ပြီ။

ဟိုမှဒီမှရောဂါသည်များ တစ်ဆင့်စကားတစ်ဆင့်ကြားဖြင့် လာရောက်ဆေးကုခံခဲ့ကြသည်။

ဦးနီတာပိုမိုနာမည်ကြီးသွားသည်ကား သပြေချောင်းရွာမှ မပိုးအိဝေဒနာကုသလိုက်ခြင်းပင်ဖြစ်ပါတော့သည်။

သပြေချောင်းရွာမှ မပိုးအိလေးက ဖြူဖြူစင်စင် ကျေးရွာအလှပဂေး ကွမ်းတောင်ကိုင်လေးတစ်ယောက်ဖြစ်၏။

အစ်ကိုကာလသားတို့၏အသည်းစွဲလေးဖြစ်၍ မနာလိုသူတို့က အောက်လမ်းပညာနှင့် ပြုစားလိုက်သည်ဟုဆိုသည်။

မပိုးအိလေးမှာ မလှနိုင်တော့။

လူကောင်းပကတိက ဆွံ့အရှာသူလေးဖြစ်သွားခဲ့ရသည်။

မိဘများမှာ လက်ယာမြေများစွာပိုင်၍ သမီးရောဂါကို ဆရာပေါင်းများစွာနှင့်ပြကာ ကုသခဲ့သည်။ ငွေကုန်လူပန်းသာဖြစ်ခဲ့ရ၏။

ယခု ဦးနီတာနာမည်ထွက်လာပြီဆိုတော့ ဦးနီတာကို လှေနှင့်လာကာပင့်လာခဲ့သည်။

"ငါက ဆရာ၊ တပည့်မဟုတ်ဘူး၊ တပည့်ဆီကို ဆရာမလာဘူး။

ဆရာ့ဆီကို တပည့်ကသာလာရမယ်၊ မင်းတို့သမီးကို ဒီကိုခေါ်လာခဲ့"

ဦးနီတာက ကွမ်းဖတ်ကိုထွေးထုတ်ကာပြောလိုက်သည်။

လာပင့်သူများ မျက်ဖြူဆိုက်သွားခဲ့ကြသည်။ မပိုးအိက ဘယ်ကိုမှမသွား။ အိမ်လာကုသည်ဆရာများကိုပင်နှင်ထုတ်နေသူဖြစ်သည်။

"ဆရာကြီး ဒါ ဒါကိုတော့ ခွင့်ပြုပါခင်ဗျာ။ ကျွန်တော်တို့ သမီးလေးက. . ."

"ဒီမှာ ကျုပ် ဒါကိုနားလည်တယ်။ ပြန်သာသွားပါ၊ ခင်ဗျားတို့သမီးကို တစ်ခွန်းပဲပြောလိုက်။ လှေထဲသူ့ဘာသာဆင်းလိုက်လာလိမ့်မယ်။ ဆရာဦးနီတာ အမိန့်လို့ပြောလိုက်"

သပြေချောင်းရွာသားတွေ အံ့ဩသွားခဲ့ကြသည်။ ဆရာမနိုင်သော မပိုးအိတစ်ယောက် ဆရာဦးနီတာအမိန့်ဟုကြားလိုက်သည်နှင့် မည်သူမျှခေါ်စရာမလိုဘဲ လှေထဲဆင်းကာ လိုက်ပါလာခဲ့ပါတော့သည်။

"သူတစ်ပါးဒုက္ခရောက်အောင်လုပ်တယ်ဆိုတာ သံသရာလည်းမကောင်းဘူး၊ အပါယ်ငရဲလည်းလားရမယ်သိရဲ့လား မပိုးအိကို ဒုက္ခပေးထားတဲ့အကောင်"

ဆရာပေါင်းစုံကို ဒုက္ခပေးခဲ့သော မပိုးအိ ဆရာဦးနီတာရှေ့တွင် အဆိပ်မရှိသော မြွေနှယ်ဖြစ်သွားခဲ့ရသည်။

မပိုးအိမှာ ဆရာဦးနီတာ၏ကုသမှုကိုခံယူပြီးနောက် လူကောင်းပကတိဖြစ်သွားကာ အိမ်ထောင်ပင်ကျသွားခဲ့သည်။

သူတို့လင်မယား သားဦးရတနာလေးရသောအခါ ဆရာကြီးဦးနီတာကို လာကန်တော့ကြသည်။

ယခုအခါ ဆရာကြီးဦးနီတာ မရှိတော့ပါ။ အသက်ရှစ်ဆယ်ကျော်အရွယ်မှာ ကွယ်လွန်သွားခဲ့သည်ဟုသိခဲ့ရသည်။

ကောင်းမှုပြုသူအတွက် ကောင်းသတင်းကျန်ရစ်ခဲ့သည်မှာ လောကနိယာမပင်ဖြစ်ပါတော့သည်။

မကျီးချောင်းရွာ၌ ဦးနီတာ၏အကြောင်းသည် သိမီသူတို့အတွက် မမေ့ရက်စရာများသာဖြစ်ခဲ့ပါသတည်း။

ကျော်မိုးလွင်(ဝါးခယ်မ)

*(ဖြစ်ရပ်မှန် ပြောကြားသွားခဲ့သူ ဦးမြအေးကောင်းရာသုဂတိလားပါစေ)*



www.burmeseclassic.com

www.burmeseclassic.com

# သန့်ဇင်

## ကျွန်ုပ်နှင့်သရဲပုံပြင်



ငယ်ရွယ်စဉ်အချိန်တုန်းက လူကြီးမိဘ၊ အစ်ကို၊ အစ်မများပြောပြခဲ့သော သရဲတစ္ဆေပုံပြင်များသည် အိပ်ရာဝင်ခါနီး တစ်ယောက်တည်းမအိပ်ရဲအောင်ဖြစ်ခဲ့ရသလို နောက်ဖေးထွက်၍ အပေါ့သွားရမည်ကိုပင် ကြောက်ရွံ့နေတတ်ပြီး သွားချင်နေသည်ကိုပင် အောင့်အည်းချုပ်တည်းခဲ့ရ၏။ ဝမ်းကွဲအစ်ကို၊ အစ်မများကလည်း လျှာကြီးက တစ်လံမကရှည်၍ နားရွက်ကြီးဖြုံအိပ်နေသော သဘက်ကြီး၏ မျက်လုံးနီနီကြီးသည် လင်းကွင်းလောက်ကြီး ဖြဲခနဲခြောက်လှန့်သောအခါ အောင်မလေး၊ အဘလေး တခဲ့ရ၏။

အသံကျယ်ကျယ်ကြား၍ အဘိုးက -

"ဟဲ့ကောင်တွေ၊ ကလေးကိုဘာလို့ခြောက်နေတာလဲ"

ဟု လှမ်းဟန့်သောအခါ အားလုံးငြိမ့်ကုပ်သွားကြပြန်ပါ၏။

သို့သော် ကျွန်ုပ်တို့ကလေးတစ်သိုက်က ထိုသရဲပုံပြင်အား နားမထောင်ရလျှင် စားမဝင်အိပ်မပျော်၊ နားထောင်ရပြန်ပါကလည်း ကြက်သီးတဖြန်းဖြန်းထကာ ကြောက်ရပြန်ပါ၏။

ညဘက် အဖေက လက်ဖက်ရည်အဝယ်ခိုင်းသောအခါ လမ်းလယ်ရှိ သဖန်းပင်ကြီးနှင့်ညောင်ပင်ကြီးအောက်ဖြတ်မလျှောက်ရဲသဖြင့် ဖြတ်သွားဖြတ်လာ လူကြုံစောင့်ရ၏။ သဖန်းပင်ကြီးကလည်း နာမည်ကြီးချင်စရာ။ ညဘက်ဆိုလျှင် ကိုင်းခြောက်များက မကောင်းဆိုးဝါးလက်ကြီးများသဖွယ် လမ်းမပေါ်သို့ အရိပ်တွေမိုးနေကြ၏။ ကျွန်ုပ်တို့ငယ်စဉ်က အီးပီစီ (ခေါ်) လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း၏လမ်းမီးများသည် (၂၅) ဝပ်အားမီးလုံးလေးများသာဖြစ်ပြီး ဗို့အားမပြည့်သောကြောင့် ခရမ်းချဉ်သီးမီးလုံးသာသာ မှိန်တုတ်တုတ်လင်းနိုင်ရှာ၏။ ရပ်ကွက်တွေရှိ လမ်းမီးတိုင်များသည် မှုန်ပျပျသာဖြစ်နေခဲ့သည်။

လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်ဝယ်ပြီးအပြန် လူကြုံမရှိ၍ မပြန်ရဲသော် အဖေဆူမှာနှင့် သရဲခြောက်မှာ နှစ်လမ်းရွေးရတော့သည်။ သဖန်းပင်သရဲခြောက်မှာနောက်ထား၊ အဖေ့ကြိမ်လုံးက နီးရာဓား ကြောက်ရသဖြင့် သဖန်းပင်ကြီးအနီး ရောက်သောအခါ ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင်ပြေးရသဖြင့် ချိုင့်ထဲမှ လက်ဖက်ရည်မှာ အိမ်ရောက်သောအခါ တစ်ဝက်ပင်မပါတော့။

အဖေက ဒေါသဖြင့် ခေါင်းခေါက်မည်ရွယ်သောအခါ အမေ၏ 'ရှင်ကလည်း' ဟူသော ဗီတိုအာဏာကြောင့် အခေါက်ခံရမည့်ဘေးဒဏ်မှ လွတ်ကင်းရပြန်၏။ သရဲတစ္ဆေအားမမြင်ဘူးသော်လည်း အစ်ကိုဟုပင်ခေါ်သော အဖေ့ညီဝမ်းကွဲဦးလေးငယ်၏ အတွေ့အကြုံကို မျက်မြင်တွေ့ဖူးထား၍ သဖန်းပင်သရဲအား တွေးမိတိုင်း ကျောထဲစိမ့်တက်လာရသည်။

အစ်ကိုသည် တစ်ခါက ညနေဝင်ရီတရောအချိန် နတ်စင်လမ်းထိပ် အမှတ် (၁) ကားဂိတ် ကြက်မင်းထမင်းဆိုင်မှ အမဲသားဟင်းဝယ်ပြီးပြန်လာသည်။ အဖုံးအကာမပါဘဲ ဟင်းပန်းကန်လေးအား ဒီအတိုင်း လက်နှင့်ကိုင်လာ၏။ ၁၉၆၀ ကျော် ၇၀ ခန့်ကာလက ကျွန်ုပ်တို့လမ်းသည် ယခုကဲ့သို့ ပုစွန် ကလေးငယ်တွေ မပေါများသေး ကိုယ့်ခြံကိုယ့်ဝင်းနှင့် နေထိုင်ကြသဖြင့် လမ်းထိပ်မှ လမ်းဆုံး အိမ်နံပါတ် (၁) မှ (၃၆) အထိသာရှိခဲ့၏။

အစ်ကိုလည်း သဖန်းပင်အောက်အရောက် ဟင်းပန်းကန်ထဲမှ အမဲသား




www.burmeseclassic.com

www.burmeseclassic.com

တုံးသည် အလိုလို လေထဲသို့ခုန်တက်၍ သဖန်းပင်ကိုင်းပေါ် သို့ရောက်သွားသည်။ အစ်ကိုသည် လူပျိုကာလသားဖြစ်ပြီး တစ်ကိုယ်လုံး ဆေးမင်ကြောင်များထိုး ထားသလို အာဋ္ဌာဝကဆေးပါထိုးထား သဖြင့် သူ့အမဲသားဟင်းအား သဖန်းပင် သရဲလုသွားသောအခါ အာဋ္ဌာဝကဆေး အစွမ်းကပြပါတော့သည်။

ဟင်းပန်းကန်လေးအောက်ချပြီး ပုဆိုးခါးတောင်းကျိုက်၍ လမ်းထဲမှာပြေး၏။ ထို့နောက် ရပ်ကွက်အား ပတ်ပြေး ပြန်ပါသည်။ ရပ်ကွက်ထဲမှလူတွေက ကိုကျင်သိန်းတစ်ယောက်တည်းပြေးနေ သည်ကိုသာ တွေ့ရသည်။ အစ်ကိုသည် ဘယ်သူနောက်လိုက်နေသည်မသိ မော ပန်းခြင်းလည်းမရှိဘဲ အားသွန်ခွန်စိုက် ပြေးလွှားနေသည်။ နောက်ဆုံး ခေါင်း ရင်းအိမ်မှ သူငယ်ချင်းဖြစ်သူ ကိုအောင် သန်းမှ ရေပုံးယူပြီး ဆီးပက်လိုက်မှ အပြေးရပ်သွားသည်။

သည်တော့မှ အစ်ကိုသည် အမောလွှန်ပြီး ဇောချွေးတွေပြန်နေ၏။ သဖန်းပင်အောက်မှ ဟင်းပန်းကန်လေး အား သွားယူသောအခါ အမဲသားတုံး





www.burmeseclassic.com

www.burmeseclassic.com

သည် ပန်းကန်ထဲပြန်ရောက်နေ၏။ လမ်းထဲမှလူတွေက -

"ကျင်သိန်း၊ ဘာဖြစ်တာလဲ"

ဟု မေးသောအခါ သဖန်းပင်အား မေးငေါ့ပြပြီး ဆဲဆိုနေတော့၏။

"မင်းငါ့အကြောင်းသိရမယ်"

ဟု ကြိမ်းဝါးနေသည်။

ကိုအောင်သန်းကြီးက -

"ကျင်သိန်း၊ မင်းဘာကိုမြင်လို့ သဲကြီးမဲကြီးလိုက်နေတာလဲ"

"ငါ့အမဲသားယူပြေးလို့ ငါလိုက်ဖမ်းတာ (×××) က ဝေးဝေးမပြေးဘူး၊ ရပ်ကွက်ပဲပတ်ပြေးနေတာ"

"ဘယ်လိုပုံစံလဲ ကျင်သိန်း"

"မည်းခြောက်ခြောက်ပါကွာ၊ မိလို့ကတော့ ခြေထောက်နှစ်ချောင်းကနေ ကိုင်ရိုက်ပစ်မှာ။ ဘာမှတ်လဲ အာဠာဝက ကျင်သိန်းတဲ့"

ထိုအချိန်မှစ၍ အစ်ကို့နာမည်သည် အာဠာဝကကျင်သိန်းဟု တွင်သွားပါတော့သည်။

ကျွန်ုပ်တို့ရပ်ကွက်၏ မြို့ပတ်ရထားလမ်းတစ်ဖက်ရှိ စမ်းချောင်းမြို့နယ်တွင် ရုပ်ရှင်မင်းသားမဖြစ်မီ ကျော်ဟိန်းတို့၊ ဝေဠုဝန်ထဲက လူကြမ်းကြီး နေဝင်းထွန်းတို့ စိန်ဂေါ်လီဂိုဏ်းဖွဲ့ကြသောအခါ အစ်ကိုက အားကျမခံ ကြည့်မြင်တိုင်မှာ ဖူးလူးဂိုဏ်းဖွဲ့၏။ လက်မောင်းမှာ လူရိုင်းခေါင်းနှင့် ရဲတင်းနှစ်လက်ပုံ ဆေးမင်ကြောင်ထိုး၏။

စိန်ဂေါ်လီဂိုဏ်းနှင့်ဖူးလူးဂိုဏ်းတို့ မြို့နယ်နှစ်ခုကြား ရထားလမ်းမှာ မကြာခဏချိန်းရိုက်ကြ၏။ မူလီနပ်ခေါင်းတပ်ထားသော ဇာဝီတုတ်၊ စက်ဘီးချိန်းကြိုး၊ ဝါးရင်းတုတ်နှင့် ငါးမန်းစွယ်၊ ရဲတင်းများသည် သူတို့၏ လက်နက်များဖြစ်၏။ တစ်ဖက်နှင့် တစ်ဖက် သေသည်အထိ မလုပ်ကြ။ ကွဲပြဲရုံသာရှိကြသည်။ ရဲတွေ လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့်လာသော် ရထားလမ်းအတိုင်းပြေးကြ၏။ မြို့နယ်နှစ်မြို့နယ်ကြားဖြစ်သောကြောင့် ရဲတွေကလည်း ဟိုဘက်သည်ဘက်ဝင်ဖမ်း၍မရ။ ဤသို့ဖြင့် ပြေးလွှားရင်း ဝေဠုဝန်အိမ်ရာထဲရောက်သော် ကြက်ပျောက်ငှက်ပျောက်ဖြစ်ကုန်ကြ၏။ ထိုဂိုဏ်းနှစ်ဂိုဏ်းသည် တရုတ်-ဗမာအရေးအခင်းကြီးဖြစ်သောအခါ ငြိမ်းချမ်းရေးရသွားပြီး တည့်သွားကြတော့သည်။

❑

အစ်ကိုသည် သဖန်းပင်သရဲအား အခဲမကျေဖြစ်နေ၏။ မကြာခဏ အပင်ခြေရင်းအား သေးနှင့်သွားပန်း၏။ ခဏခဏစိန်ခေါ်၏။ သရဲက အစ်ကို၏ဇကို သိနေသလားမသိ၊ တုတ်တုတ်မလှုပ်။ နောက်ဆုံး စည်ပင်သာယာလူကြီးအား လက်ဖက်ရည်တိုက်၍ လက်ဆွဲခေါ်လာပြီး သစ်ပင်ကြီးခြောက်နေသည်။ လမ်းမပေါ်သို့ကျိုးကျလျှင် လူတွေအန္တရာယ်ရှိ၏။ ခုတ်ပေးပါဟု မရမကပြောသည်။ စည်ပင်လူကြီးသည် ငြင်းမရဘဲ သစ်ပင်ခုတ်အဖွဲ့အားခေါ်ပြီး ခုတ်ခိုင်းရတော့သည်။

သဖန်းပင်သရဲသည် နေစရာမရှိတော့သဖြင့် သာမုကျောင်းတိုက်ဆရာတော်အား သနားစဖွယ်လာလျှောက်သဖြင့် ကျောင်းဝင်းထဲရှိ ခရေပင်တစ်ပင်၌နေစေဟု အမိန့်ထုတ်လိုက်သည်။ ခြွင်းချက်အနေဖြင့် နံနက်စောစော ခရေပန်းကောက်သော ကလေးမလေးများအား ခြောက်လှန့်ခဲ့သော် ရန်ကုန်မြို့မှာမနေနိုင်အောင် နယ်နှင်မည်ဟု အမိန့်ထုတ်သဖြင့် ထိုအချိန်မှစ၍ သဖန်းပင်သရဲ၏ ခြောက်လှန့်ခြင်းရာဇဝင်ဇာတ်သိမ်းတော့သည်။

ကျွန်ုပ်သည်လည်း ညဘက် လက်ဖက်ရည်ဝယ်လျှင် သဖန်းပင်အောက်ရောက်သော် ပြေးရလွှားရသဖြင့် လက်ဖက်ရည်ဖိတ်တစ်ဝက်စဉ်တစ်ဝက်ဖြစ်ခြင်းဒဏ်မှ လွတ်ကင်းရတော့သည်။

ကျွန်ုပ်တို့လမ်းထိပ် နတ်စင်လမ်းမကြီးအောက်၌ ယခင်က ရေချိုငါးဒိုင်များရှိခဲ့သည်။ ယခုတော့ ယင်းငါးဒိုင်များအစား စံပြငါးဈေးကြီးဖြစ်နေ၏။ ယခင်က ထိုရေချိုငါးဒိုင်ကြီးသို့ ညောင်တုန်း၊ ဘောလယ်၊ တွံတေး၊ မအူပင်၊ ပန်းလှိုင်မြစ်တစ်ရိုးမှ ငှက်ပျောကျွန်း၊ ခတ္တိယရွာကြီးများမှ လှေ၊ မော်တော်ကြီးများ ပုံမှန်ဆိုက်ကပ်သည်။ ငါးကျည်း၊ ငါးခူ၊ ငါးရံ့၊ ငါးဖယ်၊ ငါးပတ် စသည့် ရေချိုငါးများသည် ရန်ကုန်တစ်မြို့လုံး ထိုငါးဒိုင်မှာသာရ၏။

နံနက် (၂) နာရီမှ မနက်ခင်း (၈) နာရီခန့်အထိ ထိုငါးဒိုင်များသည် လက်ကားဝယ်သူများဖြင့် စည်ကားနေသည်။ ရန်ကုန်မြို့ဈေးအသီးသီးမှ ငါးသည်များသည် ဇလုံ၊ တောင်းများကိုယ်စီရွက်ပြီး သန်းခေါင်ကျော်သည်နှင့် ထိုငါးဒိုင်များသို့လာကြရသည်။

ကြံတောသင်္ချိုင်းကြီးအနီး နာနတ်တောရပ်ကွက်၊ ဝေဠုဝန်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်များမှ ငါးသည်များသည် နတ်စင်လမ်းမကြီးအတိုင်းဆင်းလာမှ ထိုငါးဒိုင်များသို့ရောက်သည်။

နတ်စင်လမ်းမကြီးထိပ် ကိုးမြို့ရှင်နတ်ကွန်းအနီး အမှတ် (၁) ကားဂိတ်ရှိသည်။နတ်စင်လမ်းအပေါ်ထိပ်၌ အမှတ် (၂) ကားဂိတ်ရှိပြီး စလင်းကွင်းထိပ်၌ အမှတ်(၃)ကားဂိတ်ရှိသည်။ ယခုခေတ်၌ မရှိတော့သော ဘိုက်ပွဟုခေါ်သည့် ဘတ်(စ်)ကားများသည် ထိုစဉ်က ကားလိုင်းများ၌ မင်းမူခဲ့ကြသည်။

အမှတ်(၁)ကားဂိတ်အနီး၌ သာမုကျောင်းတိုက်ဘေးမုခ်ဦးပေါက်ရှိသည်။ သန်းခေါင်သန်းလွဲ ငါးစိမ်းသည်များ ငါးဒိုင်သို့လာလျှင် ဂိတ်ထိုးထားသော ဘတ်(စ်)ကားကြားထဲမှ ခြေထောက်မသန်သောမိန်းမတစ်ယောက်ထွက်ထွက်လာပြီးငါးတောင်းတတ်၏။ ဆံပင်ဖားလျားချထားပြီး အသားမည်းလွန်းလှ၍ မျက်နှာမသဲမကွဲနှင့်ထိုမိန်းမသည် ငါးတောင်း၍မရလျှင် နောက်မှမှန်၍ တောင်းအားဆွဲပြီး မှောက်ချပစ်တတ်၏။ နှုတ်ကြမ်းအာကြမ်း ငါးစိမ်းသည်မများက အော်ဟစ်ဆဲဆိုဖို့ဟန်ပြင်သော် ဆံပင်ဖားလျားကြားမှ နီနီရဲရဲမျက်လုံးနှစ်လုံးကို မြင်ရ၍ဖြင့် ဆဲဖို့နေနေသာသာ လမ်းပေါ် ပြန့်ကျဲနေသောငါးများအား ရသလောက်အမြန်ကောက်ပြီး ထွက်ပြေးကြရ၏။

နောက်သို့ ပြန်လှည့်ကြည့်လျှင် ဘယ်၊ ညာလက်နှစ်ဖက်၌ ငါးနှစ်ကောင်ကိုင်ပြီး တဟီးဟီးရယ်နေသောထိုမိန်းမသည် ငါးအစိမ်းများအား တဂျွတ်ဂျွတ်ကိုင်စားရင်း ကျောင်းဝင်းထဲသို့ဝင်သွားတတ်သည်။ သူမ၏ခြေထောက်နှစ်ဖက်သည် မသန်ဘဲ လိမ်ဖယ်ဖယ်ဖြစ်နေသောကြောင့် ခြေကလိန်မသရဲဟု နာမည်ကြီးနေပါတော့သည်။

ငါးသည်များကလည်း သရဲမ တောင်းလျှင် အလွန်ဆုံး နှစ်ကောင်ဆိုတော့ အခြောက်အလှန့်မခံရလျှင်ပြီးရော အရိပ်အယောင်မြင်သည်နှင့် ငါးရဲ့ အနေတော်နှစ်ကောင်အား လမ်းမပေါ် ချထားခဲ့ပြီး ကိုယ့်လမ်းကိုယ် ဆက်လျှောက်သော် ဘာမှအန္တရာယ်မပေး တော့။

ဤသို့ဖြင့် ငါးစိမ်းသည်များနှင့် ခြေကလိန်မသရဲတို့ ငြိမ်းချမ်းရေးသဘောတူညီမှုရသွားခဲ့ကြ၏။

ကျွန်ုပ်ပင်လျှင် ခြေကလိန်မသရဲ ကောင်းမှုကြောင့် နံနက်စောစော ဂိတ်အနီးဗွက်အိုင်ထဲမှ ငါးလင်ပန်းကြီး တစ်ကောင်ရဖူး၏။ ခြေကလိန်မသရဲ



www.burmeseclassic.com

www.burmeseclassic.com

သည် ငါးလင်ပန်း၊ ငါးရှဉ့်ငါးများကိုတော့ အသည်းယားဟန်တူပါသည်။

❑

တစ်ခါသော် မန္တလေးမှ အာဂန္တု ဦးပဥ္စင်းတစ်ပါး အိမ်သို့ဆွမ်းခံကြွ၏။ အစ်ကိုသည် သရဲနှင့်ဘယ်လိုအကျိုးပေးရေစက်ရှိသည်မသိပါ။ သရဲဟု အသံကြားသည်နှင့် တစ်ခုခုလုပ်ရမှကျေနပ်သူဖြစ်သည်။ သို့ပေမယ့် ခြေကလိန်မသရဲကိုတော့ ခပ်ရွံ့ရွံ့ရှိဟန်တူသည်။ စွာလန်တေး ဆတ်ဆတ်ကြဲ ငါးစိမ်းသည်မများ ပင်လျှင် လက်မြှောက်အရှုံးပေးရသည်ဆိုတော့ ထိုသရဲမမှာ သာမည်ညောင်ညမဟုတ်နိုင်၊ နည်းနည်းအစွမ်းထက်သည့် သရဲမဖြစ်ပုံရသည်ထင့်။ အစ်ကိုက ထိပ်တိုက်ဝင်မတိုး။

အာဂန္တုဦးပဥ္စင်း၏ ကိုယ်ပေါ်မှ အင်းကွက်များအားကြည့်ပြီး သည်ဦးပဥ္စင်းတစ်ခုခုတော့စွမ်းမှာပဲဟု အတပ်တွေးလိုက်ပြီး ဆွမ်းချိုင့်ကိုင်၍ ကျောင်းသို့လိုက်သွားသည်။ ကျောင်းခန်းထဲရောက်တော့ အင်းကစားနေသည်ကိုတွေ့ရသဖြင့်-

"ဦးပဥ္စင်း၊ သရဲတစ္ဆေတွေကို အင်းတနိုင်သလား"

"သရဲထက်ကြီးတဲ့သဘက်တောင် အင်းနဲ့တွေ့ရင် ထွက်ပြေးရတာ ဘိုကျော်ရ"

ကိုကျော်သိန်းအား ဦးပဥ္စင်းက ဘိုကျော်ဟုခေါ်ပါသည်။

"ဒါဖြင့်ရင်လည်း လုပ်စမ်းပါဦး အရှင်ဘုရားရယ်။ ညဥ့်သန်းခေါင်ကျော်တာနဲ့ နတ်စင်လမ်းမထွက်ပြီး ငါးသည်တွေကိုဒုက္ခပေးနေတဲ့သရဲမတစ်ကောင် ဦးပဥ္စင်းတို့သာခုကျောင်းတိုက်ထဲကနေ ထွက်ထွက်လာတယ်လို့ပြောနေကြတယ်။ ခြေကလိန်မသရဲတဲ့"

"ဘိုကျော်က ဘယ်လိုလုပ်သိတာလဲ"

"တပည့်တော်က ညဈေးတန်းမှာ ဈေးကောက်လုပ်တော့ ဈေးသည်တွေ ပြောပြတာနဲ့သိရတာဘုရား"

"ဒီလိုလုပ်၊ ဒီည ငါ့ကျောင်း မင်းလာအိပ်။ ညဥ့်သန်းခေါင်ကျော်တာနဲ့ သိမ်ထဲကနေစောင့်မယ်။ မင်း သတ္တိရှိတယ်မဟုတ်လား"

"ဦးပဥ္စင်းပိုင်လို့ကတော့ တပည့်တော်က ကြာသလားလို့"

ထိုည။

ကြည့်မြင်တိုင် နတ်စင်လမ်းအနီး သာခုကျောင်းတိုက်သည် ညဝါတက်ပြီးသွား၍ သံဃာတော်များ၏ အသံတိတ်ဆိတ်သွားသလို စာအံနေကြသည့်ကိုရင်လေးများ၏ စာကျက်သံလည်း တိတ်ဆိတ်သွားတော့သည်။ ထိုစဉ်က ကျောင်းဝင်းထဲတွင် လူတွေကပါ အိမ်ဆောက်နေကြ၍ တစ်ခါတစ်ရံ ဟိုတဲသည်တဲမှ စကားပြောသံတချို့သာကြားရတော့သည်။ ကိုတင်ညွန့်တို့လင်မယားရန်ဖြစ်သံလည်း မကြားရတော့။

ကမ်းနားလမ်းဝင်ပေါက်နှင့်စလင်းလမ်းဘက်ဝင်ပေါက်သို့ တိုက်ရိုက်ဖောက်လုပ်ထားသောမြေကြီးလမ်းသည် မီးလုံးနီကြင်ကြင် ဖျော့တော့တော့ဖြင့် မှုန်ပျပျလင်းနေရှာသည်။ ဆွမ်းစားကျောင်းမှ ခွေးတစ်အုပ်က ဘာရယ်မသိ ရှည်လျားစွာအူကြ၏။

ကျောင်းဝင်းထဲမှ ခရေပင်၊ ကတ္တီပါသီးပင်၊ သရက်ပင်၊ သစ်တိုပင်ကြီးများက အမှောင်ရိပ်ဝယ် အုပ်မှိုင်းနေကြသည်။ တစ်ချက်ချက် ကျီးတို့က လန့်၍ပြုကြသေးသည်။

"ဝှီး ဝှီး ဖလပ် ဖလပ် ဂစ် ဂစ်"

လင်းဆွဲနှင့် ညဥ့်ငှက်တို့ သစ်ပင်များကြားအစာရှာနေကြ၏။ ညကိုးနာရီထိုးသဖြင့် ကျောင်းဝင်းတံခါးပိတ်လေသည်။ ပိတ်သည်ဆိုသော်လည်း သော့ခတ်ခြင်းမဟုတ်၊ တံခါးစေ့ထားရုံသာဖြစ်သည်။

မန္တလေး အာဂန္တု ဦးပဥ္စင်းနှင့် ကိုကျော်သိန်း၊ တခြားခန်းနေဦးပဥ္စင်းနှစ်ပါး စကားလက်ဆုံကျနေ၏။ ဦးပဥ္စင်းက သူနယ်မှာ အမှောင့်ပယောဂအစွဲချွတ်လာပုံများအား စီကာပတ်ကုံးပြောပြသည်မှာ နားထောင်ကောင်းနေကြသည်။

ဦးပဥ္စင်းက ကျော်အောင်စံထား ဆရာတော်၏ကျင့်စဉ်များအတိုင်း ကျင့်၍ အင်းကစားလာသည်မှာ ဝါနှစ်ဆယ်ခန့်ရှိပြီဟု မိန့်သည်။

"ဒါဆိုရင် တပည့်တော်ကိုလည်း အင်းတိုက်ပါလား ဘုရား"

"ဘိုကျော်ကအရက်သောက်တော့ အင်းတိုက်လို့ရမှာမဟုတ်ဘူး။ အမဲသားလည်းစားတယ်မဟုတ်လား"

ဘိုကျော် ဘာတစ်ခွန်းမှဆက်မဟဖြစ်တော့။ သူက အရက်နှင့် အမဲသား အလွန်ကြိုက်သည်မဟုတ်လား။အင်းနှင့်က ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်သည်။

ကျောင်းတိုက်မှ သံစုံနာရီကြီးသည် တဒင်ဒင်မြည်၍ ဆယ့်နှစ်ချက်တိတိထိုး၏။

"ဘိုကျော်၊ငါးသည်တွေဘယ်နှနာရီဆိုလာကြပြီလဲ"

"တစ်နာရီထိုးရင် ဈေးစဆင်းကြပါပြီ။ မနက်လေးနာရီလောက်ဆိုရင် ငါးဒိုင်ကနေဈေးကိုပြန်ကြပြီ"

ဦးပဥ္စင်းသည် ကျောင်းပေါ်ရှိ ဘုရားခန်းအတွင်း ရုပ်ပွားတော်ဆင်းတုတော်ကြီးရှေ့တွင် ပုတီးစိပ်နေသည်။ ဘိုကျော်လည်း ကျောင်းတိုင်ကိုမှီပြီး အိပ်ပျော်သွားသည်။

"ဒင်. . . ဒင်. . . ဒင်. . . ဒင်"

"ဘိုကျော် ထ၊ ထ လေးနာရီထိုးပြီ"

ဦးပဥ္စင်းက ဦးဆောင်၍ ကျောင်းပေါ်မှဆင်းသည်။ လက်ထဲမှာ ကြိမ်လုံးလေးတစ်လုံးကိုင်ထားသည်ကို တွေ့ရသည်။ ဘိုကျော် ပုဆိုးခြုံပြီး ဦးပဥ္စင်း၏နောက် ကပ်လိုက်သွားသည်။ လေအဝှေ့၌ ကျောင်းဝင်းထဲရှိ သစ်ပင်ကြီးများ တရှဲရှဲမြည်သွားသည်။

နှစ်ယောက်သား ရွှေသာလျောင်းကျောင်းတိုက်ဘေး သိမ်ရှေ့အပေါက်ဝ၌ရပ်လိုက်ကြသည်။ ဘိုကျော် အပေါက်ဝနံရံအား မှီပြီးထိုင်လိုက်သည်။ ဆောင်းတွင်းမို့ ရာသီဥတုက အေးစိမ့်နေသည်။ ပုဆိုးခြုံပြီး ဆေးပေ့ါလိပ်ထုတ်၍ မီးညှိလိုက်သည်။ မီးခိုးထောင်းထောင်းထအောင်ဖွာရင်း အချမ်းပြေရန်ကြိုးစား၏။ ဦးပဥ္စင်းက သိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း လက်မှ ကိုးလုံးပုတီးအား စိပ်နေလေသည်။

"ကျွိ. . . ကျွိ"

စေ့ရုံစေ့ထားသော နတ်စင်လမ်းဘက်အပေါက်သံတံခါးသည် တကျွိကျွိမြည်၍ လှုပ်ခါသွားသည်။ မည်းမည်းအရိပ်တစ်ခုသည် အပြင်ဘက်မှတိုးဝင်လာသည်။ ဆံပင်ဖားလျားချပြီး ခြေထောက်ခွင်လျက် လျှောက်လာသောမိန်းမသဏ္ဌာန်အရိပ်တစ်ခုအား တွေ့ရသည်။ လက်မှာကား ငါးအရှင်နှစ်ကောင်ကိုင်ထားလျက်။ ငါးအရှင်များက သူမလက်ထဲ၌ထွန့်ထွန့်လူးနေကြသည်။

"ဦးပဥ္စင်း၊ ဟိုမှာလာနေပြီ ခြေကလိန်မသရဲ"

"တိတ်တိတ်နေ ကျုပ်မြင်တယ်"

"ဖျပ်. . . ဖျပ်. . . ဖျပ်"

"ဟိတ်-ရပ်၊ ဘယ်ကဝင်လာတာလဲ၊ ဘယ်သူလဲ"

ဦးပဥ္စင်း၏ မာထန်ထန်အသံကြောင့် လူရိပ်သည် ရပ်တန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

နတ်စင်လမ်းမကြီးမှ လမ်းမီးရောင်က နောက်ကျောမှဖြန့်လာသဖြင့် ကိုယ်ရှေ့ပိုင်းအား သဲသဲကွဲကွဲမမြင်ရ။

"ဟီး ဟီး ဟီး - ဘာလုပ်မလို့လဲ"

ကွဲရှရှနှင့်မိန်းမတစ်ယောက်အသံ ထွက်ပေါ်လာသည်။

"နင်ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာဖြစ်လို့ ကျောင်းထဲဝင်လာရတာလဲ"

"ငါဒီကျောင်းထဲမှာနေတာ"

"နင့်ကိုဘယ်သူကကျောင်းထဲမှာထားတာလဲ၊ ဆရာတော်ကြီးနေခိုင်းတာလား"

"ငါ ခြေကလိန်မ၊ ငါ့ကို ဆရာတော်ကြီး မသိပါဘူး။ ကိုးမြို့ရှင်က ကျောင်းဝင်းထဲက သစ်တိုပင်မှာ သွားနေဆိုလို့နေတာ"

"နင်မနေရဘူး"

"ငါကျတော့မနေရဘူးတဲ့။ ကျန်တဲ့အကောင်တွေ သစ်ပင်တွေမှာ အများကြီးပဲ။ သူတို့ကိုလည်းနှင်ပါလား။ ဘုန်းကြီးဖြစ်ပြီး မေတ္တာမထားတတ်ဘူး"

"အောင်မာ ရာရာစစ စော်စော်ကားကား သံဃာတော်ကိုများ။ နင်က ဟိုအကောင်တွေနဲ့မတူဘူး။ လမ်းမထွက်ပြီး ဈေးသည်တွေကိုမိုက်ကြေးခွဲနေတာ။ ဟိုကောင်တွေက သူ့ဟာသူ အေးအေးဆေးဆေးနေကြတာ၊ ဆွမ်းကျန်ကောက်စားပြီး တရားသံနားထောင်နေတာ"

"ဒါကတော့ ကိုယ့်အစွမ်းနဲ့ကိုယ်စားရတာကိုး"

"ဦးပဉ္စင်း၊ ဒီသရဲမ စကားသိပ်များတယ်။ တပည့်တော် အုတ်နီခဲနဲ့ထုလိုက်ရမလား ဘုရား"

"အောင်မာ - ဟိုအကောင်က၊ နင်ငါ့ဘာမှတ်နေလဲ။ သေသွားချင်လား"

အမှောင်ရိပ်မှ ခြေကလိန်မ၏ မျက်လုံးနှစ်လုံးသည် ရဲရဲနီလာတော့သည်။

"ဘိုကျင် အသာနေ၊ ဒီကောင်မ မလွယ်ဘူး။ ကျုပ်ကြည့်ရှင်းမယ်"

ဘိုကျင် အုတ်နီခဲထက်ပိုင်းကျိုးနှစ်ခုအား ဆောင့်ကြောင့်ထိုင်၍ သေးနှင့်ပန်းလိုက်သည်။ လူသေးစိုနေသည့် အုတ်ခဲအား တော်ရုံသရဲကြောက်ကြသည်မဟုတ်လား။

"နင်သိပ်စွမ်းနေသလား"

"အစွမ်းရှိလို့ ဈေးသည်တွေက ငါ့ကိုကြေးရတာပေါ့။ ငါဘာမှမတတ်နိုင်ရင် လူ့အညစ်အကြေးတောင်စားရဖို့ မလွယ်ဘူး"

"နင်သိပ်စွမ်းရင် နင့်ကိုယ်ကိုသေအောင်လုပ်လို့ရသလား"

"ဒါများ လွယ်လွယ်လေး၊ ဘယ်အရွယ်အထိသေးပြရလဲ။ ခေါင်းပေါ်က သန်းမအထိလား"

"ဒီလောက်လည်းမဟုတ်ပါဘူး၊ ငါ့ရှေ့ကပုလင်းလေးထဲဝင်လို့ရသလောက်သာ သေးပြပြီးဝင်ပြပါ"

ခြေကလိန်မသရဲသည် လက်ထဲမှ ငါးရံ့နှစ်ကောင်အား လွှတ်ချလိုက်ပြီး သာမန်လူ့အရပ်မှနေ၍ တဖြည်းဖြည်း သေးသွား၏။ ထို့နောက် ဦးပဉ္စင်းရှေ့ ပုလင်းလေးထဲသို့ ရှောခနဲဝင်သွားပါတော့သည်။ ဦးပဉ္စင်းက လျှင်မြန်စွာပင် ပုလင်းဝအား ဖူးဆို့ဖြင့် ပိတ်လိုက်ပြီး အင်းချထားသော မှိုင်းကိုင်စက္ကူဖြင့်ပတ်လိုက်သည်။ ပုလင်းထဲမှ ခြေကလိန်မသရဲသည် အော်ဟစ်လှုပ်ရှားနေ၏။ သို့သော် အပြင်သို့ထွက်၍မရတော့ပါ။ ဦးပဉ္စင်းက ပရိတ်ကြိုးအားထုတ်ပြီး ပုလင်းနှင့် အင်းစက္ကူအား ပတ်ချည်လိုက်ပါတော့သည်။

ခြေကလိန်မသရဲ ငြိမ်ကျသွားတော့၏။ လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်သောအခါ ပုလင်းထဲမှာ ဆောင့်ကြောင့်လေးထိုင်နေသည်ကိုတွေ့ရသည်။

"နင့်ကိုမန္တလေးခေါ်သွားပြီး ဧရာဝတီမြစ်လယ်က နန်းတော်ကျွန်းရဲ့ သဲသောင်ပြင်မှာ မြေမြှုပ်ပစ်ရမယ်"

ဦးပဉ္စင်းသည် ဘိုကျင်အား ခေါ်ပြီး ကျောင်းသို့ပြန်ခဲ့ကြသည်။ ဘိုကျင်က ခြေကလိန်မသရဲ အနိုင်ကျင့်တောင်းလာသောငါးရံ့ကြီးနှစ်ကောင်အား သွားဖမ်းပြီး ကိစ္စတုံးပစ်လိုက်၏။

"ဟာ - ဒီဒကာဘိုကျင်တော့ခက်နေပါပြီ။ လာစမ်းပါဗျာ"

"အရှင်ဘုရား၊ မနက်စာ ငါးဟင်းကောင်းကောင်းတစ်ခွက်ရပြီဘုရား"

ထိုအချိန်မှစ၍ ကြည့်မြင်တိုင် နတ်စင်လမ်းငါးဒိုင်အနီးခြောက်လှန့်၍ ငါးတောင်းစားသော ခြေကလိန်မသရဲ ရာဇဝင်ရပ်တန့်သွားပါတော့သည်။

❑

ကျွန်ုပ် တက္ကသိုလ်ကျောင်းသားပေါက်စဖြစ်တော့ ဦးလေးတော်သော်လည်း အစ်ကိုလိုနေသော ဘိုကျင်နှင့် ပို၍တွဲမိလာသည်။ သူတို့မိသားစုညီအစ်ကိုမောင်နှမများကလည်း ကျွန်ုပ်အားကျန်သော ကျွန်ုပ်၏ ညီ၊ ညီမ၊ အစ်မများထက် သံယောဇဉ်ကြီး၏။ ဘိုကျင်လည်း အိမ်ထောင်ကျ၍ ကြံတောသချိုင်းကြီးအနီး နာနတ်တောရပ်ကွက်သို့ပြောင်းသွားပါတော့သည်။ နာနတ်တောရပ်ကွက်သည် ကျွန်ုပ်တို့ရပ်ကွက်နှင့်ဟံသာဝတီဘူတာရှိသော ဟံသာဝတီကုန်းသာခြား၏။ ထိုအခါ ကျွန်ုပ်အားအလိုလိုက်သောဘိုကျင်အိမ်သို့ ကျောင်းအားရက်များ၌ အရောက်အပေါက်များခဲ့၏။ ဘိုကျင်သည် အိမ်ထောင်ကျသွားသော်လည်း တေတုန်း၊ ပေတုန်းဖြစ်သည်။ အရက်ကိုပို၍ပြီးသောက်လာ၏၊ တစ်ခါတစ်ရံ နံနက်လင်းသည်နှင့် မူးနေတတ်သည်။

ကျွန်ုပ်သည်လည်း အရွယ်ရောက်လာတော့ ဆေးလိပ်၊ အရက်တို့အား သောက်တတ်စပြုလာ၏။ ဘိုကျင်၏ ဩဝါဒဖြစ်သော 'တက္ကသိုလ်ကျောင်းသား ဆိုတာ အစုံလုပ်တတ်ရတယ်' ဟု မြှောက်ပေးမှုကြောင့် တစ်ခါတစ်ရံ ဘိုကျင်အိမ်မှာ ညနေပိုင်း အရက်ဖြူနှင့် ဝက်ခေါင်းသုပ်အား မြည်းစမ်းတတ်စပြုလာပါသည်။

တစ်ခါသော် နွေရာသီကျောင်းပိတ်ရက်ဖြစ်၍ ဘိုကျင်အိမ်၌ ညနေပိုင်း အရက်ဝိုင်းဖွဲ့ဖြစ်ကြသည်။ သောက်စားကြ၍ထွေတေတေဖြစ်လာကြသောအခါ ဘိုကျင်ဒုက္ခပေးလိုက်သော ခြေကလိန်မသရဲအကြောင်းရောက်သွားသည်။

"အလကားပါကွာ၊ ဒီသရဲတွေ ငါ နဲ့တွေ့ရင် အီစလံဝေသွားမယ်။ သရဲမ လို့ သဘက်ကြီးဖြစ်ဖြစ် ဂရုကိုမစိုက်ဘူး မင်းကောကြောက်လား ညီလေး"

ကျွန်ုပ်လည်း ဘာပြန်ပြောရမ မသိဖြစ်သွား၏။ မကြောက်ဘူး လိုက်လျှင် ဘိုကျင်သည် မကောင်း ဝါးတွေကို ဘာသွားလုပ်ဦးမည်မှန်း ကြောက်တယ်ပြောလိုက်လျှင် သူ သောအရက်အား သောက်နေသ စိတ်ဆိုးသွားပြီး မူးမူးနှင့် နားရင်းထ နိုင်သည်၊ ဒီတော့ သရဲထက်ကြော စရာပိုကောင်းသောဘိုကျင်အားကြော မိသည်နှင့် -

"ဘယ်ကြောက်မှာလဲ အစ်ကို အစ်ကိုသာပါလို့ကတော့ လာထား

"ဟား ဟား ဟား - ဒါမှငါ့ညီ

ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယော စကားပြောသံများအား တစ်ဖက် အိမ်ရှင်အဘိုးကြီးကြားသွား၍လာ ချောင်းဟန့်ပြီး -

"ဟေ့ကောင် ဘိုကျင်၊ မ အစ်ကိုတွေ တကယ်ပြော



www.burmeseclassic.com

www.burmeseclassic.com

"ဟ-ဘကြီးရ ကျွန်တော်က ဇူးလူး ဝိဏ်းခေါင်းဆောင်ဘိုကျင်ပါဗျ။ ကြည့် မြင်တိုင်မှာ နာမည်တစ်လုံးနဲ့နေလာတာ၊ ဘကြီးက မယုံလို့လား"

"မယုံလို့မဟုတ်ပါဘူးကွာ။ မင်း တကယ်မကြောက်ဘူးဆိုရင် မနက်ဖြန် မနက်စောစော အကြော်ဖိုကိုငါနဲ့လိုက်ရဲ သလား။ ကဲ - ပြောစမ်း"

"ဘယ်အချိန်လိုက်ရမှာလဲ"

"မနက်စောစောသုံးနာရီပေါ့ကွ"

ဘိုကျင်သည် ကျွန်ုပ်အားမေးငေါ့ ပြသည်။ ဘယ့်လိုလဲဟူသောမေးခွန်းဖြစ် သည်။ ကျွန်ုပ်လည်းဖြစ်ချင်ရာဖြစ်ဟု စိတ်ပိုင်းဖြတ်ပြီး ခေါင်းညိတ်ပြလိုက် သည်။

"လိုက်မယ်ဗျာ၊ ဘကြီးသွားရင် သာ ကျွန်တော်တို့ညီအစ်ကိုကိုနိုးဟုတ် လား"

"အေး အေး - မနက်ငါနိုးပါ့မယ်။ မင်းနဲ့ ကြံတောသချိုင်းနဲ့တော့ တွေ့ပြီပေါ့ ဘိုကျွင်ရာ"

အဘိုးကြီးစကားသံ တိတ်သွား သည်။ ကျွန်ုပ်တို့ညီအစ်ကိုလည်း ခေတ္တ မျှ ငြိမ်သက်သွားကြသည်။ ကျွန်ုပ်သည် တိုသည်တွေးမိရင်း ကြက်သီးများပင်ထ လာ၏။ အဘိုးကြီး၏ ပဲကပ်ကြော်အ ကြော်ဖိုသည် ကြံတောသချိုင်းအလယ် ဇရပ်ကြီးအနီး ကုက္ကိုပင်ကြီးအောက်၌ရှိ သည်။ ကြံတောသချိုင်းသည် မီးသဂြိုဟ် သည့်နေရာပတ်လည်၌ တမလွန်သွားသူ များ၏ ရွှေတောင်ကြားရပ်ကွက်ဖြစ် သော်လည်း ဇရပ်ကြီးအနီး သစ်ပင်အုပ် ဆိုင်းဆိုင်းနေရာသည် အောက်ခြေ လူတန်းစားများ၏ ဘဝနောက်ဆုံးခရီး ၌ နားခိုရာနေရာဖြစ်ပါသည်။ ယိုင်နဲ့နေ သောမုတ်တိုင်အိုများ၊ ခွေးများယက်ဖော် ထားသဖြင့် တစ်ဝက်တစ်ပျက်ပေါ်နေ သော လူ့အရိုးခေါင်းများဖြင့် နေ့ခင်း ကြောင်တောင်အချိန်မှာပင်လျှင် ထိတ် လန့်ချင်စရာကောင်းလှသည်။

ထိုဇရပ်ပျက်ကြီးဖြစ်လုနီးနီး ဇရပ် ကြီးပေါ်တွင် သံဃာတစ်ပါးသီတင်းသုံး နေသလို ကိုယ်ပျက်နေသည့် အနာကြီး ရောဂါသည်တွေလည်းနေကြသည်။ သူ တို့သည် ဘိန်းအဆီ၊ ဆေးခြောက် စသည်များကိုလည်းရောင်းချကြသည်။ ကြံတောသချိုင်းထဲ၌ အနာကြီးရောဂါ သည်တွေက ရှာဖွေပြီးနေကြသည်။ အစိုး ရကလည်း သူတို့အားနှင်ထုတ်လို့မရပါ။ လူ့ဘဝဆုံးပြီးဖြစ်သောကြောင့် သေမထူး နေမထူးဘဝမှာ ဘာကောင်တွေသချိုင်း ထဲဝင်လာလာ အသက်နဲ့လဲပစ်မည်ဟု ကြိမ်းဝါးနေကြသည်။ (မှတ်ချက်-နဝတ အစိုးရတက်လာသောအခါ သူတို့လည်း ဖောင်ကြီးအနီးသို့ ရွှေ့ပြောင်းခြင်းခံရပါ တော့သည်။)

မီးသဂြိုဟ်စက်ကြီးအနီး အုတ်ဂူ များသည် လှပသောသစ်ပင်၊ ပန်းပင် များဝန်းရံလျက် သံတိုင်းများကာရံထား သော ဗိုအိုင်ပီအုတ်ဂူများ၊ အဝင်လမ်း တစ်ဖက် အသံလွှင့်ရုံနောက်ရှိ တရုတ် သချိုင်း၊ ခရစ်ယာန်သချိုင်းများဖြင့် လှပ နေသလောက် ဇရပ်ကြီးပတ်ဝန်းကျင်ရှိ မြန်မာ့အောက်ခြေလူတန်းစား၏သချိုင်း မြေပုံတို့သည် ယူတတ်လျှင်ဖြင့် တရား သံဝေဂရစရာကောင်းလှသည်။

မီးသဂြိုဟ်စက်ကြီးအနီး သံပန်း များဝန်းရံထားသော အုတ်ဂူကြီးတစ်ခု တွင် ရယ်စရာအဖြစ်အပျက်တစ်ခု ဖြစ် ပွားခဲ့ဖူးပါသည်။ ရပ်ကွက်နေလူအများ က ရယ်စရာဟု သဘောထားကြသော် လည်း သုသာန်မှူးမှာ နေစရာမရှိအောင် ကြောက်လန့်လျက် သွေးပျက်သွားခဲ့ဖူး ပါ၏။ အဖြစ်အပျက်က ဤသို့ဖြစ်ပါ သည်။

မဆလပါတီဥက္ကဋ္ဌကြီးဦးနေဝင်း၏ ဇနီးများထဲမှ တရားဝင် နိုင်ငံတကာသိ အချစ်ဆုံးဇနီးဖြစ်သော ဒေါ်ခင်မေသန်း ကွယ်လွန်တော့ မီးသဂြိုဟ်စက်အနီး၌ အုတ်ဂူတစ်လုံးအား ခံ့ခံ့ညားညားဆောက် ၏။ သံပန်းများဖြင့် အခိုင်အမာ ကာရံ ထားသည်။

တစ်နေ့သော် ဘယ်သူက လက် ဆော့ပြီး သံပန်းထဲဝင်၍ မီးသွေးခဲကြီး ဖြင့် စာလုံးကြီးကြီးစာတစ်ကြောင်းရေး သွားသည်မသိပါ။ နေ့လယ် အသုဘ လာပို့ကြသောသူအများတွေ့သွားပြီး ဖတ်ကြပြီးနောက် ဟားတိုက်ရယ်ကြ တော့မှ သုသာန်မှူးလည်း ကပျာကယာ ထွက်လာပြီး ရေလောင်းဖျက်ပစ်ရပါ



တော့သည်။ ထိုပြဿနာကြောင့် သုသာန်မှူး အလုပ်ပြုတ်သွားသည်လား ဘာလားတော့ မကြားမိလိုက်ပါ။ ရေးထိုးသွားခဲ့သည့်စာတစ်ကြောင်းက တော့ 'အမေကြီးရေ၊ အဖေကြီးကို မြန် မြန်ခေါ်ပါတော့' တဲ့။ မှတ်လောက်သား လောက်သည့်စာတန်းလေးဖြစ်ပါသည်။

❑

ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက် မူးမူးနှင့် အိပ်ပျော်သွားကြသည်မှာ တစ်ဖက်ခန်းမှ ဘကြီး၏ ထရံပုတ်နိုးသံ ကြားရမှ နိုးပါတော့သည်။

"ဘိုကျင် ထ ထ၊ ငါအကြော်တဲ သွားတော့မယ်။ လိုက်ရဲတဲ့စိတ်ကောရှိ သေးလား"

ဘိုကျင်နှင့် ကျွန်ုပ်လည်း အိပ်မှုန် စုံမွှားဖြင့် လန့်နိုးလာကြပြီး ဘကြီး၏ ရိသဲ့သဲ့စကားကြောင့် -

"လိုက်မယ် ဘကြီးရေ၊ ခဏလေး တော့စောင့်။ မျက်နှာသစ်လိုက်ဦးမယ်"

လွယ်အိတ်ထဲသို့ လေးခွ၊ လောက် စာလုံးနှင့် ညကထုပ်ဝယ်ထားသော အရက်တစ်လုံး၊ ရေပုလင်းတို့ ထည့်ပြီး ဘကြီး၏ အကြော်လှည်းလေးနောက် လိုက်လာခဲ့ကြပါတော့သည်။

ဘကြီး၏ သချိုင်းကုန်းအကြော်ဖို သွားရာလမ်းကား နာနတ်တောတစ် လမ်းအဆုံး အိမ်ကြားများမှထွက်လျှင် ဘူးစင်များနှင့်နွားမွေးမြူရေးတဲကြီးလွန် သော် မြေပုံ၊ အုတ်ဂူများကြားထဲမှ မြေ ကြီးလမ်းလေးဖြစ်၏။ ဘကြီး၏အကြော် လှည်းလေး၌ ဆန်မှုန့်နှစ်အရည်များ၊ ကုလားပဲရေစိမ်ပုံး၊ ဆီပုံးနှင့် အကြော်တဲ ၏ပဋိကွရာပစ္စည်းအကုန်ပါ၏။ လှည်း သည် နှစ်ပေါင်းများစွာအသုံးပြုလာခဲ့ပြီး ဘီးဝင်ရိုးအား အမဲဆီမထည့်၍လားမသိ၊ တအီအီအသံပေးလိုက်၊ဂလုပ်ဂလောက် ကျွိကျွိမြည်လျက် မနိုင်ဝန်ရုန်းနေရှာ သည်။

ဘကြီးကလည်း နိစ္စဓူဝလုပ်ငန်း ဖြစ်နေ၍လားမသိ အားသွန်ခွန်စိုက် တွန်းနေရှာသည်။ နံနက်ခြောက်နာရီဆို လျှင် အကြော်ကြော်ခြင်းလုပ်ငန်းပြီးဆုံး ၍ လှည်းသည် အိမ်မှာအနားရသော် လည်း ဘကြီး၏ စက်ဘီးအိုကြီးသည် တစ်စခန်းထွက်ရလေတော့သည်။

စက်ဘီးအိုကြီး၏ နောက်ကယ်ရီ ယာပေါ်တွင် ပဲကပ်ကြော်တောင်းအား အသေချည်နှောင်ထားသည်။ထိုတောင်း ကြီးသည် ဆီဝနေ၍လားမသိ။ မူလင်း



www.burmeseclassic.com

www.burmeseclassic.com

အရောင်ပျောက်ပြီး ဝါကြင့်ကြင့်ပြောင် လက်လက် အရောင်ထွက်နေပါသည်။ ထိုစက်ဘီးကြီးဖြင့် ဘကြီးသည် ရပ်ကွက် တကာရှိ မုန့်ဟင်းခါးဆိုင်များသို့ ပဲကြော် ပို့ပါလေတော့သည်။ ဘကြီး၏ဇနီးသည် ကား စျေးသွားချက်ပြုတ်ပြီး ရေမိုးချိုး သနပ်ခါးလိမ်း၍ လင်တော်မောင်အဘိုး ကြီးအားမျှော်ပါလေတော့၏။ ဘကြီးနှင့် သူ့ဇနီးက အသက်အစိတ်ခန့်ကွာသည် ဟုဆိုသည်။ ထို့ကြောင့်လည်း ဘကြီးက ဇနီးငယ်ငယ်လေးအား ဘာအလုပ်မှ မလုပ်စေဘဲ အိမ်မှာအလှထားခြင်းဖြစ် တန်ရာသည်။

❑

နာနတ်တောလမ်းသွယ်ရှိ သုန ကျော ငဖြူ ညိုခွေးတစ်အုပ်က ဘကြီး ၏နေ့စဉ်ဖြတ်သန်းသွားနေကျ လှည်းသံ အား နားယဉ်နေသည်မို့လားမသိ၊ လှည်းသံကြောင့် အိပ်နေကြရာမှ ခေါင်း ထောင်ထ နားရွက်စွင့်ပြီး ပြန်အိပ်ကြ မည်ရှိသော်လည်း လှည်းနောက်တ ကယိမ်းကယိုင်နှင့် လိုက်ပါလာသော ဘိုကျင်နှင့်ကျွန်ုပ်တို့နှစ်ဦးအားတွေ့သော် မလာဘူးသောဧည့်သည်တို့အား ခွေးတို့ ထုံးစံအတိုင်း စူးစူးဝါးဝါးထိုးဟောင်ကြပါ လေတော့သည်။

အရက်မူးမပြေသေးသောဘိုကျင် သည် ငါကဲ့သို့သော ကြည့်မြင်တိုင်လမ်း သရဲဇူးလူးဂိုဏ်းခေါင်းဆောင်ကြီးအား ပမာမခန့်ဟောင်ဝံ့သလားဟူသောမာန် ဖြင့် လွယ်အိတ်ထဲမှ လက်ဆွဲတော်လေး ခွကြီးနှင့်လောက်စလုံးများထုတ်ပြီးဟောင် နေသောခွေးတစ်အုပ်အား အဆက်မပြတ် ပစ်ခတ်သည်ရှိသော် ခွေးငဖြူ ညိုတို့ သည် ငါတို့ထက်မိုက်သော ခြေနှစ် ချောင်းနှင့်နားရွက်တိုသတ္တဝါရောက်လာ လေပြီတည်းဟူသောအသိဖြင့် တကိန် ကိန်ဗြောသံပေး၍ပြေးကြလေသတည်း။

ဘကြီးသည် ဘိုကျင့်အဖြစ်အား ကြည့်ပြီး တခွီခွီရယ်ပါလေ၏။

နွားတဲများလွန်တော့ သချိုင်း အစပ်သို့ရောက်၏။ နက်နက်စောစော အရုဏ်မလာမီအချိန်သည် အလွန် မှောင်မိုက်၏။ မြေပုံ၊ အုတ်ဂူများကြားမှ ဖြတ်တိုက်လာသော လေနုအေးသည် လတ်ဆတ်သော်လည်း တစ်ချက်ချက် ပုပ်အက်အက်အနံ့တို့ ရောယှက်လာ သည်။ ပိုက်ဆံမတတ်နိုင်သူတို့ကြောင့် သုဘရာဇာသည်လည်း အပျင်းခိုကတ် ကာ မြေကျင်းတိမ်တိမ်တူး၍မြှုပ်သော ကြောင့် တချို့သောအလောင်းတို့သည် ခွေးများ ယက်စားခြင်းခံရ၍ အနံ့အမျိုး မျိုးထွက်နေကြသည်။ ခပ်လှမ်းလှမ်း အကွေ့၌ ဝက်ဆီဖတ်ကြော်သောတဲများ မှ မီးခွက်ရောင်ဝါလဲ့လဲ့များအားတွေ့ရ သည်။ အကြော်တဲ၊ ဝက်ဆီဖတ်တဲများ မှာ ရပ်ကွက်ထဲ၌ကြော်သော် ရပ်ကွက် သူရပ်ကွက်သားများ အညော်နံ့မခံနိုင် ကြ၍ သချိုင်းကုန်းရှိရာသို့ လုပ်ငန်းခွင် ပြောင်းရွှေ့လာကြခြင်း ဖြစ်သည်။

သချိုင်းကုန်းနှင့် ကုက္ကိုဝင်သည် လွန်စွာပနံရ၏။ နေ့ခင်းဘက်တွင် အရိပ် အာဝါသကောင်းသလောက် ညဘက် ရောက်သော် အရိပ်မည်းကြီးများက ခြောက်ချားစရာအတိပြီးသည်။လရောင် တချို့တဝက်တို့က ကုက္ကိုကိုင်းခက်တို့ ကြားမှ အုတ်ဂူဖြူဖြူများ၊ မြေပုံမို့မို့များ အား အလင်းရောင်ပေးနေကြသည်။ ညဥ့်ငှက်တို့သည်လည်း တဂီးဂီးအသံ ပေးရင်း အိပ်တန်းလုနေကြ၏။ ဝက်ဂီ ရပ်ကွက်ထိပ် သချိုင်းကုန်းအစပ်မှ ကိုမြင့်၏ တောအရက်ပုန်းဆိုင်ရှိ ခွေး တစ်ကောင်သည် ဆွဲးမြေ့စွာဖြင့်အူနေ သည်။

"အူး အူး ဝူး ဝူး"

ထိုခွေး၏ အချက်ပေးသံကြောင့် သချိုင်းကုန်းထဲမှ ခွေးလေခွေးလွင့် ခွေး ဝိန်ခွေးကြားတို့လက်ဆင့်ကမ်းရင်းအူကြ သောအခါ နာနတ်တောရွာနီးချုပ်စပ်မှ ခွေးတို့ကလည်းလိုက်အူကြ၏။

ကျွန်ုပ်သည် သချိုင်းကုန်းတွင်းသို့ အဝင် ကြိုဆိုသော တေးသံကြောင့် ကြက်သီးထပြီး ခေါင်းနားပန်းကြီးသွား သည်။ ဘိုကျင့်လက်မောင်းအားဆုပ်ကိုင် လိုက်ပြီး သူနှင့်ထက်ကြပ်မကွာလိုက်၏။

ဘိုကျင်က မင်းကလည်းကြောက် တတ်ရန်ကောဟူသော သဘောဖြင့် အဟမ်းဟု အသံပြုသည်။

ကျွန်ုပ်တို့ရှေ့မှ လှည်းတွန်းနေ သောဘကြီးကား ခါးကုန်းပြီး လှည်းကို အားစိုက်တွန်းနေ၏။

"ဖလူး ဖလပ် ဖလပ်"

"အမလေး - ဘာကြီးလဲဟ"

ဘကြီးက လက်နှိပ်ဓာတ်မီးဖြင့် ထိုးပြသောအခါ မြေဝပ်ငှက်တစ်ကောင် ပျံပြေးသွားသည်ကိုတွေ့ရသည်။

"မင်းတို့ကလည်း၊ ဒါလေးတောင် ကြောက်နေရသလား၊ တော်တော်သွေး နည်းတဲ့ကောင်ပဲ"

"ကျုပ်က မကြောက်ပေါင်။ ဒီ ကောင်လေးလေဗျာ၊ လန့်နေတာ"

ကျွန်ုပ်က ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဘာမှပြန်မပြောသာ။

ဇရပ်ကြီးအနီး ကုက္ကိုပင်ကြီး၏ အောက်ရောက်သော် ဘကြီး၏အကြော် ဖိုတဲနန်းအားတွေ့ရသည်။ တိုင်လေးတိုင် စိုက်ပြီး မနိုမိုးထားသော လေးတိုင်စင် တဲလေးသာဖြစ်၏။ မြေကြီးအား ကျင်း တူးပြီး အုတ်နီခဲများဖြင့် ဖိုခုံလောက် ဆိုင်လုပ်ထား၏။ အနီးရှိ အုတ်ဂူသည် ဘကြီး၏ အကြော်ကြော်ရန် ပစ္စည်းကိရိ ယာတန်ဆာပလာများတင်သောစင်ဖြစ် နေသည်။

ကျွန်ုပ်သည် ဘကြီးအကြော်လိုက် ပို့သော မုန့်ဟင်းခါးဆိုင်များအား မှတ် ထားပြီးမစားတော့ဟု ဆုံးဖြတ်မိသည်။

ဘကြီးက ပထမဆုံး ရေနံဆီမီး ခွက်ကြီးအားထွန်းပြီး အုတ်ဂူပေါ်တင် လိုက်သည်။ အနီးရှိ ကုက္ကိုပင်ကြီးသည် လေးအဝှေ့၌ သစ်ကိုင်းများတခြောက် ခြောက်လှုပ်ခတ်သံများကြားရသလို ခပ် လှမ်းလှမ်းရှိ ဇရပ်ကြီး၏ သံချက်ပြုတ် နေသော သွပ်မိုးပြားများကလည်းလေ တိုက်တိုင်း တပျောင်းပျောင်းတဗျင်းဗျင်း မြည်လျက် ခွရမ်မာ စိုင်းသာဌေး၊ သန်း နိုင်တို့နှင့်အပြိုင်လက်စွမ်းပြနေကြသည်။ သချိုင်းမြေပုံများအကြား မြေကြွက်ကြီး များ၏ ချိုးချိုးချွတ်ချွတ်ပြေးလွှားသံ၊ ပိုးကောင်မွှားကောင်များ၏တကျီကျီမြည် သံ၊ သစ်ရွက်၊ သစ်ကိုင်းများအကြားသို့ လေတိုးသဖြင့်မြည်ဟီးသံ၊ ညဥ့်ငှက်တို့၏ အလန့်တကြားအော်သံများက တောရှံ လူများအဖို့ သွေးပျက်သွားစေနိုင်ပါ သည်။

ကျွန်ုပ်တို့ညီအစ်ကိုနှစ်ဦးဖြစ်သော မဟာသတ္တိရှင်များကား ကြောက်ရွံ့စိုး ထိတ်နေသောမျက်နှာများအား အမှောင် ရိပ်ကို အကာအကွယ်ပြုလျက် သတ္တိရှိ နေဟန်ဆောင်လျက်ရှိကြသည်။ ဘကြီး သည် မီးမွှေးပြီး၍ မီးအားကောင်းလာ စေရန် ကနစိုသားထင်းခြမ်းများအား အဆက်မပြတ်ထည့်နေပါသည်။ မီးရှိန် တက်လာတော့ ဒယ်အိုးကြီးအားတင် ၍ အကြော်ခံဆီများထည့်သည်။ ဆီ မပွက်လာသေးမီ ဆန်မုန့်နှစ်များနှင့် ရေ စိမ်ထားသော ကုလားပဲခြမ်းများအား ရောမွှေ၍ ဇွန်းကြီးဖြင့်မွှေနေ၏။ ဒယ် အိုးထဲမှဆီများ တဖျစ်ဖျစ်မြည်လာသော အခါ တစ်ခါခပ်ဇွန်းလေးဖြင့် မုန့်နှစ်ရော နေသောပဲခြမ်းများအားခပ်၍ ဆီပူထဲသို့ လောင်းထည့်၏။ ပဲခြမ်းမုန့်နှစ်တို့သည် ဆီပူကြော်ပြန့်ကားသွားပြီး အဝိုင်း

www.burmeseclassic.com

သဏ္ဌာန်လေးဖြစ်လာ၏။

ကျွန်ုပ်သည် ပဲကပ်ကြော်နည်းအား အစအဆုံးကြည့်နေမိသည်။ ဆီကျက်သွားပြီဖြစ်၍ ဒယ်အိုးထဲသို့ မုန့်နှစ်များ တစ်ဇွန်းပြီးတစ်ဇွန်း လောင်းထည့်၏။ ဒယ်အိုးထဲတွင် ပဲကပ်ကြော်လေးများက အစီအရီပွက်စီထလျက်ရှိသည်။ ဘကြီးက ဝါးရိုးအရှည်ဖြင့် ပဲကပ်ကြော်လေးများအား ဟိုရွေ့သည်ရွေ့လုပ်၏။

"ဘိုကျင် သတိထားနေ၊ ငါ့မိတ်ဆွေကြီးလာတော့မယ်"

ဘကြီးသည် အကြော်ကြော်နေရင်း အစအဆုံးမရှိ စကားတစ်ခွန်းအား ပြောလိုက်သည်။

သည်အချိန်ကြီး သချိုင်းကုန်းထဲဘယ်က ဘကြီးမိတ်ဆွေလာလိမ့်မည်နည်း။ ကျွန်ုပ်တို့ ဇဝေဇဝါဖြစ်သွား၏။ ဘိုကျင်ကား သချိုင်းကုန်း ပတ်ဝန်းကျင်အားမကြည့်မိအောင် အကြော်အိုးကိုသာ ငေးစိုက်ကြည့်နေသည်။ သတ္တိရှိပါသည်ဆိုသော အစ်ကိုသည် ကြံတောသချိုင်း၏ဟိတ်အား ရွံ့သွားပုံရ၏။

အကြော်လေးတွေက ဆန်မုန့်အဖြူရောင်မှ ဝါကြင်ကြင်အရောင်သို့ ပြေးလာသည်။

ထိုစဉ် -

"နည်းနည်းပေး"

ကွဲရှရှအသံကြီးဖြင့် မီးဖိုဘေးမှ လက်မည်းကြီးတစ်ဖက်ထွက်လာသည်။ အမွေးဗရပျစ်နှင့် လက်မည်းကြီးသည် တိရစ္ဆာန်ရုံထဲမှ လူဝံကြီးတစ်ကောင်၏ လက်နှင့်တူပါသည်။ လက်မည်းကြီးသည် လက်ဝါးဖြန့်လျက် အကြော်တောင်းနေသည်။ ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက် ကြက်သေသေပြီး ငေးစိုက်ကြည့်နေမိလျက်သားဖြစ်သွား၏။

"မကျက်သေးဘူးကွ"

ဘကြီးက အကြော်မကျက်သေးကြောင်းပြောလိုက်တော့ လက်မည်းကြီး ပြန်ပျောက်သွားသည်။ ဘကြီးက ကျွန်ုပ်တို့အားမော့ကြည့်ပြီး-

"တွေ့လိုက်လား ဘိုကျင်"

"ဘာကိုတွေ့လိုက်တာလဲ ဘကြီး"

"မင်းမမြင်ဘူးလား၊ မမြင်ချင်ယောင်ဆောင်နေတာလား"

"ကျွန်တော် သတိမထားမိလိုက်ဘူး၊ အမှတ်တမဲ့ဖြစ်သွားတယ်"

ကျွန်ုပ်လည်း တကယ်ပဲလား၊ မျက်စိမှားတာလားဟု ကိုယ့်ကိုယ်ကိုယ် သံသယဖြစ်မိ၏။

"အေး၊ အေး-ဒီတစ်ခါမြင်အောင်ကြည့်"

ဘကြီးက အကြော်လေးများအား ဝါးရိုးရှည်ဖြင့်မွှေနေ၏။

"နည်းနည်းပေး"

လက်မည်းကြီး ပေါ်လာပြန်၏။ သည်တစ်ခါတော့ အသေအချာမြင်ရပြီဖြစ်သည်။ ထင်းမီးရောင်အောက်၌ လက်မည်းကြီးသည် အမွေးမည်းကြီးများ ရှည်လျား၍ လက်သည်းကြီးများမှာ ရွံ့စရာပင်ကောင်းလွန်းလှ၏။

"မင်းကလည်း မကျက်သေးပါဘူးဆိုနေမှ စားချင်နေပြီ၊ ကဲ - ရော့ကွာ"

ဘကြီးက စကားဇွန်းဖြင့် အကြော်တစ်ခုအားခပ်ယူပြီး လက်မည်းကြီးထဲ ထည့်ပေးလိုက်၏။

"အား - ပူတယ်"

ရုတ်တရက် လက်မည်းကြီးအော်ပြီးပျောက်သွားသည်။

"မကျက်သေးပါဘူးဆိုတာ ဇွတ်လာတောင်းနေတယ်။ ကဲ-ဘိုကျင်တွေ့ပြီလား"

အစ်ကိုနှင့် ကျွန်ုပ်သည် ဘကြီးအား ဘာမှပြန်မပြောတော့ဘဲ လွယ်အိတ်ထဲမှ ပါလာသော အရက်ပုလင်းအားထုတ်သည်။ အစ်ကိုက ပုလင်းကိုလု၍အဖုံးဖွင့်ပြီးမော့ချလိုက်သည်။ သုံး၊ လေးကျိုက်ခန့်မော့လိုက်ပြီး ပုလင်းအား ကျွန်ုပ်ကိုပေး၏။ ကျွန်ုပ်လည်း ပုလင်းအား နှုတ်ခမ်း၌တေ့ပြီး မော့ချလိုက်ရာ လည်ချောင်းထဲ၌ မီးစနှင့်ထိုးသကဲ့သို့ ခံစားလိုက်ရသည်။ ရေမရောဘဲ မော့သောက်ချလိုက်သဖြင့် အရက်တန်ခိုးက ချက်ချင်းပြလာ၏။ ညကသောက်ထားသည့်အရှိန်နှင့်ပေါင်းပြီး ခဏချင်းပင် ပြန်မူးလာ၏။ သည်တော့မှ ကြောက်စိတ်ကပြေချင်ချင်ဖြစ်လာ၏။

သို့သော် -

ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက် ဘကြီးအနားမှမခွာကြတော့။ ဘကြီးကတော့ နေ့စဉ်တွေ့နေကျဖြစ်နေ၍လားမသိ၊ ကြောက်ရွံ့ပုံပင်မပေါ်ပါ။ ဘိုကျင်က ထိန်းထားသော်လည်း အသံတုန်တုန်ဖြင့်မေးသည်။

"ဘကြီး၊ ဘယ်ကဟာကြီးလဲ။ လက်ကြီးကလည်း ရွံ့ဖို့ကောင်းလိုက်တာ"

"ဒီကုက္ကိုပင်မှာနေတဲ့ သချိုင်းစောင့်သရဲကြီးလေ။ ကြံတောသချိုင်းမှာ ဒီကောင်အကြီးဆုံးပဲ။ အစွယ်ကြီးတွေက တစ်ထွာလောက်ရှိတယ်။ မင်းမြင်ချင်တယ်ဆိုရင် ငါအကောင်လုံးပြခိုင်းလိုက်မယ် ကြည့်မလား"

"ဟာ-တော်ပါပြီဗျာ၊ မကြည့်ပါရစေနဲ့"

"ကဲ-ဒါဖြင့်မင်းတို့ယုံသွားပြီဆိုရင် ပြန်ကြတော့လေ"

"မပြန်သေးဘူး၊ အလင်းရောင်လာမှပြန်မယ်"

ဘကြီးကား ဘိုကျင့်ပုံစံကိုကြည့်ပြီး တဟားဟားရယ်လေ၏။ ရယ်သံသည် သချိုင်းတစ်ခွင်လုံး ပျံ့နှံ့သွားပါသည်။

ညီအစ်ကိုနှစ်ယောက် ကြောက်ကြောက်ဖြင့် အရက်ပုလင်းအား ခွက်လှည့်မော့ကြရာ မကြာမီကုန်လေ၏။ အကြော်များကျက်သောအခါ ဆယ်ပြီး ဒန်ဇလုံခံထားသောဇကာကြီးထဲသို့ထည့်၏။ ထို့နောက် သတင်းစာစက္ကူပိုင်းလေးယူပြီး မလှမ်းမကမ်း၌ချ၍ အကြော်သုံးလေးခုထည့်ပြီး-

"ဟေ့ကောင်ကြီး၊ လာစားတော့။ မပူတော့ဘူး၊ နွေးနွေးလေး၊ ကြွပ်ရွနေတာပဲ စား စား"

ကျွန်ုပ်တို့လည်း ထိုဘက်သို့လှည့်မကြည့်မိရန် အားတင်းထားရ၏။

မကြာမီ အလင်းရောင်သည် အသံလွှင့်ရုံအားကျော်ပြီး ပြည်လမ်းဘက်ဆီမှပြေးလာ၏။ လူတွေလည်း ဖြတ်သွားဖြတ်လာစပြုပြီ ဖြစ်သည်။ နာနတ်တောရွာမထဲမှ ကြက်တွန်သံများလည်း စည်ဝေစွာကြားလာရ၏။

လင်းလင်းချင်းချင်းရှိလာသောအခါ ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက် ဘကြီးအား နှုတ်ဆက်ပြီး အိမ်သို့ပြန်ခဲ့ကြပါသည်။ မှုးယစ်ရီဝေနေသောခြေလှမ်းများက မြေပုံများကြားမှ ဒယီးဒယိုင်နှင့်ဖြတ်သန်းကြပြီး ခပ်လှမ်းလှမ်းရောက်မှ အကြော်ဖိုတဲရှိရာ ကုက္ကိုပင်ကြီးသို့ မဝံ့မရဲဖြင့်ကြည့်လိုက်ကြသည်။ ကုက္ကိုပင်ကြီးကတော့ သူမသိသလိုဖြင့် မတုန်မလှုပ်။

ဒီနောက်ပိုင်းတွင်မှတော့ အစ်ကိုဘိုကျင်သည် သရဲအကြောင်းသိပ်မပြောဖြစ်တော့။ ကျွန်ုပ်ကလည်း မမေးမိတော့။ ဘုရားရှင် ဟောကြားခဲ့သော (၃၁) ဘုံသည် တကယ်ရှိနေပါလား။ မမြင်ဘူးသည့်သူတွေ မယုံကြပေမယ့် လက်တွေ့ဖြစ်ခဲ့ကြရသူတွေအဖို့မှာကား တစ်သက်လုံးယုံမှတ်သွားပါတော့သည်။

သန့်ဇင်

www.burmeseclassic.com

[illegible]

(ကာတ္တိပါဖိနပ်စီး ရွှေထီးဆောင်း)

# ဂန္ဓာရီဝိဇ္ဇာမယလောကီပညာနယ်အတွင်းမှ
# စမ္မာနဝင်းအင်းများ

**ဗိုလ်တာက်ဗိုလ်ဆင်း စမ္မာနဝင်းကိုးအင်းတွဲ**

ဤဗိုလ်တက်ဗိုလ်ဆင်းစမ္မာနဝင်း ကိုးအင်းတွဲဆိုသည်မှာ ဤအင်းတွဲ၌ ပါဝင်သော စမ္မာနဝင်းအင်းတိုးအင်းကို (၈၁) ကွက်အတွင်း၌ သွတ်သွင်းရာတွင် အင်းဆန်အစဉ်လိုက် အင်း (၉) ကွက် ကို ဗိုလ်တက်ဗိုလ်ဆင်းအင်းသွားအတိုင်း ရေးသွင်းပြီး အင်း (၉) ကွက်၏ အတွင်း အင်းဆန်များကိုကား ရထားသွားဖြင့် အင်းဆန်များရေးသွင်းစီရင်ရသောနည်း ဖြစ်ပေသည်။ ဦးစွာရှင်းလင်းစေရန် အင်းကွက်နံပါတ်အစဉ်လိုက် အင်းဆန်များကို ဖော်ပြပါမည်။

အမှတ်(၁)အင်းကွက်အင်းဆန်- ၂၊ ၉၊ ၄၊ ၇၊ ၅၊ ၃၊ ၆၊ ၁၊ ၈။

အမှတ်(၂)အင်းကွက်အင်းဆန်- ၃၊ ၁၀၊ ၅၊ ၈၊ ၆၊ ၄၊ ၇၊ ၂၊ ၉။

အမှတ်(၃)အင်းကွက်အင်းဆန် - ၄၊ ၁၁၊ ၆၊ ၉၊ ၇၊ ၅၊ ၈၊ ၉၊ ၁၀။

အမှတ်(၄)အင်းကွက်အင်းဆန်- ၅၊ ၁၂၊ ၇၊ ၁၀၊ ၈၊ ၆၊ ၉၊ ၁၀၊ ၁၁။

အမှတ်(၅)အင်းကွက်အင်းဆန်- ၆၊ ၁၃၊ ၈၊ ၁၁၊ ၉၊ ၇၊ ၁၀၊ ၁၁၊ ၁၂။

အမှတ်(၆)အင်းကွက်အင်းဆန် - ၇၊ ၁၄၊ ၉၊ ၁၂၊ ၁၀၊ ၈၊ ၁၁၊ ၁၂၊ ၁၃။

အမှတ်(၇)အင်းကွက်အင်းဆန် - ၈၊ ၁၅၊ ၁၀၊ ၁၃၊ ၁၁၊ ၉၊ ၁၂၊ ၁၃၊ ၁၄။

အမှတ်(၈)အင်းကွက်အင်းဆန် - ၉၊ ၁၆၊ ၁၁၊ ၁၄၊ ၁၂၊ ၁၀၊ ၁၃၊ ၁၄၊ ၁၅။

အမှတ်(၉)အင်းကွက်အင်းဆန် - ၁၀၊ ၁၇၊ ၁၂၊ ၁၅၊ ၁၃၊ ၁၁၊ ၁၄၊ ၁၅၊ ၁၆။

အင်းကွက်(၉)ကွက်၏ဗိုလ်တက်ဗိုလ်ဆင်းအင်းသွားဖြင့် အကွက်ချသွားပုံကို အောက်ဖော်ပြပါ နမူနာအမှတ် (၁) အင်း၌ လေ့လာကြည့်ပါက ရှင်းလင်းလွယ်ကူသိမြင်ပါလိမ့်မည်။

| | | |
|---|---|---|
| (၂) | (၉) | (၄) |
| (၇) | (၅) | (၃) |
| (၆) | (၁) | (၈) |

**အင်းကိုးကွက်**
**ဗိုလ်တက်ဗိုလ်ဆင်းသွားပုံ**
**နမူနာအင်း (၁)**

အထက်တွင် ဖော်ပြထားခဲ့ပြီးသော အင်း (၉) အင်း၏ သက်ဆိုင်ရာ အင်းဆန်အကွာရာဂဏန်းများကို အထက် နမူနာအမှတ် (၁) အင်းပါအတိုင်း အစဉ်လိုက် ရထားသွားဖြင့်ရေးသွင်းစီရင်သည် ရှိသော် အောက်ဖော်ပြပါ ပြည့်စုံသော ဗိုလ်တက်ဗိုလ်ဆင်းစမ္မာနဝင်းကိုးအင်း တွဲကို နမူနာအင်း(၂)အတိုင်း တွေ့ရပေလိမ့်မည်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃ | ၁၀ | ၅ | ၁၀ | ၁၇ | ၁၂ | ၅ | ၁၂ | ၇ |
| ၈ | ၆ | ၄ | ၁၅ | ၁၃ | ၁၁ | ၁၀ | ၈ | ၆ |
| ၇ | ၂ | ၉ | ၁၄ | ၉ | ၁၆ | ၉ | ၄ | ၁၁ |
| ၈ | ၁၅ | ၁၀ | ၆ | ၁၃ | ၈ | ၄ | ၁၁ | ၆ |
| ၁၃ | ၁၁ | ၉ | ၁၀ | ၉ | ၇ | ၉ | ၇ | ၅ |
| ၁၂ | ၇ | ၁၄ | ၁၀ | ၅ | ၁၂ | ၈ | ၃ | ၁၀ |
| ၇ | ၁၄ | ၉ | ၂ | ၉ | ၄ | ၉ | ၁၆ | ၁၁ |
| ၁၂ | ၁၀ | ၈ | ၇ | ၅ | ၃ | ၁၄ | ၁၂ | ၁၀ |
| ၁၁ | ၆ | ၁၃ | ၆ | ၁ | ၈ | ၁၃ | ၈ | ၁၅ |

**ဗိုလ်တက်ဗိုလ်ဆင်း**
**စမ္မာနဝင်းကိုးအင်းတွဲနမူနာအင်း (၂)**

**ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိမှော်၊ ဆေးဝါးများနှင့် စမ္မာနဝင်းအင်းများ**

မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းအမျိုး အစားအလိုက်ကြည့်လျှင် ဤစမ္မာနဝင်း အင်းများသည် ဂဏန်းနံပါတ်သုံးအင်း အမျိုးအစားတွင်ပါဝင်ပြီး စမ္မာနဝ စမ္မာ နဝင်း ဟူသောအမည်နှင့် လျော်ညီစွာ တနင်္ဂနွေအစ ရာဟု ကိတ်ဂြိုဟ်အထိ ဂြိုဟ်ကြီးကိုးလုံးကိုရရှိ၍ အင်းဆန်ကို လုံးသုံးလျက် ကိုးနဝင်းကိုက်အောင်စ ထားကြောင်း တွေ့ရပါမည်။ (ဤအချက် ကို အထက်အစအဦးပိုင်းတွင် ရှင်းလင်း ခဲ့ပြီးဖြစ်သည်။) မြန်မာ့အင်းပညာရပ် တွင် ဤဂဏန်းနံပါတ်သုံးအင်းအမျိုး အစားအုပ်စုကြီးများရှိကြပါသည်။ဥပမာ သာသနာ၁၀ါးထောင်အင်းအုပ်စု၊ အဌမ အင်းအုပ်စု စသည်ဖြင့် ရှိကြသော်လည်း ဤစမ္မာနဝင်းအင်းအုပ်စုမှာမူ ယင်းအင် များကို အခြားသော မှော်တက်စဉ်များ ဝိဇ္ဇာမယသိဒ္ဓိဆေးအတတ်ပညာရပ်များ၌ပါ ကျယ်ကျယ်ပြန့်ပြန့် အသုံးဝင်သော



www.burmeseclassic.com

www.burmeseclassic.com

အင်းမျိုးများဖြစ်ကြလေသည်။ သို့ဖြစ်လေရာ အကြင်သူတစ်ဦးသည် မြန်မာ့အင်းပညာရပ်ကို ကျွမ်းကျင်တတ်မြောက်သည်ဆိုပါက ဤစမ္မာနဝင်းအင်းများအကြောင်း ကောင်းစွာမသိမူ အင်းပညာရပ်၌ နှံ့စပ်သိမြင်သည်ဟု မဆိုနိုင်ရာချေ။ အထက်၌ ဖော်ပြခဲ့ပြီးသော ပထမဟံသာဝတီခေတ် အင်းစမအတတ်ပညာကဝိအကျော်တစ်ဦး ဖြစ်သော ဟံသာဝတီပြည့်ရှင် ဓမ္မစေတီမင်းကြီးသည် ဤစမ္မာနဝင်းအင်းများကိုသုံး၍ အလိုဆန္ဒမှန်သမျှ ပြီးမြောက်အောင် ဆောင်ကြဉ်းတော်မူနိုင်ခဲ့လေသည်။

သို့ဖြစ်ရာ ဤစမ္မာနဝင်းအင်းများသည် မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယလောကီပညာအတတ်နယ်ပယ်၌ အလွန်အသုံးဝင်သောအင်းမျိုးအုပ်စု ဖြစ်ပေသည်။ ဤအခန်းတွင် စမ္မာနဝင်းအင်းများ၏ အသုံးကျယ်ပုံကို သင့်တင့်သော ဥပမာများဖြင့် ဖော်ထုတ်တင်ပြလိုက်ပါသည်။

**၁။ သူရဿတီဒေဝီမှော်ဝင်အင်းအစီအရင်နှင့် စမ္မာနဝင်းအင်း**

မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရပ်တွင် လူချစ်၊ နတ်ချစ်၊ မျက်နှာအပွင့်အလန်း စသည့် ပီယသိဒ္ဓိဆိုင်ရာ ပြီးမြောက်အောင် စီရင်ကြရာတွင် သူရဿတီဒေဝီ နတ်မယ်တော်ကြီးသည် အလွန်အရေးပါသော နတ်ဒေဝီတစ်ပါး ဖြစ်ပေသည်။ သူရဿတီဒေဝီမယ်တော်ကြီး၏ အစောင့်အရှောက်နှင့် မစမှုကို ခံယူရရှိရေးအတွက် စီရင်ဆောင်ရွက်ကြရာတွင် သူရဿတီမှော်ဝင်အစီအရင်များကို စီရင် ဆောင်ရွက် လုပ်ကိုင်ကြရလေသည်။ ထိုသူရဿတီမှော်ဝင်အစီအရင်များ စီရင်ရာတွင် စမ္မာနဝင်းအင်းများကို အများဆုံး အသုံးပြု စီရင်ကြရလေ့ရှိကြောင်း တွေ့ရပါသည်။ ဤသူရဿတီမှော်ဝင်အစီအရင်တစ်ခုအဖြစ် စမ္မာနဝင်း (၉) အင်းတွဲကို အသုံးပြုစီရင်အပ်သော သူရဿတီမှော်ဝင်အစီအရင် တစ်ခုကို ဥပမာအဖြစ် ကောက်နုတ်ဖော်ပြလိုက်ပါသည်။ ဤအစီအရင်ကို အဝင်နက္ခတ်၊ အမြိတ္တစုတ်ကြိုက်သော နေ့ကိုရွေး၍ စီရင်ရပါသည်။

စီရင်သောအခါ အုန်း၊ ငှက်ပျောတန်တော့ပွဲတစ်ပွဲ၊ ပန်းမျိုးစုံ၊ မီးဆယ့်နှစ်တိုင်၊ နံ့သာမျိုးငါးပါး၊ မိန်းမအဝတ်တန်ဆာ အသစ်အစုံအလင် (ဖြစ်နိုင်ပါက နန်းဝတ်နန်းစား ဒေဝီမကိုဋ်များအစုံအလင်ဆက်သနိုင်ကပိုကောင်းသည်။)

ထို့နောက် အောက်ဖော်ပြပါ စမ္မာနဝင်း (၉) တွဲအင်းကို စက္ကူတွင်ချ၍ သူရဿတီဆေးရင်းနှင့် သောက်ရမည်ဖြစ်သည်။

အကျိုးစီးပွားဖြစ်ထွန်းစေရန် အောက်ဖော်ပြပါ သူရဿတီဒေဝီ အစီအရင်ပုံကို ရွှေပြား၊ ငွေပြားတို့ ကျနစွာ ရေးသွင်းစီရင်ရပေမည်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၂ | ၉ | ၄ | ၇ | ၅ | ၇ | ၄ | ၉ | ၂ |
| ၉ | ၄ | ၇ | ၅ | ၃ | ၅ | ၇ | ၄ | ၉ |
| ၄ | ၇ | ၅ | ၃ | ၆ | ၃ | ၅ | ၇ | ၄ |
| ၇ | ၅ | ၃ | ၆ | ၁ | ၆ | ၃ | ၅ | ၇ |
| ၅ | ၃ | ၆ | ၁ | ၈ | ၁ | ၆ | ၃ | ၅ |
| ၇ | ၅ | ၃ | ၆ | ၁ | ၆ | ၃ | ၅ | ၇ |
| ၄ | ၃ | ၅ | ၃ | ၆ | ၃ | ၅ | ၇ | ၄ |
| ၉ | ၄ | ၇ | ၅ | ၃ | ၅ | ၇ | ၄ | ၉ |
| ၂ | ၉ | ၄ | ၇ | ၅ | ၇ | ၄ | ၉ | ၂ |

**သူရဿတီမှော်ဝင်အစီအရင်သုံး**
**စမ္မာနဝင်း (၉) တွဲအင်းပုံစံ**


ဤအင်းအကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်၍ အကျယ်မရေးလိုတော့ပြီ။


**၂။ သူရဿတီကုန်တိုက်အစီအရင်နှင့် စမ္မာနဝင်းအင်း**

စီးပွားရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ပွဲရုံ၊ ဈေးဆိုင် စသဖြင့် လုပ်ငန်းများလုပ်ဆောင်ရာတွင် ရောင်းပန်းသာ၍ ဝယ်ပန်းလှစေပြီး အရောင်းအဝယ်များ တိုးတက်ကောင်းမွန်လျက်

ဖော်ပြပါ သူရဿတီ ကုန်တိုက်အစီအရင်တွင် သုံးထားသော အင်း (၂) ကွက်၏ အင်းဆန်များများ စမ္မာနဝင်းအင်းဆန်များပင်ဖြစ်ပြီး အောက်အင်းကွက်တွင် မူလစမ္မာနဝင်း အင်းဆန်များ









www.burmeseclassic.com

www.burmeseclassic.com

၌ (၂) ခုစီအသီးသီးတို့၍ ယူထားပေသည်။ အင်းသွားမှာ ရထားသွားဖြစ်ပါသည်။ ထိုအစီအရင်ကို အောက်ပါဂါထာဖြင့် (၃၇) အုပ် စုတ်ပေးရပါမည်။

အရဲ့ သုဝဏ္ဏဝါ၊ ဇိတံဝါ၊ အဿဝါ၊ အဿဝါဒနံဝါ၊ ပဏ္ဍဝါ၊ ပုရိသောဝါ၊ ဣတ္ထိယောဝါ၊ ဟေ ဟေ အာဂစ္ဆန္တု၊ အာဂစ္ဆန္တု၊ သွားဟ ယျကပ်အရဲ။ ။

**၃။ ဒေဝီကိုးပါးဆေးတော်ကြီးနှင့် စမ္မာနဝင်းအင်း**

ဤဒေဝီကိုးပါးဆေးတော်ကြီးအား စီရင်ဖော်စပ်ရာတွင် အောက်ပါ ဆေးအမယ်များကို ဦးစွာ စုဆောင်းရပါသည်။

၁။ ပန်းဥ၊
၂။ ပန်းထဲ၊
၃။ ပန်းရင်း၊
၄။ ဂမုန်းကတိုး၊
၅။ ကာလခန္တိ (ကဏ္ဍီ)၊
၆။ ရိုးထုံး၊
၇။ ပဒသကာ၊
၈။ ပန်းနု၊
၉။ မန်းမ၊
၁၀။ တွင်းနက်ကြီး၊
၁၁။ တွင်းနက်ငယ်၊
၁၂။ ပဲနံ့သာ၊
၁၃။ ကန့်ဘလူဥ၊
၁၄။ သစ်ကြံပိုး၊
၁၅။ နံ့သာနီ၊
၁၆။ နံ့သာဖြူ၊
၁၇။ တစ်ဆယ့်နှစ်ရာသီ ပန်းပေါင်း

တို့ကို အမျှစီပေါင်းပြီး ဆေးကျောက်ပျဉ်ပေါ်တွင် ဆေးကြိတ်တုံးနှင့် ကြိတ်ရပါသည်။

ဆေးမကြိတ်မီ ကျောက်ပျဉ်ဦးဘက်တွင် သန့်ပြန့်စွာ ခင်းကျင်းပြီး မီးတိုင် (၉) တိုင်၊ မုန့်ဖြူ-မုန့်နီ (၉) ခုစီ ကန်တော့ပွဲ (၉) ပွဲ၊ မိန်မဝတ်စုံ (၉) စုံ စုံလင်စွာတင်ပြီး ဆေးကြိတ်ရမည်။ ဆေးကြိတ်ရာတွင်လည်း ခုနစ်ရက်သားသမီးနို့ရည်နှင့်ကြိတ်ရမည်။ ဤနေရာတွင် စမ္မာနဝင်းအင်း၏ အရေးကြီးသော အခန်းကဏ္ဍ ပါဝင်လာပြီ ဖြစ်ပါသည်။ ပါဝင်ပတ်သက်လာပုံကား ဒေဝီကိုးပါး ဆေးကြိတ်ရာတွင် ဆေးကျောက်ပျဉ်နှင့် ဆေးကြိတ်ကျောက်တုံးတို့၌ စမ္မာနဝင်း ဝင်အင်း၊ ထွက်အင်းတို့ကို ရေးစီရင်ပြီးမှ ဆေးကြိတ်ရမည် ဟူသောအချက်ပင် ဖြစ်ပေသည်။ ထိုအရ အောက်ပါအတိုင်း ကျောက်ပျဉ်နှင့် ကျောက်တုံးကို၌ယှဉ်တွဲပါ။ စမ္မာနဝင်း ဝင်အင်း၊ ထွက်အင်းတို့ကို ချရမည်ဖြစ်သည်။

| | | |
|---|---|---|
| ၄ | ၃ | ၂ |
| ၁ | ၈ | ၇ |
| ၅ | ၉ | ၆ |

**ကျောက်ပျဉ်၌ချရန်**

| | | |
|---|---|---|
| ၂ | ၉ | ၄ |
| ၁ | ၈ | ၇ |
| ၆ | ၃ | ၅ |

**ဆေးကြိတ်ကျောက်တုံး၌ချရန်**

ဆေးကြိတ်ပြီးသောအခါတွင် အောက်ဖော်ပြပါ ဒေဝီ (၉) ပါး မော်ဂါထာတို့ဖြင့် (၃၇) အုပ် စုတ်ရပါမည်။ သျှိသုံးပါး၊ အနုပီယ၊ ကုန်တိုက်၊ မျက်နှာအပွင့်အလန်း အတုမရှိ ကောင်းလှပါသည်။ ဉာဏ်ရှိသလိုသုံးကြရန် ဖြစ်ပါသည်။

**ဒေဝီကိုးပါးဂါထာတော်များ**

၁။ ဦး သူရဿတီ ဒေဝီစ၊ မေမာတာ၊ မာတာမေစ၊ သူရဿတီဒေဝီ၊ အနုကမ္ပံ ဥပါဒါယ ဘဒ္ဒကပ္ပံ ဥပ္ပဇ္ဇနလာဘံ၊ မေဒေးဟီတိ သူရဿတီဒေဝီ။

၂။ ဦး ဂဟပတိ ဒေဝီစ၊ မေမာတာ၊ မာတာစ မေစ ဂဟပတိဒေဝီ။ အနုကမ္ပံ ဥပါဒါယ ဘဒ္ဒကပ္ပံ၊ ဥပ္ပဇ္ဇန လာဘံမေဒေးဟီတိ၊ ဂဟာပတိ ဒေဝီ။

၃။ ဦး စန္ဒီဒေဝီစ၊ မေမာတာ၊ မာတာစ မေ စန္ဒီဒေဝီ၊ အနုကမ္ပံ ဥပါဒါယ၊ ဘဒ္ဒကပ္ပံ ဥပ္ပဇ္ဇနလာဘံ၊ မေဒေးဟီတိ၊ စန္ဒီဒေဝီ။

၄။ ဦး စန္ဒာဒေဝီစ၊ မေမာတာ၊ မာတာစ မေ စန္ဒာဒေဝီ၊ အနုကမ္ပံ ဥပါဒါယ၊ ဘဒ္ဒကပ္ပံ ဥပ္ပဇ္ဇနလာဘံ၊ မေဒေးဟီတိ၊ စန္ဒာဒေဝီ။

၅။ ဦး စိတြဒေဝီစ၊ မေ မာတာ၊ မာတာစ မေစိတြဒေဝီ၊ အနုကမ္ပံ ဥပါဒါယ၊ ဘဒ္ဒကပ္ပံ ဥပ္ပဇ္ဇနလာဘံ၊ မေဒေးဟီတိ၊ စိတြဒေဝီ။

၆။ ဦး သီရိဒေဝီစ၊ မေမာတာ၊ မာတာစ သီရိဒေဝီ အနုကမ္ပံ ဥပါဒါယ၊ ဘဒ္ဒကပ္ပံ ဥပ္ပဇ္ဇနလာဘံ၊ မေဒေးဟီတိ၊ သီရိဒေဝီ။

၇။ ဦး ကိန္နရာဒေဝီစ၊ မေမာတာ၊ မာတာစ ကိန္နရာဒေဝီ၊ အနုကမ္ပံ ဥပါဒါယ၊ ဘဒ္ဒကပ္ပံ ဥပ္ပဇ္ဇန လာဘံ၊ မေဒေးဟီတိ၊ ကိန္နရာဒေဝီ။

၈။ ဦး သူဟီဝိဒေဝီစ၊ မေ မာတာ၊ မာတာစ ဟီဝိဒေဝီ၊ အနုကမ္ပံ ဥပါဒါယ ဘဒ္ဒကပ္ပံ ဥပ္ပဇ္ဇန လာဘံ၊ မေဒေးဟီတိ၊ ဟီဝိဒေဝီ။

၉။ ဦး ပဏ္ဏဒေဝီစ၊ မေမာတာ၊ မာတာစ၊ မေပဏ္ဏဒေဝီ၊ အနုကမ္ပံ ဥပါဒါယ၊ ဘဒ္ဒကပ္ပံ၊ ဥပ္ပဇ္ဇန လာဘံ၊ မေဒေးဟီတိ၊ ပဏ္ဏဒေဝီ၊

ထို့ကြောင့် ဤ ဒေဝီ (၉) ပါးဆေးတော်ကြီးအစီအရင်၌လည်း စမ္မာနဝင်းအင်းတို့ကို ဆေးကြိတ်ကျောက်ပျဉ်၊ ဆေးကြိတ်ကျောက်တုံးတို့၌ အခံအင်းများအဖြစ် အသုံးပြုထားသည်ကို တွေ့ရပါလိမ့်မည်။

**၄။ မင်းတေဇညီနောင်မော်နှင့် စမ္မာနဝင်းအင်း**

မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရပ်တို့တွင် ဝိဇ္ဇာမယသိဒ္ဓိ ဆေးအတတ်ပညာသည် အလွန်ကျယ်ပြန့်ခက်ခဲနက်နဲသော ဂမ္ဘီရပညာရပ်တစ်ခု ဖြစ်ပါသည်။ ထိုဆေးအတတ်ပညာတွင် မော်ဝင်ဆေးအစီအရင်ပေါင်း များစွာ ပါဝင်ပါသည်။ ထိုမော်ဝင်ဆေးအစီအရင်ပေါင်းများစွာတို့၌လည်း စမ္မာနဝင်းအင်းများသည် အရေးပါသော ကဏ္ဍ ပါဝင်နေကြောင်း တွေ့ရပါသည်။ [illegible] များစွာသော ဝိဇ္ဇာမယသိဒ္ဓိမော်ဝင်ဆေး အစီအရင်များအနက်မှ နမူနာအဖြစ် ယခု မင်းတေဇညီနောင်မော်အစီအရင်တွင် စမ္မာနဝင်းအင်းများအား အသုံး[illegible] ထားပုံကို ဖော်ထုတ်တင်ပြလိုပါသည်။

**ဤမင်းတေဇညီနောင် မော်စီရင်နည်း[illegible]**

ဤအစီအရင်ကို မစီရင်မီ (၉) [illegible] သီလကို ခုနစ်ရက်ဆောက်တည်[illegible] မည်။ ပြီးလျှင် ကာမေသုမိစ္ဆာစာရက်[illegible] သုရာမေရယက် (၂) ပါးကို သစ္စာ[illegible] ထိန်းသိမ်းပြီး ဖျင်ဖြူ ဖျင်နီတို့ကို [illegible] ခေါက်သင်ဖြူးဖျာတွင်ခင်းလျက် [illegible] တော့ပွဲ (၂) ပွဲ ပြင်ရပါမည်။ ကန်တော့[illegible] ပွဲထဲ၌ ငွေ (၂) ကျပ်စီ (ယခုခေတ်[illegible] ကား ၂၀၀၊ ၂၀၀၀) ထည့်ပြီး [illegible] ထားသောပုံတို့ကို ကောင်းစွာ [illegible] စီရင်ရမည်။ အရဲ့ဂါထာတို့၌ (၃၇) [illegible] စုတ်ပြီး သိဒ္ဓိတင်ရမည်။

ဤ တေဇညီနောင်မော်ဝင် [illegible]

www.burmeseclassic.com



မင်းတေဇပုံ (၁)



မင်းတေဇပုံ (၂)

အရင်၏အကျိုးကား အာဏာတည်၏။ အမှောင့်ပယောဂဟူသမျှတို့ကို ခြိမ်းခြောက်ငေါက်ငမ်းကာမျှနှင့် ဝင်စေနိုင်၊ ထွက်စေနိုင်၊ အာဏာစေနိုင်၏။ အာဏာပေး၊ အမိန့်ပေး၍စေနိုင်၏။ နှင်ထုတ်နိုင်၏။ ပညာခန်း၌ ဉာဏ်ရှိသလို သုံး၍ရပေသည်။

ယခုအခါ ကျွန်ုပ်သည် မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယလောကီပညာနယ်၊ အင်းစမပညာအတတ်တို့၌ ဂဏန်းနံပါတ်သုံးအမျိုးအစားဝင် အင်းအစီအရင်တစ်မျိုးဖြစ်သောစမှာနဝင်းအင်းများနှင့်ပတ်သက်၍ အဘယ်ကြောင့် မမှာနဝင်းအင်းဟုခေါ်ကြောင်း၊ မည်ကဲ့သို့ နဝင်းကိုက်သော အင်းမျိုးများဖြစ်ကြောင်းတို့ကိုဖော်ထုတ် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်၏။ ထို့အပြင် စမှာနဝင်းအင်းဆန်အင်းသွားအမျိုးမျိုး၊ အင်းကွက်ပုံစံအမျိုးမျိုးနှင့် အင်း၏ အကျိုးတန်ခိုးသိဒ္ဓိများကိုလည်း ဖော်ပြခဲ့ပြီး ဖြစ်လေသည်။ ထိုမျှမက မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယလောကီပညာအမျိုးမျိုး၊ မှော်အစီအရင်အမျိုးမျိုးတို့၌ ပဲခူးဆားကဲ့သို့ ခပ်တိုင်းငန်သော ဤစမှာနဝင်းအင်းများ မပါမပြီးသလောက် အသုံးကြွယ် အသုံးကျယ်လွန်းလို့လည်းသိသင့်သိအပ်၊ နားလည်ရန်လွယ်ကူသော အစီအရင်အချို့တို့ကို ကောက်နုတ်လျက်ရှင်းလင်းဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ရာ ပညာရှင်များ၊ သုတေသီများ၊ ဝါသနာရှင်များ၊ စိတ်ဝင်စားသူစာဖတ်ပရိတ်သတ်အပေါင်းတို့အနေဖြင့် ယခုအခါ စမှာနဝင်းအင်းများအကြောင်းကို အခြေခံမှစ၍ သိနားလည်ကြပြီးဖြစ်သည့်အပြင် မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယလောကီပညာနယ်၌ ဤစမှာနဝင်းအင်းများ၏ အရေးပါမှုကို ခန့်မှန်းတွက်ဆနိုင်လောက်ပြီဟု ထင်ပါသည်။ စမှာနဝင်းအင်းများနှင့်ပတ်သက်၍ ယခုထက်ပိုရေးရလျှင် ဤဆောင်းပါးမျှလောက်နှင့် မပြည့်စုံပါ။ စာတစ်စောင်ပေတစ်ဖွဲ့ရေးမှ ပြည့်စုံတန်ရာပါသည်။ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယလောကီပညာများ အထူးသဖြင့် အင်းစမပညာရပ်တို့ကို လေ့လာလိုက်စားပါက ဤဂဏန်းနံပါတ်အင်းအမျိုးအစားဝင်ဖြစ်သော စမှာနဝင်းအင်းများအကြောင်း တစေ့တစောင်းလောက်မျှမသိ မတတ်လျှင် ဂန္ဓာရီဝိဇ္ဇာမယပညာရပ်ကို ပြည့်စုံစွာတတ်ပြီဟု မဆိုနိုင်ပါ။ ပညာရပ်ကိုလိုက်စား၍လည်း မပေါက်မြောက်နိုင်ပါ။အကြောင်းမူကား အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း ဤစမှာနဝင်းအင်းများသည် အင်းစမပညာရပ်၌သာမက ဝိဇ္ဇာမယသိဒ္ဓိဆေးအတတ်ပညာတို့၌လည်း မရှိမဖြစ်၊ မပါမဖြစ်၊ မသုံးမဖြစ်သော အင်းအမျိုးအစားဖြစ်သောကြောင့်ပါပေ။ သို့ဖြစ်၍ ပညာလိုက်စားပါရမီရှင်များအတွက် ဤဆောင်းပါးကတစ်စုံတစ်ခုသော အတိုင်းအတာတစ်ရပ်အထိ အထောက်အကူပြုခဲ့သည်ဆိုပါမူ ကျွန်ုပ်ကြိုးစားရေးသားရကျိုးနပ်ပါပြီဟု ဆိုပါရစေ။

*မေတ္တာများဖြင့်*

*အနန္တစကြဝဠာအနန္တသတ္တဝါတို့*
*ချမ်းသာကြပါစေ*

တြိရတနာ-ဆရာဇေယျာလင်း
(ကတ္တီပါပိနပ်စီး၊ ရွှေထီးဆောင်း)

*Email- thriyadanarzyl@gmail.com*

www.burmeseclassic.com

သုရဇမဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည်

# ဖိုးကျော့

# ဂန္ဓာရီသမား အယူများသော်...



❑ ရှေးဦးစကား

ကျွန်ုပ်တို့ မြန်မာမှုဟု ဆိုရမည့် မြန်မာ့နယ်ပယ်တွင် ဂမ္ဘီရနှင့်ဂန္ဓာရီမည်သောဝေါဟာရနှစ်ခုရှိသည်။ ထိုဝေါဟာရနှစ်ခုသည် အစဉ်ဒွန်တွဲလျက်ရှိ၏။ ဂမ္ဘီရနှင့်ဂန္ဓာရီတို့မှ ဆက်နွယ်ပေါ်ပေါက်လာသော အခြင်းအရာတို့မှာ အတိတ်၊ နိမိတ်၊ တဘောင်၊ တြင်း၊ သိုက်မှသည် အယူတော်မင်္ဂလာတို့အထိ ဆက်နွယ်ဖြစ်ပေါ်လာသည်ဟု ယူဆရပေမည်။

ထို့ပြင် မန္တန်၊ မန္တရား၊ ဆေးဝါးအတတ်၊ သိဒ္ဓိ၊ မဟိဒ္ဓိမှသည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များနှင့် အင်းဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ စသည်ဖြင့် ဇော်ဂျီ၊ ဝိဇ္ဇာမိုရ်တို့သည်လည်း ဂမ္ဘီရပညာရပ်နှင့် ဆက်နွယ်ပတ်သက်၍ ဖြစ်တည်လာကြသော အကြောင်းခြင်းရာများပင်။

ဂမ္ဘီရကို နက်နဲခြင်း ဟူသော ရိုးရိုးစင်းစင်းရှင်းရှင်းမှသည် ရှုပ်ထွေးခြင်း၊ လျှို့ဝှက်ခြင်း၊ ခက်ခဲခြင်း စသည်ဖြင့် အမျိုးမျိုးဖွင့်ဆိုကြသည်။

ဂမ္ဘီရ၏ ပါဠိအဓိပ္ပာယ်မှာ 'ဂမ္ဘီရပညေန - နက်နဲသောပညာရှိသည်'ဟု ရိုးရိုးစင်းစင်းဖွင့်ဆိုထားသည်။ ထို့ကြောင့် ဂမ္ဘီရဆိုသည်မှာ နက်နဲသောပညာရပ်ဟု အတိအကျဆိုရပေတော့မည်။

ယခု စာရေးသူ တင်ပြမည့် အကြောင်းအရာတို့မှာ ရာဇဝင်သမိုင်းလာ ဤဂမ္ဘီရ၊ ဂန္ဓာရီတို့နှင့်ပတ်သက်၍ ကောဇာ ၆၃၅ ခုနှစ်က စိတြနှင့် နာရဒမည်သော ရှင်ငယ်နှစ်ပါး၏ဂန္ဓာရီခရီးမှ ရသော ဂမ္ဘီရပညာ၏အံ့ဖွယ်ဆန်းကြယ်ပုံများကို ရေးသား တင်ပြသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ဂန္ဓာရီပုဂ္ဂိုလ်များကိုမတင်ပြမီ ဂန္ဓာရီအတတ်နှင့်ပတ်သက်၍ သီလက္ခန်ပါဠိတော်မှာ ညွှန်ပြသည်ကား ဂန္ဓာရီအတတ်သည် ဂန္ဓာရတိုင်း၌ ဂန္ဓာရီအတတ်ကို တတ်မြောက်ကြသောရသေ့များစွာထဲမှ တစ်ဦးသောရသေ့၏ စီရင်အပ်သောအတတ်ဖြစ်သောကြောင့် ဂန္ဓာရီအတတ်ဟု တွင်ကြောင်း ဆိုလေသည်။

ဂန္ဓာရတိုင်းသည် ပန်ဂျပ်နှင့်ကသျှ



www.burmeseclassic.com

www.burmeseclassic.com

မိရတိုင်းတို့၏ အနောက်မြောက်ဘက်၌ ကပ်လျက်တည်ရှိသောတိုင်း ဖြစ်သည်။ ဈူန်း၊ နတ်၊ ပယောဂ၊ မန္တန်၊ မန္တရား အတတ်တို့၌အလွန်ထင်ပေါ်ကျော်စောခဲ့သည်။ ထိုသို့ ကျော်စောကြောင်းကို တရုတ်ရဟန်းတော် တီယန်ဆိုင်နှင့် မာကိုပိုလိုတို့၏ ခရီးသွားမှတ်တမ်းများ၌ တွေ့ရသည်။

ထိုဂန္ဓ[illegible]း၌ နေကြသည့် [illegible]ရှိအတတ်၌ မဟာ [illegible]၍ နှစ်မျိုးနှစ်စားရှိ [illegible]င်းအတတ်နှစ်မျိုး [illegible]တ်ချည်းဖြစ်သည်။ [illegible]စန်ခိုးနှင့်ပတ်သက် [illegible] (၁၀) မျိုး[illegible]ကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ [illegible]ပါအတိုင်းပြထားလေသည်။





www.burmeseclassic.com

www.burmeseclassic.com

၁။ အဒိဌ်တန်ခိုး၊
၂။ ဖန်ဆင်းခြင်းတန်ခိုး၊
၃။ စိတ်ဖြင့်ပြီးသောတန်ခိုး၊
၄။ ဉာဏ်ပျံ့နှံ့သောတန်ခိုး၊
၅။ သမာဓိပျံ့နှံ့သောတန်ခိုး၊
၆။ အရိယာတန်ခိုး၊
၇။ ကံကြောင့်တန်ခိုး၊
၈။ ဘုန်းတန်ခိုး၊
၉။ ဝိဇ္ဇာအတတ်ဖြင့်ပြီးသောတန်ခိုး၊
၁၀။ အားထုတ်မှုကြောင့်တန်ခိုး
ဟုဆိုသည်။

တန်ခိုး(၁၀)မျိုးတွင် နံပါတ်(၉)၌ 'ဝိဇ္ဇာအတတ်ဖြင့်ပြီးသောတန်ခိုး'ဆိုခြင်းကို ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ အောက်ပါအတိုင်း ညွှန်းပြထားပါသည်။

ဝိဇ္ဇာဓိုရ်တို့သည် မန္တန်ကိုစုတ်၍ ကောင်းကင်သို့သွားကုန်၏။ ရေးခြစ်၍ မထင်သောကောင်းကင်၌ ဆင်တပ်ကို ပြကုန်၏။ မင်းတပ်ကိုပြကုန်၏။ ရထားတပ်ကိုလည်းပြကုန်၏။ ခြေသည်ရဲမက်တို့ကိုလည်းပြကုန်၏။ အမျိုးမျိုးသော စစ်သည်အပေါင်းတို့ကိုလည်းပြကုန်၏။ ဤကား ဝိဇ္ဇာအတတ်ဖြင့်ပြီးသောတန်ခိုးတည်း။

'ဝိဇ္ဇာဓိုရ်တို့သည် မန္တန်ကိုစုတ်၍ ကောင်းကင်၌ သွားကုန်၏' ဟူသောစကားကိုထောက်ခြင်းဖြင့် မန္တန်သည်ပင် ဝိဇ္ဇာအတတ်ဖြစ်ကြောင်း ထင်ရှားပါသည်။ မန္တန်အတတ်သည် လောက၌ မုချရှိကြောင်း၊ ဝိဇ္ဇာပညာရပ်ဖြစ်ကြောင်းကို ဗုဒ္ဓကိုယ်တိုင် ညွှန်ပြတော်မူခဲ့သည်။

သီလက္ခန်ပါဠိတော် ကေဝဋ္ဋသုတ်၌ 'အတ္ထိခေါ ကောဂန္ဓာရီနာမဝိဇ္ဇာ'ဟူ၍ ညွှန်ပြလေ၏။

အဓိပ္ပာယ်မှာ -

'အချင်းကေဝဋ္ဋ၊ ဂန္ဓာရီမည်သော အတတ်သည် စင်စစ်ရှိ၏။ ထိုဂန္ဓာရီအတတ်ဖြင့် ရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းစေခြင်းကိုပြီးစေ၏။ တစ်ယောက်တည်းဖြစ်လျက်လည်း အများဖြစ်သွား၏။ အများဖြစ်လျက်လည်း တစ်ယောက်တည်းဖြစ်ပါ၏။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ) အလိုအတိုင်းဖြစ်စေနိုင်၏။

အချင်း ကေဝဋ္ဋ၊ စိန္တာမဏိမည်သောအတတ်သည် စင်စစ်ရှိ၏။ ထိုစိန္တာမဏိအတတ်ဖြင့် သင်၏စိတ်သည် ဤသို့သဘောရှိ၏။ သင်၏စိတ်သည် ဤသို့အခြင်းအရာရှိ၏။ သင်၏စိတ်သည် ဤသို့အကြံဖြစ်၏ဟု တစ်ပါးသော ပုဂ္ဂိုလ်တို့၏စိတ်ကိုလည်း အတပ်ဟောနိုင်၏'

ဟု ညွှန်ပြတော်မူသည်။

သာဝတ္ထိပြည်တွင် ပိလိန္ဒဝစ္ဆထေရ်အလောင်းသည် ဗုဒ္ဓနှင့်မတွေ့မီ စူဠဂန္ဓာရီမန္တန်ကိုတတ်လေသဖြင့် ကောင်းကင်သို့ပျံနိုင်၏။သူတစ်ပါးတို့၏ စိတ်ကိုသိနိုင်၏။ မဟာဂန္ဓာရီမန္တန်ကား ထို့ထက်ပင် တန်ခိုးကြီးလေသည်။

ဓမ္မပဒပါဠိတော် ဇဋိလသူဌေးဝတ္ထု၌ ကောင်းကင်မှ ဝိဇ္ဇာဓိုရ်ပျံ၍ ပြာသာဒ်ဘုံခုနစ်ဆင့်၌ထားသော သူဌေးသမီးထံသို့ရောက်လာကြောင်းဆိုသည်။ အပါဒါန်ပါဠိတွင် သုမေဓာဘုရားရှင်လက်ထက် အရှင်ကစ္စည်းမထေရ်အလောင်းသည် ဝိဇ္ဇာဓိုရ်ဖြစ်၍ မဟာလှေကားပွင့်ကိုဆောင်ကာ ကောင်းကင်ခရီးဖြင့်သွားစဉ် မြတ်စွာဘုရားကိုတွေ့မြင်၍ ပူဇော်လိုက်သည်ဟုဆို၏။

ရာဇဂြိုဟ်ပြည်၌ ဥတ္တရသာမဏေအလောင်းသည် သုမေဓာဘုရားလက်ထက်၌ ဝိဇ္ဇာဓိုရ်လုလင်ဖြစ်၍ ကောင်းကင်၌ပျံသွားစဉ် မြတ်စွာဘုရားကိုမြင်၍ ပန်း၊ ထီးတို့ဖြင့် ပူဇော်လိုက်သည်ဆို၏။ ဆက္ကနိပါတ်တော်ဇာတ်၌ ဗာရာဏသီ ဗြဟ္မဒတ်မင်း၏ မိဖုရားကို ဝိဇ္ဇာဓိုရ်ဝင်ထွက်နေ၍ မိဖုရားအမှတ်ဖြင့်ရှာဖွေသော ကောင်းကင်သို့ပျံတက်သည်ဟုဆိုသည်။ နဝနိပါတ်သမုဂ္ဂဇာတ်၌ ကောင်းကင်ခရီးဖြင့်လာသော ဓာယသုပုတ္တဝိဇ္ဇာဓိုရ်သည် ကြုတ်တွင်ထားသော မိန်းမငယ်ထံရောက်သည်။ဒါနဝသီဘီလူးလာသော် ကာလမသိ၍ ဝိဇ္ဇာဓိုရ်ဝင်နေသောကြုတ်ကိုငုံ၍သွားလေသည်။ ဘီလူးသည် ငုံ၍ထားသောကြုတ်ကိုဖွင့်လေလျှင် ဝိဇ္ဇာဓိုရ်သည် သန်လျက်ကိုပိုက်လျက် မန္တန်ကိုရွတ်ကာ ကောင်းကင်သို့ပျံတက်သွားလေသည်။

အလ္လကပ္ပမင်း၊ ဝေဌဒီပမင်း၊ ဥဒေနမင်းတို့သည် ဆင်များကိုလာစေ၊ သွားစေနိုင်သော 'ဟတ္ထိဂန္ထမန္တရား'ရှိကြောင်းကို ဓမ္မပဒအဋ္ဌကထာ၌ပြလေသည်။

သာဝတ္ထိပြည်သား ဝိဂီသလုလင်သည် ဆသသီသမန္တန်ကိုတတ်သဖြင့် သေလွန်သွားသောသူများ၏ဦးခေါင်းကိုယူ၍ မန္တန်ကိုရွတ်ခြင်းဖြင့် ထိုသူသည် မည်သည့်ဘုံဌာနတွင်ရောက်ရှိနေကြောင်း သိရှိနိုင်သည်ဟု ဓမ္မပဒ၊ အဋ္ဌကထာ၊ အင်္ဂုတ္တိုရ်၊ အပါဒါန်အဋ္ဌကထာတို့၌ဆိုလေသည်။

နက္ခတ်ကိုကြည့်ပြီးရွတ်ဖတ်သော ဝေဒဗ္ဗမန္တန်သည် ရတနာခုနစ်ပါးမိုးကို ရွာစေကြောင်း ဧကနိပါတ် ဝေဒဗ္ဗဇာတ်၌ ဟောတော်မူသည်။

လူသေကောင်များကို ထလာစေသောမန္တန်ရှိကြောင်းကို ဧကနိပါတ် သဉ္ဇီဝဇာတ်တော်၌ ဟောတော်မူသည်။ ဗာရာဏသီပြည် သေနေကမင်းသည် နဂါးမင်းထံမှ ပိုးမွှားတိရစ္ဆာန်တို့ ဘာသာစကားကို နားလည်စေနိုင်သော 'သဗ္ဗရုတညုဇာနနမန္တရား' ကို ရရှိကြောင်း ဆက္ကနိပါတ် ခရပုတ္တဇာတ်တွင် ဟောတော်မူသည်။

ဆေးဝါးမန္တရားအစီအရင်တို့ဖြင့် အလမ္ပာယ်ဆရာပုဏ္ဏားသည် စကစမ္ပေယျနဂါးမင်းကိုဖမ်းကြောင်း ဝီသတိနိပါတ် စမ္ပေယျဇာတ်၌ ဟောတော်မူသည်ကို ဘူရိဒဇာတ်တော်၌ လာလေ၏။ ပေါရိသာဒသည် ဘီလူးတစ်ကောင်ထံမှ 'ပဒလက္ခဏာမန္တန်'ကို ရသဖြင့် လျင်မြန်ခြင်း၊ အားကြီးခြင်း၊ ရဲရင့်ခြင်း၊ ရန်သူကိုမခံနိုင်အောင် ကြံစည်နိုင်ခြင်း စသည်တို့ကို အသီတိနိပါတ် မဟာသုတသောမဇာတ်၌ ဟောတော်မူသည်။

မြေ၌မြှုပ်ထားသောပစ္စည်းများကို မြင်နိုင်စွမ်းသောမန္တရားရှိကြောင်းကိုလည်း စတုကနိပါတ် ဗြဟာဆက္ကဇာတ်တော်၌ ဟောတော်မူသည်။

ထိုထို အကြောင်းများစွာတို့ကို လေ့လာလိုက်သောအခါတွင် ဂန္ဓာရီတည်းဟူသော ဂန္ဓာရီသည် လောကတွင်ထင်ရှားသော ဝိဇ္ဇာပညာရပ်တစ်ခုဖြစ်ကြောင်းကို ထင်ရှားစွာ တွေ့ရှိနိုင်လေသည်။

ဤသည်တို့မှာ ပါဠိပိဋကတ်လာ ဗုဒ္ဓ၏ကျမ်းစာများထဲမှ ဂန္ဓာရီ ဂမ္ဘီရပညာများဖြစ်သည်။

ရမ်းဗြဲမြို့ တောင်ကျောင်းဆရာတော် အရှင်စန္ဒမာလာလင်္ကာရ ပြုစုရေးသားအပ်သော ရခိုင်ရာဇဝင် (၃/အကြိမ်) မှ ရှင်စိတြနှင့် ရှင်နာရဒတို့၏ ဂန္ဓာရီ ဂမ္ဘီရသမိုင်းကြောင်းကိုဆက်ရသော် -

ကောဇာနှစ် ၆၃၅ ခုနှစ်တွင် ရခိုင်ပြည် လေးမြို့ခေတ် လောင်းကြက်မြို့တော်၌ ဘုရင်နန်းကျားကြီး တိုင်းပြည်အုပ်ချုပ် မင်းလုပ်တော်မူလေသည်။

ထိုဘုရင်နန်းကျားကြီး၏ ဖခမည်းတော်မှာ သက္ကရာဇ် ၆၃၁ ခုနှစ်တွင် စည်ထီးခရိုင်နိုင်ငံကိုအစိုးရတော်မူသော မင်းစောမွန်ကြီးဖြစ်သည်။ မင်းစောမွန်ကြီးတွင် စောဘီလူးမည်သော မိဖုရားတစ်ယောက်၊ စောဗျိုင်းဖြူမည်သော



www.burmeseclassic.com

www.burmeseclassic.com

မိဖုရားလည်းတစ်ယောက်အားဖြင့် မိဖုရားနှစ်ယောက်ရှိလေသည်။

မိဖုရားစောဘီလူးမတွင် နန်းကျားကြီးမည်သော သားတော်တစ်ယောက်၊ ရွှေစလပ်တာမည်သော သမီးတော်တစ်ယောက်၊ ရွှေနံ့သာမည်သော သမီးတော်တစ်ယောက်အားဖြင့် သားသမီးသုံးယောက်ရှိလေသည်။

မင်းစောမွန်ကြီးကား ကုသိုလ်ကောင်းမှု၌ မွေ့လျော်သည်။ သူတော်ကောင်းတို့နှင့်ပေါင်းဖော်သည်။ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ထုံးကိုနှလုံးမူကာ ကုသိုလ်ကောင်းမှုများကိုလည်းပြု၏။ ဆင်၊ မြင်း၊ ရဲမက်များမြောင်၏။ ထိုမင်းကား အိမ်နိမ့်စံ (၁၈) နှစ်၊ နန်းစံ (၄) နှစ်တွင် လွန်တော်မူလေသည်။

ထိုအခါ သားတော်နန်းကျားကြီးသည် မျောက်သားသော် စောပို့မယ်နှင့် သက္ကရာဇ် ၆၃၅ ခုနှစ်တွင် မင်းစည်းစိမ်တို ရယူတော်မူလေသည်။ ထိုနန်းကျားကြီးတွင် မိဖုရားလေးယောက်ရှိလေသည်။ ထိုလေးယောက်သော်ကား ဇစောပို့မယ်လည်း တစ်ယောက်၊ စောပဒုမ္မာလည်း တစ်ယောက်၊ စောမင်းဖွားလည်း တစ်ယောက်၊ စောဖြူလည်း တစ်ယောက် ဟူ၏။

ထိုနန်းကျားကြီးမင်းသည် တိုင်းသူပြည်သားတို့ကို မင်းကျင့်တရားဆယ်ပါးနှင့်အညီ အုပ်ချုပ်ခြင်းမရှိ။ တိုင်းပြည်၌ အခွန်အတုပ်တို့ကိုလည်း ရှေးမင်းများထက် ပို၍တိုးပြီးကောက်ခံ၏။ သရဏဂုံသုံးပါး၌လည်း မကြည်ညို၊ ကုသိုလ်ဒါနတော့လုပ်ပါ၏။ သို့သော် မည်ကာမတ္တ။

ဘုရားတည်သည်မှာလည်း ရှေးဘေးလောင်းတော်ဘိုးလောင်းတော်တို့၏အစဉ်အလာကို မလွန်ဆန်လို၍ တိုင်းသူပြည်သားတို့ ကဲ့ရဲ့ရှုတ်ချကြမည်စိုး၍ မလွဲမရှောင်သာသဘောနှင့်သာပြုလုပ်၏။ မင်းဆွေ၊ မင်းမျိုး၊ မှူးမတ်၊ စစ်သည်၊ သေနာပတိ၊ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ်၊ ဓားမခုတ်၊ တောင်သူပါမကျန် တစ်ပြည်လုံး၌ အိမ်ခွန်၊ ရေခွန်၊ မြေခွန်၊ ကင်းခွန်တို့ကို အဆမတန်ကောက်ယူ၏။

အရောင်အဆင်း၊ ရုပ်ရည်ရူပကာနှင့်ပြည့်စုံသော သူ့သမီး၊ သူ့မယားတို့ကိုလည်း အတင်းအဓမ္မသိမ်းယူ၏။ ထိုမင်းလက်ထက်၌ ပြည်သူတို့သည် ခေါင်းပေါ်၌ မီးကျသကဲ့သို့ရှိကြကုန်၏။ သို့ဖြစ်၍ မှူးမတ်ပြည်သူတို့သည် အဆိပ်ထန်သောမြွေဆိုးနဂါးကဲ့သို့ နေ့တထိတ်ထိတ်၊ ညတထိတ်ထိတ် စိုးရွံ့ကြောက်လန့်လျက်ရှိကြကုန်သည်။

အဆိုးဆုံးကား ပြည်သူတို့ကို အပြစ်မရှိအပြစ်ရှာပြီး ဖမ်းဆီးချုပ်နှောင်၏။ သူလယ်သူယာ၌ဖြစ်ထွန်းသော ကောက်ပဲသီးနှံတို့ကိုသိမ်းယူကာ သူ၏ဆင်စာ၊ မြင်းစာအဖြစ်ကျွေးပစ်၏။ ထိုသို့ မကောင်းသောအမှုကြီးငယ်တို့ကို ပြုကျင့်နေခြင်းကြောင့် ပြည်သူတို့ ဆင်းရဲဒုက္ခ၊ စိတ်မွတ်ခေါင်းပါးခြင်းဖြစ်လတ်သည်ရှိသော် ပြည်ရွာစနောင့်စနင်းဆူပူလာတော့၏။

ထိုအကြောင်းကို နန်းကျားကြီးဘုရင်ကြားသိလေလျှင် လွန်စွာတုန်လှုပ်ကြောက်ရွံ့လျက် ရှေးရှေးဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ တစ်ကြိမ်တစ်ခါမှ မထုတ်ပြန်ခဲ့ဖူးသော ထူးထူးဆန်းဆန်း အမိန့်ကြေညာတစ်ခုကို နေပြည်တော်နှင့်တကွ ကျေးရွာဇနပုဒ်မကျန်ထုတ်ပြန်တော်မူလေသည်။

"ဒူ. . ."

"ဒူ. . ."

"ဒူ. . ."

"တိုင်းသူပြည်သား လူအများတို့လေ၊ အားလုံး အားလုံးကြားသိစေရန် နန်းကျားကြီးဘုရင်အမိန့်တော်"

"ဒူ. . ."

"ဒူ. . ."

"ဒူ. . ."

"ဤယနေ့ ဤညနေကစ၍ မိမိအိမ်၌ရှိကြကုန်သော ဓား၊ လှံ၊ လေး၊ မြား၊ ရဲတင်း၊ ပုဆိန်၊ ပဲခွပ်စသည်တို့ကို သူကြီး၊ အစုမှူး၊ ပြုစုကောင်းတို့ အိမ်၌ ညစဉ်ညတိုင်း အားလုံး အားလုံးလူတို့သည် လာရောက်အပ်နှံထားရှိစေရမည်။ ဘုရင့်အမိန့်တော်. . ."

"ဒူ. . ."

"ဒူ. . ."

"ဒူ. . ."

"ထင်းခုတ်၊ သစ်ခုတ်၊ တောင်ယာလုပ်၊ သားသတ်၊ ဟင်းရွက်လှီးကိစ္စကြီးငယ်တို့အတွက် မနက်အချိန်တိုင်းတွင် သူကြီး၊ အစုမှူး၊ ပြုစုကောင်းတို့ဆီက ထုတ်ယူ၍ ညနေမိုးမချုပ်မီ အားလုံးအားလုံး ပြန်လည်အပ်နှံကြရမည်။ ဘုရင့်အမိန့်တော်. . ."

"ဒူ. . ."

"ဒူ. . ."

"ဒူ. . ."

"ဤအမိန့်တော်မြွက်ကို မင်းနေပြည်တော်နှင့်တကွ ကျေးရွာဇနပုဒ် မိလတ်ခုတ် တောင်သူလူလူဟူသမျှ လှည်းနေလှည်းအောင်း မြင်းဇောင်းမကျန် အားလုံးကုန်တို့ မကြား၊ မသိ၊ မရှိစေရန် ကြေးနင်းမောင်းလည် လမ်းသွယ်၊ လမ်းခွ၊ လမ်းမ၊ လမ်းဆုံအကုန် မကျန်အားလုံးအားလုံးသိစေ၊ ကြားသိစေရန် အမိန့်တော်မြွက်ချမှတ်တော်မူလိုက်သည်"

"ဒူ. . ."

"ဒူ. . ."

"ဒူ. . ."

"ဤအမိန့်ကို နေပြည်တော်နှင့်တကွ ကျေးရွာဇနပုဒ် ရှိရှိသမျှ ရဟန်းရှင်လူပြည်သူအားလုံး လိုက်နာရမည်။ မလိုက်နာသူအား သုသာန်ထုတ် ဓားခုတ်သတ်စေ၊ ဘုရင့်အမိန့်တော်"

"ဒူ. . ."

"ဒူ. . ."

"ဒူ. . ."

မင်းမှုထမ်းများသည် အထက်ပါအမိန့်ကို မင်းနေပြည်တော်ဖြစ်သော လောင်းကြက်မြို့၏ လမ်းဆုံလမ်းခွ၊ လမ်းလေးဂတို၌လည်းကောင်း၊ တောစွန်ဇနပုဒ်တို့၌လည်းကောင်း၊ ပြည်လေးမြင်ပြလေးပြ အရပ်လေးမျက်နှာမကျန် မင်းခစားမင်းမှုထမ်းများက ကြေးနင်းမောင်းလည် ပြည်သိရွာသိ မောင်းခတ်အမိန့်ကြေညာနေကြသည်ကို ပြည်သူပြည်သားတွေမှာ အံ့ဩမဆုံးတုန်လှုပ်ချောက်ချားကုန်ကြသည်။

ပြည်သူတို့အပေါ်၌ မြွေပွေး၊ မြွေဟောက်ကဲ့သို့ အဆိပ်ပြင်းသော ဤမင်းသည် ရှေးဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့အဆက်ဆက် တစ်ကြိမ်တစ်ခါမျှပင်မကြားဘူးမကြုံဘူးကြသော ဤအမိန့်အာဏာကို အဘယ်ကြောင့် ထုတ်ပြန်ရပါသနည်းဟု လူတွေမှာ ပိုပြီးအံ့ဩမဆုံးရှိကုန်ကြလေသည်။

သို့သော် ဤမင်းဆိုးမင်းညစ်၏ ရက်စက်ကြမ်းကြုတ်မှုကို အမြဲခံနေကြရသောပြည်သူပြည်သားတို့မှာ ဤအမိန့်ကိုမလိုက်နာလျှင် သုသာန်ထုတ်ဓားခုတ်အသတ်ခံရမည်ကို ကြောက်ရွံ့ကြသဖြင့် ဘုရင်နန်းကျားကြီး၏အမိန့်တော်အတိုင်း မိမိတို့အိမ်၌ရှိသော ဓား၊ လှံ၊ လေး၊ မြား၊ ဆောင်ဓား၊ ဓားမတို၊ သစ်ခုတ်၊ ဝါးခုတ်၊ တောင်ယာလုပ်ဓားနှင့်တကွ အိမ်၌ သားသတ်၊ ငါးခုတ်၊ ဟင်းရွက်လှီးဓားပါမကျန် ဘုရင့်အမိန့်တော်ကိုကြောက်ကြရသဖြင့် နေဝင်မိုးမချုပ်မီ အစုမှူး၊ ပြုစု

www.burmeseclassic.com

ကောင်း၊ သူကြီးတို့အိမ်၌ သွားရောက်အပ်နှံကြရသည်။

မနက်မိုးလင်း၍ သစ်ခုတ်၊ ဝါးခုတ် တောင်ယာလုပ်၊ ကိုင်းရှင်း၊ လယ်ထဲဆင်းကြရမည့်သူများသည် မိမိတို့ဓားကို အပ်နှံထားသော ပြုစုကောင်း၊ အစုမှူး၊ သူကြီးတို့အိမ်၌ သွားရောက်ထုတ်ယူကြရလေသည်။

ထိုအခါ လူတွေမှာ သူ့ဓားကိုယ့်ဓားရွေးကြရသဖြင့် သစ်ခုတ်၊ ဝါးခုတ်၊ ကိုင်းခုတ်၊ လှယ်ထွန်ကိုနေမြင့်မှလုပ်ကိုင်ကြရသဖြင့် ယခင်ကတစ်ရက်လုပ်ရမည့် အလုပ်ကို ယခုအခါ နှစ်ရက်၊ သုံးရက် လုပ်ကြရသည်။ ထိုအခါ စပါးသီးနှံတို့မှာ ထွက်သင့်သလောက် မထွက်တော့ဘဲ အရနည်းကာ ကြာလျှင် ဝမ်းစာပြတ်၍ ဒုဗ္ဘိက္ခန္တရကပ်ဆိုးကြီး ဆိုက်ရောက်လာတော့မည်ကိုပင် ပြည်သူပြည်သားတွေမှာ စိုးရိမ်လာကြသည်။

ပြည့်ဝမ်းစာ မဖူလုံ၍ ဒုဗ္ဘိက္ခန္တရကပ်ကျရောက်လာသောအခါ တိုင်းသူပြည်သားများမှာ အပုပ်အသိုး၊ အဆိုး၊ အကောင်းကိုပင် မခွဲခြားနိုင်ကြတော့ဘဲ အပုပ်လည်းစား၊ အသိုးလည်းစား ရရာကိုစားကြရာမှ ရောဂါဘယထူပြောပြီး ရောဂန္တရကပ်ကြီးဆိုက်လာနိုင်ပေသည်။ တစ်ဆက်တည်းမှာပင် အစားအစာငတ်မွတ်ခေါင်းပါးလာလျှင် လုကြ၊ တိုက်ကြ၊ ခိုးကြဝှက်ကြရာမှ သတ္တန္တရကပ်ကြီးပါ နောက်ဆက်တွဲဖြစ်ပေါ်လာတော့မည် ဆိုသည်ကို ဆင်ခြင်မိကြသော သူကြီး၊ အစုမှူး၊ ပြုစုကောင်းတို့က ပြည်သူပြည်သားများ တောင်ယာ၊ လယ်လုပ်၊ သစ်ခုတ်၊ ဝါးခုတ်မြန်မြန်သွားနိုင်ကြရန် ဓားရိုး၌လည်းကောင်း၊ ဓားပြား၌လည်းကောင်း မိမိတို့၏အမည်နာမကို ရေးထွင်း၍သာ လာအပ်ကြရန် အကြံပေးကြရတော့သည်။ ပြည်သူပြည်သားတွေမှာ ဓားကိစ္စနှင့်ဒုက္ခကြီးရောက်နေကြရသည်ကို နေ့စဉ်မျက်မြင်ဖြစ်နေကြသော်လည်း အကြီးအမှူးခမျာများမှာလည်း မင်းမိန့်ကိုမလွန်ဆန်ဝံ့ကြ။

ပြည်သူပြည်သားခမျာများမှာလည်း သူကြီး၊ အစုမှူး၊ ပြုစုကောင်းတို့အကြံပေးသလိုလိုက်နာလုပ်ကိုင်နေကြရသည်။ သို့သော် မည်သို့ဆိုစေ ခါတိုင်းကဲ့သို့ တောင်ယာလယ်တောစောစောမရောက်နိုင်ကြသည်မှာတော့အမှန်ပင်ဖြစ်သည်။

အဆိပ်ပြင်းသော မြွေနဂါးကဲ့သို့ ဘုရင့်အမိန့်တော်ကို ကြောက်ရွံ့ထိတ်လန့်နေကြရရှာသော ပြည်သူပြည်သားများမှာ ကိုယ့်နည်းကိုယ်ဟန်နှင့် ကြံဖန်တီထွင်၍ လယ်တော၊ ယာတော စောစောသွား၍ လုပ်ကိုင်ကြရသော လယ်ထွက်၊ ယာထွက် သီးနှံများကို နန်းကျားကြီးဘုရင်က တစ်ခါ ကြီးစွာလေးလံသော အခွန်အတုပ်တို့နှင့် တောင်သူလယ်သမားတို့၏ဆန်စပါးများကို ဘုရင့်ကျီတော်သို့ အရောက်သွင်းပို့ကြရပြန်သည်။

ဤမင်းဆိုးမင်းညစ်၏အမိန့်ကြောင့် မိန်းမသူများမှာလည်း မနက်မိုးလင်းသည်နှင့် သူကြီး၊ အစုမှူး၊ ပြုစုကောင်းတို့၏အိမ်ရှေ့ကိုရောက်သွားကြပြီး မိမိတို့၏သားသင်၊ ငါးသင်၊ ဟင်းရွက်လှီး အပ်နှံထားသောဓားကို မနက်တိုင်းသွားရောက်ရွေးယူနေကြရရာ မင်းယောကျ်ားများကဲ့သို့ပင် သူ့ဓား၊ ငါ့ဓားမှား၍ ရန်ဖြစ်ကြ၊ တချို့ကလည်း မိမိ ဓားမကောင်းသည်ကို ဓားအကောင်းနှင့် လဲယူသွားကြ၊ မူလ ဓားပိုင်ရှင်အမျိုးသမီးတို့ကလည်းမခံနိုင်၍ ဆဲကြဆိုကြ၊ သတ်ပုတ်ကြနှင့် သူကြီး၊ အစုမှူး၊ ပြုစုကောင်းတို့မှာလည်း မနက်တိုင်း ယောကျ်ားသားများကို ဓားရွေး၊ ဓားယူစောင့်ကြည့်ပေးနေကြရသလို မိန်းမများ ဓားလုပွဲပြဿနာကိုလည်း ဖျန်ဖြေရ၊ ဟန့်တားရနှင့် အလုပ်ပိုကာ ဘုရင်မင်းတရားကြီးကြောင့် စိတ်ရှုပ်စိတ်ညစ်နေကြရသည်။

ပို၍ဆိုးသည်မှာကား ရဟန်းသံဃာများ ကျောင်း၌ရှိသော ခေါင်းရိတ်သင်တုန်းဓားများကိုလည်း နန်းရှေ့ရှိ မြို့ဝန်ကွပ်ကဲသော ဓားဆောင်တွင် သွားရောက် အပ်နှံထားကြရသည်။ လဆုတ်ပက္ခ၊ လဆန်းပက္ခ ရဟန်းသံဃာသာမဏေများ ခေါင်းရိပ်မည့်နေ့ မနက်မှလာထုတ်၍ ညနေတွင် ပြန်လာအပ်ကြရမည်ဟူသော ဘုရင့်အမိန့်တော်ပင် ဖြစ်သည်။

ဤမင်းမှာ သူမတရားအမိန့် ဥပဒေတွေထုတ်နေသဖြင့် ပြည်သူပြည်သားများကို ကြောက်ရွံ့ထိတ်လန့်နေရသလို ရဟန်းသံဃာသူတော်ကောင်း သူမြတ်လောင်းများကိုပင် မယုံကြည်စိတ်မချ ကြောက်ရွံ့လာရသဖြင့် သံဃာတော်များ၏ကျောင်း၌ရှိသော ဆံပင်ခေါင်းရိတ်ဓားများကိုပင် ကြောက်ရွံ့၍ တစ်နေရာတည်း၌ သိမ်းဆည်းခိုင်းထားခြင်းဖြစ်သည်။

မည်မျှထိအကြောက်လွန်လာသည်မှာကား ဒုရေး၊ သုရေး၊ အခါကြီးနေ့ရက်ကြီးများ၌ ဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းစဉ်လာအရ နန်းတော်ထဲပင့်ဖိတ်ရသော ရဟန်းသံဃာများသည် ဘုရားရှင်၏ ပညတ်တော်အတိုင်း သင်းပိုင်ကို ရှေ့၌ လုံးလိပ်၍ဝတ်ကြရရာ ထိုသင်းပိုင်အလုံးအလိပ်ထဲ၌ ခေါင်းရိတ်သင်တုန်းဓားကို လျှို့ဝှက်ယူလာပြီး သူ့ကို လည်ပင်းလှီးသတ်နိုင်သည်ဟူသော အတွေးအကြောက်ကြောင့် ရဟန်းသံဃာများကိုလည်း ပရိက္ခရာရှစ်ပါးပါသင်တုန်းဓားကို နန်းရှေ့ရှိ မြို့ဝန်ကွပ်ကဲသော အဆောင်တွင် လာရောက်အပ်ထားရမည် ဟူသောအမိန့်ကို ထုတ်ပြန်ခြင်းဖြစ်လေသည်။

ထိုအခါ ရဟန်းကောင်းရဟန်းမြတ်တို့သည် 'ဤမင်းကာ ႏ ပါပမင်းတည်း' ဟု နှလုံးပိုက်ကြလျက် လောင်းကြက်မြို့မှ တောရပ်သို့ လည်းကောင်း၊ ရှာငယ်ဇနပုဒ်၊ နယ်စွန်နယ်ဖျားသို့လည်းကောင်း၊ တောခေါင်တောင်ပေါ်အရပ်သို့လည်းကောင်း ကြွသွားကြသောအခါ လောင်းကြက်မြို့တော်မှာ ရဟန်းကောင်းရဟန်းမြတ်တို့ ဆိတ်သုဉ်းစပြုလာလေသည်။

လောင်းကြက်မြို့သူမြို့သားတို့မှာ ဒုရေး၊ သုရေး၌ ရဟန်းသံဃာများကိုပင့်ဖိတ်ရန် ရှာမရ၍ ရှင်သာမဏေများနှင့် ဒုရေး၊ သုရေးကိစ္စများကို ဆောင်ရွက်ကြရလေသည်။ ထိုသာမဏေများသည်ပင် ထိုအချိန်က ကျောင်းဆယ်ကျောင်းမှာမှ တစ်ပါးရှိနေတတ်သည်။

ဤသည်ကို အင်းစောက်၊ ကျောက်ရိုးရာဇဝင်တို့၌ အတိတ်၊ တဘောင်၊ နိမိတ်ဆောင်ခဲ့သော ပညာရှိ ဝိမလအမတ်နှင့် ရခိုင်ရာဇဝင် ရှေးမြင်နောက်မြင်ဆရာကြီးများက ကြိုတင်၍အဟောထွက်ခဲ့ကြသည်မှာ -

ကျောင်းတစ်ဆယ်ကို ရှင်ငယ်တစ်ယောက် စားလိမ့်မည်။

အကျီခါးတို လူပျိုအမတ် များလိမ့်မည်။

ပုတီးလက်စွဲ သူစဉ်းလဲလည်း များလိမ့်မည်။

ယင်းသောအခါ မိုးမရွာ အစာငတ်မွတ်ရှားလိမ့်မည်။

မင်းမတရား ကျင့်ဖောက်ပြား၍ တိုင်းသားပြည်သူ ကျွက်ကျွက်ဆူ အိုးကင်းပူရေကျဖြစ်လိမ့်မည်။

မင်းမတရား အစိုးစားလည်းဖြစ်လိမ့်မည်။

လက်နက်အားကိုး ထိုမင်းမျိုးတို့ အုပ်စိုးပိုင်ရာ တိုင်းပြည်မှာ သူခိုး၊ ဓားပြ



www.burmeseclassic.com

www.burmeseclassic.com

များလိမ့်မည်။

ရခိုင်ပြည်သူ ကျွက်ကျွက်ဆူတို့ အားကိုးရာမဲ့ဖြစ်လိမ့်မည်။

ရခိုင်ပြည်သူ ကျွက်ကျွက်ဆူတို့ စိတ်ပူသောကရောက်လိမ့်မည်။

ဘူးသီးတောင်နယ်ကို ပြင်ခေါင် ကုလားစိုးလိမ့်မည်။

ကုလားကိုရှာ ကျောက်တော်မှာ ထိုခါ တရုတ်တွေ့လိမ့်မည်။

အကျီမဟုတ် ကုလားခြုပ်ကို လည်းဝတ်လိမ့်မည်။

သင်္ဘောမဟုတ် ဘရကုတ် (ဘုတ်+မော်တော်)ကိုလည်းစီးလိမ့်မည်။

ယောကျ်ားမပီ လူပလီလည်းများ လိမ့်မည်။

မိန်းမ မတရား လင်မြှောင်ထား လည်း များလိမ့်မည်။

ထမီညာတင် မိန်းမရှင်လည်းများ လိမ့်မည်။

အပျိုကညာရတနာတို့ အသရေ မလုံ ရှုပါရုံနှင့် သားမြတ်ပေါ်အောင်ပြ လိမ့်မည်။

မိန်းမ မတရား ကျင့်ဖောက်ပြား၍ စီးပွားကုန်သည်လုပ်လိမ့်မည်။

တောင်ကအောင်ချင်း ပြားကို ဆင်း အောက်ချင်းဖော်ရှိရှာလိမ့်မည်။

ကျေးဇူးမသိ လူဒိဋ္ဌိလည်းများ လိမ့်မည်။

ဘုရားပြကာ စီးပွားရှာ အရှောင် စားလည်းများလိမ့်မည်။

ခေါင်းတုံးရိတ်ကာ စီးပွားရှာ ပြည် ရွာရဟန်းများလိမ့်မည်။

ကျောင်းထိုင်သံဃာ စီးပွားရှာ ဘဏ္ဍာစုစည်းများလိမ့်မည်။

ဘုန်းကြီးမတရား ကျောင်းကြီး စားလည်း များလိမ့်မည်။

သက်န်းမပီ ဧကသီနှင့် ဒုသီရှင် များ ငွေကြေးစားလည်းများလိမ့်မည်။

မင်းဝယ်ခယမ်း အကျင့်သွမ်း ရှင် ရဟန်းလည်းများလိမ့်မည်။

မိန်းမများနှင့် စကားမြူးထူး ရဟန်းရှူးတို့များလိမ့်မည်။

ကျောင်းအောက်တွင်ထက် ပုခက် တွဲလွဲများလိမ့်မည်။

ရဟန်းအချင်းချင်း တရားခင်း ကျောင်းတွင်းထိုခါ ဖြစ်လိမ့်မည်။

ဘုန်းကြီးတန်းကြီး အသီးသီးတို့ ပူဆွေးဒုက္ခဖြစ်လိမ့်မည်။

ဟု ရခိုင်ပညာရှိ ဝိမလအမတ်နှင့် ကျောက်ရိုး၊ တောင်ပေါက်ရာဇဝင်ဆရာ ကြီးများ အတိတ်တွင် ဖြစ်ပေါ်လာမည် ကို ဟောကိန်းထုတ်ထားခဲ့ကြသည်။ ထို ဟောကိန်းများသည် ဘုရင်နန်းကျားကြီး လက်ထက်၌ အချို့တစ်ဝက်ဖြစ်ပေါ်လာ တော့သည်။

သို့နှင့် စိတြနှင့် နာရဒ မည်သော ရှင်ငယ်နှစ်ပါးသည် လဆန်းပက္ခအဖိတ် နေ့တစ်နေ့မနက်တွင် ခေါင်းရိတ်ရန် နန်း တော်ရှေ့သို့ ဓားထိန်းဆောင်ကိုသွားပြီး ခေါင်းရိတ်ဓား၊ သင်တုန်းဓားတစ်လက် သွားငှားကြသည်။ သူတို့သည် သင်တုန်း ဓားကို ခေါင်းရိတ်ပြီးသည်နှင့် သို့မဟုတ် နေမဝင်မီ နန်းတော်ရှေ့ရှိ ဓားထိန်း ဆောင်၌သွားပြီး ခေါင်းရိတ်ဓားကို ပြန် အပ်ကြရမည်။

ရှင်သူငယ်စိတြနှင့် နာရဒတို့ ကျောင်းမှာ အဋ္ဌနနဒီမြစ်ကမ်းစောင်း၌ တည်ရှိသည်။ သူတို့နှစ်ဦးသည် ကျောင်း ရှေ့မြစ်ကမ်းပါး ကျောက်ဖျာပေါ်တက် ပြီးတစ်ပါးတစ်လှည့်ခေါင်းရိတ်ကြသည်။ သူတို့၏ရည်ရွယ်ချက်မှာ ခေါင်းရိတ်ပြီး သည်နှင့် အဋ္ဌနနဒီမြစ်ထဲ ရေဆင်းချိုးကြ ရန်ဖြစ်သည်။

သို့နှင့် ခေါင်းရိတ်ပြီးသည်နှင့် တစ်ပတ်၊ နှစ်ပတ်ကြာမှ တစ်ခါကိုင်ရ သော သင်တုန်းဓားကို ကိုင်၍ဆော့ ကစားကြရာ စိတြလက်က သင်တုန်း ဓားလွတ်ကျပြီး ရေထဲကျသွားသည်။ ထို အခါ ရှင်ငယ်နှစ်ပါးမှာ အထိတ်အလန့် ဖြစ်ကြရတော့၏။ ဤသင်တုန်းဓားမှာ နန်းရှေ့ ဓားထိန်းဆောင်ကဓားဖြစ်လေ ရာ နေမဝင်မီ ပြန်အပ်ရမည့်ဓားဖြစ် သဖြင့် ရေထဲ၌ငုပ်စမ်းရှာကြသည်။

အဋ္ဌနနဒီမြစ်သည် မြစ်ကျဉ်း သလောက် ရေစီးသန်သောမြစ်ဖြစ်လေ ရာ ရှင်သူငယ်နှစ်ပါးဖြစ်ကြသော စိတြ နှင့် နာရဒတို့သည် ရေထဲကျသွားသော သင်တုန်းဓားကို တစ်နေ့လုံး ရေငုပ်ရှာ ကြသည်။ အချိန်သာကုန်သွား၏။ ရေထဲ ကျသွားသောသင်တုန်းဓားကို တစ်နေ့ လုံးရေငုပ်ရှာကြသော်လည်း ရှာမရ ကြ။

သည်လိုနှင့် အချိန်မှာ နေဝင်ခါနီး ဖြစ်သွားသည်။ နေဝင်လို့မှ ဤသင်တုန်း ဓားကိုပြန်မအပ်နိုင်လျှင် မင်းပြစ်မင်း ဒဏ်သင့်တော့မည်။ ဘုရင်နန်းကျားကြီး ၏ အမိန့်တော်မြတ်ကလည်း ဓားကို လက်ဝယ်ထားရှိသူ၊ ငှားသွား၍ပြန်လာ မအပ်သူတို့ကိုဖမ်းမိပါက သုသာန်ထုတ် ဓားခုတ်သတ်စေ ဟူသောအမိန့်တော်ရှိ ထားလေရာ ကြောက်ကြောက်နှင့် ဆေး ကျသွားရာ နေရာတစ်ဝိုက်ကို ပိုက်စိပ် တိုက်ငုပ်စမ်းရှာဖွေကြသည်။ သို့သော် တစ်ထွာတစ်မိုက်သာရှိသော သင်တုန်း ဓားကို ရေစီးသန်သော အဋ္ဌနနဒီမြစ်ထဲ ငုပ်စမ်းရှာကြရသည်မှာ သမုဒ္ဒရာထဲ အပ်ပျောက်ရှာသည်နှင့် ဘာမှမခြားဖြစ် သွားလေသည်။

ထိုအခါ ရှင်ငယ်နှစ်ပါးမှာ ရက် စက်ကြမ်းကြုတ်သော နန်းကျားကြီး ဘုရင်အကြောင်းကိုလည်း ကြားသိထား ကြသူများဖြစ်လေရာ လောင်းကြက်မြို့ တော်ကထွက်၍ နေမဝင်မီ ခြေဦးတည့် ရာကို ထွက်ပြေးလာကြရလေတော့ သည်။

ဘုရင်နန်းကျားကြီးဆိုးသွမ်းမှုနှင့် ပတ်သက်၍ မြောက်ဦးခေတ် ဘစောဖြူ မင်း (ကောဇာ ၈၂၁-၈၄၄) လက်ထက် တွင်ပေါ်ထွန်းခဲ့သော စာဆို အဒူးမင်းညို ၏ ရခိုင်မင်းသမီး ချေင်းတွင် -

*. . . ဘေးခင်းကြီးစွာ၊*
*အလောမာလျှင်*
*တည်လာလောင်းကြက်၊*
*ထိုမြို့ထက်ဝယ်*
*ဖြူရွက်ဖြန့်ကျူး၊*
*ငါးယောက်ဆုံးတွင်*
*မှားရှုံးကြီးကြီး၊ နန်းကျားကြီးကား*
*မီးထက်မကာ၊ ပြည်မပြည်တွင်း*
*ဓားတစ်စင်းမျှ၊ မဟိ(ရှိ)ရသည်၊*
*ကျနကောက်ငင်၊ ပူဆာအင်နှင့်*
*ဆွေလင်နှစ်မည်၊*
*အိမ်ထောင်သည်ဟု*
*စည်သာင်ကြီး၊ သမီးလှစွာ*
*ပန်းနီလာကို၊ အာသာငတ်ငက်*
*လောဘမက်၍၊ ရက်ရက်ယူပြီး*
*မတ်ကြီးခေါင်ဖျား၊ ဘနှစ်ပါးကို*
*ငြိုးထားပြီးခါ၊ ဖျက်ဆီးပါသည်၊*
*မိစ္ဆာကျင့်ညစ်၊ ညှို့တည့်လေ*

ဟု ရေးစပ်ဖွဲ့ဆိုထားခဲ့လေသည်။

ထိုရှင်ငယ်နှစ်ပါး ခေါင်းရိတ်သင် တုန်းဓားပျောက်မှုနှင့် ထွက်ပြေးလာကြ သောအစခရီးမှာ ဘယာသောကခရီး သာဖြစ်သော်လည်း တောတောင်အထပ် ထပ်ကို ကျော်ဖြတ်လာကြပြီးသောအခါ မမျှော်လင့်သော ဂန္ဓာရီခရီးရှည်ကြီးဖြစ် သွားလေသည်။

ထိုစိတြနှင့် နာရဒမည်သော ရှင် ငယ်ညီနောင်နှစ်ပါးတို့မှာ ဦးမောင်ညိုနှင့် ဒေါ်မပိုးဖြူတို့သားများဖြစ်ကြသည်။

(ထိုဦးမောင်ညိုနှင့် ဒေါ်မပိုးဖြူတို့ ကိုအစွဲပြု၍တည်ခဲ့သော ကျေးရွာများ မှာ ယခုတိုင် မြောက်ဦးမြို့နယ်၌ အထင် အရှားရှိလေသည်။)

ထို့ကြောင့် မြန်မာမှုနယ်ပယ်က



www.burmeseclassic.com

www.burmeseclassic.com

အတိတ်၊ နိမိတ်၊ တဘောင်၊ တြွင်း၊ သိုက်၊ ဓာတ်၊ အင်္ဂုရတ်၊ ဆေးဝါး၊ မန္တရား၊ မန္တန်တို့နှင့်ဆက်နွယ်နေသော ဂမ္ဘီရ ဂန္ဓာရီ သမိုင်းပုံရိပ်လမ်းကြောင်းများကို အတိတ်ပြန်ကောက်ကြည့်ရသော် -

ရှေးမြန်မာကြီးတို့၏ ဂန္ဓာရီပညာခရီးစဉ်သည် ရှည်လျားထွေပြားလှပေသည်။ တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ စစ်ကိုင်း အင်းဝခေတ်၊ ကေတုမတီ၊ ဟံသာဝတီခေတ်၊ ညောင်ရမ်း အင်းဝခေတ်၊ ကုန်းဘောင်ခေတ် စသည် စသည် ခေတ်ကာလသမယ မုခ်ဦးမုခ်တိုင် ပန်းတုံးတိုင်များ။

တကောင်း၊ သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုး၊ ပေါက္ခရဝတီ၊ ဒဂုန်၊ ဥဿ၊ သုဝဏ္ဏဘူမိ၊ သုဓမ္မဝတီ၊ မုတ္တမ၊ ဓညဝတီ၊ ဝေသာလီ၊ ပဉ္စာ၊ မ္မွဝက်၊ နရဥ္စရာ၊ လောင်းကြက်၊ ပုဂံ၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ မြင်းစိုင်း၊ မြောက်ဦး၊ ပြည်၊ ပုသိမ်၊ ကေတုမတီ၊ ဟံသာဝတီ၊ ညောင်ရမ်း၊ ရတနာသင်္ခ၊ ရွှေဘို၊ အမရပူရ၊ ရတနာပုံ စသည် စသည် ရဋ္ဌ၊ ပူရနာရ၊ မြို့ပြ၊ မြို့တော်၊ နေပြည်တော်များ ထိုထိုဤဤအလီလီသော ကာလဒေသ တစ်နံတစ်လျားတို့တွင် ပျံ့နှံ့ဖြတ်သန်းလျက် မြန်မာ့ဂန္ဓာရီပညာသည် ရှင်သန်ဖြစ်ထွန်းအလှမ်းကျယ်စွာ ပွားများလာခဲ့ပါသည်။

ဂန္ဓာရီပညာဆိုင်ရာ နည်းနိဿယ အတတ်၊ အသိ၊ ဒသနိက၊ တဏ္ဍဗေဒ၊ ယောဂ၊ သမထ၊ စူဠ၊ မဟာ၊ မဇ္ဈ၊ ဇနပဒ၊ လက်ဝဲ၊ လက်ယာ၊ အဖြူ၊ အမည်း စသည်စသည်တို့ထက် မြားမြောင်ပွေလီစွာဖြင့် ကာလစာရီ၊ ဒေသစာရီ တစ်နံတစ်လျားတွင် ဖြန့်ဆန့်စည်ပင်နေခဲ့ပေသည်။

မြန်မာမှုနယ်ပယ် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တစ်ခွင်၌ ဖြစ်ပေါ်နေခဲ့သော ဂန္ဓာရီဖြစ်စဉ်များကို လေ့လာစိစစ်သောအခါတွင် တိုက်ဆိုင်တူညီမှုများ၊ ထပ်တူရိုးစွဲဖြစ်ပျက်မှုများအချို့ကို စိတ်ဝင်စားဖွယ်ရာတွေ့ရှိကြသည်။ ယင်းတို့ထဲတွင် ထူးခြားတွေးတောဖွယ်ရာကောင်းသောအဖြစ်သနပ်အချို့ကိုဖော်ပြရလျှင်-

သာသနာနှစ် ၁၀၁ ခုနှစ် သရေခေတ္တရာပြည် မြို့တည်နန်းတည် ဒွတ္တဘောင်မင်းကြီးနှင့် ထီးပြိုင်နန်းပြိုင် ပန်ထွာဘုရင်မသည် ဗိဿနိုးပြည်ကို အုပ်ချုပ်မင်းလုပ်နေသည်။ ပန်ထွာဘုရင်မ၏ အဘိုးတော်စပ်သူ ဆရာရှင်ရသေ့ကြီးက ပန်ထွာဘုရင်မအုပ်ချုပ်သော ဗိဿနိုးပြည်ကို ရန်သူတို့လာရောက် တိုက်ခိုက်သိမ်းပိုက်မှုမပြုလုပ်နိုင်ရန်အတွက် မြို့ပတ်ပတ်လည်ကို အင်း၊ အိုင်၊ မန္တရားများ အပါအဝင် လောကီအစီအရင်များဖြင့် အရံအတား ပြုလုပ်ပြီး ပိတောက်စည်တစ်လုံးကိုလည်း ထိုသို့သော အစီအရင်များဖြင့် ပြုလုပ်ပေးထားလေသည်။

ဗိဿနိုးမြို့တော်ကို ရန်သူများ သိမ်းပိုက်ရန် ဝိုင်းရံချီတက်လာကြသည့်အခါတိုင်း ထိုပိတောက်စည်ကြီးကို တီးခတ်လိုက်လျှင် မြို့တော်ကို ဝိုင်းပတ်ရစ်ခွေစီးဆင်းနေသော ရန်ပယ်ချောင်းကြီးသည် အဟုန်ပြင်းစွာ တရဟောစီးဆင်းရေလျှံလာကာ ရန်သူတပ်များကို တံမြက်စည်းနှင့် လှည်းသိမ်းသပ်ချလိုက်သလို အကုန်ရေထဲမျောပါကုန်ကြသည်ဆို၏။

ဤအကြောင်းတို့ကြောင့် ဒွတ္တဘောင်မင်းကြီးသည် ဗိဿနိုးပြည်နှင့် ပန်ထွာ ဘုရင်မကို သိမ်းပိုက်ရန် မစွမ်းသာသဖြင့် ထိုအစီအရင်များကို ဖျက်ဆီးရန် ရှင်ယောင်တစ်ဦးအား လျှို့ဝှက်စွာ စေလွှတ်လိုက်သည်။

ထိုရှင်ယောင်သည် ဗိဿနိုးပြည်ရှင် ပန်ထွာဘုရင်မကို ဥပါယ်တံမျဉ်နှင့် လှည့်ဖြားအယုံသွင်းပြီး ပိတောက်စည်ကြီးနှင့် မြို့အရံအတား လောကီအစီအရင်များကို ဖယ်ရှားပစ်လိုက်သည်။ ထိုသို့ ပြုလုပ်လိုက်ပြီးမှ ဒွတ္တဘောင်မင်းကြီးသည် ဗိဿနိုးပြည်နှင့် ပန်ထွာဘုရင်မကို အလွယ်တကူ သိမ်းပိုက်ရယူသွားလေသည်။

ရခိုင်ပဉ္စာမြို့တည်နန်းတည် ငတုံမင်း သက္ကရာဇ် ၁၅၆ ခုနှစ် လက်ထက်တွင် ရန်သူအပေါင်း ကင်းဝေးစေရန်အတွက် ပိတောက်စည်ကြီးတစ်လုံးအား လောကီအစီအရင်အစီအစဉ်နှင့် စီရင်စီစဉ်လျက် မြို့တော်ဦး၌ ချိတ်ဆွဲထားပြီး တစ်နေ့သုံးကြိမ်တီးခတ်လေ့ရှိသည်ဆို၏။

ထိုသို့ တီးခတ်လေတိုင်း အရှေ့ဘက်ရှိ ပေါက္ကံရာမပုဂံပြည်သည် ချောက်ချောက်ချားချားဖြစ်ရလေ့ရှိသည်။ ထို့ကြောင့် ပေါက္ကံရာမ ရွှေနန်းရှင်က ရှင်ယောင်နှစ်ပါးအား ထိုပိတောက်စည်ကို ဖျက်ဆီးရန် လျှို့ဝှက်စွာ စေလွှတ်လိုက်လေသည်။

ထိုရှင်ယောင်နှစ်ပါးသည် ပဉ္စာဘုရင် ရွှေနန်းရှင်အား လိမ္မာပါးနပ်စွာ ချဉ်းကပ်ပြီး ပရိယာယ်ဝေဝုစ်များစွာဖြင့် လှည့်ပတ်ဖြားယောင်းလျက် ထိုပိတောက်စည်ကိုဖျက်ဆီးရုံမက ပဉ္စာနေပြည်တော်အနီး ရေကန်ကြီး၌နေထိုင်သော မြို့စောင့်နဂါးကြီးကိုလည်း နှင်ထုတ်ပစ်လျက် ပဉ္စာရွှေနန်းရှင်ရခိုင်ဘုရင်ကိုလည်း လုပ်ကြံသတ်ဖြတ်ပြီး ထွက်ပြေးလွတ်မြောက်သွားလေသည်။

ထို့ပြင်တဝ အလားတူအကြောင်းအရာတစ်ခုကို တင်ပြရလျှင် -

ရခိုင်ဘုရင် နေပြည်တော်မှ အင်း၊ အိုင်၊ မန္တရား၊ လောကီ ယတြာအတတ်၌ တစ်ဖက်ကမ်းခပ်တတ်မြောက်ကျွမ်းကျင်သော ရဟန်းတစ်ပါးသည် ပုဂံပြည်က ပင့်ဆောင်သဖြင့် ပုဂံသို့ကြွလေသည်။ ထိုရဟန်း၏အလုပ်အကျွေးတပည့်ငယ်လေးကို ပုဂံပြည့်ရှင်အလိုတော်ရှိလျှင် အခေါ်လွှတ်မည်ဟု မှာကြားထားခဲ့လေသည်။

နှစ်လည်ပတ်လုံးကြာသည့်တိုင်အောင် တပည့်ရှင်ငယ်ကို ပုဂံသို့မခေါ်သောကြောင့် တပည့်ရှင်ငယ်သည် ဒေါသဖြစ်ကာ ရခိုင်ပြည်ရှိ ကမ်းဘဲ့အရပ်၌ အရှေ့ဘက်ကို မျက်နှာမူပြီး လောကီအစီအရင်နှင့် ဘုရားဂူတစ်လုံးကို တည်စေသည်။ ထိုအခါ ပုဂံပြည်သည် တစ်နေ့ သုံးကြိမ် ချောက်ချားရလေသည်။

ဤသည်ကို ပုဂံရောက် ရခိုင်ရဟန်းက သူ့တပည့်ရှင်ငယ်လက်ရာဟု အတပ်သိသဖြင့် သူ့တပည့်ရှင်ငယ်အားခေါ် ရန်သင့်သည်ဟုမိန့်ကြားပြီး တပည့်ရှင်ငယ်ကိုလည်း ဒေါသအလျောက် ထိုသို့မလုပ်သင့်ကြောင်း၊ ဘုရားသခင် သာသနာကို ငဲ့ညှာသင့်ကြောင်း စသည်ဖြင့် တမန်စေသဝဏ်ကမ်းလေသည်။ သို့မှ တပည့်ရှင်ငယ်သည် ဒေါမာန်ပြေကာ ထိုဂူဘုရားကိုဖျက်လျက် အနောက်ဘက်လှည့်ပြီး သစ်ပင်ဝါးပင်ကြီးများအား စည်ပင်အောင်စိုက်ပျိုးပြီး ကမ်း ဟု အမည်ပေးလေသည်။ ထိုမှသာ ပုဂံပြည်သည် တည်ငြိမ်အေးချမ်းသွားလေသည်။

မြန်မာ့ဂန္ဓာရီပညာလောကတွင် အထွတ်အထိပ်ထင်ရှားသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဘိုးဘိုးအောင်၏ ကိုယ်ရေး အတ္တုပ္ပတ္တိတွင် ငယ်နုစဉ် ကျောင်းသားဘဝက အလွန်ရင်းနှီးသော သူငယ်ချင်းနှစ်ဦးရှိခဲ့လေသည်။ ယင်းတို့မှာ မောင်ဝိုင်း၊ မောင်မြတ်ကြည် ဟူ၍ ဖြစ်သည်။ ဘိုးဘိုးအောင်၏ငယ်မည်မှာ မောင် အောင်ဖြစ်သည်။ နောင် ကြီးပြင်းလာသည့်အခါတွင် မောင်ဘိုးအောင်သည်



www.burmeseclassic.com

www.burmeseclassic.com

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဘိုးဘိုးအောင်ဖြစ်လာသည်။

မောင်ဝိုင်းသည် အမရပူရမြို့တည်နန်းတည် ဘိုးတော်ဗဒုံမင်းတရားကောဇာ ၁၁၄၃ ခုနှစ် ဖြစ်လာသည်။ မောင်မြတ်ကြည်သည် တောထွက်ရဟန်းပုဂ္ဂိုလ်ဖြစ်လာသည်။ ဘိုးဘိုးအောင်တို့သူငယ်ချင်းသုံးဦးအကြောင်းကို စစ်ကိုင်းခေတ်တွင် အဆိုကျော်ခင်မောင်ရင်က တခမ်းတနား သီဖွဲ့တေးဆိုခဲ့သည်။

ထိုကဲ့သို့ပင် ရခိုင်မြောက်ဦးရွှေပြည်ကောင်းစားစဉ်ကလည်း မြဝါ၊ ဘစောသီရိ၊ မြတ်သာထွန်း ဟူသော သူငယ်ချင်းသုံးယောက်ရှိခဲ့လေသည်။ သူတို့သည် ကလေးသူငယ်ဘဝ တောင်ညိုတိုက်ဆရာတော် အရှင်အဂ္ဂမုနိထံစာပေပညာများကို သင်ကြားခဲ့ကြသည်။

အရွယ်ရောက်သော သူတို့သုံးဦးသည် မဇ္ဈိမဒေသ နာလန္ဒာတက္ကသိုလ်သို့ သွား၍ ပညာသင်ကြားကြသည်။ အချိန်တန်သော် မြတ်သာထွန်းသည် ဝိမလအမတ်ဟူ၍လည်းကောင်း နာမထင်ရှားလျက် မြောက်ဦးရွှေနန်းတော်၌ အမှုထမ်းပညာရှိအမတ်ဖြစ်လာခဲ့သည်။ မြန်မာစာပေလောက၌ ထင်ရှားသော မဟာပညာကျော် လျှောက်ထုံးသည်သူကို အကြောင်းပြု၍ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ဘစောသီရိသည် ဒုတိယမြောက် မြောက်ဦးမြို့တည်နန်းတည် မင်းဗာကြီးမင်း သက္ကရာဇ် ၈၉၃ ခုနှစ် ဖြစ်လာခဲ့သည်။ မြဝါသည် ဓာတ်ပြောင်း၊ ဓာတ်ပြန်၊ ဓာတ်ရိုက်၊ ဓာတ်ဆင်၊ ရုပ်ဓာတ်ကို ဓာတ်လေးပါး၊ မြူလေးပါးနှင့် ခွဲခြမ်းစိတ်ဖြာအတတ်၊ ယတြာလေးဆယ်၊ ဝိကြမ္မာသုံးဆယ်စသော ဂန္ဓာရီအဓာတ်များကို ကုံလုံပြည့်လျှံ ဂန္ဓာရီထွက်ရပ်ပေါက်ပုဂ္ဂိုလ်တစ်ဦးဖြစ်လာလေသည်။ ဦးမြဝါ၊ ရှင်မြဝါ၊ ရှင်သူငယ်မြဝါ ဟူသော အမည်နာမနှင့် သမိုင်းစဉ်တစ်လျှောက် ကျော်စောခဲ့လေ၏။

ဘိုးဘိုးအောင်သည် ထွက်ရပ်ပေါက်ပြီးနောက် အမရပူရရွှေနန်းတွင် မင်းပရိသတ်အစုံအလင်နှင့် ညီလာခံနေသော (မောင်ဝိုင်း ငယ်မည်ရှိ) ဗဒုံမင်းထံဝင်ရောက်လာပြီး တရားသောမင်းတို့လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ဆောင်ရန် လစ်ဟင်းနေခြင်းအား ပြစ်တင်ကြိမ်းမောင်းလျက် ညွှန်ပြခဲ့သလိုပင်။

ဦးမြဝါသည်လည်း ဂန္ဓာရီလမ်း၌ အထွတ်အထိပ်ရောက်ပြီးနောက် မြောက်ဦးရွှေနန်းတော်တွင် မှူးမတ်ဗိုလ်ပါအစုံအလင်နှင့် ညီလာခံကျင်းပနေသော (ဘစောသီရိငယ်မည်ရှိ) မင်းဗာကြီးမင်းကို အမျိုး၊ ဘာသာ၊ သာသနာအတွက် လုပ်ဆောင်ရန် ပျက်ကွက်နေသည်ကို ထောက်ပြ၍ ဝေဖန်ရှုတ်ချ ပြစ်တင်မာန်မဲလျက် အမြန်ဆုံးလုပ်ဆောင်ရန် တိုက်တွန်းခဲ့သည်။

ဘိုးဘိုးအောင်၏ မွေးသက္ကရာဇ်ကို အသေအချာမပြောနိုင်ကြပေ။ ဘိုးတော်မောင်ဝိုင်းမွေးဖွားသော မြန်မာနှစ် ၁၁၀၆ ခုနှစ်နှင့် မတိမ်းမယိမ်းရှိပေမည်ဟု ယူဆ၍ရပေသည်။

ဦးမြဝါကိုမူ သက္ကရာဇ် ၈၅၄ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ ဥတ္တရာသဝဠ်နက္ခတ်နှင့်ယှဉ်လျက် အရုဏ်တက်ပဟိုရ်နာရီ (၄)နာရီ (၂)မတ်၊ (၃)ဗီဇနာ (၂) ပြန်၊ (၂) ခရာတွင် မြောက်ဦးနန်းတော်၏ တတိယဝင်းတော်အပြင်ဘက် အိမ်တော်မင်္ဂလာ၌ မွေးဖွားသည်ဟု ဖော်ပြထားမှုကိုတွေ့ရသည်။ ဘစောသီရိမင်းဗာကြီးကိုလည်း သက္ကရာဇ် ၈၅၄ ခုနှစ်တွင် မီးရှူးသန့်စင်ဖွားမြင်ခဲ့၏။ ဦးမြဝါနှင့် လကြီးလငယ်ဖြစ်သည်။

ဂန္ဓာရီပညာဆိုင်ရာ အရောင်တူအဆင်ကွဲ တိုက်ဆိုင်တူညီမှု နောက်တစ်ခုမှာ ကပ္ပလက်ာရကျမ်းပြုဆရာတော် ရှင်ဥတ္တမသီရိ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဘိုးဘိုးအောင်၊ ဗားမဲ့ဆရာတော် ရှင်နန္ဒသာရတို့၏ ပညာရရှိကြပုံအသွင်အပြင်တို့ပင် ဖြစ်၏။ သီရိခေတ္တရာပြည်၊ နောက်ဆုံးဘုရင် သုပညာနရာဓိန္ဒမင်းလက်ထက် သာသနာနှစ် ၆၂၉ ခုနှစ်လောက်က အမတ်ရာဇသင်္ကြန် လှူသော ပြာသဒ်ကျောင်းဆရာတော် အရှင်ဥတ္တမသီရိမထေရ်သည် ထိုကျောင်းတိုက်နှင့် မနီးမဝေးရှိ တစ်ခါတုန်းက ဒိဗ္ဗစက္ခုရှင်ရသေ့နေထိုင်ခဲ့သော ကျောက်ဂူပြိုပျက်ရာမှ ကျောက်သေတ္တာတစ်လုံးကိုရရှိခဲ့လေသည်။ ရှင်ဥတ္တမသီရိမထေရ်သည် မိမိသီတင်းသုံးရာကျောင်းတိုက်သို့ ထိုကျောက်သေတ္တာကို လျှို့ဝှက်စွာ ယူဆောင်ခဲ့လေသည်။

တစ်နေ့သ၌ ကျောင်းတိုက်တွင် တစ်ပါးတည်းရှိစဉ် ထိုကျောက်သေတ္တာကို ရိုက်ဖွင့်ရာ ထူးဆန်းသော ကြေးနီပုရပိုက်တစ်ခုကိုတွေ့ရှိရလေသည်။ ရှင်ဥတ္တမသီရိသည် ထိုကြေးနီပုရပိုက်အား စိတ်ဝင်တစား ဖတ်ရှုပြီးစီးလုနီးတွင် ရုတ်တရက် မိုးမှောင်ကြီးကျ၊ လေပြင်းကြီးလည်းတိုက်ခတ်လာသည်။ ဖတ်ရှု၍ပြီးသည်နှင့်တစ်ပြိုင်နက် ကြောက်မက်ဖွယ်ရာ အသံနက်ကြီးဖြစ်ပေါ်လျက် ကြေးနီပုရပိုက်သည် ရှင်ဥတ္တမသီရိလက်ထဲမှ ရုတ်ခြည်းပျောက်ကွယ်သွားလေသည်။

သို့သော် ရှင်ဥတ္တမသီရိသည် တစ်ကြိမ်တစ်ခါဖတ်ရှုလိုက်ရုံနှင့် နှုတ်ငုံဆောင်နိုင်သူဖြစ်ရကား မိမိဖတ်ရှုလိုက်ရသော ကြေးနီပုရပိုက်ထဲကစာများကို ပေပုရပိုက်ထဲ၌ ကူးပြောင်းရေးသားမှတ်တမ်းတင်နိုင်ခဲ့သည်။ ယင်းမှတ်တမ်းတင်စာသည် မြန်မာ့ဂန္ဓာရီလောက၌ ယခုတိုင် နေတစ်ဆူ၊ လတစ်ပါးလို ကျော်စောထင်ရှားနေသောကပ္ပလက်ာရကျမ်းပင်တည်း။

ထိုကျမ်းကို ကုန်းဘောင်ခေတ်ဦး၌ တောင်ငူမြို့ ရှင်ဝရသာမိ တောင်းပန်လျှောက်ထား၍ မတစ်လုံးကျေ တောင်တွင်းဆရာတော် ခင်ကြီးဖျော် ရှင်ဉာဏစာရက နိဿယအနက်ထုတ်ခဲ့ပြီး မတ္တရာဆရာတော် သဒ္ဒမ္မနန္ဒက လက်ာစကားပြေနှင့် ရေးသားခဲ့လေသည်။

ကုန်းဘောင်ခေတ်ဦး မြန်မာနှစ် ၁၁၀၀ ပြည့်နှစ်ကျော်လောက်တုန်းက တောင်တွင်းကြီးမြို့ လက်ပံရှည်ရွာမှ ဘိုးမြတ်ညိုစံ၊ မယ်ငြိမ်းရာတို့မှမွေးသော မောင်ဘိုးအောင်သည် အရွယ်ရောက်သော် တောင်တွင်းကြီးမြို့ ရွှေအင်းတော်စေတီ၏ အရှေ့ဘက် ဇေယျမင်္ဂလာကျောင်းတိုက်ခေါ် ကြေးနီကျောင်းတိုက်ဆရာတော်ထံတွင် ကျောင်းလာနေသည်။

ယင်း၌ စစ်သာမြို့သူကြီးသား မောင်မြတ်ကြည်နှင့် ခင်မင်ရင်းနှီးခဲ့ကြသည်။ နောင်တွင် ဘိုးတော်ဗဒုံမင်းဖြစ်လာမည့် မောင်ဝိုင်းနှင့်လည်း ခင်မင်ရင်းနှီးခဲ့ကြ၏။

မောင်ဘိုးအောင်၏ငယ်ဆရာဖြစ်သော ကြေးနီကျောင်းဆရာတော်သည် အင်း၊ အိုင်၊ မန္တရား၊ ဆေးဝါး၊ အဂ္ဂိရတ်အတတ်၌ ဝါသနာခံမင်သည်။ ဆရာတော်သည် အိပ်မက်ထဲ၌ ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်တစ်ဦး၏ ညွှန်ပြချက်အရ ကြေးနီကျောင်းအနောက်ဘက်ရှိ ရေကန်အနီးတွင်ရှာဖွေရာ ရေကန်ပေါင်ရှိ သီးပင်တစ်ပင်ခြေရင်းတွင် တစ်ဝက်တစ်ပျက် မြေ၌မြုပ်နေသော ကြေးနီပုရပိုက်တစ်ခုကို ရရှိလေသည်။

(ဆက်ရန်)

ဖိုးကျော

www.burmeseclassic.com

"ကျွန်တော် မရှင်းပြနိုင်တဲ့ကိစ္စရပ်တိုင်းကို အတုအယောင်တွေပါလို့ မိုက်မိုက်မဲမဲ ကျွန်တော် မပြောလိုပါဘူး။"

**စီဂျီယွန်း**
စိတ်ရောဂါ အထူးကုဆရာဝန်၊
စိတ်ကုထုံးပညာရှင်
C.G.Jung
(Pioneer Psychotherapist and Psychiatrist)



# တိုးထက်

## ဘဝင်စိတ်ဝင်စားနေသည့်နတ်ဝင်သည်များအား စုံစမ်းစစ်ဆေးခြင်း

အချို့သောနတ်ဝင်သည်များသည် အိပ်မွေ့ချထား၍ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသကဲ့သို့ ဘဝင်စိတ်ဝင်စား၍ နေနိုင်ကြသည်။ သုတေသီများ၊ သိပ္ပံပညာရှင်များ၊ စမ်းသပ်စစ်ဆေးသူများနှင့် စိတ်အထူးကုဆရာဝန်များက ပရလောကသားတစ်ဦးဦးနှင့် ၎င်းတို့မှ တစ်ဆင့် စကားပြောနေချိန်၌ အဆိုပါ နတ်ဝင်သည်များသည် ၎င်းတို့၏ စိတ်တွင် ဘာတွေဖြစ်နေသည်ကိုမသိဘဲ သတိလည်းမရကြပေ။ စိတ်သုတေသနလုပ်ငန်း၌ ဤစိတ်ကို 'ချုပ်တည်းခြင်း' ဟု ခေါ်သည်။

အထုံပါရမီရှိသော သိပ္ပံပညာရှင်အချို့နှင့် အစွမ်းအစရှိသော ပညာရှင်အချို့သည် ဘဝင်စိတ်ကို အံ့မခန်းဖွယ်ရာဝင်စားနိုင်သည့် နတ်ဝင်သည်သုံးဦးအား နှစ်ပေါင်းများစွာ စုံစမ်းစစ်ဆေးခဲ့ကြသည်။ထိုသုံးဦးသည် အတုအယောင်ဖြစ်သည်ဟု မည်သည့်အချိန်ကမျှ အစွပ်စွဲမခံရပါ။ သူတို့သည် စမ်းသပ်စစ်ဆေးမှုတိုင်းတွင် အားတက်သရော ပူးပေါင်းပါဝင်ခဲ့ပြီး အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။တမလွန်ဘဝ ရှိသည် ဟူသောကိစ္စရပ်ကို အတည်ပြုနိုင်ရန်အတွက် ၎င်းတို့၏ ကြီးမားသော ပူးပေါင်းပါဝင်ကူညီမှုအား ကျွန်တော်တို့ အားလုံး အမြဲတမ်းသတိရနေသင့်ပါသည်။

**လီယွန်နိုရာပိုက်ပါ (Leonora Piper-1857-1950)**

ဘဝင်စိတ်ကို အံ့မခန်းဖွယ်ရာ စိတ်ဝင်စားနိုင်သည့် ထူးချွန်သော နတ်ဝင်သည်တစ်ဦးမှာ အမေရိကန်ပြည်ထောင်စု ဘော်စတွန်မြို့မှ အမေရိကန်လူမျိုး မစ္စက်လီယွန်နိုရာပိုက်ပါ ဖြစ်သည်။ မစ္စက်လီယွန်နတ်ဝင်သည် အဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည်များကို နှစ်ပေါင်း (၃၀) ကျော် စုံစမ်းစစ်ဆေးဖော်ထုတ်ပြီးသည့်အခါ၌ အယူအဆတစ်ရပ်ကို လက်ခံ ယုံကြည်ရန် ခက်ခဲနေသည့် အမာခံပုဂ္ဂိုလ်များ အပါအဝင် မည်သူတစ်ဦးတစ်ယောက်ကမျှ သူ့လုပ်ဆောင်ချက်များကို အတုအယောင်များ၊ မှန်းဆပြောဆိုချက်များဟု မပြောကြတော့ချေ။

ဟားဗတ်တက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခဝီလျံဂျိမ်းသည် မစ္စက်ပိုက်ပါအား နတ်မေးနိုင်ရန် တစ်နှစ်ခွဲကျော်ကြာအောင် ပုဂ္ဂိုလ်ရေးစည်းရုံးမှုများ ဆောင်ရွက်ခဲ့ရသည်။ ထို့နောက် မစ္စက်ပိုက်ပါအား နတ်မေးသည့်ကိစ္စရပ်များကို ဒေါက်တာ ရစ်ချက်ဟော့ဆန်က ဦးစီးဆောင်ရွက်ခဲ့၏။ ဒေါက်တာ ရစ်ချက်သည် အယူအဆတစ်ရပ်ကို လက်ခံယုံကြည်ရန်ခက်ခဲသည့်ခေါင်းမာသူတစ်ဦးဖြစ် သည်။ နောက်ဆုံး၌ မစ္စက်ပိုက်ပါအား စုံစမ်းစစ်ဆေးခြင်းကိစ္စရပ်များကို ကိုလံဘီယာတက္ကသိုလ် ယုတ္တိဗေဒနှင့် ကိုယ်ကျင့်တရားဆိုင်ရာပညာရပ်ဌာနမှ ပါမောက္ခ ဂျိမ်းဟစ်စလော့က ဆက်လက် တာဝန်ယူခဲ့သည်။

မစ္စက်ပိုက်ပါ နတ်ဝင်သည်အဖြစ် ဆောင်ရွက်မှုများကို လေ့လာပြီး မကြာမီက ရေးသားထုတ်ဝေခဲ့သည့် မိုက်ကယ်တမ်း၏ စာအုပ်၌ ဒေါက်တာရစ်ချက်ဟော့ဆန်သည် ရက်သတ္တတစ်ပတ်လျှင် ပျမ်းမျှ (၃) ကြိမ်၊ (၁၈) နှစ်တိုင်တိုင် မစ္စက်ပိုက်ပါနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ဟု ရေးသား ဖော်ပြထားသည်။ ပါမောက္ခဝီလျံဂျိမ်း၊ ဆာအိုလီဗာလော့(ဂျ်)၊ ပါမောက္ခဂျိမ်းဟစ်စလော့၊ ပါမောက္ခဝီလျံနယူးဘိုးနှင့် စိတ်သုတေသနအသင်းကို ကိုယ်စားပြုသည့် အခြားပုဂ္ဂိုလ်များအား မစ္စက်ပိုက်ပါနှင့်ပူးပေါင်းဆောင်ရွက်ရန် ဒေါက်တာရစ်ချက်ဟော့ဆန်က စည်းရုံးခဲ့သည်ဟု ဆိုသည်။

□ ဂျေ့(ဂျ်)ပယ်ဟမ်၏ ဆက်သွယ်ပြော



www.burmeseclassic.com

www.burmeseclassic.com

ဆိုမှုများ

အသက် (၃၂) အရွယ်ရှိ လူငယ်ရွှေနေ ဂျော့(ချ်)ပယ်ဟမ်သည် ၁၈၉၂ ခုနှစ်တွင် မတော်တဆ ပြုတ်ကျ၍ သေဆုံးသွား၏။ ၎င်းသည် ပါမောက္ခ ရစ်ချက်ဟော့ဆန်၏ အသိအကျွမ်း တစ်ဦးဖြစ်၏။ ဂျော့(ချ်)သည် ဒေါက်တာ ဟော့ဆန်ကဲ့သို့ပင် တမလွန်ဘဝကို မယုံကြည်သူဖြစ်ပြီး အကယ်၍ သူသေသွားပါက ဒေါက်တာ ဟော့ဆန်အား ကြိုးစား၍ဆက်သွယ်ပါမည်ဟုကတိပေးထားသူဖြစ်သည်။

ပယ်ဟမ်သေဆုံးပြီး ရက်သတ္တပတ်ငါးပတ်အကြာ၌ မစ္စက်ပိုက်ပါ၏ အထိန်းတော်က ပယ်ဟမ်ရောက်ရှိလာပြီး စကားပြောချင်သည်ဟု အသိပေးလာသည်။ (ဒေါက်တာဟော့ဆန်က ၎င်း၏ အစီရင်ခံစာ၌ မိတ်ဆွေဖြစ်သူ၏ အမည်ရင်း ပယ်လူး (Pellew) ကို အသုံးမပြုဘဲ ပယ်ဟမ်ဟု သုံးထားသည်။)

ပယ်ဟန် သေဆုံးသည့် ၁၈၉၂ ခုနှစ်၊ မတ်လအချိန်မှ ငါးနှစ်ကြာသည့် ၁၈၉၇ ခုနှစ်၊ စက်တင်ဘာလအထိ ပယ်ဟမ်ပေးပို့နေသည့် သက်သေအထောက်အထားခိုင်လုံသောသတင်းများကို မစ္စက်ပိုက်ပါ ဆက်လက်လက်ခံရရှိနေ၏။ ၎င်းတို့နှစ်ဦး၏ ဆက်ဆံရေးနှင့် ပတ်သက်သည့် အကြောင်းအရာပါ မေးခွန်းရာပေါင်းများစွာကို ပယ်ဟမ်အား မေးမြန်းနိုင်ရန် ယခုအခါ ဟော့ဆန်သည် ထူးခြားသောနေရာသို့ရောက်ရှိနေပြီးဖြစ်၏။ မစ္စက်ပိုက်ပါ ဘဝင်စိတ်ဝင်စားနေချိန်၌ နတ်မေးနိုင်ရန်အတွက် စိတ်ဝင်စားသူ (၁၅၀) ကျော်ကို မစ္စက်ပိုက်ပါနှင့်မိတ်ဆက်ပေးခဲ့သည်။ ဤသို့ မေးမြန်းသူများအနက် အယောက် (၃၀) သည် ဂျော့(ချ်)ပယ်ဟမ် အသက်ရှင်စဉ်က ၎င်းနှင့်သိသူများဖြစ်၏။ ကျန်လူများမှာ ပယ်ဟမ်နှင့် တစ်ကြိမ်မျှ မတွေ့ဘူးချေ။ လာရောက်မေးမြန်းသူများအနက် ၎င်းနှင့်သိသူအားလုံးကို ဂျော့(ချ်)ပယ်ဟမ်က မှန်ကန်စွာ ဖော်ထုတ်ပြသနိုင်သည်ကိုတွေ့ရ၏။ လာရောက်မေးမြန်းသူအများစုက ဂျော့(ချ်)ပယ်ဟမ်တစ်ယောက် ထိုနေရာ၌ရောက်ရှိနေသည်ကို ထပ်တလဲလဲပြောဆိုကြ၏။ ဂျော့(ချ်)ပယ်ဟမ် မှားယွင်းသည့်အချက်မှာ သူမမြင်ဖူးသည့် မိန်းမငယ်လေးအား မည်သူမည်ဝါဖြစ်ကြောင်း မခွဲခြားနိုင်ခြင်းပင်။

**□ မစ္စက်ပိုက်ပါနတ်ဝင်သည်အဖြစ်ဆောင်ရွက်မှုသည် အစစ်အမှန်ဖြစ်သည်ဟု ဟော့ဆန်ဝန်ခံ**

ရစ်ချက်ဟော့ဆန်သည် မစ္စက်ပိုက်ပါကို စုံစမ်းစစ်ဆေးမှုမပြုမီက အမှုအခင်းများကို စိတ်စွမ်းအင်ဖြင့်ဖော်ထုတ်နိုင်သည်ဟူသောအယူအဆကိုပြင်းထန်စွာဆန့်ကျင်သူဖြစ်၏။ မစ္စက်ပိုက်ပါနှင့်တွေ့သောအခါ ၎င်း၏အယူအဆအဆုံးသတ်သွား၏။ နောင်ဘဝအမှန်တကယ်ရှိကြောင်း သူအတည်ပြုထားသည့် စာမျက်နှာ(၃၀၀)ပါ အစီရင်ခံစာတစ်စောင်ကို ရစ်ချက်ဟော့ဆန် ရေးသားထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာပါ အကြောင်းအရာအချို့ကို အောက်တွင် ကောက်နုတ် ဖော်ပြပါမည်။

"သံသယရှိတယ်လို့ အခုအချိန်မှာ ကျွန်တော်မပြောတော့ပါဘူး။ အထက်စာမျက်နှာတွေမှာ ကျွန်တော် ရည်ညွှန်းပြောဆိုခဲ့တဲ့ 'အဓိကဆက်သွယ်ပြောဆိုသူများ' ဆိုတာ သူတို့ပြောကြတဲ့ ပင်ကိုအရည်အသွေးရှိသူတွေပါ။ သေခြင်းတရားလို့ ကျွန်တော်တို့ခေါ်ကြတဲ့ ပြောင်းလဲခြင်းကို သူတို့လွန်မြောက်နိုင်ကြပါတယ်။ အသက်ရှင်နေတယ်ဆိုတဲ့ ကျွန်တော်တို့နဲ့ သူတို့ တိုက်ရိုက်ဆက်သွယ်နိုင်ကြပါတယ်။ မစ္စက်ပိုက်ပါရဲ့ ညှို့ထားတဲ့ ဇီဝရုပ်ကတစ်ဆင့်ပေါ့ဗျာ"

(SPR Proceeding
Vol (13), 189?, H. 10)

**□ ကျော်ကြားသော သိပ္ပံပညာရှင်ကြီး မာန်စွယ်ကျိုးလာ**

မစ္စက်ပိုက်ပါ၏နတ်ဝင်သည်အဖြစ်ဆောင်ရွက်မှုများကို သိပ္ပံနည်းကျစုံစမ်းစစ်ဆေးပြီးသောအခါ ကျော်ကြားသော သိပ္ပံပညာရှင်ကြီးများ၊ အချို့သောပညာရှင်ကြီးများသည် တမလွန်ဘဝရှိသည်ဟု သတ်မှတ်ချက်မပြည့်မီသည့် ဝေါဟာရများဖြင့် မစ္စက်ပိုက်ပါ အတည်ပြုထားသည့် အတည်ပြုချက်များကို တညီတညွတ်တည်း လုံးဝသဘောတူထောက်ခံလာကြသည်။ စိတ်ပိုင်းဆိုင်ရာသုတေသနအသင်း၏ အောင်မြင်ကျော်ကြားသော အသင်းဝင် ဖရက်ဒရစ်မေယာက အောက်ပါအတိုင်း ထုတ်ဖော်ပြောဆိုသည်။

"သတင်းတွေကျွန်တော့်ဆီရောက်လာတယ်ဗျ။ ညွှန်ပြထားတဲ့အခြေအနေတွေက မဖြစ်နိုင်ဘူး။ အဲဒါတွေက မစ္စက်ပိုက်ပါကျွမ်းတဲ့ကိစ္စတွေဖြစ်နေတယ်"

(Richet 1927:128)

ဆာအိုလီဗာလော့(ချ်)ကလည်း အောက်ပါအတိုင်း ပြောဆိုသည်။

"ဘဝင်စိတ်ထားနေတဲ့အချိန်မှာ မစ္စက်ပိုက်ပါ ပေးပို့လာတဲ့ သတင်းအချက်အလက်အများစုကို ကျွန်တော်ယုံကြည်ပါတယ်။ ဒီသတင်းမျိုးကို ရိုးရိုးနေ့စဉ်သုံးနည်းလမ်းနဲ့မရနိုင်ဘူး။ အာရုံငါးပါးကိုသုံးပြီး ရယူမယ်ဆိုရင်လည်း မဖြစ်နိုင်ပါဘူး"

(Richet 1927:128)

အမေရိကန်ပြည်ထောင်စု ပါမောက္ခဝီလျံဂျိမ်းသည် စိတ်စွမ်းအင်ဖြင့် အမှုများကိုဖော်ထုတ်နိုင်သည်ဟူသော အယူအဆကို ကနဦးက ပြင်းထန်စွာဆန့်ကျင်သူဖြစ်သည်။ ယခုအခါ သူက အောက်ပါအတိုင်း ဝန်ခံပြောဆိုသည်။

"ဘဝင်စိတ် ဖြစ်နေတဲ့အချိန်မှာ မဖြစ်နိုင်ဘူးလို့ ထင်ထားတာတွေကို မစ္စက်ပိုက်ပါသိနေတာကို ကျွန်တော် သံသယမရှိတော့ပါဘူး။ လုံးဝစိတ်ချသွားပါပြီ။ အဲဒီလိုသူသိနေတာဟာ နိုးနေတဲ့အချိန်မှာ သိသလိုမျိုး ခင်ဗျ"

ပါမောက္ခ ဟစ်စလော့ကလည်း ၎င်း၏ Life After Death စာအုပ်တွင် အောက်ပါအတိုင်း ရေးသားထား၏။

"စိတ်ဝိညာဉ် ရှိတယ်ဆိုတာကို သိပ္ပံနည်းကျ အတည်ပြုပြီးပြီဆိုတော့ အမှုအခင်းတွေကို စိတ်စွမ်းအင်နဲ့ ရှာဖွေဖော်ထုတ်လို့မရဘူးဆိုပြီး ကျွန်တော် မငြင်းတော့ပါဘူး။ ဝိညာဉ်ရှိတယ်ဆိုတာကို လက်မခံတဲ့လူကတော့ ဗဟုသုတနည်းလို့ပဲခင်ဗျ။ အဲဒီလူကို ကျွန်တော် နည်းနည်းပြောလိုက်ပါမယ်။ ကိုယ်သိထားတဲ့စိတ်မှန်းသက်သက် ကိုယ့်အထင်အမြင်လေးနဲ့တော့ ဒီအကြောင်းကို မငြင်းပါနဲ့လို့"

နောက်ဘဝ ရှိ၊ မရှိကိစ္စရပ်အား အမှန်တကယ်သိရှိလိုသူများသည် မိုက်ကယ်တမ်းရေးသားသည့် Resurrecting Leonora Piper တွင် ဖတ်ရှုနိုင်ပါသည်။

**□ မစ္စက်ဂလာဒီအော့စဘွန်းလီယိုနတ် (Mrs. Gladys Osborne Leonard 1882-1968)**

မစ္စက်ပိုက်ပါဟုထင်ရှားသူ ဗြိတိန်သူ ဂလာဒီအော့စဘွန်းလီယိုနတ်သည် ဘဝင်စိတ်ကို အားကောင်းစွာဝင်စားနိုင်သည့် နတ်ဝင်သည်တစ်ဦး ဖြစ်သည်။ ၁၉၁၅ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်တွင် ရူပဗေဒပညာရှင်နှင့် စိတ်သုတေသီ



www.burmeseclassic.com

www.burmeseclassic.com

ဆာအိုလီဗာလော့(ခ်ျ)နှင့်ဇနီးတို့ မစ္စက်ပိုက်ပါထံ အမည်မဖော်ဘဲ ရောက်လာပြီးနောက်ပိုင်း မစ္စက်ပိုက်ပါသည် လန်ဒန်မြို့တွင် လူသိများထင်ရှားလာ၏။ မစ္စက်ပိုက်ပါသည် ထိုဇနီးမောင်နှံအား ၎င်းတို့သားထံမှ ပေးပို့လာသည့် လုံးဝအတည်ပြုပြီးသော သတင်းအချက်အလက်အစစ်အမှန်ကိုပေးလိုက်သောအခါ ၎င်းတို့သည် မစ္စက်ပိုက်ပါအား ယုံကြည်လာတော့၏။ အသေးစိတ်အချက်အလက်အပြည့်အစုံကို ဆာအိုလီဗာလော့(ခ်ျ)၏ Raymond အမည်ရှိသည့်စာအုပ်တွင် ထည့်သွင်းရေးသားထား၏။ ဤစာအုပ်ကို ၁၉၁၆ ခုနှစ်တွင် ထုတ်ဝေခဲ့၏။

မစ္စက်လီယိုနတ်၏ နတ်ဝင်သည်အဖြစ်ဆောင်ရွက်မှုကို ထိုအချိန်က ထင်ရှားကျော်ကြားခဲ့သည့် စိတ်သုတေသီများဖြစ်ကြသော ဘုန်းတော်ကြီး စီဒရေတွန်သောမတ်၊ ဘုန်းတော်ကြီး ဗေး(လ်)အိုဝင်၊ ဂျိမ်း(စ)ဟီးစပ်မက်ကင်ဇီ၊ မစ္စက်ဒဗလျူအိတ်ချ်ဆော်တာနှင့် ဝှပ်တလေကာရင်တန်တို့က စုံစမ်းစစ်ဆေးခဲ့ကြသည်။

မစ္စက်လီယိုနတ်ထံမှ တစ်ဆင့်ရောက်ရှိလာသည့် ပစ္စည်းများသည် နည်းမျိုးစုံဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး ၎င်းတို့အနက်ပစ္စည်းစုမှာ မူရင်းဇာစ်မြစ်ကိုဖော်ထုတ်ရန် သုတေသီများအသုံးပြုသည့်ပစ္စည်းများဖြစ်သည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

**❑ စာအုပ်ဖြင့်စမ်းသပ်ခြင်း**

ဤနည်းသည် စာအုပ်ကိုအသုံးပြုပြီး သတင်းအချက်အလက်ပေးခြင်းဖြစ်သည်။ ပရလောကသားတစ်ဦးက ၎င်းအိမ်၌ရှိသည့်စာအုပ်ကို ညွှန်ပြပြောဆိုပြီး စာအုပ်မည်သည့်နေရာ၌ရှိသည်ကိုထပ်မံပြောပြ၏။ သတ်မှတ်ညွှန်ပြသည့်စာမျက်နှာကိုဖတ်ရှုခြင်းဖြင့် အဓိပ္ပာယ်ရှိသောသတင်းကို ရရှိသည်။ ဘုန်းတော်ကြီး ချား(လ်)ဒရေတွန်သောမတ်သည် စိတ်သုတေသနအသင်း၏အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး နှစ်နှစ်အတွင်း စမ်းသပ်မှုပေါင်း (၃၄၈) ခုကို ပြုလုပ်ခဲ့သည်။ ပရလောကရှိ ဘုန်းတော်ကြီး၏ဖခင်ဖြစ်သူက မစ္စက်လီယိုနက်မှတစ်ဆင့် သတင်းစကားများကိုပေးပို့သည်။ စမ်းသပ်မှု (၂၄၂) ခုမှာ ရလဒ်ကောင်းများရရှိပြီး (၄၆) ခုမှာ မသေမချာမရေရာသောရလဒ်များရရှိကာ (၆၀) မှာ မအောင်မြင်ပေ။ စိတ်သုတေသနအသင်းသည် ချုပ်တည်းခြင်းနှင့်ဆိုင်သော စမ်းသပ်မှုတစ်ခုကို ပြုလုပ်ဆောင်ရွက်သည်။ လူအတော်များများအား စာအုပ်တစ်အုပ်ကို အလျဉ်းသင့်သလိုဖွင့်စေပြီး ထိုစာမျက်နှာရှိ စာပိုဒ်ကိုဖတ်စေ၏။ ထိုစာပိုဒ်တွင် ဖွင့်ဖတ်သူတို့အတွက် ကိုယ်ရေးသတင်းစကားပါ၊ မပါကြည့်စေ၏။ အမျိုးအစားမတူသည့် စာအုပ်ပေါင်း (၁၈၀၀)ကို သီးခြားစီဖွင့်စေ၍ စမ်းသပ်ရာ၌ လက်စသတ်နိုင်သော အပိုင်းလိုက်အောင်မြင်မှု (၄. ၇) ရာခိုင်နှုန်းသာရှိသည်။ ဤစမ်းသပ်မှုမှာ မစ္စက်လီယိုနက်နှင့် စမ်းသပ်ရာ၌ ရရှိသောအပြုသဘောဆောင်သော ရလဒ်ထက် (၇၀) ရာခိုင်နှုန်းနည်းသည်ကိုတွေ့ရ၏။

**❑ ကိုယ်စားလှယ်အားထိုင်ခိုင်းခြင်း**

မိမိချစ်ခင်ရသူတစ်ဦးဦးထံမှနေ သတင်းစကားရယူလိုသူတစ်ဦးက ကိုယ်စားလှယ်တစ်ဦးကိုစေလွှတ်၍ နတ်ဝင်သည်အား စစ်ဆေးမေးမြန်းနေသည်ကို ထိုင်၍ကြည့်စေခြင်း ဖြစ်သည်။ သတင်းရယူလိုသည့်ပုဂ္ဂိုလ်သို့မဟုတ် ကိုယ်စားလှယ်သည် နတ်ဝင်သည်ကိုမသိပါ။ ဤနည်းသည်လာရောက်ထိုင်သူ ကိုယ်စားလှယ်၏ ကိုယ်အမူအရာ သို့မဟုတ် စိတ်ကို နတ်ဝင်သည်က အဓိပ္ပာယ်ဖော်ခြင်း ဖြစ်သည်။

**❑ အပြန်အလှန်ဆက်နွယ်မှု**

ဤနည်းသည် ရရှိသောမည်သည့်အချက်အလက်သည် ၎င်းထံမှရရှိသည်။ အခြားသော မည်သည့်အချက်အလက်သည် အခြားသောနတ်ဝင်သည်တစ်ဦးထံမှရသည်ဟူသောနည်း ဖြစ်၏။

စုစီစမစ်ရေးသားသည့် မစ္စက်လီယိုနက်၏ နတ်ဝင်သည်အဖြစ် ဆောင်ရွက်မှုများ ၁၉၆၄ သည် သူမ၏ထူးခြားသော ပူးပေါင်းဆောင်ရွက်မှုအသေးစိတ်ကို မှတ်တမ်းတင်ထားသောစာအုပ်ဖြစ်သည်။

**မစ္စက်အီလင်ဂါးရက်(Mrs. Eileen Garrett 1893 to 1970)**

ဘဝင်စိတ်ကိုအားကောင်းစွာဝင်စားနိုင်သည့် နာမည်ကြီး အခြားနတ်ဝင်သည်တစ်ဦးမှာ မစ္စက်ဂါးရက်ဖြစ်သည်။ မစ္စက်ဂါးရက် လူလားမြောက်သောအရွယ် ရှေ့ပိုင်းကာလများသည် အဖြစ်ဆိုးများနှင့်ပြည့်နေ၏။ကျန်းမာရေးမှာလည်း အလွန်ညံ့ဖျင်းသည်။ သားသုံးဦး၊ ခင်ပွန်းသည်နှင့် လက်ထပ်ရန်ရည်ရွယ်ထားသည့် အမျိုးသားသေဆုံးသွားသည့် အတွေ့အကြုံလည်းရှိသည်။ ထို့အပြင် အခြားအခက်အခဲမျိုးစုံကိုလည်းကြုံရ၏။မစ္စက်ဂါးရက်သည် ၁၉၄၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ ခရီးထွက်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုသို့ရောက်သောအခါ မစ္စက်ဂါးရက်သည် ထင်ရှားသော သိပ္ပံပညာရှင်နှင့် စိတ်နယ်လွန်ပညာရှင်အမြောက်အမြားကို မိမိအားစမ်းသပ်စစ်ဆေးရန် ခွင့်ပြုခဲ့သည်။ ထို့နောက် ၁၉၅၁ ခုနှစ်တွင် စိတ်နယ်လွန်ပညာရပ်ဖောင်ဒေးရှင်းကို ထူထောင်ခဲ့သည်။ ယင်းဖောင်ဒေးရှင်းတွင် သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဂျာနယ်၊ သတင်းလွှာ၊ အစီရင်ခံစာအများအပြားကို ကြီးကြပ်ထုတ်ဝေခဲ့သည်။ စိတ်နယ်လွန်ပညာရပ်နှင့်ဆက်နွယ်သော သိပ္ပံပညာရပ်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများကို (၂၈) ကြိမ်တိုင်တိုင် နှစ်စဉ်ကျင်းပနိုင်ခဲ့သည်။ ကာလစ်အိုစစ်၏ လုပ်ငန်းများအပါအဝင် တမလွန်ဘဝနှင့်ဆိုင်သော သုတေသနလုပ်ငန်းစီမံကိန်းအများအပြားကို ဤဖောင်ဒေးရှင်းက ထောက်ပံ့ခဲ့သည်။

မစ္စက်အီလင်ဂါးရက်နတ်ဝင်သည်အဖြစ် ဆောင်ရွက်ခဲ့သည့် မမေ့နိုင်စရာအဖြစ်အပျက်တစ်ခုမှာ ၁၉၃၀ ပြည့်နှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ပြင်သစ်နိုင်ငံ၌ပျက်ကျခဲ့သည့်လေယာဉ် R(101) ကိစ္စဖြစ်၏။ ဤခရီးစဉ်မှာ R (101) ၏ ပထမဦးဆုံး နိုင်ငံရပ်ခြားခရီးစဉ်ဖြစ်ပြီး (၄၈) ဦးသေဆုံးခဲ့သည်။ ၎လေယာဉ်ပျက်ကျပြီး နှစ်ရက်အကြာ၌ မစ္စက်ဂါးရက်သည် နိုင်ငံတော်အဆင့် စိတ်ပညာသုတေသန ဓာတ်ခွဲခန်းတွင် မိမိကိုယ်ကို နတ်ဝင်သည်အဖြစ် အစမ်းသပ်ခံရာ ရုတ်တရက် ဘဝင်စိတ်ကျသွား၏။ လေယာဉ်မှူး ဗိုလ်ကြီး အိတ်စီအာဝင်က မစ္စက်ဂါးရက်မှတစ်ဆင့် ၎င်းတို့လေယာဉ် မည်ကဲ့သို့ ပျက်ကျခဲ့ကြောင်းနှင့် လေယာဉ်၏ အဆင့်မြင့်နည်းပညာအကြောင်းကို ပြောပြသည်။ ၎င်းပြောကြားချက်များကို လက်ရေးတိုဖြင့် မှတ်တမ်းတင်ထားပြီး မိတ္တူတစ်စောင်ပွားကာ လေကြောင်းဝန်ကြီးဌာနသို့ပေးပို့ခဲ့သည်။

ကျွမ်းကျင်သူများ၏ အဆိုအရ မစ္စက်ဂါးရက်ထံမှရရှိသော သတင်းအချက်များကို ထိုအချိန်ကာလက မသိကြသေးသော်လည်း ရာနှုန်းပြည့်အတိအကျ

www.burmeseclassic.com

မှန်ကန်သည်ကို တွေ့ရသည်။ ဤအမှုသည် တမလွန်နှင့်ပတ်သက်သည့်ကိစ္စရပ်အား အထောက်အထားအခိုင်အမာဖြင့် သက်သေပြနိုင်သောအမှုတစ်ခုဖြစ်၏။

**ဂျော့(ချ်)ချက်မင်း(George Chapman-1921-2006)**

ဘဝင်စိတ်ဝင်စားပြီး နတ်ဝင်သည်အဖြစ် လုပ်ကိုင်ခဲ့သည့် ရင်သပ်ရှုမောဖွယ်အောင်မြင်မှုတစ်ရပ်မှာ ဂျော့(ချ်)ချက်မင်း၏ အပေါင်းအဖော်သေဆုံးမှုအား စူးစမ်းခြင်းကိစ္စပင်တည်း။ ချက်မင်းသည် ၂၀၀၆ ခုနှစ်တွင် ကွယ်လွန်သွားပြီး သူငယ်ချင်းဖြစ်သူ ဒေါက်တာဝီလျံလန်းသည် ၁၉၃၆ ခုနှစ်တွင် သေဆုံးခဲ့သည်။ ဒေါက်တာလန်းသည် မျက်စိအထူးကုဆရာဝန်အဖြစ် လန်ဒန်မြို့ မစ်ဒယ်ဆက်ဆေးရုံ၌ ၁၉၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ဒေါက်တာလန်းသည် သူ့ထံသို့ အခြားသောဆရာဝန်များ လွှဲပြောင်းပေးပို့လာသည့်လူနာများအား ဝိညာဉ်စစ်ဆင်ရေးလုပ်ငန်းများကို အနှစ် (၆၀)တိုင်အောင် ဂျော့(ချ်)ချက်မင်းနှင့် တွဲလုပ်ခဲ့သည်။ လန်းသည် ၎င်း၏ စစ်ဆင်ရေးများကို မည်သည့်ရုပ်ဝတ္ထုပစ္စည်းတစ်ခုမျှ မသုံးဘဲ အသာအယာထိတွေ့ခြင်းပင် မပြုဘဲ လုပ်ကိုင်ခဲ့သည်။ စစ်ဆင်ရေး၏ အောင်မြင်မှုနှုန်းမှာ အလွန်မြင့်မား၏။ စစ်ဆင်ရေးပြီးဆုံး၍ နှစ်ပေါင်းများစွာကြာလာသည့်အခါ လောရင့်(စ်)ဟာဗေး၊ စတန်လေဟော်လိုဝေး၊ ပက်ထရစ်ရှာနီယယ်၊ ဘာဘရာကတ်လန်နှင့် ရိုယယ်ဒါး(လ်)တို့က ဝိညာဉ်စစ်ဆင်ရေး ဆရာဝန်၏အကူအညီကို ရှာဖွေရယူဖို့ လိုအပ်လာပြီဟုဆိုသည်။ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာ S.G မိုင်ရှန်သည် ဇနီးဖြစ်သူအား စိတ်စွမ်းအင်ဖြင့် ကုသပေးပြီးနောက် အံ့ဩဖွယ်ရာကုသမှုအတွေ့အကြုံများကို 'ဝီလျံလန်း ပြန်လာပြီ ၁၉၇၃' [၂] အမည်ရှိ စာအုပ်၌ ရေးသားခဲ့သည်။

ရုပ်ပိုင်းဆိုင်ရာကုသမှုသည် ချက်မင်း၏အရေးကြီးသော လုပ်ငန်းကဏ္ဍဖြစ်၏။ ချက်မင်းသည် ဒေါက်တာလန်း၏ကိုယ်ထင်ပြမှုသည် နောင်ဘဝ အမှန်တကယ်ရှိသည် ဟူသောအချက်ကို လူအများအား ယုံကြည်စေလို၍ဖြစ်သည်ဟု ပြောကြားသည်။ ထို့ပြင် ပရလောကအစစ်ဟုတ်၊မဟုတ် စမ်းသပ်စစ်ဆေးခြင်းသည် အရေးကြီးသောအချက်ဖြစ်ပြီး အပြန်ပြန်အလှန်လှန် စစ်ဆေးခြင်းနှင့် ရုပ်ဝတ္ထုပစ္စည်းများမှရရှိသော သတင်းအချက်အလက်များကိုလည်း စစ်ဆေးရမည်ဟုဆိုသည်။

ဒေါက်တာလန်း၏ သမီးဖြစ်သူ မေရီလင်ဒန်လန်းသည် ကနဦးက ပရလောကအား ယုံကြည်သူ မဟုတ်ပေ။ ဂျော့(ချ်)ချက်မန်းမှတစ်ဆင့် ဖခင်ဖြစ်သူက ဟန်ပန်အမူအရာလုပ်ပြသည်အထိ ပရလောကကိုမယုံကြည်သေးချေ။ ဂျော့(ချ်)လုပ်ပြသော ဟန်ပန်အမူအရာများကို လေ့လာခြင်း၊ အသံကို နားထောင်ခြင်း၊ သူနှင့် သူ့ဖခင်သာ သိထားသည့် ကိုယ်ရေးကိုယ်တာအဖြစ်အပျက်များကို မေးမြန်းပြီးသောအခါ မေရီက -

"ဂျော့ (ချ်) ချက်မင်းမှတစ်ဆင့် စကားပြောနေတဲ့သူ၊ သူ့ကိုယ်သူ ဝီလျံလန်းလို့ပြောနေတဲ့လူဟာ ကျွန်မအဖေပါပဲ။ သံသယဖြစ်စရာမရှိပါဘူး"

ဟု ပြောဆိုသည်။

မေရီလင်ဒန်သည် အသက် (၉၄) နှစ်အရွယ် ၁၉၇၇ ခုနှစ်၊ မေလတွင် ကွယ်လွန်သွားခဲ့သည်။ ၎င်းသည် ကွယ်လွန်သောဖခင်ဖြစ်သူနှင့် ဂျော့(ချ်)ချက်မင်းမှတစ်ဆင့် (၃၁) နှစ်တိုင်တိုင် သူမသေဆုံးသည်အထိ စကားပြောခဲ့သည်။ ဒေါက်တာလန်းနှင့် ၎င်းတို့နှစ်ဦးဆက်ဆံရေးပိုမိုရင်းနှီးလာခြင်း၊ ပို၍လူသိများလာခြင်း၊ မေရီလင်ဒန်နှင့်ချက်မင်းတို့ပူးပေါင်း၍ အကြံဉာဏ်ပေးနေခြင်းများကို မေရီလင်ဒန်၏ မေတ္တာရပ်ခံချက်အရ သူမသေဆုံးသည်အထိလျှို့ဝှက်ထားခဲ့သည်။

ကုသသူတစ်ဦးသည် အဘိုးဖြစ်သူ ဒေါက်တာလန်းအဖြစ် ဟန်ဆောင်နေသည်ဟု မြေးဖြစ်သူ မစ္စက်ဆူဆန်ဖဲတလော့ ကြားသောအခါ ဒေါသတကြီးတုံ့ ပြန်ခဲ့၏။ ဂျော့(ချ်)ချက်မင်းနှင့် ဒေါက်တာလန်းတို့အား တွေ့ဆုံပြီးသောအခါ မစ္စက်ဖဲတလော့က -

"ဒီအခန်းထဲမှာ ရှိနေတဲ့လူဟာ ကျွန်မအဘိုးဆိုတာ ကျွန်မယုံကြည်သွားပါပြီ။ ကျွန်မ စောဒကမတက်တော့ပါဘူး။ သိသိချင်း ကျွန်မကြောက်လန့်ပြီး ကြောင်အမ်းအမ်းဖြစ်သွားတယ်။ အဘိုးရဲ့ခန္ဓာကိုယ်တော့မဟုတ်ဘူးပေ့ါ။ သူ့အသံ၊ သူ့အမူအရာတွေကိုတွေ့ရတယ်။ ဒါကတော့ သံသယဖြစ်စရာမလိုတော့ဘူး။အဘိုးက ကျွန်မနဲ့စကားပြောတယ်။ ဒီတော့ ကျွန်မကလေးဘဝက အဖြစ်အပျက်တွေကို အပ်ကျမပ်ကျသတိရသွားတယ်။ နောက်ပြီးတော့ ကျွန်မအရမ်း သဘောကျသွားတဲ့အတွက် 'ဟုတ်ကဲ့အဘိုး'၊ 'မဟုတ်ပါဘူး အဘိုး' လို့ပဲပြောနိုင်တော့တယ်ရှင့်"

ဟု ပြန်ပြောပြသည်။

၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလတွင် နယူးယောက်(ခ်)မြို့မှ ဒေါက်တာရောဘတ်လိတ်လောသည် ဒေါက်တာလန်းနှင့် ပထမအကြိမ် တွေ့ဆုံသည်။ထိုသို့ တွေ့ဆုံပြီးသည့်အခါ ၎င်းက သူသည် ဒေါက်တာလန်းနှင့် ပညာရှင်ဟန်ပန်ဖြင့် မျက်စိကုသခြင်းနှင့်ဆိုင်သော အခြေအနေများ၊ နည်းလမ်းများကို ဆွေးနွေးခဲ့သည်ဟုဆို၏။ ဒေါက်တာရောဘတ်က ထပ်မံ၍ -

"ကျွန်တော် လုံးဝ ယုံသွားပြီဗျ၊ ကျွန်တော် အခုယုံသွားပြီလေ။ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်ကျော်က ကွယ်လွန်သွားတဲ့ ဆရာဝန်တစ်ယောက်ရဲ့ မသေသေးတဲ့ဝိညာဉ်နဲ့ ကျွန်တော်စကားပြောခဲ့တယ်"

ဟုပြောဆိုသည်။

ဂျော့(ချ်)ချက်မင်းသည် နတ်ဝင်သည်အဖြစ်ဆောင်ရွက်ရာ၌ ၎င်းသတ်မှတ်ထားသည့် စံချိန်မီညွှန်းများအတိုင်း အထောက်အထားများကိုရရှိသည်။

- ပရလောကသား ဆက်ဆံပြောဆိုသူသည် ယခင်လူ့ဘဝက သူပြောဆိုသည့်ပုံစံနှင့်တတ်နိုင်သမျှနီးစပ်အောင် ပြောဆိုသည်။
- သူ ယခင်က ပြောခဲ့သည့် စကားအသုံးအနှုန်း၊ ဟန်ပန်အမူအရာအတိုင်း သုံးနှုန်းပြောဆိုသည်။
- အခြားသော ကိုယ်ပိုင်ဟန်ပန်၊ ထူးခြားသည့် ဝိသေသလက္ခဏာများကို ကိုယ်ထင်ပြသည်။
- သူယခင်တွေ့ကြုံရသည့် ရက်စွဲ၊ အမည်နာမများ၊ အတွေ့အကြုံများကိုပြောပြသည်။ ၎င်းတို့သည် အတည်ပြုနိုင်သည်များဖြစ်၏။
- သူသည် ကမ္ဘာပေါ်တွင် အသက်ရှင်နေသည့်ဆွေမျိုးများ၊ မိတ်ဆွေအပေါင်းအသင်းများနှင့် ၎င်းရင်းနှီးသည့်ကိစ္စများကို ဆွေးနွေးနိုင်သည်။

၁ Control.

၂ The Return of William Lang (1973).

တိုးထက်

A LAWYER PRESENTS THE EVIDENCE FOR THE AFTER LIFE စာအုပ်ပါ TRANCE MEDIUMS INVESTIGATED ကို ပြန်ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ရီရီငွေး

## မဖဲဝါနှင့်ကြုံတွေ့ခဲ့ရသည့် ထိုတစ်ည

မဖဲဝါအကြောင်းနှင့်ပတ်သက်ပြီး စာဖတ်ပရိသတ်အချို့စာရေးသားပေးရန် မကြာခဏတောင်းဆိုခဲ့ပါသည်။ စာရေးသူသည် ဖြစ်ရပ်မှန်စာရေးဆရာဖြစ်၍ စာရေးသူနှင့် အကြောင်းတိုက်ဆိုင်မှသာလျှင် ရေးသားဖြစ်သည်။ အခုအခါ မဖဲဝါနှင့်ပတ်သက်သည့်အကြောင်းအရာနှင့် တိုက်တိုက်ဆိုင်ဆိုင်ကြုံတွေ့ရသဖြင့် ပရိသတ်တောင့်တနေသော မဖဲဝါအကြောင်းကို ရေးသားဖြစ်ပါသည်။

အဖြစ်အပျက်၏အစကား -

ကျိုးဖြူတောင် သာသနာပြုအဖေကြီး ဦးအေးဖေခေါ် ဆရာတော်အရှင်အဂ္ဂသာရသည် ကျိုးဖြူတောင်တွင် ကန်တော့ပွဲအလှူအတန်းရှိ၍ စာရေးသူအား ဖိတ်ကြားရာ စာရေးသူသည် ဓမ္မမိတ်ဆွေအချို့နှင့်အတူ ကျိုးဖြူတောင်သို့ရောက်ရှိခဲ့ပါသည်။ ဆရာတော်ကြီးက ဤအလှူပွဲကို (၃)ရက်တိတိကျင်းပမည်ဖြစ်၍ စာရေးသူတို့အုပ်စုအား (၃)ရက်ခန့်တည်းခိုရန် စီစဉ်ပေးပါသည်။

ထိုအလှူပွဲသည် အကျွတ်အလွတ်ဘုရားအနီးရှိ တန်ဆောင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်၍ စာရေးသူတို့အုပ်စုလည်း လိုအပ်သည့် ကန်တော့ပွဲများပြင်ဆင်ပေးခြင်း၊ တံခွန်၊ ကုက္ကားများစိုက်ထူပေးခြင်း၊ သန့်ရှင်းရေးများပြုလုပ်ပေးခြင်းဖြင့် အလှူပွဲ၏ ဝေယျာဝစ္စများကို ပြုလုပ်ပေးခဲ့ပါသည်။ ဆရာတော်ကြီးသည် ဘုရားရှင်နှင့်တကွ ရဟန္တာများအား ကန်တော့ပွဲများ ကပ်လှူပူဇော်ခဲ့ပါသည်။

ထို့နောက် အခြားသောပုဂ္ဂိုလ်များအတွက်လည်း ကန်တော့ပွဲများလှူဒါန်းမှုပြုပေးခဲ့ပါသည်။ အလှူတော်၏ မင်္ဂလာအချိန်ကျသောအခါ ဆရာတော်ကြီးမှ ဩဝါဒချီးမြှင့်ခဲ့ပါသည်။

"ယနေ့အလှူတော်ပွဲမှာ ဘုရားရှင်နဲ့တကွ ရဟန္တာအရှင်များကိုလည်း ကန်တော့ပွဲများနဲ့ကပ်လှူပူဇော်ပါတယ်။ အလှူတော်ပွဲနဲ့အတူ ဗလိအလှူတော်လည်းပါဝင်ပါတယ်။ဗလိဆိုတာကတော့ တစ်စုံတစ်ခုသောဝတ္ထုပစ္စည်းဖြင့်ဖြစ်စေ၊ စားဖွယ်သောက်ဖွယ်များဖြင့်ဖြစ်စေ၊ လှူဒါန်းခြင်း၊ ချီးမြှောက်ခြင်း၊ ကျွေးမွေးခြင်း မိမိပြုသောကုသိုလ်အဖို့ကို အမျှပေးဝေခြင်းစတာတွေဖြစ်တယ်"

"တင်ပါ့ဘုရား"

"ဗလိငါးမျိုးရှိတယ်။ အဲဒါတွေကတော့ 'ဉာတဗလိ'ဆိုတဲ့ ဆွေမျိုးဉာတိတို့ကို ပေးကမ်းလှူဒါန်းခြင်း၊ ချီးမြှောက်ထောက်ပံ့ခြင်း"

"တင်ပါ့ဘုရား"

"နောက် ဒုတိယဗလိက 'အတိထိဗလိ'လို့ခေါ်တယ်။ အဲဒါက မိမိထံသို့ရောက်လာတဲ့ဧည့်သည်အာဂန္တုများကို လှူဒါန်းကျွေးမွေးပြုစုခြင်းကိုခေါ်တယ်"

"တင်ပါ့ဘုရား"

"တတိယဗလိကတော့ ပုဗ္ဗပေတဗလိလို့ခေါ်တယ်။ အဲဒါက ကွယ်လွန်သူကိုရည်စူးပြီး ကောင်းမှုပြုပေးပြီးနောက် အမျှအတန်းပေးဝေခြင်းဖြစ်တယ်"

"တင်ပါ့ဘုရား"


"စတုတ္ထဗလိကတော့ ရာဇဗလိလို့ခေါ်တယ်။ အစိုးရမင်းများအား သတ်မှတ်ထားတဲ့ အခွန်တော်ဆက်သခြင်း ဖြစ်တယ်"





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"တင်ပါ့ဘုရား"

"ပဉ္စမဗလိကတော့ ဒေဝတာဗလိ လို့ခေါ်တယ်။ အဲဒါကတော့ အာကာသ စိုး၊ ဘုမ္မစိုး၊ ရုက္ခစိုးအစရှိသောနတ်များ၊ မိရိုးဖလာနတ်၊ သမ္မာဒေဝနတ်စသည်တို့ ကို ရှိသေမြတ်နိုးပူဇော်ခြင်း၊ မိမိတို့ပြု သော ကုသိုလ်ကောင်းမှုအဖို့ကို အမျှ ပေးဝေခြင်း ဖြစ်တယ်။ ဒေဝတာဗလိနှစ် မျိုးရှိတယ်။ ဓမ္မိကဗလိနဲ့ အဓမ္မိကဗလိ တို့ဖြစ်တယ်။ ဓမ္မိကဗလိဆိုတာဟာ သတ္တဝါတို့ရဲ့အသက်ကိုသတ်ဖြတ်ခြင်း မပြုဘဲ ထမင်း၊ မုန့်၊ သစ်သီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ဆီမီးတို့နဲ့သက်သတ် လွတ်ပူဇော်ခြင်းဖြစ်တယ်"

"တင်ပါ့ဘုရား"

"အဓမ္မိကဗလိ ဆိုတာကတော့ သတ္တဝါတွေရဲ့ အသွေးအသားနဲ့ ပူဇော် ပသခြင်း ဖြစ်တယ်။ ဒါကို တရားတော်နဲ့ မညီညွတ်လို့ ဘုရားရှင်ကတားမြစ်တော် မူတယ်။ ဓမ္မိကဗလိကိုတော့ တရားတော် နဲ့ညီညွတ်တဲ့အတွက် ဘုရားရှင်က တား မြစ်တော်မမူဘူး။ အခုလည်း ဒီအလှူ တော်ပွဲနဲ့အတူ သာသနာစောင့်နတ်မင်း ကြီးများ၊ ကမ္ဘာစောင့်နတ်များနဲ့ သမ္မာ ဒေဝနတ်များကို ဒေဝတာဗလိနဲ့လှူဒါန်း ပါတယ်။ မိမိတို့ရဲ့အလှူဒါနကို နတ် ဒေဝါများအား အမျှအတန်းပေးဝေပါ တယ်။ အမျှ အမျှ အမျှ၊ သာဓု သာဓု သာဓု။

ဒီလိုနတ်များကို အမျှအတန်း ပေးဝေခြင်းဖြင့် မိမိတို့နဲ့ထပ်တူထပ်မျှ ကုသိုလ်ရတယ်။ နတ်များကလည်း မိမိ တို့နေထိုင်ရာအရပ်ဒေသကို ငြိမ်းချမ်း အောင်စောင့်ရှောက်ကြတယ်။ မေတ္တာ ရဲ့သဘောက အပြန်အလှန်ပေါ့ကွယ်"

"တင်ပါ့ဘုရား"

ဆရာတော်ကြီးသည် တရား ဟောပြီးနောက် ကျောင်းသို့ ပြန်ကြွသွား ခဲ့သည်။ ဆရာတော်ကြီး၏ သက်တော် မှာ (၈၉) နှစ်ရှိပြီ။ သို့သော်လည်း သာသနာတော်အတွက် ဘုရားတည် ခြင်း၊ ယောဂီများအတွက် ကျောင်း ဆောက်ခြင်းကိစ္စကို မမောနိုင်မပန်းနိုင် အောင် ဆောင်ရွက်နေသည်မှာ လူငယ် တစ်ဦးပမာ တက်ကြွနေသည်။ ယခု လည်း ခင်ပွန်းကြီးဆယ်ပါးစေတီတော် ကို ဆက်လက်တည်နေတော်မူသည်။

စာရေးသူတို့အုပ်စုသည် ထမင်း စားဆောင်တွင် ဆရာတော်ကြီးကျွေး မွေးသည့် သက်သတ်လွတ်ထမင်းဟင်း များကို စားသောက်ခဲ့ပါသည်။ ထိုသို့ စားသောက်ပြီးနောက် တန်ဆောင်း အတွင်းသို့ပြန်လာခဲ့ရာ ဆိုင်းဆရာ၊ နတ် ဆရာအဖွဲ့သားများ စုံလင်စွာ ရောက်ရှိ နေပါသည်။

ဧင်းတို့အဖွဲ့မှာ နေ့လယ်နှစ်ချက် တီးမှစမည်ဖြစ်၍ စာရေးသူတို့နှင့် စကား စမြည်ပြောဖြစ်ခဲ့ပါသည်။

"ကျွန်တော်တို့က တိုက်ကြီးအပိုင် ရွာက နတ်ဆရာ ဆိုင်းဆရာပါ။ အများ အားဖြင့် ဒေဝတာဗလိတွေမှာဆိုင်းလိုက် တာများပါတယ်"

ဒေဝတာဗလိဆိုသဖြင့် စာရေးသူ လည်း အထူးစိတ်ဝင်စားသွားခဲ့သည်။

"ဒေဝတာဗလိတွေမှာ ဆိုင်းလိုက် တီးတယ်ဆိုတော့ အတွေ့အကြုံလေး ပြောပြပါဦး"

"ကျွန်တော်တို့က အစကဆင်းရဲ ပါတယ်။ အမေက ဘုရားတရားမြတယ်။ သူကုသိုလ်လုပ်ပြီးတာနဲ့ သမ္မာဒေဝနတ် ကောင်းနတ်မြတ်တွေကို အမျှဝေတယ်။ တစ်နေ့တော့ အမေ့ကို အိပ်မက်ပေး တယ်။ နင့်သားကို ဆိုင်းဆရာလုပ်ခိုင်း ပါ။ နတ်တွေကိုအမျှအတန်းပြုပေးပါလို့ ပြောတယ်။ ကျွန်တော်တို့ကလည်း ဆိုင်း နဲ့ အဆက်အသွယ်မရှိတော့ ဒုက္ခဖြစ်နေ တာပေါ့ဗျာ။ ဒါနဲ့ တစ်လလောက်ကြာ တော့ ဆိုင်းဆရာကြီးတစ်ဦးရောက်လာ ပြီး ဆိုင်းတီးမယ့်လိုက်ရှာတာလို့ပြောတာ နဲ့ ကျွန်တော်ဆိုင်းထဲရောက်လာတယ်။ သူ့မိန်းမက နတ်ကတော်ပါ။ ဒါနဲ့ နတ်ဒိုး တွေလည်းတီးတတ်လာတယ်။ ဒေဝတာ ဗလိသမားတွေလာငှားရင်းနဲ့ တီးတတ် လာတယ်။ ခု ဆိုင်းဆရာကြီးကအသက် ကြီးသွားလို့မတီးနိုင်တော့ဘူး။ကျွန်တော် ပဲ ဆိုင်းတီးပြီး အမေနဲ့ ဆရာကြီးမိသားစု ကိုလုပ်ကျွေးနေတာ"

"ကောင်းတာပေါ့ကွယ်"

"အခုလည်း ဆရာတော်က နတ် တွေကို အမျှအတန်းပေးဝေဖို့အတွက် လုပ်တာပါ။ ကျွန်တော်လည်း ဒီသတင်း ကြားလို့ သေသေချာချာ ဆိုင်းနဲ့ပူဇော် ချင်လို့ ဒီကိုရောက်လာတာပါ"

"ဩော်၊ ဩော်"

"ကျွန်တော်တို့အဖွဲ့က ဘုရား၊ ရဟန္တာများ၊ သာသနာတော်စောင့်နတ် များကအစ ဦးညိုကြီးတို့၊ မဖဲဝါတို့အထိ အမျှအတန်းပေးဝေပါတယ်"

"ရှင် - မဖဲဝါ ဟုတ်လား"

"ဟုတ်တယ် အန်တီရဲ့၊ မဖဲဝါဆို တာ သချိုင်းစောင့်မဖဲဝါပေါ့"

"မဖဲဝါဆိုတာ တကယ်ရှိသလား"

"တကယ်ရှိလား၊ မရှိလားသိချင် ရင်တော့ နောက်ပိတ်ဆုံးသုံးရက်မြောက် တဲ့ညနေအထိ အဒေါ်နေကြည့်ပါလား"

"အေး - နေမှာပေါ့ သားရယ်"

"ဒါဆို အဒေါ်လက်တွေ့ကြည့်ရ မှာပေါ့"

"ဒါနဲ့ မင်းတို့ မဖဲဝါအကြောင်းသိ လား"

စာရေးသူလည်း အစဆွဲမိနေပြီမို့ ဆက်၍မေးလိုက်သည်။

ထိုအခါ ဆိုင်းဆရာက -

"အန်တီရေ၊ မဖဲဝါအကြောင်းက တော့ ယေဘုယျလောက်ပဲသိတယ်။ ဒါ ပေမယ့် နောက်ဆက်တွဲဖြစ်ရပ်တွေ တော့သိတယ်"

"ဒါဆို မင်းသိသလောက်ပြောပြ ပါဦး"

"သူတို့က မောင်နှမနှစ်ယောက်ရှိ တယ်။ မိဘနှစ်ပါးသေဆုံးသွားတော့ အစ်ကိုဖြစ်သူက အင်းသူကြီးအဖြစ်လုပ် ကိုင်ခဲ့တယ်။ ညီမလေးကတော့ အိမ်မှာ နေတာပေါ့။ အင်းသူကြီးအစ်ကိုဟာ အင်းထဲမှာနေရင်း နှစ်ပေါင်းများစွာကြာ လာတော့ ငါးတွေကိုဖုတ်ကင်ချက်ပြုတ် ပြီးမစားတော့ဘဲ အစိမ်းစားလာတယ်။ တဖြည်းဖြည်း နှစ်ကြာလာတာနဲ့အမျှ လူစင်စစ်က အင်းစောင့်သရဲကြီးဖြစ် သွားခဲ့တယ်။ ညီမလေးဟာ ဒီအဖြစ်ဆိုး တွေမြင်ပြီး သေဆုံးသွားတဲ့အခါမှာ သချိုင်းစောင့်မဖဲဝါဖြစ်လာတယ်လို့ဆိုပါ တယ်"

"ဟုတ်ပါတယ်၊ အန်တီ... သလောက်လည်းဒါပါပဲ။အဖြစ်ဆိုးကြ... သူတို့မောင်နှမနှစ်ဦးရဲ့အဖြစ်က သနား စရာပါ"

"ဟုတ်ပါတယ်၊ ဒါကြောင့် ဒေဝ တာဗလိထဲမှာ သူတို့ကိုလည်း အမျှအ တန်းပေးဝေပါတယ်"

"ဟုတ်တာပေါ့ကွယ်၊ ဒါနဲ့ သူတို့... ပတ်သက်တဲ့အကြောင်းလေးတွေပြော... ပါဦး"

"ကျွန်တော်တို့ရွာမှာ ဖြစ်ပွား... အကြောင်းလေးတစ်ခုပေါ့ဗျာ။ကျွန်တော် တို့ရွာရဲ့ ရွာအနောက်ပိုင်းမှာ သုသာ... တစ်ခုရှိတယ်။ အဲဒီသုသာန်ကြီးကလည်း ရွာတည်ကတည်းကရှိခဲ့တာဆိုတော့ ... ပေါင်းတစ်ရာကျော်လောက်ရှိပြီ။ ... ပင်ကြီးတွေ၊ ညောင်ပင်ကြီးတွေ၊ ... သစ်ပင်ကြီးတွေနဲ့အုပ်ဆိုင်းနေတာ... ခင်းဘက်တောင် တစ်ယောက်... မသွားရဲဘူး။ သုသာန်ကြီးကလည်း...



www.burmeseclassic.com

www.burmeseclassic.com

အကျယ်ကြီးပဲ။ ညောင်ပင်ကြီးအောက်တို့ ကုက္ကိုပင်ကြီးတွေရဲ့အောက်မှာလည်း အုတ်ဂူတွေအများကြီးပဲ။ ညဘက်ညဘက်မှာ အော်သံတွေ၊ ကလေးငိုသံတွေ၊ ခွေးအူသံတွေကြောင့် အဲဒီသုသာန်ကြီးနားက ဘယ်သူမှဖြတ်မသွားရဲကြဘူး"

"အင်း - ဆက်ပြောပါဦး"

"ဖိုးထူး ဆိုတဲ့ကာလသားခေါင်းတစ်ယောက်ရှိတယ်။ သူ့အသက်က သုံးဆယ်လောက်ရှိတယ်။ အလှူအိမ်မှာ ဝက်သားနဲ့ အုန်းထမင်းကို မဆံ့မပြဲစားပြီး ညနေရောက်တော့ ထန်းရည်အိုးလေးအိုးလောက်သောက်တယ်။ ညကျတော့ဝမ်းတွေလျှောပြီးအသက်ပါပါသွားတယ်။ ဒါနဲ့ ရွာထုံးစံအရ သုံးရက်ထားပြီး အသုဘချလိုက်တယ်။ ညလည်းရောက်ရော အဲဒီဖိုးထူးဟာ တကယ်သေတာမဟုတ်ဘဲ သတိလစ်ပြီးမေ့မြောသွားတာဖြစ်လို့ သတိပြန်ရလာတယ်။ သတိရလို့ကြည့်လိုက်တော့ အခေါင်းထဲမှာ မှောင်မည်းနေတာပဲ။ ဒါနဲ့ အခေါင်းကို အားနဲ့ထိုးပစ်လိုက်တော့ အပေါ်ဖုံးကျိုးသွားတယ်။ မြေကြီးတွေကို လက်နဲ့ယက်ပြီးဖယ်လိုက်တယ်။ တောမှာဆိုတော့ မြေကြီးကို အနက်ကြီးတူးမထားလို့ သိပ်မကြာခင်မှာ အခေါင်းထဲကထွက်နိုင်ခဲ့တယ်။ ဒါနဲ့ မြေကြီးထဲကရုန်းထွက်လာရလို့ မောမောနဲ့ထိုင်နေတုန်း ကုက္ကိုပင်ကြီးနဲ့ညောင်ပင်အောက်မှာထိုင်နေတဲ့ မည်းမည်းသဏ္ဍာန်တွေဟာ တဟီးဟီးအော်ပြီးသူ့ဆီပြေးလာသတဲ့။ အဲကောင်ကြီးကြီးကောင်က အသံနက်ကြီးနဲ့ -

"မင်း ငါတို့သင်္ချိုင်းကိုရောက်လာတာ ငါတို့အစာဖြစ်ပြီ မပြေးနဲ့"

လို့ပြောလိုက်တော့မှပဲ ဖိုးထူးလည်း ပြေးဖို့သတိရပြီး တအားကုန်ပြေးလာလိုက်တာ သူတို့အိမ်ဝရောက်လာခဲ့တယ်။ သူနောက်ကိုပြန်လှည့်ကြည့်လိုက်တော့ သူ့နောက်မှာမည်းမည်းအကောင်တွေ အကြီး၊ အသေးဆိုဒ်စုံလိုက်လာခဲ့တယ်။ အိမ်ဝရောက်တော့ ခြံစည်းရိုးနားမှာ မတ်တတ်ရပ်ပြီး သူ့ကိုတွေတွေကြီးစိုက်ကြည့်နေသတဲ့။ ဒါနဲ့ ဖိုးထူးလည်း ကြောက်အားလန့်အားနဲ့ 'ကယ်တော်မူပါ' လို့ ဆိုပြီး အကျယ်ကြီးအော်လိုက်တယ်။ အဲဒီအချိန်မှာ အသုဘအိမ်မှာ ဖဲရိုက်နေတဲ့ကာလသားတွေကသွားကြည့်တော့ အိမ်ဝမှာ ဖိုးထူးမေ့လဲနေတာကို တွေ့လိုက်ရတယ်။ တချို့ကလည်း ဖိုးထူးသရဲခြောက်တယ်ဆိုပြီး ထွက်ပြေးတဲ့သူတပြေး၊ ကြောက်ဒူးတုန်တဲ့သူကတုန်နဲ့ ရှုန်းရင်းဆန်ခတ်ဖြစ်နေတာပေါ့"

"ဪ - ဟုတ်တာပေါ့"

"ဒါနဲ့ သူ့မိဘတွေရောက်လာပြီး ဖိုးထူးကို ယပ်တောင်တွေခတ်ပေးလိုက်တော့မှ ဖိုးထူးလည်း ပြန်သတိရလာပြီး ဖြစ်ကြောင်းကုန်စင်ကို ပြောပြခဲ့တယ်။ ဒါပေမယ့် အဲဒီကိစ္စဟာ ဒီမှာတင်ရပ်မသွားဘူး။ ညရောက်တာနဲ့ သူတို့အိမ်ထဲမှာရှိတဲ့အိုးခွက်ပန်းကန်တွေကိုလာပြီး ခေါက်တဲ့အသံတွေနဲ့မည်းမည်းသဏ္ဍာန်တွေ ရိပ်ခနဲရိပ်ခနဲတွေ့ပြီး ခြောက်လှန့်ပါလေရော"

"ဒါဆို သင်္ချိုင်းကပါလာတဲ့နာနာဘာဝတွေဖြစ်မှာပေါ့"

"ဟုတ်ပါတယ် အန်တီရယ်၊ အဲဒီနာနာဘာဝတွေကို ဖိုးထူးက တွေ့ရသတဲ့။ တချို့ကယောကျ်ားကြီးသန်သန်မာမာပုံစံမျိုး၊ တချို့က နို့စို့အရွယ်ကလေးငယ်ကိုချီထားတဲ့ ဆံပင်ဖားလျားနဲ့မိန်းမ၊ တချို့က ဆယ်နှစ်၊ ရှစ်နှစ်၊ လေးနှစ်အရွယ် ကလေးငယ်ပုံသဏ္ဍာန်တဲ့။ ဖိုးထူးက သူတို့ကိုတွေ့ပြီး ထအော်ပြီး ကြောက်လန့်နေရတယ်။ ဒါနဲ့ အထက်လမ်းဆရာနဲ့ခေါ်ပြတော့ သင်္ချိုင်းစောင့်ကို အစာကျွေးရမယ်ဆိုပြီး အဒေါ်ကြီးတစ်ယောက်ကို ဝင်ပူးသတဲ့"

"ဒါနဲ့ သူတို့သင်္ချိုင်းစောင့်ကိုအစာကျွေးလိုက်ရသလား"

"ကျွေးရတာပေါ့။ အမဲသားငါးပိဿာနဲ့ ညနေ နေဝင်ရီတရောမှာ သင်္ချိုင်းရဲ့အနောက်အရပ်မှာရှိတဲ့ ထိမ်ပင်ကြီးအောက်မှာ အစာလာကျွေးပါလို့ ပြောတယ်။ သူတို့လည်း အမဲသားငါးပိဿာကို အတုံးလေးတွေတုံးပြီး ထိမ်ပင်ကြီးနားမှာ ကြဲချထားတယ်။ ချက်ချင်းပဲ အလင်းရောင်ပျောက်သွားပြီး မှောင်စပြုသွားတဲ့အချိန်မှာ ခွေးနက်ကြီးတွေ ဆယ်ကောင်လောက်ဟာ အုတ်ဂူတွေကြားထွက်လာပြီး အမဲသားကို မြိန်ရေရှက်ရေစားနေတာတွေ့လိုက်ရတယ်။ အဲဒီအချိန်ကစပြီး သင်္ချိုင်းစောင့်မဖဲဝါဆိုတာ သိလာခဲ့ရတယ်"

"ဪ - တော်တော်လည်းဆန်းကြယ်ပါလားနော်"

"အဖြစ်အပျက်ကတော့ ဒါပါပဲ အန်တီရယ်။ ကဲ - ကျွန်တော်တို့လည်း အချိန်ရောက်လာပြီမို့ ဆိုင်းစတီးတော့မယ်"

ထို့နောက် ဆိုင်းသံများစတင်ဝေါ ထွက်လာခဲ့ပါပြီ။

ဒေဝတာဗလိပွဲဖြစ်သည်နှင့်အညီ ပင့်ဖိတ်ထားသည့် သမ္မာဒေဝနတ်များ၊ ကမ္ဘာစောင့်နတ်များ၊ မကောင်းသူများကို နှိမ်နင်းမည့် နတ်ဘီလူးများကို ပွဲများဆက်သခြင်း၊ အမျှအတန်းပေးဝေခြင်းများပြုလုပ်ကြပါသည်။

စာရေးသူလည်း ဒေဝတာဗလိအလှူအတန်းကိုကြည့်ရင်း 'ငါတို့ရသည့် လူ့ဘဝကား အရတော်စွ'ဟူသည့်စကားကို သတိရမိပါသည်။ ကျွန်မတို့ရရှိသည့် လူ့ဘဝကား ကုသိုလ်လုပ်ခွင့်လည်းရှိသည်။ မည်သူ့ကိုမျှ အားကိုးစရာမလိုပေ။ ကိုယ်လုပ်သမျှ ကိုယ်ရမည့်သာဖြစ်သည်။ နတ်တို့ဘဝကား လူတို့မှ ကုသိုလ်ပြုပေးပြီး ဤကုသိုလ်၏အမျှကို ပေးဝေမှသာလျှင် ၎င်းတို့ရရှိပေမည်။

သို့ဖြင့် အလှူပွဲကြီး၏နောက်ဆုံးနေ့သို့ ရောက်ရှိခဲ့လေပြီ။

နောက်ဆုံးနေ့တွင် သုံးဆယ့်ခုနစ်မင်းများကိုလည်း အမျှအတန်းပေးဝေခဲ့သည်။ သိုက်ပိုင်းဆိုင်ရာပုဂ္ဂိုလ်များမှအစ အာကာသစိုး၊ ဘုမ္မာစိုး အစရှိသည့်နတ်များကိုလည်း ဆိုင်းသံ၊ ဗုံသံများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် အမျှအတန်းပေးဝေခဲ့ကြပါသည်။

တဖြည်းဖြည်းနှင့် နောက်ဆုံးနေ့၏ နေဝင်ရီတရောအချိန်သို့ရောက်လာခဲ့သည်။

ထိုစဉ် နတ်ပွဲထဲမှလူတစ်ယောက်က အမဲသားတွဲတစ်ပိဿာခန့်ရှိသည့် အတွဲနှစ်တွဲကိုဆွဲပြီး ဆိုင်းတီးရာနေရာသို့ရောက်လာခဲ့သည်။

စာရေးသူလည်း အမဲသားတွဲများကိုတွေ့သဖြင့် အံ့ဩစွာမေးလိုက်သည်။

"ဆိုင်းဆရာ၊ အဲဒီအမဲသားတွဲတွေက ဘာလုပ်ဖို့လဲ"

"အဲဒါ ဦးညိုကြီးနဲ့မဖဲဝါကိုကျွေးမလို့"

"ဦးညိုကြီးနဲ့ မဖဲဝါက အမဲသားစားသလား"

"ဟုတ်တယ် အန်တီရဲ့"

"ဟင် - သူတို့က ဘယ်လိုစားသလဲ"

"ကျွန်တော်ပြောတာထက်အန်တီကိုယ်တွေ့တွေ့ရမှာပါ။ စောင့်ကြည့်ပါအန်တီ"

"ဪ - အေး၊ အေး"

ဆိုင်းဆရာက စောင့်ကြည့်ပါဟုပြောသည့်အတွက် ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေလိုက်သည်။

မကြာမီ ဆိုင်းသံဗုံသံများစတင်တီးခတ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖကျွေးဝင်းမြင့်

# အသက်ကလေးရယ်တဲ့ ရှည်စေလို

"ဟော-ဦးလေး၊ ကြွပါခင်ဗျာ ကြွပါ။ ဒီနေ့စောသကိုး"

"ဟုတ်တယ်မောင်၊ ကျုပ်အရင်နေ့တွေတုန်းက ဒီကနေပြီး မကွေးတက္ကသိုလ်ဟိုဘက် အောင်စေံတနာရပ်ကွက်အထိ လမ်းလျှောက်တာဗျ။ ဒီနေ့တော့ မောင်နဲ့ စကားအေးအေးဆေးဆေးပြောချင်လို့ တမင်တက္ကသိုလ်လမ်းထိပ်ကနေပြီးလှည့်ပြန်လာတာ"

"ကဲရော့ - မတ်ပဲဗယာကြော်လေးသုံးဆောင်ပါဦး။ ဟောဒါက ကြက်သွန်နီဥတစ်လုံးကို အကွင်းလိုက်ပါးပါးလှီးပြီး ရှောက်ရည်ဆမ်းထားတာခင်ဗျ။ လက်ဖက်ရည်ကြမ်းပူပူလေးနဲ့သုံးဆောင်ပါခင်ဗျ"

"ဟန်ကျလိုက်လေ မောင်ရာ"

ပင်စင်စား ဦးလေးကြီးသည် ဝမ်းပန်းတသာ မြိန်ရေရှက်ရေစားပါသည်။ ဦးလေးကြီး စားသောက်နေသည်ကို ဘေးမှ ကြည်နူးစွာကြည့်နေရင်း နေ့စဉ်ကြွလာနေကျ ဆွမ်းခံဦးပဥ္စင်းကြွလာပါသည်။

"ဦးလေး၊ အားရပါးရစားနော်၊ ကျွန်တော် ဆွမ်းလောင်းလိုက်ဦးမယ်၊ အိမ်ရှင်မက ဈေးသွားတယ်။ သမီးတွေက ကျူရှင်သွားကြတယ်လေ"

စာရေးသူသည် မီးဖိုချောင်ထဲသို့ ပြေးကာ ဘုရားရှင်အတွက် ဦးစွာဆွမ်းခူးကပ်လှူပြီး သံဃာတော်များအတွက် ဆွမ်းခူးပါသည်။ ထို့နောက် ဧည့်ခန်းသို့

အသားညိုညို၊ ထောင်ထောင်မောင်းမောင်း ယောကျ်ားတစ်ယောက်သည် ဆိုင်းဝိုင်းရှေ့သို့ ခုန်ပေါက်ပြီးပြေးထွက်လာခဲ့သည်။ သူတွင် အပေါ်ပိုင်းအင်္ကျီဗလာဖြစ်ပြီး ခါးတောင်းကိုမြှောင်အောင်ကျိုက်ထားသည်။

"ဦးညိုကြီး လာပြီကွဟေ့"

ဟု ပရိသတ်ထဲမှတစ်ဦးကအော်လိုက်မှ စာရေးသူလည်း ထိုသူကို ဦးညိုကြီး ဝင်ရောက် ပူးကပ်နေမှန်း သိလိုက်သည်။

ဦးညိုကြီးပူးကပ်နေသူမှာ ခုန်လိုက်၊ တစ်ပတ်ကျွမ်းထိုးလိုက်ပြီး အမြင့်တွင်ချိတ်ဆွဲထားသည့် အမဲသားတစ်ပိဿာတွဲကိုလှမ်းယူပြီး မြိန်ရေရှက်ရေစားနေသည်မှာ အသည်းယားဖွယ်ကောင်းလေစွ။

ဤမြင်ကွင်းမျိုးကို တစ်ခါမမြင်ဘူးသည့် စာရေးသူအဖို့ အထူးအဆန်းသဖွယ်ဖြစ်နေပါသည်။ မကြာခင် အမဲသားတွဲတစ်တွဲလုံးကုန်သွားခဲ့သည်။ ဦးညိုကြီးပူးကပ်နေသူမှာ နောက်ကျွမ်းတစ်ပတ်ထိုးပြီး ဆိုင်းဝိုင်းနောက်သို့ပြေးဝင်သွားခဲ့သည်။

"ယခုအချိန်ကစပြီး မဖဲဝါလာရောက်ပါရန်ပင့်ပါတယ်၊ ဖိတ်ပါတယ်"

အမျိုးသမီးအင်္ကျီဝတ်ဆင်ထားပြီး မျက်နှာတစ်ခုလုံး ဖြူဖွေးအောင် လိမ်းခြယ်သကာ မျက်စိတွင် အမည်းရောင်အကွင်းကြီးကွင်းထားသည့် နတ်ကတော်မိန်းမလျာတစ်ဦးထွက်လာပြီး မဖဲဝါကို ပင့်ဖိတ်ပါသည်။

တစ်ခဏအကြာတွင် ထိုနတ်ကတော်မိန်းမလျာမှာ တစ်ကိုယ်လုံးတဆတ်ဆတ်တုန်ယင်လာပြီး မဖဲဝါဝင်ပူးပါတော့သည်။

"ကျွန်မ သင်္ချိုင်းစောင့် မဖဲဝါပါ။ အခုလို ပင့်ဖိတ်လို့ရောက်ရှိလာပါပြီ။ ကျွန်မရောက်တဲ့နေရာမှာ တစ်ခုတော့ ပြောချင်ပါတယ်။ လူတွေဟာ ဘယ်လောက်ပဲရာထူးကြီးကြီး၊ ဘယ်လောက်ပဲပညာတတ်တတ် တစ်နေ့မှာ ကျွန်မတို့သင်္ချိုင်းမြေမှာ သေဆုံးကြတာကြီးပါပဲ။ ကုသိုလ်ပါတဲ့လူက ကောင်းရာရောက်သလို အကုသိုလ်များတဲ့လူတွေဟာ အပါယ်လေးဘုံကိုရောက်ကြပါတယ်။ အခုလို ကျွန်မကိုပင့်ဖိတ်ပြီးကျွေးမွေးကာ အလှူအတန်းပြုသူတွေဟာ ကုသိုလ်အဟုန်ကြောင့် ကောင်းရာသုဂတိသို့ ရောက်ကြပါစေ"

ထိုသို့ပြောဆိုပြီးနောက် ဆိုင်းချက်နှင့်အညီကပြကာ စားပွဲပေါ်တွင်တင်ထားသည့် အမဲသားတွဲကို ဆွဲယူလိုက်သည်။ ထို့နောက် ထိုအမဲသားကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ မြိန်ရေရှက်ရေစားပါတော့သည်။ တဖြည်းဖြည်းနှင့် နေဝင်လာသည့်အတွက် အမှောင်ရိပ်ကစိုးမိုးလာပါသည်။

ထိုအချိန်တွင် ခွေးများကလည်း အူလာပါသည်။ လေကလည်း ခပ်ကြမ်းကြမ်းတိုက်လာခဲ့သည်။ မဖဲဝါဝင်ပူးနေသည့်နတ်ကတော်၏မျက်နှာမှာ အဖြူရောင်များခြယ်ထားပြီး မျက်လုံးမှအနက်ရောင်အဝိုင်းများခြယ်ထားသဖြင့် ကြည့်နေရင်းပင် ကြောက်စရာကောင်းလှသည်။

အမဲသားအစိမ်းများကိုအားရပါးရစားနေသည့်အတွက် အသည်းယားဖွယ်ဖြစ်နေပါသည်။ စာရေးသူလည်း အမဲသားစားနေသည့်မိန်းမလျာနတ်ကတော်မှာ တကယ်ပူးကပ်၍စားနေခြင်းလော သို့တည်းမဟုတ် မပူးကပ်ဘဲစားနေခြင်းလောဟု၍ တွေးမိပါသည်။ အကယ်၍ မပူးကပ်ဘဲဖြစ်ပါက လူစင်စစ်က ဤအမဲသားအစိမ်းတစ်ပိဿာခန့်ကို အားပါးရစားနိုင်ပါ့မလားဟုတွေးမိပါသည်။

ဆိုင်းသံက မြူးမြူးတူးသလို ဆိုင်းချက်နှင့်အညီ မဖဲဝါဝင်ပူးသည်ဆိုသည့် နတ်ကတော်မှာ အမဲသားအစိမ်းများ စားရင်း ကခုန်နေလေပြီ။

မည်သို့ပင်ဖြစ်စေကာမူ သည်ချမ်းနှင့် သည်မြင်ကွင်းမှာ စာရေးသူ ရင်သိမ့်တုန်ခဲ့သည့်ညတစ်ညပင်ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခပ်မြန်မြန်ကလေးလာ၍ သပိတ်ထဲသို့ ဆွမ်းဖြူဖြူပူပူကလေးလောင်းလှူလိုက်ပါသည်။ ဦးပဥ္စင်းအား ရှိသေစွာ သပိတ်ကပ်လိုက်ပါသည်။ ဆွမ်းခံဦးပဥ္စင်းပြန်ကြွသွားသောအခါ-

"မောင့်အိမ်က မင်္ဂလာရှိပေသကိုး၊ ဆွမ်းခံဘုန်းကြီးဘယ်နှပါးရှိတုံး မောင်"


"ဆယ့်ငါးပါးခင်ဗျ"

"အလိုလေး - များလှချေလား"

"ဆွမ်းပဲလှူနိုင်သေးတာ ဦးလေး၊ ဆွမ်းဟင်းမတတ်နိုင်သေးဘူး"

"အများဆုံး စားသုံးဘုဉ်းပေးတာက ဆွမ်းပါမောင်ရဲ့။ အဓိကကျပါတယ်။ ဟောဒီမှာ ကျုပ် မဂ္ဂဇင်းတစ်ခုက ကူးယူထားလိုက်တဲ့ ကြိဂံပုံစားသောက်နည်းကြည့်လိုက်တာနဲ့ လွယ်လွယ်ရှင်းရှင်းသိမြင်ရတယ်မောင်"

ဦးလေးကြီးပြသသော ကြိဂံစားသောက်နည်းကလေးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။




"အသက်ရှည်တဲ့လူတွေကို လေ့လာကြည့်တဲ့အခါ အဆီအဆိမ့်အချိုကို နည်းနည်းလေး စားကြတယ်တဲ့။ အခုကမ္ဘာမှာ အသက်အရှည်ဆုံးက ဂျပန်လူမျိုးတဲ့မောင်။ ပျမ်းမျှသက်တမ်း ၇၈. ၇ နှစ် ရှိသတဲ့။ ဟောဒီမှာ စာရင်းဇယားဖတ်ကြည့်ပါဦး။

**ကမ္ဘာ့နိုင်ငံအချို့နှင့်လူတို့၏သက်တမ်း**
**၁၉၉၀-၁၉၉၅ခုနှစ်ကာလအတွင်းသက်တမ်း**

| နိုင်ငံအမည် | |
|---|---|
| ၁။ ဂျပန်နိုင်ငံ | ၇၈. ၇နှစ် |
| ၂။ အိုင်စ်လန်နိုင်ငံ | ၇၈. ၂နှစ် |
| ၃။ ဆွစ်ဇာလန်နိုင်ငံ | ၇၈. ၀ နှစ် |
| ၄။ ကနေဒါနိုင်ငံ | ၇၇. ၄နှစ် |
| ၅။ အစ္စရေးနိုင်ငံ | ၇၆. ၅နှစ် |
| ၆။ ဗြိတိန်နိုင်ငံ | ၇၆. ၂နှစ် |
| ၇။ အမေရိကန်ပြည်ထောင်စု | ၇၅. ၉နှစ် |
| ၈။ အိန္ဒိယ | ၆၀. ၄ နှစ်၊ |
| ၉။ ကမ္ဘောဒီးယား | ၅၁. ၁နှစ် |

မောင်က ကျန်းမာရေး အသက်ရှည်ဆေးတွေ အများသိအောင် ရေးသား လှူဆော်နေသူဆိုတော့ အခုလိုကမ္ဘာမှာ အသက်ရှည်တဲ့သူတွေ စားနည်းသောက်နည်းတွေ သိထားဖို့လိုတယ်ဗျ။ အသက်ဉာဏ်စောင့်ဆိုတဲ့ စကားအတိုင်း ဉာဏ်အမြော်အမြင်နဲ့ စည်းကမ်းတကျ စားသောက်မယ်ဆိုရင် ကျုပ်တို့လူမျိုးလည်း အသက်ရှည်မှာပါဗျ"

"မှန်ပါတယ်ခင်ဗျ၊ ကျန်းမာဖို့အတွက် အဓိက ရေကောင်းရေသန့်လိုပါတယ်။ အခုဆိုရင် ရေသန့်ကို သောက်ရမှန်းသိလာပါပြီ။ အဆီအဆိမ့်၊ တိရစ္ဆာန်အဆီ၊ အသားတွေ လျှော့ဖို့လိုပါသေးတယ်။ ပြီးတော့ ဆေးလိပ်ခင်ဗျ"

"မောင်ပြောတာ ဟုတ်တယ်၊ ရေကောင်းရေသန့် သောက်သုံးရမယ်။ လေကောင်းလေသန့် ရှူရှိုက်ရမယ်။ ဆေးလိပ်သောက်တဲ့လူတွေဟာ အဆုတ်ထဲလေထုညစ်ညမ်းလှတဲ့ ဆေးလိပ်မီးခိုးတွေရှူနေကြတာမောင်ရဲ့။ ဆေးလိပ်ကြောင့် အသက်တိုကြတယ်ဆိုတာ ကမ္ဘာ့လူထုသိကုန်ကြပြီ မောင်ရဲ့။ ပြီးတော့ ဟိုတုန်းက အသားစားမှ အားရှိတယ်ဆိုပြီး ကြွေးကြော်ခဲ့တယ်။ အခုအဲဒါပြောင်းပြန်ဖြစ်သွားပြီ။ သက်သတ်လွတ်စားပြီး ကျန်းမာကြတယ်။ အသက်ရှည်ကြတာသိကုန်ကြပြီ မောင်ရဲ့"

"အသားငါးမပါ၊ သက်သတ်လွတ်စားသူတွေ ကျန်းမာကြပါတယ် ဦးရယ်"

"ဟုတ်တယ်၊ ဟုတ်တယ်။ အခုကျုပ်တို့တစ်တွေအဆီအဆိမ့်တွေစားနေကြတယ်ဗျ။ ပြီးတော့ အငန်လည်းစားကြသကိုး။ ဒါကြောင့် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါတွေဖြစ်နေကြတာ။ မောင်ခဏခဏပြောလေ့ရှိပါတယ်လေ။ ရောဂါအတော်များများဟာ အခြားအရပ်ကရောက်လာခြင်းမဟုတ်။ မိမိအစာအိမ်မှတစ်ဆင့်ရောက်လာတယ်ဆိုတာလေ။ အဲဒါ အများသူငါကျန်းမာပြီး အသက်ရှည်စေဖို့ နောက်ထုတ်ဝေမယ့် မောင့်စာအုပ်ထဲမှာရေးလိုက်စမ်းပါ မောင်"

"ကောင်းပါပြီ ခင်ဗျာ၊ အများသိအောင် ကျွန်တော်ဗျို့ဟစ်လိုက်ပါ့မယ်"

"သာဓုဗျာ၊ သာဓု၊ သာဓု"

မကွေးဝင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဦးသိန်းရွှေသည် ပုင်မ်မြို့ ရာမည (၃) လမ်းတွင် ဆရာစုနှင့်အတူတူ နေထိုင်ကြသည်။ ဆရာစုနှင့် ပညာ ညီအစ်ကိုများဖြစ်ကြသည်။ သူတို့၏ ဆရာမှာ ဇရာဝတီမြစ်အနောက်ဘက်ကမ်းမှ ဆရာဦးဘတင်ဖြစ်သည်။ ဆရာတင်ဟု ခေါ်ကြသည်။ ဆရာတင်သည် ဘုရားငါးဆူဂိုဏ်း၏ဆရာကြီးဖြစ်သည်။ ဆရာတင်ထံတွင် သူတို့နှစ်ယောက်ပညာသင်ကြားရင်း သတ္တဝါတွေကိုကယ်တင်ကြရ၏။ သူတို့မှန်လျှင် ဖွက်တိုးလုပ်ကြသည်။ တစ်ခါတစ်ရံ အများနှင့် ဆန့်ကျင်ဘက်ဖြစ်နေတတ်သည်။ ဂမ္ဘီရဆန်သော ဘဝအတွေ့အကြုံများကို ဦးသိန်းရွှေမှ ပြောပြသဖြင့် မှတ်တမ်းတင်ရေးသားခဲ့ပါသည်။

## ၁ ပုသိမ်မြို့က မအေးမြင့်ဆုံးမခန်း

အဘအောင်မင်းခေါင်ကိုတော့ ဆရာစုခေါ်လို့ တက်ဆိပ်က ဦးဘိုးစိန်အိမ်မှာတွေ့ခဲ့ရသည်။ ပုသိမ်မြို့ ရေကြည်ရေနောက်ဘုရားတွင် အဘအောင်မင်းခေါင် ခါတ်စီး၍ [illegible] 'ဒေါ်အေးမြင့်' အမျိုးသမီး[illegible] ရေကြည်ရေနောက် ဘုန်းကြီးကျောင်းဆရာတော်နှင့် ဆွေမျိုးမကင်းပါ။ ဘုရားတွင် အဘဓာတ်ခန်းဖွင့်၍ အဘဓာတ်ဖြင့်ဟောပြောနေလေသည်။ အဘအောင်မင်းခေါင်က သိသဖြင့် ကိုသိန်းရွှေကို စေလွှတ်လိုက်သည်။

"သိန်းရွှေ၊ ရေကြည်ရေနောက်ဘုရားကိုသွား။ ငါ့နာမည်ကို အလွဲသုံးစားလုပ်နေတဲ့ 'အေးမြင့်' ကို ဆုံးမခဲ့"

"ဟုတ်ကဲ့ အဘ၊ သားဘယ်လိုဆုံးမရမှာလဲ"

"မင်းပါးစပ်ထဲမှာ ပေါ်လာသလိုဆုံးမခဲ့။ ငါ့အာဏာကုန်လွှဲအပ်လိုက်ပြီ"

"ဟုတ်ကဲ့ အဘ"

ကိုသိန်းရွှေသည် မျက်လုံးပြူးပြူးဗိုက်ရွှဲရွှဲ အသားမည်းမည်းနှင့် ရုပ်ရည်အတော်ဆိုးသည်။ ဘယ်ဘက်မျက်စိမှာ ထိခိုက်ဒဏ်ရာရခဲ့သဖြင့် အနည်းငယ်ကျဉ်းနေသည်။ အပြင်လက္ခဏာကိုကြည့်လျှင် ကြောက်စရာပုံပေါက်နေ[illegible] သည်။

"အစ်မကြီး [illegible] မေးချင်လို့ပါ"

"ဟုတ်ကဲ့ ရပါတယ်၊ မေးရင် ပိုကောင်းပါတယ်။ ပိုပြီးပြည့်စုံပါတယ်"

"လက္ခဏာကိုသာကြည့်ပြီး [illegible] ပေးပါ"

"အမည်က"

"သိန်းရွှေပါ"

"ဟုတ်ကဲ့၊ ဦးလေးသိန်းရွှေ လက်ဖြန့်ပြပါဦး"

"ဟုတ်ကဲ့"

"ဦးလေးက ဆင်းရဲသားရုပ်ကွက်မှာနေတာပဲ။ စိတ်ကတော့ ချမ်းသာနေတယ်။ ငယ်ငယ်က ပညာမသင်ခဲ့ရဘူး။ အလုပ်ကြမ်းနဲ့ လုပ်ကိုင်စားသောက်နေရတယ်။ ဦးလေးအမျိုးသမီးက ဦးလေးထက်ကြီးတယ်။ ဦးလေးကို နိုင်တယ်၊





www.burmeseclassic.com

www.burmeseclassic.com

စီးပွားရေးက လုပ်တိုင်းမဖြစ်ဘူး"

"တော်တော့၊ ငါမေးတာသာဖြေပါ"

"ဟုတ်ကဲ့၊ ဦးလေးက ဘာမေးချင်လဲ"

"ဗေဒင်ဟောတာလက္ခဏာကြည့်တာ အဘအောင်မင်းခေါင်ဓာတ်နဲ့ဟောတာလား"

"ဟုတ်ပါတယ်"

"အဘဓာတ်စီးတယ်ဆိုရင် အခု ဓာတ်စီးပြပါ"

မအေးမြင့်လည်း အမွှေးတိုင်ထွန်းညှိပြီး အဘအောင်မင်းခေါင်ကိုပင့်လေသည်။ အဘကြွလာပြီး အဘထိုင်သလိုထိုင်ပြီး လက်ညှိုးထိုး၍ပြောလေတော့သည်။

"ငါ့သားကြီး ရောက်လာပြီပဲ၊ သားကို အဘစောင့်ရှောက်တာကြာပြီ"

"အဘဆိုတာ ဘယ်သူလဲ"

"အဘဆိုတာ ပုပ္ပားက အဘအောင်မင်းခေါင်လေ"

"ပုပ္ပားအောင်မင်းခေါင် ဆိုရင် အခု အဘက ဘယ်ရောက်နေတာလဲ၊ အဘကဘာတွေလုပ်နေတာလဲ"

"အဘ ဝိဇ္ဇာလေ၊ ဝိဇ္ဇာတိုင်းပြည် အလုံမှာရောက်နေတာပေါ့။ လူ့ပြည်ကို တစ်ခါတလေမှရောက်တာ"

"ခင်ဗျား အဘမဟုတ်ဘူး၊ အဘ အောင်မင်းခေါင်ဝင်တာ မဟုတ်ဘူး။ သက်သက်လိမ်ညာနေတာ။ ဓာတ်စစ်၊ ဓာတ်မှန်မဟုတ်ဘဲ အဘပြောသလိုလို ပြောနေတာ။ ခင်ဗျားမှာ အပြစ်ရှိတယ်။ ဒီနေ့ကစပြီးနှုတ်ဝစီပိတ်ပစ်လိုက်မယ်။ ငါအဘရဲ့သားပဲ"

ဒေါ်အေးမြင့် ဘာမှပြန်မပြောနိုင်ပါ။ အဘဓာတ်မဟုတ်ဘဲ အဘဓာတ်ဟု လိမ်ညာခြင်းဖြင့် အဘသိက္ခာကျမည်။ အဘဆုံးမခိုင်းသဖြင့် ဒေါ်အေးမြင့်ကို ဝစီပိတ်ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

မအေးမြင့်သည် ဦးသိန်းရွှေ၏ နှုတ်ထွက်ပြစ်ဒဏ်ချမှတ်မှုကြောင့် တစ်လ စကားမပြောနိုင်ပါ။ ပါးစပ်မှဘာအသံမှ ထွက်မလာပါ။ ဝိဇ္ဇာများချမှတ်သော ပြစ်ဒဏ်ပင်ဖြစ်လေသည်။ ကျွန်တော်နှင့်တွေ့စဉ် သူ့ကိုမေးကြည့်ပါသည်။

"ဦးသိန်းရွှေက မအေးမြင့်ကို ဘာလို့ပြစ်ဒဏ်ချမှတ်တာလဲ"

"ငါက ချမှတ်တာ မဟုတ်ဘူး၊ အဘကခိုင်းလို့ပါးစပ်ကထွက်သွားတာ"

"ဒေါ်အေးမြင့်ကတော့ အဘနဲ့ တွေ့သေးလား"

"တွေ့တာပေါ့၊ သူလည်း အဘ သားသမီးပဲ။ ဦးစိန်ကြီးအိမ်ကို ရောက်လာပြီး အဘကိုထိုင်ကန်တော့သွားတယ်"

"အစာဘာပြောလဲ"

"သိန်းရွှေပြောတာ ငါခိုင်းလို့ပြောရတာ၊ နင်ငါ့နာမည်တပ်ပြီးလုပ်စားနေလို့ဆုံးမတာ။ (၁)လဒဏ်ခတ်မယ်လို့ ပြောတယ်၊ နောက်ပညာကိုပြည့်ပြည့်စုံစုံသင်ပြီး အဆုံးထိလိုက်စားဖို့ပြောတယ်"

"အဘနဲ့တွေ့ရတာ ကံထူးတာပေါ့"

"ဒီတုန်းက အဘလို့ပဲသိရတာ၊ ပုပ္ပားအောင်မင်းခေါင်လို့ သိပ်မသိကြဘူး"

"ဦးသိန်းရွှေကြီးက ဝိဇ္ဇာလိုင်းလိုက်နေတာဆိုတော့ အတွေ့အကြုံလေးတစ်ခုလောက်ပြောပြပါလား"

"အေး-ပြောပြမယ်။ ငါလို ဆရာလိုင်းလိုက်တဲ့သူတွေ အများကြီးပဲ။ ဆရာတူ ပညာညီအစ်ကိုတွေလည်း အများကြီးကွ"

□ ရက္ခစိုးနှုတ်ထွက်ပြေးရခြင်း

"ဦးသိန်းရွှေကြီး၊ ဝိဇ္ဇာနဲ့ပတ်သက်လို့ ဂမ္ဘီရဆန်ဆန်လေးတွေရှိသေးရင် ပြောပြပါဦး"

"အေး - ရှိသေးတယ်ကွ၊ ဒါအဘရဲ့အဆက်လို့ပြောရမှာပဲ"

"ဟုတ်ကဲ့ - ပြောပြပါခင်ဗျာ"

"အဘက ပုသိမ်ကထွက်သွားတော့ တပည့်တွေစိတ်မကောင်းဖြစ်ကြတာပေါ့။ အဘကို လိုက်ရှာကြတာ၊ အချိန်သာကုန်တယ်။ အဘကိုရှာမတွေ့ဘူး"

"ဟုတ်ကဲ့ - ဆက်ပြောပါဦး"

"ပုဂ္ဂိုလ်ထူးတွေ၊ ဝိဇ္ဇာလိုင်းဘက်က နာမည်ကြီးတာတွေ သတင်းရတာနဲ့ သွားလေ့လာတာ၊ အဘများဖြစ်နေမလားဆိုပြီး ရှာတာပါ"

"ဟုတ်ကဲ့ - ဆက်ပြောပါဦး"

"ဒါနဲ့ ပုသိမ်မြစ်တစ်ဖက်ကမ်းက သံပတ်ကွင်းရွာရှိတယ်။ ဒီရွာမှာ ဆရာတစ်ယောက်ရောက်လာကြောင်း၊အစွမ်းသတ္တိထူးများရှိကြောင်း သံပတ်ကွင်းဆရာတော်မှအကြောင်းကြားလာတယ်"

"ဆရာစုအိမ်လာတဲ့ ဆရာတော်လား"

"ဟုတ်တယ်၊ ငါတို့ကြည်ညိုတဲ့ဆရာတော်ပဲ။ ငါတို့ကို တော်တော်ခင်တယ်။ ငါတို့အကြောင်းကိုလည်း တော်တော်သိတယ်"

"ဟုတ်ကဲ့ - ဆက်ပြောပါဦး"

"ဒါနဲ့ ငါတို့လိုက်သွားကြတယ်၊ သံပါတ်ကွင်းကိုကူးတို့လှေနဲ့သွားရတယ်။ ပုသိမ်မြို့နဲ့မြစ်ပဲခြားတာ။ အသွား (၂၅) ပြား၊ အပြန် (၂၅) ပြားပဲ ကုန်တာ"

"ခုကော ဆရာနဲ့တွေ့သေးလား"

"တွေ့တယ်၊ ဆရာက နိုင်ဝင်းလို့ခေါ်တယ်။ အသက် (၄၀) အရွယ်ပါပဲ။ ဘုရားကျောင်းဆောင်ရှေ့ထိုင်ပြီး အပေါ်အဖြူ၊ အောက်အဖြူဝတ်ထားတယ်"

"ဟုတ်ကဲ့ - ဆက်ပြောပါဦး"

"ဘာကိစ္စရှိလို့လဲ၊ ဘာသိချင်လို့လဲ၊ စသဖြင့်မေးတာပေါ့။ ကျွန်တော်တို့က ပုသိမ်ကလာတာပါ။ ထူးထူးခြားခြားကိစ္စမရှိပါဘူး။ဆရာနဲ့တွေ့ချင်လို့ ဆရာ့ပညာရပ်တွေလည်းလေ့လာရအောင် လာခဲ့တာပါ ဆိုတော့ အေး ကောင်းတယ်၊ ထိုင်ကြဦးဆိုပြီး အခြားဧည့်သည်တွေနဲ့ ဗေဒင်ဟောနေတာ။ အကြားအမြင်တော့ တော်တော်ကောင်းပုံပေါ်တယ်။ သူဟောလိုက်ရင် မှန်တာများတယ်။ လူတွေကလည်းကြိတ်ကြိတ်တိုးနေတာပေါ့။ ဒီလိုနဲ့တစ်ယောက်ပြီးတစ်ယောက်ဟောနေတာကို ငါတို့က ဘေးကနေ တိတ်တိတ်လေးအကဲခတ်တာပေါ့"

"ဟုတ်ကဲ့-ဘာထူးခြားတာတွေ[illegible] လဲ"

"ဒီဆရာမှာ ထူးခြားတဲ့ အစွမ်း[illegible] သတ္တိရှိတယ်။ သူကရက္ခစိုးမှော်အောင်[illegible] တယ်။ ပုသိမ် သီတာဦးဆိုရင် လူတိုင်း[illegible] သိတယ်။ စားသောက်ဆိုင်ပေါ့"

"ဟုတ်ကဲ့"

"သီတာဦးက လက်ဖက်ရည်[illegible] သီတာဦးက ပလာတာကို ယူပေး[illegible] တယ်"

"ဟာ-စိတ်ဝင်စားစရာပဲ။ ပြော[illegible] ပါဦး"

"အလကားတော့ မရဘူး[illegible] ပလာတာ(၁)ချပ်ကို (၁)ကျပ်၊ လက်[illegible] ရည် (၁) ခွက်ကို (၁) ကျပ်၊ ကူးတို့[illegible] အသွား၊ အပြန် (၅၀) ပြား၊ စုစု[illegible] (၂) ကျပ် (၅) ပြားပေးရတယ်"

"ဒီပိုက်ဆံတွေနဲ့ ဘယ်လို[illegible] သလဲ"

"ကျသင့်ငွေကို လက်ထဲထည့်[illegible] ဆရာရဲ့ခြုံထည်ထဲကိုထည့်လိုက်[illegible] ပိတ်ညိုကြီးကိုခြုံထားတာ။ ခနွ[illegible] နဲ့ပိတ်ညိုကြီးကြားထဲကို ထည့်[illegible] ပဲ။ ဟော-သိပ်မကြာဘူး။ သီတာဦး[illegible]



www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်(၁)ထုပ်၊ သီတာဦးက ပလာတာ(၁)ချပ် ခုန ပိတ်ညိုကြီးကြား ထဲက ဆွဲထုတ်ပေးလိုက်တာပဲ"

"ဟာ - တော်တော်အံ့ဩစရာ ကောင်းတယ်၊ ဆက်ပြောပါဦး"

"ဟုတ်တယ်၊ သီတာဦးတံဆိပ် တောင်ပါသေးတယ်။ ပလာတာပူပူနွေး နွေးနဲ့ လက်ဖက်ရည်ပူပူလေးကို ပုသိမ် မြစ်ကိုဖြတ်ပြီး သီတာဦးစားသောက်ဆိုင် ကို သွားမသောက်ရဘဲ ဒီမှာပဲထိုင် သောက်လို့ရတာပေါ့"

"လက်တွေ့ဆိုတော့ အထင်ကြီး ကြမှာပေါ့"

"ဟုတ်တယ်၊ လူတွေက ဆရာ့ကို အထင်ကြီးကြတာပေါ့။ ငွေကိုလည်းလှူ မှယူတာ။ တန်ဖိုးမသတ်မှတ်ဘူး။ အလှူ ခံဖလားထဲမှာ ငွေတွေကအပြည့်ပဲ။ ဒီလို နဲ့ လူရှင်းသွားပြီဆိုပါတော့။ ငါတို့အဖွဲ့ပဲ ကျန်တော့တာ။ ပုသိမ်က ဆရာတွေလာ ကြ၊ လာကြ။ ရင်းရင်းနှီးနှီးစကားပြော ကြတော့ပေါ့လို့ ဖိတ်တယ်။ ဆရာစုက တော့ လူကြီးပီပီ လေးလေးစားစားပြော ပါတယ်။ ခက်တာက ငါပဲ"

"လုပ်ပြီ၊ ကိုသိန်းရွှေက ဘယ်လို ဖြစ်ရပြန်တာလဲ"

"ငါ့အစောင့်က ဒီဆရာကိုလက် မခံဘူး၊ ငါတို့ရှာတဲ့ အဘမဟုတ်ဘူးဆို တာတော့ သိပါတယ်။ ခက်တာက သူ့ ကိုကူညီနေတဲ့ ရုက္ခစိုးနတ်ကိုကြည့်မရ ဘူး"

"ဟုတ်ကဲ့ - ပြောပါဦး"

"ငါလည်း ငါ့ပညာစမ်းချင်တာနဲ့ ငွေ (၂) ကျပ်၊ (၅၀) ပြားကိုထုတ်ပြီး သီတာဦးက လက်ဖက်ရည်နဲ့ပလာတာ မှာခိုင်းတာ"

"ဟုတ်ပြီ၊ ဟုတ်ပြီ ဆက်ပါဦး"

"ငါ သူ့လက်ကို သေသေချာချာ ကြည့်နေတာ ပိုက်ဆံယူသွားတာလည်း မြင်ရတယ်။ သီတာဦးက ဝယ်လာတာ လည်းတွေ့ရတယ်။ ရုက္ခစိုးအစွမ်းကို သူ့ အစွမ်းလုပ်နေတာ"

"ဒီတော့ဘာဖြစ်ကြလဲ"

"ဆရာက လက်ဖက်ရည်နဲ့ပလာ တာလည်းယူလိုက်ရော ငါက ရုက္ခစိုးကို လက်ညှိုးထိုးပြီး 'သူခိုး သူခိုး သူခိုး' လို့ ထအော်လိုက်တာ"

"ဟော - ပြောပါဦး၊ ဘာဖြစ်သွား လဲ"

"သီတာဦးပလာတာလည်း ထွက် မလာဘူး၊ လက်ဖက်ရည်လည်း မပါဘူး။ ရုက္ခစိုးလည်း သူ့ကို 'သူခိုး' လို့အော်တာနဲ့ လန့်ပြီးထွက်ပြေးတာ။ ပြန်မလာတော့ ဘူး"

"ဆရာလုပ်တဲ့သူဘာဖြစ်သွားလဲ"

"ဆရာလုပ်တဲ့သူလည်းငိုတာပေါ့။ ပုသိမ်က ဆရာတို့ရယ်၊ ကျွန်တော် အနှစ်နှစ်အလလစောင့်ထိန်းပြီး မွေးလာ ခဲ့တာ ဆရာတို့နဲ့ကျမှ ထွက်ပြေးသွားပြီ။ ကျွန်တော့်ဘဝတော့ သွားပါပြီလို့ပြော ပြောပြီး ငိုတာပေါ့"

"ခင်ဗျားလုပ်တာ အရမ်းပဲ၊ တစ်ဖက်သားငိုတဲ့အထိဖြစ်သွားတာပေါ့"

"ဆရာက ကိုယ့်အစွမ်းလား၊ ရုက္ခ စိုးအစွမ်းလားလို့တည့်မေးတော့မှ ဝန်ခံ တာ၊ သူရုက္ခစိုးမော်အောင်အောင်ကျင့်ခဲ့ ရကြောင်း၊ ဆရာတို့လုပ်မှ ရုက္ခစိုးထွက် ပြေးရကြောင်း ပြောပြပါတယ်"

"လူကြမ်းတော့ နတ်တောင်မနေ နိုင်ဘူးဆိုတာ အမှန်ပဲနော်"

"ဆရာစုကတော့ လူကြီးဆိုတော့ တောင်းပန်တာပေါ့။ ဒီကောင်က သိလို့ တမင်လုပ်တာမဟုတ်ဘူး။ လက်နှိုက် တာကိုကြည့်ပြီး ယောင်အော်တာ ဒီ ကောင်ကအရူးပါလို့ ချော့ပြောနေရ တာ"

"ဆရာဘာဖြစ်သွားလဲ"

"သူလည်း ရုက္ခစိုးမရှိတော့အစွမ်း အစမရှိတော့ဘူးပေါ့။ နောက်ပျောက် သွားတာ ပေါ်မလာတော့ဘူး"

ကျွန်တော်တောင်ရယ်ချင်နေသည်။ ဒီလိုအဖြစ်အပျက်တွေကို မှတ်တမ်းတင် ထားသည်။ ကျွန်တော်လည်း ဦးသိန်းရွှေ ကြီးကိုအတော်ခင်သွားသည်။သူ၏ပြော ပြမှု၊ ပညာပေးမှုများသည် ကျွန်ုပ်အဖို့ ဝိဇ္ဇာလိုင်း၏ ပထမအုတ်မြစ်များပင် ဖြစ် ပါတော့သည်။

**၂ ဦးသိန်းရွှေနှင့်ဘုရားထီးတင်ပွဲ**

"ဦးသိန်းရွှေ ဒီအသက်အရွယ် ရောက်ပြီ ဘုရားထီးတင်ဖူးလား"

"တင်ဖူးတာပေါ့၊ သာပေါင်း - တောင်ညိုက ဘုရားထီးတင်တာ ငါပါ တာပေါ့"

"ဘုရားထီးတင်ပုံကို ပြောပြပါဦး"

"အေး - ငါက သူများနဲ့မတူဘူး၊ လူထူးလူဆန်းပဲ။ ရုက္ခစိုးတောင် ထွက် ပြေးတာ သိတယ် မဟုတ်လား။ တစ်ခါ တလေ ပွဲကြီးပွဲကောင်းဆိုရင် ပေါက် ပေါက်လာတတ်တယ်။ ဆရာကြီးတွေက ရှင်းပေးရတာများတော့ ငါ့ကိုမလာစေ ချင်ဘူး"

"ဪ-ဒီလိုလည်းရှိကြတာလား"

"တစ်ခါက ငါတို့ရဲ့ဆရာ ဆရာ တင်ဆိုတာရှိတယ်။ ဆရာစုတို့ တပည့် လိမ္မာတွေနဲ့ တောင်ညိုကဘုရားထီးတင် ဖို့လုပ်ကြတယ်။တောင်ညိုက သာပေါင်း မြို့မှာရှိတာ။ ပုသိမ်က စက်လှေနဲ့လိုင်း သင်္ဘောနဲ့တစ်နေကုန်သွားရတာ"

"ဟုတ်ကဲ့"

"ဆရာအဖွဲ့တွေ ငါမသိအောင် မနက်ဖြန် စက်လှေနဲ့ထီးပင့်မှာ။ သာပေါင်း - တောင်ညိုမှာထီးတင်ပွဲကို ငါထားခဲ့တာ"

"သူတို့ကချိတ်လုပ်တာပေါ့"

"ဟုတ်တယ်၊ ငါလည်း မနက်စော လမ်းလျှောက်တော့ စိတ်က သီတာဦး သင်္ဘောဆိပ်ကိုသွားချင်နေတာ။ သီတာ ဦးသင်္ဘောဆိပ်ကနေဆက်သွားရင် သာ ပေါင်းသွားမယ့် လိုင်းသင်္ဘောအသေးရှိ တယ်"

"ဟုတ်ကဲ့ - ပြောပါဦး"

"ငါ့စိတ်က ဒီနားလေးကိုသွားချင် နေတာ။ ကဲ-သွားကွာဆိုပြီး စိတ်ထင်ရာ လျှောက်လိုက်တာ သာပေါင်းသင်္ဘော နားရောက်သွားတယ်ဆိုပါတော့"

"ဆရာ့ ကိုယ်စောင့်နတ်က သတိ ပေးတာဖြစ်မယ်"

"ဟုတ်တယ်၊ ငါကရူးပေမယ့် ဘုန်းကမရူးဘူး။ ငါ့အစောင့်က နှိုးဆော် တာ၊ သင်္ဘောပေါ်ကြည့်လိုက်တော့ ထီး ကိုမြင်ရတာ၊ ဘုရားက ထီးကြီးပဲ"

"ဆက်ပါဦး"

"ထူးတော့ ထူးတယ်၊ ထီးတော့ တွေ့ပြီဆိုပြီး ငါအပြင်ကိုအကဲခတ်လိုက် တော့ ဆရာတင်တို့အဖွဲ့သင်္ဘောဆီကို လာနေတာတွေ့လိုက်တယ်"

"စိတ်ဝင်စားစရာပဲ"

"ငါလည်း ဘာရမလဲ၊ သင်းတို့ကို ပညာပေးမယ်ဆိုပြီး သင်္ဘောပေါ်တက် ပြီး အိမ်သာထဲဝင်ပုန်းနေလိုက်တယ်"

"ကောင်းခန်းရောက်နေပြီ၊ ဆက် ပါဦး"

"ဒီလိုနဲ့ ထီးတင်မယ့်ဆရာအဖွဲ့ လည်းစုံရော သူတို့ပြောတဲ့စကားသံကို ငါကြားနေရတာပေါ့။ ခရီးသည်တွေစုံ လို့ သင်္ဘောကြီးလည်း ကမ်းကခွာရော ဆရာ့တပည့်တွေဝမ်းသာနေကြတာ။ ဒီ တစ်ခါ သိန်းရွှေမပါတော့ဘူး။ဒီလောက် ဆိုရင် သိန်းရွှေတစ်ယောက် ထီးတင်ပွဲ မလိုက်ရလို့ ငိုနေမှာပဲ။ သနားပါတယ် ကိုသိန်းရွှေရေလို့ တစ်ယောက်တစ် ပေါက်ပြောနေကြတာပေါ့။ ဒါနဲ့ငါလည်း အိမ်သာထဲကထွက်လာပြီး ငါလည်းပါ



www.burmeseclassic.com

www.burmeseclassic.com

တယ် ချန်မထားနဲ့။ ထီးတင်ပွဲလိုက်ခဲ့မယ် ဆိုပြီး ထွက်လာရော။

ဟာ - ဒုက္ခပါပဲ၊ သိန်းရွှေကြီးက ဒီရောက်နေတယ်ဆိုပြီးပါးစပ်အဟောင်း သားနဲ့အံ့သြနေကြတာပေါ့။ သူတို့ဆရာ ကြီးကို သွားပြောကြတာပေါ့။ ဆရာကြီး ကမေးတယ်။ မင်းကိုဘယ်သူကပြော တာလဲတဲ့။ ကျွန်တော့်ကို ဘယ်သူမှ မပြောပါဘူး။ ဒီနေ့မနက် ကိုယ်စောင့် နတ်ကနှိုးဆော်လို့ ရောက်လာတာပါလို့ ပြောလိုက်တာ"

"ဆရာကြီးက ဘာပြောလဲ"

"မင်း ငါ့စကားကို နားထောင်။ တောင်ညိုဆိုတာ တောင်ပိုင်ကြီးကဆိုး တယ်။ ပေါက်ကရလုပ်ရင် ဒုက္ခရောက် သွားနိုင်တယ်။ ထီးတင်ပွဲကို အောင် အောင်မြင်မြင်ဖြစ်အောင်တင်ချင်တယ်။ မဖောက်ပါနဲ့လို့ ဆုံးမတယ်"

"ဦးသိန်းရွှေကလည်း ဖောက်, ဖောက်နေတတ်တာလား"

"ငါကအမြဲတမ်းကြီးတော့ဖောက် တာမဟုတ်ဘူး။ တစ်ခါတလေ စိတ်ထင် ရာလုပ်တတ်တော့ မှန်တာရှိသလို မှား တဲ့အခါကျတော့ ဖောက်တာလို့ပြောကြ တာပေါ့ကွာ"

"နားထောင်လို့ကောင်းလိုက်တာ"

"တောင်ညိုမှာ အောင်အောင် မြင်မြင် ထီးတင်ခဲ့တယ်။ မှတ်မှတ်ရရ ငါ့ ကိုကွက်ပြီးထားခဲ့တော့မှ ငါလည်းပါဖြစ် အောင်ပါခဲ့တာ ငါ့ဘဝရဲ့မှတ်တမ်းလေး တစ်ခုပေါ့ကွာ"

"ဒီမှတ်တမ်းလေးကိုလည်း မှတ် တမ်းတင်ထားပါ့မယ်၊ တစ်ချိန်ကျရင် တော့ အသုံးတည့်မှာပါ" -

**▫ ကိုစိုးသိန်းအား တောင့်စောင့်ခန့်ခြင်း**

"တောင်ညိုရောက်တော့ ဦးသိန်း ရွှေကြီး ဖောက်သေးသလား၊ တခြား ထူးဆန်းတာတွေဖြစ်သေးလား"

"အေး - ထူးဆန်းတာတစ်ခုဖြစ် သေးတယ်ကွ။ ငါ့ကို ဆရာက အနီးကပ် ကြီးကြပ်ထားတော့ သိပ်ဖောက်လို့မရ ဘူး။ ထီးတင်ပွဲတော့ အောင်အောင်မြင် မြင်ဖြစ်သွားတယ်။ ဆရာလည်း စိတ် လျှော့လိုက်ပြီး ငါ့ကိုလွှတ်ထားတယ် ကွာ"

"ဟုတ်ကဲ့ - ပြောပြပါဦး"

"ဆရာ့တပည့်ထဲမှာ စိုးသိန်းဆိုတဲ့ ရခိုင်တစ်ယောက်ပါတယ်ကွ။ သူက ရိုး ရိုးအအကြီးပါပဲ။ ငါ့ကို ထီးတင်ပွဲမလာ စေချင်တာ သူကအကဲဆုံးပဲ။ သဘော် ပေါ်မှာ ငါမပါလို့ပျော်နေတာလည်း ဒီ ကောင့်အသံက အကျယ်ဆုံးပဲ။ ငါသူ့ကို ပြန်စချင်နောက်ချင်လာတယ်"

"ဖောက်လာတယ်ဆိုပါတော့"

"ဟုတ်တယ်၊ ငါ့စိတ်တွေက ဖောက်လာတယ်ဆိုပါတော့ကွာ။ ဆရာ က ဆရာကတော်နဲ့ စကားပြောနေ တယ်။ ငါတို့ကျန်တဲ့အဖွဲ့စုမိရာက ငါတို့ နှစ်ယောက်ထအော်တော့တာပဲ"

"ဘယ်လိုအော်တာလဲ"

"တစ်ယောက်က တိုင်ပေးတယ်၊ ငါကလိုက်ဆိုတာ အတိုင်အဖောက်လုပ် ကြတာပေါ့"

"ဘယ်လိုအော်ကြတာလဲ"

"တောင်ညိုကို ဘယ်သူစောင့် မလဲလို့တိုင်တာ ငါက 'တောင်ညိုကို စိုးသိန်းစောင့်မယ်' လို့ ဖောက်လိုက် တယ်။ (၃) ကြိမ်လည်းအော်ပြီးတော့ ဆရာလည်းရောက်လာ ဘာပေါ့"

"ဆရာက ဆူလိုက်တာ။ ငါသေ သေချာချာပြောထားရက်နဲ့ မဖောက်ပါ နဲ့ဆို ဘာလို့ပေါက်ကရအော်ရတာလဲလို့ ဆုံးမတာပေါ့။ စိုးသိန်းရခိုင်လည်း ငိုပြီး ဆရာ့ကိုတိုင်ပြောတာပေါ့"

"ဆရာကဘာပြောလဲ"

"စိုးသိန်း ငါရှိတယ်။ မင်းဘာမှ မဖြစ်စေရဘူးဆိုပြီး ဆေးတွေဘာတွေ တိုက်လိုက်တယ်။ စိုးသိန်းရခိုင်လည်း ဘဝင်ကျသွားတယ်"

"ပြီးတော့ဘာဖြစ်သေးလဲ"

"ငါတို့အဖွဲ့ ပုသိမ်ကိုပြန်လာကြ တယ်။ ရခိုင်စိုးသိန်းလည်း ဘာစိတ်ကူး ပေါက်လဲမသိဘူး။ သာပေါင်းကို သူ့မိတ် ဆွေနဲ့ပြန်သွားတယ်။ သာပေါင်းမှာ သစ် ကိစ္စအလုပ်လုပ်ရင်း တောင်ညိုနားက မြေကွက်တွေဝယ်ပြီး ယာလုပ်နေတာ (၅) နှစ်လောက်ကြာတယ်"

"ဩော်-ဒီလိုတောင်ဖြစ်သွားတာ ပေါ့"

"ငါလည်း စိုးသိန်းကိုသနားလို့ တောင်ညိုအထိသွားခေါ်ရတယ်။ သူ့ ယာခင်းတွေရောင်းပြီး ပုသိမ်ကိုမနည်း ပြန်ခေါ်လာရတာ။ ဝစီဘေဒပြောတိုင်း ရှိတယ်ဆိုတာ ငါကောင်းကောင်းသိသွား ပြီ"

ဤသို့ဖြင့် ပုသိမ်မြို့တွင် တာဝန် ထမ်းဆောင်ခဲ့စဉ်က ခင်မင်လေးစားခဲ့ရ သော ဦးသိန်းရွှေကြီး၏ပြောစကားများ ကို မှတ်တမ်းတင်ဂုဏ်ပြုရပါကြောင်း။

အဏ္ဏဝါလှိုင်း

# ကြက်များ ရောဂါကင်းစေရန်

## နတ်မောက်မင်းသန့်နိုင်

ကျွန်တော် အညာဒေသနှင့် မြေ လတ်ပိုင်းတွင် အိမ်မွေးဟင်းစားအဖြစ် မြန်မာရိုးရိုးကြက်များကို အလွတ်မွေးမြူ ထားတတ်ကြပါသည်။ အိမ်တိုင်းတွင် သားပေါက်ကြက်မကြီးနှစ်ကောင်မှ ငါး ကောင်၊ ခုနစ်ကောင်အထိ မွေးထား တတ်ပါသည်။

နေကျေးလက်တောရွာမို့ သားသတ် ရောင်းသောဆိုင်လည်းမရှိ၊ လိုင်စင်ဝီ အသားရောင်းဆိုင်လည်းမရှိသဖြင့် မြို့မှ ဧည့်သည်အထူးလာလျှင် အလွတ်မွေး ထားသောအိမ်ခြံပေါက်ကြက်တစ်ကောင် ကိုသာလျှင် ဟင်းစားဟင်းကောင်းအဖြစ် ပြုလုပ်ရလေ့သည်။

၎င်းအိမ်မွေးကြက်များ အနာ ရောဂါကင်းစေသောနည်းလမ်းသိရှိတွေ့ မြင်ခဲ့ရသဖြင့် ဗဟုသုတတိုးစေခြင်းငှာ ရေးသားတင်ပြပါသည်။

လိုအပ်သောပစ္စည်းမှာ ရှားပါး သည်မဟုတ်ဆိုလျှင်လည်း ဆို၍ရပါသည်။ သို့သော် ရနိုင်သောဒေသတွင် အလွန် ပေါများနေမည်ထင်ပါသည်။ ထိုပစ္စည်း မှာ အခြားမဟုတ်ပါ၊ ဆင်သရေပင်ဖြစ် ပါသည်။ တစ်နည်းအားဖြင့် ဆင်၏ အရေခွံဖြစ်ပါသည်။

ကြက်များ ရေသောက်သည့်ရေ ခွက်ထဲသို့ ဆင်အရေခွံအခြောက်ကို တစ် လက်မ၊ နှစ်လက်မခန့် ထည့်စိမ်ထားရုံ သာ။ ထိုရေကိုသောက်သောကြက်များ သည် ရောဂါကင်းရှင်း၍ ကျန်းမာဖြံ့ ထွားကြပါသည်။ ဆင်အရေတစ်ထွာ ပတ်လည်ခန့်ရလျှင် လေး၊ ငါးနှစ် ရေစိမ် ခံ အသုံးပြုရနိုင်ပါသည်။

ထို့အတွက် ရနိုင်သောဒေသများ တွင် ဆင်အရေကိုစုဆောင်းဆောင်ထား သင့်ပြီး ကြက်များကျန်းမာရေးအသုံးပြု နိုင်ပါကြောင်း တင်ပြရေးသားအပ်ပါ သည်။

ဗဟုသုတတိုးပွားကြပါစေ

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

## ဆရာဦးမောင်မောင်သန်း
## (ရင်ကိုအေးမြစေသား)

အကြိမ် (၃၂၀) မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

**တနင်္ဂနွေသားသမီးများ**

ဩဂုတ်လ ၈၊ ၁၂၊ ၂၂၊ ၂၅၊ ၂၆ ရက်များမှာ ထီထိုးပါ။

ယခုလတွင် ကဏန်းအရှင်များ၊ ငါးအရှင်များကို တတ်နိုင်သလောက် ဘေးမဲ့လွှတ်ပေးပါ။ ထိုနေ့တွင်ပင် ထီထိုးပါ။

စက်တင်ဘာလတွင် ၁၊ ၆၊ ၄၊ ၈၊ ၂ ဂဏန်းများ ကံစပ်သည်။

**တနင်္လာသားသမီးများ**

ဩဂုတ်လ ၁၃၊ ၁၉၊ ၂၃၊ ၂၆ ရက်များမှာ ထီထိုးပါ။

သရဏဂုံ-၃၀ကို အဓိဋ္ဌာန်ပြု၍ ပုတီးစိပ်ပါ။ နေ့စဉ်နေ့တိုင်း ငှက်စာကျွေးပါ။

စက်တင်ဘာလတွင် ၆၊ ၇၊ ၂၊ ၉ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

ဩဂုတ်လ ၁၀၊ ၁၄၊ ၂၀၊ ၂၁၊ ၂၃ ရက်များတွင် ထီထိုးပါ။

ဘုရားရှင်အား အကြော်များနှင့် ဆွမ်းတော်ကပ်ပါ။

စက်တင်ဘာလတွင် ၁၊ ၇၊ ၆၊ ၄၊ ၈ ဂဏန်းများနှင့် ကံစပ်သည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဩဂုတ်လ ၆၊ ၇၊ ၁၅၊ ၂၁၊ ၂၃ ရက်များမှာ ထီထိုးပါ။

ယခုလတွင် ရက္ခစိုးညောင်ပင်ကြီး (၉)ပင်ပြည့်အောင် အမွှေးတိုင်များ၊ ဖယောင်းတိုင်များ ထွန်းလှူပါ။ ဖယောင်းတိုင်ထွန်းမရလျှင် အမွှေးတိုင်ထွန်းပါ။ (၉)ပင်ပြည့်သောနေ့မှာ ထီထိုးပါ။

စက်တင်ဘာလတွင် ၁၊ ၆၊ ၂၊ ၉ ဂဏန်းများနှင့် ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

ဩဂုတ်လတွင် ၈၊ ၁၆၊ ၁၉၊ ၂၂၊ ၂၃ ရက်များမှာ ထီထိုးပါ။

တစ်နေ့ထဲ ဘုရား (၃) ဆူပြည့်အောင်သွား၍ တစ်ဆူစီတွင် ဖယောင်းတိုင် (၃)တိုင်စီထွန်းညှိပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

စက်တင်ဘာလတွင် ၁၊ ၇၊ ၆၊ ၈ ဂဏန်းများ ကံစပ်သည်။

**သောကြာသားသမီးများ**

ဩဂုတ်လ ၉၊ ၁၀၊ ၂၀၊ ၂၃ ရက်များမှာ ထီထိုးပါ။

သရဏဂုံ -၃၀ကို အဓိဋ္ဌာန် (၃) ရက်ဝင်၍ ပုတီး (၁၀) ပတ်၊ အပတ် (၂၀) အဆင်ပြေသလိုစိပ်ပါ။ (၃) ရက်မြောက်လျှင် ထီထိုးပါ။

စက်တင်ဘာလတွင် ၆၊ ၈၊ ၁၊ ၉ ဂဏန်းများ ကံစပ်သည်။

**စနေသားသမီးများ**

ဩဂုတ်လ ၁၁၊ ၁၈၊ ၂၁၊ ၂၄ ရက်များမှာ ထီထိုးပါ။

တန်ခိုးကြီးဘုရားစေတီတစ်ဆူဆူသို့သွား၍ ညလုံးပေါက် လျှပ်စစ်မီးပူဇော်လိုက်ပါ။ ကိုယ်ပူဇော်ရသောနေ့တွင် အဓိဋ္ဌာန်ပုတီးစိပ်ပြီး ထီထိုးပါ။

စက်တင်ဘာလတွင် ၆၊ ၄၊ ၈ ဂဏန်းများ ကံစပ်ပါသည်။

ယခုလတွင် မည်သည့် (၇) ရက်သားသမီးမဆို -

၃- ၈ -၂၀၁၅ တနင်္လာနေ့နှင့် -

၂၃- ၈ -၂၀၁၅ တနင်္ဂနွေနေ့များမှာ ထီကိုဖြစ်အောင်ထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

## ကျွဲ၊ နွား
## ဆီး-ဝမ်းမချုပ်ရလေအောင်
### နေမဝင်(နတ်မောက်)

ကျွဲ၊ နွားတို့သည် အများအားဖြင့် နွေအခါတွင် ဆီး၊ ဝမ်းချုပ်တတ်ပါသည်။ ကျွဲ၊ နွားတို့ ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်လျှင် သေကျေပျက်စီးသည်အထိ အန္တရာယ်ရှိပါသည်။

နွေအခါရာသီတွင် ဆီး၊ ဝမ်းချုပ်ဖြစ်ရခြင်းမှာ ရာသီဥတုပူပြင်းခြောက်သွေ့လွန်းခြင်းနှင့် အစာစိမ်းစိမ်းစိုစို မစားရဘဲ ကောက်ရိုးခြောက်၊ မြက်ခြောက်၊ ပြောင်းရိုးခြောက်၊ ပဲရိုးခြောက်စသည့်ခြောက်သွေ့မာကျောသောအစာများကိုသာ စားရသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် အညာဒေသနှင့် မြေလတ်ပိုင်းတွင် နွေအခါ အင်း၊ အိုင်၊ ရေကန်တို့ရေခန်းခြောက်သဖြင့် ကျွဲ၊ နွားတို့မှာ ရေကို အလိုရှိတိုင်း မသောက်ရခြင်းကြောင့်လည်း ဖြစ်ပါသည်။

သို့အတွက် ကျွဲ၊ နွားများ နွေအခါ ဝမ်းချုပ်၊ ဆီးချုပ်မဖြစ်စေရန် ရေကို ဝဝလင်လင် အလိုရှိတိုင်း သောက်ရအောင် သခင်ဖြစ်သူမှ ဂရုစိုက်ပေးပါ။ အစာမာများကိုလည်း ရေနှင့် နူးနပ်အောင် သေချာနယ်ကျွေးပေးပါ။

ထို့အပြင် ကျွဲ၊ နွားများ နွေရာသီ ဓာတ်စာအဖြစ် ကုက္ကိုရွက်အစို၊ တမာရွက်အစို၊ နဘူးရွက်အစိုများကို အစာနှင့်အတူ ရောနယ်ကျွေးပါ။ အချို့ကျေးရွာများတွင် ညောင်ချဉ်ပင်များပေါများရာ ညောင်ချဉ်ရွက်များလည်း ကျွေးပေးနိုင်ပါသည်။

နွေအခါတွင် ကုက္ကိုပင်၊ တမာပင်၊ နဘူးပင်၊ ညောင်ချဉ်ပင်တို့သည် နွေအပူကို အန်တုနိုင်ပြီး အရွက်စိမ်းစိမ်းစိုစိုနှင့် ရွက်သစ်များဝေနေထွက်နေပါသည်။ ထိုအရွက်များအားလုံးသည် ကျွဲ၊ နွားများ ဆီး၊ ဝမ်းမချုပ်စေရန်အတွက် ဓာတ်စာအရွက်များဖြစ်၍ ကျွေးပေးရကြောင်း အလွန်ဝမ်းချုပ်လျှင် တမာရွက်တစ်ပြည်သားထောင်း၍ ရေနှင့်ဖျော်ကာ ဝါးကျည်တောက်နှင့်တိုက်ပေးရကြောင်း ရေးသားတင်ပြအပ်ပါသည်။

*တိုးတက်ကြီးပွားကြပါစေ*

နေမဝင် (နတ်မောက်)

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၅ ခုနှစ်၊ ဩဂုတ်လ

# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ (B.Sc)

**ဩဂုတ်လ ၁ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း(၁၊ ၇၊ ဝ)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အပြာရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၃ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ခရမ်းရောင်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၄ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၄၊ ၇)၊ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ(၉)ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၅ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၇၊ ဝ)၊ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၆ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၇ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၃)၊ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)၊ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်၊ ဗေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၈ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၉၊ ဝ)၊ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၉ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၄၊ ၈)၊ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ငှဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၀ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၉)၊ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၁ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၇)၊ စိုးမိုးဂဏန်း (၂၊ ၇၊ ဝ)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနက်ရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၅၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အပြာရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၃ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၈၊ ဝ)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်းရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၄ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၅၊ [illegible] ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်၊ အညိုရောင်။



www.burmeseclassic.com

www.burmeseclassic.com

အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက် လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၅ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၉၊ ၀)။လာဘ်နေအရပ်အနောက်တောင်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၆ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၆)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထအနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၇ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၉၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က မီးခိုးရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၈ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၅၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၅၊ ၈၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၀ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊၇၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ပန်းရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၁ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၂ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၉)၊ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၃ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၉၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၄ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၄၊ ၇၊ ၉)၊ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်၊ အညို ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၅ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄၊ ၅၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၅၊ ၈၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အပြာရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၇ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊၅၊ ၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉)ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၈ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ခရမ်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၉ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အဝါရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၃၀ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်၊ ဗေဒါ ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၃၁ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က မီးခိုးရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)



www.burmeseclassic.com

www.burmeseclassic.com

တဟိ တဟိ ပါရမီ သဠယံ စယံ
ဂတံ ဂတံ အဗ္ဘိ သုခပ္ပဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဓိနံ ပုံဂဝံ ဂဝံ။ ။

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရာ
အညွန့်၊ ပန်း၊ ဒ္ ၁ဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သုံးမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဓာတ်မရိုက်ရ။ တနင်္ဂနွေနာမည်ရှင်နှင့်စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင် အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေ ထောင့်တွင် ဂုဏ်တော်ပုတီးအဓိဋ္ဌာန်စိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် စနေနံပစ္စည်း အပျက်အဟောင်းများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များတွင်အသုံးပြုရန် တံမြက်စည်းများ တတ်အားသရွေ့လှူပေးပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အမည်းရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - နွမ်းပါးသော သက်ကြီးရွယ်အိုများကို ဆေးဝါး၊ ငွေကြေး၊ အာဟာရလှူပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၁) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံအသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - 'တဟိ တဟိ' အစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွန့်လက်ဓာတ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းနှင့် မေ္တစကြာ ရွတ်ဖတ်ပူဇော်ပါ။ မကြာမကြာသွားပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ထီးစုတ်၊ ဖိနပ်စုတ်များ၊ ဓာတ်ပုံအပျက်များ၊ မီးလုံး၊ မီးချောင်းအကျွမ်းများ ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များသို့ရောက်တိုင်း တံမြက်လှည်းခြင်း၊ အမှိုက်များကောက်ခြင်း၊ ဘုရားပန်းခြောက်များစွန့်ပေးခြင်း ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီး/ ဆိုင်ကယ်တို့နှင့်ရောင်းသော ထီသည်ထံမှာ (၃၊ ၄၊ ၈) ဂဏန်းတွေနှင့် ကံစပ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံအသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားရင်ပြင်တော်၊ စောင်းတန်းတော်များကို တံမြက်လှည်းခြင်း၊ အမှိုက်များကောက်ခြင်းဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့် ဆန့်ကျင်ဘက်စကားမပြောပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်များတွင် (၁၊ ၃၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၃) မျိုး (သို့) သစ်သီး (၃) မျိုးဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရား (၃) ဆူပြည့်အောင် တစ်နေ့တည်းသွား၍ အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို မြောက်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာနှင့် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၈) ခေါက် နေ့စဉ်ရွတ်ဖတ်ပူဇော်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ငါးအရှင်လေးများကို တစ်နိုင်ဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - သောကြာနံထီဆိုင်တွင် (၆၊ ၃၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရက်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို တောင်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။ မကြာမကြာသွားပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ဂြိုဟ်သက်အလိုက် ရေသပ္ပာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသော နွမ်းပါးသူများကို ဆေး၊ ငွေကြေးလှူပါ။

www.burmeseclassic.com

**ထီးကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့်မှာထိုးပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့်။ ကြိုက်ရာထိုးလာပါစေ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အဂ္ဂိနံအသီး၊ အညွန့်ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ချေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာ လောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွန့်လက်တစ်ဆုပ်ဖြင့် မကြာ မကြာ စတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အဂ္ဂိနာမည်ရှင်အကျီးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အဂ္ဂိနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိအသုံးမလိုတော့သည့် စနေနံပစ္စည်း အဟောင်း၊ အစုတ်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားဆောင်တွင် ဖုန်၊ အမှိုက်များရှင်းလင်းပြီး မဆိုင်သောပစ္စည်းများဖယ်ရှားလိုက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားနူးညံ့စွာပြောပါ။ စကားကြမ်းကြမ်းမပြောပါနှင့်။
**ကျန်းမာရေး** - လေထိထားသော ဝေဒနာရှင်များကို ဆေးလှူပါ။ အာဟာရလှူပါ။
**ထီးကံကောင်းလိုသူများ** - စက်ဘီး၊ ဆိုင်ကယ်များနှင့်ရောင်းသော ထီသည်ထံမှာ (၅၊ ၃၊ ၆) ဂဏန်းများနှင့်ကံစပ်နေပါသည်။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံအသီး၊ အညွန့်ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ချေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - 'တဟီး တဟီး' အစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် အရဟံဂုဏ်တော်ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဖြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သရဏဂုံ -၃၀ ကို နေ့စဉ် ပုတီး (၅) ပတ်ရအောင်စိပ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျိုး၊ ခွေးလေးများကို နေ့စဉ်တစ်လှည့်စီအစာကျွေးပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
**ထီးကံကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်တွင် (၁၊ ၃၊ ၄၊ ၈) ဂဏန်းများနှင့် ပြည့်နေအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

---

ယခုလတွင်-

တနင်္လာစ-တနင်္ဂနွေပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမို ရွတ်ဆိုသရဇ္ဈာယ်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါလေ။

ကောင်းအံ့၊ ခန့်ညီး၊ ချစ်အိမ်။

---

*မိမိကောင်းမှု အကြောင်း...*
*ဆုမတောင်းဘဲပြည့်...*

ပြည့်ပိန်...



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးအကြံပေးမည့်သူ၊ ကူညီမည့်သူများမှာ တနင်္ဂနွေသားသမီး၊ တနင်္ဂနွေနာမည်ရှင်များ ဖြစ်ပါသည်။ (၇) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ မကျွမ်းကျင်သောအလုပ်မှန်သမျှမှာ ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ရပါ။ အထူးသဖြင့် လူမျိုးကွဲများနှင့် စပ်တူရှယ်ယာမပြုလုပ်သင့်ပါ။ ငွေကြေးနှင့်ပတ်သက်သောကိစ္စမှန်သမျှ အကြိမ်ကြိမ်စဉ်းစားပြီးမှ ပြုလုပ်ပါ။ လက်ရှိလုပ်ငန်းကောင်းမည်။ ကျန်းမာရေးကောင်းစေရန် ဒုက္ခိတများကို တွေ့တိုင်း ငွေလှူပါ။ သီလရှင်ကြီးများကို မကြာမကြာဆေးလှူပါ။ အကြောနှင့်ဆိုင်သောရောဂါများ၊ ခြေ၊ ခါး၊ ဒူးနှင့်ဆိုင်သောရောဂါများ အထူးဂရုစိုက်ပါ။ ပညာရေးကံတွေကောင်းနေပါသည်။ အပေါင်းအသင်းများနှင့် အချိန်ကုန်မခံပါနှင့်။ နှလုံးသားရေးရာတွင် မျက်နှာပွင့်သူဖြစ်နေမည်။ သွားရင်းလာရင်း ချစ်သူထပ်တွေ့တတ်၍ တစ်ဦးပေါ်တစ်ဦး သစ္စာရှိဖို့လိုပါသည်။ လူငယ်တွေအနေနှင့် အနေအထိုင်မဆင်ခြင်လျှင် မရှုနိုင်မကယ်နိုင်ကိစ္စများကြုံလာတတ်၍ အထူးဆင်ခြင်ရပါလိမ့်မည်။ အိမ်ထောင်ရေးတွင် ပြဿနာတွေပေါ်တတ်ပါသည်။ ကားမောင်းမကြမ်းပါနှင့်။ ထီထိုးရန်အတွက် တနင်္ဂနွေနံ၊ သောကြာနံဆိုင်များတွင် (၁၊ ၆၊ ၂၊ ၉၊ ၃) ဂဏန်းများနှင့်အကျိုးပေးပါလိမ့်မည်။

ယတြာ ။ ။ *အိမ်ထဲရှိ ဖိနပ်အစုတ်များကို စွန့်ထုတ်ပစ်ပါ။*

၂၀၀၅ ခုနှစ်၊ ဩဂုတ်လအတွက်

ဆရာဦးမောင်မောင်သန်း

( ရှင်ကိုအောင်မြေစေသား )

**ခုနစ်ရက်သားသမီး**

**ဟောတတမ်း**



www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးအကြံပေးနိုင်သူ၊ ကူညီမည့်သူများမှာ အင်္ဂါနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များ ဖြစ်ပါသည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ငွေကြေးနှင့်ပတ်သက်တဲ့ကိစ္စမှာ သမျှရှောင်ပါ။ ကိုယ့်ငွေချေးလျှင်လည်းဆုံးတတ်သလို သူများကို အာမခံပေးလျှင်လည်း စိုက်ဆပ်ရတတ်ပါသည်။ အများပိုင်ငွေကြေးနှင့်ပတ်သက်ပြီး ကိုင်တွယ်ရတဲ့တာဝန်မျိုးဖြစ်နေပါက စာရင်းအင်းများသေချာစွာပြုလုပ်ထားပါ။ ဂရုစိုက်နေတဲ့ကြားက ငွေကွာတတ်ပါသည်။ ကျန်းမာရေးကောင်းနေစေရန် မျက်မမြင်များကို ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။ ခြေမကောင်းသူများကို တွေ့လျှင်လည်းလှူပါ။ ပညာရေးအတွက် ထိထိရောက်ရောက်ကြိုးစားကျက်မှတ်ပါ။ မျက်လုံးထိခိုက်သည်အထိ ကစားလွန်းလျှင်၊ အိပ်ရေးပျက်လွန်းလျှင် တော်ပါလျက်နှင့်ချော်သွားတတ်ပါသည်။ ချစ်တတ်သူတွေအတွက်ကတော့ ငှက်ကလေးများ မကြာမကြာအစာကျွေးပါ။ အနက်ရောင်ပြောင်အင်္ကျီဝတ်တာဆင်ခြင်ပါ။ ကားမောင်းနေရသူဖြစ်ပါက ကားမောင်းအထူးဆင်ခြင်ပါ။ လောင်းကစားကိစ္စများရှောင်ပါ။ မထင်မှတ်တာတွေနှင့်မကြုံရအောင် များများရွတ်ဖတ်မှုပြုပါ။ လောဘ၊ မာနရှောင်ပါ။ မေတ္တာဘာဝနာစီးဖြန်းဖို့မမေ့ပါနှင့်။

**ယတြာ ။ ။ ဗိုက်နှင့်ဆိုင်သော ဝေဒနာရှင်များကို ကြုံတိုင်း ဆေးလှူပါ။ ငွေလှူပါ။**

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးအကြံပေးနိုင်မည့်သူ၊ ကူညီနိုင်မည့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ တနင်္လာနာမည်ရှင်များ ဖြစ်ပါသည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်[illegible] ငွေကြေးနှင့်ပတ်သက်သ၍ တော်တော်ရှောင်ရမှာဖြစ်ပါသည်။ ရရာရှိတာတွေမရလို့ ပေးရရာရှိတာတွေမပေးနိုင်ဖြစ်[illegible] တတ်ပါသည်။ ကျန်းမာရေးအတွက် လိုအပ်ပါက မျက်မမြင်၊ ဗိုက်ဝေဒနာရှင်၊ ကလေးမွေးခါနီးမိခင်တွေကို ဆေး၊ [illegible] အာဟာရများ ထောက်ပံ့လှူဒါန်းပါ။ အကြောနှင့်ဆိုင်သောဝေဒနာ၊ ဝမ်းဗိုက်နှင့်ဆိုင်သောဝေဒနာများမဖြစ်အောင် ဂရုစိုက်[illegible] ပညာရေးကံတွေကောင်းနေပါသည်။ ကျန်းမာရေးကောင်းနေပါ။ စိတ်ကိုအမြဲတလိုမလိုက်ပါနှင့်။ အထူးကြီးများပေးခြင်း၊ အ[illegible] ကြီးတွေလျော့တဲ့နေရာမျိုးတွေသွားခြင်းများ ကြုံရမည်။ ကိုး၊ ဘိုး၊ အဆောက်အအုံနှင့်ဆိုင်သောကိစ္စများ ကောင်း[illegible] ဆိုင်ကယ်စီးအထူးဆင်ခြင်ပါ။ မကျွမ်းကျင်သော စီးပွားရေးများ သူများပြောတိုင်းမလုပ်ပါနှင့်။ လက်ရှိအလုပ်တွေ [illegible] ပေးပါမည်။ လောဘကြီး၍မရပါ။ ထိုထိုးရန်အတွက် တနင်္ဂနွေနံထိုးဆိုင်တွင် (၁၊ ၂၊ ၃၊ ၉) ဂဏန်းများနှင့် ကံစပ်နေပါသည်[illegible]

**ယတြာ ။ ။ [illegible] ဘုရားလှူတော်ထားပါ။**

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးအကြံပေးနိုင်မည့်သူ၊ ကူညီနိုင်မည့်သူများမှာ အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များ ဖြစ်ပါသည်။ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ဖြစ်နိုင်လျှင် ငွေကြေးကိစ္စတွေမှန်သမျှ ရှောင်ထားပါ။ အခက်အခဲများဖြစ်တတ်ပါသည်။ အတိုက်အခံများလွန်းလျှင် သရဏဂုံ-၃၀ ကို (၁၀) ပတ်စိပ်ပါ။ မစိပ်အားပါက (၉) ခေါက်ရွတ်ပြီး ဘုရားရှိခိုးပါ။ ကျန်းမာရေးအတွက် လိုအပ်ပါက ငါးအရှင်ကဏန်းအရှင်လေးများကို တစ်နိုင်တစ်ပိုင်လွှတ်ပေးပါ။ နံနက်စောစော အရုဏ်ဆွမ်းလောင်းလှူပါ။ ပညာရေးအတွက် တွေဝေမနေဘဲကြိုးစားပါ။ အဖျားရှူးမသွားပါနှင့်။ စာသင်သားသံဃာတော်များကို စာအုပ်၊ စာရေးကိရိယာလှူပါ။ ချစ်တတ်သူများအတွက် မျက်နှာများတတ်သူမဖြစ်ပါစေနှင့်။ အနေအထိုင်လည်း ဆင်ခြင်ပါ။ မဖြစ်သင့်တာတွေမဖြစ်အောင်ထိန်းပါ။ ယခုလတွင် အလုပ်နှင့်ပတ်သက်သော စိတ်ဖိစီးမှုတွေများလာတတ်ပါသည်။ တစ်ခါတစ်ခါ မျက်နှာငယ်သလို၊ အနိုမ်ခံရသလို ခံစားရတတ်ပါသည်။ ဆင်းရဲနွမ်းပါးသော ကိုယ်ဝန်ဆောင်ကိုတွေ့တိုင်း ငွေ၊ အာဟာရတစ်ခုလှူပေးပါ။ ထိုထိုးရန်အတွက် အင်္ဂါနံထီဆိုင်တွင် (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ပါ။

**ယတြာ ။ ။ *ဘုရားရှင်အား စံပယ်ပန်းပွင့်များနှင့် များစွာ ပူဇော်ပါ။***



www.burmeseclassic.com

www.burmeseclassic.com

### ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအတွက် အကောင်းဆုံးကူညီမည့်သူ၊ အကြံပေးမည့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များ ဖြစ်ပါသည်။ (၂) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ငွေကြေးနှင့် ပတ်သက်သောကိစ္စများ စိတ်ပူရတတ်ပါသည်။ စာရင်းဇယားများကို ကိုင်တွယ်ရပါက သေချာပြုစုပါ။ အထူးသဖြင့် အများပိုင် ငွေကိစ္စများ ပိုဂရုစိုက်ရပါမည်။ စပ်တူရှယ်ယာလုပ်ငန်းများ လုံးဝအကျိုးမပေးပါ။ လုပ်နေကျအလုပ်ကလွဲပြီး သူများပြောစကားနှင့် အခြားအလုပ်တွေ မတိုးချဲ့ပါနှင့်။ လောင်းကစားဆိုလျှင် စိတ်ကူးထဲတောင်မထည့်ပါနှင့်။ မိသားစုထဲမှာ ငွေပြဿနာကြောင့် ခဏခဏစိတ်ညစ်နေရတတ်ပါသည်။ မလိုအပ်ဘဲ ငွေတွေကုန်နေတာရှိတတ်ပါသည်။ ဒိဝါတပတိဂါထာကို မကြာမကြာ အမိဌာန်ဝင်ပါ။ ကျန်းမာရေးအတွက် လိုအပ်ပါက ငါးအရှင်လေးများလွှတ်ပေးပါ။ သတ်မည့်ဆဲဆဲငါးနှင့် သတ်မည့်ဆဲဆဲကြက်ကိုလွှတ်ပါ။ ဆေးဝါးများလှူပေးပါ။ ဗောဇ္ဈင်္ဂသုတ်နှင့် ပရိမိတ္တဇာလသုတ်ကို အမိဌာန်နှင့်ရွတ်ပါ။ အစားဆင်ခြင်ပါ။ ပညာရေးကံတွေကောင်းပါသည်။ ခက်ခက်ခဲခဲကြားကနေ အောင်မြင်မည်။ ချစ်တတ်သူတွေကတော့ နှစ်ယောက်စလုံး ငှက်ကလေးတွေ ခဏခဏလွှတ်ပေးပါ။ တနင်္ဂနွေနံထီဆိုင်တွင် (၃၊ ၁၊ ၄၊ ၈) ဂဏန်းတွေအကျိုးပေးပါလိမ့်မည်။

ယတြာ ။ ။ *လေထိထား၍ လမ်းမလျှောက်နိုင်သူများကို လှူဒါန်းပါ။ ဆေး၊ ငွေ အာဟာရ လှူဒါန်းပါ။*

### သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးအကြံပေးမည့်သူ၊ ကူညီမည့်သူများမှာ အင်္ဂါနာမည်ရှင်၊ တနင်္လာနာမည်ရှင်များ ဖြစ်ပါသည်။ (၇) ဂဏန်း၊ (၈) ဂဏန်းများ ရှောင်ပြီး အလုပ်လုပ်ပါ။ နိုင်ငံခြားသား၊ လူမျိုးကွဲများနှင့် အလုပ်လုပ်ဖို့ အစီအစဉ်ရှိပါက စဉ်းစားပါ။ သူများပြောစကားနားယောင်ပြီး လုပ်ငန်းအများကြီးမလုပ်ပါနှင့်။ မနိုင်ဝန်မထမ်းပါနှင့်။ ကိုယ်လုပ်နေတဲ့အလုပ်ကိုပဲ အာရုံစူးစိုက်ပြီးလုပ်ပါ။ ကုသိုလ်ကောင်းမှုတွေသာ များများပြုရင်း လုပ်ငန်းအောင်မြင်မှုကို ရယူပါ။ ကျန်းမာရေးကောင်းနေစေရန် ရင်ထဲ၊ ဝမ်းထဲပြည့်တင်းကျပ်နေအောင် မစားပါနှင့်။ ဝမ်းဗိုက်ကိုထိခိုက်တဲ့အထိ ပြင်းထန်တဲ့ကစားနည်းရှောင်ပါ။ အကြောနှင့်ပတ်သက်ပြီး ဂရုစိုက်ပါ။ ဒူးနာတတ်၍ ဆေးခဏခဏလှူပေးပါ။ ပန်ကာလေအရမ်းမခံပါနှင့်။ ပညာရေးကံတွေကောင်းနေသော်လည်း စိတ်က ဝေတေတေနှစ်ခွဖြစ်နေတတ်ပါသည်။ ဖိဖိစီးစီးကြိုးစားပါ။ အောင်မြင်ပါမည်။ ချစ်တတ်သူတွေကတော့ နှုးညံ့သိမ်မွေ့ဖို့ပဲလိုပါသည်။ စကားပြောမကြမ်းပါနှင့်။ ထီထိုးရန်အတွက်၊ အင်္ဂါနံထီဆိုင်တွင် (၃၊ ၂၊ ၆) ဂဏန်းတွေနှင့် ကံစပ်နေပါသည်။

ယတြာ ။ ။ *သရဏဂုံ-၃ဝကို အဓိဋ္ဌာန်နှင့် ပုတီးပါ (သို့) ရွတ်ပါ။*

### စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးကူညီနိုင်မည့်သူ၊ အကြံပေးနိုင်မည့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များ ဖြစ်ပါသည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မြေရောင်း၊ မြေဝယ်မလုပ်ပါနှင့်၊ အရှုပ်အရှင်းတွေအများကြီးဖြစ်သွားတတ်ပါသည်။ အမွေကိစ္စတွေမလုပ်သင့်သေးပါ။ ငွေကြေးနှင့်ပတ်သက်ပြီး သူများကို အာမခံတာလုံးဝရှောင်ပါ။ ဘာမဆိုင်ညာမဆိုင်ကိုယ်ခံရပါလိမ့်မည်။ ဘယ်ငွေကြေးကိစ္စမဆိုရှောင်ပါ။ ကျန်းမာရေးအတွက် လိုအပ်ပါက ငါးလေးတွေ၊ ငှက်ကလေးတွေ အစာကျွေးပါ။ ဘေးမဲ့လွှတ်ပေးပါ။ ပညာရေးကံတွေကောင်းပေမယ့် ခဏခဏဗိုက်မျဉ်းနေတတ်ပါသည်။ အိပ်ရေးဝဝအိပ်ပါ။ ဗိုက်ထဲမှာ လေတွေအရမ်းပွစေမည့်အစာတွေ မစားပါနှင့်။/ အိမ်ထောင်ရှင်တွေအနေနှင့် သူ့ဆွေမျိုး၊ ကိုယ့်ဆွေမျိုးတွေပတ်သက်ပြီး ငွေကြေးကိစ္စတွေပေါ်တတ်ပါသည်။ ငွေကြေးကြောင့်စကားများရတတ်ပါသည်။ ချစ်တတ်သူတွေကတော့ ခိုလေးတွေ ခဏခဏအစာကျွေးပါ။ မျက်နှာပွင့်တတ်ကြပေမယ့် အလွန်အကျွံမျက်နှာပွင့်တာမျိုးတော့မဖြစ်အောင်ထိန်းပါ။ ထီထိုးရန်အတွက် တနင်္ဂနွေနံထီဆိုင်များတွင် (၁၊ ၃၊ ၄၊ ၈) ဂဏန်းတွေနှင့် အကျိုးပေးနေပါသည်။ ကားမောင်းတာကို တော်တော်ဆင်ခြင်ရမည့်ကာလ ဖြစ်ပါသည်။

ယတြာ ။ ။ *ဘုရားဖူးခရီးသွားမည့်သက်ကြီးရွယ်အိုတစ်ဦးဦးအား ခရီးစရိတ်နှင့်အသုံးစရိတ်လှူလိုက်ပါလေ။*

ရ င် ကို အေး မြ စေ သ ၁ ၊

ဆရာဦးမောင်မောင်သန်း

အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

အူဝဲဆိုပြီး -

မွေးခါစကထဲက အဲဒီကလေးလေးမှာ ဆောင်ရန်၊ ရှောင်ရန်တွေရှိနေပြီဆိုတာကို သိထားရင် -

ကလေးလေးတွေအတွက် ကျန်းကျန်းမာမာ ဒေါင်ဒေါင်မြည်ဖြစ်နေဖို့ စိတ်ချရပါပြီ။

ဒီလိုမှမဟုတ်ရင် တစ်ခါတစ်ခါကျ ကလေးလေးတွေနဲ့မတည့်တာလေးတွေ၊ ပစ္စည်းအဝင်မတော်တာလေးတွေရှိနေရင် ကလေးလေးတွေအတွက် စိတ်ပူရတာလေးတွေဖြစ်လာတတ်ပါတယ်။

ဖြစ်လည်းဖြစ်နေကြတာလေးတွေ ရှိနေပါတယ်။

တွေ့နေ၊ မြင်နေရပါတယ်။

ဒါလေးတွေကိုတော့ အနည်းဆုံး သိထားဖို့လိုပါတယ်။

ကြည့်လိုက်ရင် ပေါ့ပေါ့လေးပါ။ ဒါလေးရှောင်၊ဟိုဟာလေးရှောင်ဆိုလိုက်တာနဲ့ ကလေးလေးတွေကျန်းမာသွားကြတာတွေအများကြီး။

ဒါပေမယ့် ဒီပေါ့ပေါ့ပါးပါးလေးတွေကိုတော့ သိထားမှဖြစ်မှာလေ။

အဲဒီလို သိစေချင်လွန်းလို့ -

ဖူးပွင့်စရတနာလေးတွေအတွက် ဆောင်ရန်၊ရှောင်ရန်လေးတွေကိုစဉ်းစားရင်း -

သူရဋ္ဌလက်ဆောင်ဖြစ်လာခဲ့ရပါတော့တယ်။

မှန်ပါတယ်။

ဆိုကြပါစို့ - တနင်္ဂနွေသားလေး ဒါမှမဟုတ် တနင်္ဂနွေသမီးလေးမွေးပြီ။

အခု သင်္ကြန်ပြီးချိန်ကစပြီးမွေးဖွားပြီဆိုပါတော့။

ကလေးကို ကလေးထိန်းနဲ့ထားမယ်ဆိုရင် အင်္ဂါနာမည်၊ တနင်္လာနာမည်တွေ အကျိုးမပေးပါဘူး။ ဒါတစ်မိန်းကို ပြောတာနော်၊ မိသားစုမဆိုင်ပါဘူး။ ကလေးနဲ့ အကျိုးမပေးတဲ့နာမည်တွေမို့ ဒီနာမည်ရှင်တွေနဲ့ပတ်သက်ရင် ကလေးလေးအတွက် အကျိုးမပေးပါဘူး။

ဒါဆို သူ့ကို ကစ်ကစ်တို့၊ ဖူးဖူးတို့သွားခေါ်လို့မရပါဘူး။ အဲဒီလိုနာမည်ပြောင်လေးတွေခေါ်ရင် ချူချာတတ်ပါတယ်။

တနင်္လာသား ဒါမှမဟုတ် တနင်္လာသမီး -

သူကတော့ တစိမ်း သောကြာနဲ့

# ဆရာဦးမောင်မောင်သန်း

(နိုင်ငံ့ဆိုးဆေးပန်းချီဆရာ)

## ရှင်မှုဖြစ်သော သူရဋ္ဌလက်ဆောင်





www.burmeseclassic.com

www.burmeseclassic.com

လုံးဝအကျိုးမပေးပါဘူး။ သူ့ကိုသွားပြီး သဲသဲတို့၊ သံသံတို့ ခေါ်လို့မရပါဘူး။ အသံထွက်တဲ့စက်ရုပ်လိုမျိုးအရုပ်လေး တွေဝယ်ပေးရင် ကလေးလန့်တတ်ပါတယ်။ ခပ်ငယ်ငယ်ကလေးထိန်းနာမည် ဗုဒ္ဓဟူးနဲ့ဆိုပစ်မထားပါနဲ့။ ကြီးတဲ့သူတွေ ကစောင့်ကြည့်ပေးပါ။ ဝုန်းခနဲ၊ ဖြုန်းခနဲ မြူတတ်တဲ့သူမျိုးဆို သတိထားရပါလိမ့်မယ်။

ကလေးလန့်သွားတတ်ပါတယ်။

ညမိုးချုပ်ရင် ကလေးကို အပြင်ခေါ်သွားမယ်ကြံတိုင်း စဉ်းစားပြီးမှသွားပါ။ မိဘနှစ်ပါးသာချီပါ။

အင်္ကျီဆိုရင်တော့ -

မွေးတဲ့အချိန်ကစပြီး အင်္ကျီအနီရောင်လေးတွေ၊ ခေါင်းအုံးစွပ်၊ စောင်က အစ အနီရောင်လေးတွေဆင်လို့မရသေးပါဘူး။ ဒီပြင်အရောင်တွေအားလုံးဆင်လို့ရပါတယ်။ အနီရောင်ဆင်ရင် ကလေးခေါင်းမကောင်းဖြစ်နေတတ်ပါတယ်။

ပြီးတော့ -

ရတနာဆင်မယ်ဆိုပြီးလုပ်ထားပါ။ ရပါတယ်။ သွားသွားလာလာရှိတဲ့အခါကျ ခဏဝတ်ပေးချင်ဝတ်ပေးပေါ့။ အိမ်ပြန်ရောက်တာနဲ့ ပြန်ချွတ်သိမ်းထား၊ ဒါဆို ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

အမှန်က ရွှေထည်ပစ္စည်း၊ လက်ဝတ်ရတနာမပြောနဲ့၊ ရွှေရောင်ရှိတဲ့ ကစားစရာမျိုးတောင်ဝင်လို့မရပါဘူး။

ဒါပေမယ့် တော်တော်များများတွေ့ရတာ ဘိုးအေတွေ၊ ဘွားအေတွေ၊ ကြီးတော်တွေ၊ ဘကြီးတွေက ရွှေဆင်ပေးကြတာတွေများပါတယ်။ ရွှေအဝင်မသင့်တဲ့နှစ်မျိုးဖြစ်လို့ ကလေးလေးတွေဟာ ရင်တွေ၊ ဝမ်းတွေမှာ ဥပဒ်ဖြစ်ရတယ်။ လေနဲ့ဝမ်းနဲ့မကွဲတာလေးတွေဖြစ်ရတယ်။

ဒီလိုဖြစ်လာရင်ကြည့်လိုက် -

ရွှေတွေဆင်ထားပြီ။

ဒီတော့ မေတ္တာရပ်ခံရတယ်။ ပစ္စည်းလေးတွေ ချွတ်သိမ်းထားလိုက်၊ သွားစရာလာစရာရှိမှဝတ်ပေးဆိုတော့မှ ကလေးကောင်းသွားတယ်။ဘယ်ယတြာမှမလိုဘူး။ မဝင်သင့်တာထုတ်ထားလိုက်ရင်ကောင်းသွားတာပဲ။

ကလေးလေးဟာအရွယ်နဲ့မလိုက်အောင် အီနေတယ်။ ကြည့်လိုက်၊ အနီရောင်တွေဆင်ထားတယ်။ ဒါလေးတွေသိမ်းထား၊ နောက်နှစ်မှဝတ်ပေး။ ဒီနှစ်မှာ ဒိပြင်အရောင်လေးတွေဝတ်ပေးဆိုတာနဲ့တင် ကလေးကကောင်းသွားတယ်။

ဒါဖြင့် သူ့အတွက် ကလေးထိန်းလေးတစ်ယောက်ယောက်ထားမယ်ဆိုပါတော့။ တစိမ်း ဗုဒ္ဓဟူးဆိုရင် လုံးဝခေါ်လို့မရတာတော့ မှတ်ထားပေးပါ။ ဗုဒ္ဓဟူးဟာ ကလေးနဲ့ အကျိုးမပေးပါဘူး။ ဒါတစိမ်းကိုပြောတာပါ၊ မိသားစုမဆိုင်ဘူး။

ဗုဒ္ဓဟူး၊ တနင်္ဂနွေနာမည်ပြောင်များ သွားမခေါ်လေနဲ့။ ဘာဖြစ်လို့ဖြစ်မှန်းမသိဖြစ်နေတတ်ပါတယ်။

ပြီးတော့ ရင်တွင်းကလီစာတွေလည်းမခေါ်နဲ့။ အသည်းလေး၊ အူတုံလေးဆိုတာမျိုးပေါ့။ ချူချာတတ်ပါတယ်။

ဗုဒ္ဓဟူးမနက်မွေးတဲ့ကလေးလေးတွေကလည်း -

စောစောကအင်္ဂါလိုပဲ ရွှေရတနာအမြဲဆင်ထားလို့မရပြန်ပါဘူး။ ဆင်ပြီးသွားစရာလာစရာရှိသွား၊ ပြန်ရောက်ရင်ပြန်သိမ်း၊ အဲဒီလိုလုပ်ရင် ကလေးဘာမှမဖြစ်ဘူး။

ဒါပေမယ့် သူနဲ့အမြဲထိတွေ့နေရမယ့် ကစားစရာလိုမျိုးကိုတော့ ရွှေရောင်ဝယ်မပေးပါနဲ့။ ရင်ထဲ၊ ဝမ်းထဲမကောင်းဖြစ်တတ်ပါတယ်။ ဝက်ဝံရုပ်ကလေးတွေဆိုရင် ဒီတစ်နှစ်ရှောင်ထားပါဦး။ နောက်နှစ်မှဝယ်ချင်ဝယ်ပေးပေါ့။

တွေ့ဖူးပါတယ်။

ကလေးလေးနေမကောင်းလို့လာကြတာ။

ကလေးလေးက မျက်နှာလေးသေးသေးလေးလိုဖြစ်နေပြီး ညှောင်နာနာလေးနဲ့ မျက်လုံးလေးက ဟိုကြည့်ဒီကြည့်ပေါ့။ ကလေးကိုဝတ်ပေးထားတဲ့အင်္ကျီက ဝက်ဝံရုပ်။

"မင်းတို့ အဲဒီအင်္ကျီဝတ်ပေးပြီးနောက်ပိုင်း ပိုဆိုးတာမဟုတ်လား"

ဆိုတော့ -

"ဟုတ်တယ်" တဲ့။

ဒီအင်္ကျီလေးကလည်း သူ့မွေးနေ့ကလက်ဆောင်ရထားလို့ပါတဲ့။ ကလေးက ဝက်ဝံလေးထဲဝင်ပြီး မတ်တတ်ရပ်နေသလိုမျိုးပေါ့။ အင်္ကျီလေးကတော်တော်လှတယ်။ သွားပြီး သိမ်းထားလိုက်ပါ။ နောင်နှစ်မှဝတ်ပေးပါဆိုတော့ သူ့အဘိုးက သူများကိုပေးပလိုက်ရင်ကောတဲ့။

မလိုဘူး၊ တစ်ရက်ဝင်ထားပြီဆိုတာနဲ့ဝင်တာပဲ။ ခုမှပြန်ထုတ်ပစ်လည်း အကြောင်းပိုထူးမလာဘူး။ သိမ်းသာထားပါ။ နောက်နှစ်မှပြန်ဆင်ပါလို့ပြောလိုက်ရတယ်။

သူ့ကိုထိန်းပေးမယ့်တစိမ်းကိုခေါ်ရင် သောကြာစ တနင်္လာပိတ်မခေါ်မိဖို့တော့ လိုပါလိမ့်မယ်။

ဆိုပါစို့ -

သိင်္ဂီ၊ သူဇာခိုင်၊ သက်ထားကိုလိုမျိုးပေါ့။

စနေ -

ဒီကလေးလေးကျတော့ အရောင်တော်တော်များများတည့်ပါတယ်။ ဒါပေမယ့် ကလေးအဖေရဲ့သူငယ်ချင်းပဲဖြစ်ဖြစ်၊ အဖေရဲ့အစ်ကို ဒါမှမဟုတ် ညီ၊ အမေရဲ့အစ်ကို ဒါမှမဟုတ် မောင်ဖြစ်ဖြစ် အရက်သောက်တတ်ရင်တော့ သောက်ထားတဲ့အချိန်မှာ မူးပြီးမချီပါစေနဲ့။ မေတ္တာရပ်ခံပါ။ ကလေးလန့်သွားတတ်ပါတယ်။ ကျန်တဲ့အချိန် တစ်နေကုန်ချီလို့ရပါတယ်။

ပြီးတော့ ကလေးကို ဆဲရေးတိုင်းထွာပြီး စတတ်တဲ့ စရိုက်ကြမ်းကြမ်းတွေချီလို့မရပါဘူး။

သောက်ကလေးတို့၊ ဟဲ့နွားလေးတို့၊ မအေပေးလေးတို့ဆိုတာမျိုးတောင်ပြောဆိုပြီး ချီလို့မရပါဘူး။ အဲဒီလိုပြောလိုက်ဆိုလိုက်လှန့်လိုက်တာနဲ့ ငိုကျော့ပူခေါင်းပူဖြစ်လာပါလိမ့်မယ်။

ကလေးလေးကိုထိန်းဖို့ တစိမ်းထဲက စနေနာမည်၊ ကြာသပတေးနာမည်ခေါ်လို့မရပါဘူး။ မိသားစုထဲကတော့ ဘယ်သူထိန်းထိန်းရပါတယ်။

နာမည်ပြောင်တွေလည်းမခေါ်ပါနဲ့၊ အီနေတတ်ပါတယ်။

ကလေးချီပြီး ပြေးပြေးလွှားလွှားမမြှူမိပါစေနဲ့။

နည်းနည်းမြင့်မြင့်မြှောက်ပြီးမြှူတာတွေမလုပ်ပါနဲ့။

ကြာသပတေး -

သူလည်း အရောင်တော်တော်များများတည့်ပါတယ်။

ဒါပေမယ့် တစိမ်း တနင်္လာနဲ့စနေနာမည်တွေ ကလေးကို ထိန်းခိုင်းမယ်ဆိုရင် စဉ်းစားပါ။ တနင်္လာနဲ့ စနေဟာ ကလေးအတွက်လုံးဝအကျိုးမပေးပါဘူး။ တစိမ်းကိုပြောတာပါ။

တနင်္လာ၊ စနေနာမည်ပြောင်တွေ လုံးဝမခေါ်မိပါစေနဲ့။

ဥပမာ တုံတုံ၊ ကစ်ကစ်၊ ကူကူ၊ ဒဲဒဲ ဆိုတာမျိုးတွေ မခေါ်မိပါစေနဲ့။

ဗုဒ္ဓဟူးညနေပိုင်းမွေးတဲ့ ရာဟုဆိုရင်တော့ -

သူလည်း အနီရောင်လေးတွေမတည့်ပါဘူး။ တစ်နှစ်ပေါ့။ သူကတော့ တစိမ်းထဲက သောကြာနဲ့ တနင်္ဂနွေနာမည်ရှင် ကလေးထိန်းတွေထိန်းလို့မရပါဘူး။ ကလေးတစ်ခုပြီးတစ်ခုဖြစ်နေတတ်ပါတယ်။ ရင်ထဲဝမ်းထဲမကောင်းဖြစ်နေတတ်ပါတယ်။

ဆဲဆိုပြီးစကားပြောတတ်တဲ့သူဆိုရင်တော့ မချီခိုင်းပါနဲ့၊ တစိမ်းထဲကနေ...

သောကြာသားသမီးလေးတွေ -

အရောင်တော်တော်များများတည့်ပေမယ့် ကလေးထိန်းမယ့်တစိမ်းကိုခေါ်ရင် ဗုဒ္ဓဟူး၊ တနင်္လာမဖြစ်ဖို့ဘဲ လိုပါတယ်။တည့်တယ်ဆိုတာတောင် ရတနာပစ္စည်းတွေ တောက်လျှောက်ဆင်ပေးထားလို့မရသေးပါဘူး။ ဥပမာ စိန်လည်ဆွဲ၊ ပတ္တမြားလည်ဆွဲတို့လို ရတနာကျောက်နဲ့တွဲထားတဲ့ရတနာမျိုးဆိုရင် ကလေးရဲ့ ဘုန်းကံနဲ့ရလာပေမယ့် သိမ်းပေးထားပါ။တောက်လျှောက်ဆင်မထားပါနဲ့။ သွားစရာလာစရာရှိမှဝတ်ပေးပါ။

ဆင်ထားရင် ကလေးဟာ ...ထိုး၊ လေနာဖြစ်ဖြစ်နေတတ်ပါတယ်။ ဗုဒ္ဓဟူး၊ တနင်္လာတစိမ်းတွေနဲ့ အကျိုးမပေးပါဘူး။

ဒါလေးတွေကတော့ -

ဘာပဲဖြစ်ဖြစ် အကြမ်း... ထားသင့်တာလေးတွေပါ။

www.burmeseclassic.com

ဒီလောက်တော့ သိထားရုံနဲ့တင် ကလေးလေးတွေအတွက် ဘာမှပူစရာ မလိုတော့ပါဘူး။

ဒါဖြင့် -

စောစောကပြောသလို ဆင်ထားမိပြီ။

ဒါမှမဟုတ် မချီသင့်တဲ့သူချီမိပြီ။

မဆဲမဆိုသင့်တဲ့ကိစ္စ ဆဲဆိုမိကြပြီ။

ထားပါတော့ -

တစ်ခုခု အမှားအယွင်းဖြစ်လို့ ကလေးတအီအီဖြစ်နေပြီး ကလေးအတွက် စိတ်ညစ်နေရပြီဆိုရင် -

ကလေးလေးရဲ့အကျီလေးတွေကို ဘယ်ဘက်လက်ဝါးပေါ်ဖြန့်တင်၊ ညာဘက်လက်ဝါးနဲ့အုပ် -

ဘုရားစင်ရှေ့မှာ သေချာထိုင်နော်။

ပြီးရင် သရဏဂုံ-၃၀ကို သေချာ ပီပီသသ အာရုံစိုက်ပြီးရွတ်။ အနည်းဆုံး (၉) ခေါက်ရွတ်။

တစ်ခါရွတ်ရင် (၃)၊ (၄) ထည် လောက်လက်ပေါ် တင်ရွတ်ပေါ့။

ပြီးရင် အဲဒီအကျီလေးတွေထဲက တစ်ထည်ဝတ်ပေး၊ ကျန်တဲ့အကျီလေးတွေကို ကလေးလေးရဲ့ ခေါင်းရင်းမှာထား။

နေ့တိုင်းလုပ်၊ အားတာနဲ့ရွတ်။

တစ်နေ့ကို တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် အဆင်ပြေသလိုသာရွတ်ပြီး ဝတ်ပေး။

အဲဒီကလေးလေးဟာ တဖြည်းဖြည်းနဲ့ ကောင်းကောင်းသွားပြီသာမှတ်ပေတော့၊ ဘာမှမဖြစ်တော့ဘူး။

တချို့မိဘတွေက -

ဖုဋ္ဌသဂါထာရွတ်ကြတယ်၊ တချို့က ဇောဇျှင်္ဂသုတ်၊ ရတနသုတ်၊ ပရိမိတ္တဇလသုတ် ရသလိုရွတ်ကြတယ်။

ဒါပေမယ့် မရကြရင်ခက်မှာစိုးလို့ သရဏဂုံ-၃၀ကိုပဲ ရွတ်ခိုင်းလိုက်တာဖြစ်ပါတယ်။

သရဏဂုံ -၃၀ကျတော့ လူတိုင်းလည်း ရွတ်နိုင်ပါတယ်။

သရဏဂုံ-၃၀ဟာ ဘယ်လောက်ထိစွမ်းလဲဆိုရင် မိခင်နဲ့ခွာထားပြီး တခြားအခန်းမှာ ဆေးဝါးကုသမှု ခံယူနေတဲ့ကလေးကိုတောင် သူ့မိခင်က တခြားအခန်းကနေ အဲဒီသရဏဂုံ-၃၀ကိုရွတ်ရင်းရွတ်ရင်း၊ တောက်လျှောက်ရွတ်နေရင်း ကလေးဟာ ဒေါင်ဒေါင်မြည်ကျန်းမာလာတာတွေ အများကြီးရှိနေပါတယ်။ မိခင်က သူ့အကျီလေး ဒါမှမဟုတ် အနှီးလေးကို ကိုင်ရွတ်နေတာပါ။

ရတနာမြတ် (၃) ပါးဂုဏ်ကျေးဇူးတော်ဟာ မဖြစ်နိုင်ဘူးလို့ထင်ရတဲ့ကိစ္စကြီးတွေအားလုံး အောင်မြင်ကြတာချည်းပါပဲ။

အရေးကြီးတာ ရတနာမြတ် (၃) ပါး ဂုဏ်ကျေးဇူးတော်ကြောင့် ငါ့ကလေးကျန်းမာနေမြဲဆိုတဲ့အာရုံဟာမိနေရပါလိမ့်မယ်။ တောင်စိတ်ကူးမြောက်စိတ်ကူးပြီး လက်ကအကျီကိုကိုင်ပြီး ဟိုကြည့်ဒီကြည့်နဲ့ ပါးစပ်က ပွစိပွစိလုပ်နေလို့တော့ သိပ်မထူးပါဘူး။ သူများ တစ်ရက်၊ နှစ်ရက်နဲ့ထူးပေမယ့် ကိုယ်က တစ်ပတ်၊ ဆယ်ရက် ရွတ်ရတတ်ပါတယ်။

တချို့ဆိုရင် -

ကလေးဘာမှမဖြစ်ဘဲကောင်းနေတာတောင်မှ ကလေး ညအိပ်တဲ့အခါ ကလေးရဲ့ဦးခေါင်းလေးကိုကိုင်ပြီး ရွတ်ပေးကြတာတွေရှိပါတယ်။ ကလေးကောင်းပြီးရင်းကောင်းရင်းပေါ့။ အန္တရာယ်ကင်းပြီးရင်းကင်းရင်းပေါ့။

ဒီနည်းလေးကို မှတ်ထားပါ။

ရွတ်ပါ။ ယုံယုံကြည်ကြည်နဲ့အာရုံစူးစိုက်ပြီးရွတ်ပါ။ ကလေးအတွက် အကောင်းဆုံးတွေဖြစ်လာပါလိမ့်မယ်။

တစ်ခုတော့ ဗဟုသုတပြောပြချင်ပါတယ်။

အဲဒါကတော့ မလိုအပ်ဘဲနဲ့ကိုယ်စားပစ်တာတွေမလုပ်ပါနဲ့။

ကိုယ်စားပစ်တယ်ဆိုတာ အင်မတန် သတိကြီးကြီးပြုလုပ်ရတဲ့ကိစ္စတွေပါ။

ကိုယ်စားပစ်ပြီးမှ အကြီးအကျယ် ဆိုးဝါးသွားကြတာတွေ အများကြီးရှိနေပါတယ်။

ဒါကြောင့် ကိုယ်စားပစ်တာကို မလုပ်ပါနဲ့။

မှားတတ်လို့ပါ။

လူတစ်ယောက်ရဲ့ကံဟာ ဒီနှစ်ထဲမှာ ကိုယ်စားမပစ်ရ၊ ပစ်ရဆိုတာရှိပါတယ်။

အနိဋ္ဌလုံးဝမလုပ်ရတဲ့နှစ်မျိုးတွေမှာ သွားလုပ်လိုက်မိရင် ကာယကံရှင်ပါ ဆက်တိုက်ထိခိုက်သွားတာမျိုးတွေရှိပါတယ်။

ကြားလည်းကြားဖူးကြမှာပါ။

ဒါနဲ့ပတ်သက်ပြီး 'ကိုယ်စား' ဆိုတဲ့ ဗဟုသုတဆောင်းပါးတစ်ပုဒ်ရေးနေပါတယ်။ အဲဒီမှာ ပြည့်ပြည့်စုံစုံတင်ပြထားပါတယ်။ ကိုယ်တွေ့တွေနဲ့ယှဉ်ပြီးပြထားပါတယ်။

ကိုယ်စားပစ်ခြင်းကိုရှောင်ပါ။

ကိုယ်စားပစ်တယ်ဆိုတာ ရှေးရှေးကပြုလုပ်ခဲ့ကြတဲ့ ပညာရပ်တစ်ခုပါပဲ။ ရှေးလူကြီးတွေပြုလုပ်ခဲ့ကြတဲ့ အစီအမံပါ။ ကိုယ်စားပစ်လိုက်ပြီး တကယ့်ကိုနေကောင်းသွားတဲ့သူတွေ အများကြီးရှိသလို ကိုယ်စားပစ်လိုက်ပြီး ဘုန်းတွေကံတွေတက်လာကြသူတွေလည်းအများကြီးပါ။

ခုပြောတာက ပစ်သင့်တဲ့နှစ်၊ မပစ်သင့်တဲ့နှစ်များမှာစိုးလို့ အကြံပေးတဲ့သဘောပါပဲ။

ကလေးလေးတွေအတွက် ခုနပြောတဲ့ သရဏဂုံ-၃၀ ရွတ်ဖတ်ပူဇော်ပေးတာ အကောင်းဆုံးပါပဲ။

ပြည့်ပြည့်စုံစုံပါတယ်လို့မဆိုလိုပေမယ့် -

အခုလောက်သိထားရင်ပဲ ကလေးလေးတွေအတွက် အများကြီးအကျိုးရှိသွားပါပြီ။

သူရဋ္ဌလက်ဆောင်အနေနဲ့ ဒါလောက်ပဲ တင်ပြခွင့်ပြုပါ။

ကလေးလေးတွေအတွက် ဆောင်ရန်၊ ရှောင်ရန် ပြည့်ပြည့်စုံစုံရေးရမယ့်ကဏ္ဍကျ ထပ်ပြီးတင်ပြပါဦးမယ်။

ခုလည်း လိုအပ်တဲ့ အဓိကဆောင်ဖို့၊ ရှောင်ဖို့တွေကို ပြသလိုက်ပါတယ်။

ဒီသူရဋ္ဌလက်ဆောင်ကို ဖတ်ပြီးတာနဲ့ -

ကလေးလေးတွေနဲ့ မတည့်တာလေးတွေ၊ မတည့်တဲ့အရောင်တွေ၊ ပစ္စည်းအဝင်မတော်တာလေးတွေသိသွားပြီမို့ ကလေးလေးတွေရဲ့ကျန်းမာရေးကို အများကြီးကို အထောက်အကူရသွားပါပြီ။

ဆောင်ရန်၊ ရှော[illegible]ဟာ ဘယ်လောက်အထိ အရေးကြီးတယ်ဆိုတဲ့ အကြောင်းလည်းသိသွားလောက်ပါပြီ။

ဒါဆို -

ဖူးပွင့်စရတနာလေးတွေအတွက် အကောင်းဆုံးလက်ဆောင်ဖြစ်ရပါပြီလို့-

မေတ္တာစကားနဲ့မေတ္တာပို့ရင်း -

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com


# ကမ္ဘာကျော်နှင့် ဆရာချမ်းမင်း (LL.B)



ကမ္ဘာကျော် ဂျာမန်လူမျိုး ဗိသုကာနှင့်ဒီဇိုင်နာပညာရှင် JORG PRVIN

**ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား ?** " မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ လက္ခဏာပုံတော်ကို နိုပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုဒ် အုထက်ပစ္စယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာ အဓိဋ္ဌာန်ဝင် စေတီတော်ရဲ့ ဖောင်းရစ်ပေါ်တင်ပြီး ဟောစာတမ်းရေးခဲ့သည်။ ဆရာတော်ဘုရားကြီးရဲ့ ပျံလွန်တော်မူမယ့်ကာလနှစ်၊လ တွက်ပေးခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၁၉၉၉ခု၊ ဇန်နဝါရီလ၊ စာမျက်နှာ–၁၅၅ ) ဆရာတော်ဘုရား သက် (၈၂)ထိသာ အသက်ရှည်နိုင်မည်၊ မည်သည့်ရောဂါဝေဒနာ ခံစားရမည်ကို (၇)နှစ် ကြိုတင်၍ ၁၉၈၆၊နိုဝင်ဘာလထုတ် ဓာတ်သဝေ အမှတ် (၂၇)၊ စာမျက်နှာ ၁၄–၁၅–၁၆–၁၇–၁၈ တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

**အမှတ်တရရဲ့ အမှတ်တရ** –ကမ္ဘာ့တစ်ဘောက်ဆာချန်ပီယံ ဂျပန်လူမျိုး **တာကရှီအိတိုစံ**ကိုဖွင့်တိုင် ဆရာချမ်းမင်းထံ လ လာရောက်ဆွေးနွေး သွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ် (၅၇)၊ ဇူလိုင်၊ ၂၀၀၂ ၊စာမျက်နှာ –၁၃၂– ၁၃၃ –၁၃၄–၁၃၅)

" ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်က ထိုင်းလူမျိုး (ITTI BALANOORA) ဆိုတဲ့ နာမ အဆိုတော်သီချင်းရေးဆရာ ပရိဂျူဆာကို ဟောပြောခဲ့ရခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြှုပ်ထားတဲ့အကြောင်း၊ သူတို့မိ လေဖြတ်ဝေဒနာခံစားရသူ အစဉ်အဆက် ရှိကြောင်း၊ အခု လောလောဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာ ခံစားရမယ့်အ သူကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူ ဖြစ်ကြောင်းစတဲ့ မှန်ကန်တဲ့ဟောချက်တွေကြောင့် ကျွန် အထူးလေးစားသွားခဲ့ပါတယ်။ ဂျပန်ကို ထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွန်တော့်ကို ကျွေးမွေးဧည့်ခံခဲ့ပါ သူပိုင်ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာပွဲ (၂၇) ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။

" (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ– ၁၅၅) (သပြေတေးမဂ္ဂဇင်း ၁၉၉၉ ၊ အမှတ်– စာမျက်နှာ– ၂၃– ၂၄– ၂၅– ၂၆– ၂၇– ၂၈ )"

လမ်းညွှန်–ရေစင်မှတ်တိုင်ဆင်းပါ။ ခြံအမှတ် ၃၁–၁၁၊ စံပယ်လမ်း ( တတိယမြောက် ဘယ်ဘက်လမ်းသွယ်–ရွှေခ –ဝန်ထမ်းကြီးရိပ်သာ (VIP) ရွှေပြည်သာမြို့။(ဥပုသ်နေ့မှအပ နံနက် (၉) နာရီမှ ညနေ (၄) နာရီအတွင်း)Ph-09 85



## ဘဝရှုခင်းအလင်းလက္ခဏာ–အမှတ် (၁)

**ပညာအလင်းပြစာအုပ်ဆိုင်**
**အမှတ် (၁၃၀)၊ ဗိုလ်ချုပ်လမ်းနှင့် ၄၈ လမ်း**
**ရန်ကုန်မြို့၊ ဖုန်း -၂၉၀၉၂၇/ ၀၉ ၅၀၂**

**<u>ဖြန့်ချီရေး</u>**
**ဒေါ်ဝင်းဝင်းနိုင် (သိမ်ဖြူထိုက်စာပေ)**
**အမှတ် ( ၂၃၁) ဒုတိယထပ် (ဝဲ)၊ ၃၂ လမ်း (အထက်)**
**ပန်းပဲတန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း ၀၉ ၅၀၅၉၂၁၄**

**လက္ခဏာပညာဖြင့် အကူအညီပေးပါရ**
**ဘဝရှုခင်းအလင်းလက္ခဏာ အမှတ်**
မကြာမီ ထွက်ရှိလာမည်ဖြစ်သည်။

အသက် ၂၁ နှစ်မှ ၃၅ နှစ်အတွင်း ဘွဲ့မရ ဆယ်တန်းမအောင်သော်လည်း လက္ခဏာဗေဒင် ဝါသနာပါ၍ ကွန်ပျူတာ ကျွမ်း (သို့) စာရေးမတစ်ဦး အလိုရှိသည်။ လူကိုယ်တိုင် လျှောက်ထားနိုင်သည်။ (ဥပုသ်နေ့မှအပ-မွန်းလွဲ ၃ နာရီမှ ၅ နာရီအတွင်း)


www.burmeseclassic.com

www.burmeseclassic.com





## သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား

ကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စား လိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့၊ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချ သာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကို**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင်ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်[illegible]က်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်က[illegible]သဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းကို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ."

**ကိုရဲ**

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။


www.burmeseclassic.com

www.burmeseclassic.com

## အသည်းရောဂါအတွက် ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၀၁၃ \ ၀၁၀၆၇၂) (ဘာသာ(စာနယ်ဇင်း) ၀၀၇/၁၂၁၂)

ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည် ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍ လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက် လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင် ကုသမရဘဲလျက် သက်သာရုံရောဂါကို ထိန်းချုပ်ထားရုံမျှသာတတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသော ရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သော ရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ ဝမ်းဗိုက် အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ဖျို့အန်၏။ အစားအစာများ စားချင်သောက်ချင်စိတ် မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျိုးဂျိုး ကြားနေရ၏။ မျက်စိနှင့် အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါ ဝမ်းချုပ်၍၊ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ချုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက်ဖြစ်လာတော့ အစာအိမ်ရောဂါလို့ ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများ ခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အန္တရာယ်ရန်သူသည် B-ပိုးဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးက မိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သော ရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သော ဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်ဆီးမှုကို မြန်မြန်မပျက်ဆီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေလျှော့ချရုံမျှသာ စွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရ ခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်းတိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော်ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိကကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါကုန်းကလိုပဲ ယနေ့ခေတ်မှာ အဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်ကုသရင်း သုတေသနပြု



www.burmeseclassic.com

နေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံယူသွားပြီး တစ်နေ့တစ်ကြိမ် ဆေး ၅ ပြား ၃ ကြိမ်သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီးတင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော်စောစောကပြောခဲ့တဲ့ ကျွန်တော် ခံစားနေရတဲ့ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန်အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက်နံရိုးအဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကိုသောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန်အသားအရေနှင့် နကိုယ်အတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင်သမားတော် ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီးရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကိုကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့ အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလိုကြားရတာဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော်တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော်ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလား ဆရာ" "အင်း . . . ဦးအိုက်စံရဲ့ အသည်းရောဂါသည်တွေ အပေါ်ထားတဲ့စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြားထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော် စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော်ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ. . . ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံ ထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာ ဆရာကပေးမှာလား?" "ပေးပါ့ဗျာ၊ ပေးပါ့။ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ. . . သမားတော်ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့နှိပ်စက်မှုကို ခံစားခဲ့ရသည်မှ လွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက်ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ဖျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သော ရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေ သုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေးပဲ** ဖြစ်၏ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

ဦးအိုက်စံ (လားရှိုး)

**ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။**

**ပင်ရင်း - မန်းရာဇာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၆၉၁၀၉၃

www.burmeseclassic.com

www.burmeseclassic.com

# အသိကျ အလုပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီး များအနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိကာကတော့ ဓမ္မတာခေါ် လစဉ် ၂၈ ရက်တစ်ကြိမ်ဆင်းသက်လာတဲ့ သွေးသားကိုပါ။ အဲဒီသွေးသားဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်းကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခုမဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်းမာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်း ပဋိသန္ဓေတားဆေးများ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်း ဆင်းခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညိုပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါဟာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုး ဖြစ်လာတော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါကတက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့်ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစုသော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို

**ကျန်းမာပြီး စိုပြည်လှပ**
**အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို**
**ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့**
**ဆီးနဲ့ဝမ်းကို မှန်ကိုမှန်နေအောင်**
**ပြုပြင်နေထိုင်ရပါမယ်**

ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ်စားသောက်နေရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီးတော့ လူနေထိုင်မှုပုံစံ၊ နောက်ပတ်ဝန်းကျင် စတဲ့ အကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများအနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါတွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိသန္ဓေတားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက်အနေအထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ်ငုပ်နေတာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခုမဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေအနေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ်ဓာတ်တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့ လိုပါတယ်။ ဒီမလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါ တယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါမယ်။ အဲဒီလိုတားဆေး သုံးသူတွေရော၊ တားဆေးမသုံးသူတွေပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေစိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေ့ါပါးသွက်လက်မှု မရှိခြင်း၊ ဆီးချိုသွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ် ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေးခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. ..."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခေတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေညီညွတ်မှန် ကန်စေပြီး ကျန်းမာပေ့ါပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေး ဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲ ကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း။
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၇၁၄၅။

---